www.burmeseclassic.com

# ရောင်ခြည် မဂ္ဂဇင်း

နှစ်သစ်ကူး အထူးထုတ်



ရွှေတိဂုံစေတီတော် ရောင်ခြည်တော်လွှတ်ခြင်း



မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်

စက်ဝိုင်းဒေသနာ

မိုးကုတ်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့

ဆက်ကပ်ခံရခြင်း

မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဂ္ဂိရှာပနပွဲသဘင်

မိုးကုတ်ဝိပဿနာအဖွဲ့ကြီး

## ၁၃၇၆ – ခုနှစ်၊ မင်္ဂလာနှစ်သစ်၌

## နေ့အထွက်မှာ ရွှေခွက်ဖြင့် ငွေအပြည့် ခပ်ပေးပါ

- ဆုတောင်းပြည့် ကျော်လေးကျော် သမိုင်းဝင် ရှင်ပင်ဘုရားများ
- ပွင့်ဖြူမြို့နယ်ရှိ ကျောင်းတော်ရာ ဘုရားလေးဆူ
- မဟာစည်ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း
- မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ဆံတော်၊ ဓာတ်တော်
- လူ့ဘုံသား ရဟန္တာအရိယာမဟာထေရ် အရှင်မြတ်ကြီးများ
- နှစ်ဆန်းတစ်ရက်နေ့ မုန့်လုံးရေပေါ် ယတြာဆွမ်း
- မြန်မာသက္ကရာဇ် ၁၃၇၆ – ခုနှစ်အတွက် ဒေါက်တာစောယုနွယ်၏ ဟောစာတမ်း

www.burmeseclassic.com

www.burmeseclassic.com

26 FEB 2014

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဧပြီလ၊ အမှတ်(၂၄၃) နှစ်သစ်ကူးအထူးထုတ်

မောင်မောင်မြင့်အေး စီစဥ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အယ်ဒီတာချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဝင်း
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
တအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ ရဲရင့်အောင်၊ ပညတ်၊ စိုးမြင့်လေး(တောင်ငူ)၊ စကျူ၊ စံလွင်မောင်၊ KL တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်သော ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဧပြီလ၊ အမှတ် (၂၄၃)
နှစ်သစ်ကူးအထူးထုတ်

## မာတိကာ

### ရောင်ပြန် ကဗျာ

မြို့ထိန်၊ မြင့်စည်အောင်(ခရာဝဏ)၊ ရွှေညာနိုင်မိုး၊ ဝေးနေ၊ မောင်ခေတ်ထွန်း၊ မောင်မိုးလှိုင်(သစ္စာခြေ)၊ ပုသိမ်မောင်သောင်းယဉ်၊ မောင်လွမ်းရည်(ရွှေတောင်)။

BURMESE CLASSIC .com

### ရောင်ပြန် အခန်းဆက်ရသ

နန်းကြေးသွင် ---------- ၂၁၈
ကျော့်မြသန်း ---------- ၂၃၀
ဘုန်းပွင့်တေဇာ ---------- ၂၅၀
လင်းရောင်တင် ---------- ၂၆၂




စာ - ၂၃၀

## မင်းတုန်းမင်းလက်ထက်က

ရွှေတိဂုံစေတီတော်


ရောင်ခြည်တော်လွှတ်သတင်း

တင်နိုင်တိုး

စာ - ၂၅



ရှေးခေတ်ရွှေတိဂုံစေတီတော်




စာ - ၄၃

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် ရသ


မနသ္သကျော်ဝင်း ---------------------------------------- ၁၃၆

ရီရီငွေး ---------------------------------------- ၂၆၄

အောင်နိုင်လတ် ---------------------------------------- ၂၇၆

နန္ဒာမိုးကြယ် ---------------------------------------- ၂၈၂








အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး


လူမှီ(ပညာရေး) ---------------------------------------- ၁၅၂

လူတိုး(စိတ်ပညာ) ---------------------------------------- ၁၅၉

အောင်သန်းချစ် ---------------------------------------- ၂၆၀



လူတွေသိ၍ နှုတ်တွေကြားစေ ---------------------------------------- ၃၄၀


## ရောင်ပြန်ပေဒင်


ဒေါက်တာစောယုနွယ် ---------------------------------------- ၃၂၉

ဒေါက်တာစောယုနွယ် ---------------------------------------- ၃၃၀





www.burmeseclassic.com

www.burmeseclassic.com


ညောင်ဦးမြို့၊ သမိုင်းဝင် ရွှေစည်းခုံစွယ်တော်မြတ်စေတီမှ
ဆုတောင်းမတူ ရွှေချရမည့် တစ်ဆယ့်နှစ်ဌာန
မြသူစံ(ရွှေတောင်)



စ - ၁၇


## လောကီရေးရာ


ရွှေတိဂုံ ကျိုက်ထီးရိုး တွဲရိုခိုး
မောင်ပုတ်စည် —— ၃၆
သိရသို့ဂါထာတော်ကြီး ရွတ်ဖတ်ရအောင်
နှင်းအဥလီ —— ၅၂
ရောင်ပြန်မဂ္ဂဇင်းပြကွဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) —— ၁၁၅
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် —— ၁၁၆
အလုပ်အကိုင် အောင်မြင်ရန်
မဟ်ဒွိကျော်ခေါင် —— ၁၁၇
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် —— ၁၁၈
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် —— ၁၁၉
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် —— ၁၂၀
ကွဲဖက်ဖို့ရာ ရှောင်ကြဉ်ပါ
ဆရာဇီဝအောင်ထွဋ် —— ၁၂၂
အရောင်းသည့် လတန်ခွန်း
ကဏ္ဍသိုလ်သျှင်ဥက္ကာ —— ၁၂၃
ပိတောက်ပွင့်တဲ့ လရာသီ
ပန်းမြတ်နိုးဝေ(ရွှေကံမြေ) —— ၁၂၅
တို့တိုင်းဌာနေ မြန်မာပြည် ရာသီသဘာဝ ၁၂ လ
ကိုမောင်သန်းဝင်း —— ၁၂၈
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄-ဧပြီလ
ကေတီအောင်သိန်း —— ၁၃၇
လုတောတစ်ခွင် ဟာသများ
ဦးကောင်းထူး —— ၁၄၀
ဖြစ်ရပ်မှန်ဘဝဇာတ်ကြောင်း
တက္ကသိုလ်သခံ —— ၁၄၄
ဓာတ်ရိုက်ယတြာ ရွှေပညာ(၂၀)
ဘုန်းမွင့်ထွန်း —— ၁၄၇
US ခရီးသည်
မောင်ကောင်းမြင့် —— ၁၄၉
ဆေးဆရာတော်ကြီးနှင့် ကျွန်တော်(၁)
သူတော်စင်မင်းအောင် —— ၁၅၇
အံ့ဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ(၆)
မျိုးသန်းထွန်းကို(ရေစကြို) —— ၁၆၁
အတတ်ဘိုဘိုအောင်…စောင်မညွှန်ပြမှု ရရှိပုံ(၁၀)
ဗိုသန်းကျော်(ရေကြည်သား) —— ၁၆၅
သိရိဂေဟာဖြစ်စေရာ
မင်္ဂလာဦးရွှေအိုး —— ၁၇၂
အနိစ္စဓေသနာတော်(၂)
မဟာထွန်း —— ၁၇၃

သဏ္ဍာမခြောက် ကျော်အောင်စံထားဆရာတော်၏
မဟာသက်ကြိမ် ကြံစည်သမျှအောင်မြင်စေရန်
အထူးအစီအရင်



စ - ၂၅

www.burmeseclassic.com

**မိုးကုတ်ဆရာတော်ဘုရားကြီး**
**အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခံရခြင်း**
စိုးဝင်းထွဋ်း(တာမွေ)



စာ - ၃၁

## လောကီရေးရာ


သူတော်ကောင်းတို့ရဲ့ နလုံးသား(၁)
ရွှေမန်းသား အရှင်အက္ကိရ ——————— ၁၇၈
ဘုရားရုပ်ပွားတော်များ တန်ခိုးပြခြင်း
ခတ်ပုံမောင်မောင်အေး ——————— ၁၈၁
ဥတ္တရဖလရုနီ လူနက္ခတ်ဖွားများအတွက် ဟောကိန်း
ကာလီဒါခ်ျ(မြန်မာပြည်) ——————— ၁၈၃
နိုင်ငံရပ်ခြားဟာသများ
ကံမြင့်(ရေဒါ) ——————— ၁၈၅
မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ
ဒေါက်တာသက်ဆွေ ——————— ၁၈၇
ရှင်အရဟံတန်ခိုးကြောင့် မျက်စိနှစ်ကွင်း အလင်းရသူ
ရှယ်လီသိန်းမောင် ——————— ၁၉၂
ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း မစ္စက်ဘေနာဇီယာဘူတိုး၏ဇာတာကို
မိုးတားနည်းဖြင့် သုံးသပ်ချက်(၁)
ရွှေမာန်(မိုးတား) ——————— ၁၉၅
ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာလိုလျှင် ဇီဝိတဒါနငါးလွှတ်
ဆောင်ကလေး(တယုံးရေး) ——————— ၂၀၂
ရိုးသားကြိုးစား၍ ဘဝကိုအောင်လံထူ
မောင်ချိမင်း(ကမ္ဘာရေပဘီ) ——————— ၂၁၅
ရွာမဲ့ သစ်သီးဝလံ
သောင်းညာဏ်(ပန်းတော်ကျွန်း) ——————— ၂၁၄
မေတ္တာ
လင်းမြင့်(ဥပဒေ) ——————— ၂၂၆
လုပ်ငန်းချွတ်ချော် တိမ်းပါးသော်
ဂမ္ဘီရဆရာပွင့် ——————— ၂၄၂
ကျွန်မနှင့် ယတြာများ
ဒေါ်ငင်မာဝေ ——————— ၂၇၀
ဒေဝါသီကြား မ,စပါ
အဂ္ဂမျိုး ——————— ၂၇၃
သုဝဏ္ဏဘူမိဆံတော်ရှင် သာသနာပြုအဝေ့အကြံများ
နတ်ထီးလှိုင် ——————— ၂၈၆
စည်းစိမ်ဥစ္စာ ရတနာမိုး ရွာသွန်းစေရန်
မဟာဝေဒဗ္ဗမန္တန်တော်ကြီး ——————— ၃၀၀
အဖြူနဲ့ အမည်း
မောင်မိုးဦး ——————— ၃၁၅
ထူးထူးခြားခြား ပုံပြင်များ(မြေမျိုခံရသူ၏အဖြစ်ဆိုး)
စိုးဝင်းထွဋ်း(တာမွေ) ——————— ၃၁၇
စိတ်ကောက်သပေါ့ ဒါနဲ့ချော့
သုတေသီဆရာငြိမ်း ——————— ၃၁၉



**မိုးကုတ်ဆရာတော်ဘုရားကြီး**
တရားဟောစဉ်
မြမောင်သား



စာ - ၃၇

www.burmeseclassic.com

www.burmeseclassic.com




လှအောင်ကြည်မြိုး ---------- ၂၄၃

ဂမ္ဘီရဆရာလှမျိုး ---------- ၂၄၅

ဒေါက်တာစောယုနွယ် ---------- ၃၀၉

ဒေါက်တာစောယုနွယ် ---------- ၃၁၂


အာယုဗ္ဗေဒအမှုထမ်း / ကျော်ဝဏ္ဏနှင့် ပြန့်ချီရေး


မြခုစ်(ရွှေတောင်) ---------- ၁၇

မင်းသုခ ---------- ၂၀

ဒေါက်တာစောယုနွယ် ---------- ၃၀၅








www.burmeseclassic.com

www.burmeseclassic.com


တင်နိုင်တိုး ---------- ၂၅

မိုးကုတ်ဆရာတော် အမည်တွင်လာခြင်း
ကိုမောင်သန်းဝင်း ---------- ၂၇

စိုးဝင်းထွဏ်း(တာမွေ) ---------- ၃၁

မြမောင်သား ---------- ၃၇

ကိုမောင်သန်းဝင်း ---------- ၄၁

---------- ၄၃

ကိုမောင်သန်းဝင်း ---------- ၄၇

ဝိုးစိုး(တာမွေ) ---------- ၅၃


သန်းဝင်း(ဘဏ်) ---------- ၅၉

ဆရာဝေယံဦး ---------- ၆၄


# မိုးကုတ်ဆရာတော်

## အမည်တွင်လာခြင်း

ဓ - ၂၅ ■ ကိုမောင်သန်းဝင်း






ဓ - ၄၁ ■ ကိုမောင်သန်းဝင်း



မိုးကုတ်တရားတော်များ ပြန့်ပွားဖို့ရန် ရှေ့ဦးအမာခံ ဆရာတော်များ (ဝဲမှယာသို့) ဆရာတော် ဦးဇနိတာလင်္ကာရ၊ ဆရာတော် ဦးဇဝန၊ ဆရာတော် ဦးဓမ္မိသရ၊ ဆရာတော် ဦးဓမ္မသာရ


ရန်နိုင် ---------- ၇၃

ဦးအောင်ကြွယ်(တောင်သာ) ---------- ၈၀

ဝေယံဘုန်းပြည့် ---------- ၈၇

ဝေယံဘုန်းပြည့် ---------- ၈၉

ဂမ္ဘီရဆရာလှမျိုး ---------- ၉၃

စကြာကောင်းစံ ---------- ၉၇

ခင်အောင်လင်း ---------- ၁၀၀

မော်တင်သိန်းဇော်ဇ ---------- ၁၀၃

ကျော်မင်းနိုင် ---------- ၁၁၀

www.burmeseclassic.com

ယခုလ

မဂ္ဂဇင်း အထူးဆောင်းပါးများ

■ တင်နိုင်တိုး ၏ မင်းတုန်းမင်းလက်ထက်
ရွှေတိဂုံစေတီတော်ရောင်ခြည်တော်လွှတ်
စာမျက်နှာ ၂၅

■ ကိုမောင်သန်းဝင်း ၏ မိုးကုတ်ဆရာတော်အမည်တွင်လာခြင်း
စာမျက်နှာ ၂၇

## ၁၃၇၆-ခုနှစ် ခုနှစ်ရက်သားသမီးများအတွက် သင်္ကြန်အထူးယတြာ

လှအောင်ကြည်ဖြိုး ၏ နှစ်ဆန်းတစ်ရက်နေ့ ဘုရားကိုးဆူ မုန့်လုံးရေပေါ်ယတြာ
စာမျက်နှာ ၂၄၃

ဂမ္ဘီရဆရာလှမျိုး ၏ သတ္တမမြောက်ကျော်အောင်စံထားဆရာတော်၏
မဟာသင်္ကြန်အထူးအဓိဋ္ဌာန် စာမျက်နှာ ၂၄၅

ဒေါက်တာစောယုနွယ် ၏ မင်္ဂလာအပြည့်နဲ့ မင်္ဂလာနှစ်သစ် ၁၃၇၆-ခုနှစ်
စာမျက်နှာ ၃၀၉


ဒေါက်တာစောယုနွယ် ၏ နှစ်သစ်ယတြာ ခေါင်းဆေးမင်္ဂလာ
စာမျက်နှာ ၃၁၂

## ၂၀၁၄-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် အထူးယတြာ

ဒေါက်တာစောယုနွယ် ၏ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်မှု
စာမျက်နှာ ၃၀၅

www.burmeseclassic.com

www.burmeseclassic.com







# ပိတောက်ရွှေဝါ ငြိမ်းချမ်းရေး

ဖြိုးထိန်

● ကမ္ဘာမြေလွှာ၊ ပူနွေးလာ၍
နွေမှာအလု ရှာမရချေ…။

● နေပူလေပူ၊ တံလှပ်ပူတို့
အပူလက်နက်၊ ဖက်ဆစ်ဆန်ဆန်
အလှူပြောင်ပြောင်၊ တောက်လောင်ဝါးမျို

● အပူဒဏ်ကို၊ ပြေစေလို၍
သံချိုညြ ခွန်းဆိုနှောလည်း
ရင်ထဲအေးမြ မပေးမနိုင်။

● အပူဒဏ်ကို၊ ပြေစေလို၍
ခိုကိုးရာရှာ၊ ညာသံကိုပေး
တောင်လေသွေးလည်း။ မအေးမြနိုင်။

● အပူဒဏ်ကို၊ ပြေစေလို၍
မိုးကြိုသောညာ၊ ဖိုးရွှေလလည်း
ရင်ထဲအေးရိပ်၊ မတွေးသိပ်နိုင်။

● အပူဒဏ်ကို၊ ပြေစေလို၍
မိုးကြိုညဝယ်၊ ငွေကြယ်ပွင့်တွေ
ဝင့်ထည်နေကြ၊ မအေးမြနိုင်။

● ထိုမှတစ်ဖန်
သကြံန်လက်ဆေး။ မိုးပြေးခုန်ပေါက်
တစ်ပေါက်နှစ်ပေါက်၊ ဖြောက်ဖြောက်ရွာချ
နောက်ကျတော့
မြင်ရသည်မှာ ထိန်တောက်ဖြာ
ရွှင်ပျရင်မှာ ပိတောက်ဝါ
တစ်နှစ်တစ်ခါ အရောက်လာပေး
အိုဇုန်းလွှာ ဆုတ်ခွာပြေး
တို့ကမ္ဘာမြေ စိမ်းလန်းအေး
ပိတောက်ရွှေဝါ ငြိမ်းချမ်းရေး။ ။

www.burmeseclassic.com

# ဝိသာခါ့ပိတောက်

## မြင့်ညိုအောင်(ခရာတော)




- သောတာစုံရှစ်ပါး ချန်နယ်မှာ
  သူတော်စင်တို့ရဲ့ ခါးစည်းအဝတ်ကို ထုတ်လွှင့်တိုင်း
  ရွှေအိုရောင်ဒီဇိုင်းနဲ့ ပိတောက်ခမျာ
  ရှိုးကျိုးကျိုး ငေးမောလို့…။

- သီလလုံရင် သောတာပန်ဖြစ်လား
  သောတာပန်တို့ရဲ့ သီလအကြောင်း
  ဓမ္မတေးခေါင်းလောင်းသံက
  ပိတောက်ရဲ့အသွေးအသားထဲ
  တစိမ့်စိမ့် စီးမျောတိုးဝင်…။


- ဒီလိုနဲ့ ပိတောက်ဟာ
  ဟီရိဩတ္တပ္ပကို ရေထိုးပြီး
  "သကြံ့န်မိုး"သီချင်းဆိုနေသူတွေကြား
  ဝေရက်မမှားတဲ့ "သီလပန်း"ဖြစ်ခဲ့။

- ကြွေရက်ရှည်ရာသီမှာ
  ခါဝေဘ်မီ အလှကမ်းဖို့
  "ဒါနပန်း"လည်းဖြစ်သလို
  ခြွေလက်နဲ့ နှင်ချင်နှင်
  ရွှေလက်နဲ့ ဆင်ချင်ဆင်
  ဖြစ်ပြီးရင် ပျက်ဆိုတဲ့
  "ဘာဝနာ"လည်း ရှုတတ်ခဲ့…။

- ဒီလိုနဲ့ ပိတောက်ဟာ
  အတုမြင်တိုင်း အတတ်သင်နေတဲ့
  ဝေနေယျတို့ရဲ့ ဂလိုဘယ်တံတားပေါ်
  သောတာပန်နှလုံးသားကို မိတ္တူဆွဲရင်း
  ဝီတာရှုပြုံးတစ်ဝင်း ဖြစ်ခဲ့တယ်…။



www.burmeseclassic.com



T.Z.T 2014




# အောက်စိဂျင်ပြတ်စပြုတဲ့ သင်္ကြန်

ရွှေညာခိုင်စိုး

● ပိတောက်ကတော့
ကမောက်ကမ ဂမ္ဘာထဲ
လာရဲပ့ါမလားမသိဘူး။

● နှုတ်တဒယာတေးချိုမယ့်
ဥဩလေးတွေ အနေကျုံ့သွား
သစ်ခုတ်သမားလက်ချက်မကင်းသမို့
သင်းတို့ခမျာမှာ . . .
ကန်တော်ကြီးကိုသာ အဖော်လုပ်
မြို့ ပြတောအုပ်မှီရပြီ။

● စပွန်ဆာနဲ့ ရှင်သန်တဲ့
အရက်မဲ့သင်္ကြန်မဏ္ဍပ်တွေပေါ်
အဖော်အချွတ်တွေ မြင်မဆုံးပါလား
နံ့သာဖလားသပြေခက်နဲ့
ရေပက်သူများ ပြတိုက်သွားပြီ။

● အရက်ဘီယာတမြမြ
အင်းလျားအလှကို အရောင်ဆိုး
ယဉ်ကျေးမှုချောင်ထိုးခံရတဲ့ခေတ်မှာ
"တူးပို့"နဲ့ ကသူတွေ နည်းသွား
"အိုပါဂါးနမ်စတိုင်လ်"
မြိုင်မြိုင်ကြီး ကကြပြီ။

● အနန်းလက်မဏ္ဍပ်တွေစိမ်းမြ
"မုန့်လုံးရေပေါ် စားကြပါဦးလား"
နှုတ်စကား ချိုမြိန်သိမ်မွေ့
အဲဒီနေ့တွေ ပျောက်ရှလေမလား
အားတင်းကြိတ်ဖြေ
တွေးနေရင်းမော
ဟောဒီကဗျာရလိုက်တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com





# အညှိုးမဲ့ပိတောက်

ဝေးငွေ


ဘီလူးတွေက အရိပ်မထွက်ဘူးတဲ့
ဟောဒီမှာ…ငါ့အရိပ်လေး နွေခေါင်ခေါင်
ရွှေရောင် တောင်ကုန်းလေးပေါ် ငေးမော
ငါတို့ခေတ် ချောမွေ့ပြီလား အတွေး
ပိတောက်တွေ တစ်ရေးနိုးတော့ မေးကြည့်မယ်…။

ပိတောက်တွေက ပိတောက်သဏ္ဍာန်ပီပြင်
လူသားတွေက လူသားသဏ္ဍာန်ပီပြင်ဖို့
ကိုယ့်အရိပ်နဲ့ကိုယ် စိမ်းလန်းကြ
အနှစ်ငါးဆယ် အလွမ်းတစ်ခု
ကာလယန္တရားကြီး အဖုအထစ်တွေ ကင်းနိုင်စေ…။

ပိတောက်တွေနဲ့ နှစ်သစ်ကူး
ကိုယ့်စိတ်ကူး ကိုယ့်ကဗျာတွေနဲ့ အိမ်ခန်းလေး
ဘဝအမိပ္ပာယ် ရိုးရိုးအေးအေးပီတိ
သင်္ကြန်ရေ ထိထိ မထိထိ စိတ်မညှိုး
အကြိမ်ကြိမ်အခါခါ လှုပ်နိုးနေတဲ့ အဖြစ်အပျက်များ
ပိတောက်တွေနဲ့ သတင်းဖလှယ်ရင်း
မပြည့်စုံခြင်းကို ကျေနပ်နေမယ်…။



www.burmeseclassic.com







# အဝါမသို

## မောင်ခေတ်ထွန်း

- တစ်နှစ်တစ်ခါ
  အရောက်လာ၍
  ထိန်ဝါဖူးပွင့်ပြသော်လည်း…။

- တစ်ကြိမ်မက
  ဖူးပွင့်ပြတော့
  ရှေးကျပြီပေါ့ ပိတောက်ရေ…။

www.burmeseclassic.com

www.burmeseclassic.com





# သမိုင်းရေးတဲ့ ပိတောက်

မောင်မိုးလှိုင် (သစ္စာမြေ)

- နွေဆိုတဲ့ အတွေးအိမ်ဟာ
အလေးချိန်ပြည့်သလိုလိုနဲ့
ပိတောက်ကိုမျက်စောင်းထိုးတယ်···။

- ပွင့်နိုင်းတာလည်း နွေ
ကြွေခိုင်းတာလည်း နွေ
တစ်နေ့တစ်ရက် တစ်မနက်ထဲမှာ
(ပိတောက်ဟာ သတ္တိရှိရှိ)
ပွင့်နေတုန်းမှာ ဝေဟင်ပေါ့
ကြွေနေတုန်းမှာ မြေပြင်ပေါ့
၂၄ နာရီမှာ ဒါဟာအဖြေပဲ
ဘာတွေကို သိချင်သေးသလဲ နွေတဲ့···။

- အချိန်နဲ့ ဒီရေသည်
လူကိုမစောင့်ဆိုပေမဲ့
ပိတောက်ကတော့ နွေကိုစောင့်တယ်
(ဒါပေမဲ့) နွေဘဝထဲက ပိတောက်မဟုတ်ဘူး
ပိတောက်ဘဝထဲက နွေဖြစ်ဖို့အရေး
အဲဒီ အပူဆုံးနွေကိုပဲ
သူ့အပြုံးတွေနဲ့ ထွေးပိုက်ရင်းက
သူ့ရဲ့ "ဗဟိဒ္ဓ"ရော၊ သူ့ရဲ့ "အဇ္ဈတ္တ"ရော
သတ္တိ ဗျတ္တိ နည်းပါးတဲ့အမူအရာ
ဘယ်နွေကာလမှာမှ မရှိသလို
(ဘာမဆို အချိန်ကိုက်ဖြစ်အောင်)
ရွှေဝါရောင်တွေ ဖြန့်ကြက်ရင်းနဲ့
(အဲဒီနွေသမိုင်းကို)
ပိတောက်ကရေးခဲ့တာဖြစ်တယ်···။



www.burmeseclassic.com

www.burmeseclassic.com







# မျှော်လျက်ပါ ပိတောက်ဝါ

ပုသိမ်မောင်သောင်းယဉ်

ချူလို့မဝ
လှူလို့မဝ
ခူးလို့မဝ ပန်လို့မဝ
နမ်းလို့မဝ လွမ်းလို့မဝ
အပင်မှာခထာ ဝအောင်မွှေးပြီး
ရင်မှာတစ်ဘဝ ဝအောင်ဆွေးဖို့
သူရေးတဲ့ဖူးစာ ကြံဖူးကြမှာပါနော်…။

ဟော…
ကိုယ်ရောင်ကိုယ်ဝါ ရွှေတန်ဆာနှင့်
သူလာပြန်ပြီ ရာသီနွေထက်
ချီးရက်သူချီး ခြွေရက်သူခြွေ
ပန်လေနမ်းလေ သူကဝေမြဲ
နေထဲ ရေထဲ သူ့အသည်းမာ
လာတော့လည်းပျော်၊ မျှော်တော့လည်းမော
သကြံန်တောမှာ သူသဘောကျ
နေပြလေဦးပေါ့ ပိတောက်ဝါ…။

www.burmeseclassic.com

www.burmeseclassic.com







# ပိတောက် လွမ်းချင်း

မောင်လွမ်းရည်(ရွှေတောင်)

- ရက်ကိုလစား ရှည်လျားချိန်ခါ
ချိုးလက်ရေပြောင်း မညောင်းနိုင်ပါ
မျှော်ရသည့်ဇော၊ ရင်မောနေတာ
ခါခါမော့၊ လာတော့ပိတောက်ရာ...။

- အကြိုတော်ထောက်၊ သူရောက်လာတယ်
ဝင်းဝါနုထွေး၊ ငါးသွေးရောင်ခြယ်
ရွှေလက်တွဲလို့၊ ပျော်ပွဲဆင်တယ်
အတော်မျှား၊ ပျော်လားပိတောက်ရယ်...။

- ခွဲခွာချိန်ကျ၊ ပြန်ရပြီလေ
ရှက်၍သိမ်းထား၊ ယောကျ်ားမျက်ရည်
နှုတ်ဆက်အနမ်း၊ လွမ်းငွေ့ရီဝေ
အမြန်သော့၊ ပြန်တော့ပိတောက်ရေ...။




www.burmeseclassic.com

www.burmeseclassic.com

## ညောင်ဦးမြို့၊ သမိုင်းဝင် ရွှေစည်းခုံစွယ်တော်မြတ်စေတီမှ

# ဆုတောင်းမတူ ရွှေချရမည့် တစ်ဆယ့်နှစ်ဌာန

မြချစ်(ရွှေတောင်)




ရွှေစည်းခုံစေတီကို ပုဂံစေတီဘုရားသမိုင်းစဉ်ထဲမှာ အမှတ်တမဲ့ မှတ်သားမိကောင်း မှတ်သားထားမိကြပေလိမ့်မည်။ အမှန်တကယ်တော့ ရွှေစည်းခုံစေတီတော်သည် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ထဲမှာပင် တည်ရှိနေသော သမိုင်းဝင်စေတီဖြစ်သည်။ ထိုမူလ ရွှေစည်းခုံစေတီတော်ကို အေဒီ ၁၀၆၁ ခုနှစ်တွင် အနော်ရထာမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သည်။ ထို့နောက် ကျန်စစ်သားမင်းနန်းတက်သောအခါ အေဒီ ၁၀၆၀ ခုနှစ်တွင် အနော်ရထာမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သည်။ ထို့နောက် ကျန်စစ်သားမင်းနန်းတက်သောအခါ အေဒီ ၁၀၈၉ ခုနှစ်တွင် မလူရွှေစည်းခုံစေတီတော်ကို ငုံပြီး ယနေ့မြင်တွေ့နေရသည့်ပုံစံအတိုင်း ဆက်လက်တည်ထားကိုးကွယ်သည်ဟု သမိုင်းကဆိုထားပါသည်။

ရွှေစည်းခုံစေတီတော်သည် ပုဂံမြတ်စွယ်တော်လေးဆူ ဖြစ်ကြသည့်

၁။ ရွှေစည်းခုံစွယ်တော်ရှင်၊ ၂။ တန့်ကြည့်တောင်စွယ်တော်ရှင်၊ ၃။ လောကနန္ဒာစွယ်တော်ရှင်၊ ၄။ တုရင်တောင်စွယ်တော်ရှင်ဟူသည့် စွယ်တော်လေးဆူစေတီတော်စာရင်းဝင် တန်ခိုးကြီးစေတီတော်များ ဖြစ်ကြသည်။

အနော်ရထာမင်းကြီးသည် ထိုစေတီလေးဆူကို တည်ထားပြီး –

*ငါတည်ထားကိုးကွယ်တော်မူအပ်သော စွယ်တော်မြတ်လေးဆူကို အကြင်သူသည် နောက်နေ့မကူး နေ့ချင်းသွား၏ လှူသည့်ကုသိုလ် မပိုတူ၏။ တောင်းဆိုစကား မမှားတူ၏။ သီလငါးချက် မပျက်လုံ၏။ ထိုသည့်သူအား မကြာချက်ချင်း လက်ငင်းစောင်းကျိုး ထူးစေသတည်း။*

www.burmeseclassic.com

ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုခဲ့ပေသည်။


ထို့ကြောင့် ''ဤလေးဆူဘုရား ဓွယ်တော်မွှားကို၊ တစ်ရက်အားဖြင့်၊ ဖူးရလင့်ငြား၊ အကျိုးများကား၊ ဣဒ္ဓိ–သိဒ္ဓိ ကြံတိုင်းပြည့်၏'' ဟု အဆိုစကား ပြောကြားနေကြသည်ပင် ဖြစ်သည်။

ရှေးပုဂံခေတ် ယဉ်ကျေးမှုလက်ရာများ တည်ရှိသည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ်ဆောင်သော အကြောင်းအရာများထဲတွင် အတွင်းအံ့ဖွယ် ကိုးပါး၊ အပြင်အံ့ဖွယ် ကိုးပါးတို့လည်း ပါဝင်နေသည်။ ထိုအတွင်းအံ့ဖွယ် ကိုးပါးတို့မှာ –

၁။ ရွှေထီးတော်ကြီးအား သံကိုင်းသံကြိုးတို့ဖြင့် မရှည်မဆိုင်းတည်ခြင်း။ ၂။ ရွှေလောင်းစဉ်ကို ကြာလံများမှ လွှင့်ချလျှင် အပြင်သို့ မလွင့်ခြင်း။ ၃။ စေတီတော်၏အရိပ်သည် တံတိုင်းအပြင်သို့မထွက် (အကြောင်းထူးရှိမှ အပြင်သို့ထွက်ကြခြင်း)။ ၄။ ဘုရားဖူးများ ရာ–ထောင်–သောင်း ဝင်သည့်တိုင် ပြည့်ကျပ်မနေခြင်း။ ၅။ ပထမသပိတ်ကြီး၌ ဆွမ်းဦးကပ်သူ အမြဲရှိနေခြင်း။ ၆။ စေတီတော်ကြီး၏ တစ်ဖက်မှ စည်တီးလျှင် ကျန်တစ်ဖက်မှ မကြားရခြင်း။ ၇။ အဝေးမှ ဖူးမြော်လျှင် ကုန်းမြင့်၌တည်ထားသည်ဟု ဖူးတွေ့ထင်ရခြင်း။ ၈။ မိုးမည်မျှ ရွာသည်ဖြစ်စေ ရေမတင်ခြင်း၊ ၉။ ၁၂ လရာသီလုံး အဖူးအပွင့်တို့ဖြင့် တင့်တယ်သော ခရေပင်ရှိခြင်းတို့ဖြစ်၍ အပြင်အံ့ဖွယ် ကိုးပါးတို့မှာ –

၁။ ရေအလျှင်စီးဆင်းရာ၌ ဆင်တော်ဝပ်ရာ သဲသောင်ဖြစ်ပေါ်လာခြင်း။ ၂။ သဲသောင်ကို ကြာရှည်တည်တံ့စေရန် နဂါးကျစ်၍ သဲကျောက်ဖြစ်လာခြင်း။ ၃။ စေတီတော်ကြီးကို ဦးခိုက်ပြီးမှ ဧရာဝတီမြစ်ရေ စီးဆင်းခြင်း၊ ၄။ မဟာခံတံတိုင်း ရှစ်ပယ်မျှ ကျယ်ဝန်းခြင်း၊ ၅။ ကူရှင်းတောင်မှ ကျောက်အုတ်များကို လက်ဆင့်ကမ်းသယ်ယူခြင်း၊ ၆။ မန်ကျည်းပင်များ နေ့ချင်းပေါက်၍ အရိပ်ရိ လောက်အောင် ကြီးထွားခြင်း။ ၇။ စေတီတော်ကြီးပြီးလျှင် မန်ကျည်းပင်များ ပျောက်ကွယ်ခြင်း၊ ၈။ သိကြားမင်းကိုယ်တိုင် တူးခဲ့သော မှန်တွင်းရေပြင်၌ စေတီအရိပ်ပေါ်ခြင်း၊ ၉။ အဝေးမှကြည့်လျှင် ကုန်းပေါ်တည်ထားသည်ဟုထင်၍ အနီးရောက်မှ မြေညီတွင်တည်ထားသည်ဟု တွေ့မြင်ရခြင်း စသည်တို့ဖြစ်သည်။

**ထု–ဓမ္မရုံ၊ ဉာဏ်–သဗ္ဗညု၊ အနု–အာနန္ဒာ၊ တန်ခိုးမှာ–ရွှေစည်းခုံ** ဆိုစကားအရ ဓမ္မရုံကြီးလိုဏ်ဂူဘုရားသည် ထုထည်ပမာဏ အကြီးမားဆုံး၊ သဗ္ဗညုလိုဏ်ဂူဘုရားသည် ဉာဏ်တော် အမြင့်ဆုံး၊ အာနန္ဒာလိုဏ်ဂူဘုရားသည် အနုပညာလက်ရာ အမြောက်ဆုံးနှင့် ရွှေစည်းခုံစေတီသည် တန်ခိုးအကြီးဆုံးဟု ပြောနိုင်အောင် ထင်ရှားကျော်ကြားသည်။ ထို့ပြင် သမိုင်းတွင် ဖော်ပြထားခြင်းမရှိ




ရွှေစည်းခုံစေတီတော်မှ ဆုတောင်းမတူ ရွှေချလှူရမည့် တစ်ဆယ့်နှစ်ဌာန

www.burmeseclassic.com




သော ထူးခြားချက်များလည်း ရှိပေသေးသည်။ မြန်မာတစ်ပြည်လုံးတွင် စေတီဘုရားပေါင်းများစွာ ရှိသော်လည်း မည်သည့်စေတီဘုရားများတွင်မှ မရှိဘဲ ရွှေစည်းခုံစေတီတစ်ဆူတည်းမှာသာ တွေ့မြင်ရ(ရှိနေ)သည့် နတ်ရုပ်ပုံတော်တစ်ခု ရှိသည်။ ထိုနတ်ရုပ်ပုံတော်၏ ဦးခေါင်းထက်တွင် ရေမပက်ရဟူသော ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ထားသည်ကို တွေ့ရပေမည်။ ထိုနတ်ရုပ်ပုံလေးသည် ရွှေစည်းခုံစေတီအရှေ့ဘက် (တနင်္လာထောင့်) နတ်ထိန်းလေးကား၏ လက်ယာဘက်ထောင့်တွင်ရှိသည်။ ရွှေများချထားသည်ကိုလည်း တွေ့သည်။ လေ့လာကြည့်သောအခါ 'ကိုယ်စောင့်နတ်'ပုံဖြစ်သည်ဟူ၍ ပြောဆိုကြပါသည်။

ထို့အပြင် ရွှေစည်းခုံစေတီတွင် ဆုတောင်းမတူ ရွှေချလှူရမည့် တစ်ဆယ့်နှစ်ဌာနရှိနေပြန်သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများသည် ရွှေစည်းခုံစေတီသို့ ရောက်လာကြသောအခါ

စေတီတော်မြတ်ကြီးအား ကြည်ညို၍ အားမရခြင်း၊ သိကြားမင်း၏ ရေတန်မှ စေတီကို ဖူးမဝခြင်း၊ မြင်းခွာခြေရာ ကျန်စစ်သားမင်း၏ လုံထောက်ရာတို့ကို လေ့လာရင်းနှင့်ပင် အချိန်ကုန်လွန်သွားသည့်အတွက် ဤတစ်ဆယ့်နှစ်ဌာနကို သိရှိသွားသူ နည်းလှပေသည်။ နောင်ရောက်သူများ လေ့လာ၍ ရွှေလှူချနိုင်စေရန် စာရေးသူ ဖော်ပြလိုက်ပါမည်။ ထိုဆုတောင်းမတူ ရွှေချလှူရမည့် ရွှေစည်းခုံစေတီမှ တစ်ဆယ့်နှစ်ဌာနမှာ –

၁။ အတွင်းစေတီ(ရည်မှန်း၍)၊ **ဆုတောင်း**–နိဗ္ဗာန်မဂ်ဖိုလ် ရောက်ရပါလို၏။

၂။ ပထမရွှေသပိတ်(စေတီ၏အရှေ့တောင်ထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–စည်းစိမ်အမျိုးမျိုး ခံစားရပါလို၏။

၃။ ရွှေသက်စိုးနတ်(စေတီ၏ အရှေ့တောင်ထောင့် ပထမပစ္စယံတွင် ရှိသည်)၊ **ဆုတောင်း**–အသက်ရာကျော် ရှည်ရပါလို၏။

၄။ ရွှေခြသေ့(စေတီ၏ အဂ္ဂိထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–ဘေးမျိုး၊ ရန်မျိုး အောင်စေရပါလို၏။

၅။ မြသိဂီနတ်သမီး(စေတီ၏ စနေထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–လာဘ်အမျိုးမျိုးကို နှောင့်ယှက်ခြင်းမှ ကင်းရပါလို၏။

၆။ ရွှေညိုသင်နတ်(စေတီ၏ စနေထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–လူကရှင်က မြင်မြင်သမျှ ချစ်ခင်နှစ်သက်ကြရပါလို၏။

၇။ ရွှေစကားနတ်(စေတီ၏ စနေထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–ရောဂါဘယ ဝေးကာကင်းရပါလို၏။

၈။ ပွဲမင်းကြီးနတ်(စေတီ၏ စနေထောင့်၊ ရွှေညိုသင်၏ နောက်ကျောဘက်တွင် ရှိသည်)၊ **ဆုတောင်း**–ကုန်ရောင်းကုန်ဝယ် ကုန်သွယ်တိုင်းသာ မြတ်စွန်းရပါလို၏။

၉။ ရွှေငါးကြင်း(စေတီတော်၏ အရှေ့ဘက်ရှိ ကြေးဂူ၏ စနေထောင့်တွင် ရှိသည်)၊ **ဆုတောင်း**–အေးမြကြည်သာ များစွာကုသိုလ်ဖြစ်ရပါလို၏။

၁၀။ သိကြားမင်း(စေတီ၏ အဂ္ဂိထောင့်ရှိ နတ်နန်းအတွင်းတွင် ရှိသည်)၊ **ဆုတောင်း**–ဘေးပေါင်းကင်းလို ရန်ပျက်ပြီး၍ ကုသိုလ်ကိုသာ များစွာနှစ်သက်ရပါလို၏။

၁၁။ ဆုတောင်းပြည့်ဘုရား(စေတီတော်၏ အဂ္ဂိထောင့်ရှိ စေတီအတွင်းတွင် ရှိသည်)၊ **ဆုတောင်း**–နိဗ္ဗာန်မရောက်မီ အကြား တောင်းဆိုသမျှ ဆုအပေါင်းနှင့် ပြည့်စုံရပါလို၏။

၁၂။ အပြင်စေတီ(စေတီတော်ကြီး)၊ **ဆုတောင်း**–နိဗ္ဗာန်မဂ်ဖိုလ် ရောက်ရပါလို၏ တို့ပင် ဖြစ်သည်။

ထိုတစ်ဆယ့်နှစ်ဌာနကို ရွှေချလှူပါက ဘေးဥပဒ် လွတ်လပ်ကင်းရှင်းစွာ ချမ်းသာသုံးပါးကို ခံစားရစေရန်အကြောင်း စိတ်ကောင်းရည်မှန်း၍ ဂေါပကအဖွဲ့မှ ဖော်ထုတ်ထားပေးသည်ဟူ၍ တင်ပြရင်း ရွှေစည်းခုံစေတီသို့ ရောက်ခဲ့စဉ်က ထိုတစ်ဆယ့်နှစ်ဌာနလက်ကမ်း(ပန်းဖလက်)စာရွက်ကိုပေး၍ ရှင်းလင်းပြောပြကြသော ဂေါပကတာဝန်ရှိသူလူကြီးမင်းများ၊ လုံခြုံရေးအဖွဲ့များအား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် ဖော်ပြအပ်ပါသည်။

ဆုမွန်ကောင်းတောင်းသမျှ ပြည့်နိုင်ကြပါစေ။

မြချစ်(ရွှေတောင်)




www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းထွန်းတောက် ကြို့ပင်ကောက်မှ

# တန်ခိုးထင်ပေါ် မြတ်စွယ်တော်

မင်းသုခ



**သုံးမြို့ရှင်** သတိုးနော်ရထာမင်းတရားကြီး ထီးနန်း **စိုးစံတော်မူ**ခဲ့သည့် သာယာဝတီမြို့ဟောင်းတည်ရာ ပဲခူး တိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ကြို့ပင်ကောက်မြို့ သည် သမိုင်းဝင် မြို့တစ်မြို့ဖြစ်သည်။

ကြို့ပင်ကောက်မြို့မှာ ရန်ကုန်မြို့နှင့် ကားလမ်း ၁၂၂ မိုင်ခန့်၊ ရထားလမ်း ၁၀၉မိုင်ကွာဝေးပြီး ခေတ္တရာ ပြည်မြို့နှင့် ၅၈ မိုင်ခန့် ကွာဝေးသည်။ မီးရထားလမ်း၊ ကားလမ်းဆုံရာ မြို့ကြီးဖြစ်၍ စီးပွားရေးအချက်အချာ ကျကာ ရောင်းပန်းဝယ်ပန်း ပွင့်လန်းလျက်ရှိသည်။ ကောဇာသက္ကရာဇ် ၁၂၄၅ ခုနှစ်က ကြို့ပင်ကောက်မြို့ကို စတင်တည်ခဲ့၍ ယခုအခါ မြို့သက်တမ်းမှာ နှစ်ပေါင်း ၁၃၀ ကျော် ရောက်ရှိနေပြီဖြစ်သည်။

ဒေသခံဆရာတော် သံဃာတော်များနှင့်ဒကာ၊ ဒကာမအပေါင်းတို့ ဆရာဒကာ ညီညာစွာဖြင့် သာသနာ စည်ပင်သာအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့ ကြောင့် ကြို့ပင်ကောက်မြို့မှာ သာသနာ့ဂုဏ်ရောင် ထွန်း ပြောင်ထိန်းလင်း ဂုဏ်သတင်းမွှေးလျက်ရှိသည်။

### စွယ်တော်လေးဆူ

မြတ်စွာဘုရားရှင်၏အဓိဋ္ဌာန်ချက်ကြောင့် တေဇော ဓာတ်လောင်သည့် ရုပ်ကလပ်တော်မှ ဓာတ်တော် ရှစ်စိတ် ကြွင်းကျန်ခဲ့ပေသည်။ ဤဓာတ်တော်ရှစ်စိတ်ကို သမ္ဘိန္န **ဓာတ်တော်** ဟုခေါ်သည်။

မကွဲမအက် မကြေမပျက်ဘဲ မူလပင်ကိုယ်အတိုင်း တည်ရှိကျန်ရစ်သော **အသမ္ဘိန္နဓာတ်တော်** မှာ ခုနစ်ဆူ ရှိ၏။ ၎င်း ခုနစ်ဆူမှာ စွယ်တော် လေးဆူ၊ ညှပ်ရိုးတော် နှစ်ဆူနှင့် နဖူးသင်းကျစ်ရိုးတော် တစ်ဆူ စသည်တို့ဖြစ် သည်။

မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်လေးဆူမှာ (၁) လက် ယာအထက်စွယ်တော်၊ (၂) လက်ယာအောက်စွယ်တော်၊ (၃) လက်ဝဲအထက်စွယ်တော်နှင့် (၄) လက်ဝဲအောက်စွယ် တော်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) **လက်ယာအထက်စွယ်တော်မှာ** - တာဝတိံသာနတ်ပြည်ရှိ **စူဠာမုနိစေတီတော်၌** ဌာပနာထားကာ ကိန်းဝပ်တော်မူသည်။

(၂) **လက်ယာအောက်စွယ်တော်မှာ** - နာဂပူရ (ခေါ်) နဂါးပြည်၌ရှိသော **ရတနာစေတီတော်၌** ဌာပနာထားကာ ကိန်းဝပ်တော်မူသည်။

(၃) **လက်ဝဲအထက်စွယ်တော်မှာ** - ဂန္ဓာရတိုင်းသား ရဟန်းတော်ပင့်ဆောင်သွားတော်မူခဲ့ရာမှ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီးကင်း(ပေကျင်း)မြို့တော် အနောက်ဘက် တောင်ကုန်းပေါ်၌ရှိသော **ရွှေစေတီ (စွယ်တော်စေတီ)**၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

(၄) **လက်ဝဲအောက်စွယ်တော်မှာ** - ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ တပည့်**ရှင်ခေမာရဟန္တာ မထေရ်မြတ်** ပင့်ဆောင်သွားတော်မူခဲ့ရာမှ ယခုအခါ သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း) **ကန္ဒီမြို့ရှိ ထူပါရုံစေတီတော်ကြီး**၏ အရှေ့ဘက် တစ်ဖာလုံခန့်တွင်ရှိသော **စွယ်တော်တိုက်၌** ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

## ပင့်ဆောင်ပူဇော် မြတ်စွယ်တော်

အဆိုပါကြို့ပင်ကောက်မြို့သို့ ဘုရားဖူးတစ်ခေါက်ကြွရောက်လာပါက မဟာလောကသီရိဘုရားကြီး (အရှေ့ဘက်ဘုရားကြီး) ပရိဝုဏ်အတွင်းရှိမြတ်စွယ်တော် ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော မြတ်ဗုဒ္ဓ၏မွေသရီ





ဓာတ် 'စွယ်တော်မြတ်'ကို သဒ္ဓါကြည်နူးမြော်ဖူးပူဇော်ကာ ကုသိုလ်တော်ယူနိုင်ပါသည်။

နာရဏီသိဂ်နိက်၊ ခပ်နှိပ်ရွှေစင်၊ အသွင်မခြား၊ တစ်သားတည်းတူတော်မူပြီး လူရောနတ်ပါ မြဟ္မာမလပ်၊ နံ့စပ်ကျော်ကြား၊ တန်ခိုးတော်ကြီးမားတော်မူလှသည့် မြတ်စွာဗုဒ္ဓ စွယ်တော်မြတ်ကို ကြို့ပင်ကောက်မြို့သားဖြစ်သူ အင်္ဂလန်နိုင်ငံတွင် ကျောင်းထိုင်သီတင်းသုံးတော်မူခဲ့သည့် ကမ္ဘာလှည့်သာသနာပြုဆရာတော် ဦးသုနန္ဒ အရှင်သူမြတ်က သီဟိုဠ် (ခေါ်) သီရိလင်္ကာနိုင်ငံ၊ **ကန္ဒီမြို့မှ** ပင့်ဆောင်ပူဇော်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။


ဆရာတော်၏ ခမည်းတော်မှာ အင်္ဂလိပ်လူမျိုး မစ္စတာဘလိတ်ဖြစ်ပြီး မယ်တော်မှာ ကြို့ပင်ကောက်မြို့ ပွဲစားတန်းလမ်းနေ ဒေါ်မမ ဖြစ်သည်။

မြတ်စွယ်တော်အများစုမှာ သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်အစစ်နှင့် များသောအားဖြင့် ခုနစ်ရက်၊ ဆယ်ရက် စသည်ဖြင့် ရင်ငွေ့တော်လှုံကာ **ဓာတ်ကူးပွားခွင့်**ရှိကြောင်း သိရသည်။ သို့သော် ကျေးဇူးရှင် ဆရာတော်ဦးသုနန္ဒကား ကမ္ဘာလှည့်သာသနာပြု ဆရာတော်ဖြစ်ခြင်း၊ သီရိလင်္ကာနိုင်ငံ စွယ်တော်ဝန်ကြီးနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးသူဖြစ်ခြင်း စသည်တို့ကြောင့် ဆရာတော် ပင့်ဆောင်သွားသည့် စွယ်တော်ပုံတူကို မြတ်စွယ်တော်အစစ်နှင့် **တစ်လတိတိယှဉ်တွဲ**ကိန်းဝပ်စေပြီး ရင်ငွေ့တော်လှုံကာ ဓာတ်ကူးပွားယူခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**စွယ်တော်တိုက်**

ထိုအခွင့်အရေးကား ကြို့ပင်ကောက်မြို့နယ်သူမြို့နယ်သားသူတော်စင်များအဖို့ အလွန်ထူးခြားသည့် မဟာကုသိုလ်ပင်ဖြစ်သည်။ အကြောင်းကား အနန္တတန်ခိုးတော်ကြီးမားတော်မူလှသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ်အစစ်နှင့်ထိစပ်ကာ ဓာတ်ကူးပွားယူထားသော '**စွယ်တော်ပွား**'တို့သည်လည်း သံလိုက်တုံးကဲ့သို့ ဓာတ်သဘာဝချင်းကူးစက်သွားပြီး တန်ခိုးစွမ်းအား ကြီးမားတော်မူသောကြောင့်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီကြွချီရောက်ရှိပုံကား ဤသို့တည်း။ လွန်ခဲ့သည့် ၁၉၅၁ ခုနှစ် ပွင့်လင်းရာသီချိန်တစ်ညနေတွင် ဆရာတော်ဦးသုနန္ဒ အင်္ဂလန်နိုင်ငံမှ ကြို့ပင်ကောက်မြို့သို့ ခေတ္တကြွရောက်တော်မူခဲ့သည်။ တိုက်ကျောင်းပါဠိတက္ကသိုလ်သို့ ရောက်ရှိသည့်အခါ **တိုက်အုပ်ဆရာတော် ဦးတိလောက** ဦးသုနန္ဒအား "ဆရာတော်ကိုးကွယ်ပူဇော်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်ကို ကြို့ပင်ကောက် မြို့နယ်သူမြို့နယ်သား သူတော်စင်အများတို့ကိုးကွယ်ပူဇော်နိုင်ရန်အတွက် အလှူခံလိုပါကြောင်း" တိုက်တွန်းပြောကြားတော်မူရာ ဆရာတော်ဦးသုနန္ဒက ကြည်ဖြူစွာ လက်ခံတော်မူခဲ့သည်။

ထို့နောက် ဆရာတော် ဦးသုန္ဒ ရန်ကုန်သို့ပြန်ကြွပြီးမကြာမီ **တိုက်အုပ်ဆရာတော် 'ဦးတိလောက'**က ၎င်း၏ တပည့်ဖြစ်သူ **ဦးပဥ္စင်းဦးက္ကသရိယနှင့် ကိုရင်ကောသလ္လ** (ယခုအငြိမ်းစား ဗိုလ်ကြီးကျော်မြင့်) နှစ်ပါးတို့အား ရန်ကုန်မြို့သို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရန် စေလွှတ်တော်မူခဲ့သည်။ ထိုအရှင်နှစ်ပါးတို့က ဆရာတော် ဦးသုနန္ဒ ခေတ္တသီတင်းသုံးရာ ရွှေတိဂုံစေတီတော်ကြီးအနီးရှိ ကျောင်းတိုက်သို့ကြွရောက်ပြီး ဆရာတော်လှူဒါန်းရန် တကတိပေးထားသည့် ဗုဒ္ဓမြတ်စွယ်တော်ကို ရယူပင့်ဆောင်ခဲ့ကြသည်။

ထိုအချိန်ကာလမှာ ရောင်စုံသောင်းကျန်းသူများ ထကြွဆူပူနေကြသည့် ခေတ်ဆိုးကာလဖြစ်သည်။ ထို့ကြောင့် အရှင်နှစ်ပါးတို့သည် မြတ်စွယ်တော်ကို ရန်ကုန်မြို့မှ **မော်တော်ကား၊ ကူးတို့လှေ၊ နွားလှည်းနှင့် စာပို့မီးရထား** စသည်တို့ဖြင့် အဆင့်ဆင့်ကူးပြောင်းကာ ကြို့ပင်ကောက်မြို့သို့ရောက်အောင် သက်စွန့်ဆံဖျား ကြိုးစားပင့်ဆောင်တော်မူခဲ့ရသည်။

မှတ်ချက် ။(**နွားလှည်းဆယ်စီးကျော်မှာ ဓားပြအသီးသီးအတိုက်ခံကြရပြီး မြတ်စွယ်တော်ဝှက်ယူပင့်ဆောင်လာကြသည့်အရှင်နှစ်ပါးတို့၏ လှည်းမှာ ဓားပြတိုက်ခြင်း လုံးဝမခံခဲ့ရပါ။ ဤကား မြတ်စွယ်တော်၏ အံ့ဖွယ်တန်ခိုးတော်ပင်တည်း။**)

ဤသို့ဖြင့် မြတ်စွယ်တော်သည် ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် နေ့ နေ့လယ် ၂ နာရီခွဲအချိန်တွင် ကြို့ပင်ကောက်ဘူတာသို့ စာပို့မီးရထားဖြင့် ကြွချီရောက်ရှိတော်မူခဲ့သည်။

**ဦးနိုက်ပူဇော် မြတ်စွယ်တော်**

မဟာလောကသီရိဘုရားကြီး၏ သာသနာ့ဝေပုလ္လ



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာနုဂ္ဂဟအသင်းမှ ဆရာတော်ဦးသုနန္ဒ၏ ဦးလေးတော်စပ်သူ ဦးဘထွန်းဦးဆောင်သော ဂေါပကအဖွဲ့ဝင်များက ဘူတာတွင် မြတ်စွယ်တော်ကို ဦးခိုက်ကြိုဆိုပူဇော်ကြသည်။ ထို့နောက် အမိုးဖွင့်ထားသော ဂျစ်ကားပေါ်သို့ မြတ်စွယ်တော်ကို ပင့်ဆောင်ကာ နရီဝိုင်း၊ အိုးစည်ဗုံမောင်းဝိုင်းတို့ဖြင့် တီးမှုတ်ပူဇော်ပင့်ဆောင်ကြပြီး မဟာလောကသီရိဘုရားကြီး မျက်နှာစာရှေ့တွင် အပူဇော်ခံစေပါသည်။ ထိုမှတစ်ဖန် တိုက်ကျောင်းပါဠိတက္ကသိုလ်၏ ဒုတိယမြောက် ပဓာနနာယကဆရာတော်ကြီး ဦးတေဇိန္ဒမဟာထေရ်မြတ်က မြတ်စွယ်တော်ကို မိမိ၏ကျောင်းတိုက်ပေါ်သို့ ယာယီရွှေ့ပြောင်းပင့်ဆောင် ပူဇော်ထားခဲ့သည်။ (ထိုစဉ်ကတိုက်အုပ်ဆရာတော်မှာ ဦးတိလောက ဖြစ်ပြီး၊ တိုက်ကြပ်ဆရာတော်မှာ ဦးဥတ္တရာဘိဓဇ ဖြစ်သည်)။ ထို့နောက် တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ စတင်ပြီး မြတ်စွယ်တော်အား မဟာလောကသီရိဘုရားကြီး ရှေ့တွင် ၃ ရက်တိုင်တိုင် အပူဇော်ခံစေပါသည်။

တစ်ဖန် ၁၃၁၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့မှစပြီး သုံးရက်တိုင်တိုင် ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ဖျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ထပ်မံအပူဇော်ခံခဲ့သည်။ ကောဇာသက္ကရာဇ် ၁၃၂၈ ခုနှစ်တွင် ကျောင်းအမကြီး ဒေါ်စောခင် ဆောက်လုပ်လှူဒါန်းထားသော စွယ်တော်တိုက်သို့ မြတ်စွယ်တော်ကို ပြောင်းရွှေ့ပင့်ဆောင်ကာ ကိန်းဝပ်စံပယ်တော်မူစေပါသည်။

မြတ်စွယ်တော်တိုက်တာဝန်ခံအဖြစ် မဟာလောကသီရိဘုရားကြီး၏ အကျိုးတော်ဆောင်ချုပ် ဆရာတော်ဦးပညိန္ဒာစာရ အရှင်သူမြတ်က ၁၃၂၀ ခုနှစ်မှ ၁၃၆၇ ခုနှစ်အထိ နှစ်ပေါင်းလေးဆယ်ကျော်တိုင်အောင် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ပြီး ၁၃၆၇ ခုနှစ်မှ ယခုအချိန်ထိ မဟာလောကစေတီဘုရားကြီး၏ အကျိုးတော်ဆောင်ချုပ် ဆရာတော် ဦးဉာဏဓဇက မြတ်စွယ်တော်တိုက် တာဝန်ခံအဖြစ် ဆက်လက်ထမ်းဆောင်တော်မူလျက်ရှိသည်။

## လှည့်လည်ပူဇော် မြတ်စွယ်တော်

ထို့နောက်တိုက်ကျောင်းပါဠိတက္ကသိုလ် တတိယမြောက် ပဓာနနာယကဆရာတော်ကြီး ဓမ္မသေနာပတိ နိုင်ငံတော်သံဃမဟာနာယက၊ ဒု-ဥက္ကဋ္ဌ ဘဒ္ဒန္တဥတ္တရာဘိဓဇ မဟာထေရ်မြတ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စွယ်တော်တိုက်တာဝန်ခံ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနရိန္ဒာစာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ) တို့၏ ဩဝါဒကို ခံယူကာ မြို့ပေါ်ရှိဂေါပက အဖွဲ့ဝင်အသီးသီးတို့စုပေါင်းပြီး မြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲကို 'ပထမအကြိမ်'အဖြစ် စည်းကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ တိုက်ကျောင်းပါဠိတက္ကသိုလ် ဆဋ္ဌမမြောက် ပဓာန နာယကမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒစိတ္တ (သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) ဦးဆောင်သော မြတ်စွယ်တော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကြသည့် မဟာလောကသီရိဘုရားကြီးအကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တဉာဏဓဇ (ဓမ္မာစရိယ)နှင့် ဂေါပကအဖွဲ့တို့က မြတ်စွယ်တော်၏ ဘက်စုံလုပ်ငန်းများကို ကြိုးစားပြုပြင်ဆောင်ရွက်လျက် ရှိကြသည်။

ဆဒ္ဒန်စွယ်ဖျား၊ ပုံမခြားဘဲ၊ အဖျားသွယ်သပ်၊ ယျောက်ပတ်တင့်ရှိုင်း၊ စဉ်းငယ်ညွတ်ကိုင်းသော သဏ္ဌာန်တော်ရှိသည့် မြတ်စွယ်တော်မှာ ယခုအခါ ဝါတော် ၆၁ ဝါကျော်ခဲ့ပြီး နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ သုံးရက်တိုင်တိုင် ဂန္ဓကုဋီတိုက်မှ ဖွင့်လှစ်အပူဇော်ခံမြဲဖြစ်သည်။ နောက်ပိုင်းတွင် သုံးနှစ်တစ်ကြိမ်အစီအစဉ်ဖြင့် မြတ်စွယ်တော်ကို မြို့ပေါ်(၁၀)ရပ်ကွက်သို့ ဒေသစာရီ လှည့်လည်အပူဇော်ခံလျက်ရှိရာ ယခုအခါ ၁၂ ကြိမ်မြောက်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ဤသို့လှည့်လည် အပူဇော်ခံရာတွင် မြတ်စွယ်တော်ကို မင်္ဂလာဆင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ပြီး မြတ်စွယ်တော်ဂေါပကအဖွဲ့နှင့် မြို့ပေါ်ရှိ ဂေါပကအဖွဲ့များ၊ ဒေဝါဝင်း၊ရာဇဝင်း၊ မြင်းတော်ဝင်းနှင့် ဖတ်နိပါတ်သရုပ်ဖော်အဖွဲ့များ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

စည်တော်နှင့် အိုးစည်ဗုံမောင်းအဖွဲ့ သားများ တေးဝီတ အဖွဲ့ ဖျော်ဖြေရေးမော်တော်ယာဉ်များနှင့် ဝတ်အသင်း အဖွဲ့ အသီးသီးတို့က လိုက်လိုက်လှဲလှဲဖြင့် တစ်ခဲနက် လိုက်ပါပူဇော်ကြည်ညိုကြရာ ကြိတ်ကြိတ်တိုးတာ စည်ကားသိုက်မြိုက်လှပါသည်။

ဤသို့တန်ခိုးတော်မြတ် ထွေးလွှမ်းလွှမ်းဝေစီ မြတ်ဗုဒ္ဓ၏ မွေသရိုဓာတ် စွယ်တော်မြတ်ကို တစ်ခါတစ်ခေါက် ဖူးမျှော်ကြည်ညိုဖူးတော်ကာ ကုသိုလ်တော်ယူနိုင်ကြပါ ကြောင်း မေတ္တာစော်ပြသိုက်ရပါသည်။

## "ဒါဌာ ဓာတု ဝန္ဒနာ"

### မြတ်စွယ်တော်ဘုရားရှိခိုး

၁။ ဒါဌာ ဓာတုံ အသမ္ဘိန္နံ
နုံသီဓာလ သမုဇ္ဇလံ
ထိဠိ ရတ္တံ တိဋ္ဌောဒါတံ
သိဂ်ိနိတ္ထ သရိက္ခကံ

၂။ ဒန္တဂ္ဂ သမသဏ္ဌာနံ
တိဝဝ်ုလိ ပမာဏကံ
မဇ္ဈင်္ဂုလ ပရိဏာဟံ
နမာမိ အဂ္ဂဆိဒ္ဒကံ။

**အသမ္ဘိန္နံ**–မတွဲမပြို မယိုမယွင်း ပကတိပင်ကိုယ် ရင်းလည်း ရှိတော်မူပေထသော၊

**နုံသီဓာလ သမုဇ္ဇလံ**– ရောင်စုံထွေးယှက် ရွှေကွန် ယက်တဲ့သို့ ထူးသတ်လည်ကြွ ကောင်းစွာတောက်ပသော အဆင်းတော်လည်းရှိတော်မူပေထသော၊

**ထိဠိ ရတ္တံ တိဋ္ဌောဒါတံ**–အရင်းအဖျားတို့၌ တသ်ပြဒါးသတ်ရေ စွေးစွေးနီမြန်း လယ်ခေါင်ရန်းကဲ့သို့ ရစ်သန်းသေးသွယ် စဉ်းငယ်နီမြန်းသော အဆင်းတော် လည်း ရှိတော်မူပေထသော၊

**သိဂ်ိနိတ္ထ သရိက္ခကံ**–နာရဏီသိင်္ဂနိက် ခတ်နှိပ် ရွှေစင် အသွင်မခြား တစ်သားတည်းလည်း တူတော်မူပေ ထသော၊

**ဒန္တဂ္ဂ သမသဏ္ဌာနံ**–ဆဒ္ဒန်စွယ်ဖျား ပုံမခြားဘဲ အဖျားသွယ်သပ် လျှောက်ပတ်တင့်ရှိုင်း စဉ်းငယ်ညွှတ်ကိုင်း သော သဏ္ဌာန်တော်လည်း ရှိတော်မူပေထသော၊

**တိဝဝ်ုလိ ပမာဏကံ**–ပကတိလူများ အတိုင်း အရှည်အားဖြင့် လက်သုံးသစ်ဖျားလည်း ရှိတော်မူပေထ သော၊

**မဇ္ဈင်္ဂုလိပရိဏာဟံ**–လက်လယ်သမုတ် ဖွင့်ထုတ် ခေါ်ပြား လက်ချောင်းများကဲ့သို့ ကောင်းစွာအွှယ်ရှုံး ဝန်းလုံးသော သဏ္ဌာန်တော်လည်း ရှိတော်မူပေထသော၊

**အဂ္ဂဆိဒ္ဒကံ**–စွယ်တော်ဖျား၌ ထင်ရှားမမြင် ရေးရေးထင်သည့် စဉ်းငယ်အပေါက် အသွင်လည်း ရှိတော် မူပေထသော၊

**ဒါဌာ ဓာတုံ**–လူရောနတ်ပါ ပြဟ္မာမလပ် နှံ့စပ် ကျော်ကြား ဘုရားရှင်မြတ် စွယ်တော်ဓာတ်ကို၊

**အဟံ**–ရုပ်နှင့်နာမ်ဓာတ် ဤနှစ်ရပ်ကို အတ္တ သမုတ် အကျွန်ုပ်သည်၊

**နမာမိ**–ဖရဏာပီတိ ဂွမ်းဆီထိပုံ သဒ္ဓါဟုန်ဖြင့် ကြည်ယုံမြတ်နိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏ အရှင် သူမြတ်ဘုရား။

*(နိဗ္ဗာနသ ပစ္စယော ဟောတု)*

■ မင်းသုခ

<u>ကိုးကား</u>

* ကြို့ပင်ကောက်မြို့ မြတ်စွယ်တော်သမိုင်းအကျဉ်း စာစောင်။
* အငြိမ်းစားဗိုလ်ကြီးကျော်မြင့်၏ဆောင်းပါး၊ (ကြို့ပင်ကောက်မြို့နယ်အသင်း ငွေရတုမဂ္ဂဇင်း)
* ကိုယ်တိုင်သွားရောက်ဖူးမြော်သည့် မှတ်တမ်း။


www.burmeseclassic.com

# မင်းတုန်းမင်းလက်ထက်က

# ရွှေတိဂုံစေတီတော်

## ရောင်ခြည်တော်လွှတ်သတင်း

### တင်နိုင်တိုး




မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော် ကြွချီတော်မူလာသည့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်မှစ၍ ထူးထူးခြားခြား ဖြစ်ရပ်ဆန်းများကို ကြားသိခဲ့ကြရသည်။ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်တွင် သောက်ရေ ချောက်တွင်း၌ ဗုဒ္ဓမြတ်စွယ်တော် ပုံရိပ်ပေါ်နေသည်မျိုး၊ ရေသန့်ဘူးများထက်တွင် စွယ်တော်စေတီ ပုံရိုပ်ပေါ်နေသည်မျိုး သတင်းများအပြင် ရွှေတိဂုံစေတီတော်မှ ရောင်ခြည်တော်လွှတ်သော သတင်းများလည်း ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ခု၊ နိုဝင်ဘာလ ၁၄ ရက်၊ ညနေ ၄း၀၀ နာရီဝန်းကျင်အချိန်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ဆုတောင်းပြည့်ဘုရား ရင်ပြင်ထက်မှ ရောင်ခြည်တော်လွှတ်ပုံကို ဘုရားဖူးအများ ဖူးတွေ့ခဲ့ကြရသည်။ နောက်ရက်သတ္တတစ်ပတ်အကြာ ၂၀၁၁ ခု၊ နိုဝင်ဘာလ ၂၁ ရက်၊ ည ၇း၀၀ နာရီဝန်းကျင်တွင် စေတီတော် တန်ဆောင်း၌ မြူခွေသည့် ရောင်ခြည်တော်များ လွှတ်နေသည်ကို ဖူးတွေ့ကြရပြန်သည်။

ယင်းနေ့ ည ၇း၂၀ မိနစ်အချိန်တွင် အရှေ့ဘက် ဓာတ်လှေကားထိပ် စေတီတော်အမှတ်-၁၀၀၊ ၁၀၀ နှစ်ဆုခံရာနေရာ၌ အနီ၊ အဖြူ၊ အစိမ်း ရောင်ခြည်တော်သုံးမျိုးကို ထင်ရှားစွာ ဖူးတွေ့ခဲ့ကြရပြန်ပါသည်။ ရောင်ခြည်တော်လွှတ်သော သတင်းကြောင့် ရွှေတိဂုံစေတီတော် ရင်ပြင်ထက်သို့ တက်ရောက်ဖူးမြော် ကြည်ညိုကြသူများ အထူးများပြားလာကြသည်။ ရွှေတိဂုံစေတီတော်တွင် ရံဖန်ရံခါ ထိုသို့ ရောင်ခြည်တော်လွှတ်တတ်ပါသည်။

တန်ခိုးကြီးလှသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မှ ရောင်ခြည်တော်လွှတ်သည်က ယခုမှမဟုတ်ပေ။ လွန်ခဲ့သည့်နှစ် ၁၄၀ နီးပါးကာလတွင်လည်း ယင်းကဲ့သို့ ရောင်ခြည်တော်လွှတ်ခဲ့ဖူးကြောင်း ထိုခေတ်ကာလထုတ် မြန်မာသံတော်ဆင့်သတင်းစာတွင် တွေ့ရှိရသည်။

ရွှေတိဂုံစေတီတော် ရောင်ခြည်တော်လွှတ်သည့်သတင်းကို ၁၈၇၂ ခု၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ မြန်မာသံတော်ဆင့်သတင်းစာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

"သဗ္ဗညုမြတ်စွာဘုရား သာသနာတော် ၂၄၁၆ ခု ကောဇာသက္ကရာဇ် ၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်နေ့ ည ၇း၀၀ နာရီအချိန်တွင် ရန်ကုန်မြို့ တိကုမ္ဘစေတီတော်ကြီးဘုရားသည် ကလျာပသရက်ဖြူပင်ကိုင်း၌ တီတွိအပေါင်းကို နှိမ်နင်းတော်မူ၍ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရတည်းဟူသော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် အနန္တစကြဝဠာကောင်းကင်သို့ ဖြန့်လွှတ်တော်မူ၍ ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ထင်ရှားပြတော်မူ၏။

စေတီတော်မြတ်၏ ရွှေထီးတော်စိန်ဖူးမှ ပြိုးပြိုးပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော်တို့သည် သောကြာကြယ်ကဲ့သို့ တောက်ပလျက် ထွက်တော်မူသည်များကို ၅ မိနစ်ခန့် မြင်ရချေသည်" ဟူ၍ ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်၌ ထိုသို့ ရောင်ခြည်တော်လွှတ်စဉ်က အထက်မြန်မာနိုင်ငံတွင် **မင်းတုန်းမင်း** ထီးနန်းစိုးစံဆဲကာလဖြစ်ပြီး အောက်မြန်မာပြည်ဒေသများမှာမူ ဗြိတိသျှလက်တော်သို့ ကျရောက်နေချိန် ဖြစ်ပါသည်။ ထို့ပြင် မြန်မာဘုရင်မင်းတုန်းမင်း၏ အလှူတော်ဖြစ်သော ထီးတော်သစ်ကြီး တင်လှူပြီးသည်မှာလည်း တစ်နှစ်ပင်မပြည့်သေးသည့် အချိန်ဖြစ်ပါသည်။ သို့ဖြစ်၍ ရွှေတိဂုံစေတီတော်မြတ်မှ ရောင်ခြည်တော်လွှတ်ခြင်းမှာ ထီးတော်သစ်တင်လှူခဲ့ခြင်းနှင့် ဆက်စပ်နေလေဟန် လူအများက ပြောဆိုခဲ့ကြသည်။

ရွှေတိဂုံစေတီထီးတော်မှာ ဆင်ဖြူရှင်လက်ထက် ထီးတော်ဖြစ်၍ ဟောင်းနွမ်းနေပြီဖြစ်ရာ အသစ်တင်လှူရန် ၁၈၆၉ ခု၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဘုန်းတော်ကြီး ဦးပြားနှင့် ရဟန်းရှင်လူတို့ ဆုံးဖြတ်ခဲ့ကြသည်။ အလှူငွေကောက်ခံစဉ် ငွေ ၃၂၀၀၀ ကျော်ရရှိခဲ့သည်။ အလှူတော်အတွက် မင်းတုန်းမင်းအားလည်း လျှောက်တင်လိုကြသဖြင့် ကိုယ်စားလှယ် ဦးထွန်းအောင်ကို မန္တလေးသို့ စေလွှတ်ခဲ့သည်။ မင်းတုန်းမင်းက ၁၈၆၉ ခု၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ခွင့်ပြုသဖြင့် သံချက်ဝန် ပညာသိဒ္ဓိကျော်သူ ဦးဆောင်လျက် ထီးတော်သစ်ကို လုပ်ဆောင်ခဲ့ကြသည်။

ထီးတော်သစ်ပြီးစီးသောအခါ ၁၈၇၁ ခု၊ အောက်တိုဘာလ ၃ ရက်တွင် ပုပ္ပားဝန်ထောက် ဦးမှုံဦးဆောင်လျက် ရေနန်းစကြာသင်္ဘောဖြင့် ရန်ကုန်သို့ ပင့်ဆောင်ခဲ့ကြသည်။ ထီးတော်က အောက်တိုဘာလ ၂၂ ရက်တွင် ရန်ကုန်သို့ ရောက်ရှိပြီး ခေတ္တအပူဇော်ခံပါသည်။ ထို့နောက် နိုဝင်ဘာလ ၁၉ ရက်နေ့ တင်လှူရာ မြေမ်းကြိုးပြတ်ကျ၍ မအောင်မြင်ဘဲ နိုဝင်ဘာလ ၂၁ ရက်နေ့တွင်မှ တင်လှူနိုင်ခဲ့သည်။ မင်းတုန်းမင်း၏ ကုသိုလ်တော် ထီးတော်က ကာလတန်ဖိုး ၁၄ သိန်းကျော်ရှိခဲ့သည်။ ဘုံခုနစ်ဆင့်တွင် ရွှေချိန် ၂၀၂၂၉ ကျပ်၊ ၄ မူး ပါဝင်ပါသည်။

ထီးတော်သစ်တင်လှူပြီး ဆယ်လခန့်အကြာတွင် ယင်းသို့ ရောင်ခြည်တော်လွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

**တင်နိုင်တိုး**

ကျမ်းကိုး

၁။ ရွှေတိဂုံစေတီတော်တွင် ထွန်းပေါ်ထူးခြားသော ရောင်ခြည်တော် (ကံ၀င်း)၊ သူရဋ္ဌမဂ္ဂဇင်း၊ ၂၀၁၂ ခု၊ ဖေဖော်ဝါရီ။
၂။ တစ်ခေတ်တစ်ခါက အောက်ပြည်အောက်ရွာ (လူထုဦးလှ)



www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဆရာတော်

## အမည်တွင်လာခြင်း

■ ကိုမောင်သန်းဝင်း

ဦးဝိမလ ဘွဲ့တော်ရ ဆရာတော်လေး၏ တရားဟောပုံမှာ ထိုခေတ်အခါတုန်းဒီက ခေတ်စားနေကြသော ယပ်လုံ့ဓမ္မကထိကတို့လို အသံနေ အသံထားနှင့် ဟောသည်မဟုတ်။ အဆွဲအငင်၊ အရှိုက်အပင့်ကိုလည်း မသုံး။ ရိုးရိုးပင် စာအစီပွားယ်ပြောသလို ပြောဟောနေခြင်းမျိုး ဖြစ်သည်။


မိုးကုတ်သူ၊ မိုးကုတ်သားတို့က ကျောက်ရိုင်းတုံးတစ်တုံးကိုတွေ့လျှင် (အပွေးမြင် အပင်သိ ဆိုသလို) အသွေးမြင်ရုံနှင့် အသွင်ကို သိကြသည်။ အကဲခတ်တတ်ကြ၏။ တန်ဖိုးကို သိကြသည်။

ထို့အတူ ဆရာတော်လေး ဦးဝိမလ၏ အရည်အသွေးကိုလည်း သူတို့ သိနေကြပြီ။ ဟောပြောမှု အနည်းငယ်ကို နာရုံမျှဖြင့် သူတို့ သဘောကျနေလေပြီ။ ထို့ကြောင့် "နွေရောက်တိုင်း မိုးကုတ်သို့ အမြဲကြွပါရန်" ပိုင်း၍ လျှောက်ထားကြလေတော့၏။

ဤသို့ဖြင့် မိုးကုတ်သို့ကြွ၍ တရားဟောခြင်း၊ မိုးကုတ်ဒကာ၊ ဒကာမတို့ ကြည်ညိုကြခြင်း၊ မိုးကုတ်မှာပင် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ ထိုမိုးကုတ်ကျောင်းကြီးပေါ်မှာ သီတင်းသုံးခြင်း စသော အကြောင်းတို့ကြောင့် ဆရာတော် ဦးဝိမလကို "မိုးကုတ်ဆရာတော်"ဟု ခေါ်လာကြတော့သည်။

### ဇာတိဌာနေ မွေးရာမြေ

မန္တလေး-ရန်ကုန်သွား ကားလမ်းမ၊ ရထားလမ်းမကြီးများ ဖောက်လုပ်ကြသောအခါ ဒုဋ္ဌဝတီမြစ်ငယ်မြစ်ကို တောင်မြောက် တံတားထိုး၍ ဖြတ်ကျော်ကြရသည်။ တံတားကြီးမှနေပြီး အနောက်ဘက်ကို လှမ်းကြည့်လျှင် ၄ ဖာလုံခန့်



www.burmeseclassic.com



ကျမ်းပြုဆရာတော်ကလေး ဦးဝိမလ

အရှင်ဝိမလ

ဆိုဆုံးမအပ်သော

ခြောက်စုခြောက် ဓာတ်အမေးအဖြေနှင့်တကွ

သတ္တာသဖြုတ်အကျဉ်းချုပ် ဖြစ်သော

# ပုထုဇ္ဇန အလင်းပြကျမ်း

ဒုတိယ အကြိမ်

သီရိနန္ဒာပုံနှိပ်တိုက်
အမှတ် ၂၀၅ ၃၂-လမ်း၊ ရန်ကုန်မြို့၊
၁၃၁၆-ခု၊

အကွာအဝေးတွင် ဥယျာဉ်တော်ရွာကို တွေ့မြင်နိုင်၏။

ယခုနောက်ပိုင်း ထိုမြစ်ငယ်မြစ် တံတားကြီး၏ မြောက်ဘက်မှနေ၍ အနောက်ဘက် စစ်ကိုင်းတံတားကြီးဆီသို့ ဦးတည်လျက် ကားလမ်းမကြီးတစ်ခု ဖောက်လုပ်ခဲ့ရာ ယင်းကားလမ်းမကြီးနှင့် မြစ်ငယ်မြစ်ကြားတွင် ဥယျာဉ်တော်ရွာကြီးကို ထီးတည်းကြီး မြင်နိုင်ကြတော့သည်။

ယင်းဥယျာဉ်တော်ရွာကြီးတွင် အဘ ဦးအောင်ထွန်း၊ အမိ ဒေါ်ရွှေအိပ်တို့မှ မိုးကုတ်ဆရာတော်လောင်းလျာ သားမြတ်ရတနာကို ကောဇာသက္ကရာဇ် ၁၂၆၁ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ခရစ်နှစ် ၁၈၉၉ ခု၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။

ဗုဒ္ဓဟူးသားဖြစ်၍ "မောင်လုဘော်"ဟု ကင်ပွန်းတပ်သည်။ ပဥ္စမမြောက် သားလုရတနာဖြစ်သည်။ ညီအစ်ကို မောင်နှမ မွေးချင်း ၈ ယောက်ရှိရာ (၁) မတင် (အစ်မကြီး)၊ (၂) မလုံး (အစ်မလတ်)၊ (၃) မရွှေပင် (အစ်မငယ်)၊ (၄) မောင်လုဒင် (အစ်ကို)၊ (၅) မောင်လုဘော် (ဆရာတော်လောင်းလျာ)၊ (၆) မလုရှင်၊ (၇) မလုခင်၊ (၈) မောင်သောင်းတို့ ဖြစ်ကြသည်။

မောင်လုဘော် လေးနှစ်သားအရွယ်တွင် ဥယျာဉ်တော်ရွာထိပ်ရှိ အစိုးရမူလတန်းကျောင်းသို့ အပ်နှံသင်ကြားစေသည်။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ ကဆုန်လ(မေလ)တွင် မောင်လုဘော်အသက်မှာ ရှစ်ခနှစ်ပြည့်၍ ကိုးနှစ်အတွင်း ရောက်လေပြီ။ လေးတန်းကိုလည်း အောင်မြင်ပြီးလေပြီ။


## ရှင်ပြုမင်္ဂလာ ချိန်ရောက်လာ

အရွယ်အားဖြင့် ရှင်ပြုချိန်ရောက်လာသော မောင်လုဘော်ကို မိဘတို့စဉ်ဆက်က ကိုးကွယ်ခဲ့သော ဥယျာဉ်တော်ရွာ အနောက်မြောက်ဘက်ရှိ "ငွေပင်တောရကျောင်း" တွင် ရှင်ပြုစေသည်။ ဆရာတော်ကြီးမှာ "ဦးဇာဂရ" ဖြစ်သည်။

ရှင်သာမဏေပြုပြီးနောက် ဆရာတော်ကြီးက ဗုဒ္ဓဟူးသား နေ့သင့်နံသင့်ဖြစ်အောင် "ဝိမလ"ဟူ၍ ဘွဲ့အမည်ပေးသည်။

"ဝိ"ဆိုတာ မရှိလို့ အဓိပ္ပာယ်ရတယ်ကွယ်။ "မလ" ဆိုတာက "အညစ်အကြေး"၊ အဲဒီ နှစ်ပုဒ်ပေါင်းလိုက်တော့ "မရှိ၊ အညစ်အကြေး" "အညစ်အကြေးမရှိ"လို့ အဓိပ္ပာယ်

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးကုတ်ဆရာတော်ဘုရားကြီး တရားအားထုတ်ခဲ့သော ဘော်ပတန်းရွာအနီး ကျောက်လိုဏ်ဂူကြီး

ထွက်တာပေါ့ကွယ်။ "အကုသိုလ်အညစ်အကြေးမရှိ" လို့ ဆိုလိုတယ်။ "အညစ်အကြေးမရှိ"ဆိုတော့ အဖြောင့်ပြောရရင် "ဖြူစင်သန့်ရှင်းတာပေါ့ကွယ့်" ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

## မြတ်သောရဟန်း ဖြစ်တည်လာ


ကောဇာသက္ကရာဇ် ၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့၊ ခရစ်နှစ် ၁၉၁၉ ခု၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် မင်္ဂလာကျောင်းတိုက် တိုက်အုပ်ဆရာတော်ဘုရားကြီး ဦးသုဇာတကို ဥပဇ္ဈာယ်ပြုလျက် ဥပသမ္ပဒကံဆောင်၍ မြတ်သောရဟန်းဘောင်သို့ ရောက်ခဲ့သည်။

ရဟန်း ဒါယကာ၊ ဒါယိကာမများမှာ အမရပူရ၊ သိမ်ကြီးဈေးတောင်ဘက်၊ အိုးတော်ရပ်နေ ကုန်သည်ကြီး ဦးဝင်း၊ ဒေါ်ဒေါ်ဒေါ်စောတို့ ဖြစ်သည်။

## မိုးကုတ်ကျောက်တစ်လုံး ဖြစ်လာခဲ့ရ

ဆရာတော်လေး ဦးဝိမလကို မိုးကုတ်မြို့သို့ရောက်အောင် ပထမဦးဆုံး တာဝန်ခံ၍ပင့်ခဲ့သော ပုဂ္ဂိုလ်မှာ ကျောင်းဒကာကြီး ဦးလယ် ဖြစ်သည်။ မိုးကုတ်သား ဦးလယ်သည် ကျောက်အကြောင်းကို ကောင်းကောင်းနားလည်သည်။ အပြင်ပန်းကိုမြင်ရုံမျှဖြင့် ကျောက်၏အတွင်းက အရည်အသွေးကို အကဲခတ်နိုင်သည်။

ထို့အတူ ဆရာတော်လေး ဦးဝိမလကိုလည်း အပြင်ပန်းမြင်ရရုံမျှဖြင့် အတွင်းက အရည်အသွေးကို အကဲခတ်နိုင်ခဲ့သည်။ သို့ဖြင့် အရအမိ မိုးကုတ်သို့ပင့်ခဲ့ပြီး အနီးကပ်ပြုစုလုပ်ကျွေးသည်။ ဆရာတော်လေး၏ ပါရမီကိုလည်း ကူညီဖြည့်စွမ်းသည်။ ဆရာတော်လေးသည် မိုးကုတ်တောင်တန်း ဘော်ပတန်းတွင် ခိုအောင်းခဲ့သည်။ ထို့ကြောင့်လည်း တောင်ထွတ်ကျောက်တစ်လုံးကဲ့သို့ တန်ဖိုးဖြတ်၍မဆုံး မိုးကုတ်ကျောက်တစ်လုံး




မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချသွားတော်မူသော အိပ်စုတင်



www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံး မိန့်ဟ ဩဝါဒတော် (နေ့ ၁-နာရီ၊ ၁၅-မိနစ်)

"ခန္ဓာရှိတဲ့သူတိုင်း ခံစားရမည့် ဝေဒနာတွေကို ကျော်လွှန်အောင်
(ဝေဒနာဖြစ်ပျက်တို့ရဲ့ အဆုံးကို တွေ့အောင်) ရှုကြ၊ မမေ့မလျော့နေရစ်ကြ…"

ဖြစ်လာခဲ့ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး အဖြစ်အမည်တွင်ရစ်ကာ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး ဖြစ်တည်ခဲ့ပါသတည်း။

## အို,နာ,သေဘေးမှ မလွတ်နိုင်

အချိန်သည် တချက်ချက်နှင့် စက္ကန့်တိုင်း တရွေ့ရွေ့ ပြောင်းလွဲနေ၏။ ဒကာ၊ ဒကာမတို့ကလည်း စက္ကန့်တိုင်း၊ မိနစ်တိုင်းကို စိုးရိမ်နေ၊ ပူပန်နေကြသည်။ သောကရောက်နေကြရပြီ။ ရင်တွင်းနှလုံးအိမ် ပူရှိန်နေကြပြီ။ နှလုံးခုန်နှုန်း ကိုယ်စီမြန်နေကြပြီ။ သို့သော် ဆရာတော်ကြီးကမူ တည်ငြိမ်နေသလို ဖြစ်၏။ ဆရာဝန်ကြီးများဘက်သို့ လှည့်၍ -

"ကဲ…နောက်ထပ် ဆေးထိုးပေးစရာရှိရင်လည်း မြန်မြန်ထိုးပေးကြ။ အချိန်မရှိဘူး။ ဆရာဝန်ကြီးတို့ဆေးတွေလည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။ အိုနာသေဘေးပဲ"

ဟူ၍ မိန့်တော်မူ၏။ ထို့နောက် ဓမ္မာရုံကြီးဒကာ ဦးချစ်ဆွေနှင့် ဒေါ်မမတို့က လူအုပ်ထဲ တိုးဝင်လာပြီး ဆရာတော်ကြီးအနားသို့ လာရောက်ကန်တော့ကြ၏။

"မောင်ချစ်ဆွေ…ဒီတစ်ခါတော့ မရတော့ဘူးကွ။ ဟဲ့…မမ၊ ကြည့်ထား။ ခန္ဓာရတဲ့သူတိုင်း ဒီလိုပဲ ဝေဒနာတွေနဲ့ တွေ့ရမယ်"

ဟူ၍ မိန့်တော်မူ၏။ ထို့နောက် အနီးတွင် ဝိုင်းအုံ လက်အုပ်ချီကန်တော့နေကြသော ရဟန်းသံဃာတော်များနှင့် ဒကာ၊ ဒကာမတို့အား ဆုံးမဩဝါဒ ပေးတော်မူသည်။

### နောက်ဆုံးမိန့်ဟ ဩဝါဒတော် (နေ့ ၁ နာရီ ၁၅ မိနစ်)

"ခန္ဓာရှိတဲ့သူတိုင်း ခံစားရမည့် ဝေဒနာတွေကို ကျော်လွှန်အောင် (ဝေဒနာဖြစ်ပျက်တွေတို့ရဲ့ အဆုံးကို တွေ့အောင်) ရှုကြ၊ မမေ့မလျော့နေရစ်ကြ"

ဤသို့ နောက်ဆုံးမိန့်ဟ ဩဝါဒပေးတော်မူ၏။ ထို့နောက် လက်ယာဘက် နံတောင်းဖြင့် စောင်းလျှက် သီတင်းသုံးတော်မူပြီးလျှင် တရားနှလုံးသွင်းတော်မူ၏။ ပရိသတ်က ငြိမ်သက်စွာ လက်အုပ်ကိုယ်စီချီနေကြသည်။

ဆရာတော်ဘုရား၏ ထွက်သက်၊ ဝင်သက်တို့သည် တဖြည်းဖြည်းနှင့် နုညံ့သိမ်မွေ့သွားကြ၏။ ခန္ဓာကိုယ်လှုပ်ရှားမှုလည်း ညင်သာသွားသည်။ အချိန်ကား နေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ရှိလေပြီ။

ဤသို့လျှင် တပည့်တပန်း ရဟန်းရှင်လူတို့၏ လက်အုပ်ဖူးငုံ ကြာပန်းတို့ဖြင့် ယုံကြည်လေးမြတ် တိတ်ဆိတ်စွာ ဦးညွှတ်ကန်တော့နေကြသည်ကို ခံစားတော်မူရင်း လုံးဝငြိမ်သက်သွားတော်မူသည်။

"ဘာရနိက္ခေ ပန် သုခံ…"

"ခန္ဓာဝန်ထုပ်ကြီးကို အပြီးအပိုင် စွန့်ချနိုင်ခြင်းသည် အချမ်းသာဆုံး ချမ်းသာကြီးကို ရခြင်းပင် ဖြစ်တော့၏…"

ဤဒေသနာတော်အတိုင်း မိုးကုတ်ဆရာတော်ဘုရားကြီးသည် ခန္ဓာဝန်ချုပ်ငြိမ်း၍ တစ်ဘဝဇာတ်သိမ်းကာ ခန္ဓာဝန်ချတော်မူသွားပါသည်။

ကောဇာသက္ကရာဇ် ၁၃၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အချိန် ဖြစ်သတည်း။

**ကိုမောင်သန်းပင်း**



www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဆရာတော်ဘုရားကြီး

# အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခံရခြင်း




အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် လက်ခံရန်ကြွစဉ်က ရန်ကုန်ဘူတာကြီး၌ ရထားပေါ်မှအဆင်း

**စိုးဝင်းထွဏ်း(တာမွေ)**

သက္ကရာဇ် ၁၃၂၄ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ (၂·၇·၆၂)နေ့တွင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် မိုးကုတ်မြို့မှ အမရပူရသို့ ပြန်လည်ကြွလာခဲ့သည်။ အကြောင်းမှာ ရန်ကုန်မြို့သို့ကြွ၍ တော်လှန်ရေးအစိုးရက ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို လက်ခံရန်ကိစ္စ ရှိနေ၍ ဖြစ်သည်။

ဤအဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် လက်ခံရေးနှင့် ပတ်သက်ပြီး ဆရာတော်ကြီးအား ကြိမ်ဖန်များစွာ အတန်တန် လျှောက်ထားကြရလေ၏။ ဝိုင်းဝန်း၍ တောင်းပန်ကြရသည်။ ဆရာတော်ကြီးက "မယူလို၊ လက်မခံလို"ဟုဆိုကာ ပယ်ပယ်ချနေခဲ့သည်။

"ဘုန်းကြီး ယခုလို သာသနာတော်အတွက် အလုပ်လုပ်နေတာဟာ (ပရိယတ်၊ ပဋိပတ် နှစ်ရပ်လုံးဆောင်ရွက်လာခဲ့တာဟာ) အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရအောင် လုပ်နေတာ မဟုတ်ဘူး" ဟူ၍လည်း မိန့်မြွက်ကာ ငြင်းဆန်တော်မူသည်ဟူ၏။

သို့ဖြစ်၍ မန္တလေးမြို့ ဗိုလ်ချုပ်လမ်း ဆီစက်ပိုင်ရှင် ဦးစံရီ၊ ဝန်ကြီးဟောင်း ဦးအောင်ဇံဝေ၊ ဝန်ကြီးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

မြန်အောင်ဦးတင်တို့ ဦးဆောင်ကြ၍ ခိုခိုအားအား ဒကာများ စုပေါင်းကြပြီး တောင်းပန်လျှောက်ထားကြရပြန်၏။

"မှန်ပါ၊ ဆရာတော်အတွက်တော့ ဟုတ်ပါတယ်ဘုရား။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရခြင်းကြောင့် ထူးပြီး ဂုဏ်တက်မလာနိုင်ပါဘူး။ မလိုအပ်ပါဘူး။ ဒါပေမယ့် တပည့်တော်များအတွက်တော့ လိုအပ်ပါတယ်ဘုရား။

နောင်အနာဂတ်အတွက် ဆရာတော်ရဲ့ လက်ငုတ်ကို ဆက်လက်ပြီး အလုပ်လုပ်ကြတဲ့အခါ တပည့်တော်တို့ မျက်နှာမငယ်ရအောင် ချီးမြှောက်တော်မူပါဘုရား"

ဤသို့ ငွတ်လျှောက်ထားတောင်းပန်ကြတော့မှ နောင်လာနောက်သားတို့ကို ငဲ့သောအားဖြင့် ဆက်လက်ပြီး မငြင်းဆန်ဘဲ နေလေတော့၏။

## မန္တလေးမှ ရန်ကုန်သို့

ဤသို့ လျှောက်ထားချက်ကို ခွင့်ပြုတော်မူပြီးလျှင် သက္ကရာဇ် ၁၃၂၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် (၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)နေ့ ညနေတွင် မန္တလေးမှ ရန်ကုန်သို့ မီးရထား သီးသန့်တွဲလုံးဖြင့် ကြွလာတော်မူသည်။

မိုးကုတ်ဆရာတော်ကြီး ကြွမည့်အကြောင်းကို တစ်ယောက်စကား တစ်ယောက်နားဖြင့် သိကုန်ကြပြီးလျှင် လမ်းခရီးတစ်လျှောက် မြို့တိုင်းလိုလို၊ ဘူတာတိုင်းလိုလို လာရောက်ကြည်ညို ကြသည်။ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြသည်။ အံ့မခန်းပင် ဖြစ်ကြရလေ၏။

ခရီးစဉ်အတိုင်း မီးရထားသီးသန့်တွဲလုံးဖြင့် ကြွလာတော်မူရာ ၁၃၂၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့ နံနက် (၁၀)နာရီခန့်တွင် ညောင်လေးပင်ဘူတာသို့ ဆိုက်လေ၏။ ဆရာတော့်ကို ဖူးမြော်ရန် ထွက်လာကြသော ပရိသတ်ကြီးကား "မြို့လုံးကျွတ်ထွက်လာလေသလား" ထင်မှားရအောင် များပြားလွန်းလှသည်။

ညောင်လေးပင်မြို့သို့ ဆရာတော်ကြီး ကြွမလာသည်မှာ ကြာလှပြီဖြစ်၍ လွမ်းဆွတ်သလို ဖြစ်နေကြသလောမပြောတတ်။ ဆရာတော်ကြီးကို မမြင်ရ မြင်ရလေအောင် ညောင်လေးပင်မြို့ရှိ တပည့်တကာအပေါင်းတို့သည် လုယက်တိုးဝှေ့၍ ရထားပေါ်သို့ တက်ရောက်ဖူးမြော်ကြ၊ ပူဇော်ကြသည်။

အချို့က လှူဖွယ်တန်းဖွယ်၊ စားသောက်ခဲဖွယ် ဘောဇဉ်တို့ဖြင့် ရထားပေါ်သို့ တက်လာကြပြီးလျှင် ဆရာတော်ကြီးအား ကပ်လှူကြလေ၏။ ရထားပေါ်တွင် "နေ့ဆွမ်း" ဆက်ကပ်ကြရာ ၂၅ မိနစ်ခန့်မျှ ကြာသည်။

ဆွမ်းကိစ္စပြီးသောအခါ ပရိသတ်တို့အား ဆုံးမသြဝါဒပေးပါသေးသည်။ သို့ဖြစ်၍ မီးရထားဆိုင်ရာ အရာရှိတို့ကလည်း လေးစားကြည်ညိုသဖြင့် (သြဝါဒပြီးအောင်) ခါတိုင်းထက် နာရီဝက်ကျော်ကျော် ပို၍ရပ်နားပေးပါသည်။

အားလုံးကိစ္စပြီးသောအခါ ညောင်လေးပင်ဘူတာမှ မီးရထားကြီး တရွေ့ရွေ့ ဆက်လက်ထွက်ခွာလာခဲ့သည်။ သို့သော်လည်း အချို့သော ဒကာရင်း၊ ဒကာမရင်းတို့က မဆင်းကြ။ ရထားပေါ် ဆက်လက်လိုက်ပါလာကြပြီး ညောင်လေးပင်မြို့သို့ နှစ်စဉ်ကြွရောက် တရားဟောပေးတော်မူရန် လျှောက်ထားကြသည်။ ဆရာတော်ဘုရားကြီးက -

"အေး…ငါ့ခန္ဓာကိုယ်ကြီး မပြိုကွဲသေးလို့ အကြောင်းညီညွတ်ရင် မင်းတို့မြို့ကိုလာပြီး တရားဟောရမှာပေါ့ကွာ။ ဒကာ၊ ဒကာမတို့ကလည်း တရားကို အမြန်ဆုံးရအောင် ကြိုးစားကြ။

ငါ့ခန္ဓာကြီးကဖြင့်တော့ သေဘက်ကို ဒုန်းစိုင်းပြေးနေတော့တာပဲ"

ဟု မိန့်တော်မူ၏။ ဒကာ၊ ဒကာမတို့လည်း ဆရာတော်သတိပေးသမျှ ဆုံးမသမျှ သြဝါဒကို နာခံရင်း ညောင်လေးပင်မှ လိုက်ပါခဲ့ကြပြီး ဒိုက်ဦးမြို့ရောက်လေမှ ဆင်း၍ လက်အုပ်ချီမိုး ကျန်ရစ်နေခဲ့ကြလေ၏။

ပဲခူးဘူတာကြီးသို့ မီးရထားကြီး ဝင်လေပြီ။ ပဲခူးဘူတာကြီးတွင်လည်း ပြည့်ကျပ်နေသော ပရိသတ်ကြီးကို တွေ့ရပြန်လေ၏။ ပဲခူးမြို့သည်ကား ဆရာတော်ဘုရားကြီး၏ အစ်မအရင်း သီလရှင်(ဒေါ်သုစာရီ)ခေါ် ဒေါ်ကီတွတ် နေထိုင်သောမြို့ ဖြစ်သည်။

များပြားလှစွာသော ပရိသတ်ကြီးအတွင်းမှ "ဆရာတော်ကြီးကို ဖူးပါရစေ"ဟု အော်ကာ ကျစ်ဝိုးနေသည့် တပည့်ဒကာ၊ ဒကာမတို့သည် ဘူတာကွင်းကြီး အပြည့်အညပ်မျှပင် ဖြစ်သည်။ အစ်မလေး သီလရှင်ဦးဆောင်သော သီလရှင်ပရိသတ်ကြီးကလည်း တစ်ကွင်းလုံး "ဝါထိန်"သွားအောင် များပြားလှပါဘိတောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ဦးနာဂဝံသ (လက်ဝဲဘက်ပိုင်းမှ မျက်မှန်နှင့် ဆရာတော်)၊
ဆရာတော်ကြီး ဦးတိက္ခ (လက်ဝဲဘက်ပိုင်းမှ နောက်ကျောပေး၍ ဘုဉ်းပေးနေသော ဆရာတော်)၊
ဆရာတော်ကြီး ဦးဣန္ဒက (လက်ယာဘက်ပိုင်းမှ ကိုင်းပန်းကန်ကို ကိုင်လျက်နေသော ဆရာတော်)၊
မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ (လက်ယာဘက်ပိုင်းမှနေ၍ ညွှတ်ခံနေသော ဆရာတော်)၊

## ကြည့်လို့ကောင်းကြသေးရဲ့လား

ဒကာ၊ ဒကာမတို့သည် ဆရာတော်ဘုရားကြီးကို ကြည်ညိုကြလွန်း၍ သစ္စာတရားတွေကို ဟောပေးသည့်အတွက် ကျေးဇူးတင်ကြလွန်း၍ သူတို့ကြည်ညိုချင်သလို ကြည်ညိုနေကြတော့သည်။ ကြည်ညိုကြပုံမှာ မန္တလေးမှထွက်လာပြီးနောက် ဘူတာခပ်ကြီးကြီးသို့ ရောက်တိုင်း ခပ်ဖျောက်ဖျောက်အရောက်ကြည်ညိုကြသည်။ အချို့က စားသောက်ဖွယ်ခြင်း၊ အချို့က ဖယောင်းတိုင်တို့ဖြင့်၊ အချို့က ပန်းတို့ဖြင့် ပူဇော်ကာကြ ဖြန့်ကြဲသွားကြသည်။

ဤနည်းအားဖြင့် ပန်းတွေပူဇော်လာခဲ့ကြရာ ပဲခူးဘူတာသို့ ဆိုက်ရောက်လာသောအခါတွင်ကား အလွန်အကျွံဖြစ်ကုန်ကြတော့၏။ ဆွမ်းဘောဇဉ် မုန့်ခဲဖွယ်တို့အပြင် ပန်းခိုင်၊ ပန်းခက်၊ ပန်းစည်း ပန်းကုံးတွေက တစ်ပုံတစ်ပင်ကြီးဖြစ်ကုန်ကြတော့သည်။

ဆရာတော်ဘုရားကြီးအနီးတွင် ပန်းပွင့်တွေ ဖြန့်ကြဲကြ၏။ ဆရာတော်ဘုရားကြီး သွားရာလမ်းတစ်လျှောက်တွင်လည်း ပန်းပွင့်ဝတ်မှုန်တို့ဖြင့် ဖြူးဖြန့်ထားကြသည်။ အပ်ချည်ဖြင့်သီထားသော ပန်းပွင့်တို့ကား ရထားတွဲအတွင်း၌ အသွယ်အသွယ်တန်းလိုက်ကြတော့သည်။ အချို့သော ပန်းခိုင်တွေကို ရထားတွဲ၏ အပြင်ဘက်တွင် ဝေနေအောင် စိုက်ထိုးထားကြသဖြင့် "ပန်းရထားကြီး" ဖြစ်သွားတော့သည်။

ထို့ကြောင့် အစ်မလေး သီလရှင်အဖွဲ့က ရထားတွဲအနီးသို့ ကျစ်တိုးဝင်လာ၍ စကားပြောသောအခါ ဆရာတော်ဘုရားကြီးက -

"ကဲ . . . ငါလာတာ ကြည့်လို့ကောင်းကြသေးရဲ့လားဟဲ့"

ဟု မိန့်တော်မူသည်။ ပန်းတွေ ဝေနေအောင် ရထားတွဲကြီးကို မှုတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ခြယ်သထားခြင်းကို ရည်ရွယ်၍ မိန့်တော်မူခြင်း ဖြစ်သည်။

### တရားရထိုက်တဲ့သူတွေ ရပါစေ

"အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ခံယူရန် ရန်ကုန်သို့ ကြွလာသည်"ဟု ဆိုသော်ငြားလည်း ဆရာတော်ဘုရားကြီး၏ မနောအာရုံထဲမှာကား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် မရှိပေ။ ဒါက အဓိက မဟုတ်ချေ။

ကျွတ်ထိုက်တဲ့သူများ ကျွတ်ပါစေ တရားရထိုက်တဲ့သူများ ရပါစေ၊ သိထိုက်တဲ့သူများ သိပါစေ ဤစေတနာတွေသည်သာ ဖုံးလွှမ်းနေတော်မူခဲ့သည်။

"ရန်ကုန်ရောက်လျှင် ရက်တိုတိုကလေးအတွင်းမှာ တရားတွေအများကြီး သိသွားရလေအောင် ပွဲခံများများဟော ပေးမှ ဖြစ်မယ်" ဤသို့တွေးနေရာမှ ဒကာတစ်ဦးက အနီးသို့ရောက်လာသည်။

စပ်မိစပ်ရာ ပြောရင်း လျှောက်ထားရင်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အကြောင်းသို့ ရောက်သွားသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူတော့၏။

"ငါ အခုလိုလာတာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ လိုချင်လို့ မဟုတ်ပါဘူး။ ဒါအဓိက မဟုတ်ပါဘူး။ ရန်ကုန်က တရားရထိုက်တဲ့ ဒကာ၊ ဒကာမတွေ တရားရပါစေတော့လို့ ဒီလိုရည်ရွယ်ချက်နဲ့ လာတာပါ"

ဤသို့ မိန့်တော်မူ၏။ ဟုတ်ပါသည်။ ဤအဂ္ဂမဟာပဏ္ဍိတဘွဲ့ လက်ခံတော်မူပါရန်ကိုပင် ဒကာများက အတန်တန်လျှောက်ထား၍ ယူရသည် မဟုတ်ပါလော။

### ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်

ဆရာတော်ဘုရားကြီး စီးနင်းလိုက်ပါခဲ့သော မီးရထားကြီးသည် ၁၃၂၄ ခုနှစ် ဝါဆိုလဆန်း ၅ ရက်၊ (၆-၇-၆၂)နေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ခဲ့လေပြီ။ စောင့်စားမျှော်လင့် ကြိုဆိုနေသော ပရိသတ်ကြီးကို အံ့မခန်းမြင်တွေ့ကြရလေတော့၏။ ဆရာတော်ဘုရားကြီး၏ ဘုန်းကံအရှိန်အဝါသည်ကား ကြီးမားလှပါတကား။

ရန်ကုန်မြို့ မျက်နှာဖုံးလူကြီးများဖြစ်ကြသည့် ဦးဘိုးငြိမ်း ကုမ္ပဏီပိုင်ရှင် ဦးသံဒိုင်၊ ကျွဲပုံမကောက် ဆေးလိပ်ရုံပိုင်ရှင် ဦးသန်းမောင်၊ ဝန်ကြီးဟောင်း ဦးအောင်ဖေ၊ ဝန်ကြီးဟောင်း (မြန်အောင်)ဦးတင်၊ မြန်အောင်ဦးချန်ထွန်း။ ကုန်စျေးတန်း ဦးချစ်မောင်၊ ဒေါ်သန်းသန်း။ ဦးမြ ဦးဆင်-ဒေါ်ထွေး။ သခင်ဝတင်၊ ဘလောက်နှင့် ပုံနှိပ်တိုက်ပိုင်ရှင် ဦးထွန်းရင်၊ (ဆန်း)ဦးညွန့်၊ (ပဲအား)ဦးညွန့်၊ ဦးဘသောင်း။ ဟင်္သာတမြို့ ဆန်စက်ပိုင်ရှင် ဦးမြ စက်ပိုင်ရှင် ဦးမာဒင် စသည့် လူကြီးလူကောင်းများက ဦးဆောင်ကြိုဆိုကြသည်။

ဆရာတော်ဘုရားကြီးကို ကြိုဆိုဝင့်လင့်နေကြသော ပရိသတ်ကြီးကား အစီအစဉ်တကျ ရှိလှပါသဖြင့် ကြက်သီးဖြန်းဖြန်း ထကြရပါတော့သည်။ ရန်ကုန်ဘူတာကြီးဝင်း အတွင်းနှင့်အပြင်ပလက်ဖောင်းတို့ အပေါ်မှာပါမကျန် ပရိသတ်ပေါင်း ငါးထောင်၊ ခြောက်ထောင်မက ရှိမည်ထင်ရ၏။ ဖွေးဖွေးလှုပ်မျှ ဖြစ်ကြရတော့သည်။

### ကြည်ညိုဖွယ် မြင်ကွင်းကြီး

ကျွဲပုံမကောက် ဦးသန်းမောင်က သူ၏စိတ်ကူးဖြင့် စီစဉ်ထားပုံမှာ ရန်ကုန်မြို့တော်မှာ ရှိသမျှ သူတို့ပိုင်ဆေးလိပ်ခုံပေါင်းစုံတို့မှ ထောင်ပေါင်းများစွာသော ဆေးလိပ်သမ အမျိုးသမီးတွေ အကုန်လုံး သိမ်းကျုံးခေါ်ထားလိုက်သည်။ ထိုနောက် လူတစ်ဦးလျှင် ပန်းမော်တဘက် အမွေးစုတ် အကောင်းစားကြီးတွေ တစ်ထည်စီ ဝေငှထား၏။

"ဆရာတော်ကြီး ရထားပေါ်မှ ဆင်းကြွလာလျှင် ဆင်းမည့်နေရာမှစ၍ အမွေးစုတ်တဘက်ကြီးတွေကို ဆက်၍ ဆက်၍ အုတ်သမံတလင်းပေါ်မှာ ခင်းကြရမည်။ ဆရာတော်ဘုရားကြီး၏ ခြေမြေပေါ်မကျစေရ။

ဆရာတော်ဘုရားကြီး သွားမည့်လမ်းကြောင်းအတိုင်း အမွေးစုတ်တဘက်တွေ ဆက်၍ ဆက်၍ ခင်းပါ။ ဘူတာကြီး၏ အပြင်ဘက်ထွက်၍ ဆရာတော်ဘုရားကြီး စီးမည့်ကားသို့ ရောက်သည့်တိုင်အောင် တဘက်တွေ ဆက်၍ ဆက်၍ ခင်းထားပါ။

ပြီးတော့ ဆရာတော်ဘုရားကြီး နင်း၍ နင်း၍ ကြွသွားပြီးလျှင်ပြီးချင်း ကိုယ့်တဘက်ကိုယ် နောက်ကလိုက်ရုပ်သိမ်းပါ။ ပြီးလျှင် အပိုင်ယူကြပေတော့"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့လည်း ပြောထားသည်။ ဆေးလိပ်သမတို့လည်း ပြောသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ကြသည်။ ရှည်လျားဝေးကွာသော လမ်းမကြီးတစ်လျှောက်လုံး အမွေးစုတ်တဘက်ကြီးတွေ ဆက်၍ ဆက်၍ ခင်းထားကြရာ အုံးသြဖွယ်ကြီး ဖြစ်တော့သည်။ ကြည်ညိုဖွယ်မြင်ကွင်းကြီးတစ်ခုလည်း ဖြစ်တော့သည်။ အံ့သြဘနန်း ကြက်သီးဖြန်းမျှ ထုံမွှမ်းကြည်ညိုဖွယ်ရာပါပေတည်း။

## ဦးသံဒိုင်၏တိုက် ယာယီစံကျောင်းသို့

ထို့နောက် ရန်ကုန်ဘူတာကြီးမှ တစ်ဆင့် ဆင်းဒဝစ်လမ်း(ဗိုလ်ရာညွန့်လမ်း)၊ အမှတ်(၃၃)၊ ဦးသံဒိုင်+ဒေါ်တင်တင်တို့၏ တိုက်အိမ်(ယာယီစံကျောင်း)ဆီသို့ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ပင့်ဆောင်ကြလေ၏။ များပြားစွာသော ကားတန်းကြီးမှာ ရှည်လျားလှပါဘိတောင်း။

ကျားပျံမကောက် ဦးသန်းမောင်က "ဆရာတော်ဘုရားကြီး ရန်ကုန်ကိုကြွလာလျှင် စီးဖို့"ဆိုပြီး ထိုခေတ်က အကောင်းဆုံးအမျိုးအစား၊ ဈေးအများဆုံးပေးရသော မော်တော်ကားကြီးတစ်စီး ဝယ်ထားသည်။ "မည်သူမျှမစီးရ၊ ဆရာတော်ဘုရားကြီးကို အဦးဆုံးစီးစေမည်၊ အဦးဆုံး အသုံးပြုစေမည်။ ဒါမှ မင်္ဂလာယူရာလည်း ရောက်တယ်"ဟု ဆိုထား၏။ ယင်းကားကြီးဖြင့် ရန်ကုန်ဘူတာကြီးမှ ဦးသံဒိုင်၏နေအိမ်သို့ ပင့်ခဲ့ကြသည်။

ဤနည်းအားဖြင့် ဆရာတော်ဘုရားကြီးသည် ဦးသံဒိုင်+ဒေါ်တင်တင်တို့၏ တိုက်အိမ်(ယာယီစံကျောင်း)သို့ ရောက်ရှိတော်မူလာ၏။ ခရီးပန်းမှုကို ပဓာနမထားဘဲ "တရားဟော"မည်ဟု မိန့်တော်မူတော့သည်။ "တစ်နေ့ နှစ်ကြိမ်ဟောမည်"ဟု မိန့်တော်မူသည်။

ထို့ကြောင့် နောက်တစ်နေ့ ၁၃၂၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် (၇-၇-၆၂)၊ တနင်္ဂနွေနေ့နံနက်မှ စတင်၍ တစ်နေ့နှစ်ကြိမ်တိုင်တိုင် ဟောလေတော့သည်။

ထိုနေ့ နံနက်က တစ်ကြိမ်ဟောပြီးလျှင် နေ့လယ်ပိုင်း၌ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲကျင်းပရာဖြစ်သော ကုက္ကိုင်းဟာမစ်တစ်လမ်း(သာသနာ့ရိပ်သာလမ်း)၊ မဟာစည်ရိပ်သာသို့ ကြွတော်မူသည်။

ညနေပိုင်းတွင် ဦးသံဒိုင်+ဒေါ်တင်တင်တို့၏တိုက်၌ ၇ နာရီမှ ၈ နာရီအထိ တရားတစ်ပွဲ ဟောပေးပြန်သည်။ ထိုစဉ်က မြင်ကွင်းကျယ်ရုပ်ရှင် ရိုက်ကူးထားခဲ့ကြသည်။

ဆရာတော်ဘုရားကြီးက တုတ်ကြီးတစ်ချောင်းဖြင့် ပိတ်ကားစက်ဝိုင်းကြီးပေါ် ထောက်ကာထောက်ကာဖြင့် ရှင်းလင်းဟောပြပေးသည်ဟုဆိုပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ပွဲ

နိုင်ငံတော် တော်လှန်ရေးအစိုးရက နိုင်ငံအတွင်းမှာ ပူဇော်သင့် ပူဇော်ထိုက်သော ဆရာတော်ကြီးတို့ကို ရွေးချယ်၍ ဘွဲ့တံဆိပ်တို့ဖြင့် ဆက်ကပ်ကာ ပူဇော်မှုပြုနေကျ ဖြစ်သည်။ ထိုနှစ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ခံယူရသော ဆရာတော်ပေါင်း ၂၈ ပါးရှိတော်မူသည်။

ယခု "မိုးကုတ်ဆရာတော်"ဟူ၍ အများက ခေါ်ဝေါ်ကြသော ဆရာတော် ဦးဝိမလကိုလည်း "ပူဇော်ထိုက်၍ ပူဇော်သည်"ဟု သူတို့က ဆိုကြသည်။ ထိုမှတစ်ပါး -

"ပိဋကတ်စာပေ ပို့ချရာ၌ ကျော်စောခြင်း၊ ကျမ်းပြုတော်မူခြင်း၊ သတ္တဝါဝေနေယျတို့အား တရားဓမ္မ ဟောပြတော်မူခြင်း ယင်းသို့လျှင် ပိဋကတ္တယဆေက၊ အဘိဓမ္မာပါကဋ၊ ဂန္ထကာရက စသော ဂုဏ်ထူးဝိသေသရှိတော်မူသည်"

ဟု ဂုဏ်ပြုရေးသားထားကြ၏။ ယင်းဂုဏ်တို့ကြောင့် ၁၃၂၄ ခု၊ ဝါဆိုလဆန်း ၇ ရက်၊ (၈-၇-၆၂) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် -

ရန်ကုန်မြို့ ကုက္ကိုင်းရပ်၊ ဟာမစ်တစ်(သာသနာ့ရိပ်သာလမ်း)ရှိ သာသနာ့ရိပ်သာ၊ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တော်လှန်ရေးအစိုးရ၊ သာသနာရေးဌာနမှ ဆရာတော်ဦးဝိမလအား "အဂ္ဂမဟာပဏ္ဍိတဘွဲ့" တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ကြလေသည်။

**မိုးဝင်းထွဏ်း**

(ထာမွေ)





www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံ ကျိုက်ထီးရိုး တွဲရှိခိုး

• မောင်ပုတ်စည်

မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးကို အလယ်မှာထား ပြီး ညာဘက်က ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတော်၊ ဘယ် ဘက်က ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ပုံတော်နဲ့ ရှမ်းပုံကားကို လူတိုင်းတွေ့သိကြပါလိမ့်မယ်။

နေအိမ်ဘုရားစင်၊ ရွှေဆိုင်၊ စတိုးဆိုင်နဲ့ ဘတ်စ်ကား ဦးခေါင်းပိုင်းတွေမှာ ချိတ်ဆွဲထားလေ့ရှိကြပါတယ်။ ရွှေတိဂုံ ဆိုတာ ဗုဒ္ဓဟူး စနေ တနင်္လာနံ၊ ကျိုက်ထီးရိုးက တနင်္လာ၊ စနေ ဗုဒ္ဓဟူးနံ၊ အပြန်အလှန် ကာကွယ်သဘောသွားဆို တာလည်း စာရေးဆရာများ ရေးသားကြတာ အားလုံးသိကြပြီး သားပါ။

ဒီလိုထားရှိပူဇော်ကြလို့ အကျိုးထူးတာလည်း ပြောစရာ မရှိပါဘူး။ ဒီထက်ပိုပြီး ထူးခြားထက်မြက်တဲ့ ဖြည့်စွက် ပူဇော် နည်းကောင်းတစ်ခုကို ဝေမျှချင်ပါတယ်။ ဒါကတော့ -

ပုံတော်ကို ဘုရားစင်မှာ ထားပါ။ နံနက်ဖြစ်စေ၊ ည ဖြစ်စေ အဆင်ပြေသလို ဘုရားရှိခိုး၊ ရေချမ်းဆီမီးနဲ့ ကပ်လှူ ပါ။ ငါးပါးသီလခံယူပါ။ ပြီးလျှင် အောက်ပါ ရွှေတိဂုံစေတီတော် ဘုရားရှိခိုးနဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အာရုံပြုပြီး -

"အောင်ကြောင်းမင်္ဂလာ၊ အောင်ဇေယျာတည့်၊ မဟာ မုနိ၊ တုမရှိလျှင်၊ ဗောဓိညောင်ရွှေ ပလ္လင်မြေမှ၊ လှည့်ခြွေစိုးစံ၊ သတ္တဌာန်တွင်၊ ခက်လှုံညွန့်ဝေ၊ လင်းလွန်းမြေဝယ်၊ နေစဉ် အခါ၊ ဥက္ကလာမှ၊ သမ္ဘာထူးလှ၊ တဖုဿနှင့်၊ ဘလ္လိကမောင်၊ ညီနှင့်နောင်တို့၊ ဘုန်းခေါင်ထံပါး၊ ရောက်လာဖြား၍ နှစ်ပါးမွေးထုံ၊ သရဏဂုံနှင့်၊ ရှစ်စုံဆံမြတ်၊ သရီဓာတ်ကို၊ ရတတ်သောအခါ၊ မင်းမြတ်စွာနှင့် ဒေဝါအများ၊ မိုးသိကြားတို့၊ ကြိုးစားမယုတ်၊ လွန်အားထုတ်၍၊ သိင်္ဂုတ်တောင်တွင်၊ ဒဂုံရှင်ကို၊ ဖူးမြင်စေတာ၊ ဌာပနာ၏။ ရှေးခါရိုပ်ပြုံ၊ စံကြွတုံသည့်၊ သံ၊ဂုံ၊ပရှင်၊ ထွက်သခင် တို့၊ နှောင်လျှင်မျှော်ဆ၊ ကောင်းကျိုးရဖို့၊ မမ္မကရိုဏ်၊ ခြောက် ရောင်ဆိုင်နှင့်၊ သင်းပိုင်,ရေသနုပ်၊ တန်ဆာလုပ်သည့်၊ လက်ဆုပ် တောင်ဇော၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေးပျံ့သင်း၊ ဤတောင် ခင်၌ သီတင်းသုံးရာ၊ မုန်ခဲ့ပါ၏၊ လေးဖြာစုပုံ၊ လေးဓာတ်စုံသား၊ တိဂုံဆံရှင်၊ မြတ်သခင်ကို၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်မိဌာန်၊ ပြည် နိဗ္ဗာန်ကို၊ အမှန်ရောက်ရ ပါလိုသော မြတ်ရှင်စော။ ဩကာသ ···ဩကာသ···ဩကာသ"ဟု ရွတ်ဆိုရှိခိုးပူဇော်ပါ။ ပြီးလျှင် ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကို တစ်ဖန်အာရုံ ပြုပြီး -

"မင်္ဂလာမဏ္ဍိုင်၊ ခြောက်ရောင်ဆိုင်သား၊ ဘုန်းလှိုင်သဂြိဳ၊ မဖွင့်မိက၊ မဟီရောင်ဟုန်၊ သားမျိုးစုံသည်၊ သထုံနာဂရ၊ ထိုဌာနဝယ်၊ နာမထင်စွာ၊ သုဘဒ္ဒာဟု၊ အောင်ချာပြည်ကြီး၊ လွှန်အံ့ချီးလျက်၊ စည်ထီးခရိုင်၊ အုပ်ချုပ်ပိုင်သည့်၊ ရန်နိုင်စိုးပ၊ မင်းတိဿ၏၊ တိဿသားတော်၊ ရသေ့ကျော်လျှင်၊ တောပျော် ခန်းဝါ၊ ဘုန်းသမ္ဘာကြောင့်၊ မြတ်စွာဇိနံ၊ အာကာယံမှ၊ ယာဉ်ပျံ နဝရတ်၊ စိန်ပြာသာဒ်နှင့်၊ ထိန်လျှံဝါဝင်း၊ ဆိုက်လာခြင်းဖြင့်၊ ဝပ်စင်းကော်ရော်၊ တောင်းပန်သော်လျှင်၊ ဆံတော်မြနှစ်၊ ရသည်ဖြစ်၍၊ ဆယ့်နှစ်ဝသဘင်၊ ထိပ်ထက်တင်မှ၊ နတ်ရှင် သနင်း၊ သိကြားမင်းနှင့်၊ လူမင်းရသေ့၊ သူတော်လေ့ဖြင့်၊ ချမ်းမြေ့ သာစည်၊ ဘုရား·တည်သား၊ အမည်ကျော်ဟိုး၊ ကျိုက်ထီးရိုးဟု၊ တန်ခိုးလွှမ်းပတ်၊ စေတီမြတ်ကို၊ မပြတ်နေ့ည၊ သတိရလျက်၊ ဦးချကြိမ်ဖန်၊ အတန်တန်ကြောင့်၊ နိဗ္ဗာန်ထုတ်ပေါက်၊ ကေန် ရောက်၍၊ မျက်မှောက်ပြုရပါလိုသော မြတ်ရှင်စော။ ဩကာသ ···ဩကာသ···ဩကာသ"ဟု ဆက်လက် ရွတ်ဆိုပူဇော်ပါ။ ဤနည်းအတိုင်း နေ့စဉ်ရွတ်ဆို ရှိခိုးပူဇော်ရန် ဖြစ်ပါတယ်။

ခုဆိုရင် ပုံတော်ပူဇော်ခြင်း၊ ရှိခိုးဝတ်ပြုခြင်းတို့ ပြည့်စုံ သွားပါပြီ။ ဘယ်လိုအကျိုးကြီးမားပါသလဲ။ မေးတာထက် လက် တွေ့ ဖွားများကြည့်တာက ပိုကောင်းပါတယ်။

ကောင်းတာလုပ်တဲ့အတွက် ကောင်းတာပဲ ဖြစ်မယ်ဆို တာ ဘုရားဟောထားပြီးသားပဲ။ ဒါဆိုရင် ကောင်းတာလုပ်ပြီး ကောင်းတာတွေရယူလိုက်ဖို့ပဲ ရှိတော့တာပေါ့။

**မောင်ပုတ်စည်**




www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဆရာတော်ဘုရားကြီး

## တရားဟောစဉ်

မြမောင်သား



www.burmeseclassic.com

www.burmeseclassic.com

## ကွမ်းသီးလုံးကလေးများဖြင့်

ဆရာတော်ဘုရားကြီး စတင်၍ တရားဟောတော်မူစဉ် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးမပါသေးပါ။ အလွတ်ပင်ဟော၍ သဘောပေါက်အောင် ရှင်းပြပေးတော်မူသည်။ ဟောသောအခါတွင်လည်း ထိုင်ရှန့်ပလ္လင် မရှိသေးပါ။ အိပ်ခုတင်ပေါ်က နေ၍ ဟောပြနေခြင်းသာ ဖြစ်သည်။

ဘေးနားတွင် ကွမ်းအစ်ကြီးတစ်လုံးရှိ၏။ ယင်းကွမ်းအစ်ကြီးထဲမှ ကွမ်းသီးလုံးကလေးများကို ထုတ်ယူပြီး ခုတင်နှုတ်ခမ်းပေါ်တွင် စဉ်တန်း၍ပြသည်၊

"ဟောဒါက အဝိဇ္ဇာ၊ ဟောဒါက သင်္ခါရ၊ ဒါကတော့ ဝိညာဏ်လို့ သိလိုက်၊ ပြီးတော့ ဒါက နာမ်ရုပ်၊ ဒါက သဠာယတန၊ ဒါက ဖဿ၊ ဒါက ဝေဒနာလို့ မှတ်ထားကြ။

ထို့အတူ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝနှင့် ဇာတိ၊ ဇရာ၊ မရဏတို့အတွက် ၁၂ လုံးပြည့်အောင် စဉ်တန်းပြနေ၏။ ဆရာတော်၏ တောင်ငူမြို့နယ် ဘော်ပလိအရပ်က ထွက်သော ရွှေကွမ်းသီးလုံးကလေးများသည် စားသုံးရာတွင်သာမက တရားပြရာတွင်လည်း သူတို့ပါဝင်ကြ၍ အသုံးတော်ခံနေကြရလေ၏။

တရားနာပရိသတ်ထဲမှ ကျောင်းအမကြီး အဘွားဒေါ်သက်ရင်ကလည်း ဤသို့စဉ်းစားနေမိသည်ဟူ၏။

"ဩော်...တို့အိမ်က ကွမ်းအစ်ထဲက ကွမ်းသီးလုံးတွေက ကွမ်းဝါးရာတွင် အစားခံကြရုံသာ အသုံးဝင်တယ်။

အခု ဆရာတော့်ကွမ်းအစ်ထဲက ကွမ်းသီးလုံးလေးတွေကျတော့ ပရိသတ်များ တရားရဖို့အတွက် တာဝန်ထမ်းဆောင်နေကြတာပါကလား။

တကတဲ . . .ဘုန်းကြီးကျောင်းသားကလေးတွေ စီတန်းပြီး အလုပ်လုပ်နေကြသလို သူ့တာဝန်နဲ့သူ။

နယ်နယ်မဟုတ်ကြဘူးနော။ သူတို့ကလေးတွေက ပုထုဇဉ်ဘဝမှ တစ်ဆင့်တက်၊ သောတာပန်၊ သကဒါဂါမ် စတဲ့ ဘဝတွေအတွက် သူတို့ အကူအညီ ပေးနေကြတာကလား"

ဤသို့ စဉ်းစားနေမိသည်ဆို၏။ ဤနည်းအားဖြင့် ဆရာတော်ဘုရားက ကွမ်းသီးလုံးကလေးများ၏ အကူအညီကိုယူကာ ပဋိစ္စသမုပ္ပါဒ်ကို ညက်အောင်၊ ကြေအောင် နှိုးလိုမွှေ၍ သင်ပြပေးတော်မူခြင်းသာ ဖြစ်လေသည်။

## ပလ္လင်နှင့် စားပွဲနှင့် ပန့်တင့်

ဤသို့အားဖြင့် ဟောကြားတော်မူလာခဲ့ရာ တရွေ့တရွေ့နှင့် ပရိသတ်တွေ များများလာသည်။ အစဦးပိုင်းတွင်ကား တရားဟောသည့်ဟန်မျိုးမဟုတ်ဘဲ မရှင်းလင်း၍ စာမေးလာသူတို့အား ရှင်းလင်းပြဟန်မျိုးသာ ဖြစ်သေး၏။

ဤသို့ ရှင်းလင်းပြရသည်မှာ ဆရာတော်ကြီးအဖို့ အဆန်းမဟုတ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာ ညဝါများကို ချို့စဉ်ကလည်း ဤသို့ပင်လျှင် မမြင်ရသော သဘောတရားများကို မြင်ရသလိုနေအောင် ရှင်းပြနေကျဖြစ်သောကြောင့်ပါတည်း။ ထို့နောက်ပိုင်းတွင်မှ ပရိသတ်ထဲက ဒကာများက -

"ဒီလို မဟုတ်သေးပါဘူး။ တရားဟောပလ္လင် သီးသန့်ရှိရဦးမှာပေါ့။ ပြီးတော့ ကွမ်းသီးလုံးကလေးများ ချပြဖို့ရာ ရေမှာ စားပွဲလည်း ထားပေးရမှာပေါ့"

ဟု ပြောလာကြတော့၏။ ထို့နောက်မှ စီစဉ်ပေးကြသောကြောင့် ကျယ်ကျယ်ပြန့်ပြန့် ငုတ်တုတ်ကုလားထိုင်ပလ္လင်မျိုးနှင့် ရှေမှာ စားပွဲတစ်ခု ရောက်လာကြတော့သည်။ ဤအခြေအနေသည် ယခင်ကထက် "တရားဟောပလ္လင်" ဆိုသော်ငြားလည်း ရှေးအစဉ်အလာ သုံးစွဲလေ့ရှိသော နောက်မှီတကဲနှင့် ဝဲယာနဂါးနှစ်ကောင်၊ ပန်းထောင်ပန်းခက်၊ ပန်းလက်ပန်းကြွတို့နှင့် ရွေချထားသော ပလ္လင်မျိုးမဟုတ်ပါချေ။ ထိုပလ္လင်မျိုးဆိုလျှင်လည်း ရှေ့တွင် ကွမ်းသီးလုံးတင်၍ ပြရာ၌ မပြေပြစ်သာနိုင်ချေ။

ထို့ကြောင့် လွတ်လွတ်လပ်လပ် ထိုင်၍ရအောင်၊ ကျယ်ကျယ်ပြန့်ပြန့် ငုတ်တုတ်ကုလားထိုင်မျိုးနှင့် ကွမ်းသီးလုံးတင်၍ ပြလို့ရအောင် ရှေ့တွင် စားပွဲတစ်လုံးကိုချပေးခြင်းမျှသာ ဖြစ်လေသည်။

ဤသို့ဖြစ်လာသောအခါ တရားနာပရိသတ်တို့မှာ ပို၍



www.burmeseclassic.com

www.burmeseclassic.com




မြင်သာလာလေ၏။ တင်၍ပြသော ကွမ်းသီးလုံးကလေးများကို အထင်းသား ပို၍မြင်လာရတော့သည်။ ဤနည်းဖြင့် ကြာမြင့်စွာ ဟောပြောလာတော်မူခဲ့လေသည်။

## ကွမ်းသီးလုံးမှ ပလတ်စတစ်ခွက်ဘဝသို့

ကွမ်းသီးလုံးများ စဉ်တန်း၍ ဟောကြားတော်မူလာခဲ့ရာ သက္ကရာဇ် ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလ (ခရစ်နှစ် ၁၉၆၀ ခု၊ နိုဝင်ဘာလ) ရန်ကုန်မြို့မှ ဦးသံဒိုင်နှင့် ဦးထွန်းရင်တို့ ရောက်လာကြသည့်အချိန်တိုင်အောင်ပင် ဖြစ်လေ၏။

ရန်ကုန်မှ လာသူများသည် ယောဂီအသစ်များ သက်သက်ဖြစ်ကြ၍ ဆရာတော်က ပဋိစ္စသမုပ္ပါဒ်ကို အောက်ခြေမှစ၍ နောက်တစ်ခေါက် အသေးစိတ် ရှင်းပြတော်မူပြန်သည်။ ထုံးစံအတိုင်း ကွမ်းသီးလုံးကလေးများကပင် တာဝန်ထမ်းကြရသည်။

ထိုအခြင်းအရာကို ဦးသံဒိုင်နှင့်အတူပါလာသော ဦးထွန်းရင်က သေသေချာချာ စေ့စေ့စပ်စပ်ကြည့်၍ နာယူ[illegible] ဦးထွန်းရင်သည် ရန်ကုန်မြို့တွင် ပန်းချီ ဘလောက်၊ [illegible]လုပ်ငန်းပိုင်ရှင်တစ်ဦး ဖြစ်လေ၏။ ထို့ကြောင့် ပန်းချီ[illegible] ကြည့်ရှုနေခဲ့သည်။

ဆရာတော်ကြီးထံမှာ ရက်အတန်ကြာသောအခါ ဆရာတော်ကြီးနှင့် ရင်းနှီးမှုဖြစ်လာခဲ့သည်။ ဆရာတော်အားလည်း မရှင်းလင်းသည်တို့ကို အနည်းအပါး လျှောက်ထားကြည့်သည်။ ဆရာတော်က စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြပေးတော်မူ၏။ ဤနည်းအားဖြင့် အတော်အတန် ရင်းနှီးလာသောအခါ ဦးထွန်းရင်က လျှောက်ထားတောင်းပန်ကြည့်သည်။

"ဆရာတော်ဘုရား။ ယခု ဆရာတော် ပဋိစ္စသမုပ္ပါဒ်ပြတဲ့အခါ ကွမ်းသီးလုံးကလေးတွေကို ချချပြီး ပြပါတယ်။ ကွမ်းသီးလုံးအစား ပို၍မြင်သာအောင် ပို၍ကြီးတဲ့ အရာဝတ္ထုကလေးများ စီစဉ်ပေးရင် လက်ခံမလားဘုရား"

"အို…ဒါက မြင်လွယ်အောင်၊ သဘောပေါက်လွယ်အောင် ကိုယ်စားချပြတဲ့ ပစ္စည်းပဲကွ။ တရားနာတဲ့ပရိသတ် မြင်လွယ်ထင်လွယ်၊ သဘောပေါက်လွယ်ရင် ပြီးတာပဲ။ ဘာပစ္စည်းဖြစ်ဖြစ် ရတယ်"

ဤသို့မိန့်၍ လက်ခံသောအခါ ဦးထွန်းရင်သည် အချိန်မဆိုင်းတော့ဘဲ ဈေးထဲသို့သွားကာ ပလတ်စတစ်ခွက်ငယ်ကလေးများကို ဝယ်ပြီးလှူတော့သည်။

**ဆရာတော်ကြီးသည် ပလတ်စတစ်ခွက်ကလေးများကို ချကာ ချကာဖြင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဖြစ်ပုံ၊ လည်ပုံ၊ ပြတ်ပုံတို့ကို ပြသတော်မူလေ၏။ ရှေးကထက်ပို၍ ပရိသတ်တွေ ထင်ထင်ရှားရှား မြင်သာလာသည်။ ကျေနပ်မှုတွေ ဖြစ်ကြရသည်။ နှစ်သက်မှုတွေ ဖြစ်ကြရသည်။**



www.burmeseclassic.com

www.burmeseclassic.com

ဤနည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ပြရာ၌ အထောက်အကူပြုပစ္စည်း ကွမ်းသီးဘဝမှ ပလတ်စတစ်ခွက်ငယ်ဘသို့ တက်လာရတော့သည်။

ဆရာတော်ကြီးသည် ပလတ်စတစ်ခွက်ကလေးများကို ချကာ ချကာဖြင့် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဖြစ်ပုံ၊ လည်ပုံ၊ ပြတ်ပုံတို့ကို ပြသတော်မူလေ၏။ ရှေးကထက် ပို၍ ပရိသတ်တွေ ထင်ထင်ရှားရှား မြင်သာလာသည်။ ကျေနပ်မှုတွေ ဖြစ်ကြရသည်။ နှစ်သက်မှုတွေ ဖြစ်ကြရသည်။ အတန်ကြာသောအခါ ဦးထွန်းရင်သည် တစ်ဆင့်တက်၍ လျှောက်ပြန်၏။

"ဆရာတော်ဘုရား . . . ဆရာတော်ဘုရားရဲ့ ဟောပြချက်အရ ပဋိစ္စသမုပ္ပါဒ် အကြောင်း၊ အကျိုး ဆက်နေပုံတွေကို တပည့်တော်တို့ နားလည်ရပါတယ်။

အကြောင်းကို မဖြတ်တတ်ရင် ပဋိစ္စသမုပ္ပါဒ် ချားရဟတ်လို လည်ရပုံ၊ ပတ်ရပုံကိုလည်း တပည့်တော်တို့ သဘောပေါက်ရပါတယ်။ ဒီတော့ ကြောင်းကျိုးဆက်နေပုံ၊ မဖြတ်တတ်ရင် လည်ရပုံ၊ ဖြတ်တတ်လို့ရှိရင်လည်း ပြတ်သွားပုံတို့ကို ဆရာတော်ဘုရားက စာရွက်ပေါ်မှာ ရေးပြစေချင်ပါတယ် ဘုရား။

အဲဒါကို တပည့်တော်က ပုံကြီးချဲ့ပြီးတော့ သုံးထပ်သားတို့လို အပေါ်မှာ ရေးမယ်။ ရေးပြီးတော့ ဆရာတော့်ဘောမှာ ထောင်ပေးမယ်။ အဲဒီလိုဆိုရင် ဆရာတော်ရှင်းပြရတာ လွယ်မယ်ထင်တယ်ဘုရား။ ပို၍လည်း သက်သာမယ်ထင်တယ်ဘုရား"

ဤသို့လျှောက်ထားသည်ကို ဆရာတော်ကြီးက -

"အေးကွ။ ဒါဆိုရင် ဒကာ၊ ဒကာမတွေ ပိုပြီး အမြင်ရှင်းမယ်။ ပို၍လည်း သိလွယ်မယ်ကွ။ ငါစီစဉ်လိုက်ဦးမယ်"

ဟု မိန့်တော်မူကာ လက်ခံတော်မူသည်ဟူ၏။

## စက်ဝိုင်းကြီး ဖြစ်ပေါ်၍လာ

နောက်တစ်နေ့တွင် စာရွက်ငယ်ပေါ်၌ သပ်သပ်ရပ်ရပ် ဝိုင်းထားသော စက်ဝိုင်းကလေး။ ယင်း၏အတွင်း၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး သူ့နေရာနှင့်သူ အကန့်အကန့်ခြား၍ ထည့်သွင်းပြထား၏။

သစ္စာအားဖြင့်လည်း ခွဲပြထားသည်။ အလွှာအားဖြင့်လည်းကောင်း၊ ကာလအားဖြင့်လည်းကောင်း၊ အစပ်အားဖြင့်လည်းကောင်း၊ ဝဋ်အားဖြင့်လည်းကောင်း၊ အခြင်းအရာအားဖြင့်လည်းကောင်း ခွဲခြားစိတ်ဖြာ၍ ပြထားလေ၏။

ထိုသို့ စီစဉ်ထားသော စက်ဝိုင်းကလေးကို ဦးထွန်းရင်တို့အား ပေးအပ်ချီးမြှင့်သည် ဆို၏။

ယင်းကိုမှတစ်ဖန် ဦးထွန်းရင်တို့က သုံးထပ်သားအပြားကြီးပေါ်တွင် ပုံကြီးချဲ့ကာ စက်ဝိုင်းကြီး ရေးလိုက်ကြသည်။ ပြီးလျှင် ယင်းစက်ဝိုင်းကြီးအတွင်း၌ (ဆရာတော်ကြီး ညွှန်ပြထားသည့်အတိုင်း) သူ့နေရာနှင့်သူ စာသားတို့ကို သွင်း၍ ပေးလိုက်သည်။ ထိုအခါမှစ၍ ဆရာတော်၏ ဘောနားတွင် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး ပေါ်ပေါက်လာတော့လေ၏။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးနှင့် ပြကာမှ ပို၍ပင် စိတ်ဝင်စားစရာ ဖြစ်လာကြသည်။ ပရိသတ်တို့က များ၍ များ၍ လာသောအခါ စက်ဝိုင်းကြီးအတွင်းက စာသားတို့ကို ဝေးတဲ့ သူတို့က သဲသဲကွဲကွဲ မမြင်ကြရ။

ထို့ကြောင့် နောက်ပိုင်းတွင် ဝေးတဲ့သူများ မြင်ရအောင်ရယ်၊ နောက်တစ်နည်း ကိုယ့်အိမ်မှာ ကိုယ့်ဘာသာကိုယ် ပြန်၍လေ့လာနိုင်အောင်ရယ် ရည်ရွယ်၍ စက္ကူစက်ဝိုင်းအသေးစားကလေးတွေပါ စီစဉ်ရိုက်နှိပ် ဖြန့်ဝေပေးလေ၏။ ယခုအခါတွင်ကား လူတိုင်းအနှံ့၊ အိမ်တိုင်းအနှံ့၊ မြို့ရွာအနှံ့ ပျံ့၍နေလေပြီတည်း။

**မှတ်ချက်** ။ (၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ခရစ်နှစ် ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဟောပြောသော တရားပွဲ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ဆရာတော်ဘုရားကြီးက ထောက်ပြနေပြီ။ ထိုအချိန်မှစတင်၍ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ယခုတိုင် အသုံးပြုနေကြပြီ ဖြစ်သည်။)

မြမောင်သာ

www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဆရာတော်ဘုရားကြီး ၏ တရားကက်ဆက်ခွေ

■ ကိုမောင်သန်းဝင်း

ဆရာတော်ဘုရား တရားစဟော စဉ်အခါက ပရိသတ်က သိပ်မများသေး။ အစိတ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် မျှသာ ရှိနေလေတော့ ပကတိအသံနဲ့ ပေါက်အောင် ဟောနိုင်၊ ပြောနိုင်ပါ သေးတယ်။

တစ်စတစ်စ ပရိသတ်တွေ တဖြည်း ဖြည်းများလာ၊ နှစ်ရာကျော် သုံးရာနီးပါး အားလုံးကြားရလောက်အောင် အော် အော်ပြီး ဟောနေ၊ ပြောနေရဆိုတော့ ဆရာတော်ဘုရားအဖို့ ပင်ပန်းလာချေပြီ။

ထိုအခါ ဒကာတွေက အသံချဲ့ စက် တပ်ဆင်ပေးဖို့ရာ စီမံကြ၊ တိုင် ပင်ကြရတော့လေ၏။ တစ်ဖန် အသံချဲ့ စက်ကို အသာထားချေဦး။ အသံချဲ့စက် ဖွင့်ဖို့ လျှပ်စစ်မီးလိုင်း မရှိသေး။


မီးလိုင်းဖြစ်အောင် စောင့်ရလျှင် လည်း ကြာမြင့်ပေဦးမည်။ သို့ဖြင့် မြန် မြန်ဖြစ်နိုင်တဲ့နည်း စဉ်းစားပြီး အင်ဂျင် စက်တစ်လုံး ငှားရမ်း၍ မီးမောင်းပေး လိုက်ရလေတော့၏။

ဤသို့သောနည်းဖြင့် တရားဟော ရာတွင် အသံချဲ့စက်ကို တပ်ဆင်ပေး လိုက်သောအခါ လွယ်ကူသက်သာလာ လေတော့သည်။ သို့ဖြင့် ဟောသူဆရာ တော်ဘုရားလည်း သက်သာ၊ မပင်ပန်း။ နာယူသူတို့အဖို့လည်း ရှင်းလင်းပြတ် သား၊ ကွဲကွဲပြားပြား နာကြားရလေ တော့၏။

ဤကဲ့သို့ အသံချဲ့စက်ဖြင့် ဟောရ သဖြင့် အဆင့်မြင့်နေပြီဆိုရသော်ငြား လည်း ဆရာတော်ဘုရား၏ အသံတော် ကိုကား မှတ်တမ်းပြုထားရှိနိုင်ရန် အသံ ဖမ်းစက်ကား မရှိသေးချေ။

## ဆရာတော်အသံ ဖမ်းယူကြမည်

သက္ကရာဇ် ၁၃၁၅ ခုနှစ်၊ တပို့တွဲ လ (ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီ လ)တွင် ရင်းနှီးသော ဒကာ၊ တပည့် တပန်းတို့ စုပေါင်းတိုင်ပင်ကြကာ...



မိုးကုတ်တရားတော်များ ပြန့်ပွားဖို့ရန် ရှေးဦးအမာခံ ဆရာတော်များ (ဝဲမှယာသို့) ဆရာတော် ဦးဇနိတာလင်္ကာရ၊ ဆရာတော် ဦးဇဝန ဆရာတော် ဦးဓမ္မိဿရ၊ ဆရာတော် ဦးဓမ္မသာရ

www.burmeseclassic.com



နိဗ္ဗာန်တရားတော်များ ပြန့်ပွားဖို့ရန်
ရှေ့တန်း ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးများ
(ရှေ့တန်း ဝဲမှယာသို့) ဦးဘသန်း၊ ဦးသန်းမောင်(ကျူးပုံ)၊
ဦးဘခိုင်(ဥက္ကဋ္ဌ)၊ ဦးရှိန်ယန်၊ ဦးကျော်ငြိမ်း၊ ဦးချစ်ယုံ။
(နောက်တန်း ဝဲမှယာသို့) ဦးလှရွှေ၊ ဦးချန်ထွန်း၊
ဦးအောင်ကျော်၊ ဦးကိုကြီး၊ ဦးမြင့်၊ ဦးအောင်ချို၊
ဦးညွန့်(ဟံဇား)၊ ဦးတင်အောင်၊ ဆရာ ဦးကျော်။



နိဗ္ဗာန်တရားတော်များ ပြန့်ပွားရန် အမာခံ ကျောင်းအမများ
(ရှေ့တန်း ဝဲမှယာသို့)
ဒေါ်လှညွန့်၊ ဒေါ်ကောက်(ကျူးပုံ)၊ ကျောင်းအမကြီးဒေါ်ခေါ်ဗိုး၊
ဒေါ်တင်တင်။
(နောက်တန်း ဝဲမှယာသို့) ဒေါ်သန်းသန်း၊ ဒေါ်စိန်စိန်၊
ဒေါ်လှလှ။

ဆရာတော်ဘုရား ဟောကြားလာခဲ့တော်မူသော တရားပွဲပေါင်းသည်ကား မနည်းချေတော့ပြီ။ ဟောပြီးသမျှတွေ သည်လည်း ပျောက်၍ပျောက်၍သွားခဲ့ကြပြီ။ နှမြောတသ ဖွယ်ရာ ဖြစ်ချေ၏။

ယခုအခါ အသံဖမ်းစက်များ အထိုက်အလျောက် ဝယ်ယူရရှိနိုင်ကြ ပြီဖြစ်သည်။ အသံဖမ်းစက်ဖြင့် တရား တော်များကို ဖမ်းယူထားရှိရယ်မှုကား ခဏခဏ ဖွင့်၍ တရား နာယူနိုင်သည်။ အချိန်မရွေးပင်နာယူမှတ်သားနိုင်လေ၏။

ထို့ပြင်တစ်ဝ တရားပွဲများဆီသို့ အကြောင်းကြောင်း ကြောင့် လာရောက်၍ တရားမနာယူနိုင်ကြသော ရပ်ဝေး ပုဂ္ဂိုလ်များသည်လည်း နာယူလို့ရနိုင်ပါ၏။ ဘယ်အချိန်မဆို တရားနာယူရင်း ဆရာတော်ဘုရားရှိနေသလိုလည်း ခံယူနိုင် လေ၏။ ဤသို့သော အကြောင်းတွေကြောင့် ဆရာတော် ဘုရား၏ အသံအား အသံဖမ်းစက်ဖြင့် ဖမ်းယူထားနိုင်အောင် ကြိုးစားကြပါစို့ဟု ဆွေးနွေးတိုင်ပင် နှီးနှောကြလေတော့၏။

ဤသို့ တိုင်ပင်နှီးနှောကြသလို၊ ကြိုးစားအားထုတ် မှုလည်း ပြုကြလေ၏။ စက်ဝယ်ယူရရှိရေး၊ ရရှိလာသောအခါ အသံဖမ်းယူတတ်ရေးတို့ကိုပါ စီမံကြလေတော့၏။

**မှတ်ချက်** ။ ထိုအချိန်အခါက "အသံဖမ်းစက်" ဆိုသည်မှာ တိတ်ရီကော်ဒါကြီးများ ဖြစ်ကြသည်။ အသံ ဖမ်းကြိုးခွေကြီးများ၊ အပိုင်းကြီးများ ဖြစ်လေ၏။ တစ်ဖက် လျှင် တစ်နာရီကြာ၏။ နှစ်ဖက်ဆိုလျှင် နှစ်နာရီကြာ အသုံးပြု နိုင်၏။

အသံဖမ်းကြိုးမှာ အစပိုင်းက အလုံးဖြစ်သည်ဟူ၏။ နောက်မှ အပြားဖြစ်လာသည်။ ဤသို့လျှင် အစပထမပိုင်း တွင် မကျွမ်းကျင်မှုတွေကြောင့် တိပ်ခွေများ ပျက်စီးဆုံးရှုံး မှုများ မရှိမဟုတ်၊ ရှိခဲ့သည်။

၁၉၅၅ ခုနှစ်လောက် ရောက်ရှိလာမှ အသံဖမ်းမှု ကျွမ်းကျွမ်းကျင်ကျင် ရှိလာခဲ့ကြလေတော့၏။


**ကိုမောင်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ၏ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ဖြတ်ပုံ




www.burmeseclassic.com

www.burmeseclassic.com

## လင်္ကာဆောင်ပုဒ်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာ အရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအလျော်၊ ပြဟ္မာ-သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမူ၊ မဟုတ်ပဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ယှဉ်တွဲ၍ ကြည့်ရှုလေ့လာပါ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေ၀ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါ◌ု◌ိဒရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(၁) **မူလနှစ်ဖြာ** - အဝိဇ္ဇာ၊ တဏှာ။

(၂) **သစ္စာနှစ်ခု** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

(၃) **လေးခုအလွှာ** - အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

(၄) **အင်္ဂါတစ်ဆယ့်နှစ်ပါး** - အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ။

(၅) **သုံးပါးအစပ်** - သင်္ခါရနှင့် ဝိညာဏ် တစ်စပ်၊ ဝေဒနာနှင့် တဏှာ တစ်စပ်၊ ကမ္မဘဝနှင့် ဇာတိ တစ်စပ်။ တစ်နည်း အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း။ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း။ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

(၆) **ဝဋ်သုံးဝနှင့်** - ကိလေသဝဋ်သုံးပါး - အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ကမ္မဝဋ်နှစ်ပါး - သင်္ခါရ၊ ကမ္မဘဝ။ ဝိပါကဝဋ်ရှစ်ပါး - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ။

*(မှတ်ချက် ။ ဖြစ်စဉ် - ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ၊ မရဏ၊ ဟောစဉ် - ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)*

(၇) **ကာလသုံးဖြာ** - လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

(၈) **ခြင်းရာနှစ်ဆယ်**

အတိတ်အကြောင်းအခြင်းအရာ ငါးပါး (အဝိဇ္ဇာ၊ သင်္ခါရ၊ ဥပါဒါန်)

ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)

ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ)

အနာဂတ်အကျိုး အခြင်းအရာ ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာ (၅) ပါး
- ရူပက္ခန္ဓာ - ဖောက်ပြန်မှု သဘောတရားအစု (ရုပ် ၂၈ ပါး)
- ဝေဒနက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ
- ဝိညာဏက္ခန္ဓာ - သိမှု သဘောတရားအစု(စိတ်)

## အာယတန (၁၂)ပါး

ဓာတ် ၁၈ ပါး

| အခံဓာတ်(၆)ပါး | အတိုက်ဓာတ်(၆)ပါး |
|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း |
| ၂။ နားအကြည် | ၂။ အသံ |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ |
| ၄။ လျှာအကြည် | ၄။ အရသာ |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ |
| ၆။ စိတ်(ဘဝင်စိတ်) | ၆။ ကြံတွေးစရာ |

အပွင့်ဓာတ်(၆)ပါး
- ၁။ မြင်စိတ်
- ၂။ ကြားစိတ်
- ၃။ နံ့စိတ်
- ၄။ စားစိတ်
- ၅။ ယား၊ နာ၊ ကောင်းစိတ်
- ၆။ တွေးတောစိတ်

*ဝေဒနာနုပဿနာ ရှုရာ၌*
*ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို*
*စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည်*
*ဒွါရခြောက်ပေါက်မှ အမြဲဖြစ်နေသည်။*
*မဖြစ်သည့်အခါ မရှိ။*
*ဖဿဖြစ်တိုင်း ဝေဒနာဖြစ်သည်။*

သစ္စာ (၄) ပါး
- **ဒုက္ခသစ္စာ** - ဆင်းရဲခြင်းအမှန်တရား ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ပိုင်းခြားသိရမည့် တရား။
- **သမုဒယသစ္စာ** - ဒုက္ခဖြစ်ကြောင်း အမှန်တရား (တဏှာ-လောဘ) ပယ်ရမည့် တရား
- **နိရောဓသစ္စာ** - ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့် တရား
- **မဂ္ဂသစ္စာ** - ဒုက္ခသစ္စာ၏ ချုပ်ကြောင်း၊ သမုဒယသစ္စာကို ပယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင်ရှစ်ပါး) ပွားများရမည့် တရား။

## လောကီမဂ္ဂင် ၅ ပါး ရှုညဏ်တရား

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် (၂)ပါး။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင် (၃)ပါး။

## လောကုတ္တရာ မဂ္ဂင် (၈)ပါး

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် (၂)ပါး။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သမာဓိမဂ္ဂင် (၃)ပါး။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလမဂ္ဂင် (၃)ပါး။

## စိတ္တာနုပဿနာ ရှုပွားနည်း

- ၁။ မြင်စိတ်
- ၂။ ကြားစိတ်
- ၃။ နံ့စိတ်
- ၄။ စားစိတ်
- ၅။ ယား၊ နာ၊ ကောင်းစိတ်

အပြင်ညွှဲသည့်စိတ် (၅)ခု



www.burmeseclassic.com

www.burmeseclassic.com

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

— အတွင်းညှော်သည်စိတ် (၆) ခု

၁။ လေကို ထုတ်သောစိတ်
၂။ လေကို သွင်းသောစိတ်
၃။ အိမ်သည်စိတ် နှစ်ခု

ရှုပွားပုံ နည်းစနစ်မှာ အိမ်သည်စိတ် နှစ်ခုကို အရင်းခံထား၍ ညှော်သည့်စိတ်ပေါ်ပေါ် ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

### ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ၊ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ညှော်သည် ဝေဒနာ (၆)ခု

၁။ ဥပေက္ခာ ဝေဒနာသည် - မျက်လုံးမှာ ပေါ်သည်။
၂။ ဥပေက္ခာ ဝေဒနာသည် - နားမှာ ပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် - နှာခေါင်းမှာ ပေါ်သည်။
၄။ ဥပေက္ခာ ဝေဒနာသည် - လျှာမှာ ပေါ်သည်။
၅။ သုခ ဝေဒနာသည် - ကိုယ်ပေါ်မှာ ပေါ်သည်။
၆။ ဒုက္ခ ဝေဒနာသည် - ကိုယ်ပေါ်မှာ ပေါ်သည်။

အထက်ပါ ဝေဒနာများကို အပြင်ညှော်သည် (၆)ခုဟု ခေါ်သည်။

### အတွင်းညှော်သည် ဝေဒနာ (၃)ခု

၁။ သောမနဿ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။
၂။ ဒေါမနဿ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။
၃။ ဥပေက္ခာ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။

အထက်ပါ ဝေဒနာများကို အတွင်းညှော်သည် (၃)ခုဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃)ခု

၁။ သားရေး သမီးရေး စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး သမီးရေး စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေနေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေ)ကို သောမနဿလည်း မဟုတ်၊ ဒေါမနဿလည်း မဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါ ဝေဒနာများကို အိမ်သည်ဟု ခေါ်သည်။

ဝေဒနာ နုပဿနာ ရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရခြောက်ပေါက်မှ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါ မရှိ၊ ဖဿဖြစ်တိုင်း ဝေဒနာဖြစ်သည်။ ဝေဒနာကို ရှုရာ၌ နာမှ၊ ကျင်မှ ဝေဒနာမဟုတ်ပါ။ နာမှု၊ ကျင်မှု မခံသာသည့်ဝေဒနာရှိသလို နာမှု၊ ကျင်မှု ပျောက်ကင်းပြီး ခံသာသည့် ဝေဒနာလည်းရှိသည်။ ခံသာသည်လည်းမဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ခံစားမှု ဝေဒနာမျိုးလည်း ရှိသည်။ စိတ်နှင့်ဝေဒနာသည် သဟဇာတတရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။

ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ မရောစေနှင့်။ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။
(ဤကား အကျဉ်းချုပ်သိရုံမျှသာ ဖြစ်သည်။)

__ကိုးကား__

ဆန်းလွင်(အရှင်အာဒိစ္စရံသီ)
"ယောဂီလက်စွဲ(သောတာပန်မိတ်ဆက်)"



www.burmeseclassic.com

www.burmeseclassic.com

# ခန္ဓာဝန်ချခြင်း နှင့် နိဗ္ဗာန်စံကျောင်းချ အခမ်းအနား

ကိုမောင်သန်းဝင်း

မိုးကုတ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောနေ့အား ကောဇာသက္ကရာဇ် ၁၃၂၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အချိန် ဖြစ်သတည်း။

"မိုးကုတ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်" ဟု ကြားရ၍ အမရပူရမြို့တွင်းမှ ဒကာ,ဒကာမများ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ငယ်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မိုးကုတ်၊ ရန်ကုန် စသော အနယ်နယ်အရပ်ရပ်က ဒကာ,ဒကာမများ၊ ဆရာတော်ဘုရားကြီးရဲ့ တရားတွေကို နာယူထားရပါသော ဒကာ,ဒကာမများ၊ တပည့်ပရိသတ်များ လာရောက်ကြလေတော့၏။

တစ်နေ့ထက်တစ်နေ့ များ၍သာလာတော့သည်။ ရိပ်သာဝင်းကြီးအပြည့် ဖြစ်လာကြတော့သည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ဖူး၍မဝအောင် ဖြစ်ကြရတော့သည်။

ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်တွေကိုလည်း နှုတ်မြွက်မဆုံ ထုတ်ဖော်၍ ချီးကျူးကြသည်။ ပါးစပ်အပြည့်မျှ ပြောဆိုချီးကျူး၍မကုန်အောင် ဖြစ်ကြသည်။ ရုပ်ကလာပ်တော်ကို ဖူးမြော်ရသည်မှာလည်း ပကတိသက်တော်ထင်ရှား ရှိစဉ်ကလို ကြည်ညို၍ မဝနိုင်အောင် ဖြစ်ကြရတော့သည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင် သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ ညက ရိပ်သာဝင်းအတွင်းရှိ မန်ကျည်းပင်ကြီးပေါ်သို့ ဝင်းဝင်းကြီးကျလာပုံ၊ ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၂ ရက်၊ ၃ ရက်နေ့ ညများကလည်း ညစဉ်ညတိုင်း အရောင်အလင်းကြီးတို့ဖြင့် လာကာ ဆရာတော်ဘုရား၏ အိပ်ခန်းအတွင်းသို့ ဝင်၍ တစ်စုံတစ်ဦးက လျှောက်ထားသံကို ကြားနေရပုံ၊ ထို့ပြင် ဆရာတော်ဘုရားကြီး၏ ဟောပြောချက်ဒေသနာအစုံတို့ကို ခြုံငုံ ပြန်လည်ဆင်ခြင်အောက်မေ့ကြ၍ -

"ဆရာတော်ဘုရားကြီးဟာ သာမန်ပုဂ္ဂိုလ်မဟုတ်နိုင်။ ယခုပြောနေကျ ဝေါဟာရဖြင့် 'ပျံတော်မူသည်'ဟုပင် မသုံးထိုက်တော့ပါ။ ထို့ထက်မြင့်သော ဝေါဟာရတစ်မျိုးဖြင့်သာ သုံးနှုန်းထိုက်ပါတယ်"

ဤသို့ ပြောဆိုကြရင်း၊ ဝေဖန်ကြရင်း၊ သုံးသပ်ကြရင်း ဤအကြောင်းအရာတို့ကို ဆရာတော်၊ သံဃာတော်တို့အား လျှောက်ထားကြလေတော့၏။ ထိုအခါ ယင်းကိစ္စကို ဦးစားပေး စဉ်းစားကြပြီးလျှင် ပရိယတ်ကျွမ်းကျင်သော ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့နှင့် ညှိနှိုင်းတိုင်ပင်ကြ၏။

အရှင်မြတ်တို့ကလည်း မယုတ်မလွန်ဖြစ်အောင် ဤသို့ သုံးသပ်တော်မူကြပါ၏။

"ဤမိုးကုတ်ဆရာတော်ဘုရားကြီးကို 'ပျံတော်မူသည်' ဟုဆိုလျှင်လည်း ဝေါဟာရမှာ နိမ့်ကျလွန်းနေသည်။ 'ပရိနိဗ္ဗာန်ပြုသည်'ဟု သုံးနှုန်းလျှင်လည်း အများ၏ စိတ်နှလုံးတွင် ညက်ညောချင်မှ ညက်ကြပါလိမ့်မည်။

ထို့ကြောင့် အလယ်အလတ်သဘောလည်းဆောင်၊ အဓိပ္ပာယ်အပြည့်အဝလည်းရတဲ့ (ဘာရနိက္ခေပန) 'ခန္ဓာဝန်ချတော်မူသည်'ဟု သုံးနှုန်းလျှင် အကောင်းဆုံးဖြစ်မည်"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ တိုင်ပင်ကြကာ ထိုအခါမှစ၍ ကျေကျေနပ်နပ် အများသဘောတူ ဝေါဟာရသစ်တစ်ရပ်ကို သတ်မှတ်တီထွင်လိုက်ကြလေတော့သည်။

မိုးကုတ်ဆရာတော်ဘုရားကြီးအတွက် "ပုံတော်မူသည်"ဆိုတဲ့ ဝေါဟာရအား "ခန္ဓာဝန်ချတော်မူသည်"ဟု သုံးနှုန်းကြရန် ဖြစ်သည်။

## တည်ငြိမ်သော ဝေါဟာရ

"ခန္ဓာဝန်ချတော်မူသည်"ဟူသော ဝေါဟာရမှာ ဗုဒ္ဓရှင်တော်မြတ်ကြီး ဟောအပ်သော စကားလုံးဖြစ်၍ တည်ငြိမ်သော ဝေါဟာရလည်းဖြစ်လေ၏။ ဆရာတော်ဘုရားကြီးအား ခိုညွှားသောစကားလုံးဖြင့် သုံးနှုန်းမှုတော်ရာလည်း ရောက်သည်။

သံယုတ်ပါဠိတော် ဒုတိယအုပ်၊ ခန္ဓဝဂ္ဂသံယုတ် စာမျက်နှာ(၂၂)၌ အောက်ပါအတိုင်း ဟောတော်မူထားသည်။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊

ဘာရဟာရော စ ပုဂ္ဂလော။

ဘာရာဒါနံ ဒုခံ လောကေ၊

ဘာရနိက္ခေ ပနံ သုခံ။ ။

ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါးတို့သည်၊ ဟဝေ-စင်စစ်၊ ဘာရာ-ဝန်ထုပ်ဝန်ပိုးကြီးတို့ပေတည်း။ (ဝန်ထုပ်ဝန်ပိုးကြီးတို့နှင့် တူကြပေကုန်၏။) ပုဂ္ဂလော-မိန်းမ၊ ယောက်ျား အများထိုထို ပုဂ္ဂိုလ်ဟူသမျှသည်၊ ဘာရဟာရောစ-ဝန်ထမ်းသမားပေတည်း။ (ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးကြသူများနှင့် တူပေ၏။)

ဘာရာဒါနံ (ဘာရ အာဒါနံ)-ခန္ဓာဝန်ထုပ်ကို မရအရ၊ ခဏခဏ၊ ယူ-ယူနေခြင်းသည်၊ လောကေ-သုံးဆယ့်တစ်ဘုံ သိုက်မြုံလောက ဩကာသကြီးအတွင်း၌၊ ဒုခံ-ဆင်းရဲခြင်း၏ အကြောင်းပေတည်း။

ဘာရနိက္ခေပနံ-ခန္ဓာဝန်ထုပ်ကို ပစ်ချနိုင်ခြင်းသည် (ခန္ဓာဝန်ထုပ်ကို ဘဝအဆက်ဆက် မထမ်းတော့ဘဲ အရဟတ္တမဂ်ဖြင့် ပစ်ချနိုင်ခြင်းသည် (ဝါ) ပစ်ချနိုင်ပါမှ) သုခံ-ချမ်းသာခြင်း၏ အကြောင်းပေတည်း။ (ဝါ) ချမ်းသာအစစ် အနှစ်သာရ အပြည့်အဝ ဖြစ်ပေ၏။

မှတ်ချက် ။ ထိုဒေသနာတော်တွင် (ဘာရနိက္ခေပနံ) "ခန္ဓာဝန်ကို ပစ်ချ"ဆိုသည့် စကားလုံးသည် ရိုးရိုးပစ်ချခြင်း မဟုတ်၊ ဗုဒ္ဓရှင်တော်မြတ်၏ ဆိုလိုတော်မူရင်း အဓိပ္ပာယ်မှာ နောက်ထပ် ဘဝအဆက်ဆက် ခန္ဓာတွေကို မယူတော့ဘဲ ပစ်ချခြင်းမျိုးကို ဆိုလိုတော်မူပါသည်။

## နိဗ္ဗာန်စံကျောင်းချ အခမ်းအနား

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်မှာ မင်္ဂလာရိပ်သာအတွင်းရှိ ခန္ဓာဝန်ချခဲ့ရင်းဖြစ်သော ဦးကျော်သိန်း+ဒေါ်တင်လှတို့၏ ထေရာဝါသ စံကျောင်းတော်မှာပင် ရှိသေးသည်။ ထိုနေရာမှာ အများလာ၍ ဖူးမြော်ကြရာတွင် ကျဉ်းကျပ်နေ၏။ အလှည့်ကျဖူးမြော်နေကြရသည်။ ထို့ကြောင့် ကျယ်ဝန်းသော ခန်းမတစ်ခုဆီသို့ ပြောင်းရွှေ့ဖို့ရန် စီစဉ်နေကြရသည်။

ထိုကျယ်ဝန်းသော ခန်းမကြီးမှာလည်း မင်္ဂလာရိပ်သာအတွင်းရှိ ဦးချစ်ဆွေ + ဒေါ်မမတို့၏ တရားမွှာရုံကြီးတစ်ခု သာလျှင် ရှိသည်။ သို့ဖြစ်၍ ထိုမွှာရုံကြီးကို "နိဗ္ဗာန်စံကျောင်း" အဖြစ် သတ်မှတ်ကြကာ ခုနစ်ရက်ပြည့်မြောက်သော သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့၌ ပြောင်းရွှေ့ရန် သတ်မှတ်ကြသည်။

ထိုသို့ စံကျောင်းပြောင်းရွှေ့ပွဲအခမ်းအနားသို့ သံဃာတော် ၅၀၅ ပါး ပင့်ဖိတ်ထားကြသည်။ ထိုနေ့တွင် သံဃာတော်များ စုံညီစွာ ကြွရောက်လာကြသည်။ စုံညီသောအခါ ဆရာတော်ကြီး၏ တပည့်တပန်း ရဟန်းသံဃာတော်များ ကိုယ်တိုင် ဦးဆောင်ကြပြီးလျှင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ပခုံးဖြင့်ထမ်း၊ လက်ဆင့်ကမ်းလျက် စဉ်တန်းရပ်ကာ ပြောင်းရွှေ့ကြပါသည်။

ထို့နောက် အခမ်းအနားတွင် ပါဝင်ကြသော သံဃာတော် ၅၀၅ ပါးတို့အား သံသပိတ်အလုံးပေါင်း ၅၀၅ ကို အဖုံး၊ သပိတ်ခြေနှင့်တကွ ဒံပေါက်ဆွမ်းအပြည့်ထည့်၍ လှူကြသည်။ ပန်းကန်အစုံ ၅၀၅၊ ထီးအလက်ပေါင်း ၅၀၅၊ ဖိနပ်အရန်ပေါင်း ၅၀၅၊ မျက်နှာသုတ်ပဝါ အထည်ပေါင်း ၅၀၅ ပါ လှူဒါန်းကြသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ထိုအချိန်မှစ၍ နိဗ္ဗာန်စံကျောင်းကြီးပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် အားရပါးရ တဝကြီး ဖူးမြော်နိုင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

### ရုပ်ကလာပ်အတိုင်း ထားလိုသူများ

ယခုမှ ပို၍ နိဗ္ဗာန်စံကျောင်း ခန်းမကြီးအလယ်မှာ ကျယ်ကျယ်ပြန့်ပြန့် ထည်ထည်ခံ့ခံ့ ဖြစ်လာသည်ဟု ဆိုသူက ဆိုလာကြသည်။ ဆရာတော်ဘုရားကြီး၏ တရားတော်တွေကို နာယူထားကြသူများက အားမရနိုင်အောင်၊ ဖူး၍ မဝအောင် ရှိကြရသည်။

ခြေဖဝါးတော်မှ ဦးခေါင်းတော်တိုင်အောင်၊ ဦးခေါင်းတော်မှ ခြေဖဝါးတော်တိုင်အောင် ဖန်ဖန် တုံ့ခေါက် မျက်လုံးအစုံတို့ဖြင့် လျှောက်၍နေမိကြ၏။ ထိုမှ နောက်၌ "ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ခြင်းမပြုဘဲ ယခုလိုအတိုင်းထားလျှင် ကောင်းမှာပဲ"ဟု တောင့်တသူတို့က တောင့်တလာကြလေ၏။ ထိုမှ တစ်ဆင့်စကားတွေပြန့်ပွားကာ

"ဟုတ်သားပဲ။ ရှေးကထင်ရှားတဲ့ ဆရာတော်ဘုရားကြီးတွေ တချို့ရဲ့ ရုပ်ကလာပ်တော်တွေကို မီးမရှို့ဘဲ ဒီအတိုင်းထားပြီး ကြည်ညိုနေကြတာတွေလည်း ရှိတာပဲ။ ဥပမာ မာန်လည်ဆရာတော်ဘုရားကြီးတို့ ဆိုပါတော့။ ဆေးစိမ်ပြီး ဒီအတိုင်းထား ကြည်ညိုနေကြတာပဲ။ စွန်းလွန်းဆရာတော်ဘုရားကြီးကိုလည်း ဒီအတိုင်းထားတာပဲ"

ဤသို့ ပြောဆိုကြရာမှ အမရပူရ ဦးထွန်းတင်တို့ လူသိုက်က ဤကိစ္စကို စိတ်ဝင်စားလာကြသည်။ ခံယူချက်ချင်း သဘောတူလာ၏။ သူတို့သည်လည်း ဆရာတော်ဘုရားကြီးကို ကြည်ညိုနေကြသူတွေ ဖြစ်သည်။ ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေကို အမြဲနာယူနေကြသူတွေ ဖြစ်ကြလေ၏။ ထို့ကြောင့် အထက်ပါစကားတွေကို နားဝင်လာကြသည်။ သို့ဖြစ်၍ -

"ဟုတ်တယ်။ အထက်ပိုင်းလူကြီးတွေကို ရအောင်ပြောမယ်။ မီးမရှို့ပါနဲ့လို့ ရအောင်ပြောမယ်။ နောက်ဆုံး ပြောလို့မရရင် အလောင်းကို လုယူကြမယ်။ မီးရှို့ခါနီးမှာ လူအင်အားနဲ့ အလောင်းကို ဝိုင်းပြီး လုယူပြေးရမယ်"

ဟု စီမံကိန်းချကြလေတော့၏။

မည်သို့ပင် ဦးထွန်းတင်တို့ လူသိုက်က စီမံကိန်းချကြသော်လည်း ဆရာတော်ဦးနရိန္ဒ ဦးဆောင်သော ဆရာတော်၊ သံဃာတော်များအဖွဲ့ကမူ "ထုံးစံအတိုင်း မီးရှို့ရမှာပဲ" ဟူ၍သာ အခိုင်အမာ ဆုံးဖြတ်ထားကြသည်။

### ပတ္တမြားခေါင်းနဲ့ ရုပ်အလောင်းတော်

မိုးကုတ်မြို့သူမြို့သား ဒကာ၊ ဒကာမများက ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို ပတ္တမြားခဲကြီးလို အောက်မေ့ကြသည်။ အဖိုးအနဂ္ဃ တန်ဖိုးဖြတ်၍မရအောင် ထိုက်တန်သည်ဟု ခံယူထားကြလေ၏။

သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော် ကိန်းဝပ်စံပယ်ရန် ပတ္တမြားတွေ စီခြယ်ထားသော ခေါင်းတော်ကြီးတစ်ခု ပြုလုပ်လာကြသည်။ သိန်းပေါင်းမြောက်မြားစွာ ထိုက်တန်သဖြင့် တန်ဖိုးဖြတ်၍မရ "အနဂ္ဃ" ဟု ဆိုကြသည်။

ထိုအခါ ပတ္တမြားအခေါင်းကြီးနှင့် လိုက်ဖက်အောင်

---

**မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလခန္ဓာဝန်ချသောအခါ မိုးကုတ်မြို့မှ ဒကာ၊ ဒကာမတို့က ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်စံရာ ခေါင်းတော်ကို ပတ္တမြားတို့ဖြင့် ခြယ်သကြ၏။ နီလာ၊ ဂေါမုတ်၊ ဥဿဖယား၊ မြသား၊ ကျောက်သံများဖြင့်လည်း မွမ်းမံကြလေ၏။ ကြည်ညိုကြသည့်အလျောက် အစွမ်းကုန် ခြယ်သပူဇော်ကြလေ၏။**



www.burmeseclassic.com

www.burmeseclassic.com

သိုပတ္တမြားခေါင်းကြီး တင်ဖို့အတွက် အများအကာ၊ အကာမတွေ ကောင်းမှုဖြင့် ပေါင်းရကာ ဆော်ပြာသာဒ်ကြီးတစ်ဆောင်ကိုလည်း ပြုလုပ်ကြပြန်တော့သည်။

ထိုသို့ ပြုလုပ်ပြီးသောအခါ ယင်းဆော်ပြာသာဒ်ကြီးပေါ်မှာ ပတ္တမြားခေါင်းကြီး တင်ကြသည်။ ပြီးမှ ထိုပတ္တမြားခေါင်းကြီးအတွင်းမှာ ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို သွင်းပြီး ဝင်းဝင်းလက်လက် မြိုးမြိုးမြက်မှု ကနုတ္တနဲရွှေထီးများ ရံလျက် ထိုက်ထိုက်တန်တန် ပူဇော်ကြပါသည်။

## ပုလဲလုံးလေးများဖြင့် တန်ဆာဆင်

မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ပျံလွန်တော်မူသောအခါ မိုးကုတ်မြို့မှ ဒကာ၊ ဒကာမတို့က ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်စံရာ ခေါင်းတော်ကို ပတ္တမြားတို့ဖြင့် ခြယ်သကြ၏။ နီလာ၊ ဂေါမုတ်၊ ဥဿဖယား၊ မြသား၊ ကျောက်သံမှားဖြင့်လည်း မွမ်းမံကြလေ၏။ ကြည်ညိုကြသည့်အလျောက် အစွမ်းကုန် ခြယ်သပူဇော်ကြလေ၏။

ဤပွဲတွင် မဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီးကမူ သူ့မှာ နီလာဂေါမုတ်၊ ဥဿဖယား၊ မြသား၊ ပတ္တမြားတွေ မရှိပါ။ ရွှေငွေ၊ ပိုက်ဆံ၊ ကြေးငွေလည်း သူမှာ မရှိပါ။ သို့ဖြစ်၍ အရှင်ဇနကာဘိဝံသဆရာတော်ဘုရားက သူတတ်နိုင်တဲ့ ပုလဲလုံးလေးများပမာ လှပတဲ့ စကားလုံးကလေးတွေဖြင့် တန်ဆာခြယ်သည်။ ဆရာတော်၏ စကားလုံးလေးများမှာ -

(၁) ဌာနေနုဂသိ မဟာစေရ၊
အာဝါသေနာပိ မင်္ဂလော၊
ဓမ္မေန မင်္ဂလော အာသိ၊
သာဝကေ နာပိ မင်္ဂလော။

မဟာစေရ - ဓမ္မနေ့စဉ်ပွဲကြီး ဆင်ယင်၍ သွန်သင်ဟောဖော် နေ့စဉ်မပျက်သည့် အို…ဆရာတော်အရှင်မြတ်ဘုရား။ ဘဝံ - တရားယူလို များလူဗိုလ်တို့ ကြည်ညိုအားထား အရှင်ဆရာတော်ဘုရားသည်၊ ဌာနေနာပိ - ဆရာကြီးဘုန်း စတည်ဟုန်းက ထွန်းဘုန်းလည်းပါ ခဉ်းမကွာတဲ့ သဥ္စာသမိုက် မင်္ဂလာတိုက်ဟူသော ဌာနအားဖြင့်လည်း၊ မင်္ဂလာ အာသိ - အကျော်ညဝါ ဤတိုက်တာဝယ် ဆရာတော်ကား မင်္ဂလာတစ်ပါးဟု ကျော်ကြားတော်မူခဲ့ပါသည်ဘုရား။

မဟာစေရ - တရားစည်ကြီး နေ့စဉ်ဟည်းအောင် ခတ်တီးရိုက်ခေတ် အို…ဆရာတော်အရှင်မြတ်ဘုရား။ ဘဝံ-တရားနှင့်ကိုယ် ကိုယ်နှင့်တရား မကွဲပြားအောင် မနားဟောဖော် အရှင်ဆရာတော်ဘုရားသည်၊ အာဝါသေနာပိ-သောင်းတန် သိန်းတန် ပူအေးခံအောင် စီမံပုံကောင်း လှည့်လည်ပြောင်းဖို့ စံကျောင်းများစွာ စံနေရာအားဖြင့်လည်း၊ မင်္ဂလာ အာသိ-နတ်ဘုံလေလား လူ့ဘုံလားဟု ထင်မှားဖွယ်ရာ မင်္ဂလာရှိပါပေသည်ဘုရား။

မဟာစေရ-ဝိပဿနာ ဒေသနာဖြင့် ခါခါမွှေ့လျော် အို…ဆရာတော်အရှင်မြတ်ဘုရား။ ဘဝံ-အိုဘေး နာဘေး သေမည့်ဘေးမှ လွတ်ရေးညွှန်ကြား အရှင်ဆရာတော်ဘုရားသည်၊ ဓမ္မေနာပိ-နေ့တိုင်းစုံစုံ ဟောမကုန်အောင် ဖုံဖုံမြတ်သား မြတ်တရားဖြင့်လည်း၊ မင်္ဂလော အာသိ - လေးငါးထောင်နီး ပရိသတ်ကြီးကို မငြီးစေရ တစ်နာရီမျှဖြင့် ပြည့်ဝစုံလင် မင်္ဂလာအရှင် ဖြစ်ပါပေသည်တကား။

မဟာစေရ-တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနှံ့ကျော် အို…ဆရာတော်အရှင်မြတ်ဘုရား။ ဘဝံ-ဒီကတမ်းတ ဟိုမြန်းကြွ၍ ဒီကြွပြန်သော် ဟိုကမျှော်လျက် ဖူးမြော်မဝ တတ,တနှင့် တသအစဉ် အရှင်ဆရာတော်ဘုရားသည်၊ သာဝကေနာပိ-နန်းအမရ နန်းအမရ မန်းနဂရနှင့် ပတ္တမြားမြေခံ မြို့နန်းကုန်မှ ဆန်ရုံများတောင်း တပည့်အပေါင်းဖြင့်လည်း၊ မင်္ဂလောအာသိ-သူဌေးသူကြွယ် ကုန်သည် မင်းစိုးအမျိုးမျိုးကြောင့် တန်ခိုးရှိန်ဝါ မင်္ဂလာကြီး ဖြစ်ပါပေသည်ဘုရား။

ဤသို့လျှင် ဆရာတော်အရှင်ဇနကာဘိဝံသက မိုးကုတ်ဆရာတော်ဘုရား ဦးဝိမလအပေါ်တွင် -

(က) ဦးစွာပထမ မင်္ဂလာတိုက်ဟူသော နေရာဌာနအားဖြင့်လည်း မင်္ဂလာရှိတော်မူပါပေ၏။
(ခ) သီတင်းသုံးတော်မူရာ စံကျောင်းတော်အဖြာဖြာအားဖြင့်လည်း မင်္ဂလာရှိတော်မူပါပေ၏။
(ဂ) တရားစည်ကြီး နေ့စဉ်ဟည်းအောင် ရိုက်တီးခတ်ခေတ် ဟောမိန့်ဖော်လျက် ဓမ္မတော်အနေအားဖြင့်လည်း မင်္ဂလာရှိတော်မူပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com

(ဃ) ဟိုကိုကြွသော် သည်ကမျှော်၊ သည်ကိုကြွ
သော် ဟိုကမျှော်နှင့် ကော်ရော်လိုလား
လေးငါးခြောက်ထောင်မျှသော ပရိသတ်ကြီး
အားဖြင့်လည်း မင်္ဂလာရှိတော်မူပါပေ၏။
ဤသို့အားဖြင့် ဂုဏ်ပြုချီးကျူးတော်မူထားလေ၏။

(၂) ဓေ မင်္ဂလာ သမ္မန္နော၊
ပေဟန္တော နရမင်္ဂလံ။
ဒေဝါနံ ဒေသနတ္ထာယ၊
ဂတော ဒေဝနိမန္တနံ။

ဝေမင်္ဂလ သမ္မန္နော - ဤသို့ကုန်စင်၊ လူ့ဘုံတွင်မူ ပြိုင်ယှဉ်ကင်းမြဲ မင်္ဂလာပေါင်းစုံပြီးဖြစ်၍၊ နရမင်္ဂလံ-လူတို့ အမြင်မှာ မင်္ဂလာဟု ထင်စရာအမှား မင်္ဂလာအများကို၊ ဗေဟန္တော-အနှစ်မရှိ၊ အကာအတိဟု တပည့်စစ်စစ် နားလည်ရစ်ဖို့ ထေရ်ချစ်ဘုန်းလူ ခွန့်တော်မူလျက်။

ဒေဝါနံ - နတ်ဘုံနတ်နန်း၊ နတ်နေရစမ်းနှင့်၊ နတ်ပန်းတွေခြယ်၊ နတ်မောင်မယ်တို့အား။ ဒေသနတ္ထာယ-နတ်လည်းမဟုတ်၊ ငါလည်းမဟုတ်၊ နာမ်ရုပ်တွေချည်၊ ဖြစ်ပျက်သည်ဟု နားလည်စေကြောင်း။ တရားကောင်းကို၊ နှစ်ထောင်းအားရ ဟောပြခြင်းအကျိုးငှာ၊ ဒေဝနိမန္တနံ-သူတော်စိတ်ထား နတ်အများ၏ လိုလားတောင့်တ ပင့်ဖိတ်ရာဌာနသို့၊ ဂတော-ခြောက်ဆယ်သက်တော်၊ သုံးနှစ်ကျော်ဝယ်၊ အခါတော်ရောက်၊ အသင့်ထောက်သဖြင့် ဝမ်းမြောက်ကြည်ဖြူ ကြွတော်မူလေပြီ တကား။

ပြဆိုခဲ့သည့်အတိုင်း လူ့ပြည်လောကမှာ မင်္ဂလာတွေ၊ မင်္ဂလာတွေ မျိုးစုံခဲ့ပြီဖြစ်၍ "ဒါတွေက အကုန်လုံး အနှစ်မပါ၊ အကာသက်သက်သာ"ဟု သိအောင် ဟောမြွက်ခွန့်ပစ်တော်မူခဲ့လျက် -

တစ်ဖန် နတ်ဘုံနတ်နန်းက နတ်ပန်းတွေ တဝေဝေ ခြယ် နတ်မောင်မယ်အစုံအစုံတို့အား "နတ်လည်းမဟုတ်၊ ငါမဟုတ်ဘဲ၊ နာမ်ရုပ်ချည်းသာ၊ ဖြစ်ပျက်၍နေကြသည် တကား"ဟူ၍ တရားတော် ဟောမြွက်ဖို့ရာ နတ်သူတော်ကောင်းတို့၏ ပင့်ဖိတ်ချက်အရ ၆၃ နှစ်အရွယ်တော်မှာ နတ်ပြည်သို့ ကြွတော်မူခဲ့ပြီဘုရား…"

**နောက်ဆုံးဂါရဝ ကန်တော့ကြခြင်း**

(၃) တော် ဘန္တေ န တောသာဝ၊
သသောကာ ထေရဂမနံ။
အန္တောသောကာ် နိဗ္ဗာပေယ၊
ဝန္ဒာမ ထေရဒေဟကံ။

ဘန္တေ - လူတို့မင်္ဂလာ နှစ်မပါဟု ပစ်ခွာရက်ပြား အို…ဆရာတော်အရှင်မြတ်ဘုရား၊ တော်ထေရ ဂမနံ - တပည့်အများ လျစ်လျူထား၍ ကြွသွားရက်တဲ့ ဤဖြစ်ပုံကို၊ သသောကာ-ဝမ်းနည်းမဆုံး ကြိမ်မီးအုံးသို့ အပူလုံးကြွ လှိုက်လှဲကြကုန်သည်ဖြစ်၍၊ နတောသာဝ-မည်သူကမျှ မတားကြသဖြင့် များလှခုတိုင် မကျေနပ်နိုင်ကြကုန်ဘဲသာလျှင်။

အန္တောသောကံ-နှလုံးမှာစွဲ စိတ်ဝမ်းနည်း၍ လွန်ကဲ လှိုက်ဆူ အတွင်းပူကို၊ နိဗ္ဗာပေယ - တရားရေအေး အရှင့်ဆေးဖြင့် အေးအောင်သိန်းသိမ်း ငြိမ်းအောင်ငြိမ်း၍၊ ထေရဒေဟကံ - နာမ်တော်မစပ် ရုပ်တော်ခတ်ဖြင့် ကိန်းဝပ်စံပျော် အလောင်းတော်ကို၊ ဝန္ဒာမ - အရှင့်ပုံမြတ် ဂုဏ်တော်ခတ်ဝယ် မြတ်မြတ်နိုးနိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါကုန်၏ အရှင်ဘုရား…။

"အို…မင်္ဂလာဆရာတော်ဘုရား၊ လူ့ပြည်လောက၌ ရှိသမျှမင်္ဂလာတွေဟာ အနှစ်အသားမပါ" ဟူ၍ မိန့်မြွက်ကာ ကြွသွားတော်မူသောကြောင့် ဝမ်းနည်းမဆုံး ကြိမ်မီးအုံးသို့ လှုလုံးမလှ အပူလုံးကြွအောင် သောကလှိုက်ဖို့ အငိုကြီး ငိုကြရပါသည်ဘုရား။

နေ့စဉ်ဟောပြ အရှင်ဘုရား၏ တရားသဘော ဓမ္မတွေကို နာကြား၍လည်း အားမရ မဝကြသေးပါ ဘုရား။

ထိုသို့များလှ သောကလှိုက်ဆူ ဤသို့သောအတွင်းပူတို့ကို သီတဂူငြိမ်းချမ်းအောင် တရားရေအေးဖြင့် ပက်ဖျန်းပြီးလျှင် အရှင်ဘုရား၏ ပုံတော်မြတ်ကို ဂုဏ်တော်တွေ ဟပ်လျက် မြတ်မြတ်နိုးနိုး ရှိခိုးကန်တော့ပါကုန်၏ ဘုရား။

ဟူ၍ ဒကာ၊ ဒကာမများက နောက်ဆုံးဂါရဝ ကန်တော့ကြဟန် ရေးသားထားတော်မူပါသည်။

---

**ကိုမောင်သန်းဝင်း**

---



www.burmeseclassic.com

www.burmeseclassic.com




# သိရသ္မိ ဂါထာတော်ကြီး ရွတ်ဖတ်ရအောင်

■ နှင်းအဥ္ဇလီ

လူတို့သည် မမျှော်လင့်ဘဲ ဘေးအန္တရာယ်ဆိုး ကံကြမ္မာဆိုး၊ အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ရသည့်အခါတွင် ကမ္ဘာအေးဘုရား၌ရှိ တနင်္ဂနွေထောင့်တွင် သိရသ္မိဂါထာတော်ကြီးကို (၁၀) ခေါက် ရွတ်ဆိုပါ။

(၁) သိရသ္မိ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။ ဝါမအံသေ မောဂ္ဂလ္လာနော ပုရတော ပိဋကတ္တယံ။

(၂) ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒ္ဒိသာ ဒိဏာသဝါ။ သမန္တာ လောကပါလာ စ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။

(၃) ဧတေသံ အာနုဘာဝေန၊ သဗ္ဗေ ဘယာ ဥပဒ္ဒဝါ။ အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

နေ့သား/သမီးနာမည် ဘေးအန္တရာယ်ဆိုး ကံကြမ္မာဆိုး အန္တရာယ်အမျိုးမျိုးမှ ကင်းပါစေဟု လေးလေးနက်နက် ဆုတောင်းပါ။ နေ့သား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင် ပြုလုပ်ပါ။

တနင်္ဂနွေသားသမီး – ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

တနင်္လာသားသမီး – ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

အင်္ဂါသားသမီး – ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်။

ဗုဒ္ဓဟူးသားသမီး – ၂ နှစ်၊ ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

ကြာသပတေးသားသမီး – ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

သောကြာသားသမီး – ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊

စနေသားသမီး – ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်။

ရာဟုသားသမီး – ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

(၇)ရက်သားသမီးအပေါင်း ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်ဆိုး၊ ကံကြမ္မာဆိုး၊ အန္တရာယ်အမျိုးမျိုး ရင်ဆိုင်နေရခြင်းမှ သိရသ္မိဂါထာတော်ကြီးကို ရွတ်ဖတ်၍ ကင်းဝေးကြပါစေ။

နှင်းအဥ္ဇလီ



www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂိစျာပနပွဲသဘင်

■ စိုးစိုး(တာမွေ)


မိုးကုတ်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား နောက်ဆုံး အန္တိမအဂ္ဂိစျာပနကွင်းပြင်သို့ မပြောင်းရွှေ့မီ တရားသဘင်များလည်း ကျင်းပသေးသည်။

၁၃၂၄ ခု၊ ပြာသိုလဆန်း ၇ ရက်နေ့ ည ၆ နာရီအချိန်တွင် စတင်၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဇနကာဘိဝံသက နောက်ပါသံဃာတော် အပါး ၁၀၀ နှင့်အတူ ကြွလာတော်မူပြီး သံဝေဂမှုတို့ကို ဟောပြတော်မူသည်။

ဆရာတော် အရှင်ဇနကာဘိဝံသဆိုလျှင် မိုးကုတ်ဆရာတော်ကြီးဦးဝိမလနှင့် သက်တူရွယ်တူ၊ နှစ်တူ ဖြစ်တော်မူသည့်အပြင် တစ်မြို့တည်း အတူနေလည်း ဖြစ်တော်မူကြသည်။

၎င်းအမရပူရမြို့တွင် နေနှစ်စင်းပြိုင်၍ထွက်သလိုလည်း ဖြစ်တော်မူကြသည်။ ဆရာတော်အရှင်ဇနကာဘိဝံသက ပဋိယတ္တိနယ်ပယ်တွင် နေလိုလလို ထင်ရှား၍ မိုးကုတ်ဆရာတော်ဘုရားကြီးကမူ ပဋိပတ္တိနယ်ပယ်တွင် နေအသွင်၊ လအသွင် ဖြစ်တော်မူကြ၏။

နောက်တစ်နေ့ ၁၃၂၄ ခု၊ ပြာသိုလဆန်း ၈ ရက်နေ့ ည ၆ နာရီအချိန်တွင်မူ စစ်ကိုင်းတောင်ရိုး ဓမ္မာထိက အကျော်အမော်အနီးစခန်းဆရာတော် ဦးပဏ္ဍိတဓမ္မကလည်း ပရိသတ်များ မျက်ရည်မသိမ်းနိုင်လောက်အောင် ဝဋ္ဋာပုံပြင်တို့ကိုဆောင်၍ တရားဓမ္မတို့ကို ဟောပြတော်မူပြန်သည်။



ပဏ္ဍုမြားခေါင်းနဲ့ ရုပ်အလောင်းတော်

## အဂ္ဂိစျာပနကွင်းပြင်သို့

၁၃၂၄ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့ နိဗ္ဗာန်စံကျောင်းတော်မှ အဂ္ဂိစျာပနကျင်းပမည့်နေရာ မြို့ပြင်ဘက်က ပွဲတော်အင်းကွင်းပြင်ကျယ်သို့ ပြောင်းရွှေ့ရမည့်နေ့ ဖြစ်သည်။ နေ့လယ် ၁၂ နာရီမှ စတင်၍ ပြောင်းရွှေ့သော အခမ်းအနား စတင်ကြလေသည်။

အမရပူရ၊ မန္တလေး၊ စစ်ကိုင်း၊ မြစ်ငယ်၊ ကျောက်ဆည် မြို့နယ်အသီးသီးနှင့် ရပ်ဝေးမြို့များမှ အဖွဲ့အသီးသီးတို့ စုပြုံရောက်လာကြသည်။ စာရင်းပေးထားသော အဖွဲ့အစည်းများသည်ပင်လျှင် ၈၁ ဖွဲ့ ရောက်ရှိကြလေ၏။

စာရင်းလွတ်အဖွဲ့အစည်းနှင့် ကျောင်းသူကျောင်းသား လူပရိသတ်တို့

www.burmeseclassic.com



ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို အင်္ဂရာပနကျင်းပ ပွဲစော်ရာ ကွင်းပြင်သို့ ပင့်လာစဉ်

ကား အရေအတွက်ပြည့်ပင် မရေ သိန်း ပေါင်းများစွာ လိုက်ပါလာကြ၏။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မိုးကုတ်မြို့မှ လှူဒါန်းသော အဖိုးအနဂ္ဃထိုက်တန်သည့် ပတ္တမြားခေါင်းတော်တွင် ထည့်၍ တပည့်ကြီးဖြစ်သော ဆရာတော် ဦးနရိန္ဒ ပူဇော်သော နတ်မြင်းပုံယာဉ်တော်ကြီးဖြင့် ပင့်ဆောင်ကြလေသည်။

ဦးစွာ မဂ်လာရိပ်သာမှ မြောက်ကိုသွား၊ လမ်းမရောက်လျှင် အရှေ့ကိုတက်၊ အမရပူရ တရုတ်တန်း လမ်းမကြီးသို့ရောက်၊ ထိုမှ မြောက်ကိုဦးတည်ပြီး လမ်းမကြီးအတိုင်း ခရီးနှင်၊ ဘရုတ်တန်း မြောက်များကိုရောက်။

ထိုမှတစ်ဖန် အနောက်ဘက်ကို လှည့်၊ တောင်မြောက်သွားသော မြို့လယ်လမ်းမတော်ကြီးသို့ရောက်၊ ထိုမြို့လယ်လမ်းမတော်ကြီးအတိုင်း တောင်ဘက်ကိုပြန်လာ၊ မြို့တောင်ဖျားအထိ တရွေ့ရွေ့ ခရီးနှင်၊

ဤလမ်းစဉ်အတိုင်း အမရပူရမြို့အတွင်းပိုင်းမှ လက်ဝဲရစ်၍ ပတ်ပြီး လာခဲ့ကြရာ ယခုအခါ အမရပူရမြို့တောင်ဖျားကို ရောက်လာကြပြီး ယင်းမှတစ်ဆင့် ကျင်းပမည့်ပွဲတော်အင်း ကွင်းပြင်ကျယ်ကြီးသို့ လာခဲ့ကြသည်။

ပရိသတ်ကြီးမှာ မပြင်ဖူး၊ မကြုံဖူး၊ မတွေ့ဖူးလောက်အောင် များပြားလှလေတော့၏။ ဖွေးဖွေးလှုပ်မျှ ဖြစ်နေကြတော့၏။ ယခုလာခဲ့သော နှစ်မိုင်ခွဲခန့် ခရီးတစ်လျှောက်လုံး လမ်းဘေးဝဲယာတွင် ပရိသတ်တွေ အပြည့်အညပ်လက်အုပ်ချီ၍ ပူဇော်ကြိုဆိုနေကြလေ၏။

## ဘာသာဝင်ပေါင်းစုံ ပါဝင်ပူဇော်

ဤသို့ပင့်ဆောင်သော ဂခမ်း အနားတွင် ဗုဒ္ဓဘာသာဝင်တို့သာမက ယူနန်တရုတ် အမျိုးသားများအဖွဲ့မှ တရုတ်နဂါးအက၊ ဟိန္ဒူလူမျိုးများအဖွဲ့က တုတ်သိုင်းအက၊ ရှမ်းအမျိုးသားအဖွဲ့က ရှမ်းသိုင်းအကတို့လည်း ပါဝင်ကြသေးသည်။

ထို့ပြင် အရုဏ်တော်ဝတ်အသင်းများကလည်း ရှေးမှရှေ့ဟန်မပျက် နန်းဆန်ဆန် ရှေ့ဥင်းနောက်ဝင်းများ ခင်းကျင်းလျက်လည်းကောင်း၊ ဓမ္မစကြာ အမျိုးသမီးအဖွဲ့က ဓမ္မစကြာ ရွတ်ဖတ်လျက်လည်းကောင်း လိုက်ပါပူဇော်ကြသည်။


ထို့ပြင် ကျောင်းသားသီးမှ ကျောင်းသားကျောင်းသူများ၊ ရက်ကန်းရုံများမှ အလုပ်သမားအဖွဲ့များ၊ ဆေးလိပ်ရုံအသီးသီးမှ အမျိုးသမီးအဖွဲ့များ စသည်တို့မှာ အလွန့်အလွန် များပြားလှပေ၏။

## ဈာပနကွင်းမှ ရှုခင်းအသွယ်သွယ်

ပူဇော်ပွဲကျင်းပရာ ပွဲတော်အင်းကွင်းပြင်ကြီးမှာ မြေကေပေါင်း ၅၀ ကျော် ကျယ်ဝန်းလေသည်။ ယင်းပွဲခင်းကြီးအလယ်တွင် ကြီးကျယ်ခမ်းနားလှသည့် ၂၄ ခန်း ပတ်လည်ရှိ "ဗဟိုစံကျောင်းတော်ကြီး" တည်ရှိသည်။

ယင်းဗဟိုစံကျောင်းတော်ကြီး၏ ဝဲဘက်တွင် မဏ္ဍပ်ကြီး သုံးလုံး၊ ယာဘက်တွင် မဏ္ဍပ်ကြီး သုံးလုံး တည်ရှိကြသည်။ မဏ္ဍပ်တစ်ခုလျှင် ၁၄ ခန်း ပတ်လည် ကျယ်ဝန်းကြ၏။ ဗဟိုကျောင်းကြီးကို လခြမ်းပုံသဏ္ဌာန် ဝိုင်း၍ တည်ထားကြသည်။

www.burmeseclassic.com



ကမ္ဗာလုံးကြီးကို လှည့်ပတ်နေသော ဒုံးပျံကြီး

တစ်ဖန် ထိုကွင်းကြီးအတွင်း လောင်တိုက်ကြီးတစ်ခုကိုလည်း တည်ဆောက်ထားသေးသည်။ လောင်တိုက်ကြီး၏ရှေ့တည့်တည့်တွင် ငှက်ချေးခံမဏ္ဍပ်(မီးသင်္ဂြိုဟ်ရန် အုတ်ပလ္လင်) တည်ရှိသည်။ ထို့ပြင် နတ်မြင်းပျံသုံးကောင် တပ်ဆင်ထားသော နတ်ရထားကြီးကိုလည်း အနားတွင်ရပ်ထားလေ၏။

## ကမ္ဘာလုံးကြီးနှင့် ဒုံးပျံကြီး

ထိုမှတစ်ပါး လောင်တိုက်ကြီး၏ ခြောက်နားတွင် အမြင့်ပေ ၁၀၀ ခန့်ရှိ စင်ကြီးပေါ်တွင် ရောမ ကမ္ဘာလုံးကြီး တစ်ခုကိုလည်း ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရမည်ဖြစ်၏။ ယင်းကမ္ဘာလုံးကြီးကို အမြီးသုံးခုရှိသော ဒုံးပျံကြီးက အစဉ်မပြတ် လှည့်ပတ်နေသည်ကိုလည်း တွေ့မြင်နေကြရသည်။

ကွင်းပြင်အတွင်းမှ မဏ္ဍပ်တိုင်းမှ ပင် နေရောင်ခြည်အတွင်း ရွှေရောင် တဝင်းဝင်း တလျှပ်လျှပ်၊ ငွေရောင် တဖျတ်ဖျတ်၊ မြရောင်တလုပ်လုပ် အပြိုင်အဆိုင် တောက်ပနေကြလေ၏။

ညဦးပိုင်းတွင် မီးမောင်းကြီးများ၊ ရောင်စုံဆလိုက်မီးများ၊ မီးချောင်းမီးလုံးများ၊ မီးရှူးမီးပန်းများဖြင့် ဝေဆာနေအောင် တန်ဆာဆင်ထားကြသည်။ သစ်ပင်များပေါ်တွင် ရောင်စုံမီးလုံးအသေးကလေးများကိုပါ တင်ထားပြီး ပြိုးပြိုးပြက်ပြက် လင်းလက်စေသည်။

## ညွှန့်ခံမှုနှင့် အလှည့်ကျပူဇော်

ကြွရောက်လာသမျှသော ညွှန့်ပရိသတ်များကို နေ့ပွဲ၊ ညပွဲ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် စုံလင်စွာ မဏ္ဍပ်တိုင်းမှ ညွှန့်ခံဖျော်ဖြေနေကြသည်။ ချပ်နားသည်မရှိ။ ပရိသတ်ကြီးကလည်း များပြားလှပါဘိခြင်း။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို အလှည့်ကျပူဇော်ကြရသည်။ အလှည့်ကျပူဇော်ခွင့်ရသော မဏ္ဍပ်မှ လာကြ၍ တပည့်သံဃာတော်များ ဦးဆောင်ကာ ဒကာ၊ ဒကာမတို့ အသိုင်းအဝိုင်းဖြင့် ပင့်ဆောင်ကြလေသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ရှိနိုက်တွင် ထိုမဏ္ဍပ်၌ အငြိမ့်၊ ရုပ်ရှင်၊ ဇာတ်ပွဲ အတီးအမှုတ်များ မပြုလုပ်ရ။ ဆရာတော်ဘုရားကြီး၏ တရားတိပ်ခွေအသံတော်ကိုသာ ဖွင့်၍ ညွှန့်ခံကြရသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော် အခြားမဏ္ဍပ်သို့ ပြောင်းရွှေ့ကြွရောက် စံတော်မူ၍ ရုပ်ကလာပ်တော် မရှိနိုက်၌သာ အငြိမ့်၊ ရုပ်ရှင်၊ ဇာတ်ပွဲ၊ အတီးအမှုတ်တို့ဖြင့် ညွှန့်ခံခွင့်ရကြလေသည်။

## နောက်ဆုံး မီးသင်္ဂြိုဟ်မည့်နေ့


သက္ကရာဇ် ၁၃၂၄ ခု၊ ပြာသိုလဆန်း ၁၅ ရက် (ပြာသိုလပြည့်နေ့)၊ ၉.၁.၆၃၊ ယင်းနေ့ကား ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို နောက်ဆုံးအနေဖြင့် မီးသင်္ဂြိုဟ်ရမည့် "အဇ္ဈိမ အဂ္ဂိရုပနု"နေ့ကြီး ဖြစ်တော့၏။

ထို့ကြောင့် နောက်ဆုံး အပူဇော်ခံသည့်အနေဖြင့် ယင်းနေ့က မဏ္ဍပ်တိုင်းမှာ လှည့်လည်အပူဇော်ခံတော်မူသည်။ ပရိသတ်ကြီးကား ကွင်းပြည့်ကွင်းလျှံ ဖြစ်နေလေ၏။ နောက်ဆုံးနေ့ ဖြစ်၍ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



မီးသဂြိုဟ်ရာ အုတ်ပလ္လင်ပေါ်တွင် ဓာတ်တော်များ ရှာဖွေနေကြပုံ

သည်။ လွမ်းဆွတ်တသနေသော မျက်နှာအသီးသီးနှင့် ကြွေကျခဲလုလု မျက်ရည်စတွေနှင့်။


အုတ်ပလ္လင်ပေါ်သို့ ရောက်သောအခါ ရုပ်ကလာပ်တော်မှာ ခန္ဓာဝန်ချပြီးသည်နှင့်မတူ၊ သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ ပကတိ ကျိန်းစက်နေသည့်အလား ရှိသည်။ အသားအရေများကလည်း ဖါဝင်းစိုပြည် ပျောင်းပျောင်းနေခဲ့ပင်။

## အန္တိမစျာပန နောက်ဆုံးမီးသဂြိုဟ်ကြခြင်း

မီးမသဂြိုဟ်ရက်ကျသဖြင့် ဝိုင်းအုံဖူးမြော်နေကြလေ၏။ အားမလို အားမရလူတိုင်းပင် စိတ်တွေလှုပ်ရှားနေကြချေပြီ။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မွန်းလွဲ ၁ နာရီအချိန်တွင် ဦးကျော်သိန်း၊ ဒေါ်တင်တင်လှတို့၏ နှံးပုံကြီးနှင့် ကမ္ဘာလုံးစင်ကြီးပေါ်သို့ ပင့်ကြသည်။ ပင့်ရာတွင် နတ်မြင်းပုံကြီးဖြင့် ပင့်ဆောင်တင်ကြ၏။ အဝေးကနေ၍ အမြင့်တွင် ဖူးမြော်ပူဇော်ခံနိုင်ရန်ဖြစ်သည်။

မွန်းလွဲ ၂ နာရီ ၃၀ မိနစ်အချိန်တွင် လောင်တိုက်ကြီးပေါ်သို့ တစ်ဆင့် မီးသဂြိုဟ်ရာ အုတ်ပလ္လင်ကြီးဆီသို့ ပင့်ကြပြန်၏။ ယောဂီများကိုယ်တိုင် ပခုံးအဆင့်ဆင့်ဖြင့် ထမ်း၍ ပင့်ဆောင်ကြလေ၏။

နောက်ဆုံးအနေဖြင့် ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်(မီးရှို့)ပစ်ရပေတော့မည်ဖြစ်၍ ပရိသတ်ကြီး၏ ရင်တွင် နင့်နေကြသည်။ နာကျင်ဆို့နင့်သော ဝေဒနာတို့ကို ကိုယ်စီကိုယ်င ခံစားနေကြရ




လက်ယာဘက်ဖန်ဘူးအတွင်းမှ ဓာတ်တော်များ၌ပွင့် အချို့က ဓာတ်တော်အလုံးကလေးများ ဖြစ်လာပြီး၊ အချို့က ဓာတ်တော်အလုံး မဖြစ်သေးဘဲ အရိုးအတိုင်းကျန်ရှိနေသေးပုံကို ဖူးတွေ့နိုင်ပါသည်။ လက်ဝဲဘက်ဖန်ဘူးအတွင်းတွင်ကား ဆံတော်များ လုံးစုနေသည်ကို ဖူးတွေ့နိုင်ပါသည်။ (ဤဓာတ်ပုံများကို ပြည်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ အတွင်းရေးမှူး ဦးအီတိတ်ထံမှ ရရှိပါသည်။)




www.burmeseclassic.com


www.burmeseclassic.com




ဆရာတော်ဘုရားကြီး၏ မီးမခသော မျက်လုံးတော် တစ်စုံအနက်မှ မီးကုတ်မြို့တွင် ကျန်ရှိနေသော မျက်လုံးတော်ပုံ



ဆရာတော်ဘုရားကြီး၏ ဆံတော်များ လုံးစုနေပုံ



ဆရာတော်ဘုရားကြီး၏ မီးမခသော အံပွားတော်



ဆရာတော်ဘုရားကြီး၏ အရိုး၊ အသွေး၊ အသားတော်တို့မှ ဖြစ်ပေါ်လာသော ဓာတ်တော်များ

...၍ပင် မဝအောင် ဖြစ်နေကြသည်။ ဤသို့ဖြင့် သတ်မှတ်ထားသော အချိန် ...င် အနည်းငယ်မျှ ကြန့်ကြာသွားလေ ...၏ ဤအတိုင်း ပိုင်းအုံကြည့်ရှု ဖူးမြော် ...ကြ၍လည်း မဖြစ်သေး။

အဘယ့်ကြောင့်ဆိုသော် "ဤ ...ပ်ကလာပ်တော်ကို မီးမသင်္ဂြိုဟ်ဘဲ ဆေးစိမ်၍ ပြတိုက်တွင်ထားပြီး ကိုးကွယ်ကြမည်။ ထို့ကြောင့် မီးရှို့ခါနီးတွင် လုယူကြမည်။ အုံနဲ့ကျင်းနဲ့ အသင်းဖွဲ့ပြီး လုယူကြမည်"ဟု ကြံစည်နေကြသော တပည့်အချို့ကလည်း ရှိနေပြန်သေးသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ဤဘေးရန်ကို ကာကွယ်နိုင်ရန် မီးသင်္ဂြိုဟ်ရာ အုတ်ပလ္လင်တော်ကို (က) သံယာတော်များတစ်ထပ်၊ (ခ) မီးသတ်ရဲဘော်များတစ်ထပ်၊ (ဂ) ပြည်သူ့ရဲများတစ်ထပ်၊ ပေါင်းသုံးထပ် ရံပတ်၍ အစောင့်အကြပ်များ ချထားရလေ၏။

ထို့နောက်တွင် ရုပ်ကလာပ်တော်ကို နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်တို့ဖြင့် ဖုံးလွှမ်းလိုက်ကြ၏။ စေတီကြီးလို မို့မောက်လာအောင် နံ့သာထင်း၊ နံ့သာ



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းနေ
သည့်ကလည်း
နံ့သာထင်းများကို
မီးစွဲလောင်
နေကြသော်လည်း
ရုပ်ကလာပ်တော်ကို
မီးမလောင်ဘဲ
ဖြစ်နေပြန်သည်။
ဖန်ပေါင်းချောင်အတွင်း
ထင်းထင်းကြီး
မြင်ရသလို
မီးတောက်ကြီးများ
အတွင်း
ရုပ်ကလာပ်တော်ကို
စင်းစင်းကြီး
ဖူးတွေ့နေကြရသည်။
နာရီဝက်
ကျော်အောင်ပင်
ဖူးတွေ့နေကြရလေ၏။

တုံးတို့ဖြင့် ဖုံးလွှမ်းလိုက်ကြလေ၏။ ဓေတာပတ်များကိုလည်း ပက်ဖျန်းလေ၏။ ထို့နောက် မီးတင်ရှို့၏။ မီးမစွဲမလောင်ဘဲ ဖြစ်နေသည်။

ဘာ့ကြောင့်ပါနည်း။ စဉ်းစားကြရသည်။ သို့ဖြစ်၍ ရဟန်းတော်တစ်ပါးက ဓာတ်ဆီပုံးကြီးယူလာပြီး ပက်ဖျန်းသည်။ ထို့နောက် မီးရှို့လိုက်လေရာ ဝုန်းခနဲ အသံကြီးမြည်ပြီး မှိုင်းလုံးကြီးသာ ထွက်လာ၏။ မီးကား မတောက်။

ဤသို့လျှင် မီးစွဲအောင် အမျိုးမျိုး ကြိုးစားကြစဉ် မထင်မှတ်ပါဘဲ ဝုန်းခနဲ မီးထ၍တောက်လေ၏။ အနံ့အပြား မြိုင်မြိုင်ဆိုင်ဆိုင် မီးစွဲလောင်လေတော့၏။

## ထူးဆန်းခြင်းနှင့် အံ့ဩဖွယ်

တစ်ဖန် ထူးဆန်းနေသည်က လည်း နံ့သာထင်းများကို မီးစွဲလောင်နေကြသော်လည်း ရုပ်ကလာပ်တော်ကို မီးမလောင်ဘဲ ဖြစ်နေပြန်သည်။ ဖန်ပေါင်းချောင်အတွင်း ထင်းထင်းကြီး မြင်ရသလို မီးတောက်ကြီးများအတွင်း ရုပ်ကလာပ်တော်ကို စင်းစင်းကြီး ဖူးတွေ့နေကြရသည်။ နာရီဝက်ကျော်အောင် ပင် ဖူးတွေ့နေကြရလေ၏။

နောက်တော့မှ တဖြည်းဖြည်း မီးစွဲလောင်လာသည်။ မီးစွဲလောင်လာသော်လည်း ရုပ်ကလာပ်တော်မှာ တွန့်ခြင်း ရှုံ့ခြင်းမရှိ ပကတိနေမြဲအတိုင်း မီးစွဲအလောင်ခံတော်မူသည်။

မီးစွဲလောင်သော်လည်း ညှော်နံ့များမထွက်၊ မကောင်းသော အနံ့အသက်များလည်း မပေါ်။ မွှေးကြိုင်သော အနံ့တို့ဖြင့်သာ ရှာပနကွင်းကြီးတစ်ခုလုံး ပြန့်နေလေတော့၏။ အံ့ဩဖွယ်ရာပင်တည်း။

ထိုအချိန်က လေငြိမ်နေပါ၏။ အုတ်ပလ္လင်မှ တက်သော မီးခိုးလုံးတို့သည် ရုံးစုသွားပြီးလျှင် အထက်ကောင်းကင် အဇဋာသို့ တစဉ်တတန်းကြီး ထိုးတက်သွားကြလေသတည်း။

အထောင်မကာ၊ အသောင်းမကာ၊ အသိန်းမက ဝိုင်းအုံကြည့်ရှု ဖူးမြော်နေကြသော ပရိသတ်ကြီး၏ ရင်တွင်းမှာကား မချိကြလေပြီတည်း။ မျက်ဝန်းအစုံများသည်ကား ပြိုတော့မည့်မိုးလို ဖြစ်တည်နေကြလေပြီ။ ငိုကြွေးသူတို့သည်လည်း ရှိုက်ကြီးတငင်ပါတည်း။

မီးသင်္ဂြိုဟ်ထားသော အုတ်ပလ္လင်တစ်ခုတည်းဆီသို့ ဝိုင်းအုံငေးမော၊ တသသဖြစ်နေကြရင်း အောက်ပါသဘောမျိုး သံဝေဂတင် ဆင်ခြင်နေကြလိမ့်မည်ဟု ထင်မိပါသတည်း။

**"အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား။ တိမ်တစ်ခဲနက်၊ ကြည့်ရင်းပျက်သို့၊ မျက်စိအောက်တွင်၊ ပျောက်လွင့်စဉ်၏။ သခါရစက်၊ သူ့ပိုင်နက်၌၊ သွက်သွက်လည်ကာ၊ ပါရှာသည်၊ ခန္ဓာအနိစ္စပါတကား။ ဖြစ်တာ ပျက်ဖို့ပါတကား . . ."**

**စိုးစိုး(တာမွေ)**



www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်ဝိပဿနာအဖွဲ့ကြီး

### သန်းဝင်း(ဘကျ)

မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချပြီးနောက် ၁၇ ရက်အကြာတွင် ဤအဖွဲ့ကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်သည်။

**အချိန်မှာ** - ၁၃၂၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ဖြစ်သည်။

**နေရာဌာနမှာ** - ရန်ကုန်မြို့ ဆင်းခွစ်လမ်း(ဗိုလ်ရာညွန့်လမ်း)၊ အမှတ် (၃၃)၊ ဦးသံဒိုင် + ဒေါ်တင်တင်တို့၏ နေအိမ်တွင် ဖြစ်သည်။

**တည်ထောင်ဖွဲ့စည်းသည့် ရည်ရွယ်ချက်မှာ** - (၁) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားစဉ်ဒေသနာများကို (မန္တလေး၊ အမရပူရ၊ မိုးကုတ်မြို့ရှိ) အဖွဲ့များနှင့် တိုင်ပင်ကြ၍ ကဏ္ဍခွဲခြားကြမည်၊ ဟောကြားပြီး တရားခွေများ ရသမျှ စုဆောင်းမည်။

ပြီးလျှင် တာရှည်ခံနိုင်အောင် စာအုပ်စာတမ်းဖြစ်စေ၊ ဓာတ်ပြားဖြင့်ဖြစ်စေ၊ အမျိုးအစားကောင်းသော (တိပ်ခွေ)ဖြင့်ဖြစ်စေ ကူးယူထားရန်။ (ထိုစဉ်က တိပ်ရီကော်ဒါကြီးတွေသာ ပေါ်သေး၏။ ထိုတိပ်ခွေမျိုးကိုသာ ရည်ရွယ်ပြောခြင်း ဖြစ်သည်။)

(၂)(က) တရားစဉ်ဒေသနာနှင့် လုပ်ငန်းစဉ်များကို ပြည်တွင်း၌ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ ဖွင့်လှစ်ဟောကြားရန်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများ ဝေငှရန်။



မိုးကုတ်ဝိပဿနာမေ္မရိပ်သာအဖွဲ့ချုပ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာနာစရိယ ဆရာတော်များ (ဝဲမှယာသို့)
ဆရာတော် ဦးဃောသိတ၊ ဆရာတော် ဦးဇနိတာလင်္ကာရ၊ ဆရာတော် ဦးဓမ္မသာရ

(ခ) မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားဒေသနာများကို စာအုပ်အဖြစ် ရိုက်နှိပ်ရန်နှင့် အဖိုးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေရန်။

(ဂ) တရားစဉ်များ၌ စိတ္တာနုပဿနာလုပ်ငန်းစဉ်ကို နိုင်ငံခြားဘာသာများဖြင့် ပြန်ဆိုပြီးလျှင် စာအုပ်ရိုက်နှိပ်၍ ပြည်ပသို့ပို့ဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုရန်။

ဤရည်ရွယ်ချက် (၃)မျိုးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အဦးဆုံးအနေဖြင့် အစည်းအဝေးခေါ်လိုက်သည်။ လူပေါင်း ၈၀ ကျော် တက်လာကြသည်။

တက်လာကြသော ပုဂ္ဂိုလ်များမှာ စောစောကပင် ဆရာတော်ဘုရားကြီး၏ တရားတိပ်ခွေတွေကို နာယူကြည်ညိုနေကြသူများနှင့် ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးသူများ ဖြစ်ကြသည်။

ဦးသံဒိုင်၏တိုက်၌ ညနေ ၃ နာရီအချိန် လူစုံသောအခါ အစည်းအဝေးစတင်ကျင်းပကြသည်။ အထက်ဖော်ပြပါအတိုင်း ရည်ရွယ်ချက်များကို ရှင်းပြသည်။


ထို့နောက် ယင်းအဖွဲ့အစည်းမှ အောက်ပါအတိုင်း "အလုပ်အမှုဆောင်အဖွဲ့"အဖြစ် ရွေးကောက်တင်မြှောက်ကြလေ၏။

### အလုပ်အမှုဆောင်အဖွဲ့

(၁) ဥက္ကဋ္ဌ-ဦးအောင်ဇံဝေ (ဝန်ကြီးဟောင်း)၊ (၂) ဒု-ဥက္ကဋ္ဌ-မြန်အောင်ဦးတင်(ဝန်ကြီးဟောင်း)၊ (၃) ဒု-ဥက္ကဋ္ဌ-ဦးသံဒိုင် (ဦးဘိုးငြိမ်းကုမ္ပဏီ)၊ (၄) အတွင်းရေးမှူး-ဦးဘသောင်း(စတီးဘရားသားကုမ္ပဏီ ကိုယ်စားလှယ်)၊ (၅) ငွေထိန်း-ဦးသန်းမောင်(ကျားပျံမကောက်)။

### အဖွဲ့ဝင်ပုဂ္ဂိုလ်များ

(၁) ဗုဒ္ဓဝင်ဆရာထွန်း(မေ့ကာထိက)၊ (၂) ဦးသာဒင် (အငြိမ်းစားအမြဲတမ်းခွန်မင်းကြီး)၊ (၃) ဦးထွန်းရင်



မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီးများ (ဝဲမှယာသို့)
ဆရာတော် ဦးဃောသိတ၊ ဆရာတော် ဦးဓမ္မသာရ၊ ဆရာတော် ဦးဇနိတာလင်္ကာရ



www.burmeseclassic.com

www.burmeseclassic.com

(ဓာတ်လောကီ)၊ (၄) ဦးချန်ထွန်း (မြန်မာ့ချစ်ခွေကုမ္ပဏီ)၊ (၅) ဦးဘအေး (ပုလိပ်မင်းကြီးဟောင်း)၊ (၆) သခင်ဝတင်(ကုန်သည်)၊ (၇) ဦးမြ(မြန်မာကုမ္ပဏီ)၊ (၈) ဦးချစ်မောင် (ပိုးထည်ကုမ္ပဏီ)၊ (၉) ဦးညွှန့်(ဆန်းကုမ္ပဏီ)၊ (၁၀) ဦးဖေအောင် (ဦးဖေအောင်ကုမ္ပဏီ)၊ (၁၁) ဦးအောင်ချို (ကျောက်ကုန်သည်၊ စထရင်းဟိုတယ်)၊ (၁၂) ဦးသိန်းလွင် (ကျောက်ကုန်သည်၊ မိုလ်ချုပ်ဈေး)၊ (၁၃) ဝိုင်,အမ်,ဘီ,အေမှ ကိုယ်စားလှယ်တစ်ဦး။ (၁၄) ဦးညွှန့် (ဟန်ဇား)၊ (၁၅) ဦးထွန်းအောင် (ရှမ်းမြန်မာ ကုမ္ပဏီ)တို့ ဖြစ်ကြပါသည်။

## မိုးကုတ်ဝိပဿနာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်မြို့ ဆင်းဒွစ်လမ်း (မိုလ်ရာညွှန့်လမ်း)၊ အမှတ်(၃၃)၊ ဦးသံဒိုင်၏ နေအိမ်၌ပင် ၁၃၂၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ အင်္ဂါနေ့တွင် ကျင်းပပြုလုပ်သည်။

အစည်းအဝေးအစီအစဉ်အရ -

(၁) ဆရာတော်ဘုရားကြီးအား ဆက်အုပ်ခိုး၍ ရှိခိုးကြရန်။

(၂) အတွင်းရေးမှူးက နှစ်ချုပ်အစီရင်ခံစာ ဖတ်ကြားရန်။

(၃) နှစ်ချုပ်ရှင်းတမ်းကို ဆွေးနွေးကြရန်။

(၄) အမှုဆောင်သစ် ဖွဲ့စည်းရေးကိစ္စကို စဉ်းစားကြရန် ဟူ၍ဖြစ်သည်။

ဤစခန်းသို့ ရောက်သောအခါ သဘာပတိဖြစ်သော ဦးအောင်ဇံဝေက ဤသို့တင်ပြသည်။

**မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကဆရာတော်ကြီးများ**



ဆရာတော် ဦးအဂ္ဂဉာဏ



ဆရာတော် ဦးကစ္စာယန




ဆရာတော် ဦးစန္ဒာဝရာဘိဝံသ



ဆရာတော် ဦးပညိန္ဒ

(က) ဦးသံဒိုင်သည် ဤမိုးကုတ်ဝိပဿနာအဖွဲ့ကို သက်ဦးပထမ စတင်တည်ထောင်သူဖြစ်သည်ကတစ်ကြောင်း။


(ခ) ဆရာတော်ဘုရားကြီး၏ တရားတော်တွေကို ရန်ကုန်မြို့၌ အဖွဲ့မဖွဲ့ခင်ကပင် ဟိုနေရာ သည်နေရာ အနှံ့အပြား လိုက်လံဖွင့်လှစ်ပေးခြင်းကိစ္စကို အပတ်တကုတ် ကြိုးစားသူဖြစ်သည်က တစ်ကြောင်း။

(ဂ) ဤရွှေ ဤမျှ ဂို့ဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ အတွင်းရေးမှူး ဦးကျော်ညွန့်

သော အချိန်ကာလအတွင်းမှာ ယခုကဲ့သို့ တိုးတက်လာအောင် ငွေအား လူအားနှင့် အချိန်ပြည့်ပေး၍ ဆောင်ရွက်သူဖြစ်သည်က တစ်ကြောင်း။

ယင်းအကြောင်းတို့ကြောင့် ဥက္ကဋ္ဌနေရာကို ငဲ့စားလျှင် ဦးသံဒိုင်သည် အသင့်လျော်ဆုံးသောပုဂ္ဂိုလ်ဖြစ်ကြောင်း အကြံညာဏ်ပြုပါသည်။

ယင်းအဆိုပြုချက်ကို မြန်အောင်ဦးတင်က ထောက်ခံ၍ အားလုံးက သဘောတူကြသည်။ တစ်ဆက်တည်းပင် မြန်အောင်ဦးတင်က ဦးသံဒိုင်အား "ငွေထိန်းတာဝန်"ကိုပါ ယူရန် အဆိုပြုသဖြင့် ဦးသံဒိုင်က လက်ခံရပါတော့သည်။ ဆက်လက်၍ ဒု-ဥက္ကဋ္ဌတာဝန်များနှင့် အဖွဲ့သစ်ကို ဖွဲ့စည်းသည်။

နာယကကြီးများမှာ -

(၁) ဦးအောင်ဇံဝေ (ဝန်ကြီးဟောင်း)၊ (၂) ဦးမာဒင် (ဟင်္သာတ)၊ (၃) ဦးသန်းမောင် (ကျားပျံ)၊ (၄) ဒေါ်ခင်မြို့ (ကျောင်းအမကြီး)။

(၁) ဥက္ကဋ္ဌ-ဦးသံဒိုင် (ဦးဘိုးငြိမ်းကုမ္ပဏီ)၊ (၂) ဒု-ဥက္ကဋ္ဌ-မြန်အောင်ဦးတင်(ဝန်ကြီးဟောင်း)၊ (၃) ဒု-ဥက္ကဋ္ဌ-ဦးအောင်ချို (ကျောက်ကုန်သည်)၊ (၄) ငွေထိန်း-ဦးသံဒိုင် (ဦးဘိုးငြိမ်းကုမ္ပဏီ)၊ (၅) အတွင်းရေးမှူး-ဦးဘသောင်း(စတီးဘရားသားကုမ္ပဏီ ကိုယ်စားလှယ်)။

အမှုဆောင်အဖွဲ့ဝင်လူကြီး ၁၉ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။


## ကိုယ်ပိုင်မြေနေရာ ရှာကြခြင်း

အဖွဲ့အစည်း တည်ထောင်စဖြစ်၍ အဖွဲ့တည်ရာဌာနနှင့် ဓမ္မာရုံမရှိသေးချေ။ တရားဟောရာဌာန လိုအပ်နေပေသေးသည်။ သို့ဖြစ်၍ ရွှေတိဂုံစေတီတော်ကြီး တောင်ဘက် အလယ်ပစ္စယံ၌ရှိသော အဘွားသဲနုဇရပ်ကို အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံရလေတော့၏။

အသုံးပြုခွင့်ရသဖြင့် အဘွားသဲနုဇရပ်၌ စတင်၍ တရားပွဲများ ကျင်းပကြသည်။ ဆရာတော်ဘုရားကြီး၏



နာယကကြီး၊ ကျောင်းအမကြီး ဒ [illegible]



ယခုလက်ရှိ ဥက္ကဋ္ဌကြီး ဦးအောင်ကျော်

တရားတိပ်ခွေများကို ဖွင့်ပြသည်။

ထို့ပြင် ဗုဒ္ဓဝင်ဆရာထွန်း၊ ရတနာပုံ ဆရာချစ်၊ ဦးရွှေထူး စသော ပုဂ္ဂိုလ်တို့ကလည်း တရားချီးမြှင့်ပေးကြပါသည်။

တစ်ပတ် တစ်ပတ် ပရိသတ်တွေ များ၍ များ၍လာကြရာ ဓမ္မာရုံမဆံ့အောင် ဖြစ်ရပါတော့သည်။ ကျယ်ဝန်းသောနေရာတစ်ခုရှိဖို့လိုအပ်လာတော့၏။

ထိုအချိန်တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သော အမြဲတမ်းခွန်မင်းကြီးဟောင်း ဦးသ... ဒင်က ပြောလာသည်မှာ -

"ကျွန်တော်တို့ အမြဲတမ်းခွန်ဓမ္မာ... ကြီးမှာ ကျယ်ဝန်းပါသည်။ သို့ရာတွ... မပြီးစီးသေးပါ။ နောက်ထပ် ကျပ်ခန့်... သောင်းဖို့ခန့် ဖြည့်စွက်၍ မွမ်းမံပါလျှ... ပြီးစီးသွားနိုင်ပါသည်။ ပြီးစီးလျှင် အလို... ရှိသလို အသုံးပြုပါ"

ဤကိစ္စ အများက သဘော... ညီကြရာ ငွေအား ထပ်မံဖြည့်စွက်လျက် ဆောက်လုပ်ကြရာ မကြာမီ ပြီးစီးသွာ...



www.burmeseclassic.com

www.burmeseclassic.com

တော့၏။ ထို့နောက် ၁၉၆၅ ခုနှစ် (သုံးနှစ်ခြောက် နှစ်ပတ်လည်အမီ) ရွှေတိဂုံခြောက်ဘက်မုခ် အနီးတွင်ရှိသော အမြတ်ခွန်ဓမ္မာရုံသို့ ပြောင်းရွှေ့နိုင်ခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၃၂၇ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ခရစ်နှစ် ၁၉၆၅ ခု၊ မေလ ၁၅ ရက်နေ့တွင် ရိပ်သာဟောင်း ဘွားသဲနုဇရပ်မှ ရိပ်သာသစ် အမြတ်ခွန်ဓမ္မာရုံသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ပြီးလျှင် ၁၀ ရက်စခန်းများ ဖွင့်ကြ၏။ သာသနာတော်ပြန့်ပွားရေးအတွက် ဘက်စုံ ထောင့်စုံမှဆောင်ရွက်ကြသည်။

အမြတ်ခွန်ဓမ္မာရုံ၌ လေးနှစ်မျှအထိ ဖြစ်လေ၏။ ၁၉၆၉ ခုနှစ်အတွင်း ရောက်ခဲ့လေပြီ။

အမြတ်ခွန်ဓမ္မာရုံဆိုင်ရာ ပုဂ္ဂိုလ်တို့က "ဓမ္မာရုံထိန်းသိမ်းအုပ်ချုပ်ရေးကို ပြန်လည်အပ်နှံပါ" ဟူ၍ ဆိုလာကြတော့၏။ သို့ဖြစ်၍ "ကိုယ်ပိုင်နေရာ သီးသန့်ရှိဖို့ လိုအပ်လာပြီ" ဟု သိလိုက်ကြလေတော့၏။ ထိုအခါမှစ၍ မြေနေရာ ရှာကြလေတော့သည်။

မိုးကုတ်ဝိပဿနာအဖွဲ့အနေဖြင့် ကိုယ်ပိုင်မြေနေရာ ရှာဖွေနေချိန်တွင် အငြိမ်းစားသံအမတ်ကြီး ဦးကြင်နှင့် ဒေါ်မြမေတို့က (သူတို့နှင့်ကပ်လျက်ရှိသော) နတ်မောက်လမ်း၊ အမှတ်(၈၂) (ယခုခြံကြီး)ကို ပိုင်ဆိုင်သူတို့က ရောင်းလိုကြောင်း သတင်းပေးလာသည်။

သို့ဖြစ်၍ အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်သော ဦးမြင့်နှင့် ကြည့်မြင်တိုင် ထီးတန်းမှ သဘာဝဓမ္မဆရာတော်တို့ သွားရောက်ကြည့်ရှုကြလေ၏။

## ကိုယ်ပိုင်မြေနေရာ ရချေပြီ

ကြည့်ရှုလေ့လာခဲ့ကြသော ဝင်းခြံကြီးကလည်း ကျယ်ပြန့်၊ ကုန်းမြင့်ယောင်ယောင်လည်းဖြစ်၊ သွားရေးလာရေးလည်း လွယ်ကူ၊ အဆောက်အအုံကြီးကလည်း ကြီးမား၊ နတ်မောက်လမ်းမကြီးနှင့်လည်း ခပ်လှမ်းလှမ်းဖြစ်၍ တိတ်ဆိတ်ငြိမ်သက်၊ အဘက်ဘက်မှ အဆင်ပြေ၍ သဘောတူကြသည်။

ဝယ်ယူဖို့ ဆုံးဖြတ်ကြသည်။ ထို့နောက် ခြံကြီးနှင့် ပတ်သက်သော အမွေဆိုင်(၁၉)ဦးနှင့် ညှိနှိုင်းကြပြီး ရှေ့နေရှေ့ရပ်တို့ဖြင့် အစီအစဉ်ပြုလုပ်သည်။

"၁၉၆၉ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိလျှင် ထိုရက်နောက်ပိုင်း၌ အရောင်းအဝယ်ပြုလုပ်ကြမည်" ဟု ကြေညာခဲ့သည်။ ကန့်ကွက်သူမရှိ၍ အရောင်းအဝယ်ဖြစ်ကြသဖြင့် ယခုလက်ရှိ မြေနေရာကြီးကို "မိုးကုတ်ဝိပဿနာအဖွဲ့ပိုင်" အနေဖြင့် ရရှိလိုက်လေတော့၏။ သက္ကရာဇ် ၁၃၃၁ ခုနှစ်၊ ဒုတိယဝါဆိုလ၊ ခရစ်နှစ် ၁၉၆၉ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပါသတည်း။

## ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ကြီး ရပ်တည်နေပုံ

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ချုပ်ကြီးတွင် ဖွဲ့စည်းပုံအရ ဟောပြောမှုများဘက်၌···

(၁) ကမ္မဋ္ဌာနာစရိယ ဆရာတော်များ။ (၂) အရန် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ။ (၃) အဖွဲ့ချုပ်ခန့် ရဟန်းဓမ္မကထိကများ။ (၄) အဖွဲ့ချုပ်ခန့် လူပုဂ္ဂိုလ် ဓမ္မကထိကများ။ (၅) မြို့နယ်ခန့် ရဟန်းဓမ္မကထိကများ။ (၆) မြို့နယ်ခန့် လူပုဂ္ဂိုလ်ဓမ္မကထိကများ။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လူပုဂ္ဂိုလ်များဘက်၌လည်း···

(၁) နာယကပုဂ္ဂိုလ်ကြီးများ။ (၂) အလုပ်အမှုဆောင်လူကြီးများ။ (၃) အဖွဲ့ဝင်လူကြီးများ ဟူ၍ ရှိကြလေသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂-၃-၄ ရက်နေ့များတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ (စုံညီဓမ္မသဘင်) ညီလာခံကြီးကျင်းပကြသည်။

ထိုအချိန်တွင် တစ်နိုင်ငံလုံး၌ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲပေါင်း ၁၆၂ ခု ရှိလေပြီ။ ရဟန်းဓမ္မကထိက၊ လူဓမ္မကထိကပေါင်း ၅၀ ကျော် တက်ရောက်လာကြသည်။

ဤနည်းအားဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ခဲ့ကြရာ ၁၉၉၅ ခုတိုင်အောင် ဥက္ကဋ္ဌကြီး ဦးအောင်ကျော်နှင့် အတွင်းရေးမှူး ဦးကျော်ညွန့်တို့ ဦးဆောင်လျက်ရှိကြပါသည်။

၁၉၉၈ ခုနှစ် အမှုဆောင်အဖွဲ့၏ အဆိုအရ မြန်မာပြည်အနှံ့ အဖွဲ့ခွဲပေါင်း ၂၆၉ ဖွဲ့ ရှိနေပြီ။ အဖွဲ့ချုပ်အသိအမှတ်ပြု ဓမ္မကထိကဆရာတော်ပေါင်း ၉၈ ပါး၊ ဓမ္မကထိကလူပေါင်း ၃၆ ဦးမှ အနယ်နယ်အရပ်ရပ် ဖွင့်လှစ်ထားသော မိုးကုတ်ဝိပဿနာတရားစခန်းများ၌ ဟောကြားပြသလျက် ရှိသည်ဟူ၏။

သန်းဝင်း(ဘဏ်)



www.burmeseclassic.com

www.burmeseclassic.com

# “ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ” အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရသက်သိရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေနံ့ပေါ်ချောင်းချောင်းရွာ သာသနာပြုပုဂ္ဂိုလ် ပဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ ရောက်ရှိပြီး တောရဂုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ် တော်သလင်းလဆန်း ၁ ရက်(၂၅-၈-၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄-၁၀-၁၉၉၉) တနင်္ဂနွေနေ့တွင် ့လသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ပောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ် တော်သလင်းဆန်း ၁ ရက်(၁-၉-၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇-၃-၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် မာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈-၃-၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဟာကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄-၁-၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆-၁၀-၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀-၁-၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်မြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ သုံးရေအတွက် အဝီစိတ်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ


| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |


www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော်ဦးယောသိတ

## (သာသနဓဇသိရီပဝရ ဓမ္မာစရိယ)

## ဟောကြားတော်မူသော

# ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်တရားတော်

• ဆရာဝေယံဦး

သက္ကရာဇ် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလထုတ်ဝေသော မနုစာရီမဂ္ဂဇင်းတွင် ဆောင်းပါးရှင် ခင်မြန်မာ၏ ပဋိစ္စသမုပ္ပါဒ်နှင့် သံသရာကထွက်နည်း ဆောင်းပါးကို ဖတ်ရှုမိပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ်တရားတော်ဖြစ်သော ဝိပဿနာတရားတော်မြတ်ကြီးကို ရှုမှတ်ရန် ၁၇၉၂ ကြိမ်ဟောကြားတော်မူခဲ့သောကြောင့် ဝိပဿနာရှုမှတ်သော ယောဂီအပေါင်း သိသင့်သိထိုက်သည်ဟု စာရေးသူ ခင်မြန်မာ ဖော်ပြချက်ကို ဖတ်ရှုပြီး ကျွန်ုပ်ရင်ထဲတွင် ဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို အလွယ်တကူ ရှင်းရှင်းလင်းလင်း နားလည်အောင် စာဖတ်ပရိသတ်အားလုံးကို တင်ပြလိုသောစိတ် အကြိမ်ကြိမ်ဖြစ်ရသည်။ တစ်နေ့မှာ စာရေးသူညီမ ဒေါ်အေးအေးမူ နေထိုင်သော ရန်ကင်းတိုက်ခန်းသို့ အလည်သွားရာ စာအုပ်လေးတစ်အုပ် ရရှိခဲ့ပါသည်။ ဆရာတော် ဦးယောသိတ(သာသနဓဇသိရီပဝရ ဓမ္မာစရိယ) ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်တရားတော်ကို စာရေးသူ ဖတ်ကြည့်သည်။ မူလတန်းကလေးများကို စာသင်ပေးသလို သင်ပေးဟောကြားထားသည်မှာ ဗုဒ္ဓတရားတော် အခြေခံရှိသူတွေအဖို့ နားလည်လွယ်လိမ့်မယ်လို့ ထင်မိပါသည်။ မိုးကုတ်ဝိပဿနာတရားစခန်းဝင်ကြသော ယောဂီများသည် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာကို သဘောပေါက်ကြသော်လည်း တရားစခန်းမဝင်ရောက်နိုင်သူများအဖို့ နားလည်သဘောပေါက်ရန် ဓမ္မဒါနအနေဖြင့် စာရေးသူဆန္ဒ ဖြစ်ရပါသည်။ ၎င်းပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်ဆရာတော်သည် ၁၃၅၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၁၄ · ၁၀ · ၁၉၈၉) နံနက်တွင် ဦးမောင်(ဗဟိုတရားရုံးရှေ့နေကြီး)၊ ဇနီးဒေါ်ခင်ခင်သွင်(ဗဟိုတရားရုံးရှေ့နေကြီး)တို့က ဆရာတော်ဦးယောသိတ(မိုးကုတ်ဝိပဿနာ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)ကို ပင့်၍ ဆွမ်းကပ်ရာ၌ အလှူရှင်တို့၏ တောင်းဆိုချက်အရ ဆရာတော်က ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို နားလည်သဘောပေါက်ရန် မြန်မာတစ်နိုင်ငံလုံးက ယောဂီပုဂ္ဂိုလ်များ ဖတ်ရှုပြီး လေ့လာပွားများရန်သာ စာရေးသူ စိတ်ထက်သန်မှု ရှိခဲ့သည်။ ဆရာတော်၏ ဟောပြောချက်ကို တိကျစွာ ဖတ်ရှုနိုင်အောင် မူရင်းကို ရေးသားတင်ပြလိုက်ရပါသည်။

သတ္တဝါတွေဟာ ၃၁ ဘုံလောကကြီးအတွင်းမှာ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ မဆုံးနိုင်အောင် ထပ်ပြန်တလဲလဲ ဖြစ်နေကြရတယ်။ အဲဒီလိုဖြစ်နေကြတာဟာ အကြောင်းမဲ့တော့ မဟုတ်ဘူး။ အကြောင်းရှိပါတယ်။ အကြောင်းတရားတွေရှိသောကြောင့် အကျိုးတရားတွေ ဖြစ်နေကြတယ်။ အဲဒီသဘောတရား ဖြစ်နေပုံကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်လို့ ဟောမိန့်တော်မူပါတယ်။


ပဋိစ္စဆိုတာ အကြောင်း၊ သမုပ္ပါဒ်ဆိုတာ အကျိုး = အကြောင်းတရားကြောင့် အကျိုးတရားတွေဖြစ်တယ်ပေါ့။

www.burmeseclassic.com


အခိပ္ပာယ်ရတယ်။ အဲဒါကို ဒါယကာ၊ ဒါယိကာမတွေ နားလည်လွယ်အောင် မိုးကုတ်ဆရာတော်ဘုရားကြီးက စက်ဝိုင်းကြီးရေးပြီး ပြပါတယ်။ စက်ဝိုင်းကြီး လည်နေသလို၊ စက်ဘီးကြီးလည်နေသလို သတ္တဝါတွေလည်း ၃၁ ဘုံအတွင်း လည်ပတ်နေရသည့်ဟန် ဟောပြတော်မူပါတယ်။

အဲဒီ စက်ဝိုင်းအကြောင်းကို ဦးစွာပထမ သင်ပြရပါမယ်။ စိတ်ကူးနဲ့ ပိတ်ဖြူကားချပ်ကြီး ထောင်လိုက်ကြစမ်းပါ။ အဲဒီ ပိတ်ဖြူကားချပ်ကြီးအပေါ်မှာ စက်ဝိုင်းကြီးတစ်ခု အကြီးကြီးဝိုင်းလိုက်ကြစမ်းပါ။ ဝိုင်းပြီးပြီဆိုရင် အဲဒီစက်ဝိုင်းကြီး၏ အပေါ်ထိပ် အလယ်ကောင်တည့်တည့်ကနေပြီး အောက်စက်ဝိုင်းနှုတ်ခမ်းရောက်သွားအောင် မျဉ်းတစ်ကြောင်းဆွဲချလိုက်။ နောက်တစ်ခါ ဒါယကာ၊ ဒါယိကာမတို့ဘက်ကနေကြည့်ရင် အဲဒီစက်ဝိုင်းကြီးရဲ့ လက်ဝဲဘက်ဆိုတာ တွေ့မယ်။ အဲဒီ လက်ဝဲဘက် အလယ်ကောင်တည့်တည့်ကနေပြီးတော့ လက်ယာဘက် စက်ဝိုင်းနှုတ်ခမ်းအရောက် ပေါက်သွားသည့်တိုင်အောင် မျဉ်းတစ်


ပုံ(၁)




ပုံ(၂)




ပုံ(၃)



ပုံ(၄)



ပုံ(၅)




ကြောင်းထပ်ပြီး ကန့်လန့်ဖြတ်ဆွဲလိုက်ပါဦး။ အဲဒီလို စက်ဝိုင်းကြီးထဲမှာ မျဉ်းနှစ်ကြောင်း ကန့်လန့်ဖြတ် ကြက်ခြေခတ်ဆွဲလိုက်တော့ အကွက်ကြီးလေးကွက် ပေါ်လာမယ်။

အဲဒီအကွက်ကြီး လေးကွက်ရှိတဲ့ အနက်က ဒါယကာ၊ ဒါယိကာမတို့ ဘက်ကနေကြည့်ရင် လက်ယာဘက်က အထက်ပိုင်းအကွက်ကို တွေ့ပါလိမ့်မယ်။ အဲဒီအကွက်ကို နံပါတ်(၁)လို့ ဂဏန်းထိုးလိုက်။ လက်ယာဘက်အောက်ပိုင်း အကွက်ကို နံပါတ်(၂)လို့ထိုး။ တစ်ဖန် လက်ဝဲဘက်အောက်ပိုင်းက အကွက်ကို နံပါတ်(၃)ထိုး။ ပြီးတော့ လက်ဝဲဘက်အထက်ပိုင်း အကွက်ကို နံပါတ်(၄)ထိုးလိုက်။ ပုံ(၅)အတိုင်း ဖြစ်လာမယ်။


အကွက်များ၌ ဆိုင်ရာအင်္ဂါတွေ ထည့်မယ်။ နံပါတ်(၁)အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါနှစ်လုံးထည့်မယ်။ အဝိဇ္ဇာနဲ့ သင်္ခါရ။ နံပါတ်(၂)အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါငါးလုံးထည့်မယ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ နံပါတ်(၂)အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါသုံးလုံးထည့်မယ်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ နံပါတ်(၄)အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါနှစ်လုံးထည့်မယ်။ ဇာတိနဲ့ ဇရာမရဏ။

(၁)အကွက်က နှစ်လုံး၊ (၂)



www.burmeseclassic.com

www.burmeseclassic.com




အကွက်က ငါးလုံး။ (၃)အကွက်က သုံးလုံး။ (၄)အကွက်က နှစ်လုံး ပေါင်းလိုက်ရင် ၁၂ လုံးရတယ်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးပဲ။ အဲဒီ ၁၂ ပါးရဲ့ အဓိပ္ပာယ်ကို အကြမ်းစား ပြောပေးထားဦးမယ်။

## အင်္ဂါ ၁၂ ပါး အဓိပ္ပာယ်အကျဉ်း

(၁)အကွက်ထဲက အဝိဇ္ဇာဆိုတာ မသိတတ်တဲ့သဘော။ ဘာမသိတာလဲဆိုရင် သစ္စာလေးပါးဆိုင်ရာ မသိတာ၊ အရကောက်ရင် မောဟပေါ့။ သင်္ခါရဆိုတာ ပြုလုပ်တတ်တဲ့သဘော၊ သင်္ခါရသုံးမျိုးရှိတယ်။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ အရောက်ရင် စေတနာ (၂၉)ပါး။

နံပါတ်(၂)အကွက်ထဲက ဝိညာဏ်ဆိုတာ စိတ်ကလေးပဲ။ ဘဝတစ်ခုမှ အဦးဆုံးစပြီးဖြစ်တဲ့ စိတ်ပေါ့။ ပဋိသန္ဓေစိတ်လို့ခေါ်တယ်။ ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ကလေး။

နာမ်ရုပ်ဆိုတဲ့နေရာမှာ နာမ်က တစ်ပုဒ်၊ ရုပ်ကတစ်ပုဒ်လေး။ နာမ်ဆိုတာက အခုနက ပဋိသန္ဓေစိတ်ကလေးနဲ့ တွဲပြီး အတူတကွဖြစ်တဲ့ စေတသိက်တွေပဲ။ နာမ်ဆိုတာ စေတသိက်တွေကို အရကောက်မယ်။ ခန္ဓာနဲ့ပြောရင် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတွေပေါ့။ ဒီတော့ ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ဆိုတဲ့ နာမ်တရား။ နာမ်ဆိုတာကလည်း ပဋိသန္ဓေစိတ်နဲ့ တွဲဖက်ဖြစ်တဲ့ စေတသိက်တွေ။ နာမ်တရားပဲ။ ရုပ်ဆိုတာကတော့ ဝိညာဏ်တို့၊ နာမ်ရုပ်ဆိုတဲ့ နာမ်တရားတွေ မှီခိုဖို့ရာ ရုပ်ပဲ၊ အမှီခံပေါ့။ (၂)အကွက်ထဲမှာ ဝိညာဏ်နာမ်ရုပ်ဆိုတဲ့ နာမ်တရားရယ်၊ ရုပ်ဆိုတဲ့ ရုပ်တရားရယ် ဒီနှစ်မျိုးပေါ်လာတယ်။

(၁)အကွက်ထဲက အကြောင်းတရား အစွမ်းသတ္တိတွေကြောင့် ဒီ(၂)အကွက်ထဲမှာ နာမ်နဲ့ရုပ် ပေါ်ပေါက်လာရတာ။ အဲဒီလိုနဲ့ တရွေ့ရွေ့ ကြီးရင့်လာတဲ့အခါ ဒီကိုယ်ကာယမှာ (မျက်စိ၊ နား။ နှာခေါင်း။ လျှာ) လေးခုပေါ်ပေါက်လာပြီး ထပ်တိုးလာတယ်။ ဒီတော့ လက်ရှိကာယနဲ့ ပေါင်းလိုက်တော့ ငါးခုဖြစ်သွားတာပေါ့။ အဲဒါ ရုပ်တွေချည်းပဲ။

ဝိညာဏ်ဆိုတာ စိတ်ပဲ။ စစချင်းဖြစ်ပေါ်လာတဲ့စိတ်ကို ပဋိသန္ဓေစိတ်ခေါ်တယ်။ နောက်ထပ်၍ ထပ်၍ ဖြစ်လာတဲ့စိတ်တွေကျတော့ ပဝတ္တိစိတ်လို့ခေါ်တယ်။ အဲဒီစိတ်ပါပေါင်းလိုက်တော့ ခြောက်မျိုးဖြစ်ပေါ်လာတယ်။ အဲဒီခြောက်မျိုးကို သဠာယတနလို့ခေါ်တယ်။

သဠ-ဆိုတာ ခြောက်၊ အာယတန-ဆိုတာ တည်ရာဌာန။ သဠ+အာယတနဆိုတော့ တည်ရာခြောက်ခု အဓိပ္ပာယ်ရတယ်။ တည်ရာဌာနခြောက်ခုဆိုတာ ဘယ်ဟာတွေလဲ။ မျက်စိ၊ နား။ နှာခေါင်း။ လျှာ၊ ကိုယ်၊ စိတ်တွေပဲ။ ရှေ့ကိုသွားတော့ ဖဿ၊ ဖဿဆိုတာ ခတ်ထိခိုက်မှုသဘော။ ရှေ့ကိုသွားမယ်။ ဝေဒနာ၊ ဝေဒနာဆိုတာ ခံစားမှုသဘော၊ ခန္ဓာထဲမှာ ဉာဏ်နဲ့ တွေ့ထိတဲ့ဝေဒနာကို ပြောတာ။ ဝေဒနာသုံးမျိုးရှိတယ်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။ မျက်စိနဲ့ မမြင်ရတဲ့ နာမ်တရားတွေပဲ။

## နံပါတ်(၃)အကွက်က အဓိပ္ပာယ်များ

နံပါတ်(၃)အကွက် တဏှာဆိုတာ လိုချင်မက်မောမှု ဥပါဒါန်ကျတော့



www.burmeseclassic.com

www.burmeseclassic.com

စွဲလမ်းမှု၊ စွဲလမ်းမှုဆိုတာ သိပ်ပြီးလိုချင်တာ။ လိုချင်မှု အသေးစားကို တဏှာ၊ လိုချင်မှုအကြီးစားကို ဥပါဒါန်၊ ကမ္မဘဝဆိုတာ ဖြစ်ရအောင် အားထုတ်တာ။ ကမ္မဘဝကလည်း သုံးမျိုးရှိတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံပဲ။ ဒီတော့ ဘာနဲ့သွားတူသလဲဆိုရင် တွေ့ခဲ့တဲ့ (၁) အကွက်ထဲက သင်္ခါရနဲ့ သွားတူတယ်။ ဟိုတုန်းက ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဆိုတာနဲ့ အခု ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာ အတူတူပဲ။ အရကောက်တော့ စေတနာ ၂၉ ပါးကိုပဲ ကောက်ရမယ်။ သဘောတူတယ်။ အချိန်ကာလအားဖြင့် မတူကြပါဘူး။ လွန်လေပြီးသော အတိတ်ကာလက ဖြစ်ခဲ့တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို သင်္ခါရလို့ခေါ်တယ်။ ယခုမျက်မှောက်ဘဝမှာ ဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကမ္မဘဝလို့ခေါ်တယ်။

နံပါတ်(၄)အကွက်ကို သွားမယ်။ ဇာတိဆိုတာ ဖြစ်ပေါ်ခြင်း။ ဘာတွေဖြစ်ပေါ်သလဲဆိုရင် ရုပ်နဲ့နာမ်။ အကျယ်ချဲ့ရင် ခန္ဓာငါးပါးဖြစ်ပေါ်တာ။ ခန္ဓာဆိုတာ အစုအဝေးနော်။ အခု ဒါယကာ၊ ဒါယိကာမတွေ ငုတ်တုတ်ထိုင်နေတာ ခန္ဓာငါးပါးကြီးနဲ့ ထိုင်နေကြတာ။ ခန္ဓာငါးပါးကြီး ဖြစ်ပေါ်လာတာ ပါဠိလို ဇာတိ၊ အကျဉ်းချုပ်ပြောရင် ရုပ်နာမ်နှစ်ပါးဖြစ်ပေါ်တာ။ ရှေ့သွားမယ်၊ ဇရာမရဏ။ ဇရာဆိုတာ အိုတာ၊ မရဏဆိုတာ သေတာ။ ခန္ဓာငါးပါးကြီး အိုတာ၊ ခန္ဓာငါးပါးကြီး သေတာ။ ဒါက ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် ၁၂ ပါးရဲ့ အဓိပ္ပာယ်အကြမ်းပဲ။ ဒီ ၁၂ ပါးအပြင် အကျိုးဆက်တရားတွေက သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ငါးပါးပဲ။ အင်္ဂါ ၁၂ ပါးရဲ့ အကျိုးဆက်တွေပါပဲ။ အနာဂါမ် ရဟန္တာတို့ဆိုလျှင် သောကပရိဒေဝ စသည် မဖြစ်တော့ဘူး။ အင်္ဂါ ၁၂ ပါးကတော့ လူတိုင်းဖြစ်ရတဲ့ တရားပဲ။

**အကြောင်းကြောင့် အကျိုးဖြစ်ရ**

အင်္ဂါ ၁၂ ပါးကို စဉ်တန်းထားပါ။ နံပါတ်(၁)အကွက်ကစပြီး အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရတယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရတယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ရတယ်။ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရတယ်။ သဠာယတနကြောင့် ဖဿဖြစ်ရတယ်။ ဖဿကြောင့် ဝေဒနာဖြစ်ရတယ်။ ဝေဒနာကြောင့် တဏှာဖြစ်ရတယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်ရတယ်။ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ရတယ်။ ကမ္မဘဝကြောင့် ဇာတိဖြစ်ရတယ်။ ဇာတိကြောင့် ဇရာမရဏဖြစ်ရတယ်။ ရှေ့ဘက်က အကြောင်းတွေကြောင့် နောက်ဘက်က အကျိုးတွေ ဖြစ်ရတယ်။ အဲဒီလို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ရပ်ကို စက်ဝိုင်းထဲမှာ သူ့အကွက်နဲ့သူ စီတန်းထားပြီးတော့ အသွယ်ရှစ်သွယ်အားဖြင့် ခွဲခြမ်းစိတ်ဖြာဝေဖန်တော့မယ်။

ဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးထဲမှာ ပါဝင်တဲ့ ကာလသုံးပါး။ အင်္ဂါ ၁၂ ပါး ခြင်းရာ ၂၀ အစပ်သုံးစပ်၊ အလွှာသုံးလအား၊ ဝဋ်သုံးပါးနဲ့ မူလနှစ်ဖြာ ပါနေတယ်။ ပဋိစ္စသမုပ္ပါဒ် စာသားကို

ဘဝနှစ်မျိုးရှိတယ်တဲ့။
ဖြစ်အောင်လုပ်တဲ့ဘဝနဲ့
ဖြစ်ရတဲ့ဘဝ။
ဖြစ်အောင်လုပ်တဲ့ဘဝဆိုတာ
ကမ္မဘဝ၊
ဖြစ်ရတဲ့ဘဝဆိုတာ
ဥပပတ္တိဘဝ။
ကမ္မဘဝဆိုတာ အကြောင်း။
ဥပပတ္တိဘဝဆိုတာ အကျိုး။
ကမ္မဘဝက မျိုးစေ့နဲ့တူ၊
ဥပပတ္တိဘဝက အပင်နဲ့တူတယ်။
မြင်သာအောင်ထပ်ပြောရရင်
ကုသိုလ်ပိုင်းဆိုင်ရာမှာ
ယနေ့ပြုလုပ်အားထုတ်တဲ့
ဒါနစေတနာ၊ သီလစေတနာ
မျိုးစေ့တွေဟာ ကမ္မဘဝတွေပဲ။
အဲဒီစေတနာတွေကြောင့်
နောင်ဘဝ၊ နောင်ကာလတို့မှာ
စည်းစိမ်ဥစ္စာပေါများခြင်း၊
ကောင်းတဲ့ သုဂတိဘဝတွေ
ရခြင်း စတဲ့ အကျိုးတွေဟာ
ဥပပတ္တိဘဝတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး သစ္စာသဘောတရားတို့ကို ခွဲခြားပြပါဦးမယ်။ အဲဒါပါထည့်မှ အသွယ်ရှစ်သွယ်ပြည့်မယ်။ (၁)အကွက်ထဲက အဝိဇ္ဇာနဲ့ (၃)အကွက်ထဲက တဏှာကို မူလနှစ်ဖြာလို့ ခေါ်တယ်။ မူလဆိုတာ အမြစ်လို့ အဓိပ္ပာယ်ရတယ်။ ဝဋ်လည်ဖို့ရာ သူတို့က စတာ။ သူတို့က မူလဘူတအမြစ်အရင်းပဲ။ သူတို့က သမုဒယသစ္စာတွေပဲပေါ့။ နောက်တစ်ခန်းကူးမယ်။ (၁)အကွက်ထဲက အဝိဇ္ဇာနဲ့ သင်္ခါရ ရှိတယ်။ အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ။ မသိဘဲနဲ့ ပြုလုပ်တာ။ မသိဘဲနဲ့ လုပ်တယ်ဆိုရင် အမှားက များတယ်။ အဲဒီအမှားတွေဟာ အကျိုးတရားပဲ။ ဒီအဝိဇ္ဇာနဲ့ သင်္ခါရက အမှားအကျိုးတွေဖြစ်စေတဲ့ အကြောင်းတရားပေါ့။ သူတို့ကို သစ္စာအားဖြင့် နာမည်ပေးရအောင်။ **သမုဒယသစ္စာပဲ။** သမုဒယသစ္စာဆိုတာ မကောင်းကျိုးဖြစ်စေတဲ့ မကောင်းကြောင်းတရားကို ပြောတာ။

## ဒုက္ခသစ္စာ

ရှေ့ကိုသွားမယ်။ (၂)အကွက်ထဲမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ငါးမျိုးဟာ အကျိုးတရားတွေပဲ။ (၁)အကွက်က အကြောင်းတရား။ (၂)အကွက်က အကျိုးတရား။ (၁)အကွက်ကြောင့် (၂)အကွက်ဖြစ်ရတာ။ (၂)အကွက်က ငါးမျိုးကို **ဒုက္ခသစ္စာ** နာမည်ပေးလိုက်။ အဲဒီငါးမျိုးဟာ ဆန္ဒငါးပါးတွေပဲ။

## သမုဒယသစ္စာပေါ်လာ

ရှေ့သွားမယ်။ (၃)အကွက်ထဲမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝရှိတယ်။ တဏှာ-လိုချင်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်၊ ကမ္မဘဝက အားထုတ်တယ်၊ မကောင်းတဲ့အကြောင်းတွေပဲ။ သစ္စာက **သမုဒယသစ္စာပဲပေါ့။**

## သမုဒယကြောင့် ဒုက္ခတွေဖြစ်ရပြန်

နံပါတ်(၄)အကွက်က ဇာတိနဲ့ ဇရာမရဏ၊ မကောင်းကျိုး-သစ္စာက **ဒုက္ခသစ္စာ၊** နံပါတ်(၃)အကွက်က မကောင်းကြောင်း။ နံပါတ်(၄)အကွက်က မကောင်းကျိုး။

## သစ္စာအားဖြင့်နှစ်မျိုးသာ

ဒီတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ရပ်မှာ သစ္စာအားဖြင့် စိစစ်ကြည့်ရင် နှစ်မျိုးပဲရှိတယ်။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ။

## အလွှာအားဖြင့် လေးလွှာပါရှိ

ကဲ…ရှေ့တစ်ခန်းသွားမယ်။ (၁)အကွက်ထဲက နှစ်မျိုးက အတိတ်အကြောင်းတစ်လွှာ၊ အတိတ်ကာလက ဖြစ်ခဲ့တဲ့ တရားတွေ၊ အကြောင်းလည်း အကြောင်းတရား။ နံပါတ်(၂)အကွက်ထဲက ငါးမျိုးကတော့ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ သူတို့က ပစ္စုပ္ပန်လည်းဖြစ်၊ အကျိုးတွေလည်း ဖြစ်တယ်။ နံပါတ်(၃)အကွက်က ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ ပစ္စုပ္ပန်လည်းဖြစ်၊ အကျိုးတွေလည်းဖြစ်တယ်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ဖြစ်တယ်။ နံပါတ်(၄)အကွက်က ဇာတိ၊ ဇရာမရဏ၊ သူတို့က အနာဂတ်အကျိုးတစ်လွှာ ဆိုရမယ်။ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ ပေါင်းလေးခုအလွှာ ဆိုထားတယ်။

## အင်္ဂါအားဖြင့် တစ်ဆယ့်နှစ်ပါး

ရှေ့ကိုသွားမယ်။ ဒီပဋိစ္စသမုပ္ပါဒ်ထဲမှာပါတဲ့ (၁၂)မျိုးပါပဲ။ အကန့်အကန့်နဲ့ သူ့အကွက်နဲ့ရေတွက်ပြရင် (အဝိဇ္ဇာ-သင်္ခါရ။ ဝိညာဏ်၊ နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ။ တဏှာ-ဥပါဒါန်-ကမ္မဘဝ။ ဇာတိ-ဇရာမရဏတို့ဖြစ်တယ်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့က ကိုယ်ထည်မဟုတ်ဘူး။ အကျိုးဆက်တွေ။

## အကြားအစပ်အားဖြင့် သုံးစပ်

အစပ်သုံးပါးဆိုတာ (၁)အကွက်နဲ့ (၂)အကွက် အကြားထဲမှ တစ်စပ်၊ (၂)အကွက်နဲ့ (၃)အကွက် အကြားထဲမှ တစ်စပ်၊ (၃)အကွက်နဲ့ (၄)အကွက် အကြားထဲမှ တစ်စပ်၊ ပေါင်း သုံးစပ်။ သူတို့က သဘောမတူတော့ ပေါင်းလို့မရဘူးလေ။ ဒါ့ကြောင့် ကြားထဲမှာ အစပ်ဖြစ်နေတာပေါ့။

## မူလအစ

ရှေ့သွားတော့ နှစ်ရပ်မူလ၊ နှစ်ရပ်မူလဆိုတာ အစပိုင်းက ဆိုခဲ့တဲ့ မူလနှစ်ဖြာနဲ့ အတူတူပါပဲ။ အစပိုင်းက ကောက်ခဲ့တဲ့ (၁)အကွက်ထဲက အဝိဇ္ဇာနဲ့ (၃)အကွက်ထဲက တဏှာကို ကောက်

www.burmeseclassic.com

လိုက်ရုံပဲ။ သင်္ဂြိုဟ်တွင် "ဒွေမူလနိစ ဝေဒိတဗ္ဗာနိ"ဟုသာ ဆို၏။ မူလနှစ်ဖြာ ပါသည်ဟုသာဆို၏။ သို့မဟုတ် လက်ာ တွင် မူလနှစ်ဖြာကို စ၍မဆိုနှင့်၊ လုံးဝ ချန်ထားခဲ့။ သစ္စာနှစ်ခုက စ၍ဆို။ ဤ သို့ပြုပြင်ဆိုပါလျှင် သစ္စာနှစ်ခု၊ လေးခု အလျှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရား ကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝင့်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက် မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ် ကြောင်းတည်းဟု ဖြစ်လာသည်။ အထူး မှာလိုသည်က စက်ဝိုင်းကြီးအလယ် ကောင် စက်ဝိုင်းကလေးအတွင်းက အဝိဇ္ဇာနှင့် တဏှာကို သွားပြီးမကောက် ရ။ အလယ်ကောင်စက်ဝိုင်းကလေး အတွင်း၌ အဝိဇ္ဇာနှင့် တဏှာကို ရေး ပင်မရေးခဲ့။ အင်္ဂါ(၁၂)ပါးမျှသာရေးပြီး အသွယ်ရှစ်သွယ်ဖြင့် ဝေဖန်ပြနေခြင်း ဖြစ်သည်။

## ဝင့်အားဖြင့် သုံးဖြာ

ရေးသွားသော ဝင့်သုံးဝ၊ ဝင့်ဆို တာ "ဝဋ"ဆိုတဲ့ ပါဠိကလာတာ။ "ဝဋ" လုံးတယ်၊ လည်တယ်၊ လှည့်တယ်၊ ပတ်တယ်၊ ဝိုင်းတယ်၊ ခွေတယ်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီဝင့်ဟာ သုံးပါး ရှိတယ်။ (၁)အကွက်အနားသတ် အပြာ ပတ်ကြီးထဲမှာ ကိလေသဝင့်သုံးပါး ရေး ထားတယ်။ ဘယ်သူတွေလဲဆိုရင် (၁) အကွက်က အဝိဇ္ဇာ၊ (၃)အကွက်က တဏှာ၊ ဥပါဒါန်တို့ဖြစ်တယ်။ ကိလေ သဆိုတာ ညစ်နွမ်းစေတာ၊ သတ္တဝါတွေ ရဲ့စိတ်တို့ကို ညစ်နွမ်းအောင် လုပ်ပြီး တော့ ဘဝသံသရာထဲလှည့်တာ။ နောက် တစ်မျိုးက ကမ္မဝင့်၊ အဲဒီဝင့်က နှစ်ပါး။ (၁)အကွက်အနားသတ် အပြာကြီးထဲ မှာ ကမ္မဝင့်နှစ်ပါးလို့ ခေါင်းစီးရေးထား တယ်။ (၁)အကွက်ထဲက သင်္ခါရနဲ့ (၃) အကွက်ထဲက ကမ္မဘဝတို့ ဖြစ်တယ်။ ဒါကို သိစေချင်လို့ ကြိုးကလေးနဲ့ သွယ် တန်းပြထားတယ်။ အဲဒီ ကမ္မဆိုတာက ပြုလုပ်တာ၊ အလုပ်လုပ်တာ၊ အကျိုး ပေးဖို့ရန် အလုပ်လုပ်တာ။ အလုပ်လုပ် တာ ဆိုတော့ အကြောင်းတရားပေါ့။ အကြောင်းတရားမျိုးစေ့သဖွယ် ဖြစ် တယ်။ ပစ္စုပ္ပန်ကာလလည်းဖြစ်တယ်။ အရကောက်ရင် စေတနာ ၂၉ ပါး အကုသိုလ်စိတ် ၁၂ ပါးထဲက စေတနာ ၁၂ ပါး၊ မဟာကုသိုလ်စိတ် ရှစ်ပါး၊ ရှိတဲ့ စေတနာရှစ်ပါး၊ ရူပကုသိုလ်စိတ် ငါးပါးရှိတဲ့ စေတနာငါးပါး၊ အရူပ ကုသိုလ်စိတ်လေးပါးရှိတဲ့ စေတနာလေး ပါး၊ ပေါင်း ၂၉ ပါး၊ စာသုံးအနေနဲ့ စေတနာပေါင်း တစ်ခုယုတ် သုံးဆယ် လို့ခေါ်ကြတယ်။ အဲဒီ စေတနာ ၂၉ ပါးဟာ သူ့ဘုံ သူ့ဌာန အားလျော်စွာ အကြောင်းတရားမျိုးစေ့သဖွယ်အဖြစ်နဲ့ အကျိုးပေးပေးပြီးတော့ ဘဝသံသရာထဲ လည်အောင်လှည့်တယ်။

## ဝိပါကဝင့် ရှစ်ပါး

အဲဒီနောက် ဝင့်ကတော့ ဝိပါက ဝင့်၊ ဝိပါကဆိုတာ အကျိုးပေးပဲ။ အကျိုး ပေးအနေနဲ့ ဘဝသံသရာထဲ လှည့်တာ။ နံပါတ်(၄)အကွက် အနားသတ်အပြာ ကြီးထဲမှာ ဝိပါကဝင့်ရှစ်ပါးလို့ ခေါင်းစီး ရေးထားတယ်။ အဲဒါ ရှစ်ပါးက ဘယ်သူ တွေလဲဆိုရင် ကျန်တဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တွေပဲပေါ့။ ကိလေသဝင့်သုံးပါး၊ ကမ္မဝင့်နှစ်ပါး နုတ်ပြီး (ငါးလုံးနုတ်ယူပြီး) ကျန်တဲ့ ခုနစ်လုံး (၂)ကွက်အထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနာ၊ ဖဿ၊ ဝေဒနာငါးလုံးနဲ့ (၄)အကွက်ထဲက ဇာတိ၊ ဇရာမရဏ ဆိုတဲ့ နှစ်လုံး ပေါင်း ခုနစ်လုံးပေါ့။ ဝိပါကဝင့် ရှစ်ပါး ရေးထား တယ်။ အဲဒီတော့ နောက်မှတိုးလာတဲ့ ဥပပတ္တိဘဝပါ ထည့်ရေတွက်က ရှစ်ပါး ပြည့်ပြီ။

## ဘဝဆိုတာ နှစ်မျိုးနှစ်စား

နောက်မှတိုးလာတဲ့ ဥပပတ္တိဘဝ ဆိုတာကို ဖြေမယ်။ ပဋိစ္စသမုပ္ပါဒ်ပါဠိ တော်မှာ အဝိဇ္ဇာ၊ ပစ္စယာ၊ သင်္ခါရာ၊ သင်္ခါရ၊ ပစ္စယာ၊ ဝိညာဏံ၊ ဝိညာဏ၊ ပစ္စယာ၊ နာမရူပံ၊ ပေ၊ တဏှာပစ္စယာ၊ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ-ဘဝေါတဲ့။ ကမ္မ ဘဝေါလို့ မဆိုဘူး။ အဓိပ္ပာယ်က ဥပါ ဒါန်ကြောင့် ဘဝဖြစ်တယ်တဲ့။ အဘိဓမ္မာ ဆိုင်ရာ ဝိဘင်းပါဠိတော်ကြီးမှာ အကျယ် ချဲ့ဟောထားတယ်။

ဘဝေါတိ အတ္ထိ ကမ္မဘဝေါ၊ အတ္ထိ ဥပပတ္တိ ဘဝေါ···တဲ့။

ဘဝနှစ်မျိုးရှိတယ်တဲ့။ ဖြစ်အောင် လုပ်တဲ့ဘဝနဲ့ ဖြစ်ရတဲ့ဘဝ။ ဖြစ်အောင် လုပ်တဲ့ဘဝဆိုတာ ကမ္မဘဝ၊ ဖြစ်ရတဲ့ ဘဝဆိုတာ ဥပပတ္တိဘဝ။ ကမ္မဘဝဆို တာ အကြောင်း။ ဥပပတ္တိဘဝဆိုတာ အကျိုး။ ကမ္မဘဝက မျိုးစေ့နဲ့တူ၊ ဥပပတ္တိဘဝက အပင်နဲ့တူတယ်။ မြင် သာအောင်ထပ်ပြောရရင် ကုသိုလ်ဗိုင်း ဆိုင်ရာမှာ ယနေ့ပြုလုပ်အားထုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒါနစေတနာ၊ သီလစေတနာ မျိုးစေ့တွေဟာ ကမ္မဘဝတွေပဲ။ အဲဒီစေတနာတွေကြောင့် နောင်ဘဝ၊ နောင်ကာလတို့မှာ စည်းစိမ်ဥစ္စာပေါ်များခြင်း၊ ကောင်းတဲ့ သုဂတိဘဝတွေရခြင်း စတဲ့ အကျိုးတွေဟာ ဥပပတ္တိဘဝတွေပဲ။ အကုသိုလ်ပိုင်းဆိုင်ရာမှာ ပါဏာတိပါတ၊ အဒိန္နာဒါန စတဲ့ အကုသိုလ်စေတနာမျိုးစေ့တွေဟာ အနာဂတ်ကာလမှာ ဒုဂ္ဂတိဘဝ ရောက်ရခြင်း၊ အပါယ်လေးပါးဆင်းရဲခြင်းကိုရတဲ့ အကျိုးတွေဟာ ဥပပတ္တိဘဝတွေပဲ။ ကမ္မဘဝက ယခုပြုလုပ်တာဆိုတော့ ပစ္စုပ္ပန်ကာလ၊ ဥပပတ္တိဘဝဆိုတာက နောက်မှဖြစ်ပေါ်လာရတာမို့ အနာဂတ်ကာလပဲ။ တရားကိုယ်ကောက်ရင် ကမ္မဘဝအတွက် စေတနာ ၂၉ ပါးကို ကောက်၊ အကြောင်းတရားမျိုးစေ့တွေပေါ့။ ဥပပတ္တိဘဝအတွက်ကျတော့ မျိုးစေ့ကြောင့် ပေါ်ပေါက်လာရတဲ့ အပင်ကို ကောက်။ အကျိုးတရားတွေပေါ့။ အကျိုးတရားတွေဆိုတာ ဝိပါက်စိတ် ၃၂ ပါးဆိုင်ရာစေတသိက်တွေ။ ပြီးတော့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေကိုပါ ကောက်ယူရမယ်။

## ဘဝကြီး ၉ ပါး မှတ်သားဖွယ်

နည်းတော့လည်း ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညာ နာသညာဘဝ၊ ဧကဝေါကာရ၊ စတုဝေါကာရ၊ ပဥ္စဝေါကာရ ဆိုတဲ့ ဘဝကြီးကိုးပါးကိုကောက်။ အချုပ်အားဖြင့် ဟောဒီနံပါတ်(၃)အကွက်ရှိဘဝဆိုတဲ့ နေရာမှာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ အကြောင်းဘဝနဲ့ အကျိုးဘဝလို့ နှစ်မျိုးရှိတယ်။ အဲဒီလိုနေကြရာမှာ ယခု အကြောင်း အကြောင်းသတ်သတ်၊ အကျိုး အကျိုးသတ်သတ် အုပ်စုတွေ ဖွဲ့ကြမယ်။

နံပါတ်(၃)အကွက်ထဲက အဝိဇ္ဇာနဲ့ သင်္ခါရတို့က အတိတ်လည်းဖြစ်၊ အကြောင်းလည်းဖြစ်လို့ တစ်အုပ်စု တစ်လှောနေ။

နံပါတ်(၂)အကွက်ထဲက ငါးမျိုးက ပစ္စုပ္ပန်လည်းဖြစ်၊ အကျိုးလည်းဖြစ်လို့ တစ်အုပ်စု တစ်လှောနေ။

နံပါတ်(၃)အကွက်ထဲကျတော့ အကုန်မတူကြတော့ဘူး။ တဏှာနဲ့ ဥပါဒါန်တို့ကတော့ ပစ္စုပ္ပန်လည်းဖြစ်၊ အကြောင်းလည်းဖြစ်ကြလို့ တူကြပါရဲ့။

## ဥပပတ္တိဘဝ ဘယ်ကရောက်လာသလဲ

ဘဝကျတော့ နှစ်မျိုးကွဲသွားပြီ။ တစ်မျိုးသော ကမ္မဘဝက ပစ္စုပ္ပန်လည်းဖြစ်၊ အကြောင်းလည်း ဖြစ်တယ်။ နောက်တစ်မျိုးသော ဥပပတ္တိဘဝကျတော့ အနာဂတ်လည်းဖြစ်၊ အကျိုးလည်းဖြစ်တယ်ဆိုတော့ မတူကြတော့ဘူး။ အဲဒါကြောင့် နံပါတ်(၃)အကွက်မှာ ပစ္စုပ္ပန်လည်းဖြစ်၊ အကြောင်းလည်းဖြစ်တဲ့ဘဝကို ယူရမယ်ဆိုတော့ ဘဝနှစ်မျိုး ကမ္မဘဝကိုသာ ယူရတော့မယ်။ အဲဒီလိုယူလိုက်တော့ ဒီနံပါတ်(၃)အကွက်မှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝလို့ ဖြစ်လာတော့တာပေါ့။ အဲ…ဥပပတ္တိဘဝကိုတော့ သူက အနာဂတ်လည်းဖြစ်၊ အကျိုးလည်းဖြစ်တဲ့အတွက် သူ့နဲ့ လိုက်ဖက်ရာ နံပါတ်(၄)အကွက်ကို ပို့လိုက်တယ်။ ကဲ…ဒီလိုဆိုရင် ဥပပတ္တိဘဝကလေး ဘယ်ကရောက်လာသလဲဆိုတာ ပေါ်မလား။ အစတုန်းက နံပါတ်(၃)အကွက်ထဲ နေခဲ့တယ်။ ဘာ့ကြောင့် နံပါတ်(၄)အကွက်သို့ အပို့ခံရတယ်ဆိုတာ ပေါ်မလား။ အေး…အဲဒီလို နံပါတ်(၄)အကွက်သို့ ရောက်လာတဲ့ ဥပပတ္တိဘဝပါ ထည့်ပြီးတွက်လိုက်တော့ ဝိပါကဝဋ်ရှစ်ပါး ပြည့်သွားတယ်။ အဲဒီလို (၂)အကွက်က ငါးလုံး၊ (၄)အကွက်က ဇာတိ၊ ဇရာ မရဏ နောက်တိုး ဥပပတ္တိဘဝပဲပေါ့။

## ကာလအားဖြင့် သုံးဖြာ

ရှေ့သွားသော ကာလသုံးဖြာ (၃)အကွက်ထဲက အဝိဇ္ဇာနဲ့ သင်္ခါရက လွန်လေပြီးသောအတိတ်ကာလ၊ (၂)အကွက်ထဲက ငါးလုံးနဲ့ (၃)အကွက်ထဲက သုံးလုံး ပေါင်းရှစ်လုံးက ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ (၄)အကွက်ထဲက ဇာတိနဲ့ ဇရာမရဏ နှလုံးက နောင်ဖြစ်လာမယ့် အနာဂတ်ကာလ။

## အခြင်းအရာနှစ်ဆယ်

ရှေ့သွားလိုက်တော့ ခြင်းရာနှစ်ဆယ်တဲ့။ (၁)အကွက်ထဲမှာ အနီရောင်နဲ့ ခေါင်းစီးရေးထားတယ်၊ အတိတ်အကြောင်းအခြင်းအရာ ငါးပါးတဲ့။ အဲဒီအကွက်ထဲကြည့်လိုက်တော့လည်း နှစ်ပါးပဲတွေ့ရတယ်။ အဝိဇ္ဇာနဲ့ သင်္ခါရပဲ။ အနီ့ ဘာလို့ ငါးပါးရေးထားသလဲဆိုတော့ ဆွေမျိုးတွေပါ ထည့်ပြီးရေတွက်ထားတာ။ ဆွေမျိုးတွေက ဘယ်သူတွေ

www.burmeseclassic.com

လဲဆိုတော့ အဝိဇ္ဇာရဲ့ ဆွေမျိုးတွေက (၃)အကွက်ထဲက တဏှာ၊ ဥပါဒါန်၊ သင်္ခါရရဲ့ ဆွေမျိုးက (၃)အကွက်ထဲက ကမ္မဘဝ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) ဆွေမျိုးတွေကို နောက်မှ ရှာဖွေရမယ်။

ပြီးတော့ (၂)အကွက်ထဲမှာ အနီရောင် ခေါင်းစီးနဲ့ ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါးရေးထားတယ်။ အဲဒါက လွယ်တယ်။ (၂)အကွက်ထဲမှာ ရှိကြတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ငါးမျိုးပေါ့။ ပြီးတော့ (၃) အကွက်ထဲက အနီရောင်ခေါင်းစီးနဲ့ ရေးထားတာက ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါးတဲ့။ သူ့အကွက်ထဲမှာ သုံးပါးပဲ တွေ့ရတယ်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။ ဒါဖြင့် ဘာလို့ ငါးပါး ရေးထားသလဲ သိနေတယ်လေ။ ဆွေမျိုးတွေ ပါနေပြီပဲ။ ဘယ်သူတွေလဲဆိုတော့ (၃)အကွက်ထဲက တဏှာ၊ ဥပါဒါန်တို့ရဲ့ ဆွေမျိုးက (၁)အကွက်ထဲက အဝိဇ္ဇာ၊ (၃)အကွက်ထဲက ကမ္မဘဝရဲ့ဆွေမျိုးက (၁)အကွက်ထဲက သင်္ခါရပဲ။ အဲဒီလို စုစည်းထားလို့ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ(။

နောက်ဆုံး (၄)အကွက်ထဲမှ အနီရောင်နဲ့ ခေါင်းစီးရေးထားတယ်။ အနာဂတ်အကျိုး အခြင်းအရာငါးပါး။ (၄)အကွက်ထဲမှာ ဇာတိနဲ့ ဇရာမရဏ နှစ်ပါးပဲ တွေ့ရတယ်။ အရကောက်တော့ သူတို့နှစ်ပါးရဲ့ နာမည်တွေတောင် မပါတော့ဘူး။ (၂)အကွက်ထဲက ငါးပါးကိုပဲ ကောက်တော့တယ်။ ဘယ်သူတွေလဲဆိုတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပဲ။ (၄)အကွက်ထဲက ဇာတိဆိုတာ (၂)အကွက်ထဲက ခန္ဓာငါးပါးတို့ရဲ့ ဇာတိ။ (၄)အကွက်ထဲက ဇရာမရဏဆိုတာကလည်း (၂) အကွက်ထဲက ခန္ဓာငါးပါးတို့ရဲ့ ဇရာမရဏပဲ။ အတိတ်အကြောင်းအခြင်းအရာ ငါးပါး (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)။ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ)။ အနာဂတ်အကျိုးအခြင်းအရာ ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)။ အားလုံးအသွယ်က ရှစ်သွယ်။

(၁) မူလနှစ်ဖြာ (နှစ်ရပ်မူလ)၊ (၂) သစ္စာနှစ်ခု၊ (၃) လေးခုအလ္ဍာ၊ (၄) အင်္ဂါတစ်ဆယ့်နှစ်ပါး။ (၅) သုံးပါးအစပ်၊ (၆) ဝဋ်သုံးဝ၊ (၇) ကာလသုံးဖြာ၊ (၈) ခြင်းရာနှစ်ဆယ်တို့ ဖြစ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၏ အကြောင်းအကျိုး ပြဌာန်း အခြေခံသဘောတရားကို စာရေးသူအဖို့ သိသလိုလို၊ မသိသလိုလို ဖြစ်ခဲ့ရသည်။ (မိုးကုတ်ဝိပဿနာ တရားစခန်းသို့ ဝင်ရောက်ဖူးခြင်း မရှိခဲ့ပါ။ အခြေခံအဘိဓမ္မာသင်တန်း တက်ဖူးပါသည်။) အစိုးရစစ် အဘိဓမ္မာ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို စိတ်ဝင်စားသည်။ သို့သော် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၊ ရှင်းလင်းချက်တရားစာအုပ်များ ဖတ်ရှုသော်လည်း ကျွန်ုပ် ဉာဏ်မမီ၍ နားလည်မှု ခပ်ခက်ခက်ဖြစ်ရသည်။ ယခု ဆရာတော် ဦးယောသိတ၏ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်တရားတော်နှင့် တွေ့မှ ရှင်းလင်းသဘောပေါက်ခဲ့သည်။ ထို့ကြောင့် ဤစာစုကို မျှဝေလိုက်ရပါသည်။

တရားပိုင်ရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား ဦးထိပ်ပန်ဆင် ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

တရားဟောဆရာတော် ဦးယောသိတအား ဦးထိပ်ပန်ဆင် ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင် တရားတော်ကို ဓမ္မဒါနဆောင်ရွက်တော်မူသော ဗဟိုတရားရုံးရှေ့နေကြီးများ ဖြစ်ကြသော ဦးမောင်နှင့် ဇနီးဒေါ်ခင်ခင်သွင်တို့သည် ဗုဒ္ဓတရားတော်များကို အလွယ်တကူ သိလွယ်ကြပြီး အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါး ပွင့်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါသည်။

ဝန်ခံချက် ။ ၁၄ · ၁၀ · ၁၉၈၉ နံနက်တွင် ဗဟိုတရားရုံးရှေ့နေကြီးများ ဖြစ်ကြသော ဦးမောင်နှင့် ဇနီးဒေါ်ခင်ခင်သွင်တို့ နေအိမ်တွင် ဆရာတော် ဦးယောသိတဟောကြားသော ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းသင်တရားတော်ကို ရေးသားတင်ပြခြင်းသာ ဖြစ်ပါသည်။

ဆရာဝေယံဦး



www.burmeseclassic.com

www.burmeseclassic.com

# မင်းစည်မျိုးနွယ်ကိုးကွယ်သောဘုရားများ

သို့မဟုတ်

# ကျော်လေးကျော်ဝင် ရှင်ပင်ဘုရားများ

**ရန်နိုင်**

မြန်မာနိုင်ငံတွင် ဘုရားစေတီပေါင်းများစွာ တည်ထားခဲ့ကြရာတွင် အခြေခံချင်းတူညီမှုအလိုက် ဆင်းတု၊ ဘုရားစေတီများကို ယှဉ်တွဲကိုးကွယ်လေ့ရှိကြသည်ကို ထင်ရှားမြင်သာသည်။ ဤသို့ ပူဇော်ကန်တော့ခြင်းဖြင့် ပိုမိုအကျိုးသက်ရောက်သည်ဟုလည်း အယူအစွဲရှိကြသည်။

ရခိုင်ပြည်မှ သယ်ဆောင်ပူဇော်ခဲ့သော မဟာမြတ်မုနိဘုရားများကို 'မုနိလေးဆူ'အဖြစ် အလေးထား ဘုရားဖူးကြသည်။ ထိုနည်းတူ ပုဂံရှိ 'စွယ်တော်လေးဆူ'ကိုလည်း တစ်ရက်တည်း၊ တစ်မနက်တည်းအရောက် ပြေးလွှားပူဇော် ဆွမ်းကပ်လေ့ရှိကြသည်။ အကျိုးပေးထူးသည်ဟု ယုံကြည်ချက်များက ပြွမ်းပြွမ်းထန်ထန်။

ထိုမျှသာမကသေး။ မြန်မာပြည်ဘုရားဖူးဓလေ့တွင် 'မျောလေးမျောဘုရားဖူးအစီအစဉ်'သည်လည်း အထင်အရှား။ 'ရှင်ကိုးရှင်ဘုရား'များသည်လည်း သူ့ဒေသအလျောက် တန်ခိုးကြီးသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် 'ကြီးကိုးကြီးကန်တော့ပွဲ'ကလည်း အဓိဋ္ဌာန်အောင်သည်ဟု ဆိုကြသည်။

ဤသို့ စိတ်ဝင်စားစရာ အစီအစဉ်များတွင် ယခုတင်ပြလိုသည့် 'ကျော်လေးကျော်ဘုရား'၊ သို့မဟုတ် 'ကျော်လေးဆူဘုရား'များကလည်း သမိုင်းဝင် ထင်ရှားသည်။ ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။

''အရှေ့ စာရံ၊ ပုဂံ အနောက်၊ တောင်မြောက် ယင်မျှော်၊ သီဟတော''ဟု ပညာရှိများ အဆိုရှိသည်။ 'အရှေ့ကား **ရွှေစာရံ**ဘုရား။ အနောက်တွင်ကား ပုဂံ**ရွှေစည်းခုံ**ဘုရား။ တောင်ဘက်၌ **ရွှေယင်မျှော်**ဘုရားနှင့် မြောက်ဘက်တွင်မူ **အညာသီဟတော**ဘုရား''ဟုဆိုလိုသည်။ အချို့က 'ကျော်လေးကျော်'ဟု ဆိုကြသည်။ အချို့ကမူ 'ကျော်လေးကျော်အဝင်'ဟု ခေါ်ထုံးဖွဲ့သည်။ 'ကျော်'ဆိုသည်မှာ ကျော်ကြားခြင်း၊ ထင်ရှားခြင်းကျော်ဇောခြင်းအနက်။

ဘုရားလေးဆူ၏ ဘုရားဒါယကာနှင့်ပတ်သက်၍ –

'ရွှေစည်းခုံဘုရား'ကို အနော်ရထာမင်းကြီး တည်ထားသည်။

'ရွှေစာရံဘုရား'ကို မိဖုရားစောမွန်လှ တည်ထားသည်။

'ရွှေယင်မျှော်ဘုရား'ကို အနော်ရထာမင်းကြီး ပြန်လည်ရှာဖွေ တွေ့ရှိပြုပြင်သည်။



ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကြေးသွန်းမဟာမုနိပုံတော်

'အညာသီဟတောဘုရား'ကို အလောင်းမင်းတရားကြီး လက်ထက်ကျမှ ပြန်လည်တွေ့ရှိ ပူဇော်ခွင့်ရသည်။ မူလ ဒါယကာအနေဖြင့် သီရိဓမ္မာအသောကမင်းကြီးနှင့် ပတ်သက်မှုကို စဉ်းစားပြန်လျှင်လည်း 'ရွှေယင်မျှော်ဘုရား'နှင့် 'အညာသီဟတောဘုရား'နှစ်ဆူသာလျှင် ထင်ရှားသည်။ 'ရွှေစည်းခုံဘုရား'နှင့် 'ရွှေစာရံဘုရား'တို့မှာ ပုဂံခေတ် အနော်ရထာမင်း လက်ထက်တွင်မှ တည်ထားသည်။

အဆိုပါအကြောင်းများကြောင့် ဤဘုရားလေးဆူကို 'ကျော်လေးကျော်'အဖြစ် သတ်မှတ်ခဲ့သည်မှာ အလောင်းစည်သူမင်းကြီးလက်ထက်နောက်ပိုင်းကာလ ဖြစ်နိုင်သည်ဟု တွက်ချက်၍ရသည်။ အဘယ့်ကြောင့်ဆိုသော် အလောင်းစည်သူမင်းကြီး လက်ထက်ကျမှ 'ကျော်လေးကျော်ဘုရားလေးဆူ' ပြည့်မီသောကြောင့် ဖြစ်သည်။

■ ■ ■

"နှစ်ကျိပ်ရှစ်ဆူ အာရုံယူလျှက် သုံးလူတို့နတ် မြတ်ထက်မြတ်သား ကိုယ်တော်များကို သုံးပါးမှန်စ ဝန္ဒနာဖြင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်းကြွယ်စေသောဝ်"

စသည်ခံယူချက်ဖြင့် မြန်မာမှုနယ်ပယ်တွင် 'အက္ခရာစမဘုရားရှိခိုး'ဟူ၍ ရှိသည်။ 'နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး' ဟုလည်း ဆိုသည်။ 'သီကြားမင်းကဆက်ကပ်သော စမအက္ခရာများ'ဟုလည်း အမှတ်အသားပြုကြသည်။ အဆိုပါ 'စမအက္ခရာတံဆိပ်တော်များ'တွင် 'ကျော်လေးကျော်ဘုရား'ပါဝင်သည်ကို ထူးထူးခြားခြား တွေ့ရှိရသည်။ အောက်ပါအတိုင်းဖြစ်သည် –


**အာ သော မာ ဝ (ပုဂံရွှေစည်းခုံ) ဘုရားရှိခိုးဂါထာ**

အဝိစိတော–အောက်အဝိစိမှ၊ အာဘာဝဂ္ဂါ–အထက်ဘဝဂ်တိုင်အောင်၊ သောဘဂ္ဂဂ္ဂဏာ ပတ္တဒ္ဓံ–မွန်မြတ်သော ဂုဏ်ကျေးဇူးဖြင့် ပျံ့နှံ့ထသော၊ သဗ္ဗမ္ဗိ–အလုံးစုံလည်းဖြစ်သော၊ ဝရံ–တောင်းသောဆုကို၊ ဒါယကံ–ပေးတတ်ထသော၊ မာရဓေယ ဂုဏံ–မာန်ငါးပါးကိုအောင်မြင်ခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ဝန္ဒေ–ရှိခိုးပါ၏။

အနေန ပုညေန–ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ သဗ္ဗမ္ဗိ–အလုံးစုံသောဆုသည်လည်း၊ ယထိစ္ဆိတံ– အလိုရှိတိုင်း၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း။

**သ မ္မု ဒ္ဓ ယ (အညာသီဟတော) ဘုရားရှိခိုးဂါထာ**

ယော ဗုဒ္ဓေါ–အကြင်မြတ်စွာဘုရားသည်၊ သမ္မာ–မဖောက်မပြန်၊ သာမဥ္စ–ကိုယ်တိုင်တော်သာလျှင်၊



သမိုင်းဝင် ဝါးရုံပင်



www.burmes…classic.com

www.burmeseclassic.com

ဥဃျံ့ဥေယျစံ –တရားငါးပါးကို၊ ဗုဒ္ဓိဂ္ဂာနု–သိတော်မူပြီး၍ လောကေ–လောက၌၊ ဝိသာရဒ–ရွံ့ရှာခြင်းကင်းသော ရဲရင့်စွာသော၊ သီဟနာဒ–ခြင်္သေ့မင်း၏ ဟောကြွေးခြင်းနှင့်တူသော ကြီးမြင့်သော အသံကို၊ ဒေတိ–ပေးတော်မူတတ်၏။ ယသသိ–ကျော်စောခြင်း ရှိထသော၊ တံဗုဒ္ဓံ–ထိုမြတ်စွာဘုရားကို၊ သဒါ–အခါခပ်သိမ်း၊ နမေ–ရှိခိုးပါ၏။

အနေန ပုညေန–ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ သဗ္ဗမ္ဘိ–အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ–အလိုရှိတိုင်း၊ သမိဇ္ဈတု –ပြည့်စုံပါစေသတည်း။

**ဟော မိ စိန္တာ (ရွှေစာရံ) ဘုရားရှိခိုးဂါထာ**

ယောဗုဒ္ဓေါ–အကြင်မြတ်စွာဘုရားသည်၊ မောဓေ



မူလအညာသီဟတောရုပ်ပွားတော်ကို မျက်နှာပုံဖော်၍ ပူးမြော်ရပုံ



အညာသီဟတော

တဗ္ဗေ–ကျွတ်ထိုက်ကုန်သော၊ ဓိရေ–ပညာသမာဓိ ရှိသူတို့ကို၊ ဝိစက္ခန္ဓော–ဆင်ခြင်တော်မူလျက်၊ နာနုဥပါဟတော–အထူးထူးသော အကြောင်းဥပါယ်ဖြင့်၊ စိန္တေတွာ–ကြံစည်၍၊ ဝိနေတိ –ချွေချွတ်တော်မူတတ်၏။ တာဏံ–ကိုးကွယ်ရာဖြစ်ထသော၊ လေဏံ–ပုန်းအောင်းရာလည်းဖြစ်ထသော၊ တံဗုဒ္ဓံ–ထိုမြတ်စွာဘုရားကို၊ နမေ–ရှိခိုးပါ၏။ အနေန ပုညေန–ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ သဗ္ဗမ္ဘိ–အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ–အလိုရှိတိုင်း၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း။

**ဥ ဝ ဟ နိ (ရွှေယင်မျှော်) ဘုရားရှိခိုးဂါထာ**


အနေကဓာ–များသောအပြားအားဖြင့်၊ နိမ္မိတေန–ဖန်ဆင်းသော၊ ဝရဝေသေန–မြတ်သောအသွင်ဖြင့်၊ ဥပဂန္တ္ဝါ–ရှေးရှုထပ်၍၊ သာဒုပ္ပသာဒံ–သူတော်ကောင်းတို့၏ ကြည်ညိုခြင်းကို၊ ဟာရန္တံ–ဆောင်တတ်ထသော၊ နိရင်္ဂဏံ–ကိလေသာ ကင်းတော်မူသော မြတ်စွာဘုရားကို၊ သဒါ–အခါခပ်သိမ်း၊ နမေ–ရှိခိုးပါ၏။ အနေန ပုညေန–ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ သဗ္ဗမ္ဘိ–အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ–အလိုရှိတိုင်း၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံ
စေတီတော်



ရွှေစာရံ

ရွှေစည်းခုံ ဘုရားဘွဲ့တွင် ရွှေစည်းခုံဘုရားသမိုင်းကို ဖော်ပြသည်။ ထို့ပြင် ရွှေစည်းခုံဘုရား၏ အုံ့ကိုးပါးကိုလည်း မှတ်တမ်းတင်သည်။

"အနိရုဒ္ဓ ဒေဝရာဇာ နော်ရထာ ကမ္ဘာလွှမ်းကျော်ဟိုး။
ကျန်စစ်မင်းကြီး မိုးပါးနီး အပြီး တည်ဆောက်ကိုး။
အံ့ဖွယ်ကိုးငုံ ရွှေစည်းခုံ လက်စုံဦးညွှတ်ကျိုး။
(ရွှေစည်းခုံဘုရားဘွဲ့)"

အံ့ကိုးပါးနှင့်ပတ်သက်၍ အင်းဝမင်းကြီး ရေးသားစပ်ဆိုသော အံ့ဖွယ်ကိုးပါးလေးချိုးကလေးကလည်း ထင်ရှားသည်။

"ထီး မဆိုင်း၊ တံတိုင်း၌ ရိပ်တည်။

မလွှင့် ရွှေလောင်ပ၊ ဗိုလ် သောင်းထောင် ဝင်မကျပ်တဲ့ အပြင်၊ ဆွမ်းကပ်သူ လက်မဦးနိုင်နှင့် မကူးသံကြားဟီး၊ တီးတဲ့ ရွှေစည်။

မြင့်ဝှန်းယောင် ထင်စနိုးပေပ၊ မိုးကပ်ပြု ရေအရှည် အနည်းမျှ မကြွင်း။

ချရာပင် ဒွါဒသဝါ မလင့်ပေပ၊ ငုံပွင့်ကာ ကြူထုံသဲ့ ဖေယျခုံ
အံ့ဖွယ်ကိုးကို တိုးခဝပ်စင်း။"

## ရွှေစည်းခုံဘုရား၏ အံ့ကိုးပါး အနက်အပြည့်အစုံမှာ

(၁)ထီးတော်ကို ကြိုးမဆိုင်းရခြင်း။ (၂) တံတိုင်းအတွင်းမှ ဘုရား၏အရိပ် မထွက်ခြင်း။ (၃) ဘုရားပေါ်မှ ရွှေလျောင်စက္ကူချသော် တံတိုင်းအပြင်သို့မကျခြင်း၊ (၄) ထောင်သောင်းမကသော ဗိုလ်ပါပရိသတ်တို့ ဝင်သော်လည်း မဟာရာမ်တိုင်းအတွင်း မပြည့်မကျပ်ခြင်း။ (၅) ပထမသပိတ်တော်၌ ဆွမ်းကပ်သူ လက်မဦးနိုင်ခြင်း။ (၆) တစ်ဖက်မှ တီးသောစည်ကို တစ်ဖက်မှ မကြားရခြင်း။ (၇) စေတီတော်ကို များစွာမြင့်မားသည်ဟု လူတိုင်း ထင်မြင်ကြခြင်း။ (၈) မဟာရာမ်တံတိုင်းအတွင်း၌ မိုးရေ မတင် မကျန်နိုင်ခြင်း။ (၉) ခရေပင်သည် ဆယ့်နှစ်ရာသီပတ်လုံး ပွင့်ခြင်းတို့ ဖြစ်သည်။

## ရွှေစာရံစေတီတော်၏ အံ့ဖွယ်ကိုးပါးမှာ -

(၁) ပွဲတော်ရက်အခါ၌ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်မှ ငါးကြီးများ ဘုရားကို ဦးတိုက်ရန်လာရောက်ကြခြင်း။ (၂) ပွဲတော်အတွင်း အဆိပ်ရှိသော မြွေများ–ကျားသစ်–ဆင်–ကျီးငှက်–ယင်များ မလာခြင်း။ (၃) ရှင်–ရဟန်း–လူ များပြားသော်လည်း တည်းခိုနေထိုင်ရေး အလုံအလောက်ရရှိခြင်း၊ (၄) လတာပေါင်း ဖြစ်သော်လည်း ပွဲတော်လာတို့ အနာအဖျားကင်းခြင်း။ (၅) ပွဲတော်လာသူတို့အား စော်ကားမော်ကားခြင်း, ရမ်းကားခြင်း, နိုက်ရန်ဖြစ်ခြင်း မရှိ၊ (၆) သူ့ထက်ငါဦးအောင် ဆွမ်း,ရေချမ်း ကပ်လှူသော်လည်း လက်ဦးသူကိုတွေ့ရခြင်း၊ (၇) ဘုရားရှေ့တော်ဝယ် လူချင်းထပ်မျှရှိနေသော်လည်း ကောင်းစွာ ဖူးတွေ့ရခြင်း၊ (၈) တကယ် ကြည်ညိုသဒ္ဓါဖြင့် လှူဒါန်းပူဇော်ပါက ပစ္စည်းဥစ္စာ လာဘ်လာဘ ပေါများခြင်း။ (၉) ဘုရားကို လှူဒါန်းပူဇော်၍ လိုရာဆုကိုတောင်းပါက ကောင်းမြတ်သည့်ဆုကို ရရှိခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

### ရွှေယင်မျှော်စေတီတော် အံ့ဖွယ်ကိုးပါးမှာ -

(၁) အနော်ရထာမင်းကြီး ဆင်ကမခံသည် တစ်ပါး၊ (၂) ဆင်တော်လွှတ်လျှင် စေတီတော်၏ အရှေ့တောင်အရပ်၌ ထိုင်နေသည် တစ်ပါး၊ (၃) လမုချုံ၊ ကင်ပွန်းချုံ ခုတ်ထွင်လျှင် ဓာတ်တော် မွေတော်တို့က ရွှေယင်ကောင်၊ ဥဒေါင်းခန္ဓ ဖန်ဆင်းပြသည်ကို မြင်ရသည် တစ်ပါး၊ (၄) အနော်ရထာမင်းစော နဂါးပတ်ချွန်းရိုးတော်ကို အဓိဋ္ဌာန်၍ နံနက်စိုက်လျှင် တစ်ညဦးချင်း အညွန့်ထွက်၍ မင်းကြီးပန်ဆင်ရသည် တစ်ပါး၊ (၅) ထပ်၍ အဓိဋ္ဌာန်ပြန်ရာ အညွန့်အတက် များစွာထွက်၍ အမတ်တို့အား ဝေငှရသည် တစ်ပါး၊ (ယနေ့ချိန်ထိ ထိုဝါးရုံမှာ ရှင်သန်နေဆဲ ဖြစ်ပါသည်။)၊ (၆) နဂါးပတ်ချွန်းရိုးဝါးရုံအောက်၌ ဌာပနာထားသော ပတ္တမြားငါးတောင်းသည် ပူဇော်ရန်အလိုရှိ၍ အဓိဋ္ဌာန်လျှင် ပေါ်ပေါက်လာသည် တစ်ပါး၊ (၇) ဌာပနာထားသော ပတ္တမြားကို လောဘရမ္မက်ဖြင့်ယူလျှင် တံတိုင်းအပြင်သို့ရောက်ပါက မိမိ တည်ရှိရာအရပ်သို့ ပြန်သွားရသည် တစ်ပါး၊ (၈) မြတ်စွာဘုရား ၏ နဖူးသင်းကျစ်ဓာတ်တော်ကို ဌာပနာရသည် တစ်ပါး၊ (၉) ဓာတ်တော် မွေတော်တို့သည် ကောင်းကင်ပြင်ဝယ် တန်ခိုးပြ၍ အနော်ရထာ မင်းကြီးအား ဘုရားဖြစ်မည်ဟု ဗျာဒိတ်ပေးတော်မူသည် တစ်ပါး တို့ဖြစ်သည်။

◆ ◆ ◆

### ကျော်လေးကျော် ဘုရားလေးဆူ၏ ဘုရားသမိုင်းကို နှိုင်းယှဉ်လေ့လာရာတွင် (အရှေ့ကား ရွှေစာရံဘုရား) ရွှေစာရံစေတီတော်

မြန်မာနိုင်ငံတွင် ရွှေစာရံအမည်ဖြင့် ဘုရားနှစ်ဆူရှိသည်။ တစ်ဆူမှာ သထုံမြို့တွင် ရှိသည်။ ဘုရားဘွဲ့တော်အယူအဆ မှာ 'စိရံဥာတုစေတီ'မှ 'စာရံစေတီ'၊ 'ရွှေစာရံစေတီ' စသည်ဖြင့် ဆိုဟာရ ပြောင်းလွဲလာသည်။ နောက်တစ်ဆူမှာ မန္တလေးတိုင်း မြစ်ငယ်မြစ်ကမ်းပေါ်တွင် တည်ထားသည်။ ဘုရားဘွဲ့တော် ခေါ် ဆိုလာခြင်းမှာ ကောင်းကင်ဝယ် ဓာတ်တော်မွေတော်များ ပြသည်ကို စာကလေးငှက်ငယ်များ ပျံဝဲပူဇော်ကြသည်အား အစွဲပြု၍ 'ရွှေစာပျံစေတီ'မှသည် 'ရွှေစာရံစေတီ'ဟူ၍ ပြောင်း လွဲလာသည်။

ဘုရားသမိုင်းအကျဉ်းချုပ်က စိတ်ဝင်စားစရာ။ ပုဂံ အနော်ရထာမင်းကြီးနှင့် ရှမ်းမင်းသမီး စောမွန်လှတို့၏ ဇာတ် သိမ်းက လွမ်းမောဖွယ်။ အများသူငါ စိတ်ဝင်စားကြသည့် ဇာတ်ကွက်။ ဖန်တီးထားပုံက စောမွန်လှမင်းသမီးအတွက် သနားစဖွယ်။ ထိုအခါ ပထမနိုင်ငံတော်ကို တည်ထောင်ခဲ့သော သမိုင်းကောင်းမွန်လှသည့် ဘုရင်ကြီးအနော်ရထာက လူဆိုးကြီး ဖြစ်ရချေသည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်သည်ပင် ဇာတ် သဘောအရ ယိုင်နဲ့ချင်ချင်။

တကယ်တမ်းအားဖြင့် သဘောထားချင်း မတိုက်ဆိုင် သော ဇနီးမောင်နှံနှစ်ဦး။ မင်းသမီးက ရှမ်းပြည်သို့အပြန်ခရီး စောမွန်လှမိဖုရား၏ နားတောင်းတွင် ဓာတ်တော်မွေတော်များ ကိန်းဝပ်သည်။ မင်းသမီးရေချိုးရင်း နားတောင်းရေထဲသို့ ကျ သည်။ နားတောင်းကျချောင်းဟု အမည်တွင်သည်။ နားတောင်း ကိုထုခွဲလျက် သက္ကရာဇ် ၄၀၀ ခန့်က ဘုရားတည်သည်။ ဓာတ် တော်မွေတော်များကို ဌာပနာသည်။

ဘုရားတည်ထားကိုးကွယ်ရာအရပ်တွင် မြတ်စွာဘုရား အလောင်းတော် နုစဉ်တုန်းက 'မြွေငန်း'ဘဝဖြင့် ခုနစ်ကြိမ် ဖြစ်ခဲ့ဖူးကြောင်း အဆိုရှိသည်။

အနော်ရထာမင်းကြီးကိုယ်တိုင် သက္ကရာဇ် ၄၁၆ တွင် မြေတာ ၁၀၀၀ ကျော် လှူတော်မူသည်။

အလောင်းစည်သူမင်းကြီး သက္ကရာဇ် ၄၈၅ တွင် နယ်မြေသတ်မှတ်ပေးတော်မူသည်။ အတွင်းမြေကို ရွာနှင့်တကွ လှူတော်မူသည်။ ကျွန်သီးတော် အိမ်ခြေငါးဆယ်လှူသည်။

မိုးညှင်းမင်း ဉာဏ်တော် သံတောင်သုံးဆယ်အထိ ပြင်ဆင်မြှင့်တင်တော်မူသည်။

စဉ့်ကူးမင်း(မယ်တော်မိဖုရား) ရွှေထီးတော်တင်လှူ တော်မူသည်။

ဘုရားပွဲတော်ရက်မှာ နှစ်စဉ် တပေါင်းလပြည့်ကျော် ၃ ရက်မှ ၈ ရက်နေ့အထိ စုစုပေါင်းငါးရက် ကျင်းပသည်။

◆ ◆ ◆

### (အနောက်ကား ပုဂံရွှေစည်းခုံဘုရား) ရွှေစည်းခုံစေတီတော်

ပုဂံမြို့ဟောင်း၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်ဝေး သော ညောင်ဦးမြို့တွင် တည်ရှိသည်။ ညောင်ဦးဈေး၏ အနောက်ဘက် မိုင်ဝက်ခန့်အကွာ 'သဲစည်းခုံ'ပေါ်တွင် တည် ထားသဖြင့် 'ရွှေစည်းခုံဘုရား'ဟု တွင်သည်။ စွယ်တော်မြတ်ကို ဆင်ဖြူတော်၌တင်၍ စေတော်မူရာ အဆိုပါ သဲစည်းခုံတွင် ဆင်ဖြူဝပ်တော်မူသည်ဟု ဆိုသည်။ ထိုသဲစည်းခုံကို သံပြားဖြင့် ကွပ်၍ ဘုရားတည်သည်ဟု သမိုင်းအဆိုရှိသည်။

မူလဒါယကာမှာ အနော်ရထာမင်းကြီးက သက္ကရာဇ် ၃၉၃ တွင် တည်သည်။ စွယ်တော်ပွားတစ်ဆူ၊ မြဆင်းတုတစ်ဆူ၊ နဖူးသင်းကျစ်တစ်ဆူ ဌာပနာသည်။ သက္ကရာဇ် ၄၄၆ တွင် မင်းကြီးနတ်ရွာစံသည်။ ကျန်စစ်သားမင်းကြီးက ဆက်လက် တည်သည်။ သက္ကရာဇ် ၄၅၁ တွင် မူလစေတီတော်ကိုငုံ၍



www.burmeseclassic.com

www.burmeseclassic.com

တည်သည်။ သက္ကရာဇ် ၄၅၂ တွင် စေတီတော်အား အပြီးသတ်၍ ရွှေထီးတော်တင်သည်။

တန်ဆောင်မုန်းလပြည့်နေ့ ပွဲတော်အခါ ဖြစ်သည်။

◆ ◆ ◆

## (တောင်ဘက်ကား ရွှေယင်မျှော်ဘုရား) ရွှေယင်မျှော်

သက္ကရာဇ် ၄၀၁ တွင် အနော်ရထာမင်းကြီး ရွှေအင်းတိမ်မှ အပြန်ခရီးတစ်ထောက် ရပ်နားတော်မူနေစဉ် ခရီးဆက်ရန် ပြင်ဆင်စဉ် ဆင်ဖြူတော် ကကြိုးတန်ဆာ အကာမခံ။ ဆင်ဖြူတော်အလိုကျ သွားစေရာ တစ်နေရာတွင် ဆင်တော်ဦးခေါင်းလှည့်ရာအရပ် တောင်းကင်း၌ ဥဒေါင်းပမာဏ ရွှေယင်ကောင်သဏ္ဍာန် လှစ်မြင်ဖူးတွေ့ရသည်။ ချုံနွယ်များ ရှင်းလင်းရာမှ ဌာပနာစေတီတစ်ဆူကို ဖူးတွေ့ရသည်။ စေတီကို တိုးချဲ့ပြုပြင်ပြီး 'ရွှေယင်မျှော်'ဘွဲ့တော် ဆက်ကပ်တော်မူသည်။

မူလဘုရားဒါယကာသည် သီရိဓမ္မာသောကမင်းကြီး ဖြစ်သည်။ အနော်ရထာမင်း၏ နောက်ကျန်စစ်မင်း၊ အလောင်းစည်သူ၊ နရပတိစည်သူမှသည် တောင်ငူဆက်၊ ညောင်ရမ်းဆက်၊ ကုန်းဘောင်ဆက်မင်း ၁၇ ပါးတို့ အဆက်ဆက် စေတီတော်အား ပြုပြင်မွမ်းမံကိုးကွယ်ခဲ့ကြသည်။ ဘုရားအလောင်းတော် ရွှေကြီးကြာငှက် ဖြစ်ခဲ့သောအရပ်ဟု သိရသည်။

အနော်ရထာမင်းလက်ထက်တော်မှ ယနေ့ထက်တိုင် နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ ဘုရားပွဲတော်ရက် သတ်မှတ်ခင်းကျင်းမြဲဖြစ်သည်။

◆ ◆ ◆

## (မြောက်ဘက်ကား သီဟတောဘုရား) အညာသီဟတော

မူလဘုရားဒါယကာသည် သီရိဓမ္မာသောကမင်းကြီးဟု ဆိုသည်။

ဘုရားရှင်တို့နေရာဖြစ်သော ကျောက်ဖျာသက္ကဒန်ဦးကို ထုလုပ်အပ်သော ရှင်ဖြူဘုရားကိုသော်လည်းကောင်း၊ ဇမ္ဗူသပြေပင် ဒက္ခိဏသာခါ လက်ယာကိုင်းကို ထုဆစ်သော ရှင်လှဘုရားကိုသော်လည်းကောင်း သိကြားမင်းက အလောင်းစည်သူမင်းကြီးအား အပ်နှံသည်။ ယခုအခါ မင်းဝံတောင်ထိပ်တွင် ဘုရားတည်ကာ ကိုးကွယ်တော်မူသည်။

ဗောဓိခက်တို့ဖြင့် ထုလုပ်သော သရက္ခန်ဆင်းတု ငါးဆူနှင့် ဆူးစာ၊ ဆောက်စာတို့ဖြင့် သရိုးကိုင်တည်တော်မူသော မြတ်ပေါင်းမဉ္ဇူ ဆင်းတုတစ်ဆူကိုလည်း သိကြားမင်းက ပေးအပ်သည်။ အလောင်းစည်သူမင်းကြီးက ဆင်းတုတော်များတွင် ပလ္လင်ဆင်ခံရန် စိတ်ကူးတော်မူသည်။

(၁) ပထမ သရက္ခန်ဆင်းတုတွင် ဆင် ၁၅ စီး ပလ္လင်ခံတော်မူသည်။ (ပုခန်းကြီးစည်သူရှင်ဘုရားတွင် လိုဏ်သွင်းပူဇော်သည်)

(၂) ဒုတိယ သရက္ခန်ဆင်းတုတွင် ဆင် ၁၄ စီး ပလ္လင်ခံတော်မူသည်။ (ပခုက္ကူ ရွှေတန့်တစ်ဘုရားတွင် လိုဏ်သွင်းပူဇော်သည်။)

(၃) တတိယ သရက္ခန်ဆင်းတုတွင် ဆင် ၁၃ စီး ပလ္လင်ခံတော်မူသည်။ (ပုခန်းကြီးစည်သူရှင်ဘုရားတွင်ပင် ကိန်းဝပ်တော်မူသည်။)

(၄) စတုတ္ထ သရက္ခန်ဆင်းတုတွင် ဆင် ၁၂ စီး ပလ္လင်ခံတော်မူသည်။ (ဆင်ကျိုးရွှေဂူဘုရားတွင် လိုဏ်သွင်းပူဇော်သည်။)

(၅) ပဉ္စမ သရက္ခန်ဆင်းတုတွင် ဆင် ၁၁ စီး ပလ္လင်ခံတော်မူသည်။

(၆) မြတ်ပေါင်းမဉ္ဇူဘုရားတွင် ဆင် ၁၀ စီး ပလ္လင်ခံတော်မူသည်။ (ပုခန်းကြီးသည်သူရှင်ဘုရားတွင်ပင် ကိန်းဝပ်တော်မူသည်။)

ပဉ္စမ သရက္ခန်ဆင်းတုတော်ကို ဆင်ဖြူတော်သို့ တင်တော်မူသောအခါ ပင့်၍မရ ဖြစ်ရသည်။ မင်းကြီးက မေးတော်မူလျှင် အဆိုပါအရပ်၌ တောကြက်တစ်ကောင်သည် ဖောင်တော်ဦးတွင် ဥချခဲ့သည်ကို ပညာရှိများက ပြန်လည်လျှောက်တင်ကြသည်။ 'သီဟတော'အရပ်ဟု တွင်သည်။ ဆင်းတုတော်သည် ထိုအရပ်တွင် သီတင်းသုံးတော်မူလိုကြောင်း လျှောက်ထားသည်။ မူလသီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်စေတီ ရှိနှင့်သည်။

မြတ်စွာဘုရားလောင်းတော် နစဉ်တုန်းက သီဟရာဇာခြင်္သေ့မင်းဘဝ စံစားခဲ့သည့်တော။ ဤသည်ကိုအစွဲပြု၍ 'သီဟတော'ဟုခေါ်သည်။ ထိုစေတီတွင် ပဉ္စမသရက္ခန်ဆင်းတုအား ကိန်းဝပ်တော်မူစေသည်။

အလောင်းစည်သူမင်းကြီး၊ ဘိုးတော်ဘုရာမင်း၊ စစ်ကိုင်းမင်း ဘကြီးတော်ဘုရား (၁၁၈၀ မှ ၁၁၉၉ ထိ)၊ သာယာဝတီမင်း (၁၁၉၉ မှ ၁၂၀၈ ထိ) သရက္ခန်ဆင်းတုတော်ကို နန်းတွင်း နန်းဦးတွင် ထားရှိလျက် ကိုးကွယ်ခဲ့ကြသည်။ ခရစ်သက္ကရာဇ် ၁၈၈၅ အင်္ဂလိပ်တို့ သိမ်းပိုက်သည်အထိ သရက္ခန်ဆင်းတုတော်ကို နန်းတော်တွင်တွေ့ရကြောင်း အထောက်အထားရှိသည်။ သူတစ်ပါးလက်အောက်ကျခံနေစဉ် 'သီဟတောဆင်းတုတော်'ကို ရွှေကျီးမြင်ဘုရားဂေါပကသို့ အပ်နှံခဲ့သည်။ နှစ်စဉ်ဘုရားပွဲတော်များတွင် သီဟတောသို့ အခမ်းအနားဖြင့် ပင့်ဆောင်ပူဇော်လေ့ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်း လက်ထက်တိုင်အောင် နန်းဦးဘုရား ဖြစ်ခဲ့သည်။ ထိုမင်းအဆက်ဆက် အညာသီဟတောဘုရားကို ပြုပြင်မွမ်းမံခဲ့ကြသည်။

◆ ◆ ◆

အချို့က 'ကျော်သုံးဆူ'ဟုသာ ယုံကြည်ကြသည့်အချက်က စဉ်းစားစရာ။ မြန်မာတိုင်း 'ကျော်သုံးဆူ'နှင့် ရာမညတိုင်း 'ကျော်သုံးဆူ'ဟူ၍ ခွဲခွဲခြားခြားသိထားကြပြန်သည်။ မြန်မာတိုင်းတွင်ဖော်ပြသော 'ကျော်သုံးဆူဘုရား'များမှာ –

'ရွှေယင်မျှော်ဘုရား'တစ်ဆူ၊ 'သီဟတောဘုရား'တစ်ဆူ၊ 'မဟာနေဒါဘုရား'တစ်ဆူဟူ၍ မှတ်ကွဲရှိလာသည်။ 'မဟာနေဒါ'ဘုရားမှာ အဝမြို့တွင် အရှေ့ပြင်၌ တည်ရှိသည်။ နောက်ပိုင်း နှောင်းလူတို့က 'ရတနာစံဦးဘုရား'ဟု ဘွဲ့အမည်သစ်ကို ဆက်ကပ်ကြသည်။ နေ့နံသင့်၍ စိတ်မှတ်ပြုကြသော်လည်း ရဟန်းတော်များကမူ 'မဟာနေဒါ'ဟုသာ ခေါ်သည်။

ရာမညတိုင်း 'ကျော်သုံးဆူ'မှာ –

'ရွှေမော်ဓော'တစ်ဆူ၊ 'ကျိုက်ပေါ'တစ်ဆူ၊ 'သကော'တစ်ဆူဟု ဖော်ပြသည်။

စာဆိုရှင်နဝဒေးကြီး ဟံသာဝတီသို့ ရောက်ရှိစဉ် "မော်ဓောမွေလဘုန်း၊ ဝှန်မောဓော၊ ရွှေယင်မျှော်"ဟူ၍လည်းကောင်း၊ "သီဟတောနှင့် ကျိုက်ပေါမွေလတွင်မည်၊ ကျိုက်ပေါသီဟတော"ဟူ၍လည်းကောင်း ဖွဲ့သီစာစပ်ခဲ့သည်။

အချို့က 'အုံ့ကိုးပါးအဝင် ကျော်လေးဆူ'ဟု ဆိုကြသည်။ သို့သော်အုံ့ကိုးပါးသည် လေးဆူလုံး၌ မပြည့်မစုံ။ 'ရွှေစာရံဘုရား၊ ရွှေစည်းခုံဘုရားနှင့် ရွှေယင်မျှော်ဘုရား' သုံးဆူတွင်သာ အုံ့ဖွယ်ရာ ထူးထူးခြားခြား အကြောင်းအချက်ကိုးပါးကို ရှာဖွေတွေ့ရှိရသည်။ 'အညာသီဟတောဘုရား'တွင် အုံ့ကိုးပါးကို ဖော်ပြထားသည် မတွေ့ရ။

အထက်ပါ ကျော်လေးကျော်ဘုရားစေတီများကို မင်းစဉ်မျိုးဆက် ကိုးကွယ်ခဲ့ကြခြင်းက ထူးထူးခြားခြား။ ရွှေယင်မျှော်ဘုရားနှင့် အညာသီဟတောဘုရားတို့က အာသောကမင်းကြီး၏ ဆောင်းမှုတော်။ သို့သော် ချုံနွယ်ပိတ်ပေါင်း အုပ်ကွယ်တိမ်မြုပ်နေခဲ့ကြသည်။ အနော်ရထာမင်းကြီးက ရွှေယင်မျှော်ဘုရားကို ဆင်ဖြူတော်အကူအညီဖြင့် ရှာဖွေတွေ့ရှိသည်။ အလားတူ အလောင်းစည်သူမင်းကြီးက အညာသီဟတောဘုရားကို ဆင်ဖြူ တော်အကူအညီဖြင့် ရှာဖွေတွေ့ရှိသည်။

ရွှေစည်းခုံဘုရားကို အနော်ရထာမင်းနှင့် ကျန်စစ်မင်းတို့ ဆင်ဖြူတော်ဝပ်သည့်နေရာ သဲစည်းခုံတွင်တည်သည်။ ထို့နောက် မင်းအဆက်ဆက် ဆက်လက်ကိုးကွယ်ခဲ့ကြသည့် အခြေအနေချင်းက တူတူညီညီ။ ရွှေစာရံဘုရားကို မိဖုရားစောမွန်လှ တည်သည်။ အနော်ရထာမင်းကြီး ကုသိုလ်ပါဝင်သည်။ သားစဉ်မြေးဆက် ဆက်လက်ကိုးကွယ်ကြသည်။

ဘုရားလေးဆူလုံးသည် အုပ်ချုပ်သူမင်းအဆက်ဆက် ကိုးကွယ်ခြင်းဖြင့် ကျော်ကြားလာသည်။ ထို့ကြောင့် 'မင်းစဉ်မျိုးနွယ် ကိုးကွယ်သည့်ဘုရားများ'ဟု ထင်ရှားသည်။ မင်းဘုရင်များက အလေးအနက်ထား စိတ်ဝင်တစားကိုးကွယ်ကြသည့်အခါ ပြည်သူများသည်လည်း ပါဝင်လာကြသည်။ အခြားဘုရားစေတီအဆူဆူ ရှိတော်မူကြပါလျက် ဤလေးဆူဘုရားသည်သာ ပိုမိုထင်ရှားကျော်ကြားလာသည်မှစ၍ တစ်ခေတ်တစ်ခါတွင် 'ကျော်လေးကျော်ဝင်' ဖြစ်လာရသည်ဟု ယူဆစရာ။

'ကျော်လေးကျော်ဝင်ဘုရားစေတီ'များသည် 'အဓိဋ္ဌာန်မှန်ကန်ခြင်း'နှင့် ဆက်နွယ်နေသည်။ ဆင်ဖြူတော်များက ဝပ်၍ စေတီတည်ရန်နေရာကို ရှာဖွေညွှန်ပြပေးမှုက ဆန်းဆန်းကြယ်ကြယ်။ ဆင်ဖြူတော်များက မုဋ္ဌောစေတီဟောင်းများကို ဖော်ထုတ်ညွှန်ပြမှုသည်လည်း ထူးထူးခြားခြား။ အဓိဋ္ဌာန်စခန်းအခန်းကဏ္ဍ အရေးပါကြသည့်အလျောက် ယနေ့ထက်တိုင်ဘုရားဖူးများ အများပြည်သူများသည် 'ကျော်လေးဆူဘုရား'များတွင် အဓိဋ္ဌာန်စခန်းဖွင့်၍ ပုတီးစိပ်၊ တရားထိုင်ခြင်းဖြင့် အကျိုးထူးသည်ဟု လေးလေးနက်နက် ယုံကြည်နေကြဆဲ။

မကြာခင် 'ကျော်လေးကျော်ဘုရားဖူးခရီးစဉ်' ပေါ်လာဦးမည်။ ညောင်ဦးမြို့ရှိ 'ရွှေစည်းခုံဘုရား'၊ သာစည်မြို့ရွာကြီးကျေးရွာရှိ 'ရွှေယင်မျှော်ဘုရား'၊ မန္တလေး–ပြင်ဦးလွင်လမ်းပေါ်မှ 'ရွှေစာရံဘုရား'နှင့် သပိတ်ကျင်းမြို့နယ်ရှိ 'အညာသီဟတောဘုရား'များသို့ ဘုရားဖူးအဓိဋ္ဌာန်ခရီးစဉ်သည် အရာရာကို အဆင်ပြေချောမွေ့စေလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် တင်ပြလိုက်ရပါကြောင်း။

■ ရန်နိုင်


ဖတ်ရှုမှတ်သား စာကိုးကား

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၁)

(၂) ပုဂံမြို့ရှိ ထင်ရှားသောဘုရားများသမိုင်း
မန္တလေးရှေးဟောင်းသောသုတေသန

(၃) ပုဂံမြို့နယ်မှ မြတ်စွယ်တော်လေးဆူ
မောင်အောင်မြင့်(ညောင်ဦး)

(၄) သီဟတောဘုရားကျောက်စာ

(၅) ရွှေစာပုံစေတီသမိုင်းကျောက်စာ

(၆) ရွှေယင်မျှော်ဘုရားသမိုင်း။ ဦးသူရိယ+ဦးဥတ္တမ

(၇) အညာသီဟတောဘုရားသမိုင်း





www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းတော်ရာ ဘုရားလေးဆူ

ဦးအောင်ကြွယ်(တောင်သာ)



ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကြကုန်သော ဘုရားလေးဆူတို့၏ ကျောင်းတော်ရာများတွင် တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားလေးဆူ တည်ရှိပါသည်။ ထိုကျောင်းတော်ရာဘုရားများမှာ -

၁။ ကကုသန်ဘုရားကျောင်းတော်ရာတွင် ကုက္ကုဇ္ဇာရုံစေတီ၊ ပွင့်ဖြူမြို့နယ်၊ အုတ်ဖိုရွာတွင် တည်ရှိပါသည်။ မြို့စဖိုဘုရားဟုလည်း ဘွဲ့တော်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂။ ကောဏာဂုံဘုရား ကျောင်းတော်ရာတွင် ယောသိတာရုံစေတီ၊ ပွင့်ဖြူမြို့နယ်၊ ရှာနိုင်ရွာတွင် တည်ရှိပါသည်။ မဟာယောသိတာရုံဘုရားဟုလည်း ဘွဲ့တော်မည်တွင်ခဲ့ပါသည်။

၃။ ကဿပဘုရား ကျောင်းတော်ရာတွင် ပါဝါရုံစေတီ၊ ပွင့်ဖြူမြို့နယ်၊ ဘုရားကုန်းရွာတွင် တည်ရှိပါသည်။ ရွှေပန်းမြိုင်ဘုရားဟုလည်း မည်တွင်ခဲ့ပါသည်။

၄။ ဂေါတမဘုရား ကျောင်းတော်ရာတွင် ဂန္ဓာရုံစေတီ၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဘုရား ဖြစ်ပါသည်။ စန္ဒကူးနံ့သာဘုရားဟုလည်း ထင်ရှားကျော်ကြားခဲ့ပါသည်။

ဂေါတမဘုရားရှင်၏ စန္ဒကူးနံ့သာကျောင်းတော်ရာကိုသာ လူသိများ၍ အဖူးအမြော်များခဲ့ပါသည်။ ကျန်သုံးဆူသော ကျောင်းတော်ရာဘုရားများမှာ အသိနည်းပါး၍ မထင်ရှားခဲ့ပေ။

ယခုအချိန်တွင် ဗိုလ်မှူးဟောင်းတစ်ဦးနှင့် မြို့နယ်ဒါယကာအဖွဲ့များ ကောင်းမှုကြောင့် လူသိများထင်ရှားစပြုလာပေပြီ။ ဂန္ဓာရီဝိဇ္ဇာများ အရောက်အလာများသည်ဟု သိရှိရပါသည်။ တစ်နေ့တည်း ဘုရားလေးဆူတွင် အဓိဋ္ဌာန်ဝင်ကြပါသည်။

ကျော်တော်ရာဘုရားလေးဆူများသည် တစ်ဆူနှင့်တစ်ဆူ ရှစ်မိုင် သုံးဖာလုံခန့် ကွာဝေးပါသည်။ မြေလမ်းဖြစ်သော်လည်း သွားလာရကောင်းမွန်သည်ဟု ဆိုပါသည်။

ကဿပဘုရားကျောင်းတော်ရာ ပါဝါရုံစေတီတွင် သယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်း အနာဂါမ်ဆရာသက်ကြီးနည်းအရ ကမ္မဋ္ဌာနစရိယ ဆရာကြီးဦးဆန်းထွန်း၊ ဦးကျော်အေးတို့၏ ဝိပဿနာကမ္မဋ္ဌာန်း (၇)ရက်စခန်း အလုပ်ပေးတရား ဟောပြပေးကြပါသည်။ ပါဝါရုံစေတီသည် အလယ်တွင်ရှိသည်ဟု ဆိုပါသည်။

ထိုကျောင်းတော်ရာဘုရားများတွင် ကျောက်စာများ တည်ရှိသည်ဟု ဆိုပါသည်။ ယခုအခါ လူသိထင်ရှား အဖူးအမြော်များသည့် စန္ဒကူးနံ့သာကျောင်းတော်ရာ "ဂန္ဓာရုံစေတီ" အမိုင်းကိုသာ တင်ပြနိုင်ပါသေးသည်။ စန္ဒကူးနံ့သာကျောင်းတော်ရာသည် မဟာပုဏ္ဏမထေရ်မြတ်နှင့် စူဠပုဏ္ဏတို့၏ ကောင်းမှုတော် ဖြစ်ပေသည်။

## မဟာပုဏ္ဏမထေရ်

မဟာပုဏ္ဏမထေရ်သည် ရှေးလွန်လေပြီးသောအခါက ရသေ့တစ်ပါး ဖြစ်ခဲ့ပေသည်။ မထေရ်မြတ်သည် ဟိမဝန္တာတောတွင် တစ်ခုသော ကျောင်းသင်္ခမ်း၌ သီတင်းသုံးတော်မူ၏။ ထိုကျောင်းသင်္ခမ်း၏ မနီးမဝေးသော တောင်ဝှမ်းလိုဏ်၌ အရှင်ပစ္စေကဗုဒ္ဓါဘုရားတစ်ဆူသည် ပရိနိဗ္ဗာန်ပြုလေသော် ဟိမဝန္တာတောအလုံးသည် ထွန်းလင်းတောက်ပသော အရောင်အဝါ ဖြစ်သည်ကို ရှင်ရသေ့မြင်လေ၏။

ရှင်ရသေ့သည် တောအတွင်း စူးစမ်းရှာဖွေရာ အရှင်ပစ္စေကဘုရားအလောင်းတော်ကို တွေ့မြင်ရလေ၏။ စန္ဒကူးနံ့သာထင်းတို့ဖြင့် သင်္ဂြိုဟ်ပြီးလျှင် နံ့သာရည်ဖြင့် မီးကို ငြိမ်းစေ၏။ ထိုကုသိုလ်ကောင်းမှုအကျိုးကြောင့် လူ့ပြည်၊ နတ်ပြည်တို့၌ "ပုဏ္ဏ"ဟူသော အမည်ဖြင့်သာ ကျင်လည်ခဲ့ရ၏။

ဤဘဒ္ဒကမ္ဘာတွင် ပစ္ဆန္တရစ်အရပ်ဖြစ်သော သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ၌ တစ်ဦးသော ကုန်သည်၏ သားဖြစ်လာ၏။ "မဟာပုဏ္ဏ"ဟူသော အမည်ကို မှည့်၏။ ညီငယ်ကို "စူဠပုဏ္ဏ"ဟု မှည့်၏။

တစ်နေ့သောအခါ မဟာပုဏ္ဏသည် ကုန်ကူးသန်းရောင်းဝယ်သွားလေ၏။ ယူဇနာ ၃၀၀ ကွာဝေးသော မဇ္ဈိမဒေသတိုက်၊ ကောသလတိုင်း၊ သာဝတ္ထိပြည်သို့ ရောက်သွား၏။ ထိုအချိန်တွင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူကာ တရားဟောပြတော်မူနေ၏။ မဟာပုဏ္ဏကုန်သည်လည်း တရားနာရ၍ သတိသံဝေဂရလေ၏။ သံသရာ၌ လွန်စွာငြီးငွေ့ရကား မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကြလေ၏။

ဆွမ်းဆက်ကပ်လှူဒါန်းပြီးသော် မဟာပုဏ္ဏသည် မြတ်စွာဘုရားရှင်အား လျှောက်ထား၍ ရဟန်းပြုလေ၏။ ကာလကြာညောင်းသောအခါ သုနာပရန္တတိုင်း၊ ဝါဏိဇဂါမသို့ ပြန်ကြွခဲ့လေသည်။ အဇ္ဈဂတ္တတောင်၌ သီတင်းသုံးတော်မူ၏။ စူဠပုဏ္ဏက ဆွမ်းလုပ်ကျွေးလေ၏။ မထေရ်မြတ်သည် သမုဒ္ဒဂိရိကျောင်း၊ မာတုလာဂိရိကျောင်းတို့မှ မကုလာရာမမည်သော ကျောင်းအရပ်တို့တွင် သီတင်းသုံးတော်မူခဲ့၏။ မြတ်စွာဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားတောင်းခဲ့ပြီး အားထုတ်တော်မူ၍ ဝါတွင်းကာလမှာပင် ရဟန္တာဖြစ်လေ၏။

တစ်ခုသော ဝါတွင်းကာလသမယတွင် စူဠပုဏ္ဏ

www.burmeseclassic.com

သူကြွယ်နှင့် ဝါဏိဇဂါမရွာသား ငါးရာတို့သည် သင်္ဘောဖြင့် ကုန်ရောင်းသွားကြလေ၏။ မလ္လာယ အမည်ရှိသော မလယကျွန်းသို့ ရောက်သည်။ သုပ္ပါဒကဆိပ်မှာ သင်္ဘောဆိုက်ကပ်ကြကုန်၏။ (မလယကျွန်းကား ဇမ္ဗူသဒေါသော မဇ္ဈိမဒေသ တောင်သမုဒ္ဒရာတွင်း၌ ရှိသောဟူ၏။)

စူဠပုဏ္ဏနှင့် ကုန်သည်ငါးရာတို့သည် စန္ဒကူးနီပင်များကို တွေ့ရှိ၍ အနှစ်အသားချည်သော ခုတ်ဖြတ်၍ သင်္ဘောအပြည့် တင်ကာယူဆောင်ခဲ့ကြကုန်၏။ စန္ဒနတောကိုစောင့်သော နတ်ဘီလူးတို့သည် အမျက်ဒေါသထွက်၍ ကုန်သည်များနောက်သို့ ကောင်းကင်ခရီးဖြင့် လိုက်ကြကုန်၏။ သင်္ဘော သမုဒ္ဒရာ အလယ်သို့ ရောက်လေသော် နတ်ဘီလူးတို့သည် ကြီးစွာသော လှိုင်းတံပိုးတို့ကို ထစေ၏။ ကြောက်မက်ဖွယ်ကောင်းသော ကိုယ်အဆင်းသဏ္ဍာန်၊ အနံ့တို့ကို ဖြစ်စေ၍ စူဠပုဏ္ဏတို့အား နှောင့်ယှက်ကြကုန်၏။

စူဠပုဏ္ဏသည် သင်္ဘောဦး၌ရပ်ပြီးလျှင် နောင်တော် ရဟန္တာမထေရ်ရှိရာအရပ်သို့ မျက်နှာမူ၍ရှိခိုးပြီး "နောင်တော် ဘုရားသည် အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူပါဘုရား"ဟု တိုင်တည်လျှောက်ထားလေ၏။

## မဟာပုဏ္ဏထေရ် ကယ်မခြင်း

စူဠပုဏ္ဏတိုင်တန်းလျှောက်ထားဆဲခဏမှာပင် မဟာပုဏ္ဏထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သိမြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၏။ သင်္ဘောဦး၌ ရပ်တန့်တော်မူ၏။ နတ်ဘီလူးတို့လည်း အရှင်ပုဏ္ဏမထေရ်ကိုမြင်လျှင်ပင် အဆင်းသဏ္ဍာန်ကို ကွယ်ဖျောက်၍ မိမိတို့နေရာကျွန်းသို့ ပြန်ပြေးကြကုန်၏။

သမုဒ္ဒရာလှိုင်းတံပိုးတို့လည်း မထေရ်မြတ်၏ တန်ခိုးတော် အာနုဘော်တော်ဖြင့် ငြိမ်းလေကုန်၏။ စူဠပုဏ္ဏတို့လည်း မထေရ်မြတ်၏ စောင့်ရှောက်မှုဖြင့် သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာသို့ ချောမောစွာရောက်ကြကုန်၏။

## စန္ဒကူးနံ့သာကျောင်း ဆောက်လုပ်ခြင်း

စူဠပုဏ္ဏနှင့် ကုန်သည်တို့သည် စန္ဒကူးနံ့သာနှစ်တို့ကို ခွဲဝေယူကြ၏။ အရှင်ပုဏ္ဏထေရ်အား တစ်ဖို့တစ်စုပြု၍ လှူဒါန်းကြ၏။ မထေရ်မြတ်က "ငါ့အဖို့အစုပြု၍ လှူဒါန်းသော စန္ဒကူးနှစ်တို့ဖြင့် မြတ်စွာဘုရားကို ရည်မှတ်၍ တန်ဆောင်းဝန်းကျောင်းတော်ကို ဆောက်လုပ်ကြလော့။ မြတ်စွာဘုရားရှင်ကို အသင်တို့ ဖူးမြင်ရလတ္တံ့"ဟု မိန့်တော်မူ၏။

စူဠပုဏ္ဏနှင့် ငါးရာသောကုန်သည်တို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိတို့ အဖို့အစုကိုလည်း လှူဒါန်းကြကုန်၏။ စန္ဒကူးနံ့သာကျောင်းတော်ကို ကောင်းမြတ်သော မြေနေရာ၌ ဆောက်လုပ်ကြကုန်၏။ ထိုကျောင်းတော်ကြီးသည် အဆောင်ပေါင်း တစ်ရာ့ရှစ်ဆောင်ရှိသော ဟူ၏။ ထို့ကြောင့် ကျောင်းတော်ရာဘုရားသမိုင်းတွင် -

"ဂန္ဓာရုံကြိုင်လှောင်း၊ ဆောက်သည်ကျောင်း၌၊ ဆောင်ပေါင်းတစ်ရာ၊ ရှစ်ဆောင်သာလျက်၊ တင့်စွာစီမံ။ ကိုးမြတ်လှူကို၊ လှူခံအံ့ငှာ"ဟု စပ်ဆိုကြကုန်၏။

စန္ဒကူးနံ့သာကျောင်း ဆောက်လုပ်သည့်နေ့မှစ၍ မြတ်စွာဘုရားရှင်သည် သုနာပရန္တတိုင်း၌ နှောင်သောအခါ သာသနာတော် အနှစ်ငါးထောင်ကာလပတ်လုံး တည်၍ လူ့ပြည်၊ နတ်ထံ နိဗ္ဗာန်လမ်းကြီး ခရီးထင်ထင် သက်ဝင်ဆိုက်ရောက်ရလတ္တံ့သည်ကိုမြင်တော်မူ၏။

ထို့ကြောင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှ ညချမ်းအခါတို့၌ စန္ဒကူးကျောင်းတော်သို့ ကြွရောက်ပြီးလျှင် ဖလသမာပတ် မြတ်သောချမ်းသာဖြင့် သီတင်းသုံးတော်မူလေသည်။ ကုန်သည်တို့သည် ကျောင်းတော်ဆောက်လုပ်ပြီးစီးသော် မဟာပုဏ္ဏထေရ်အား လျှောက်ထားကြကုန်၏။

အရှင်မဟာပုဏ္ဏထေရ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။ မြတ်စွာဘုရားထံ ရောက်လေသော် ရိုသေစွာရှိခိုး၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ စန္ဒကူးနံ့သာနှစ်တို့ဖြင့်ပြီးသော ဂန္ဓာရုံကျောင်းတော်ကို ဆောက်လုပ်ပြီးစီးပါပြီဘုရား။ ထိုကုန်သည်ငါးရာသော ဥပါသကာတို့အား သနားသောအားဖြင့် သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ၊ ဂန္ဓာရုံကျောင်းတော်သို့ ကြွရောက်တော်မူပါဘုရား"ဟု လျှောက်ထားတော်မူ၏။

## အရှင်ကုဏ္ဍဓာန ထေဒင်ရ

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ၊ နက်ဖြန် သုနာပရန္တတိုင်း၊ ဝါဏိဇဂါမ ငါဘုရား ဆွမ်းခံကြွတော်မူမည်။ တစ်ယောက်ယုတ် ငါးရာ

www.burmeseclassic.com

ရဟန်းတို့အား စာရေးတံချပါဘိ"ဟု မိန့်တော်မူ၏။

ထိုအခါ လိုက်ပါလိုသော ရဟန်းများ စာရေးတံကောက်ယူတော်မူကြကုန်၏။ အရှင်ကုဏ္ဍဓာနမထေရ်သည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စသော ငါးရာသော ရဟန်းတို့၏ ရှေးဦးစွာ စာရေးတံ ကောက်ယူတော်မူ၏။ စာရေးတံလက်ဦးယူသောအရာ၌ "အရှင်ကုဏ္ဍဓာနမထေရ်"အား ဧတဒဂ်အရာ ထားတော်မူ၏။

မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်များ ဝါဏိဇဂါမရွာသို့ ကြွတော်မူမည်ကို တာဝတိံသာနတ်ပြည်မှ သိကြားမင်းသိမြင်လေ၏။ ဝိသုကြံနတ်သားအား ငါးရာသော ပြာသာဒ်ယာဉ်ပျံများကို ဖန်ဆင်း၍ ခင်းကျင်းစီမံစေ၏။

ဝိသုကြံနတ်သားလည်း သိကြားမင်းစေခိုင်းသည့်အတိုင်း သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ဆင်းသက်၍ မြတ်စွာဘုရားသီတင်းသုံးတော်မူရန် မုခ်လေးဘက်ရှိသော ပြာသာဒ်၊ အဂ္ဂသာဝကနှစ်ပါးအတွက် မုခ်နှစ်ဖက်ရှိသော ပြာသာဒ်၊ ကြွင်းသော သာဝကတို့ သီတင်းသုံးရန် မုခ်လွတ်တစ်ဖက်ရှိသော ပြာသာဒ်၊ အလုံးစုံပြာသာဒ်ငါးရာတို့ကို ရှေ့နောက်အစဉ်ဖန်ဆင်း၍ ခင်းကျင်းအသင့်ပြင်ထားလေ၏။

မြတ်စွာဘုရားသည် နံနက်မိုးသောက်သောအခါ ရတနာဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာထေရ်ပျံ့ခဲယာရံလျက် ဇေတဝန်ကျောင်းတော်မှ သက်တော်၍ မုခ်လေးမုခ်ရှိသော ပြာသာဒ်ကွင်း၌ သီတင်းသုံးနေတော်မူ၏။ အဂ္ဂသာဝကအရှင်နှစ်ပါးနှင့် ကြွင်းသောမဟာသာဝကတို့သည် နတ်ယာဉ်ပျံငါးရာတို့ဖြင့် အာကာသခရီးဖြင့် ဝါဏိဇဂါမရွာသို့ ရှေ့ရှုကာ ပျံသွားကြလေကုန်၏။ နောက်ဆုံးပြာသာဒ်တွင်ကား မည်သူမပါ အလွတ်သာလျှင် လိုက်ပါရလေ၏။

## သစ္စဗန္ဓအဘိညာဉ်ရ

ထိုအခါ သစ္စဗန္ဓမည်သော ရသေ့တစ်ဦးသည် သောနကတိုင်း၊ သစ္စဗန္ဓတောင်၌ လူအများတို့အား မိစ္ဆာဝါဒကို ညွှန်ပြဟောကြားနေလေ၏။ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံသော သစ္စဗန္ဓရသေ့ကိုမြင်တော်မူ၍ သစ္စဗန္ဓတောင်သို့ ရောက်တော်မူလျှင် ပြာသာဒ်ယာဉ်ပျံကို တောင်းကင်၌ ရပ်တန့်တော်မူလျက် သစ္စဗန္ဓတောင်ထိပ်သို့ သက်ဆင်းတော်မူ၏။

သစ္စဗန္ဓရသေ့အား တရားဟောပြတော်မူ၏။ သစ္စဗန္ဓရသေ့သည် တရားနာကြားရ၍ အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသည် ထေိဘိက္ခုခေါ်တော်မူ၍ နောက်ဆုံးပြာသာဒ်၌ တက်စီးစေလျက် ဝါဏိဇဂါမသို့ ဆက်လက်ကြွတော်မူ၏။

ဝါဏိဇဂါမရွာသားတို့သည် မြတ်စွာဘုရားနှင့်တကွ ရဟန္တာမြတ်တို့အား ခရီးဦးကြိုဆို၍ ရွာလယ်မဏ္ဍပ်သို့ ပင့်ဆောင်ကြကုန်၏။ ကောင်းမြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ကျွေးခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်း၊ သရဏဂုံနှင့်တကွ ရှစ်ပါးသီလကို ခံယူဆောက်တည်ခြင်းတို့ကို ပြုပြီးမှ ဂန္ဓာရုံကျောင်းတော်သို့ ပင့်ဆောင်ကြကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓာရုံကျောင်းတော်၌ ဖလသမာပတ် မြတ်သောချမ်းသာဖြင့် နေ့သန့်တော်မူ၏။ သံဃာတော်ငါးရာတို့လည်း သင့်တင့်လျောက်ပတ်သော နေရာတို့တွင် ဈာနသုခ၊ ဖလသုခဖြင့် မွေ့တော်မူကြကုန်၏။

ရွာသူရွာသားတို့သည် ညချမ်းအခါ၌ ပန်းနံ့သာစွဲကုန်လျက် တရားတော်ကို နာကြားကြကုန်၏။ မြတ်စွာဘုရားသည် ဂန္ဓာရုံကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူလျက် ရွာသားတို့အား စရိုက်နှင့်လျော်ညီစွာ တရားဒေသနာဟောပြတော်မူလေသည်။

ရှစ်သောင်းလေးထောင် ခုနစ်လီသော ပရိသတ်တို့သည် အကျွတ်တရားရကြကုန်၏။ မြတ်စွာဘုရားသည် ဝါတွင်းကာလဖြစ်၍ အရဏ်ကို ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်တော်၌သာ စံတော်မူ၏။

## စက်တော်ရာနှစ်ဆူ ချတော်မူ

မြတ်စွာဘုရားသည် စန္ဒကူးနံ့သာ ဂန္ဓာရုံကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် အရှင်ပုဏ္ဏထေရ်အား သုနာပရန္တတိုင်းအရပ်၌ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ သီတင်းသုံးနေရစ်စေတော်မူ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူရာ နမ္မဒါမြစ်သို့ရောက်တော်မူသောအခါ နမ္မဒါနဂါးမင်းတောင်းပန်သဖြင့် နမ္မဒါမြစ်ကမ်းဘေး မြကျောက်ဖျာထက်၌ "လက်ဝဲခြေရာတော်"ကို ချမှတ်တော်မူလေသည်။

ထို့နောက် သစ္စဗန္ဓရသေ့အား သစ္စဗန္ဓတောင်၌ နေရစ်



www.burmeseclassic.com

www.burmeseclassic.com

စေတော်မူ၏။ သစ္စဗန္ဓမထေရ်တောင်းပန်၍ သစ္စဗန္ဓတောင် မြကျောက်ဖျာထက်၌ “ဝဲတက်ခြေတော်ရာ”တစ်ဆူ တံဆိပ်ခတ်နှိပ်ပေးတော်မူခဲ့လေသည်။ ထို့နောက် နတ်ယာဉ်ပျံငါးရာနှင့်တကွ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

## သစ္စဗန္ဓ ရှေးဘဝ

ကဿပဘုရားပွင့်တော်မူပြီးသည့်နောက်၌ လူ့ပြည်တွင် ရတနာသုံးပါး မိဘဆရာသမားတို့အား ကြည်ညိုလေးစားကြသော လုလင်နှစ်ဦးရှိ၏။ သီတင်းသီလဆောက်တည်ကြပြီးလျှင် တစ်ဦးမှားယွင်းလျှင် တစ်ဦးက ပြုပြင်ကြစတမ်း၊ ကူညီစောင့်ရှောက်ကြစတမ်း ကတိကဝတ် ထားကြလေ၏။

၎င်းတို့သည် အသက်အတိုင်းနေ၍ ကွယ်လွန်ကြသော် မိမိတို့၏ ကုသိုလ်ကံအလျောက် တစ်ဦးက သိကြားမင်းဖြစ်၏။ ကျန်တစ်ဦးက စေတမန်နတ်သား ဖြစ်၏။ တစ်နေ့သောအခါ စေတမန်နတ်သားသည် လူ့ပြည်သို့ ဆင်းသက်ကြည့်ရှုရာ မိုးလေဝသညီညွတ်၍ ကောက်ပဲသီးနှံ ဆန်ရေစပါးတို့ လွန်စွာကောင်းမွန်ကြောင်း တွေ့ရ၏။

စေတမန်နတ်သားသည် တောင်သူကြီးတစ်ဦး၏ လယ်ကွင်းမှ တစ်ထောင့်ထွာခန့်ရှိသော စပါးနှံတစ်ခက်ကို ချိုးဖြတ်ယူခဲ့ပြီး သိကြားမင်းအား ပြသလေသည်။ စေတမန်နတ်သားသည် စုတေခါနီးလေသော် လူ့ပြည်တွင် ဆင်းစဉ်က ဥစ္စာရှင်မသိဘဲ ချိုးယူခဲ့မိသော စပါးနှံကို စိတ်အာရုံတွင် မပြတ်ပေါ်လာစဉ် နတ်သက်ကြွေလေ၏။

စုတေခါနီး ဇောအဟုန်ကြောင့် နောက်ဘဝက တောင်သူကြီးဖြစ်ခဲ့ဖူးသော မင်းဘူးခရိုင်အတွင်းရှိ ခိုင်းလှိုင်းရွာမှ ယာရှင် “ဘိုးဖြူ-ဒေါ်အေး”တို့၏ နွားမကြီးဝမ်းတွင် ပဋိသန္ဓေတည်နေလေ၏။ ထိုနွားမကြီးမှ နွားထီးလေးတစ်ကောင် မွေးဖွားလေ၏။ နွားလေးသည် ခွန်အားဗလနှင့် ပြည့်စုံကာ မွေးမြူရန်ခက်လှ၏။ လူ့နွားမကျန် ရန်ပြု၍ တောင်ယာခင်းများကိုလည်း ဖျက်ဆီး၏။ နောက်ဆုံးတွင် ရွာသားများ ဝိုင်းဝန်း၍ သတ်ဖြတ်စားသောက်လိုက်ကြကုန်၏။

ထိုနွားသည် သေလွန်ပြီးနောက် ငလှိုင်တောရွာတွင် ခိုင်းလှိုင်းရွာသူကြီး၏ သားအဖြစ်သို့ ရောက်သွား၏။ လူလားမြောက်သော် ခွန်အားဗလနှင့် ပြည့်စုံ၏။ တောသူတောင်သားတို့၏ ဓလေ့ဖြင့် မကုလဗန္ဓခေါ် မန်းစက်တော်တောင်တွင် လေးမြားလက်နက်ကိုင်ကာ မုဆိုးအလုပ်ဖြင့် အသက်မွေးလေ၏။

ထိုနွား၏အသားကို စားခဲ့ဖူးကြကုန်သော ရွာသားတို့သည် ထိုတောင်အနီး တောတွင် သမင်၊ ဒရယ်၊ ယုန်ငယ် စသည့်သတ္တဝါများ ဖြစ်ကြလေ၏။ မုဆိုးကြီးသည် သမင်၊ ဒရယ်၊ ချေငယ်၊ ဝိုင်၊ ဆတ်တို့၏ အသားများကို ရောင်းချစားသောက်နေလေ၏။

ဘဝဟောင်းမှ မိတ်ဆွေဖြစ်ခဲ့ဖူးသော သိကြားမင်းသည် လုဒ္ဒကမုဆိုးကြီး၏ ကျွတ်လွတ်ရန်အချိန်တန်ကြောင်း သိမြင်၍ မုဆိုးယောင်ဆောင်ကာ လူ့ပြည်သို့ ဆင်းသက်၏။ လုဒ္ဒကမုဆိုးအား သတိသံဝေဂရစေကာ ကယ်မလေ၏။ လုဒ္ဒကမုဆိုးသည် သိကြားမင်းပေးသော ကတိသစ္စာကို မဖောက်ဖျက်ဘဲ လေးမြားလက်နက်တို့ကိုစွန့်ပစ်ခဲ့လေ၏။ ထို့နောက် ရသေ့ပြုလေ၏။

လုဒ္ဒကမုဆိုးသည် သိကြားမင်းနှင့် ကတိသစ္စာဆိုခဲ့၍ သစ္စဗန္ဓအမည်တွင်ခဲ့၏။ ရသေ့ပြုသော် သစ္စဗန္ဓရသေ့ဟု အမည်တွင်လေ၏။ မြတ်စွာဘုရားသည် ဝါဏိဇဂါမရွာသို့ ကြွလာတော်မူစဉ် သစ္စဗန္ဓရသေ့၏ ပါရမီကို သိမြင်တော်မူ၍ တရားဟောပြတော်မူ၏။ တရားတော်၏အဆုံး၌ အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ နောက်ဆုံး အလွတ်

တောင်ဖီလာဆရာတော်သည် စက်တော်ရာကို ပံ့သုကူဒုကင့်သင်္ကန်းဖြင့် လွှမ်းအုပ်၍
“ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤသင်္ကန်း၌ ၁၀၈ ကွက်သော စက်လက္ခဏာ
တော်သည် ထင်စေသတည်း”ဟု ဓိဋ္ဌာန်တော်မူသည်။
သင်္ကန်းသည် ကြိုးကြာရုပ်ကဲ့သို့ ကုန်း၍ထ၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသော ပြာသာဒ်ထက်၌ စံမြန်းကာ ဝါဆိုဝါမသို့ ကြွမြန်းတော်မူလေသည်။

သစ္စဗန္ဓရဟန္တာမထေရ် ပရိနိဗ္ဗာန်ပြုသောအခါ တောဇောလောင်ညား ဓာတ်တော်များကို စေတီတစ်ဆူတည်၍ ဌာပနာထားကြကုန်၏။ အထက်ခြေတော်ရာ အာရုံခံတန်ဆောင်းကြီး၏ တနင်္ဂနွေထောင့်ရှိ စေတီတော်၏ အောက်တည့်တည့်တွင် တည်ရှိလေ၏။

"နမ္မဒါနဂါး၊ တောင်းညားခါခါ၊ ရှိခိုးဦးခိုက်၊ လျှောက်လိုက်ချိန်မှာ၊ တစ်ရာ့ ၈ ကွက်၊ စက်လက္ခဏာ၊ ချကာထားအများပူးဖို့ရာ"

"သစ္စဗန္ဓ ထေရ်ရှ ဓာတ်အကျော်၊ တောင်းပန်ဝပ်လျှိုး ရှိခိုးကော်ရော်၊ ပူဇော်ရာမှတ်၊ ပေးအပ်လေသော်၊ စိတ်ကြည်နူးအထူးရွှေစက်တော်"

## သေလာမယစေတီ

ဂေါတမမြတ်စွာဘုရား၏ သရက္ခန်ကျောင်းတော်ရာကို နောင်လာလူများ၏ အကျိုးစီးပွားအလို့ငှာ ပူဇော်နိုင်ကြစေရန် မဟာပုဏ္ဏမထေရ်သည် ကျောက်ဖြင့်ပြီးသော "သေလာမယစေတီတော်မြတ်"ကို တည်ထားတော်မူခဲ့လေသည်။ ကာလကြာသော် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပိတ်ပုံးကာ ကွယ်ပနေတော်မူခဲ့၏။

## တောင်ဖီလာဆရာတော် စက်တော်ရာစေတီရှာဖွေခြင်း

မြတ်စွာဘုရား ချထားတော်မူခဲ့သော ပါဒစက်တော်ရာနှစ်ဆူသည် ရှေးမင်းအဆက်ဆက် အထင်အရှား သွားလာလှူဒါန်းပူဇော်ခဲ့ကြရ၏။ သို့သော် ဒုတိယမင်းခေါင်သားတော် ရွှေနန်းကြော့ရှင် လက်ထက်မှစ၍ နှစ်ပေါင်း ၁၂၀ ကျော် တိမ်မြုပ်နေတော်မူခဲ့၏။ သက္ကရာဇ် ၉၉၁ ခုနှစ်တွင် နန်းတက်လာသော သာလွန်မင်းတရားကြီးလက်ထက်ရောက်မှ ဆရာတော်ကြီးလေးပါးတို့ ရှာဖွေဖော်ထုတ်တော်မူခဲ့ကြ၏။ ဆရာတော်လေးပါးတို့မှာ အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကာလင်္ကာရဆရာတော်နှင့် သီရိသုဓမ္မရာဇဂုရု တောင်ဖီလာဆရာတော်ကြီးတို့ ဖြစ်ကြ၏။

ဆရာတော်ကြီးလေးပါး၊ နောက်ပါသံဃာ ၁၂ ပါးနှင့်တကွ သက္ကရာဇ် ၁၀၀၀ ပြည့်၊ ကဆုန်လပြည့်နေ့တွင် ရေကြောင်းမှ စုန်ဆင်းသွားတော်မူခဲ့ကြလေသည်။ မင်းဘူးဆိပ်မှတက်ပြီးလျှင် ဆက်လက်၍ ကြွတော်မူကြရာ စက်တော်ရာအနီးအရံစောင့်ရွာအနီး သစ်ပင်ကြီးတစ်ပင်အောက်၌ စခန်းချတော်မူကြ၏။

ညဦးအခါ ပရိတ်ရွတ်၊ ကျမ်းဂန်ကို သရဇ္ဈာယ်ခြင်းတို့ဖြင့် ညဉ့်နှစ်ယံကို လွန်စေ၏။ ထိုနောက် ကျိန်းစက်တော်မူကြရာ ညဉ့်သုံးချက်တီးကျော် ငါးမောင်းခန့်အချိန်တွင် တောင်ဖီလာဆရာတော်ကြီး အိပ်မက်တစ်ခု မက်တော်မူ၏။ အိပ်မက်တွင် လူတစ်ယောက်သည် လုံတံကိုင်လျက် ခွေးနက်ကြီးတစ်ကောင်နှင့် ဆရာတော်ရှေ့သို့ လာပြီးလျှင် "သားရဲပေါသောတောသို့ အဘယ်ကြောင့် ကြွလာတော်မူသနည်း"ဟု မေးလေ၏။

ဆရာတော်ကြီးက "ငါတို့အဘဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ဤဒေသ၌ ချထားတော်မူခဲ့သော ခြေတော်ရာနှစ်ဆူကို ရှာဖွေပူဇော်ရန် ငါတို့လာပေသည်"ဟု မိန့်၏။

"နံနက်လင်းသည့်ကာလ ခွေးနက်ကြီးဝင်ရာ တောသို့လိုက်လျှင် တွေ့လိမ့်မည်"ဟုပြောဆိုစဉ် နိုးတော်မူ၏။ ထိုအိပ်မက်ကို ဆရာတော်ကြီးသုံးပါးတို့အား လျှောက်ထားတော်မူ၏။ ဆရာတော်ကြီးများက -

"ဗာရာဏသီပြည်၊ ဉသိနကမင်းလက်ထက် ကဿပမြတ်စွာဘုရားသာသနာတော် ညှိုးနွမ်းသည်ကို သိကြားမင်းမှဆိုးယောင်ဆောင်၊ ဝိသကြုံနတ်သားကို ခွေးနက်ကြီးအယောင်ဆောင်စေ၍ သာသနာတော်ကို ထောက်ပံ့လာကြောင်း မဟာကဏှဇာတ်တွင် လာသည်။ ယခုလည်း ထိုကဲ့သို့ပင် ဖြစ်မည်။ နံနက်လင်းသည့်ကာလ ခွေးနက်ကြီးကိုတွေ့လျှင် စင်စစ်ငါတို့အကျိုး ပြီးတော့မည်"ဟု နိမိတ်ကောက်တော်မူကြ၏။

## ဘီလူးက ခြေတော်ရာကို ညွှန်ပြခြင်း

နံနက်လင်းကာ ဆက်လက်၍ ရှာဖွေတော်မူကြရာ ခွေးနက်ကြီးတစ်ကောင်ကို တွေ့မြင်ကြ၍ နောက်မှလိုက်တော်မူကြ၏။ နမ္မဒါမြစ်တစ်ဖက်သို့ ကူး၍ ကွယ်လေ၏။ ဆရာတော်ကြီးများလည်း အစဉ်တစိုက်လိုက်တော်မူကြရာ မြစ်တစ်ဖက်သို့ရောက်တော်မူကြ၏။

မြစ်တစ်ဖက်သို့ရောက်လျှင် ကမ်းထိပ်တွင် ဘီလူးတစ်ကောင်ကို တွေ့ရှိရပြီး ဘီလူးညွှန်ပြ၍ "အောက်ခြေတော်ရာ"ကို တွေ့ရှိကြ၏။ ဆရာတော်တို့လည်း ဘုရားရှင်ကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်ဖူးတွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာရှိခိုးပူဇော်တော်မူကြ၏။ ခြေတော်ရာစေတီမှ ရောင်ခြည်တော်ခြောက်စိုင် တစ်ပြိုင်နက် လွှတ်တော်မူလေ၏။

ရောင်ခြည်တော်စဲလျှင် ဘီလူးက အထက်တောင်ပေါ်မှာ ဒုတိယခြေတော်ရာရှိသေးသည်၊ တောင်ထိပ်သို့ တက်လော့ဟု ပြောဆိုလေ၏။ ဆရာတော်တို့လည်း တောင်ထိပ်သို့ တက်လျှင် အထက်စက်တော်ရာမှ ထန်းလုံးပမာဏရှိသော ရောင်ခြည်တော်သည် ကောင်းကင်သို့တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သကဲ့သို့ ဝင်တော်မူ၏။

နံနက်မိုးသောက်သော် ဆရာတော်တို့သည် အောက်စက်တော်ရာကို ပူဇော်တော်မူကြကုန်၏။ တောင်ဖီလာဆရာတော်သည် စက်တော်ရာကို ပုံသုကူနုကင့်သက်န်းဖြင့် လွှမ်းအုပ်၍ "ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤသင်္ကန်း၌ ၁၀၈ ကွက်သော စက်လက္ခဏာတော်သည် ထင်စေသတည်း"ဟု မိန့်တော်မူသည်။ သင်္ကန်းသည် ကြိုးကြာရုပ်ကဲ့သို့ ကုန်း၍ထ၏။

ထိုသို့ထသည်ကို ဆရာတော်မြင်လျှင် "ကြိုးလည်းကြိုးစား။ ကြာလည်းကြာလေဦးမည်"ဟု နိမိတ်ဖတ်တော်မူ၏။ ထိုနောက် စက်တော်ရာနှစ်ဆူကို ချည်မျှင်ဖြင့် ကွင်း၍ ယူဆောင်တော်မူခဲ့လေသည်။

အဝနေပြည်တော်သို့ ပြန်လည်ရောက်ရှိတော်မူကြပြီး ချည်ကွင်းကို မင်းကြီးအားပေးဆက်ရာ ရတနာရွှေကြုတ်၌ သွင်း၍ အမြဲပူဇော်တော်မူ၏။ ထိုမှစ၍ စက်တော်ရာနှစ်ဆူ တန်ခိုးထင်ပေါ်တော်မူခဲ့လေသည်။

ဆရာတော်ကြီးများ စမုံနဒီမြစ်ရောက စုန်ဆင်းတော်မူခဲ့ကြရာ မှန်းနှင့် မန်းအကြား သုပ္ပါဒက ယခု ဘူးသယ်ရွာအနီးတွင် "ဂန္ဓာရုံကျောင်းတော်ရာ"ကို ပထမတွေ့ရှိတော်မူကြသည်ဆို၏။

ယခုအချိန်တွင် ကျောင်းတော်ရာဘုရားလေးဆူနှင့် စက်တော်ရာနှစ်ဆူတို့ကို ဖူးမြော်ပူဇော်နိုင်ကြပေပြီ။

"လယ်ကိုင်းရှေ့မြောက်၊ နှစ်တိုင်လောက်ကို၊ အရောက်ဘုန်းလူ၊ ကြွတော်မူ၍၊ ခွန့်ယူနေရာ၊ ကွန့်ကြေညာသား။ ဂန္ဓာရုံကျောင်း။ ကြိုင်နံ့လှောင်းမှာ၊ ရက်ပေါင်းခုနစ်၊ စိုးစံလှစ်၍၊ ရှစ်သောင်းလေးထောင်၊ လူများမြောင်ကို၊ ဖောင်မဂ္ဂင်ကြီး တင်ခဲ့ပြီး၍၊ စောထီးဘုန်းစီး။ ပြန်ခဲ့သည်ကို၊ ရေကြည်မန်းသို့ ပြွမ်းတကား"ဟု ရေးစာဆိုတော်တစ်ဦးက ပိုဒ်စုံရတုပြုခဲ့လေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားတို့သည် တန်ခိုးကြီးဘုရားစေတီများကို လှည့်လည်၍ ပူဇော်ဖူးမြော်ကြကုန်၏။ ထိုသို့ပူဇော်ကြခြင်း၏ အကျိုးကြီးမားလှပုံကို မြတ်စွာဘုရားရှင်က မဟာပရိနိဗ္ဗာနသုတ်တော်တွင် ဟောတော်မူထားသည်မှာ

"ယေ ခေါ် အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ"

ဟူ၍ ဟောတော်မူသည်။

"အာနန္ဒာ-ချစ်သားအာနန္ဒာ၊ ယေဇနာ-အကြင်သူတို့သည်၊ ခေါ်-စင်စစ်၊ စေတိယစာရိကံ-စေတီတော်ကို ပူဇော်ခြင်းဖြာ လှည့်လည်သွားလာခြင်းကို၊ အာဟိဏ္ဍန္တာ-လှည့်လည်သွားလာကုန်လျက်၊ ပသန္နစိတ္တာ-ကြည်လင်သော စိတ်ရှိကုန်သည်ဖြစ်၍၊ ကာလံ ကရိဿန္တိ-သေလွန်ကုန်လတ္တံ့။ သဗ္ဗော-ခပ်သိမ်းကုန်သော၊ တေဇနာ-ထိုသူတို့သည်၊ ကာယဿ-ဥပါဒိန္နကခန္ဓာ၏၊ ဘေဒါ-ပျက်ခြင်းကြောင့်၊ မရဏာ-သေသည်မှာ၊ ပရံ-နောက်၌၊ သုဂတိံ-ကောင်းမှုကိုပြုသောသူတို့၏ လားရာဖြစ်သော၊ သဂ္ဂံ-ရူပါရုံစသည်တို့ဖြင့် မြင့်မြတ်သော၊ လောကံ-နတ်ပြည်သို့၊ ဥပပဇ္ဇိဿန္တိ-ရောက်ရကုန်လတ္တံ့။"

ဤသို့ဖြင့် မန်းစက်တော်ဘုရားဖူးများအား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်။ ကျောင်းတော်ရာဘုရားလေးဆူကိုပါ ဖူးမြော်ပူဇော်ကာ အမိဗ္ဗာန်မြောက်၍ စိတ်အကြံပေါက်ကြပါစေ။

[ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ကူညီပေးကြသော ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးဆန်းထွန်း။ ဦးကျော်အေးတို့အား ကျေးဇူးတင်ရှိပါသည်။]

ပဥ္စဂုဏံ အပဟံဝန္ဒာမိ သဗ္ဗဒါ။

**ဦးအောင်ကြွယ်(တောင်သာ)**

<u>ကျမ်းကိုး</u>

ကျောင်းတော်ရာနှင့် ရွှေစက်တော်သမိုင်း
(ဆရာတော်ဦးဒီပ)



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

၏

# ၃၃၆ ရက်ကြာ ကမ္ဘာ့သာသနာပြုခရီးစဉ်မှတ်တမ်း

ဝေယံဘုန်းမြင့်



မဟာစည်ဆရာတော်ဘုရားကြီး အိန္ဒိယနိုင်ငံသို့ ကြွတော်မူစဉ်
အိန္ဒိယဝန်ကြီး ဂျဝါဟာလာနေရူးနှင့်အတူတွေ့ရပုံ

ရှေ့ပြေး ၈၇

www.burmeseclassic.com

www.burmeseclassic.com

**ပထမအကြိမ်**

သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၉-၁၀-၅၂ မှ သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀-၁၁-၅၂ နေ့အထိ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သို့ ၁၂ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

**ဒုတိယအကြိမ်**

သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၁၁-၁-၅၃ နေ့မှ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၄-၂-၅၃ နေ့အထိ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့သို့ ၂၈ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

**တတိယအကြိမ်**

သက္ကရာဇ် ၁၃၁၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၁၁-၆-၅၇ နေ့မှ ဝါဆိုလဆန်း ၈ ရက်၊ ၄-၇-၅၇ နေ့အထိ ဂျပန်နိုင်ငံသို့ ၂၃ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

**စတုတ္ထအကြိမ်**

သက္ကရာဇ် ၁၃၂၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၆-၁-၅၉ နေ့မှ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၆-၃-၅၉ နေ့အထိ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့သို့ ၆၀ ရက်ကြာမျှ သာသနာပြုတော်မူခဲ့သည်။

**ပဥ္စမအကြိမ်**

သက္ကရာဇ် ၁၃၂၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၁၄-၅-၅၉ နေ့မှ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၃၀-၆-၅၉ နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ ၃၉ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

**ဆဋ္ဌမအကြိမ်**

သက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၁-၄-၇၉ နေ့မှ ဝါဆိုလဆန်း ၁၀ ရက်၊ ၃-၇-၇၉ နေ့အထိ ထိုင်း၊ ဂျပန်၊ ဟိုနိုလူလူ၊ လော့အိန်ဂျလိ(စ်)၊ ဆန်ဖရန်စစ္စကို၊ ဝါရှင်တန်၊ ဘော့စတန်၊ ဝေါဘက်စတာ၊ နယူးယောက်၊ လန်ဒန်၊ စကော့တလန်၊ မန်ချက်စတာ၊ ဘာမင်ဂန်၊ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လန်ဒန်သို့ ပြန်ရောက်၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံသို့ဝင်ပြီး မြန်မာနိုင်ငံသို့ ပြန်ကြွလာခဲ့ရာ ရက်ပေါင်း ၉၄ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။


**သတ္တမအကြိမ်**

သက္ကရာဇ် ၁၃၄၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၉-၅-၈၀ နေ့မှ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ ၂၃-၇-၈၁ နေ့အထိ ထိုင်း၊ ပြင်သစ်၊ အင်္ဂလန်၊ သီရိလင်္ကာ၊ စင်ကာပူနိုင်ငံတို့သို့ ၅၆ ရက်ကြာမျှ သာသနာပြု ကြွတော်မူခဲ့သည်။

**အဋ္ဌမအကြိမ်**

သက္ကရာဇ် ၁၃၄၂ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်၊ ၂၄-၂ ၈၁ နေ့မှ တပေါင်းလဆန်း ၁၄ ရက်၊ ၁၉-၃-၈၁ နေ့အထိ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့သို့ ၂၄ ရက်ကြာ သာသနာပြု ကြွတော်မူခဲ့သည်။

ဝေယံဘုန်းပြည့်






www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စုတိကာမ္မဇရုပ် ချုပ်ငြိမ်းခြင်း

**ဝေယံဘုန်းပြည့်**




ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၄၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၁၄-၈-၁၉၈၂ စနေနေ့၊ မွန်းလွဲ ၁ နာရီ ၃၆ မိနစ်တွင် စုတိကာမ္မဇ ချုပ်ငြိမ်းတော်မူသည်။

တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍိတမှ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မည်သို့ ပူဇော်လျှင် အကောင်းဆုံး ပူဇော်သည် မည်ပါသနည်းဟု မေးလျှောက်လေရာ တိပိဋကဓရ ဆရာတော်မှာ...

"ဓမ္မာနု ဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်း၊ အတီးအမှုတ်ဖြင့် ပူဇော်ခြင်းဟု နှစ်မျိုးရှိသည်။ သံဃာတော်များနှင့် ယောဂီများ၊ သူတော်စင်များကတော့ ဓမ္မာနု ဓမ္မပဋိပတ် (လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ပဋိပတ်)ဖြင့် ပူဇော်ခြင်းသည် အကောင်းဆုံးပူဇော်ခြင်း ဖြစ်ပါသည်" ဟု မိန့်တော်မူသည်။

ဆက်လက်၍ ဦးပဏ္ဍိတမှ "မြတ်စွာဘုရားလက်ထက်တော်မှ သာဝကပုဂ္ဂိုလ်ကြီးများ ပရိနိဗ္ဗာန်ပြုတော်မူစဉ် မည်မျှရက်ထား၍ အဂ္ဂိဈာပနပြုလုပ်ကြပါသနည်း"ဟု လျှောက်ထားရာ တိပိဋကဓရဆရာတော်မှ -

www.burmeseclassic.com



၁၃၄၁ ခု သီတင်းကျွတ်လဆန်း ၉ ရက်နေ့က မုံရွာမြို့ မိဂဒါဝုန်ကျောင်းတိုက်၌ ကျင်းပသော ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက မဟာထေရ်နှင့် ဝိသဇ္ဇနကမဟာထေရ်ကြီးနှစ်ပါး ပူဇော်ပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး နှစ်ပါးအား အမှတ်တရ ရိုက်ကူးထားသော ပုံတော်

"အရှင်သာရိပုတ္တရာ စုတိကမ္ဘဝ ရုပ် ချုပ်ငြိမ်းတော်မူစဉ်က ခုနစ်ရက်ထား၍ အဂ္ဂိရှာပန ပြုလုပ်ကြပါသည်။ ယခု မဟာစည်ဘုရားကြီး စုတိကမ္ဘဝရုပ် ချုပ်ငြိမ်းတော်မူရာ၌လည်း အရှင်ဘုရားတို့သည် ခုနစ်ရက်ထား၍ အဂ္ဂိရှာပန ပြုလုပ်ရန် စီစဉ်သည်မှာ အလွန်ကောင်းမွန်ပါသည်"ဟု မိန့်ကြားပြီးလျှင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို လှည့်လည်ဖူးမြော်ပြီးပြန်ကြွသွားလေ၏။

## ရုပ်ကလာပ်တော်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမရှာပနပူဇော်ပွဲ ကျင်းပရာမှာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်က မိန့်ကြားတော်မူခဲ့သော ဩဝါဒတော်အတိုင်း ဖြစ်ကြောင်း သိရသည်။

ရုပ်ကလာပ်တော်ကို ကျောင်းတော်အောက်ထပ်၌ အဖူးမြော်ခံ ပြင်ဆင်ထားသည်မှာလည်း ဖြူလွလွ တောက်ပသော ဇာပန်းအထည်တို့ဖြင့် သာ ပြင်ဆင်ထားကာ ထောင့်လေးထောင့်မှ ထီးဖြူတော်များနှင့်လည်း ကောင်း၊ ထက်ဝန်းကျင်မှ အဖိုးတန် ရောင်စုံပန်းများကို စိုက်ထားသည့် ပန်းခြင်းများအပြင် ဆရာတော်ဘုရားကြီး၏ ဦးခေါင်းတော်ရင်း၌ ပြင်ဆင်ထားသော ပန်းရောင်စုံ စိုက်ထားသည့် ငွေဖလားကြီးများမှာ ရုပ်ကလာပ်တော်နှင့် လွန်စွာ ပန်ရတင့်တယ်လှသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့်နေ့မှ အစပြု၍ လာရောက်ကြည်ညိုကြသော ပရိသတ်မှာ ဌာ[illegible] သိက္ခာရှိလှသည်။ သခါရသဘောတရားကို နှလုံးသွင်းရင်း လာရောက်ကြည်ညို ကြသော အမူအရာပေါ်လွှမ်းလှပေသည်။

ပရိသတ်လွန်စွာ များပြားသ[illegible] လောက် ဆူညံမှုတစ်စုံတစ်ရာ မရှိ[illegible] ငြိမ်းချမ်းရိုသေစွာဖြင့် တရားရှုမှတ်ကြ ရင်း မေတ္တာ နှင့် မေမပဋိပတ်ဖြင့် ပူဇော်ကြ သည်ကို တွေ့မြင်ကြရသည်ပင်။

## ရေစက်သွန်းချ အမျှပေးဝေပွဲ

ဆရာတော်ဘုရားကြီး၏ ရှာပန[illegible] ပွဲ၌ ပင့်သံဃာ ၄၅၀ တို့အား သင်္ကန်း[illegible] စသော လှူဖွယ်ပစ္စည်း ၁၀ မျိုးတို့ကို လှူဒါန်းကြသည်။

ရေစက်သွန်းချပူဇော်ပွဲကို ၂၀[illegible] ၈ - ၈ ရက်နေ့ နံနက် ၈ နာရီ၌ ဖယ[illegible] ယဉ်မော်ရုံပေါ်တွင် ကျင်းပရာ အစ[illegible] အစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

**သာသနာတော်နှစ် ၂၅၂[illegible] ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄[illegible] ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁[illegible] ရက်၊ ၁၄ - ၈ - ၈ နေ့၊ သက်တော် ၇၉ နှစ်သို့အဝင်၊ သိက္ခာတော် ၅[illegible] သို့အရောက်တွင် သုမြတ်တို့စံမြ[illegible] အထက်နန်းသို့ တက်လှမ်းတော်[illegible] သည့် ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမ[illegible] ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစ[illegible] ကာရက ပဋိပတ္တိကာ[illegible]သာသနာ[illegible]**

www.burmeseclassic.com

ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိ ဈာပနသဘင် အခမ်းအနား အစီအစဉ်။

(၁) နံနက် ၈ နာရီအချိန်တွင် အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီးက သီလချီးမြှင့်သည်။

(၂) သံဃာတော်များအားလုံးက အနိစ္စာဝတ သင်္ခါရာဂါထာ ပါဠိတော်ကို ရွတ်ဆိုကြပြီး ပုသိမ်မြို့ သဒ္ဓမ္မသီတဂူ ဆရာတော်ဘုရားကြီးက အနက်ပြန်ဆိုသည်။

(၃) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကထာကို ည်းကောင်း။

(၄) နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ သံဝေဂကထာကို ည်းကောင်း (မဟာန) တွဲဖက်အကျိုး ဆောင် ဦးဝဏ္ဏသီရိ ဆရာတော် ဖတ်ကြားသည်။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံလုံး ဆိုင်ရာ မဟာစည်သာသနာ့ရိပ်သာ ကအဖွဲ့ ဆရာတော်များ၏ သံဝေဂ ထာကို မြန်အောင်မြို့ မင်းကန်ကြီး စည်ရိပ်သာ ဆရာတော်ဦးထေရာ က ဖတ်ကြားသည်။

(၆) မဟာစည်နယ်လှည့် ဓမ္မ ထိက အဖွဲ့ချုပ်၏ သံဝေဂကထာကို ဓမ္မကထိကအဖွဲ့ တွဲဖက်အကျိုး ဆောင် ဖြူးမြို့ မဟာစည်သာသနာ့ ဆရာတော် ဦးနရပတိက ဖတ် ကြားသည်။

(၇) ပြည်ထဲရေးနှင့် သာသနာ ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးတင်ထွေးက သံဝေဂကထာကို ဖတ်ကြားသည်။

(၈) လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

(၉) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးက ရေစက်ချ အမျှပေးဝေသည်။

(၁၀) သံဃာပိုင်းဆိုင်ရာ အစီအစဉ်ပြီးဆုံးကြောင်း ကြေညာသည်။



မဟာစည်ဆရာတော်ဘုရားကြီး၏ ရုပ်တုကို စံကျောင်းအတွင်း ဖူးမြော်ရ



www.burmeseclassic.com

www.burmeseclassic.com

**ဝဲယာတို့၌ လက်အုပ်တချီချီနှင့် မကြည်သောနလုံး၊ မပြုံးနိုင်သော စိတ်ဖြင့် မျက်ရည်တို့ မယိုဖိတ်မိအောင် သတိဆောင်၍ ကြည်ညိုဦးခိုက်ကြသော ပရိသတ်ကြီးသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနု ဓမ္မပဋိပတ် ဝိပဿနာအကျင့်မြတ်ဖြင့် ရှုမှတ်ရင်း စိတ်စေတသိက်တို့ကို မျိုသိပ်နိုင်ကြပေသည်ဟု ချီးကျူးကြသည်။**

---

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက် အစည်ကားဆုံးသော ဈာပနပွဲကြီး ဖြစ်သည်။

၂၀-၈-၈၂ မီးသဂြိုဟ်ပူဇော်မည့် နောက်ဆုံးနေ့၌ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာမှ ကြံတောသုသာန်အထိ ငါးမိုင်မျှ ရှည်လျားသော လမ်းတစ်လျှောက် ဝဲယာတို့၌ ဖူးမြော်ရန် စောင့်ကြိုနေကြသော ပရိသတ်သည် ထောင်သောင်းသိန်းသန်းမျှ စောင့်နေကြသည်။

ရှေ့ဆုံးမှ သံဃာတော် ၄၀၀ ကျော်တို့ ဟီးနိုးမော်တော်ယာဉ်များကို စီး၍ သံဝေဂပွားများတော်မူရင်း လိုက်ပါတော်မူကြသည်။ အလောင်းတော်ကို တင်ဆောင်လာသော ကြာကလာပ်တင် မော်တော်ယာဉ်မှာ ရိုးရိုးကလေးဖြင့် ဖြူလွလွတောက်ပသော ငွေသော်တာလရောင် ဇာပန်းဖောက် အဖြူထည်တို့ကိုသာ ဆင်မြန်းထား၍ ရွှေရောင်ကဲ့သို့ တဝင်းဝင်း တောက်ပနေသော ရုပ်ကလာပ်မျက်နှာတော်ကို ဖူးမြော်ကြရသူတိုင်းပင် မဟာစည်ဆရာတော်ဘုရားကြီး ကျိန်းစက်နေပါကလား။ သက်တော်ထင်ရှားရှိပမာ ကြည်လင်တောက်ပပါပေစွဟု တအံ့တဩရှိကြရပါသည်။

ရုပ်ကလာပ်တော်၏ အောက်ခံပလ္လင်ခုံပတ်လည်၌ အဖိုးများစွာ ထိုက်တန်လှသော သဘာဝနဂိုနေ စိုပြည်သည့် သစ်ခွရောင်စုံပန်းပွင့်များမှာ တငြိမ့်ငြိမ့်မွှေးသော လှုပ်ရှားသွားလာခွင့်ရသော မော်တော်ယာဉ်ထက်၌ အလောင်းတော်အား အကြိမ်ကြိမ်ဦးညွတ်ရင်း လိုက်ပါလာရသကဲ့သို့ပင် ယိမ်းကာနွဲ့ကာ ပူဇော်ကြသည်ကို မြင်ကြရသည်။

ဝဲယာတို့၌ လက်အုပ်တချီချီနှင့် မကြည်သောနလုံး၊ မပြုံးနိုင်သော စိတ်ဖြင့် မျက်ရည်တို့ မယိုဖိတ်မိအောင် သတိဆောင်၍ ကြည်ညိုဦးခိုက်ကြသော ပရိသတ်ကြီးသည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနု ဓမ္မပဋိပတ် ဝိပဿနာ အကျင့်မြတ်ဖြင့် ရှုမှတ်ရင်း စိတ်စေတသိက်တို့ကို မျိုသိပ်နိုင်ကြပေသည်ဟု ချီးကျူးကြသည်။

ရုပ်ကလာပ်တော်တင် မော်တော်ယာဉ်ကို ရိပ်သာမှ ၃ နာရီတိတိထွက်၍ ၄ နာရီတိတိ သုသာန်သို့အရောက် မှူလက စီစဉ်ထားသော်ငြားလည်း မြောက်မြားလှစွာသော လူထုကြီး၏ အပူဇော်ခံကို တငြိမ့်ငြိမ့် ခံယူနေရသောကြောင့် ညနေ ၄ နာရီ ၄၅ မိနစ်မှ သုသာန်သို့ ရောက်ရသည်ဟူ၏။

သုသာန်၌ လှပတင့်တယ် ကြည်ညိုဖွယ်ကိုဆောင်သော ဗိမာန်မျက်နှာကြက်နှင့် ငှက်ပျောပင်စိုက်၊ ရာဇမတ်ကာ၊ ငွေသဲဖြူခင်းထားသော အဆောင်အတွင်းသို့ ရုပ်ကလာပ်တော်တင် မော်တော်ယာဉ်ရောက်သည်နှင့် တစ်ပြိုင်နက် ကြံတောသုသာန်အတွင်း၌ အုတ်ဂူတွေ မမြင်ရလောက်အောင် ဖုံးလွှမ်းနေသော လူထုကြီးက တဖြည်းဖြည်း ရုပ်ကလာပ်တော်ရှိရာသို့ လိုက်ပါလာခဲ့ကြသည်။ မျက်ရည်လည်ရွဲဖြင့် နောက်ဆုံးဂါရဝပြု ရှိခိုးကြသည်။

သံဃာတော်များက အနိစ္စာဝတဂါထာကို ရွတ်ဆိုနေစဉ်မှာ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ရာ တိုက်ခန်းသို့ သွင်း၍ အသစ်ပြုလုပ်ထားသော မီးသဂြိုဟ်စက်၌ မီးသဂြိုဟ်လိုက်ရပေတော့သည်။

## အရိုးဓာတ်များ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်တို့ကို မဟာစည် သာသနာ့ရိပ်သာ မဟာစည်ကျောင်းတော်၏ အောက်ထပ်မှန်ခန်းအတွင်း၌ အများရှင်လူအများ ဖူးမြော်နိုင်ရန် ထားရှိခဲ့သည်။

**ဝေယံဘုန်းပြည့်**



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးရှင် အဂ္ဂမဟာသဂဏဓမ္မဇ္ဈာနုစရိယ

# မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး


ဂမ္ဘီရဆရာလှမျိုး(B.Sc)





www.burmeseclassic.com


www.burmeseclassic.com



မီးမခသော ဈာပနစွမ်းတော်



ဓာတုစေတီတော်



ဆံတော်

ယခု စာရေးသူအနေဖြင့် ကျေးဇူးရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါ မောင်းထောင်မြေဇင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိပကာသနီနှင့် အန္တိမ ဈာပနကန်တော့ပန်းလွှာများမှ ပြန်လည်ကောက်နုတ် ရေးသားပူဇော်လိုက်ရပါသည်။

## သာသနာပိုင်ကြီး၏ အသက်အနွယ်


ဘဝခန္ဓာ အေးငြိမ်းရာသို့ ရောက်ရှိတော်မူသော မြေဇင်းတောရ ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ရေကန်စရွာ၌ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥယျောမ္မ၏ မြေးတော်သူ ခမည်းတော်ကြီး ဦးဖိုးကဲ (၁၂၅၄-၁၃၅၀) သံတော်ဆင့်သွေးသောက်ကြီး ဦးဆိုင်၏တူမ မယ်တော်ကြီး ဒေါ်ပြော (၁၂၅၅-၁၃၃၇)တို့မှ ၁၂၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ (၂၂-၁၁-၁၉၂၁) သောကြာနေ့ နံနက် ၇ နာရီ ၉ မိနစ်အချိန်တွင် ဖွားမြင်တော်မူခဲ့ပါသည်။

## မောင်းထောင်အစဉ်အလာ ထိန်းနိုင်ခဲ့

မင်းတုန်းမင်းလက်ထက် ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးဥယျာသည် လွန်စွာကျော်ကြားဘိသကဲ့သို့ ယခုလည်း မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ညီအရင်းဖြစ်သူ ဓမ္မာစရိယဦးဌေးလှိုင်တို့သည်လည်း လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့၏။

## ပရိယတ္တိဆည်းပူးသင်ကြားတော်မူခြင်းနှင့် ငယ်စဉ်ကာလ ကောစာ နေ့လေ့ရှိပုံ

ဆရာတော်ဘုရားကြီး၏ အရှေ့ဝါသီ တောရပ်မှီနေချင်သည့် ထူးခြားသော စိတ်ဓာတ်သည် ကိုရင်ဘဝမှစ၍ အထုံဝါသနာပါခဲ့ပါသည်။ သာမဏေဘဝမှပင်စ၍ တောရမဆောက်တည်မီ တိုင်အောင် စာဝါတက်ပြီးသည့်အခါ သစ်ပင်အောက်၊ ချုံနွယ်များအကြား ဘုရားလိုဏ်ခေါင်း စသည်တို့၌ ရှင်းလင်း၍ သင်းပိုင်ခင်းကာ စာပေသင်အံလေ့ကျက်ခဲ့၏။ အများနည်းတူ စာသင်ကျောင်း ဇရပ် စသည်တို့၌ နေ့ခင်းလေ့



ဓာတုစေတီအတွင်း ဌာပနာထားသော အိုး



အသွေးတော်မှ ကွန့်မြူးသောဓာတ်တော်



www.burmeseclassic.com

www.burmeseclassic.com



မီးမစသော အံတော်



အသားတော်မှကွန့်မြူးသောဓာတ်တော်

မျိုး ကောစာ တစ်ကိုယ်တည်း မွေ့လျော်တော်မူခဲ့ပါသည်။

## ရဟန်းပြု၍ စာပေသင်ကြားခြင်း

အသက် ၂၀ ပြည့်သောအချိန်တွင် မောင်းထောင်ရွာ ယွန်းဆက်ကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ၁၃၀၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ (၂၀-၁-၁၉၄၀)တွင် ရဟန်းပြုတော်မူ၏။

ဘဒ္ဒန္တရာဇိန္ဒထံထွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ဘေဒစိန္တာ စသောပရိယတ္တိအခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ အမရပူရတူးမောင်းတိုက်၌ ပရိယတ္တိစာပေများ ဆက်လက်သင်ကြား၏။ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ(၁၂၆၁-၁၃၂၄)ထံတွင် မာတိကာ၊ ယမိုက်၊ ပဋ္ဌာန်း စာဝါများ သင်ယူခဲ့၏။ ပခုက္ကူ၌ စာပေပရိယတ္တိဆည်းပူးနေစဉ် ညပိုင်းတွင် မဟာစည်ရိပ်သာခွဲသို့ သွားရောက်၍ ပဋိပတ်နည်းခံအားထုတ်၏။

## ကမ္မဋ္ဌာန်းနည်းခံ၍ ကျင့်ဆောင်တော်မူခြင်း

၁၃၂၅ ခုနှစ်တွင် ဘုတလင်မြို့နယ်၊ အင်ချောင်ဆရာတော် (ဘဒ္ဒန္တသီရိသုန္ဒရ)ထံ၌ ဝါကပ်ပြီး ကမ္မဋ္ဌာန်းနည်းခံကာ ဝါကျွတ်သည်နှင့် ကန်ရွှေသိမ်တော် တောရဆရာတော် ဘဒ္ဒန္တသောဘိတမဟာထေရ်(၁၂၄၁-၁၃၂၈)ထံတွင် ကမ္မဋ္ဌာန်းတရားနည်းခံအားထုတ်၏။ ကန်ဆရာတော်ဘုရားကြီးက မြေဖင်တောရဆရာတော်အား "သင်္ကန်းယအရာ လိမ္မာအောင်လုပ်" ဟု ဆုံးမခဲ့ဖူးကြောင်း မကြာခဏ မိန့်မြွက်တော်မူခဲ့ဖူးသည်ကို ပြန်လည်သတိရမိပါ၏။

## တောထွက်တော်မူခြင်း

၁၃၃၁(၁၉၆၉) ခုနှစ်၊ ဝါဦးကာလသို့အရောက်တွင် မောင်းထောင် ယွန်းဆက်ကျောင်းစာသင်တိုက်ကြီးကို တပည့်ကြီးဖြစ်သူအား လွှဲပြောင်းအပ်နှံပြီး မြေဖင်းတောရသို့ လွှတ်လွှတ်စွန့်ကာ တောထွက်တော်မူသည်။



ဦးခေါင်းတော်မှ ဓာတ်တော်



အသွေးတော်၊ အသားတော်မှ ဓာတ်တော်



အရိုးတော်မှ ကွန့်မြူးသော ဓာတ်တော်



www.burmeseclassic.com

www.burmeseclassic.com

မြေဇင်းတောရ ဆရာတော်သည် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် မောင်းထောင်တောင်ကုန်း (၈)ရွာ ဂေါ်စရဂါမ်နယ်ရှိ မြေဇင်းတောရ၌ ဝါကပ်၏။ ကမ္မဋ္ဌာန်းကျောင်းငယ်လေးနှင့် ထန်းရွက်တဲ မွှာရုံလေးတစ်ခုသာ ရှိ၏။ ဆန်ပြုတ်ကျဲကျဲကို နေ့စဉ် ဘုဉ်းပေးပြီး အရုဏ်ဆွမ်းအတွက် တင်းတိမ်ရ၏။ နေ့ဆွမ်းအတွက်မူ ပတ္တပိုဏ်ဆွမ်း ကိုယ်တိုင်ခံယူ ဘုဉ်းပေး၏။ ခေါင်းပါးသော အစာရေစာနှင့် ခြစ်သလိုနေထိုင် သီတင်းသုံးရင်း တရားအလုပ်ကိုသာ ငွတ်မိုတ်ကြိုးစား အားထုတ်တော်မူ၏။ နေ့မှုကျဲကျဲနှင့် ခိုက်ခိုက်တုန်အောင် အေးသော ရာသီဥတုကို အန်တုကာ တရားကိုသာ နလုံးသွင်းရှုမှတ်ပြီး ခေါင်းပါးစွာဖြင့် ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

## တရားစခန်းများ ဖြစ်မြောက်ခဲ့

တရားစခန်းများမှာ ဘုတလင်မြို့နယ်၊ မောင်းထောင်မြေဇင်းတောရ၊ ရန်ကုန်တိုင်း၊ မှော်ဘီ(လှပဒါး)၊ ရန်ကင်းအေးငြိမ်းရိပ်သာ၊ (ပုသိမ်ကြီး-မန္တလေးတိုင်း)၊ ရွှေပါကမ္မရိပ်သာ(ရန်ကုန်-မှော်ဘီ)၊ (ရှင်သာမဏေဇိမာန်၊ ဗဟန်း၊ ရန်ကုန်) စသည်ဖြင့် တရားစခန်းများ အကြိမ်ကြိမ်ဖွင့်လှစ်ပြီး မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ လက်ထောက် ကမ္မဋ္ဌာနာစရိယဆရာတော်များက ကနိုးနည်းဥပနိယျအတိုင်း တရားပြသလျက်ရှိ၏။ မွှေအမွှေ ဖြန့်ဝေနေကြပါပြီ။

မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား နိုင်ငံတော်မှ ၁၉၉၃ (၁၃၅၄) ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ် ကပ်လှူ၏။ သို့သော် ဘွဲ့တံဆိပ်တော် အလှူခံရှိမှုနှင့် ပတ်သက်၍ မည်သို့မျှ မြွက်ကြားခြင်းမရှိ၊ သာယာမှုလည်း မတွေ့ရပေ။ မြေဇင်းတောရ ဆရာတော်ဘုရားကြီးကား လူသူအရောက်အပေါက်နည်းသော ဘုတလင်မြို့နယ်၊ မောင်းထောင် မြေဇင်းတောရကျောင်းလေး၌သာ တရားဓမ္မဖြင့် ပျော်မွေ့လျက်ရှိ၏။

## ခန္ဓာဇာတ်သိမ်း အေးငြိမ်းတော်မူ

"န သုကရာ ပုဌသေနာပိ ဒသာနာယ"ဟူသော သီလက္ခန်ပါဠိတော်နှင့် အညီ ဤကဲ့သို့ ပကတိမျက်စိဖြင့် မမြင်နိုင်ကောင်းသော ရုပ်နာမ်ဓမ္မသဘာဝတို့ကို သမထ သမာဓိ ဝိပဿနာဉာဏ်ပညာ စွမ်းအားတို့ဖြင့် ပြစွမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် မြေဇင်းတောရ ဆရာတော်ဘုရားကြီးသည် ၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၁-၉-၂၀၀၆) သောကြာနေ့ မွန်းလွဲ ၁ နာရီ၊ ၅၅ မိနစ်အချိန် သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၆ ဝါအရတွင် ခန္ဓာဝန်ချတော်မူပါသည်။

ဆရာတော်ဘုရားကြီး အန္တိမ ဈာပနပူဇော်ပွဲတွင် မီးမခသော မျက်ခုံးမွေးတော်၊ အသွေးတော်မှ ကွန့်မြူးသော ဓာတ်တော်၊ ဦးခေါင်းတော်မှဓာတ်တော်၊ အသွေးတော်,အသားတော်မှ ဓာတ်တော်၊ ဆံတော်၊ အံတော်၊ အရိုးတော်စသည့် သရီရဓာတ်တော်များ ကွန့်မြူးသည်ကို အံ့ဩစွာ ဖူးတွေ့ရပါသည်။

မောင်းထောင် မြေဇင်းတောရ ထေရုပ္ပတ္တိစာအုပ်နှင့် ပုံတော်အလှူရှင်မှာ ဦးဖေသိန်း + ဒေါ်ချိုချိုအောင်၊ သား မောင်စိုးမင်းသူ၊ သမီး မသန္တာဖြူ မိသားစု ကောင်းမှုဖြစ်ပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ သမထ၊ ဝိပဿနာ တရားအားထုတ်နည်းကို စိတ်ဝင်စား၍ အားထုတ်လိုပါက အောင်မင်္ဂလာ(မြေဇင်းတောရရိပ်သာ) မောင်းထောင်မြေဇင်းတောရ ရိပ်သာခွဲ၊ ဘွက်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း တရားစခန်း စတင်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သတင်းရရှိပါသည်။ ဦးချစ်ရှိန် (၀၉-၅၁၇၄၀၂၂)၊ ဆရာဦးသန်းဝင်း (ညောင်ဦး) ဖုန်း-၇၂၀၄၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့် မွှာစရိယဆရာတော်များနှင့် ကမ္မဋ္ဌာန်းနည်းပြဆရာများမှ မေတ္တာစေတနာဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ပြသပေးလျက်ရှိပါသည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို အနှစ်ချုပ်မျှသာ ရေးသားပူဇော်လိုက်ခြင်း ဖြစ်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်ကြီး နှင့် ရှာန်ပုံရဟန်းတော်များ

**စကြာကောင်းစံ**

ရွှေတိဂုံစေတီကြီးနှင့် စတင်ခဲ့ပြီး အမှန်တကယ်ဖြင်ခဲ့သော ဤဖြစ်စဉ်မှာ လူအများ လမ်းပေါ်မှာ အနေအရှိန် နည်းနေသော မွန်းတည့်ချိန်ဖြစ်ခဲ့ခြင်း၊ ဧပြီလ၏ နေ့အပူရှိန်က မြင့်မားခဲ့ခြင်း၊ ကိုယ်တိုင်တွေ့မြင်သူများကလည်း ထူးခြားဆန်းကျယ်သော ဖြစ်ရပ်ကို သတင်းစကားဆက်ဆင့်ကမ်းရာတွင် သကြ်န်ရက်များကြောင့် စိတ်ဝင်စားမှု လျော့ကျခဲ့ခြင်းကြောင့် သိပ်ပြီး ကျော်ကျော်ကြားကြားဖြစ်ခဲ့ပါ။ သို့သော် ထူးခြားဆန်းကြယ်သော ဤဖြစ်ရပ်မှာ ရွှေတိဂုံစေတီကြီး၌ဖြစ်ခဲ့သည့် ၂၀၀၉ ခုနှစ်က အမှန်တကယ်ဖြစ်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ နောက်ပြန်ဆိုလျှင် မဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။ ရုံးပိတ်၊ ကျောင်းပိတ်ရက်မို့ လမ်းပေါ် လူက ကျဲပါးနေသည့်အပြင် နေပူရှိန်ကလည်း အတော်ပြင်းသည်။ အချိန်က နေမွန်းတည့်ချိန်လွန်၍ မိနစ်အနည်းငယ် စွန်းပြီ။

"ဟောဟိုမှာ…ရွှေတိဂုံဘုရားဘက်ကနေ ရဟန္တာနှစ်ပါး ကောင်းကင်မှာ ရှာန်ကြွနေတယ်"

"ဘယ်မှာလဲ…ဘယ်မှာလဲ။ ရှာန်ကြွနေတာ သေချာလို့လား။ မိုးပျံပူဖောင်း အဝါရောင်နှစ်လုံးလားမှ မသိတာ"

"သေသေချာချာကြည့်။ ဘုန်းကြီးနှစ်ပါး။ အဲ…ရှာန်ပျံတာဆိုရင် ရဟန္တာပဲ ဖြစ်မယ်"

ကနဦး မြင်တွေ့လိုက်ရသောသူများက ဗဟန်းမြို့ ရေတာရှည်လမ်းထိပ်က အငှားယာဉ်မောင်းသမားများ ဖြစ်ပြီး သူတို့မြင်တွေ့ရသော ရှာန်ပျံရဟန်းများက အထပ်မြင့်တိုက်ကြီးများ ကွယ်သွား၍ မမြင်ရတော့ပါ။ တစ်ခဏမြင်လိုက်ရသော အငှားယာဉ်မောင်းသမားများသည်လည်း တကယ့်ရှာန်ပျံရဟန်းများ ဖြစ်သည်၊ မိုးပျံပူဖောင်းအဝါနှစ်လုံးဖြစ်သည်၊ ယခုခေတ်တွင် ကောင်းကင်တွင် ရဟန်းရှာန်နှင့်ကြွတာ မရှိတော့ စသည်ဖြင့် ငြင်းခုန်ရင်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြပြီး အချိန်ကြာတော့ မေ့ပျောက်သွားကြပါသည်။

"အချိန်က ၁ နာရီထိုးတော့မယ်။ ကျွန်တော်က လိုင်းကားပေါ်မှာ။ တာမွေကို သွားနေတာ။ အသောကနားရောက်တော့ လမ်းမှာ လိုင်းကားတွေ ရပ်နေတယ်။ ကျွန်တော်တို့ကားလည်း ရှေ့ကားတွေရပ်တော့ လိုက်ရပ်လိုက်ရတယ်။ ကားဒရိုင်ဘာက ရှေ့ကားကို လှမ်းမေးတယ် ဘာဖြစ်လို့ ရပ်တာလဲပေါ့။ အဲဒီမှာ လမ်းပေါ်က ခရီးသည်တစ်ယောက်က ရဟန္တာတွေ ကောင်းကင်မှာ ရှာန်နဲ့ကြွတာ ဖူးရလို့ တစ်ယောက်စကားတစ်ယောက်နားနဲ့ ကားတွေပေါ်ကဆင်းပြီး အောက်မှာ ကြည့်နေကြ၊ ဖူးနေကြတာ။ တချို့ဆိုရင်လည်း ထိုင်ရှိခိုးကြတယ်။ ရွှေတိဂုံဘုရားဘက်ကနေ ရှာန်နဲ့ကြွလာတာတဲ့။ အသောကဘက်မှာဆိုရင် တကယ့်နိမ့်နိမ့်လေး။ အုန်းပင်နှစ်ပင်လောက်ပဲ ရှိမယ်။ ရှာန်နဲ့ကြွတာ နှစ်ပါးဆရာကောင်း။ သင်္ကန်းကိုလေတိုးလို့ လွင့်တာကအစ မြင်လိုက်ကြရတယ်။ ကောင်းကင်မှာ ရှာန်ပျံနေတဲ့ ရဟန်းနှစ်ပါးကို ဖုန်းနဲ့ ဓာတ်ပုံရိုက်တဲ့သူကလည်း ရှိတယ်။ ဒါ ကျွန်တော့်မျက်မြင်ကိုယ်တွေ့"

ဟု စာရေးသူနှင့် သင်္ကြန်အပြီး ရုံးအပြန်ဖွင့်တွင် တွေ့ဆုံသော ကွယ်လွန်သူ စွယ်စုံမင်းသမီးကြီး၏ သားဖြစ်သူ ကိုလှဌေးက ပြောသည်။

စာရေးသူက ထူးခြားဖြစ်စဉ်

www.burmeseclassic.com

သတင်းကို ၂၄/၇ သတင်းဌာနယ်တွင် ရေးသားဖော်ပြခဲ့သော်လည်း စာတိုပုံမပါ၊ အထောက်အထား မခိုင်လုံဟုဆိုကာ သက်ဆိုင်ရာက ခွင့်ပြုချက်မပေးခဲ့၍ ပုံနှိပ်စာလုံး မဖြစ်ခဲ့သလို၊ ကျော်ကျော်ကြားကြား မဖြစ်ခဲ့ပါ။ သို့နှင့် မေ့မေ့ပျောက်ပျောက်ထားခဲ့သော ရွှေတိဂုံစေတီတော်ကြီးဆီမှ ရှာန်နှင့်ကြွသော ရဟန္တာနှစ်ပါးသတင်းသည် ယင်းနှစ် မေလဆန်းမှာ ထပ်မံသတိရစို့ ဖြစ်လာပါသည်။

"ဆရာကောင်း…ကောင်းကင်မှာ ရှာန်နဲ့ကြွတဲ့ ရဟန္တာနှစ်ပါးအကြောင်း ကြားပြီးပြီလား"

"ကြားတော့ကြားတယ်။ ကိုကြည်ဝင်းက ဘယ်ကကြားလာတာလဲ"

"ကျွန်တော်တို့ တပ်မှူးက ပြောတယ်။ သင်္ကြန်အကြိုနေ့မတိုင်ခင် တစ်ရက်မှာ တပ်မှူးရဲ့အစ်မက ဒဂုံမြို့သစ်ဘက်ကနေ မာဇဒါကျစ်ကားနဲ့ ရန်ကုန်ဘက်ကို လာတယ်တဲ့။ အဲဒီမှာ ကောင်းကင်က ရှာန်နဲ့ကြွလာတဲ့ ရဟန္တာနှစ်ပါးကို ဖူးရတာတဲ့။ တပ်မှူးရဲ့အစ်မလည်း ကားရပ်ခိုင်းပြီး မြေပေါ်မှ ဆင်းကန်တော့တယ်။ တကယ့်ကို ရဟန္တာနှစ်ပါး ရှာန်ပျံတာတဲ့။ ဖူးရခဲ့လို့ ဝမ်းသာလှချည်ရဲ့ဆိုပြီး သူ့မောင် (ကျွန်တော်တို့တပ်မှူး)ကို ပြန်ပြောပြတယ်။ အဲဒီ ထူးခြားဖြစ်စဉ်ကို အစီရင်ခံစာရေးပြီး အထက်ကို တင်ပြခဲ့တယ်"ဟု ကိုကြည်ဝင်းက စာရေးသူကို ပြောသည်။

ကိုကြည်ဝင်းသည် စာရေးသူ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ ရေငုပ်ငန်းတွင် ပြည်နယ်မန်နေဂျာတာဝန်နှင့် ရှိစဉ် သူ့ဖခင်က ရေခဲစက်တွင် ဝန်ထမ်းဖြစ်ပြီး ထိုအချိန်က ကိုကြည်ဝင်းက ခြောက်တန်း ဖြစ်သည်။ ကိုကြည်ဝင်း တပ်မတော်(ရေ)တွင် တာဝန်ထမ်းရန် ဝင်ရောက်ခဲ့ပြီး ယခုနောက်ပိုင်း ရန်ကုန်တွင် ပြန်ဆုံကြခြင်း ဖြစ်သည်။ ထိုနေ့က ကောင်းကင်ရှာန်ပျံသည့် ရဟန်းများ ရှိ၊ မရှိ သက်သေပြရ ါသည်။

၁၉၆၂ ခုနှ ။ ဧပြီလ ၂၉ ရက်၊ တနင်္ဂနွေနေ့ထုတ် မန်းခေတ်(မန္တလေး) သတင်းစာ မျက်နှာဖုံးပါ ကောင်းကင်ပျံကြွသည့် ရဟန်းတော်များ သတင်းတစ်ပုဒ်ကို ပြခဲ့သည်။

## ကောင်းကင်ပျံကြွသည့် ရဟန်းတော်များ

"ထိုပုဂ္ဂိုလ်ထူးမှာ နောင်ချိုနယ်၊ တောင်ခန်းဒိုင်မက်လွတ်ရွာ မက်လွတ်ကျောင်း ဘုန်းတော်ကြီး၏ တပည့် သက်တော် ၂၀ အရွယ် ဦးပဉ္စင်းကလေး ဦးဝိဇယဖြစ်၍ ရဟန္တာဟု နာမည်ကြီးကာ သွားရောက်ဖူးမြော်သူများ အထူးပေါ်များလျက် ရှိနေသည်။

ဦးဝိဇယမှာ မက်လွတ်ရွာအနီး တစ်ဖာလုံခန့်အကွာတွင် လွယ်လွန်းရိပ်သာဟု ရိပ်သာတစ်ခု ဖွင့်လှစ်ကာ တရားနာလိုသူ၊ ကမ္မဋ္ဌာန်းထိုင်လိုသူများကို ဟောပြောပြသလျက် ကိုယ်တိုင်လည်း တရားအားထုတ်နေသည်။ တရားနာလိုသူ၊ တရားအားထုတ်လိုသူများ ကားကြီး၊ ကားငယ်တို့ဖြင့် နေ့စဉ်လာရောက်လျက် ရှိနေရာ ၃၀၀ ကျော်ခန့် အမြဲရှိနေ၏။

ဦးဝိဇယသည် ၁၇ နှစ်သားအရွယ်မှစ၍ ဆရာတော် ဦးသောဘိတထံတွင် တရားဓမ္မများ နည်းနာခံ၍ အားထုတ်ခဲ့သည်ဆို၏။ ယခုအခါ ရဟန္တာဟုပင် ကျော်ကြားနေတော့သည်။ ဦးပဉ္စင်းလေးကို ဖူးမြော်လို၍ သွားရောက်ကြသည်များသည်၊ အကြောင်းတစ်စုံတစ်ရာကြောင့် မဖူးတွေ့ရ၍ ပြန်တော့မည်လုပ်လျှင် ကျောင်းဝင်းထဲတွင်ဖြစ်စေ၊ မိမိတို့ရှေ့မှောက်တွင်ဖြစ်စေ ရုတ်တရက် ငေါ်ပေါက်လာကာ ရောက်ရှိနေတတ်သည်ဟု ဆို၏။

တစ်ခါကမူ မက်လွတ်ရွာနှင့် ရှစ်မိုင်ခန့်ဝေးသော နောင်တောရွာမှ ဆွမ်းပင့်ဖိတ်၍ သွားရောက်အလှူခံရာ အပြန်တွင် ဒကာလေး ငါးယောက်က လိုက်၍ ပို့ကြသည်။ ရွာအပြင်အရောက် တောချုံကွယ်တစ်ခုတွင် ဦးပဉ္စင်းလေးမှာ မျက်စိရှေ့၌ပင် ပျောက်ကွယ်သွားတော့သည်။ လိုက်လံရှာဖွေကြသော်လည်း မတွေ့ရတော့သဖြင့် ဒကာများ ပြန်သွားရတော့သည်ဆို၏။ ထိုကဲ့သို့ ပျောက်ကွယ်သွားသောအချိန်၌ပင် နောင်တောရွာနှင့် မက်လွတ်ရွာအကြားရှိ သရက်ချိုရွာမှ နွားကျောင်းသားကလေးများက ကောင်းကင်ထက်မှ ဘုန်းကြီးတစ်ပါး ပျံကြွသွားသည်ကို မြင်လိုက်ကြရသည်ဆို၏။

တအံ့တသြဖြစ်၍ အသေအချာ လိုက်လံကြည့်ရှုသောအခါ မက်လွတ်ရွာကျောင်းမှ ဦးပဉ္စင်းလေး ဦးဝိဇယပင် ဖြစ်နေကြောင်း တွေ့ရသည်ဆို၏။ ထိုအချိန်မှစ၍ ဦးပဉ္စင်းလေး ဦးဝိဇယမှာ ရဟန္တာဟု ကျော်ကြားပြီး ရပ်နီးရပ်ဝေးမှ ကားကြီးကားငယ်တို့ဖြင့် လာရောက်ဖူးမြော်သူများ အလွန်စည်ကားလျက် ရှိနေသည်ဟု သိရှိရသည်"

"အဲဒီသတင်းလည်း ပါပြီးရော တစ်နှစ်လောက်အကြာ ၁၉၆၃ ခုနှစ်၊ ဧပြီလဆန်းထဲမှာ ရန်ကုန်က သတင်းစာတွေထဲမှာ ကောင်းကင်ရှာန်ပျံကြွတဲ့ ရဟန်းသုံးပါးအကြောင်း ပါလာတယ်။ ကြို့ပင်ကောက်မြို့မှာ တစ်ခုသောညနေခင်း ကောင်းကင်က ရဟန်းတော်သုံးပါး အတူပျံကြွသွားကြတာ တစ်မြို့လုံးလိုလို မြင်လိုက်ကြရတယ်ဆိုတဲ့သတင်း ပါလာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီ ရဟန်းတော်သုံးပါးပဲလား၊ နောက်ရဟန်းတော်သုံးပါးပဲလား မသိဘူး ကောင်းကင်တိမ်ထဲမှာ ရျာန်နဲ့ကြွနေတဲ့ ပုံဆိုပြီး ၁၉၇၆ လောက်မှာ အဖြူအမည်း ဓာတ်ပုံ ထွက်လာတယ်။ ရွှေတိဂုံဘုရား ဒူးရင်း စာအုပ်ဆိုင်က ဝယ်လာခဲ့သေးတယ်"ဟု စာရေးသူက မိတ်ဆွေများကို ပြောသည်။

ဘာသာရေး စာရေးဆရာကြီး ဓမ္မစရိယဦးဌေးလှိုင်၏ စာအုပ်တစ်အုပ်ထဲတွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့ ညံ့တောရွာ၌ ကောင်းကင်ရျာန်ပျံကြွနိုင်သော ဘုန်းတော်ကြီးတစ်ပါးအကြောင်း ရေးသားခဲ့ဖူးသည်။ ယခု အောက်ပိုင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ် တောတောင်များအတွင်း ကောင်းကင်ရျာန်ပျံရဟန်းများ မကြာခဏ တွေ့ကြုံ ဖူးရသည့်သတင်းများ ကြားရသည်။ သတင်းစာများမှာ မပါသော်လည်း ဂျာနယ်များ၊ စာစောင်များတွင် ရံဖန်ရံခါ ဖတ်ခဲ့မှတ်ခဲ့ရပါသည်။

၂၀၁၀ ပြည့်နှစ်မှာ ရွှေတိဂုံစေတီတော်ကြီးသို့ သတင်းယူရန် ရောက်ရှိခဲ့သည်။ ထိုနေ့က ရွှေတိဂုံစေတီတော်ကြီး ပိဋကတ်တိုက်တွင် တာဝန်ထမ်းနေသော (စာရေးသူ၏ ငယ်သူငယ်ချင်း) ဒေါ်ခင်မျိုးသန့်တို့ ဆုံမိသည်။ ဒေါ်ခင်မျိုးသန့်က စာရေးသူကို အသက် ၇၀ ခန့်ရှိ အဘိုးကြီးတစ်ယောက်နှင့် ဆုံပေးသည်။ အဲဒီအဘိုးကြီးကား ဗဟန်း၊ ရေတာရှည်လမ်းဆောင်းတွင်နေကာ နေ့စဉ် ရွှေတိဂုံစေတီကြီးဆီ လာသည်ဟု ဆိုသည်။ ရွှေတိဂုံစေတီတော်ကြီး၏ နှစ်ပေါင်းများစွာ အတွေ့အကြုံများစွာ၊ ထူးခြားဖြစ်စဉ်ပေါင်းများစွာကို ကိုယ်တွေ့သိမြင် ပြောပြနိုင်သည်ဟု သူငယ်ချင်းက ပြောသည်။

"ဒါဆို ဦးကြီးကို အနီးဆုံး ထူးခြားဖြစ်ရပ်တစ်ခု မေးကြည့်ပါရစေ။ မနှစ် ၂၀၀၉၊ ဧပြီလ သင်္ကြန်ကျခါနီး ရွှေတိဂုံဘုရားကနေ ကောင်းကင်ကို ရျာန်နဲ့ကြွတဲ့ ရဟန်းတော်နှစ်ပါးအကြောင်းရောသိလား"

"ဆရာလေးက စာရေးဆရာလား၊ သတင်းထောက်လား။ မနှစ်သင်္ကြန်မကျခင် ရွှေတိဂုံဘုရားကနေ ကောင်းကင်ကို ရျာန်နဲ့ကြွတာက ရဟန်းနှစ်ပါး မဟုတ်ပါဘူး။ ငါးပါးပါ"

"ကျွန်တော်ကြားတာက နှစ်ပါးတည်းပါ ဦးကြီး။ ကျန်သုံးပါးတော့ မသိမကြားမိပါဘူး"

"ဘုရားကြီးကနေ ကောင်းကင်ကို ရျာန်နဲ့စပျံတာ ငါးပါး။ နှစ်ပါးက ကြည့်မြင်တိုင်ဘက် ကြွတယ်၊ တစ်ပါးက ရန်ကုန်မြစ်ဘက် ကြွတယ်၊ ကျန်နှစ်ပါးက တာမွေဘက်ကြွတယ်။ နေရာခွဲကြွတယ်"

"ဦးကြီး အသေအချာမြင်ရတာလား၊ သူများပြောတာလား"

"ဦးကြီးကိုယ်တိုင်မြင်တာပါ စာရေးဆရာ။ သေသေချာချာ နားထောင်၊ ဦးကြီး ပြန်ပြောပြမယ်"

ထိုနေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးက အတော်လေးရှင်းနေသည်။ ပြတိုက်ရှေ့က ဖြတ်လျှောက်လာခဲ့သောအခါ ပြတိုက်ဆီသို့ လှမ်းကြည့်နေသော နိုင်ငံခြားသား ကမ္ဘာလှည့်လေးဦးကို တွေ့သည်။ နေပူသက်သာစေရန် ဦးစံချိန်တန်ဆောင်းနား ကပ်လျှောက်လိုက်သည်။ ဦးစံချိန်တန်ဆောင်းမှာ လင်းနို့တောင်နှင့် နှမှုးစည်းများ၌ ရုပ်လုံးရုပ်ကြွများရှိရာ နိုင်ငံခြားသား ကမ္ဘာလှည့်များ အကြိုက်ဖြစ်သည်။ သူတို့၏ လက်ထဲမှ ကင်မရာကြီးငယ်တို့ဖြင့် ဓာတ်ပုံတွေ တရစပ်ရိုက်နေကြသည်။ သူ(ဦးကြီး)ကတော့ တန်ဆောင်းတွင်းဝင်ကာ နားနားနေနေဖြင့် စေတီတော်ကြီးကို ဝတ်ပြုမည်ဟု စိတ်ကူးလိုက်သည်။

မျက်လုံးအစုံက အထက်ပစ္စယံဆီသို့ ရောက်သွားသည်။ နေပူကျဲကျဲထဲ အထက်ပစ္စယံတွင် ဘုန်းကြီးငါးပါးကို တွေ့သည်။ သက်တော် လေးငါးဆယ်ထက် မပိုသော အနီဘုန်းကြီးငါးပါးသည် မည်သည့်အချိန်က အထက်ပစ္စယံကို ရောက်နေကြသနည်း။

"ကျွန်ုပ်လည်း အထက်ပစ္စယံကို တက်တဲ့ သံတံခါးပေါက်ကို ကြည့်လိုက်တော့ သော့ကြီးခတ်ထားတယ်။ ဒါဆို ဒီဘုန်းကြီးတွေ ဘယ်လိုတက်သလဲပေါ့။ ဘုန်းကြီးတွေ အထက်ပစ္စယံတက်ပြီးမှ လုံခြုံရေးက သော့ပြန်ပိတ်ပေးတာလည်း ဖြစ်နိုင်တယ်။ အဲဒီမှာကြည့်နေတုန်း ဘုန်းကြီးငါးပါးက ပန်းတင်ခုံကို လက်ယာရစ်ပတ်တယ်"

ပန်းတင်ခုံသည် ပေ ၂၀ ခန့် အကျယ်ရှိပြီး စေတီရဲ ၆၇ ဆူရှိကြောင်း၊ မုခ်ဦးစေတီလေးဆူနှင့် အရန်စေတီ ၆၄ ဆူဖြစ်သည်ဟု ထိုအဘိုးကြီးက ရှင်းပြသေးသည်။ အထက်ပစ္စယံကို လှမ်းကြည့်နေရင်း ဘုန်းကြီးငါးပါးသည် စေတီများ ကွယ်ကာ ပျောက်ကွယ်သွားကြပြီး များမကြာမီ စေတီကြီး၏ ကြာမှောက်ကြာလှန်နှင့် တည့်တည့်လောက် ကောင်းကင်တွင် နှစ်ပါးတစ်တွဲ၊ နှစ်ပါးတစ်တွဲ၊ တစ်ပါးတည်းခွဲကာ လေထဲပျံလျက် မျက်စိအောက်က ပျောက်ကွယ်သွားခဲ့သည်ဟု စာရေးသူအား ပြောပြခဲ့ပါသည်။

## စကြာကောင်းစံ

**ကျမ်းကိုးစာရင်း**

၁။ မန်းခေတ်သတင်းစာဟောင်းများ
၂။ ရန်ကုန်သတင်းစာဟောင်းများ
၃။ ကမ္ဘာကိုချုပ်ကိုင်မည့်သူ
(ဌေးလှိုင်)



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်ကူး
အစီအစဉ်

# ရှုဘုံသား

## ရဟန္တာအရိယာမဟာထေရ် အရှင်မြတ်ကြီးများ

ခင်အောင်လင်း

လွန်ခဲ့သော နှစ်ပေါင်းများစွာအချိန်ကာလက နေ့တစ်နေ့တွင် အလှူတစ်ခု မလွဲမရှောင် သာသွားရ၍ အပြန်၌ လမ်းကြုံသဖြင့် သီပေါင်းကျွမ်းပေါင်း ယခင် ဖဆပလအစိုးရဝန်ကြီးဖြစ်သူ သခင်ပန်းမြိုင်အိမ်သို့ ကျွန်တော်ဝင်ရောက်ခဲ့သည်။

သခင်ပန်းမြိုင်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အစိုးရခေတ်တွင် နိုင်ငံရေး မလုပ်တော့ဘဲ နိုင်ငံရေးထက် ဘာသာရေးဘက်၌ ပိုမို၍ စိတ်ထက်သန်ခဲ့သည်ဆို၏။ ထို့ကြောင့် သမထ ဝိပဿနာ ဘာဝနာကို နိုင်ငံရေးမလုပ်တော့သည့်အချိန်မှစပြီး ယနေ့အထိ တစ်လျှောက်လုံး စိုက်လိုက်မတ်တတ် ရှုရှုမိုက်စိုက် လေ့လာလိုက်စား ခဲ့ကြောင်း သိရသည်။

၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

သမထစွမ်းအားနှင့် ဈာန်အဘိညာဉ် တန်ခိုးဣဒ္ဓိပါဒ် အကြောင်းများကို သခင်ပန်းမြိုင်က ရှင်းပြနေချိန်တွင် ဖျတ်ခနဲ ကျွန်တော်သတိရမိလိုက်သည့်အကြောင်းတစ်ခုအတွက် ဖြတ်ပြီး မေးလိုက်မိသည်။

"မြဝတီနဲ့ ကော့ကရိတ်ကြား လမ်းတစ်နေရာမှာ ရဟန္တာ ဆယ်ပါး ကောင်းကင်ယံက ဈာန်နဲ့ကြွသွားတာ လူအတော်များများ ဖူးမြင်လိုက်ရတယ်လို့ မြတ်မင်္ဂလာစာစောင် အပေါင်း တစ်ခုထဲက ကျွန်တော်ဖတ်လိုက်ရတယ်။ ရဟန္တာတွေ မြန်မာပြည်ထဲမှာ တကယ်ရှိနိုင်ရဲ့လား ဥက္ကဋ္ဌကြီး" ဟု ကျွန်တော်က ဆက်ဆံလာနေကျအတိုင်း သခင်ပန်းမြိုင်အား ဥက္ကဋ္ဌကြီးဟူ၍ ခေါ်ဝေါ်သုံးနှုန်းပြီး မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်လည်း ၁၉၇၇ ခု၊ ဩဂုတ်လထုတ် မြတ်မင်္ဂလာစာစောင်နဲ့ ဝေဒစာစောင်နှစ်စောင်မှာ ဒီသတင်းဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မြန်မာပြည်ထဲမှာ ရဟန္တာအရှင်မြတ်တွေ ရှိမရှိ သိရအောင် လေ့လာသုတေသန ပြုခဲ့ပါတယ်။ သိရှိခဲ့ရသမျှများကိုလည်း မှတ်တမ်းလုပ်ထားခဲ့ပါတယ်။

"ကျွန်တော် အဲဒီမှတ်တမ်းကို ကြည့်ရှုကြည့်ညှိခွင့်မရနိုင်ဘူးလား ဥက္ကဋ္ဌကြီး"

"ရပါတယ်ဗျာ။ ခင်ဗျားစိတ်ဝင်စားတယ်ဆိုရင် ဒီမှတ်တမ်းမိတ္တူတစ်စောင်ကို ကျွန်တော်ပေးပါ့မယ်"

"ကျေးဇူးပါပဲခင်ဗျား"

သခင်ပန်းမြိုင်သည် မှန်ဗီရိုတစ်ခုထဲ စနစ်တကျ တရိတသေထားရှိသော လက်ရေးမှုမှတ်တမ်းဇယားတစ်စောင်ကို ထုတ်ယူပြီး ကျွန်တော့်အား ပေးသည်။ ကျွန်တော်က မှတ်တမ်းဇယားကို ဖွင့်၍မကြည့်သေးဘဲ ကိုင်ထားရင်း သခင်ပန်းမြိုင်အား…

"ဥက္ကဋ္ဌကြီး…ဒီမှတ်တမ်းရဖို့အတွက် ဘယ်လိုလေ့လာသုတေသနပြုခဲ့ရပါသလဲ။ ကျွန်တော်သိနိုင်ခွင့်ရရင် သိပါရစေခင်ဗျာ"

"ဒါက ဒီလိုပါ။ ကျွန်တော့်ရဲ့ ကျင့်ကြံအားထုတ်မှုအပေါ်မှာ မူတည်ပြီး ပဋ္ဌာန်းဆက်ရှိကြတဲ့ ဝိညာဉ်လောကသားတွေ အကူအညီနဲ့ အခုလို ပြည့်ပြည့်စုံစုံ သိရတယ်ဆိုပါတော့ဗျာ"

"ကျွန်တော် နည်းနည်းပါးပါး နားလည်အောင် သဘောသောက် ရှင်းပြပါဦး ဥက္ကဋ္ဌကြီး"

"တိုတိုပဲ ပြောရမယ်ဆိုရင် ၁၉၇၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ ညနေ ၄ နာရီ မိနစ် ၅၀ အချိန်မှာ ကျွန်တော် အဓိဋ္ဌာန်နဲ့ တရားထိုင်ပြီးတဲ့နောက် 'သုတ္တံဒေဝနတ်သားကြီး' ကို ပင့်ဖိတ်မေးမြန်း လေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံရှိ တောင်ထွတ်ကြီးအသီးသီးအပေါ်မှာ သီတင်းသုံး စံပယ်နေတော်မူကြတဲ့ ရဟန္တာ အရိယာ မဟာထေရ်အရှင်မြတ်ကြီး ၃၁ ပါးရှိကြောင်း ပထမဦးစွာ သိရှိမှတ်သားခဲ့ရပါတယ်"

"ဟုတ်ကဲ့ခင်ဗျား"

"ရှိသေးတယ်။ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်က ဒီဇင်ဘာလ ၄ ရက်အတွင်း လေ့လာရာမှာ နောက်ထပ် ၉ ပါးကို ထပ်ပြီး သိရပြန်လို့ ဒီမှတ်တမ်းထဲမှာ ရဟန္တာမဟာထေရ်အရှင်မြတ်ကြီးပေါင်း ၄၀ ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပါတယ်။ ဒီအချိန်အထိတော့ ဒါအကုန်ပဲလို့ သိရတယ်"

ကျွန်တော်သည် မရှင်းလင်းသည့် အချက်များကိုလည်းကောင်း၊ သိချင်သည်များကိုလည်းကောင်း သခင်ပန်းမြိုင်အား မေးမြန်းခဲ့ပြီး အိမ်သို့ပြန်ခဲ့သည်။

အိမ်ပြန်ရောက်ပြီးနောက် သခင်ပန်းမြိုင်ထံမှ ရခဲ့သော "လူ့ဘုံသား ရဟန္တာအရိယာမဟာထေရ် အရှင်မြတ်ကြီးများ" အမည်တပ်ထားသည့် မှတ်တမ်းကို ကျွန်တော်စိတ်ဝင်တစား ဖတ်နေမိသည်။

သခင်ပန်းမြိုင်၏ မှတ်တမ်းမှာ သေချာတိကျစွာ ဇယားဖြင့် ဖော်ပြထားသော်လည်း ဤစာအုပ်တွင် ဖော်ပြရန် မလွယ်ကူသောကြောင့် အောက်ပါအတိုင်း အလွယ်တကူ သဘောပေါက်နိုင်အောင် ပြန်လည်ရေးသားဖော်ပြလိုက်ရသည်။

## မှတ်တမ်းအစ နိဒါန်းတွင် သခင်ပန်းမြိုင်၏ ဖော်ပြချက်

၁၃၅၀ ပြည့်နှစ်၊ ဝါခေါင်လ(ဩဂုတ်လ)ထုတ် မြတ်မင်္ဂလာစာစောင်နှင့် ဝေဒစာစောင်နှစ်စောင်တို့၌ ဖော်ပြပါရှိသော သတင်းဆောင်းပါးတစ်ပုဒ်မှာ "မြဝတီနှင့် ကော့ကရိတ်လမ်းရှိ အလယ်ပိုလ်တဲစခန်းနေရာတွင် ခရီးသွား ခရီးသည် ၁၀၀ ကျော်အပြင် ထိုစခန်းရှိ တပ်မ-၇၇ မှ စစ်ဗိုလ် အကြပ်တပ်သားစုစုပေါင်း ၁၅၀ ကျော်တို့သည် အထက်ကောင်းကင်ယံမှ ရဟန္တာ ၁၀ ပါး ဈာန်အဘိညာဉ်တန်ခိုးတော်ဖြင့် ကြွလာသည်ကို ထင်ထင်ရှားရှား ကိုယ်တွေ့မျက်တွေ့ ဖူးမြော်ခဲ့ကြရကြောင်း" ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသတင်းကို စစ်ဆေးရင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ အနောက်မဏ္ဍိုမဒေသ၊ ဟိမဝန္တာတောင်တန်းဒေသတို့မှ ကြွရောက်၍ သီတင်းသုံးစံပယ်နေတော်မူလျက် ရှိကြကုန်သော ရဟန္တာမထေရ်အရှင်မြတ်ကြီးများ၏အကြောင်းကို ၁၉၈၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊ ညနေ ၄ နာရီ မိနစ် ၅၀ တွင် 'သုတ္တံ ဒေဝနတ်သားကြီး'နှင့် 'ဘုရားအကာ မောင်ပန်း'တို့ အမေးအဖြေလုပ်ပြီး အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ကြစေရန် ဇယားဖြင့် မှတ်တမ်းတင်ထားခဲ့ပါသည်။

(မှတ်ချက် = ဘုရားအကာ မောင်ပန်းဟူသည်မှာ သခင်ပန်းမြိုင်အား ဝိညာဉ်လောကသားများနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များက ခေါ်ဝေါ်သုံးစွဲခြင်း ပြုကြသည်ဟု သိရ၏။)

တစောင်မှ သတင်းဆောင်းပါတွင် ပါရှိသော ရဟန္တာအရှင်မြတ် ၁၀ ပါးအနက် ထိပ်ဆုံးမှ အရှင်မြတ်မှ တနင်္သာရီ ရိုးမ 'မြင်းမိုရ်လက်ခတ်တောင်'၌ သီတင်းသုံးစံပယ်တော်မူလျက် ရှိကြကုန်သော ရဟန္တာမထေရ်အရှင်မြတ်ကြီး ငါးပါးထဲမှ 'သျှင်ဇိတ'ဘွဲ့အမည်တော်ရှိ ရဟန္တာမထေရ်အရှင်မြတ်ကြီး ဖြစ်ပေသည်။ နောက်ပါ ကိုးပါးမှာ ဖူးမြင်ရသူလူအများ သဒ္ဓါမြောက်စေရန် ကိုယ်ပွားတော်များ ဖြစ်ကြသည်။

သျှင်ဇိတ မထေရ်အရှင်မြတ်ကြီးသည် ကချင်ပြည်နယ် အရှေ့ဘက် 'ကူမွန်တောင်'သို့ ဒေသစာရီ ကြွသွားခြင်းဖြစ်သည်။ ထိုတောင်တွင် 'သျှင်ဇောဝိဒ'နှင့် "သျှင်မာလိက' ရဟန္တာမထေရ်အရှင်မြတ်ကြီးနှစ်ပါး သီတင်းသုံးစံပယ်လျက်ရှိပေသည်။

မြန်မာနိုင်ငံတော်အတွင်း ဒေသအနှံ့အပြား၌ သီတင်းသုံးစံပယ်နေတော်မူလျက်ရှိကြကုန်သော လူ့ဘုံသား ရဟန္တာအရိယာ မထေရ်အရှင်မြတ်ကြီးပေါင်း ၃၁ ပါးရှိကြောင်း ပထမပိုင်းတွင် သိရှိရပါသည်။ ၁၉၈၈ ခု၊ နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၄ ရက်အတွင်း နောက်ထပ် ၉ ပါးကို ထပ်မံသိရသဖြင့် ရဟန္တာမဟာထေရ်အရှင်မြတ်ကြီးပေါင်း ၄၀ တိတိ မြန်မာနိုင်ငံတော်အတွင်း ဒေသအနှံ့အပြားတွင် သီတင်းသုံးစံပယ်နေတော်မူလျက်ရှိကြောင်း ဒီဇင်ဘာလ ၆ ရက်၌ နောက်ဆုံးမှတ်တမ်းတင်ထားနိုင်ခဲ့ပေသည်။

ဤသည်မှာ ဘုရားအကာ မောင်ပန်းအမည်ခံ သခင်ပန်းမြိုင်၏ နိဒါန်းပါ အချက်အလက်များ ဖြစ်သည်။

သခင်ပန်းမြိုင် မှတ်တမ်းဇယားအရတွင် ရဟန္တာအရှင်မြတ်ကြီးများသည် မြန်မာနိုင်ငံတော်အတွင်း နေရာဒေသအသီးသီး၌ အောက်ဖော်ပြပါအတိုင်း သီတင်းသုံးစံပယ်လျက် ရှိနေတော်မူကြောင်း သိရှိရသည်။

၁။ တနင်္သာရီရိုးမ မြင်းမိုရ်လက်ခတ်တောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၅ ပါး။
၂။ ကချင်ပြည်နယ် ဆာရာမေရိယတောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၂ ပါး။
၃။ ကချင်ပြည်နယ် အရှေ့ဘက် ကူမွန်တောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၂ ပါး။
၄။ ကချင်ပြည်နယ်မြောက်ဘက် ကနေဒီတောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၅ ပါး။
၅။ ကချင်ပြည်နယ်မြောက်ဘက် ဂမ်လန်ရာဇီတောင် အရှေ့ဘက်တွင် ရဟန္တာအရှင်မြတ်ကြီး ၉ ပါး။
၆။ ကချင်ပြည်နယ် မြောက်ဘက် ဂမ်လန်ရာဇီတောင် မြောက်ပိုင်းတွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၇။ ကချင်ပြည်နယ် မြောက်ဘက် ခါကာဘိုရာဇီတောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၂ ပါး။
၈။ ကချင်ပြည်နယ် မြောက်ဘက် ခါကာဘိုရာဇီတောင် တောင်ပိုင်းတွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၉။ ကချင်ပြည်နယ် မြောက်ဘက် ခါကာဘိုရာဇီတောင် မြောက်ပိုင်းစွန်းတွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၁၀။ ချင်းပြည်နယ် ဝိတိုရိယတောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၅ ပါး။
၁၁။ ရှမ်းပြည်နယ်တောင်ဘက် အရှေ့ပိုင်းအဆုံး (မြန်မာနှင့် ထိုင်းနယ်စပ်အနီး)ရှိ "တနင်းဖောင်" တွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၁၂။ ကရင်ပြည်နယ် ဇွဲကပင်တောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၂ ပါး။
၁၃။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ငွေတောင်ကြားလမ်းအနီးရှိ ငွေတောင်တွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၁၄။ ပဲခူးရိုးမ အနောက်ဘက်တွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၁၅။ ပဲခူး-ဒေးစွန်ပါ တောင်တန်း မြစွန်ပါတောင် အနောက်ဘက်လျှိုတွင် ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။
၁၆။ မြန်မာနိုင်ငံ ဒေသအနှံ့အပြား လှည့်လည်၍



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးစံပယ်နေတော်မူသော ရဟန္တာအရှင်မြတ်ကြီး ၁ ပါး။

(က) တနင်္သာရီရိုးမ မြင်းမိုရ်လက်ခတ်တောင်ကို အသက် ၁၂၀၀ ရှိသည့် သူတော်ကောင်းတရား ကျင့်ကြံအား ထုတ်ဆဲ 'ဇီဝဘရနာရဒဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေါ်ယကာဒေဝ ကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၁၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဒေဝသာရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ဇီဝ၊ (၂) သျှင်ဝိရောဓ၊ (၃) သျှင်ဒဗ္ဗ၊ (၄) သျှင်ဇိန္နထာ၊ (၅) သျှင်ဝါစိန္န ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီး ငါးပါး သီတင်းသုံးစံပယ်လျက်ရှိသည်။

(က-၁) သျှင်ဇီဝ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ရှိပြီဖြစ်သည်။

(က-၂) သျှင်ဝိရောဓ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ သရက်ဖြူတောမှ ကြွမြန်းလာခဲ့သည်မှာ ၄ နှစ်ရှိပြီ ဖြစ်သည်။

(က-၃) သျှင်ဒဗ္ဗ အရှင်မြတ်ကြီးသည် ဗြာဟ္မဏနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ သရက်ဖြူတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(က-၄) သျှင်ဇိန္နထာ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာသည်မှာ တစ်နှစ်သာ ရှိသေးသည်။

(က-၅) သျှင်ဝါစိန္န အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ မဟာကုဏ္ဍလအိုင်တော်မှ ကြွမြန်းလာသည်မှာ ၅ နှစ်ရှိပြီ ဖြစ်သည်။

(ခ) ကချင်ပြည်နယ် ဆာရာမေရိယတောင်ကို အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဘဒ္ဒဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဒေဝတာ ဒေဂကုမ္ဘဏ်ရာဇာ' နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် သောတာပန်အရိယာ 'သျှင်ဝေယဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိသည်။

သျှင်ဒေဝက အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ မဟာကုဏ္ဍလ အိုင်တော်မှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ် ရှိပြီဖြစ်သည်။

(ဂ) ကချင်ပြည်နယ် အရှေ့ဘက် ကူမွန်တောင်ကို အသက် ၁၀၀၀ ရှိသည့် သကဒါဂါမ်အရိယာ 'သျှင်ဝိသောဂဒေဝရာဇာ'နတ်မင်း၊ အသက် ၃၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒိက္ခဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၂၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဇီဝထာဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ဇောဝိဒ၊ (၂) သျှင်ဗာလိက ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး သီတင်းသုံးစံပယ်လျက်ရှိကြသည်။

(ဂ-၁) သျှင်ဇောဝိဒ အရှင်မြတ်ကြီးသည် ဗြာဟ္မဏနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ သရက်ဖြူတောမှ ကြွမြန်းလာခဲ့သည်မှာ ၇ နှစ်ရှိပြီ ဖြစ်သည်။

(ဂ-၂) သျှင်ဗာလိက အရှင်မြတ်ကြီးသည် ဗြာဟ္မဏနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ သရက်ဖြူတောမှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ်ရှိပြီ ဖြစ်သည်။

(ဃ) ကချင်ပြည်နယ် မြောက်ဘက် ကနေဒီတောင်ကို အသက် ၂၀၀၀ ရှိသည့် သကဒါဂါမ်အရိယာ 'ဂန္ဓဒေဝရဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် တရားကျင့်ဆဲ 'သျှင်

"မြဝတီနှင့် ကော့ကရိတ်လမ်းရှိ အလယ်ဗိုလ်တဲစခန်းနေရာတွင် ခရီးသွား ခရီးသည် ၁၀၀ ကျော်အပြင် ထိုစခန်းရှိ တပ်မ-၇၇ မှ စစ်ဗိုလ် အကြွပ်တပ်သား စုစုပေါင်း ၁၅၀ ကျော်တို့သည် အထက်ကောင်းကင်ယံမှ ရဟန္တာ ၁၀ ပါး စျာန်အဘိညာဉ်တန်ခိုးတော်ဖြင့် ကြွလာသည်ကို ထင်ထင်ရှားရှား ကိုယ်တွေ့မျက်တွေ့ ဖူးမြော်ခဲ့ကြရကြောင်း"



www.burmeseclassic.com

www.burmeseclassic.com

ထေဏာဒေဝကုမ္ဘဏ်'နတ်ဘီလူးမင်း၊ အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဝေဒိဒဟာဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ဒေါနေ၊ (၂) သျှင်ဝေရ၊ (၃) သျှင်သေဏ၊ (၄) သျှင်ဝစ္စဏ၊ (၅) သျှင်ပါဠ္ဌဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးငါးပါး သီတင်းသုံးစံပယ်လျက်ရှိကြသည်။

(ဃ-၁) သျှင်ဒေါနေအရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ်ရှိပြီ ဖြစ်သည်။

(ဃ-၂) သျှင်ဝေရ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာရှိသေးသည်။

(ဃ-၃) သျှင်သေဏ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(ဃ-၄) သျှင်ဝစ္စဏ အရှင်မြတ်ကြီးသည် ပုဏ္ဏားမျိုးနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်း လာခဲ့သည်မှာ နှစ်လမျှသာ ရှိသေးသည်။

(ဃ-၅) သျှင်ပါဠ္ဌ အရှင်မြတ်ကြီးသည် ဗြာဟ္မဏနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ်ရှိခဲ့ပြီ ဖြစ်သည်။

(င) ကချင်ပြည်နယ် မြောက်ဘက် ဂမ်လန်ရာဇီတောင် အရှေ့ပိုင်းကို အသက် ၈၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ရောဏိယဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေဝဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'နေမိန္ဒဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ဇိန္ဒရာဏ၊ (၂) သျှင်ဝတ္တရ၊ (၃) သျှင်ဣစ္စ၊ (၄) သျှင်သောကရ၊ (၅) သျှင်အာယ၊ (၆) သျှင်ဝေရဂိုး၊ (၇) သျှင်ဝဂ္ဂ၊ (၈) သျှင်ဟာမတ္ထမ၊ (၉) သျှင်သိဒ္ဓတ္ထ ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးကိုးပါး သီတင်းသုံးစံပယ်လျက်ရှိကြသည်။

(င-၁) သျှင်ဇိန္ဒရာဇ အရှင်မြတ်ကြီးသည် ပုဏ္ဏားမျိုးနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(င-၂) သျှင်ဝတ္တရ အရှင်မြတ်ကြီးသည် ဗြာဟ္မဏနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ နှစ်လမျှသာ ရှိသေးသည်။

(င-၃) သျှင်ဣစ္စ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ် ရှိပြီဖြစ်သည်။

(င-၄) သျှင်သောကရ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ မဟာကုဋ္ဌာလအိုင်တော်မှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(င-၅) သျှင်အာယ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ပစိဖိတ်သမုဒ္ဒရာဒေသမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(င-၆) သျှင်ဝေရဂိုး အရှင်မြတ်ကြီးသည် ပုဏ္ဏားမျိုးနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(င-၇) သျှင်ဝဂ္ဂ အရှင်မြတ်ကြီးသည် ပုဏ္ဏားညီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်လမျှသာ ရှိသေးသည်။

(င-၈) သျှင်ဟာတ္ထမ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ မဟာကုဋ္ဌာလအိုင်တော်မှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ်ရှိပြီ ဖြစ်သည်။

(င-၉) သျှင်သိဒ္ဓတ္ထ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(စ) ကချင်ပြည်နယ် မြောက်ဘက် ဂမ်လန်ရာဇီတောင် မြောက်ပိုင်းကို အသက် ၈၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ရောဏိယဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေဝဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'နေမိန္ဒဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် 'သျှင်ဝိမုတ္တ' ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။

သျှင်ဝိမုတ္တ အရှင်မြတ်ကြီးသည် ပုဏ္ဏားမျိုးနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်၊ နာလန္ဒကျောင်းတော်ရာမှ ကြွမြန်းလာခဲ့သည်မှာ ၃ နှစ် ရှိပြီဖြစ်သည်။

(ဆ) ကချင်ပြည်နယ် မြောက်ဘက် ခါကါဘိုရာဇီတောင်ကို အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဣသိရ



www.burmeseclassic.com

www.burmeseclassic.com

ဒေဝရာဇာ'နတ်မင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဗုဒ္ဓဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေဝရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ယာဏ၊ (၂) သျှင်ခေမရ ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးကိုးပါး သီတင်းသုံးစံပယ်လျက်ရှိကြသည်။

(ဆ-၁) သျှင်ယာဏ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။ (ဤအရှင်မြတ်ကြီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော ရဟန္တာမြတ်ကြီးတို့၏ အကြီးအမှူး မဟာထေရ်အရှင်မြတ်ကြီး ဖြစ်သည်။)

(ဆ-၂) သျှင်ခေမရ အရှင်မြတ်ကြီးသည် ပုဏ္ဏားညီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ ၇ နှစ် ရှိပြီဖြစ်သည်။

(ဇ) ကချင်ပြည်နယ်မြောက်ဘက် ခါကာဘိုရာဇီတောင်တောင်ပိုင်းကို အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဣသရဒေဝရာဇာ'နတ်မင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဗုဒ္ဓဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေဝရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် 'သျှင်နာဂသေန(သျှင်နာဂသိန်)' ဘွဲ့အမည်တော်ရှိ ရဟန္တာမြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။ (ဤအရှင်မြတ်ကြီးသည် ခုဒ္ဒကနိကာယ်ဝင် မှတ္တန်ပိဋကတ် မိလိန္ဒပဉှာပါဠိတော်လာ ရဟန္တာအရိယာ မဟာထေရ်မြတ်ကြီး ဖြစ်သည်။)

(ဈ) ကချင်ပြည်နယ်မြောက်ဘက် ခါကာဘိုရာဇီတောင်မြောက်ပိုင်းအစွန်းကို အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဣသရဒေဝရာဇာ'နတ်မင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဗုဒ္ဓဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒေဝရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် 'သျှင်ဂန္ဓတာ'ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။

သျှင်ဂန္ဓတာ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှ ကြွမြန်းလာခဲ့သည်မှာ ၁၇ နှစ် ရှိပြီဖြစ်သည်။

(ည) ကချင်ပြည်နယ် ဓိတ္တိရိယတောင်ကို အသက် ၉၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဓိစ္စဒေဝရာဇာ'နတ်မင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ကွစ္စဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် သောတာပန်အရိယာ 'သျှင်တိဿရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ယာဝလ၊ (၂) သျှင်ဂန္ဓာလ၊ (၃) သျှင်နိဿယ၊ (၄) သျှင်နေမိလ္လ၊ (၅) သျှင်ဂဒ္ဒ ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးငါးပါး သီတင်းသုံးစံပယ်လျက်ရှိကြသည်။

(ည-၁) သျှင်ယာဝလ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ သရက်ဖြူတောမှ ကြွမြန်းလာခဲ့သည်မှာ ၇ နှစ်ရှိပြီ ဖြစ်သည်။

(ည-၂) သျှင်ဂန္ဓာလ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ မဟာကုဏ္ဍလအိုင်တော်မှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(ည-၃) သျှင်နိဿယ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(ည-၄) သျှင်နေမိလ္လ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ ခုနှစ်လမျှသာ ရှိသေးသည်။

(ည-၅) သျှင်ဂဒ္ဒ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှ ကြွမြန်းလာခဲ့သည်မှာ သုံးလမျှသာ ရှိသေးသည်။

(ဋ) ရှမ်းပြည်နယ်တောင်ဘက် အရှေ့ပိုင်း အဆုံး (မြန်မာနှင့် ထိုင်းနယ်စပ်အနီး) တနင်းတောင်ကို အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ကဝရဒေဝရာဇာ'နတ်မင်း၊ အသက် ၂၀၀၀ ရှိသည့် သောတာပန်အရိယာ 'သျှင်ဓေါဘယဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'အာရဒရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် 'သျှင်ကုစ္စာရ'ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သျှင်ကဿဗရ အရှင်မြတ်ကြီးသည် ပုဏ္ဏားမြို့နွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာသည်မှာ တစ်နှစ်သာ ရှိသေးသည်။

(၄) ကရင်ပြည်နယ် ဇွဲကပင်တောင်ကို အသက် ၂၀၀၀ ရှိသည့် သောင်တာပန်အရိယာ 'ဂိဒ္ဓိနဒေဝရာဇာ'နတ်မင်း၊ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒိဓရဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း။ အသက် ၇၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒုတ္တရဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက် ရှိကြသည်။

ထိုတောင်တွင် (၁) သျှင်ဝဏ္ဏ၊ (၂) သျှင်ဒုတ္တ၊ ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး သီတင်းသုံး စံပယ်လျက်ရှိကြသည်။

(၄-၁) သျှင်ဝဏ္ဏ အရှင်မြတ်ကြီးသည် ပုဏ္ဏားညို နွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ ၄ နှစ် ရှိပြီဖြစ်သည်။

(၄-၂) သျှင်ဒုတ္တ အရှင်မြတ်ကြီးသည် ပုဏ္ဏားမြို့ နွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်သာ ရှိသေးသည်။

(၃) ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွတောင်ကြားအနီးရှိ ဂွတောင်ကို အသက် ၂၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဒေဝကဒေဝရာဇာ'နတ်မင်း။ အသက် ၉၀၀၀ ရှိသည့် သောတာပန်အရိယာ 'သျှင်ဝိဇယဒေဝကုမ္ဘဏ်ရာဇာ'နတ်ဘီလူးမင်း။ အသက် ၉၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဒိန္နဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက် ရှိကြသည်။

ထိုတောင်တွင် 'သျှင်မရဏ'ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။

သျှင်မရဏ အရှင်မြတ်ကြီးသည် သာကီနွယ်ဝင်ဖြစ်၍ ဟိမဝန္တာတောင်တန်းဒေသ စန္ဒကူးတောမှ ကြွမြန်းလာခဲ့သည်မှာ ၂ နှစ်ရှိပြီ ဖြစ်သည်။

(ပ) ပဲခူးရိုးမအနောက်ဘက်ကို အသက် ၂၀၀၀ ရှိသည့် သောတာပန်အရိယာ 'ဝိဇေဒဒေဝရာဇာ'နတ်မင်း၊ အသက် ၉၀၀ ရှိသည့် တရားကျင့်ဆဲ 'ဒိဒိတ္တဒေဝကုမ္ဘဏ်ရာဇာ' နတ်ဘီလူးမင်း။ အသက် ၅၀၀၀ ရှိသည့် တရားကျင့်ဆဲ 'ဂစ္စဏဒေဝနာဂါရာဇာ' နတ်နဂါးမင်းတို့ စောင့်ကြပ်လျက်ရှိကြသည်။

ထိုတောင်တွင် 'သျှင်ဒွိသ' ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။

သျှင်ဒွိသ အရှင်မြတ်ကြီးသည် ပုဏ္ဏားညိုနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာမှ ကြွမြန်းလာသည်မှာ ၂ နှစ်ရှိပြီ ဖြစ်ပါသည်။

(ဏ) ပဲခူးဒေးစွန်ပါတောင်တန်း မြစွန်ပါတောင် အနောက်ဘက်လျှိုကို အသက် ၁၈၀၀ ရှိသည့် တရားကျင့်ဆဲ 'ဝိစိတ္တဒေဝရာဇာ'နတ်မင်း။ အသက် ၂၀၀၀ ရှိသည့် သောတာပန်အရိယာ 'စိတ္တဘောဂဒေဝကုမ္ဘဏ်ရာဇာ' နတ်ဘီလူးမင်း၊ အသက် ၂၀၀၀ ရှိသည့် သကဒါဂါမ်အရိယာ 'ဒိစ္စဒေဝနာဂါရာဇာ' နတ်မင်းတို့ စောင့်ကြပ်လျက် ရှိကြသည်။

ထိုတောင်တွင် 'သျှင်အာဋ္ဌာသဖ' ဘွဲ့အမည်တော်ရှိ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးတည်း သီတင်းသုံးစံပယ်လျက်ရှိသည်။

သျှင်အာဋ္ဌာသဖ အရှင်မြတ်ကြီးသည် ပုဏ္ဏားမြို့နွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုတ်တောင်မှ ကြွမြန်းလာခဲ့သည်မှာ တစ်နှစ်၊ တစ်ဆယ့်တစ်လ၊ ခုနစ်ရက်သာ ရှိသေးသည်။

(တ) သီတင်းသုံးစံပယ်ရာ နေရာဒေသ အတည်တကျမထားဘဲ မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ လှည့်လည်၍ သီတင်းသုံးစံပယ်တော်မူလေ့ရှိသည့် ရဟန္တာအရှင်မြတ်ကြီး တစ်ပါး ရှိသည်။

ထိုရဟန္တာအရှင်မြတ်ကြီးမှာ 'သျှင်စဏ္ဍ'ဘွဲ့အမည်တော်ရှိသည်။

သျှင်စဏ္ဍအရှင်မြတ်ကြီးသည် ပုဏ္ဏားညိုနွယ်ဝင်ဖြစ်၍ အနောက်မဇ္ဈိမဒေသ ဗုဒ္ဓဂယာအနီး မုဋ္ဌလိန္ဒာအိုင်တော်မှ ကြွမြန်းလာသည်မှာ ၅ နှစ်ရှိပြီ ဖြစ်ပါသည်။

**မှတ်ချက်** - ဤမှတ်တမ်းသည် ၁၉ဂဂ ခု၊ ဒီဇင်ဘာလ ၆ ရက်တွင် မှတ်တမ်းတင်ထားကြောင်း သိရှိခဲ့ရာ ယနေ့ဆိုလျှင် ၂၅ နှစ်မျှ အချိန်ကြာညောင်းခဲ့ပြီဖြစ်၍ အပြောင်းအလဲလည်း များစွာရှိနိုင်သည်ဖြစ်ကြောင်း သဘောပေါက်ကြမည် ထင်ပါသည်။


ကျွန်တော်တို့ သိရှိကြည်ညိုသဒ္ဓါတရား ပွားနိုင်စေရန် ကြိုးကြိုးစားစား လေ့လာသုတေသနပြု၍ မှတ်တမ်းတင်ပေးခဲ့သော ဘုရားဒကာမောင်ပန်း အမည်ခံ သခင်ပန်းမြိုင်အား ဤဆောင်းပါးဖြင့် ဦးညွှတ်ဂါရဝပြုလိုက်ပါသည်။

**ခင်အောင်လင်း**

www.burmeseclassic.com

# ကြီးပြည့်ချမ်းသာ ကိုးဆူမဟာ

မော်တင်သိန်းဇော်




ပုဂံစေတီဘုရားပုထိုး နယ်မြေတော်နှင့် အနီးအနားဒေသကျေးရွာများ၌ ရှိတော်မူအပ်သော "ကြီးပြည့်ချမ်းသာ ဘုရားစေတီတော်" ကိုးဆူတို့ဖြစ်ပါသည်။

"ကြီးဘုရား" စေတီတော်များ အနေနှင့် စေတနာကြီးဘုရား၊ သူဌေးမှန်ရှုကြီး ဘုရားနှင့် ရွှေဂူကြီးဘုရားတို့ ဖြစ်ပါသည်။ ကြီးမားသော သာသနာပြုရေးရာ၊ ကုသိုလ်ရေးရာများနှင့်တကွ ရာထူး ဌာနရ ကြီးမားလိုသူ၊ ကြီးမြင့်လိုသူများ ဥစ္စာစီးပွား၊ အလုပ်၊ ဂုဏ်ဓနေ၊ ဘုန်းကံသြဇာ ကြီးမားကြီးပွားလိုသူများတို့အနေနှင့် ကိုးကွယ်ပူဇော် ဆုတောင်းနိုင်ကြပါသည်။

"ပြည့်ဘုရားစေတီတော်မြတ်များ" အနေနှင့် ဆုတောင်းပြည့်ဘုရား၊ အလိုတော်ပြည့်ဘုရားနှင့် ဖွားစောကျေးရွာရှိ ဆုတောင်းပြည့်ဘုရားတို့ ဖြစ်ကြပါသည်။ သာသနာပြုရေးရာ၊ ကုသိုလ်ရေးရာများနှင့် အကြံအစည်၊ မျှော်လင့်ချက်၊ ရာထူး၊ အလုပ်အကိုင်၊ ဘုန်းကံသြဇာ၊ ဥစ္စာစီးပွား၊ အသက်ရှည်၊ အနာကင်းရေးတို့အတွက် ဆုတောင်းပြည့်ဝလိုသူများတို့ အနေနှင့် ကိုးကွယ်ပူဇော်ဆုတောင်းနိုင်ကြပါသည်။

"ချမ်းသာဘုရားစေတီတော်မြတ်များ" အနေနှင့် ညောင်ပင်သာကျေးရွာရှိ လောကချမ်းသာဘုရား၊ ချောက်ကန်ကျေးရွာရှိ လောကချမ်းသာဘုရားနှင့် မင်းအိုချမ်းသာဘုရားစုတို့ ဖြစ်ပါသည်။ ကုသိုလ်ဒါနနှင့် အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာစီးပွား၊ ငွေကြေးပစ္စည်း၊ ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်းများ၊ ချမ်းသာလွတ်မြောက်လိုသူတို့အနေနှင့် ကိုးကွယ်ပူဇော် ဆုတောင်းနိုင်ကြပါသည်။

ပုဂံဒေသနယ်မြေသို့ ကိုယ်တိုင်သွားရောက် ပူဇော်ဆုတောင်း၍ဖြစ်စေ၊ ပုံတော်မြတ်ကို ဂုဏ်တော်ပွား၍ ကိုးကွယ်ဆက်ကပ် ဆုတောင်း၍ဖြစ်စေ ယင်း "ကြီးပြည့်ချမ်းသာ ဘုရားစေတီတော်ကိုးဆူ" တို့ကို ပူဇော်ဆုတောင်းကြသူများတို့အနေနှင့် ကြီးမားခြင်း၊ ပြည့်ဝခြင်း၊ ချမ်းသာခြင်း စသည့် အကျိုးရလဒ်ကံထူးတို့ကို ရရှိခံစားကြ၍လည်းကောင်း၊ "ကြီး၊ ပြည့်၊ ချမ်း" ဟူသည့် ဆွဲကမွှည်းမြတ်တော် သုံးရပ်အနေနှင့် ကိုးနဝင်းကြေ၍ ထူးမြတ်သောကြောင့်လည်းကောင်း လေ့လာနိုင်ကြပါရန် တင်ပြခြင်း ဖြစ်ပါသည်။

ပူဇော်ဆက်ကပ် ဆုတောင်းလိုသူများအနေနှင့် ကံ့ကော်၊ ပျဉ်းမညွန့်များကို ကပ်လှူဆုတောင်းနိုင်ကြပါသည်။

အထူးသဖြင့် ပူဇော်ရပါ။ မင်းအိုချမ်းသာဘုရားစုအား သက်ရှယ်ကြီး၊ အိုမင်းကြသူတို့အနေနှင့် အထူးတလည်အဖြစ် ကိုးကွယ်လှူဒါန်း၊ ဆုတောင်းကသက်ရှည်၊ ကျန်းမာ၊ ဘယာကင်းကွာလျက် အိုဇာတကြီးကံများ ကောင်းမွန်နိုင်ကြပါသည်။


တနင်္လာ၊ ကြာသပတေး၊ သောကြာသားသမီးတို့အနေနှင့် ဦးစားပေး၍ ဓာတ်နံ့တူအဖြစ် ကိုးကွယ်ပူဇော်၊ ဆုတောင်းကြသင့်ပါသည်။ အကျိုးထူးကြီးများ ခံစားရတတ်ကြပါသည်။

မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com




သုဗ္ဗမှုခ်ဂူကြီးဘုရား



ရွှေဂူကြီးဘုရား




ဆုတောင်းပြည့်ဘုရား





အလိုတော်ပြည့်ဘုရား

www.burmeseclassic.com

www.burmeseclassic.com


ဆုတောင်းပြည့်ဘုရား(ဖွားစောကျေးရွာ)


လောကချမ်းသာဘုရား
(ညောင်ပင်သာကျေးရွာ)


တချမ်းသာဘုရား(ချောက်ကန်ကျေးရွာ)


မင်းအိုချမ်းသာဘုရားစု

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံ ကြီးပြည့်ချမ်းသာ ဘုရားကိုးဆူအစီဗွာန်




ကျော်မင်းနိုင်

ဒီတစ်ခါ ပုဂံဘုရားဖူးခရီးစဉ်မှာ ထူးထူးခြားခြားရှိလှသည်။ ဦးကျော်ကြီး ပုဂံသို့ရောက်ခဲ့သည်မှာ အကြိမ်ကြိမ် အခါခါ၊ အခေါက်ခေါက်ပင် ရှိလေပြီ။

ငယ်စဉ်ကတော့ မိဘများနှင့် ပုဂံ၊ ပုပ္ပါး ဘုရားဖူးခရီး။ လူပျိုလူရွယ်ဖြစ်လာတော့ မတ္တရာ၊ တောင်ပြုန်းဘက် သွားရာက ပုပ္ပါးသို့ဝင်သော ဘုရားဖူး နတ်ပျော် ကာလသားလူရွယ် ဘဝ အပျော်ခရီး။

သူ့ဝန်းကျင်မှာ စာနယ်ဇင်းလောကဝန်းကျင်မို့ သူသည်လည်း သတင်းစာ၊ ဂျာနယ် သတင်းထောက်တစ်ဦး ဖြစ်ခဲ့ကာ ပုဂံကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရောက် သွားတတ်သည်။


သူကလည်း ပုဂံခရီးဆိုလျှင် အထူးစိတ်ပါဝင်စားလေ့ ရှိသည်။ မှတ်မိပါသေးသည်။ သူတို့ ဂျာနယ်တိုက်နှစ်ပတ်လည် အမှတ်တရ မြန်မာပြည်အနှံ့ ဘုရားဖူးခရီးစဉ်မှာ သူက ခရီးသွားအတွေ့အကြုံရှိသူပီပီ ခရီးစဉ်ရေးဆွဲရေး၌ ဦးဆောင် ခဲ့ရသည်။


ထိုအခါ အသွားခရီးစဉ်···


ရန်ကုန်မြို့ကို တာထွက်ထား၍ ပဲခူး-မန္တလေးလမ်း ဘက်မှ ရိုးမအရှေ့လမ်းအတိုင်း မန္တလေးဘက်တက်၊ စစ်ကိုင်း ဘက်ကူး။ ရွှေဘိုမုံရွာဘက်မှနေ၍ အလောင်းတော်ကဿ အရောက်သွား။ ပြန်ဆင်း။ ချင်းတွင်းမြစ်ကိုကူးကာ ရေစကြို ပခုက္ကူဘက်မှ တန့်ကြည်တောင်၊ ထိုမှ ပုဂံဘက်ကို ပြန်ကူး ကာ ပုဂံဘုရားဖူးတော့ ပြန်ဝင်ခဲ့သည်။

ဦးကျော်ကြီးဦးဆောင်ရေးဆွဲသော မြန်မာပြည်အနှံ့ ခရီးစဉ်မှာပင် ပုဂံဘုရားဖူးတော့ ပါဖြစ်အောင် ပါလိုက်သေးသည်။

ပုဂံဘုရားတွေဖူးပြီးမှ အောက်ဘက် ရိုးမအနောက် လမ်း ပြန်ဆင်းကာ ပုပ္ပါးကနေ ရေနံချောင်း၊ မကွေးသို့ဆင်း မြသလွန်ဘုရားဖူး။ မင်းဘူးဘက်ကို ဧရာဝတီမြစ်ကူးတံတား


သုဓမ္မမှန်ရှုကြီးဘုရား


အလိုတော်ပြည့်ဘုရား


လောကချမ်းသာဘုရား
(ညောင်ပင်သာကျေးရွာ)



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပြန်ကူး၍ မင်းဘူးရှင်ပင်စက္ကိန်တဲ၊ ထိုမှ မင်းဘူးရွှေစက်တော် ခြေတော်ရာဘုရားများဖူးပြီး ရောဝတီအနောက်ခြမ်း ပြည်ထောင်စုလမ်းမကြီးအတိုင်း ပြန်ဆင်းကာ ပြည်တစ်ဖက်ကမ်း ရွှေဘုံသာလာဘမုနိဖူးပြီးနောက် ပြည်နဝဒေးတံတားမှ ပြည်ဘက်သို့ပြန်ကူးလျက် ပဲခူးရိုးမအနောက်လမ်းအတိုင်း ရန်ကုန်သို့ ပြန်ဝင်လာခဲ့သည်။

ဦးကျော်ကြီးသည် သူဦးဆောင်၍ မြန်မာပြည်အနှံ့ ဘုရားဖူးခရီးထွက်ရသည့်အခါ ဖြစ်စေ၊ အခြားသူများဦးဆောင်၍ ဘုရားဖူးခရီးထွက်ရသည့်အခါဖြစ်စေ ပုဂံဘုရားများကိုတော့ မပါပါအောင် ဖူးမြော်ရေးအစီအစဉ်မှာ မဖြစ်မနေပါနေ၍ ပုဂံဘုရားဖူးအကြိမ်ကြိမ်ရောက်ရှိနေခြင်းပင်။

* * *

သို့နှင့်···

ပုဂံဘုရားတွေကို ဦးကျော်ကြီး ဘုရားဖူးခရီးအဖြစ် အကြိမ်ကြိမ်သွားရောက်ခဲ့ရသလို သူ၏လုပ်ငန်းမှာ ဗီဒီယို၊ ရုပ်ရှင်နှင့် ဆက်စပ်နေပြန်သဖြင့် ဗီဒီယိုရုပ်ရှင်ဇာတ်ကားများ ရိုက်ရာတွင်လည်း မကြာခဏရောက်ရောက်သွားခဲ့ရပြန်သည်။

ထိုသို့ ပုဂံသို့ အကြိမ်ကြိမ်ရောက်ရသော်လည်း ပုဂံဘုရားများကို ဖူးမဝဘဲ ပုဂံခရီးဟော့ဆိုလျှင် အမြဲလိုလို တက်တက်ကြွကြွ ရှိနေတတ်သည်။

လှည်းဝင်ရိုးသံတည်ညံ ပုဂံဘုရားပေါင်းဆိုသည့်အတိုင်း ပုဂံသည် မြန်မာတို့၏ ယဉ်ကျေးမှုနိုင်ငံတော်ကြီးအဖြစ် ထင်ရှားခဲ့သလို၊ ဘုရားပေါင်းကလည်း ၄၄၅၆၇၃၃ ရှိခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။

ယင်းကြောင့် ထိုလေးသန်းလေးသိန်းလေးသောင်းကျော်မျှသော ပုဂံဘုရားကို အစုံအစေ့ဖူးမည်ဆိုပါက နှစ်နှင့်ချီ၍ ကြာမြင့်နိုင်ပါ၏။ ပြီးတော့ ဘုရားတစ်ဆူဆူတွင် ရာဇဝင်ကြောင်းတစ်ခုခုတော့ ရှိတတ်ကြသည်ဖြစ်၍ ဘုရားနှင့် နောက်ခံအကြောင်းအရာတွေ သိရှိဖို့ကလည်း လွယ်လှသည်မဟုတ်။

ရေမြေသခင် ဘုရင်မင်းမြတ်တို့တည်သော ဘုရားကြီးတွေရှိသလို၊ မှူးကြီးမတ်ရာ သေနာပတိကစ၍ နောက်ဆုံး ဆင်းရဲသားကပင် ဘုရားတည်နိုင်သည်ဟု အဆိုကလည်း ရှိထားခဲ့သည်၊

သူ့အဆို၊ သူ့အမိန့်နှင့်သူ ပုဂံဘုရားများ၏ နောက်ခံရာဇဝင်များ အမျိုးမျိုးရှိနေကြသည့်ကြားမှာ နှောင်းခေတ် အနုပညာသမားများ၏ အနုပညာဖန်တီးမှုအရ ဖြစ်တည်လာသော ပုဂံဘုရားခံစားမှုသီချင်းလေးတွေလည်း ရှိခဲ့ဖူးသည်။ ထိုအထဲမှာ တေးပြုစာဆိုရှင် ဂီတစာဆို ဦးကျော့မှူးရေးစပ်ပြီး အစ်မတင်တင်မြ သီဆိုခဲ့သော "ပုဂံမြို့ဟောင်းတစ်နေရာ"သီချင်းက အထင်အရှားရှိခဲ့ဖူးပြန်သည်။

မည်သို့ပင်ဖြစ်စေ ပုဂံဘုရားများသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သရီရဓာတ်တော်များ၊ အသုံးအဆောင်တော် ပရိဘောဂစေတီ၊ ကိုယ်ပွားဓာတ်တော်များ ကိန်းဝပ်သော ဓာတုစေတီများကို ရည်မှတ်၍ တည်ထားသော ဥဒ္ဒိဿစေတီတော်များဖြစ်၍ ရှင်တော်ဗုဒ္ဓမြတ်စွာဘုရား ဘုန်းတန်ခိုးအာနုဘော်တော်ကြောင့် ယုံယုံကြည်ကြည် ရှိခိုးဦးချ ကန်တော့ပါက အကျိုးထူးတစ်ခုခု၊ သို့မဟုတ် များမြောင်စွာ ပေးတတ်သည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်လက်ခံထားကြကာ မြတ်နိုးသဒ္ဓါ ရိုကျိုးစွာဖြင့် လက်စုံမိုး ရှိခိုးပူဇော် ဖူးမြော်ခြင်း ရှိကြလေသည်။

ထိုသို့ ရှိခိုးဦးခိုက် ပူဇော်ကြရာ၌လည်း ပုဂံဘုရားစေတီအသီးသီးတွင် ထိုက်ရာသန်ရာ အစွဲအလမ်းရှိ စိတ်ဓာတ်နှင့် ဝင်လေ့ရှိကြသူတွေလည်း ရှိကြသည်။

ဥပမာ အလိုတော်ပြည့်ဘုရားမှာ အဓိဋ္ဌာန်ဝင်ကြခြင်းမျိုး။ ထို့ပြင် တစ်နေ့တည်း မွန်မတိမ်းမီ မြတ်စွယ်တော်များ ကိန်းဝပ်စံပယ်ရာ ဘုရားကြီးများ၊ စွယ်တော်လေးဆူကို အပြီးအစီး ဖူးမြော် အဓိဋ္ဌာန်ကြခြင်းမျိုး။

ရွှေစည်းခုံ၊ လောကနန္ဒာ၊ တူရွင်းတောင်၊ တန့်ကြည်တောင် စွယ်တော်ဘုရားများ လှည့်လည်ရှိခိုးခြင်းမျိုးတို့ပင်ဖြစ်သည်။

သူ့ယုံကြည်မှု၊ သူ့အဓိဋ္ဌာန်နှင့် ယုံကြည်ကိုးစား ရှိခိုးကြသူများမို့ အကျိုးပေးထူးခြားမှုများ ရှိကြသဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအများအပြား နေ့စဉ်နေ့တိုင်း ပုဂံဘုရားများမှာ အဖူးအမြော် စည်ကားမပြတ် ဖြစ်နေလေ့ရှိ၏။

တစ်နေ့တာ နေမွန်းမတိမ်းမီ စွယ်တော်လေးဆူအား အပြီးတိုင် ပူဇော်ရာတွင် ခရီးတာကွာလှမ်းသဖြင့် ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် သွားကြရသလို၊ ဧရာဝတီတစ်ဖက်ကမ်း တန့်ကြည်တောင်ပေါ်ရှိသော စွယ်တော်မြတ်စေတီသို့ စက်ကူးတို့ရေယာဉ်များဖြင့် ကူးကြရသည်လည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဘုရားဖူးရာတွင် အချိန်အခက်အခဲ၊ ယာဉ်အခက်အခဲ ဘယ်လိုပင်ရှိစေကာမူ အစီအစဉ်အတိုင်း ပြီးမြောက်အောင်မြင်အောင် တစ်နည်းနည်း ကြိုးစားကြံဆောင်ကြသည်သာ ဖြစ်၏။

မြန်မာလူမျိုးတွေသာမက အချို့ ကမ္ဘာလှည့်များကလည်း ဘာသာတရားအပေါ်၌ ထိုသို့ယုံကြည်အားထားသူတွေ ရှိကြသည်။ အထူးသဖြင့် မြန်မာနှင့်နီးစပ်သော အာရှနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်တို့သည် မြန်မာတို့နည်းတူ အစီအစဉ်ဝင် လာရောက်ဖူးမြော်သူတွေ အပြတ်ရှိနေတတ်ကြသည်။

ယင်းကြောင့်လည်း ပုဂံနယ်မြေတွင် မြန်မာလူမျိုး မြန်မာပြည်သူများ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များတင်သာမက တိုင်းတစ်ပါးသား ကမ္ဘာလှည့်ခရီးသည်များ ဥဒဟို ဝင်ထွက်လှုပ်ရှားလာရာ ဖြစ်နေပြန်၏။

နိုင်ငံခြားသား ဧည့်ခရီးသွားများက မြန်မာနိုင်ငံကို ရောက်လျှင် ပုဂံကို မရောက်ခဲ့ပါက မြန်မာပြည်ရောက်ရှိသည်ဟု မဆိုသာ လုံးဝယူဆထားကြသည်ဖြစ်ရာ မြန်မာပြည်နှင့် ပုဂံ၊ ပုဂံနှင့် မြန်မာပြည် လုံးဝခွဲခြား၍ မရနိုင်တော့ပြီ။

ခရီးသွားဧည့်သည်များတွင် ဘာသာခြားခရီးသွားဧည့်သည်များ ပါဝင်ကြသည်ဖြစ်သော်လည်း ယဉ်ကျေးမှုလေ့လာရေး မြန်မာ့လူနေမှုစူးစမ်းရေး စသည်ဖြင့် တခြားအကြောင်းအမျိုးမျိုးကြောင့် ပုဂံဘုရားများသို့ ရောက်ရောက်လာကြသူတွေ ရှိကြသည်။

မည်သို့သော အကြောင်းတွေနှင့် ရောက်လာကြသည်ဖြစ်စေ ပုဂံနယ်မြေသို့ရောက်လျှင် ပုဂံဘုရားတွေ၏ အရိပ်အာဝါသ၏ အေးချမ်းခံ့ထည်မှုကြားမှာ ကြည်နူးနှစ်ခြိုက်ချမ်းငြိမ်းမှုတွေ ရရှိသွားကြသည်သာ။

ယင်းကြောင့် အပန်းဖြေခရီးပင်ဖြစ်စေ ပုဂံမြေကိုတော့ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်တွေ ခြေမချဘဲ မနေနိုင်ကြ။

* * *

ကိုယ့်အကြောင်း၊ ကိုယ့်အစီအစဉ်၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် ပုဂံဘုရားဖူး ခရီးသွားကြရသည့်အထဲတွင် သည်တစ်ခါတော့ ဦးကျော်ကြီးမှာ ထူးထူးခြားခြား အဖော်များနှင့် ပုဂံဘုရားဖူးခရီး ထွက်ခဲ့ရပြန်လေသည်။

ပုဂံ ကြီး‚ပြည့်‚ချမ်းသာ ဘုရားကိုးဆူ အစီအစဉ်ပူဇော်ပွဲ ခရီးစဉ်ဖြစ်သည်။ ထိုခရီးစဉ်ကို စေ့ဆော်သူမှာ စင်ကာပူနိုင်ငံ၌ သဘော်ကျင်းဒါရိုက်တာလုပ်နေသော မြန်မာလူမျိုး မစ္စတာဗညားမြင့်ခေါ် ဦးဗညားမြင့်ပင် ဖြစ်၏။

ဦးဗညားမြင့်သည် ဘွဲ့ရပညာကတတ်ဖြစ်သော်လည်း မူလက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောတွင် အရာရှိအဖြစ်နှင့် သင်္ဘောလိုက်ခဲ့သည်။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူဖြစ်၍ သင်္ဘောကပြန်လာပြီး မြန်မာပြည်၌ အနားယူစဉ် မိသားစုလိုက် မြန်မာပြည်အနှံ့ ဘုရားဖူးခရီးထွက်တတ်သည်။

ပထမတော့ ရန်ကုန်မြို့အနှံ့ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ဆူးလေ၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ရွှေတိဂုံဘုရားများကို မြို့တစ်ပတ်ပတ်မိအောင် ဖူးမြော်အစီအစဉ်ဝင်တတ်သည်။

နောက်တော့ ရန်ကုန်ပတ်ဝန်းကျင် သန်လျင် ကျိုက်ခေါက်ဘုရား၊ ကျောက်တန်းရေလယ်ဘုရား၊ ဒလ ရွှေစာရံ၊ တွံတေး ရွှေဆံတော်၊ မင်္ဂလာဒုံ ကျိုက်ကလို့ ကျိုက်ကလော့၊ ထိုမှ ပဲခူးရွှေမော်ဓော၊ ရွှေသာလျောင်း၊ ကျိုက်ပွန်၊ မဟာစေတီ နေ့ချင်းပြန် သွားရောက်ဖူးမြော်နိုင်သော ဘုရားများကို သူ၏ကိုယ်ပိုင်ကားကလေးနှင့် သူ့မိသားစု တစ်နိုင်သွားရောက် ဖူးမြော်လေ့ရှိသည်။

ဗညားမြင့်နှင့် ဦးကျော်ကြီးတို့မှာ သန်လျင်မြို့တွင် အတူတူနေထိုင်ကြပြီး ခင်မင်ခဲ့ကြရာက ဗညားမြင့် အိမ်ထောင်ကျသွားသောအခါ လူချင်းကွဲသွားကြသည်။ ဗညားမြင့်ကလည်း အင်းယားလမ်းရောက်သွား၏။

သုံးလေးနှစ်ခန့်အကြာတွင် ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရားတွင် ဦးကျော်ကြီးအစီအစဉ်ဝင်နေစဉ် ဗညားမြင့်နှင့် ပြန်ဆုံကြရသည်။

ထိုအချိန်မှာ ဗညားမြင့်သည် မြန်မာပိုင် ကြယ်ငါးပွင့်သင်္ဘောလိုင်းမှ အရာရှိသင်္ဘောသား မဟုတ်တော့။ စင်ကာပူပိုင် သင်္ဘောလိုင်းကြီးတစ်လိုင်းမှာ အရာရှိကြီးဖြစ်နေလေပြီ။

ဘာသာတရားဘက် အထူးစိတ်ပါဝင်စားသူများပီပီ တစ်ယောက် အထူးခင်မင်မှု ရှိကြသည်။ ပြီးတော့ ဘုရားမှာ ပြန်ဆုံကြရသဖြင့် အပြန်အလှန် လေးစားမှုများ ရှိကြသည်။

သို့သော်လည်း ဗညားမြင့်က နိုင်ငံခြားသင်္ဘောလိုင်းတက်နေရသူဖြစ်၍ မြန်မာပြည်တွင် နှစ်ကြာကြာမဆုံလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် ရှစ်နှစ်လောက် ကြာသွားပြန်သည်။ အဆက်အသွယ်တွေလည်း ပြတ်ကုန်သည်။ တစ်ယောက်နှင့် တစ်ယောက် မေ့မေ့ပျောက်ပျောက်ရှိသွားခဲ့ပြီ။

ဦးကျော်ကြီးမှာလည်း စနေနေ့တိုင်း ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်၊ မင်းတုန်းမင်းတရားကြီး၏ ရွှေတိဂုံထီးတော်ဆောင်းစေတီရှေ့၌ မနက်တိုင်း အဓိဋ္ဌာန်ဝင်နေစဉ်မှာ အဓိဋ္ဌာန်ပုတီးစိပ်အပြီး မနက် ၉ နာရီအချိန်တွင် ဗညားမြင့်နှင့် မမျှော်လင့်ဘဲ ဆုံလိုက်ရသည်။

ဗညားမြင့်နှင့် ဆုံရပုံမှာ ထိုသို့ခဲ့ရခြင်းမျိုးပင် ဖြစ်နေ၍ ရွှေဘုန်းပွင့်စေတီရင်ပြင်၌ ဆုံပုံကို အမှတ်ရစေပြန်သည်။

ဦးကျော်ကြီး ဂုဏ်တော်တစ်ထောင် အဓိဋ္ဌာန်ပြည့်၍ မျက်လွှာကိုဖွင့်လိုက်သောအခါ သူ့ဘေးမှာထိုင်၍ စူးစမ်းသလို ကြည့်နေသော ဗညားမြင့်ကို တွေ့လိုက်ရခြင်းပင်။

"ကျွန်တော် ကိုကျော်ကြီးလို့ထင်ပြီး ကြည့်နေတာ"

"ဟာ···ဗညားမြင့်၊ တို့နှစ်ယောက် ပွင့်တောင် ရွှေဘုန်းပွင့်ဘုရားမှာတုန်းကလည်း အခုလိုပုံမျိုးနဲ့ ဆုံခဲ့ဖူးတယ်နော်"

"အင်း···ကိုကျော်ကြီးက မှတ်မိသားပဲ။ ကျွန်တော်လည်း မမေ့ပါဘူးဗျာ။ ကျွန်တော်တို့နှစ်ယောက် ဒီလိုပုံစံမျိုးနဲ့ ဆုံကြရတာ မင်္ဂလာရှိလိုက်တာဗျာ"

"ဘဝပေးကုသိုလ်ကံအကြောင်းတရားတွေကြောင့်ပေါ့ ဗညားမြင့်ရယ်···။ မင်းနဲ့အစ်ကိုတို့ မတွေ့တာ ဆယ်နှစ်လောက်အကြာမှာ ကိုပွင့်လန်း သတ္တုတွင်းကြီးလည်း ဆုံးသွားပြီ။ ပန်ချီဝသုန်တို့၊ နာဂသိန်ဦးလှထွန်းတို့လည်း ဆုံးသွားပြီကွ"

"ကျွန်တော် စင်ကာပူမှာဆိုတော့ ဗမာသတင်းစာတစ်ရတစ်လှည့်၊ မဖတ်ရတစ်လှည့်ဖြစ်နေလို့ ခင်မင်တဲ့လူတွေရဲ့ နာရေးတွေကို သိတဲ့အခါ နောက်ကျနေပြီ။ အထူးသဖြင့် မပို့ဖြစ်တာ များတယ်ဗျာ"

ဦးကျော်ကြီးနှင့် ဗညားမြင့်တို့ ပေါင်းဟောင်းသင်းဟောင်းများပီပီ ရွှေတိဂုံစေတီကြီးပေါ်တွင် ပြန်လည်ဆုံစည်းတော့ခဲ့ကြပြီးနောက် နှစ်ယောက်စလုံး ဘာသာရေးဘက် စိတ်အားသန် အထုံဝလေ့ပါသူများပီပီ ပုဂံကြီးပြည့်ချမ်းသာဘုရားကိုဆုရှု့ရန် စကားစပ်မိသွားကြသည်။

"ကျွန်တော် မြန်မာပြည်ပြန်ရောက်ခိုက် ကိုကျော်ကြီးနဲ့လည်း ကြုံကြိုက်တုန်း ဘုရားဖူးသာသနာပြု သွားချင်တယ်ဗျာ။ အထူးသဖြင့် ကိုကျော်ကြီးလို ဘုရားတွေမှာ စွဲစွဲမြဲမြဲ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်တဲ့လူတွေဆိုရင် ပိုပြီး ငွေကုန်ကြေးကျခံ ပါရမီဖြည့်သွားချင်တယ်။ ဒီတစ်ပတ်ထဲမှာ ကျွန်တော် မိသားစုနဲ့ ပုဂံကြီးပြည့်ချမ်းသာ ဘုရားကိုးဆူဖူးဖို့ အဓိဋ္ဌာန်ခရီးထွက်စရာရှိတယ်။ ကိုကျော်ကြီး လိုက်နိုင်မယ်ဆိုရင် ခေါ်သွားချင်တယ်ဗျာ"

ဦးကျော်ကြီးမှာ စာပေအနုပညာနယ်ပယ်မှသူတစ်ယောက်အဖို့ ငွေပိုငွေလျှံ အထူးရှိသူမဟုတ်၍ ဘုရားဖူးပါရမီဖြည့်သူ ရှိနေတာတောင် ခရီးထွက်ဖို့အရေးအတွက် စဉ်းစားရလေပြီ။

သူက ဘုရားဖူးဖို့ ငွေကုန်ကြေးကျခံခေါ်သွားတာတော့ မှန်သည်။ ကိုယ့်မှာက အိမ်စရိတ်အတွက် ထားခဲ့ရဦးမည်။ ပြီးတော့ ဘုရားဖူးရာတွင်လည်း ကိုယ်ပိုင်ငွေကြေး ချွေးနဲ့စာလေးနှင့် လှူဒါန်းဖို့ ငွေလိုသေးသည်။

ထိုအတွေးတွေဖြင့် စဉ်းစားနေစဉ် ဗညားမြင့်က အကဲခတ်မိသူပီပီ -

"ဘာတွေ၊ ညာတွေ သိပ်စဉ်းစားမနေနဲ့ဗျာ။ ခန္ဓာနဲ့ အသက်ရှိနေတုန်း ဘုရားဖူးရတာ။ လိုက်ဖြစ်ဖို့သာ ကြိုးစား။ ကျန်တာတွေ အလိုလိုဖြစ်သွားစေရမယ်။ ခုဖူးမယ့် အဓိဋ္ဌာန်ဘုရားတွေမှာ အလိုတော်ပြည့်ဘုရားလည်း ပါသဗျာ"

ဗညားမြင့်က တိုက်တိုက်တွန်းတွန်းပြောရာက သူ့ကိုယ်တွေ့ကိုပါ ထပ်ဆင့်ပြောပြန်သည်။

"ကျွန်တော်ဆိုရင် လွန်ခဲ့တဲ့ သုံးနှစ်လောက်က မြန်မာပြည်ပြန်ရောက်တုန်း ဒီရွှေတိဂုံဘုရား၊ ဒီတနင်္ဂနွေထောင့်မှာ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်ရင်း ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ ခုလိုဆုံပြီး အဲဒီ ကြီးပြည့်ချမ်းသာ ပုဂံဘုရားကိုးဆူ နေ့ချင်းအပြီးဖူးရင်း အဓိဋ္ဌာန်ဝင်ဖို့ အကြံဉာဏ်ပေးတာနဲ့ လုပ်ဆောင်ကြည့်တာ တကယ်ပဲ အကျိုးထူးပေးတာနဲ့ ကြုံရတာ ကိုယ်တွေ့မို့ ကိုကျော်ကြီးကို တိုက်တွန်းတာဗျာ"

"ဘယ်လိုများ အကျိုးပေးထူးတာလဲ ဗညားမြင့်ရဲ့"

"ကျွန်တော် စင်ကာပူသင်္ဘောလိုင်း လိုက်နေရာကနေ သင်္ဘောကုမ္ပဏီရဲ့ သင်္ဘောကျင်းမှာ တာဝန်ထမ်းဆောင်ဖို့ ရာထူးတက်သွားတယ်ဗျာ။ ခုဆိုရင် မန်နေဂျင်းဒါရိုက်တာ အဆင့် ရောက်သွားပြီ။ သူတို့လို အဘက်ဘက်က တိုးတက်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ နိုင်ငံမှာ အဘက်ဘက်က ခေတ်နောက်ကျကျန်နေပြီလို့ အယူအဆခံထားရတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတစ်ယောက် အဲဒီရာထူးမျိုးရဖို့ မလွယ်ဘူးဗျာ။ ခုတော့ ကျွန်တော်မမျှော်မှန်းတဲ့ အခြေအနေမျိုးရောက်နေလို့ ကိုကျော်ကြီးကို ကျွန်တော်ကြုံကြိုက်တုန်း ပါရမီဖြည့်သွားချင်တာပါ။ ခင်ဗျားအိမ်အတွက်လည်း မပူနဲ့။ ခရီးသွားဖို့ စရိတ်စကလည်း မပူနဲ့။ ကျွန်တော်က အားလုံးကုသိုလ်ဖြစ် တာဝန်ယူသွားမှာပါ"

ဗညားမြင့်ထံမှ ထိုသို့သော အာမခံချက်တွေ ပေးလာပြီဆိုတော့ ပုဂံဘုရားများနှင့် ရေစက်မကုန်နိုင်သေးသော ဦးကျော်ကြီး ပုဂံဘုရားများဖူး ခရီးထွက်ရန် ဆုံးဖြတ်ချက်ချလိုက်ရလေပြီ။

"ဟုတ်ပါပြီ ဗညားရဲ့။ မင်းရဲ့ ကြီးပွားပြည့်စုံ ချမ်းသာလာပုံကို ကြည့်ပြီး လက်တွေ့အကျိုးထူးခံစားရတာကို ယုံကြည်ပါပြီ။ အဲဒီဘုရားကိုးဆူအကြောင်းလည်း ပြောပြဦးလေ"

"ဒီလိုပါ ကိုကျော်ကြီးရဲ့။ ကြီး၊ပြည့်၊ချမ်းသာမှာ ကြီးသုံးဆူ၊ ပြည့်သုံးဆူ၊ ချမ်းသာသုံးဆူ ဆိုတာရှိပြီး အားလုံးကိုးဆူပေါ့ဗျာ။

ကြီးသုံးဆူဆိုတာက စေတနာကြီးဘုရား၊ သူဌေးမှန်ဂူကြီးဘုရား၊ ရွှေဂူကြီးဘုရား။ ပြည့်သုံးဆူဆိုတာက ဆုတောင်းပြည့်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဖွားစောရွာ ဆုတောင်းပြည့်ဘုရား။ ချမ်းသာသုံးဆူဆိုတာက ညောင်ပင်သာရွာ လောကချမ်းသာဘုရား၊ ချောက်ကန်ရွာ လောကချမ်းသာဘုရား၊ မင်းအိုချမ်းသာဘုရား။

အဲဒီ ကြီးသုံးဆူ၊ ပြည့်သုံးဆူ၊ ချမ်းသာသုံးဆူ ဘုရားတွေ ပေါင်းလိုက်ရင် တစ်ပေါင်းတည်း **ပုဂံကြီး၊ပြည့်၊ချမ်းသာဘုရားကိုးဆူ** ဖြစ်သွားတယ်လေ။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ကိုးနဝင်းကြေ ဆိုရမှာပေါ့။ ဘုရားဂုဏ်တော်ကိုးပါးကိုလည်း ရည်ညွှန်းရာရောက်တယ်။ ဒါကြောင့် ပုဂံရဲ့ ကြီး၊ပြည့်၊ချမ်းသာ ဘုရားကိုးဆူ အမိဋ္ဌာန်ဝင်ဘုရားဖူးတွေ များလာတာပေါ့ဗျာ"

ဦးကျော်ကြီးမှာ ပုဂံနယ်မြေကို အကြိမ်ကြိမ်အခါခါ ရောက်ဖူးခဲ့သူဖြစ်၍ ဗညားမြင့်၏ ပုဂံကြီး၊ပြည့်၊ချမ်းသာဘုရားကိုးဆူ ဖူးနိုင်ဖို့အရေးကိစ္စမှာ ကိုယ်ပိုင်ကားမရှိလျှင် သိပ်မလွယ်ဘူးထင်၍ အရာရာကို သေချာအောင် စူးစမ်းလေ့လာတတ်သူပီပီ ပြန်၍မေးမိသည်။

"တစ်နေ့တည်းအပြီးဖူးရတယ်ဆိုတော့ ကိုယ်ပိုင်ကား ဒါမှမဟုတ် စက်ဘီး၊ ဆိုင်ကယ်တို့မရှိရင် သာမန်ဘုရားဖူးတွေအတွက် သိပ်မလွယ်ဘူးနဲ့တူတယ်"

"ခု • ;ဘုရားဖူးတွေက ကိုယ်ပိုင်ကားမရှိရင်လည်း ဘုရားဖူးကားနဲ့ အုပ်စုလိုက်သွားကြတာပဲ။ ဒီခေတ်ဘုရားဖူးရတာ လွယ်ပါတယ်ဗျာ။ အဲဒီလိုမှမဟုတ်ရင်လည်း ပုဂံကြီး၊ပြည့်၊ချမ်းသာဘုရားကိုးဆူ ပို့ဆောင်ပေးတဲ့ မြင်းလှည်းတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ အဆင်သင့်ရှိနေတယ်ဗျာ"

"အင်း • • • ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ နေ့ချင်းပြီးမဖူးဘဲ တစ်နေ့တစ်ဆူစီ၊ ကိုးရက်စေ့အောင် အမိဋ္ဌာန်ဝင်ဖူးရင်ကော"

"အဲဒီလို အချိန်ပေးပြီး အမိဋ္ဌာန်ဝင်နိုင်ရင် ပိုကောင်းတာပေါ့ဗျာ။ ကိုကျော်ကြီးလို ကျွန်တော့်မိတ်ဆွေကြီး စိတ်ကူးသစ် ဦးတင်ထွန်းကို ကျန်ခဲ့တဲ့နှစ်က ကျွန်တော် မြန်မာပြည်ပြန်ရောက်တုန်း ခေါ်သွားဖူးတယ်ဗျာ။ အဲဒီ ကြီး၊ပြည့်၊ချမ်းသာဘုရားကိုးဆူကို နေ့ချင်းပြီး ကျွန်တော်နဲ့ဖူးပြီးအပြန်မှာ သိပ်မကြာပါဘူး သိန်းထောင့်ငါးရာဆုကြီး ပေါက်သွားတာပါပဲဗျာ"

ဗညားမြင့်စကားမှာ လက်တွေ့ကျလှသည်။ ဦးကျော်ကြီး စိတ်ကူးသစ်ဦးတင်ထွန်းကိုလည်း သိသည်၊ သူမနှစ်က သိန်းထောင့်ငါးရာဆုကြီး ပေါက်သွားသည်ကိုလည်း လက်တွေ့မို့ ယုံကြည်လိုက်သည်။

"ကဲပါ • • • ဗညားမြင့်ရယ်။ ကိုယ်က နဂိုကတည်းက ပုဂံဘက်ကို ဘုရားဖူးထွက်ရတာ ဝါသနာခပ်ပါပါဆိုတော့ မောင်ရင်ပြောတဲ့ ပုဂံကြီး၊ပြည့်၊ချမ်းသာ ဘုရားကိုးဆူ နေ့ချင်းပြီးဖူးဖို့ အမိဋ္ဌာန်ချလိုက်ပါပြီ။ မောင်ရင်တို့ ဘုရားဖူးခရီးထွက် ၊ သာ ပြောပေတော့"

သို့ဖြင့် ဦးကျော်ကြီး သူ၏ ငယ်သူငယ်ချင်း မိတ်ဆွေဟောင်း ဗညားမြင့်တို့ မိသားစုနှင့်အတူ ပုဂံဘုရားဖူး ဒီတစ်ခေါက်ထွက်ဖြစ်သွားပြန်လေ၏။

ကျော်မင်းနိုင်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၅-၇၆ ခုနှစ်၊ တန်ခူးလ-ကဆုန်လ

## 2014 APRIL


| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၂ | |
| ဗုဒ္ဓဟူး Wednesday | 2 ၃ ရက်ရာဇာ | |
| ကြာသပတေး Thursday | 3 ၄ အမြိတ္တစုတ်ရက် | |
| သောကြာ Friday | 4 ၅ ရက်ရာဇာ မဟာရက်ကြမ်း | 18 ၄ ရက်ရာဇာ |
| စနေ Saturday | 5 ၆ ရက်ယုတ်မာ | 19 ၅ မဟာရက်ကြမ်း အမြိတ္တစုတ်ရက် |
| တနင်္ဂနွေ Sunday | 6 ၇ | 20 ၆ ရက်ယုတ်မာ |
| တနင်္လာ Monday | 7 ၈ | 21 ၇ |
| အင်္ဂါ Tuesday | 8 ၉ | 22 ၈ |
| ဗုဒ္ဓဟူး Wednesday | 9 ၁၀ ရက်ရာဇာ | 23 ၉ ရက်ရာဇာ |
| ကြာသပတေး Thursday | 10 ၁၁ | 24 ၁၀ |
| သောကြာ Friday | 11 ၁၂ ရက်ရာဇာ | 25 ၁၁ ရက်ရာဇာ |
| စနေ Saturday | 12 ၁၃ | 26 ၁၂ |
| တနင်္ဂနွေ Sunday | 13 ၁၄ သင်္ကြန်အကြိုနေ့ | 27 ၁၃ |
| တနင်္လာ Monday | 14 (၁၅) တန်ခူးလပြည့် သင်္ကြန်အကျနေ့ | 28 တန်ခူးလကွယ် |
| အင်္ဂါ Tuesday | 15 ၁ သင်္ကြန်အကြတ်နေ့ | 29 ၁ |
| ဗုဒ္ဓဟူး Wednesday | 16 ၂ အမြိတ္တစုတ်ရက် သင်္ကြန်အတက်နေ့ ရက်ရာဇာ | 30 ၂ အမြိတ္တစုတ်ရက် |
| ကြာသပတေး Thursday | 17 ၃ နှစ်သန်းတစ်ရက်နေ့ | |



၁၄. ၄. ၂၀၁၄ (တန်ခူးလပြည့်)



စန်းပြောင်းရက်စွဲ



၂၈. ၄. ၂၀၁၄ (တန်ခူးလကွယ်)

### ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၄. ၂၀၁၄ တနင်္လာနေ့ နံနက် ၁၀ နာရီ ၁၈ မိနစ် ၃၉ စက္ကန့်တွင် မိဿ ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ကန်ရာသီ၌ ဝကြသွားသည်၊

ဗုဒ္ဓဟူးသည် - ၄. ၄. ၂၀၁၄ သောကြာနေ့ နံနက် ၈ နာရီ ၁၈ မိနစ် ၁၁ စက္ကန့်တွင် မိန် ရာသီသို့ ပြောင်းသည်။
၂၀. ၄. ၂၀၁၄ တနင်္ဂနွေနေ့ ညနေ ၆ နာရီ ၂၆ မိနစ် ၈ စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - မေထုန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၈. ၄. ၂၀၁၄ တနင်္လာနေ့ နံနက် ၁ နာရီ ၂၂ မိနစ် ၄ စက္ကန့်တွင် မိန်ရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီ၌ ဝကြသွားသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၃. ၄. ၂၀၁၄)၊ (၁၆. ၄. ၂၀၁၄)၊ (၁၉. ၄. ၂၀၁၄) ရက်နှင့် (၃၀. ၄. ၂၀၁၄)ရက်တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

*သောကြာသားသမီးသည်* တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

*စနေသားသမီးသည်* အရှေ့တောင်အရပ်တွင် သစ်ဒံ့သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

■ တောကကိုရင် ■

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားရသည့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေ၏။ စိုက်ပျိုးရေးမှရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ်ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လုံ့လဝီရိယကိုအခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာ မြေကပေါက်လာသည့်အလား ဝေဆာသော အကျိုးတို့ကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း ...

၁။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၃၀) ရက်များသည် သီးနှံမျိုးစေ့ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဧပြီလ (၅)၊ (၈)၊ (၉)၊ (၁၅)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၇) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

ဧပြီလ (၆)၊ (၈)၊ (၉)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်

ဧပြီလ (၇)၊ (၈)၊ (၉)၊ (၁၆)၊ (၂၄)၊ (၂၅)၊ (၂၇) စသောရက်များသည် ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

● တောကကိုရင်

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

**မဟာဒွိကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဧပြီလ (၁)၊ (၂)၊ (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဧပြီလ (၁)၊ (၃)၊ (၅)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဧပြီလ (၂)၊ (၆)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဧပြီလ (၆)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဧပြီလ (၃)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဧပြီလ (၂)၊ (၃)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဧပြီလ (၂)၊ (၆)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**မဟာဒွိကျော်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

နေမျိုးထွင့်ခေါင်

၁။ ဧပြီလ (၆)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၃၀) စသောရက်များသည် '**နန္ဒာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဧပြီလ (၁)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၆) စသောရက်များသည် '**ဘဒြာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဧပြီလ (၂)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၇) စသော ရက်များသည် '**ဇယာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဧပြီလ (၃)၊ (၄)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် '**ရိတ္တာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၅။ ဧပြီလ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် '**ပုဏ္ဏာတိထိ**'တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဧပြီလ (၃)၊ (၁၆)၊ (၁၉)၊ (၃၀) တို့သည် '**အမြိတ္တစုတ်**'တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြုံစေရကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဧပြီလ (၂)၊ (၄)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၃)၊ (၂၅) စသောရက်များသည် '**ရက်ရာဇာ**'တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စများအဝဝတို့ကို ဆောင်ရွက်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ်အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

**နွယ်သာကီအောင်**

မြန်မာတို့သာမက ကမ္ဘာကပင် အလေးအနက်ထားရသည့် နှစ်သစ်ကာလတစ်ခု သို့ ရောက်ရှိခဲ့ပြန်ပါပြီ။

မြန်မာနှစ်သစ်အစ လတစ်လဖြစ်သော တန်ခူးလကား"တန်ခူးမည်မှတ်၊ ဖက်ဆွတ် ရေတိုး၊ သင်္ကြန်မိုး"ဆိုသောစကားနှင့်အညီ သင်္ကြန်လက်ဆောင်မိုးက နွေအပူအား ခဝါချ လေရော့မည်။ ထိုအခါဝယ် သင်္ကြန်လက်ဆောင်မိုးဖြင့် မြွက်လွှာကြား၌ ဖူးတံချိုလျက် ရှိကြသော ပိတောက်ငုံ ပိတောက်ဖူးတို့က ပင်လုံးကျွတ်ဝေဝေဆာဆာ ပွင့်ကြရင်း မြန်မာ တို့၏ နှစ်သစ်ကို မင်္ဂလာဖြစ်စေရော့မည်။

နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသည့်အနေဖြင့် အတာရေစင်ကို တစ်ဦးနှင့်တစ်ဦး ပက်ဖျန်းကြရင်း မင်္ဂလာနှစ်သစ်အား ကြိုဆိုကြပေလိမ့်မည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းမှာလည်း နှစ်သစ်သမယအခါ၌ လူသစ်၊ စိတ်သစ်ဖြင့် နိုင်ငံရေး ပညာရေး ကျန်းမာရေး လူမှုရေး ဘာသာရေး၊ သာသနာရေး၊ စီးပွားရေးကိစ္စအဝဝကို အဆင်ပြေချောမွေ့ကြပါစေဟု ဆုမွန်ကောင်းများ ခြွေသရင်း··

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဧပြီလ (၉)၊ (၁၁)၊ (၁၉) စသောရက်များသည် နေအိမ်တိုက်တာဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ထား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဧပြီလ (၁၆)၊ (၂၂)၊ (၂၃) စသော ရက်များသည် ထားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဧပြီလ (၁)၊ (၄)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၈) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

ဧပြီလ (၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ **ပဒွင်းခံရာ၊ ရှင်ပြုနားသပြုရာ**

ဧပြီလ (၃)၊ (၄)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၅)၊ (၂၈) စသောရက်များသည် ပဒွင်းခံခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

ဧပြီလ (၁၂)၊ (၂၆) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဧပြီလ (၄) (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၆) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **ခရီးသွားလာ ကောင်းဖို့ရာ**

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၉) (၂၃)၊ (၂၆) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ**

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဧပြီလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **ရေတွင်းရေကန် တူးဖို့ရာ**

ဧပြီလ (၁)၊ (၆)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **ပညာစတင် သင်ကြားလျှင်**

ဧပြီလ (၁)၊ (၃)၊ (၉)၊ (၁၆)၊ (၂၃)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **အောင်ဘာလေထီ ထိုးဖို့ရာ**

ဧပြီလ (၄)၊ (၆)၊ (၈)၊ (၂၉) စသောရက်များသည် အောင်ဘာလေထီ ကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **မင်္ဂလာအခါပေးဖို့ရာ**

ဧပြီလ (၁)၊ (၂)၊ (၄)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၁) စသောရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်

■ ဆရာမိုးဟန်ကြွယ်

ပြည့်ပအလုပ်ကိစ္စများ ပေါ်လာဘတ်သည်။ ငွေကြေးများ ဝင်လာတတ်သည်။ ထို့အတူ ရွှေထည့်ပစ္စည်းများလည်း ဝင်လာတတ်ပါသည်။ ဖခင်ထံမှ သတင်းကောင်းများ ကြားရတတ်သည်။ ဘာပဲလုပ်လုပ် လုပ်သမျှ နာမည့်မရဘဲ ဖြစ်တတ်သည်။ အစစအရာရာ သတိထားရန် လိုသည်။ ကြီးသူများအတွက် စိတ်သောကရောက်မည်။ ခရီးဝေးသွားရန် မသင့်တော်ပါ။ ပျိုရွယ်သူများ အချစ်ရေးကိစ္စ၌ အထစ်ထစ်အငေါ့ငေါ့ဖြစ်တတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင်ရာထူးတိုးတက်ပါလိမ့်မည်။ နိုင်ငံရပ်ခြားခရီးစဉ် အဆင်ပြေချောမွေ့ပါလိမ့်မည်။ မူးဝေသော ဝေဒနာများ ခံစားရမည်။ ချစ်သူအတွက် စိတ်ချမ်းသာမှု ရရှိမည်။ လက်ဆောင်ပစ္စည်းများ ရရှိတတ်ပါသည်။ မင်္ဂလာရှိသောကိစ္စများ လုပ်ဆောင်ရလိမ့်မည်။ ဘုရားဖူးခရီး သွားရတတ်သည်။ အိမ်ထောင်ရေး၌ အထင်လွဲစရာများဖြစ်တတ်၍ သတိထားရပါမည်။ နေအိမ်သို့ သူခိုးဝင်ရောက်တတ်သည်။ ခရီးထွက်ရပါက ရောက်သည့်အရပ်တွင် ထီထိုးပေးပါ။ နှလုံးသားရေးရာနှင့်ပတ်သက်၍ ငယ်ချစ်ဟောင်းနှင့် ပြန်လည်ဆုံတွေ့ရတတ်သည်။ အလုပ်ဌာနတွင် လူကြီးသူမများ၏ ကူညီမစမှုကို ခံရတတ်သည်။

ယှဉ်ပြိုင်လုပ်ဆောင်ရသော ကိစ္စများတွင် အကျိုးခံစားရလိမ့်မည်။ လူမျိုးခြားများ၏ အကျိုးပြုခြင်းကို ခံစားရမည်။ အဖိုးတန်ပစ္စည်းများ ဝင်ရောက်လာတတ်သည်။ သူတော်စင်များ၏ မ,စခြင်းကို ခံရမည်။ အချစ်ရေးကိစ္စများတွင် အောင်မြင်မှုရရှိမည်။ စီးပွားရေးကိစ္စ အဆင်ပြေမည်။ အလုပ်ကိစ္စများအောင်မြင်မှုရရှိမည်။ ရေလမ်းခရီးသွားရတတ်သည်။ စီးပွားရေးကိစ္စများတွင် အကြံကောင်း ဉာဏ်ကောင်းများ ရမည်။ ရွှေထည်ပစ္စည်း အရောင်းအဝယ်ကိစ္စတွင် အရှုံးပေါ်တတ်၍ သတိထားဖို့လိုသည်။ ခြေထောက်တွင်ဖြစ်စေ၊ ဦးခေါင်းပိုင်းတွင်ဖြစ်စေ ထိခိုက်ဒဏ်ရာ ရရှိတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ အလုပ်အကိုင်သစ်များ ပေါ်လာတတ်သည်။ ငွေကြေးအနေနည်းသော်လည်း အကျိုးစီးပွား ဖြစ်ထွန်းတတ်ပါသည်။ ရပ်ဝေးနေ သားသမီးများ ရောက်ရှိလာတတ်သည်။ လက်ထပ်မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။ ဆရာသမားများ၏ သူကောင်းပြုခြင်းကို ခံရမည်။ ရပ်ဝေးဒေသသို့ ခရီးဝေးသွားရတတ်သည်။ အလုပ်ဟောင်းများ လုပ်ရတတ်သည်။ ပစ္စည်းဟောင်းများ ဝင်လာလိမ့်မည်။ စွန့်ပစ်ပစ္စည်းမှ အကျိုးအမြတ်ရရှိမည်။ တစ်ပါးသူကို ငွေကြေးအကူအညီပေးရတတ်သည်။ ရပ်ဝေးဒေသမှ လက်ဆောင်ပစ္စည်းများ ရရှိတတ်ပါသည်။

လက်ဆောင်ပစ္စည်းများ ရရှိတတ်ပါသည်။ အရောင်းအဝယ် လုပ်ကိုင်သူဆိုပါက လုပ်ငန်း၌ ဝင်ရောက်နှောင့်ယှက်စွက်ဖက်တတ်သူ ပေါ်လာတတ်ပါသည်။ အိမ်ထောင်ရှိပါက အိမ်ထောင်ဖက်ထံမှ ငွေကြေးများ ဝင်လာတတ်ပါသည်။ ဝေးလံသော ခရီးများ သွားရတတ်သည်။ အလုပ်ဟောင်းများ ရောက်လာတတ်သည်။ အိမ်ထောင်ရေးကိစ္စတွင် အဆင်ပြေချောမွေ့မည်။ ကျန်းမာရေး အနည်းငယ်ညံ့တတ်ပါသည်။ သွေးနှင့်ပတ်သက်သော ရောဂါဝေဒနာများ ခံစားရတတ်သည်။ မမျှော်လင့်ဘဲ ရှေးဟောင်းပစ္စည်းများ ရောက်ရှိလာတတ်ပါသည်။ ရေနှင့်ပတ်သက်၍ ဥပဒ်အန္တရာယ်များ ဖြစ်ပွားလိမ့်မည်။ အဆုတ်အအေးမိခြင်း၊ အဆုတ်ပွခြင်း စသော ဝေဒနာများ ခံစားရတတ်သည်။ မိမိ၏ လုပ်ရပ်များကြောင့် အများသူငါ၏ အပြစ်တင်ခြင်းကို ခံရတတ်သည်။ သားသမီးများအတွက် သောကမအေးဖြစ်တတ်သည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ စီးပွားရေးလုပ်ငန်းအချို့၌ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်သည်။

**ယတြာပြုလိုပါက . . .** မွေးနေ့နံနက်၌ ဘုရားရှင်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပြီး 'သုဂတော' ဂါထာကို သက်စေ့ရွတ်ဖတ် သရဇ္ဈာယ်ပါ။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# တွဲဖက်ဖို့ရာ ရှောင်ကြဉ်ပါ

● ဆရာဇိဝအောင်ထွန်း

စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရသည်။

အလုပ်ဆိုရာ၌ အမျိုးမျိုးအဖုံဖုံ ရှိကြ၏။ အစိုးရဌာနများ၊ ကုမ္ပဏီများ၊ အနုပညာလုပ်ငန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ အစရှိသဖြင့် အစားစားရှိကြသည်။ ဤ၌ စာရေးသူတင်ပြလိုသည်မှာ စပ်တူလုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ စသည်တို့ပင် ဖြစ်သည်။

ထိုလုပ်ငန်းမျိုး လုပ်ကြရာ၌ ကာယကံရှင်အဖို့ မိမိတစ်ဦးတည်း မဟုတ်ဘဲ အခြားသူ တစ်ဦးမဟုတ်တစ်ဦးမကဘဲ တွဲဖက်လုပ်ကိုင်ကြရသည်။ စီးပွားဖြစ်သည်လည်းရှိ၊ မဖြစ်သည်လည်းရှိကြလေရာ မိမိနှင့် တွဲဖက်လုပ်ကိုင်သူနှင့် ဓာတ်မိတ် ဖြစ်မဖြစ် ဆန်းစစ်ကြည့်ဖို့ လိုပါသည်။ ဤ၌ စာရေးသူနှင့် ရင်းနှီးသော လောကီပညာရှင်တစ်ဦးက ကိုယ်နှင့် တွဲဖက်လုပ်ကိုင်မည့်သူအပေါ် တွက်ချက်ကြည့်ဖို့ လိုကြောင်း၊ မိတ်ဖက်မဟုတ်သူကို ရှောင်ဖို့လိုကြောင်း ပညာရပ်တစ်ရပ်အနေဖြင့် တွက်ချက်ပြသွားခဲ့သည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်မို့ စာရှုသူတို့လည်း ဆောင်ရန်ရှောင်ရန် ရေးသားတင်ပြလိုက်ပါသည်။

ဦးစွာ မိမိ၏ မြန်မာမွေးသက္ကရာဇ်နှင့် (၃၁)ကို ပေါင်းရပါမည်။ ပြီးလျှင် ရလဒ်အား (၇)ဖြင့်စားရပါမည်။ အကြွင်းရလာပါက အကြွင်းမှ (၁)ကို နုတ်ပါ။ အကြွင်းကို သည်အတိုင်းထားပါ။ အကြွင်းနှင့် (၁)ကို ပြန်ပေါင်းပါ။ ရလာသော ဂဏန်းများသည် မိမိနှင့် တွဲဖက်မလုပ်သင့်သည့် နေ့နံသားများပင် ဖြစ်၏။ တွဲဖက်လုပ်ကိုင်ပါက အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းခြင်း၊ လုပ်ငန်းတစ်ခုလုံး ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့ရတတ်ပါသည်။ ပမာအားဖြင့် ဤစာရေးသူ၏ မွေးသက္ကရာဇ်မှာ (၁၃၁၉) ဖြစ်၏။ သည့်အတွက် –

၁၃၁၉ + ၃၁ = ၁၃၅၀

၁၃၅၀ ÷ ၇ = ၆ ကြွင်း

(က) ၆ – ၁ = ၅ (ကြာသပတေး)

(ခ) ၆ = ၆ (သောကြာ)

(ဂ) ၆ + ၁ = ၇ (စနေ)

သို့ဖြစ်၍ မိမိအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့်အခါ ကြာသပတေး၊ သောကြာ၊ စနေ၊ နေ့နံသားများနှင့် တွဲဖက် မလုပ်ရပါ။ (လုပ်၍လည်း အဆင်မပြေသည့် သာဓကတွေ ရှိခဲ့ပါသည်။) ကျန်နေ့သားများနှင့် လုပ်ကိုင်တော့မှသာလဆင် အဆင်ပြေခဲ့သဖြင့် စာရှုသူတို့ လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။

**ဆရာဇိဝအောင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အလှထူးသည့် လေတန်ခူး




■ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ပေါ်နွေလလျှင်
တောင်ကဖြိမ့်မြူး၊ မင်းလွင်ဦးနှင့်
ပျံ့ပျူးချူပ်သိုင်း၊ မုန်တိုင်းဆင်သို
တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ
စိမ်းဝါမိုးပန်း၊ ဖွေထွေစွန်းက
ရေသွန်းသာကြည်၊ ပျော်ရမည်ကို
မြရည်သတ်မှတ်၊ ရောက်ခဲ့လတ်ဟု
ချစ်ထွတ်တင်သည်၊ ပြာစင်ရှန်းလက်
ဖြူဝင်းမွတ်လျှင်၊ ကြာသွတ်ဖယောင်း
နေရှိန်ပြောင်းသို့၊ ဆင့်လောင်းလွှမ်းဖုန်
ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်
ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွမတတ်သော်ဝ်။

*(နတ်သျှင်နောင်)*

ပိတောက်တွေ ရွှေရည်လူးကြမည့် တန်ခူးလရာသီ ရောက်ရှိလာခဲ့ပေပြီ။

တန်ခူးလသည် နွေကာလထဲ၌ ပါဝင်သဖြင့် သူရိန်နေမင်းကလည်း အပူရှိန်တွေ ပြင်းရလေအောင် ခင်းဖြန့်နေတော့သည်။ သို့ဖြစ်၍လည်း 'တန်ခူးရေကုန်၊ ကဆုန်ရေခန်း' ဟူသော စကားအရ ရေကန်၊ အင်း၊ အိုင်၊ မြစ်ချောင်းတို့၌ ရေတို့ ပါးလျသွားကြတော့၏။ သစ်ပင်ကြီးငယ်တို့မှာလည်း ရော်ရွက်တို့ တောင်လေ၌ကြွေလွင့်ကာ ရိုးညှာတံတို့မှာ ကျဲတောက်တောက် ဖြစ်နေကြလေသည်။ သို့ရာတွင် ဆိုသက်ာမှတ်စုအရ 'တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ ညကြိန်မိုး'ဆိုသည့်အတိုင်း လက်ဆေးမိုးက အားပါးတရ ရွာချလိုက်လေသည့်အတွက် ရေငတ်သစ်ပင်တို့ လန်းရွှင်သွားကြရလေသည်။ သို့ဖြစ်၍လည်း ရိုးတံကျဲများ၌ ပုရစ်ညှာ ညှာဥကလေးများက ဖူးညွန့်ကိုက်စီလာခဲ့ပေရာ လွန်စွာမှ ရှုချင်ဖွယ် ပန်းချီကားတစ်ချပ် ဖြစ်လာရပေတော့သည်။

တန်ခူးလကား လွန်စွာမှ အလှထူးလိုက်ပါဘိ။

ထိုသို့ အလှထူးပုံနှင့် စပ်လျဉ်း၍ ကဗျာစာဆိုအပေါင်းက တန်ခူးလရာသီဘွဲ့များကို ရေးသားစပ်ဆိုကြကုန်၏။ တန်ခူးလနှင့်ပတ်သက်၍ ရှေးခေတ်ကျမ်းဂန်များ၌ 'ရမ္မက'ဟူ၍ ဖော်ပြကြလေရာ အဓိပ္ပာယ်အားဖြင့် အထူးထူးသော အပွင့်အသီးသီးတို့ဖြင့် ရှုချင်စဖွယ်ကောင်းသော၊ သာယာကြည်နူးဖွယ်ကောင်းသော လဟူ၍ အနက်အဓိပ္ပာယ်ရပါသည်။ မြန်မာဆယ့်နှစ်လရာသီအနက် တန်ခူးလသည် အဦးဆုံးလ ဖြစ်၏။ 'တန်'နှင့် 'ခူး'တို့ပေါင်းစပ်၍ တန်ခူးဖြစ်လာခဲ့ရ၏။ စင်စစ် တန်ခူးဟူသည် 'ထန်းခူး'ဆိုသော ဝေါဟာရမှ ပေါက်ဖွားလာရခြင်း ဖြစ်သည်။ ထိုလရာသီ၌ ထန်းပင်ပေါ်၌ ထန်းသီးများ လှိုင်လှိုင်ပေါ်ပြီဖြစ်ရာ ထန်းသီးများအား ခူးသည့်အလေ့ကို အစွဲပြုလျက် 'ထန်းခူးလ'ဟု ဆိုရာမှ ကာလရွေ့လျောလာသည်တွင် တန်ခူးလဟူ၍ ဖြစ်ပေါ်လာခဲ့ရသည်။

ဤ၌ အချို့ကလည်း တန်ခူးလဟူသည် 'တာကူး'မှ ဆင်းသက်လာသည်ဟူ၍ ဆိုကြသည်။ 'တာ'ဆိုသည်မှာ အချိန်ရာသီဟူသော အနက်အဓိပ္ပာယ်ဖြစ်၏။ 'ကူး'ဆိုသည်မှာ ကူးပြောင်းခြင်းဟူသော အနက်အဓိပ္ပာယ်ဖြစ်၏။ တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းအပေါ် အကြောင်းပြု၍ 'တာကူး'ဟု ခေါ်တွင်ရာမှ 'တန်ခူး'သို့ ရွေ့လျောလာခဲ့သည်ဟူ၍လည်း ယူဆကြကုန်၏။ တန်ခူးရက်မစုံ ၂၉ ဟူသော စကားရှိ၏။ တန်ခူးလသည် နေ့တာအားဖြင့်လည်းကောင်း၊ ညတာအားဖြင့်လည်းကောင်း တူညီကြ၏။ မွန်းတည့်ဖဝါးမှာ ၃၀ ဖဝါးရှိပြီး စက်နာရီအရ နံနက် ၆း၀၀ နာရီတွင် နေထွက်၍ ညနေ



www.burmeseclassic.com

www.burmeseclassic.com

ဖြ၊ဝဝ နာရီတွင် နေဝင်၏။

တန်ခူးသည် မိဿရာသီတွင် ကျရောက်ပြီး စိတြ ကြယ် ထွန်းပကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့မှ စန်းယှဉ်ကြကုန်၏။ တံငါတာရာ ထွန်းပပြီး ရာသီရုပ်မှာ ဆိတ်သဏ္ဍာဝါဖြစ်လေသည်။

တန်ခူးလနှင့် စပ်လျဉ်း၍ ထူးခြားသော ပွဲတော်မှာ ကမ္ဘာအသိထင်ရှားသော သင်္ကြန်ပွဲတော် ဖြစ်ပေသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် ပွဲတော် လည်း ဖြစ်၏။ သင်္ကြန်ဟူသော စကားသည် 'သင်္ကြန္တ' ဟူသော သက္ကတဘာသာစကားမှ ဆင်းသက်လာသည်ဟူ ၍ ဆိုကြပြန်သည်။ အဓိပ္ပာယ်အားဖြင့် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင် ဖြစ်ပေသည်။ သင်္ကြန်ပွဲတော်သို့ရောက် လျှင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်နူးစွာဖြင့် ရေကစား ကြလေသည်။ နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ် သို့ ပါမသွားစေရန် ရေသီတာသွန်းလောင်းခြင်း ဖြစ်ပေ သည်။ တန်ခူးလနှင့် ပတ်သက်၍ ရှေးစာဆိုတို့သည် ကဗျာ လင်္ကာများ ရေးဖွဲ့စပ်ဆိုခဲ့ကြပေရာ မဟာအတုလမင်းကြီးက

"နွေခါမိုဃ်း၊ ရာသီမိဿ၊ ဂိမှာနမို၊ စိတြကြယ် တိမ်မိုးလာယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်၊ ဒေသ စာလုမ်း လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ် သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြေးပြည်သူမှာ၊ ပန်ဆု ယူတာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး ..."

ဟူ၍ လွမ်းချင်းကဗျာ စပ်ဆိုခဲ့၏။ အမျိုးသမီးစာဆို မယ်ခွေကလည်း -

"ကံ့ကော်ဝတ်မှုန်၊ မွှေးထုံထုံနှင့်
ရဂုံမြိုင်ဖျား၊ တောတစ်လွှားလည်း
ငှက်ခါးတောင်လို၊ ပူအောင်မယ့်ကိုယ် ..."

ဟူ၍ အဲချင်းကဗျာ စပ်ဆိုခဲ့၏။ ဆီသည်ရွာသား ဦးအောင်ကြီးကလည်း -

"ကောင်းကင်မိုးလ၊ စီတြနှင့်
မိဿရာသီ၊ အညီခါကျော်
နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်
ပင်လုံးညွတ်လျက်၊ ပွင့်ဖတ်ဝေဝေ
တောင်လေသုတ်ဖြူး၊ လတန်ခူးကို
မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်
ဆင်ယင်တုပ၊ လွ-ရရတည့် ..."

ဟူ၍ လူးတားကဗျာ စပ်ဆိုခဲ့၏။ စာဆိုတော် ဦးယာကလည်း -

"ရေသွန်းအခါ၊ လျှောက်မည်ပါမူ
လက်ျာမက၊ လေးဒီပကို
ပိုင်သမည့်ရှင်၊ မယ့်သခင်လျှင်
မယ့်ပြင်တစ်ထူး၊ သူတစ်ဦးသို့
မကျူးမကျော်၊ သစ္စာတော်နှင့်
ညီလျော်နိုင်မှ ..."

ဟူ၍ အဖြည့်ခံရတု ရေး၍လည်းကောင်း၊ စာဆို တော် ဦးကြင်ဥက -

"ဩော် ...ဘုံစိတြာ၊ ယုန်ကွက္ခာလည်း
ထိတ္တာလုံးညီ၊ တင့်ဆုံးမိတဲ့
ရာသီတော်ခါ၊ သင်္ကြန်တာဝယ်
စံရာပန်းသတ်၊ နန်းဝရတ်က
မြတ်သမ္ဘာကြွယ်၊ ယဉ်တစ်မွှတ်ကျူး
လှထွတ်နှုန်းသည် ..."

ဟူ၍ ညည်းချင်းဖွဲ့ဆို၍လည်းကောင်း၊ ဖိုးသူတော် ဦးမင်းက -

"ကြယ်နှစ်ပြိုင်
သွယ်ဆိုင် ပဝင်း။
စိတြငယ်နှင့် ငွေလသော်တာတို့
ယုဂန်ချာ တောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း ..."

ဟူ၍ သဖြန်စပ်ဆိုခဲ့ပြီး လူဦးမင်းက -

"သောင်သာစွတက်၊ နှောင်တစ်ကျာ
ငှက်ညီလာလည်း။ ပျူငှာကိုယ်စီ
ကြင်မူရာပီတော့တယ်
မှုမိုဝံ့ ကုမ္မာငယ်
အံ့ညောင်ကြာ ရွှေတောင်ဝန်းက
လွမ်းထိုက်ပေသင့်"

ဟူ၍ စပ်ဆိုခဲ့သည်။

အလှထူးသည့် လတန်ခူးကား၊ မြမြဖူးသည့် ပိတောက်ခိုင်ရွှေဝါနှင့်အတူ မင်္ဂလာကျက်သရေခညောင်း သည့် မြန်မာသက္ကရာဇ်အသစ်ကို ဖွင့်လှစ်ခဲ့လေပြီတကား။

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျော်ပြ...)



www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ပွင့်တဲ့ လရာသီ

ပန်းမြတ်နိုးဝေ(ရွှေကံမြေ)

"ဖူးပွင့်ဝေစီ ၁၂ လရာသီ"ဟု တင်စားရလောက်အောင် ပန်းတို့သည် နွေ မိုး၊ ဆောင်း ဥတုသုံးလီ၌ အလှည့်ကျပွင့်ကုန်ကြ၏။ ရာသီတော် ခါမီပန်းတို့မည်သည် ရနံ့လည်းမွှေး၊ အဆင်းလည်းလှကြပါပေ၏။

ကေသာမှာ ပန်ဆင်သ ယဉ်လှသည့်ပန်း။

ဘုရားတင်လှူ ကုသိုလ်ယူ ထူးမြတ်သည့်ပန်း။

ညှော်ခန်းဆောင်လယ် ဝင့်ထည်ထည် ကျက်သရေရှိသည့်ပန်း။

သို့ပါ၍ ...

ပန်းသတင်း၊ ပန်းအဆင်း၊ ပန်းရနံ့အစုံစုံ၊ ပန်းကို ယိုးမယ်ဖွဲ့ ဋီကာချဲ့ရမည်ဆိုပါလျှင် ...

လူတို့၏ နှလုံးသား၌ နက်ရှိုင်းစွာ စီးမျောစူးနစ်နေသည့် မြတ်နိုးဖွယ်ပန်းတို့အား မြန်မာမိန်းမသားတို့၏ ကေသာဆံမြတွင် ပန်ဆင်လိုက်သည်နှင့် လှပတင့်တယ် ချစ်စဖွယ် ကျက်သရေကို ပို၍တိုးစေပါ၏။

ထို့ကြောင့်လည်း (အချုပ်တန်းဆရာဖေ) ရေးခဲ့သည့် ပန်းဖွဲ့လေးဆစ်ကဗျာ၌ –

"ခင်းအပျံ့မှာတော့၊ သင်းရနံ့တကြိုင်ကြိုင်။ ပင်ဆပ်သွား စံကားဇီဇဝါနှင့် ကြည်စရာ သရဖီညှာပန်းတွေက ဆန်းတဲ့ဂနိုင်။ အရိုင်းစံပယ်မှာ ခတ္တာက ဆင့်ပြန်တော့၊ မှိုင်းဒဝယ်ဟာ၊ ထပ်တရာက တင့်ပါပေ့၊ ဇလပ်စံကားဝါအပွင့်တွေက မဆိုင့်တဆိုင် အနိုင့်အနိုင်ရယ်က တစုတရုံး။ ပင်ချင်းရယ်လှိုင် အင်ကြင်းမြိုင် ထိုထိုအကျွမှာတော့၊ ဟိုရှေ့တစ်ခေါ်သာသာက၊ အတော်ကွာ ရော်ကာရမ်းလိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com

လမ်းအဆင့်မြင့် တသတ်မဆုံးနိုင်ပါဘူ၊ ဟိုရှေ့ဆီမှာကွယ် ပန်းရန့်ငယ်နှင့်ရင်ကပ်ကုန်း''

ဟု ပန်းကို အကြောင်းပြု ဖွဲ့သီနဲ့ပါ၏။

ကမ္ဘာပေါ်တွင် ပန်းကိုမြတ်မြတ်နိုးနိုး ပန်ဆင်ကြသည့် အလေ့အထမှာ မြန်မာမိန်းမသားများမှာသာရှိသည်ဟု ထင်ပါသည်။ အာရှတိုက်ရှိ အချို့သော နိုင်ငံများတွင်ပင် စာဖွဲ့လောက်အောင် မရှိပါ။ လက်လှမ်းမီသလောက် ပြရပါလျှင် ဂျပန်လူမျိုးတို့မှာသာ အထွတ်အမြတ်ပန်းဟူ၍ (ဆာကူရာ)ချယ်ရီပန်းတစ်မျိုးလောက်သာ မှတ်မှတ်ထင်ထင် ရှိပါသည်။

ဆိုရပါလျှင် ၎င်းချယ်ရီပန်းသည်ပင် မြန်မာနိုင်ငံ၏ အချို့သော ကုန်းမြေမြင့်ဒေသများတွင် ရှိနေပါချေ၏။

မြန်မာလူမျိုးနှင့် ပန်းဆိုသည်မှာ ရှေးယခင်ကာလနှောင်းပိုင်းကတည်းက ပန်းပေါင်းစုံ၊ ပန်းရန့်တို့ဖြင့် ထုံသင်းကြိုင်မွှေးသည့် ဥယျာဉ်တော်ဟူသည် ရှိခဲ့ပါ၏။ ရှေးရှေးဘုရင်များလက်ထက် နန်းတွင်း၌ ဘုရင်နှင့် ဘုရင့်မိဖုရားတို့ကို နေ့စဉ် ပန်းဆက်ရသည့် 'ပန်းတော်ဆက်' ဟူ၍လည်း ရှိခဲ့ဖူးပါ၏။

မြန်မာ့ရေမြေသဘာဝသည် 'ပန်းပေါင်းစုံ ဝန်းရံခသည့်တော' ဟု တင်စားရမလောက် ပန်းအမျိုးပေါင်း ရေတွက်မကုန်နိုင်အောင် ရှိကြပါသည်။

သို့ပါ၍လည်း ရှေးစာဆို(ဦးလွန်းပြေ)ရေးသားခဲ့သည့် 'တောတောင်ဖွဲ့ သီချင်းခံကြီး'၌ –

''တောဟောဝန်တောင် သာခေါင် သာခေါင် ကျူးလှလေ၊ ပန်းမျိုးထူးတွေ ရေတိုင်းအုံ့ဖွယ်သာ၊ နီရွှေဝါ စိမ်းလန်းရင့်၊ ပန်းသွန်းအနမ်း သဇင်နှင့်သာ၊ သဇင်နှင့် ဆပ်သွားပန်း၊ လေးဖျန်းသွေးလျှင်၊ ကြိုင်မွှေးပျံ့ရှား၊ ပင်မြင့်ပန်းစကား''

ဟူ၍ စပ်ဆိုခဲ့ဖူးပါ၏။

ပန်းအမျိုးပေါင်း များစွာထဲမှာ ထင်ရှားသည့် ပန်းများကို ပြပါဆိုလျှင် စံပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာ၊ အင်ကြင်း၊ ဒေါနု၊ ခေါင်ရမ်း၊ နှင်းဆီ၊ သရဖီ၊ စံကားဝါ၊ စွယ်တော်၊ မြတ်လေးငုံ၊ ဇီဇဝါ၊ ပန်းတော်ဝင်သဇင်၊ သစ်ခွတို့ ဖြစ်ကြပါသည်။ စံပယ်၊ ကြက်ရုန်းနှင့် ပန်းခရေတို့ကို ကြိုးနှင့်သီ၍ ကေသာမှာ နေ့စဉ် ရစ်ခွေပန်ဆင်ကြသကဲ့သို့ နန်းသုံးတော်ဝင် ပန်းသဇင်နှင့် သစ်ခွပန်းတို့ကိုမူ အလှူမင်္ဂလာ၊ ပွဲနေ့ပွဲထိုင်အခါများတွင် အထူးတလည် ဈေးကြီးပေး၍ ပန်ဆင်တတ်ကြပါသည်။

ထို့အပြင် ...

မြန်မာတို့၏ အိမ်ကျက်သရေ ဧည့်ခန်းဆောင်အလယ်၌ လှပတင့်တယ်စွာ ထိုးစိုက်ထားသည့် ပန်းတို့သည်လည်း နှင်းဆီအပါအဝင် အများအပြား ရှိကြသကဲ့သို့ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘုရားသွား၊ ကျောင်းတက်သည့်အခါ ဆီမီးရေချမ်း အမွှေးနံ့သာတို့နှင့်အတူ ပန်းပေါင်းစုံဖြင့် ဦးခိုက်ပူဇော် ဆုတောင်းလေ့ရှိကြပါသည်။

မိမိအိမ် ဘုရားကျောင်းဆောင်များ၌လည်း ရာသီအလိုက် ဖူးပွင့်ကြသည့်ပန်းများကို ကပ်လှူပူဇော်ကြသည်မှာလည်း မြန်မာမိန်းမသား အိမ်ရှင်မများ၏ နေ့စဉ်ဝတ်မပျက် အလုပ်တစ်ခုပေမို့ ဘာသာ၊ သာသနာအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါ၏။

ရှိပါသေးသည်။ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်း၊ ဒေါနုပန်းနှင့် သပြေပန်းများကို အိမ်ဘုရားကျောင်းဆောင်မှအစ အိမ်တွင်း ရိုးရာဓလေ့ ပသထားသည့် စင်များမှာလည်း ချိတ်ဆွဲပူဇော်ကြဘိသကဲ့သို့ အရောင်းအဝယ်လုပ်ငန်းဆောင်တာ၊ ရုံးခန်း၊ အလုပ်စားပွဲ၊ အရောင်းကောင်တာများတွင်လည်း လာဘ်ခေါ်ပန်းများအဖြစ် ထားရှိကြပါသည်။ အဆုံးဆိုရလျှင် နေ့စဉ် ပြေးဆွဲနေကြသည့် အငှားယာဉ်ဆိုက်ကား၊ မြင်းလှည်းမှအစ မော်တော်ကားအဆုံး ပန်းများချိတ်ဆွဲကြသည်ကို တွေ့ရမည်ဖြစ်ပါ၏။

ဤသည်ကပင် မြန်မာတို့သည် ပန်းကို တန်ဖိုးထားသည့်စိတ်၊ မြတ်နိုးသည့်စိတ်တို့သည် နှိုင်းတုရာမဲ့သည့် ချစ်စရာအလေ့အထပင် ဖြစ်ပေတော့၏။

သို့ပါ၍ ...

ပန်းကိုတင်စားဖွဲ့ဆိုသည့် တေးသီချင်းများ၊ ပန်းအကြောင်း သီကုံးသည့် ကဗျာ,လင်္ကာများ၊ ပန်းကို အကြောင်းပြု ရေးသားထားသည့် ဝတ္ထုများ၊ ပန်းကို အခြေပြုရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားများ ...။

ပြီးတော့ ...

မိန်းမသားတို့၏ တန်ဖိုးကို တိုင်းတာစံပြုထားသည့် ''မိန်းမကောင်းပန်းပန် တစ်ပွင့်တန်'' နှိုင်းဆမှုသည်လည်းကောင်း၊ ''ပန်းပန်ရင် နန်းဆန်တယ်'' ဆိုသည့် မြန်မာမိန်းမသားတို့ ဂုဏ်ကျက်သရေ အလှအပကို တင်စားသည့်အခါတွင်လည်းကောင်း ပန်း၏ နုနယ်ပျော့ပျောင်းမှုကို ပြဆိုသည့် ''ပန်းနဲ့ပေါက်တာလည်း နာချင်



www.burmeseclassic.com

www.burmeseclassic.com

တယ်''၊ ''ပန်းလိုနုနယ်ပြီး ပန်လိုသူကို စောင့်ရသည့် မိန်းမသားဘဝ''စသည့် စသည့် ပန်းနှင့်ပတ်သက်သမျှ ညွှန်ဆိုမှုများကလည်း ရှေးဦးမဆွကတည်းက ရှိခဲ့သည်သာ။

ဆိုရသော် ...

မြန်မာ့ ၁၂ လရာသီ၌ ပန်းတို့သည် ရာသီအလိုက် စဉ်ဆက်မပြတ် ပွင့်ကြကုန်၏။ မြန်မာမိန်းမသား ပျိုမေတို့သည်လည်း မိမိတို့ နှစ်သက်ရာ ပန်း ရွေးချယ်၍ ကေသာဝယ် ပန်ဆင်ကြကုန်၏။

မည်သို့ပင် ၁၂ လရာသီ အလှည့်ကျ ပွင့်သည့်ပန်း ရေတွက်မကုန်ရှိကြသော်ငြားလည်း တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်တည်းပွင့်သော ဟန်မထည်၊ မာန်မဝင့်သည့် ပန်းတစ်မျိုး ကျန်ပါသေးသည်။

လူတို့သည်လည်း တစ်နှစ်တာလုံး ပင်ပန်းသမျှ ဘဝအမောတွေ ပြေစေဖို့ ထိုပန်းကို စောင့်မျှော်ငံ့လင့်ကြကုန်၏။

ထိုပန်းသည်ကား ...

နွေ'သစ္စာပန်း'ဟု ခေါ်သည့် 'ရွှေအိုရောင် နွေပိတောက်' ရင်ခိုက်အောင်မွှေးတဲ့ပန်း။ တစ်နည်းအားဖြင့် ပိတောက်ပန်းပင် ဖြစ်ပါ၏။

ပိတောက်ပန်းသည် ပန်းတကာ့ပန်းတွင် အထူးခြားဆုံးပန်း၊ စွဲမက်ဖွယ်ရာအကောင်းဆုံး ပန်းဟု ဆိုရမည်သာ။ ပိတောက်ပန်းသည် နန်းသုံးတော်ဝင် ပန်းသဇင်တို့လိုလည်း မာန်မထည်၊ ဟန်မကြီးပါ။ သူ့ကို ပြုစုယုယ ပေါင်းသင်ရေလောင်းရန်လည်း မလိုပါ။ တစ်နှစ်မှာတစ်လ၊ တစ်လမှာ တစ်ရက် ခါသကြံန်နွေသမယမှာ သစ္စာရှိရှိ ပွင့်လာပြီး နွေကိုကြိုတတ်ပါသည်။

ပိတောက်ပန်းသည် ရနံ့လေးကသင်းပြီး၊ အရောင်က မြတ်နိုးဖွယ် ရွှေအိုရောင်ဝါပြီးတော့ ပိတောက်ပန်းသည် ဘယ်ပန်းနှင့်မှ မတူသည့် ထူးခြားချက် ရှိပါသေးသည်။

၎င်းသည်ကား ...

မိုးရေမထိလျှင် ပိတောက်မပွင့်ပါ။ သကြံန်မိုးပြေးလေး တစ်ပြိုက်နှစ်ပြိုက် ရွာလိုက်သည်နှင့် မြန်မာ့ရေမြေတောတောင်တစ်ခုလုံး ရွှေအိုရောင် လွှမ်းခြုံလျက် ပိတောက်ရနံ့ သင်းပျံ့ကြကုန်၏။

ထို့ကြောင့် ပိတောက်ပန်းနှင့် ပတ်သက်သမျှ စာဆိုတော်ဦးကြော့က –

''လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ နိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမတူဘု၊ နန္ဒမူဖက်ကူထိပ်မှာလ၊ ပစ္စေကာချွေးတော်သိပ်ရတယ်၊ အေးရိပ်သာယာ။

''တစ်နှစ် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ ပွင့်ရှာကြ စုံမြိုင်တွင်း၊ မြူမင်းလွင်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ငွေဝတ်ဆံ ငုံတန်ညွှာကကယ်နှင့်၊ ခါသကြံန် ဂိမာန်ရောက်ပြန်တော့ သိန်သရေ ထိန်ဝေလို့တောက်တဲ့ပြင်၊ လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘု၊ ပန်းပိတောက်မင်း''

ဟု စပ်ဆိုထားခဲ့ပါသည်။

သို့စဉ်လျက် ...

ပိတောက်ပန်းတွေ ပွင့်ပြီဆိုပါလျှင် လူတိုင်း လူတိုင်း တစ်နှစ်လုံး ပန်းသမျှ ရှင်လန်းတက်ကြွ ပျော်ရွှင်ကြည်နူးစွာ ပိတောက်ပန်းခူးသူတို့သည် အပင်အောက်မှ ချိတ်နှင့်ချိုးဖဲ့၍ဖြစ်စေ၊ အပင်ပေါ်တက် ဓားနှင့်ခုတ်ချ၍ဖြစ်စေ အလုအယက် ခူးတတ်ကြပါသည်။

၎င်းသည်ကို ပျော်ရွှင်စရာ၊ ကြည်နူးစရာဟု ဆိုရသော်ငြားလည်း ပိတောက်ပန်းတွေ ခူးပြီးသည့်အခါမှာတော့ အမွေးအတောင် မရှိတော့သည့် တိုက်ပွဲရှုံး ကြက်ဖကြီးတစ်ကောင်လို အကိုင်းအခက်မဲ့ ငုံးတိတိဖြင့် ပိတောက်ပင်ကြီး၏ မြင်ကွင်းမှာ အကြည့်ရ၊ အမြင်ရဆိုးစွာ အရုပ်ဆိုးလွန်းလှပါတော့သည်။

သို့ငြားလည်း ...

ပိတောက်ပင်သည် တစ်မိုးလုံး၊ တစ်ဆောင်းလုံး အားယူရှင်သန်ပြီး အခက်အလက်၊ အရွက်တို့ ဝေဆာဆာဖြင့် တစ်နှစ်တစ်ခါ ပွင့်ပေးရမည့် သူ့တာဝန်ကို သစ္စာရှိရှိ တာဝန်ကျေကျေ ပွင့်ပေးရှာသည်သာ ဖြစ်ပါ၏။

သို့ပါ၍ ...

သစ္စာယွင်းမပျက်၊ အချစ်ဖက်ပြီး၊ တစ်နှစ်တစ်ခါ၊ ရွှေရောင်လျှံကာ၊ ပွင့်ရှာသည့် ပိတောက်ရွှေဝါ၊ သဇင်လို တော်မဝင် နန်းမထိုက်သော်လည်း၊ ပြည်တစ်ခွင် အများကြိုက် သစ္စာပန်းပေမို့၊ အို ... ပိတောက်ရယ်၊ ပျိုမဒီကေသာထက်မှာ၊ လွှမ်းခြုံလို့သင်း ... ဟူ၍ ခံစားရေးဖွဲ့လိုက်မိပါသတည်း။ ။

**ပန်းမြတ်နိုးဝေ(ရွှေကံမြေ)**



www.burmeseclassic.com

www.burmeseclassic.com

# တို့တိုင်းဌာနေ မြန်မာပြည်

ကိုမောင်သန်းဝင်း

တစ်နှစ်တွင် ၁၂ လရှိရာ ထို ၁၂ လကို လေးလစီ ခြား၍ ဥတုသုံးပါးဟူ၍လည်းကောင်း၊ နှစ်လစီခြား၍ ရတု ခြောက်ပါးဟူ၍လည်းကောင်း၊ တစ်လစီ ပိုင်းခြားဝိသေသ ပြု၍လည်းကောင်း အောက်ပါအတိုင်း သတ်မှတ်ထားသည်။

### ■ ဥတုသုံးလီ

မြန်မာပြည် ရာသီဥတုကို တစ်နှစ်တာတွင် သုံးပိုင်း ပိုင်းထားပါသည်။

(၁) ဂိမ္ဟန္တ(နွေဥတု)-တပေါင်းလပြည့်ကျော် ၁ ရက် နေ့မှ ဝါဆိုလပြည့်နေ့အထိ။

(၂) ဝဿန္တ(မိုးဥတု)-ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ။

(၃) ဟေမန္တ(ဆောင်းဥတု)-တန်ဆောင်မုန်းလပြည့် ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိ ဖြစ်သည်။

### ■ ရတုခြောက်ပါး

မြန်မာဘယဆေး ဗေဒင်ပညာရှင်တို့ တွက်ချက်အသုံးပြုရန်အတွက် တစ်နှစ်တာရှိ ၁၂ လကို အပိုင်းခြောက်ပိုင်း ပိုင်းခြားထားပါသည်။ နေလနက္ခတ်တို့၏ လှည့်ပတ်သွားလာသည့် အနေအထားအလိုက် ခွဲခြားသတ်မှတ်ခြင်း ဖြစ်ပါသည်။ စန္ဒရမာသ-လ၏လှည့်ပတ်ခြင်းအလိုအားဖြင့် သတ်မှတ်ထားသည့် ရတုခြောက်ပါးသည်ကား -

(၁) သသိရ-သိသိရ ရတု ။ ။ ပြာသိုလဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ တပေါင်းလဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးအထိ။

(၂) နိဒြေ-ဝသန္တရတု ။ ။ တပေါင်းလဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ ကဆုန်လပြည့်နေ့ ညဥ့်နှစ်ချက်တီးအချိန်အထိ။

(၃) ဂိမ္ဟ-ဟိန္ဒရတု ။ ။ ကဆုန်လဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ ဝါဆိုလပြည့်နေ့ ညဥ့်နှစ်ချက်တီးအချိန်အထိ။

(၄) ဝဿန္တ-ဝဿနရတု ။ ။ ဝါဆိုလဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ တော်သလင်းလဆ ၁၅ ရက် ညဥ့်နှစ်ချက်တီးအချိန်အထိ။

(၅) သာရဒ-သရဒရတု ။ ။ တော်သလင်းလပြည့်နေ့ ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ တန်ဆောင်မုန်းလဆန်း ၁၅ ရက် ညဥ့်နှစ်ချက်တီးအချိန်အထိ။

(၆) ဟေမ-ဟေမန္တရတု ။ ။ တန်ဆောင်မုန်းလပြည့် နေ့ ညဥ့်နှစ်ချက်တီးကျော်အချိန်မှစ၍ ပြာသိုလဆန်း ၁၅ ရက်နေ့ ညဥ့်နှစ်ချက်တီးအချိန်အထိ ဖြစ်ကြပါသည်။

### ■ ဆယ့်နှစ်လတွင် အမည်တွင်၊ လေးအင်အမည်ထူး

မျက်မှောက်ခေတ်လူတို့ ဝေါဟာရအားဖြင့် ခေါ်ဆို ကြသည့် တပေါင်း ၁၂ လတွင် အောက်ဖော်ပြပါ ၄ လ ရေးအခါက ခေါ်ဆိုပုံမှာ တစ်မျိုးတစ်ဖုံဖြစ်သည့်အတွက် ထူးခြားသော လများ ဖြစ်ကြပါသည်။

www.burmeseclassic.com

| (ယခုအခေါ်) | (ရှေးအခေါ်) |
|---|---|
| ၁။ ဝါဆို | မြွယ်တာ |
| ၂။ ဝါခေါင် | နံကာ |
| ၃။ တော်သလင်း | သစ်ဆင်း |
| ၄။ သီတင်းကျွတ် | သံဘု ဟူ၍ ဖြစ်ကြသည်။ |

## ■ ရာသီ ၁၂ လ ပွဲတော်အလှ

တစ်နှစ်တွင်ရှိသော ၁၂ လကို ၁၂ လရာသီဟူ၍ ခေါ်တွင်သည်။ ၁၂ လရာသီတွင် ရှေးအခါကပင် ပွဲတော်များ ကျင်းပခဲ့ကြသည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ ဘုရင် ကိုယ်တော်တိုင် ပွဲတော်များကို ကြီးမှူးကျင်းပကြသည်။ အချို့ ပွဲတော်များမှာ ဘာသာရေးနှင့် လူမျိုးရေး ဆက်နွယ်သော ပွဲတော်များ ဖြစ်ကြသည်။

(၁) **သင်္ကြန်တာကူး** - တကူးလ၊ နှစ်သစ်ကူး ရေသဘင်ပွဲ။
(၂) **နှစ်ဦးညောင်ရေ** - ကဆုန်လ၊ ညောင်ရေ သွန်းပွဲ။
(၃) **စာပုလွေခင်း** - နယုန်လ၊ စာပြန်ပွဲ။
(၄) **ပဉ္စင်းတော်ခံ** - ဝါဆိုလ၊ ရဟန်းခံပွဲ။
(၅) **စာရေးတံနှင့်** - ဝါခေါင်လ၊ စာရေးတံမဲပွဲ။
(၆) **မြစ်ယံပွဲကြီး** - တော်သလင်းလ၊ လှေပွဲ။
(၇) **ဆီမီးထွန်းချိန်** - သီတင်းကျွတ်၊ မီးထွန်းပွဲ။
(၈) **ကထိန်** - တန်ဆောင်မုန်း၊ ကထိန်ပွဲ။
(၉) **နတ်ကျင်း** - နတ်တော်လ၊ နတ်ပွဲ။
(၁၀) **မြင်းခင်းထွက်ဝင်** - ပြာသိုလ၊ မြင်းခင်း သဘင်ပွဲ။
(၁၁) **သဘင်မီးပုံး** - တပို့တွဲလ၊ နက္ခတ်သဘင်ပွဲ။
(၁၂) **ဂူလုံးသဲပုံ** - တပေါင်းလ၊ သဲပုံစေတီပွဲ။

စေ့စုံစီလျှင်၊ ဤသို့ယှဉ်သား၊ လစဉ်အမြဲ ဆယ့်နှစ်ပွဲ ဟူ၍ ဖြစ်ကြပါသည်။

## ■ လရာသီမိုး ၁၂ မျိုး

တစ်နှစ်တွင် ၁၂ လရှိရာ မြန်မာပြည်၏ ရာသီဥတု အခြေအနေအရ တစ်လနှင့်တစ်လ(လစဉ်) မိုးရွာသွန်းခြင်းမတူ ညီကြပေ။ ဤသို့တူညီခြင်းမရှိဘဲ ကွဲပြားခြားနားသည်ကို ရှေး ပညာရှိတို့က အောက်ပါအတိုင်း မှတ်တမ်းပြုထားခဲ့ကြပါသည်။

(၁) တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတို့၊ သင်္ကြန်မိုး။
(၂) ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။
(၃) နယုန်မိုးသေး၊ မြက်သားမွေး။
(၄) ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။
(၅) ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့် သာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမစဲ။
(၆) တော်သလင်းတိမ်ညို၊ စဖိုဆင်းရဲ မိုးမစဲ။
(၇) သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။
(၈) တန်ဆောင်မုန်းအတွင်း၊ ဆီးနှင်းတပြိုက်၊ မိုးတလိုက်။
(၉) နတ်တော်ရောက်ခြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။
(၁၀) ပြာသိုအတွင်း၊ မိုးညှင်းညှင်း၊ ဆီးနှင်းရောယှက်၊ နှမ်းထောင်ပျက်။
(၁၁) တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်းမိုးကြွင်း။
(၁၂) တပေါင်းလည်းကူး၊ မိုးသားကျူး။

## ■ ရာသီမသိ ပန်းနှင့်ညှိ

**တန်ခူးလ** - ပွင့်မြဲရာသီပန်းမှာ ကံ့ကော်ပန်း၊ ရင်ခတ် ပန်း၊ ပိတောက်ပန်းတို့ ဖြစ်ကြသည်။

"ကံ့ကော်ရင်ခတ်၊ ပင်တိုင်ညွှတ်လျက်၊ ပွင့်ခက်ဝေဝေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူး" (ဦးအောင်ကြီး)

"ရွှေပယင်းတပေါက်လိုင်မှာ၊ ပိတောက်မြိုင်ကြူစွ၊ ပန်းရင်ခတ်လေဖြန့်ခေါ်သည်၊ ရွှေကံ့ကော်သင်းတဲ့မာသ" (ဦးယာ)

**ကဆုန်လ** - ပွင့်မြဲရာသီပန်းမှာ စကားပန်း၊ မိုးစွေပန်း တို့ ဖြစ်ကြသည်။

"ရာသီလိုက်သင့်၊ ရွှေပွင့်စကား၊ မြသားရိုးနေ၊ ပန်းမိုးစွေ၏" (ဦးအောင်ကြီး)

**နယုန်လ** - ပွင့်မြဲရာသီပန်းမှာ မြတ်လေးပန်း၊ စံပယ်ပန်းတို့ ဖြစ်ကြသည်။

"ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်၊ မေထုန် ဆိုရာသီကူး၊ ပွင့်ဖူးဝတ်မှုန်နဲ့ သင်းပျံ့တော့တယ်" (ဖိုးသူတော် ဦးမင်း)

www.burmeseclassic.com

**ဝါဆိုလ** - ပွင့်မြဲရာသီပန်းမှာ ပုန်းညက်ပန်း၊ အနန်းပန်းများ ဖြစ်ကြသည်။

"ပန်းများလှိုင်ကြ၊ မဥ္ဇူရွှေခက်၊ ပုန်းညက်ကြိုင်သင်း၊ ပဋ္ဌင်းတော်ပွဲ" (ဦးယာ)

"ပုန်းညက်အနန်း၊ နှင်းဆီပန်းနှင့်၊ စခန်းကြိုင်သင်း၊ ရန့်တွင်းမှာ" (မယ်ခွေ)

**ဝါခေါင်လ** - ပွင့်မြဲရာသီပန်းမှာ ခတ္တာပန်း ဖြစ်သည်။

"ဝါခေါင်လမို့၊ တောင်များထွတ်စွန်း၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြ" (မဟာအတုလမင်းကြီး)

**တော်သလင်းလ** - ပွင့်မြဲရာသီပန်းမှာ ယင်းမာပန်း ဖြစ်သည်။

"မှုညှာဝေဝေ၊ ပန်းရွှေယင်းမာ၊ လှိုင်စွာပျံ့သင်း၊ တော်သလင်းဟု" (ဦးယာ)

**သီတင်းကျွတ်လ** - ပွင့်မြဲရာသီပန်းမှာ ကြာမျိုးငါးပါး ဖြစ်သည်။

"ပန်းမှားမှုစီ၊ မြောက်လေသိမ်းကာ၊ ညွှတ်တိမ်းပြောင်း အီ၊ ပွင့်ဘိုင်အား၊ ငါးမည်ကြာတို့၊ လေညှာလေအောက်၊ ရန့်ရောက်၍ ထွန်းတောက်လျှံလျှံ၊ ဝတ်ဆံရွှင်ရွှင်" (ဦးယာ)

**တန်ဆောင်မုန်းလ** - ပွင့်မြဲရာသီပန်းမှာ ခဝဲပန်း ဖြစ်သည်။

"သံမိုးကုန်စဲ၊ နှင်းသေးဖွဲ့သည့်၊ ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား" (ဦးအောင်ကြီး)

**နတ်တော်လ** - ပွင့်မြဲရာသီပန်းမှာ ဂမုန်းပန်း၊ သဇင်ပန်းများ ဖြစ်ကြသည်။

"ချမ်းမြရတု၊ ဓနုရာသီ၊ အညီမွှမ်းဖြင်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ် လနတ်တော်" (ဦးအောင်ကြီး)

**ပြာသိုလ** - ပွင့်မြဲရာသီပန်းမှာ ခွာညိုပန်း ဖြစ်သည်။

"ညွန့်ဖူးစိုစို၊ ပန်းခွာညိုလည်း၊ ပြာသိုမာသ၊ မကာရတွင်၊ ပွင့်ကြကြိုင်သင်း၊ မြောက်လေသွင်း၍ ရင်တွင်းချမ်းစိမ့်၊ လှမျိုးငြိမ့်ကို" (ဦးယာ)

**တပို့တွဲလ** - ပွင့်မြဲရာသီပန်းမှာ ပေါက်ပန်း၊ လဲပန်း၊ လက်ပံပန်း၊ ဆူးပန်းများ ဖြစ်ကြသည်။

"ရွှေသွင်နီမြန်း၊ ပေါက်ဆူးပန်းတို့၊ ထူးဆန်းလှတင့်၊ ရီးတန်မြင့်နှင့်၊ ပွင့်ကြစီစီ၊ ကုမ်ရာသီ" (ဦးယာ)

"တပို့တွဲ၊ ပေါက်လဲငုံကင်း၊ ထန်းရည်ငယ်နင်းကြသည်၊ နှင်းထုံထုံငယ်နှင့်လေ" (ဦးကြင်ဥ)

**တပေါင်းလ** - ပွင့်မြဲရာသီပန်းမှာ သရဖီပန်း၊ အင်ကြင်းပန်းများ ဖြစ်ကြသည်။

"ရီးညှာမြန့် ဝတ်မှုန်စုတွင်၊ ငွေဥရောင်သွေး၊ ပျံ့မွှေးစီစီ၊ သရဖီနှင့်" (ဦးယာ)

"မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြနဒီသောင်တခိုက၊ မောင်မယ်ညီမြူးပြန်တော့တယ်လေး" (အတုလမင်းကြီး)

## ■ တစ်ဆယ့်နှစ်လရာသီ နေ့တာ၊ ညတာ အလီလီ

**တန်ခူးလ** ။ ။ ဤလဥ္စ ရှေးမြန်မာနာရီအားဖြင့် "နွေဂိမှာန၊ တန်ခူးလဟု၊ စရရာသီ၊ နာရီညဥ့်နေ၊ မျှ၍တူညီ သုံးဆယ်စီတည့်" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၃၀၊ ည နာရီ ၃၀ ရှိသဖြင့် နေ့တာ ညတာ ညီမျှပါသည်။

**ကဆုန်လ** ။ ။ ဤလဥ္စ ရှေးမြန်မာနာရီအားဖြင့် "နာရီနေ့ဝယ်၊ သုံးဆယ်ကကျော်၊ နှစ်ခုပေါ်လျှက်၊ ညဥ့်သော နှစ်ဆယ်၊ ရှစ်ခုကယ်၏" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၃၂၊ ည နာရီ ၂၈ ရှိသဖြင့် နေ့တာ ရှည်၍ ညတာတိုပါသည်။

**နယုန်လ** ။ ။ ဤလဥ္စ ရှေးမြန်မာနာရီအားဖြင့် "နာရီနှစ်ဖြာ၊ နေ့မှာသုံးဆယ်၊ စွန်းကယ်စတု၊ ညဥ့်ဖို့ရှုသော် တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသာ" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၃၄၊ ည နာရီ ၂၆ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

**ဝါဆိုလ** ။ ။ ဤလဥ္စ ရှေးမြန်မာနာရီအားဖြင့် "နာရီနေ့ကို၊ သုံးဆယ်ဆိုရှင့်၊ စွန်းပိုခြောက်ခု၊ ကြွင်းစုနာရီ ညဥ့်ဖို့စီသော်၊ မညီမရေး နှစ်ဆယ့်လေးတည့်" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၃၆၊ ည နာရီ ၂၄ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

**ဝါခေါင်လ** ။ ။ ဤလဥ္စ ရှေးမြန်မာနာရီအားဖြင့် "ရာသီဒိန၊ ဤမာသတွင်၊ ဗေယတြိ၊ နေ့ရှိနာရီ၊ မမှီညဥ့်ရော နှစ်ဆယ့်ခြောက်တည့်" (ဦးယာ) ဟူသော ရှေးပညာရှင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရိုးနှင့်အညီ နေ့နာရီ ၃၄၊ ည နာရီ ၂၆. ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

**တော်သလင်းလ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "နာရီနေ့တွင်၊ သုံးဆယ်မြင်၍ နှစ်လျှင်စွန်းပါ။ သည်အခါတွင်၊ ညဥ့်လျှင်နှစ်ဆယ်၊ ရှစ်ခုကယ်၏" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၃၂၊ ည နာရီ ၂၈ ရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

**သီတင်းကျွတ်လ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "နာရီနှစ်ပါး၊ နေ့ကားသုံးဆယ်၊ ညဉ့်ဝယ်ညီမျှ၊ ထပ်တူရလျက်" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့ နာရီ ၃၀၊ ည နာရီ ၃၀ ရှိသဖြင့် နေ့တာ၊ ညတာ တူညီမျှပါသည်။

**တန်ဆောင်မုန်းလ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "မာသပြိဿ၊ နေ့မှာနာရီ၊ စွန်းညီအပြား၊ ရှစ်ခုသား၍ ယင်းအားနှစ်ဆယ်၊ ညဥ့်ဝယ်ဗီသ၊ တြိနှင့်" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၂၈၊ ည နာရီ ၃၂ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

**နတ်တော်လ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "မနေ့ခေါ်တွင်၊ ရာသီခွင်၌၊ နေ့လျှင်နာရီ၊ ဆဒွေးစီ၍ တလီညဥ့်ရေး၊ သုံးဆယ့်လေးတည့်"(ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၂၆၊ ည နာရီ ၃၄ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

**ပြာသိုလ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "နာရီနှစ်ခန်း၊ ချင့်မှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်၊ စွန်းကယ်ငယား ညဥ့်သို့ကျသော်၊ ဆနင့်တြိန်း" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၂၄၊ ည နာရီ ၃၆ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

**တပို့တွဲလ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "နာရီနှစ်ဝ၊ နံနင့်ပြသော်၊ ပူးလုကျားမင်း၊ နေ့ဘို့ခင်းသည်၊ ညဥ့်တွင်းရှိမှောင်၊ ဆင်ပြောင်ခြသေ့၊ ပျော်မွေ့မြူးသန်း" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၂၆၊ ည နာရီ ၃၄ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

**တပေါင်းလ ။** ။ ဤလ၌ ရေးမြန်မာနာရီအားဖြင့် "ချင့်မှန်းတိုင်းထွာ၊ နာရီမှာကား၊ နေ့သာရောက်ညား၊ ဟိုင်းနှင့်များတို့၊ ပျော်ပါးစံနေ၊ တထွေညဥ့်သွား၊ ကျားနှင့်ခြသေ့" (ဦးယာ) ဟူသော ရှေးပညာရှင်တို့ ဆိုရိုးနှင့်အညီ နေ့နာရီ ၂၈၊ ည နာရီ ၃၂ ရှိသဖြင့် နေ့တာတို၍ ညတာရှည်ပါသည်။

## ■ ရှေးထုံးမပျက် အရုဏ်တက်ချိန်

ရှေးထုံးအစဉ်အလာအရ အရုဏ်တက်ချိန်ကို မြန်မာတို့အတွက် အထွတ်အမြတ်ထားကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အရုဏ်တက်ချိန်ဆိုသည်မှာ နံနက်လင်းလုလင်းခင် ရောင်နီဦး ပေါ်ထွက်ပြူစကို ခေါ်သည်။

အရုဏ်တက်ချိန်တွင် ရှေးမြန်မာလူကြီးများ ဘုရားဝတ်ပြု၊ အမျှအတန်းဝေသည်မှာ အလွန်သာယာကြည်နူးဖွယ်ဖြစ်သည်။ (လုံမငယ်အမျိုးသမီးများက ဆွမ်းထ၍ချက်သည်။ ယနေ့တိုင် တောနယ်များတွင် အရုဏ်တက်တွင် ဆွမ်းချက်လျက်ရှိနေကြသည်။ ဘုရားဝတ်ပြုကြသည်။)

တောရပ် ဘုန်းတော်ကြီးကျောင်းများတွင် အရုဏ်တက်လျှင် ကျောင်းရှိ ရဟန်းသာမဏေ၊ ကျောင်းသားအားလုံး အုန်းမောင်းခေါက်ခြင်း၊ ကြေးစည်ရိုက်ခြင်း ပြုပြီးနောက် ဘုရားဝတ်တက်ကြသည်။ ဤအစဉ်အလာမှာ ယနေ့တိုင် မကွယ်မပျောက် ရှိနေသေးသည်။

ထို့ကြောင့်လည်း မြန်မာတို့သည် အရုဏ်တက်ချိန်ကို ဂရုပြုကြခြင်းဖြစ်သည်။ အရုဏ်တက်သည့်အချိန်ကို စက်နာရီနှင့် ချိန်ကိုက်လျက် လစဉ် ၁၂ လအတွက် အောက်ပါအတိုင်း လက်ာရေးသီ မှတ်သားခဲ့ကြလေသည်။

| (လင်္ကာ) | (လအမည်) | (နာရီ၊ မိနစ်) |
|---|---|---|
| ကူး၊ ပြန်၊ နှင်ထွေး | တာကူး | ၅း၀၀ |
| ဆုန်၊ လေးပေါ်နေ | ကဆုန် | ၄း၅၀ |
| မြူယုန်၊ ဝေ၊ ဝေထပ် | နယုန် | ၄း၄၀ |
| ထို၊ လပ်၊ စာတော် | ဝါဆို | ၄း၃၀ |
| ခေါင်၊ လော်၊ လူဆို | ဝါခေါင် | ၄း၄၀ |
| လင်၊ လူ၊ မတွေး | တော်သလင်း | ၄း၁၀ |
| ကျွတ်၊ မေး၊ နင်တို့ | သီတင်းကျွတ် | ၅း၀၀ |
| မုန်း၊ ဘို့၊ အော်နေ | တန်ဆောင်မုန်း | ၅း၅၀ |
| တော်၊မြေ၊ ကျော်ဌေး | နတ်တော် | ၅း၂၀ |
| ပြာ၊ ပေး၊ ဆန်တောင်း | ပြာသို | ၅း၃၀ |
| ပေါင်း၊ ပျော်၊ အထွက် | တပေါင်း | ၅း၁၀ |



www.burmeseclassic.com

www.burmeseclassic.com

(အရေးတက်၊ မပျက်လို့ရေ၊ နာရီပိုင်း၊ လတိုင်းယူ ပါလေ၊ ကဝိများ ထားခဲ့ဥပဒေ)

## ■ မြန်မာ ၁၂ လ ဝိသေသ

တစ်နှစ်တွင်ရှိသော မြန်မာလ ၁၂ လသည် ဖြစ်ပေါ် ခေါ်တွင်လာရပုံအကြောင်းအရင်းအမြစ် အတိအကျရှိသည်။ လစဉ်လတိုင်းသည် အကြောင်းအရာတစ်စုံတစ်ခုကို အခြေပြု၍ ခေါ်တွင်စေခြင်းဖြစ်သည်။

(၁) **တန်ခူး တာကူး(တကူး)** ။ ။ မြန်မာ ၁၂ လတို့တွင် မိဿရာသီ ပထမဖြစ်သော တာကူးလကို ရေးထုံးနစ်မျိုးဖြင့် ရေးကြသည်။ (တန်ခူးနှင့် တာကူး)ဖြစ်သည်။ (အသံထွက် တကူးဟူ၍ ဖတ်သည်။)

တန်ခူး-"တန်"သည် ထန်းကိုဆိုလို၍ "ခူး"မှာ ဆွတ်သည်ကို ဆိုလိုသည်။ ထန်းသီးများကို ဆွတ်ခြွေသည့်လဟူ၍ အဓိပ္ပာယ်ရသည်။

တာကူး-"တာ"သည် အချိန်၊ လ၊ ရာသီဖြစ်၍ "ကူး"သည် ကူးပြောင်းခြင်းကို ဆိုလိုသည်။ နှစ်ပြောင်းသည်၊ နှစ်ကူးသည်ဟု ဆိုလိုပါသည်။

(၂) **ကဆုန်လ** ။ ။ ရှေးအခါက ကုဆုန်ဟူ၍ ရေးသည်။ "ကု"မှ "က"ဖြစ်လာသည်။ "ကု"သည် မရဘာသာမှ ဆင်းသက်လာသော စကားဖြစ်၍ (ရေ)သွန်းလောင်းသောလ ဟူ၍ အဓိပ္ပာယ်ရှိသည်။ ဗောဓိပင်ကို ရေသွန်းလောင်းခြင်း ဖြစ်၏။ ကဆုန်ညောင်ရေသွန်းပွဲဟု ခေါ်တွင်သည်။

(၃) **နယုန်လ** ။ ။ နယုန်လကို ရှေးအခါက နံယုန်ဟူ၍ ရေးသည်။ "နံ"မှာ အချိန်အခါ၊ "ယုန်"မှာ ရွာသွန်းခြင်း၊ မိုးကျခြင်းဖြစ်၍ နယုန်လဟူသည် မိုးကျချိန်၊ မိုးရွာချိန် ဟူ၍ အဓိပ္ပာယ်ရသည်။

(၄) **ဝါဆိုလ** ။ ။ "ဝါ"မှာ ဝဿဟူသော ပါဠိမှလာသည်။ နေခြင်းဖြစ်၏။ "ဆို"မှာ ရွတ်ဆိုသည့် အဓိပ္ပာယ်ရှိသည်။ ရဟန်းတော်များ မိုးသုံးလကာလပတ်လုံး ကျောင်း၌ သီတင်းသုံးပါမည်(နေပါမည်)ဟု ရွတ်ဆိုကတိပြုသောလ ဖြစ်သည်။

ဝါဆိုလကို ရှေးအခါက မြွယ်တာလ ဟူ၍ ခေါ်တွင်သည်။ "မြွယ်"မှာ လယ်မြေ ဟူ၍ အဓိပ္ပာယ်ရပြီး "တာ"မှာ တိုင်းတာခြင်းဖြစ်သည်။ လယ်မြေတိုင်းတာသောလ ဟူ၍ အဓိပ္ပာယ်ရသည်။

(၅) **ဝါခေါင်လ** ။ ။ ဝါခေါင်လကို ရှေးအခါက "နံကာ"လ ဟူ၍ ခေါ်သည်။ ဝါခေါင်လမှာ "ဝါ"သည် နေခြင်းဖြစ်၍ "ခေါင်"သည် အလယ်ကို ဆိုသည်။ ရဟန်းတော်များ ကျောင်း၌ သီတင်းသုံး(နေခြင်း)မှာ မိုးသုံးလရှိ၍ ဤလသည် အလယ်လဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။

နံကာ-"နံ"သည် အချိန်ကို ဆိုသည်။ "ကာ"မှာ ပြုလုပ်ခြင်း၊ ထွန်၊ ထယ်လုပ်ခြင်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "နံကာလ"သည် လယ်လုပ်ချိန်၊ လယ်ထွန်ချိန်လ ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။

(၆) **တော်သလင်းလ** ။ ။ တော်သလင်းလကို ပုဂံခေတ်လောက်က "သစ်ဆင်းလ"ဟူ၍ ခေါ်တွင်ခဲ့သည်။ တော်သလင်းကို "တော်သာလင်း"ဟူ၍ ရှေးယခင်က ရေးထုံးပြုခဲ့သည်။

တော်သလင်း-"တော်"မှာ ကောင်းကင်ကိုဆိုသည်။ (တော်-အမြင့်အမြတ်မှ၊ တော်-အထက်၊ အထက်သည် ကောင်းကင်ဟူ၍ အဆင့်ဆင့် အဓိပ္ပာယ်ကောက်ယူကြသည်။) "လင်း"မှာ သလင်း၊ သာလင်း၊ သာယာထွန်းလင်းခြင်းဖြစ်သည်။ ထို့ကြောင့် တော်သလင်းသည် ကောင်းကင်သာယာထွန်းလင်းသောလဟူ၍ ဆိုလိုသည်။

သစ်ဆင်း-သစ်ဆင်းဟူသည်မှာ ရှေးအခါက မြစ်အတွင်း၌ ကျင်းပသော ပွဲသဘင်တစ်မျိုးဖြစ်သည်။ ကန်ရာသီဘွဲ့လူးတားတစ်ခုတွင် "လေးတိုင်တန်ဆောင်း၊ မမြင့်တောင်းကို၊ နီမောင်းပုဆိုး၊ ဝဲဝဲမိုးလျက်၊ ပိုက်ကြိုးသွယ်ခဲ၊ ဝန်းရံခင်းကျင်း၊ ခုန်ကဆင်းသော်"ဟူ၍ စပ်ဆိုထားသည်။

ထို့ကြောင့် သစ်ဆင်းပွဲဟူသည် အတန်ငယ်ရှည်သော သစ်တိုင်လေးတိုင်ဖြင့် ဆောက်လုပ်ထားသည့် တန်ဆောင်း(စင်မြင့်)ပေါ်မှ ရေပေါ်တွင် ခံထားသည့် ပိုက်ကွန်တွင်းသို့ ခုန်ချသည့်ပွဲ ကျင်းပသည့်လ၊ သစ်ဆင်းပွဲကျင်းပသည့်လ ဖြစ်သည်။

(၇) **သီတင်းကျွတ်လ** ။ ။ သီတင်းကျွတ် "သီတင်း"မှာ သီတင်းသုံးနေထိုင်ကြသည် ဟူ၍ အဓိပ္ပာယ်ရသည်။ "ကျွတ်"မှာ ကျွတ်လွတ်ခြင်းပင်ဖြစ်သည်။ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

တော်များ သီတင်းသီလ ဆောက်တည်နေရာမှ ကျွတ်လွတ်သောလ၊ ဝါကျွတ်သောလဟူ၍ အဓိပ္ပာယ်ရှိသည်။ (အချို့က သီတင်းမှာ သီတဟူသော ပါဠိမှ ဆင်းသက်သည်ဟုယူဆသည်။ သီတမှာ မအေးမြခြင်းဖြစ်ပြီး အေးမြသော မိုးရာသီမှ ကျွတ်လွတ်သောလဟူ၍ အဓိပ္ပာယ်ယူဆကြသည်။)

(၈) **တန်ဆောင်မုန်းလ ။** ။ တန်ဆောင်မုန်းကို ရှေးအခါက တန်ဆောင်ပုန်းဟု ခေါ်သည်။ "တန်ဆောင်"မှာ မီးရှူးမီးတိုင်ဖြစ်၍ "ပုန်း"မှာ မီးပုံးထွန်းလင်းတောက်ပစေခြင်း ဖြစ်သည်။ မီးရှူးမီးတိုင်တို့ကို ထွန်းလင်းတောက်ပစေသောလဟူ၍ ဖြစ်သည်။

(၉) **နတ်တော်လ ။** ။ "နတ်"-နာထ-အကြီးအကဲ၊ "တော်"-မြင့်မြတ်ခြင်း။ ကြီးကဲမြင့်မြတ်သူ၊ ကြီးကဲမြင့်မြတ်သောလ။

ဤလကို ရှေးအခါက နတ်ပွဲကျင်းပသောလအဖြစ် အသိအမှတ်ပြုခဲ့သည်။ ပုပ္ပါးတောင်ရှိ မင်းမဟာဂီရိနတ်မောင်နှမကို ပူဇော်ပသသော ပွဲဖြစ်သည်။

ယခုခေတ်အခါတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ အသိအမှတ်ပြု ကျင်းပကြသည်။

(၁၀) **ပြာသိုလ ။** ။ "ပြာ"မှာ ပျားဖယောင်းကို ဆိုလိုသည်။ "သို"မှာ အဆီဟူ၍ ဖြစ်သည်။ ပျားဖယောင်းအဆီဖြစ်သော"ပျားဖယောင်း"စု၍ အရဆုံးသောလ၊ ပျားဖယောင်းလ ဖြစ်သည်။

(၁၁) **တပို့တွဲလ ။** ။ ကျောက်စာအများတွင် တပိုတွဲလ ဟူ၍ ရေးသည်။ "တပို"မှာ ထဖိုဖြစ်၍ ထန်းဖိုကို ဆိုလိုသည်။ တွဲမှာ တွဲလျားကျသည်၊ တွဲစေသည်။ ထို့ကြောင့် ထန်းဖိုပင်ရှိ ထန်းခိုင်(ထန်းနို့ခိုင်)မှ ထန်းရည်များကို လှီးဖြတ်ခံယူရန် ထန်းနို့ခိုင်အောက်တွင်ရှိသော ထန်းလက်များကို အောက်သို့တွဲကျသွားစေရန် နင်းရသောလ၊ ထန်းရည်နင်းလဟူ၍ ဖြစ်သည်။

(၁၂) **တပေါင်းလ ။** ။ တပေါင်းလဟူသော ဝေါဟာရတွင် "တ"သည် တန်း(ပါဠိ-တာလ)ဖြစ်၍ "ပေါင်း"မှာ ချက်သည်၊ ကျိုသည်ဟူ၍ အဓိပ္ပာယ်ရသည်။

တပေါင်းလသည် ထန်းချက်သမားတို့ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလဟူ၍ အဓိပ္ပာယ်ရသည်။ အခြားသော တပေါင်းလ၏ ဝိသေသယူဆချက်တစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တပေါင်းလတွင် ထန်းဖိုပင်မှရသော "ညှပ်ရည်"နှင့် ထန်းမပင်မှရသော "သီးနှရည်"တို့ကို ပေါင်းစပ်ကျိုချက်ရသဖြင့် ထန်းဖိုရည်နှင့် ထန်းမရည် ပေါင်းစပ်ကျိုချက်သောလ "ထန်းပေါင်းလ"၊ ထပေါင်း၊ ထို့နောက် တပေါင်းဟူ၍ ခေါ်ဆိုကြသည်။

## ■ <u>ကမ္ဘာသုံး လနှင့် မြန်မာလ တိုက်ဆိုင်ကြုံကြိုက်ကြပြေ(တန်ခူးလ)</u>

"တန်ခူးမိဿ၊ စိတြ လနှင့်ယှဉ်ပြိုင်ထွန်း။ ရင်ခတ်ကုံကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွှန်း။" (ကင်းဝန်မင်းကြီး)

လပြည့်ည သန်းခေါင်ယံတွင် လမင်းသည် စိတြနက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင်ထွန်းလင်း မွန်းတည့်စန်းယှဉ်၍ ဆန့်ကျင်တာရာ ထွန်းပသော ရာသီမိဿ တန်ခူးလကား ပြေလနှင့် တိုက်ဆိုင်ကြုံကြိုက်လျက် ရှိနေပေသည်။

## <u>မေလ(ကဆုန်လ)</u>

"ကဆုန်ပြိဿ၊ ကောင်းကင်ဝ၊ ထွန်းပဝိသာခါ။ စကားပွင့်ဆဲ၊ ညောင်ရေပွဲ၊ သွန်းမြဲအချိန်ခါ။" (ကင်းဝန်မင်းကြီး)

ပြိဿရာသီ ကဆုန်လ(မေလ)အခါသမယကား လပြည့်ည ၁၂ နာရီတွင် တံငါတာရာ၊ ဝိသာခါ နက္ခတ်တို့နှင့် တောင်နှင့်မြောက် ယှဉ်ပြိုင်ထွန်းလင်း စန်းယှဉ်မွန်းတည့်လျက် ဆင်တာရာထွန်းပသဖြင့် စာဆိုတော် ဦးယာက

"သပြေညွန့်နု၊ ရတုမာဿ၊ ကဆုန်လဌ်၊ ပြည့်လဝင်းဝါ၊ ဝိသာခါနှင့် စန္ဒာလဝန်း။ ယှဉ်ပြိုင်ထွန်းသော်၊ လေးကျွန်းလှည့်ပတ်၊ ဟတ္ထိတာရာ၊ ထပ်တူပါလျက်"ဟူ၍ စာပန်းချီ ရာသီဘွဲ့ရေးခဲ့ပေသည်။

## <u>ဇွန်လ(နယုန်လ)</u>

"နယုန်မာဿ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။ စံပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း" (ကင်းဝန်မင်းကြီး)

နမျှုန်လဟု ရှေးက ခေါ်ဝေါ်သည့် နယုန်လသည် အနောက်တိုင်းသားတို့၏ (ဇွန်လ)နှင့် တိုက်ဆိုင်ကြုံကြိုက်



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိနေပါသည်။ ထိုနယုန်လပြည့်ညဥ့် သန်းခေါင်ယံတွင် လမင်းသည် "နဂါးချက်"ဟု မြန်မာတို့ခေါ်ဝေါ်လေ့ရှိသည့် ဇေဋ္ဌနက္ခတ်နှင့် ကေဝဋ္ဋ တံငါတာရာတို့ တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းစန်းယှဉ် မွန်းတည့်လျက် မြင်းတာရာ ထွန်းပသောကြောင့်···

"အာကာပြင်က၊ ကြယ်ဇေဋ္ဌနှင့်၊ တောက်ပရောင်စို၊ ပြိုးပြက်တနယ်၊ ကြွသောအခါလျှင်၊ တာရာအသွယ်၊ ရံဝန်းခ၍" ဟူ၍ စာဆိုတော်ဦးယာက စာပန်းချီရာသီတွဲ ရေးသီခဲ့ပေသည်။

## ဇူလိုင်လ(ဝါဆိုလ)

"ဝါဆိုကရကဋ်၊ လပြာသာဒ်၊ တည့်မတ်အာသဠ္ဌ၊ ပုန်းညက်ငုံကင်း၊ စံယယ်သင်း၊ ပဒ္မင်းခါတော်မီ" (ကင်းဝန်မင်းကြီး)

နွယ်တာလ၊ နတ်လျောင်းလ ဟူ၍ ရှေးကခေါ်ဝေါ်လျက် မျက်မှောက်ခေတ်တွင် ဝါဆိုလဟုခေါ်သော မြန်မာတို့၏ လေးလမြောက်လသည် အနောက်တိုင်းသားတို့၏ ဇူလိုင်လနှင့် တိုက်ဆိုင်ကြုံကြိုက်လျက်ရှိနေပေသည်။

ကရကဋ်ရာသီ၊ ဝါဆိုလပြည့်နေ့ ညသန်းခေါင်ယံတွင် လမင်းသည် ပြုဗ္ဗာသဠ်နက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းလျက် မွန်းတည့်သောကြောင့် စာဆိုတော်နဝဒေးက

"ဝါဆိုခေါ်မှတ်၊ ကရကဋ်ဝယ်၊ နက္ခတ်မိုးယံ၊ ပြုဗ္ဗာသဠ်တို့၊ လထံနီးလျက်၊ ရောင်ခြည်ယှက်က၊ ပုန်းညက်ထိန်ထိန်၊ ပွင့်ချင်းလိမ်ခဲ့"ဟု စာဆိုခဲ့ခြင်းဖြစ်သည်။

## ဩဂုတ်လ(ဝါခေါင်လ)

"ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊ သရဝဏ်ရောင်ဖွေးဖွေး။ ခတ္တာဖူးလျှံ၊ စာရေးတံ၊ သုံးတန်ဆောင်ဖွေးဖွေး" (ကင်းဝန်မင်းကြီး)

နံကာခေါ်ထ၊ ဝါခေါင်လ၌၊ ယှဉ်ထစန်းမွန်၊ သရဝဏ်နှင့်၊ တိမ်စွန်အာကာ၊ မြင်းတာရာတို့၊ ယှဉ်လာတူကွ၊ မွန်းတည့်ကြသည့်၊ သိဟ်ရာသီ၌လသည်၊ အနောက်တိုင်းသားတို့၏ ဩဂုတ်လနှင့် တိုက်ဆိုင်ကြုံကြိုက်နေသည်။

ထိုလ၏ လပြည့်ညသန်းခေါင်ယံတွင် ဦးခေါင်းထိပ်ထက် မျှော်ကြည့်မည်ဆိုပါက သရဝဏ်နှင့် လကို တောင်မြောက်ယှဉ်လျက် ထွန်းလင်းနေသည်ကို တွေ့နိုင်သည်။

## စက်တင်ဘာလ(တော်သလင်းလ)

"တော်သလင်းဆီ၊ ကန်ရာသီ၊ ထွန်းပြိုဘဒြ။ ယင်းမာလှိုင်မြ၊ နိုင်လုံးတွဲ၊ လေပွဲသဘင်ပ။" (ကင်းဝန်မင်းကြီး)

သစ်ဆင်းလဟု ရှေးကခေါ်ဝေါ်ကြသော ကန်ရာသီ တော်သလင်းလသည် စက်တင်ဘာလနှင့် တိုက်ဆိုင်ကြုံကြိုက်နေပေသည်။

စန်းလသော်တာ၊ ပြုဗ္ဗာဘဒြပိုဒ်၊ ယှဉ်နိုက်ခါမီ၊ ကန်ရာသီ၌ ငွေလစန္ဒာသည် လပြည့်ည သန်းခေါင်ယံတွင် ဖိုင်းတာရာ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်တို့နှင့် တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းသောကြောင့် စာဆိုတော် ဦးယာက -

"လနတ်သားနှင့်၊ မြူမှောင်ကင်းစွာ၊ တာရာရွှေဖိုင်း၊ မရိုင်းနောက်က၊ အလျှံပြ၍၊ တောက်ပထွန်းဝါ၊ နေစကြာနှင့်၊ ဥတ္တရာမို၊ ဖက္ကုနီဟု၊ ယှဉ်မိုနက္ခတ်၊ လှည့်ပတ်အတူ"ဟူ၍ စာပန်းချီသီကုံးခဲ့ပါသည်။

## အောက်တိုဘာလ(သီတင်းကျွတ်လ)

"သီကင်းကျွတ်ပြီ၊ တူရာသီ၊ အသဝနီ ရှိန်ဝါရွှန်း။ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း။" (ကင်းဝန်မင်းကြီး)

သံတူလဟု ရှေးအခါသမယခေါ်ခဲ့ကြသော တူရာသီ သီတင်းကျွတ်လသည် အောက်တိုဘာလနှင့် ညီညွတ်တိုက်ဆိုင်လျက်ရှိပေသည်။ ထိုလ၌ လဝန်းစန္ဒာသည် လပြည့်ည သန်းခေါင်ယံတွင် အသဝနီနက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းလျက်ရှိသောကြောင့်···

"အသဝနီ၊ ရောင်လျှံချီ၍၊ ပြည့်ညီထွန်းဝါ၊ ပြိုးပြက်စန္ဒာနှင့်၊ တူသာတကွ၊ ကာကတာရာ၊ နေ့မှာစိတြ၊ နေနှင့်မျှ၍" ဟူ၍ ဦးယာက ရာသီစာသီကာကုံးခဲ့သည်။

## နိုဝင်ဘာလ(တန်ဆောင်မုန်းလ)

"တန်ဆောင်မုန်း။ ပြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လိုဖြိုး။ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်မိုပိုသည့်စိုး။" (ကင်းဝန်မင်းကြီး)



www.burmeseclassic.com

www.burmeseclassic.com

ရာသီပြိဗ္ဗာ တန်ခဆောင်မာသ အခါသမယသည် နိဝင်ဘာလနှင့် တိုက်ဆိုင်ညီညွတ်လျက်ရှိပါသည်။ ထိုလအခါသမယ၌ ကြတ္တိကာနက္ခတ်သည် လပြည့်ညသန်းခေါင်ယံတွင် ငွေလစန္ဒာနှင့် ယှဉ်ပြိုင်ထွန်းလင်း စန်းယှဉ်ကာ ကျီးတာရာ ထွန်းပသောကြောင့်…

"သရဒပြိဗ္ဗာ ဟေမာန်ဦး၊ ယုန်ရဟာတ်နှင့် ဘုံကြတ္တိ ငယ်၊ ကျီးရွှေအာနီတည့်မွန်းစံချက်ထူး" ဟူ၍ အမည်မသိ စာဆိုက ဖွဲ့ဆိုညွှန်းခဲ့သည်။

## နိဝင်ဘာလ(နတ်တော်လ)

"ရှစ်ခွင်ကို မြူဆင်းလို့၊ ငွေနှင်းတဲ့နုစို။ ဂမုန်း,သဇင်တို့ စုံခွင်မှာလေချိုညင်းက၊ သုတ်သွင်းဘယ်ညာနှံ့ သင်းပျံ့ပျံ့ခို။ ယုဂန္ဓိုရ်တောင်ထိပ်ဖျား။ ရွှေလစန္ဒီနှင့်၊ မိဂသီရောင်ညိုဖြန်းတယ်၊ မြန်းတူကြွသွား။ ရွှေသော်တာစန္ဒာနှင့် ဖုသျှတဲ့လမ်းဆုံ။ တိမ်လွှာမှာ ရောင်ဝါကျင်းလို့ နတ်မင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ။ ဘရဂုဏ်၊ ပြိုင်စုံမြန်နန်း။ နစိမ်းစိုစိုနှင့်၊ ငန်းခွာညိုငုံတဲ့ထူးတယ်၊ ဖူးပွင့်ချက်ဆန်း။" (ဖိုးသူတော်ဦးမင်း)

ကမ္ဘာသုံး နိဝင်ဘာလသည် မြန်မာသုံး နတ်တော်လနှင့် ကြုံကြိုက်တိုက်ဆိုင်နေသည်။ ဤလ၌ ကြယ်တစ်လုံးအဖြစ် အကျုံးဝင်နေသော နေမင်းသည် ဓနုရာသီတွင် ပါဝင်သော ပြုဗ္ဗာသာဠ်နက္ခတ်တစ်ပိုက်တွင် တည်ရှိပြီး မိဂသီနက္ခတ်နှင့် စန်းယှဉ်၍ ဟသ်ာတာရာ ထွန်းလင်းသဖြင့်‥

"ရာသီမှာဓနု ပြုဗ္ဗာသာဠ်မိဂသီ၊ နေ့နာရီ ညကိုလည်းမှ ရွှေဟသ်ာ တာရာပြုနှင့်"ဟူ၍တစ်မျိုး -

"ဓနုရာသီ၊ ထက်တိမ်ဆီမှာ၊ မိဂသီရွှေကြယ်ကြီးက၊ ညီးရောင်ပစုံ"ဟူ၍တစ်လီ -

"ဆောင်းဟေမန်ခါအလုမှာ၊ မြတ်ဓနုရာသီ၊ နတ်တော်လ သိင်္ဂီဝယ်၊ ဓောတြိညဥ့်နာရီမှာ၊ မိဂသီ မိုးလယ်ကမြူး" ဟူ၍တစ်ထွေ -

"သိင်္ဂီရွှေစင်၊ ဖန်စက်ရှင်လည်း၊ နေ့လျှင်တစ်ဖန်၊ ပြုဗ္ဗာသာဠ်နှင့်၊ လျှင်မြန်ယှွန်းလှည့်၊ မွန်းတည့်ရကား"ဟူ၍တစ်နည်း -

"မိဂသီယုန်ငွေဝန်းငယ်တို့၊ မယှွန်းစမှယ်ပသည်နှင့်၊ ရွှန်းလှသရေ"ဟူ၍တစ်ဖုံ ရှေးသူဟောင်းတို့ စာပန်းချီရေးသီခဲ့ကြပါသည်။

## ဇန်နဝါရီလ(ပြာသိုလ)

"ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်။ ခွာညိုနွှယ်ရင်း ဝတ်မှုန်ကင်း မြိုင်ခင်းသာတင်တော်" (ကင်းဝန်မင်းကြီး)

ခွာညိုညင်း၍ ငွေနှင်းစိုသည့် ပြာသိုမာသ မကာရ၌ ငုက်ချေးခံ အသွင်သဏ္ဌာန်ရှိသော ဖုသျှနက္ခတ်နှင့် စန်းယှဉ်၍ ပုစွန်တာရာ ထွန်းပသဖြင့်…

"ပြာသိုလတွင်၊ ဖုသျှရောင်လျှံ၊ ငုက်ချေးခံနှင့်၊ ဝန်းရံယှက်သန်း၊ စန်းကြိုဟ်နန်းတို့ မြန်းကြွတစ်သွန်၊ ပုစွန်တာရာ၊ ယှဉ်လာထွန်းဝင်း"ဟူ၍တစ်မျိုး -

"လပြာသို မကာရမှာ၊ ကြယ်ဖုသျှယှဉ်ကာ၊ ဒွါဝီသ ပါဒ်နှစ်ဖြာဝယ်၊ ရိပ်ဆာယာခြောက်ဖဝါး"ဟူ၍ တစ်ခန်းစာပေမှတ်တမ်းပြုခဲ့ကြသည်။

ပြာသိုလပြည့်နေ့ည သန်းခေါင်ယံတွင် လသည် ဖုသျှနက္ခတ်နှင့်ယှဉ်၍ တောက်ပမွန်းတည့်သောကြောင့် ဤလကို ဖုသျှမွန်းတည့်နက္ခတ်အမည်တပ်၍ ခေါ်စမှတ်ပြုကြရုံမျှမက-

"နှင်းနှင့်မြူငွေ၊ ပြိုင်ရွှေဖုသျှ၊ မကာရဟု၊ ဆောင်းလရာသီ၊ အညီပေါ်မြန်း၊ ကြိုင်ပျံ့မွှန်းသည်၊ နွယ်ပန်းပွင့်လို၊ လပြာသိုကား"ဟူ၍ စာပန်းချီဖွဲ့ခဲ့ကြသည်။

ဆီးနှင်းမြူတိမ်၊ သုရိမ်မီးခိုး ညစ်မျိုးငါးဝ၊ ကင်းစင်ပသော၊ ရာသီဆောင်းလ၊ ပြာသိုလကား၊ ဇန်နဝါရီလနှင့် တိုက်ဆိုင်ကြုံကြိုက်နေသည်။ ထိုလအခါသမယ၌ နက္ခတ်ကြည့်ရန် အကောင်းဆုံးအချိန် ဖြစ်ပါသည်။

## ဖေဖော်ဝါရီလ(တပို့တွဲလ)

"ထိန်ထိန်လင်း၊ ချိန်စင်းတဲ့တာရာ၊ တပို့တွဲ ပေါက်လဲငုံစီလို့ ကုံရာသီ ကြယ်မာဃထွန်းပချိန်ခါ" (အမည်မသိစာဆို)

တပို့တွဲယ်ဟု ရှေးကခေါ်ဝေါ်ကြသော တပို့တွဲလသည် ဖေဖော်ဝါရီလနှင့် တိုက်ဆိုင်ညီညွတ်နေသည်။ နေရောက်ရာ ရာသီစွဲဖြင့် ကုံရာသီဟု အမည်တွင်သည်။ လပြည့်ည သန်းခေါင်ယံတွင် "လ"သည် မာဃနက္ခတ်နှင့် တောင်မြောက်ယှဉ်ပြိုင် ထွန်းလင်းစန်းယှဉ် မွန်းတည့်၍ ပုစွန်တာရာ ကွယ်ပလျက် ချိန်တာရာ ထွန်းပသဖြင့် စာဆိုတော်ဦးသာဓ

"မာဃခေါ်မြ တပို့တွဲတွင်၊ မိုးထဲတောက်ပ၊ ကြယ်



www.burmeseclassic.com

www.burmeseclassic.com

မာယနှင့်၊ ငွေလယုန်နန်း လှည့်ကြွမြန်းသော်၊ ယှဉ်သန်းထွန်းလာ၊ ချိန်တာရာတို့"ဟူ၍ စာပန်းချီဖွဲ့သီခဲ့ကြသည်။

တပို့တွဲလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၄ ရက်ထိ ကြားကာလ ရှစ်ရက်မှာ မာယနက္ခတ်မှ ဖဂ္ဂုဏီနက္ခတ်သို့ အကူး လွန်စွာမှ ချမ်းအေးလှသောကြောင့် အန္တရဋ္ဌက (အချမ်းဆုံးကြား ၈ ရက်)ဟု ပညာရှင်တို့ မိန့်ဆိုခဲ့ကြသည်။

"ပြာသို တပို့တွဲ၊ စိုရွဲငွေနှင်း၊ သုတ်လေညင်းနှင့်၊ ယင်းနှစ်လကြား၊ တစ်ပါးထိုမြို့၊ တပို့တစ်ပေါင်း၊ ရှေးနှောင်း အညီ၊ လေးရက်စီမှတ်၊ အန္တရဋ္ဌဟု၊ ပညတ်မာန၊ ကြားရှစ်ညဉ့်၊ တောက်ပလင်းယှန်၊ တက်အရုဏ်ဝယ်၊ ခိုက်တုန်လွန်ကဲ၊ အေးစမြဲတည်"ဟူ၍ မန်လည်ဆရာတော်က မဃဒေဝ လင်္ကာရေးခဲ့ပါသည်။

## မတ်လ(တပေါင်းလ)

"တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်ဖဂ္ဂုန။ သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။" (ကင်းဝန်မင်းကြီး)

မတ်လသည် တပေါင်းလနှင့် တိုက်ဆိုင်ကြုံကြိုက်နေပါသည်။ မိန်ရာသီဖြစ်သော တပေါင်းလ၌ လပြည့်ည ၁၂ နာရီတွင် လစန္ဒာသည် ဖဂ္ဂုနီနက္ခတ်နှင့် တောင်မြောက်ယှဉ် ပြိုင် ထွန်းလင်းစန်းယှဉ် မွန်းတည့်လျက် ဗျိုင်းတာရာ ထွန်းပ သဖြင့် ရှင်ဥတ္တမကျော်က -

"ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ငွေစင်ရထား၊ ယန္တရားလည်း၊ အသားတူညီ၊ ဖဂ္ဂုနီနှင့်၊ ယှဉ်မှီတွဲကာ၊ ဗျိုင်းတာရာ တို့၊ မြိုင်မှာမြိုင်လျှောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောင့်ပွင့် ချိန်၊ ရာသီသိမ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဗွေဒုနှင့်၊ စွတ်စ ညွှန့်ချီ၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သတ်၊ ရေဖက်ဆွတ်နှင့်၊ ချေ လွှတ်စောစွာ၊ သည်ချိန်ခါကို"ဟူ၍ တောလားလင်္ကာကြီး၌ စပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

## ■ ကင်းဝန်မင်းကြီး၏ ရာသီဆယ့်နှစ်လ သံပေါက်အလှ

**တန်ခူးလဖွဲ့.**

တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း။
ရင်ခတ်ကုံ့ကော်၊ ထုံသင်းကျော်၊ ပွဲတော်အတာညွှန်း။

**ကဆုန်လဖွဲ့.**

ကဆုန်ပြိဿ၊ ကောင်းကင်ဝ၊ ထွန်းပဝိသာခါ။
စကားပွင့်ဆဲ၊ ညောင်ရေပွဲ၊ သွန်းမြဲအချိန်သာ။

**နယုန်လဖွဲ့.**

နယုန်မာသ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။
စံပယ်မြတ်လေး၊ ရန့်မွှေး၊ စာမေးသဘင်ခင်း။

**ဝါဆိုလဖွဲ့.**

ဝါဆိုကရကင့်၊ လပြာသာဒ်၊ တည့်မတ်အာသဠ်။
ပုန်းညက်ငုံကင်း၊ စမ္ပီသင်း၊ ပဥ္စင်းခါတော်မှီ။

**ဝါခေါင်လဖွဲ့.**

ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊ သရဝဏ်ရောင် ခွေးခွေး။ ခတ္တာဖူးလျှံ၊ စာရေးတံ၊ သုံးတန်ဆောင်ဖွေးဖွေး။

**တော်သလင်းလဖွဲ့.**

တော်သလင်းဆီ၊ ကန်ရာသီ၊ ထွန်းပြီဘဒြ။
ယင်းမာလှိုင်မြ၊ ခိုင်လုံးတွဲ၊ လှေပွဲသဘင်ပ။

**သီတင်းကျွတ်လဖွဲ့.**

သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝနီ ရှိန်ဝါရှုန်း။
ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း။

**တန်ဆောင်မုန်းလဖွဲ့.**

တန်ဆောင်မုန်း၊ ဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လျှံပြီ။
ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်သည့်စီး။

**နတ်တော်လဖွဲ့.**

နတ်တော်ခါမှီ၊ ဓနုချီ၊ မိဂသီရောင်တဆန်း။
သဇင်ဖူးယှဉ်၊ ဂမုန်းအင်၊ သဘင်ဆင်တော်ပန်း။

**ပြာသိုလဖွဲ့.**

ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်။
ခွာညိုနွယ်ရင်း၊ ဝတ်မှုန်ကင်း၊ မြင်းခင်းသဘင်တော်။

**တပို့တွဲလဖွဲ့.**

တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။
ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ။

**တပေါင်းလဖွဲ့.**

တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်ဖဂ္ဂုဏ။
သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။

ကိုယောင်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၄ ခုနှစ်၊ ဧပြီလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ညှိုးနွမ်းနေရာ၏။ စီးပွားရေးပြိုင်ဘက်ကို သတိထားပြီး သည်းခံခွင့်လွှတ်ပါ။ စကားနည်း ရန်စဲ၏။ ဘာသာရေး၊ ကုသိုလ်ကောင်းမှုကို များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ ခံစစ်ကိုကောင်းကောင်းလုပ်ထားပါ။ ပြည်ပကုန်သွယ်မှု လုပ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေး ထိုးစစ်မဆင်ပါနှင့်။ ခိုက်ရန်ဖြစ်ပွားတတ်သည်မို့ စိတ်ရှည်ရှည်ထားပါ။ သဘောထားကြီးနိုင်ပါလျှင်၊ ခွင့်လွှတ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ချစ်ရေး ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် သယ်စာကို လျှော့စားပါ။ တတ်နိုင်လျှင် ရှောင်ပါ။ ပြည်ပကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ဖောက်ကားမှု လုပ်လျှင် ချေးငှားပေးအပ်သည်နှင့် ချက်ချင်းငွေချေပါ။ အကြွေးနှင့်၊ အချစ်ရေးတွင် သုံးပွင့်ဆိုင်တတ်၏။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံမကောင်းသေးပါ။ စီးပွားရေး တိုးချဲ့လုပ်ကိုင်ဖို့ ခဏခေတ္တ ရပ်နားထားသင့်၏။ ခေါင်းအေးအေးထားပြီး မိမိမူရင်း (မူလ)ရှိရင်းစွဲ စီးပွားရေးလုပ်ငန်းကို ကောင်းစွာထိန်းသိမ်းထားပါ။

### ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေး အိမ်ထောင်ရေးတွင် သုံးပွင့်ဆိုင်ပြဿနာကြုံတွေ့တတ်၏။ အထူးသတိနှင့် ဆင်ခြင်ပါလေ။ ကံညံ့နေ၍ ဖဲကစား၊ လောင်းကစားမှု လုံးဝရှောင်ကြဉ်ရပါမည်။ သို့မဟုတ်ပါက ပျက်စီးဆုံးရှုံးလိမ့်မည်။ အချစ်ရေးတွင် တစ်ယောက်တည်း ကြိတ်မှိတ်၍ မခံပါနှင့်၊ အိမ်သား မိတ်ဆွေ ညီကိုမောင်နှမအား ဖွင့်ဟကာ အကူအညီတောင်းခံပါ။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ထိုးကျနေရာ၏။ လူငယ်လူရွယ် အလုပ်ရှာ



www.burmeseclassic.com

www.burmeseclassic.com

ထွက်လျှင် အလုပ်ကောင်းရရှိနိုင်သည်။ အိမ်ရာပြောင်းရွှေ့နိုင်၏။ နေမကောင်းလျှင် အမြန်ဆေးဝါးကုသမှု ခံယူပါ။ ရောဂါကို မွေးမထားသင့်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

ရင်းနှီးမြှုပ်နှံမှု လောင်းကစားမှု ကြပ်ကြပ်ရှောင်ပါလေ။ အရှုံးပေါ်တတ်၏။ စီးပွားရေးတွင် အကူအညီတောင်းခံပါ။ တစ်ယောက်တည်း ဆုံးဖြတ်လုပ်ကိုင်ခြင်းကို ရှောင်ပါ။ အချစ်ရေး အိမ်ထောင်ရေး ပြဿနာတက်တတ်၏။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် တက်နေလေသည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်လိမ့်မည်။ ပြည်ပကုန်သွယ်မှု လုပ်ပါ။ အကျိုးဖြစ်ထွန်းမှု ရှိမည်။ အခွင့်ကောင်းကို လက်မလွှတ်စေပါနှင့်။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရာတွင် တစ်ယူသန် တဇောက်ကန်း၊ တဇွတ်ထိုး၊ မဆင်မခြင် မလုပ်ကိုင်ရ။ ပျက်စီးဆုံးရှုံးတတ်၏။ အပြန်အလှန် ဝေဖန်သုံးသပ်ပါ။ တွေးတောကြံဆပါ။ ရေဘေးသတိထားပါ။ ရေကူးကစားခြင်းကို ရှောင်ပါ။ လှေသင်္ဘောမစီးရ။ ရေကြောင်းခရီးမထွက်ရ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အောင်စိတ်ကို ဆောင်ပါ။ လူမှုရေး ပညာရေး စီးပွားရေး အခက်အခဲ၊ အတားအဆီးတို့ကို ကျော်လွှားနိုင်ပါလိမ့်မည်။ သစ်အရောင်းအဝယ်လုပ်ငန်း၊ သစ်ဖောင်မျှော၊ သစ်ခုတ်လုပ်ငန်း လုပ်နိုင်ပါသည်။ ကိုက်မည်။ အကျိုးရှိ၏။

## ရှောင်ကြဉ်ရန်အချက်များ

အမှုအစပ် အစားအစာများကို ရှောင်ပါ။ ဆေးလိပ်၊ သေရည်၊ အရက် ရှောင်ပါ။ လိပ်ခေါင်းရောဂါရတတ်၏။

ငွေကုန်ကြေးကျ များမည်။ စနစ်တကျ သုံးစွဲပါလေ။ အိမ်ထောင်ဖက်ကောင်း တွေ့လျှင် အမြန်ရွေးချယ်ပါ။ လက်လွှတ်တတ်၏။ သိပ်တွေးမနေသင့်။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ အထူးထွန်းလင်း တောက်ပ၊ စန်းပွင့်နေ၏။ စီးပွားရေးလုပ်ငန်းတွင် သူတော်ကောင်း၊ မိတ်ဆွေကောင်းများ မစကူညီမည့်သူများ ပေါ်ပေါက်လိမ့်မည်။ လုပ်ငန်းအကြံအစည် တိုးတက်အောင်မြင်လိမ့်မည်။ ချစ်သူဝိုင်းဝိုင်းလည်မည်။ ဖူးစာရှင်တွေ့မည်။ အိမ်ထောင်ကျကိန်းရှိ၏။ ငွေရတ[illegible] စုဆောင်းထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

နောင်အခါ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ ငွေကြေး စနစ်တကျသုံးစွဲပါလေ။ အရ[illegible] မဖြုန်းသင့်ပါ။ လက်ထပ်ရန် အခွင့်ကောင်းကို လက်မလွှတ်ပါစေနှင့်။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ ကံကုသိုလ် မဆိုးလှပါ။ စီးပွား[illegible] လုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ [illegible] နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အိမ်ထောင်[illegible] သာယာစိုပြည်မည်။ စိုက်ပျိုးရေးလုပ်ပါ။ အကျိုးပေးမည်။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်[illegible] သေးပါ။ ခဏစောင့်ပါဦး။ ရေကြောင်းခရီးကို ရှောင်[illegible] စီးပွားရေးပြိုင်ဘက်ကို သတိထားပါ။ အလုပ်နှင့်အိမ်[illegible] ပြောင်းရွှေ့ခြင်း မပြုသင့်သေးပါ။ လှေသင်္ဘော မစီးရ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပြန်လည်ထိုးကျနေပြီ[illegible] ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်လိုပါက လလယ်[illegible] စနိုင်ပါသည်။ စက်မှုလုပ်ငန်းနှင့် အကျိုးပေးမည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

နှင့်၊ စေ့စပ်သေချာစွာ လုပ်ပါ။ အမှားအယွင်းဖြစ်တတ်၏။ ဆင်ခြင်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

ငွေကြေးကုန်ကျမှု များမည်။ ငွေကြေးကို စနစ်တကျ ကိုင်တွယ်ပါ။ စာရင်းအင်းကောင်းစွာ ထားပေးပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ အစာအဆိပ်သင့်တတ်သဖြင့် အထူးသတိနှင့် ဆင်ခြင်ပါ။ အချစ်သုံးပွင့်ဆိုင်ကိန်း ကြုံတတ်၏။ လက်လွှတ်ဆုံးရှုံးတတ်၍ ကောင်းရာတခုဦးဦးကို အမြန်ရွေးချယ်ပါ။ လက်လွှတ်မခံပါနှင့်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လုံ့လစိုက်ပြီး စီးပွားရှာပါ။ လုပ်သလောက် အကျိုးခံစားရမည်။ လခစားဝန်ထမ်း အလုပ်ကြိုးစားလုပ်ပါ။ မကြာမီ ရာထူးတိုးဖွယ်ရှိ၏။ အထက်လူကြီး ကျေနပ်အောင် အလုပ်လုပ်ပြပါ။ နောက်လတွင် ထူးခြားမှုရှိမည်။ အလုပ်ပြောင်းရွှေ့ဖွယ်ရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

ငွေမည်း လုံးဝလက်မခံရ။ အမှုဖြစ်တတ်၏။ မနာလိုသူပေါ်မည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ လူချစ်လူခင်အောင် နေပါ။ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေမည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း လုပ်လျှင် လောဘမကြီးရ။ အောက်ခြေမှ စတင်လုပ်ပါ။ တစ်ဆင့်ပြီးတစ်ဆင့် တက်ပါ။ တိုးတက်အောင်မြင်မှု ရှိလာမည်။ ငွေဝင်ကိန်းရှိသည်။ ငွေရ တုန်း စုဆောင်းထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ငွေဝင်ငွေထွက် များမည်။ ငွေကြေး စနစ်တကျ သုံးစွဲပါ။ ကောင်းစွာစုဆောင်း ထိန်းသိမ်းထားပါ။ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေမည်။ ပြောဆိုဆက်ဆံမှုဆင်ခြင်ပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေးလုပ်ပါ။ အကျိုးထူးခြားမှုရှိမည်။ လခစားဝန်ထမ်းအလုပ် ပြောင်းရွှေ့မှုရှိသည်။ အပြန်အလှန် စဉ်းစားသုံးသပ်ပါ။ လောဘကြီးသင့်မှားတတ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေးတွင်သော်လည်းကောင်း၊ အိမ်ထောင်ရေးတွင်သော်လည်းကောင်း သည်းခံစိတ်ရှည်၊ ခွင့်လွှတ်ပါ။ သဘောကွဲလွဲတတ်သည်။ အချစ်ရေး အိမ်ထောင်ရေးကိစ္စတွင် ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို ရှောင်ပါလေ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းတွင် အနည်းငယ် အနှောင့်အယှက်ရှိပါသော်ငြားလည်း ဇွဲရှိရှိ၊ သတ္တိရှိရှိ ကြိုးစားလုပ်လျှင် အခက်အခဲ၊ အဟန့်အတားဟူသမျှ ထိုးဖောက်ကျော်လွှားနိုင်ပါလိမ့်မည်။ ငွေရေး၊ ကြေးရေး၊ အချစ်ရေး အထူးသတိနှင့် ဆင်ခြင်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင် အမျိုးသားအဖို့ အချစ်သစ် တွေ့တတ်၏။ သားမယားကို ငဲ့ညှာပြီး အချစ်သစ်ကို တတ်နိုင်သလောက် ရှောင်ရှားနိုင်ပါစေ။ ငွေရေးကြေးရေးကိစ္စ ရှုပ်ထွေးမှု၊ ပြဿနာတက်တတ်၏။ စနစ်တကျ ကိုင်တွယ်ပါလေ။ ကျန်းမာရေးအတွက် နားနားနေနေ လုပ်ပေးပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ငွေထုတ်ချေးမှု မပြုရ။ အလိမ်ခံရတတ်၏။

**ကေတီ–အောင်သိန်း (ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ (၂၀၁၄ ခုနှစ်) စင်ကာပူနိုင်ငံ။



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## လိပ်ဖြစ်ပြီး ပြာကျသွားမလား

ရွှေဘိုဈေးဘက်သို့သွားသည့် လှတောသားတစ်စုသည် ဈေးအတွင်း၌ သူခိုးတစ်ဦးကို ဖမ်းမိသည်နှင့် ပက်ပင်းတိုးလေ၏။

"ဒီတစ်ခါတော့ လက်ပူးလက်ကြပ်မိတာပဲ၊ ပြေးမယ်မကြံနဲ့"

ဈေးသည်တစ်ယောက်က သူခိုးမ၏လက်ကို ဆောင့်ဆွဲပြီး ချာခနဲ လှည့်အလာ လက်ဆွဲခြင်းထဲ နှိုက်လေ၏။

ဤ၌ ကိုယ်တွေ့မျက်မြင် လှတောသူက ဘာသာပြန်ပြပုံမှာ . . .

"သူခိုးမက တောင်းပန်လိုက်တာများ ပွဲထဲမှာ ငိုချင်းချတဲ့အတိုင်းပဲ။ အစ်မရဲ့ . . . ကျွန်မ ဒီလိုအစားထဲက မဟုတ်ပါဘူး၊ မိုးကြိုးပစ်ရစေရဲ့၊ မြွေပွေးကြီးထွန်တုံးလောက် ကိုက်ရစေရဲ့။ မြွေဟောက်ပနီ၊ ငန်းပုပ်၊ ငန်းဝါ၊ မြွေမျိုးစုံ ကိုက်ရစေရဲ့။ ကျိန်လိုက်တာများ ဟာလိုလေး . . . ကျိန်စာဒီပနီတစ်အုပ် ကောင်းကောင်းထုတ်လို့ ရလောက်ရဲ့"

ထို့အပြင် မိန်းမပျို၏ လက်ဆွဲခြင်းထဲ မည်သည့်ပစ္စည်းမှ ရှာမတွေ့သော်လည်း အင်္ကျီထဲ၊ ထဘီထဲက ပစ္စည်းတွေ ထွက်လာပုံနှင့် ပတ်သက်၍ . . .

"အင်္ကျီထဲက လုံချည်တစ်ထည်၊ ချိုင်းကြားထဲက ခေါက်ဆွဲထုပ်၊ ခါးကြားထဲက ဖယောင်းတိုင်ထုပ်၊ ဟင်းခတ်မှုန့်ထုပ်၊ ဒူးခေါက်ခွက်နားမှာ သားရေကွင်းနဲ့ ချည်ထားတဲ့ အင်္ကျီစ၊ တစ်ခုပြီးတစ်ခု ထွက်လာလိုက်တာများ အလိုလေး မျက်လှည့်ဆရာ ပဏ္ဍာဝ မိန်းမလိုဝတ်ပြီး မျက်လှည့်ပြနေသလား မှတ်ရ"

ဤတွင် ရေငုံနှုတ်ပိတ်ဖြစ်နေသော လှတောသူတစ်ဦးက နောက်ဆုံးပိတ် နှမ်းဖြူးလိုက်သည်။

"ဈေးသည်မက ဆဲလိုက်ဆိုလိုက်တာ မကောင်းတာမှန်သမျှ ရစရာမရှိ တော့ဘူး။ သူခိုးမလေးကလည်း တစ်ခွန်းဆဲလိုက် ခေါင်းတစ်ချက် ပုသွားလိုက်နဲ့ နောက်ဆုံး လူစင်စစ်က လိပ်ဖြစ်ပြီး ပြာကျသွားသလား အောက်မေ့ရသတော့"

* * *

## နွားသိုးကြီးလား မှတ်ရတယ်

မြို့အုပ်တစ်ယောက်ဟာ ဘဝင်မြင့်သလောက် မောက်မာလှပါတယ်။ သူဟာ ချီပါရွာကနေ လှည်းဆင်ပြီး ရွာတစ်ရွာ ကူးခဲ့ပါတယ်။

တောလမ်းရောက်လေသော် ဖွတ်ကြီးတစ်ကောင်သည် လှည်းရှေ့မှဖြတ်ပြေးပြီး တောင်ပို့ထိပ်ရောက်သော် ခေါင်းထောင်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဖွတ်ကို မမြင်ဖူးသည့် မြို့ အုပ်မင်းလည်း အအားအံ့ဩရာက နောက်က တောလိုက်စာရေးကို မေးလေ၏။

"တွင်းအောင်းသတ္တဝါတွေဟာ အတော့်ကို ကျောရိုးရှည်တတ်ကြသလား မောင်မင်း"

တောလိုက်စာရေးမဖြေခင် လှည်းသမားက ဝင်ဖြေသည်။

"ဟလိုလေး . . . မြို့အုပ်မင်းရယ်။ တွင်းအောင်းသတ္တဝါတိုင်းသာ ကျောရိုးရှည်ရရင် ပုစွန်လုံးကျောရိုးကို မီးရထားလမ်းခင်းရုံ ရှိတော့တာပ"

မဆီမဆိုင် ဝင်ပြောရပ့်ါမလားဟူ၍ မြို့အုပ်မင်း မျက်နှာကြီး နီရဲသွားလေ၏။ ထို့နောက် . . .

"ကျွန်ုပ်စကားကို ပြက်ရယ်ပြုတဲ့အတွက် ပဟာဒီ ထို ဒဏ်ပေးတယ်"

ဆိုကာ လှည်းသမားကို ပိတ်ကန်ထည့်လိုက်၏။

လှည်းသမားလည်း လှည်းစည်းကုံးပေါ်သို့ ကားရားကြီး ရောက်သွားလေ၏။ ထိုအခြေအနေမှာပင် လှည်းသမားသည် ဝသီကို မဖျောက်နိုင်ဘဲ . . .

"ဟလိုလေး . . . ကန်ချက်နှယ် ပြင်းပါဘိ၊ ဘကြီးအိမ်က နွားသိုးကြီး ကန်လိုက်သလား မှတ်ရ"

တောလိုက်စာရေးနှင့် ပြာတာတို့မှာ ပါးစပ်ကို အတ်အုပ်ပြီး တခွီးခွီးနှင့် ရယ်မဆုံးနိုင်ကြတော့။

* * *

## ခွေးငတ်ကြီးလိုပါပဲလား

"တူးတီးဝမ်းကော်၊ ဝမ်းတီးချိုပေါ့၊ နံထောတစ်အေးမယ်"

ဗြိုဟ်တုဆက်သွယ်ရေး လျှို့ဝှက်သင်္ကေတ စကားတွေ မဟုတ်။ လက်ဖက်ရည်ဆိုင်သုံး ဝေါဟာရများပင် ဖြစ်၏။

ထိုသို့ ဝမ်းတွေ၊ တူးတွေ၊ တီးရှယ် ဆိုသည့် အသံတွေ ညံနေသည့် လက်ဖက်ရည်ဆိုင်ထဲသို့ နာမည်ကျော် လူတောသားသုံးယောက် ပါဝါရိန်းဂျား ဒီဇိုင်းများနှင့် ဝင်လာကြ၏။

ထို့နောက် လက်ဖက်ရည်နှင့် နံပြားမှာပြီး စားပွဲဝိုင်းတစ်ဝိုင်းကို ဝင်ထိုင်လိုက်ကြ၏။ အလှည့်ကျဖို့ ထိုင်စောင့်နေရင်း နံပြားဖိုဘက် မျက်စိရောက်သွားကြလေ၏။

ဤ၌ ဝေဖန်ရေးသံများ ထွက်လာကြ၏။

"နံပြားနှယ် သနားစရာကောင်းလိုက်လေ။ ဂျုံလုံးဘဝ လက်ဖနောင့်နဲ့လည်း အထုခံရသေး၊ လက်ဝါးနှစ်ဖက်နဲ့လည်း နာရင်းပိတ် အရိုက်ခံရသေး၊ ဘယ်ပြန်ညာပြန် အလှန်ခံရတဲ့အပြင် မီးဖိုပေါ်ကင်ထားတာ ပြုတ်မကျအောင် နံရံကိုတွယ်ကပ်ထားရသဟ။ ဟလိုလေး . . . ကြီးလိုက်တဲ့ ဒုက္ခ"

နံပြားရသဖြင့် လက်ဖက်ရည်နှင့် တို့သောက်သည်တွင် ဂျုံကြမ်းမို့ ဖျင်းတွဲတွဲကြီး ဖြစ်နေသည့် နံပြားက ကိုက်မရ။ နှစ်ယောက်လက်နဲ့ အားကုန်ဖြဲစားကြသော်လည်း တစ်ယောက်က အလိပ်လိုက် ကိုက်ဆွဲနေတာကို ကြည့်ရင်း . . .

"ဟလိုလေး . . . ငါ့ကောင်ရယ်။ နံပြားကို ဆွဲနေပုံက ရေနှူးနေတဲ့ ရှူးဖိနပ် ခွေးနက်ကြီး ကိုက်ဖဲ့နေပုံနဲ့ တစ်ထေရာတည်း"

* * *

## မီးပုံထဲ အမဲခြောက်ကျသွားသလို

လူတောသားတစ်အုပ် ဇာတ်ပွဲသွားကြည့်ကြသည်။

နှစ်ပါးသွားထွက်စဉ် မိတ်ကပ်များသွားသည့် မင်းသားမှာ မျက်ခွံအပြာရောင်၊ မျက်ရစ်ဆေးတွေလည်း အပြည့်နှင့် နေကာမျက်မှန် တပ်ထားသလို ဖြစ်နေလေ၏။

ဤတွင် လူတောသားပါးစပ်နှင့် တွေ့ရတော့၏။

"မင်းသားမျက်လုံး ဘယ်သူ လက်သီးနဲ့ ထိုးသွားပါလိမ့်။ မျက်ခွံတွေ ညိုလို့မည်းလို့"

ထိုအခါ ကြားရသူများ ရယ်ကုန်၏။ ရယ်သံမဆုံးသေး မင်းသားက . . .

"ဒစ္စကို နှစ်ပါးသွားကလေး ကလိုက်ကြစို့ နှမရယ်"

ဟုဆိုကာ မင်းသမီးနှင့် ဒိုးဒိုးဒန့်ဒန့် ကပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုးထိုးထွန့်ထွန့် လိမ်တွန့်ကသည့် ကကြိုးအဆုံးတွင် လုတောသားပါးစပ်မှ အမြောက်သံ ထွက်လာလေတော့၏။

"ဟလိုလေးကွယ် . . . ဒစ္စကိုအကတဲ့၊ လက်စသတ်တော့ မီးပုံထဲ အမဲခြောက်ကျသွားလို့ တွန့်လိမ်နေတာမျိုး ပါလားဟဲ့ . . ကျွတ် . . ကျွတ် . . ကျွတ် . . ဖြစ်မှဖြစ်ရလေခြင်းကွယ်"

* * *

## ဒီလောက်တောင် မွဲရသလား

လုတောရွာတစ်ဝိုက် ခါးပြတွေ သောင်းကျန်းနေတဲ့ အချိန်ဖြစ်၏။

တစ်နေ့ လုတောသားတစ်ယောက် တခြားရွာ ညအိပ်သွားရာမှ ပြန်အလာ လုတောသားများက သတင်းဝိုင်းမေးလေ၏။

"ဟိုဘက်တွေ အခြေအနေကော ဘယ့်နှယ်လဲ"

"တို့ထက်ဆိုးတာပေါ့ကွ။ ညဆို အိမ်မှာမနေရဲဘူး။ အထုပ်အပိုးပြင်ပြီး လွတ်ရာသွားပုန်းနေကြရတာ။ ဒါတောင် ညက ငါတည်းတဲ့ အိမ်ဘေးကို ခါးပြဝင်တိုက်သေးတယ်"

"ဟ . . . မင်းကော မပုန်းဘူးလား"

"ငါ ပုဆိုးတစ်ထည် ကိုယ်တစ်ခုနဲ့ သွားတာ။ ခါးပြကတောင် ပြန်အမ်းသွားရဦးမယ်။ ငါက အိမ်စောင့်သဘော ကျန်ခဲ့ပြီး ခါးပြတွေလာတော့ ပဲပုတ်အောက်ဝင်ပုန်းနေတာပေါ့။ အဲ . . . ဟိုဘက်အိမ်ကလည်း ဆင်းရဲတဲ့လူတွေဆိုတော့ သူတို့ကို ခါးပြတိုက်မှာ မဟုတ်ဘူးဆိုပြီး မပုန်းမရှောင်ဘဲ နေကြရာက ခါးပြတွေ မိသွားတာပဲ"

"သည်းထိတ်ရင်ဖိုခန်းတော့ ရောက်လာပြီ"

"အေး . . . ခါးပြတွေက လူတော့မိပါရဲ့။ စေ့စေ့စပ်စပ်ရှာတာတောင် အဝတ်လတ်လတ်ကလေးတစ်စုံ မရဘူး"

"သနားစရာကောင်းအောင် ဆင်းရဲကြရှာသကိုး"

"ဆင်းရဲလိုက်တာမှ ခါးပြတွေ စိတ်ဆိုးတဲ့အထိပါပဲ။ နင်တို့ ဘယ်သူ့အားကိုးပြီး ဒီလောက် မွဲရတာလဲ။ ခါးပြတိုက်ရင် ပေးစရာလေးတောင် မရှိအောင် မွဲရသလား။ မွဲဦးဟ . . . မွဲဦးဟဆိုပြီး ဖနောင့်နဲ့ ပေါက်လိုက်တာများ အလိုလေး . . . အဝတ်စုတ်တွေ ခွေးနှဆွဲဆွဲယမ်းနေတဲ့ အတိုင်းဗျ"

* * *

## တကယ့်ကောင်

လုတောသား လူငယ်တစ်စု မိမိအဖွဲ့ထဲမှ မြို့တက်သွားသော သူငယ်ချင်းအကြောင်း တမ်းတမ်းတတ စကားစပ်မိကြလေ၏။

"ဒီကောင် အခု တော်တော်လူလည်ကျနေပြီဆို"

"အေးကွ . . . ဟိုတယ်စားပွဲထိုးဖြစ်ပြီး ထောနေတယ်လို့ ကြားတယ်"

"ဟလိုလေး . . . ဒါဆိုရင်တော့ မော်တော်စက်တပ်လှည်းတဲ့ဂျင်က အဘခေါ်ရတော့မှာပေါ့။ ဟင်း . . . ဟင်း ရွာမှာတုန်းကတော့ တကယ့်နလပိန်းတုံး၊ ချိုချဉ်သကြားလုံးကိုတောင် မျိုးကောင်းလှချေရဲ့ဆိုပြီး မြေပေါ် ချစိုက်တဲ့ကောင်"

* * *

## လူသောက်မယ်ဆိုရင်

တစ်ခါက ပုလိပ်ပေါက်စလေးတစ်ယောက် ပုလိပ်သားကြီးတွေနှင့်ရောပြီး နတ်ကန်ဦးကို ရောက်လာသည်။ ရင်းတို့ကို မျက်နှာလိုမျက်နှာရ ဖားနေသည့် ရွာခံတစ်ယောက်ကို ထန်းတောထဲ ခေါ်သွား၏။

ပုလိပ်သစ်လေးက အာဏာပြချင်ဇောနှင့် ထန်းပင်ပေါ် မော့ကြည့်ရင်း . . .

"ထန်းရည်နှစ်မြူလောက် ရမလား။ ထန်းရည် လိုချင်တယ်ဟေ့"

ထန်းပင်ပေါ်က ထန်းသမားက ငုံ့ကြည့်ပြီး ဘယ်သူတွေမှန်း သိသွားတဲ့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com

"လူသောက်လား၊ ခွေးသောက်လား။ လူသောက်ဆိုရင် နည်းနည်းစောင့်ရဦးမယ်"ဟု ပြောလိုက်လေသတည်း။

* * *

## သွားကြားထိုးတံလောက်တောင်မှ

ထင်းကုန်သည်တစ်ယောက်သည် လက်ဖက်ရည်ဆိုင်ဝတွင် စုပုံထားသည့် ထင်းများကို စောင်းကန်းစောင်းကန်း ကြည့်ရင်း ဆိုင်ထဲဝင်ရောက်လာခဲ့သည်။ ထို့နောက် . . .

"ငါ့ထင်းကိုမဝယ်ဘဲ ဘယ်ကထင်းကို ဝယ်ထားတာလဲကွ"

ဤတွင် ဆိုင်ရှင်ဖြစ်သူ လူရွယ်က –

"ခင်ဗျားရောင်းတဲ့ထင်းကို သုံးမယ့်အစား ကောက်နိုးကို ခွဲခြမ်းလုပ်ပြီး သုံးတာမှ တော်ဦးမယ်"

"ဟာကွာ . . . မင်းက မတရားပြောပြီ။ ငါ့ထင်းတွေက မီးရထားဘက်ကို ဇလီဖားတုံးအဖြစ် သွင်းဖို့ထားတာကွ။ ခင်မင်တဲ့လူချင်းမို့ ထင်းဆိုက်ရအောင် မင့်ဆိုင်ပို့တာ"

"ဟလိုလေး . . . ဇလီဖားတုံးတဲ့။ ခင်ဗျား ဇလီဖားတုံးတွေက သွားကြားထိုးတံလောက်တောင်မှ မကြီးပါတလားဗျာ"

* * *

## ဖြုတ်လောက်ဝဲ ရှိတာများ

လက်ဖက်ရည်ဆိုင် လူစည်ကားနေတုန်း တစ်ယောက်က စိန်ခေါ်စကား ဆိုလိုက်၏။

"အမယ် . . . မင်းတို့ကသာ ရဟန်းခံပေးနိုင်ရင် ငါက သျှောင်တစ်လုံးအဆုံးခံပြီး သိမ်တက်ပြီးသားပါကွာ"

ထိုသို့ နားငြီးအောင်ပြောနေသူကို ခပ်လှမ်းလှမ်းစားပွဲရှိ လူငယ်တစ်ယောက်က –

"ဟလိုလေးဗျာ . . . ခင်ဗျားက သျှောင်တစ်လုံး၊ သျှောင်တစ်လုံးနဲ့ စပီကာတပ်ပြီး ဟစ်နေတာ။ ဇရာမ ပရိစ္စာဂကြီးကျနေတာပဲ။ ခင်ဗျားသျှောင်ကို ကြည့်လိုက်တော့ဖြင့် နတ်အုန်းသီးပေါ်မှာ နားနေတဲ့ ဖြုတ်လောက်ပဲ ရှိတာကိုများ"

ထိုသို့ လူကြားသူကြား အော်ထည့်လိုက်လေမှ ကိုလေကြွားလည်း ပါးစပ်ပိတ်သွားလေတော့၏။

* * *

## အအေးပတ်မှာတောင် စိုးရတယ်

ရွှေဘိုကားဂိတ်ရှိ ပြောင်းဖူးသည်က ထုံးစံအတိုင်း လွှတ်အော်နေသည်။

"လာကြနော် . . လာကြ၊ ပြောင်းဖူး ပူပူနွေးနွေးလေး။ အရမ်းချိုတာ။ ပလို့ပြောင်း၊ နိုင်လွန်ပြောင်း၊ သကြားပြောင်း"

ဤတွင် လှတောသားက ဆာဆာနှင့် အနားကပ်သွားလေ၏။

ထိုအခါ အဝတ်မည်းကြီးအုပ်ထားသည့် ပြောင်းဖူးတောင်းကို လက်ညှိုးထိုးပြ၏။ ဈေးသည်က တစ်ဖူးယူပေးလိုက်သည်။

"ပူတဲ့အဖူးကို ပေးဗျာ"

ဈေးသည်လည်း နောက်တစ်ဖူးလဲပေး၏။ ဒါလည်း စိတ်တိုင်းမကျ။ ထပ်လဲထပ်လဲနှင့် လေးငါးဖူးအထိ အကြိုက်မတွေ့။

ခြောက်ဖူးမြောက်ရောက်လေသော် ကိုင်ကြည့်အပြီး လှတောသားက ချထားခဲ့ရာက –

"အော်တုန်းကတော့ ပြောင်းဖူးပြုတ် ပူပူနွေးနွေးတဲ့။ ဟလိုလေး . . . ပြောင်းဖူးပြုတ်ရဲ့ ရေခဲစိမ်ထားလား မှတ်ရ။ ခင်ဗျားပြောင်းဖူး ဝယ်စားမိရင် တစ်ကိုယ်လုံး အအေးပတ်သွားမှာတောင် စိုးရတယ်"

သည်တော့ ဈေးသည်က အော်ပြီး ရန်တွေ့သည်။ လှတောသားမှာတော့ တဟဲဟဲ။

● ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com




# ဖြစ်ရပ်မှန် ဘဝဇာတ်ကြောင်း

■ တက္ကသိုလ်သခံ

၁၉၈၄ ခုနှစ်က ဖြစ်သည်။

ထိုအချိန်က ကျွန်တော်သည် ဌာနအဖွဲ့အစည်းကြီး တစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိ၏။ ကျွန်တော်သည် ဝန်ထမ်း ၆၀ ကျော်ကို အုပ်ချုပ်ရသည့် ဌာနခွဲတာဝန်ခံ ဖြစ်သည်။ ကျွန်တော်မည်မျှအလုပ်များသလဲဆိုလျှင် မနက် ၉ နာရီ ရုံးရောက်အောင်သွားရပြီး ည ၉ နာရီမှ အိမ်ပြန်ရ သည်။ တစ်နေ့ကို အလုပ်ချိန် ၁၂ နာရီခန့်ရှိ၏။

ကျွန်တော်တာဝန်ယူရသော ဌာနခွဲသည် အရေးပါ သော ဌာနခွဲတစ်ခုဖြစ်သည်။ လူကြီးများနှင့် တိုက်ရိုက်ဆက် သွယ်ဆောင်ရွက်ရသည့် အခါမျိုးရှိသလို၊ လူကြီးများချပေး သော ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက် ရသည့် အခြေအနေမျိုးလည်း ရှိသည်။ လူကြီးများ၏ မှတ် ချက်အရ နက်ဖြန်အပြီး ယနေ့အပြီး ချက်ချင်းအပြီး စသည် ဖြင့် အလုပ်အရေးကြီးလျှင် ကြီးသလိုလုပ်ရ၏။

ထို့ကြောင့် အမြန်လုပ်ရသဖြင့် အမှားအယွင်း လုံးဝအဖြစ် မခံပါ။ တစ်နည်းဆိုရလျှင် မှား၍မရပါ။ ထိုအချိန်က ကွန်ပျူ တာစနစ် မပေါ်သေးသဖြင့် လက်နှိပ်စက်ကို အားကိုးရသည်။ ကွန်ပျူတာက စာလုံးမှားလျှင်၊ သို့မဟုတ် မကြိုက်လျှင် ပြန်ပြင်ရလွယ်သော်လည်း လက်နှိပ်စက်က ပြင်ရန်ခက်သည်။ စာလုံးတစ်လုံး ဖျက်ရာပါသည်နှင့် အစအဆုံးပြန်၍ ရိုက်ရ သည်။ သို့ဖြစ်၍ စာရိုက်ကျွမ်းကျင်သူများကို ကျွန်တော့်ဌာန ခွဲတွင် တာဝန်ပေးထားသဖြင့် ယင်းအခက်အခဲကို ဖြေရှင်းနိုင် ခဲ့သည်ဟု ဆိုရပေမည်။

ထို့အပြင် ကျွန်တော်သည် အလုပ်မည်မျှ များပါစေ နေ့စဉ်လိုလို ပြုလုပ်သည့်အစည်းအဝေးများကို မဖြစ်မနေ တက်ရ၏။ အစည်းအဝေးတွင် လူကြီးများ၏ ဆွေးနွေးချက် များကို မှတ်သားရ၏။ ယင်းအစည်းအဝေးများအနက် တစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်သည့် အစည်းအဝေးသည် အရေးကြီးဆုံးဖြစ်သည်။ ပုဂ္ဂိုလ်ရေးကိစ္စ၊ အဖွဲ့အစည်းကိစ္စ တို့ကို ဆွေးနွေးဆုံးဖြတ်သည်။ ကျွန်တော်သည် ထိုအစည်း အဝေးသို့ တက်ရောက်ပြီး အသံဖမ်းစက်ဖြင့် မှတ်တမ်းတင် ရ၏။ ပြီးလျှင် စာဖြင့်မှတ်တမ်း(ဆုံးဖြတ်ချက်မှတ်တမ်း)ကို အထက်တာဝန်ရှိသူ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ရ၏။

အရေးကြီးသည့် အလုပ်များကို တာဝန်ယူလုပ်ဆောင် ရသဖြင့် ကျွန်တော်အပါအဝင် ဝန်ထမ်းများအားလုံး သတင်း ဝုက်ချက်များကို မပေါက်ကြားစေရန် ထိန်းသိမ်းလိုက်နာရ၏။



www.burmeseclassic.com

www.burmeseclassic.com

ခန့်ထမ်းအားလုံးကလည်း ယင်းစည်းကမ်းကို လိုက်နာကြသည်။

တစ်ခါတွင် လူကြီးအချို့ ချမှတ်ထားသော စည်းကမ်းကို ဖောက်ဖျက်သည်ဟုဆိုကာ အရေးယူအပြစ်ပေးခံရ၏။ လူကြီးများ၏ ရုံးခန်းများကို ချက်ချင်းပင် ချိပ်ပိတ်ခဲ့သည်။ ထိုသို့ ချိတ်ပိတ်ပြီး တစ်လခန့်အကြာတွင် ယင်းလူကြီးအချို့၏ ရုံးခန်းမှ ချိပ်ကိုခွာ၍ စစ်ဆေးရ၏။ စစ်ဆေးရေးတာဝန်ကို ကျွန်တော့်အား ပေးအပ်သဖြင့် တစ်ခန်းပြီးတစ်ခန်း ဝင်ရောက်စစ်ဆေးရ၏။ စစ်ဆေးရာတွင် ကူဖော်လောင်ဖက်ဟူ၍ မပါဘဲ တစ်ဦးတည်းလုပ်ရ၏။

အခန်းတွင်းရှိ ပစ္စည်းအားလုံး စာရင်းပြုစုရသည်။ သောပင်၊ စာအုပ်မကျန် အားလုံးစာရင်းသွင်းရသည်။ ပြီးလျှင် အခန်းကို ပြန်၍ပိတ်ပြီး ပစ္စည်းစာရင်းကို အထက်လူကြီးထံ တင်ပြရ၏။ တကယ်တမ်း စစ်ဆေးသည့်အခါ အရေးမကြီးသော စာရွက်စာတမ်းအချို့ကိုသာ တွေ့ရသည်။ အချို့အခန်းတွင် ပေပုရပိုက်များကိုပင် တွေ့ရ၏။

တစ်ကြိမ်တွင်မူ ကျွန်တော်သည် အရေးပါသော လူကြီးတစ်ဦး၏ အခန်းကို စစ်ဆေးရသည်။ ၎င်းအခန်းတွင် စာရွက်စာတမ်းဟူ၍ ဘာမျှမတွေ့ရ၊ အခန်းတစ်ခုလုံး ရှင်းနေသည်၊ စားပွဲရှိအံဆွဲများကို တစ်ခုမကျန် ဖွင့်၍ရှာရ၏။ အံဖွယ်တစ်ခုသာ တွေ့ရ၏။

ဤသည်မှာ အခြားမဟုတ်၊ လေယာဉ်စာအိတ်အကြီး အိတ်ခန့်ကို တွေ့ရ၏။ အထဲတွင် စာရွက်များရှိသည်။ စာအိတ်ကိုဖွင့်ဖောက်ထားသဖြင့် ကျွန်တော်သည် စာအိတ်တစ်အိတ်ချင်းရှိ စာရွက်များကို ထုတ်၍ဖတ်ကြည့်သည်။ ...၍နားမလည်ပါ။ မည်သည့်ဘာသာဖြင့် ရေးထားမှန်းလည်း ...ပါ။ ကျွန်တော့်အမြင် အရှုးတစ်ယောက်က တွေ့ကရာ ...ခြစ်ထားသည့် သဘောမျိုးထင်ရ၏။

ယင်းလူကြီး၏ ကိုယ်ရေးအရာရှိကို မေးကြည့်သော ...ခါ သူလည်းမသိကြောင်း၊ မကြာခဏဆိုသလို ၎င်းစာတွေ ...တိုက်မှတစ်ဆင့် ရောက်လာတတ်ကြောင်း၊ စာအိတ်ပေါ် ...တွင် လူကြီးနာမည်ရေးထားသဖြင့် ဖွင့်ဖောက်မကြည့်တော့ ...ဘဲ သည်အတိုင်း လူကြီးထံ တင်ပြခဲ့ကြောင်း သိရ၏။

ယင်းလူကြီး၏ အခန်းထောင့်တစ်နေရာတွင် ထင်းရှူး သေတ္တာကြီးတစ်လုံးကို တွေ့ရ၏။ သော့ခတ်မထားသဖြင့် ဖွင့်ကြည့်ရာ လုံးချင်းစာအုပ်များကို သေတ္တာအပြည့် တွေ့ရ၏။ စာအုပ်များမှာ မြန်မာ၊ အင်္ဂလိပ်မျိုးစုံသည်။ အကိုင်အပြုနည်းသဖြင့် စာအုပ်အားလုံး သစ်လွင်နေသည်။ ကျွန်တော် အခက်တွေ့လေပြီ။ စာအုပ်တစ်အုပ်ချင်းကို စာရင်းပြုစုရ၏။ စာအုပ်ပေါင်း ၅၀၀ ကျော်မည် ထင်သည်။ အားလုံးဆောင်ရွက်ပြီးသည့်အခါတွင် စာရင်းပြုစု၍ အထက်လူကြီးထံ တင်ပြရ၏။ ပြီးလျှင် အခန်းကို ပြန်ပြီးချိပ်ပိတ်ရသည်။

ထိုလူကြီးအခန်းကို စစ်ဆေးပြီး နှစ်ပတ်ခန့်အကြာ ကျွန်တော့်ထံသို့ ထိုလူကြီး၏ ကိုယ်ရေးအရာရှိ ရောက်လာပြီး လူကြီးက စာအုပ်များကို ယူခွင့်ပြုက လိုချင်ကြောင်းပြောသည်။ ကျွန်တော်က အထက်လူကြီးထံတင်ပြပြီးနောက် အကြောင်းပြန်မည်ဟု ပြောလိုက်သည်။

ထို့နောက် အထက်လူကြီးထံ ရုံးစာရေးကြီးတင်ပြရာ **"ခွင့်မပြုကြောင်း"** မှတ်ချက်ပြုသဖြင့် ၎င်းကိုယ်ရေးအရာရှိထံ ဖုန်းဆက်၍ အကြောင်းကြားလိုက်ပါသည်။ ကျွန်တော်သည်လည်း စာအုပ်စာပေမြတ်နိုးသူဖြစ်၍ ကာယကံရှင်၏ ဆန္ဒကို မလိုက်လျောနိုင်သဖြင့် များစွာ စိတ်မကောင်းဖြစ်ရသည်။

ထိုအချိန်က ကျွန်တော်၏ ခံယူချက်မှာ အထက်က ခိုင်းသည့်အလုပ်ကို ခိုင်းသည့်အတိုင်းလုပ်ရန်နှင့် အထက်က ပေးသည့်အမိန့်ကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ ယင်းအလေ့အကျင့်သည် ယနေ့တိုင် ကျွန်တော့်အတွက် သံမဏိစည်းကမ်း ဖြစ်ခဲ့ပါ၏။ ရောက်လေရာနေရာ၊ ကျရာတာဝန်ကို ယင်းခံယူချက်၊ စည်းကမ်းအတိုင်း လုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် အထက်တာဝန်ပေးသူများ၏ ကျေနပ်မှုကို ခံရသော်လည်း အောက်လက်ငယ်သားများ၏ ငြိုငြင်မှုကို အနည်းနှင့်အများ ခံရပါ၏။

**"အစွဲ"ဆိုသည်က တော်ရုံနှင့် စွန့်လွှတ်ရန် ခက်လှသည်ဟု ဆိုကြ၏။ ကျွန်တော့်အတွက် ထိုအဆိုသည် မှန်နေသည်။ ယင်း"အစွဲ"ကို သေမှသာ စွန့်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို သုံးသပ်မိပါ၏။**

ဖော်ပြပါဌာနခွဲတွင် ကျွန်တော် နှစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ရာ စိတ်နှင့် ကျန်းမာရေး ထိခိုက်ခဲ့ရ၏။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးများနှင့်ပြသ၍ ကုသမှုခံယူခဲ့ရ၏။ အလုပ်၏ ဖိစီးမှုဒဏ်ကို မခံနိုင်အောင် ဖြစ်လာသည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ဝါသနာနှင့် ကိုက်ညီသည့် ဌာနခွဲတစ်ခုသို့ လူကြီးများ၏ သဘောတူခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့ခွင့်ရခဲ့၏။

ကျွန်တော်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် ဌာနခွဲ၏အလုပ်မှာ သတင်းစာတွင် ဖော်ပြမည့် ဆောင်းပါးများကို စိစစ်ရခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ပညာပေးစာအုပ်များထုတ်ဝေခြင်း၊ ရုပ်မြင်သံကြားဇာတ်လမ်းများ ရေးသားရိုက်ကူးခြင်း၊ ဘာသာပြန်ဌာနစုကို တာဝန်ယူရခြင်းတို့ ဖြစ်သည်။

ကျွန်တော့်အထက်လူကြီးမှာ လွန်စွာ စိတ်သဘောထားပြည့်ဝပြီး စိတ်ကောင်းရှိသူဖြစ်သည်။ တပည့်သားမြေးများ၏။ အခွင့်အလမ်းကိုလည်း မြင်တတ်သူဖြစ်သည်။ ကျွန်တော်နှင့် သဟာဇာတဖြစ်ရသည့် အဓိကအချက်မှာ ၎င်းသည်လည်း စာပေဝါသနာပါပြီး သတင်းစာတွင် နိုင်ငံတကာရေးရာ ဆောင်းပါးများကို ရေးသားနေသူဖြစ်ပါ၏။

အထက်လူကြီးသည် ကျွန်တော်နှင့် ရေးမဆွကပင် သိကျွမ်းခင်မင်သဖြင့် သူ့လက်အောက်တွင် တာဝန်ထမ်းဆောင်ခွင့်ရသည့်အခါ ကျွန်တော့်အပေါ် အထူးဂရုစိုက်သည်။ သူခရီးထွက်တိုင်း ကျွန်တော့်အားခေါ်သည်။ အရေးကြီးပုဂ္ဂိုလ်များနှင့် ခရီးထွက်သည့်အခါတိုင်း သူလိုက်ပါရသလို ကျွန်တော့်ကိုလည်း အမြဲခေါ်လေ့ရှိသည်။ သူ့ထံတွင် ကျွန်တော်တာဝန်ထမ်းဆောင်လျက်ရှိစဉ် အထက်လူကြီးများက ကျွန်တော့်အား အစိုးရဝန်ကြီးဌာနတစ်ခုသို့ အဆင့်မြင့်တာဝန်ပေးလိုကြောင်း ဆန္ဒတောင်းရာ ကျွန်တော်က ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုကြောင်း ဆန္ဒပြုလိုက်၏။

ထိုသို့ဆန္ဒပြုပြီးနောက်တစ်နေ့တွင် အထက်လူကြီးသည် ကျွန်တော့်အားခေါ်တွေ့ပြီး မပြောင်းရန် နားချသည်။ သည်မှာဆက်လုပ်လျှင် အခွင့်အလမ်းများကြောင်း၊ သူကြည့်ရှုစောင်မနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးသည်။ သူ၏ ပြောဆိုဆွေးနွေးချက်သည် ကျွန်တော်၏ ဘဝရှေ့ရေးနှင့် တက်လမ်းအတွက် အားကျစရာဖြစ်သည်ဟု တွေးမိပြီး ဌာနပြောင်းရွှေ့ခြင်းကို လက်မခံဘဲ ငြင်းပယ်ခဲ့ပါ၏။

မကြာပါချေ။ ကျွန်တော့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံစာရေးဆရာအဖွဲ့နှင့်အတူ စေလွှတ်ခဲ့သည်။ သူ၏ကျေးဇူးကြောင့်ပင် ကျွန်တော်နှင့် ရာထူးတ ဌာနခွဲမှူးများထဲတွင် ကျွန်တော် ပထမဦးဆုံး နိုင်ငံရေးခရီး သွားရောက်ခွင့်ရရှိခဲ့ပါ၏။

၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးပယောဂအမျိုးမျိုးကြောင့် ကျွန်တော်တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနအဖွဲ့အစည်း ကို ဖျက်သိမ်းလိုက်သဖြင့် ထောင်နှင့်ချီသော ဝန်ထမ်းအမျာ အပြား အလုပ်လက်မဲ့ဖြစ်ကုန်ကြသည်။ ကျွန်တော်က ကျွန်တော့်အထက်လူကြီး၏ ကောင်းမှုကြောင့် အခြားအဖွဲ့ အစည်းတစ်ခုတွင် အခြေအနေမပျက် အလုပ်ပြန်ရခဲ့၏ သူ့လက်အောက်တွင် တစ်နှစ်ကျော်ခန့်အလုပ်လုပ်ပြီးနောက် တစ်နေ့တွင်မူ သူ ကျွန်တော့်အားခေါ်တွေ့သည်။

သူက ကျွန်တော့်အား အခြေအနေ၊ အချိန်အခါသင့် သဖြင့် အစိုးရဌာနတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆော ရန် ခွင့်ပြုသည်။ ထိုအချိန်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာန အသစ်ပေါ်လာပြီး ဝန်ထမ်းအသစ်များအား ရွေးချယ်ခန့်ထားသဖြင့် ကျွန်တော်လျှောက်ခဲ့ရာ ရွေးချယ်ခံ ပြီး သက်ပြည့်ပင်စင်ရသည်အထိ အမှုထမ်းခဲ့သည်။

ကျွန်တော်အထက်တွင်တင်ပြခဲ့သည့် ဖြစ်စဉ်ဖြစ် များသည် အမှန်များဖြစ်သည်ကို ဝန်ခံပါ၏။ လူကြီးမျာ အမည်နာမနှင့် ရာထူးတာဝန်များကို ဖော်ပြခြင်းမပြုနိုင်သည် ကို ခွင့်လွှတ်စေလိုပါသည်။ ယင်းပုဂ္ဂိုလ်ကြီးများအားလုံး ကွယ်လွန်ခဲ့ကြပြီဖြစ်သဖြင့် အမည်နာမဖော်ပြလျှင်လည် မည်သို့မှ အကြောင်းထူးမည်မဟုတ်ပါ။

အဆိုပါလူကြီးများနှင့် ပတ်သက်၍ ကျွန်တော်သံဝေ ကောင်းကောင်းရခဲ့၏။ ဘဝဆိုသည်မှာ အမြဲထာဝ "အတက်"ချည်းပဲ မရှိနိုင်။ "အနိမ့်"သို့လည်း ပြန်လျှော တတ်သည်ဆိုသော သင်ခန်းစာကိုလည်း ရခဲ့ပါ၏။ လူအား သည် လောကဓံတရား၏ ခိုင်းစေချက်အတိုင်းသာ လှုပ်ရှ နေကြရသည်ဟုလည်း စွဲမြဲစွာ မှတ်ယူထားပါကြောင်း. အတွေ့အကြုံအရ တင်ပြရပါ၏။

တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရှေးပညာ

## (၂၁)

■ ဘုန်းပွင့်ထွန်း

"အစ်ကို . . . ဒီနေ့တော့ ကျွန် တ် နည်းနည်းလေး နောက်ကျသွား ယ်။ အချိန်က နည်းနေတော့ ဒီနေ့ တ်ရိုက်ပညာကို ဆွေးနွေးလို့ အချိန် လောက်ပါ့မလား မသိဘူး။ ခါတိုင်း အစ်ကိုနဲ့ ရေစိမ်ပြီး အကြာကြီးထိုင် ားပြောနေလို့ မရဘူး"

"ဘာတွေများ ဒီလောက်အလုပ် နေလို့လဲ"

"ယောက္ခမ အိမ်ကိုရောက်နေ ယ်"

"အထီးလား၊ အမလား"

"ယောက္ခမအထီးဆိုရင် . . . ကြောင်း မဟုတ်ပါဘူး။ သူကတော့ းတယ်။ ကျွေးတဲ့အချိန် စားတယ်။ ဖို့ အိတ်ထဲ ငွေနည်းနည်းလောက် ပေးလိုက်ရင် ရတယ်။ ဘာမှ သိပ် ထွေထူးထူး လုပ်ပေးစရာမလိုဘူး။ ဆိုရင်လည်း သူ့ဘာသာသူ လမ်း ကလက်ဖက်ရည်ဆိုင်မှာ လက်ဖက် သွားထွက်သောက်တယ်။ ရပ်ကွက် လူတွေနဲ့တောင် ရင်းနှီးနေပြီ၊ အဖွဲ့ နေပြီ။

ယောက္ခမ အမကတော့ ပစိပစပ် တယ်။ ပြီးရင် ဟိုပို့ပေးပါ၊ ဒီပို့ပေး

"မင်းရဲ့ ယောက္ခမအကြောင်းကို လိုက်တော့၊ အိမ်ကအကြောင်းတွေ ထားပြီး အချိန်ရသလောက် ပညာ ကြောင်းကို ဆွေးနွေးကြတာပေါ့။ ဒီနေ့ ဆွေးနွေးမယ့်အပိုင်းက သိပ်မများ လှဘူး။ အရင်ဆွေးနွေးခဲ့ကြတဲ့ထဲမှာ အင်္ဂဝိဇ္ဇာရဲ့သဘောကို အတော်လေး သိလာခဲ့ပြီဆိုတော့ အခက်အခဲ သိပ်ရှိ မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ . . . အစ်ကို။ ဘာ အကြောင်း ဆက်ဆွေးနွေးကြမလဲ"

"ဆက်ပြီး ဆွေးနွေးမှာကတော့ လူမမာနဲ့ပတ်သက်နေတဲ့ အပိုင်းပဲ။ လူမမာနဲ့ပတ်သက်ပြီး တြိရန်းနဲ့ စတု ရန်းကို ဘယ်လိုအသုံးချမလဲဆိုတာကို ဆွေးနွေးမှာပါ။ ဒါကို ဆွေးနွေးပြီးရင် တြိရန်းနဲ့ စတုရန်း အသုံးပြုပုံလေးတွေ ကို ရပ်နားပြီး အခြားအပိုင်းကဏ္ဍတွေ ကို နောက်ပိုင်းမှာ ဆွေးနွေးသွားကြ မယ်။ တြိရန်းနဲ့ စတုရန်းကလေးတွေက အတော်ကို ချစ်စရာကောင်းတယ်။

အီဂျစ်က ပိရမစ်တည်ဆောက်ပုံ တွေကိုကြည့်။ အောက်မှာ စတုရန်းကို ဖောင်ဒေးရှင်းခံပြီး အပေါ်ကို တြိဂံလေး ခု ချွန်ထက်သွားတာ။ ဒါဟာ အကြောင်း မဲ့တော့ မဟုတ်ဘူး။ ပညာရှင်တွေက အဲဒီ စတုရန်းနဲ့ တြိဂံအဆောက်အဦကို တည်ဖွဲ့ဆောက်လုပ်မှုသဘောနဲ့ စွမ်း အင်သတ္တိကို သိကြလို့ပဲပေါ့"

"အင်း . . . ကျွန်တော်လည်း အစ်ကိုဆွေးနွေးပြတဲ့ တြိရန်းနဲ့ စတု ရန်းတွေရဲ့ ဓာတ်သဘောကို အတော် လေးသဘောကျပြီး ချစ်လာတယ်။ စိတ် ဝင်စားမှုလည်းရှိလာတယ်။ တြိရန်းနဲ့ စတုရန်း နှစ်ခုတည်းနဲ့ လိုတဲ့ကိစ္စအဝဝ ကို စီရင်ဆောင်ရွက်နိုင်တယ်ဆိုတာ သိလာရတော့ ပညာရပ်ရဲ့ တန်ဖိုးကို ပိုပြီးနားလည်လာခဲ့တယ်။ ပညာရပ် ဆိုတာ ဌာန်ကုန်အောင်လေ့လာဖို့ အစ်ကို မကြာခဏပြောခဲ့တာကိုလည်း သဘော ကျပါပြီ"

"ဟုတ်တယ်ကွဲ့။ ပညာက ဟို နားက တစ်ပိုင်းတစ်စသိ၊ ဒီနားက တစ်ပိုင်းတစ်စသိဆိုရင် ခြေခြေမြစ်မြစ် မသိတော့ တတ်ယောင်ကား ဖြစ်သွား ရော။ တတ်ယောင်ကားဆိုရင် ကိုယ့် ပညာကို ကိုယ်တောင် အယုံအကြည် ပြန်ကင်းမဲ့သွားတတ်တယ်။ တကယ့် အရေးအကြောင်းနဲ့ဆိုရင် ဘာမှ မစီမံ တတ်၊ မလုပ်တတ်တော့ဘူး"

"အစ်ကို၊ ပညာရပ်ကို ဆွေးနွေး ကြရအောင်"

### အနာအဖျားအတွက် ဆေးချက်အထိန်း လက်ဘ

"ဒါဆိုရင်လည်း ဆွေးနွေးတာကို စကြတာပေါ့။ မစခင်မှာ အထိန်းလက်ဘ သံပေါက်လေး ရွတ်ပြမယ်။ မောင်သန်း ဇော် လိုက်ပြီးရေးမှတ်ထားပေတော့။

'များလူတကာ၊ ဖျားရောဂါကို့၊ ရောက်လာခဲ့က၊ အနာအဖျား၊ နံအား လျော့စွာ၊ စိစစ်ပါလော့၊ ဖျားရာနံ့သိ၊ မှန်ပါဘိမူ၊ တြိရန်းအခါ၊ ကျရောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

မှ၊ သေချာစူးစမ်း၊ စတုရန်းနံ၊ ဆေးကို ကြံလျက်၊' အမှန်ပေးသွင်း၊ နာဖျား ကင်း၍၊ လွတ်ရှင်းချမ်းသာ၊ ရမည်သာ တည်း' တဲ့။ မောင်သန်းဇော် လိုက်ရေး လို့ မီရဲ့လား''

ကျွန်ုပ်က ခပ်လေးလေးရွတ်ပေး ရာ မောင်သန်းဇော်က လိုက်မှတ်လေ၏။

''ဟုတ်ကဲ့၊ လိုက်ရေးလို့ မီပါ တယ်။ ဆက်ပြောပါ အစ်ကို''

''ကောင်းပြီ ...။

လက်တွေ့အရ အဖြေထုတ်ကြည့် မယ်ဆိုရင် အောက်ပါအချက်သုံးချက် တိတိကျကျ မှန်မှန်ကန်ကန် သိဖို့လို အပ်တယ်။

တစ်က အဖျားအနာရောဂါ ကျ ရောက်လာရင် အဲဒီ အဖျားအနာရဲ့ အမည်ကို သိရမယ်။ အဖျားအနာရဲ့ နံကိုလည်း ဖော်ထုတ်သိရှိနိုင်စွမ်းရှိရမယ်။

နှစ်အချက်က အနာရောဂါနံရဲ့ တြိရန်း၊ စတုရန်းကို သိရပါဦးမယ်။ ဒါကိုတော့ အရင်ဆွေးနွေးခဲ့တဲ့ အပိုင်း တွေမှာ ပြည့်ပြည့်စုံစုံ ပါပြီးသားမို့ ထပ် ရှင်းစရာ မလိုတော့ပါဘူး။

သုံးအချက်ကတော့ ... အနာ ရောဂါရဲ့နံကိုလည်း သိပြီ။ အဲဒီရောဂါ နံရဲ့ တြိရန်းနဲ့ စတုရန်းကိုလည်း သိပြီ ဆိုရင် အနာရောဂါဟာ ပျောက်ကင်း ချမ်းသာဖို့ သိပ်မခက်တော့ဘူး။ အဲဒီ အနာရောဂါနံရဲ့ တြိရန်းအခါမှာ စတု ရန်းဓာတ်စာ ဆေးချက်ကို ပေးပြီး လိမ်းမယ်၊ သောက်မယ်၊ ရှူမယ်ဆိုရင် ကောင်းသွားပါမယ်။ အစ်ကိုပြောတာ ကို မောင်သန်းဇော် သဘောပေါက် ရဲ့လား''

''သဘောပေါက်ပါတယ် အစ်ကို။ နမူနာဥပမာလေးတစ်ခုလောက် ပေး ပြီး ရှင်းပြပါလား''

''ပြောပြပေးမယ် ...။ လူတစ် ယောက် ခေါင်းကိုက်တယ်ဆိုပါတော့။ ခေါင်းကိုက်တယ်ဆိုတဲ့ စကားလုံးမှာ ခေါင်းဆိုတာ တွေ့ရမယ်။ ကိုက်ဆိုတာ တွေ့ရမယ်။ ခေါင်းရော ကိုက်ပါ စကား လုံးနှစ်ခုစလုံး ဘာနံတွေလဲ''

''တနင်္လာနံပါ''

''ဒါဆိုရင် တနင်္လာနံ ခေါင်းကိုက် ရောဂါကို ခံစားနေရတာပေါ့။ အဲဒီ အတွက် အခါနဲ့ ဆေးချက်ကို ရှာရမယ်။ တနင်္လာနံရဲ့ တြိရန်းဟာ ဗုဒ္ဓဟူးဖြစ်တဲ့ အတွက် ဗုဒ္ဓဟူးအခါကို ယူရမယ်။ တနင်္လာနံရဲ့ စတုရန်းဟာ ကြာသပ တေးနံဖြစ်တဲ့အတွက် ကြာသပတေး ဆေးချက် ဓာတ်စာပေးရမယ်လို့ သိရ မယ်။ အပြည့်အစုံ ပြောရမယ်ဆိုရင်

တနင်္လာနံဖြစ်တဲ့ ခေါင်းကိုက် ရောဂါပျောက်ဖို့ တြိရန်းဖြစ်တဲ့ ဗုဒ္ဓဟူး အခါမှာ ကြာသပတေးနံဆေးချက်ဖြစ် တဲ့ အမဲခြောက်ကို မီးဖုတ်ပြီးရှူပေး ရမယ်။ အဲဒါဆိုရင် ခေါင်းကိုက်တဲ့အနာ ဟာ ယူပစ်လိုက်သလို ပျောက်ကင်း သွားလိမ့်မယ်''

''အင်း ... အတော်ကောင်းတဲ့ နည်းကလေးပဲနော် အစ်ကို''

''ဟုတ်တယ်။ နမူနာအနေနဲ့ အနာရောဂါခုနစ်နံကို ပျောက်ကင်း ချမ်းသာစေတဲ့ တြိရန်း၊ စတုရန်းနည်း အချို့ ဇယားလေးနဲ့ရေးပေးမယ်။ လိုက် ပြီး ကူးယူထား''

''ဟုတ်ကဲ့ အစ်ကို''

မောင်သန်းဇော်မှ လိုက်လံရေး မှတ်ပြီးနောက် ...

''ပြီးပြီလားအစ်ကို။ ကျွန်တော် အပြင်ထွက်လာတာလည်း ကြာပြီ။ ယောက္ခမက ပူညံနေဦးမယ်''

''ပြီးပါပြီ။ အဓိကနည်းကို သေ သေချာချာသိဖို့လိုတယ်။ ဥပဒေသ အတိုင်း တိတိကျကျ လုပ်ဆောင်ဖို့ လည်း လိုတယ်။ လုပ်ဆောင်တဲ့နေရာ မှာ ဝေဒနာရှင်ကို မေတ္တာ စေတနာစိတ် အရင်းခံပြီး ပျောက်ကင်းချမ်းသာစေဖို့ ဆန္ဒဓာတ်လည်းပါရမယ်။ ကျန်တဲ့ အနာ အဖျားရောဂါတွေအတွက်တော့ ဒီနည်း အတိုင်း ဗေဒင်အကြံ စာအအံ ဆိုတဲ့ အတိုင်း ကြံစည်ပေါ့ကွာ''

''သွားပြီ အစ်ကိုရေ''

မောင်သန်းဇော်လည်း သုတ်ခြေ တင်ကာ အိမ်သို့ပြန်သွားလေတော့၏။

**အနာနံနှင့် တြိရန်းအခါ စတုရန်းဆေးချက် အဖွင့်ဇယား**

| အနာ | အနာနံ | တြိရန်းအခါ | စတုရန်းနံသင့်ဝတ္ထု |
|---|---|---|---|
| နားအူ | နွေနံ | ၃ ဂြိ | မြွတ်လေးပန်း အရည်ညှစ်ထည့် |
| ခေါင်းကိုက် | လာနံ | ၄ ဟူး | အမဲခြောက်မီးဖုတ်ရှူ |
| မျက်စိနာ | ဂြိနံ | ၅ တေး | ဒေါင်းသို၊ ကြက်သွန်ဥ အရည်ညှစ်ခတ် |
| လေနာ | ဟူးနံ | ၆ ကြာ | ထန်းလျက် ကျိုသောက် |
| အဖျား | တေးနံ | ၀ စနေ | အုန်းရည်တိုက် |
| သွားနာ | ကြာနံ | ၁ နွေ | သတ္တုခဲ၊ ရွှေခဲငုံ |
| ထုံးပေါက် | နေနံ | ၂ လာ | ဆီသုတ်လိမ်း |

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# US ခရီးသည်

■ မောင်ကောင်းမြင့်

၉၄-၀၅၊ ၄၀ ဒရိုက်ဗ်
အမ်းဟာတ်-နယူးယောက်
၁၂ ဇန်နဝါရီ၊ ၂၀၁၃။

သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင်တို့သို့

ဘိုးဘိုးကြီး သည်စာကို ရေးနေတဲ့အချိန်ဟာ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ကရင်နှစ်သစ်ကူးနေ့ ဖြစ်တယ်။ အင်တာနက်သတင်းတွေမှာ ကရင်နှစ်သစ်ကူးပွဲတော်အကြောင်း ဖတ်နေရတယ်။ ဒါကြောင့် မြန်မာပြည်ရဲ့ ပြာသိုလရာသီပွဲတော်တွေကိုလည်း အမှတ်ရနေမိတယ်။

ဒီအချိန်ဆိုရင် “ဆောင်း”ပန်းတွေဖြစ်တဲ့ ခွာညိုပန်းတွေ၊ သဇင်ပန်းတွေ ပွင့်နေကြပြီမို့ ဗိုလ်ချုပ်ဈေးထဲက ဆိုင်တွေမှာ ငှက်ပျောဖက်ကလေးတွေနှင့် ထုပ်ပြီး ရောင်းနေတဲ့ “[illegible]သဇင်”တွေကို မြင်ယောင်မိတယ်။ ပန်းတွေဆိုလို့ [illegible](အမေရိကား)မှာက ပန်းတွေဟာ အပွင့်ကြီးကြီး၊ အပွင့်[illegible]၊ အရောင်တောက်တောက်နှင့် ပန်းမျိုးစုံနေတာပဲ။ [illegible]ခွတွေလည်း စုံနေတာပါပဲ။ အအေးပိုင်းက ပန်းတွေမို့ [illegible]လှနေပေမယ့် ရနံ့တော့ မမွှေးဘူး၊ မသင်းဘူး။ အဆင်း[illegible]ပေမယ့် အချင်းမရှိဘူးလို့ ဆိုရမလားဘဲ။

မြန်မာပြည်က နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေဟာ [illegible]နားတစ်ဝိုက်ရောက်ရင် သင်းနေအောင် မွှေးပျံ့နေတယ်။ သည်မှာက နှင်းဆီတွေရှိပေမယ့် မြန်မာပြည်က ရေမွှေးနှင်းဆီလို သင်းပျံ့မနေဘူး။ လှရုံသက်သက်ပါပဲ။ အထူးသဖြင့် တစ်နှစ်ပတ်လုံး ပွင့်ပြီး အမြဲတမ်း ရနံ့သင်းနေတဲ့ စံပယ်ပန်းရဲ့ ရနံ့ကို သတိရနေမိတယ်။ နံနက်တိုင်း ဘုရားမှာ ကပ်လှူထားလိုက်ရင် မွှေးကြိုင်နေတဲ့၊ ဖြူဖွေးသန့်စင်တဲ့ စံပယ်ပွင့်တွေကို သတိရနေတယ်။ ကိုစောညိန်းရဲ့ စံပယ်၊ ချစ်ပြုံးနှင်းဆီ သီချင်းတွေကိုလည်း ကြားယောင်တယ်။

ပြာသို-တပို့တွဲလမှာ ဘိုးဘိုးကြီးတို့ မြို့ကလေးမှာ လှိုင်လှိုင်သင်းနေတဲ့ ဒေါနပန်းကိုလည်း သတိရအောက်မေ့မိတယ်။ ဝါးခယ်မမြို့က ဆေးရုံကြီးတွင်း ကွက်လပ်မှာ ဆောင်းရာသီပွဲအဖြစ် အမြဲကျင်းပတဲ့ “ဦးရှင်ကြီးပွဲတော်”မှာ ဒေါနပန်းတွေဟာ ကျောင်းဆောင်ထက်မှာ တောင်လိုမောက်ပြီး မွှေးကြိုင်နေတာပဲ။ မြန်မာ့ရေမြေမှာ ပွင့်ကြတဲ့ ပန်းတွေဟာ အမြင်လှရုံ၊ အသွင်တင့်ရုံသာမက ရင်ထဲမှာ စွဲငြိနေအောင် မွှေးကြိုင်သင်းပျံ့နေတာကို အမှတ်ရနေမိတယ်။

ကဲ...ပန်းတွေအကြောင်း ခေတ္တရပ်လိုက်ဦးစို့။

ကရင်နှစ်သစ်ကူးအကြောင်းပြောမိတာမို့ ၂၀၁၃ ခုနှစ် နှစ်သစ်ကူးတဲ့ နယူးယောက်က နှစ်သစ်အကြိုညအကြောင်း ရေးရဦးမယ်။ အင်္ဂလိပ်ပြက္ခဒိန်အရ ခရစ္စမတ်နှင့် နှစ်သစ်ကူးရက်ဟာ ဆက်နေတာမို့ နယူးယောက်က ဆိုင်တွေ၊ အိမ်တွေဟာ မီးရောင်စုံနှင့် မြိုင်နေတာပဲ။ မင်းဟက်တန်မြို့လယ်က

www.burmeseclassic.com

ဆိုင်တွေဆိုတာ မီးအလှဆင်ထားတာ ထိန်ထိန်ညီးနေတာပဲ။ အထူးသဖြင့် "ရော့ကီးဖဲလားစင်တာ" Rockefeller Centre က ရေခဲပြင်နှင့် ခရစ္စမတ်သစ်ပင်ကြီးအပါအဝင် ပန်းဥယျာဉ်မှာ မီးရောင်စုံတွေ၊ ဆလိုက်တွေဟာ လင်းထိန်တောက်ပနေတယ်။ နေ့လယ်ခင်းကစပြီး တစ်ညလုံးလိုလို တိုးမပေါက်အောင် စည်ကားလှတယ်။

တိုင်းစကွဲယား(Time Squear) က ကြော်ငြာမီးရောင်စုံဟာ တဖြိုးဖြိုး တဖျတ်ဖျတ် ပြောင်းလဲနေတာမို့ လာရောက်ကြည့်ကြတဲ့သူတွေဟာ နေ့ရောညပါ မပြတ်စည်ကားနေတယ်။ အမြဲတမ်းလို လူစည်ကားလှတဲ့ သည်နေရာဟာ "နှစ်သစ်ကူးအကြိုည"မှာတော့ တိုးမပေါက်အောင်ပါပဲ။

သည်နေရာမှာ နယူးယောက်ဒေသခံမြို့သားတွေက ပြောကြတာက "တိုင်းစကွဲယားနေရာဟာ တစ်ကမ္ဘာလုံးက လာကြည့်ကြရတယ်။ အမေရိကားရောက်ရင် ဒီတိုင်းစကွဲယားတို့၊ ရော့ကီဖဲလားလို့၊ စင်ထရယ်ပတ် (Central Park) တို့ကို မရောက်ဖူးလို့ မဖြစ်ဘူး"လို့ ဆိုကြတယ်။

ဟုတ်ပါတယ်။

နှစ်သစ်အကြိုညက တိုင်းစကွဲယားရင်ပြင်မှာ နေ့လယ်ခင်းတည်းက တိုးမပေါက်အောင် စည်လှတယ်။ ကြက်ပျံမကျ ဆိုတဲ့စကားအတိုင်းပါပဲ။

ရုပ်သံလွှင့်တွေက ထုတ်လွှင့်ပေးနေတယ်။ အင်တာဗျူးတွေမှာ ကမ္ဘာအနှံ့ နိုင်ငံများစွာက အဘိုးအဘွားအရွယ်မှ ကလေးငယ်တွေ အရွယ်စုံ၊ အဖြူ၊ အဝါ၊ အမည်း အရောင်အသွေးစုံကို မေးမြန်းပြီး ထုတ်လွှင့်ပေးနေတာမို့ "ကမ္ဘာတစ်လွှားမှ အလည်လာသူများ"လို့ ဆိုရမယ်။

ကပွဲတွေ၊ ဖျော်ဖြေပွဲတွေကလည်း စုံနေတာပဲ။ Concert ကလည်း နေ့လုံးညလုံးပါပဲ။ ည ၁၂ နာရီမရောက်မီ မိနစ်ပိုင်းအလိုမှာ လာရောက်ကြည့်ရှုကြသူ အားလုံးရေတွက်ကြတဲ့ Count down နာရီလက်တံနှင့် 10-9-8-7-6 .... ဂဏန်းကိုပြတဲ့ ရောင်စုံအမှတ်စဉ်က လိုက်လံရေတွက်ပြနေကြတဲ့ အသံတွေက ဆူညံနေတာပါပဲ။ ညသန်းခေါင်တိတိမှာတော့ ရင်ပြင်မှာ ထွန်းညှိတဲ့ ရောင်စုံဘောလုံးကြီးဟာ ထွက်ပေါ်လာပါတော့တယ်။ ခရစ်စတယ် မီးရောင်စုံနှင့် အရောင်စုံ၊ အသွေးစုံ ပြောင်းပြီးနေတဲ့ ပုံဆောင်ခဲ မီးဘောလုံးကြီးဟာ လင်းထိန်ထွန်းပနေတယ်။ မီးရှူးမီးပန်းတွေလည်း ပစ်ပေါက်နေတယ်။ နှစ်သစ်ကူးပါပြီ။

သည်မီးရောင်စုံဘောလုံးကြီးဟာ ၆ တန်လေးပြီး အချင်း ၁၂ ပေ ရှိတယ်။ Leds မီးလုံးပေါင်း ၂၃၀,၀၀၀ ကျော်နှင့် အလှဆင်ထားတယ်။ အီလက်ထရောနစ်နှင့် အခြားပညာရှင်တွေဟာ များစွာကြိုတင်ပြင်ဆင်ပြီး ပြုလုပ်ခဲ့တဲ့အကြောင်း ရုပ်သံမှာပြတယ်။ မီးလုံးကြီးဟာ ဝါ၊ စိမ်း၊ နီ၊ ပြာ စတဲ့ မရေမတွက်နိုင်အောင် ပေါင်းစပ်ထားတဲ့ အရောင်တွေ တဖိတ်ဖိတ်တောက်နေတာဟာ ကြည့်ရသူတွေ အားလုံး ဝမ်းမြောက်ပျော်ရွှင်ရပါ။

အခမ်းအနားတရားဝင်ဖွင့်လှစ်ပွဲကိုတော့ အမေရိကန် တရုတ်ယဉ်ကျေးမှုအသင်းကြီးက ဖွင့်လှစ်ပေးတယ်။ [တရုတ်တွေရဲ့ ထိုးဖောက်မှုဟာ အမေရိကန်မြို့ကြီးတိုင်းမှာ China town တွေ ရှိနေတာဟာ သက်သေပါပဲ။ တရုတ်စီးပွားရေး အစားအစာတွေဟာ ခိုင်မြဲစွာ နေရာယူထားပြီး ဖြစ်ပါတယ်။ သည်နေရာဟာ တရုတ်လူမျိုးတွေရဲ့ စီးပွားရေးလုပ်ကိုင်မှုဟာ လမ်းဘေးမှာ ဗန်းခင်းပြီး ရောင်းတာကအစ စတိုးတွေ ရွှေဆိုင်ကြီးတွေ၊ ကုန်တိုက်ကြီးတွေနှင့် ဘဏ်တွေအားလုံး ပါပဲ။]

အကြောင်းဆုံလို့ တစ်ဆက်တည်း ရေးပြပါမယ်။ ၂၀၁၂ ခုနှစ်စာရင်းအရ အမေရိကန် လော့စ်အိန်ဂျလိစ်တစ်မြို့တည်းမှာ တရုတ်ကျောင်းသား ၄,၀၀၀ လောက်ရှိနေတယ်လို့ ဆိုတယ်။ စာရင်းဇယားများအရ အမေရိကန်မှာ ကျောင်းသားဦးရေ ထိုင်း ၇,၆၀၀ ကျော်၊ ဗီယက်နမ် ၁၅,၀၀၀ ကျော်၊ စင်ကာပူ ၄,၅၀၀ ကျော်၊ မလေးရှား ၆,၇၀၀ ကျော်၊ အင်ဒိုနီးရှား ၇,၀၀၀ ကျော်၊ ဖိလစ်ပိုင် ၂,၀၀၀ ကျော်နှင့် မြန်မာကျောင်းသားက ၈၀၀ ကျော်ပဲ ရှိတယ်လို့ ဆိုပါတယ်။

သည်လို မြန်မာကျောင်းသားနည်းခြင်းက အကြောင်း သုံးချက်ကြောင့်လို့ ဆိုတယ်။

၁။ သတင်းအချက်အလက်ဖြန့်ဝေမှု လုံလောက်မှု မရှိခြင်း။

၂။ ပညာသင်စရိတ် အခက်အခဲရှိခြင်း။

၃။ ဘာသာစကား အားနည်းခြင်းတို့ကြောင့် ထိုလေ့လာတွေရှိကြောင်း ဖော်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါတယ်။ အမေရိကကို ရောက်နေတဲ့ မြန်မာတွေဟာ တစ်ဦးနှင့်တစ်ဦး ဒါမှမဟုတ် မြန်မာပြည်ကို ပြန်ပြီးပေးတဲ့ သတင်းအချက်အလက် မပြည့်စုံဘူး။ တစ်နည်း ပွင့်ပွင့်လင်းလင်း ပြောရရင် သတင်းမျှဝေမှု နည်းတယ်။ [သတင်းကို မသိတာလည်း ပါမယ်။ ဘာပဲပြောပြော ကူညီမှု အားနည်းသေးတယ်။] ထပ်ပြီးပြောရရင် အမေရိကန်မှာ တရုတ်အသင်းအဖွဲ့တွေက ခိုင်မြဲတယ်၊ အားကြီးတယ်။ မြန်မာအသင်းအဖွဲ့က မရှိသလောက်ဘဲ။ ဘုန်းကြီးကျောင်းမှာ ဆုံတာကလွဲပြီး လူမှု၊ စီးပွား၊ ပညာ ဖလှယ်တဲ့ အသင်းအဖွဲ့တွေက ဖြစ်မလာတာဟာ အားနည်းချက်ပဲ။ စည်းလုံးညီညွတ်မှုနည်းတာကို သက်သေခံနေတာပဲ။ လူသာမန်တွေသာမက အစုအဖွဲ့လို့ အဓိပ္ပာယ်ရတဲ့ (အတိအကျ အဓိပ္ပာယ်က = အနည်းဆုံး လေးပါးရှိသော ရဟန်းအပေါင်းလို့ ဆိုပါတယ်။) ရဟန်းတွေပင် တစ်ပါးတစ်ကျောင်း ဖြစ်နေတာဟာ မဖြစ်သင့်ပါဘူး။

စုစည်းမှု၊ စည်းလုံးညီညွတ်မှု အားနည်းတာကို ဒေါ်အောင်ဆန်းစုကြည် လာတုန်းက ပြောတဲ့ အမှာစကားမှာလည်း ဖော်ပြတယ်၊ ဝေဖန်ပြတယ်။ ဒါကို ကိုရွှေမြန်မာတို့က အကောင်းမြင်ဝါဒ လက်ခံထားပြီး ပြုပြင်ကြရမယ့်အစား ဘာပြောသလဲဆိုတော့ "NLD မှာလည်း ဒီလိုပဲရှိတာပဲ။ သူ့အဖွဲ့ချုပ်ကိုတောင် ညီညွတ်အောင်လုပ်ပါဦး"တဲ့ဗျာ။ ကောင်းကရော။ တော်ကြပါပေ့ဗျာ။ ဒါနှင့်များ **အင်အားကြီးပြီး တစ်မိန့်တစ်အာဏာ တစ်သဝေမတိမ်းလိုက်နာတဲ့ ထက်နက်ကိုင်အဖွဲ့အစည်းကြီးကို အန်တုဦးမတဲ့။ အမိန့်နာခံမှုနှင့် စည်းရုံးမှုဟာ အောင်မြင်ဖို့ အရေးကြီးဆုံး အကြောင်းဖြစ်တယ်ဆိုတာ လက်ခံထားကြဖို့ လိုနေပါပြီ။ အမြင်ကွဲပြားခြားနားမှု၊ လွတ်လပ်စွာ သဘောထားကွဲပြားမှု ဆိုတဲ့ စကားတွေဟာ အားကြီးတဲ့ အဖွဲ့အစည်းနှင့် ရင်ဆိုင်မယ်ဆိုရင် မထားသင့်တော့တဲ့ သဘောထားပဲဆိုတာ အားလုံးလက်ခံမှသာ အောင်မြင်ပါလိမ့်မယ်။**

အောင်မြင်ခြင်းရဲ့ အဓိကမှာ စည်းရုံးညီညွတ်သော အင်အားရှိခြင်းပါပဲ။

အင်အားဆိုလို့ အနီးကပ်ဆုံး ပြောစရာတစ်ခုရှိပါတယ်။ ၂၀၁၂ နိုဝင်ဘာလ ၆ ရက်က ကျင်းပခဲ့တဲ့ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ဒိုဘားမားနှင့် ရွှမ်နီတို့ အကြိတ်အနယ် မဲအရေအတွက်(ကြိုတင်ခန့်မှန်း)မှာ မိန်မသာ၊ လိန်မသာ ဖြစ်နေတယ်။ တကယ်မဲပေးတဲ့အချိန်မှာ အများစုကြီးသော လူလတ်တန်းစား၊ ဝင်ငွေနည်းသူများနှင့် အမျိုးသမီးထုကြီးက ဒိုဘားမားကို ပြုပြီး မဲပေးလိုက်တော့ မဲနှစ်သန်းကျော် ကွာပြီး လက်ရှိသမ္မတဟာ အောင်ပန်းဆင်သွားတယ်။ စုစည်းတဲ့ အင်အားဟာ အသာရတယ်ဆိုတာပါပဲ။ [သည်နေရာမှာ ဘယ်လူတန်းစားကို အခြေခံတယ်ဆိုတာလည်း ဖော်ပြနေတယ်။ အခြေခံလူတန်းစားတွေရဲ့ ထောက်ခံမှုဟာ အရေးကြီးလှပါတယ်။]

သမီးများနှင့် မြေးကလေးရေ...

စာရေးရင်း လက်စာရှည်လိုက်တာ သင်္ဂနှင့် စံပယ် အလွမ်းက လက်ရှိတွေ့ကြုံနေရတဲ့ အခြေအနေတွေ အကြောင်း ရောက်သွားတယ်။ ရပ်ကြဦးစို့။

မကြာမီမှာပဲ တပို့တွဲလရောက်တော့မယ်။ တပို့တွဲနှင့် တစ်တွဲတည်း ရှိနေတဲ့ ထမနဲပွဲကို သတိရမိတယ်။ ဆရာကြီး မင်းသုဝဏ်ရဲ့အိမ်၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့အိမ်တွေက အစဉ်အဆက် လုပ်ခဲ့တဲ့ ထမနဲပွဲတွေကို မြင်ယောင်မိပါတယ်။ ယခုလည်း နယူးယောက်က မြန်မာမိသားစု ထမနဲပွဲလုပ်မယ်လို့ ဆိုကြပါတယ်။ ကောင်းသော မြန်မာ့အစဉ်အလာကို ထိန်းသိမ်းခြင်းပါပဲ။ မင်္ဂလာပါ။

သည်စာကိုတော့ ခေတ္တ နားကြဦးစို့။

*P.S - သည်စာရေးပြီးစမှာပဲ မိတ်ဆွေကြီး ဒေါက်တာခင်မောင်ကြီးနှင့် ဇနီးဒေါ်စန်းစန်းသီတို့အိမ် ရောက်သွားပြီး စကားစပ်မိကြတော့ တရုတ်တန်းမှာ စံပယ်ပန်းကို အိုးတွေနှင့် ပျိုးပြီးရောင်းကြောင်း၊ ရေမွှေးနှင့်ဆီလည်း တွေ့ရတတ်ကြောင်း မြန်မာပြည်က ပျိုးလို့ ပြောပါတယ်။ မြန်မာ့ရေမြေက မွှေးကြိုင်တဲ့ ရနံ့တော် ကူးယူသယ်ပို့လာတာမို့ ဝမ်းသာရပါတယ်။*


**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်မသိမ်းနိုင်သော
# လော့(ချ်)နက်(စ်)သတ္တဝါကြီး




လှမိုး(ပညာရေး)

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေရသော ဒေးလီးမိုင်းရား (ကြေးမုံသတင်းစာကြီး)တွင် အောက်ဖော်ပြပါ သည်းထိတ်ရင်ဖို့ဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ကြရသော သတင်းစာဖတ်ပရိသတ်အများမှာ အုတ်အော်သောင်းတင်းဖြစ်ခဲ့ကြရသည်။


**"လော့(ချ်)နက်(စ်)ရေအိုင်ကြီးအတွင်း ထူးဆန်းသော၊ အမျိုးအမည်မသိရသော ရေသတ္တဝါကြီး ပြန်လည်ထွက်ပေါ်လာခြင်း"**

**စကော့တလန်နိုင်ငံ၊**
**၂၀၁၃ ခု၊ ဩဂုတ်လ၊ ၂၇ ရက်**

အင်္ဂလန်နိုင်ငံ သတင်းမီဒီယာလောကတွင် နှစ်ပေါင်းများစွာ အငြင်းအခုံဖြစ်ခဲ့ရသော လော့(ချ်)နက်(စ်)ဟု သမိုင်းအဆက်ဆက် ကင်ပွန်းတပ်ခံထားရသော အမျိုးအမည်မသိရသော သတ္တဝါကြီး အထက်ဖော်ပြပါ ရေအိုင်ကြီး ရေပြင်ပေါ်ထွက်ပေါ်လာခိုက် အပျော်တမ်းဓာတ်ပုံဆရာ ဒေးဗစ်အယ်ဒလာဆိုသူက အမိအရ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်ဟု သတင်းရရှိကြောင်း

ထိုသတ္တဝါကြီး၏ ကိုယ်ခန္ဓာအလျားမှာ တစ်ဆယ့်ငါးပေခန့်ရှိသည်ဟု သိရှိ

www.burmeseclassic.com



သည်ဟု အပျော်တမ်းဓာတ်ပုံဆရာ ဒေးဗစ်အက်ဒလာက အသံအများနှင့် သတင်းမီဒီယာများကို ပြောပြခဲ့သည်ဟု သတင်းရရှိ၏။ သတင်းမှတ်တမ်းများအရ ခရစ်နှစ် ၁၉၃၄ နှစ်ခန့်ကလည်း ဗြိတိသျှဘုရင် ရေတပ်မတော်မှ ဗိုလ်မှူးကြီး ဖြစ်သူ ရောဘတ်ဝီလ်ဆင်က အဓိအရ ဓာတ်ပုံရိုက်ကူးပြီး သက်ဆိုင်ရာသို့ တင်ပြခဲ့ရာ ထိုစဉ်က အင်္ဂလန်နိုင်ငံ သတင်းမီဒီယာလောကတွင် ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးတစ်စောင်ဖြစ်သော ဒေးလီးမေး(လ်)သတင်းစာကြီးက ဖော်ပြောင်ခဲ့သည်ဟုလည်း သိရသည်။

ယင်း ၁၉၃၄ ခုနှစ်က စတင်၍ ထိုသတ္တဝါကြီးနှင့် ပတ်သက်သော ကောလာဟလ ယုံတမ်းသတင်း ဂေဇက်များ ထွက်ပေါ်လာခဲ့သည်။ အပျော်တမ်းဓာတ်ပုံဆရာများ၊ လူစွန့်စားများသည် အထက်ဖော်ပြပါ အမျိုးအမည်မသိရသော ရေသတ္တဝါကြီးကို နည်းလမ်းအမျိုးမျိုးဖြင့် ရာပုံတော်ဖွင့်ခဲ့ကြသည် ဟု မှတ်တမ်းများအရ သိရ၏။ စာရေးဆရာများအဖို့ ရေးကွက်များရရှိခဲ့ကြ၍ ယင်းသတ္တဝါကြီးနှင့် ပတ်သက်သော စာအုပ်များ ထုတ်ဝေခဲ့ပြီးဖြစ်သည်ဟုလည်း ဆိုသည်။

ထိုအမျိုးအမည်မသိရသော သတ္တဝါကြီးကို ရေဆင်ကြီးဟူ၍လည်းကောင်း၊ အလွန်ကြီးမားသော ငါးရှဉ့်ကြီးဟူ၍လည်းကောင်း၊ ဒရွာဂွန်ရီလာ နဂါးကြီးဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြောင်း။ သို့သော် နှစ်ပေါင်းရှစ်ဆယ်ကျော် ရှိလာခဲ့သော်လည်း ထိုသတ္တဝါကြီးအကြောင်း မည်သူကမျှ ရှင်းရှင်းလင်းလင်း အတည်ပြုပြောကြားခြင်း မရှိခဲ့ကြောင်း။

အထက်ဖော်ပြပါ ဒေးလီမိုင်းရာသတင်းစာပါ သတင်းကိုပင် အင်တာနက်သတင်းတွင်လည်းကောင်း၊ အင်္ဂလန်နိုင်ငံမှ ဩဇာအကြီးမားဆုံးသတင်းစာကြီးများဖြစ်သော ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာ၊ ဒေးလီးအိတ်(စ်)ပရက်(စ်)သတင်းစာနှင့် လန်ဒန်ကိုင်းမ်းသတင်းစာကြီးများကလည်း ထိုသတင်းကိုပင် စိတ်ဝင်စားဖွယ်ခေါင်းစဉ်များဖြင့် ဖော်ပြပေးခဲ့သည်။ ဒေသခံ သတင်းစာကြီးများကလည်း ဓာတ်ပုံသာမက အထောက်အထားများနှင့် ဖော်ပြပေးခဲ့၏။ ဘီဘီစီရုပ်သံလွှင့် အစီအစဉ်ကလည်း ယင်းဒရွာဂွန်ရီလာ အမျိုးအမည် ဖော်ပြနိုင်ခြင်းမရှိသော ရေသတ္တဝါကြီးအကြောင်း ဆွေးနွေးခန်းကို အခန်းဆက် ဆွေးနွေးခန်းအဖြစ် တင်ပြပေးခဲ့ရာ နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ရသော်လည်း ဗြိတိသျှ ဘုရင်မကြီး၏ အစိုးရအဖွဲ့မှ တာဝန်ရှိသူများကမူ ယင်းဒရွာဂွန်ရီလာ သတ္တဝါကြီး၏ သတင်းကို တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်နေခဲ့သဖြင့် လူအများအဖို့ အငြင်းပွားဖွယ်





www.burmeseclassic.com

ဖြစ်ခဲ့ရသည်။ ဤလော့(ချ်)နက်(စ်)ရေအိုင်ကြီးအတွင်းမှ အမျိုးအမည်ဖော်ပြနိုင်ခြင်းမရှိသော ရေသတ္တဝါကြီးအကြောင်းမှာ လူအများအား မည်သည့်အခါကမျှ ဘေးအန္တရာယ်ပြုခြင်းမရှိဟု ဆိုကြသဖြင့် လူအများ၏ စိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့သည်။ မယုံကြည်သူအများကမူ သတင်းမီဒီယာသမားများသည် မိမိတို့သတင်းစာ စောင်ရေတိုးတက်စေရန် လုပ်ကြံဖန်တီးခဲ့သော ပါးစပ်ရာဇဝင်သတင်းဖြစ်နိုင်သည်ဟု ဆိုကြ၏။ အချို့ကမူ ဒေသခံလူအများသည် ယင်းဒေသသို့ လူအများလာရောက်ကြည့်ရှုစေလိုသောကြောင့် လုပ်ကြံဖန်တီးသော ကောလာဟလ သူပြောကိုယ်ပြော သတင်းသာဖြစ်သည်ဟု ဆိုကြပြန်၏။ မည်သို့ပင်ဖြစ်စေကာမူ ထိုလော့(ချ်)နက်(စ်) ရေအိုင်ကြီးအတွင်းမှ အမျိုးအမည်မသိရသော သတ္တဝါကြီး


INVERNESS COURIER, TUESDAY, MAY 2, 1933

HIGHLAND ORPHANAGE

STRANGE SPECTACLE ON LOCH NESS

What was it?

ANOTHER DARING INVERNESS BURGLARY

မှာ ယနေ့အင်တာနက်ခေတ်မှ ရုတ်တရက်ပေါ်ပေါက်လာသော သတင်း မဟုတ်ပါ။

သမိုင်းအဆက်ဆက် အငြင်းပွားခဲ့ရသော သတ္တဝါကြီးဖြစ်ရကား လူအများအဖို့ အသစ်တစ်ဖန် စိတ်ဝင်စားလာခဲ့ကြပြီး ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရပြန်သည်။

ရှေးခေတ်မှတ်တမ်းများအရ ယင်းသတ္တဝါကြီးသည် အရိပ်အရောင်သာ ပြတတ်ပြီး လူအများကို မည်သည့်အခါကမျှ ရန်မူလေ့မရှိဟု ဆိုသဖြင့်လည်း လူအများ စိတ်ဝင်စားခြင်း ဖြစ်နိုင်ပေသည်။ ရှေးဟောင်းမှတ်တမ်းများအရ ခရစ်သက္ကရာဇ် အေဒီ ၅၆၅ ခုနှစ်ဦးတွင် ခရစ်ယာန်ဘုန်းတော်ကြီး ကိုလံဗီယာ (နောင်အခါ သူတော်စင် စိန့်ကိုလံဗီယာ ဖြစ်လာသူ) အထက်ဖော်ပြပါ လော့(ချ်)နက်(စ်) ရေအိုင်ကြီးတည်ရှိရာ ဒေသသို့ တပည့်သာဝကတစ်ဦးနှင့်အတူ သာသနာပြုကြွရောက်စဉ် အထက်ဖော်ပြပါ အမျိုးအမည်မသိရသော ရေသတ္တဝါကြီးကို တွေ့မြင်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုဘုန်းတော်ကြီးက ယင်းသတ္တဝါကြီးအား လူအများအား ဘေးအန္တရာယ်မပြုရန် အမိန့်တော်မှတ်ခဲ့သည်ဟု ဆိုသည်။ ဤတွင် ထိုရေသတ္တဝါကြီးသည် မိုင်ပေါင်း ၂၄ မိုင် ကျယ်သော ရေအိုင်ကြီးအတွင်း မကြာခဏ ပေါ်လာခဲ့၍ ဒေသခံလူများနှင့် ရင်းနှီးလာသည်ဟု သိရ၏။

ခရစ်နှစ် ၁၉၃၃ ခုနှစ်တွင် ဤရေအိုင်ကြီးအတွင်းမှ အမျိုးအမည်မသိရသော သတ္တဝါကြီးအား ကမ္ဘာ့နိုင်ငံအသီးသီးက ကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်ရန် အကြောင်းဖန်လာသည်။ ထိုနှစ်အတွင်း ဤရေအိုင်ကြီးဘေးတွင် အသစ်ဖောက်လုပ်သားသော အဝေးပြေးလမ်းသစ်ဖွင့်ခဲ့သဖြင့် ထိုရေအိုင်ကြီးဘေးတစ်လျှောက် မော်တော်ကားများ ဖြတ်သန်းမောင်းနှင်ခွင့်ရလာခဲ့၏။ ၁၉၃၃ ခုနှစ်၊ ဧပြီလ နံနက်စောစောအချိန်တွင် ထိုအိုင်ကြီးဘေးရှိ အဝေးပြေးလမ်းမအတိုင်း ကားမောင်းလာသော ဂျွန်မက်ခေးနှင့် ဇနီးတို့သည် ကန်ကြီးအတွင်း ထူးခြားသောအသံများ ကြားလာရသဖြင့် စက်ရှိန်ကိုလျှော့ကာ ကန်ဘေးအနီးသို့ မော်တော်ကားကို တိုးလာခဲ့သည်။ အချိန်မှာ နံနက် ၉ နာရီကျော်ခဲ့ပြီဖြစ်ရကား ကန်ရေပြင် တစ်လျှောက် မြင်ကွင်းကို ပြတ်ပြတ်သားသား မြင်နေရသည်

www.burmeseclassic.com

ရေထဲမှ ထူးဆန်းသော အသံများ ကြားလာခဲ့ရပြီး လည်ပင်းတွင် ဘို့နှစ်လုံးပါသည်ဟု ထင်ရပြီး အလွန်ကြီးမားသော မြွေကဲ့သို့ရှည်လျားသည့် အမျိုးအမည်မသိရသော ရေသတ္တဝါကြီးတစ်ကောင်အား မြင်လိုက်ကြရသဖြင့် ဌွန်မက်ဆေးနှင့် ဇနီးဖြစ်သူတို့မှာ အံ့အားသင့်သွားသည်။ ပထမတွင် ဟာတ်မှ ဟာတ်ပါ့မလား၊ သူတို့အမြင်အာရုံ လွဲမှားခြင်းလောဟု ထင်မိသည်။ သေသေချာချာကြည့်မိသောအခါ အထက်ဖော်ပြပါ ထူးဆန်းသော သတ္တဝါကြီးဖြစ်နေသည်က သေချာနေသည်။ ထိုသတ္တဝါကြီးကား ငါးကြီးတစ်ကောင်ကဲ့သို့ ဆူးတောင်များလည်း မရှိသည်ကို သေသေချာချာ သတိထားလိုက်မိကြသည်။ သူတို့ဇနီးမောင်နှံသည် ထိုအမျိုးအမည်မသိနေသော သတ္တဝါကြီးကို ငါးမိနစ်ခန့်ကြာမြင့်အောင် မြင်ရသည်ဟု နောင်အခါ လူအများအား ထုတ်ဖော်ပြောပြခဲ့သည်။ ဤထူးခြားဖြစ်စဉ်အား ဒေသခံသတင်းစာများနှင့် လူအများက ချဲ့ထွင်ပြောဆိုကြသဖြင့် ဟိုးဟိုးကျော်ခဲ့ရ၏။

ရေအိုင်ကြီးအနီးအနားရှိ မြို့များ၊ ကျေးရွာများတွင် နေထိုင်ကြသော လူအများသည် ဤရေအိုင်ကြီးအနီး လာရောက်၍ အချိန်ပြည့် လာရောက်ကြည့်ရှုကြရာ ပွဲလမ်းသဘင်တမျှ စည်ကားသည်ဟု ထိုစဉ်က ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများက ဖော်ပြခဲ့ကြ၏။ သိပ္ပံပညာရှင်များ၊ သတ္တဗေဒပညာရှင်များ၊ သုတေသီများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များသည် အထက်ဖော်ပြပါ ရေအိုင်ကြီးအနီး လာရောက်၍ သုတေသနပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က မှတ်တမ်းအရ ပညာရှင် သုတေသီအပေါင်း ၃၀၀၀ ကျော် လာရောက်လေ့လာ စောင့်ကြည့်ခဲ့ကြသည်ဟု သိရ၏။

ရေထဲမှ ထူးဆန်းသောအသံများ
ကြားလာခဲ့ရပြီး လည်ပင်းတွင်
ဘို့နှစ်လုံးပါသည်ဟု ထင်ရပြီး
အလွန်ကြီးမားသော
မြွေကဲ့သို့ရှည်လျားသည့်
အမျိုးအမည်မသိရသော
ရေသတ္တဝါကြီးတစ်ကောင်အား
မြင်လိုက်ကြရသဖြင့်
ဌွန်မက်ဆေးနှင့် ဇနီးဖြစ်သူတို့မှာ
အံ့အားသင့်သွားသည်။

ကောလာဟလ ယုံတမ်းသတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ ထိုပါးစပ်ဂေဇက်သတင်းများကို သတင်းမီဒီယာများက အခြေခံကာ ချဲ့ထွင်ရေးသားခဲ့ကြသဖြင့် အုတ်အော်သောင်းတင်းဖြစ်ရတော့၏။ ၁၉၃၃ ခု၊ နိုဝင်ဘာလတွင် ဓာတ်ပုံဆရာ ဟူဂရေးဆိုသူသည် ရာသီဥတုသာယာသော ညဦးတွင် ကန်တော်ကြီး၏ ကမ်းနားရေစပ်အနီး လမ်းလျှောက်လာစဉ် သူနှင့် ကိုက် ၁၀၀ ခန့် ကွာဝေးသော ကန်ရေပြင်ထက်တွင် ရေများ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ အလျားပေ ၄၀ ခန့်ရှိသော မြွေကြီးတစ်ကောင်နှင့်တူသော အမျိုးအမည်မသိရသော သတ္တဝါကြီးတစ်ကောင်အား ရုတ်တရက်တွေ့လိုက်ရသဖြင့် သူတွင် အသင့်ပါလာသော ကင်မရာဖြင့် အမိအရ ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်။ သို့သော် ယင်းဓာတ်ပုံမှာ မှုန်ဝါးဝါးဖြစ်နေသဖြင့် မြင်ရသူအချို့က ထိုဓာတ်ပုံမှာ တမင်ဖန်တီးရိုက်ကူးသောပုံ ဖြစ်နိုင်သည်ဟု ဆိုကြသဖြင့် အငြင်းပွားဖွယ် ဖြစ်ခဲ့ရ၏။

ဤသို့အတွင်း တောတွင်းသဘာဝဓာတ်ပုံများကို ရိုက်ကူးရန် ဝါသနာပါသော အပျော်တမ်းဓာတ်ပုံပညာရှင် ဆရာဝန် ရောဘတ်ဝီလဆင် ဆိုသူက ထိုရေအိုင်ကြီးတစ်နေရာတွင် အချိန်တော်အောင် စောင့်ဆိုင်းနေစဉ် ရုတ်တရက် ပေါ်လာသော အမျိုးအမည်မသိရသည့် ရေသတ္တဝါကြီး၏ ဓာတ်ပုံကို အမိအရ ရိုက်ကူးနိုင်ခဲ့သည်။ ယင်းဓာတ်ပုံကို သတင်းမီဒီယာများက သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများတွင် ထည့်သွင်းဖော်ပြခဲ့ရာမှ ထိုရေသတ္တဝါကြီး ကန်ကြီးအတွင်း အမှန်တကယ်ရှိသည်ဟု လူအများက မှတ်ယူခဲ့ကြတော့၏။

ဤတွင် ထိုရေအိုင်ကြီး၏ ပတ်ဝန်းကျင်တွင် ကျောင်းသားကျောင်းသူများ၊ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ဝါသနာပါသူများ စုဝေးရောက်ရှိလာကြ၏။ စီးပွားရေးသမားများကလည်း ဤရေအိုင်ကြီး၏ ပတ်ဝန်းကျင်ကျေးရွာများတွင် ဟိုတယ်များ တည်ဆောက်ခဲ့ကြသည်။ ထိုသတ္တဝါကြီး ပို၍ ထင်ပေါ်လာအောင် ဖန်တီးခဲ့ခြင်းမှာ အင်္ဂလန်နိုင်ငံမှ ဆပ်ကပ်ပိုင်ရှင်တစ်ဦးကြောင့် ဖြစ်သည်။ ထိုဆပ်ကပ်ပိုင်ရှင်သည် ထိုသတ္တဝါကြီးအား အရှင်ဖမ်းဆီးပေးနိုင်သူအား ဆုငွေ ပေါင် ၂၀၀၀၀ (နှစ်သောင်း)ပေးမည်ဟု သတင်းစာများ၊ ဂျာနယ်များတွင် ထည့်သွင်းကြော်ငြာခဲ့ရာ ထိုသတ္တဝါကြီးမှာ ဟိုးဟိုးကျော်ခဲ့ရတော့၏။

ဤသို့အတွင်း လုပ်ကြံဖန်တီးသော ကောလာဟလသတင်းများ၊ ယုံတမ်းဂဇက်သတင်းများ ထွက်လာခဲ့သည်။ ထိုသတင်းများမှာ အဆိုပါ ရေအိုင်ကြီးပတ်ဝန်းကျင်တွင် အလွန်ကြီးမားသော ခြေလေးချောင်းရှိသည့် သတ္တဝါကြီးတစ်ကောင်၏ ခြေရာများ တွေ့ရသည်ဟု ဆိုလာပြန်ရာ အုတ်အော်သောင်းတင်း ဖြစ်ရပြန်သည်။

၁၉၃၄ ခုနှစ်၊ နွေရာသီတွင် အမေရိကန်ပြည်ထောင်စုသား ရေအောက်ဓာတ်ပုံရိုက်ကူးသူ ဂျွန်ဝီလီယံဆိုသူသည် ရေငုပ်ကိရိယာများ၊ ခေတ်မီဓာတ်ပုံရိုက်ကူးသည့် ကင်မရာများဖြင့် ရေကန်အောက်ဆင်း၍ ဓာတ်ပုံရိုက်ကူးရန် ကြိုးစားခဲ့သော်လည်း ထိုရေသတ္တဝါကြီးကို မတွေ့ခဲ့ရ။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်လာသည်နှင့် ထိုသတ္တဝါကြီး၏ သတင်းမှာ ငြိမ်သက်သွားခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး ၁၉၄၇ ခုနှစ်က စတင်၍ ထိုရေသတ္တဝါကြီး၏ သတင်းမှာ ပြန်ပေါ်လာပြန်သည်။ ကောလာဟလသတင်းများ ဒုနှင့်ဒေး ထွက်ပေါ်လာခဲ့သော်လည်း ထိုသတ္တဝါကြီးနှင့် ပတ်သက်သော သတင်းအတိအကျ မရခဲ့။ ၁၉၆၂ ခုနှစ်ဆန်းပိုင်းကစ၍ ဗြိတိသျှသဘာဝလေ့လာရေးအသင်းမှ ပညာရှင် ဝိတိစကော ကြီးမှူးသော ပညာရှင်များက ဓာတ်ပုံဆရာများ၊ ရေငုပ်သမားများသည် ထိုရေအိုင်ကြီးအနီးအနားတွင် ၁၉၇၂ ခုနှစ်အထိ စခန်းချနေထိုင်ကာ စူးစမ်းလေ့လာခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း ပြုခဲ့သော်လည်း လူအများလက်ခံလာနိုင်သည့် သဘာဝကျသော အခြေနှင့် ဓာတ်ပုံများ ရိုက်ကူးပြသနိုင်ခြင်း မရှိခဲ့။ ဤတွင် ဗြိတိသျှဘုရင်မကြီး၏ ရေတပ်မတော်မှ ရေငုပ်သင်္ဘောငယ်တစ်စီးအား သယ်ယူလာခဲ့ပြီး ကန်ရေပြင်အောက်ဆင်း၍ စုံစမ်းမှုများပြုခဲ့သော်လည်း မီးမှောင်နေသဖြင့် မည်သည့်အရာမှ မတွေ့ခဲ့ရဟု ဆိုသည်။ အချို့စောင့်ကြည့်သူအများကမူ ပေ ၃၀ ခန့် အလျားရှိသော ထိုသတ္တဝါကြီးသည် ရေအိုင်အတွင်းမှ ရုတ်တရက်ပေါ်လာပြီး ရေများခါချသည်ကိုမြင်ရသည်ဟု သတင်းများလည်း ထွက်လာသည်။

ထိုစဉ်အတွင်း အမေရိကန်ပြည်ထောင်စု၊ စမ်ဆိုနီယန်အင်စတီကျူမှ သတ္တဗေဒပါမောက္ခ ဂျိမ်းအူရစ်ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ ၁၉၇၂ ခုနှစ်တွင် ရောက်ရှိလာခဲ့ပြီး ထိုရေအိုင်ကြီးအနီးရှိ ရေအိုင်တစ်ခုတွင် တည်းခို၍ ရေသတ္တဝါကြီးအား စောင့်ကြည့်ခဲ့သော်လည်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခြင်းမရှိခဲ့။ ဤသို့အတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ရေကြောင်းအာမခံ လွိုက်ကုမ္ပဏီကြီးက အထက်ဖော်ပြပါ ရေအိုင်ကြီးအတွင်းမှ အမျိုးအမည်မသိရသော ရေသတ္တဝါကြီးအား အရှင်ဖမ်းဆီးပေးနိုင်သူအား ဆုငွေပေါင်တစ်သန်းပေးမည်ဟု ကြော်ငြာချက်ထုတ်ခဲ့သော်လည်း မည်သူမျှ ဆုငွေမယူနိုင်ကြပေ။ အပျော်တမ်းဓာတ်ပုံဆရာအများကမူ ထိုသတ္တဝါကြီးကို အမိအရ ဓာတ်ပုံရိုက်ကူးရရှိသည်ဟု ဆိုကာ ဓာတ်ပုံများအား သတင်းမီဒီယာများကို ထုတ်ပြန်ပေးခဲ့၏။

၁၉၇၃ ခုနှစ်အတွင်းမှာပင် ဂျာမဏီနိုင်ငံ၊ မြူးနစ်တက္ကသိုလ်မှ ကျောင်းသူနှစ်ယောက်သည် အထက်ဖော်ပြပါ ရေအိုင်ကြီးအနီး ရက်ပေါင်းများစွာ စောင့်ကြည့်နေစဉ် ထိုသတ္တဝါဆန်းကြီးသည် ရေကန်ကြီးအတွင်းမှ ရုတ်တရက် ၁၅ မိနစ်ခန့် ပေါ်လာသည်ကို အမိအရ ဓာတ်ပုံရိုက်ယူခဲ့သည်ဟုဆိုကာ ဓာတ်ပုံများအား သတင်းမီဒီယာများသို့ ဖြန့်ဝေပေးခဲ့သည်။ ဤသို့အားဖြင့် ရာစုနှစ်ပေါင်းများစွာ သတင်းစာကြီးများ၊ သတင်းမဂ္ဂဇင်းများတွင် နေရာယူခဲ့သော လော့(ခ်ျ)နက်(စ်)သတ္တဝါကြီးမှာ ဇာတ်မသိမ်းနိုင်ခဲ့၊ ဆက်လက်နေရာယူဆဲ ဖြစ်သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

The Loch Ness Story By N. Witchell



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး နှင့် ကျွန်တော်

## ( ၁ )

◆ သူတော်စင်မင်းအောင်

ခုနှစ်အတိအကျတော့ မမှတ်မိတော့ဘူး။ စိတ်ထင် ၁၉၅၇ ခုနှစ်လောက်ဟု ထင်ပါသည်။ အဲဒီအချိန်တုန်းက ခါကျွတ်တဲ့အခါမှာ ဝေဘူဆရာတော်ကြီး ရန်ကုန်ကိုကြွလာပြီး ဘက္ကသိုလ်ဓမ္မာရုံမှာ သီတင်းသုံးပါသည်။ ရန်ကုန်မြို့တွင်းရှိ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဆွမ်းခံကြွတော်မူပါသည်။ ဆရာတော်ကြီးဘေးကနေ နိုင်ငံတော်သမ္မတကြီးဟောင်း စပ်ရွှေသိုက်က နေ့စဉ်လိုက်ပါပြီး ဆွမ်းခံတဲ့ ဝေယျာဝစ္စများကို ကူညီခြင်းဖြစ်ပါသည်။ နေ့စဉ်သတင်းစာများက ဝေဘူဆရာတော်ကြီး ဆွမ်းခံကြွမည့် နေ့ရက်၊ အချိန်နှင့်တကွ ရပ်ကွက်အမည်များပါ ပြည့်ပြည့်စုံစုံ နေ့စဉ်ထည့်သွင်းဖော်ပြပေးသဖြင့် ဆွမ်းလောင်းလှူလိုသူများအတွက် အလွန်တန်ဖိုးရှိပါသည်။

ထိုအခါက ကျွန်တော်သည် မန္တလေးမြို့မှ ရန်ကုန်သို့ ပြောင်းလာစအချိန် ဖြစ်ပါသည်။ ကျောက်မြောင်း၊ ဘိုလိမ်းလမ်း၊ သိန်းတရာ လက်နှိပ်စက်သင်တန်းနှင့် နှစ်အိမ်ခြားမှာ နေပါသည်။ သတင်းစာထဲမှာ ဝေဘူဆရာတော်ကြီး ဆွမ်းခံကြွမည့်သတင်းကို ဂရုစိုက်ပြီး မှတ်သားနေပါသည်။ ဘိုလိမ်းလမ်း၊ ကျောက်မြောင်းသို့ ဆွမ်းခံကြွမည့်သတင်း တစ်နေ့မှာ ပါလာပါသည်။ ဝေဘူဆရာတော်ကြီးကို ဖူးတွေ့ချင်တဲ့စိတ်၊ ကိုယ်တိုင်ဆွမ်းကပ်လိုသည့်ဆန္ဒများ ပြင်းပြင်းပြပြ ဖြစ်ပေါ်နေပါသည်။ ဆွမ်းခံကြွတဲ့အခါမှာ အများနည်းတူ ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူရန် လွယ်ကူသော်လည်း ကိုယ်တိုင်ဆွမ်းတစ်နပ်ကပ်ချင်သည့်ဆန္ဒ ပြည့်ဝရန်မှာ အလွန်ခက်ခဲပြီး မဖြစ်နိုင်သောကိစ္စဟု တွေးမိပါသည်။

ကျွန်တော်၏ စိတ်သည် မိမိဆောင်ရွက်လိုသော ကောင်းကျိုးလိုရာဆန္ဒကို လွယ်လွယ်ဖြင့် အလျှော့ပေး လက်မြှောက်သူမဟုတ်ပါ။ ဒီတော့ အကြံထုတ်ရပြီပေါ့။ ဘယ်လိုဆောင်ရွက်ရမလဲ တွေးတဲ့အခါ "မဟာဒုက်"ဆွမ်းလှူပုံကို သွားသတိရပါသည်။ "မဟာဒုက်"ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာ မဟုတ်ပါ။ ကဿပမြတ်စွာဘုရားပွင့်တော်မူတဲ့အခါက ဖြစ်ပါသည်။ သူ့လုံ့လ၊ ဇွဲကောင်းလွန်းလို့ ဘုရားတစ်ဆူခြားသည့်တိုင်အောင် သူ့သတင်းက ကျော်ကြားနေခြင်း ဖြစ်ပါသည်။ မဟာဒုက်ဆိုတာ ဗာရာဏသီပြည်မှာ အဆင်းရဲဆုံး ဆင်းရဲသားတစ်ယောက် ဖြစ်ပါသည်။ တစ်နေ့မှာ ကဿပမြတ်စွာဘုရားနှင့်သံဃာတော် ၅၀၀ တို့ ဆွမ်းခံကြွမည့်သတင်း သိရသောအခါမှာ ဆင်းရဲသား မဟာဒုက်က ဆွမ်းလောင်းလှူလိုတဲ့ ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်သည့်အလျောက် ဆွမ်းခံသံဃာတော်များအတွက် စာရေးတံမဲ ချပေးတဲ့ ဥပသကာကြီးထံသွားပြီး သူ့အတွက် သံဃာတစ်ပါးမှတ်သားပေးရန် ပြောပါသည်။ ဥပသကာကြီးကလည်း ကောင်းပြီ မဟာဒုက်၊ ငါမှတ်သားထားလိုက်ပါမည်ဟု ဝန်ခံစကားပြောသဖြင့် မဟာဒုက်က ဘယ်အခါကမှမဖြစ်ဖူးတဲ့ ဝမ်းသာပီတိဖြစ်ပါသတဲ့။ သူကြိုးစားရှာဖွေလို့ရတဲ့ တစ်နေ့စာကို ဆွမ်းဟင်းအတွက် ငါးကြင်းကြီးတစ်ကောင်ကိုဝယ်ပြီး တချို့ကိုချက်၊ တချို့ကိုကြော်ပါသည်။ သူ့ဇနီးသည်ရဲ့ တစ်နေ့စာ လုပ်ခရတဲ့ဟာကို ဆန်ကောင်းတစ်ပြည်ဝယ်ပြီး ဆွမ်းချက်ပါသတဲ့။ ဆွမ်းလောင်းမည့်နေ့ရောက်တော့ ဥပသကာကြီးထံ ဦးစွာသွားပြီး သူ့အတွက် သံဃာတစ်ပါး ဘယ်ကိုယ်တော်ရသလဲမေးတော့ ဥပသကာကြီး မျက်လုံးပြူးသွားပြီး ဟိုက်···ဒုက္ခတော့ရောက်ပြီ မဟာဒုက်ရေ။ ငါသတိမေ့ပြီး မင်းအတွက် သံဃာမဲမမှတ်မိလို့ မရတော့ဘူးကွာလို့ ပြောပြီး တောင်းပန်ပါသည်။

မဟာဒုက်ကလည်း ဥပသကာကြီးရယ်၊ ဒီဗာရာဏသီပြည်မှာ ကျွန်တော်ဟာ အဆင်းရဲဆုံးဆိုတာ ခင်ဗျားသိပါတယ်။ ကျွန်တော့်ဘဝမှာ ဒီဆွမ်းတစ်နပ်ကပ်ဖို့၊ လောင်းလှူဖို့ အလွန်ပင်ပန်းဆင်းရဲခံပြီး ကြိုးစားထားရပါတယ်ခင်ဗျာ။ ဒီလိုအပင်ပန်းခံပြီးမှ စီစဉ်ရတဲ့ ဆွမ်းနဲ့ ဆွမ်းဟင်းကိုတော့ အဆုံးရှုံးမခံနိုင်ပါဘူးခင်ဗျာ။ ကျွန်တော့်ကို သနားသဖြင့် အကြံတစ်ခုခုတော့ပေးပါခင်ဗျာလို့ ရှိခိုးတောင်းပန်တော့မှ ဥပသကာကြီးက မင်းကံကောင်းပါတယ်။ မြတ်စွာဘုရားအတွက် ဆွမ်းအ



www.burmeseclassic.com

www.burmeseclassic.com

မရွှေးရသေးဘူးကွ။ မြတ်စွာဘုရား ဂန္ဓကုဋိ ကျောင်းတော်ဝကိုသွား။ မြတ်စွာဘုရား ထွက်ကြွတော်မူလာတဲ့အခါ အဲဒီသပိတ်ကို ရအောင်လျှောက်ထားပေတော့လို့ အကြံပြုပါတယ်။ မြတ်စွာဘုရား သပိတ်တော်ကိုရဖို့ ရှင်ဘုရင်နဲ့ သူဌေးသူကြွယ်တွေ ပြည့်လို့။ လွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ မဟာဒုက်ဟာ ငွဲ့လုံ့လကြီးစွာထွားပြီး မင်း၊ သူဌေးသူကြွယ်တွေကြားက ဘုရားကျောင်းပေါက်ဝရောက်အောင် တိုးခွေပြီး သွားပါတယ်။

ကဿပမြတ်စွာဘုရားသည် ကျောင်းတော်တံခါးကိုဖွင့်ပြီး သပိတ်ကိုပိုက်လျက် ထွက်တော်မူလာတာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မဟာဒုက်လည်း လက်အုပ်ချီလိုက်ကာ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒီဗာရာဏသီပြည်မှာ တပည့်တော်ဟာ အဆင်းရဲဆုံးပါဘုရား။ တပည့်တော်အား သနားချီးမြှင့်တော်မူပါဘုရား" ဟု ရဲတင်းစွာလျှောက်ထားလိုက်လေသည်။

မြတ်စွာဘုရားသည် လက်တော်မှ သပိတ်တော်ကို မဟာဒုက်လက်သို့ ပေးအပ်လိုက်ပါသည်။ ဤထုံးကို နှလုံးမူပြီး ကျွန်တော်လည်း ဝေဘူဆရာတော်ကြီးကို ကိုယ်တိုင် ဆွမ်းတစ်နပ် ကပ်လှူနိုင်ရေးအတွက် ကြိုးစားရပါတော့မည်။ ဝေဘူဆရာတော်ကြီးသည် ရဟန္တာဟု အများပြောတာ ကြားဖူးထားတော့ ဆရာတော်ကြီးကို စိတ်တဲ့လျှောက်ထားရန် ဖြစ်နိုင်မည်ဟု အသိဉာဏ်ထဲမှာ ပွင့်လင်းသွားပါသည်။

ကျွန်တော်သည် ဈေးကိုသွားပြီး သံသပိတ်တစ်လုံးနှင့် ဆွမ်းဟင်းခွက် ၅ ခွက် ဝယ်ခဲ့ပါသည်။ သက်လွတ်ဆွမ်းဟင်းအတွက် လိုအပ်သော အသီးအနှံများနှင့် ပဲငါးပိကိုပါ ဝယ်ခဲ့ပါသည်။ နောက်တစ်နေ့မနက်မှာ ဘိုလိမ်းလမ်းသို့ ဝေဘူဆရာတော်ကြီး ကြွမှာဖြစ်၍ ကြိုတင်ပြင်ဆင်ရပါသည်။

ည ၈ နာရီအချိန်တွင် ကျွန်တော်သည် မြတ်စွာဘုရားအား သောက်တော်ရေချမ်း၊ ဆီမီးတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့ပြီး ငါးပါးသီလခံယူဆောက်တည်ပါသည်။ သတ္တဝါများကို မေတ္တာပို့ပြီးနောက် ဝေဘူဆရာတော်ကြီး၏ မျက်နှာတော်ပေါ်လာအောင် စိတ်ထဲက အာရုံယူလျက် "ဝေဘူဆရာတော်ကြီးဘုရား···တပည့်တော်သည် စီးပွားပျက်သဖြင့် ရန်ကုန်မြို့သို့ပြောင်းရွှေ့လာပြီး ကျောက်မြောင်းဈေးထဲမှာ လက်တွန်းလှည်းလေးနဲ့ ငရုတ်သီး၊ ကြက်သွန်နီ/ဖြူ၊ အာလူးနဲ့ ပဲဆီ၊ နှမ်းဆီတို့ရောင်းနေရပါတယ်ဘုရား။ တပည့်တော်၏တစ်သက်တာမှာ ဒီလောက် ပင်ပန်းဆင်းရဲတဲ့အလုပ်ကို ပထမဆုံးလုပ်နေရပါတယ်ဘုရား။ တပည့်တော်၏ ခွေးနဲ့ဓာလေးနဲ့ ဆရာတော်ကြီးကို ဆွမ်းတစ်နပ် ကပ်ခွင့်ပေးသနားတော်မူပါဘုရား။ နက်ဖြန်မနက်မှာ ဆရာတော်ကြီး ဆွမ်းခံကြွလာတဲ့အခါမှာ တပည့်တော်ကပ်လှူတဲ့ ဆွမ်းသပိတ်ကို အလှူခံပြီး ထိုဆွမ်းကိုသာ ဘုဉ်းပေးတော်မူပါဘုရား" ဟု ယုံကြည်သဒ္ဓါဖြင့် လျှောက်ထားလိုက်ပါသည်။ နံနက်စောစောထပြီး ကိုယ်တိုင် ဆွမ်းနှင့် ဆွမ်းဟင်းများချက်ပါသည်။ နံနက် ၈ နာရီခွဲအချိန်လောက်မှာ ဝေဘူဆရာတော်ကြီး ဆွမ်းခံကြွလာပါပြီ။ ကျွန်တော် အိမ်ရှေ့ထွက်၊ လမ်းပေါ်ရောက်အောင်သွားပြီး ဆွမ်းသပိတ်ကိုပိုက်လျက် စောင့်နေပါသည်။ ကျွန်တော့်ရှေ့သို့ ဆရာတော်ကြီးရောက်လာသောအခါ ကျွန်တော်က ရှေ့တစ်လှမ်းတိုးပြီး ဆွမ်းသပိတ်ကပ်လှူလုပ်တဲ့အခါမှာ ဆရာတော်ကြီးဘေးကရံပြီး လိုက်လာတဲ့ သမ္မတကြီး စပ်ရွှေသိုက်က ကျွန်တော့်သပိတ်ကို လှမ်းယူရန် လက်ဟန်ပြင်လိုက်ပါသည်။ ကျွန်တော်က သမ္မတကြီးခင်ဗျား သည်းခံတော်မူပါ။ ကျွန်တော်ကိုယ်တိုင် ဆရာတော်ကြီးလက်သို့ ကပ်လှူပါရစေဟု ခွင့်တောင်းပြီး "ဆရာတော်ကြီး၊ သနားသဖြင့် တပည့်တော်ကပ်လှူသည့်ဆွမ်းကို အလှူခံတော်မူပါဘုရား" ဟု လျှောက်ထားလျက် ဆရာတော်ကြီးလက်သို့ ကိုယ်တိုင် ဆွမ်းသပိတ်ကို ကပ်လှူလိုက်တာနဲ့ တစ်ပြိုင်နက် ဆရာတော်ကြီးက သာဓု···သာဓု···သာဓုဟု သာဓုသုံးကြိမ်ခေါ်လိုက်ပါသည်။ ဆရာတော်ကြီး သာဓုသံသည် ကျွန်တော်ရင်ဘတ်ကို ဖောက်ထွင်းဝင်သွားပြီး နှလုံးသားသို့ စိမ့်ဝင်သွားတဲ့ ဝမ်းသာပီတိသည် ကျွန်တော့်တစ်သက်တာတွင် ပထမဆုံးဖြစ်ပါသည်။ ဖြစ်သည့် ဝမ်းသာပီတိအရသာကို ပေါ်လွင်အောင် ကျွန်တော်ရေးမပြတတ်ပါ။

သမ္မတကြီး စပ်ရွှေသိုက်က ဝေဘူဆရာတော်ကြီးလက်ထဲက ကျွန်တော်ကပ်ထားသည့် သပိတ်တော်ကိုယူရန် လက်ကမ်းလိုက်သည့်အခါတွင် ဆရာတော်ဘုရားကြီးက "သည်းခံပါ တကာကြီး။ သူက လှူပါးဖူး၊ ညကတည်းက သူ့ဆွမ်းကိုအလှူခံဖို့ ကြိုတင်လျှောက်ထားပြီးသားပါ" ဟု အမိန့်ရှိတဲ့ အသံဟာလည်း ကျွန်တော့်နှလုံးသည်းပွတ်သို့ ဒုတိယအကြိမ် ထိုးဖောက်ဝင်ရောက်ပြီး ဝမ်းသာပီတိ ဂွမ်းဆီထိမျှ ခံစားမိပါသည်။ ပြီးတော့ ဆရာတော်ဘုရားသည် ကျွန်တော့်သပိတ်ကို ပိုက်လျက် ဆင်းကြွသွားပါတော့သည်။

သတ္တဝါတွေ ချမ်းသာကြပါစေ···။

**သူတော်စင်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တွင်းပြည်ပ
# စိညာဉ်လောက
# ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### ကိုယ်တွေ့တစ္ဆေ

ရှေးပဝေသဏီကစ၍ ယနေ့ထိ ကမ္ဘာပေါ်တွင်ရှိ ဒိုင်းပြည်နိုင်ငံတိုင်းလိုလို၌ သေပြီးသူများကို တစ်ခါတစ်ရံ တွေ့မြင်ရသည်ဆိုသောသူများ ရှိကြ၏။ ဤသည်မှာ ကမ္ဘာ့ရှေးသားတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက် ဖြစ်ပေရာ ဆင်းကို အကြောင်းပြု၍ တစ္ဆေခြောက်သည်၊ သေသူက အမလွန်ဘဝမှ လာ၍ ကိုယ်ထင်ပြသည်၊ ကိုယ်ရောင်ပြသည် စသည်ဖြင့် ပြောစမှတ်ပြုကြ၏။

စိတ်ဝိညာဉ်သုတေသီ ဆရာတို့က တစ္ဆေအတွေ့အကြုံများကို စိတ်ဓာတ်ဆက်သွယ်ခြင်း (ဝါ) တယ်လီပသီခြင်း အာရုံထင်မှုများဖြစ်သည်ဟု ယူဆကြ၏။ တစ္ဆေကို လူအများ မြင်ကြရခြင်းမှာ တစ်ဦးမှတစ်ဦးသို့ စိတ်ဓာတ်ကူးဆက်သွားသောကြောင့် ဖြစ်သည်ဟု ဆို၏။ တစ္ဆေအကြောင်းကို ရှေးဦးပထမ နိုက်ချွတ်လေ့လာခဲ့သူ ဒေါက်တာဖရက်ဒရစ်မေယား၏ အလိုအားဖြင့် လူတစ်ဦးသေပြီးသည့်နောက်ပိုင်း ဆရိုပိုင်းအတွင်း အခြားလူတစ်ဦးက သေသူကို မြင်ရခြင်းမှာ သေမည့်သူသည် သေခါနီးဆဲဆဲတွင် အခြားလူတစ်ဦးကို သတိရပေမည်။ သို့ဖြင့် သူ၏စိတ်သည် ဒုတိယလူ၏ စိတ်နှင့် ဆက်သွယ်ပြီး ထိုလူ၏ဘဝ၌ ကိန်းအောင်းနေပေမည်။ သူသေပြီးမှ ထိုစိတ်သည် သက်ရှိလူ၏ မနောဝိညာဉ်အပေါ်လွှာသို့ ရောက်ရှိ၍ အာရုံထင်လာခြင်း ဖြစ်ပေလိမ့်မည်။

၁၈၉၀ ပြည့်နှစ်က ဗြိတိသျှ စိတ်ဝိညာဉ် သုတေသနအသင်းသည် အသင်းကိုယ်စားလှယ်များကို စေလွှတ်၍ အာရုံထင်ခြင်းနှင့် ပတ်သက်ပြီး အတော်ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာခဲ့၏။ အသင်းက မေးပြီးသော လူပေါင်း ၁၇၀၀ ရှိသည့်အနက် လူ ၂၂၇၂ ယောက်က အာရုံထင်ခြင်းရှိခဲ့ဖူးကြောင်း ဖြေဆိုကြ၏။ ၎င်းတို့ထဲမှ ဖြေဆိုပုံ မရေရာ မသေချာသော လူများကို ပယ်လိုက်၍ လူ ၁၆၈၄ ဦး အမှန်အကန်ကျန်ရှိ၏။ သို့ဖြင့် သုတေသနအသင်းက မေးမြန်းစုံစမ်းသော လူများတွင် အရက်သောက်ခြင်း၊ ဖျားနာခြင်းကြောင့်မဟုတ်ဘဲ အလိုလို အာရုံထင်ဖူးလာသူများမှာ တစ်ဆယ်ရာခိုင်နှုန်းနီးပါးမျှ ရှိ၏။ ၁၉၄၈ ခုနှစ်၌ အခြားသုတေသနအဖွဲ့တစ်ခုက အလားတူ စုံစမ်းကြည့်ရာ အသေအချာ အာရုံထင်ဖူးသောသူများမှာ ၁၄ ရာခိုင်နှုန်းမျှရှိကြောင်း တွေ့ရ၏။

### ပတ္တမြားခင်၏ ကိုယ်တွေ့

စာရေးဆရာမ ပတ္တမြားခင်က ဝိညာဉ်နှင့် ပတ်သက်၍ အမှန်တကယ် ဖြစ်ပျက်တွေကြုံခဲ့သည့် သူ့ကိုယ်တွေ့ကို ရေးသားဖော်ပြခဲ့ဖူးလေသည်။

ပတ္တမြားခင်တို့၏ မိသားစုသည် ကျယ်ဝန်းသော အိမ်ကြီးတစ်လုံးသို့ ပြောင်းရွှေ့နေထိုင်ကြစဉ်က ဖြစ်သည်။ ပတ္တမြားခင်၏ မိခင်ကြီးက ညအချိန်တွင် ကုလားလေးတစ်ယောက်က သူ့အား မကြာခဏ လာနှောင့်ယှက်နေသည်ဟု ပြောရာ မိခင်ကြီးသည် လူကြီးဖြစ်၍ စိတ်မှုမမှန်မှုကြောင့် ထင်မြင်ခြင်းဖြစ်သည်ဟု ထင်မှတ်နေကြ၏။

တစ်ညတွင်ကား ထိုအိမ်ကြီးတွင် ပတ္တမြားခင်၏



www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းကိုယ်တိုင်ပင် ကုလားလေးကို မျက်ဝါးထင်ထင်တွေ့မြင်ရသဖြင့် လိုက်လံဖမ်းဆီးရာ မမိဘဲ ပျောက်ကွယ်သွားလေသည်။

ပတ္တမြားခင်ကိုယ်တိုင်ကား မျက်စိဖြင့် တပ်အပ်ကုလားလေးကို မမြင်ရသော်လည်း တစ်ညတွင် မှန့်ထည့်ထားသည့် မှန့်သံဘူးများဖွင့်သံကြားရသဖြင့် ကြည့်ရာ ဖွင့်သူကို မမြင်ရသော်လည်း သံဘူးအဖုံးမှာ လူတစ်ယောက်ဖွင့်နေသကဲ့သို့ အလိုလို ပွင့်အန်သွားသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်၏။ ထို့ကြောင့် ယခု သူတို့ရောက်ရှိနေထိုင်လျက်ရှိသောအိမ်ကြီး၏ သမိုင်းအကြောင်းကို ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များထံစုံစမ်းမေးမြန်းကြည့်ကြ၏။

ဤအိမ်ကြီးတွင် ပထမပိုင်ရှင်နေထိုင်စဉ်က ၂ နှစ်အရွယ် ကုလားကလေးမှာ အိမ်သူအိမ်သားသဖွယ်ဖြစ်ပြီးဤအိမ်ကြီးတွင် ဝင်ထွက်သွားလာနေထိုင်ခဲ့သည်ဆို၏။ မကြာမီ ထိုကုလားကလေးမှာ သေဆုံးသွားခဲ့ပြီး ပထမပိုင်ရှင်များထံမှ ပတ္တမြားခင်တို့မိသားစုက လွှဲပြောင်းဝယ်ယူလိုက်ကြခြင်း ဖြစ်၏။

ပတ္တမြားခင်၏ မိခင်နှင့် ခင်ပွန်းတို့ကိုယ်တိုင် မြင်တွေ့ရသော ကုလားကလေး၏ ပုံသဏ္ဌာန်နှင့် မကြာခင်က ကွယ်လွန်ခဲ့သော ကုလားလေး၏ ပုံသဏ္ဌာန်မှာ ထပ်တူထပ်မျှ တူညီလေသည်။

## ရန်အောင်၏ ကိုယ်တွေ့

စာရေးဆရာ ရန်အောင်၏ မိခင်သည် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလတွင် ကွယ်လွန်သွား၏။ ထို့နောက် နှစ်လအကြာ ဒီဇင်ဘာလတွင် စာဆိုတော်နေ့အခမ်းအနား စာပေဟောပြောပွဲများအတွက် စာပေဟောပြောရန် နောင်ချိုကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များသို့ သွားရောက်ပြီးနောက်လားရှိုးမြို့တွင် အမေ့အကြောင်းကိုပင် အမေဟူသော ခေါင်းစဉ်ဖြင့် စာအုပ်ရေးနေ၏။

တစ်ညတွင် ရန်အောင်သည် အိပ်တော့မည်ဟု အိပ်ရာဝင်ရာ အိပ်တစ်ဝက်၊ နိုးတစ်ဝက်အဖြစ်သို့ ရောက်ရှိသွား၏။ အိပ်တစ်ဝက်၊ နိုးတစ်ဝက်ဟူသည့် အိပ်မက်မက်အောင် အိပ်ပျော်ခြင်းလည်းမဟုတ်၊ နိုးနေခြင်းလည်း မမည်။ နိုးခြင်းနှင့် အိပ်မက်မက်ခြင်း၏ ကြားကာလဟု ခေါ်နိုင်သည်။

အထက်ပါအတိုင်း လားရှိုးမြို့၌ ညအချိန်တွင် ရန်အောင်သည် အိပ်ရာဝင်ရာ ကွယ်လွန်ပြီးသူ ရန်အောင်၏ အမေသည် ရန်အောင်အိပ်နေသည့် ...ဘင်အနီး၌ ...ရပ် နေ၏။

ရန်အောင်သည် မျက်စိကို မှိတ်ထားသော်လည်း အမေ့ရုပ်သွင်ကို မြင်ကွင်းထဲတွင် ထင်ထင်ရှားရှား မြင်နေ သည်။ သို့သော် အမေ၏ ရုပ်သဏ္ဌာန်မှာ မကွယ်လွန်မီက ရုပ်မျိုးမဟုတ်။ ကွယ်လွန်ပြီးနောက် ရေခဲတိုက်ထဲတွင် ထား သည့်အခါ ရုပ်သွင်မျိုး ဖြစ်နေသည်။

ရန်အောင်သည် ဖျတ်ခနဲ မျက်စိကို ဖွင့်ကြည့်လိုက် မိ၏။ သို့သော် အမေ့ကို မတွေ့ရတော့ပေ။

## အခြားအဖြစ်ထူးတစ်ရပ်

ဒုတိယကမ္ဘာစစ် ဖြစ်စအချိန်က ဖြစ်သည်။ ရန်အောင် သည် စစ်ကိုရှောင်ရင်း မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့သို့ ရောက် သွားကာ အိမ်တစ်အိမ်တွင် တည်းခိုနေထိုင်လေသည်။ ည အချိန်၌ ရန်အောင်သည် ထိုအိမ်၏ အိမ်ဦးခန်းတွင် အိပ်ရာ အိပ်၍မပျော်တပျော် အချိန်တွင် အိမ်၏အတွင်းခန်းထဲ မိန်းမပျိုကလေးတစ်ယောက် ထွက်လာသည်ကို ရန်အောင် မြင်တွေ့ရ၏။

ထိုမိန်းမပျိုကလေးသည် ရန်အောင်အိပ်နေသည့် အနီးတွင် ထိုင်လိုက်ပြီး ရန်အောင်၏ပခုံးကို သိုင်းဖက် မ... လိုက်ရာ ရန်အောင်သည် ထိုင်လျက်အနေအထားဖြစ်သွား သည်။ ထိုအခါတွင်မှ ရန်အောင် မျက်စိကိုဖွင့်၍ ထိုက်ကြည့် ရာ မိန်းမပျိုလေးကို မမြင်ရတော့ချေ။

နောက်တစ်နေ့တွင် အိမ်နီးချင်းများအား အကျိုး အကြောင်းပြောပြ မေးစမ်းကြည့်ရာ ဤအိမ်တွင် လွန်ခဲ့သော တစ်လကျော်ခန့်က မိန်းမပျိုလေးတစ်ယောက် ပုလိပ်ရော ဖြင့် ကွယ်လွန်ဖူးကြောင်း ပြောပြ၏။ ထိုမိန်းမပျိုကလေး ရုပ်ဆင်းသဏ္ဌာန်ပုံစံကို မေးကြည့်ရာ ရန်အောင်မြင်တွေ့လိုက် ရသည့် မိန်းကလေး၏ ပုံပန်းမျိုးကိုပင် ပြောပြကြလေသည်။

လှတိုး(စိတ်ပ...



www.burmeseclassic.com

www.burmeseclassic.com

## အံ့ဖွယ်ထူးဆန်း

# မြန်မာ့ဆေးစွမ်းကောင်းများ (၆)

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီး ဦးစံမတူတစ်ယောက် ဆေးကုလိုက်၊ ဆေးဖော်လိုက်ဖြင့် အလုပ်ရှုပ်နေပါ၏။ လူနာများကလည်း ပျောက်ကင်းမှု များလာသဖြင့် နေ့စဉ်ဆိုသလို လာရောက်ကုသကြပါ၏။ အပြောကလည်း ကောင်း၊ ဆေးကလည်း စွမ်း၊ ကုသိုလ်ဖြစ်တာလည်း ပါသဖြင့် လူနာများ စည်ကားနေပါတော့၏။ သူကြီး ဦးထွန်းလှတစ်ယောက်လည်း အချိန်အားလပ်သဖြင့် လက်အောက်ခံ လူကြီးများအား ခေါ်ဆောင်၍ သံပြာချောင်းရွာသို့ ရောက်လာပါတော့၏

"စံမတူရေ . . . ဘာဆေးဝါးများ ဖော်နေတာလဲ"

"သွေးသောက်ကြီးရေ . . . ရွှေဆေး ဖော်နေတာပါ"

"ရွှေဆေးအကြောင်းလည်း ပြောပါဦး"

"ရွှေဆေးက လူတွေရဲ့ အသားအရေကို ပြန်လည်နုပျိုစေတယ်။ ဇရာထိုးရောက်နေတဲ့ လူကြီးတွေအတွက် အသားအရေတွေကို ပြန်လည်နုစေတယ်၊ အသားအရေ ဝင်းဝါးစိုပြေစေတယ်၊ လူရဲ့ခန္ဓာကိုယ်တွင်းမှ ရောဂါများကို ပျောက်ကင်းစေပါတယ်။ ခန္ဓာကိုယ်တွင်းက လူ ရဲ့ကလီစာတွေကို ပြန်လည်နုပျိုစေတဲ့အတွက် အသက်ပိုရှည်နိုင်တာပေါ့"

"ရွှေကို လူတွေက လက်ဝတ်တန်ဆာအတွက် အသုံးပြုကြတယ်။ စစ်ဖြစ်လာရင် သယ်ဆောင်သွားရတာ သေးငယ်တော့ ငွေကြေးအစား အသုံးပြုကြတာပေါ့။ ကမ္ဘာမှာ စစ်ပွဲဆိုတာ ဖြစ်လာရင် လူတွေဟာ ရွှေဝယ်ကြတယ်။ ရွှေကိုစုကြတယ်၊ ကမ္ဘာမှာ ရွှေဈေးအတက်အကျဟာ စစ်ပွဲတွေနဲ့ သက်ဆိုင်တယ်"

"စံမတူရေ . . ရွှေဟာ တစ်ကမ္ဘာလုံးရဲ့ ငွေကြေးလဲလှယ်မှု စံနှုန်း မဟုတ်ဘူးလား"

"မှန်သင့်သလောက်တော့ မှန်ပါတယ်။ ငွေကြေးခိုင်မာတဲ့ နိုင်ငံတွေ ရှယ်ယာဝယ်လို့ရတဲ့ နိုင်ငံတွေဟာ ရွှေကို မစုကြဘူး။ ကျွန်တော်တို့လို စစ်ဖြစ်နေတဲ့ နိုင်ငံတွေဟာ ရွှေကိုစုကြတယ်။ တိုင်းပြည်မငြိမ်သက်တဲ့ နိုင်ငံတွေမှာလည်း ရွှေကိုစုကြတယ်"

"ဆင်းရဲတဲ့ နိုင်ငံတွေ၊ စက်မှုမထွန်းကားတဲ့ နိုင်ငံတွေဟာလည်း ရွှေကိုထုတ်လုပ်ပြီး ပြည်ပငွေကို ရှာဖွေကြရတယ်။ ရှေးယခင်က ဘုရင်များ လက်ထက်မှာလည်း အခွန်ဘဏ္ဍာကို ရွှေနဲ့ ပေးအပ်ကြတယ်။ သမီးကညာ ဆက်သကြရမှာလည်း သမီးတော်ရဲ့ ကိုယ်အလေးချိန်နဲ့ညီမျှတဲ့ ရွှေကို ဆက်သကြတယ်။ လမ်းခရီးမှာ အစားအသောက် မဆင်ခြင်တဲ့ သမီးတော်နဲ့တွေ့တော့ ကိုယ်အလေးချိန် တိုးတော့ သံသယဝင်ပြီး ကျန်စစ်သားလည်း ပြေးရတော့တာပဲ"

"အရေးကြီးတာ ကျန်နေတယ်။ ကျွန်တော်တို့ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ ရွှေကို ဘုရားစေတီတွေမှာ ဌာပနာကြတယ်။ ဘုရားစေတီတွေကို ရွှေချကိုးကွယ်ကြတယ်။ ရွှေဗိမာန်ကြီးတွေ ဆောက်လုပ်လှူဒါန်းကြတယ်။ မြန်မာလူမျိုးတွေဟာ အထွတ်အမြတ်ထားတဲ့ ဘာသာတရားရဲ့ ဘုရားစေတီကျောင်းကန်၊ ဇရပ်တွေကို အမြတ်နိုးဆုံးထားတဲ့ ရွှေအဆင်းနဲ့ သွန်းလောင်းပြီး ကိုးကွယ်ကြတယ်။ မြန်မာအမျိုးသမီးများဟာလည်း ရွှေကို လက်ဝတ်ရတနာအဖြစ် မြတ်မြတ်နိုးနိုး ဝတ်ဆင်ကြတယ်။ ကျွန်တော်တို့ နိုင်ငံကိုလည်း ရွှေမြန်မာလို့ တင်စားခေါ်ဝေါ်ကြတယ်။ ရွှေနဲ့ဆေးကုရတာကိုကျတော့ လူသိနည်းကြတယ်"

"သမားတော်ကြီး ရွှေသွင်းတာတို့ ရွှေနဲ့ဆေးကုတာတို့ကို မိန့်ပါဦး"

"ရွှေသွင်းတာက နဖူးမှ သွင်းရ



www.burmeseclassic.com

www.burmeseclassic.com

တာ ဖြစ်တယ်။ တစ်ရက်ကို အများကြီးလည်း သွင်းရတာ မဟုတ်ဘူး။ တစ်ရွေးသားထက် ပိုသွင်းလို့လည်း မရဘူး။ နဖူးပေါ် ရွှေမှုန့်လေးတွေတင်ပြီး လက်နဲ့ဖိပေးရတာပဲ။ တဖြည်းဖြည်းနဲ့ ရွှေမှုန်လေးတွေက ဝင်သွားလိမ့်မယ်"

"ဘယ်နှရက်သွင်းနိုင်ရင် ကောင်းမလဲ"

"သွင်းနိုင်သလောက် ကောင်းတာပဲ။ သွင်းတဲ့ရက် ကြာလာတာနဲ့ အမျှ အသားအရေတွေ ပျော့ပျောင်းလာမယ်၊ ဝင်းဝါစိုပြေလာမယ်၊ ကျန်းမာရေး ကောင်းလာမယ်၊ အကြမ်းဖျင်းပြောရရင် လူငယ်လေးလို ဖြစ်လာမယ်"

"ရွှေဆေးစားနည်းလည်း ပြောပါဦး"

"ရွှေကို အသားသေအောင်၊ တစ်နည်းအားဖြင့် လူကို အန္တရာယ်ပေးနိုင်တဲ့ ဓာတ်သတ္တိတွေကုန်အောင် အဂ္ဂိရတ်ထိုးရတာပေါ့။ ပြီးတာနဲ့ ရွှေမြှာကို ပြားရည်နဲ့ ရောစပ်ပြီး နေလှန်းထားရတယ်။ ပျားရည်ထဲမှာ ရွှေမှုန့်တွေ ပျောက်သွားရင် တစ်နေ့ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း သောက်ရမယ်။ ပျည်းရည် ၂၅ ကျပ်သားကို ရွှေတစ်ရွေးသား ထည့်ရမယ်"

"ဘာရောဂါတွေ ပျောက်သလဲ သမားတော်ကြီး"

"ကိုယ်တွင်းရောဂါတွေ အားလုံးပျောက်တယ်။ ရောဂါကြီးရင်တော့ လနဲ့ချီပြီး သောက်ရမယ်။ ရောဂါမရှိရင်လည်း ပုံမှန်သောက်သွားရင် အားဆေးအနေနဲ့ မှီဝဲလို့ရတယ်။ ပြင်ပမှ ဝင်လာမယ့် ရောဂါတွေကိုလည်း ချေဖျက်ပေးနိုင်တယ်"

ဦးထွန်းလှမှ "ဒါကြောင့် ရွှေကို တန်ဖိုးအရှိဆုံး အမြတ်နိုးဆုံး ထားတာပဲ၊ ရွှေမဝတ်ချင်၊ ရွှေမလိုချင်တဲ့သူဆိုတာ ဒီလောကမှာ မရှိဘူးလေ"

ဦးစံမတူမှ "မြတ်စွာဘုရားလက်ထက်မှာ ဘုရားရှင်က သမားတော်ကြီးဇီဝကကို ဆေးဖက်မဝင်တဲ့အပင်ကို လိုက်ရှာစမ်းဟု မိန့်ကြားသဖြင့် ဇီဝကလည်း လိုက်လံရှာဖွေရာ ဆေးဖက်မဝင်တဲ့ သစ်ပင်ရယ်လို့ မတွေ့ရှိခဲ့သဖြင့် အရှင်ဘုရား ဆေးဖက်မဝင်တဲ့ အပင်ရယ်လို့ မရှိပါဘုရားဟု လျှောက်ထားခဲ့တယ်။ အပင်တိုင်းဟာ သူ့နည်းသူ့ဟန်နဲ့ ဆေးဖက်ဝင်ကြတယ်။ လူတွေက ဆေးနည်းမသိကြလို့သာ အသုံးမတည့်ကြတာဖြစ်တယ်။ တိရစ္ဆာန်တွေဟာ ကျန်းမာရေးမကောင်းရင် သစ်ပင်မှအရွက်တွေကို စားကြတယ်။ ဘာရွက်ကို စားရမယ်ဆိုတာ သဘာဝတရားကြီးက သင်ပေးလိုက်တာပဲ။ ကျန်းမာရေးဆေးပညာတွေမှာလည်း အသီးအရွက်ကို များများစားရမယ်၊ သန့်စင်အောင် ဆေးကြောရမယ်၊ ကျက်အောင်ချက်ပြီးမှ စားရမယ်။ ဆေးဖက်ဝင်အောင် စားတတ်ဖို့တော့ လိုပါတယ်။ ဒါကြောင့် အစာလည်း ဆေး ဆေးလည်းအစာလို့ ဆိုကြတာပေါ့။ အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုတ်လို့လည်း စာဆိုရှိတယ်။ ဆေးဖက်ဝင်အောင် စားတတ်ကြဖို့လည်း လိုတယ်လေ"

"ဆေးဖော်ကြရာမှာလည်း ဖော်တတ်ဖို့နဲ့ စားတတ်ဖို့လည်း လိုတယ်။ ဆေးဖော်နည်းမတတ်ရင်လည်း ဆေးမဖြစ်ဘဲ ဘေးဖြစ်တတ်တယ်။ သမားတော် တစ်ဦးနဲ့တစ်ဦး ဆေးစွမ်းချင်း မစွမ်းချင်းဟာ ဒီအချက်နဲ့ဆိုင်တယ်"

"ဘာသာတရားနဲ့ ကုသတဲ့ နည်းလမ်းကိုလည်း မိန့်ကြားပါဦး"

"ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာမှာ ထူးခြားဆန်းပြားတဲ့ ဘာသာတရားရဲ့ ဂုဏ်သတ္တိတွေ အများကြီးရှိတယ်။ ဒါတွေကို လူတွေက မသိကြဘူး။ သမထ ဝိပဿနာတရားတွေဟာ သံသရာအတွက်လည်း ကုသိုလ်ရသလို လက်ရှိပစ္စုပ္ပန်မှာလည်း အကျိုးထူးတာတွေ တွေ့ရှိရတယ်။ နိုင်ငံခြားတိုင်းပြည်တွေမှာ ယောဂကျင့်စဉ်ဆိုတာရှိတယ်။ အသက်ရှည်ဖို့ ရောဂါဘယတွေကင်းဖို့ ကျန်းမာရေးကောင်းဖို့အတွက် ယောဂကျင့်စဉ်တွေကို ကျင့်ကြတယ်။ တင်ပျဉ်ခွေ ခါးကိုမတ်မတ်ထား၊ လက်နှစ်ဖက်ကို တင်ပျင်ခွေထားတဲ့ ခြေပေါ်မှာတင်ပြီး စိတ်ကိုတည်ငြိမ်အောင်ထား။ အသက်ရှူထုတ်နည်း လေ့ကျင့်တာပဲ။ ကျွန်တော်တို့ မြန်မာလိုတော့ တရားထိုင်တာပါပဲ။ အဲဒီကျင့်စဉ်ကို တစ်ရက်နှစ်ကြိမ် ပြုလုပ်ကြတယ်။ နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ကျင့်ကြံကြတယ်"

"စိတ်ကိုဖြေလျှော့ခြင်း၊ အသက်ကို ပုံမှန်ရှူသွင်းခြင်း၊ စိတ်ကိုထိန်းချုပ်ခြင်း နည်းပညာတွေနဲ့ ခန္ဓာကိုယ်တွင်းမှ ရောဂါတွေကို ကုသဖြင်းဖြစ်တယ်။ ကျွန်တော်တို့ဘာသာမှာလည်း နံနက်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထချိန်နဲ့ ညအိပ်ရာဝင်ချိန်တွေမှာလည်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်တာတွေလုပ်ဖို့ ရှေးလူကြီးတွေက သွန်သင်ခဲ့တယ်လေ။ ဘုန်းကြီးကျောင်းသား ဘဝတုန်းကလည်း နံနက်/ညနှစ်ကြိမ် ဘုရားဝတ်ပြုရတယ်။ ဆွမ်းခံပြန်လာရင်လည်း ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးရတယ်။ တကယ်တမ်းကျတော့ တစ်နေ့ကို သုံးကြိမ် ဘုရားကန်တော့ကြ၊ တရားထိုင်ကြရတာပဲ။ တရားစခန်းတွေမှာကျတော့ တစ်နေ့ကို ငါးကြိမ် တရားထိုင်ရတယ်"

"အဆိုပါ ကျင့်စဉ်ထက်မြင့်တဲ့ ကျင့်စဉ်တစ်ခုက အဓိဋ္ဌာန်နဲ့ ဆောင်ရွက်တဲ့ ကျင့်စဉ်တစ်ခု ရှိတယ်။ ၉ ရက်၊ ၁၈ ရက်၊ ၂၇ ရက်တို့မှာ သက်သတ်လွတ်စား၊ ၁၀ ပါးသီလခံ၊ ဥပုသ်ရက်ရှည်ဝင်ရမယ့် ကျင့်စဉ်ပဲ။ သမားတော်တွေ လက်လျှော့တဲ့ရောဂါမျိုးတွေဆိုရင် အဆိုပါကျင့်စဉ်နည်းနဲ့ ကုသပါတယ်။ လက်တွေ့လည်း ပျောက်ပါတယ်"

အောင်လံမြို့ ခြေဖော်ရာ ဆရာတော်ဦးသံဝရမှ အဆိုပါ ကျင့်စဉ်နည်းဖြင့် ကုသလျက်ရှိပါသည်။ အသက်အန္တရာယ်ရှိသည်ဟု ယူဆရသော ဝေဒိုင်များကိုလည်း ကျောင်းကို တစ်ရက် နှစ်ရက် ခေါ်ယူ၍ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုလုပ်စေပါသည်။ ဆရာတော်သည် ညဘက်တရားထိုင်သောအခါ သူ၏ တပည့်ဒါယကာများမှ အန္တရာယ်ရှိသည်ဟု ခေါ်ပေါက်လာပါက တယ်လီဖုန်းဆက်၍ ဒကာကြီး အန္တရာယ်ရှိတယ်။ ဘုရားကို ဘာလှူလိုက်။ ထိုထက်မြင့်ပါက ဒကာကြီး ကျောင်းကိုလာခဲ့ဦး စသည်ဖြင့် ဆောင်ရွက်ပေးပါ၏။

"ဦးစံမတူပြောတဲ့အထဲမှာ သက်သတ်လွတ်ဆိုတာ ပါတယ်။ ဘုရားဟောတဲ့အထဲမှာ သက်သတ်လွတ်ဆိုတာ ရှိလား"

"သူကြီးမေးတဲ့မေးခွန်းက မှန်ပါတယ်။ ဘုရားဟောတဲ့အထဲမှာ သက်သတ်လွတ်ဆိုတာမပါပါဘူး။ တကယ်လေးလေးနက်နက် ဆန်းစစ်ကြည့်လိုက်ပါ။ သတ္တဝါတွေ ဘာလို့သေကြလဲ၊ လူတွေစားလို့ သေကြတယ်။ လူတွေ အသားမစားကြရင် သတ္တဝါတွေ သေကြမလား။ သတ္တဝါတွေ အသက်ဘေးက လွတ်ငြိမ်းအောင် သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်တယ်ဆိုရင် ကုသိုလ်မရဘူးလား။ အဲဒီအဓိဋ္ဌာန်က ရော မအောင်မြင်နိုင်ဘူးလား။ တစ်ခါတစ်ရံတော့ ဘာသာတရားဟာ ဝိဇ္ဇာနည်းနဲ့ကြည့်ရသလို သိပ္ပံနည်းနဲ့လည်း ကြည့်ရတာတွေလည်း ရှိတယ်ဗျ"

"တချို့က သားကြီး၊ ငါးကြီး ရှောင်ကြတယ်။ ကြီးမားတဲ့ သတ္တဝါတွေ မသေကြတော့တာပေါ့။ လုံးဝမရှောင်နိုင်တာနဲ့စာရင် ထိုက်သင့်သလောက်တော့ သတ္တဝါတွေသေဆုံးမှု နည်းတာပေါ့။ အမဲသားလို အသားမျိုးဆိုရင် ရှောင်သင့်တယ်။ ကျွန်တော်တို့ရဲ့ ထမင်းရှင်လေဗျာ။ ကျွဲ၊ နွားတွေ ထွန်ယက်ရုန်းကန်ပေးလို့ ကျွန်တော်တို့ ဆန်စပါးရတယ်။ တချို့ ဘာသာမှာဆိုရင် နွားကို ကိုးကွယ်ကြတယ်။ ပက်သားဆိုရင်လည်း ကျန်းမာရေးနဲ့ လုံးဝမညီညွတ်တဲ့ အသားတစ်မျိုး ဖြစ်တယ်။ ဒီအသားနှစ်မျိုး ရှောင်လိုက်ရင်ပဲ သားကြီးငါးကြီး ရှောင်လိုက်သလို၊ ခြေလေးချောင်းသား ရှောင်လိုက်သလိုလည်း ရောက်သွားပါတယ်။ နောက်ပြီး နတ်မကြိုက်တဲ့ မြွေ၊ ဖွတ်၊ ငှက်၊ ဒေါင်း သတ္တဝါတွေလည်း ရှောင်သင့်တယ်။ နတ်တွေက မွေးတတ်တဲ့ သတ္တဝါတွေ ဖြစ်တတ်လို့ပါ"

"နောက်တစ်ခုက ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားလည်း ဆောင်ရွက်ရမယ်။ နံနက်ခင်းမှာ လမ်းလျှောက်ရမယ်။ သို့မှသာ ခန္ဓာကိုယ်ကွင်းမှာ သွေးလေလည်ပတ်မှု ပုံမှန်ဖြစ်မယ်။ ညနေဘက်ဆိုရင် မြန်မာ့ရိုးရာ ခြင်းဝိုင်းနဲ့ ခြင်းခတ်ကြတယ်။ ဒါက ကျန်းမာရေးအတွက် ရှေးလူကြီးတွေ တီထွင်ခဲ့ကြတာဖြစ်တယ်။ ကိုယ်ခံပညာ သိုင်းကစားလေ့ကျင့်ကြတယ်ဆိုတာက လည်း တစ်ဖက်က ပညာတစ်ခုတတ်မြောက်အောင်လည်း ပါသလို တစ်ဖက်ကလည်း ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်မျိုးပဲ"

"ကျန်းမာရေးအတွက် အရေးကြီးတဲ့ အချက်နှစ်ချက်ကို ထပ်ပြောပြပါဦးမယ်။ သန့်ရှင်းတဲ့ သောက်သုံးရေ ရရှိဖို့လည်း လိုတယ်။ ကျွန်တော်တို့ မြန်မာတွေက ရေတစ်ပိဿာရှိရင် သန့်တယ်ဆိုတာက မှန်တယ်လို့ မဆိုသာဘူး။ ကန်ရေတို့ ချောင်းရေတို့ဆိုရင် ကျိုချက်ပြီးမှ သောက်သင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

လူတို့ သတ္တဝါတွေဆင်းထားရင် မသန့်ရှင်းနိုင်ဘူး။ မိုးရေတို့၊ တွင်းရေတို့ဆိုရင် အစိမ်းသောက်တာ ပြဿနာမရှိဘူး။ နောက်တစ်ချက်က လေကောင်းလေသန့် ရှူရှိုက်နိုင်ဖို့ အရေးကြီးတယ်။ မြင့်မားတဲ့ တောင်တန်း၊ တောင်ကုန်းပေါ်မှ ဖြတ်သန်းလာတဲ့ လေဟာ ကျန်းမာရေးနဲ့ ညီညွတ်မှု အရှိဆုံးပဲ။ ရှေးမြန်မာကြီးတွေက နှစ်ထပ်အိမ်အမြင့်တွေ ဆောက်ကြတယ်ဆိုတာက လေကောင်းလေသန့် ရရှိဖို့အတွက် ဦးတည်ဆောက်ကြတာပဲ။ ဂျပန်တွေဆိုရင် တောင်မြင့်မြင့်ကို သဘောကျကြတယ်။ တောင်ပေါ်တိုင်းရင်းသားတွေ အသက်ရှည်ကြတယ်ဆိုတာ လေကောင်းလေသန့်ရတယ်။ တောတောင်လျှိုမြောင်တွေကြားက စီးဆင်းလာတဲ့ ရေကိုသောက်ကြကာယ်။ လတ်ဆတ်တဲ့ အသီးအရွက်ကို စားကြတယ်။ လူနေအိမ်ခြေကျဲတော့ စိတ်ချမ်းသာရတယ်။ အေးချမ်းမှုကိုရတယ်။ မြို့ပေါ်မှာနေတဲ့ လူတွေနဲ့စာရင် ကျေးလက်မှာနေတဲ့ လူတွေက အသက်ပိုရှည်ကြတယ်ဆိုတာဟာ အဆိုပါအချက်တွေကြောင့် ဖြစ်တယ်။ နောက်ပြီး ကျေးလက်တွေမှာက ဆွေမျိုးသားချင်း အသိုင်းအဝိုင်းနဲ့ နေထိုင်ကြတော့ အသိုင်းအဝိုင်းရဲ့ ပျော်ရွှင်မှု၊ အားပေးမှုကို ရရှိကြတော့ စိတ်ချမ်းသာကြရတယ်။ အသက်ပိုရှည်ကြရတာပေါ့။ မြို့မှာကျတော့ ဘာသိဘာသာ နေကြတယ်။ ဝိုင်းဝန်းကူညီမှု အားနည်းတယ်။ တောင်ပေါ်တိုင်းရင်းသားတွေမှာလည်း ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေရဲ့ သဘောသဘာဝအတိုင်းပဲ နေထိုင်ကြတာ တွေ့ရတယ်"

"နောက်တစ်ချက်က ကျန်းမာရေးအတွက် ပထဝီဓာတ်လို့ခေါ်တဲ့ မြေဓာတ်ရဖို့လည်း လိုတယ်။ ကျွန်တော်တို့ ညနေ ခြင်းခတ်ကြရင် ဖိနပ်မပါဘဲ ခြေပြောင်နဲ့ ခြင်းခတ်ကြတာကလည်း ခြေဖဝါးနဲ့ မြေကြီးနဲ့ထိတော့ မြေဓာတ်ရပြီး ကျန်းမာရေး ကောင်းမွန်တာပဲ။ စာကလေးတွေဆိုရင် တစ်ခါတစ်ရံ မြေကြီးမြေမှုန့်ထဲမှာ လူးနေတာ တွေ့ရလိမ့်မယ်။ သဘာဝတရားကြီးက သတ္တဝါတွေကို သင်ပေးလိုက်တဲ့ ကျန်းမာရေး နည်းပညာတစ်ရပ်ပဲ။ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသား ဘဝတုန်းက ရွာထဲဆွမ်းခံရင် ဖိနပ်ချွတ်ပြီး ဆွမ်းခံထွက်ရတယ်လေ။ ဒါကလည်း ဘာသာတရားက ပေးတဲ့ ကျန်းမာရေး လေ့ကျင့်ခန်းတစ်ရပ်ပဲဗျ"

"နေအိမ်ဆောက်လုပ် နေထိုင်တဲ့အခါမှာလည်း သစ်အိမ်ဝါးအိမ်နဲ့ နေထိုင်တာဟာ ကျန်းမာရေးအတွက် အကောင်းဆုံးပဲ။ သဘောကတော့ သစ်ဝါးတွေဟာ အပူအအေးကို အမြင့်ဆုံး ထိန်းညှိပေးတယ်။ ပူလွယ်အေးလွယ်စေတဲ့ သဘောကိုဆောင်တယ်။ တိုက်အိမ်တွေဟာ ပူခဲ၊ အေးခဲတယ်။ ကျောက်ကပ်ကို ထိခိုက်စေတဲ့ ရောဂါတွေကိုဖြစ်ပေါ်စေတတ်တယ်"

"အရက်ဟာ ကျန်းမာရေးအတွက် ဘယ်လိုအကျိုးပြုလဲ သမားတော်ကြီ

"အရက်ဟာ ဘာသာတ
အရတော့ တားမြစ်ထားတဲ့ အရာတ
ခု ဖြစ်တယ်။ ဒါပေမယ့် ဆေးဝါးဖေ
စပ်ရာမှာ အရေးတကြီး ပါဝင်ရ
အထောက်အကူပြု အရာတစ်ခုပဲ
နိုင်ငံခြားမှာ အရက်ကို ထမင်းစာခါ
နှစ်ပတ်လောက် သောက်သုံးမယ်
ရင် ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့
ဆိုထားတယ်။ အမှန်ကတော့ အ
ကြေညက်အောင် တေဇောဓာတ်
အားပေးတာပါပဲ။ ပြီးတော့ သွေးသာ
ကို သန့်စင်ပေးတာပဲ။ ကိုယ်ဝန်ဆော
တွေ ကလေးမွေးရင် အရက်အနည်း
ငယ် သောက်ခိုင်းတယ်။ သွေးသာ
ကောင်းအောင် ဖြစ်တယ်။ ကျွန်တော်
တို့နိုင်ငံက ထွက်တဲ့ ဝိုင်အနီဆိုရင်
ကျန်းမာရေးအတွက် ဆေးဝါးကောင်း
တစ်လက်ပဲ"

"ကျန်းမာရေးအတွက် တော်
တော် ပြည့်စုံနေပြီထင်တယ်။ ရေနွေး
ကြမ်းနဲ့ လက်ဖက်သုပ်လည်း စားကြ
ပါဦး"

"စံမတူရေ . . . ဆေးပညာ
ဗဟုသုတတွေလည်း အများကြီးရပြီ
ကျေးဇူးလည်းတင်တယ်။ ပြန်လိုက်ဦး
မယ်ကွာ"

သူကြီးများလည်း တည်ခင်း
ထားသော လက်ဖက်သုပ် ရေနွေး
ကြမ်းများကို အားရပါးရ စားသောက်
ကြပြီး မြင်းကိုယ်စီဖြင့် ပြန်လည်
ထွက်ခွာသွားပါတော့၏။

မျိုးသန်းထွန်းကို/ရေစကြို



www.burmeseclassic.com

www.burmeseclassic.com

### အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့်

# ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ စောင်မညွှန်ပြမှုကိုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၁၀)

ဖိုးသန်းကျော်(ရေကြည်သား)

English speaking ကို sydney မြို့မှာ တက်စရာမလိုတဲ့ Radiotherapy Training ကိုသာ စတင်ဖို့ ပြောလာသော Dr. B. Kyneston ၏ အကြံပြုချက်ကို လက်ခံပြီး စတင်သင်ယူဖြစ်သော်လည်း Chief M.O'shea က မစီစဉ်ရသေးသဖြင့် ပထမတစ်ပတ်တွင် ကျွန်ုပ်လေ့လာလိုရာကို လေ့လာဖို့ မေးလာ၏။ Diagnostic and Radio-isotope ဌာနများကို လေ့လာလိုကြောင်း ပြောလိုက်၏။ လေ့လာနိုင်အောင် လိုက်ပါခေါင်ရှက်ပေး၏။

Diagnostic Radiology ဓာတ်မှန်ဌာန၏ Assistant Chief Radiographer David BALMANNO ကသည် လုပ်ငန်းခွင်လုပ်ကိုင်နေပုံများကို လိုက်ပြပြီး ဆိုင်ရာတာဝန်ထမ်းဆောင်များနှင့် မိတ်ဆက်ပေး၏။ ထူးခြားသော လေ့လာစရာများရှိလျှင်လည်း ခေါ်သွားပေးရန် မှာခဲ့၏။ ဓာတ်မှန်ဆရာဝန် Dr Lyspy, Dr Peter Scalley တို့နှင့်လည်း မိတ်ဆက်ပေးခဲ့၏။ ကျွန်ုပ်သည် Senior Radiographer Ray Backlay, John Gordon, David Cerries နှင့် Chris Tresine တို့နှင့်အတူ လုပ်ကိုင်နေပုံ ကြည့်ရှုလေ့လာခွင့်ရခဲ့၏။ ခေတ်မီဓာတ်မှန်စက်များနှင့် ဓာတ်မှန်အမျိုးမျိုး ရိုက်ပုံကို လေ့လာခွင့်ရခဲ့၏။ ရန်ကုန်ဆေးရုံကြီးတွင် မလေ့လာဖူးသော အကြောထဲသို့ ပိုက်သွင်းထည့်၍ ဆေးရည်များသွင်းပြီး Lymphagiogram လုပ်ပုံဖြစ်၏။ ပထမ T.V. Screen မှာ ကြည့်၍ လိုသောအပိုင်းကို ဓာတ်မှန်ရိုက်ယူ၍ Tomogram ဓာတ်မှန်ရိုက်ရာတွင် လိုအပ်သော ဓာတ်မှန်အရေအတွက်ကို သတ်မှတ်ပြီး 1 cm အကွာအဝေး gap ထား၍ စက်က အလိုအလျောက်ရွေ့ပြီး ရိုက်ပေးပုံဖြစ်၏။ တစ်ရက်တွင် ခွဲစိတ်ခန်းတွင် ပေါင်ရိုးကို လွှဖြင့်ဖြတ်၍ သံမဏိ steel ချောင်း အစားထိုးထည့်သွင်းကုသပုံအတွက် ဖြစ်၏။ T.V Screen ဖြင့် တိတိကျကျ ကြည့်၍ လုပ်ကိုင်ကြပုံဖြစ်၏။ ဒုတိယနေ့တွင် တစ်ဦးက စကားပြောရင်း ခင်မင်သွားပြီး ဓာတ်မှန်စက်တစ်ခုနှင့် ဖလင်များ လှူလိုကြောင်း ပြော၍ ဒေါက်တာစံထွန်းအောင်ကို လက်ခံမလားမေးရာ လူကြီးများသဘောတူမည်မထင်ဟုဆို၍ ဆက်သွယ်မှုမလုပ်တဲ့ ထားခဲ့လေသည်။ နောက်နေ့တွင် Radioisotope မှာ လေ့လာခဲ့၏။ Riagnostic Radiology နှင့် Radioisotope မှာ တစ်ဌာနတည်းဖြစ်သော်လည်း သီးသန့်လုပ်ငန်းဖြစ်၏။ Physicist Incheye မှာ TEN VAN DOORN ဖြစ်၏။ C.T Scan စက်တွင် Grey MACHAEL နှင့် Ultrasound စက်တွင် Howell Round တို့ လုပ်ကိုင်နေပုံများ အတူလေ့လာခဲ့၏။ ရွေ့နေသော သားရေပတ်ကြိုးပေါ်တွင် ပြောင်းပြန်လမ်းလျှောက်စေပြီး နှလုံးခုန်နှုန်းကို တိုင်း၏။ Gamma Camara ဖြင့် Lung Scan လုပ်ပုံတွင် မလုပ်မီ Zenon gas ကို အဆုတ်ထဲသို့ ပိုက်ဖြင့်ထည့်သွင်း ကုသပေးပုံများ ဖြစ်၏။ Thyroid လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com

များအတွက် Indine $I_{131}$ ဖြင့် ကုသပေးပုံများလည်း တွေ့ခဲ့၏။ ခွဲစိတ်ပြီးသား ရင်သားသားမြစ်ကင်ဆာအတွက် Radiotherapy ပေးရန် Tissue depth ကို Ultrasound စက်ဖြင့် တိုင်းပေးပုံလည်း တွေ့ရ၏။

ဒုတိယသင်တန်းပတ် Radiotherapy Training စတင်သင်ယူသောအခါ နည်းပြချုပ်၏အခန်းတွင် Theory Lecture Notes များဖြင့် လိုအပ်သည့်သူက သင်ပြပေး၏။ Inverse Square Law Method F နှင့် Tissue Alternation Method Fd နှစ်မျိုး တစ်ခုနှင့်တစ်ခု ဆက်စပ်ပုံများ contour ယူပုံ၊ isodose chart သုံး၍ လုပ်ကိုင်ပုံများ စသည်ဖြစ်၏။ မနက်ပိုင်းတွင် သင်ယူ၍ ညနေပိုင်းအတွက် LA စက်ခန်းများတွင် လေ့လာ၏။ ကျွန်ုပ်တို့မှာ မရှိသော ဆေးကုစက်များဖြစ်၍ ဂရုတစိုက် လေ့လာခဲ့ရ၏။ Treatment Plan အတိုင်း setting ပြုလုပ်ရာတွင် Wedge, Shield, Bolus, Splastic Shell တပ်ပုံ Stablizer အတွက် sticker လိုအပ်ရာတွင် သုံးပုံ၊ Levelling အတွက် water level များ site laser များသုံးပုံ၊ Gantry Angle များ ပေးထားလျှင် ကိုက်ညီအောင် ချိန်ကြပုံများ ဖြစ်၏။ လိုအပ်ပါက duty incharge က စစ်ဆေး၍ ပုံမှန်ကုသမှုတွင် တာဝန်ကျများ setting အတိုင်း ဖြစ်၏။ ထို့ကြောင့် တာဝန်ချိန်တစ်ခုတွင် incharge အဖြစ် ကျွမ်းကျင်သူနှစ်ယောက် ချထားပေး၏။ dutyoverlap ထပ်သောအခါ ငါးယောက်၊ ခြောက်ယောက် ရှိ၏။ ဓာတ်ရောင်ခြည်သည် ဖြေဆေးမရှိ၍ တိကျသေချာအောင် ဂရုစိုက်ရခြင်းဖြစ်၏။

၁၉၈၄ ခုနှစ်ကာလတွင် ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ကုဌာနတွင် နှစ်စဉ် လူနာ ၂၅၀ ခန့် ရှိ၏။ Royal Bsribane Hospital ရှိ Q.RI မှာလည်း ထိုပမာဏလောက်ပင်ရှိ၏။ Queensland ပြည်နယ်တစ်ခုအတွက် ဖြစ်၏။ အရေပြားကင်ဆာများ၍ ဖြစ်၏။ အရေပြားကင်ဆာကို Radon Gas ကို Wax Mould တွင် ရွှေပိုက်ဖြင့်ထည့်ပြီး မြှုပ်ဆင်ကုသပေး၏။ Ca. Breast, Ca Lureg, Ca. E.N.T Cases များ စသည့်ရှိ၏။ Ca CX လည်း ရှိ၏။ မြန်မာပြည်လောက် အဖြစ်မများချေ။ သက်ကြီးပိုင်းအမျိုးသားများတွင် ဆီးကျိတ်ကင်ဆာ Ca. Prostate အဖြစ်များ၏။ No treatment without treatment plan ဖြစ်၏။ Treatment Plan လုပ်ပေးပြီးမှသာ ဓာတ်ရောင်နှင့် ကုပေး၏။ ဓာတ်ရောင်ခြည်ကုသမှုတွင် တိကျသေချာမှုအတွက် မျက်မြင်မြင်တွေ့ဆုံးဖြတ်နိုင်အောင် Simulator X-ray ရောဂါပုံဖော်စက်မရှိမဖြစ် အမြဲသုံးကြ၏။ တာဝန်ယူကုသပေးသည့် ဆရာဝန်သည် Treatment Plan ပြုလုပ်မည့် Therapeutic Radiographer ကျွမ်းကျင်သူနှင့်အတူ Simelater စက်တွင် T.V Screen မှ ကြည့်၍ Tumour---- နှင့် Location ကို သတ်မှတ်ပေး၏။ Therapeutic Radiographer ဓာတ်ရောင်ခြည်ကျွမ်းကျင်သူက လိုချင်သော fieldsize ကို delireator ပုံရိပ်ဖြင့် သတ်မှတ်ပြီး ဓာတ်မှန်ကို ရိုက်စေ၏။ စက်ခန်းတာဝန်ကျက ရိုက်ပေးရ၏။ ထို့နောက် လိုအပ်သော Tumour Contour ကို လူနာပေါ်တွင် ထိုင်၍ Treatment Plan ပေါ် မှတ်သားရယူ၏။ အချက်အလက်ပြည့်စုံသောအချိန် သူတို့တာဝန်ကျသော Planning Room တွင် Treatment Plan ရေးဆွဲ၏။ Isodose chert များသုံး၍ Dose distribution ပုံပေးအောင် ရေးဆွဲ၏။ Tumour ကို တစ်ခုလုံးအတွက် တူညီသော ဓာတ်ရောင်ခြည်ပမာဏ ရ ရန် အသုံးပြုရမည့် Wedges များ၊ Shield များ၊ Bolus များ၊ Splastic Shell များ စသည်အပြင် Gantry Angle ကိုလည်း ဖော်ပြမှတ်သားပေးရ၏။ Instruction တွင် ထည့်ပေးရ၏။ Healthy Tissue များကို Tissue Tolerance မကျော်လွန်စေရန် ဂရုစိုက်ပြုလုပ်ပေးရ၏။ ပြီးစီးလျှင် ဆိုင်ရာဆရာဝန်ကို ပြသ၍ ရရှိပုံကို အတည်ပြုချက် ယူရ၏။ ထို့နောက် Clinical Physicist များထံ ပို့လိုက်ရ၏။ ထိုပုဂ္ဂိုလ်များက T.Plan ကြည့်ရှုစစ်ဆေးရ၏။ ပြင်စရာမရှိလျှင် ပြန်ပို့ပေးရ၏။ ပြင်ဆင်စရာရှိပါက ခေါ်ယူ၍ လိုအပ်သည်ကို ထောက်ပြ၍ ပြင်ဆင်စေရ၏။ အားလုံး O.K ဖြစ်ပါက Treatment Plan ကို (၁) ရေးဆွဲသူ၊ (၂) စစ်ဆေးသူ၊ (၃) အတည်ပြုသူ ပါဝင်သော ဆီးတံဆိပ်တုံး ရိုက်ထားသော နေရာတွင် လက်မှတ်ရေးထိုးစေ၍ အာမခံပြီးမှ ဓာတ်ရောင်ခြည်စက်ခန်းမှာ စတင်ကုသပေးလေသည်။

(၁) prepared by ရေးဆွဲသူ (Therapeutic Radiographer)၊ (၂) Checked by စစ်ဆေးသူ (Physicist)

www.burmeseclassic.com

ist) ၊ (၃) Approved by အတည်ပြုသူ (Radio-therapict)

ကုသမှု ပထမနေ့တွင် စက်ခန်းတာဝန်ကျ ကျွမ်းကျင်သူများက အဆင်မပြေသည်များတွေ့လျှင် Plan ရေးဆွဲသူ ကျွမ်းကျင်သူကို ခေါ်ယူပြသ၍ လိုအပ်သည်ကို ပြင်ပေးစေ၏။ မလိုအပ်ပါက ဆက်၍ ကုသည်။

ဒုတိယနေ့တွင် Treatment Setting ကို T.Plan အတိုင်း setting လုပ်ရန် Check film ရိုက်ပေးရ၏။ L.A စက်တွင် Radiographic Mode ပါရှိ၍ အသုံးပြုပြီး ရိုက်၏။ Industrial film ကို သုံး၍ ရိုက်ရ၏။ T.Plan နှင့် ကိုက်ညီပါက ဆက်လက်ကုသရန်ဖြစ်၏။ မကိုက်ညီလျှင် T.Plan ကို ပြင်ဆင်ပေးရ၏။

ကင်ဆာရောဂါများကို ကုသရာတွင် ကုသပုံနည်းစနစ် မှုချထား၏။ ထိုမှ Protocol အတိုင်း Treatment Plan လုပ်ကြရ၏။ ဥပမာ Ca. Nosopharynx အတွက် ဆရာဝန်တစ်ဦးနှင့်တစ်ဦး ကုသပုံနည်းစနစ် အကြိုက်မတူကြ၍ အသုံးပြုနည်း ကွဲပြား၏။ Dr. B.Kyneston Method, Dr. Bourne Method, Dr. Meed Method ဟူ၍ရှိ၏။ Dr. Meed မှာ Sydney သို့ ပြောင်းသွား၍ ကျွန်ုပ်နှင့် မတွေ့ခဲ့ရပါ။

ရှိရှိ Treatment Wedges များမှာ 15°, 30°, 45°, 60° ကို $W_1$, $W_2$, $W_3$, $W_4$ ဟု ခေါ်၏။ စက်ဝယ်စဉ်က ထို wedges များနှင့်အတူ ရှိရှိ Lead shieids များ ပါလာ၏။ သို့သော် Treatment technique အရ အခြား wedges များ၊ shield များ လိုအပ်ပါက Hospital Workshop က ထုတ်လုပ်ပေး၏။ Physicist များ၏ အကြံပြုချက်ကို အင်ဂျင်နီယာများက ပုံဖော်လုပ်ဆောင်ရာတွင် ကြီးကြပ်ပေးရ၏။

ခေတ်သစ်နည်းပညာကုထုံးများတွင် စက်ပစ္စည်းမျိုးစုံ အသုံးပြုရသဖြင့် အင်ဂျင်နီယာများ မရှိမဖြစ် လိုအပ်၍ ဆေးရုံတိုင်းမှာ အင်ဂျင်နီယာဌာန ထားရှိ၍ သီးခြားလွတ်လပ်စွာ ကိုင်ခွင့် ပေးထား၏။ ဆရာဝန်များ၏ လက်အောက်ခံ မဟုတ်ချေ။ Mechanical, Electrical, Electronic ပိုင်းဆိုင်ရာ အင်ဂျင်နီယာများဖြစ်၏။ Electronic Engineer ပို၍ လို၏။ အင်ဂျင်နီယာများသည် တက္ကသိုလ်မှ ဘွဲ့ရပြီးရုံဖြင့် မပြည့်စုံသေးပါ။ နည်းပညာစုံသုံးသော ဆေးကုစက်များကို ပြင်ဆင်နိုင်ရန် အဆင့်အတန်းမြင့်သော ကုထုံးနည်းပညာသုံး ဌာနတက္ကသိုလ် စသည်များတွင် ပြည်ပအတွေ့အကြုံ ပညာသင်စေလွှတ်ပြီးမှ တာဝန်ခံ ပြင်ဆင်စေပါသည်။ ဆေးကုစက် LA များ၊ ဓာတ်မှတ်စက်များ၊ နည်းပညာစုံသုံးသော L.T နှင့် C.T Scaner များ၊ Simulater များ စသည်တို့တွင် Electronic စက်ပစ္စည်း အစိတ်အပိုင်းပေါင်း မြောက်မြားစွာ ပါရှိ၏။ ပညာရပ်ကို အတွေ့အကြုံအသိပြည့်စုံမှ နာရီပိုင်း၊ ရက်ပိုင်းအတွင်း ပြင်ဆင်ပေးနိုင်ပြီး၊ အရည်အချင်းလိုအပ်နေလျှင် ရက်ပိုင်းနှင့် ပြင်၍ပြီးရမည်ကို နှစ်ချီ၍ ကြာစေနိုင်၏။ အထူးအရေးကြီးသော အချက်ဆိုသည်ကို သိကြဖို့ လိုပါသည်။

ကျွန်ုပ်သည် Treatment Plan ကို သင်ယူရာတွင် မိမိဌာနတွင်လည်း နှစ်ရှည်လများ သင်ယူတတ်မြောက်ပြီး အခြေခံရှိနေ၏။ Dr. B. Kyneston, Dr. Bourne, Dr. Robert တို့၏ လူနာများကို အများဆုံး ကြုံကြိုက်၏။ ကျွန်ုပ်သည် မလုပ်ဖူးသေးသော T.Plan အတွက်သာ Contour ကူးယူ၍ လေ့ကျင့်၏။ လေ့ကျင့်စရာ Tomour Contour မရှိလျှင် Planning Room နှစ်ခုထဲမှာ T.Plan လုပ်နေသည်များကို ခွင့်တောင်း၍ လေ့လာပြီး၊ မလုပ်ဖူးသေးသော Tumour Contour ကို ကူးယူ၍ အခန်းပြန်ပြီး Dose Distribution ရေးဆွဲ၏။ ပြီးက မူလရေးဆွဲသူနှင့်ပြ၍ သူ၏ T. Plan နှင့် ယှဉ်ကြည့်၏။ ကွဲလွဲချက်ရှိက မှတ်သား၍ ပြန်ဆွဲ၏။ မရှိလျှင် အတည်ယူလိုက်၏။

တချို့သော T. Plan များတွင် သဘောပေါက်အောင် ပြောပြနိုင်သူရှိ၍ တချို့ ပြောပြနိုင်ခြင်းမရှိ၊ လုပ်ရိုးလုပ်စဉ်သာ လုပ်နေကြ၏။ ထိုအခါ ရှင်းလင်းအောင် ပြောပြတတ်သူကို ခွင့်တောင်း၍ မေးမြန်းမှတ်သား သင်ယူခဲ့၍ ကျွန်ုပ်၏အပေါ် ခင်မင်သူများ၏။

ယခုအခါ computer ကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ကြ၍ Tumour Contour ကို တိတိကျကျယူဖို့ လိုအပ်၏။ fieldsize အစရှိသော လိုအပ်သော အချက်အလက်များကို computer တွင် feed လုပ်၍ ခလုတ်နှိပ်လိုက်လျှင် T. Plan dose distribution ကို မျက်မြင် မြင်တွေ့နိုင်၏။ လွယ်လည်းလွယ်လှ၏။ မှတ်တမ်းကို စက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ထုတ်ယူနိုင်၏။

ကျွန်ုပ် ပညာသင်သွားစဉ်မှာ ၁၉၈၄ ခုနှစ်ကာလမှာ computer အသုံးပြုစဖြစ်၍ သူတို့လည်း manual plan ကို check လုပ်ရန် computer တစ်လုံးသာ ရှိသေး၏။ ကိုယ်တိုင် Treatment Plan ကို လက်နှင့်ရေးဆွဲတတ်မှ လုပ်ငန်းခွင်တွင် ကုသလုပ်ကိုင်သောအခါ ပိုမိုသဘောပေါက်မှာဖြစ်၍ ပိုမိုတိကျမှုကို မျှော်မှန်းပြီး သူ၏လူများကို စက်ခန်းမှာတစ်ဝက်၊ planning room တစ်ဝက် တာဝန်ချ၍ လေ့လာနိုင်းထားခြင်းဖြစ်ကြောင်း Dr. B. Kyneston က ကျွန်ုပ်ကိုပြောပြ၏။

သူတို့နိုင်ငံတွင် ဌာနဆိုင်ရာလုပ်ငန်းအတွက် မော်တော်ယာဉ်သုံးစွဲရန် Taxibook ဟုခေါ်သော ချက်လက်မှတ်လို၊ ထီစာအုပ်လို၊ အလှူခံဖြတ်ပိုင်းလို ပုံစံမျိုးရှိ Taxibook တစ်ခုကို အသုံးပြု၍ Taxi များဖြင့် သွားလာလုပ်ကိုင်ကြ၏။ Taxi ကားကုမ္ပဏီ လေးငါးခု ရှိ၏။ Yellow Cap, Black Cap စသည်ဖြင့် ဖြစ်၏။ ကားတိုင်းမှာ Telephone ရှိ၏။ ရုံးချုပ်နှင့် ရောက်ရာ အဆက်အသွယ်ပြုနိုင်၏။ ရုံးချုပ်ကို ဖုန်းနှင့်ဆက်၍ ကားမှာနိုင်၏။ ထိုအခါ အနီးဆုံး ကားကို လွှတ်လိုက်၍ အချိန်မကြာဘဲ အငှားကားရလေသည်။ ကျွန်ုပ်တို့ MaterHospital သို့ သွားရောက်လေ့လာရာတွင် အသုံးပြုရန် Taxibook တစ်အုပ် ပေးထား၏။ Main centre မှသွားလျှင် Three dollar ကျော်ကျော်ကျ၏။ အသွားအပြန် ခြောက်ဒေါ်လာ၊ ခုနစ်ဒေါ်လာ ကျ၏။ အရင်းပိုင်း လက်ခံ၊ အဖျားပိုင်းကို ကျသင့်ငွေရေးပြီး driver ကို ပေးလိုက်ရ၏။ လက်မှတ်လည်း နာမည်ပါရေးပြီး ထိုးပေးရ၏။ အလွန်အဆင်ပြေ၏။ Main Centre တွင် L.A တစ်ခုမှာသာ Electron Boost အတွက် သုံး၍ 10 MEV ထက် များသောစက်ဖြစ်၏။ L.A စက် လေးခုစလုံးတွင် Photon Energy အတွက် 4 Mev ဖြင့် ထုတ်သော Photon ကို သုံး၏။ Maximum dose under the skin ကို depthi 1 cm မှာ ရ၍ ဖြစ်၏။

ကျွန်ုပ်ပြန်ရောက်လာသောအခါ JICA အကူအညီဖြင့် L.A စက်တစ်လုံး ရမည်ကို သိရ၏။ 6 Mev စက်ကို ဝယ်မည်ဟု ပြောသံကြား၏။ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဦးတင်အောင်ကို ခေါ်ယူမေးလာ၍ ဆရာက ကျွန်ုပ်ကို လိုက်ခဲ့ရန် ခေါ်၏။ ဦးအောင်သောင်းကိုလည်း ခေါ်ခဲ့ရန် ပြောပြီး သုံးယောက်သွားကြ၏။ 6 Mev ဖြင့် electron bost သုံးရန်လည်း အဆင်မပြေ၊ မသုံးနိုင်၍ ကျွန်ုပ်က Maximum dose under the skin 1.6 cm ဖြစ်မှာမို့ 4 Mev ဖြင့် photon ထုတ်နိုင်သော L.A စက်ကို ဝယ်သင့်ကြောင်း အကြံပေးခဲ့၏။ သို့သော် ရောက်ရှိသောအခါ JICA အကူအညီမို့ nochoice သူတို့ပေးသော Mitsubishi 6 Mev L.A စက်သာ ရမည်ဖြစ်ကြောင်း ပြော၍ ပြန်ခဲ့ကြရ၏။

Royal Brisbane Hospital, QRI မှ L.A စက်များမှာ အင်္ဂလန်စက်တစ်ခုနှင့် အမေရိကန်လုပ် Varian အမျိုးအစား L.A စက်များ ဖြစ်လေသည်။

ရန်ကုန်ဆေးရုံကြီးတွင်. ခေတ်မီမဟုတ်သော Eldorodo Suker G အမျိုးအစား Cobalt စက်တစ်ခုနှင့် စတင်တည်ထောင်ခါစမှ အသုံးပြုခဲ့သော Theratron Junior Cobalt စက်တစ်ခုနှင့် ဂျာမန်လုပ် Deep X-ray စက်တစ်ခု၊ စက်သုံးဖြင့် ကုသပေးနေ၏။ Deep X-ray စက်တွင် SSD 50 cm သုံး၊ Diaphragm တစ်ခုဖြင့် 250 kv, 1 mm ciefiltu 12 mt ဖြင့် ကုပေး၏။ Sicular Cone 2 rm, 3 cm 4 cm, 5 cm diameter cones များ။ 8 × 8, 10 × 10, 12 × 12, 15 × 15 cm rectangular cone များ ပါရှိ၏။ 140 kv, 70 kv ဖြင့် ကင်ဆာမဟုတ်သော keloid စသည်များကို ကုပေး၏။

Q.RI မှ Deep x-ray စက်နှစ်ခု၊ Caesium Unit စက်တစ်ခုကို အသုံးပြု၍ Deep x-ray စက်ဖြင့် Ca Breast ရင်သားကင်ဆာ လူနာများတွင် Medicasternun field ကို ကုသပေး၏။ Penumbra ဖြစ်မှုကို ကာကွယ်ရန် Shield ခံ၍ ကုသပေး၏။ Overlapping area အတွက် သုံး၍ 12 MA 300 kv မှာ 4.5 snfilter ကိုသုံး၍ ကုသ၏။ ဆေးဝန်တစ်ယောက်သည် လူနာသစ်နှစ်ယောက်သာ simulator စက်မှာ Tumour Location အတွက် ကြည့်ရှုသတ်မှတ်ပေး၏။ ကျွန်ုပ်သည် Tumour Contour ကို သီးသန့်ကူး၍ ပြီး ကျွန်ုပ်အခန်းတွင် dose destribution ရေးဆွဲ၍ သင့်တော်သော isodose chart ကိုသုံး၍ plane field အတွက် ရေးဆွဲ၏။ ထို့နေ့ Wedge factor တွက် ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

stribution ဆွဲ၍ရသော ပုံအတွက် တစ်ခါတစ်ရံ Wedge full course သုံး၍ တစ်ခါတစ်ရံ parts of T.Ment urse အတွက် အသုံးပြုပုံထွက်၏။ shield ခံစရာပါလျှင် က်ပေး၏။ ဥပမာ Lung Case များတွင် spinal cord တွက် Ca Cx များတွင် Field edges များတွင် ဆရာဝန် တ်မှတ်ပေးသော ဧရိယာအတွက် shield ခံပုံ instruc- n ရေးပေးရ၏။ Three field များအတွက် ထက်အောက် ယ်ညာ Gantry Angle ရေးပေးထားရ၏။ Dr. Bourne ည် ခဏခဏ ကျွန်ုပ်ထံလာ၍ လိုအပ်ရာကို မေး၏။ . planner Hillary Heindroft လည်း ဝင်လာပြီး မေးလိုရာ ဖြကြားပေး၏။ အခြားသူများပြောပြချက်ကို သိမ်နားမလည် သူမကို ကျွန်ုပ်က သွားရောက်မေးခြင်းလည်း တစ်ခါတစ်ရံရှိ၏။

ထိုစဉ်က ရန်ကုန်ဆေးရုံကြီးမှာ Simulator စက် သေး၍ Ca Cx အတွက် Posteror field marking နမူနာတစ်ခု ရေးပြလို၏။ အတွေ့အကြုံရှိပြီး Inservice aining ရယူထား၍ လူနာကုသခွင့်ပေးထားသော လက် ာက်ဆရာဝန်သည် လိုအပ်သော စမ်းသပ်မှုပြီး Treat- ent အတွက် အမှတ်မှတ်ပေးရာ ရှေ့ဘက် Anteior field မှန်၏။ နောက်ဘက် posteror field ၏ Centre- aking လွဲနေ၏။ အောက်ဘက်ရောက်လွန်နေ၍ အမှတ် မှတ်ပေးရန် သူ့ထံသို့ Treatment Chart နှင့် ပို့လိုက်၏။ ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ပို့သော်လည်း သူမှတ်ထားတာ သည်ဆိုပြီး စက်ခန်းကို ပြန်ပို့လာ၏။ ထိုကိစ္စကို ကျွန်ုပ်ထံ ရောက်တင်ပြ၏။ ကျွန်ုပ်ကြည့်လိုက်သောအခါ မှားနေ နေပုံ ထင်ရှား၍ လူနာကို ခေါ်ပြီး ထိုဆရာဝန်ကို အကျိုး ကြောင်းပြော၍ ပြင်မှတ်ပေးရန်လိုကြောင်း ပြောပြ၏။ သော် သူမှတ်ထားသည်မှာ အမှန်ဟုဆို၍ ဒီအတိုင်း atment လုပ်ပေးပါ ပြော၏။ ခင်မင်ကြသူချင်းမို့ ဆက် ပြောဘဲ ဌာနမှူးတာဝန်ခံဆရာဝန်ထံ လူနာကို ခေါ်သွားပြီး အကြောင်း ရှင်းပြလိုက်၏။ အမှားအတိုင်း ဆက်ကုသ လျှင် ရောဂါပျောက်မှု မဖြစ်နိုင်၍ ဖြစ်၏။ လူနာကို ဆေးကြည့်သော် အမှန်ပင် လွဲနေ၍ ထိုဆရာဝန်ကို ခေါ် ပြီး ကျွန်ုပ်နှင့် ကျွန်ုပ်၏လက်ထောက်ကျွမ်းကျင်သူမှာ nior ရှေ့မှာပင် လူနာကို မှောက်လျက်အိပ်စေ၍ သူမှတ် ထားသော Posteror field Centre တွင် Clipper arm ကို ထားပြီး ထောင့်မှန်ကျအောင် ထောင်၍ အပေါ်ဘက် Clipper arm ကို လျှော့ချပြလိုက်၏။ ထိုအခါတွင်မှ 3 cm မျှ လွဲကွာနေသည်ကို မြင်တွေ့ပြီး ထိုနည်းအတိုင်း မှတ်ရန်ပြောလိုက်၏။ သူလည်း မျက်မြင်မို့ လက်ခံသွားရ၏။

ဤကိစ္စတွင် ဆရာဝန်ကို အပြစ်တင် အပြစ်ပြောခြင်း မဟုတ်ပါ။ မှန်းဆချက်ဆိုသည် မှားနိုင်၏။ Clipper သုံးလျှင် အနီးကပ်ဆုံး မှန်နိုင်၏။ Cancer ရောဂါ အသီးသီးအတွက် Treatment Protocol မှချသင့်တာကို Q.R.I လို့ မှချ၍ ကုသင့်လေသည်။ သေတတ်သောရောဂါဖြစ်၍ တိကျသေချာ မှု အရေးကြီး၏။ Q.R.I မှာ Ca Cx လူနာများအတွက် field length တွက်ရာတွင် interior marking အတွက် base line ကို pelvic Gridle မှာ (Obturator Fora- men) အရိုးကွင်းနှစ်ခု၏ အလယ်ကိုဖြတ်ဆွဲရန် မှချထား၏။ ထိုမှအထက် 12 cm, 13 cm, 14 cm, 15 cm စသည် ရောဂါကို cover ဖြစ်အောင် သတ်မှတ်၍ superir mak- ing line ဆွဲရ၏။ field အကျယ်မှာ သာမန်အားဖြင့် 15 cm သုံး၏။ ထို့ပြင် ထောင့်များ၏ Healthy Tissue အတွက် လိုအပ်ပါက sheld ခံပေးသေး၏။ simulater စက်မှာ T.V screen နှစ်ပေါ်မှာ ကြည့်၍ Delineator သုံးပြီး ဓာတ်မှန် လည်း ရိုက်ယူ၏။ လူ့ပေါ်မှာလည်း အမှတ်အသားလို သလောက် ပြုပေးရ၏။ လွဲစရာမရှိချေ။ ထို့ပြင် Ca Cx လူနာတိုင်းကို prone position မှောက်အိပ်စေ၍ Treat- ment Plan လုပ်ပြီး ကုသပေး၏။ မှောက်အိပ်သဖြင့် ဝသော၊ ဗိုက်ထွက်သော လူနာအတွက် field sepration လျော့ကျစေ ပြီး out put ပိုကောင်းစေ၏။

ထို့ကြောင့် Treatment Plan အတွက် simula- tor x-ray စက် မရှိမဖြစ် လိုအပ်သည်။

ဆရာစံတို့သုံးယောက်မှာ နှစ်လတာကာလ လေ့လာ ရေးခရီးဖြစ်၍ နှစ်လပြည့်ခါနီးတွင် နှုတ်ဆက်ပွဲဝ၂စ်ခုကို သူနာပြုအုပ်က ဦးစီးလုပ်ကိုင်စေသဖြင့် ဒေါ်မြစိမ့တစ်ဆင့် ကျွန်ုပ်တို့ လေးယောက်စလုံးကို ဖိတ်ကြား၏။ ဆရာစံက သူတို့ကိုယ်တိုင် မပြောဟုဆိုကာ မနှစ်သက်ပုံရှိ၏။ ထိုနေ့ တွင် လေယာဉ်ရုံးသို့ လေယာဉ်လက်မှတ်ကိစ္စ Confirm

www.burmeseclassic.com

သွားလုပ်ရင်း မတက်ဘဲ နေကြ၏။ ကျွန်ုပ်နှင့် ဒေါ်မြစိ နှစ်ယောက်သာ တက်ခဲ့၍ Tee, Coffee, Cake မျိုးစုံနှင့် ကျွေးမွေးညှော်ခံ၏။ အချိန်နန်တန်ရောက်မလာ၍ Dr. B. Kyneston က မေးသဖြင့် လေယာဉ်လက်မှတ် Confirm သွားလုပ်ကြောင်း။ အချိန်မီရောက်မည်ထင်ကြောင်း ပြောပြထားရ၏။

Radiotherapy ဌာနမှ စက်ခန်းတာဝန်မှတစ်ပါးကျန်သူများ တက်ရောက်၍ လူ ၄၀ ခန့်ရှိ၏။ Dr. B KYneston, Dr. Bourne, Dr. Robert, Dr. Heedge နှင့် လက်ထောက်များ။ သူနာပြုများ။ Physicist Mr. Taler, Mr. Khan စသူများ။ Chief M'Oshea, Assitanance Chief P. Bothe နည်းပြချုပ် Mr. D. Greane, Heindroft, Senior Radiographer အပြင် student တချို့လည်းပါ၏။ သတ်မှတ်ချိန် 10:30 AM မှာ Farewell စလုပ်၏။ နှုတ်ဆက်စကားပြောကြ၏။ Dr. Kyneston က ဒေါ်မြစိကို စကားပြောနိုင်းရာ နှုတ်ဆက်စကားပြောရင်း မျက်ရည်ကျ၍ ဝမ်းနည်းသွား၍ သူတို့ကိုယ်စား ကျွန်ုပ်က ကျေးဇူးတင်ကြောင်း ပြောလိုက်ရ၏။ တက်ရောက်သူများနှင့် ကျွန်ုပ်တို့နှစ်ယောက်နှင့် ဓာတ်ပုံရိုက်၏။ Dr. Kyneston ကို အလယ်မှာထား၍ ကျွန်ုပ်နှင့် ဒေါ်မြစိ ဘေးကနေပြီး ဓာတ်ပုံရိုက်၏။ Dr. Bourne စသူတို့နှင့်လည်း ရိုက်ယူ၏။ M. O'shea P. Bothe, M.R D. Grance, Ray Wandle, Shane Hopsley စသော ခင်မင်သူများအပြင် sister များလည်း ပါဝင်ဓာတ်ပုံရိုက်ဖြစ်လေ၏။ Farewell ပြီးသည်အထိ သူတို့နှစ်ယောက် ရောက်မလာပါ။ နောက်တနင်္လာနေ့ ရုံးတက်သောအခါ ကျွန်ုပ်ကို တွေ့သောအခါ Singapore ကို ဆက်သွားပြီထင်၏ဟု ပြောကြ၏။ ကျွန်ုပ်က လေးလနေမှာဟုပြောပြီး ဆက်လက်လေ့လာခဲ့ပါသည်။

နောက်နှစ်လအကြာတွင် ကျွန်ုပ်ပြန်ခါနီးတွင် M. O'shea ဦးဆောင်သော Radiotherapy ကျွမ်းကျင်သူများက 10.30 AM Farewell တစ်ခု ထပ်မံပြုလုပ်ပေး၏။ ထိုအခါ English ကောင်းကောင်းပြောနိုင်၍ ခေတ်မီကုထုံးများ။ နည်းစနစ်များကို သင်ယူရတာ နားလည်အောင် ရှင်းပြသင်ပြပေးတာ အဖက်ဖက်မှ လိုလေသေးမရှိ အပြည့်အစုံပေးထား၍ စိတ်ကျေနပ်မှု များစွာဖြစ်ပြီး သိလိုရာ အားလုံးအပြင် ဗဟုသုတာရစရာများကိုပါ လေ့လာခွင့်ရ၏။ များစွာကျေးဇူးတင်ကြောင်း ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်း[...]ဖြင့် ရှိနေပြီး ပိုမိုကောင်းမွန်သော ကုထုံးများရရှိကာ လုပ်ကို[...]နိုင်ကြပါစေ စသည်ဖြင့် တုံ့ပြန်ပြောပြလိုက်၏။

နည်းပြချုပ် Mr D. Greane က သူတို့နိုင်ငံ[...]နာမည်ကြီး သစ်တစ်မျိုးတွင် ထွင်းထားသော စားပွဲတင်နာ[...]တစ်လုံး အမှတ်တရ အားလုံးကိုယ်စား ပေး၏။ M. O'she[...]က သူတို့နိုင်ငံတွင် ပေါက်သော ပန်းမျိုးစုံပါသော sitevie[...]စာအုပ်သုံးအုပ် ပေးကြ၏။ Dr. Bourne ၏ ယခင်ပေး[...]သော "ရှခင်းပုံများ။ တိုက်တာအဆောက်အဦပါ စာအုပ်[...]နှင့်ဆိုလျှင် လေးအုပ်ခန့် ရရှိခဲ့၏။ ရင်းနှီးနေကြ၍ အမျိုးသ[...]ရေး၊ အမျိုးသားများပါ မေးချင်တာမေး၍ ဖြေပေးရ၏။ အ[...]ပျော်ပျော်ရွှင်ရွှင် ပြီးခဲ့ရလေ၏။

Australia မှာနေစဉ် အန်တီဒေါ်သန်းခင်ကြီး[...]ကျွန်ုပ်တို့နှင့်တွေ့၍ စတင်ခေါ်သွားပေး၍ လေးယောက်[...]ဘင်ဂိုးကဲစမ်းမဲနှိုက်ပုံ Gold Lotto နှင့် 36 pull ထီထိ[...]များကို နားလည်ခဲ့၏။ အန်တီကြီးနှင့်တွေ့ပြီး တစ်ပတ်အ[...]ဦးအောင်သောင်း၊ ဒေါ်မြစိနှင့် ကျွန်ုပ်တို့သုံးယောက် စတုတ္ထ[...]Gold Lotto ထီပေါက်၏။ ဒေါ်လာ ၃၀၀၀ လောက် ရ[...]ထင်ပြီး ပျော်နေကြပြီး အန်တီကြီးကို ဖုန်းဆက်လိုက်[...]အဲဒီလောက် မရဘူး။ ဒေါ်လာ ၂၀ ဝန်းကျင်ပဲ ရမည်[...]ကြောင်း ပြော၍ စိတ်ပျက်သွားကြ၏။ အမှန်ပင် ၁၈ ဒေါ်[...]ခန့်ရ၏။ သူမအိမ်ကို ရုံးပိတ်ရက်ရောက်သော် ဈေးဝယ်[...]စားလိုက်ကြ၏။

ကျွန်ုပ်တစ်ယောက်တည်း ထီတစ်မျိုး တစ်ကြ[...]နှစ်ကြိမ် ပေါက်ခဲ့၏။ ပဌမဆုဖြစ်၍ တစ်ခုက ၉ ဒေါ်[...]တစ်ခုက ၅ ဒေါ်လာသာ ရ၏။ စနေ၊ တနင်္ဂနွေနေ့ ညပိုင်[...]ထီဖွင့်၏။ အပတ်တိုင်း ဖွင့်၏။ တစ်ခုက ဂဏန်းအလုံး[...]ပါ၏။ တစ်ခုက ဂဏန်း ၃၆ လုံးပါ၏။ ကြိုက်ဂဏန်း[...]လုံးရွေး၍ တစ်ခုက အနည်းဆုံး လေးကွက်၊ တစ်ခု အန[...]ဆုံး နှစ်ကွက် တစ်ဒေါ်လာစီ ထိုးရ၏။ ဂဏန်းခြောက်လုံး[...]ပါက ပထမဆုဖြစ်၏။ ဒေါ်လာသန်းချီရ၏။ ဒုတိယ[...]ဂဏန်းငါးလုံးတူ၊ စတုတ္ထဆုက ဂဏန်းလေးလုံးတူ၊ [...]suit တစ်လုံးပါ တူရ၏။ တတိယဆုက ဂဏန်းလေးလုံး[...]



www.burmeseclassic.com

www.burmeseclassic.com

Result တစ်လုံးပါ တူ၏။ တူသော အားလုံးကို ဆု ...တွက် အချိုးကျပေးခြင်းဖြစ်၍ ငွေနည်းရခြင်းဖြစ်၏။

ထို့ပြင် မော်တော်ကားတင်သွင်းခွင့် Permit လျှောက် ...နိုင်၍ လွစ်စ်လမ်းရှိ Fugi Sangyo ကားသွင်းကုမ္ပဏီ၏ ...န်တွင် ဌာနခွဲမှာ အလုပ်လုပ်နေသော ကျွန်ုပ်၏ ...metution တွင် Physics ဘာသာ သင်ယူသော တပည့် ...င်မောင်အေးက မြန်မာနိုင်ငံမှ စာရေးလာ၍ သူတို့မန်နေဂျာမှ ...ဆင့် ကားဝယ်စာချုပ် လက်မှတ်ထိုးပို့၍ ဝယ်ပြီးဖြစ်နေ၏။ ...ota Hilux ငါးခိုတ်ကား ၁၀/၇၅၇၇ ဝယ်ယူရရှိ၏။ ကားပို့ ...ရောက်ကျ၍ စိတ်အနှောင့်အယှက်ဖြစ်ရ၏။ တင်မောင်အေး ...သူပြန်ခါနီးတွင် သင်္ဘောပေါ်အရောက် ဓာင်ပေးခဲ့၍ ရခြင်း ...ဖြစ်၏။

ပြန်ခါနီး နစ်ပတ်အလိုတွင် ထိုင်းလေကြောင်း T.G. ... ပြန်ရန် City မှာ သါး၍ Confirm ပြုလုပ်ရာတွင် ...ရှုးရှင် အန်ကယ်ကြီး U Shan Boe က လိုက်ပါပြီး ...ညီပေး၏။ လိုသောရက်မရ၍ တစ်ပတ်ကျော်စောင့်ရမည် ...ထို့ Australia Quanta လေကြောင်းလိုင်းကို ပြောင်း၍ ...ခွင့်တောင်း၍ ပြန်လာခဲ့ရ၏။ ဒါတောင်မှ သတ်မှတ်ရက် ...တ် နစ်ရက်နောက်ကျ၍ ထိုနစ်ရက်ကို ခွင့်ပြုဖို့ စာတင် ... တောင်းခံရ၏။ အန်ကယ်ကြီးသည် ပြန်ခါနီးရက်တွင် ...အိမ်မှာ ခေါ်၍ နေစေ၊ အိပ်စေ၊ စားစေ၏။ ဇနီးမောင်နှံနှစ် ...ဘက် လေဆိပ်သို့ လိုက်ပို့၏။ ကျွန်ုပ်လေယာဉ်ပေါ်ရောက် ... ပြန်သွားကြ၏။ ဆွေမတော်မျိုးမစပ် ညီရင်းအစ်ကို မောင် ...နှမ ကူညီမှုအတွက် ကျေးဇူးဆပ်၍ မကုန်နိုင်သော ...ရှုးရှင်ကြီးများ ဖြစ်ကြလေသည်။

Australia မှ မိတ်ဆွေများက သူတို့အမျိုးများ ...တွက် ပေးလိုက်သော အဝတ်အထည်များ၊ ဗိတ်စများပါ ...၍ ကျွန်ုပ်၏ Training ပါ စာရွက်စာတမ်း မှတ်တမ်းများ ... အဝတ်အထည်တချို့ကို Unaccopangel အဖြစ် ထုပ်ဖို့ ...တင်မှတ်ပုံတင်ပို့ထားပြီး ဖြစ်ပါသည်။ ပြန်ရောက်ပြီး ...တ်လောက်ကြာမှ ဆိပ်ကမ်းကာစတမ်ရုံးမှာ သွားရောက် ...တ်ယူခဲ့ရ၏။

Brisbane လေဆိပ်မှ တိုက်ရိုက်လေယာဉ် ပျံသန်းခဲ့ ... Singapore လေဆိပ်သို့ ည ၈ နာရီခန့် ရောက်ရှိ၏။ Golden Owl ကုမ္ပဏီ၌ T.V. နှစ်လုံးလည်း လှမ်း၍ ငွေပို့ဝယ်ထားပြီး လေဆိပ်မှာ ကြိုပေးရန်မှာထား၍ လာကြိုနေ၏။ စောမှုရာပေါ်လဲ အတူပါ၍ လာကြို၏။ ဆရာကြီးဒေါက်တာဦးတင်အောင်မှာသော ဖုန်းလာလျှင် သီချင်းသံမြည်သော တယ်လီဖုန်းမှာ တပ်စရာကိရိယာကို Golden Owl ပိုင်ရှင်လူငယ်နှင့် ညပိုင်းသွားဝယ်ပြီး ယူလာခဲ့၍ သူ့ထံမှ ပါတိတ်များလည်း အပ်ဝယ်ပါဆို၍ ဝယ်ခဲ့ရ၏။ Uncle ကြီး ဝယ်ပေးစေလိုသော Radoi ကို ဝယ်ရန် ဆိုင်ပိတ်ကုန်ပြီဆို၍ မဝယ်နိုင်ဘဲ ထောင်ကြီးခွေ့ ဈေးဆိုင်မှာ ရှာသော်လည်း မရသဖြင့် ထိုစဉ်က တစ်ဒေါ်လာလျှင် ၂၅ နှုန်း ပြင်ပဈေးရှိ၍ ထိုနှုန်းဖြင့် ပေးသော ငွေများကို လဲပေးလိုက်ရလေသည်။ ကားတင်သွင်းခွင့်ရမှ ၅၀ နှုန်း သောက်ရ၏။

B.AF လေယာဉ်ဖြင့် ပြန်ရမည်ဖြစ်၍ Golden Owl ပိုင်ရှင် လူငယ် လိုက်ပို့ပေး၏။ ပေါင်ချိန်ပိုနေ၍ ပါတိတ်ပြန်ယူရန်ပြောရာ လက်ဆွဲတန်ဆာလုပ်၍ ယူနိုင်း၍ ယူခဲ့ရ၏။ အထုပ်အပိုးတွေများနေ၏။ လေယာဉ်အတက်တွင် မနိုင်မနင်းဖြစ်နေသည်ကို တွေ့ပြီး နိုင်ငံခြားခရီးသည်နှစ်ဦး လေယာဉ်ပေါ်အရောက် ကူညီသယ်ပေးကြလေသည်။

မင်္ဂလာဒုံလေဆိပ်သို့ B.A.C လေယာဉ်ဖြင့် ပြန်ရောက်လာရာ ဆရာဝန်ကြီး ယခုအခါ အငြိမ်းစားယူထားသော ကျေးဇူးရှင်လည်းဖြစ်၊ စိတ်ထားအလွန်ကောင်းသော ဒေါက်တာဦးမျိုးတင့်လည်း လေဆိပ်မှာ လာကြိုနေ၏။ ဦးအောင်သောင်း၊ ဒေါ်မြစိန်နှင့် မညွန့်သန်းတို့လည်း ပါ၏။

ကျွန်ုပ်၏ မိသားစုများအားလုံးဖြစ်သော ကျွန်ုပ်ခရီးသွားစက လွမ်းဖျားလွမ်းနာကျကာ ဖျားခဲ့သော ထိုစဉ်က ၁၁ နှစ်သမီးငယ်၊ ၁၅ နှစ်အရွယ် သမီးကြီးနှင့် ၁၉ နှစ်အရွယ် သားကြီးတို့ သူ့အမေပါ စုံလင်စွာ လာကြိုရာတွင် သူ့တို့အဘိုးကားနှင့် စုစုဝေးဝေး လာကြပြီး ပြန်ရောက်လာစဉ် အားလုံးပျော်ရွှင်ကြရလေသည်။ အဘ၊ ဘိုးဘိုးတို့၏ စောင်မမှုဖြင့် စိတ်ကောင်းစေတနာကောင်း။ မိတ်ကောင်းဆွေကောင်းများ တွေ့ရပြီး အကူအညီရခဲ့လေသည်။

မေတ္တာ သစ္စာ သည်းခံ . . .

**ဖိုးသန်းကျော်(ရေကြည်သား)**

www.burmeseclassic.com

# သီရိဂေဟာ ဖြစ်စေရာ




မင်္ဂလာဦးရွှေအိုး

အိမ်သာလျှင် ညှိုလာသည်ဟု ကြားဖူးသည်။

အိမ်ပုလျှင်မူ မည်သည့်ညှို သည်မျှ သာစရာအကြောင်းမရှိ။ လာလည်း မလာကြ။ အိမ်ရှေ့ပု၊ အိမ်နောက်မချမ်းသာဆိုသည့် အတိုင်း ဘာစီးပွားရေးမှလည်း မဖြစ်။ အကြီးက အငယ်ကို ငြူစူ၊ အငယ်က အကြီးအား စောင်းမြောင်း၊ ထစ်ခနဲရှိ သတ်ကြပုတ်ကြဆိုတော့ ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်တော့။ ရပ်ကွက်ရုံးသို့လည်း သွားရသည်က ခဏခဏ။

သည်မိသားစုနှင့် ဆွေရိပ်မကင်း ဖြစ်နေသူက စာရေးဆရာ၏မိတ်ဆွေ ဖြစ်နေသည်။

"ကျွန်တော့်အမျိုးတွေ ခုလိုမျိုး မကောင်းတဲ့နေရာမှာ ရပ်ကျော်ရွာကျော်ဖြစ်နေတာ စိတ်မချမ်းသာဘူး ဆရာ။ အဲဒါ သူတို့မိသားစုအချင်းချင်း ပြန်လည်သင့်မြတ်သွားအောင် လုပ်ပေးနိုင်ရင် လုပ်ပေးပါလားဆရာရယ်"

သူက သူ့ဆွေမျိုးအသိုင်းအဝိုင်းကိစ္စအတွက် အရိုးခံစိတ်ရင်းဖြင့် အကူအညီတောင်းခံရှာသည်။ သည်တော့လည်း စာရေးသူအဖို့ တတ်သည့်ပညာ မနေသာဆိုသကဲ့သို့ ၎င်း၏ဖြစ်စေချင်သည်သောဆန္ဒကို တစ်ဖက်တစ်လမ်းမှ ကူညီပေးမိသည်သာ။

"အင်း .. လုပ်ရမယ့်အစီအရင်ကလေးက သိပ်ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး။ လုပ်တဲ့သူက ယုံကြည်ဖို့ပဲ လိုပါတယ်။ ဘယ်ကိစ္စမဆို ယုံကြည်မှုဆိုတဲ့ စွမ်းအားဟာ အင်မတန်မှ တန်ခိုးထက်မြက်တာကလား"

"ဟုတ်ပါတယ် ဆရာ။ ယုံယုံကြည်ကြည် လုပ်ပါ့မယ်"

"ကောင်းပါပြီ။ လုပ်ရမှာက ဖလင်ပြား(ဓာတ်မှန်ပြား)ခပ်သေးသေးတစ်ခုမှာ မသင့်မြတ်တဲ့မိသားစုရဲ့ အိမ်ထောင်စုဝင်နာမည်တွေကို ချွန်ထက်တဲ့ အရာဝတ္ထုနဲ့ဖြစ်စေ၊ အခြားသောဝတ္ထုနဲ့ဖြစ်စေ ရေးရပါမည်။ ရေးပြီးသွားတဲ့ ရေထည့်ထားတဲ့ စဉ့်အိုးထဲကို ထည့်ထားလိုက်ပါ။ ပူလောင်တာတွေ အေးချမ်းသွားမယ်။ တစ်ဦးပေါ်တစ်ဦး မေတ္တာရေစင်တွေ ဖျန်းထားသလို ငြိမ်းသွားမယ်"

"လုပ်မယ် ဆရာ"

မိတ်ဆွေက ယုံကြည်မှုအပြည့် ဖြင့် စာရေးသူ ညွှန်သည့်အတိုင်း လုပ် ခဲ့ပါသည်။ ထိုယုံကြည်မှုဖြင့် လုပ် ဆောင်မှုကား သိပ်မကြာခင် ဘာ တွေဖြစ်လာသနည်းဆိုတော့ အိမ်ရှေ့ လည်း မပုတော့၊ အိမ်နောက်လည်း မဆင်းရဲတော့။ ပွည့်ဆူည့် တကျက် ကျက်အသံများ တိတ်ဆိတ်သွား သည်။ အိမ်သို့ ညှိုသည်အဝင်အထွက် တွေ ရှိလာသည်။ ရပ်ကွက်ရုံးသို့ သွား လာမှုတွေ ကင်းပြတ်သွားသည်။ ပတ် ဝန်းကျင်နှင့်လည်း သဟဇာတဖြစ် သွားခဲ့ပေပြီ။

ဩော် ... ဤမိသားစု၏ အိမ် ဂေဟာအား 'ခုဆိုလျှင် ပတ်ဝန်းကျင် က 'သီရိဂေဟာ' ဟု၍ပင် တင်စား ခေါ်နေကြလေပြီတကား ...။

မင်္ဂလာဦးရွှေ



www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စဒေသနာတော် (၂)

မဟာထွန်း

ဤစာရေးသူသည် ဆောင်းပါးရှင်များကို ရေးဦးအစ ပထမ၌ ထိုဆောင်းတွင် ပတ်သတ်ပါဝင်မည့် အကြောင်းအရာများကို နိဒါန်းပိုင်းတွင် အထိုက်အလျောက် ရေးထည့်ပေးလေ့ရှိသည်။

ထို့ကြောင့် ယခု အနိစ္စဒေသနာတော် ဆောင်းပါး၏ ဤနိဒါန်းပိုင်းတွင်လည်း တရားတော်နှင့် ပတ်သက်သော အကြောင်းအရာ အချို့ကို ရေးဦးမည်။

ရှေ့ရှေ့သော ခါတ်ပရမတ် ဆောင်းပါးများမှာရော၊ ကုန်ခဲ့သည့်လ ဤအနိစ္စဒေသနာတော် ဆောင်းပါးမှာပါ ဤဝိပဿနာ ဓမ္မဆောင်းပါးများကို လူကြိုက်နည်းတတ်သည်ဟူသော စာသားကို အကြိမ်ကြိမ် ရေးခဲ့ဖူးသည်။ ယခု လူကြိုက်နည်းပုံအကြောင်းကို သာဓကနှင့် တင်ပြဦးမည်။

တိုင်းတာ၍ သိရှိနိုင်သော ပမာဏလေးမျိုး ဟူ၍ရှိသည်။ ထိုလေးမျိုးကို သိလျှင်ပင် ဓမ္မဆောင်းပါးများကို လူကြိုက်နည်းရခြင်း အကြောင်းကိုလည်း သိရှိနားလည်နိုင်ပေလိမ့်မည်။

**ပမာဏလေးမျိုး**

၁။ ရူပပမာဏ - ဘုရားရှင်၏ ဥပဓိရုပ်တော်ကို သတ္တဝါများအားလုံး သုံးပုံတွင် နှစ်ပုံကြည်ညိုကြသည်။

၂။ ဃောသပမာဏ - ဘုရားရှင်၏ အသံတော်ကို သတ္တဝါများအားလုံး ငါးပုံတွင် နှစ်ပုံ ကြည်ညိုကြသည်။

၃။ လူခပမာဏ - ဘုရားရှင်၏ ခေါင်းပါးသော အကျင့်ကို သတ္တဝါများအားလုံး ဆယ်ပုံပုံလျှင် ကိုးပုံ ကြည်ညိုကြသည်။

၄။ ဓမ္မပမာဏ - ဘုရားရှင် ဟောတော်မူသော တရားတော်ကို သတ္တဝါများ တစ်ထောင်မှာ တစ်ယောက်သာ ကြည်ညိုနိုင်သည်။

ဤသည်ကို ထောက်ကြည့်ခြင်းအားဖြင့်ပင် ဓမ္မဆောင်းပါးများကို လူကြိုက်နည်းရခြင်း ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ထို့ကြောင့်လည်း ကမ္ဘာတွင် ဘုရားရှင်များပွင့်တော်မူသည့်တိုင်အောင် သတ္တဝါအားလုံး ကျွတ်တမ်းမဝင်နိုင်ကြခြင်း ဖြစ်သည်။

ဘုရားရှင် တစ်ဆူပွင့်တော်မူလျှင် သတ္တဝါပေါင်း ၂၄ သင်္ချေနှင့် ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းသာ ကျွတ်တမ်းဝင်တော်မူကြသည်ဟု မှတ်သားဖူးသည်။

ထို့ပြင်လည်း ပွင့်တော်မူသော ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက တရားတော်များကို ဟောဖော်ညွှန်ပြဆိုဆုံးမ၍ ဗိုလ်ခြေတစ်သိန်းသာ ကျွတ်တမ်းဝင်ပြီး ကျန်သော သတ္တဝါများမှာ သာဝကဝေနေယျများသာ ဖြစ်ကြကုန်၏။

သာဝကဝေနေယျ ဟူသည်မှာ ဘုရားရှင်မှတစ်ပါး၊ သို့တည်းမဟုတ် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်မှသည် သိဿာနုသိဿ အာစရိယ ပရံပရ ဟူသည့်အတိုင်း သာဝကအဆင့်ဆင့်တို့အထံမှ တရားတော်များကို နာကြားပွားများပြီး မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် အကျွတ်ရသွားကြသော ပုဂ္ဂိုလ်များ အားလုံးကိုပင် ဆိုလိုသည်။

ဤ၌ သင်္ချေ၏အကြောင်းကို သိရန်လိုပေဦးမည်။ ထို့ကြောင့် အကျဉ်းအားဖြင့် ဥပမာနှစ်ခုကို ဗဟုသုတဖြစ်စေရန် တင်ပြဦးမည်။

တစ်သင်္ချေဟူသည် ၁ နောက်မှ သုညလုံးရေ ၁၃၀ လိုက်သည်ကိုပင် ခေါ်ခြင်းဖြစ်သည်။ နောက်တစ်နည်းမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်လင်းဝိုင်းပမာဏရှိသော မြေကြီးကို မြေသားထု ကုန်ဆုံးသည်အထိ (အဝီစိတိုင်အောင်) ကောက်ညှင်းကျည်တောက်သဖွယ် အတောင့်လိုက်ထုတ်ယူပြီး ထိုမြေတောင့်ကြီးမှာရှိနေသော မြေမှုန့်အားလုံး၏ ပမာဏကိုပင်လျှင် တစ်သင်္ချေဟု ဆိုရသည်။

ဤမျှလောက်ဆိုလျှင်ပင် အခြားစာများလောက် တရားစာကို လူမကြိုက်နိုင်ဟူသော အဖြေသည် ရှင်းသွားပေလိမ့်မည်။ သို့သော် တရားစာကိုကြိုက်၍ နှလုံးသွင်းကာ အာရုံစိုက်ဖတ်၍ တစ်ယောက်မျှ မိစ္ဆာဒိဋ္ဌိပြုတ်လျှင်ပင် တစ်စုံတစ်ခုနှင့်မျှ မနှိုင်းကောင်း။ အကျိုးရလဒ် ကြီးမားနေပြန်သည်။

မိစ္ဆာဒိဋ္ဌိပြုတ်လျှင် သရဏဂုံတည်ပြီး ငါးပါးသီလမြဲကာ သောတာပတ္တိမဂ်ကို ရ၍ သောတာပန်လည်း ဖြစ်လေ၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိတစ်လုံး၏ ဆိုးကျိုးသည် မည်မျှအထိ ကြီးမားသည်ကို မြင်သာ၏။

မိစ္ဆာဒိဋ္ဌိတစ်လုံးပြုတ်လျှင်ပင် သရဏဂုံတည်ခြင်း၊ ငါးပါးသီလမြဲခြင်း၊ သောတာပတ္တိမဂ်ကို ရခြင်းတည်းဟူသော ကောင်းကျိုးအဆင့်ဆင့် တိုးပွား၍လာနေသည်မှာလည်း ရှင်းရှင်းကြီးပင် ရှိနေ၏။ အပါယ်သံသရာကိုလည်း အမြစ်ကပင် ဖြတ်တောက်ပြီးလေပြီ။

ဒိဋ္ဌိမပြုတ်သေးသမျှ ကာလပတ်လုံးလည်း အမြင်မရှင်းသေးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြ၏။ အမြင်မရှင်းကြသေးသော ပုဂ္ဂိုလ်တို့သည် ကုသိုလ်၏အကျိုးအမြတ်ကို ခွဲခြားပြီး မသိနိုင်ကြသေးပေ။ ကုသိုလ်၏ အကျိုးအမြတ်ကို ခွဲခြားပြီး မသိနိုင်ကြ၍လည်း ဒါန၊ သီလများကို နိုင်သမျှ ပြုလုပ်နေကြပါလျက် အပါယ်သို့ တဖြုတ်ဖြုတ် ကျနေကြရခြင်း ဖြစ်၏။

ထို့ကြောင့် ဤ၌ ဝိနိပါတစသော ဘေးကြီးလေးပါးကို ထုတ်ပြဦးမည်။

၁။ ဝိနိပါတဘေး၊
၂။ နာနာသတ္တ ဥလ္လောကနဘေး၊
၃။ ဒုစရိတ္တဘေး၊
၄။ အပါယဘေး၊

၁။ ဝိနိပါတဘေး- သေဆုံးပြီးနောက် ဦးတည်ရာမဲ့ ဘဝများကို ရောက်သွားကြရသည့်ဘေး၊
၂။ နာနာသတ္တ ဥလ္လောကနဘေး - ကိုးကွယ်ရာများသောဘေး၊
၃။ ဒုစရိတ္တဘေး- မကောင်းသော အကျင့်များကို ရဲရဲကြီး ကျင့်ဝံ့သောဘေး။
၄။ အပါယဘေး - အပါယ်လေးပါးကို သွားရသောဘေး။

ဤဘေးကြီး လေးပါးကိုလည်း ရှင်းပြဦးမည်။ ဦးစွာ အမှတ်စဉ်(၁)ဖြစ်သော ဝိနိပါတဘေးကို စ၍ ရှင်းပြပေးမည်။

၁။ ဒိဋ္ဌိမပြုတ်ခင် မဂ်ကိုလည်း မရကြသေးသော ပုဂ္ဂိုလ်တို့သည် ဝိနိပါတဘေးက မလွတ်ကင်းနိုင်ကြသေးပေ။ ဥပမာအားဖြင့် သီရိဓမ္မာသောကမင်းကြီး၏ အဖြစ်ကို ကြည့်ရှုဖြင့်ပင် သိနိုင်သည်။

သီရိဓမ္မာသောက မင်းကြီးသည် သာသနာတော်အတွင်း၌ အလှူဒါနအများဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်းပင် သိကြပေလိမ့်မည်။ ဈာန်အဘိညာဉ်ရ ရဟန္တာကြီးများ၊ ပုထုဇဉ်ရဟန်းများတွင်လည်း ပိဋကတ်သုံးပုံဆောင် ရဟန်းတော်ကြီးများစသော ရဟန်းအရှင်မြတ်ပေါင်း ခြောက်သောင်းကျော်တို့ကို နေ့စဉ်ပင် ဆွမ်းဖြင့် လုပ်ကျွေးတော်မူသည်။

ထို့နောက် ကျောင်းပေါင်း၊ စေတီပေါင်း၊ ရေတွင်း၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်စီ စသည်များကို ပေးစွန့်လှူဒါန်းတော်မူသည့်အပြင် နောက်ဆုံးတွင် သူပိုင်ပစ္စည်းဆို၍ သားသမီးများကိုပင် မချန်ဘဲ အလုံးစုံ စွန့်လွှတ်ပြီး လှူဒါန်းသွားသော်လည်း သေဆုံးပြီးနောက်၌ အပါယ်သို့ကျကာ တိရစ္ဆာန်(မြွေပိတ္တာ)အဖြစ်သို့ ရောက်သွားခဲ့ရသည်။

ဤသည်မှာ မည်သို့သော ပုဂ္ဂိုလ်မျိုးပင်ဖြစ်စေ၊ ဒါန၊ သီလ ဘယ်လောက်ပင်များများ အပါယ်လေးပါးနှင့် မကင်းရှိတတ်သည့် ဝိနိပါတဘေးဆိုးကြီးကို လင်းလင်းကြီး မြင်သာထင်သာပြနေသကဲ့သို့ပင် ဖြစ်လေသည်။ ထို့နောက် နာနာသတ္တ ဥလ္လောကနဘေးကို ဆက်ကြည့်ပါ။


www.burmeseclassic.com

www.burmeseclassic.com

၂။ ကိုးကွယ်ရာမှားသော ဘေးဟု ဆိုခြင်းမှာ လွတ်မြောက်ကြောင်းတရား မဟုတ်သော ကိုးကွယ်ခြင်းမျိုးကိုပင် ဆိုလိုသည်။ ဤ၌လည်း သိရိမမ္ဘာသောက မင်းဖြစ်လာမည့် အသောကမင်းအကြောင်းကို ဆက်ပြလျှင်ပင်သင့်တော်မည်ဟု ထင်သည်။ သူသည် ထိုအချိန်က ငယ်နာမည်အတိုင်း အသောက ဟူ၍သာ ရှိသေးသည်။

ယခုခေတ်၌ ဂျိမ်းဘာသာဟု ခေါ်သော မိစ္ဆာအယူဘာသာကို ကိုးကွယ်နေခြင်း ဖြစ်သည်။ ဂျိမ်းဘုန်းကြီးများမှာ အကျင့်သီလကို မဆိုထားဘိ၊ ကိုယ်မှာ အဝတ်ဝတ်ရုံခြင်းပင် မရှိကြပေ။ မိမွေးတိုင်း ဘမွေးတိုင်း နေကြခြင်းသာ ဖြစ်သည်။ ဂျိမ်းဘာသာရေးခေါင်းဆောင် ဖြစ်ရန်အတွက် ကျင့်ကြံရသည်မှာလည်း ကိုယ့်မစင်၊ နွားမစင်စသော မစင်များကို စားသောက်ပြီးသာ ကျင့်ကြံရကြောင်းကို လေ့လာမှတ်သားဖူး၏။ အဘယ်မှာလျှင် အဆင်ပြေချိမ့်မည်နည်း။ မိစ္ဆာအယူဝါဒ စစ်စစ်ကြီးသာ ဖြစ်ချေ၏။ ဤသည်ပင်လျှင် နာနာသတ္တ ဥပ္ပလာကနဘေး စစ်စစ်ကြီးဖြစ်နေလေသည်။ ချမ်းသာကြောင်းမဟုတ်သောကြောင့် ကိုးကွယ်ရာမှားသော ဘေးဟူ၍လည်း ဆိုရလေသည်။

၃။ ဒုစရိတဘေးတွင်လည်း သိရိမမ္ဘာသောကမင်းကြီး၏ အကြောင်းကို ပြလျှင်ပင် လုံလောက်ပြီး အံ့ဝင်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ဒုစရိတဘေးတွင်လည်း သိရိမမ္ဘာသောကမင်းကြီး၏အကြောင်းကိုပင် ဆက်ကြည့်ပါ။

သိရိမမ္ဘာသောကမင်းဖြစ်လာမည့် အသောကတို့မှာ မွေးချင်းညီအစ်ကို မင်းညီမင်းသားပေါင်း တစ်ရာရှိသည်။ ထိုအချိန်က အသောမင်းသားသည် ဝေဒိသမြို့လေးကို စားရသော မြို့စားကလေး အဆင့်မျှသာရှိသည်။ မင်းဖြစ်လောက်သော အခြေအနေလည်း မရှိပေ။

သို့သော် ဖခင် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံလေရာ အမြော်အမြင်ရှိသော (ရှင်ဘုရင်လုပ်ချင်သော) အသောကမင်းသားသည် တပ်ထုဗိုလ်ဗာကို စုရုံးပြီး ထတိုက်လေရာ အလစ်အငိုက်မိသွားကြသော ညီတော်၊ နောင်တော်ပေါင်း ၉၉ ယောက်တို့ ကျဆုံးပြီး အခြားစစ်သည်ပေါင်း ပြည်သူထုပေါင်း၊ အိုးအိမ်ပေါင်း မြောက်မြားစွာတို့သည်လည်း ကျဆုံးပျက်စီးကြရလေသည်။

ထို့နောက် လက်တွေ့သွားသော အသောကသည် တစ်တိုင်းပြီးတစ်တိုင်း ဆက်ကာတိုက်လေသောကြောင့် ဇမ္ဗူဒိပ/ဣန္ဒိယတိုက်ကြီး တစ်တိုက်လုံး အသောက လက်အောက်သို့ ကျရောက်သွားလေသည်။

ထို့နောက် အရှုံးမတစ်ယောက်က "အသောကနင့်တစ်ဝမ်းတစ်ခါးအတွက် ငါတို့ပြည်သူတွေ နောက်ထပ်ဘယ်လောက်သေပေရဦးမလဲ"ဟု ပြောလိုက်သော စကားတစ်ခွန်းကြောင့် အသောက သတိသံဝေဂရပြီး စစ်ပွဲကိုရပ်နားလိုက်၏။ ထို့နောက် သူအာဏာရှိရန်အတွက် တိုက်ခိုက်သတ်ဖြတ်ရာတွင် ပါဝင်သွားသော အစ်ကိုတော်တစ်ယောက်၏ သားဖြစ်သော နိဂြောဓသာမဏေ၏ တရားကို နာကြားရမှသာ ဗုဒ္ဓဘာသာဝင်မင်းကောင်းတစ်ပါး ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ မိမိတစ်ဝမ်းတစ်ခါးအတွက် တိုက်ပွဲပေါင်းမြောက်မြားစွာကို တိုက်ခိုက်သတ်ဖြတ်ရခြင်းမှာ ဒုစရိတ္တဘေး၏ အစွမ်းကြောင့်သာ ဖြစ်သည်ကို လင်းလင်းကြီးမြင်စေလေသည်။ ဒုစရိုက်ကို အကုသိုလ်ဟု မသိနိုင်သောကြောင့်လည်း လုပ်ရခြင်းဖြစ်၏။ သိလျက်နှင့် မသိသောကြောင့်လည်း ရဲရဲကြီး လုပ်ရခြင်းဖြစ်၏။

၄။ ထို့နောက် အပါယဘေးကို ဆက်ကြည့်ပါ။ အပါယဘေးအကြောင်းသည်ကား တင်ပြခဲ့သည့် နာနာသတ္တ ဥပ္ပလာကနဘေးမှာပင် ထင်ရှားလေပြီ။ သေဆုံးပြီးနောက် ရောက်ချင်ရာဘုံဘဝကို ရောက်ကြရသော ဘေးဆိုးကြီးပင် ဖြစ်လေသည်။

ထို့ကြောင့်ပင် သိရိမမ္ဘာသောက မင်းကြီးသည်လည်း ပြဆိုခဲ့သည့်အတိုင်း အလှူဝတ္ထုဒါယကာအရာတွင် အကြီးမားဆုံး အထွတ်အထိပ်ဆုံးဖြစ်သော်လည်း အပါယ်သို့ကျကာ မြွေပြိတ္တာကြီးသာ ဖြစ်သွားရလေသည်။

ထို့ကြောင့် ဒါနကို ပြုလုပ်သည်ဖြစ်စေ၊ သီလကို စောင့်ထိန်းသည်ဖြစ်စေ၊ သမထကို ပွားများသည်ဖြစ်စေ၊ ပရမတ္ထ ဒါန၊ သီလ၊ သမထများဖြစ်ရန် အထူးအရေးကြီးလေသည်။ အတ္တတန်းလန်းကြီး ပါရှိနေလျှင်မူကား အပါယ်



www.burmeseclassic.com

www.burmeseclassic.com

လေးပါးနှင့် အဆက်မပြတ်သေးဟု ကောင်းစွာပင် နားလည်နိုင်လေသည်။

ဤစာရေးသူသည်လည်း အတ္တမဲ့ဒါန၊ အတ္တမဲ့သီလစသော အတ္တဖြုတ်သည့် ဒါန၊ သီလများ အကြောင်းကို ဟောကြားခဲ့ဖူးပြီ။ စာအုပ်ငယ်များအဖြစ်လည်း ထုတ်ဝေခဲ့ဖူးပြီ။ ထိုထက် အကောင်းဆုံးမှာမူ ရုပ်နာမ်ပရမတ်ကို ရှုမှတ်ပွားများတတ်သော ဝိပဿနာဘာဝနာတရားတော်မြတ်ကြီးသာ ဖြစ်လေသည်။ ထို့ကြောင့် ဤ၌ ဘေးကြီးလေးပါး သံပေါက်လေးကို ထည့်ပေးလိုက်သည်။

### ဘေးကြီးလေးပါး သံပေါက်

၁။ ဒါန၊ သီလ၊ သမထ ပြုကြမြဲမကျွာ။

၂။ ဝိနိပါတ စသည်အပြား ဘေးလေးပါး၊ ငါကားမလွတ်သာ။

၃။ လွတ်အောင်ပြုလုပ် နည်းမဟုတ်၊ မုချမလွယ်ပါ။

၄။ ဝိပဿနာပွားများကာ ဉာဏ်သာမူလ မြင်တတ်က မုချလွတ်မည်သာ။

၅။ မည်သူမပြော ဘုရားဟော သဘောယုတ္တိရှာ။

*(ဆရာကြီး ဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းတရားခွေမှ)*

ထို့ကြောင့် ဝိပဿနာတရားတော်၏ အခြေခံဖြစ်သော ပရမတ်တည်းဟူသော အမှန်တရားကို မမြင်သေးသမျှကာလပတ်လုံး အမှားများအယွင်းယွင်းဖြင့်သာ သံသရာခရီးကို ရေစုန်စီးမျောနေကြမည် ဖြစ်၏။ ထို့ကြောင့် မျက်ကန်းလမ်းသွားသည်နှင့်လည်း တူသည်သာဖြစ်၏။ ကိုယ်ပြုလုပ်သမျှ အမှားနှင့်အမှန်ကိုပင် ခွဲခြားပြီး မမြင်နိုင်ကြသောကြောင့် အမှားကိုချည်းပင် အမှန်ဟု ထင်နေတတ်၏။ ထို့ကြောင့်လည်း ဝိနိပါတဘေးက မလွတ်နိုင်ကြခြင်းဖြစ်၏။

ပြင်သစ် စာရေးဆရာကြီး တစ်ယောက်က "လူတို့သည် အရူး၊ အရူးဟု ဆိုသောသူသည်လည်း ရူးခြင်းတစ်မျိုးနှင့် ရူးနေသည်သာ ဖြစ်၏"ဟု ဆိုဖူးသည်ကို မှတ်မိ၏။ ဝိပဿနာဉာဏ်နှင့်ယှဉ်၍ အမှန်တရားကို မမြင်ကြသေးသော လူများကို ဆိုလိုဟန်ရှိသည်။

တချို့သည်ကား ဝိပဿနာတရားတော် ပွားများအားထုတ်ရမည်ကို ကြောက်တတ်ကြ၏။ အပေါင်းအသင်းဓမ္မယောဂီများက ဝိပဿနာတရားပွားများအားထုတ်ရန်၊ တရားရိပ်သာဝင်ရန် ဆွဲဆောင်တိုက်တွန်းကြသည်ကိုပင် အကြောင်းအမျိုးမျိုးပြပြီး ငြင်းတတ်ကြ၏။

စင်စစ်တွင် ဝိပဿနာတရားတော်ကြီးသည်သာလျှင် ဗုဒ္ဓဘာသာတို့၏ တရားတော်စစ်စစ်ဖြစ်၏။ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သောကြောင့်လည်း ဖြစ်၏။ အခြားသော ဘာသာဝင်များမှာ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ မရှိကြပေ။

ဒါန၊ သီလ၊ သမထ တရားများသည်ကား ဗုဒ္ဓဘာသာမှာလည်း ရှိ၏၊ အခြားသော ဘာသာဝင်များမှာလည်း ရှိ၏။ ဒါန၊ သီလ၊ သမထတရားများသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များထဲတွင် ပါဝင်သည်ကား ဟုတ်၏။ သို့သော် ဝိနိပါတဘေးက လွတ်မြောက်သည်အထိ မဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်သည်အထိ လုပ်နည်းလို၏။

၎င်းမှာ ဘဝကောင်းရာ၊ နောင်ကောင်းရာတည်းဟူသော ဘဝချမ်းသာကို လိုချင်သည့် လောဘဇောကို ပယ်သတ်ရန် လို၏။ လောဘဇောကို ပယ်သတ်ပြီး ဒါန၊ သီလ၊ သမထစသော တရားတော်များကို ပြုလုပ်ပါမှ မဂ်ဖိုလ် နိဗ္ဗာန်နှင့် စပ်၏။ ထိုကဲ့သို့ ပြုလုပ်လျှင်ပင် အင်းရိုက်သဘောကို ဆောင်၍နေသေး၏။ ဒါရိုက်မဟုတ်သေးပေ။ ကြန့်ကြာနေတတ်သေးသည်ဟု ဆိုရ၏။

ထို့ကြောင့် ဒါန၊ သီလ၊ သမထ စသော တရားတော်များကို ပြုလုပ်ရခြင်းသည် ခက်၏။ ဆင်းရဲပင်ပန်းခြင်းလည်း ရှိ၏။ အားလည်း များစွာစိုက်ရ၏။ လုံ့လ ဥဿာဟလည်း ဆောင်ရ၏။

ဝိပဿနာတရားတော်ကို ပွားများခြင်းသည်ကား လွယ်၏။ ပရမတ်တရားတော်ကို နာကြားသင်ယူ မှတ်သားပြီးနောက် နေရာဌာနတိုင်းမှာပင် ရှုမှတ်ပွားများ၍ ရ[illegible] ယုတ်စွအဆုံး ယိုခြင်း/ပေါက်ခြင်း စသည်ဖြင့်ပင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

အသိဖြင့် ဆင်ခြင်ပွားများနိုင်၏။

ဆိတ်ငြိမ်ရာအရပ်ဟု ဆိုခြင်းကို တောထဲတောင်ထဲဟု ချည်း တစ်ထစ်ချ မသတ်မှတ်သင့်ပေ။ မိမိ၏ ဘဝအကျိုးပေးရာအတိုင်း ပရိတ်သတ်များစွာဖြင့် နေထိုင်ရသည့်တိုင်အောင် ဝိတက်၊ ဝိစာရ ကင်းစွာဖြင့် သင့်သလို တရားတော်ကို ရှုမှတ်ပွားများနေရန် လို၏။ အလေ့အကျက် လုပ်ထားလျှင် မရမရှိ ရသည်သာ ဖြစ်၏။

ဤစာရေးသူသည် စာသင်နေချိန် ရဟန်းငယ်ဘဝတပင် စာရေး၏။ ထိုအခါ ပတ်ဝန်းကျင်က စာကျက်နေကြသဖြင့် ဆူညံနေ၏။ စာဝါနားသော ဥပုသ်နေ့များတွင်သည်း ဥပုသ်ဇရပ်က အသံချဲ့စက်ဖွင့်ထား၍ ဆူညံနေပြန်သည်။ ထို့ ကြောင့် စာရေး၍မရနိုင် ရှိနေတတ်၏။

သို့သော် နောက်ပိုင်းတွင် ကြိုးစားပြီး ရေးသားရင်းက ရေးတတ်သွား၏။ မည်မျှအထိပင် ပတ်ဝန်းကျင်ကဆူညံနေစေကာမူ စာရေး၍ ရသွား၏။ ထို့နောက် တရားအလုပ်ခွင်သို့ ဝင်ရောက်လာသောအခါတွင်လည်း ထိုနည်းသည်းကောင်း၊ ပတ်ဝန်းကျင်က ဆူညံနေသည့်တိုင်အောင်တရားရှုမှတ်၍ ရသည်သာ ဖြစ်၏။ ခရီးလမ်းသွားရင်းဆိုရင်း ပေါက်ရင်းလည်း ထိုအတိုင်းပင် ရှုမှတ်၍ရ၏။

ဓမ္မယောဂီများသည်လည်း ဤစာရေးသူ၏ နည်းတို့ ရအောင် လေ့ကျင့်ပြီး ယူစေချင်၏။ သို့မှလည်း အချိန်ရှိတိုင်း နေရာတိုင်းတွင် တရားရှုမှတ်၍ ရနိုင်ကြမည် ဖြစ်၏။ ခုင်းလျှင်လည်း ပေပြီး ရှုမှတ်သင့်၏။ ပေပြီး ရှုမှတ်ရင်းကအကျင့်ဖြစ်သွားပြီး မရှုမှတ်ရလျှင် မနေတတ်သည်အထိခင် ဖြစ်လာလေ၏။

ယဿစ ဗလဝေဒိ တဿ အာရဒ္ဓ
ဝိပဿကာ နိဋ္ဌန္တဿ ဂစ္ဆန္တဿ ဘုဥ္ဇ န္တ
ဿ ခါဒန္တဿ၊ နိပ္ပစ္စန္တဿ၊ မဂ္ဂဖ လ
ပဋိဝေဓောနာမ၊ နဟောတီတိ နတ္ထိ။

ယဿ-အကြင်ပုဂ္ဂိုလ်အား၊ သဲဒ္ဓါစ-တရားအပေါ်၌ ယုံကြည်သော သဒ္ဓါတရားသည်၊ ဗလဝေဒီ-အားရှိသည်၊ ဟောတိ-ဖြစ်၏။ အာရဒ္ဓဝိပဿကာ- ဝိပဿနာအားသော ရုပ်နာမ်အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမြဲမပြတ် ရှုမှတ်ပွားများ အားထုတ်ခြင်းသည် ဟောတိ-ဖြစ်၏၊ တဿ-ထိုပုဂ္ဂိုလ်အား တိဋ္ဌန္တဿစ-ရပ်နေစဉ်၌လည်းကောင်း၊ ဂစ္ဆန္တဿစ- သွားနေစဉ်၌လည်းကောင်း၊ ခါဒန္တဿစ-ခဲနေစဉ်၌လည်းကောင်း၊ ဘုဥ္ဇန္တဿစ-စားနေစဉ်၌လည်းကောင်း၊ နိပ္ပစ္စန္တဿစ-လျောင်းနေစဉ်၌လည်းကောင်း၊ မဂ္ဂဖလ ပဋိဝေဓော-မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရခြင်းသဘောသည်၊ နဟောတိ-မဖြစ်သည်ကား၊ န-မဟုတ်၊ ဟောတိဧဝ-ဖြစ်သည်သာလျှင်တည်း။

ဝိပဿနာတရားကို ရှုမှတ်ပွားများသော ပုဂ္ဂိုလ်များမည်မျှအထိ အားတက်ဖွယ်ကောင်းသည်ကို လင်းလင်းကြီးဟောတော်မူခြင်း ဖြစ်၏။ ရုပ်နာမ်ပရမတ်ကို နာကြားနားလည်ထားသော ယောဂီပုဂ္ဂိုလ်များအဖို့တွင်လည်း ဝိပဿနာတရားကို ရှုမှတ်ပွါးများရန် ဘာမျှမခက်တော့ပေ။ အချိန်သတ်မှတ်ပြီး လုံ့လစိုက်ရုံသာ ရှိတော့သည်။

ဤနိဒါန်းပိုင်းတွင် ဓမ္မယောဂီများ တရားတော်နှင့်ပတ်သက်၍ ညက်ညက် နားလည်ထားရန်ကိုသာ အဓိကဦးစားပေးပြီး ရေးသားနေခြင်း ဖြစ်၏။ နိဒါန်းကို နားလည်လျှင် စာကိုယ်ဟုပြောမည့် တရားကိုယ် တရားသားပိုင်းတွင် သာ၍ပင် နားလည်လွယ်ကူကြမည် ဖြစ်၏။

ထို့ကြောင့်ပင် ဥပမာ၊ ဥပမေယျများဖြင့် တစ်မျိုးပြီးတစ်မျိုး တင်ပြနေခြင်းလည်း ဖြစ်၏။ အခြေခိုင်မှ ကြာကြာခံခြင်းလည်း ဖြစ်၏။ ဝိပဿနာတရားတော်မှာ သာ၍ပင်အခြေခံကောင်းရန် လို၏။ အခြေခံကောင်းလေ တရားရလွယ်ကူလေသာ ဖြစ်၏။


မဂ်ပေါက်ဖိုလ်ပေါက် တရားတော်ဖြစ်၍ ပိုပြီးလည်း ဂရုစိုက်ရ၏။ ကိုယ်နားလည်သလို ဓမ္မယောဂီများလည်း နားလည်ကြလေအောင် အဘယ်သို့ ရေးသားတင်ပြရမည်ကို အမြဲတမ်း အာရုံစိုက်နေရ၏။ သာမာန်ဆောင်းပါးတစ်ပုဒ်ကို ရေးသည်နှင့်ကား မတူပေ။ ဂရုစိုက်နိုင်မှ သင့်ရုံကျ၏။ ထို့ကြောင့် ရှုနည်းတရားတော်ကိုနောက်နောက်သော လများမှာသာ ညက်ညက်ရေးသားတင်ပြရန် စီမံထားခြင်း ဖြစ်၏။

■ မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# သူတော်ကောင်းတို့ရဲ့နှလုံးသား

ရွှေမန်းသား အရှင်အကုံရ

တစ်ခါတစ်ခါ စာရေးသူရော၊ စာဖတ်သူပါ စိတ်ညစ်တာတွေ၊ စိတ်မအီမသာဖြစ်တာတွေ ကြုံတွေ့ရတတ်ပါတယ်။ ဒီလိုအချိန်မှာ အနားမှာ အားပေးဖော်သူငယ်ချင်းတွေ ရှိနေရင် ကိုယ့်ရဲ့ စိတ်ညစ်နေတာလေးတွေကို မျှဝေလိုက်ရင် အဆင်ပြေတတ်ပါတယ်။ ဒါပေမယ့် သူငယ်ချင်းတွေဆိုတာ အမြဲတမ်း ကိုယ့်အနားမှာ ရှိမနေနိုင်ကြပါဘူး။ ရှိနေပြန်ရင်တောင် ကိုယ့်ရဲ့စကားတွေကို အချိန်အမြဲတမ်းပေးပြီး နားမထောင်နိုင်ကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဆိုရင် စိတ်ညစ်စရာတွေ တွေ့လာတဲ့အခါ အားတင်းပြီး ဖြေနိုင်ကြအောင် သူတော်ကောင်းကြီးတွေရဲ့ နှလုံးသွေးနဲ့ ရေးသွားကြတဲ့ ဖြစ်ရပ်လေးတွေ ပြောပြချင်ပါတယ်။ သူတော်ကောင်းကြီးများဟာ သူတို့အပေါ် ဘယ်လောက်ပဲ ရက်စက်စက်၊ တိုက်ခိုက်တိုက်ခိုက်၊ မေတ္တာနဲ့ သစ္စာနဲ့သာ ယှဉ်ပြိုင်အနိုင်ယူသွားကြတာပါ။ ရက်ရက်စက်စက် စကားလုံးတွေ တုံ့ပြန်ရန်မူတာတွေနဲ့ အနိုင်မယူကြပါဘူး။

ပထမဆုံးအနေနဲ့ ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်း သူတော်ကောင်းကြီးအကြောင်းကို ပြောပြချင်ပါတယ်။ ဆဒ္ဒန်ဆင်မင်းကြီးမှာ မဟာသုဘဒ္ဒါရယ်၊ စူဠသုဘဒ္ဒါရယ်ဆိုတဲ့ ဆင်မ မိဖုရားနှစ်ပါး ရှိပါတယ်။ တစ်နေ့တော့ ဆဒ္ဒန်ဆင်မင်းကြီးရယ် သူ့ရဲ့မိဖုရားနှစ်ပါးနဲ့အတူ ဆဒ္ဒန်ရေကန်ကြီးထဲမှာ ရေချိုးကြပါတယ်။ ရေချိုးနေရင်း ဆဒ္ဒန်ဆင်မင်းကြီးဟာ မိဖုရားတွေကိုချစ်လွန်းလို့ အင်ကြင်းပန်းတွေ ချိုးပြီးပေးပါတယ်။

အဲဒီလိုပေးရာမှာ မဟာသုဘဒ္ဒါမိဖုရားကြီးကို ပေးတဲ့အခါ ဘာပြဿနာမှ မဖြစ်ပေမယ့် စူဠသုဘဒ္ဒါကိုပေးတဲ့အခါ အင်ကြင်းပန်းတွေထဲမှာ ခါချဉ်ကောင်တွေပါသွားတော့ ခါကြင်ကောင်တွေက စူဠသုဘဒ္ဒါကို ကိုက်ပါတယ်။ အဲဒီတော့ စူဠသုဘဒ္ဒါဟာ ငါ့ကိုမချစ်လို့ ခါချဉ်ကောင်တွေပါတဲ့ ပန်းတွေပေးတယ်လို့ စိတ်ကောက်ပါတယ်။ စိတ်ကောက်တာတင် ရပ်မနေဘဲ စူဠသုဘဒ္ဒါဟာ အငြိုးပါထားပါတယ်။ အဲဒီအငြိုးတွေနဲ့ပဲ ပစ္စေကဗုဒ္ဓါတွေထံမှာ သစ်သီးတွေလှူဒါန်းပြီး “တပည့်တော်သည် နောက်ဘဝမှာ မင်းမိဖုရားဖြစ်ပြီး ဒီဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကို နားကပ်လုပ်ပြီး ပန်နိုင်ပါရစေ” လို့ ဆုတောင်းပါတယ်။

တိုတိုပြောရရင် စူဠသုဘဒ္ဒါတောင်းတဲ့ဆုဟာ ပြည့်သွားပါတယ်။ နောက်ဘဝမှာ ရှင်ဘုရင်ရဲ့ မိဖုရားကြီးဖြစ်ပြီး ဆင်တော်မောင် ဘုရင်ကြီးကို ပူဆာကာ ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ကိုဖြတ်ဖို့ သောနုတ္တိုရ်မုဆိုးကို ဆဒ္ဒန်တောကြီးထဲ လွှတ်လိုက်ပါတယ်။

ဒီလိုနဲ့ သောနုတ္တိုရ်မုဆိုးကြီးဟာ မိဖုရားကြီးတစ်ဖြစ်ထဲ စူဠသုဘဒ္ဒါလမ်းညွှန်မှုနဲ့ ဆဒ္ဒန်တောကြီးထဲ ရောက်လာပါတယ်။ ရောက်ပေမယ့် ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကိုဖြတ်ဖို့ မပြောနဲ့၊ အနားတောင်မသီနိုင်ပါဘူး။ ဆဒ္ဒန်ဆင်မင်းဟာ အခြံအရံဆင်ပေါင်းရှစ်သောင်းနဲ့ နေတာလေ။ ဒါကြောင့် သောနုတ္တိုရ်မုဆိုးဟာ ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ကိုဖြတ်ဖို့ အရေး ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရပါတယ်။ လိုလျှင်ကြံဆလိုက်တာ နောက်ဆုံး ဆဒ္ဒန်ဆင်မင်းဟာ ပစ္စေကဗုဒ္ဓါတွေကို အရမ်းကြည်ညိုတာ သွားတွေ့ပါတယ်။ ဒါကြောင့် ဆဒ္ဒန်ဆင်မင်းအစွယ်ကိုဖြတ်ဖို့အရေး ဉာဏ်နီဉာဏ်နက်တွေထုတ်ရပါတယ်။ လိုလျှင်ကြံဆလိုက်တာ နောက်ဆုံး ဆဒ္ဒန်ဆင်မင်းဟာ ပစ္စေကဗုဒ္ဓါတွေကို အရမ်းကြည်ညိုတာ သွားတွေ့ပါတယ်။ ဒါကြောင့် ဆဒ္ဒန်ဆင်မင်းအစွယ်ကို ဖြတ်ဖို့အရေး သင်္ကန်းကို ကိုယ်မှာပတ်ပြီး သူတော်ကောင်းယောင် ဆောင်လိုက်ပါတယ်။

နောက်တစ်ရက်မှာ ဆဒ္ဒန်ဆင်မင်းရေချိုးပြီးတဲ့အခါ နားနေရာ အင်ကြင်းပင်ကြီးအောက်မှာ ကတုတ်ကျင်းကြီးတူးပြီး ပုန်းအောင်းနေလိုက်ပါတယ်။ ဆဒ္ဒန်ဆင်မင်းကြီးကလည်း ရေချိုးပြီးတဲ့အခါ သူနားနေကျနေရာကို လာရောက်ပြီး ရေတွေစစ်အောင် နားနေပါတယ်။ အဲဒီအချိန်မှာ ကတုတ်ကျင်းထဲ ပုန်းအောင်းနေတဲ့ သောနုတ္တိုရ်လည်း ရေစက်တွေကျလာတာ တွေ့တော့ ဆဒ္ဒန်ဆင်မင်းကြီး အပေါ်မှာရောက်နေတာ သိပါတယ်။ သိတယ်ဆိုရင်ပဲ အဆိပ်လူးထားတဲ့မြားကို တအားဆွဲပြီး လွှတ်လိုက်ပါတယ်။

အဆိပ်လူးထားတဲ့မြားက ဆဒ္ဒန်ဆင်မင်းကြီးရဲ့ ဝမ်းဗိုက်ကို ဖောက်ခွဲပြီး ကျောကနေ ပေါက်ထွက်သွားပါတယ်။ မြားဒဏ်ကြောင့် ဆဒ္ဒန်ဆင်မင်းဟာ တစ်တောလုံး ဟိန်းသွားအောင် အော်လိုက်ပါတယ်။ နောက်လိုက်ဆင်ပေါင်း ရှစ်သောင်းလည်း ဆဒ္ဒန်ဆင်မင်းကြီးအော်သံကြားတော့ ရန်သူရောက်နေပြီဆိုတဲ့ အသိနဲ့ တစ်တောလုံး တောနင်းရှာပါတယ်။ ဆဒ္ဒန်ဆင်မင်းကြီးကတော့ “မြားဟာ တောင်ကလည်း လာတာမဟုတ်ဘူး။ မြောက်ကလည်း လာတာမဟုတ်ဘူး။ ငါ့ချက်အောက်ကလာတာဆိုတော့ ရန်သူဟာ ငါ့ရဲ့အောက်မှာ ရှိရမယ်ဆိုပြီး” စဉ်းစားပါတယ်။ စဉ်းစားမိတာနဲ့ အောက်မှာ ရှိတဲ့ သစ်ရွက်ခြောက်တွေ ဖုံးနေတဲ့ ကတုတ်ကျင်းကို လက်နှံ့ယက်ကာ ဖယ်လိုက်ပါတယ်။

အဲဒီအချိန်မှာ လေးတွေ၊ မြားတွေ ကိုင်ထားတဲ့ သောနုတ္တိုရ်မုဆိုးကို တွေ့ပါတယ်။ တွေ့တယ်ဆိုရင်ပဲ

www.burmeseclassic.com

နာမောင်းနဲ့ခွဲကာ ကိုင်ပေါက်မယ်လုပ်ပါတယ်။ ဒီအချိန်ကျမှ သောနုတ္တိုရ်ပြော "အစွယ်လိုသူက မိဖုရား အသွားအလာ စေသူက မင်းကေရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ဒီသုံးဖော်မှာ နင်ချည်းသာ ကံကွက်ကျားလို့ သေစေချည့် ဆိုရင် မတော်ဘူးထင်ပါတယ်ဘုရား" လို့ အသနားခံတာရယ်၊ ကိုယ်မှာဝတ်ထားတဲ့ သင်္ကန်းကို မြင်တာနဲ့ မသတ်တော့ဘဲ ပြန်လွှတ်လိုက်ပါတယ်။

ဒီနေရာမှာ စဉ်းစားစရာကောင်းတာက ဆဒ္ဒန် ဆင်မင်းသူတော်ကောင်းကြီးဟာ သတ်မယ်လို့ ပထမတွေးထားခဲ့တာပါ။ နောက်မှ သင်္ကန်းရောင်မြင်တာနဲ့ မသတ်တော့ဘဲ လွှတ်လိုက်တာဟာ သာသနာတော်ကြီးကို ကြည်ညို လေးစားတဲ့ သူတော်ကောင်းကြီးမို့ပါ။ သင်္ကန်းဆိုတာ ရဟန္တာဓရယာန်းတွေရဲ့ အလံတံခွန်လည်း ဖြစ်လို့ပါ။

နောက်တစ်ခါ ဘာကြောင့် သူ့ကို မြားနဲ့ပစ်ရသလဲ လို့မေးတော့ မိဖုရားကြီးတစ်ဖြစ်လဲ စူဠသုဘဒ္ဒါက ဘုရင် ဆင်မင်းရဲ့ အစွယ်ကို နားကပ်လုပ်ပြီး ပန်ချင်လို့ လွှတ်လိုက်တဲ့အတွက် အရှင်ဆင်မင်းကို မြားနဲ့ပစ်ရတာပါလို့ ပြောတော့


"ကဲ . . . သောနုတ္တိုရ်ရယ်၊ ဒီလိုဆိုရင်လည်း ငါ့ရဲ့ အစွယ်ကို ဖြတ်ကာယူတော့လို့ ပေးပါတယ်။ ဒါပေမယ့် သောနုတ္တိုရ်မုဆိုးဟာ အစွယ်ကိုဖြတ်ရမှာ ဆင်မင်းရဲ့အစွယ်ဟာ ကြီးလွန်းတာကြောင့် မဖြတ်နိုင်ပါဘူး။ ဒါကြောင့် ဆင်မင်းကိုယ်တိုင်ပဲ အစွယ်ကို ချိုးပေးလိုက်ပါတယ်။ "ပြောလိုက်ပါကွယ်။ မင်းရဲ့အရှင်မ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးကို ဒီဘဝဒီမျှနဲ့ အမုန်းဝင့်ကြွေးတွေ ပြေပါစေတော့" လို့လည်း အမှာတော်ပါးလိုက်ပါတယ်။ ဆဒ္ဒန်ဆင်မင်းလည်း အစွယ်တော်မြတ်တဲ့ဒဏ်ကြောင့် သေဆုံးသွားရပါတယ်။

သောနုတ္တိုရ်မုဆိုး နန်းတော်ပြန်ရောက်တဲ့အခါမှာ မိဖုရားကြီးတစ်ဖြစ်လဲ စူဠသုဘဒ္ဒါ၊ မိဖုရားကြီးဟာလည်း ဆင်စွယ်ကြီးကိုမြင်ပြီး ဘဝဟောင်းကအကြောင်းတွေကို သတိရ၊ သောနုတ္တိုရ်ပြောကြားတဲ့ ဆဒ္ဒန်ဆင်မင်း အမှာတော် ပါးလိုက်တဲ့ မျက်နှာငွေလ ရှင်ပျပျနဲ့ ခင်မဝမ်းပြောက်ပါစေ တော့ဆိုတဲ့ စကားတွေ ကြားယောင်ရင်း ရင်ကွဲနာကျ သေပွဲဝင်သွားရပြန်ပါတယ်။

ဆဒ္ဒန်ဆင်မင်း သူတော်ကောင်းကြီးဟာ ဘယ်လောက် လေးစားစရာ၊ ကြည်ညိုစရာ ကောင်းလိုက်လဲ စာဖတ်သူရယ်။ ကိုယ့်ကိုသတ်မယ့်သူကိုလည်း လွှတ်လိုက်တယ်။ နောက်တစ်ခါ လာရင်းကိစ္စအကြောင်းရင်းကို သိရတော့လည်း သူကိုယ်တိုင် အစွယ်ကို ဖြတ်ပေးလိုက်တယ်။ အသက်နဲ့လဲပြီး သူတော်ကောင်းပီသအောင် ကျင့်ဆောင်ခဲ့တာဟာ အတုယူစရာ ဘယ်လောက်ကောင်းလိုက်လဲ။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို မနာလိုလို့ မချစ်လို့မဟုတ်ဘဲ ကိုယ်အရမ်းချစ်တဲ့ သူတွေနဲ့ အထင်လွဲစရာအကြောင်းကိစ္စလေးတွေနဲ့ ဘဝမှာ ကြုံတွေ့ဘတ်ပါတယ်။ အဲဒီလို ကြုံတွေ့လာတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် ပြေလည်အောင် ဖြေရှင်းကြတာ ကောင်းပါတယ်။ မဖြေရှင်းကြရင် အမှားတစ်ခုကနေ နောက်ထပ်အမှားတစ်ခုကို ထပ်ကျူးကြရင် နာကျင်ကြေကွဲရမယ့် အဖြစ်မျိုးတွေနဲ့ပဲ ဆက်ကာဆက်ကာ ကြုံနေကြရပါလိမ့်မယ်။ အဲဒီလိုဆိုရင် နေရတဲ့ဘဝ တိုတိုလေးဟာ ဘယ်လောက်နမြောစရာ ကောင်းလိုက်မလဲ။

စာရေးသူကတော့ ဒီဇာတ်ကြောင်းလေးဖတ်ပြီး တွေးဖြစ်နေပါတယ်။ ငါသာဆိုရင် ငါ့ကို သတ်မယ့်သူကို ခွင့်လွှတ်ခြင်းတွေနဲ့ ပေးဆပ်နိုင်ပါ့မလားလို့။ ငါအရမ်းချစ်တဲ့သူတွေနဲ့ အထင်လွဲစရာအကြောင်းတွေပေါ်ခဲ့ရင် စူဠသုဘဒ္ဒါလို အမှားမျိုး မလုပ်ဖြစ်အောင် ဘယ်လိုလုပ်ဖြေရှင်းရရင် ကောင်းမလဲလို့ပါ။ စာဖတ်သူရော ဘယ်လိုများ တွေးမိနေပါသလဲ။ တွေးမိတာလေးများရှိရင် အောက်မှာချရေးကြည့်လိုက်ပါနော်။ စာရေးသူနဲ့ အတွေးတူနေမလားဆိုတာ သိချင်လို့ပါ။

ရွှေမန်းသား အရှင်အကျော်ရ





www.burmeseclassic.com

www.burmeseclassic.com




# ဘုရားရုပ်ပွားတော်များ တန်ခိုးပြခြင်း

**တက်ပုံမောင်မောင်အေး**

၂၀၁၃ ခုနှစ် မိုးတစိမ့်စိမ့်ရွာနေသော ဂ္ဂလိုင်လ၏ နေ့လယ်ခင်း တစ်နေ့တွင် ကျွန်တော်၏ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ မောင်သန်းမြင့်သည် မဂ္ဂဇင်းတစ်အုပ်ကိုင်ရင်း ကျွန်တော့်အိမ်သို့ ရောက်လာပါသည်။ မဂ္ဂဇင်းစာအုပ်ယူလာပုံ မြင်ရခြင်းဖြင့် ပြဿနာတစ်စုံတစ်ခုမေးတော့မည်ဟု အတပ်သိလိုက်ပါသည်။ ကျွန်တော်နှင့် မောင်သန်းမြင့်သည် လွန်ခဲ့သော ၁၉၅၂-၅၉ ခုနှစ်များက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင်ရှိသော လက်ပံတန်းမြို့လေးရှိ အ-ထ-ကတွင် ပညာသင်ကြားခဲ့သော ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။

ယခု အသက်အရွယ်ကြီးရင့်လာသော အချိန်တွင်လည်း ပင်စင်စားကြီးများအဖြစ် ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ရေစက်မကုန်၍ ပြန်ဆုံကြရာ၌ လက်ပံတန်း အ-ထ-က ကျောင်းထွက် သူငယ်ချင်းလေးဦး တစ်ရပ်ကွက်တည်းလိုပင် အိုးပိုင်အိမ်ပိုင်များအဖြစ်နှင့် အေးချမ်းသာယာစွာ ပြန်ဆုံပြန်ပါသည်။ လေးဦးထဲတွင် မောင်သန်းမြင့်က ကျွန်တော်၏ စာဖတ်ပရိသတ်ဖြစ်၍ အခါအားလျော်စွာ ကျွန်တော့်ထံလာရောက်၍ စာအကြောင်း ပေအကြောင်း ဆွေးနွေးသူဖြစ်သည်။

"ကဲ...မောင်သန်းမြင့်၊ ဘာတွေအတာမကျေဖြစ်နေတာလဲ"

စပေးလိုက်ရာ...

"အေးကွာ...မဂ္ဂဇင်းမှာ မကြာမကြာပါနေတဲ့ ဘုရားရုပ်ပွားတော်က တန်ခိုးပြာဋိဟာ ပြတဲ့ကိစ္စပဲ။ ငါနားလည်ထားတာက တို့ဘုရားရှင်ဟာ တပည့်သာဝကတွေကို တန်ခိုးပြာဋိဟာ မပြရဘူးလို့ စည်းကမ်းဥပဒေထုတ်ထားသလို ကိုယ်တော်တိုင်လည်းလိုက်နာတယ်။ (အလွန်လိုအပ်မှသာ တန်ခိုးပြာဋိဟာ ပြတော်မူသည်။)

သက်တော်ထင်ရှား မြတ်ဘုရားရှင် ကိုယ်တော်တိုင်သော်မှ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း မလုပ်ခဲ့တာ ခုသစ်သားရုပ်တုတော်က ခဏခဏ တန်ခိုးပြနေတာ ဖတ်ရတော့ အဲတာ ငါနားမလည်ဘူး ဖြစ်နေတယ်"

ဟု ဆိုပါသည်။

ဟုတ်ပါသည်။ မောင်သန်းမြင့်ယူလာသော မဂ္ဂဇင်းပါအကြောင်းအရာများကို ကျွန်တော်လည်းအခါအားလျော်စွာ ဖတ်ရပါသည်။ ထိုကိစ္စသည် ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

တော်က တန်ခိုးပြာဋိဟာပြခြင်းသည် ဗုဒ္ဓဘုရားရှင်နှင့် လုံးဝမသက်ဆိုင်ဟု ကျွန်တော်နားလည်ပါသည်။ ဘုရားရှင်သည် တပည့်သား သာဝကများကို တန်ခိုးပြာဋိဟာ မပြရဟု စည်းကမ်းဥပဒေချမှတ်ခဲ့သလို မိမိကိုယ်တိုင်လည်း လိုက်နာခဲ့သည်။ (အလွန်လိုအပ်မှ တန်ခိုးပြခြင်းမှလွဲ၍)

သို့ဆိုက ယခု မောင်သန်းမြင့်ပြောသော ရုပ်တုတော်၊ ရုပ်ပွားတော်သည်လည်းကောင်း အခြားအခြားသော ရုပ်ပွားတော်၊ စေတီပုထိုးတို့သည်လည်းကောင်း တန်ခိုးပြာဋိဟာပြခြင်း၊ ရောင်ခြည်တော်လွှတ်ခြင်း စသည်တို့ ကြားသိဖတ်ရှုရပါသည်။ ကိုယ်တိုင်ကြုံဖူးသူတွေလည်း ရှိပါသည်။ ထိုသည်တို့သည် မည်သူက တန်ခိုးပြာဋိဟာပြနေသနည်း။

ဤတွင် အလျဉ်းသင့်၍ တင်ပြလိုသည်မှာ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက မန္တလေး မဟာမြတ်မုနိရုပ်ပွားတော်ကြီးသည် မကြာခဏ တန်ခိုးပြာဋိဟာပြနေသဖြင့် မင်းတုန်းမင်းကြီးက "တန်ခိုးပြာဋိဟာမပြရ" ဟု အမိန့်ထုတ်ပြန်ရကြောင်း ကြားဖူးပါသည်။

စေတီပုထိုး၊ ရုပ်ပွားတော်တို့မှာ တန်ခိုးပြာဋိဟာပြခြင်းနှင့် ပတ်သက်၍ မိလိန္ဒပဉှာပါဠိတော် "စေတီယပါဋိဟာရိယပဉှာ" မှ အရှင်နာဂသေန ရဟန္တာမထေရ်မြတ်ကြီးဖြေကြားပုံအား အကျဉ်းမျှ ဖော်ပြပါမည်။ မိလိန္ဒမင်းကြီး မေးလျှောက်သဖြင့် ဖြေကြားခြင်းဖြစ်ပါသည်။

မိလိန္ဒမင်းကြီးသည် အရှင်နာဂသေန ရဟန္တာမထေရ်ကြီးအား . . .

"အရှင်ဘုရား . . . ပရိနိဗ္ဗာန်စံတော်မူပြီးကုန်သော ဘုရားရှင်တို့၏ စေတီတော်၊ ရုပ်ပွားရုပ်တုတော်အားလုံးတို့၌ တန်ခိုးပြာဋိဟာသည် ဖြစ်ပါသလား"

"မင်းမြတ် . . . အချို့သော ဘုရားရှင်တို့၏ စေတီတော်တို့တွင် တန်ခိုးပြာဋိဟာသည် ဖြစ်၏။ အချို့သော ဘုရားစေတီတော်၌ မဖြစ်" ဟု မိန့်တော်မူ၏။

"အရှင်မြတ်နာဂသေနဘုရား။ အဘယ်သော ဘုရားစေတီတော်၊ ရုပ်တုတော်တို့၌ တန်ခိုးပြာဋိဟာဖြစ်၍ အဘယ်သို့သော စေတီတော်တို့တွင် မဖြစ်ပါသနည်း"

"နာလော့ မင်းမြတ်။ ဤသုံးယောက်သော ပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန်ကြောင့် ပရိနိဗ္ဗာန်စံဝင်ပြီးသော ဘုရားရှင်၏ စေတီတော်၊ ပုထိုးတော်၊ ရုပ်တုတော်တို့၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(၁) ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌ရှိသော တစ်စုံတစ်ဦးသော ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့အား အစဉ်သနားသဖြင့် ရုပ်တည်တော်မူလျက် ဤမည်သော တန်ခိုးပြာဋိဟာသည် ဤစေတီ၌ ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၏ အစွမ်းကြောင့် ထိုစေတီ၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(၂) ဗုဒ္ဓသာသနာကို ကြည်ညိုသက်ဝင်သော နတ်တို့သည် "ဤစေတီတော် တန်ခိုးပြာဋိဟာပြသဖြင့် သူတော်ကောင်း တရားတည်းဟူသော သာသနာသည် အမြဲခိုးမြောက်အပ်သည် ဖြစ်လတ္တံ့။ လူတို့သည်လည်း ကြည်ညိုကုန်သည်ဖြစ်၍ ကောင်းမှုကုသိုလ် ပြုလုပ်တိုးပွားသဖြင့် ကောင်းရာသုဂတိသို့ လားကြကုန်လတ္တံ့ဟူသော စိတ်ထား မြတ်ဖြင့် ဤမည်သော တန်ခိုးပြာဋိဟာသည် ဖြစ်ပါစေသတည်းဟူသော အဓိဋ္ဌာန်၏ အစွမ်းကြောင့် ထိုစေတီတော် ရုပ်ပွားတော်တို့၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(၃) နောက်တစ်မျိုးကား . . . ယောကျ်ားမှုလည်း ဖြစ်စေ၊ မိန်းမ လည်းဖြစ်စေ ယုံကြည်မှုသဒ္ဓါတရား သော ရတနာသုံးပါး၌ ကြည်ညိုတ သော၊ ပညာရှိသော၊ လိမ္မာသော၊ ထိ ထွင်းနိုင်သည့် ပညာရှိသော၊ အသိဉာဏ် နှင့် ပြည့်စုံသူသည် သင့်လျော်သော အားဖြင့် ကြံစည်၍ တစ်စုံတစ်ရာသော လှူဖွယ်ဝတ္ထုဖြင့် ကပ်လှူပူဇော်က ဤစေတီ၌ တန်ခိုးပြာဋိဟာသည် ဖြစ် စေသတည်းဟူသော အဓိဋ္ဌာန်၏အစွမ် ကြောင့် ဘုရားရှင်၏စေတီ၌ တန်ခိုးပြာ ဟာသည် ဖြစ်၏။

မင်းမြတ် ဤသို့လျှင် သုံးယောက် သော ပုဂ္ဂိုလ်တို့တွင် တစ်ယော ယောက်သော ပုဂ္ဂိုလ်၏ အဓိဋ္ဌာန်အစွမ် ကြောင့် ဘုရားစေတီရုပ်တုတော်တို့ တန်ခိုးပြာဋိဟာသည် ဖြစ်သတည်း"

ဓာတ်ပုံမောင်မောင်အေး

ကိုးကား

မိလိန္ဒပဉှာ "စေတီယပါဋိဟာရိ ပဉှာ"



www.burmeseclassic.com

www.burmeseclassic.com

# ဥတ္တရဖလဂုနီ
# လူနက္ခတ်
# ဖွားများအတွက် ဟောကိန်း

ကာလီဒါချို(မြန်မာပြည်)

## ဥတ္တရဖလဂုနီနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးရှိသည့်အနက် တစ်လုံးအပါအဝင်ဖြစ်ပြီး တေဇောဓာတ်သဘောကိုဆောင်သော နက္ခတ်ဖြစ်သည်။ ရာဇမတ္တတ်နှင့် အာကာသသျှတ္တရကျမ်း အလိုအရ ၂၇ လုံး ညှောင်စောင်းနောက် ခြေနှစ်ချောင်း သဏ္ဌာန်ဖြစ်သည်ဟူ၏။ လက်ာစပ်ဆိုထားပုံမှာ ပြုဗ္ဗဖလဂုနီ ဥတ္တရဖလဂုနီ ကြယ်နှစ်လုံးစီတူညီ ညှောင်စောင်းလိုဟူ၍ ဖြစ်သည်။ ဥတ္တရဖလဂုနီနက္ခတ်သည် သိဟ်ရာသီ ခြင်္သေ့ရုပ်ပုံ၏ အမြီးများမှာ တောက်ပလင်းလက်နေသော ကြယ်နှစ်ပွင့်ဖြစ်သည်။ နက္ခတ်သင်္ချာစဉ်အရ အမှတ်စဉ် ၁၂ ဖြစ်ပြီး လူနက္ခတ် ဖြစ်သော၏။ ကန်ရာသီအိမ်၏ ပိုင်နက်ဖြစ်သော ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၅ ရက် အတွင်း၌ ကျရောက်သော နက္ခတ်နယ်နိမိတ်ကို ဥတ္တရဖလဂုနီနက္ခတ်က ပိုင်ဆိုင်ထားသည်ဖြစ်၍ ထိုနက္ခတ်ပိုင်နက်အတွင်း စန်းခေါ် တနင်္လာဂြိုဟ်နှောလမင်း ဖြစ်သန်းသွားနေစဉ် မွေးဖွားသန္ဓေစင်လာကြသူများကို ဥတ္တရဖလဂုနီ စန်းယှဉ်နက္ခတ်ဖွား (သို့) နက္ခတ် ၁၂ လုံး၌ ဖွားမြင်သူများဟု ပညတ်ခေါ်ဆိုသည်။ ဥတ္တရဖလဂုနီစန်းယှဉ်နက္ခတ်ဖွားများသည် သစ္စာရှိ၍ ရုပ်အဆင်းလှပမည်။ မြတ်ထိုးဉာဏ်ကောင်းကြပြီး မင်းမှုထမ်းအလုပ်၌ ကောင်းစားလိမ့်မည်။ ခံတွင်းနှင့်ဆိုင်သော ဝေဒနာအနည်း အကျဉ်းခံစားရ ဖြစ်ရတတ်သည်။ ဆန္ဒကျင်ဘက်လိင်၏ စိတ်ဝင်စားအရေးပေးခြင်းကို ရရှိတတ်ပြီး ဘဝတွင် စိတ်ညစ်စရာ အတွေးများကို မတွေးတတ်ဟု ဆိုသည်။ ဤနက္ခတ်ရှင်များ၏ ဘဝအနိုင်လ်း အနိမ့်အမြင့်များသည် အောက်ပါအတိုင်း ဖြစ်ရလိမ့်မည်။

## အသနအတွေး

ဤနက္ခတ်ရှင်များသည် ပတ်ဝန်းကျင်၏ အေးစကားများကို ယုံလွယ်နားဝင်လွယ်ပြီး အမြှောက်အပင့် စကားများကို သဘောကျ နားထောင်လိုကြလိမ့်မည်။ စိတ်သဘောထား အနည်းငယ်နုတတ်သဖြင့် အရာရာ၌ သံသယစိတ်ပွားတတ်သည်။ မိမိတို့မှတစ်ပါး အခြားပုဂ္ဂိုလ်များအပေါ် အယုံအကြည် နည်းတတ်မည်။ လုပ်စရာကိစ္စများကို မိမိတို့ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ရမှ ကျေနပ်သူများ ဖြစ်ကြသောကြောင့် ပင်ပန်းလိမ့်မည်။ ယုံကြည်မှု ပြင်းပြတတ်ပြီး မဖြစ်မနေ လုံ့လထုတ်၍ ကြိုးစားလုပ်ကိုင်တတ်ကြသည်မို့ ဒုတိယအရွယ်၏ အစပိုင်း၌ အောင်မြင်မှု ဆွတ်ခူးရရှိနိုင်မည်။ အေးအေးဆေးဆေး နေထိုင်တတ်သူများ ဖြစ်သော်လည်း အရေးကြုံလာလျှင် ရဲတင်းဖျတ်လတ်ပြီး သူရသတ္တိနှင့်ပြည့်စုံသူများ ဖြစ်ကြသည်။ နေရာတိုင်း၌ တိကျပြတ်သားပြီး စည်းစနစ်ကြီးသူများ ဖြစ်သောကြောင့် တော်ရုံတန်ရုံ လူမိတ်ဆွေများနှင့် ပေါင်းသင်းရန် ခက်ခဲလိမ့်မည်။ လောကဓံတရားအမျိုးမျိုး၌ ဘဝအောက်သက်ကျေပြီး အနစ်နာခံရုန်းကန်လာကြသူများ ဖြစ်ကြသည်မို့ သက်ကြီးပိုင်းတွင် ပြည့်စုံချမ်းသာ၍ အိုဇာတာကောင်းလိမ့်မည်။ မိမိတို့ကိုယ်တိုင် အထင်ကြီးယုံကြည်မှု ကြီးမားတတ်ပြီး အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားနေထိုင် သွားလာတတ်မည်။ ကြုံတွေ့လာမည့် ဘဝပေးအခက်အခဲ မှန်သမျှကို ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်လွှားသွားရမည်ဟူသော အတွေးအသနကို ပိုင်ဆိုင်ထားကြသူများ ဖြစ်သည်။

## ကြီးပွားရေး

ဥတ္တရဖလဂုနီနက္ခတ်ရှင်များသည် ကြီးကြီးကျယ်ကျယ် ကြံစည်လုပ်ဆောင်တတ်သူများဖြစ်ပြီး လက်ရှိ အနေအထားထက် ပိုမိုကြီးပွားတိုးတက်အောင် လုပ်ဆောင်လိုသူများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည်။ ကိုယ့်အားကိုယ်ကိုးပြုရမည့် ဇာတာမျိုးဖြစ်ပြီး မိမိတို့ကိုယ်မှတစ်ပါး အခြားပုဂ္ဂိုလ်များကို အားကိုး၍ မရနိုင်ပါ။ သို့ဖြစ်၍ မိမိတို့၏ တက်လမ်းအတွက် မိမိတို့ဘာသာ ရုန်းကန် အားထုတ် ကြိုးစားနိုင်ပါမှ တက်လမ်းပွင့်၍ အောင်မြင် ကြီးပွားနိုင်မည် ဖြစ်သည်။ သူတစ်ပါးပေါ် သနားတတ်၊ အားနာတတ်သော ဉာဉ်ကြောင့် မကြာခဏ အချေးအငှား စပ်တူလုပ်ငန်းများကို သတိထားရပါမည်။ ဤနက္ခတ် ရှင်များသည် ကိုယ်ပိုင်လုပ်ငန်းမျိုးထက် မင်းမှုထမ်းအလုပ် များ၌ အောင်မြင်ကောင်းစားလိမ့်မည်။ မင်းအစိုးရ၏ ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့်ခံရပြီး နာမည်ဂုဏ်သတင်းကြီးတတ်သော ကံပါလာသူများ ဖြစ်ကြသည်။ အထက်အကြီးအကဲများ၏ ယုံကြည်မြှောက်စားခြင်းခံရပြီး အောက်လက်ငယ်သားများ အတွက် မှီခိုအားကိုးရာ ဖြစ်ရမည်။ သက်ကြီးပိုင်းတွင် ရွှေမရှား၊ ငွေမရှား အေးအေးချမ်း ချမ်း နေထိုင်သွားရလိမ့်မည့် ဇာတာမျိုး ဖြစ်သည်။

## အိမ်ထောင်ရေး

ဤနက္ခတ်ရှင်များသည် နှစ်ဖက်သော မိဘများ သဘောမတူနိုင်သူများနှင့် ဆုံစည်းချစ်ကြိုက် အိမ်ထောင်ပြု ရတတ်သော အချစ်မျိုးနှင့် ကြုံတွေ့ရကိန်း များသည်။ တစ် ယောက်ပေါ်တစ်ယောက် နားလည်ခွင့် အနစ်နာခံတတ်သော ချစ်သူတို့ ဘဝမျိုးမှ အခက်အခဲမှန်သမျှကို ကျော်ဖြတ်နိုင်ပြီး သာယာသော အိမ်ထောင်ရေးဘဝကို တည်ဆောက်နိုင်လိမ့် မည်။ မိဘဆွေမျိုးများပေါ် မည်သို့ပင် ကောင်းစေကာမူ အကောင်းမမြင်၊ အဆိုးသံသရာလည်တတ်သောကြောင့် ကိုယ့်အိုးကိုယ့်အိမ် ခွဲ၍နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ အသက် ၂၃ နှစ်မှ ၃၀ အတွင်း အိမ်ထောင်ပြုသူ ဦးရေများ တတ်ပြီး ချစ်ဦးသူ (သို့) အပျို၊ လူပျိုချင်း အိမ်ထောင်ပြုရ လိမ့်မည်။ တစ်ဦးပေါ်တစ်ဦးက ခွင့်လွှတ်တတ်ပြီး သာယာ သော အိမ်ထောင်ရေးဘဝမျိုးနှင့် အိမ်ထောင်ဆက် ခိုင်မြဲလိမ့် မည်။ သားသမီးနှစ်ယောက် (သို့) လေးယောက်အတွင်း ထွန်း ကားတတ်ပြီး သားသမီးအကျိုးခံစားနိုင်မည်။ ဥတ္တရဖလဂုနီ နက္ခတ်သည် လူနက္ခတ်ဖြစ်သောကြောင့် လူနက္ခတ်တူချင်း လက်ထပ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ နက္ခတ်တူ မဆုံစည်းနိုင်လျှင် နတ်နက္ခတ်နှင့် ပေါင်းဖက်အိမ်ထောင်ပြု နိုင်သည်။ ဘီလူးနက္ခတ်ကို ရှောင်ကြဉ်ရပါမည်။

## ပညာရေး

လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်နှင့်တွဲ၍ ထူးခြား သော ပညာရေးအောင်မြင်မှုများ ရရှိမည်။ မိမိတို့ ရည်မှန်း ထားသော အောင်မြင်မှုပန်းတိုင်ကို အတတ်ပညာဖြင့် ထိုး ဖောက်ဆွတ်ခူးနိုင်မည်။ ပညာကို ထူးထူးခြားခြား စိတ်ဝင်စား လိုလားသူများ ဖြစ်သည့်မို့ ရပ်ဝေးရပ်နီး ပညာရပ်များကို သင်ယူတတ်မြောက်ကြပြီး ကြီးပွားထွန်းကား ရာထူးတက် လမ်းပွင့်လိမ့်မည်။ အတန်းတင်စာမေးပွဲများတွင် ဂုဏ်ထူးနှင့် အောင်မြင်တတ်ပြီး ပညာရဲရင့် ပွဲလယ်တင့်မည်။ အထူးသဖြင့် သိပ္ပံဘာသာရပ်ဖြင့် အောင်မြင်ကျော်ကြားနိုင်လိမ့်မည်။

## ကျန်းမာရေး

ခံတွင်းဝေဒနာ အနည်းအကျဉ်းမှအပ ကျန်းမာရေး ကောင်းမည်။ ဘေးဥပဒ်ကြီးကြီးမားမား မရှိနိုင်ပါ။ ရောဂါ ကပ်ငြိလာလျှင် သမားကောင်းနှင့်တွေ့ပြီး လွယ်ကူစွာ ကု ပျောက်ကင်းလိမ့်မည်။ ရောဂါအည့်ကင်းစင်၍ ဘဝအေးချမ်း မှု၊ နွေးထွေးမှု၊ ကျန်းမာမှုတို့၏ စုဝေးပေါင်းစည်းပေးမှုကြောင့် အသက်ရှည် အနာမဲ့စွာ နေထိုင်သွားရမည့် နက္ခတ်ရှင်များ ဖြစ်ပါသည်။

## ရှောင်ရန်ဆောင်ရန်

အိမ်ထောင်ပြုပြီး ဆွေမျိုးသားချင်းများနှင့် အတူနေ ထိုင်ခြင်းမှ ရှောင်ကြဉ်သင့်သည်။ ဤနက္ခတ်ရှင်များသည် စိန် (သို့) အဖြူရောင် တွင်းထွက်ကျောက်မျက် တစ်မျိုးမျိုး ဝတ်ဆင်ဆောင်ထားလျှင် လာဘ်ရွှင်ကံကောင်းနိုင်မည်။ ခရမ်း ရောင်သည် အကျိုးပေး စန်းပွင့်စေမည့် အရောင်ဖြစ်သည်။ မွေးရပ်မှ အရှေ့အရပ်သို့ ပြောင်းရွှေ့အခြေချလျှင် ကောင်းစား လိမ့်မည်။ ကျန်းမာရေး၊ စီးပွားရေးနှင့် ရာထူးအလုပ်အကြ အည့်ကြုံလျှင် အဝတ်ပုဆိုး (သို့) သင်္ကန်း ပေးကမ်းစွန့်ကြ ကပ်လှူဆုတောင်းလျှင် အဆိုးကင်း၍ ခပ်သိမ်းသော ကောင်း ကျိုးချမ်းသားများနှင့် ပြည့်စုံနိုင်မည်။ ဥတ္တရဖလဂုနီနက္ခတ် ရှင်များသည် ကိုယ်ကျင့်သီလကောင်းလျှင် သူတော်ကောင်း များနှင့်အတူ မျက်နှာပန်းလှလှ နေထိုင်သွားရမည့် ဇာတာရှင် များဖြစ်ကြပါသည်။

နိဝါတမြင့်
ကာလီဒါ၌(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရပ်ခြား ဟာသများ

❐ ကံမြင့်(ရေဒီ)

## ကောင်းသတင်းနှင့် မကောင်းသတင်း

ပန်းချီဆရာတစ်ဦး ပန်းချီပြခန်းပိုင်ရှင်ထံ ရောက်လာပြီး သူအပ်နှံထားသည့် ပန်းချီကားများအား စိတ်ဝင်တစား ဝယ်မည့်သူများ ရှိပါသလားဟု မေးလိုက်သည်။ ပြခန်းပိုင်ရှင်က "ခင်ဗျားအတွက် ကောင်းသတင်းနဲ့ မကောင်းသတင်းဆိုပြီး နှစ်ခုရှိပါတယ်" ရှင်းပြပြီး "ကောင်းတဲ့သတင်းကတော့ လူတစ်ယောက်က ခင်ဗျားရဲ့ ပန်းချီကားတွေကို ကြည့်ပြီး နောင်တစ်ချိန် ခင်ဗျားကွယ်လွန်သွားပြီးတဲ့နောက် ပန်းချီကားတွေရဲ့ တန်ဖိုးဟာ မြင့်တက်လာဖို့ အလားအလာရှိပါသလားလို့ မေးလာတယ်ဗျ။ ကျွန်တော်က အလွန့်ကို သေချာတာပေါ့လို့ ပြောလိုက်တဲ့အခါမှာ သူက ခင်ဗျားရဲ့ ပန်းချီကားတွေအားလုံးကို ဝယ်သွားတော့တာပါပဲ"ဟု အဆုံးသတ်ခဲ့သည်။

"အား...တယ်ကောင်းလှပါကလား..." တအံ့တသြဖြစ်သွားပြီး "ကဲ..မကောင်းတဲ့သတင်းဆိုတာကိုလည်း ရှင်းပြပေးပါလား"ဟု မေးလိုက်သည်။

ဤတွင် ပြန်ခန်းပိုင်ရှင်က ပြန်ဖြေလိုက်သည်မှာ "အဲဒီပုဂ္ဂိုလ်က တခြားသူမဟုတ်ဘူး။ ခင်ဗျားကို ဆေးကုပေးနေတဲ့ ဆရာဝန်ပဲ ဖြစ်ပါတယ်" ဟူ၏။

❐



www.burmeseclassic.com

## ဆေးလိပ်နှင့် ငွေ



အမျိုးသမီးကြီးတစ်ဦးသည် ဆေးလိပ်ဖွာလာသော လူငယ်တစ်ယောက်ကိုတွေ့ရာ ယင်းအား ပညာပေးရန် ဆုံးဖြတ်လိုက်သည်။

"မင်းတစ်နေ့ကို ဆေးလိပ် ဘယ်နှဘူး သောက်သလဲ"ဟု သူမက မေးရာ လူငယ်က "သုံးဘူးလောက်ကုန်ပါတယ်"ဟု ပြန်ဖြေ၏။ သည့်နောက် -

"ဆေးလိပ်တစ်ဘူးကို ဘယ်လောက် ပေးရသလဲ"

"၁၅ ဒေါ်လာဝန်းကျင်လောက် ပေးရပါတယ်"

"မင်းအခုလိုသောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"၁၀ နှစ်ရှိပါပြီ၊ ဘာကြောင့်ပါလဲ..."

"ကောင်းပြီကွာ။ ခု မင်းသောက်နေတဲ့ ဆေးလိပ်ဖိုးတွေကို စုထားလိုက်မယ်ဆိုရင် ခုချိန်ဆို မင်း မာစီဒီးကား တစ်စီးလောက် ဝယ်စီးနေနိုင်ပြီဆိုတာ မင်းသိရဲ့လား"

လူငယ်က "ဝူး"ခနဲ လေပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး "ခင်ဗျားကော ဆေးလိပ်သောက်တတ်ပါသလား"ဟု မေးလိုက်သည်။

"မသောက်တတ်ပါဘူး"ဟု အမျိုးသမီးကြီးက ပြန် ဖြေခဲ့ရာ လူငယ်က "ဒီလိုဆိုရင် ခင်ဗျားကော အခုထိ ဘာ ကြောင့် မာစီဒီးကား ဝယ်မစီးနိုင်သေးတာလဲ"ဟု ပြန်လည် တုံ့ပြန်လိုက်လေတော့သည်။

---

## အိပ်မက်၏ အဓိပ္ပာယ်

ဇနီးဖြစ်သူက "ဒီနေ့ဟာ ကျွန်မရဲ့ မွေးနေ့ဖြစ်တယ်ဆိုတာ ရှင်သိရဲ့လား"ဟု ယောက်ျားဖြစ်သူအား အစချီကာ "ညက အိပ်မက်ထဲမှာ ရှင်က ကျွန်မကို စိန်ဆွဲကြိုးတစ်ကုံး ဝယ်ပေးခဲ့တယ်တဲ့။ အဲဒါ ဘာအဓိပ္ပာယ်ကိုဆောင်သလဲဆို တာ ရှင်သိရဲ့လား"ဟု မေးလိုက်သည်။



"မင်း ညနေကျရင် ဘာအဓိပ္ပာယ်လဲဆိုတာ သိလာ လိမ့်မယ်"ဟု သူက ပြန်ဖြေသည်။

ထိုနေ့ညနေ ယောက်ျားဖြစ်သူ အိမ်ပြန်ရောက်ချိန် တွင် စက္ကူဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်အား ဇနီးဖြစ် သူထံ ပေးလိုက်သည်။ သူမသည် ပတ်ထားသော စက္ကူများ ကို ခွာချလိုက်သည်တွင် အထဲမှစာအုပ်ငယ်တစ်အုပ် ထွက် လာသည်။ ယင်းစာအုပ်ခေါင်းစီးမှာ "အိပ်မက်များ၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း"ဟု ရေးသားထားလေသည်။

*(Sept: 2013 ထုတ် Reader's Digest မဂ္ဂဇင်း ထုတ်နုတ် ပြန်ဆိုထားပါသည်။)*

ကံမြင့်(ရေဒီ)



www.burmeseclassic.com

www.burmeseclassic.com



# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

ဒေါက်တာသက်ဆွေ(M.D.)
( ရွှေဆောင်တင်ဆွေ ) (မင်္ဂလာဓမ္မဇောတိကဓဇ )

## စတုတ္ထပိုင်း

ကျွန်တော် မောရစ်(စ်) (၈) ကားလေးတစ်စီး ဝယ်စီးပြီး တစ်နှစ်လောက်ကြာတော့ ဗေဒင်ဆရာတစ်ဦးက အိမ်လာပြီး ကားနံပါတ်ကို သဘောကျလို့ဆိုပြီး အတင်းလာဝယ်တယ်။ ကျွန်တော်လည်း ၂၀၀၀ိ/- အမြတ်တင်ပြီး ၇၀၀၀ိ/-ကျပ်နဲ့ ဈေးရောင်းလိုက်တယ်။ နောက်သုံးလလောက်ကြာတော့ ပြည်လမ်း ဆရာကြီးဦးဝင်းဖေ(စာရေးဆရာမြင်ဝ) ထိုစဉ်က စာရေးဆရာ အသင်း ဥက္ကဋ္ဌကြီးရဲ့ HILLMIN MINX ဟီ(လ်)မင် မင့်(စ်) ကားကို ၁၅၀၀၀ိ/- ကျပ်နဲ့ဝယ်ပြီး စီးဖြစ်ပြန်တယ်။ မောရစ် ကားလေးက (၈-၂၇)ဖြစ်ပြီး ယခုကားက ယ-၅၆၅၃ ဆိုတော့ တစ်ဆင့်မြင့်တဲ့ကားကို စီးနိုင်လာပါတယ်။ ဒီကားလေးက ခရီးဝေးတွေသွားလို့လည်း ကောင်းတယ်။ ဆီစားလည်း သက်သာတယ်။ ဓာတ်ဆီကလည်း တစ်ဂါလံမှ ၂ ၅ဝါး ကြိုက်တဲ့ ဓာတ်ဆီဆိုင် ဝယ်ထည့်လို့ရတယ်။ အဲဒီကားဝယ်ပြီးတာနဲ့ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ မရကန်ရွာ နောင်တော်ကြီးရဲ့ နတ်ကွန်းကို မိသားစုလိုက်သွားကန်တော့ရတယ်။ သူမ့ဝတော ဆိုတော့ ထီးတိုင်တန်းရောက် ကန်တော့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ယ-၅၆၅၃ ဟီ(လ်)မင်ကားလေးကို ၁၀ နှစ်လောက် စီးပြီးတာနဲ့ NAVY တပ်မှ ဗိုလ်မှူးတစ်ဦးက လာဝယ်တော့ ဝယ်ရင်းဈေး ၁၅၀၀၀/-ကျပ်နဲ့ပဲ ပြန်ရောင်းလိုက်တယ်။ ရောင်းပြီးတာနဲ့ နောင်တော်ကြီးကို အပူကပ်ရပြန်တယ်။ မကြာပါဘူး။ တစ်ပတ်အတွင်းမှာပဲ ကြည့်မြင်တိုင်က ကားတစ်စီးတပည့်တစ်ဦးက ဆက်သွယ်ပေးတာနဲ့ ဝယ်လိုက်တယ်။ အင်္ဂလိပ်ကား VOUXALL VELOX CRESIDA ဆောက်ဆော(လ်)ဘဲလော့(စ်)ခရက်ဆီဒါ င-၄၇၁၆ ဖြစ်ပါတယ်။ ကားက ကြီးပြီး ဇိမ်ခံကားဖြစ်ပါတယ်။ ပထမကားထက် ပိုပြီးအဆင့်မြင့်ပါတယ်။ ဓာတ်ဆီတော့ ပိုစားတယ်။ ဒါပေမယ့်တစ်နေ့ နှစ်ဂါလံ ၅ ဖိုးထည့်ရင် တစ်နေ့လုံး စီးလို့ရပါတယ်။ ကားဝယ်ပြီး နှစ်လလောက်နေတော့ မိသားစု နောင်တော်ကြီးရဲ့ နတ်နန်းကို သွားကန်တော့ပြီး အပြန် မုံရွာဘက်က လှည့်ပြီး မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးနဲ့ စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီးပါ ဖူးမြော်ခဲ့ပြီး မန္တလေးတွင် တစ်ညအိပ်ကာ မေမြို့တို့၊ မိုးကုတ်မြို့တို့ပါ လည်ပတ်ခဲ့ကြတယ်။ နောက်မှ ရန်ကုန်ကို ပြန်လာခဲ့ကြတယ်။ အညာဒေသမှာ ၁၀ ရက်လောက် ဘုရားတွေဖူးပြီး ဆွေမျိုးသားချင်းတွေလည်း တွေ့ခဲ့ရတယ်။ ဒါဟာ နောင်တော်ကြီး မစတဲ့ ကျေးဇူးပေါ့။

ဪ…ဒါနဲ့ ဟီ(လ်)မင်ကားဝယ်ပြီး တစ်နှစ်လောက်ကြာတော့ အဲဒီ ဟီ(လ်)မင်ကားလေးနဲ့ နဝင်းအစိတ္တာန်ဝင်ပြီးတောကိုးတော၊ တောင်ကိုးတောင် နဝင်းသီလဆောက်တည်ဂုဏ်တော်ကိုးပါး နံနက် ၉ နာရီ၊ ၉ ပတ်၊ ည ၉ နာရီ ၉ ပတ်၊ ၉ ရက်တိတိ မကျိုးမပေါက်အောင် ထိန်းရတယ်။ တောကိုးတောကတော့ ရန်ကုန်နဲ့ မနီးမနားမှာရှိတဲ့ သန်လျင်တို့၊ ကျောက်တန်းတို့ ပဲခူးဘက်တို့သွားဝင်ရမယ်။ တောင်ကိုးတောင်ကတော့ စမတောင်တို့၊ ပြည်ဘက် ဖဝါးဦးတောင်တို့၊ သထုံဘက် ကေလာသတောင်၊ ကေလာသဖတောင် စသည့်တောင်တွေကို ကားလေးနဲ့ သွားကြတယ်။ မိတ္ထီလာ အဘဆရာကြီး ဦးအောင်ကြည် အိမ်မက်ရ ဆေးတော်ရှင် အဘဆေးဝိဇ္ဇာကြီး ဦးသုခောဂရဲ့ သားတပည့်ကြီး ဦးဆောင်ပြီး ကျွန်တော်တို့ ဇနီးမောင်နှံနှင့် အဘဦးအောင်ကြည်ရဲ့တူနဲ့ တူမအားလုံး ငါးဦးသွားကြတာပါ။ ကားကတော့ ကျွန်တော်နဲ့ အဘဦးအောင်ကြည်ရဲ့တူ ဦးသိန်းဟန်တို့ တစ်လှည့်စီမောင်းကြပါတယ်။ သွားတဲ့နေရာတိုင်းမှာ နောင်တော်ကြီးကို ပင့်သွားတယ်။ အားလုံးအဆင်ပြေတယ်။ ကားလည်း မပျက်ဘူး။ တည်းခို စားသောက်တဲ့နေရာတွေလည်း အားလုံးအဆင်ပြေတယ်။ "သွားလမ်းသာလို့ လာလမ်းဖြောင့်တယ်" ဆိုတဲ့ သဘောပဲပေ့။

ကေလာသတောင် အစိတ္တာန်သွားဝင်တော့ နောင်တော်ကြီးကလည်း ပူးပြောထားတယ်။ အဲဒီတောင်က နတ်ဘီလူး ကြီးဟာ မင်း သထုံမနူဟာမင်းရဲ့ သားတော်ဘဝမှာ မင်းကို နှိပ်ကွပ်ခဲ့တဲ့ မယ်တော်ဖြစ်တယ်လို့ ပြောထားဖူးပါတယ်။ (နောက်ပိုင်းမှ မယ်တော်နဲ့ ပဋ္ဌာန်းဆက်ကို ဆက်လက်ဖော်ပြ ပါ့မယ်။) အဘဆရာကြီးဦးအောင်ကြည်ကလည်း ကေလာသ တောင် အစိတ္တာန်ဝင်ဖို့အသွား လမ်းမှာကတည်းက "ငါ့သား ကေလာသမယ်တော်ကြီးက မင်းရဲ့နှိပ်ကွပ်မိခင်ကြီး" လို့ ပြော တယ်။ ဒီတော့ ကျွန်တော်လည်း တစ်ခါမှ မရောက်ဖူးတဲ့ ကေလာသတောင်ကို စိတ်ကရှည်မှန်းပြီး "မယ်တော်ကြီး သားတော်တို့ မယ်တော်ကြီးရဲ့ တောင်ပေါ် အစိတ္တာန်ဝင်ဖို့ လာ နေပါပြီ။ မယ်တော်ကြီးကိုယ်တိုင် သားတော်တို့အဖွဲ့ကို ကြည့် စောင့်ရှောက်တော်မူပါ" လို့ စိတ်ထဲက အာရုံညွှတ်ပြီး ဆုတောင်း လိုက်တယ်။ ကျွန်တော်တို့ကားလည်း ကေလာသတောင်ခြေ ရှိတဲ့ တောင်စွန်းမြို့လေးရောက်ဖို့ တစ်မိုင်လောက်အလို ဖြစ်ပါတယ်။ အချိန်က နံနက် ၉ နာရီ ရှိပါပြီ။ ၉း၃၀ နာ လောက် တောင်စွန်းမြို့ထဲလည်း ဝင်ရော မိန်းကလေးတစ် ယောက် အသက်လေးဆယ်လောက် ရှိမယ်ထင်ပါသည် ကျွန်တော်တို့ကားကို လက်တားပြီး ရပ်ခိုင်းပါတယ်။ ကား တော့မှ ကားနားကပ်ပြီး "အဘတို့အုပ်စု လာမယ်ဆိုလို့ သ ယောက်ျားက နံနက်စောစော ထမင်းတွေ၊ ဟင်းတွေချက် ဟင်းက သက်သတ်လွတ်ချက်၊ လှူငါးယောက်စာချက်ပြီး ဝင်ဝ သွားစောင့်၊ ကားအနီလေး လာလိမ့်မယ်။ ကားတွေ နဲ့ အိမ်ခေါ်ခဲ့ဆိုလို့ လာကြိုတာပါ။ သမီးနောက်က မောင် လိုက်ခဲ့ပါ" ဆိုပြီး ရှေ့ကထွက်သွားတယ်။ ကျွန်တော်လည် ကားမောင်းပြီး လိုက်သွားတော့ ခြံကျယ်ကြီးနဲ့ တိုက်ခံအိ ကြီးကို တွေ့ရတယ်။ အတော်လေး ချမ်းသာပုံရတယ်။ အဘ ဦးအောင်ကြည်ကတော့ ကျွန်တော့်ဘက်လှည့်ပြီး "အဲဒါ သား ရဲ့မယ်တော်ကြီးနဲ့ နောင်တော်နတ်ကြီးတို့ မစတာဖြစ်မယ်" ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သွားတော့ ကားလည်းရပ်ပြီး ကျွန်တော်တို့ကားပေါ်ကဆင်းပြီး အိမ်ထဲဝင်သွားတော့ အပေါ်ထပ်အားလုံးကြွကြပါလို့ ခေါ်တယ်။ ဒါနဲ့ အပေါ်ထပ်ရောက်သွားတော့ အလွန်ခမ်းနားတဲ့ ဘုရားခန်းကြီးနဲ့ ဘိုးတော်၊ မယ်တော်တွေစင်က ဘုရားစင်အောက် ခပ်နိမ့်နိမ့်ထားပြီး ဘုရားပွဲတွေ၊ မယ်တော်၊ ဘိုးတော် ပွဲတွေ ဝေဝေဆာဆာ လှူဒါန်းထားတာတွေ့ရတယ်။ အလွန်တာရာ ကြည်ညိုဖွယ်ရာဖြစ်ပြီး စိတ်လည်းကြည်နူးရပါတယ်။ နောက်တစ်နေ့ရာမှာ ပန်းကန်ပြား ငါးချပ်နဲ့ ထမင်းဇလုံကို အုပ်ဆောင်းအုပ်ပြီး ဘားပွဲဝိုင်းပြင်ထားပါတယ်။

ကျွန်တော်တို့အဖွဲ့လည်း ဘုရားဝတ်ပြုပြီးတာနဲ့ - "ကဲ…အဘတို့ ကြွကြပါ။ ထမင်းသုံးဆောင်ပါ" ဆိုပြီး အုပ်ဆောင်းလည်း မလိုက်တာနဲ့ ဟင်းက သက်သတ်လွတ် ငါးခွက်လောက် ချက်ထားပြီး ညှော်ခံကျွေးမွေးတယ်။ ထမင်းစားပြီးတာနဲ့ ရေနွေးကြမ်း၊ ငှက်ပျောသီး၊ ထန်းလျက်၊ လက်ဖက်သုပ်တွေနဲ့ ညှော်ခံကျွေးမွေးပါသေးတယ်။ ဒီတော့မှ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် အဘဦးအောင်ကြည်က "သမီးရဲ့ယောက်ျားက ဘယ်သူလဲ" လို့မေးတော့ တိုင်းရင်းဆေးဆရာကြီး ဦးလှမင်းတို့ခေါ်ပါတယ်။ သမီးနာမည်က မလှမေပါ။ သားသမီးမရှိပါဘူး။ ထင်မယားနှစ်ယောက်တည်းဆိုတော့ တူမလေးတစ်ဦး ခေါ်ထားပါတယ်။ အခု အဘသားက ရွာတောင်ပိုင်း လှနာသွားကုပါတယ်။ ဒါနဲ့ အဘတို့လာမယ်ဆိုတာ ဘယ်လိုသိလဲမေးတော့ ညမန်နေ့ည ၁၂ နာရီလောက် တောင်ပိုင်ဘိုးဘိုးကြီးက အိပ်မက်လာပေးတယ်လို့ ပြောတယ်။ နက်ဖြန်နံနက် ၉ နာရီ၊ ၁၀ နာရီလောက် ရန်ကုန်က အဓိဋ္ဌာန်ဝင်မယ့် ဆရာ၊ ဆရာမငါးဦး ကားအနီလေးနဲ့ လာလိမ့်မယ်၊ အဲဒါ မင်းရဲ့အတိတ်တာဝ က ဆွေမျိုးတွေဖြစ်တယ်။ မင်းကိုယ်တိုင် သက်သတ်လွတ်ချက်ပြီး ကျွေးမွေးညှော်ခံရမယ်။ မင်းရဲ့ဇနီးကိုတော့ ရွာထိပ်ထွက်ပြီး အကြိုခိုင်း။ ကားနီလေးတွေ့တာနဲ့ ခေါ်လာခဲ့လို့ ပြောဆိုပြီးပြောတယ်လို့ ပြောပါတယ်။ နံနက် ၄ နာရီထိုးတာနဲ့ ကျွန်မရဲ့ယောက်ျားလည်း ထမင်းတွေ၊ ဟင်းတွေ ချက်နေတော့ ကျွန်မလည်း ထပြီး ဝိုင်းဝန်းလုပ်ကိုင် ကူပေးပါတယ်။ ဒီတော့ သူက ကျွန်မကို မင်း ၈ နာရီထိုးတာနဲ့ ရွာဦးထိပ်က သွားစောင့်နေ။ ကားအနီလေးတွေ့တာနဲ့ ခေါ်လာခဲ့ပြီးတော့ ထမင်းကျွေး လိုတာအားလုံး ကူညီပေးရမယ်။ ငါကတော့ ရွာထဲက

*တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းတွင် ပစ္စည်းများထားပြီးနောက် တောင်ပေါ်သို့ တက်ခဲ့ကြရာ ပေ ၁၅၀ လောက်အရောက်တွင် တောင်ကြီးတစ်တောင်လုံး "ဟီး••ဟီး••ဟီး" ဟု အသံကြီးမြည်ကာ တုန်ခါ၍လာပါသည်။ ထိုအခါ အဖွဲ့ခေါင်းဆောင် အဘဦးအောင်ကြည်မှ သမီးတို့ထဲက ဘယ်သူ ကိုယ်လက်မသန့်ဘူးလဲဟု မေးရာ•••*

ပင့်ထားတဲ့ လူနာသွားကုရမယ်ဟု မှာသွားပါတယ်ဟု ပြောပြရာ ကျွန်တော်တို့လည်း အံ့ဩရပါသည်။ ဒီတော့ အဘဦးအောင်ကြည်က အဘတို့ တောင်ပေါ်ဘုရားပွဲလှူဖို့ အုန်းသီးတစ်လုံးနဲ့ ရခိုင်ငှက်ပျောသီး သုံးဖီးလောက် ဝယ်ချင်တယ်။ သမီးဝယ်ပေးပါလို့ ပြောတော့ ငှက်ပျောက သမီးတို့ခြံထဲမှာ ရှိပါတယ်။ အုန်းသီးက ရွာထဲက သမီးသွားဝယ်ပေးပါမယ် ပြော၍ ထသွားရာ အဘက သမီး။ အုန်းသီးဖိုး ငွေယူသွားပါဟု ပေးရာ မယူဘဲ သမီးဝယ်လှူပါမယ်ဟု ပြော၍ ထွက်သွား၏။ နာရီဝက်ခန့်ကြာသောအခါ အုန်းသီးတစ်လုံးပိုက်၍ ပြန်လာ၏။ ၎င်းနောက် ၎င်းတို့ခြံထဲမှ ငှက်ပျောသီးတစ်ခိုင် ချိုင်ပြီး၊ လက်ရင်းဖီးသုံးဖီးကို ဖြတ်ပြီး ရေဆေး၍ တွဲပေး၏။ နံနက် ၁၀း၄၅ နာရီတွင် ကျွန်တော်တို့အဖွဲ့သည် ကားကို ၎င်းတို့အိမ်တွင် ထားခဲ့ပြီးနောက် အထုပ်အပိုးများယူကာ တောင်ပေါ်တက်ရန် ၎င်းအိမ်မှ ထွက်ခွာခဲ့ကြရာတွင် ကျွန်တော်က အုန်းသီးပိုက်၍လည်းကောင်း၊ ဦးသိန်းဟန်က ငှက်ပျောသုံးဖီး ဆွဲ၍လည်းကောင်း တောင်ခြေသို့ ၁၁ နာရီတွင် ရောက်ကြပါသည်။ တောင်ပေါ်သို့တက်သော ကျောက်လှေကားသည် မတ်စောက်၍ အပေါ်သို့မော့ပြီး တက်ကြရပါသည်။ စောင်းတန်းများလည်း ကြာလာ၍ သွပ်ပြားများ ပေါက်ပြဲနေသည်ကို တွေ့ရှိရ၏။ စောင်းတန်း ဟိုဘက်သည်ဘက် သစ်ပင်ကြီးများမှ သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com

ချောက်များ ကြွေကျပြီး စုပုံနေသည်ကိုလည်း တွေ့ရှိရ၏။ တောင်ပေါ်သို့ စတင်တက်ပြီး လှေကားထစ် ငါးဆယ်ခန့်လောက် ရောက်သောအခါ ကျွန်ုပ်တော်သည် ခေတ္တရပ်ကာ လက်အုပ်ချီ လျက် မယ်တော်ကြီး…သားတော်ကြီးတို့အဖွဲ့ တက်လာပါပြီ။ မယ်တော်ကြီးကိုယ်တိုင် သားတို့ကို လာကြိုပါဟု စိတ်မှ အာရုံ ညွှတ်ကာ ပြောမိပါသည်။ သုံးမိနစ်ခန့် ကြာသောအခါ တောင် ထိပ်မှ စောင်းတန်းဆောင်းရှိ သစ်ရွက်ခြောက်များအပေါ် လူတစ်ဦး ဆင်းလာသည့်အလား ဖြောင်းဖြောင်း၊ ဖြောက်ဖြောက် အသံ များ ကြားရပါသည်။ လေလည်း မတိုက်ပါ။ အသံသာကြားရပြီး ဘာမှလည်း မမြင်ရပါ။ ထိုအခါ ကျွန်တော်သည် ရှေ့ဆုံးမှ တက်နေသဖြင့် မကြာမီ ကြောင်အကျားလေးတစ်ကောင် ကျွန်တော်၏ခြေထောက်ကိုပွတ်ပြီး ရှေ့မှ တက်သွားရာ ကျွန်တော်လည်း ကြောင်လေးနောက်မှ လိုက်သွားရာ မမော မပန်းဘဲ တောင်ထိပ်သို့ သုံးမိနစ်ခန့် စောရောက်သွားပါသည်။

တောင်ပေါ်သို့ရောက်ပြီး အဆောက်အဦကြီးတစ်ခု အောက်တွင် ကေလာသမယ်တော်ကြီး၏ ပုံကို တွေ့ရပါသည်။ ရှေးခေတ်မင်းသမီးကြီးပုံစံဖြစ်ပြီး ဖြန့်ထဘီ၊ ခါးတောင်အင်္ကျီ စိမ်းပြာရောင်နှင့် ပုဆစ်တုပ်ထိုင်ပြီး လှပသော လူသားမျက်နှာ နှင့် ဘီလူးခေါင်းဆောင်းထားသည်ကို တွေ့ရှိရပါသည်။ ကြောင် ကလေးလည်း ပျောက်သွားပါသည်။ ထိုပုံကို မြင်လိုက်ရသည် နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း ကင်းကွာနေသော အတိတ် ဘဝမှ မိခင်ကို ပြန်တွေ့ရသည့်အလား စိတ်ကို မထိန်းနိုင် တော့ဘဲ မယ်တော်၏ ခြေအစုံကို ဦးခိုက်လျက် ငိုကြွေးနေမိပါ တော့သည်။ နောက်မှတက်လာသော အဘတို့အုပ်စုရောက် လာမှ အဘက ငါ့သား ငိုမနေနဲ့တော့။ မင်းရဲ့မယ်တော်နဲ့ တွေ့နေပြီပဲ။ မင်းရဲ့ တောင်တက်စခန်း အဓိဋ္ဌာန်ဝင်တဲ့ ကုသိုလ် ကောင်းမှုတွေကိုသာ အမျှပေးဝေပါသားရယ်ဟု ဖျောင်းဖျပြော ဆိုပါသည်။ ၎င်းနောက် ကျွန်တော်တို့အဖွဲ့သည် ဘုရားကြီး၏ လက်ဝဲဘက် မှော်ရုံကြီးအတွင်းသို့ ဝင်ကာ နေရာထိုင်ခင်းများ ပြင်ဆင်ကြပါသည်။

၎င်းနောက် ရေနွေးကြမ်းများသောက်ကာ ပြည်တစ် ဖက်ကမ်းတွင် ဖဝါးဦးတောင် တက်စဉ်က တွေ့ကြုံခဲ့ရသော ထူးခြားဖြစ်စဉ်များ၊ ရွှေတောင်မြို့နှင့် ဆယ်မိုင်ခန့်ဝေးသော ရွှေနတ်တောင်သို့ အဓိဋ္ဌာန်သွားဝင်စဉ် တွေ့ကြုံခဲ့ရသော ထူးခြားဖြစ်စဉ်များကို ပြောဆို၍ သုံးသပ်ကြပါသည်။ ညနေ ၄း၃၀ နာရီတွင် ကေလာသဆရာတော်ကြီးကျောင်း သွားပြီး ဇလုံခေတ္တတစ်လုံး ခေတ္တငှားပါသည်။ ၎င်းနောက် ဘုရားပွဲပြင် ပြီး ဘုရားရှေ့ပွဲဆက်ကပ်လှူဒါန်းပါသည်။ ည ၇ နာရီတိုးလျှင် ဘုရားဝတ်တက်ပြီး ၉ နာရီတိတိတွင် ဂုဏ်တော်ကိုးပါး ကိုးပတ် စိပ်ရပါမည်။ ထိုအခါ ဘုရားရင်ပြင်တော်ရှိ မိမိတို့ မွေးနံဘုရား များရှေ့တွင် စိပ်ကြရပြီးနောက် မေတ္တာပို့၊ အမျှဝေကာ ဘုရား ကြီးအား လက်ယာရစ် သုံးပတ်ပတ်ပြီးနောက် မိမိတို့တည်း ရာ ဇရပ်သို့ ပြန်ကြရပါသည်။ ကျွန်တော်က သောကြာသား ဖြစ်သဖြင့် သောကြာနံဘုရားရှေ့တည့်တည့် အမွှေးတိုင်၊ ဘုရား တောင်ဆီမီးများ ပူဇော်ကာ ကျွန်းသား လေးထောင့်ခုံလေးပေါ် တွင် ထိုင်ပြီး ပုတီးစိပ်ပါသည်။ ပုတီးပတ် ကိုးပတ်ပြည့်၍ မေတ္တာပို့နေချိန်တွင် နောက်ကျောဘက်မှ ရှေးခေတ်အမျိုးသမီး များဝတ်သည့် ဖြန့်ထဘီကြီးဖြင့် ဟိုဘက်သည်ဘက် လမ်း လျှောက်နေသောအသံ ကြားရပါသည်။ ဖြန်းဖြန်း၊ ဖြန်းဖြန်း ဟူသောအသံ ဖြစ်ပါသည်။ ပထမတော့ ကြက်သီးမွေးညင်းများ ထမိပါသည်။ နောက်တော့ ဩော် · · ·ဒါဟာ ငါ့ရဲ့မိခင် ကေလာသမယ်တော်ကြီးက စောင့်ရှောက်နေတာဆိုတဲ့ အသိ စိတ်လည်း ဝင်လာရော မကြောက်တော့ပါ။ အားလုံး စုရုံး မှော်ရုံကြီးသို့ လူစုံသောအခါ အဘ ဦးအောင်ကြည်အား ပြောပြရာ အဘက အဲဒါ သားရဲ့မယ်တော်ကြီးက စောင့်ရှောက် တာပါဟု ပြောပြပါသည်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသကဲ့သို့ ကိုယ်တွေ့အဖြစ်အပျက်များ ဖြစ်ပါသည်။ လူတိုင်းကတော့ ယုံချင်မှ ယုံပေမည်။ သမထ အဓိဋ္ဌာန်ဝင်ဖူးသူများကတော့ လက်ခံမည် ဖြစ်ပါသည်။ ကေလာသမယ်တော်ကြီးအကြောင်း နှင့် ပတ်သက်၍ အဘဦးအောင်ကြည်၏ ပြောပြချက်အရ အနည်းငယ် ဖော်ပြလိုပါသည်။

ယခင်က ကေလာသတောင်နှင့် ကေလာသဖတောင် ညီနောင်ဟာ ပင်လယ်ပြင်ကြီးထဲမှ ကျွန်းကလေးနှစ်ကျွန်း ခဲ့ရာ ၎င်းကျွန်းနှစ်ကျွန်းကို ကေလာသ နတ်ဘီလူးမကြီးအား အပိုင်စားပေးခဲ့ကြောင်း၊ အခြွေအရံဘီလူး ၅၀၀ နှင့် ကျက်စား နေထိုင်ခဲ့ကြောင်း၊ ပင်လယ်တွင်း ဒုက္ခရောက်သူများ ကယ်တင် ရန် မထိမေခလာ မယ်တော်က ဓာတ်သက်များ ချီးမြှင့်ထား ကြောင်း၊ ယခု ဟိုင်းကြီးကျွန်းဘက်တွင် မယ်ကာဝထ်ဟူသော


www.burmeseclassic.com

www.burmeseclassic.com

စေတီလူးမကြီးသည်လည်း ကေလာသမယ်တော်ကြီးပင်ဖြစ်ကြောင်း၊ ဦးခေါင်းပေါ်တွင် ခေးကျောက်ပျဉ်ကြီးရွက်၍ ဘုရားစေတီများရှေ့တွင် တွေ့ရမည်ဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဒေသမြို့ကြီးအတော်များများတွင် တွေ့ရှိနိုင်သကဲ့သို့ ကျွန်တော်များဒေသပယင်းမြို့နယ် ဘုရားစေတီပုထိုးများရှေ့တွင်လည်း တွေ့မြင်နိုင်ပါသည်။ အချို့သော ပုဂ္ဂိုလ်များက မယ်ကုဝဏ်၏ ခေးကျောက်ပျဉ်ပေါ်တွင် သနပ်ခါးတုံးများတင်ကာ ဆေးဝါးအဖြစ်သောင်းခံပြီး သွေးလိမ်း၊ သွေးသောက်ခြင်းဖြင့် ရောဂါများပျောက်ကင်းသည်ဟု ယုံကြည်ယူဆကြသကဲ့သို့ အချို့ကဆွမ်းတော်တင်ပြီး စွန့်ပစ်ကြရာ စမုတ်ခွက်ဟု ပြောဆိုကြကြောင်း၊ မည်သို့ဆိုစေ ယုံကြည်သူရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိမည်ဖြစ်ပေသည်။ သထုံပြည့်ရှင် မနူဟာမင်းအကြောင်းထက် ကျွန်တော်မင်းသားဘဝဖြစ်စဉ်က နို့တိုက်၍မွေးခဲ့သော မိခင်ဖြစ်ခဲ့သည်ကိုမူ စမ်းချောင်းရပ် ဆရာကြီးဦးတင်ညွှန့်၏ဇနီးအား မယ်တော်ကြီးကိုယ်တိုင် ပူး၍ပြောခဲ့ပြီးနောင် နောင်တော်လူပျိုတော်နတ်ကြီးကလည်း ပူးပြော၍ သိရှိခဲ့ရပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နောက်ပိုင်းမယ်တော်ကြီးအကြောင်း ထပ်မံရေးသားတင်ပြပါဦးမည်။

ပြည်မြို့၏ တစ်ဖက်ကမ်းတွင်ရှိသော ဖဝါးဦးတောင် (အချို့က ဖိုးဦးတောင်)ဟု ခေါ်ပါသည်။ ထိုတောင်တက်စခန်းအဓိဋ္ဌာန်ဝင်စဉ် တွေ့ကြုံရသော အတွေ့အကြုံနှင့် ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင်သို့သွားစဉ် ထူးခြားဖြစ်စဉ်များကို အကျဉ်းချုံး၍ တင်ပြပါမည်။

ကျွန်တော်တို့အဖွဲ့ ပြည်မြို့သို့ သွားကြစဉ် ကျွန်တော်အားဖြင့် ကျွန်တော်တို့ဇနီးမောင်နှံ၊ အဘဦးအောင်ကြည်၊ အဘ၏ တူနှင့် တူမ ငါးဦးဖြစ်ပြီး မောင်စစ်ရှိ၏ ကားတွင် သူတို့လင်မယား၊ မောင်ဖေစိန်နှင့် ၎င်းအစ်မ မသောဘီတို့ သုံးဦး ပေါင်းကိုးဦးဖြစ်ပါသည်။ ပြည်ရွှေဆံတော် အဓိဋ္ဌာန်ဝင်ပြီး နံနက် ၁၀း၃၀ နာရီအချိန် ပြည်မြို့၏ တစ်ဖက်ကမ်းရှိ ဖဝါးဦးတောင်ခြေသို့ ၁၁ နာရီ ရောက်ပါသည်။ တောင်ခြေရှိ ဆရာတော်ကြီးကျောင်းတွင် ပစ္စည်းများထားပြီးနောက် တောင်ပေါ်သို့ တက်ခဲ့ကြရာ ပေ ၁၅၀ လောက်အရောက်တွင် တောင်တစ်တောင်လုံး "ဟီး…ဟီး…ဟီး"ဟု အသံကြီးမြည်ဟိန်းတုန်ခါ၍ လာပါသည်။ ထိုအခါ အဖွဲ့ခေါင်းဆောင် အဘ ဦးအောင်ကြည်မှ သမီးတို့ထဲက ဘယ်သူ ကိုယ်လက်မသန့်ဘူးလဲဟု မေးရာ မသောဘီက သမီးမှာတာပေါ်နေသည်ဟု ပြောရာ အေး…အဲဒါကြောင့် တောင်စောင့်နတ်က သတိပေးတာ။ ဒီတော့ သမီးတို့မောင်နှမနှစ်ယောက် တောင်ခြေဆင်းပြီး ဇရပ်မှာပဲ ဆင်းနေခဲ့ကြဟုပြောရာ ၎င်းတို့ဆင်းသွားမှ တောင်လှုပ်ခါခြင်း ရပ်သွားပါသည်။ တောင်ထိပ်သို့ရောက်သောအခါ ဘုရားပွဲများ၊ အမွေးတိုင်များ ထွန်းညှိပူဇော်ကာ ဘုရားဝတ်တက်ကြရပါသည်။ ည ၉ နာရီတွင် အဓိဋ္ဌာန်ပုတီးစိပ်၊ သမထထိုင်ပြီး မေတ္တာပို့၊ အမျှဝေသောအခါ တောင်ပတ်လည်ရှိတောကြီးအတွင်းမှ သာခုခေါ်သံများ ကြားရပါသည်။ နံနက် ၉ နာရီ ထပ်မံ၍ ပုတီးစိပ်ပြီး၊ တောင်ခြေသို့ဆင်းလာရာ ၁၁ နာရီ ရောက်ပါသည်။ တောင်ခြေရောက်သောအခါ ဆရာတော်ကြီးမှ သက်သတ်လွတ်ဟင်းများဖြင့် နံနက်စာ ကျွေးပါသည်။ ၁၂း၃၀ နာရီ ဆရာတော်ကျောင်းမှ ပြည်ဘက်သို့ ကူးလာပြီး ရွှေတောင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃ နာရီ ရောက်ရှိပြီး ရွှေမျက်မှန်ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ပါသည်။

ရွှေတောင်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ရွှေနတ်တောင်သို့ ညနေ ၄း၃၀ နာရီတွင် ရောက်ပါသည်။ တောင်ပေါ်သို့ တက်ရောက်ပြီးလျှင် ဘုရားပွဲများပြင်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ပြီး ဘုရားဝတ်ပြုကြရပါသည်။ ည ၇ နာရီတွင် ဘုရားဝတ်ပြုပြီး ကျွန်တော်တို့အဖွဲ့ ကိုးယောက် ဘုရားကြီးအား လက်ယာရစ်ပတ်ကာ ပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ကြရာတွင် ကျွန်တော်တို့၏ နောက်မှ မိန်းကလေးဆယ်ယောက်ခန့် လက်အုပ်ချီပြီး လိုက်လာကြသည်ကိုတွေ့ရှိရပါသည်။ ၈း၃၀ နာရီတွင် ကျွန်တော်တို့အဖွဲ့ ဘုရားအာရုံခံတန်ဆောင်းတွင်း ဝင်ထိုင်သောအခါ ၎င်းမိန်းကလေးများ မတွေ့ရတော့ပါ။ ကျွန်တော်က အဘကို မေးကြည့်တဲ့အခါ အဘက အဲဒါလူမဟုတ်ဘူး။ ဒီရွှေနတ်တောင်သိုက်က ဥစ္စာစောင့်မလေးတွေဟု ပြောပြသဖြင့် အံ့ဩရပါတော့သည်။ ယခုကဲ့သို့ အဓိဋ္ဌာန်ဝင်သောအခါ အဆင်ပြေခြင်းများသည် နောင်တော် နတ်မင်းကြီး၏ ကူညီစောင့်ရှောက်ပင် ဖြစ်ပါသည်။

ဒေါက်တာသက်ဆွေ(M.D.)

(ရွှေဆောင်တင်ဆွေ)(မင်္ဂလမွေ့ဓာတ်ထာစေ)



www.burmeseclassic.com

www.burmeseclassic.com

# ရှင်အရဟံ တန်ခိုးကြောင့်




# မျက်စိနှစ်ကွင်း အလင်းရသူ

ရှယ်လီသိန်းမောင်
(စိန်မိုက်ကယ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဓမ္မံ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

သံဃာ သရဏံ ဂစ္ဆာမိ
နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃာသရဏံဂစ္ဆာမိ၊ နာမရူပံ အနိစ္စံဒုက္ခံအနတ္တာ၊ အနန္တ ဗလံဝံဒုက္ခံ၊ အနန္တဂေါစရံဓမ္မံ၊ အနန္တအရိယံသံဃာ၊ အနန္တဗောဓိမုတ္တမံ

**အနုတ်အစီရင်ခါယ်**

ဗုဒ္ဓံမြတ်စွာဘုရားကိုသရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိဆည်းကပ်ပါ၏။ နာမရူပံ နာမ်ရုပ်သည် အနိစ္စံ အမြဲမရှိ၊ ဒုက္ခံဆင်းရဲ၏။ အနတ္တာအနှစ်ကင်းပ အစိုးမရ။

ဓမ္မံတရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိဆည်းကပ်ပါ၏။ နာမရူပံနာမ်ရုပ်သည် အနိစ္စံအမြဲမရှိ ဒုက္ခံဆင်းရဲ၏။ အနတ္တာ အနှစ်ကင်းပ အစိုးမရ။

သံဃာ သံဃာတော်မြတ် သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆ ကပ်ပါ၏။

နာမရူပံနာမ်ရုပ်သည် အ အမြဲမရှိ၊ ဒုက္ခံဆင်းရဲ၏။ အနတ္တာအ ကင်းပအစိုးမရ။

ဗုဒ္ဓံမြတ်စွာဘုရားကို သ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်း ပါ၏။

ဓမ္မံတရားတော်မြတ်ကို သ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်း ၏။



www.burmeseclassic.com

www.burmeseclassic.com

သံဃာ သံဃာတော်မြတ်ကို ...ထံကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်း ...ပါ၏။ နာမရူပ် နာမ်ရုပ်သည် အနိစ္စ ...ဖြစ်၍၊ ဒုက္ခဆင်းရဲ၏။ အနတ္တာ ...စင်တင်းပအစိုးမရ။ ဗလံ အားတော် ...ပြည့်စုံသော ဗုဒ္ဓ မြတ်စွာဘုရားသည် ...ဏ္ဏအတိုင်းမသိတန်နိုးတော်တည်း ...ခြုံမင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော ဓမ္မ ...ရားတော်မြတ်ည် အနန္တအတိုင်းမသိ ...န်နိုးတော်တည်း။

အရိယံ အရိယာဖြစ်သော ...သာ၊ သံဃာတော်သည် အနန္တအတိုင်း ...သိတန်နိုးတော်တည်း။ ဗောဓိမှတ္တံမံ ...တ်သောဗောဓိပက္ခိယတရားတော်သည် ...နန္တအတိုင်းမသိတန်နိုးတော်တည်း။

ဗုဒ္ဓဘာသာဝင်ဟော်တော်များ ...းလိုပင် ရှင်အရဟံပုတီးစိပ်နည်းအား ...သိသူမရှိသလောက်ဟုဆိုပါသော်လည်း ...ပုတီးစိပ်နည်းအား စိပ်ရခြင်းဖြင့် ရရှိ ...သောအကျိုးကျေးဇူးများကိုကား သိသူ ...တ်မသိသူကများကြပါသည်။

သို့ပါ၍ ရှင်အရဟံပုတီးစိပ် ...နည်းအား သိသူများလည်း ထပ်မံသိရှိ ...ရန်အတွက်လည်းကောင်း၊ မသိသူ ...များလည်း သိရှိစေရန်အတွက်လည်း ...ကောင်း၊ ၎င်းပုတီးစိပ်နည်းအား ယုံယုံ ...ကြည်ကြည်စိပ်ခြင်းကြောင့် မျက်စိနှစ် ...ကွင်းအလင်းရရှိခဲ့သော ကိုယ်တွေ့ဖြစ် ...ရပ်လေးတစ်ခုအား ထပ်လောင်း၍ ပြန် [illegible]ပြီးလိုက်ပါသည်။

လွန်ခဲ့သော အနှစ်၃၀ကျော် ခန့်ကဖြစ်ပါသည်။ မငွေရီဟုခေါ်သော အမျိုးသမီးတစ်ဦးသည် မိဘများ ကွယ် လွန်သွားသဖြင့် ဒေါ်လှဟုခေါ်သော အမျိုးသမီးကြီးတစ်ဦးက သမီးအရင်း ကဲ့သို့ ခေါ်ယူမွေးစားထားပါသည်။ ဒေါ်လှတို့မိသားစုသည် ဘာသာတရား အလွန် ကိုင်းရှိုင်းသော မိသားစုများ ဖြစ်ကြပါသော်လည်း မငွေရီသည် မိမိ၏ ဘာသာတရားအား ကိုးကွယ်ဆည်းကပ် ရန်ကောင်းမှန်းမသိသည့်အပြင် ဘာသာ တရားအား စကားအရာဖြင့် စော်ကား ခြင်း၊ မထီမဲ့မြင်ပြုလုပ်ခြင်းများ ပြုလုပ် ခဲ့ပါသည်။

တစ် နေ့ တွင် မငွေရီသည် ဘာသာခြားတစ်ဦးနှင့် လိုက်ပြေးပြီး အိမ် ထောင်ကျပြီး လပိုင်းအတွင်းမှာပင် သူ့ ဆီသို့ ဒုက္ခများတစ်စုပြီး၊ တစ်စုစီတန်း ပြီးရောက်ရှိလာရာ နောက်ဆုံး၌ အိမ် ထောင်နှင့်ကွဲပြီးမွေးစားမိခင်ဖြစ်သူ ဒေါ်လှ ထံသို့ပင် ပြန်လည်ရောက်ရှိလာပါသည်။ ဒေါ်လှသည် မငွေရီအား အပြစ်မမြင်ဘဲ ပြန်လည်လက်ခံထားလိုက်ပါသည်။

မငွေရီကလည်း ရောက်ရောက် ခြင်းပင် ၎င်း၏ပြစ်မှားကျူးလွန်မှုများအား ခွင့်လွှတ်ပါရန် မွေးစားမိခင် ဒေါ်လှ အားဝန်ချတောင်းပန်သည်။ ထိုအခါ ဒေါ်လှက "ငါ့ကိုမတောင်းပန်နဲ့၊ တောင်းပန်ရမှာကငါမဟုတ်ဘူး၊ ဗုဒ္ဓ [illegible]ရားကိုသာတောင်းပန်"

ဟု ပြောလိုက်သဖြင့် မငွေရီသည် ဘုရား စင်ရှေ့၌ ပုဆစ်ဒူးတုပ်လျက် မိမိအပြစ်အား ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်စဉ် ရုတ် ကြီးတငင် ငိုကျွေးလိုက်ပါတော့သည်။ ဒေါ်လှမှာ မငွေရီ၏အဖြစ်အပျက်ကို ကြည့်ပြီး မငွေရီတစ်ယောက် နောင်တ တရားတွေရရှိပြီး ဝမ်းနည်းပက်လက် ဖြစ်နေသည်ဟုပင် စိတ်ဝယ်သဘော ပေါက်လိုက်မိပါသည်။

သို့သော် ဒေါ်လှ၏ အထင် နှင့်အမြင်မှာလွဲခဲ့လေပြီ အဘယ်ကြောင့် ဆိုသော် မငွေရီတစ်ယောက်အလာ ကောင်းသော်လည်း အခါနှောင်းခဲ့ပါလေ ပြီ၊ မငွေရီရှိုက်ကြီးတငင်ငိုကျွေးခြင်း သည် တခြားမဟုတ်ပါ၊

'အမေရယ် ကျွန်မဘဝဆုံးပါ ပြီ"

ဟုပြောလိုက်သဖြင့် ဒေါ်လှမှာ အံ့သြ ခြင်းများစွာဖြင့် ၎င်းက နားမရှင်းလို့ ပြန်မေးရာ မငွေရီသည် ဘုရားစင်ရှေ့ တွင် ထိုင်နေပါသော်လည်း ဘုရားကိုပင် လုံးဝမမြင်ရဘဲဖြစ်နေသောကြောင့် ဖြစ်ပါ ကြောင်း ရှင်းပြလေတော့သည်။ ထိုနေ့မှ စပြီး မငွေရီ၏မျက်စိနှစ်ကွင်းမှာ ကွယ်ရှာ ခဲ့ရရှာလေတော့သည်။

ဘဝဆုံး၍ မျက်စိကွယ်ခဲ့ရ သော မငွေရီသည် လုပ်စရာ အလုပ် ကလည်းမရှိ လုပ်ကိုင်ရန်အတွက် အခြေအနေကလည်း မတတ်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ဘဝသို့ ရောက်နေပြီဖြစ်၍ ဘုရားစင်ရှေ့တွင် တကုပ်ကုပ်ဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်းစသော ဘုရားဝေယျာဝစ္စများကိုတတ်နိုင်သရွေ့ လုပ်ကိုင်လျက်ရှိလာပါသည်။ ၁၉၆၀ ခုနှစ်တွင် မျက်စိမှာရေးရေးပင်မမြင်ရတော့ဘဲ လုံ၀ကွယ်ခဲ့ပါတော့သည်။

ဘာသာတရားကိုင်းရှိုင်းသော ဒေါ်လုသည် တစ်နေ့တွင် ရှင်အရဟံပုတီးစိပ်နည်းအား နှုတ်မှတိုင်ပေးပြီး အလွတ်ရအောင် ကျက်နိုင်းပါသည်။ နောက်တဖန် ရှင်အရဟံ ပုတီးစိပ်နည်းကိုပဲ အလွတ်နီးပါးရသောအခါ ပုတီးစိပ်နိုင်းပါသည်။ မျက်စိနှစ်ကွင်းမှာလည်း တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့် ကုသပါသော်လည်း အချည်းနှီးသာဖြစ်ခဲ့ရှာပါသည်။ ထိုသို့ပင် ရှင်အရဟံပုတီးစိပ်နည်းအားစိပ်ခဲ့ရာ သုံးနှစ်ပင်တိုင်ခဲ့ပါပြီ။

တစ်နေ့တွင် ဆရာဦးစိုးလင်းကလည်း ရှင်အရဟံပုတီးစိပ်နည်းအား တစ်နေ့လျှင် (၁၀)ပတ်ရအောင် စိပ်ပါ၊ ထူးခြားစွာ အကျိုးပေးပါလိမ့်မည်ဟု မငွေရီအား ပြောပါသဖြင့် မငွေရီသည် ရှင်အရဟံပုတီးစိပ်နည်းအား ယုံယုံကြည်ကြည်ဖြင့် တစ်နေ့လျှင်ပုတီး (၁၀)ပတ်ရအောင်စိပ်ခဲ့ပါသည်။

တစ်နှစ်ခန့်ကြာသော် ညတစ်ည၌ မငွေရီအိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် မငွေရီအား လိုဏ်ဂူကြီး တစ်ခုထဲခေါ်သွားပြီး ဂူထဲရှိဘုရားအားရှိခိုးခိုင်းပါသည်။ မငွေရီက သူမမြင်ရကြောင်းပြောရာ ၎င်းပုဂ္ဂိုလ်ကြီးကမငွေရီက

"သေသေချာချာ ဖူးမြော်ပါ၊ နင့်မျက်စိမြင်ရပါမယ်"

ဟုပြောလိုက်သဖြင့် မျက်စိကိုအာရုံစူးစိုက်၍ကြည့်လိုက်သောအခါ ရှေးဦးစွာ အလင်းတန်းတစ်ခုပေါ်လာသည့်နေရာတွင် အလွန်သပ္ပါယ်ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူအား ဖူးတွေ့လိုက်ရ၍ဝမ်းသာအားရဖြင့်

"မြင်ရပြီ မြင်ရပြီ"

ဟုအော်လိုက်ရာ အိပ်ရာမှလန့်နိုးခဲ့ပါသည်။ အိပ်ရာမှနိုးပြီး မျက်နှာသစ်၍ ဘုရားစင်ရှေ့တွင်ထိုင်ပြီး

"ကျွန်မသည် မျက်စိမှာ ပြန်လည်ကောင်းမွန်လာပြီး ရှင်တော်မြတ်အားအမှန်တကယ်ထင်ရှားစွာ တွေ့မြင်ဖူးမြော်ရပါလို၏ဘုရား"

ဟုဆုတောင်းလိုက်ပါသည်။ နောက်တစ်ရက်နှစ်ရက်အကြာတွင် မငွေရီသည် ဗုဒ္ဓဘုရားရှင်နှင့်တကွ သာယာလှပသော လောကကြီးတစ်ခုလုံးအား ကြည်လင်ပြတ်သားစွာမြင်ခဲ့ရပါသည်။

ယခုကဲ့သို့ မငွေရီမျက်စိနှစ်ကွင်း အလင်းမရခြင်းမှာ ဘာသာတရားအား မထီမဲ့မြင်ပြုခြင်း၊ ဝဇီကံတို့ဖြင့် စော်ကားခြင်းတို့ကြောင့် မျက်စိကွယ်ခဲ့ရသလို ဘာသာတရားကြောင့်ပင် မျက်စိနှစ်ကွင်းမှာအလင်းရရှိခဲ့ရခြင်းဖြစ်ပါသည်။

သို့ပါ၍ မိမိကိုးကွယ်သော ဘာသာအား မယုံကြည်ခြင်း၊ မထီမဲ့မြ… ပြုခြင်း စော်ကားခြင်းတို့သည် မိမိအ… လျှင် အကျိုးယုတ်စေနိုင်ပါကြောင်း ဖြစ်ရပ်မှန်တစ်ခုအား ပမာပြု၍ထ… လောင်းဖေါ်ပြလိုက်ပါသည်။

မိမိကိုးကွယ်သော ဘာသာ… သာသနာမညိုးနွမ်း မပျောက်ကွ… စေရန်အတွက် ဗုဒ္ဓဘာသာဝင်တိုင်း… တာဝန်ရှိပါသဖြင့် ဤတာဝန်အား ကို… စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ထမ်းဆော… နိုင်ကြပါစေ --- ။

ဗုဒ္ဓမြတ်စွာသာသနာ…
ရောင်ဝါနေသို့ထင်း…

ရွှယ်လီသိန်း…
(စိန့်မိုက်က…)

ခံယူ –

ခင်းသူရိန်၏တန်ခိုး…
မြတ်ဗုဒ္ဓဂုဏ်များနှင့် ထိုထိတွေ့…
ရပ်မှ တောက်နှုတ် ထင်ပြ…

www.burmeseclassic.com

www.burmeseclassic.com

## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း

# မစ္စက်ဘေနာဇီယာဘူတို

## ၏

## ဇာတာကို

# မိုးတားနည်းဖြင့် သုံးသပ်ချက်

**ရှုမာန်(မိုးတား)**

ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြား အောင်မြင်ကြသူ အများ၏ မွေးနေ့ မွေးချိန်ကို ၎င်းတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိပေါ်မှုတည်၍ တွက်ချက်ထားကြသော ဇာတာကို အင်တာနက်စာမျက်နှာတို့တွင် များစွာ မြင်ကြရပါလိမ့်မည်။ အချို့ဆိုလျှင် မွေးချိန်မပါဘဲ ထက် တနင်္ဂနွေဂြိုဟ်တည်ရာ တစ်ချက်တည်းကို မှုတည်၍ ၎င်းတို့၏ တွေ့ရှိချက်အမျိုးမျိုးကို ရေးသားကြပါသည်။ ထိုအထဲမှ မွေးနေ့၊ မွေးချိန် အများစုသည် အမှန်မဟုတ်ပါ။ ဥပမာ-အမေရိကန်သမ္မတ ဘီလ်ကလင်တန်ဆိုလျှင် သူ၏အတ္ထုပ္ပတ္တိမှ မွေးချိန်ကိုသာ မှုတည်၍ တွက်ချက်ပါက အဖြေအမှားများသာ ထွက်လာမည်ဖြစ်ပြီး၊ သူ၏မိခင်ဖြစ်သူကိုယ်တိုင် အနောက်တိုင်းနက္ခတ္တပညာရှင်တစ်ဦးကို ပြောပြခဲ့သောအချိန်ကို မှုတည်၍ တွက်မှသာ အမှန်ဖြစ်ပါသည်။ ထိုနည်းတူပင် ဝေလမင်းသမီးဒိုင်ယာနာသည် ၎င်း၏ မူလမွေးချိန်ကို လျှို့ဝှက်လိုက်ပြီးနောက် ဘာကင်ဟန်နန်းတော်သို့ ရောက်ရှိပြီးမှ တရားဝင် ထုတ်ဖော်ကြေညာသော မွေးချိန်သည်လည်း အမှားပင် ဖြစ်ပါသည်။ ၎င်းတို့၏ မွေးချိန်အမှန်နှင့် အမှား ယှဉ်တွဲဆက်စပ် ရှင်းလင်းချက်များကို သက်ဆိုင်ရာ နောက်ပိုင်းအခန်းများတွင် ရေးသားပေးပါမည်။

ထိုနည်းတူပင် မစ္စက်ဘူတို၏ မွေးနေ့ကို အခြားသော စာစောင်များ၊ အင်တာနက်စာမျက်နှာများတွင် ဇွန်လ ၂၁ ရက်၊ ၁၉၅၃ ခု၊ ညနေ ၇း၅၉ နာရီဟု ဖော်ပြထားကြသည်။ သို့သော် ထိုအချိန်သည် မှားယွင်းနေပါသည်။ ယခု MOTAA စနစ်ဖြင့် တွက်ချက်ထားသော မွေးနေ့နှင့် မွေးချိန်သည် ဇွန်လ ၂၃ ရက်၊ ၁၉၅၃ ခု၊ ညနေ ၄း၃၀ နာရီ ဖြစ်ပါသည်။ ဤမွေးနေ့နှင့် မွေးချိန်အမှန်သည် ၁၉၈၄ ခုနှစ်က အိန္ဒိယတွင် ထင်ရှားသော ဝေဒပညာရှင်တစ်ဦးဖြစ်သူ ဆရာကြီး ကောအင်န်ရောင်



www.burmeseclassic.com

www.burmeseclassic.com

ထံတွင် ဇာတာရှင်ကိုယ်တိုင် ပြောကြားခဲ့သော အချိန်ဖြစ်ပါသည်။ ထိုအချိန်အမှန်ဖြစ်ကြောင်းကို အောက်တွင် ဖော်ပြထားသော တွက်ချက်မှုများက သက်သေခံနေပါလိမ့်မည်။ (အထူးမှတ်ချက်- MOTAA ပညာရှင်တစ်ဦးအနေဖြင့် မိမိထံတွင် လာရောက်စစ်ဆေးသော ဇာတာရှင်တစ်ဦး၏ အခွင့်ပြုခြင်းမရှိဘဲ ထိုဇာတာကို ပြင်ပသို့ မပေါက်ကြားစေရပါ။ ယခုဆောင်းပါးများတွင် ရေးသားဖော်ပြထားသော ဇာတာမှုးသည် ဇာတာရှင်များကိုယ်တိုင်မှ သက်ဆိုင်ရာဆရာတို့ထံတွင် အခွင့်ပြုထားသော ဇာတာများ၊ ဇာတာရှင်များကိုယ်တိုင် Astro Data bank ဟု ခေါ်သော နိုင်ငံတကာ ဝေဒပညာရှင်များအတွက် အချက်အလက်စုဆောင်းသော ဌာနတွင် ခွင့်ပြုထားသော ဇာတာများသာ ဖြစ်ပါသည်။

(ဤဇာတာအား လေ့လာရာတွင် ဂြိုဟ်တို့၏ သဘာဝများ၊ အင်အားလွှမ်းမိုးမှုများကိုနားလည်ရန် အခက်အခဲရှိပါက မိုးတားအခြေခံတွင်လေ့လာပါ။)



ကောလိပ်ကျောင်း မစ္စက်ဘူတိုအား ဖခင်၊ အင်ဒီရာဂန္ဓီတို့နှင့် တွေ့ရစဉ်

ဇာတာရှင်၏ ဘဝဖြစ်စဉ်အကျဉ်းချုပ်

၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ပါကစ္စတန်နိုင်ငံ၊ ကရာချီမြို့တွင် မွေးဖွားခဲ့သည်။ မောင်နှမများတွင် အကြီးဆုံးသမီး ဖြစ်သည်။

၁၉၇၆ ခုနှစ် ကလေးဘဝကို ပါကစ္စတန်နိုင်ငံတွင်ပင် ကုန်လွန်... ၍ အဆင့်မြင့်ပညာများကို ကမ္ဘာ့... အမြင့်ဆုံးဖြစ်သော ဟားဗတ်တက္ကသိုလ်... ရက်ကလစ်ကောလိပ်တွင် ပညာ... ကြားခဲ့သည်။ ၎င်းမှပြီးဆုံးသော... အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်... တွင် ဒုတိယဘွဲ့ကို ထပ်မံရယူခဲ့သည်...

၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ၅ ရ... တွင် လက်ရှိပါကစ္စတန်နိုင်ငံ၏ ဝန်... ချုပ်ဖြစ်သူ ဖခင် ဇူလ်ဖီကာအလီဘူ... အား ပါကစ္စတန်ဗိုလ်ချုပ်ကြီး ဇီ... အူဘတ်မှ အာဏာသိမ်းလိုက်သည်...

၁၉၇၇ ခုနှစ်၊ စက်တင်ဘာ... တွင် ၎င်း၏ ဖခင်အား လူသတ်မှု... စွဲဆိုထောင်ဒဏ်ချမှတ်ခဲ့သည်။ ထို... နောက်ပိုင်းတွင် ထောင်သွင်းအကျဉ်း... ခဲ့သည်။

၁၉၇၉၊ ဧပြီလ ၄ ရက်... ဖခင်ဖြစ်သူအား နိုင်ငံရေးပြိုင်ဘက်... သူအား သတ်ဖြတ်မှုဖြင့် သေဒဏ်... ခဲ့သည်။




၁၉၇၆ ခုနှစ် အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် မစ္စက်ဘူတို တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com




၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဇာတာရှင်အား ဆေးဝါးကုသရန်အတွက် ပါကစ္စတန်နိုင်ငံမှ ထွက်ခွာခွင့်ပေးခဲ့သည်။ ထိုသို့ ထွက်ခွာခွင့် မပေးခင်က ဇာတာရှင်အား သုံးနှစ်ကြာ ဖမ်းဆီးထိန်းသိမ်းထားခဲ့သေးသည်။ ၎င်းအနေဖြင့် လန်ဒန်တွင် တဖြည်းဖြည်း အခြေကျခဲ့သည်။

၁၉၈၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် မစ္စဘူတို၏ မောင်တစ်ဦးဖြစ်သူ ရှာနဝတ်ဘူတိုအား ပြင်သစ်ပြည်ရှိ သူနေထိုင်ရာ အခန်းတွင် မသင်္ကာစရာ ဦးခေါင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

၁၉၈၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဖခင်တည်ထောင်ခဲ့သော ပါကစ္စတန် ပြည်သူ့ပါတီကို ဦးဆောင်ရန်အတွက် အမိပါကစ္စတန်နိုင်ငံသို့ ပြန်လာခဲ့သည်။

၁၉၈၇ ခု၊ ဒီဇင်ဘာလ ၁၈ ရက်တွင် မိခင်ရွေးချယ်ပေးသော စီးပွားရေးသမားဖြစ်သူ အာဆစ်ဖ်အလီဇာဒါရီကို လက်ထပ်ခဲ့သည်။



မင်္ဂလာအခမ်းအနားတွင် သတို့သမီးအဖြစ် မစ္စဘူတို



၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်၊ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုစဉ်



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် အသက်အားဖြင့် ၃၅ နှစ်တွင် ရွေးကောက်ပွဲအနိုင်ရရှိပြီး မူဆလင်နိုင်ငံဖြစ်သော ပါကစ္စတန်နိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီး ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။

၁၉၉၀ ခုနှစ်တွင် အကျင့်ပျက်မှု၊ လူမျိုးရေးအကြမ်းဖက်မှုများ ဖြစ်စေမှုတို့ဖြင့် ဇာတာရှင်၏ အစိုးရအဖွဲ့ကို ဖြုတ်ချခြင်းခံခဲ့ရသည်။

၁၉၉၃ ခုနှစ်တွင် အကျင့်ပျက်မှုများကို တိုက်ဖျက်ရေး ကြွေးကြော်သံများဖြင့် ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးချယ်ခြင်းခံခဲ့ရသည်။

၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် မစ္စက်ဘူတို၏ နောက်ထပ် မောင်တစ်ဦးဖြစ်သူ မူတာဇာဘူတိုသည် ရဲတပ်ဖွဲ့ဝင်များနှင့် ပြဿနာဖြစ်ပြီး ၎င်းအပါအဝင် ထောက်ခံသူ ခြောက်ဦးတို့အား ပစ်သတ်ခြင်းခံခဲ့ရသည်။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ခွေမျိုးကောင်းရေး ပြုလုပ်ခြင်း၊ တရားဥပဒေစနစ်ကို မထီမဲ့မြင်ပြုလုပ်ခြင်း စသော စွပ်စွဲချက်များဖြင့် ၎င်း၏အစိုးရအဖွဲ့အား ဖြုတ်ချခြင်းခံခဲ့ရပြန်သည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ ၁၄ ရက်တွင် ဇာတာရှင် တက်ရောက်ခြင်းမရှိသော တရားရုံးတွင် ဇာတာရှင်အား အပြစ်ရှိသည်ဟု ရုံးတော်မှ သတ်မှတ်ပြီးနောက် မိမိသဘောနှင့် ပြည်ပြေးဘဝသို့ ရောက်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် တွေ့ဆုံစကားပြောရန် အတွက် အမေရိကန်အစိုးရမှ ဖိတ်ကြားခဲ့သည်။


၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် အဘူဒါဗီတွင် ပါကစ္စတန် သမ္မတ မူရှာရပ်နှင့် တွေ့ဆုံခဲ့သည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် ပါကစ္စတန်သမ္မတ မူရှာ… မှ ဇာတာရှင်အစွပ်စွဲခံထားရသော… လာဘ်စားသော ပြဿနာများမှ လွ… ငြိမ်းချမ်းသာခွင့် ပေး၍ ၎င်းအား အ… နိုင်ငံသို့ ပြန်လာနိုင်အောင် လမ်း… ပေးခဲ့သည်။


၂၀၀၇ ခုနှစ်၊ အောက်တိုဘာ… ၁၈ ရက်တွင် ပါကစ္စတန်နိုင်ငံ၊ ကရာ…



၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ဗုံးဖောက်ခွဲလုပ်ကြံမှုမှ လွတ်မြောက်လာစဉ်



www.burmeseclassic.com



၁၃-၁၁-၂၀၀၇ နေအိမ်အကျယ်ချုပ် ခံထားရစဉ်

မြို့သို့ ပြန်လာရာတွင် လူအုပ်တွင်း အသေခံဗုံးခွဲ လုပ်ကြံမှုကြောင့် လူပေါင်း ၁၃၆ ယောက် သေဆုံးခဲ့ရသည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် အကြမ်းဖက် အဖွဲ့အစည်းများ၏ ခြိမ်းခြောက်ခြင်းခံခဲ့ရသည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ၎င်းအားထောက်ခံသူ ပြည်သူလူထုကြီး၏ "မစ္စက်ဘူတို သက်တော်ရာကျော် ရှည်ပါစေ"ဟူသော ကြွေးကြော်သံတို့ဖြင့် ဆုံတွေ့ခဲ့ရသည်။

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ပါကစ္စတန်သမ္မတ မူရှာရဖ်မှ အရေးပေါ်အခြေအနေကို ကြေညာခဲ့သည်။

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် နေအိမ်အကျယ်ချုပ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် နေအိမ်တွင် အကျယ်ချုပ်ချမှတ်ခြင်း ထပ်မံခံခဲ့ရသည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ပါတီနယ်မြေခံရုံးသို့ သေနတ်သမားများက တိုက်ခိုက်မှုကြောင့် ၎င်းအားထောက်ခံသူ သုံးဦးသေဆုံးခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် အခြားအတိုက်အခံဖြစ်သော မစ္စတာ နာဝတ်ရှာရစ်အနေဖြင့် မစ္စက်ဘူတိုအား ရွေးကောက်ပွဲကို သပိတ်မှောက်ရန် စည်းရုံး၍မရသောကြောင့် ၎င်းလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ပါကစ္စတန်သမ္မတ မူရှာရဖ်မှ အရေးပေါ်အခြေအနေကို ရုပ်သိမ်းပေးလိုက်သည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ လ ၂၅ ရက်တွင် မစ္စက်ဘူတိုမှ ပါကစ္စတန်သမ္မတ မူရှာရဖ်အနေဖြင့် အစ္စလာမ်အစွန်းရောက် အကြမ်းဖက်များအား ရပ်တန့်ပေးနိုင်စွမ်းမရှိကြောင်း စွပ်စွဲလိုက်သည်။

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် မစ္စက်ဘူတိုသည် ရာဝယ်ပင်ဒီတွင် သေနတ်သမား၏ အနီးကပ်ပစ်သတ်မှုကို ခံရပြီးနောက် နောက်ဆက်တွဲ အသေခံဗုံးခွဲလုပ်ကြံခြင်းကို ခံရ၍ ပါကစ္စတန်စံတော်ချိန် ၁၈-၁၆ မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၃း၁၆) တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။

အထက်တွင် ဖော်ပြပါ MOTAA ကံကြမ္မာ ဂရပ်ဖ်နှင့် မစ္စက်ဘူတို၏ ဘဝဖြစ်စဉ်ကို ယှဉ်တွဲ၍ လေ့လာလိုက်ပါက သူ့ဘဝတွင် ကြုံတွေ့ခဲ့ရသော လောကဓံတရား၏ ရိုက်ပုတ်မှုဒဏ်ကို အချိန်ကာလပိုင်းအလိုက် သရုပ်မြင်ထင်ရှားနေပါသည်။ ဤပညာသည် လွန်စွာတိကျသော အဆင့်မြင့်လှသည့် ရှေးပညာရှိတို့၏ ပညာဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း MOTAA အနေဖြင့် တစ်ချိန်က မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့တွင် ပိုင်ဆိုင်ခဲ့ဖူးသော ရှေးဟောင်းသိပ္ပံပညာရပ်ကို ခေတ်နှင့်လျော်ညီစွာ စစ်ဆေး၍ မြန်မာတို့ ပြန်လည်တန်ဖိုးထား ပိုင်ဆိုင်လာနိုင်စေရန် ရည်ရွယ်ပါသည်။

## မစ္စက်ဘူတို၏ မူလဖွားဇာတာအား အသေးစိတ်လေ့လာခြင်း

ဤအခန်းသည် ဝေဒပညာကို လေ့လာလိုက်စားနေကြသူများ၊ ဗေဒင်ပညာရှင်အဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများအတွက် အဓိကထား၍ ဆွေးနွေးမည်ဖြစ်သောကြောင့် နက္ခတ္တဝေဒပညာ အခြေခံမရှိသူများ အနေဖြင့် နားလည်ရန် ခက်ခဲပါလိမ့်



www.burmeseclassic.com


www.burmeseclassic.com

မည်။ ထို့ကြောင့် စတင်လေ့လာနေသူများအနေဖြင့် MOTAA အခြေခံကို ဦးစွာလေ့လာပြီးမှသာလျှင် ပို၍အကျိုးရှိနိုင်မည် ဖြစ်သည်။ (MOTAA အခမဲ့ သင်ခန်းစာများကိုမူ သင်တန်းတက်လိုသူများအတွက် အခြေခံအဆင့်မှ အဆင့်မြင့် ဆရာဖြစ်အဆင့်အထိ နောင်တွင် ဖော်ပြသွားမည် ဖြစ်သည်။)

ဤအချက်များကို ဆွေးနွေးရာတွင် ဂြိုဟ်တစ်ခုချင်းစီနှင့် ၎င်း၏သက်ဆိုင်ရာ စစ်ဆေးချက်များကို စာရေးသူမှ အသေးစိတ် ဆွေးနွေးရှင်းလင်းထားခြင်း၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအနေဖြင့် ဇာတာတစ်စောင်ကိုစစ်ဆေးရာ၌ အချက်အလက်တစ်ခုကောင်း၊ နှစ်ခုကောင်းကို မြင်တွေ့ရုံမျှနှင့် အလွယ်တကူ အဖြေမထုတ်မိစေရန် ဖြစ်ပါသည်။ ထင်ရှားသော ဖြစ်ရပ်များကို ဖြစ်စေတတ်သည့် အကြောင်းရင်းတို့သည် ထပ်ကာ ထပ်ကာ ဖော်ပြနေတတ်ခြင်း၊ ရံဖန်ရံခါဆိုသလို အခြားသော ဆန့်ကျင်ဘက်အကြောင်းများ ပေါ်လာတတ်ခြင်းတို့ကို ထင်ရှားစေရန် ရည်ရွယ်ပါသည်။ စာရေးသူအနေဖြင့် ဤကဲ့သို့ အသေးစိတ်အချက်များ မရှင်းပြဘဲ အလွယ်တကူ အဖြေထုတ်ပြလိုက်ပါ။ နက္ခတ္တပညာအခြေခံမရှိသူတို့အတွက် သိပ်ပြီး မျက်စိလည်၊ ရှုပ်ထွေးသွားမည် မဟုတ်သော်လည်း စစ်မှန်သော ပညာရပ်ကို ကိုယ်တွေ့သည့် အပိုင်းတစ်ခုတည်းသာ ရွေးချယ်ရေးလိုက်သလိုမျိုး ဖြစ်သွားမည်စိုး၍လည်းကောင်း၊ စစ်မှန်သော ပညာရပ်ကို လေးလေးနက်နက် သဘောထားပြီး လေ့လာနေသူများအနေဖြင့် အကျိုးရှိစေရန် ရည်ရွယ်၍လည်းကောင်း ဓေတနာမွန်ဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။

## တနင်္ဂနွေဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

တနင်္ဂနွေဂြိုဟ်အနေဖြင့် ၈ တန့်ဘာဝတွင် ရပ်တည်ခြင်းအားဖြင့် လျှို့ဝှက်နက်နဲသော ကိစ္စရပ်များ၊ ဂုဏ်ရှိပညာရပ်များတွင် စိတ်ဝင်စားတတ်သည်။ ဤအချက်ကို သက်သေပြနေသော အချက်မှာ မူဆလင်ဘာသာဝင်ပင်ဖြစ်သော်လည်း အိန္ဒိယမှ ဗေဒင်ပညာရှင်ကြီးကို လျှို့ဝှက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း တစ်ဆက်တည်းမှာပင် အောင်မြင်မှု၊ ဘာဝတိုးတက်မှုကို ဖော်ဆောင်သော တနင်္ဂနွေသည် မကောင်းသော ဒုဋ္ဌာန ဘာဝဖြစ်သည့် ၈ တန့်ဘာဝတွင် ရပ်တည်နေခြင်းက ဇာတာရှင်အနေဖြင့် ဘာဝအောင်မြင်မှုတွင် ဆုံးရှုံးနစ်နာမှုများ ရှိတတ်သည်ကို ဖော်ပြနေသည်။ တစ်ဖန် တနင်္ဂနွေသည် ဖခင်ဖြစ်သူကို ရည်ညွှန်းသော ဂြိုဟ်ဖြစ်နေခြင်း၊ ၎င်းသည် မရဏဘာဝခေါ် ၈ တန့်ဘာဝတွင် ရပ်တည်နေခြင်း၊ ရန်သူကို ဖော်ဆောင်သော ၆ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင် အင်္ဂါ(တစ်နည်းအား







www.burmeseclassic.com

www.burmeseclassic.com

Bhava (Equal)




ဖြင့် ရတ်တရက်ပေါ်ပေါက်တတ်သော အန္တရယ်မျိုးကို ဖြစ်စေသည့် သွေးသံရဲရဲကို သရုပ်ဖော်သည့် အင်္ဂါနှင့်အတူ ၈ တန့်တွင် ပူးနေကာ အင်္ဂါ၏ လွှမ်းမိုးမှု ၆၆%ကို ရှုရှိထားခြင်း)တို့သည် ဇာတာရှင်၏ ဖခင်ဖြစ်သူအနေဖြင့် ရန်သူ၏လုပ်ကြံမှုကြောင့် အသေဆိုးဖြင့် သေရခြင်းကို ဖော်ဆောင်နေလေတော့သည်။ ဇာတာရှင်နှင့်ပတ်သက်၍ တစ်ဆက်တည်းလေ့လာလိုက်ပါက ဖခင်ကိုကိုယ်စားပြုသော ဘာဝဖြစ်သည့် ၉ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်သည် ၁ တန့်ဘာဝတွင် လဂ်နှင့်အတူ တည်နေခြင်း။ ၉ တန့်ဘာဝအား Functional Benefic ခေါ် ကာရကသောမင်္ဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးနှင့် (တစ်နည်းအားဖြင့် ၁၁ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင် ဗုဒ္ဓဟူး)နှင့် ၄ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင် စနေတို့မှ လွှမ်းမိုးမှုအင်အား ၈၇%၊ ၇၆% တို့ဖြင့် လွှမ်းမိုးထားခြင်း။ (၁၁ တန့်ဘာဝနှင့် ၄ တန့်ဘာဝသည် လူနေမှုအဆင့်အတန်း မြင့်မားမှုကို ရည်ညွှန်းသည်။) ထို့ကြောင့် ဇာတာရှင်၏ ဖခင်သည် အထွတ်အထိပ် ရာထူးဌာနန္တရကြီးမားသူဖြစ်ကြောင်း ဖော်ပြနေသည်။

တစ်ဆက်တည်း ဆက်စပ်၍ လေ့လာလိုက်မည်ဆိုပါက ဇာတာရှင်၏ စရိုက်ကို ဖော်ပြသော တနင်္ဂနွေသည် လေဓာတ်ကို အစိုးရသော မေထုန်ရာသီ၊ တစ်နည်းအားဖြင့် ဗုဒ္ဓဟူးဂြိုဟ်ပိုင်သော ရာသီတွင် ရပ်တည်နေခြင်းကြောင့် ဤဇာတာပိုင်ရှင်တို့သည် ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ စရိုက်ပြောင်းတတ်သူမျိုး ဖြစ်သည်။ အဆက်မပြတ်ဆိုသလို လေ့လာစူးစမ်းတတ်သူများ ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိ၏အောင်မြင်မှုအတွက် အခြေအနေကိုကြည့်၍ သင့်တော်သလို လုပ်တတ်သောသူမျိုးဖြစ်သည်။

တစ်နည်းအားဖြင့်လည်း တနင်္ဂနွေဂြိုဟ်သည် ၁၀ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်ကာ ၎င်းသည် ၈ တန့်တွင်တည်ခြင်းဖြင့် ဘဝတွင် အလုပ်လမ်းကြောင်း တစ်ဆစ်ချိုးအပြောင်းအလဲကို ကြုံတွေ့ရလိမ့်မည်။ သာမန်လူဖြစ်ပါက အလုပ်ပြုတ်ခြင်း၊ မိမိ၏ အဆင့်အတန်းနိမ့်ကျစေခြင်းတို့ကို ဖြစ်စေသည်။ (ဇာတာရှင်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ်အရွေးခံရသော်လည်း နှစ်ကြိမ်စလုံး ဖြုတ်ချခံရခြင်းက ထိုအချက်ကို ညွှန်းဆိုနေပါသည်။)

*(ဆက်လက်ဖော်ပြပါမည်။)*

**ချူမာန်(မိုးတား)**

www.burmeseclassic.com




# ကိုယ်စိတ်နှစ်ပါး

## ကျန်းမာချမ်းသာလိုလျှင်

# ဇီဝိတဒါနငါးလွှတ်

**ဆောင်းကလေး(တရားရေး)ဝေယျအပတ်စဉ်(ဖြ**

*** စာချီး ***

ဤဆောင်းပါးသည် စာရေးသူ၏ ကိုယ်တွေ့ကို ရေးသားထားခြင်းဖြစ်ပါသည်။ စာဖတ်ပရိသတ်များ အနေဖြင့် လိုက်နာကျင့်သုံးကြလျှင် လက်တွေ့အကျိုးကျေးဇူးကို ခံစားရမည် ဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က မြတ်မင်္ဂလာစာစောင်တွင်ပါရှိသော ဇီဝိတဒါနငါးလွှတ်ခြင်း ဆောင်းပါးကို ဖတ်၍ လိုက်နာကျင့်သုံးသဖြင့် ကိုယ်တွေ့ခံစားရခြင်း ဖြစ်ပါသည်။

လူတိုင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာချင်ကြပါသည်။ တချို့က ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာ၊ တချို့ကျပြန်တော့ စိတ်ချမ်းသာသော်လည်း ကိုယ်က မကျန်းမာ၊ နှစ်မျိုးစလုံး ပြည့်စုံရန် ခဲယဉ်းသည်။ ကုသိုလ်ကောင်းမှုဟူသည် တံစက်မြိတ်ကရေလို ....ပါ

များလာလျှင် ပြည့်သည်။ မပြတ်...
ကျင့် ဆည်းပူးအပ်သော အာစိ...
ကောင်းအောင် အာသေဝနပစ္စ...
အဖန်တလဲလဲ ထုံဖို့လိုသည်။ အာ...
ဝနအားကောင်းလျှင် သေခါနီး အာ...
ကံကောင်းမည်မှာ မလွဲပေ။ ထို...
မပြတ်လေ့ကျင့်အပ်သော အာစိ...
ကောင်းနေဖို့လိုသည်။ စည်းစိမ်...
သာနှင့် ကိုယ်အင်္ဂါခြေလက် ...

www.burmeseclassic.com

မျိုးကို စွန့်လွှတ်ပါဟုဆိုလျှင် စည်းစိမ်ချမ်းသာကိုသာ စွန့်လွှတ်ပေမည်။ အင်္ဂါခြေလက်နှင့်အသက် တစ်မျိုးမျိုးကို စွန့်လွှတ်ပါဟု ဆိုပြန်လျှင် အင်္ဂါခြေလက်ကိုသာ စွန့်လွှတ်ပေမည်။ ထို့ကြောင့် အသက်(ဇီဝိတ)သည် အမြတ်ဆုံးဖြစ်သည်။ သတ္တဝါတိုင်းသည် သေဘေးကို အလွန်ကြောက်ရွံ့ကြသည်။ သေဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် မည်မျှ ထိတ်လန့်တုန်လှုပ်မည်ကို ကိုယ်တွေ့ကြုံရသူများက ပို၍သိပေလိမ့်မည်။ ထို့ကြောင့် မိမိအသက်ကို မိမိမြတ်နိုးလျှင် ကိုယ်ချင်းစာတရားလေး ထားကြည့်ပါ။ မိမိကိုယ်ထပ်တူပြု၍ သူတစ်ပါးလည်း သေရမည်ကို ကြောက်မည်မှာ မလွဲပေ။ ဤနေရာ၌ ဘုရားဟောသုတ္တာန်ဒေသနာတစ်ခုကို ပမာပြုလိုပါသည်။ (သဂါထာဝဂ္ဂသံယုတ် ပါဠိတော်) သုဗြဟ္မာနတ်သား ဝတ္ထုကို တော်တော်များများ သိရှိကြပေလိမ့်မည်။ နတ်သမီးတစ်ထောင်နှင့် ပင်လယ်ကသစ်ပင်၌ ပန်းခူးအပျော်ကြူးနေကြသော နတ်သားသည် ကသစ်ပင်ပေါ်တက်၍ ပန်းခူးနေသော နတ်သမီးငါးရာ အဝီစိကျသွားသည်ကို သိသွားပြီး မိမိလည်း ဘယ်နေ့ဘယ်အချိန် သေရမည်လဲဟု နတ်မျက်စိနှင့် မိမိကိုယ်ကိုမိမိပြန်၍ ကြည့်လိုက်သောအခါ နောက် ခုနစ်ရက်ကြာလျှင် သေရမည်ကိုသိပြီး တစ်ဖန်သေပြီးနောက် နတ်သမီးငါးရာကဲ့သို့ အဝီစိကျမည်ကို မြင်ပြန်သောကြောင့် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပြီး ဘုရားမှတစ်ပါး အားကိုးအားထားရာ မမြင်သောကြောင့် မြတ်စွာဘုရားထံတော်သို့ အရောက်သွားသည့်အခါ မြတ်စွာဘုရားရှင်က ဗောဇ္ဈင်တရား၊ မဂ္ဂင်အကျင့်တရားကို ဟောကြားသည့်အခါ တရားအဆုံး၌ သောတာပတ္တိမဂ်ဉာဏ်ကို ဆိုက်ရောက်သွားလေသည်။ သုဗြဟ္မာ နတ်သားဝတ္ထုကို ထောက်ထားကြည့်လျှင် သတ္တဝါတိုင်း သေရမည်ကို အလွန်ကြောက်ရွံ့ကြပါသည်။ စာဖတ်သူများ နက်နက်နဲနဲလေး စဉ်းစားကြည့်စေချင်ပါသည်။ သံသရာတွင် မိမိနှင့် မတော်စပ်ခဲ့ဖူးသော ဆွေမျိုးဟူ၍ မရှိပါ။ ဘဝတစ်ခုခုတွင်တော့ တော်စပ်ကြပေလိမ့်မည်။ တစ်ချိန်ချိန်က မိမိနှင့် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ငါးလေးများကို ကယ်တင်ခြင်းဖြင့် နောင်သံသရာတွင်လည်း သူတို့က မိမိကို ကယ်တင်မည်မှာ မလွဲပါ။ ကယ်တင်ခြင်းတွင် လောကီ၌ ကယ်တင်ခြင်းနှင့် သံသရာမှကယ်တင်ခြင်း နှစ်မျိုးရှိရာ ကံအကြောင်းထောက်မလျှင် ထိုငါးလေးများက မိမိကို သံသရာမှ ကယ်တင်ပေးပါလိမ့်မည်။ မြတ်စွာဘုရားရှင်တော်မှ သံသရာမှာကျင်လည်နေစဉ် ငါးရံ့မင်းဘဝဖြစ်ခဲ့ဖူးသည်ကို ထောက်ထားကြည့်ပါ။ ဉာဏ်အရာဖြင့် ကြည့်တတ်လျှင် မြင်ပေလိမ့်မည်။ သံသရာတွင်ကျင်လည်ရစဉ် ထိုငါးလေးများက သူတော်ကောင်းဘဝရောက်သွားပြီး မိမိက မသူတော်ဘဝရောက်နေလျှင် ထိုငါးလေးများက မိမိကို ကယ်တင်မည်မှာ သေချာသည်။ ဤနေရာတွင် ဇီဝိတဒါနဆိုသည်မှာ ငါးတွင်မဟုတ်ပါ။ ရေထဲ၌ကျနေသော ပိုးကောင်မွှားကောင်လေးများ၊ အိမ်သာကြွေခွက်ထဲ၌ကျနေသော ပိုးဟပ်လေးများကို ကယ်တင်ခြင်းလည်း ဇီဝိတဒါန ဖြစ်ပါသည်။ အကောင်ကြီးသည်၊ သေးသည်မှာ ပမာနမဟုတ်ပါ။ အဘိဓမ္မာအရာတွင် စေတနာသာလျှင် ပြဋ္ဌာန်းပါသည်။ ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်လောက်ရသည်မှာ ဤသဘောကို ဆိုလိုပါသည်။ စာရေးသူ ငါးလွှတ်ခြင်းကို စွဲစွဲမြဲမြဲလုပ်လာသည်မှာ ၁၅ နှစ်ခန့် ရှိပါပြီ။ ယခုအချိန်တွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဘာသာရေးအလုပ်ကို လုပ်နေနိုင်ပါသည်။ ချမ်းသာသည်ဆိုသည်မှာ သူဌေးကြီးဖြစ်သည်ကို မဆိုလိုပါ။ အေးအေးချမ်းချမ်းဖြင့် ကြောင့်ကြကင်းစွာ နေရခြင်းကို ဆိုလိုပါသည်။ ကုသိုလ်ကောင်းမှုတစ်ခုကိုပြုလုပ်ရာတွင် (၁) စွဲစွဲမြဲမြဲလုပ်ပါ၊ (၂) လေးလေးစားစားလုပ်ပါ၊ (၃) ယုံယုံကြည်ကြည်လုပ်ပါ။ စွဲစွဲမြဲမြဲဆိုသည်မှာ ငါးလွှတ်ရာတွင် တစ်လ၊ နှစ်လ၊ သုံးလေးလလောက် လွှတ်ပြီး နောက်မလွှတ်ဘဲ မထားဘဲ နှစ်နှင့်လနှင့်ချီ၍လုပ်ပါ။ နေ့တိုင်းလွှတ်ရမည်ကို မဆိုလိုပါ။ တစ်ပတ်လျှင် တစ်ရက်စသည်ဖြင့် ပုံမှန်လွှတ်သွားပါ။ လေးလေးစားစားလုပ်ပါဟုဆိုရာတွင် ကိုယ်ချင်းစာတရားထား၍ ကိုယ့်အသက်ကိုတန်ဖိုးထားသလို သူတို့လေးတွေလည်း သေဘေးကလွတ်ပြီး ကျန်းမာချမ်းသာကြပါစေဆိုသည့် စေတနာအပြည့်ထား၍ လွှတ်ပါ။ ငါးသည်မများသည် ငါးအရှင်များကို ခေါင်းထုသတ်သည်က များသောကြောင့် ငါးလေးများ အလေးဖြင့် ခေါင်းထုခံရ၍ သေခြင်းဆိုး သေရမည့်ဘေးက လွတ်ပါစေ (ဝါ) ဥပစ္ဆေဒကကံက



www.burmeseclassic.com

www.burmeseclassic.com

လွှတ်ပါစေဟု ရည်ရွယ်ချက်ထား၍ လွှတ်လျှင် ပိုကောင်းပါသည်။ ယုံယုံ ကြည်ကြည်ဆိုသည်မှာ ကံ–ကံ၏ အကျိုးကို ယုံကြည်သော ဉာဏ်ထား၍ကယ်လျှင် မိမိအသက်ကိုလည်း ကယ်မည့်သူပေါ်သည်ဟု ယုံကြည်စိတ် အပြည့်အဝထားပါ။ အရေး အကြောင်းကြုံလျှင် သစ္စာဆိုလို့ရသည်။ မိမိသည် ဘယ်နေ့ဘယ်ရက်က ငါးဘယ်နှစ်ကောင်၏ အသက်တို့ကို ကယ်တင်ခဲ့ပါသည်။ ဤမှန်ကန်သောသစ္စာစကားကို ဆိုရခြင်းကြောင့်ဟု မိမိအလိုရှိသောကိစ္စကို သစ္စာပြုကြည့်ပါ။ ငါးလွှတ်ရာတွင် နွေအခါမှာ ငါးပေါသော်လည်း မိုးတွင်းအခါ၌ ငါးရှားပါး၊ ငါးဈေးကြီးသောကြောင့် ဈေးကြီးပေး၍ ဝယ်ရတတ်ပါသည်။ ငါးဈေးကြီးပေး၍ လွှတ်ရသည်ကို မနှမြောပါနှင့်။ စာရေးသူ၏ စိတ်ထားနည်းကို ဖော်ပြပါမည်။ အနာတပိဏ် သူဌေးကြီးသည် ဇေတမင်းသား၏ ဥယျာဉ်ကို ဇေတဝန်ကျောင်းတော်ကြီး ဆောက်ရန် ဝယ်ယူရာ၌ လွယ်လွယ်ကူကူနှင့် ဝယ်၍မရသောကြောင့် တန်ရာတန်ကြေးထက် ကျော်လွန်ပြီး ငွေဒင်္ဂါး ၁၈ ကုဋေပေး၍ ဝယ်ယူခဲ့သလို စာရေးသူလည်း တန်ရာတန်ကြေးထက် ပိုပေး၍ ငါးကလေးများ၏ အသက်ကို ကယ်တင်သည်ဟု နှလုံးသွင်း၍လွှတ်ပါသည်။ ယောနိသောမနသိကာရ နှလုံးသွင်းမှန်ကန်ဖို့ အရေးကြီးပါသည်။ ငါးကို ဈေးကြီးပေး၍ ဝယ်ယူရာတွင် စိတ်ကွက်မသွားပါနှင့်။ နှမြောတွန့်တိုသည့်စိတ် လုံးဝမထားပါနှင့်။ တစ်ခါတစ်ရံ ဈေးထဲမှ ငါးအရှင်များကို ဝယ်ယူရာတွင် အိတ်

သွန်ဖာမှောက် အိတ်ထဲ၌ တစ်ပြားမှမကျန်ဝယ်သောကြောင့် အိမ်ပြန်၍ ပိုက်ဆံယူရသည်က များပါသည်။ ငါးသည်မများကလည်း တစ်ဈေးလုံး မိမိငါးလွှတ်သည်ကို သိရှိနေသောကြောင့် သူတို့ရောင်းသောငါး တစ်ဗန်းလုံး ယူစေချင်ကြသည်။ တစ်ခါတစ်ရံ ဈေးထဲတွင် ငါးအရှင်များကို ရောင်းသူထံချန်မထားဘဲ ခုနစ်ပိဿာ၊ ရှစ်ပိဿာ ပါသရွေ့ အကုန်ယူကာ လွှတ်လိုက်ပါသည်။ မိမိလွှတ်ခဲ့သော ငါးများမှာ ငါးပြေမ၊ ငါးရံ့ခေါင်းတို၊ ငါးမြွေထိုး၊ ငါးကျီး၊ မွေးမြူရေးငါး၊ ငါးရှဉ့်၊ ငါးခေါင်းပွ၊ ငါးခူတွင် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော ငါးဘုန်းကြီးလည်း ပါတတ်ပါသည်။ လိပ်၊ ငါးရံ့အကောင်ကြီးများကို လွှတ်ရာတွင် ရေထဲသို့ ရောက်သွားသည့်အခါ ဝမ်းသာ၍ ခေါင်းကို ရေပေါ်မော့၍ သွားသည်ကိုလည်း တွေ့ရပါသည်။ ငါးပြေမကို လွှတ်ရာတွင် တစ်ကိုယ်လုံး ရေပေါ်တွင်ထောင်၍ ဒေါင်လိုက်ပြေးလွှားသည်ကို မြင်ရပါသည်။ အချို့ငါးများမှာ ရေပေါ်တွင် ရှေ့ကျွမ်း နောက်ကျွမ်းထိုး၍ ခုန်ပျံကာ ပြေးသွားကြပြီး အချို့ငါးများမှာ စုန်ရေတွင်အနည်းငယ်မျောသွားပြီး မိမိအနီးသို့ ပြန်လာ၍ ဦးခေါင်းထောင်ကာ နှုတ်ဆက်သွားသည်ကိုလည်း တွေ့ကြုံရပါသည်။ အချို့ငါးပြေမများသည် ရေပေါ်တွင် ရှပ်ပြေးကလေးပြေးသွားပြီး ခုန်ပျံကာ ရေထဲသို့ ငုပ်သွားသည်ကိုလည်း မြင်ရပါသည်။ ငါးလေးများ ရေထဲသို့ရောက်သွားသည့်အချိန် သေဘေးကလွတ်ပြီး မည်မျှ စိတ်ချမ်းသာမည်ကို ငါးလေးများနေရာတွင် ကိုယ်ချင်းစာကြည့်လိုက်ပါ။ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် သွားလိုရာခရီးကို စုန်လိုစုန်၊ ဆန်လိုဆန် လွတ်လွတ်လပ်လပ်သွားလာနိုင်ကြပြီဟု ခံစား၍ သောမနဿဝေဒနာဖြင့် လွှတ်ကြည့်ပါ။ ငါးလေးများ ရေထဲရောက်သွားသည်ကိုကြည့်၍ ဝမ်းသာကြည့်လိုက်စမ်းပါ။ တူသောအကျိုးကို ပေးပါလိမ့်မည်။ ငါးလေးများ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးပါစေ။ အန္တရာယ်ကင်းပါစေ။ လိုရာခရီးကို အပြီးရောက်ပါစေ စသဖြင့် မေတ္တာပို့ပါ။ ပြီးလျှင် ဤဇီဝိတဒါန ကုသိုလ်အဖို့ကို ချောင်းစောင့်နတ်၊ မြစ်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ သုံးဆယ့်တစ်ဘုံ အမျှပေးဝေပါ။ စာကလေးများသည် သူတို့ကို သတ်ဖြတ်ညှဉ်းဆဲသောသူများကို ကျိန်ဆဲသည်ဟု ဆိုပါသည်။ ငါးလေးများလည်း ဝမ်းသာကြ၍ လွှတ်သောသူကို ဆုများပေးသွားကြလိမ့်မည် ထင်ပါသည်။ ငါးလေးတွေက ဝမ်းသာကြ၍ လွှတ်သောသူကို ဆုများပေးသွားကြလိမ့်မည် ထင်ပါသည်။ ငါးလေးတွေက မိမိကို ဆုပေးသွားလား မသွားလားတော့ မသိပါ။ ယခုအချိန်တွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် မိမိဝါသနာပါသည့် ဘုရားပြင်သည့်အလုပ် (ချုံတောထဲက ဘုရား)ကို မိမိ၏ပါရမီဖြည့် အိမ်သူသက်ထားနှင့် စိတ်တူကိုယ်တူ ကုသိုလ်ယူနေရသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

အကြောင်းမသေးတဲ့ ...

**ဆောင်းကလေး(တရားရေး)**

ဇေယျာအပတ်စဉ်(၆၄)



www.burmeseclassic.com

www.burmeseclassic.com

# ရိုးသားကြိုးစား၍
# ဘဝကိုအောင်လံထူ

■ မောင်ချိုမြင်း(ကန္တာရဝတီ)

တလောက ကျွန်တော်တို့ အသက် ၆၀ ကျော် အငြိမ်းစား အဘိုးကြီးတစ်သိုက် လမ်းထိပ်ဓမ္မာရုံတွင် ဟိုအကြောင်း၊ သည်အကြောင်း စပ်မိစပ်ရာ ပြောကြရာမှ . . .

"လောကမှာ လူတွေဟာ ဘယ်သူမှ မရိုးသားဘူးဗျ။ အရလွယ်ရင် သူကြွယ်တောင် မရှောင်ဘူးဆိုတဲ့ စကားပုံရှိတယ်မဟုတ်လား။ ဒါကြောင့် ကျုပ်က ရိုးလှပါတယ်ဆိုတဲ့ လူကိုတွေ့တိုင်း ကျိတ်ကျိတ်ပြုံးရယ်ချင်တယ်။ လူရိုးဆိုလို့ သင်္ချိုင်းမှာတောင် မရှိတော့ဘူးလေ။ ခုခေတ်မှာ လူသေရင် ဟိုတုန်းကလို မြေမမြှုပ်တော့ဘဲ မီးသင်္ဂြိုဟ်ပစ်လိုက်တာ ထုံးစံပဲဟာ။ ဘယ်ကလူရိုးရှိနိုင်တော့မှာလဲ . . . ဟဲ . . . ဟဲ"

မိတ်ဆွေက သူ့ဝသီအတိုင်း ကျယ်ကျယ်လောင်လောင် ပြောဆိုရင်း ဘယ့်နှယ်လဲဆိုသည့်သဘောဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့ဘက်ကကြည့်တော့ မှန်ချင်လည်း မှန်နေပေမှာပေါ့။

"ကျုပ်တို့ ဒီမြောက်ဒဂုံကို ပြောင်းမလာခင်ကပေါ့။ ခြောက်တန်းကျောင်းသူ ကျုပ်သမီးလေးဟာ ကျောင်းဝင်းအပြင်ဘက်နားက နှင်းရည်ရွှဲရွှဲ မြက်ခင်းပြင်ပေါ်မှာ ရွှေဆွဲကြိုးလေးတစ်ကုံး ကောက်ရလာတယ်။ သုံးမတ်သား လောက်ရှိမယ်ဆိုပဲ။ အဲဒါ သူ့သူငယ်ချင်းနှစ်ယောက်ကပါ အတူမြင်တော့ ကျောင်းအုပ်ဆရာမကြီးဆီ အပ်လိုက်တယ်။ ဆရာမကြီးက ဘီအေဘီအီးဒီ အပျိုကြီး။ တစ်ပတ်လောက်လည်းကြာရော ပိုင်ရှင်ပေါ်လာတယ်။ သူတို့ကျောင်းဘေးက နံနက်တိုင်း နေ့စဉ်ဖြတ်ဖြတ်ပြီးသွားတဲ့ စက်ရုံတစ်ရုံက အမျိုးသမီးတစ်ဦး ဖြစ်တယ်။

ဆရာမကြီးက ပစ္စည်းရှင်ကို အသာတကြည် ပြန်ပေးလိုက်ရှာပါတယ်။ အဲ . . . ဒါပေမယ့် ဥစ္စာရှင်ပြန်ရသွားတဲ့ပစ္စည်းက သူ့နဂိုရွှေကြိုးမဟုတ်ဘဲ ပုံတူ(အင်)အတုကြီး ဖြစ်နေတယ်။ ကျောင်းအုပ်ဆရာမကြီးက သူလက်ခံထားတဲ့ဟာ ဒါပါပဲ၊ ဘာညာနဲ့လုပ်တော့တယ်။ အဲဒီကိစ္စကို အတန်းပိုင်ဆရာမကစပြီး ကျန်တဲ့ဆရာမတွေအားလုံး သိတယ်။ ဒါပေမယ့် ဘယ်တတ်နိုင်မှာလဲ။ ပိုင်ရှင်အနေနဲ့က ဘာမှပြောလို့မရတဲ့ကိစ္စ။ အဲဒါက ကျုပ်ကိုယ်တွေ့။ ကျုပ်မိန်းမက အဲဒီတုန်းက အဲဒီကျောင်းမှာ အတန်းပိုင်ဆရာမဖြစ်ခဲ့တာကိုး"

ဦးဆုံးလူက သူ့ကိုယ်တွေ့ကို ဆိုလာတော့ အုပ်စုအတွင်းမှ ပုဂ္ဂိုလ်တစ်ဦးကလည်းဖြည့်စွက်ပြောပြန်သည်။

"အဟမ်း . . . ဟိုဆရာကြီး ပြောတဲ့စကားဟာ အမှန်ပဲဗျ။ ကျုပ်သိခဲ့ရတဲ့ဇာတ်လမ်းကလည်း ရှိသေး။ ကျုပ်ကိုယ်တွေ့မဟုတ်သော်လည်း ကျုပ်သားနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းဗျ။

ကျုပ်သား ဖိုးအောင်ကို လေးဘီးအငှားကားတစ်စီးဝယ်ပေးပြီး တက္ကစီဆွဲခိုင်းထားတာ ခင်ဗျားတို့ အသိနော်။

တစ်နေ့မနက်ခင်း ၁၀ နာရီသာသာ သူကားဆွဲနေတုန်း အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးက သူ့ကားကိုလှမ်းတားသတဲ့။ လက်ထဲမှာ ခရီးဆောင်သေတ္တာကလေး တစ်လုံးကို ဆွဲလို့။ ကားကိုခေါ်၊ လိုရာခရီးပြော၊ ဈေးတည့်ရင်ပဲ ကားတံခါးကို ဆွဲဖွင့်ပြီး နောက်ခန်းကထိုင်လိုက်လာသတဲ့။ တချို့ရှိတယ်လေ။ ကားစီးရင် ရှေ့ခန်းကမစီးရဲဘဲ နောက်ခန်းကပဲ စီးတတ်ကြတာ။ လမ်းက ကားရှုပ်ချိန်ဆိုတော့ ဖြည်းဖြည်းချင်းမောင်းလာရင်း စပ်မိစပ်ရာ ပြောကြရာမှာ သူဟာ ခတ်ပြားရတေးသံရှင် မည်သူမည်ဝါဖြစ်ကြောင်း၊ ရန်ကုန်တစ်ဖက်ကမ်း ဘယ်အရပ်၊ ဘယ်လမ်းမှာနေပြီ အခု နယ်ကနေ သီချင်းဆိုပြီး ပြန်လာကြောင်း ပြောတယ်ဆိုပဲ။ ကျူပ်သားကလည်း ဂီတပိုးရှိတဲ့ကောင်။ အိမ်မှာဆို အားအားရှိ ရေဒီယိုက လွှင့်ထုတ်သမျှ သီချင်းတွေ အော်အော်ဆိုနေတဲ့ အကောင်ဆိုတော့ ဒီအမျိုးသမီးရဲ့ ခတ်ပြားသီချင်းကို သိနေတယ်။

လိုရာခရီးရောက်တယ်ဆိုရင်ပဲ အမျိုးသမီးက ကားပေါ်ကဆင်းမယ်အလုပ် သားဖြစ်သူက ...

"ဟောဒီမှာ အိတ်လေးတစ်လုံး၊ ဘယ်သူ့ဟာပါလိမ့်"

"ဩော် ... ဟုတ်ပါရဲ့၊ ငါ့နှယ် မေးတတ်လွန်းရန်ကော။ အဲဒါ အစ်မအိတ်ပဲ။ ကျေးဇူးပဲ ငါ့မောင်ရေ"ဟု ဆို၍ ဆင်းသွားသည်။

အမျိုးသမီး ကားပေါ်မှဆင်းသွားပြီး ဘာမှမကြာလိုက်။ --- ယာဉ်နံပါတ်ပါ ယာဉ်မောင်းကို ရဲစခန်းမှ လာခဲ့ပါဆို၍ သွားတော့ မနက်စောစော ၈ နာရီခန့်က လူနှစ်ဦး ဤကားကို ငှားစီးလာရာတွင် လူဝဝတစ်ဦးက နောက်ခန်းတွင် မိုန်းပြီးလိုက်လာ၏။ ငွေကျပ်တစ်သိန်းနှင့်နှစ်သောင်း ထည့်ထားသည့် လက်ထဲမှအိတ်ကလေးကို ဘေးတွင်ချထားလျက် ကားပေါ်မှ သူတို့နှစ်ယောက်သား ဆင်းကြပြီး၊ တက္ကစီဖြည်းဖြည်းချင်း ဘီးလိမ့်သွားမှ သူတို့ပိုက်ဆံအိတ်ကို သတိရကာ ကားကို လှမ်းတားပါသော်လည်း မမီတော့ဘဲ နံပါတ်သာ မှတ်လိုက်မိပြီး ရဲစခန်းသို့ ဝင်ရောက်အကူအညီတောင်းယူရသည့်အဖြစ်။

"ကျွန်တော် မယူတာ အမှန်ပါ။ ဩော် .. သိပြီ၊ သိပြီ။ ဒီကားကို ငှားစီးတဲ့ အမျိုးသမီးလက်ထဲ ပါသွားပြီ။ သူ့နာမည်က ---ပါ။ သူနေတဲ့နေရာကိုပါ သူကိုယ်တိုင် လွှတ်ခနဲပြောခဲ့လို့ ဒီလိပ်စာအတိုင်း လိုက်ကြရအောင်"

ရဲက လိပ်စာအတိုင်း လိုက်စုံစမ်းရာ မယ်မင်းကြီးမ သူ့အိမ်ရှေ့တွင် အရက်ပုလင်းထောင်၍ ဖရက်မင်းစည်းစိမ်ခံစားနေပြီ။ မိန်းမတန်မဲ့ သူရာရည်ယစ်မူးတတ်သည့် တေးသံရှင်ပါကလား။ ပထမတော့ ငြင်းဆန်ရန်ကြိုးစားသေးတယ်။ နောက်ဆုံး ရဲတပ်ကြပ်ကြီး နှစ်ချက်သုံးချက်ပင် မဟောက်လိုက်ရ၊ ပိုင်ရှင်ထံ ပစ္စည်းပြန်ရောက်ရတော့သည်။ မိမိ၏ပေါ့ဆမှုဟု သဘောထားပြီး ဥစ္စာရှင်တပ်မတော်အရာရှိဗိုလ်မှူးဟောင်းက အမှုမလုပ်လိုက်၍သာ တော်တော့သည်။ ကဲ ... ဘယ်မှာလဲ လူရိုးဆိုတာ"

လူဆိုသည်မှာ ရိုးသားဖြောင့်မတ်ခြင်းက အမြင့်မြတ်ဆုံးဖြစ်သည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးလည်း ချစ်မြတ်နိုးရမည်။ ဒီထက် မွန်မြတ်သောသူ ဘယ်မှာမှ ရှာမရပြီ။

တစ်ချိန်သောကာလက မြန်မာ အသံ နံနက်ချိန်ခါ တေးသံသာ ကဏ္ဍ တွင် ရက်ခြားဆိုသလို ကြားရလေ့ရှိ သော ပညာပေးသီချင်းကောင်းလေး တစ်ပုဒ် ...။

ပခုံးနှစ်ဖက်ကြား ခေါင်းပေါက် ပြီး လူဖြစ်လာသည်ဆိုသည်နှင့် အလ ဟဿနေ၍မဖြစ်။ လူ့စည်းကမ်း၊ လူ့ ကျင့်ဝတ်၊ လူ့သိက္ခာ၊ လူ့ဝတ္တရားကို နားလည်မှ လူပီသပေမည်။ လူ့ဘဝ တန်ဖိုးဆိုသည်မှာ ရာထူး၊ ဂုဏ်ရှိန် စည်းစိမ်ဥစ္စာ ပြည့်ဝမှုနှင့် မဆိုင်၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှုသည် သာ အဓိက ဖြစ်ရာ ငါးပါးသီလ ထာဝ မြဲသည်ဆိုလျှင်ပင် ကိုယ်ကျင့်တရား ကောင်းပြီးသား လူပီသသူဖြစ်နေ တော့သည်။

ရိုးသားဖြောင့်မတ်ခြင်း ဟူသည် မှာ သီလတရားနှင့်လည်း သက်ဆိုင် သည်။ သီလကို တန်ဖိုးထား မြတ်နိုး သူအနေနှင့် မည်မျှများပြားသော ပစ္စည်းဥစ္စာပင် ဖြစ်စေကာမူ အလ လွယ်ပါလျက် လိုချင်ရမ္မက် ပြင်းပြ မည် မဟုတ်။ အခွင့်သာ၍ အလွယ် တကူ ရခွင့်ကြုံသည့်တိုင် မိမိ၏ သိ ပြာက မသန့်ရှင်းနိုင်ဘဲ အမြဲမပြတ် ခြောက်လှန့်နေမည်သာ ဖြစ်၏။ ဤ အကြောင်းနှင့်ပတ်သက်၍ ငယ်စဉ်က မူလတန်းဖတ်စာပုံပြင်ကို အမှတ် လိုက်မိသည်။

## ဒီသာပါမောက္ခဆရာကြီးတစ်ဦး

သူ့တွင် ရုပ်ရည်ရှုပကာ ချော မောလှပသော သမီးကညာတစ်ဦး သည်။ ထိုသမီးချောကို ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပန်းနေသော တပည့်များက အကုန်လိုလိုပင်။ ဆရာကြီးက တစ်စုံတစ်ခုသော အကြံဖြင့် တပည့်များကို စုဝေးခေါ်ယူသည်။

"အမောင်တို့ ... မကြာမီ ငါဆရာကြီး မွေးနေ့ပွဲကို ကျင်းပမည်ဖြစ်၍ ငါ့ကိုလက်ဆောင်ပေးရန် မောင်တို့ မိဘဘိုးဘွားများထံမှ အဖိုးတန်ပစ္စည်း တစ်ခုစီကို သူတို့မသိစေရအောင် ယူလာပြီး ငါ့ဆရာထံ ပေးအပ်ကြလော့"

တပည့်တွေကလည်း ဆရာမှာမှာသည့်အတိုင်း လုပ်ကြမည့်သူများပင်။ မိခင်၏ ဆံထိုးကို ဆောင်ကြဉ်းလာသူကတစ်ဦး။ ဖခင်၏ ရွှေလက်စွပ်ကို ခိုးယူလာသူကတစ်မျိုး၊ ဘွားအေကြီး၏ ရွှေဘီးကို အလစ်သုတ်လာသူကတစ်ယောက် စသည်ဖြင့် ဆရာကြီး စားပွဲပေါ်တွင် အဖိုးတန်ပစ္စည်းများ စုပုံနေသည်။ တပည့်တွေကလည်း ဆရာ့အလိုကျ မျက်နှာလိုအားရဖြင့် ...။ နောက်ဆုံးတစ်ယောက်သော တပည့်ကမူ သူတကာကဲ့သို့မဟုတ်။ ဆရာ့ရှေ့ထိုင်နေသည်မှာ ငုတ်တုတ်။

ဆရာကြီးက တပည့်အပေါင်းကို ကောင်းချီးပေးပြီး ဘာပစ္စည်းမှ ပါမလာသူ လက်ချည်းငုတ်တုတ်ထိုင်နေသူကို မေးသည်။

"သူတကာတွေ ငါ့ဆရာ့စကား နားထောင်သော်လည်း အမောင်တစ်ယောက် ငါ့စကားကို လွှဲသွေသည်မှာ အကြောင်းအသို့နည်း"

တပည့်ဖြစ်သူက ပြန်ဖြေသည်။

"ဆရာကြီးခင်ဗျား။ ကျွန်တော်သည် မိဘ၊ ဘိုးဘွားများမှစ၍ သူတစ်ပါးပစ္စည်း တိတ်တဆိတ်ခိုးယူရန် ဆန္ဒမရှိပါ။ ကျွန်တော်သည် ငါးပါးသော သီလကို မြဲမြံသူအနေနှင့် သူတစ်ပါး ပစ္စည်းကို ခိုးယူသည့်ခါ လူတကာမသိဘဲနေသည့်တိုင် မိမိ၏ ကိုယ်စောင့်နတ်က သိမည်ဖြစ်၍ သီလပျက်မခံနိုင်သော ကျွန်တော့်အနေနှင့် ဆရာ့စကားကို မလိုက်နာနိုင်ခြင်းဖြစ်ပါသည်"

လုလင်၏စကားဆုံးသော် ဆရာကြီးက တပည့်အပေါင်းအား စိတ်စမ်းခြင်းမျှသာဖြစ်ကြောင်း။ မိမိတို့ခိုးယူလာသော မိဘဘိုးဘွားများ၏ ပစ္စည်းကို နေရာတကျပြန်ထားရန် ညွှန်ကြားဆုံးမပြီး လူရိုးတပည့်ကို သမီးကညာနှင့် လက်ဆက်ပေးလိုက်လေသည်။

အထက်ပါ ပုံပြင်ထဲမှအတိုင်း လူ့လောကတွင် ကိုယ်ကျင့်တရား လုံးဝအပျက်ယွင်းမခံဘဲ လောဘရမ္မက်ကို သတ်နိုင်ကာ ရိုးသားကြိုးစား၊ နိုးကြားသော ပုဂ္ဂိုလ်များလည်း ရှိပါသည်။ ဥပမာ ကျွန်တော်၏ မိတ်ဆွေ ဦးအေးမောင်၏ ဖြစ်ရပ် ...။

တစ်ခါက ... ခရမ်းမြို့တွင် မောင်အေးမောင်ဆိုသူ လူငယ်တစ်ဦး ရှိခဲ့၏။ မိဘက ပန်းထိမ်ဆရာဖြစ်သည်နှင့်အညီ သားငယ်ကလည်း အရွယ်မရောက်တရောက် ၁၆ နှစ်သားလောက်ကပင် ပန်းထိမ်ပညာကို မျက်စိရည်ဝနေခဲ့ပြီ။

မောင်အေးမောင်မှာ ငယ်စဉ်ကတည်းက သူတကာနှင့်မတူ၊ ရည်ရွယ်ချက်ကြီးမားလှသူဖြစ်ရာ အသက် ၂၁ နှစ်အရွယ်တွင် မွေးရပ်မြေ ခရမ်းမြို့ကို စွန့်ကာ ရန်ကုန်သို့ တစ်ကိုယ်တော် တက်လှမ်းလာခဲ့၏။ ရောက်ရောက်ချင်း ပုဇွန်တောင်၊ ညောင်တုန်း ရပ်ကွက် ပန်းထိမ်ဖိုတစ်ခုတွင် လက်ခစားဝင်လုပ်ခဲ့ရ၏။ တိုးတက်ကြီးပွားရန် ရည်ရွယ်ချက်ကြီးမားသူတို့၏ ထုံးစံအတိုင်း အသုံးနှင့် အဖြုန်းကို ခွဲခြားနားလည်၏။ လောင်းကစားမှု ကင်းရှင်း၏။ အပျော်အပါးကို ထိန်းချုပ်ခဲ့၏။ အရက်သေစာကို ရှောင်ရှားပြီး အားလပ်ချိန်တိုင်း ဗုဒ္ဓ၏ အဆုံးအမဖြင့် သီလဆောက်တည်၏။

ရန်ကုန်ရောက်ပြီး သုံးနှစ်တာကာလတွင် ပုဇွန်တောင် တပ်မြေရပ်၌ ကိုယ်ပိုင်ပန်းထိမ်ဖိုကို တည်ထောင်နိုင်ခဲ့၏။

ချစ်ဖွယ်သော စကားအသုံးအနှုန်းနှင့် ဆက်ဆံမှု၊ ရိုးသားသော စာရိတ္တ၊ အလုပ်ရက်ချိန်းမှန်ကန်မှုနှင့်အတူ လက်ခချိုသာ၊ ဈေးနှုန်းမှန်၍ စေတနာပါသော လုပ်ရပ်တို့ကြောင့် ရွှေထည်အပ်နှံသူတို့အလယ် ကောင်းသတင်းပျံ့နှံ့စပြုလာခဲ့ပြီ။ သို့သော် အခြားပန်းထိမ်ဖိုကြီးများနှင့် မယှဉ်နိုင်သေးကြောင်း ကာယကံရှင် ကိုအေးမောင်ကိုယ်တိုင်က သိသည်။

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးဝါးလှတာ မညှာတာ ဘယ်သူ့မှ မထောက်စား၊ သူခိုးဓားပြထက် ဆိုးတဲ့ ရန်သူဟာ ဤဇမ္ဗူတစ်ခွင်မှာ ရန်သူမီးကို အစဉ်အမြဲသတိပြုပါ"ဆိုသည့် တေးသံရှင် ကိုထွန်းရွှေ မကြာမကြာ သတိပေးနေသော မီးဘေးအန္တရာယ်ကြီးသည် ၁၉၅၈ ခုနှစ်က ပုဇွန်တောင် တပ်မြေရပ်ကွက်ကြီးတစ်ခုလုံးကို မညှာမတာ မီးဟုန်းဟုန်းတောက်လောင်စေခဲ့ရာ ရပ်ကွက်သူ၊ ရပ်ကွက်သား အိမ်ထောင်စုအတော်များများ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ ထိုအထဲတွင် ရွှေပန်းထိမ်လုပ်ငန်းဖြင့် ထူထူထောင်ထောင်ဖြစ်ခါစ ကိုအေးမောင်၏



www.burmeseclassic.com

www.burmeseclassic.com

ပန်းထိမ်ဖိုလည်း အပါအဝင် ...။

ရပ်ကွက်ထဲ မီးစတင်လောင်သည့် နေရာက ကိုအေးမောင်တို့နေရာနှင့် အနီးဆုံးမှ စခဲ့သည်ဖြစ်ရာ မီးလောင်ပြီဆိုကတည်းက မီးတောက်မီးလျှံများကြားမှ အသက်ကို မငဲ့ကွက်နိုင်ဘဲ သူတစ်ပါးအပ်နှံပစ္စည်း စိန်ရွှေပတ္တမြား၊ ရွှေထည်ဟူသမျှကို တစ်ခုမကျန်ရအောင် သက်စွန့်ကြိုးပမ်း အရယူဆောင်နိုင်ခဲ့သူက ပန်းထိမ်ဆရာကလေး ကိုအေးမောင်ပင် ...။

ပစ္စည်းများ လက်ဝယ်ရရှိပြီး မိနစ်ပိုင်းအတွင်းမှာပင် တဟုန်းဟုန်းလောင်ကျွမ်းနေသော မီးတောက်မီးခိုးလုံးကြီးများထဲတွင် မိမိ၏ ပန်းထိမ်ဖိုပါသွားသည်ကို စိတ်မချမ်းမြေ့စွာ အဝေးမှရပ်ကြည့်နေရင်း သူ့ရင်ဝယ် ဘလောင်ဆူနေသည်။ ချို့ချို့တဲ့တဲ့ ငွေကလေးနှစ်ဆယ့်ငါးကျပ်၊ ပြားသုံးဆယ်ဖြင့် ခရမ်းမှ ရန်ကုန်တက်လာ၊ ခြိုးခြံချွေတာပြီး ပန်းထိမ်ဖိုကိုယ်ပိုင်လေးဖြစ်ခါမှ ကိုရွှေမီးဘေးက တစ်မှောင့်။ ဒီတစ်သက် ငါပြန်လို့မှ ထူထောင်နိုင်ပါတော့မလား။

ကိုအေးမောင်တစ်ယောက် သူ့ရှုးပမာ တစ်ကိုယ်တည်း ပြောနေမိသည်။

"ဟော့ကောင် .. အေးမောင်။ မင်းဘာမှ အားမငယ်နဲ့။ မင်းမှာ ပန်းထိမ်ဖို ဆုံးရှုံးပေမယ့် ရွှေငွေ၊ စိန်ကျောက်၊ ပတ္တမြား အပ်ထည်တွေ အားလုံးရလိုက်ပြီးပြီပဲ။ မင်းလက်ထဲရှိတာ မင်းပစ္စည်းပေါ့။ အပ်ထည်တွေကို ရန်သူမျိုးငါးပါးလက်ထဲ ပါသွားပြီလို့ပြော။ သင်းတို့ဘာလုပ်လို့ရမှာလဲ။ ဒီအရင်းအနှီးနဲ့ **ပန်းထိမ်ဖို**ပြန်ထောင်ပါတော့လား .. ဟား .. ဟား"

ဤကား မကောင်းသော မသမာစိတ်က သူ့ကို တွန်းအားပေးနေသလို။

"ဟော့လူ ...ကိုအေးမောင်၊ ခင်ဗျားဟာ ရိုးသားတဲ့စိတ်ဓာတ်နဲ့ ကိုယ်ကျင့်သိက္ခာ၊ သီလသမာဓိကို ငယ်စဉ်ကတည်းက စောင့်ထိန်းလာခဲ့သူ မဟုတ်ပါလား။ ကိုယ့်ပစ္စည်း မဟုတ်တဲ့ဟာတွေကို ခင်တွယ်မနေစမ်းပါနဲ့။ ကိစ္စပြီးရင် ရိုးရိုးသားသားနဲ့ သက်ဆိုင်သူတွေကို ပြန်သာအပ်လိုက်။ ခင်ဗျားလုပ်ရပ်ဟာ တရားနည်းလမ်းမှန်ရင် တရားကို နတ်စောင့်ပါလိမ့်မယ်။ ခင်ဗျားရိုးသားမှုကြောင့် သူတကာ စိတ်ချမ်းသာပါစေဗျာ"

ဤလို ကောင်းသော စိတ်စေတသိက်ကလည်း သူ့ကိုသတိပေးနေသည်။

"အို ...ငါတစ်ခုခုလုပ်မှ ဖြစ်တော့မယ်။ ရွှေငွေစိန်ကျောက်ရတနာတွေဟာ ငါပိုင်ပစ္စည်းမှ မဟုတ်ပါဘဲကလား။ သက်ဆိုင်ရာအပ်နှံထားသူတွေကို တစ်ခုမကျန် တစ်ရွေးသားမလျော့ အမြန်ဆုံးပြန်ပေးလိုက်တော့မယ်"

ဤသို့ဖြင့် လောဘစိတ်ကို အနိုင်ယူပြီးသည့်နောက် မီးဘေးကိစ္စရှင်းပြီးကာလတွင် အခြားပန်းထိမ်ဖိုအတော်များများက မီးဘေးကို အကြောင်းပြု ချော်လဲရောထိုင်လုပ်နေသည့်အကြားမှ ထူးထူးချွန်ချွန် သူတစ်ဦးတည်းကသာ ရိုးသားစွာ ပစ္စည်းများကို အပ်နှံသူများသို့ ပြန်ပေးခဲ့သည်။ ရွှေထည်အပ်နှံသူများက ကိုအေးမောင်ကို ကျေးဇူးတင်မဆုံး ဖြစ်ကြသလို "ရန်သူမျိုးငါးပါးမှ အာမခံသည့် ပန်းထိမ်ဖို"ဟူသည့် နာမည်တစ်လုံး

ကလည်း ပန်းထိမ်ဆရာ ကိုအေး
မောင်အတွက် ကြီးမားသော အကျိုး
အမြတ်ရလဒ်တစ်ခုပင်။ ထိုရလဒ်
ကြောင့်ပင် လုပ်ငန်းခွင်အပ်နှံသူ အဆ
မတန်များလာပြီး ဘဝတူ ပန်းထိမ်
များအလယ်၌ –

"ရန်သူမျိုးငါးပါးဘေးမှ အာမ
တာ ဘယ်သူလဲ။ မီးဘေးအန္တရာယ်
ကြားမှ အပ်နှံပစ္စည်း ရွှေတစ်ရွေးသား
မှ မလျော့စေဘဲ စရန်ငွေနဲ့တ
ပစ္စည်းရှင်လက်သို့ ရိုးသားစွာဖြင့် အ
နှံခဲ့တာ ဘယ်သူလဲ"ဟူ၍ သ
စကား ဆိုနိုင်ခဲ့သလို၊ ရိုးသားကြိုးစာ
မှုဂုဏ်တို့ကြောင့် တစ်မုဟုတ်ချ
ပုဇွန်တောင်နယ်တစ်လွှားတွင် လူ
များသော ပန်းထိမ်ဆရာကြီးတစ်
အဖြစ် ကြီးပွားလာခဲ့သည်။

ယခုကာလတွင် ပန်းထိမ်ဆ
ကြီး ဦးအေးမောင်သည် ဆပ်သွာ
လမ်း အမှတ်(၂)တွင် ငယ်ပေါင်း
ဒေါ်ကြင်မွှေးနှင့်အတူ အလှူဒါနမပြ
ဘုရားတည်၊ ထီးတော်တင်၊ ကျော
ဆောက်၊ ရှင်ပြုပဋ္ဌင်းခံ၊ ရေတွင်း
ကန်တူး စသည့် နိဗ္ဗာန်အကျိုးပြု
ငန်းတို့နှင့် ပျော်ပိုက်နေသည်
အသက် ၈၀ ပင် တိုင်ခဲ့ပြီ။

တကယ်တော့ ဤလောက
လူရိုးလူဖြောင့် စာရိတ္တခိုင်မာသူ
များစွာရှိနေပါသေးသည်။ အများသူ
မကြည့်တတ်၊ မမြင်တတ်ကြ၍သ

မောင်ချိုမြင်း(ကန္တာရဝတီ)



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ **ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ ဓမ်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ ပေမာဇီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၀၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆောင်ချင်ရင် ရှောင်သင့်တာက

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ကျွန်တော် အမျိုးသားပြတိုက်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ ၁၉၇၇ ခုနှစ်အတွင်း၌ ဖြစ်၏။ တစ်ရက်သော နေ့လယ်ခင်းတွင် အသက်သုံးဆယ်ကျော်အရွယ်ရှိ အမျိုးသားတစ်ဦးသည် ဝင်ခွင့်၊ တွေ့ခွင့်တောင်းခံပြီး ကျွန်တော့်ရုံးခန်းထဲသို့ ရောက်ရှိလာ၏။ ထိုသူ၏ ရုပ်ရည်သွင်ပြင်နှင့် အသားအရောင်တို့ကို အကဲခတ်ခြင်းဖြင့် လူမျိုးခြားသွေး နှောသော ကပြားတစ်ဦးဖြစ်မည်ဟု ခန့်မှန်းမိရ၏။ လာရင်းကိစ္စအတွက် သူ့ကို မေးမြန်းသောအခါ· · ·

"ကျွန်တော့်နာမည် တင်မောင်ပါ။ -----ဘာသာကို ကိုးကွယ်သူတစ်ဦးဖြစ်ပါတယ်။ အလုပ်ကတော့ ကုန်သည်ပါ။ လုပ်ငန်းကိစ္စအတွက် တစ်ဖက်နိုင်ငံကို ခရီးထွက်ရင်း ဘုရားသုံးဆူဘက်က လမ်းတစ်နေရာမှာ ဟောဒီ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်လေးကို ရရှိခဲ့ပါတယ်"

သူက ပြောပြောဆိုဆိုနှင့် ၎င်း၏လက်ကိုင်အိတ်ကိုဖွင့်၍ ဗုဒ္ဓဆင်းတုတော်လေးတစ်ဆူကို ထုတ်ယူကာ ကျွန်တော့်ရုံးစားပွဲပေါ်တွင် တင်ထားလိုက်၏။ ဉာဏ်တော် တစ်လက်မခန့်ရှိပြီး သတ္တုဖြင့် သွန်းလုပ်ထားကြောင်းနှင့် ရွှေပိန်းချထားကြောင်း တွေ့ရှိရ၏၊ ပုံသဏ္ဍာန်အားဖြင့် ရှေးခေတ်ယိုးဒယားလက်ရာ ရုပ်ပွားတော်မျိုး ဖြစ်သည်။

"ဒီဆင်းတုတော်လေးကို ကျွန်တော်ရပုံရနည်းကတော့ ခရီးအကြားလမ်းခုလတ်မှာ ခဏနားနေတုန်း ကျွန်တော်ကျောမှီထားတဲ့ သစ်ပင်ကြီးရဲ့ အလယ်အောက်ခြေနားက သစ်ခေါင်းထဲမှာ တွေ့ရလို့ ကလော်ထုတ်ပြီး ယူလိုက်တာပါ။ ပြီးတော့ ကျွန်တော်ဝတ်ထားတဲ့ ဘောင်းဘီရှည်ရဲ့ ပေါင်ဖျားနားက ဘေးဘက်အိတ်ကပ်ထဲမှာ ထည့်ထားလိုက်တယ်။ ကျွန်တော်ကိုးကွယ်နေတဲ့ ဘာသာအရဆိုရင် တခြားဘာသာဝင်တွေရဲ့ ရုပ်တုဆင်းတုတွေကို ရှိခိုးဖို့နေနေသာသာ ထိခွင့်၊ ကိုင်ခွင့်တောင် မရှိပါဘူး။ ဒါပေမယ့် ရှေးဟောင်းပစ္စည်းဆိုရင် နယ်စပ်မှာ ဈေးကောင်းရနိုင်တယ်ဆိုတဲ့ လောဘအသိက လွှမ်းခေါ်လိုက်တာမို့ ဘာမှမစဉ်းစားတော့ဘဲ ယူလိုက်မိတာပါ။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်တစ်ယောက်မဟုတ်လေတော့ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ပေါင်အဖျားနားက ဘောင်းဘီအိတ်ထဲမှာ ထည့်သင့်၊ မထည့်သင့်ဆိုတာကိုလည်း မစဉ်းစားမိခဲ့ဘူး။ ရိုးရိုး ရှေးဟောင်းပစ္စည်းတစ်ခုလို့ သဘောထားပြီး အမှတ်မထင် ထည့်ထားလိုက်မိတာဖြစ်ပါတယ်"

ကျွန်တော်သည် ထိုဆင်းတုတော်လေးကို ကောက်ယူ၍ သေသေချာချာ ကြည့်ရှုသောအခါ အတွင်းဘက်၌ အခေါင်းဖြစ်ကြောင်း၊ အောက်ခြေကို အသေပိတ်ထားကြောင်း တွေ့ရှိရ၏။ လှုပ်ခါကြည့်လိုက်သောအခါ "ကလောက်ကလောက်" မြည်သံ ထွက်ပေါ်လာ၏။ အတွင်းဘက်၌ ဓာတ်တော်မွေတော်ပစ္စည်းတစ်မျိုးမျိုး၊ သို့မဟုတ် အဖိုးတန်ကျောက်မျက်ရတနာတစ်မျိုးမျိုးကို ထည့်သွင်းဌာပနာထားခြင်း ဖြစ်မည်ဟု ခန့်မှန်းမိရ၏။ သို့ရာတွင် ပလ္လင်အောက်ခြေကို အသေပိတ်ထားခြင်းဖြစ်၍ အတွင်း၌ရှိသည့် ထိုပစ္စည်းကို ထုတ်ယူစစ်ဆေးကြည့်ရှုရန်ကိစ္စမှာ မလွယ်ကူကြောင်း သဘောပေါက်မိရ၏။

"ကျွန်တော် ဒီဆင်းတုတော်လေးကို ရရှိခါစတုန်းကလည်း ဆရာ့လိုပဲ လှုပ်ခါကြည့်ခဲ့ဖူးပါတယ်။ ကလောက်ကလောက်ဆိုတဲ့ အသံမျိုးကြားတာကြောင့် အထဲမှာ ပစ္စည်းတစ်ခုခု ရှိလိမ့်မယ်ဆိုတာကိုတော့ စဉ်းစားမိခဲ့တယ်။ ဒါပေမယ့် ထုတ်ကြည့်ဖို့ မလွယ်တာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဒီအတိုင်းပဲ ထားခဲ့ရတယ်။ ဒီပစ္စည်းနဲ့ ပတ်သက်ပြီး ဖြစ်ခဲ့ရတဲ့ ကျွန်တော့်ရဲ့ ဖြစ်ရပ်အကြောင်း ဆက်ပြီးပြောပြပါရစေ။

ကျွန်တော်ဟာ ဒီဆင်းတုတော်လေးကို ဘောင်းဘီရဲ့ ဘေးအိတ်ကပ်ထဲ အမှတ်မထင် ထည့်ထားခဲ့ပြီးတဲ့နောက် မော်တော်ကားနဲ့ ခရီးဆက်ခဲ့ပါတယ်။ ကျွန်တော်ထိုင်ရတာက ဟိုင်းလတ်(စ်) ကားရဲ့ နောက်ခန်းဘေးတန်းခုံ အစွန်ဆုံး အတက်အဆင်းနေရာနားမှာ ခင်ဗျ။ မော်တော်ကားထွက်ခွာလာပြီး မိနစ်နှစ်ဆယ်လောက်အကြာမှာ အသက်အန္တရာယ်နဲ့ နီးလုတဲ့ ဘေးအန္တရာယ်ကြီးတစ်ခုကို ရင်ဆိုင်ရပါတော့တယ်။ လမ်းခရီးတစ်နေရာမှာ ခပ်ရှယ်ရှယ်ရှိတဲ့ သစ်တုံးတစ်တုံးကို ကန့်လန့်ဖြတ်လမ်းပေါ်ခင်းပြီး လမ်းဘေးတစ်ဖက်တစ်ချက်မှာတော့ ကွန်မင်ဒိုဝတ်စုံ ဝတ်ထားတဲ့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ရပ်နေတာကို အဝေးကတည်းက မြင်တွေ့ရတယ်။ လူက ဆယ်ယောက်လောက်ရှိတယ်။ သူပုန်လား၊ ဓားပြတွေလားတော့ မသိဘူး။ သူတို့က မော်တော်ကားကို သေနတ်တွေနဲ့ လှမ်းချိန်ထားပြီး ရပ်ဖို့ အော်ပြောနေတာကို ကြားကြရတယ်။ ကျွန်တော်အပါအဝင် ခရီးသည်တွေ အားလုံးကတော့ ထိတ်ထိတ်ပျာပျာ ဖြစ်နေကြပြီပေါ့ခင်ဗျာ။ ကျွန်တော်တို့ရဲ့ ကားကို မောင်းနေတဲ့ ဒရိုင်ဘာဟာ ပထမတော့ ကားရဲ့အရှိန်ကို လျှော့လိုက်တယ်။ ကန့်လန့်ဖြတ်ခံနေတဲ့ သစ်တုံးနဲ့ ခြောက်ပေ၊ ခုနစ်ပေလောက် အကွာလည်းရောက်ရော ကားကို ဝေါခနဲနေအောင် ရုတ်တရက် အရှိန်မြှင့်တင်လိုက်ပြီး ဆက်မောင်းသွားတယ်။ ကန့်လန့်ခံနေတဲ့ သစ်တုံးကို အရှိန်နဲ့ ဖြတ်ကြိတ်ပြီး ကျော်တက်ပစ်လိုက်တာကြောင့် ကားဟာ မြောက်တက်သွားတယ်။ သစ်တုံးကလည်း လည်ထွက်သွားပြီး ဘေးနားမှာ ရပ်နေတဲ့ လက်နက်ကိုင်တွေကို အရှိန်နဲ့ ဝင်ဆောင့်တာကြောင့် ရုတ်တရက် သူတို့တစ်တွေ ဖရိုဖရဲ ဖြစ်သွားခဲ့ကြတယ်။ ကျွမ်းကျင်လှတဲ့ ဒရိုင်ဘာကတော့ သူ့ကားကို ထိန်းပြီး အရှိန်ပြင်းပြင်းနဲ့ ဆက်မောင်းသွားတယ်။ ဟိုကောင်တွေကလည်း ဘယ်နေလိမ့်မလဲ။ နောက်ကနေ မော်တော်ကားကို သေနတ်တွေနဲ့ လှမ်းပြီး ပစ်ကြတယ်။ ဒါပေမယ့် တော်တော်ဝေးတဲ့နေရာကို ရောက်နေပြီမို့ ကားကို မှန်အောင်မပစ်နိုင်ကြတော့ဘူး။ အဲ . . . ကျည်ဆန်တစ်တောင့်ကတော့ ကျွန်တော့်ရဲ့ ညာဘက်ပေါင်ကို လာမှန်တယ်ခင်ဗျ။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပုံကပေါ့ ဟောဒီ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်လေး ထည့်ထားတဲ့ ဘောင်းဘီဘေးကပ်အိတ် အလယ်ကောင်တည့်တည့်ကို မှန်တာ ဆရာရေ။ ဆင်းတုတော်လေးကတော့ အိတ်ကပ်ရဲ့ အောက်ခြေမှာ ရောက်နေတာမို့ ကျည်မထိပေမယ့် ကျွန်တော့်ပေါင်ရဲ့ အရေပြားနဲ့ အသားကြားထဲကိုတော့ အဲဒီကျည်ဆန်က ဖောက်သွားခဲ့တယ်။

ကျွန်တော်ဟာ အဲဒီသေနတ်ဒဏ်ရာကြောင့် တစ်လကျော်လောက် ဆေးရုံတက်လိုက်ရတယ်။ ကျည်ဆန်က အရိုးကို မထိလို့သာ တော်သွားတာပေါ့ခင်ဗျာ။ နို့မို့ရင် အခုလောက်ဆို ကျွန်တော်ဟာ ပေါင်ပြတ်တဲ့ ဒုက္ခိတကြီးတစ်ယောက် ဖြစ်နေမှာ သေချာတယ်။

လိုရင်းကို ပြောရရင်တော့ ကျွန်တော့်ရဲ့ ပေါင်ကို သေနတ်မှန်ရတာဟာ ဟောဒီ ရှေးဟောင်းဗုဒ္ဓဆင်းတုလေးကို မသင့်လျော်တဲ့ ဘောင်းဘီဘေးအိတ်ကပ်ထဲကို ထည့်ထားခဲ့မိလို့ပဲဆိုပြီး ကျွန်တော် စွဲလမ်းယုံကြည်သွားမိခဲ့တယ်။ အခု ရန်ကုန်ကို ပြန်ရောက်တော့ ရင်းနှီးသူမိတ်ဆွေတွေနဲ့ တိုင်ပင်ကြည့်တဲ့အခါ သူတို့က အဲဒီ ဗုဒ္ဓဆင်းတုတော်လေးကို ပြတိုက်လှူဖို့ ဝိုင်းပြီး တိုက်တွန်းကြတာကြောင့် ဆရာ့ဆီ ရောက်လာခဲ့ရတာပါခင်ဗျာ"

ကျွန်တော်သည် ထိုပုဂ္ဂိုလ်ထံ ကျေးဇူးတင်စကားပြောကြားပြီးနောက် ပြတိုက်သို့ ပစ္စည်းလှူဒါန်းသူတို့အား ချီးမြှင့်လေ့ရှိသည့် ဂုဏ်ပြုမှတ်တမ်းလွှာ တစ်စောင် ပေးအပ်လိုက်၏။ သူသည် ရွှင်လန်းပေါ့ပါးစွာ ကျွန်တော့်အား နှုတ် ဆက်ပြီး ပြတိုက်ထဲမှ ထွက်ခွာသွား လေ၏။ ပြတိုက်အတွက် ပစ္စည်းအသ တစ်ခု တိုးလာသဖြင့် ကျွန်တော် ဝမ်း မြောက်ရသလို၊ လူမျိုးခြားကပြား အ သာခြားတစ်ဦး အဖိုးတန် သင်ခန်း တစ်ရပ် ရရှိသွားခဲ့သည်ကို မြင်ရသ လည်း အတော်ပင် ဝမ်းသာသွားမိခဲ့

ကျွန်တော်သည် အထက်ဖော် ပါ ဖြစ်ရပ်ဟောင်းတစ်ခုအကြောင်း ပြောင်းအောက်မေ့ သတိရမိရင်း ပုဂ္ဂိုလ်တွေ ဆောင်လေ့ရှိကြ အဆောင်များအကြောင်းနှင့် ဆက် ပြီး စဉ်းစားနေမိ၏။ လုပ်ငန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မျက်နှာပွင့်စေရေးတို့အတွက် လူအတော်များများသည် အဆောင်အမျိုးမျိုးတွေကို မိမိ၏ကိုယ်နှင့်မကွာ ဆောင်ထားတတ်ကြ၏။ အဆောင်လက်ဖွဲ့ အံပွား၊ အမြုတေ၊ ဓာတ်လုံး စသည်တို့ကို လည်ပင်းတွင် ဆွဲခြင်း၊ အင်္ကျီအိတ်ကပ်ထဲတွင် ထည့်ခြင်း၊ လက်မောင်းတွင် ချည်နှောင်ခြင်း၊ လက်စွပ်ကွင်းဝတ်ခြင်း စသည့် နည်းမျိုးအသွယ်သွယ်ဖြင့် ဆောင်ထားကြခြင်းဖြစ်၏။ အချို့ကမူ ဗုဒ္ဓပုံတော်၊ စေတီပုံတော်၊ ရဟန္တာပုံတော်၊ တန်ခိုးကြီးသည်ဟု ထင်ရှားသော ဆရာတော်ကြီးများ၏ ပုံတော်နှင့် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသည့် ဘိုးတော်တို့၏ ပုံတော်များကို အင်္ကျီအိတ်ကပ်၊ သို့မဟုတ် လက်ကိုင်ပိုက်ဆံအိတ်တို့၌ ထည့်၍ ဆောင်ထားတတ်ကြ၏။

ဖြစ်နိုင်လျှင်တော့ ဗုဒ္ဓပုံတော်၊ စေတီပုံတော်၊ ရဟန္တာပုံတော်နှင့် ဆရာတော်ကြီးများ၏ပုံတော်၊ ဘိုးတော်တို့၏ ပုံတော်များကို မိမိ၏ အင်္ကျီအိတ်ကပ်ထဲတွင် ဆောင်ထားခြင်းမျိုး မပြုသင့်ပေ။ ယင်းသို့သော ပုံတော်မျိုးများကို မိမိ၏ ကိုယ်တွင်ဆောင်ထားခြင်းထက် အိမ်ရှိဘုရားစင်တွင် တင်၍ ပူဇော်ထားခြင်းက ပို၍သင့်လျော်ပါ၏။ တစ်နည်းဆိုရသော် မိမိ၏ ကိုယ်ခန္ဓာတွင် ဆောင်ထားခြင်းထက် နေအိမ်တွင် ဆောင်ထားခြင်းက ပို၍သင့်တော်သည်။ ဆောင်ထားသူအတွက် ပို၍ အကျိုးရှိနိုင်ပေသည်။ အကြောင်းကား မိမိ၏ခန္ဓာကိုယ်နှင့် ဘုရားရဟန္တာပုံတော်များကို ဆောင်ထားရာ၌ မသင့်လျော်သည့် အိတ်ကပ်မျိုး၌ ထည့်မိခြင်း၊ မသွားအပ်သည့် နေရာမျိုးသို့ သွားမိခြင်း၊ မပြုလုပ်သင့်သော အလုပ်မျိုးကို ပြုမိခြင်းတို့ကြောင့် အကုသိုလ်ဖြစ်ကာ အကျိုးဆက်အဖြစ် ပို၍ဖြစ်နိုင်သောကြောင့်ပင်တည်း။

ရဟန္တာဟု အများက သမုတ်ခြင်းခံရသော သာမညတောင်ဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဆရာတော်ဘုရားကြီး၏ ပုံတော်ကို လူပုဂ္ဂိုလ်အတော်များများက အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိ၏ခန္ဓာကိုယ်နှင့်မကွာ ဆောင်ထားခဲ့ကြဖူး၏။ ယင်းကိစ္စနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးကိုယ်တိုင် မြွက်ကြားခဲ့သည်ကို အောက်ဖော်ပြပါအတိုင်း ကျွန်တော်ကြားနာခဲ့ရဖူးပါသည်။

“ကျုပ်ရဲ့ဓာတ်ပုံကို တချို့ ဈေးသည်မိန်းမတွေက သူတို့ရဲ့ ချွေးခံအင်္ကျီအိတ်ထဲမှာ ထည့်ထားကြတယ်။ တချို့ ဈေးသည်မိန်းမတွေက ပိုက်ဆံအိတ်ထဲ ထည့်ပြီး၊ တစ်ခါတလေ အဲဒီပိုက်ဆံအိတ်ကို ဒူးအောက်၊ ပေါင်အောက်မှာ အမှတ်တမဲ့ ချထားမိတတ်ကြတယ်။ အဲဒီဖြစ်စဉ်တွေကို ကျုပ်က အလိုလိုသိနေလေတော့ သူတို့တစ်တွေ အကုသိုလ်ဖြစ်မှာကို တွေးပြီး စိတ်မကောင်းဖြစ်ရတယ်လေ။ လက်ဝှေ့သမားတချို့ကလည်း ပြိုင်ပွဲမှာ သူတို့အရေးသာ အနိုင်ရအောင်ဆိုပြီး ကျုပ်ရဲ့ဓာတ်ပုံကို ဘောင်းဘီအိတ်ကပ်ထဲ ထည့်ပြီး လက်ဝှေ့ထိုးကြတယ်။ တစ်ခါတလေ အဲဒီလို ကျုပ်ရဲ့ပုံကို ဆောင်ထားတဲ့ လက်ဝှေ့သမားနှစ်ယောက် စင်ပေါ်မှာ ယှဉ်ပြိုင်ထိုးသတ်နေကြတော့ ကျုပ်တစ်ပါးတည်းက ဟိုဘက်သည်ဘက်ကို တစ်ပြိုင်တည်း ထိုးနေရသလို ဖြစ်မနေဘူးလား။ မလုပ်သင့်ကြဘူးပေါ့ ဒကာတို့ရယ်”ဟု မိန့်မြွက်ခဲ့ဖူးပါသည်။

ပျံလွန်တော်မူသွားပြီးဖြစ်သော ပြည်ခရိုင်၊ အုတ်ဖိုမြို့အနီးရှိ တပ်ဦးကျောင်းတွင် သီတင်းသုံးသော စလူမြောင်ဆရာတော်ကို သွားရောက်ဖူးမြော်စဉ်ကလည်း . . .

“ဘုန်းကြီးရဲ့ သင်္ကန်းစတွေကို တချို့လူတွေက ဆောင်ချင်တယ်ဆိုပြီး အလှူခံကြလို့ စွန့်လှူခဲ့ရတာ မနည်းပါပဲ။ အဲ . . . ဒါပေမယ့် တချို့က အဲဒီသင်္ကန်းစတွေကို မသင့်တဲ့နေရာမှာ သုံးကြတယ်။ သာဓကအနေနဲ့ ပြောရရင် ကြက်သမားက သူ့တိုက်ကြက် အနိုင်ရအောင်ဆိုပြီး ကြက်တိုက်တဲ့အခါ အဲဒီသင်္ကန်းစကို ကြက်ရဲ့ခြေထောက်မှာ ချည်ပြီး တိုက်တယ်လေ။ ငါးဖမ်းသမားကလည်း သူ့ရဲ့ ပိုက်ကွန်မှာ အဲဒီသင်္ကန်းစကိုချည်ပြီး ကွန်ပစ်တယ်။ ငါးများများ ဖမ်းမိအောင် လုပ်ကြတဲ့သဘောပါပဲ။ အဲဒါတွေကိုသိရတဲ့ အချိန်ကစပြီး ကျုပ်ဟာ ဘယ်သူ့ကိုမှ ဘာအဆောင်မှ မပေးတော့ဘူး။ အဆောင်ဆိုပြီး ကိုယ်က စေတနာနဲ့ စွန့်လိုက်တဲ့ပစ္စည်းဟာ မသမာသူရဲ့ လက်ထဲကို ရောက်သွားရင် အဆိပ်ပင်ကို ရေလောင်းသလိုပါပဲ။ ဆောင်သူ၊ သုံးသူသာမက ပေးလိုက်စွန့်လိုက်သူပါ အကုသိုလ်ဖြစ်ရတယ်လေ”

**မနုသသကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**

www.burmeseclassic.com



# ရသာမဲ့ သစ်သီးဝလံ

သောင်းညာဏ်(ပန်းထော်ကျွန်း)

လူဆိုသည်ကား အစုံစားသတ္တဝါတစ်မျိုး ဖြစ်သည်။ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရေးအတွက် အသားငါး၊ အသီးအရွက်အစုံကို ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက်တို့မှ ရှာဖွေရရှိသမျှကို ကြိုက်နှစ်သက်ရာစားသုံး၍ အာဟာရဖြည့်ကြပါသည်။ ထိုအစားအစာများမှ ချို၊ချဉ်၊ဖန်၊ခါး၊ငန်၊စပ်၊အီ၊ဆိမ့် စသည်ဖြင့် အရသာများကို ခံစားကြပါသည်။

ထိုရသာစုံများတွင် ဖရဲသီး၊ စပျစ်သီးတို့ကဲ့သို့ ပင်စည်မခိုင်၊ နွယ်ပင်မှသီးသော အသီးမျိုးနှင့် ပင်စည်ခိုင်ခံ့ သီးမှည့်တတ်သည့် အသီးတို့ကို ကြိုက်နှစ်သက်ရာစားသုံးခြင်းရှိပါသည်။ ဤတွင် မိမိကိုယ်တိုင်စားမိသော နွယ်ပင်သီး၊ ဝလံမျိုးနှင့် ပင်စည်ရှိသော သစ်ပင်မှသီးသော သစ်သီးမျိုးကို တွေးတောခြင်း ဖြစ်ပေါ်မိပါသည်။ ဝလံအမျိုး၊ သစ်သီးအမျိုးကိုလိုက်၍ အရသာကို ခံစားလေ့ရှိ၍ စားဖူးသော အသီးတို့၏ အရသာကို သိရှိပါသည်။ သို့သော် ကုန်လွန်ခဲ့သော နေ့တစ်နေ့က မိမိကိုယ်တိုင် ချိုချိုအေးအေးအရသာကို ခံစားလိုစိတ် ဖြစ်ပေါ်မိ၍ ဝယ်စားခဲ့သော ဝလံမျိုးအသီးဖရဲသီးမှာ အရသာကင်းမဲ့လျက်ရှိသည်ဟု ခံစားသိခဲ့ရပါသည်။



www.burmeseclassic.com

ထိုနေ့က မိမိအမြဲဈေးဝယ်နေကျဈေးသို့ [illegible] အတွက် သွားခဲ့ပါသည်။ ဈေးဝယ်ပြီးနောက် အိမ်သို့ပြန်မည်ဟု ဈေးလမ်းအတိုင်း လျှောက်လာရာ လမ်းလယ်၌ ဈေးဗန်းချကာ ရောင်းနေသော ဖရဲသီးစိတ်များကို မြင်၍ ဖရဲသီးချိုချိုအေးအေး အရသာကို ခံစားလိုစိတ် ပေါ်လာပြီး တစ်စိတ်ဝယ်ဖြစ်ပါသည်။ ထိုစဉ် ဈေးသည်များအား စည်းကမ်းတကျ ရောင်းချကြရန် စီမံကွပ်ကဲပေးသော ဝန်ထမ်းတစ်ဦး ရောက်လာပြီး မိမိဈေးဝယ်နေသော ဖရဲသီးသည် မိန်းကလေးအား ခြိမ်းခြောက်ကြိမ်းမောင်းလျက် တုပ်တဝင့်ဝင့်ကိုင်ကာ လမ်းရှင်းပါသည်။ ဈေးသည်မိန်းကလေးသည် သူမ၏ ဈေးဗန်းကို ကောက်ယူပြီး ပလက်ဖောင်းဘေး ဈေးတန်းဆီသို့ ပြေးဝင်ပါသည်။ ဈေးဗန်းချစရာ နေရာမရနိုင်ဘဲ ဖြစ်နေသဖြင့် ဈေးလမ်းရှင်းသူဝန်ထမ်းမှ နေရာဦးထားသူများကို နေရာကျုံ့စေပြီးမှ ဈေးဗန်းတစ်နေရာ ရရှိသွားပါသည်။

ထိုခဏ၌ မိမိသည် ဈေးသည်မိန်းကလေးမျက်နှာကို ကြည့်မိပြီးဖြစ်သဖြင့် သူ၏ပုံရိပ်စွဲထင်မိပြီး အိမ်သို့ ပြန်လာပါသည်။ မိမိကိုယ်တိုင်သည်လည်း ဖရဲသီးစိတ်ရောင်းသူ မိန်းကလေးကဲ့သို့ ဈေးစည်းကမ်းကို ဖောက်ဖျက်ခဲ့မိပြီဟု သတိထားမိသဖြင့် ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် စည်းကမ်းပျက်ကြသည်ဟု ယူဆလိုက်ပါသည်။ အိမ်ပြန်လမ်းတစ်လျှောက် ဈေးသည်မလေး၏ အငိုမျက်လုံးလေးနှင့် ဈေးဗန်းကိုင်ကာ ပျာယာခတ်နေသည့်ပုံကို ဖျောက်မရနိုင် ဖြစ်မိပါသည်။ မိမိရင်၌ ခံစားရချက်နှင့် ဈေးသည်မလေး၏ ခံစားချက်တို့ ရောနှောမွှေနှောက်ကာ အမျိုးအမည်မဖော်ပြတတ်သော ခံစားချက်ကို ရင်ဝယ်ပိုက်ကာ မောဟိုက်မိပါတော့သည်။

အိမ်ပြန်ရောက်သည်နှင့် အမောပြေလိမ့်မည်အထင်ဖြင့် ဖရဲသီးစိတ်ကို စားလိုက်ပါသည်။ သို့သော် ချိုအေးအရသာရှိသည့် ဖရဲသီးသည် အရသာကင်းမဲ့ပြီး မိမိ၏ရင်ကို မအေးစေဘဲ မောဟိုက်၍နေလျက်သာတည်း။ ဤဖရဲသီးမဟုတ်ဘဲ အခြားသစ်သီးဖြစ်စေ၊ ဝလံဖြစ်ပါစေ မည်သည့်သို့သော အစားအစာမဆို ဤအချိန်တွင် စားမိပါက အရသာကင်းမဲ့လိမ့်မည်ဟု ထင်မိပါသည်။

ဈေးမှဝယ်လာသော ဟင်းစားများကို ချက်ပြုတ်ရင်း မိမိအာရုံ၌ ခဏတစ်ဖြုတ် မြင်ကြားတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်မြင်ကွင်းကိုသာ တရစ်ဝဲဝဲမြင်ယောင်နေပါသည် ...။ ဝမ်းနည်းခြင်းလည်းမဟုတ်။ သနားခြင်း၊ မင်သက်မိခြင်း၊ တွေဝေခြင်း၊ ကြောင့်ကြခြင်း၊ အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ အမျက်ထွက်ခြင်း စသည့် ရသ [illegible] ရသခံစားချက်ဟု မသိနိုင်သော အဖြစ်နှင့် ဝေဝါးဝါးခံစားနေမိပါသည်။

မိမိသွားလေ့ရှိသော ဈေးမှာ လမ်းတစ်ခု၏ ပလက်ဖောင်းဘေးတစ်လျှောက် ခင်းကျင်းရောင်းချသော ဈေးဖြစ်ပါသည်။ ဈေးသည်များမှာ သူ့ထက်ငါ နေရာဦးကာ ဈေးဗန်းချနေရာယူကြရပေမည်။ ယခင်ကမူ ပလက်ဖောင်းမှ အတော်ကွာသည့်ထိ နေရာယူရောင်းခြင်း၊ ဈေးလမ်းအလယ်ကြောရောင်းခြင်းများကြောင့် ဈေးဝယ်များ သွားလာဝယ်ယူရာ၌ ကျဉ်းကျပ်သည်ကို သိနေပါသည်။ ယခုတွင်မူ ကွန်ကရစ်လမ်းခင်းလိုက်ကြပြီး ပလက်ဖောင်းဘေးတစ်လျှောက် အနေတော်စည်းကြောင်း သတ်မှတ်ထားသဖြင့် အတော်ပင် သေသပ်ရှင်းလင်းစွာ ဈေးဝယ်ကြရပါသည်။

သို့သော် လမ်းလယ်ကြော၌ ယာယီဈေးဗန်းချရောင်းသည်များကို မပြတ်တွေ့ရှိရပါသည်။ ဈေးစည်ပင်တို့၏ ဈေးသည်၊ ဈေးဝယ် စည်းကမ်းတကျ ရောင်းဝယ်နိုင်ရန် စီမံချက်ပင် ဖြစ်ပါသည်။ သို့သော် လောဘ၏သားကောင်များဖြစ်သော လူတို့သဘာဝအရ လမ်းလယ်အူကြောင်း၌ ပို၍ရောင်းကောင်းမည် အထင်လေလား။ သတ်မှတ်စည်းအတွင်း ဈေးဗန်းချရန် နေရာမရနိုင်၍ပေလော လမ်းလယ်ရောင်းသူနှင့် ဝယ်သူမှာ ရှိကြပါသည်။ မိမိအပါအဝင် ဝယ်သူစည်းပျက်မှု၊ ရောင်းသူစည်းဖောက်မှုကို တွေးတောကာ သတိထားမိပါသည်။

ယနေ့ဖြစ်ပျက်မှုတွင် ဈေးစည်ပင်သာယာရေး ကွပ်ကဲသူသည် ဈေးသည်များအား စည်းဘောင်သားလျက် စနစ်တကျ ရောင်းချစေရန် စီမံပြောဆိုထားနှင့်ပြီး ဖြစ်ပါသည်။ ဈေးသည်များက နှုတ်အားဖြင့်၊ စည်းကမ်းအားဖြင့် ပြောကြားပြီးသည်ကို အလေးမထား ဖောက်ဖျက်ကာ လမ်းလယ်ကြော၌ ရောင်းသူဝယ်သူ ပြုလုပ်မိပြုလုပ်ကြ၍သာ ကြိမ်းမောင်းမာန်မဲ ခြောက်လှန့်ရခြင်းဖြစ်ပေသည်။ မည်သူမျှ ကြမ်းတမ်းရိုင်းပျစွာ မပြုမူလိုကြချေ။ စည်းကမ်းကို ထိန်းကြဖို့အတွက် ကြမ်းပြရခြင်းသာ ဖြစ်ပေမည်။

တိရစ္ဆာန်များကို အော်ဟစ်ကြိမ်းမောင်းသကဲ့သို့ ပြုလုပ်ဆောင်ရွက်ရသူလည်း အသရေမရ၊ ရောင်းသူခံရချက်လည်း ဣန္ဒြေမဲ့ကာ နှစ်ဦးနှစ်ဖက် ကောင်းကျိုးမရနိုင် ဖြစ်ရခြင်း အကြောင်းရင်းကိုတွေးကာ အဖြေရှာမိပြန်သည်။ ဈေးသည်အချင်းချင်း နေရာဦးသူက နေရာမရသူကို ဖေးမစာနာလျက် မျှမျှတတ ရောင်းချကြပါလျှင်၊ လမ်းလယ်ကြောမှာ လောဘပိုကာ မရောင်းကြလျှင် စည်းကမ်းထိန်းပေး၍ ဈေးစည်ပင်သာယာရေး ဆောင်ရွက်သူလည်း တုတ်ကိုင်ကာ လူရိုင်းလူကြမ်း



www.burmeseclassic.com

www.burmeseclassic.com

အသွင် သရုပ်မဆောင်ရဘဲ အဆင်ပြေကာ ယနေ့ဖြစ်ပျက်မှု မျိုး မပေါ်ပေါက်နိုင်ဟု တွေးနေမိပါသည်။

ထိုနေ့မြင်ကွင်းမှာ ဖရဲသီးသည်မိန်းကလေး၏ ကြောက် [illegible] မြင်သော ရင်း သူမ၏ကုန်စိမ်း ရောင်းမကုန်လျှင် အရှုံးပေါ်မည်ကို စိုးရွံ့မှုကြောင့် ထမ်းလာသည်ကြော၍ ရောင်းကောင်းမည်အထင် [illegible] နေရာဦးသူဈေးသည်များ၏ အချင်းချင်းစာနာစိတ်နှင့် ထက်ဆွဲညီညာ ငဲ့ညှာမှုမရှိသည်များ စသည်တို့ အနည်းအများ ရောယှက်အကြောင်းများသည် ထိုနေ့က မိမိစားခဲ့သော နွယ်ပင် သီးဝလံဖြစ်သော ဖရဲသီးကို အရသာကင်းမဲ့ခြင်းအကျိုး သက်ရောက်စေခဲ့ပါသည်။

ဤတွင် လူအချင်းချင်း စာနာစိတ်နှင့် ဈေးနေရာကို ညီညွတ်စွာညှိ၍ စည်းကမ်းတကျ မူလကပင် မရောင်းကြခြင်း အကြောင်းရင်းကို တွေးမြင်လာပါသည်။ စာနာစိတ်ကင်းမဲ့မှုသည် လူတန်းစားအသီးသီး၌ ကွယ်ဝှက်၍သော်လည်းကောင်း၊ ပေါ်တင်သော်လည်းကောင်း တစ်မျိုးတစ်ဖုံ ကြီးစိုးလျက်ရှိနေသည့် အဖြစ်အပျက်များစွာ ရှိနေသည်ကို ကိုယ်တိုင်ခံစားသိမြင်မှုအမြောက်အမြား ပေါ်လာပါသည်။ ထို့ကြောင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်စိန်က စာနာစိတ်မရှိလျှင် လူ့အဖွဲ့အစည်းပျက်မည်ဟု ရေးသားပြောကြား သတိပေးထားချက်ကို စူးစူးနစ်နစ် လူတိုင်းမှတ်သားလိုက်နာ ကျင့်ဆောင်ကြပါလျှင်ဟူ၍လည်း အတွေးပိုမိပါသည်။

ဟင်းရွက်စိမ်း၊ သားငါး၊ သစ်သီး စသည့် အနိမ့်ဆုံး အရင်းအနှီးမျှနှင့် နေ့စဉ်ရောင်းချ၍ တစ်နေ့တာ အမြတ်ငွေဖြင့် စားဝတ်နေရေး ပြဿနာကို ဖြေရှင်းကြရရှာသော ဈေးသည်ကလေးများထံမှ စိန်ရွှေရတနာဝတ်စားဆင်ယင်လျက် မတန်တဆ ဈေးဆစ်ဝယ်ယူကြသည့် အထက်လွှာမှ လူတန်းစားများ။

ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနှင့် ပိုင်ဆိုင်မှုအားမာန်ဖြင့် နေပူမိုးရွာမရှောင် အများတကာတို့၏ စွန့်ပစ်ပစ္စည်းကို မျှော်လင့်လျက် တစ်လမ်းဝင်တစ်လမ်းထွက် ဝမ်းစာအရေးကို ပြုလုပ်ကြရှာသော အမှိုက်တွန်းသူ လူရွယ်ကျားမ လုပ်သားထံမှ အမှိုက်ထည့်ခကို ဈေးဆစ်ကာ အတင်းပူဆာသူ လူ့အထက်လွှာ လူတန်းစား၊ ဆိုင်ကြီးအိမ်ကြီး ပိုင်ဆိုင်ကာ ခန်းနားထည်ဝါလျက် လူမှုတန်းမှု၊ တရားစခန်းအတွေ့အကြုံ ပြည့်စုံသူဟု အများအမြင် ဝင့်ထည်နေသူက ပစ္စည်းထုပ်ကို တစ်နင့်တစ်ပိုးတင်ကာ ဆိုက်ကားနင်းရသူ၏ လုပ်အားခကို ဈေးဆစ်၍ ခေါင်းပုံဖြတ်လျက် မာန်တက်ပြသည့် အမြင့်လွှာလူစားတို့၏ စာနာစိတ်ကင်းမှုများကို ကိုယ်တိုင်ဒိဋ္ဌ ကြားမြင်ခြင်းများကိုလည်း တစိမ့်စိမ့်တွေးနေမိပြန်သည်။

လူတန်းစားအသီးသီးတို့၏ စာနာစိတ်ကင်း၍ အပေါ်ယံဆက်ဆံမှုကို အလျှော့ပေးကာ ခံရသည်က အများသူငါ အောက်ခြေလူတန်းစားသာတည်း။ နိုင်ငံတော်၏ အများစုဖြစ်သော အောက်ခြေလူတန်းစား အများသူငါတို့မှာ အသိပညာဆင်းရဲ၊ ပစ္စည်းဥစ္စာဆင်းရဲ၊ အခွင့်အရေးဆင်းရဲ၊ အောက်ဆုံးဆင့် ဆင်းရဲကြရသူများ ဖြစ်ကြပေသည်။ ထိုသို့ ဆင်းရဲပေါင်းစုသဖြင့်လည်း အသိပညာ ဆင်းရဲကာ စာနာစိတ်၊ စည်းကမ်းလိုက်နာမှု စသည်တို့ ချို့တဲ့ကြခြင်း ဖြစ်နိုင်သည်ဟု တွေးထင်မိပါသည်။ ပင်စည်မတောင့်တင်းသော နွယ်ပင်မှသီးသော ဖရဲသီးကို ဝလံဟု ပညာရှိများ မိန့်ဆိုချက်အရ မိမိကိုယ်တိုင်တွေ့ရှိခံစားရသော နွယ်ပင်သီး၏ နဂိုရှိရင်းစွဲ အရသာပျောက်ကင်းပြီး ရသာမဲ့ဝလံ ဖြစ်ခဲ့ရသည်။ နွယ်ပင်မဟုတ်၊ ပင်စည်ခိုင်မာသော အပင်မှ အသီးများကို စားမိလျှင်လည်း ထိုအချိန်မျိုး၌ မူလအရသာပျောက်ကွယ်ပြီး ရသာမဲ့သစ်သီးဖြစ်ပေလိမ့်မည်ဟု ထင်မိပါသည်။

မိမိကြုံတွေ့ခဲ့ရသော၊ ခံစားခဲ့ရသော ဝေဝါးတွေပြား ခံစားချက်မှ ဆက်နွယ်ကာ ရသာမဲ့သစ်သီးဝလံ ဖြစ်ခဲ့ခြင်းသည် မိမိ၏ အမှတ်မထင် နှလုံးသား၌ စူးဝင်မိသော ခံစားချက်ဖြစ်သော်လည်း ခိုင်ခံ့သောအပင်မှသီးသော သစ်သီးဖြစ်စေ၊ ပျော့ပျောင်းညွှတ်ပါးသော နွယ်ပင်သီးဝလံဖြစ်စေ သစ်သီးဝလံတိုင်း နဂိုမူလအရသာကို ထိန်းသိမ်းစောင့်ရှောက်၍ ရသာဖျက်မှုမျိုး မဖြစ်စေဖို့ရာ လိုလားတောင့်တမိပါတော့သည်။


သောင်းဉာဏ်(ပန်းဆေ်ာကျွန်း)





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပဏ္ဍိတဆရာခြိမ့်နှင့် ရသာယနဓာတ်ပြာ

(စာတ်သိမ်းပိုင်း)

■ နန္ဒီးခြေအုံသျှင်

မုတ်ဆိတ်ဖြူ ပဏ္ဍိတဆရာခြိမ့်နှင့် ရဲသူကျော်ခေါင်တို့သည် ခုနစ်မိုင်ရွာလူကြီး ပူလွယ်မွန်စိုင်အိမ်သို့ ရောက်ရှိလာကြသည်။ သုဝဏ္ဏလျှံတောင်သို့ရောက်ရန် လာခဲ့ရသောခရီးလမ်းသည် ခက်ခဲပင်ပန်းလွန်းလှသည်။ ထိုခေတ် ထိုအချိန်က ခရီးလမ်းပန်းဆက်သွယ်ရေးက မကောင်း။ သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်နေသောကာလဖြစ်၍ မော်တော်သံတညံညံ၊ သေနတ်သံတဒိန်းဒိန်း ကြားနေရသည်။ မိုင်းပျဉ်း၊ မိုင်းယောင်း၊ မိုင်းဖြတ်နှင့် ကျိုင်းတုံသို့သွားသောတုန်ပို့သည့် အစိုးရ အာရ်-တီ-ဘီ ကားကြီးများနှင့် ကားကြုံလိုက်ခဲ့ရသည်။

ယခင်က ကွန်ဟိန်းတွင် နေထိုင်ခဲ့သော ဆရာခြိမ့်အဖို့ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်တွေ့ရသည်။ အသိမိတ်ဆွေများစွာရှိ၍ တည်းခိုသွားလာရေးအတွက် အခက်အခဲ မရှိလှပေ။ ရဲသူကျော်ခေါင်က ရွာသူကြီးပူလွယ်မူစိုင်အား ရွှေထည်များ ဝတ်ဆင်တတ်သည့်ဘုန်းကြီးများအကြောင်းကို မေးမြန်းစုံစမ်းကြည့်သည်။

"မိုင်းယန်းမှာ ယွန်းဘုန်းကြီးတွေ ရှိတယ်။ အဲဒီမှာနေကြတဲ့ လားဟူ၊ လီရှော၊ အီကောနဲ့ ဝတွေက နတ်ကိုးကွယ်တာ များတယ်။ ဗုဒ္ဓဘာသာသိပ်မထွန်းကားဘူး။ ယွန်းဘုန်းကြီးတွေက ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ နာရီတွေ ဝတ်တတ်တယ်။ ခြေထောက်မှာ ခြေအိတ်နဲ့ အဝတ်ဖိနပ် စီးတတ်တယ်။ မြို့ထဲကို စက်ဘီးစီးလည်တယ်၊ အပျိုအိမ်တွေကို သွားလည်ရင်းရည်းစားစကားပြောတာတွေရှိတယ်"

ရွာလူကြီး ပူလွယ်မွန်စိုင်က သူသိသမျှ ရှင်းပြသည်။

"ဒါဖြင့် အနော်ရထာ ဘုရင်လက်ထက်က နှင်ထုတ်လိုက်တဲ့အရည်းဘုန်းကြီး အဆက်အသွယ်တွေများဖြစ်နေမလား မသိဘူး"

"ဟုတ်လိမ့်မယ် ရဲသူကျော်ခေါင်။ ရှင်လောင်းလေးတွေ ရှင်ပြုပြီး သင်္ကန်းဝတ်ထားလည်း ညနေဘက်ကျ အိမ်ပြန်ပြီး ထမင်းစားတတ်ကြတယ်"

"ဆရာခြိမ့်ဆီ ရောက်လာတဲ့ရွှေဘုန်းကြီးဟာ မိုင်းယန်းဘက်ကဘုန်းကြီးပဲ ဖြစ်ရမယ်"

"ဘယ်ကဖြစ်ဖြစ် သူပြောသွားတဲ့အတိုင်း သုဝဏ္ဏလျှံတောင်ပေါ်တက်ကြည့်ရမှာပဲ။ တောင်ပေါ်မှာဘယ်လိုထူးခြားမှုတွေရှိမလဲ မသိဘူး"

"ဗဟုသုတ္တရိနတ်သမီး သစ္စာဆိုတဲ့နေရာမှာ ဆရာခြိမ့်လိုချင်တဲ့ ရသာယနဓာတ်ပြာ အညွန်းရမယ်ဆိုတော့ဘယ်နေ့ စတက်မှာလဲ"

"တောင်ပေါ်ကို ဘယ်သူမှမသွားကြဘူး။ တောကြီးတယ်။ တောင်ခါးပန်းတွေနဲ့ တောကြီးဂနိုင် ဖြစ်နေတာ။ ဒါပေမယ့် ထူးဆန်းတဲ့ ရသေ့တစ်ပါးတော့ ရှိတယ်ပြောကြတယ်"

"ဘယ်လိုထူးဆန်းတာလဲ ရွာလူကြီး"

"အဲဒီရသေ့က လူတွေနဲ့အတွေ့မခံဘူး။ ဖူးထိုက်တဲ့သူမှ ဖူးရတယ်။ ဂုံရှမ်းလူမျိုး ထော်လနန်းဆိုတဲ့ ရသေ့ပဲ။ တောင်ပေါ်တက်တဲ့လူတွေ ပြောတာကတော့ ခုဒီနေရာမှာ တွေ့ရမ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ချက်ချင်း ပျောက်သွားတတ်တယ်။ သွားရင်လည်း အရမ်းမြန်တယ်။ လိုက်လို့မမီဘူး။ တောင်ပေါ်မှာ သူနေတဲ့ကျောင်းသိမ်းလေး ရှိတယ်။ သုံးလေးယောက်လောက်ပဲ အတွေ့ခံတယ်။ လူအများကို လာတာမြင်ရင် ရှောင်ထွက်သွားတတ်တယ်။ ကိုယ်ပျောက်အတတ်ပညာ တတ်တယ်လို့လည်း ပြောကြတာပဲ”

“စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပဲ ဆရာခြိမ့်”

“ငါတို့ လာရကျိုးနပ်တာပေါ့ကွာ။ ငါလိုချင်တဲ့ ရသာယနဓါတ်ပြာအညွန်းကိုလည်း သေချာရလိမ့်မယ်လို့ ထင်နေပါတယ်”

ရွာလူကြီး ပုလွယ်မွန်စိုင်က တောင်ပေါ်တက်ရာတွင် အကူအညီရ စေရန်အတွက် သူ့တပည့် စိုင်းဆိုင်တွိကို အဖော်ထည့်ပေးလိုက်သည်။ လင်းကြက်အော်သံများ ကြားရပြီး နောက်တစ်နေ့မနက် စောစောတွင် ဆရာခြိမ့်နှင့် ရဲသူကျော်ခေါင်တို့ အိပ်ရာမှထကြသည်။ မနက်စောစောမှာပင် တောင်ပေါ်သို့ စတက်လာခဲ့ကြသည်။ အဝေးမှ လှမ်းမျှော်ကြည့်လိုက်ကြရာ တောင်ထွတ်တောင်ထိပ်တွင် မြူများအုံ့မှိုင်းလျက်ရှိနေသည်။

ချောင်းလေးတစ်ခုကို ကျော်ပြီးနောက် စိုင်းဆိုင်တွိက သူသိသမျှ ကြားဖူးနားဝ နယ်မြေအနေအထားများကို ရှင်းပြသည်။

“ဒီချောင်းက ဟိုးရှေးတုန်းထဲက သိကြားမင်းဖန်ဆင်းထားတဲ့ချောင်းပဲ။ ဆရာကြီးတို့ မြင်ရတဲ့ မြောက်ဘက်တောင်က မုဆိုးတောင်။ ခု ကျွန်တော်တို့ စတက်နေတာက သုဝဏ္ဏလျှံတောင်ပဲ။ တောင်စောင့်နတ်ကြီးတွေရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် မတည့်ဘူး။ ခဏခဏ ရန်ဖြစ်ကြတယ်”

“ဘာပြုလို့ ရန်ဖြစ်ကြတာလဲ”

ရဲသူကျော်ခေါင်က စိတ်ဝင်တစား မေးလိုက်သည်။

“ဒီလို . . ဆရာလေးရ။ ဘုရားအလောင်းတော် သုဝဏ္ဏသာမ စံမြန်းတဲ့တောင်က သူတော်ကောင်း သူမြတ်လောင်းတွေ ကိန်းအောင်းမွေ့လျော်တာမို့လို့ တောင်တော်မြတ်ဖြစ်တယ်။ သုဝဏ္ဏသာမကို မြားနဲ့ပစ်ဖို့ ရောက်လာတဲ့ ဗာရာဏသီပြည့်ရှင် ပိဠိယက္ခမင်းကို မုဆိုးတောင်စောင့်တဲ့နတ်က မတားဆီးတဲ့အပြင် ကူညီလိုက်တယ်။ မုဆိုးတောင်ကို စောင့်တဲ့နတ်က မကောင်းတဲ့နတ်၊ နတ်မိစ္ဆာဖြစ်တယ်လို့ သုဝဏ္ဏလျှံတောင်ကို စောင့်တဲ့ နတ်ကပြောတယ်”

“ဒါကို မုဆိုးတောင်စောင့်တဲ့နတ်က မခံချင်ဘူး။ ပိဠိယက္ခမင်းကြီးကို သူကူညီတာမဟုတ်ဘူး။ သူက ဘုရားလောင်းသုဝဏ္ဏသာမရဲ့ ဝဋ်တော်တွေ ပြေပျောက်အောင် ပါရမီဖြည့်ပေးတဲ့သူ ဖြစ်တယ်။ သူ့မှာ အပြစ်မရှိဘူး။ ယုတ်မာတဲ့ နတ်လည်း မဟုတ်ဘူးဆိုပြီး မကြာခဏ ရန်ဖြစ်ကြတယ်၊ ဒါကို သိကြားမင်းကသိတော့ ရောက်လာပြီး သုဝဏ္ဏလျှံတောင်နဲ့ မုဆိုးတောင်ကြားမှာ ချောင်းတစ်ချောင်း ဖန်ဆင်းလိုက်တယ်။ နယ်နိမိတ်ကိုလည်း သတ်မှတ်ပေးတယ်။ မုဆိုးတောင်စောင့် နတ်တို့လည်း ဒဏ်ခတ်လိုက်တယ်”

“ဘယ်လို ဒဏ်ခတ်လိုက်တာလဲ”

“မုဆိုးတောင်မှာ သစ်ပင်ဝါး မပေါက်စေရ။ ကျောက်အတိ အမြဲတမ်း ခြောက်သွေ့နေစေ အမိန့်ချမှတ်လိုက်တာပဲ။ ဆရာကြီးတို့ မြင်တဲ့အတိုင်းပဲလေ”

ဟုတ်တော့လည်း ဟုတ်သည်။ ဆရာခြိမ့်နှင့် ရဲသူကျော်ခေါင်တို့ မြင်တွေ့လိုက်ရသည်မှာလည်း သုဝဏ္ဏလျှံတောင်သည် သုံးရာသီစလုံး စိမ်းလန်းစိုပြည်လျက်ရှိပြီး မုဆိုးတောင်သည် အမြဲတမ်း ခြောက်သွေ့လျက်ရှိနေပေသည်။

ဆရာခြိမ့်၊ ရဲသူကျော်ခေါင်နှင့် စိုင်း ဆိုင်တွိတို့သည် တောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်လာကြသည်။ စိတ်ထဲတွင် ကြည်နူးလန်းဆန်းလျက်ရှိသည်။ မောပန်းနွမ်းနယ်ခြင်းမရှိ စိမ်းစိုသော သစ်ပင်များပေါ်တွင် ရေငွေ့များက မြခက်ကျောက်လုံး များကဲ့သို့ တဖျပ်ဖျပ်တောက် ကြသည်။ တောင်အမြင့်သည် ပေ ၇၀၀၀ ကျော်ပေသည်။ တောင် ရောက်သည်အထိ လေးမိုင်နီး လောက် လျှောက်လာခဲ့ကြသည်။

“ဆရာခြိမ့်၊ ဟိုမှာ ကျောက် ကြီးက နည်းနည်းနောနော မဟုတ်

တောင်ပေါ်တွင် တော



www.burmeseclassic.com

www.burmeseclassic.com

…တိုးထွက်နေသော ကျောက်ဖျာကြီးကို မြင်လိုက်ရ၍ ရဲသူကျော်ခေါင်က ပြောလိုက်သည်။ ကျောက်ဖျာကြီးမှာ လူ ခြောက်ရာကျော်ခန့် နေထိုင်နိုင်လောက်အောင် ကျယ်ဝန်းပြီး ပြန့်ကားကြီးမားစွာ သဘာဝ အမိုးအကာကြီးသဖွယ် ထူးဆန်းစွာ တည်ရှိနေပေသည်။

"ကျောက်ဖျာကြီးရဲ့ တောင်ဖက်က တောင်တစ်လုံးကို ဆရာလေး တွေ့လား"

"အင်း . . . ဟိုတောင်ပဲ"

"အဲဒီတောင်မှာ လေပေါက်ရှိတယ်။ တောင်အပေါက်ကလေးက အပေါ်ကိုတက်လာတာ။ ပေါက်ပေါက်တွေချကြည့်ရင် အပေါ်ကိုပဲ ပြန်တက်လာတယ်။ တောင်အောက်ကိုကြည့်လိုက်ရင် လူတစ်ယောက်က ဒူးတုပ်ပြီးထိုင်နေတဲ့ ပုံသဏ္ဌာန် ကျောက်ရုပ်၊ နောက်ကျောက်တောင်ကိုမှီ၊ ခြေဆင်းပြီး တရားဟောနေတဲ့ ပုံသဏ္ဌာန် ကျောက်ရုပ်တွေရှိတယ်"

"ဘာကိုဆိုလိုတာလဲ"

"ဒူးတုပ်နေတဲ့ ပိဋ္ဋိယကွမင်းကြီးကို အဆိပ်ပြယ်သတိရလာတဲ့ သုဝဏ္ဏသာမ အလောင်းတော်က တရားဟောနေတဲ့ နေရာတွေဖြစ်လိမ့်မယ်"

ဆရာခြိမ့်နှင့် ရဲသူကျော်ခေါင်းတို့သည် ထိုနေရာတစ်ဝိုက်အား လှည့်လည်ကြည့်ကြသည်။ သုဝဏ္ဏသာမ အလောင်းတော် ဆွမ်းစားရာနေရာ ဖြစ်နိုင်သည့် ကျောက်ဖျာကြီးကို တအံ့တသြတွေ့ကြသည်။ သပိတ်နှင့် သပိတ်ဖုံးသဏ္ဌာန်အတိုင်း ဖြစ်နေသော ကျောက်ခွက်ကြီးလည်း တွေ့ရသည်။

အနောက်သို့ ဆက်ထွက်လာခဲ့ကြသည်။

သုဝဏ္ဏသာမ အလောင်းတော် ခြေရာနှင့် သမင်ခြေရာများ ဖြစ်နိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်း ခြေရာကွက်များကို တွေ့ရသည်။ လှော်တက်နှင့် လှေသဏ္ဌာန်တို့မှာလည်း ကျောက်ဖြစ်နေကြသည်။ ထိုနေရာမှနေ၍ အရှေ့ဘက်ကို ထွက်လာခဲ့ကြသည်။

ကျောက်ဖျာပေါ်တွင် အိပ်နေသည့် ပုံသဏ္ဌာန်နှင့် မီးသဂြိုဟ်ပုံသဏ္ဌာန် ကျောက်တုံးကျောက်ခဲများ၊ မီးခိုးပုံသဏ္ဌာန် အပေါ်သို့ ပျံတက်နေပုံများကို ထူးဆန်းစွာ တွေ့ရှိလိုက်ကြသည်။ စိုင်းဆိုင်တို့က နောက်တောင်တစ်တောင်ပေါ်သို့ တက်ရင်း နတ်ရေကန်ရှိရာကို လိုက်ပြသည်။ လက်တစ်ခုပ်စာ ရေတွင်းငယ်လေး ဖြစ်သည်။

"ဒီနတ်ရေကန်က ရေတွေကို ဘယ်လိုခပ်ခပ် မကုန်ခန်းဘူး။ သစ္စာပြုဆုတောင်းရင် ရေတွေအများကြီး ထွက်လာတယ်"

တောင်ထိပ်ပေါ် ရောက်လျှင် ကျောက်ဂူနှစ်ခုကို တွေ့ရသည်။ ဂူတစ်ဂူတွင် လူတစ်ရာခန့် နေနိုင်အောင် ကျယ်ဝန်းသည်။ တစ်ဂူနှင့် တစ်ဂူမှာ အလံနှစ်ဆယ် ကွာဝေးသည်။

"ဒီဂူတွေက ဒုကုလနဲ့ ပါရိကာ ရသေ့နှစ်ပါးနေတဲ့ ဂူတွေလို့ ပြောကြတယ်"

ဒုကုလနဲ့ ပါရိကာတို့ သက်န်းလှမ်းသည့်တောင်၊ တောင်ခေါင်းထဲတွင် ငွေခရု(ခရုသင်း)ကျောက်ရုပ်ကို တွေ့ရသည်။

"ဒီတောင်ပေါ်ကို အမျိုးသမီးတွေ မတက်ရဘူး ဆရာလေး"

"ဘယ်လိုဖြစ်လို့လဲ"

"အမျိုးသမီးတွေတက်ရင် မိုးကြီးသည်းထန်စွာ ရွာတတ်၊ မိုးကြိုးတွေ ပစ်တတ်တယ်"

တောင်အောက်ဘက်သို့ ဆင်းလာခဲ့ကြသည်။

သုဝဏ္ဏလျှိုတောင်က တော်တော်ထူးဆန်းတဲ့တောင်ပဲ။ ဇာတ်တော်ထဲကအတိုင်း အဖြစ်အပျက်တွေအားလုံးက ကျောက်ဖြစ်ရုပ်ကြွင်းအတိုင်း ပြန်တွေ့ရတာပဲ။ ဆရာခြိမ့်နဲ့တွေ့ခဲ့တဲ့ ရွှေဘုန်းကြီး ပြောတာတွေ အကုန်မှန်နေတာပဲ"

"ဟုတ်တယ် ရဲသူကျော်ခေါင်။ ဗဟုသုနွှရီနတ်သမီး သစ္စာဆိုတဲ့ နေရာကလည်း ကျောက်ဖြစ်ရုပ်ကြွင်း ရှိနေမှာပဲ။ ငါတို့ ခက်ခက်ခဲခဲ ရှာစရာလိုမယ်မထင်ဘူး"

ကျောက်ခက်၊ ကျောက်တန်း၊ ကျောက်ပန်းများကို တွေ့လိုက်ရသည်။ မျက်စိမမြင်သော မိဘနှစ်ပါး စကြံလျှောက်ရန် သုဝဏ္ဏသာမ အလောင်းတော်က ကြိုးတန်းနွယ်တန်းသဖွယ် ဆင်ပေးထားသော နေရာဖြစ်သည်။ အောက်ဘက်သို့ အနည်းငယ်ဆင်းသွားသောအခါ မြွေဆိပ်သင့်သောနေရာ ဖြစ်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com

တောင်ပို့ကို တွေ့ရသည်။

ဒုကုလနေထိုင်သောဂူဟု မှတ်ထင်နိုင်သော ဂူထဲတွင် သိကြားမင်း မျက်စိကုပေးခဲ့သည်လား မသိပေ။ ထိုနေရာတွင် လူတစ်ဦး ထိုင်နိုင်လောက်သည့် ကျောက်ဖျာရှိသည်။ ဂူအပြင်ဘက်တွင် ရွှေအိုး၊ ငွေအိုးပုံ သဏ္ဌာန် ကျောက်အိုးနှစ်အိုးကို တွေ့ရသည်။ "သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည်"ဟု ဒုကုလနှင့် ပါရိကာတို့က ပြောခဲ့ဖူးသည်ကို အမှီပြု၍ သိကြားမင်းထိုင်သော ကျောက်ဖျာ မျက်စိအလင်းရအောင် ကုပေးသောနေရာ၊ မျက်စိလည်းမြင် ရွှေအိုးငွေအိုးရသည့်နေရာ ဖြစ်နိုင်သော အထောက်အထားများဖြစ်နေပေသည်။

တောင်တစ်ခွင်လုံး လှည့်ပတ်ကြည့်ကြသည်။ မြောက်ဘက်မှပတ်ပြီး အရှေ့ဘက်သို့ ထွက်ခဲ့ရာ ဒုကုလ၊ ပါရိကာနှင့် သုဝဏ္ဏသာမတို့ ကသိုဏ်းရှုရာ တရားကျင့်ရာများ ရှိနေသည်။ မုဆိုးတောင်နှင့် နီးကပ်သော နေရာတွင် လဲလျောင်းနေသကဲ့သို့ ကျောက်ရုပ်ကို မြင်တွေ့ရသည်။ မြားသင့်သောနေရာ ဖြစ်နိုင်ပေသည်။ အခေါင်းပေါက်ဖြစ်နေသော တောင်ကို တွေ့ရသည်။

"ဒီတောင်က ထူးဆန်းတယ် ဆရာကြီး။ သစ္စာသမာဓိ မရှိတဲ့သူတွေဆိုရင် ဝင်လို့မရဘူး။ တောင်ခေါင်းထဲက အမိုးပေါ်မှာရှိတဲ့ ကျောက်ပန်းခက်တွေက နူးညံ့ပျော့ပျောင်းပြီး ရွှေလိုဝင်းအိနေတယ်။ ဒါကလည်း မြင်ထိုက်တဲ့သူမှ မြင်တွေ့ရတာ။ အတွင်းထဲမှာ တောင်ခေါင်းကြီး ဖြစ်ပေမယ့် လင်းထိန်နေတယ်။ အောက်ဘက်မှာ ရေကန်ရှိတယ်။ ရေကန်ထဲမှာ ကြာပင်ကြာပန်းတွေ ပေါက်နေကြတယ်လို့ ပြောတယ်"

သုဝဏ္ဏလျှံတောင်က ထူးဆန်းအံ့ဩဖွယ်ရာများ အပြည့်ရှိနေသည်။ တစ်ယောက်နှင့်တစ်ယောက် အမြင်ချင်း မတူကြပေ။ ထိုနေရာတွင် တစ်ယောက်က ထိုသို့တွေ့ရပါသည်ဟု ပြောလျှင် အခြားတစ်ယောက်က သွားကြည့်လျှင် ဘာမှမတွေ့ရတတ်ပေ။ ကံကောင်း ကံထူးသူများအနေနှင့် တောင်ပေါ်မှ ငှက်ပျောသီး၊ ဩဇာသီး၊ ကြံချောင်းများကို တွေ့ရ ကြုံရ စားခဲ့ကြရသည်။ ဆေးဖက်ဝင် ဂမုန်းပင်များလည်း များစွာပေါက်ရောက်သည်။ သစ္စာပြု၍ တောင်းယူလျှင် ရနိုင်သည်။ မထိုက်တန်ပါက ခူးယူလာသည့် ဆေးပင်များသည် အလိုလို ပျောက်ဆုံးသွားတတ်ပေသည်။

တောင်ထွတ်တောင်မြတ် ဖြစ်သည့်အလျောက် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၊ ရသေ့သူတော်သူမြတ်များ နေထိုင်ခဲ့သည့် နေရာဖြစ်သည်။ ထူးဆန်းသော ကျောက်ဖျာနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများကို မြင်တွေ့လိုက်ကြရသည်။ လဲလျောင်းနေသော သဏ္ဌာန်တစ်ခုအား ဦးခေါင်းအား ရင်မှာပိုက်လျက်နှင့် ခြေတို့အား ရင်မှာပိုက်ထားသော ရုပ်တုများ ဖြစ်ကြသည်။ အဆိုပါ ကျောက်ဖျာအနီးနှင့် ရွှေရောင်များ တလက်လက်တောက်ပနေသည့် ဘုန်းတော်ကြီး တစ်ပါး ရှိနေသည်။

"ဆရာမြိမ့် ဟိုကျောက်ဖျာနားက ဘုန်းကြီးက ဆရာမြိမ့်ဆီ ရောက်လာတဲ့ ရွှေဘုန်းကြီးလား မသိဘူး"

"အဲဒီနေရာက သုဝဏ္ဏသာမ မြားမှန်ပြီး လဲကျတဲ့နေရာ၊ ဒုကုလ၊ ပါရိကာနဲ့ ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြုတဲ့နေရာ ဖြစ်မယ်။ သေချာအောင် အနီးသွားကြည့်ရအောင်"

သူတို့သုံးဦးစလုံး အလျင်အမြန် အပြေးအလွှား သွားကြည့်ကြသည်။ ဘုန်းတော်ကြီးမှာ တောင်ပေါ်သို့ တက်သွားသည်။ ဘုန်းတော်ကြီး၏ ခန္ဓာမှာလည်း တဖြည်းဖြည်း ကြီးကြီးသွားသည်။ ထိုမှ ငယ်၍ငယ်၍ သွားရာ တခဏအတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။

ဆရာမြိမ့်သည် ဘုန်းတော်ကြီး ထိုင်ခဲ့သည့် နေရာသို့ ကြည့်လိုက်ရ ကျောက်ဖျာပေါ်တွင် စာတန်းများ ပေါ်ထွက်နေသည်ကို မြင်တွေ့လိုက်ရသည်။ မေ့ပျောက်မသွားစေရန် ကူးယူမှတ်သားထားလိုက်သည်။

ကရဏီယအောက်၊ ဝလေးထောက်၊ ပေါက်ကန်ရှင်ကြီး၊ ထီးနှစ်ပျောက်၊ ၁,၂,၃,၄ စာမတွေးနှင့်၊ နဝတိုင်အောင်ကောက်၊ ပိဋကတ်မှာ နောက်ရန်ရှာ၊ ဗေဒင်အကြောင်းနှင့် ပေါင်းလိုက်ရာ ဓမ္မနဝအင်းမှာ တွေ့အောင်ရှာ . . . ။

ဆရာမြိမ့်သည် ဘုန်းတော်ကြီး ထိုင်ခဲ့၍ ပူနွေးနေသော ကျောက်ဖျာ



www.burmeseclassic.com

www.burmeseclassic.com

အား ရှိသေစွာ ရှိခိုးပြီး ရသာယနဓာတ်ပြာနှင့် သတ္တုဝါတို့၏ အသက်ကို ကယ်တင်ရသူ ဖြစ်ရပါလိုကြောင်း ဆုတောင်းလိုက်သည်။ ထူးဆန်းစွာဖြင့် ဆရာခြိမ့် ကူးယူမှတ်သားပြီးနောက် ကျောက်ဖျာပေါ်မှ စာလုံးများသည် တဖြည်းဖြည်း မှုန်ဝါးလာရာမှ ထူးဆန်းစွာ ပျောက်ကွယ်သွားလေသည်။

ရဲသူကျော်ခေါင်က ဆရာခြိမ့် မှတ်သားထားသည်ကိုကြည့်ရင်း မေးလိုက်သည်။

“ကရဏီယအောက် ဝလေးထောက်၊ ပေါက်ကန်ရှင်ကြီး ထီးနှင့်ပျောက် . . . ဘာတွေလဲ ဆရာခြိမ့်။ သိုက်စာဝှက်စာတွေကို ဘယ်လိုဖော်ထုတ်မှာလဲ”

“အေး . . . ငါစဉ်းစားကြည့်တော့ ပရိတ်ကြီး ၁၁ သုတ်မှာ မေတ္တသုတ်ထဲက ဥယျောဇနဂါထာအစ ယဿနုဘာဝ တော အစချီဂါထာမှာ သေသေချာချာ ရှာကြည့်လိုက်ရင်

ယဿနုဘာဝ ယက္ခာနေဝ၊ ယမ္ဘိ စေဝ၊ ရက္ခိဒိဝဆိုပြီး ဝလေးလုံး သွားတွေ့တယ်။ ၁၊ ၂၊ ၃၊ ၄ ဂဏန်းရေးပြီး တွေးစရာမလိုဘူးလို့ အဓိပ္ပာယ်ရတယ်။ နောက်တစ်ခါ ပိဋကတ်အက္ခရာ စမဗျည်း ၃၃ လုံးထဲက စပြီးနောက်ပြန်ရေးကြည့်တဲ့အခါ ၁၇ လုံးမြောက် အက္ခရာ ထဆင်ထူး (ထ) ကို တွေ့ရမယ်။ ဗျည်းအားလုံးရဲ့ အလယ်ဗဟို အက္ခရာပဲ။ အဲဒီ(ထ) ကို စမဘုရင်လို့လည်း ခေါ်ကြတယ်။ (ထ)ကို တောင်မြောက်၊ အရှေ့အနောက် ကြက်ခြေခတ်လိုက်တဲ့အခါမှာ ဝလေးလုံးပူးနေတာ ပေါ်လာတယ်။ ဓမ္မာ နဝ အင်းချလိုက်ရင် ဝလေးလုံးသတ်ရမယ်။ ဆေးပေါ်လာမယ်။ ဟုတ်ပြီ . . .။ ရသာယနဓာတ်ပြာရရင် စတုမဓူ၊ နွားနို့၊ ပျားရည်၊ တိုင်းရင်းဆေးတွေနဲ့ စပ်ဟပ်ပြီး သတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နိုင်မယ်။ သက်ရှည်ကျမ်းမာ ဆေးမဟာတစ်ပါးပေါ့ဗျာ။ မေတ္တာနဲ့ သစ္စာတရား ကြီးမားတဲ့ သုဝဏ္ဏလျှံတောင် ပေါ်ကရတဲ့ ရွှေကပညာရှင် ထွက်ရပ်မြန်းကြတဲ့ ဆရာကြီးတွေရဲ့ လျှို့ဝှက် အဂ္ဂိရတ်လုပ်ရပ်ပညာ အညွန်းကို ထူးထူးခြားခြားရခဲ့တာပဲ။ ရဲသူကျော်ခေါင်”

အနုငါးရာ ရင့်မာတစ်ကျိပ်ဆိုသည့် ဘုရားနိပတ်တော်အတိုင်း အနုငါးရာဖြစ်သော ဘုရားအလောင်းတော်မြတ် နုစဉ်အခါက စံမြန်းနေထိုင်တော်မူရာ နေရာနှင့် ဖြစ်တော်စဉ်များသည် ရှမ်းပြည်နယ်တွင် ရှိခဲ့ဖူးသည်ကို အမှန်တကယ်ရောက်ခဲ့ဖူးသော မှတ်ဆိတ်ဖြူပဏ္ဍိတဆရာခြိမ့်နှင့် ရဲသူကျော်ခေါင်တို့ ကောင်းကောင်းသိရှိသွားကြသည်။

✣ ✣ ✣

မိုးသည်းထန်စွာ ရွာသွန်းသော ညတစ်ညဖြစ်သည်။

ဝါဆိုလတွင် ရွာသွန်းသော ဝါဆိုမိုးဖြစ်သည့်အလျောက် တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် အိမ်ခေါင်မိုးပေါ်သို့ ရွာချလျက်ရှိသည်။ လေတလည်း တရှိုးရှိုး တရှဲရှဲ မြည်ဟည်းတိုက်ခတ်လျက်ရှိရာ သစ်ကိုင်းသစ်ခက်များသည်လည်း ကြောက်မက်ဘွယ် လှုပ်ယမ်းယိမ်းခါလျက်ရှိသည်။ ညအချိန်ဖြစ်၍ မှောင်မည်းနေပေသည်။ မိုးသံလေသံ အမှောင်ထုကြားတွင် ခေါ်မကြား အော်မကြားရသော ညမိုက်မိုးသည်း ညတစ်ညဖြစ်သည်။

အဆိုပါ သည်းထန်စွာ ရွာသွန်းနေသော မိုးသည်းသည်း အမှောင်ထုထဲတွင် မိုးကာနက်ပြာရောင်များ လွှမ်းခြုံထားသော လူသုံးယောက်သည် တရွေ့ရွေ့ ချဉ်းကပ်လာကြသည်။ ဒီညအဖို့ ပစ်မှတ်ထားသောအိမ်မှာ မုတ်ဆိတ်ဖြူ ပဏ္ဍိတ ဆရာခြိမ့်ဟုခေါ်သည့် ကျူရီယိုအိမ်ဆိုင်လေး ဖြစ်သည်။ ဆိုင်ရှေ့တွင် အတန်ကြာအောင် ရပ်လိုက်ကြပြီး အခြေအနေကို လေ့လာအကဲခတ်လိုက်ကြသည်။

အမှောင်ထုထဲတွင် အိမ်ကလေးမှ ထွက်ပေါ်လာသော မီးရောင်လဲ့လဲ့လေးသည် မိုးရေစက်များကြားတွင် အရောင်တလက်လက် ထွက်ပေါ်လာသည်။

“ဒီအဖိုးကြီး ရှမ်းပြည်ဘက်က ပြန်လာတာ သိပ်မကြာသေးဘူး။ ရွှေပောင်းပစ္စည်းတွေ အရောင်းအဝယ်လုပ်တာ တော်တော်ထောလာပုံရတယ်။ အခုထိ မအိပ်သေးဘူး။ ဖိုထိုးနေတာ ဖြစ်ရမယ်။ မီးရောင်တွေ ထွက်နေတုန်းပဲ။ ဘယ်လိုလုပ်ကြမလဲ”

www.burmeseclassic.com

"အိပ်အိပ် မအိပ်အိပ်ကွာ . . . ဝင်စီးကြမယ်။ မင်းတို့စုံစမ်းထားတဲ့ အတိုင်း အရပ်ထဲက လူတွေပြောတဲ့ စကားအရ ရွှေအိုးငွေအိုးတွေ ဘယ်မှာမြှုပ်ထားတယ်ဆိုတာ သေချာစစ်မေးရမယ်"

"ဆရာကျော်ကြီး ဒီအဘိုးကြီးက ဂမ္ဘီရဆရာကြီးလို့ပြောတယ်။ အစွမ်းသိဒ္ဓိတွေရှိတယ်လို့ ပြောကြတယ်။ ဘာတွေဘယ်လောက် အစွမ်းထက်နေမလဲ မသိဘူး။ ကျွန်တော်တော့ အိမ်ထဲဝင်ရမှာ ခပ်လန့်လန့်ပဲ"

"ဘာလဲ . . . မင်းကြောက်နေတာလား။ သွေးမကြောင်စမ်းပါနဲ့ ဓားငမိုးရာ။ ဓားငမိုးဆိုတဲ့ မင်းနာမည်ကို ပြောင်းထဲလွှင့်ပစ်လိုက်တော့"

ဒုစရိုက်ခေါင်းဆောင် ကျော်ကြီးနှင့် တပည့်နှစ်ယောက်ဖြစ်သော ဓားငမိုး၊ သံတုတ်မြမောင်တို့သည် နက်ပြာရောင် မိုးကာအင်္ကျီများ ဝတ်ဆင်ထားကြပြီး ဦးထုပ်များကို ခပ်ငိုက်ငိုက်ဆောင်းကာ တီးတိုးတီးတိုး စကားပြောနေကြသည်။

"ဓားငမိုးက နောက်ဖေးဘက်က လှည့်ဝင်ပြီး မီးဖိုတံခါးကို ရအောင်ဖွင့်ဝင်၊ ငါနဲ့ သံတုတ်မြမောင်က အိမ်ရှေ့ကဝင်မယ် . . . "

"ဟုတ်ကဲ့ . . . ဆရာ"

လူစုခွဲ အစီအစဉ်ဆွဲလိုက်ပြီး စတင်လှုပ်ရှားလိုက်ကြသည်။ ဓားငမိုးသည် နောက်ဖေးမီးဖိုချောင်မှ တံခါးမကြီးကို ဖောက်ထွင်းလှည့်ဖြုတ်လိုက်ပြီး ခြေသံလုံလုံနှင့် အိမ်ထဲဝင်လာသည်။ ပဏ္ဍိတဆရာခြိမ့်မှာ မအိပ်သေးဘဲ တရှိုးရှိုး တရှဲရှဲနှင့် ဖိုဆွဲကာ အဂ္ဂိရတ်ထိုးနေဆဲ ဖြစ်သည်။ သူ့နားထဲတွင် အိမ်ရှေ့ဘက်မှ ခြေသံများကို ကြားလိုက်ရ၍ မီးဖိုကို မီးဆွဲရပ်ကာ ဖျတ်ခနဲ ထရပ်လိုက်သည်။

"အိမ်ရှေ့က ဘယ်သူတွေလဲ"

တံခါးအပြင်ဘက်တွင် ရပ်နေသော ကျော်ကြီးနှင့် မြမောင်တို့မှာ အံ့ဩမှင်သက်သွားသလို ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားကြသည်။ တော်တော်အကင်းပါးသော အဘိုးကြီးဖြစ်သည်။ သူတို့နှစ်ယောက် အိမ်ရှေ့တံခါးဝတွင် ရပ်နေသည်ကို အတွင်းမှနေ၍ ဘယ်လိုလုပ် သိရှိသွားသည် မသိပေ။

"ရွှေပေါင်းပစ္စည်းတစ်ခု လာပြတာပါ"

ကျော်ကြီးက အသံကိုထိန်းပြီး ပြောလိုက်သည်။

"မင်းတို့ဟာက ညဘက် မိုးရွာကြီးထဲမှာ။ ဒီအချိန်က အရောင်းအဝယ်လုပ်ရမယ့် အချိန်မျိုးမှ မဟုတ်တာ"

"ဟုတ်ပါတယ် ဆရာကြီး။ကျွန်တော်တို့မှာက အရေးတကြီး အခက်အခဲ ရှိနေလို့ပါ"

"တံခါးဖွင့်လို့ရရင် ဝင်ခဲ့ပေါ့ကွာ"

ကျော်ကြီးက သံတုတ်မြမောင် မျက်နှာကို ကြည့်လိုက်သည်။ မိုးသံတွေက တဝုန်းဝုန်း တဒိုင်းဒိုင်း ရွာချနေဆဲပင်ရှိသည်။ အရပ်ရှည်ရှည် မြမောင်သည် ဘောင်းဘီအိတ်ထဲမှ ဆူးချွန်တစ်ခုကို ဆတ်ခနဲ တံခါးကြားထဲသို့ ထိုးသွင်းလိုက်သည်။ ဆူးချွန်နောက်မှ ချိတ်ရှည်တစ်ခုနှင့် တံခါးမင်းတုန်းချက်ကို ဆွဲယူလိုက်သည်၊ တံခါးကို အသာဆတ်၍ တွန်းထည့်လိုက်ရာ တံခါးမှာ ပွင့်ဟသွားသည်၊

မှန်မီးအိမ် အလင်းရောင်အောက်တွင် ရွှေပေါင်းပစ္စည်းပုံများကို တွေ့ရသည်။ ပစ္စည်းများမှာလည်း မျိုးစုံရှုပ်ထွေးလျက်ရှိသည်၊ ပဏ္ဍိတဆရာခြိမ့် အဘိုးကြီး ဘယ်ရောက်နေသည်မသိ။ ရွှေပေါင်းပန်းပုရုပ်များကြားတွင် ပုန်းကွယ်နေပုံရသည်။

"မင်းတို့နှစ်ယောက်က မဆိုးပါဘူး။ ဖောက်ထွင်းမှုဖို့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ကောင်တွေပဲ။ ရှမ်းပြည်ဘက်က ပြန်ရောက်လာပြီးထဲက မင်းတို့အလာကို စောင့်နေတာ။ ခုညကျမှပဲ ရောက်လာကြတော့တယ်"

တည်ငြိမ်စွာ ပြောလိုက်သည့် စကားပြောသံကြားရာဆီသို့ လှမ်းကြည့်လိုက်ရာ မုတ်ဆိတ်ဖြူကြီးများ ရှည်ကျနေသော ပိန်ပါးပါး အဘိုးကြီးတစ်ယောက်ကို မြင်တွေ့လိုက်ကြရသည်။ သူ့နောက်ကွယ်ရှိ နံရံတွင် ရွှေပေါင်းလက်နက်များဖြစ်သော ဒူးလေး၊ ရှမ်းဓားမောက်များ၊ လှံတိုလှံရှည်များ၊ ဝါးဖြင့်ပြုလုပ်ထားသည်ကို မြင်တွေ့လိုက်ကြရသည်။

"ဟဲ . . . ဟဲ . . . ဟဲ . . . ဒုစရိုက်ခေါင်းဆောင်ကျော်ကြီး မင်းတို့ရောက်လာရင် ဧည့်ခံဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com

အသင့်လုပ်ထားတယ်။ နောက်ဖေး ပေါက်ကနေ ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာတဲ့ မင်းတပည့်ကိုလည်း သတိလေးဘာလေးရအောင် လုပ်ပေးလိုက်ပါဦး"

ပဏ္ဍိတဆရာခြိမ့် ရှေ့မှောက်တွင် ရုပ်ပျက်ဆင်းပျက် သတိမေ့နေသော ခေးငမိုးကို တွေ့လိုက်ရသောကြောင့် ကျော်ကြီးနှင့် မြမောင်တို့မှာ နည်းနည်းတော့ ဖြုံသွားသည်။ ဒုစရိုက်ခေါင်းဆောင် ကျော်ကြီးက နောက်ဘက်သို့ ဒုခြလှမ်းတစ်လှမ်း ရွှေ့လိုက်စဉ်မှာပင် . . .

"ဟဲ . . . ဟဲ . . . မလှုပ်နဲ့ ကျော်ကြီး။ ငါ့နောက်ကျောနံရံမှာ ရှိနေတဲ့ ခေးမြှောင်တွေ၊ အဆိပ်မှုတ်ပြောင်းတွေက တစ်ချက်လှုပ်လိုက်တာနဲ့ မင်းတို့ရင်အုံပေါ် ထိုးစိုက်သွားသိမ့်မယ်။ ခေးငမိုးလို လောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားချင်တော့ မကြည့်လေ။ စက်ယန္တရားအတတ်ဆိုတာက မင်းတို့ကြားဖူးချင်မှ ကြားဖူးမယ်၊ မင်းတို့ မမြင်နိုင်၊ မတွေ့နိုင်တဲ့ နေရာတွေမှာလည်း လျှို့ဝှက်လက်နက်ပုန်းတွေက မင်းတို့ရဲ့ သေကွင်းသတ်ကွင်းကို အသင့်ချိန်ထားပြီးပြီ။ အကောင်းဆုံးကတော့ မင်းတို့နှစ်ယောက်စလုံး မိုးကာအင်္ကျီတွေချွတ်ပြီး အဲဒီအင်္ကျီအိတ်ထဲမှာ ဖွက်ထားတဲ့ ဓားမြှောင်ရယ်၊ အပေါ်စား လုပ်သေနတ်လည်း ကြိုးခွေရယ်၊ ဖောက်ထွင်းပစ္စည်းတွေ ထည့်ထားတဲ့ အိတ်ကို မင်းတို့ရှေ့မှာ ပုံထားလိုက်ပေတော့"

ပဏ္ဍိတဆရာခြိမ့် စကားကြောင့် ကျော်ကြီးနှင့် မြမောင်တို့နှစ်ယောက်စလုံး အနည်းငယ် တွန့်သွားကြသည်။ သို့သော် ကျော်ကြီးက လူဆိုးလူမိုက် ပီပီ မိုက်ရူးရဲသတ္တိရှိသည်။ ဆရာခြိမ့် ခြောက်လုံး လှန့်လုံးများကို ဂရုမစိုက်၊ ယုံကြည်သူလည်းမဟုတ်။ မိုးကာအင်္ကျီ အတွင်းမှ လုပ်သေနတ်ကို ဆွဲထုတ်လိုက်သည်။ ကျော်ကြီးသည် လျင်မြန်စွာလှုပ်ရှားလိုက်သော်လည်း သူ့ထက် လျင်မြန်သော မြားတစ်ချောင်းက လက်ခုံအား ဒုတ်ခနဲ လာစိုက်သည်။ လုပ်သေနတ်ခြောက်လုံး ပြူးမှာလည်း ဒုတ်ခနဲ ကြမ်းပြင်ပေါ် သို့ကျသွားသည်။

"ဘယ်လိုလဲ ကျော်ကြီး။ ငါပြောတဲ့စကားကို မင်းက မယုံဘဲကိုး။ ဒါတောင် မြားက မင်းရဲ့ရင်အုံဆီ လာတာမဟုတ်ဘူး။ သေနတ်ကိုင်တဲ့လက်ကိုပဲ ဒဏ်ခတ်လိုက်တာ။ စက်ယန္တရားအတတ်တွေဆိုတာက ဟိုး . . . ရှေးခေတ်ထဲက ရှိခဲ့တဲ့ လျှို့ဝှက်ပညာရပ်တွေပဲ။ ကဲ . . . သံတုတ်မြမောင်ဆိုတဲ့ကောင်၊ မင်းဆရာကျော်ကြီးလို မဖြစ်ချင်ရင်တော့ မင်းလက်ထဲက သံတုတ်ကို ရှေ့မှာချထားလိုက်တော့"

အစထဲက ကြောက်ရွံ့ရွံ့ဖြစ်နေသော သံတုတ်မြမောင်သည် လွန်စွာမှ ကြောက်ရွံ့တုန်လှုပ်သွားမိသည်။ ဆရာခြိမ့်ပြောသည့်အတိုင်း ဖောက်ထွင်းပစ္စည်းများနှင့် သံတုတ်အား သူ့ရှေ့သို့ ပစ်ချလိုက်သည်။

"အသက်တော့ ချမ်းသာပေးပါ ဆရာကြီးရယ်"

သံတုတ်မြမောင်က တောက်ခွဲစွာဖြင့် ဒူးထောက်တောင်းပန်လိုက်သည်။ ထိုအချိန်မှာပင် ကားသံများ၊ လူသံများ ကြားလိုက်ရပြီး ရဲသူကျော်ခေါင်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်လာကြသည်။

လူဆိုးခေါင်းဆောင် ကျော်ကြီးသည် လက်ခုံတွင် မြားစိုက်သောဒဏ်ရာနှင့်အတူ လက်ထိတ်ခတ်ခံလိုက်ရသည်။ ရဲတပ်ဖွဲ့ဝင်များက သူ့အား ဆွဲခေါ်သွားစဉ် မုတ်ဆိတ်ဖြူပဏ္ဍိတဆရာခြိမ့်ကို နောက်လှည့်တစ်ချက် ကြည့်လိုက်သည်။

သူ့စိတ်ထဲတွင်လည်း အဖြေရှာမတွေ့သော ပဟေဠိပုစ္ဆာတစ်ပုဒ်လို စဉ်းစားရခက်နေသည်။ ပဏ္ဍိတဆရာခြိမ့်အိမ်အား ဝင်ရောက်စီးနင်းဓားပြတိုက်မည်ကို အချိန်ကိုက် ရဲတပ်ဖွဲ့ဝင်များက ဘယ်သို့ဘယ်ပုံ ရောက်လာသည်မသိ။ သူတို့ရောက်လာမည်ကို ဘယ်ပုံဘယ်နည်းနှင့် ပဏ္ဍိတဆရာခြိမ့် ကြိုတင်သိရှိနေပါသနည်း။ စဉ်းစားရခက်လှသည်။

လျှို့ဝှက်နက်နဲ ဆန်းကြယ်သော ဂမ္ဘီရပညာရပ်များကို တတ်ကျွမ်းသည့် ဆရာခြိမ့်၊ မုတ်ဆိတ်ဖြူပဏ္ဍိတဆရာခြိမ့်ဟု ဂမ္ဘီရလောကတွင် နာမည်ကြီးနေသည်မှာလည်း ကြီးလောက်ပေသည်ဟု လူဆိုးခေါင်းဆောင်ကျော်ကြီး စိတ်ထဲတွင် ချီးမွမ်းလိုက်မိပေတော့သည်။

မှုန်းစကြာညွှန့်

www.burmeseclassic.com




# မေတ္တာ

လင်းမြင့်(ဥပဒေ)

ထေရဝါဒဗုဒ္ဓသာသနာ စတင်ထွန်းကားရာ ဒေသမဟုတ်သော်လည်း မြန်မာနိုင်ငံသည် ယနေ့အခါသမယတွင် ထေရဝါဒဗုဒ္ဓသာသနာအထွန်းကားဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒအမျိုးမျိုးကို ကိုးကွယ်ယုံကြည်ကြသည့် နိုင်ငံတကာအလယ်တွင် ဂုဏ်ကြွားဂုဏ်ယူနိုင်စရာပင် ဖြစ်ပါသည်။

ထို့အပြင် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ ဥရောပတိုက် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ အခြေစိုက်သော နိုင်ငံတကာ ဘာသာပေါင်းစုံ မဟာမိတ်ဖြစ်ပေါ်တိုးတက်ရေးအသင်းကြီး (ICARUS)က နိုင်ငံတကာမှ ဘာသာရေးဦးဆောင်မှုပြုသူများအား ဖိတ်ကြားပြီး မိမိတို့ ကိုးကွယ်ရာ ဘာသာအကြောင်း ဆွေးနွေးစေခဲ့ပါသည်။

ထို့နောက် ယင်းကဲ့သို့ နိုင်ငံတကာမှ ကိုးကွယ်ရာ ဘာသာအသီးသီးမှ ဘာသာရေးဦးဆောင်မှုပြုသူများက ကမ္ဘာ့အမွန်မြတ်ဆုံး ဘာသာကို မဲဆန္ဒပေး၍ ရွေးချယ်ခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲကြီးသို့ ကမ္ဘာ့အရပ်ရပ်မှ ဘာသာရေးခေါင်းဆောင် ၂၀၀ ကျော်တို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ (ICARUS) အသင်းကြီးတွင် ဗုဒ္ဓဘာသာအသင်းဝင် အရေအတွက်မှာ အနည်းငယ်သာ ပါဝင်ကြပါသည်။

သို့ရာတွင် ယင်းကဲ့သို့ စားပွဲဝိုင်းဆွေးနွေးခဲ့ပြီးနောက် ကမ္ဘာ့အမွန်မြတ်ဆုံး ကိုးကွယ်ရာဘာသာကို မဲဆန္ဒပေး၍ ဆုံးဖြတ်ကြရာတွင် မယုံကြည်နိုင်လောက်ဖွယ်ရာ ကောင်းလောက်အောင်ပင် ဗုဒ္ဓဘာသာက ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံး ကိုးကွယ်ရာ ဘာသာအဖြစ် မဲဆန္ဒပေးခြင်းခံခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အလွန်တရာ အံ့သြဖွယ်ရာကောင်းသည်မှာ အခြားအခြားသော ဘာသာရေးခေါင်းဆောင်များသည် မိမိတို့ကိုးကွယ်ရာဖြစ်သော ဘာသာကို မဲဆန္ဒမပေးကြဘဲ ဗုဒ္ဓဘာသာကိုသာ မဲဆန္ဒပေးရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ငယ်ရွယ်စဉ်အခါကာလကပင် ပရိတ်ကြီးတစ်ဆယ့်တစ်သုတ်ကို ပါဠိတော်ချည်းသက်သက်ကိုလည်းကောင်း၊ အနက်မြန်မာပြန်နှင့် တွဲဖက်၍လည်းကောင်း ရွတ်သရဇ္ဈာယ်တတ်ကြလေ့ရှိကြပါသည်။

"ပရိတ္တ"ဟူသည်မှာ ရပ်ဘေးရန်ရှင်လူအပေါင်းတို့ ဘေးရန်ကင်းဝေး ချမ်းသာရေးအတွက် အရံအတားသဖွယ် ဟောကြားတော်မူအပ်သည့် ဘုရားတော်တို့ကို ပါဠိလို အထက်ပါအတိုင်း "ပရိတ္တ"ဟုလည်းကောင်း၊ မြန်မာလို "ပရိတ်"ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။

အဆိုပါ ပရိတ်တော်တို့မှာ တိုက်ရိုက်ဘုရားဟောပါဠိတော်နှင့် ပါဠိတော် အားလျော်စွာ ရှေးဆရာမြတ်ပညာရှိကြီးများက သင့်ရာတို့ကို ရွေးနုတ်အသီထုတ်၍ ပရိတ်ကြီးဟု အမည်တော်တပ်ထားသော ပါဠိတော်လာ စာကြီးပေကြီးတို့ပင် ဖြစ်ပါသည်။

ထို့ပြင် ပရိတ်ကြီး ရွတ်ဖတ်ရမည့် အချိန်အခါနှင့် နေ့ရက်တို့ကိုလည်း တိတိကျကျ ရွေးပေးထားပါသည်၊ ဗုဒ္ဓဘာသာတို့အနေဖြင့် အလှူမင်္ဂလာပေးသော အချိန်အခါနှင့် အိမ်တက်မင်္ဂလာပြုသော အချိန်အခါတွင် ရတနာသုတ်တော်ကိုလည်းကောင်း။

နတ်များ ခြောက်လှန့်ခြင်းနှင့် မကောင်းသော အိပ်မက်ဆိုး နိမိတ်ဆိုး၊ ရန်ငြိုးရန်စရှိသော အချိန်အခါတွင် မေတ္တသုတ်တော်ကိုလည်းကောင်း။

ရာဇဝတ်ဘေး၊ အမှုအခင်းများ တွေ့ကြုံဖြစ်ပွားရသော အချိန်အခါတွင် မောရသုတ်တော်ကိုလည်းကောင်း။

ရပ်ရွာဒေသတွင် မီးဘေးသင့်သောအခါတွင် ဝဋ္ဋသုတ်တော်ကိုလည်းကောင်း။

ရပ်ရွာဒေသတွင် စက်မက်ဖြစ်ပွားခြင်း၊ စိတ်ချောက်ချားဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ တွေ့ကြုံရသော အချိန်အခါများတွင် ဓဇဂ္ဂသုတ်တော်ကိုလည်းကောင်း။

ရပ်ရွာဒေသတွင် ဘီလူးသရဲဝင်ရောက်နှောင့်ယှက်သောအချိန်အခါတွင် အာဋာနာဋိယသုတ်တော်ကိုလည်းကောင်း။

အမျိုးသမီးကြီးငယ်များ၊ မိန်းမမွေးဖွားနိုင်သော အချိန်အခါတွင် အင်္ဂုလိမာလသုတ်တော်ကိုလည်းကောင်း။

ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားနေရသော အချိန်အခါတွင် ဗောဇ္ဈင်သုတ်တော်ကိုလည်းကောင်း။

ငြိုးစီးငြိုးပြင်နှင်း ကံကြမ္မာ၊ ကံဇာတာမကောင်းသော အချိန်အခါတွင် ပုဗ္ဗဏှသုတ်တော်ကိုလည်းကောင်း အသီးသီး ရွတ်ဖတ်သရဇ္ဈာယ်ကြလေ့ရှိကြပါသည်။

ထို့အတူပင် အဆိုပါ ပရိတ်တော်များကို နေ့အလိုက် ရွတ်ဖတ်ရမည့်နေ့ရက်များကိုလည်း အထက်ပါအတိုင်းပင် အတိအကျ ရွေးပေးထားပါသည်။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နေ့ခုနစ်နေ့အနက် အစပြုသော တနင်္ဂနွေနေ့တွင် သဗ္ဗညု စက္ကဝါဠေသုမှ အစပြု၍ မင်္ဂလသုတ်တော်ကိုလည်းကောင်း၊ အင်္ဂါနေ့တွင် မေတ္တသုတ်တော်နှင့် ခန္ဓသုတ်တော်ကိုလည်းကောင်း။

ဗုဒ္ဓဟူးနေ့တွင် မောရသုတ်တော်နှင့် ဝဋ္ဋသုတ်တော်ကိုလည်းကောင်း။

ကြာသပတေးနေ့တွင် ဓဇဂ္ဂသုတ်တော်ကိုလည်းကောင်း။

သောကြာနေ့တွင် အာဋာနာဋိယသုတ်တော်ကိုလည်းကောင်း။

စနေနေ့တွင် အင်္ဂုလိမာလသုတ်တော်၊ ပုဗ္ဗဏှသုတ်တော်နှင့် ဗောဇ္ဈင်သုတ်တော်ကိုလည်းကောင်း အသီးသီးရွတ်ဖတ်သရဇ္ဈာယ်ကြရမည် ဖြစ်ပါသည်။

အထက်ပါ အချိန်အခါအလိုက် ရွတ်ဖတ်သရဇ္ဈာယ်ကြရမည့် ပရိတ်တော်များအနက် နတ်များခြောက်လှန့်ခြင်း၊ မကောင်းသော အိပ်မက်များ မြင်မက်ခြင်း၊ ရန်ငြိုးရန်စရှိသော အချိန်အခါနှင့် အင်္ဂါနေ့တွင် ရွတ်ဖတ်ရမည့် ပရိတ်တော် အမှတ်(၃) မေတ္တသုတ်တော်မှာ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည်မှ ယူဇနာတစ်ရာအကွာ အဝေးရှိသော တောအုပ်အတွင်းမှ တောကျောင်း၌ အလွန်ကြောက်မက်ဖွယ်ရာ အဆင်းနှင့် အသံတို့ကို မြင်ကြ၊ ကြားကြရကုန်သော ရဟန်းတော်ငါးရာတို့သည် ဘုရားရှင်အား မြင်



www.burmeseclassic.com

www.burmeseclassic.com

လည်၍ လျှောက်ထားကြသောအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မေတ္တာသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရန် ပေးတော်မူလိုက်သဖြင့် ထိုတောကျောင်း၌ အဆိုပါ ရဟန်းတော်များက ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြရာတွင် ယင်းကဲ့သို့ ကြောက်မက်ဖွယ်ရာ အာရုံမှ ကင်းလွတ်၍ စိတ်အေးချမ်းသာခြင်း ဖြစ်ကြရကုန်ပါသည်။

"ဗျာပါဒသောက၊ စိတ်ဒုက္ခနှင့်၊ နေ့ညမရှင်၊ အိပ်လျှင်မပျော်၊ သူတို့သော်ကား၊ အော်အော်ညည်းညူ၊ မေတ္တာနည်းက၊ ရွတ်မြဲရိုးတုပ်၊ မေတ္တာသုတ်တည်း"ဟု ဓမ္မလင်္ကာစပ်ဆိုထားကြပါသည်။

လူ့ဘောင်လောကတွင် "မေတ္တာရောင်ပြန်ဟပ်သည်"၊ "မေတ္တာပေးလျှင် မေတ္တာရသည်"၊ "မေတ္တာသည် အလျားအနံမရှိသော်လည်း အသွားအပြန်ရှိသည်"ဟု မှတ်သားစရာ ဆိုရိုးစကား၊ လင်္ကာများ ရှိသကဲ့သို့ မေတ္တာရောင်ပြန်မဟပ်၊ မေတ္တာပေးလျက် မေတ္တာမရ၊ မေတ္တာအသွားအပြန်မရှိသည်များလည်း လူ့လောက၊ လူ့ဇာတ်ခုံတွင် ရှိကြပါသည်။ ရှိခဲ့ကြပါသည်။ နောင်လည်းရှိနေဦးမည်သာ ဖြစ်ပါသည်။

လူသားတစ်ဦးနှင့်တစ်ဦး၊ မိတ်ဆွေအပေါင်းအသင်းအချင်းချင်း၊ အစိုးရတစ်ပိုင်း လူမှုရေးအဖွဲ့အစည်းများအတွင်းအချင်းချင်း၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအတွင်းအချင်းချင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွင်းအချင်းချင်း၊ ခေတ်အဆက်ဆက် ပါတီအဖွဲ့အစည်းများအတွင်းအချင်းချင်းအပြင် ညီအစ်ကိုမောင်နှမဝမ်းကွဲများအတွင်း အချင်းချင်း၊ ညီအစ်ကိုမောင်နှမအရင်းအချာများအတွင်းအချင်းချင်း၊ မိဘနှင့် သားသမီးများအတွင်းအချင်းချင်း၊ အဆုံးစွန် လင်နှင့်မယားအတွင်း လင်မယားအချင်းချင်းတွင်ပင် ကိုယ်က မေတ္တာပေးပါလျက် ယင်းကဲ့သို့ပင် ကိုယ်ပေးသည့်မေတ္တာ ရောင်ပြန်မဟပ်၊ ကိုယ်က မေတ္တာပေးသော်လည်း မေတ္တာပြန်မရ၊ မေတ္တာအသွားအပြန်မရှိသည့် သာဓကများရှိနေခဲ့ပါသည်။

ယင်းကဲ့သို့ ကိုယ်က မေတ္တာပေးပါလျက် မေတ္တာရောင်ပြန်မဟပ်၊ မေတ္တာပေးပါလျက် မေတ္တာပြန်မရ၊ မေတ္တာအသွားအပြန် မရှိခဲ့ပါလျှင် အရိယာနွယ်ဝင်၊ ပုထုဇဉ်၊ သောတာပန်ပုဂ္ဂိုလ်တို့ထက် လွန်ကဲထူးမြတ်ကြသည့် ဘုရား၊ ရဟန္တာများမဟုတ်ကြပါ၍ မေတ္တာမထား၊ မေတ္တာမဲ့သူများအပေါ် မည်မျှခံကြကွဲဝမ်းနည်းခံပြင်းကြမည်ကို စဉ်းစားရန်ပင် မလိုပါ။

အချိန်ကာလအဆက်ဆက်က ပွင့်ထွန်းတော်မူခဲ့ကြသည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ရဟန္တာကိုယ်တော်မြတ်များ၊ ရဟန်းတော်များ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ဟောဖော်ညွှန်ပြတော်မူကြသည့် လျှော့ချနိုင်ခြင်း၊ စွန့်လွှတ်ခြင်း ဖြစ်သည့် ဒါန၊ သည်းခံခွင့်လွှတ်ခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်းဖြစ်သည့် ခန္တီ အစရှိသည့် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ဖြည့်ဆည်းကြမည်သာ ဖြစ်ပါသည်။

အလားတူ လောကဓံရှစ်ပါးတွင် အပါအဝင်ဖြစ်သည့် ယသ-အခြွေအရံ ပေါများခြင်း၊ အယသ-အခြွေအရံမရှိခြင်း၊ နိန္ဒာ-အကဲ့ရဲ့ခံရခြင်း၊ ပသံသာ-အချီးမွမ်းခံရခြင်းတို့ကို ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်အောင် ကျင့်ကြံကျိုးကုတ် အားထုတ်ကြရမည်သာ ဖြစ်ပါသည်။

မည်သို့ပင် ဆိုစေကာမူ အဟိတ်က ခါးသီးဖွယ်ရာများက "လောကဓံတရား" လောကဝံလှိုင်းတံပိုးကို နင်လား... လောကဓံဟု ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရင်း မေတ္တာဘာဝနာ ပွားများ... ရမည်က သူတော်စင်၊ သူတော်ကောင်းတို့၏ အလုပ်ပင် ဖြစ်... ပါသည်။

မင်းကွန်းတိပိဋက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံ... ၏ မေတ္တာဘာဝနာပွားများနည်း ၁၁ နည်းလာ "သဗ္ဗသ... ဟက မေတ္တာပွားများနည်းပါ "လုံးစုံများစွာသတ္တဝါ ချမ်းသာ... ကိုယ်စိတ် မြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြ... စေ"၊ အတိတာပနယန မေတ္တာဘာဝနာပွားများနည်းပါ "... အချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေး... အချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချ... ကင်းရှင်းကြပါစေ"...။


## လင်းမြင့်(ဥပဒေ...

**ဝန်ခံချက်** ။ ။ ဆဋ္ဌသင်္ဂါယနာမှ အိတ်ဆေး... ပရိတ်ကြီး ပါဠိတော်နှင့် မေတ္တာဘာဝနာစာအုပ်ငယ်နှင့် ဦး... လဘော် စီစဉ်ပူဇော်သည့် ပရိတ်ကြီး ၁၁ သုတ် အသံ... ရွတ်ဖတ်နည်းနှင့် မေတ္တာဘာဝနာပွားများနည်းစာအ... ကိုးကားရေးသားခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကော်မြသနိုး၏

# နတ်ကတော် ဒိန်ဖျက်ခုံး

( အခန်းဆက်ဝတ္ထုရှည် )

အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



■ ကျော်မြသန်း

# နတ်ကတော် မိန်းမျက်ခုံး

( အ ခ န်း ဆ က် ဝ တ္ထု ရှ ည် )

(ယခင်လမှအဆက်)

(၄)

အင်းတော်ကြီး ရွှေမဥ္ဇူဘုရား
အင်းရေညို ရစ်ဝိုင်းလို့
တံတိုင်းက အပြာခံ၊
မားမတ် ပျော်စံ။
ရွှေပေါင်းပယ်ရံ၊
ကြယ်ခံတဲ့လဝန်း။
ပုထိုး စေတီ ဂူတို့
ရွှေမဥ္ဇူ ရံကာညွှတ်တယ်
ဘုလွှတ်နတ်ကျွန်း။
မြူမင်းလွင် ကြွေလောင်းတဲ့
တပေါင်းလ ပွဲကော်ခါ၊
ကြေးကြော်ငြိမ့်ညာ။
သဲခုံက သာ၊ ရေပြာကအေး။
အမောပြေ တစ်ထောက်နားလို့
ဘုရားဆီ ရင်ပြင်ဆိုက်အောင်
လိုက်ခဲ့ပလေး။
ကျွန်းလယ်ခေါင် သောင်ဦးက
ကြာဖူးထွင် ရွှေစည်းခုံ၊
ချဉ်းမိပြန်တုံ။
လူမျိုးကစုံ၊
ခိုလှုံသည့် ပြည့်ကြမ်း။
မောင်လည်း သဒ္ဓါဝေ၍၊
မယ်လည်း သဒ္ဓါဝေ၍၊
အင်းတော်မြေ ငွေသောင်ပြန့်မှာ
ဖူးအုံ့မခန်း။ ။

ဗန်းမော်ညိုနွဲ့

××× ××× ×××

ကဗျာဆရာ ဗန်းမော်ညိုနွဲ့က ရွှေမဥ္ဇူဘုရားနှင့် အင်းတော်ကြီးကို ဤသို့စီကုံး၍ ကဗျာညာဏ်ကွန့်မြူးခဲ့၏။

မန္တလေး–မြစ်ကြီးနား အဆန် ရထားကြီးမှာ ပြွတ်သိပ်ကျပ်ခဲနေသော ခရီးသွားများကို သယ်ဆောင်ရန် မန္တလေးဘူတာကြီးတွင် အသင့်ရှိနေသည်။ အင်းတော်ကြီး ဘုရားပွဲတော် ချိန်ခါမို့ ခရီးသွားများ ပို၍ များပြားနေသည်။ တွဲတိုင်းတွဲတိုင်းမှာ လူတွေ အပြည့်အသိပ်။ ခွေးတလုံးလုံး ယပ်တဖျပ်ဖျပ်နှင့် ရှိနေကြသော်လည်း သူတို့၏ မျက်နှာများပေါ်မှာ စိတ်ပျက် ရိပ်မထင်ဘဲ ရှိနေကြသည်။

www.burmeseclassic.com

အင်းတော်ကြီး ဘုရားပွဲတော်ချိန်ရောက်လျှင် အထက်မြန်မာပြည်မြို့ပေါင်းစုံမှ ဘုရားဖူးများသာမက အောက်ပြည်အောက်ရွာကပါ တက်လာကြသောကြောင့် ဘုရားပွဲတော်ရာသီသို့ ရောက်ပြီဆိုလျှင် ရထားတွဲများမှာမူ ပြွတ်သိပ်မြဲ ရှိပေ၏။

ကိုသန့်ဇင်တို့အဖွဲ့မှာ ရထားလူကျပ်မည်ကို ကြိုတင်သိထားသဖြင့် အထက်တန်းတွဲမှ ကြိုတင်နေရာ ယူထားခဲ့ရာ သူတို့အတွက် ချွေးတလုံးလုံးမဖြစ်ဘဲ တပေါင်းလ မန္တလေးနေညိုရိပ် အပူရှိန်ကို ချွေးစပ်စပ်လေး ထွက်ရုံမျှသာ ခံနေရသည်။

ရထားကြီးမှာ တံ့ခနဲ လှုပ်သွားသဖြင့် ခရီးသွားအားလုံး ခေါင်းထောင်လာကြသည်။

ခေါင်းတွဲဆက်သည့် အထိမ်းအမှတ် ရထားကြီးထွက်တော့မည်။

မန္တလေးဘူတာကြီးမှာ အမှောင်ခွင်း၍ အလင်းဆောင်သည့် မီးတထိန်ထိန်လင်းနေပြီး အားလုံးအသင့်ရှိကြပါစေ၊ ငါထွက်တော့မည်ဟု သတိပေးသည့် စူးစူးရှရှ ဥသြသံ ထွက်လာသည့်အချိန်မှာ ခုနစ်နာရီထိုးရန် ဆယ်မိနစ်။

ရထားကြီး စတင်ထွက်ခွာသည်နှင့် ခရီးသွားများမှာ ယပ်တောင်လေးများကို အနားပေးလိုက်ကြ၏။ တညင်းညင်းဝှေ့ဝင်လာသော လေပြေလေးမှာ ခရီးသွားများကို သက်သောင့်သက်သာ ရှိသွားစေခဲ့၏။

မီးရောင် တလက်လက်နှင့် မန္တလေးမြို့မှာ ကျန်ရစ်ခဲ့လေပြီ။

မြစ်ကြီးနားလမ်းခွဲသို့ ရထားကြီးဝင်သွားသည့်အချိန်နှင့် မရှေးမနှောင်းမှာပင် မီးရောင်ထိန်ထိန်နှင့် မန္တလေးအစုံရထားကြီးမှာ နှုတ်ဆက်ဥသြပေးလျက် ခုတ်မောင်းသွားခဲ့၏။

မလင်းတလင်း ပျောက်တိပျောက်ကျား မီးရောင်အောက်မှ အမရပူရကို ကျော်လွန်လာသည်နှင့် ထိန်ထိန်ညီးညီး လင်းလင်းလက်လက် အင်းဝတံတားကြီး၏ အလှမှာ အမှောင်ကို ထွင်းဖောက်ပြီး တင့်မောဝင့်ကြွားနေသည့်ဟန် ပေါ်လွင်လျက် ရှိသလို စစ်ကိုင်းတောင်ရိုးပေါ်မှ ဟိုတစ်ပျောက်သည်တစ်ပျောက် မီးရောင်လက်လက်ကလေးများမှာလည်း ကောင်းကင်ယံတွင် ပျောက်တိပျောက်ကျား ပေါ်ထွန်းနေသော ကြယ်ပွင့်ကလေးများကို မြင်ရဘိသို့နှယ် ရှိချေ၏။

စစ်ကိုင်းဘူတာမှ ရထားထွက်လာသည်နှင့် အမှောင်ရိပ် သိပ်သည်းလာသည်။ ရထားစီး ခရီးသွားများမှာလည်း ငိုက်မြည်းစပြုကြပေပြီ။ ခရီးသည်များ များပြားလွန်း၍ ထင်ပ။ ရထားကြီး ခုတ်မောင်းနေပုံမှာ မနိုင်သည့်ဝန်ကို ထမ်းနေရဘိသို့ နှေးနှေးဖြစ်နေသည်။ ကောင်းမှုတော်ဘုရားကြီးလွန်လာသည်နှင့် မီးရောင်လက်လက်ကလေးများ အမြင်ရလာရာမှ တဖြည်းဖြည်း အမြင်ပျောက်ကွယ်သွားတော့၏။

ရွှေဘိုဘူတာသို့ ရထားဆိုက်ချိန်တွင် ခရီးသည်တချို့ တစ်ဝက်သာ သိလိုက်ကြသည်။ အများစုမှာ အိပ်ပျော်နေကြပေပြီ။ အထူးတန်းအခန်းတွင်းမှ အပေါ်ဆင့် အိပ်စင်ပေါ်တွင် ရှိနေသော ကိုသန့်ဇင်မှာ အိပ်ပျော်နေပြီဖြစ်သော်လည်း အေးမှာမူ အိပ်၍မပျော်နိုင်သေးပေ။ အမှောင်ထဲမှ မြို့များကို ကြည့်လို့ကောင်းနေဆဲပင် ရှိသေး[illegible]

အပူနယ်နိမိတ်အဆုံး ရွှေ[illegible] ဘူတာကိုကျော်လာသောအခါ အ[illegible] ဓာတ်ကလေး ဖျန်းဝေ့လာသည်[illegible] လွန်လွန်ကဲကဲ အအေးမျိုးမဟုတ်[illegible] နေသာထိုင်သာရုံ ညှင်းညှင်း[illegible] အအေးဓာတ် ရိုက်ခတ်လာရုံမျှသာ[illegible]

ကန့်ဘလူဘူတာကို ရထား[illegible] ဘယ်အချိန်က ဖြတ်လိုက်မှန်း[illegible] လည်း မသိလိုက်တော့။ အိအိပွဲ့ [illegible] မောင်းနေသော ရထားကြီးမှာ လှ[illegible] သော ပုခက်သဖွယ်ဖြစ်နေသဖြင့် [illegible] နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွား[illegible] တော့၏။

နဘားဘူတာကြီးသို့ ရော[illegible] သည့်အခါတွင်မူ အိပ်ပျော်နေသော [illegible] ခရီးသည်ဟူ၍ မရှိသလောက် အ[illegible] လုံး နိုးလာကြသည်။ နဘားဘူတာ[illegible] ကသာလမ်းခွဲ ဘူတာဖြစ်သ[illegible] အတိုင်း ခရီးသည်အဆင်းအတက်[illegible] သလို ဆူဆူညံညံရှိလှ၏။ န[illegible] ဘူတာ ပလက်ဖောင်းနှင့် ဘူတာအ[illegible] ကွက်လပ်များတွင် အပေါ်အော[illegible] ဝတ်စုံအနက်များ ဝတ်ထားသော [illegible] နှင့် ဂဒူးကဏန်း တိုင်းရင်းသားလူ[illegible] များ အုပ်စုလိုက်ရှိနေကြသည်။ သူ[illegible] ထံမှထွက်ပေါ်လာသော အသံဗလံ[illegible] မှာ ဆူညံသည်ဟု ဆိုရမည်ထ[illegible] စိတ်ဝင်စားဖွယ်ရှိနေသည်ဟု [illegible] မည်ထင်သည်။ သူတို့မှာ မြစ်ကြီး[illegible] အဆန်ရထားကြီးနှင့် လိုက်ပါကြ[illegible] သူများ မဟုတ်ဘဲ နဘား-ဟို[illegible] အထူး လော်ကယ်ရထားနှင့် လိုက်[illegible] ကြမည့်သူများ ဖြစ်ပေသည်။

အရုဏ်ဦးရောင်ခြည် သ[illegible] လာသည်နှင့်အတူ ရထား[illegible]

ဘားဘူတာမှ ထွက်ခွာလာခဲ့၏။ ရထားကြီး၏အရှိန်မှာ မန္တလေးမှ ထွက်လာသည်ထက်ပင် ပို၍ နှေးကွေးနေသည်။ တဖြည်းဖြည်း မြင့်၍မြင့်၍ တက်လာသော အတက်ခရီးကြောင့် ရထားကြီး ပိုနှေးသွားသည်ဟု အခန်း ခရီးသွားဖော်တစ်ဦးက ဆိုလာသည်။ သူကသည်ခရီးသည့်လမ်းကို သွားနေလာနေကျမို့ ပတ်ဝန်းကျင်ရှုခင်းကို ကြည့်ရမည်ထက် စကားပြောဖော်ကို ရှာနေဟန် ရှိသည်။

အေးက သူ၏မိတ်ဆက်စကားကို အပြုံးဖြင့် ဆီးကြိုခေါင်းညိတ်လိုက်သော်လည်း စကားပြန်မဆက်ပေးခဲ့ပေ။ အေးက မရောက်ဖူးသည့် ခရီးလမ်း၏ ပတ်ဝန်းကျင်ရှုခင်းပေါ်မှာသာ စိတ်ညွတ်နေသည်။ ရိုင်းရာကျမလားတော့ မပြောတတ်။ သို့သော် မတတ်နိုင်၊ သုံးနာရီလောက်သာ အိပ်လိုက်ရသော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၍လား မသိ။ လန်းလန်းဆန်းဆန်း ရှိနေသည်။ ကိုသန့်ဇင်က အိပ်မှုန်စုံမွှားနှင့် အောက်ဆင်းလာပြီး ဘယ်တွေရောက်၍ ဘယ်တွေကျော်လာပြီကို မေးနေ၏။

အေးက သူ့မောင်ကို တိုတိုကျဉ်းကျဉ်းသာ အဖြေပေးလိုက်နိုင်သည်။ အရှက်ဦးရောင်ခြည်နှင့်အတူ ပြေးပါလာလိုက်၊ ကျန်ရစ်လိုက် ရှိနေသော တောရိပ်တောင်ရိပ် အလှများအပေါ် စိတ်ညွတ်နေသောကြောင့်ပင်။

ရှန်း၍ကန်၍ ခုတ်မောင်းလာသော ရထားကြီး မြေပြန့်ရောက်လျှင် မြန်သွားသော်လည်း အတက်နှင့်တွေ့သောအခါတွင်မူ နှေးသွားသည်။ ပေါင်းလပင် ဖြစ်ပြီးသော်လည်း နှင်းမှုန်မှုန် လွင့်ဖြာကျဆင်းနေသည့်နှင့် မကင်းသေးပေ။ မြင်ကွင်းများကို သိပ်သည်းထူထပ်သော နှင်းထုကြီး မကာဆီးထားစေကာမူ ပါးပါးလျလျ နှင်းငွေ့များ ကာဆီးထားဆဲပင် ရှိနေသည်။ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရာတွင် ဇာပဝါပါးပါးကို ထွင်းဖောက်၍ ကြည့်ရဘိသို့ ရှိချေ၏။

ကိုသန့်ဇင်နှင့် စကားလက်ဆုံကျနေသော ခရီးသွားဖော်က အေး၏ ပတ်ဝန်းကျင်အပေါ် စိတ်ဝင်စားမှုကို အကဲခတ်မိသည်ထင်ပ မဲဇာတောသို့ ဖြတ်တော့မည်ဖြစ်ကြောင်း အသိပေးစကား ဆို၏။

သည်ခရီးလမ်းတွင် မဲဇာတောင်ကို မြင်ရလိမ့်မည်ဟု မထင်ခဲ့။ မဲဇာတောင်ခြေမှာ စီးထွေနေသည့် စမ်းရေကြည်ကိုလည်း တွေ့ရလိမ့်မည် မထင်ခဲ့။ မဲဇာတောင်ကို ဖြတ်တော့မည် ဆိုလာသဖြင့် ရင်ထဲမှာ လှုပ်ခတ်သွားရသည်။

လက်ဝဲသုန္ဒရအမတ်ကြီးကို မမြင်ဖူးစေကာမူ လက်ဝဲသုန္ဒရအမတ်ကြီး၏ ဟန်ပန်အသွင်အပြင်များကို စွဲထင်သွားစေအောင် သရုပ်ဆောင်မှု ပီပြင်လှလွန်းသော ရွှေမန်းတင်မောင်၏ လက်ဝဲသုန္ဒရဇာတ်ကို အေးတို့တစ်အိမ်သားလုံး နှစ်ခြိုက်စွဲလမ်းခဲ့သဖြင့် လက်ဝဲသုန္ဒရအမတ်ကြီး၏ ရုပ်သွင်မှာ အေး၏မျက်ဝန်းထဲသို့ ပြန်လည်ထင်ဟပ်လာ၏။

ထူထပ်သိပ်သည်းလွန်းသော တောမြိုင်အုပ်ကြီးအသွင် ဖန်တီးထားသည့် နေခြည်ပြောက်မတိုးထားသော ဇာတ်စင်ပေါ်က တောအုပ်ကြီးကို မဲဇာတောကြီးအသွင် ထင်ခဲ့ရ၏။ လက်ဝဲသုန္ဒရအမတ်ကြီး နေရသည့် မကြီးမငယ် တဲကလေးရှေ့မှာ တငွေ့ငွေ့ တောက်လောင်နေသော ထင်းမီးပုံ၊ တရိပ်ရိပ် ဖြာဆင်းလာသော ဆီးနှင်းပေါက်များ၊ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုကိုင်ပြီး စောင်အထပ်ထပ်ခြုံထားပါသော်လည်း အချမ်းမလုံသဖြင့် နှုတ်ခမ်းလွှာလေးများ တဆတ်ဆတ်လှုပ်ခတ်နေသော လက်ဝဲသုန္ဒရအမတ်ကြီးမှာ မီးဖိုဘေးက ရေနွေးကြမ်းအိုးလေးပဲမှ ရေနွေးငှဲ့ပြီး ဝမ်းတွင်းအပူဓာတ်ပေး၍ မီးလှုံနေရင်း ကညစ်တံကိုကိုင်လျက် ...

မဲဇာတောင်ခြေ၊ စီးထွေထွေတည်း။

သဲသာသောင်မြေ၊ မြစ်ကမ်းခြေလည်း ...

ပွဲခါညောင်ရေ၊ သွန်းမြဲပေတည်း ...

အစချီသော ရတုနာသိခံ ရွှေမြို့တော်ကို လွမ်းတသည့် ရတုပိုဒ်စုံ ရေးစပ်နေပုံကို ပြန်လည်မြင်ယောင်လာမိ၏။

အပြောတွင် စကားချောလှသလို အဆိုတွင် အာစက်မိလှသော ရွှေမန်းတင်မောင်၏ အဆိုအပြော။

လက်ဝဲသုန္ဒရအမတ်ကြီးက မျှော်တိုင်းဝေးနေရသည့် ရွှေပြည်တော်တွင် ကျန်ရစ်ခဲ့သော သားမယားများကို လွမ်းတပြီး ရေးစပ်လိုက်သည်။

ဝေရွှန်းစန္ဒာ၊ ချမ်းရိပ်သာသို့ ..

အစပိုဒ်၊

နေဝန်းဖန်ဝါ၊ ထိန်စကြာလည်း

အခံပိုဒ်နှင့်

"နွေကျွန်းသန်ကာ၊ ခချိန်ခါကို ကျောင်းသာရာမ်ခင်း၊ စေတီတွင်း၌

www.burmeseclassic.com

သီတင်းအလှူ၊ ရွှေပြည်သူတို့ ဆုယူ စည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မေး နိုက်တွင်၊ အိပ်မက်မြင်သို့၊ မရွှင်ရှက၊ လွမ်းလိုက်လှရှင်၊ ညွှန်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဖက်အတူ၊ တောင်းဆုယူသည်၊ အိမ်သူချော သွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ် ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိချေသေး၏၊ ရင်သွေး ရွှေဘောင်၊ သားမောင်နှမ၊ ဆင်းသိင်္ဂ သို့၊ မွေးဘရင်ခွင်၊ ရွှေလက်တင်၍၊ ယူငင်ပိုက်ဖြား၊ ပျော်မည်များနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်၊ ရွှေလည်ဆွဲချင်ရှာလိမ့်မည်'' အအုပ် ပိုဒ်တို့ကို ရွှေမန်း၏ အာလျှာ၊ နှာ အလှည့်အငင်များဖြင့် တမ်းချင်းဆို လိုက်ပြီဆိုမှဖြင့် အေးတို့ကတော့ မျက် ရည်ကျရစမြဲ။

ရွှေမန်းတင်မောင်ကို ရွှေမန်း တင်မောင်လို့ မမြင်နိုင်တော့။ လက်ဝဲ သုန္ဒရအမတ်ကြီးအသွင် ထင်ခဲ့၊ မြင်ခဲ့ ရသည်။

ခု . . . မမျှော်လင့်ဘဲ မဲဇာတော အုပ်ကြီးကို မျက်မြင်တွေ့ရတော့မည်။ ရင်ထဲမှာ တလှုပ်လှုပ် ဖြစ်လာသည်။

''ဒေါ်အေးအေးဇင် . . . ညာ ဘက်ကိုကြည့်နော်၊ မဲဇာက ညာဘက် မှာ''

ခရီးသွား အခန်းဖော်က မဲဇာကို ကြည့်ဖို့ ညွှန်ပြခဲ့၏။

တွေ့လိုက်ရပါပြီ မဲဇာကို။ သို့ သော် လျှပ်တစ်ပြက်။

မဲဇာကို ဖြတ်သောအခါ ရထား ကြီး၏အရှိန်မှာ မြန်သလို မှိုနေသည် ကို အေးက အားမလိုအားမရ ဖြစ်ခဲ့ ရ၏။

မဲဇာတောင်ခြေကို ဝေ့သွယ် ကွေ့ပတ်လျက် စီးတွေနေသည့် စမ်း ရေမှာ ကြည်လင်၍ ဒေါ်မာန်မပါဘဲ ငြိမ့်ငြိမ့်ညောင်းညောင်း စီးနေမြဲ ရှိပေ ၏။ မဲဇာတောအုပ်ကြီး၏ နက်ရှိုင်း သော အတွင်းဘက်သို့ လှမ်း၍မမြင် သာသော်လည်း မဲဇာချောင်းကို မေး တင်ထားသည့် တောအုပ်ကြီးမှာ ညို့ မှိုင်းနေ၏။ အတွင်းဘက်သို့ လှမ်းမမြင် သာအောင် စိမ်းပုပ်ပုပ် ကတ္တီပါလိုက် ကာကြီး တားဆီးထားဘိသို့ ရှိချေ၏။

နေခြည်ဖြာစတွင် ငွေရောင်လွ လွ ဆီးနှင်းများမှာ ထူထူထပ်ထပ် မဟုတ်တော့စေကာမူ ပါးပါးလျလျ ဖြာကျနေဆဲ။

နတ်တော်၊ ပြာသိုဆိုလျှင် . . .

''သံဝါဖြောက်ဖြောက်၊ ဆီးနှင်း ပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်း ရှာလွန်း၍၊ တည်မွှန်းချိန်နေ၊ ရောက် လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တလျက်မြည်သည်၊ နေခြည်ဖြာမှ နွေး သော်ကြောင့်''ဆိုသည့်အတိုင်း တရား လွန် အေးမြလိမ့်မည်မှာ မလွဲဟု ထင် မိ၏။

အေးတို့မှာ အနွေးထည် အပြည့် အစုံ ဝတ်ထားပါလျက် တပေါင်းလသို့ ရောက်သည့်တိုင် ချမ်းနေဆဲမို့ နတ် တော်၊ ပြာသိုဆိုလျှင် မဲဇာ၏ အအေး ဒဏ် ဘယ်မျှလောက် ပြင်းထန်မည် ကို ခန့်မှန်းမသိသောကြောင့်ပါတည်း။

လျှပ်တစ်ပြက် မဲဇာမှာ နောက် တွင် ကျန်ရစ်ခဲ့ပေပြီ။

ကျောက်စိမ်းနယ်မြေဖြစ်သည့် မိုးညှင်း၊ မိုးကောင်းကို ဖြတ်လာခိုက် တွင် ဆရာနတ်နွယ်၏ ပရိသတ်ဖြစ် သော အေးက မြန်မာပြည်မြောက်ပိုင်း စာအုပ်ကို ဒက်ခနဲသွား၍ အမှတ်ရ လိုက်မိသည်။

မိုးညှင်းမြို့ကို ပိုင်းပတ်စီးဆင်း နေသည့် ချောင်းကြီးကို မြင်လိုက်ရ သောအခါ . . .

''မောင်ရေ . . . ဆရာနတ်နွယ် ရဲ့ မြန်မာပြည်မြောက်ပိုင်း စာအုပ်ထဲ က တိုက်ပွဲတွေဟာ သည်ချောင်းကြီး ကမ်းပါးမှာ ဖြစ်ခဲ့မှာပဲနော်''

''မိုးညှင်းတိုက်ပွဲရဲ့ အဓိက ချောင်းကြီးပေါ့ အေးရဲ့''

''ဟိုတုန်းက မိုးညှင်းမြို့ . . . တော့ပေမယ့် ချောင်းကြီးကတော့ အရင်တုန်းကလည်း ဒီလိုပဲ နေမှာ နော်''

''လူနေ နေရာတွေ ဘယ်. . . ပြောင်းပေမယ့် တော၊ တောင်၊ မြစ် ချောင်းတွေက ပြောင်းရိုးမှ မရှိ. . . အေးရဲ့''

'ရွှေမှာ ဟိုပင်' သူကို့ဆင်း မည့်ဘူတာ။

မြစ်ကြီးနားဘက်သွားမည့် . . . ဖော်ကြီးက အင်းတော်ကြီး ဘုရား . . . ကအပြန် မြစ်ကြီးနားကိုရောက်အော . . . လာခဲ့ကြဖို့ မေခ၊ မလိခ မြစ်ဆုံအ . . . ကိုကြည့်ဖို့ တရင်းတနှီး ဖိတ်ခေါ် . . . လိပ်စာများ အပြန်အလှန် လဲပြီး . . . တွင် ဟိုပင်ဘူတာသို့ ဝင်တော့ . . . အကြောင်း သတိပေး ဥသြသံ ထွ . . . ပေါ်လာခဲ့၏။ ဟိုပင်ဘူတာမှာ မ . . . သော်လည်း ဘူတာဝန်းကျင် တစ် . . . တွင်ရှိနေသည့် လူအုပ်ကြီး၏ . . .



www.burmeseclassic.com

www.burmeseclassic.com

မှာ ကြီးမားလှ၏။ ရောက်နှင့်နေသူများက ဘူတာပလက်ဖောင်းဆီသို့ စုဝေးရောက်ရှိလာကြပြီး ကိုယ်နှင့်သက်ဆိုင်ရာ အသိအကျွမ်းထဲက ဘယ်သူတွေများ ပါလာလေမလဲဟု စောင့်ကြိုနေဟန်နှင့် ဝင်လာသော ရထားဆီသို့ မျက်နှာမူ၍ လည်ပင်းတဆောင်ဆောင်ဖြစ်နေကြ၏။ ဘူတာသို့အဝင် ရထားကြီးအရှိန်သတ်လိုက်သည်နှင့် မီးရထားပြန်ကြားရေးအဖွဲ့မှ စပီကာနှင့် ပြောနေသည်။ "ခရီးသည်များ ဖြည်းဖြည်းသက်သာ ဆင်းကြပါ။ မိမိတို့ပစ္စည်းများ မကျန်ခဲ့စေရန် ဂရုစိုက်ကြပါ။ ရှေ့ခရီးကို ရထားနှင့်လိုက်ပါမည့် ခရီးသည်များက ဘုရားဖူးခရီးသည်များ ဆင်းပြီးမှ တက်ကြပါ။ အင်းတော်ကြီး ရွှေမဥ္ဆူ ဘုရားဖူးလာကြသူ လုပ်သားပြည်သူများအတွက် မီးရထားပြန်ကြားရေးအဖွဲ့မှ လိုအပ်သော အကူအညီများ ပေးနေပါတယ်။ ဘုရားဖူးခရီးသည်များ သက်သာမှုရရှိရေးနှင့် လုံခြုံရေးအတွက် သက်ဆိုင်ရာများက ဆောင်ရွက်လျက် ရှိနေပါတယ်" လော်စပီကာသံမှာ တရစပ်ထွက်ပေါ်နေသည်။

ထောင်မှူးကြီးကတော်ထံမှ ကြိုတင်စာရေး အကြောင်းကြားထားချက်အရ ကိုသန့်ဇင်တို့ ဇနီးမောင်နှံကို ကြိုဆိုမည့်သူများ လူအုပ်ကြားထဲတွင် ရှိနေမည်ဖြစ်သော်လည်း ကိုယ့်သူသေ! သူ့ကိုယ်မသိမို့ ကြိုဆိုမည့် အိမ်ခံများကို ချက်ချင်းမတွေ့ရဘဲ ကိုကြည့်သည်ကြည့် ကြည့်နေဆဲမှာပင် လူရွယ်တစ်ယောက်နှင့် အမျိုးသမီးချောချောတစ်ယောက်တို့ သူတို့ရှိနေရာသို့ ခပ်သွက်သွက်ကလေး လျှောက်လာကြသည်ကို တွေ့လိုက်ရ၏။ ကိုသန့်ဇင်တို့ ဇနီးမောင်နှံ၏ ရုပ်ပုံသဏ္ဍာန်ကို ထောင်မှူးကြီးကတော်က စာထဲမှာ ထည့်ရေးထားခဲ့ရာ ကြိုဆိုသူများက အရိပ်အကဲဖမ်း၍ အမေးစကား ဆိုလာ၏။

"မန္တလေးက ... ဦးသန့်ဇင်နဲ့ ဒေါ်အေးအေးဇင် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ပါပဲ"

သည်တော့မှ နှစ်ဦးနှစ်ဖက် အပြုံးသွယ်လိုက်ကြရသည်။

သူတို့တည်းခိုရမည့် တိုက်ခံအိမ်ကြီးကို ရောက်သွားမှပဲ အမောဖြေလိုက်ကြရသည်။ သဘောကောင်းသော အိမ်ရှင်များ၏ ပြုစုစောင့်ခံမှုမှာ အားနာစရာကောင်းလှအောင် ရှိနေသည်မို့ နေရထိုင်ရသည်ပင် ကျဉ်းကျပ်သလို ရှိလာရသည်။ အေး လှုပ်ရှားရာနောက်သို့ ကောင်မလေးသုံးယောက်က အရိပ်ပမာလိုက်ပါ၍ ဧည့်ဝတ်ပြုနေရာ အေးက အားနာရပါကြောင်း တောင်းပန်စကား ဆိုခဲ့ရသည်ထိအောင်ပင် ဧည့်ဝတ်ကျေပွန်လှပေသည်။ ဘုရားပွဲ၌ မိမိတို့အိမ်သို့ ရပ်ဝေး ဘုရားဖူးဧည့်သည်များ လာရောက်တည်းခိုသည်ကို ဂုဏ်ယူဖွယ်ရာ အလေ့တစ်ရပ်အဖြစ် သက်ခံထားကြသည့် ဟိုပင်သူဟိုပင်သားများမှာ ဧည့်သည်ကို အလွန်အကျူး ဂရုစိုက်ကြ၏။ သူတို့၏ စေတနာနှင့် မေတ္တာကို ဧည့်သည်တိုင်းကပင် တသသ ပြောစရာ တွင်ရစ်ခဲ့ရသည်သာ။

နက်ဖြန်မှ ဘုရားဖူးတက်ရမည်ဖြစ်ရာ နေ့လယ်ဘက်၌ အပန်းဖြေ အနားယူကြပြီး ညနေစောင်းတွင် အညောင်းဖြေ လမ်းလျှောက်ထွက်ကြရင်း ဟိုပင်ချောင်းကြီးဘက် ရောက်သွားကြ၏။ ချောင်းမကြီးမှာ ကျယ်သော်လည်း ရေပြည့်လျှမ်းခြင်း မရှိတော့ပေ။ အလယ်ကြောတွင်သာ ရေစီးနေသည်။ ရေမတင်သည့် သဲပြင်ပေါ်တွင် ရေချိုးသူများနှင့် စည်ကားနေသည်။ သဲပြင်ကို လက်နှင့်ယက်၍ တွင်းတူးလိုက်သည့်အခါ ရေများ ပြည့်လျှံလာရာ ဘူတာရုံတစ်ပိုက်တွင် တည်းခိုနေကြသည့် ဘုရားဖူးများ၏ ရေချိုးပွဲတော်ကြီးမှာ ဆည်းဆာရိပ်အောက်တွင် ပျော်ရွှင်ပွဲကြီးသဖွယ် ဖြစ်နေတော့၏။

ညနေ ထမင်းစားပြီးသောအခါ ဟိုပင်အအေးကို နွေးထွေးစေမည့် မီးဖိုနားတွင် ဝိုင်းပတ်ထိုင်ကြပြီး နားထောင်ခဲ့ရသည့် အသက်ခုနစ်ဆယ်ကျော် အဘဦးပြားနောင် ပြောပြသည့် အင်းတော်ကြီးဘုရားသမိုင်းမှာ စိတ်ဝင်စားစရာ အတိပြီးသလို ရှူရှူလေး မီးသင်းထားသည့် ဆတ်သားခြောက်နှင့် ရေနွေးကြမ်း ခါးခါးလေးမှာလည်း ခံတွင်းတည့်လှ၏။

"အေး .. အေး ... ဒီလောက်ဒုက္ခခံပြီး ရပ်ဝေးကနေ အင်းတော်ကြီးဘုရားဖူးရောက်လာကြတာ ကုသိုလ်ထူးသပေါ့။ ဘုရားမရောက်ခင် ဘုရားသမိုင်းကို သိထားရင် ကုသိုလ်ပွားရတာ ပိုပြီးသဒ္ဓါမြောက်တာပေါ့ လုံမတို့ရဲ့"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်မတို့ကလည်း အင်မတန် နားထောင်ချင်ပါတယ် အဘ။ အမိန့်ရှိပါ"

"အေး ... အေး ... ပြောရတဲ့ အဘလည်း ကုသိုလ်ရသပေါ့ကွယ်



www.burmeseclassic.com

သာဓု ... သာဓု''

''အခု မောင်ရင်တို့ လုံမတို့ သွားမယ့် ရွှေမဥ္ဇူဘုရားရှိတဲ့ အင်းရေပြင်ကြီးကို ထင်းရှူးတောင်၊ လွှဲခေါင်တောင်၊ လွှဲအိမ်တောင်၊ ဝဘော်တောင်၊ ကျူခံလဲတောင်၊ လောခွန်တောင်၊ ဆင်ခေါင်းတောင်၊ နန့်တင်တောင်၊ လွှဲခူတောင်၊ ဟဲပန်တောင်၊ လဲကျော်တောင်၊ မခုတ်တောင်၊ ဝါးတောင်၊ လွှဲငယ်တောင်၊ ကဝါထုံးတောင်၊ ရွှေတောင်လို့ ခေါ်တဲ့ တောင်ဆယ့်ခြောက်လုံး ဝိုင်းပတ်ထားတယ်ကွ။ အင်းရေပြင်ရဲ့ အကျယ်အဝန်းကတော့ အလျား တစ်ဆယ့်လေးမိုင်၊ အနံ ခုနစ်မိုင် ရှိတယ်''

''မြန်မာပြည်တစ်ခွင် အင်းတွေ အများကြီး ရှိတဲ့အထဲမှာ ဒီအင်းက အလွန်ကြီးလွန်းလို့ 'တော်'တစ်လုံး ထည့်ပြီး အင်းတော်ကြီးလို့ ခေါ်ဝေါ် သမုတ်ခဲ့တာပဲ။ သူက မြေပြန့်မှာ တည်တဲ့ အင်းမဟုတ်ဘူးကွ။ တောင်ထိပ်မှာတည်တဲ့ အင်းမို့လို့ ထူးခြားတာပေါ့ကွ''

''ဟုတ်ကဲ့ အဘ .. အင်းတော်ကြီးဘုရားသမိုင်း သိပါရစေ အဘ''

''အေး ... ပြောမယ်လေကွာ။ ဆတ်သားခြောက် စားကြဦး''

''မင်းတို့ ကြားဖူးမှာပေါ့။ လူစင်စစ်က ကျားဖြစ်တယ်ဆိုတဲ့ တမန်သီ လူမျိုးတွေရဲ့ ဒေသမှာ ဥတ္တရစောဖြူ ရှမ်းအခေါ် 'စောင်ဆေးပိတ်'ဆိုတဲ့ ကျားဖြူမင်း အုပ်ချုပ်နေတဲ့အချိန်။ အေး ... အခုပြောမှာကိုတော့ ပုံပြင်လိုသဘောထားပြီး နားထောင်ကြလကွာ''

''ဟုတ်ကဲ့ အဘ''

''ဟိုးရှေးရှေးတုန်းက သမုဒ္ဒရာရေပြင်ကျယ်ကြီးထဲမှာ ရောပထ နဂါးမင်းကြီးအုပ်စိုးနေတဲ့ ကာလ၊ ရောပထ နဂါးမင်းကြီးဟာ တန်ခိုးရှိန်စော် အလွန်ကြီးပြီး မိဖုရား ပျိုပျိုအိုအို မောင်းမမိဿံ ခြွေရံတသင်းနဲ့ ပျော်ရွှင်မြူးထူးစွာ စံပယ်နေတာပေါ့ကွာ။ ရောပထ နဂါးမင်းကြီးမှာ မိဖုရားတွေများတဲ့အတိုင်း သားတော် နဂါးမင်းလေးတွေ အုပ်ချုပ်စိုးစံဖို့ တိုင်းသစ် ပြည်သစ် ရှာဖွေရတော့မယ်လေ။ ရောပထ နဂါးမင်းကြီးမှာ တာဝန်တွေရှိလာတာပေါ့။ ဒါနဲ့ အကြီးဆုံးသားတော် သုံးပါးကို နေရာသစ်များရှာဖို့ အမိန့်တော်ချမှတ်ပြီး လွှတ်လိုက်တယ်။ နဂါးညီနောင်သုံးဦးဟာ တစ်တောဝင် တစ်တောင်တက်၊ တစ်တောင်ဆင်း၊ တစ်တောဝင်ရင်း နေရာသစ်ရှာခဲ့ကြတာမှာ အနေအထားကောင်းမွန်တဲ့ ကွင်းပြင်ကြီးတစ်ခုကို တွေ့ကြသတဲ့။ ညီနောင်သုံးဦးက အဲဒီနေရာကို အင်းဖွဲ့ဖို့ အညီအညွတ်တိုင်ပင်ပြီး အင်းကြီးတစ်အင်းဖွဲ့လိုက်ကြတာပေါ့ကွာ။ အဲဒီနေရာကတော့ ကသာမြို့အနောက်ဘက် နဘားမီးရထားလမ်းဆုံခရီး၊ အင်းတော်မြို့ အနောက်ဘက်ယွန်းယွန်းမှာရှိတဲ့ နေရာပဲပေါ့။ ခုခေတ်အခေါ်နဲ့ အင်းတော်အင်းလို့ ခေါ်တဲ့နေရာပေါ့။ ရှမ်းလိုတော့ 'နန့်ဖားအင်း'လို့ ခေါ်ကြသတဲ့ကွ။ နဂါးညီနောင် သုံးဦးဟာ နန့်ဖားအင်းမှာ အစ်ကိုအကြီးဆုံးကို အခြေစိုက်စေပြီး ကျန်နှစ်ဦးက နောက်ထပ်နယ်သစ်ရှာဖို့ ခရီးဆက်ခဲ့ကြပြန်ရော။ တစ်နေရာရောက်တော့ တောတောင်တွေကို စောင့်ရှောက်ရတဲ့ နတ်သမီးပျိုက ညာလေးတွေနဲ့ တွေ့ပါလေရော''

''အဲ ... အဲ ... နေဦးကွ။ ဟဲ့ မိညက်တို့ ... ဖျာတို့၊ ခေါင်းအုံးတို့ ချပေးစမ်းဟေ့။ အညောင်းပြေအောင် လှဲပြီး နားထောင်ကြ။ ဆတ်သားခြောက်လည်း ဖြည့်ဦးလဟဲ့''

''ရပါတယ် အဘရဲ့။ ကျွန်တော်တို့မညောင်းပါဘူး။ အဘညောင်းမှာကိုသာ ကျွန်တော်တို့က အားနာနေတာပါ''

''အဘမှာက မညောင်းတဲ့ဆေး ရုပ်ပျိုကိုယ်နုဆေး ရှိတယ်ကွ။ ပြန်ခါနီးမှ မင်းတို့ကိုပေးမယ်''

''ဆက်ပါဦး အဘရယ်''

''လုံမကလည်း ဖြည်းဖြည်းပေါ့ ကွယ့်။ စားစမ်းပါဦး ဆတ်သားခြောက် မီးသင်းလေးကို''

''အဲ ... နဂါးပျိုလေးတွေက လည်း ချောချော၊ နတ်သမီးလေးတွေ ကလည်း လှလှ။ တောထဲမှာတွေ့ကြ တော့ မောကုန်တော့တာပေါ့ကွာ။ နောက်ဆုံးတော့ ရိတိတိ ငြိတိတိ ဖြေ နိုင်မခွာရက် ဖြစ်ကုန်ကြပြီး နတ် ကညာပျိုကို့ ညွှန်ပြတဲ့ ကွင်းပြင်ကြီး ကို နဂါးတို့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ မိုးရွာ ချစေလိုက်တာ အင်းကြီးတစ်အင်း ပေါ်လာပြန်တော့တာပေါ့ကွာ။ အဲဒီ အင်းဟာ 'နောင်မဲအင်း'လို့ သမုတ် ပေမယ့် ခုတော့ 'နောင်ခွင်အင်း'ရယ် လို့ ခေါ်ကြပြန်တယ်ကွ။ အဲဒီ နောင် ခွင်အင်းမှာ နဂါးညီနောင် နှစ်ပါးဟာ နတ်သမီးလေးတွေ တစ်ဖက်လေး ရာနဲ့ ကာမဂုဏ်အာရုံတွေကို ပျော် ပျော်ပါးပါး ခံစားရင်း နေလာခဲ့ရာ ညီတော်အငယ်က နန်းတော်တစ် တည်း ဘုရင်နှစ်ပါးဖြစ်နေတာ မ

www.burmeseclassic.com

တော်ဘူး။ ငါလည်း နန်းတော်အသစ်တည်ထောင်ဦးမှပဲလို့ စိတ်ကူးပေါက်ခဲ့ပြန်ပါရော။ ဂူတစ်ဂူတည်း ခြသေ့နှစ်ကောင် မအောင်းကောင်းဘူးရယ်လို့ စိတ်ကူးမိထင်ပါရဲ့။ ညီတော်အငယ်ဆုံး နဂါးလေးဟာ နေရာသစ်ရှာဖို့ ထွက်ခဲ့ပြန်တယ်။ နဂါးငယ်လေးက တောကြီးတောင်ကြီးထဲက နေရာတွေကို စိတ်ကြိုက်မတွေ့ဘဲ ဖြစ်နေတယ်။ ချေးကလည်း ခပ်ထူထူ ထင်ပါရဲ့။ လိုချင်တဲ့နေရာ မရတာနဲ့ ရှာရင်းဖွေရင်း ခရီးဆက်ခဲ့ရာက ဥတ္တရစောဖြူမင်း နန်းစိုက်တဲ့နေရာကို သွားတွေ့တော့တာကိုး။ အဲဒီ ဥတ္တရစောဖြူမင်း နန်းစိုက်တဲ့မြို့မှာ လူနေအိမ်ခြေ အလွန်စည်ကားပြီး လူစင်စစ်က ကျားဖြစ်တယ်ဆိုတဲ့ တမန်သီလူမျိုးတွေ နေကြတာပေါ့။ ဥတ္တရစောဖြူမင်းနဲ့ တမန်သီလူမျိုးတွေဟာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို မကြည်ညို မကိုးကွယ်ကြဘဲ ရသေ့ကြီးတစ်ပါးကို ကိုးကွယ်ပြီးတော့ မိစ္ဆာဒိဋ္ဌိအယူကို ယူနေတယ်ပေါ့။ ကာမဂုဏ်အာရုံတွေမှာ ပျော်မွေ့ပြီး အပျော်အပါးကိုပဲ အာရုံစိုက်နေကြတာပေါ့ကွာ။ ဝန်တိုမိစ္ဆာစိတ်လည်း အလွန်ရှိတဲ့လူတွေလို့ ဆိုတယ်ကွ။ အဲဒီလို ရတနာသုံးပါးကို မကိုင်းရှိုင်းဘဲ ကာမဂုဏ်အာရုံနဲ့ ပျော်မွေ့ပြီး ဝန်တိုစိတ်အားကြီးတဲ့ လူတွေကို ဆက်လက်ပြီး အသက်ရှင်ခွင့်ပေးလို့ မဖြစ်တော့ဘူးလို့ နဂါးမင်းကလေးက ဆုံးဖြတ်လိုက်တယ်ပေါ့ကွာ''

''ကိုရင်တို့၊ လုံမတို့ အိပ်များအိပ်ချင်နေကြပြီလား။ အိပ်ချင်လည်း အဘကို အားမနာနဲ့ကွ''

''မအိပ်ချင်ပါဘူး အဘရဲ့။ နေ့လယ်က အိပ်ထားကြပါတယ်။ နားထောင်ရခဲ့တာမှ ဆုံးအောင်ပဲ နားထောင်ပါရစေ''

''ဒါနဲ့ နဂါးမင်းက မုဆိုးမတစ်ဦးကို အိပ်မက်ပေးလိုက်တယ်။ ဒီက ရှေ့ခုနစ်ရက်လွန်ရင် တမန်သီတို့ဒေသမှာ ရေကြီးလတ္တံ့၊ ဥတ္တရစောဖြူမင်း နေပြည်တော်ဟာ ရေအင်းကြီး ဖြစ်လတ္တံ့၊ ရေအင်းကြီးမဖြစ်ခင် လွတ်အောင်ရှောင်ကြ၊ မရှောင်နိုင်သူတွေ သေဘေးနဲ့ တွေ့လတ္တံ့။ အဲဒီလို အိပ်မက်ပေးလိုက်တော့ မုဆိုးမကြီးကလည်း သူ့အိပ်မက်ကို ဘုရင့်နားပေါက်အောင် လျှောက်တင်လိုက်သပေါ့ကွာ။ တွေ့တဲ့လူတိုင်းကိုလည်း ပြောတာပေါ့။ ဒါပေမယ့် မုဆိုးမကြီးပြောတာကို ကြားတဲ့လူတွေက မယုံကြဘူးတဲ့။ လင်မရလို့ လင်တရူးပြီး ထင်ရာပြောတာပဲလို့ ယိုးစွပ်ကြသတဲ့။ ဒါနဲ့ ခုနစ်ရက်လည်းစေ့ရော အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဘက်လေးတန်ကနေ ရေလုံးကြီးတွေ လှိမ့်လှိမ့်ပြီး ထွက်လာလိုက်တာ ဥတ္တရစောဖြူမင်းရဲ့ နန်းတော်ကြီးနဲ့ မြို့ကြီးတစ်မြို့လုံးဟာ ရေနောက်မျောပါကုန်ပြီး မြို့လုံးပျောက်သွားခဲ့တာပေါ့။ အဲဒီအချိန်ကစပြီး အင်းတော်ကြီး ပေါ်လာတယ်လို့ အဆိုရှိတယ်ကွ။ ဒါကတော့ ပုံပြင်လို့ပဲ မှတ်ကြပေါ့ကွာ။ တို့မှ မမြင်ခဲ့ရတာကိုတော့လည်း ပုံပြင်လို့ပဲ အမှတ်အသားပြုလိုက်ကြပါစို့ရဲ့နော်''

''သမိုင်းကြောင်း မှန်သမျှကတော့ ပုံပြင်ဆန်တာပဲ အဘရဲ့''

''နားထောင်ကောင်းအောင် ချဲ့ကားထားတာတွေလည်း ပါချင်ပါမပေါ့ကွာ။ ဆန်ကောနဲ့ မြို့ပျက်တ◌ာ်ဆိုတာတောင် ရှိသေးတာပဲဟာ''

''ဒီအင်းတော်ကြီးနဲ့ ပတ်သက်ပြီး ဒေသဆရာတော်ကြီးတစ်ပါးကတော့ အခုလိုဝိဂြိုဟ်ပြုထားတယ်ကွ''

ဗဟု၊ ဥဒကာနီ၊ အဘိဏှံ၊
အတိဂူဟန္တိတိ၊ အင်းတော်ကြီး။

''အဓိပ္ပာယ်ကတော့ ဗဟု-များစွာကုန်သော၊ ဥဒကာနီ-ရေတို့သည်၊ အဘိဏှံ-မပြတ်ဘဲ၊ အတိဂူဟန္တိ-စီးဝင်တတ်ကုန်၏။ ဣတိသဒ္ဒါ-ထိုထိုများစွာကုန်သော ရေတို့ စီးဝင်တတ်သော သတ္တိကြောင့် အင်းတော်ကြီး၊ အင်းတော်ကြီးမည်၏တဲ့''

''အဲဒီလို ဝိဂြိုဟ်ပြုချက်နဲ့အဘူ အင်းတော်ကြီးရဲ့ အံ့ကိုးပါးကိုလည်း ဒီလို အဆိုရှိထားပြန်တယ်ကွ''

''ဟုတ်ကဲ့အဘ အမိန့်ရှိပါ အဘ''

တစ် ။ အင်းတော်ကြီးဟာ အလျား ရှစ်တိုင်၊ အနံ လေးတိုင် ကျော်ပြီး အလွန်ကျယ်ပြန့်တဲ့အတွက် အံ့ခြင်းတစ်ပါးတဲ့။

နှစ် ။ နတ်ဆေးခတ်တဲ့ အချိန်မှာ အင်းနူတ်ခမ်းမှာပေါက်တဲ့ ကိုင်းပင်က အခေါက်တွေကို ကြက်တူရွေးတွေက ချွာယူဆေးခတ်ပေးခြင်း အံ့တစ်ပါးတဲ့။

သုံး ။ သုံးကတော့ ကန်တော်ချိန်မှာ နန့်လိန်ချောင်းရေဟာ အင်းတော်ချောင်းအတိုင်း ဆန်တက်ပြီး အင်းထဲကို ဝင်ရောက်ကန်တော့ခြင်း အံ့တစ်ပါးတဲ့။

လေး ။ နန့်စန်းတာ အကောက်မှာ ထင်း၊ ဝါး၊ ကြူ၊ သစ်ပင်၊ ဝါးပင်တွေဟာ အလိုအလျောက် စီတန်းစိုက်ထောင်နေခြင်း အံ့တစ်ပါးတဲ့။

ငါး ။ အင်းထဲမှာ အနှံ့ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

မရှိတဲ ရှိတဲ့အမှိုက်သရိုက်တွေကို အမြဲတမ်း လှိုင်းပုတ်ပြီး ကမ်းပေါ်တင်ပေးခြင်း အံ့တစ်ပါးတဲ့။

"ဒ်တော့ ကိုရင်တို့ လုံမတို့ ဖျက်မြင်ဖွေတွေ့ရမှာပါလေ"

ခြောက် ။ အင်းတော်ကြီးကို ဗီးဝင်ရာ ချောင်းတွေမှာ တစ်ချောင်း ငါးတစ်မျိုးစီတက်ခြင်း အံ့တစ်ပါးတဲ့။

"ဒါကတော့ အင်းတော်မှာ ဘုရားပွဲ မစခင်၊ စပြီး၊ ဘုရားပွဲပြီးတဲ့အထိ နေတဲ့လူတွေမှ တွေ့ရတာ"

"ငါးတစ်မျိုးစီ တက်တယ်ဆိုတာ ဘယ်လိုပါလဲ အဘရဲ့"

"နန်ရင်ခါချောင်းမှာ ငါးဖန်းမချည်း တက်တယ်။ အင်းတော်ချောင်းမှာ ငါးသိုင်းပဲ တက်တယ်။ ကျန်တဲ့ချောင်းတွေမှာလည်း ငါးဘတ်တို့၊ ငါးရွေးတို့ သူ့ချောင်းနဲ့သူ တက်တယ်ပေါ့ကွာ"

"ဟုတ်ကဲ့ . . . ဆက်ပြီးအမိန့်ရှိပါဦး"

"ဘယ်နှနာရီများ ရှိပြီလဲ"

"ကိုးနာရီတောင် မထိုးသေးပါဘူး အဘ"

"အေး . . . အေး"

ခုနစ် ။ အင်းတော်ရှင်ကြီး မကြိုက်တဲ့ မျောက်ပွဲပြခြင်း၊ နတ်သံပခြင်းလုပ်ခဲ့ရင်၊ ဘုရားပတ်ဝန်းကျင်မှာ မြူးထူးပျော်ပါးနေတဲ့ ငါးတွေကို ဖမ်းလားဆီးလားလုပ်ရင် ကြီးမားတဲ့ လှိုင်းတံပိုးကြီးတွေ ထလာတဲ့ အံ့ခြင်းတစ်ပါးတဲ့။

ရှစ် ။ အင်းတော်ကြီး အနီးအနားမှာ ရှိတဲ့ မြေသလဲမှုန့်တွေကို ကျင်လိုက်ရင် ရွှေမှုန့်၊ ရွှေဖတ်ကလေးတွေ တွေ့နိုင်ခြင်း အံ့တစ်ပါးတဲ့။

ကိုး ။ အင်းတော်ကြီးချောင်းထဲက တခြားချောင်းတွေကို ထွက်သွားတဲ့ ငါးတွေကို နောက်တစ်ဖန် ပြန်လာခွင့်မပေးခြင်းနဲ့ လပြည့်လကွယ်နေ့များမှာ ရွှေတောင်ထိပ်ဖျားက အမြောက်ပစ်ဖောက်သံလို ကြားရခြင်း အံ့တစ်ပါးတဲ့။

"ဒါကတော့ အံ့ကိုးပါးပေါ့ကွာ။ စာဆိုတဲ့အတိုင်း ကိုက်တာလည်းတွေ့ရရဲ့။ အသေအချာစောင့်ပြီး မကြည့်နိုင်လို့ မတွေ့ရတာလည်း ရှိရဲ့ပေါ့ကွာ။ အေး . . . လက်တွေ့ဆိုတာလည်း နေရာတကာမှာ စူးစမ်းလို့ရတာမှ မဟုတ်ပဲဟာ။ စာဆိုအရ ရှေးရှေးတုန်းကတော့ အင်းတော်ရှင်ကြီးက တန်ခိုးလည်း ထွားပ၊ စိတ်လည်း ခက်ထန်ပ၊ ကြမ်းလည်းကြမ်းပ။ သူပိုင်အင်းထဲမှာ လှေကို လုံးဝအချမခံဘူးတဲ့။ လှေကြီး လှေငယ်တွေ ထားလိုက်ဦးကွာ။ စက္ကူနဲ့လုပ်တဲ့ လှေတောင် အချမခံဘူးတဲ့။ လှေချရင် လှိုင်းကြွပြီး ဖျက်တာပဲတဲ့။ ခုတော့ မဟုတ်ပါဘူးလေ။ ဒါမှာလည်း ရာဇဝင်အကြောင်းလေး ရှိသတဲ့။ ဒီအကြောင်းတော့ ပြန်လာမှ ပြန်လာမှ နားထောင်ကြသေးတာပေါ့"

"အပြန်ကျရင် ကျွန်မတို့က မြစ်ကြီးနားဘက် သွားဦးမှာပါ အဘ။ တစ်လက်စတည်း နားထောင်သွားပါရစေ။ ကျွန်မတို့အတွက် အပန်းမကြီးပါဘူး အဘ"

"အမလေး . . . ညီမတို့အဘက သူ့ဘုရားအကြောင်း ပြောရမယ်ဆိုရင် မိုးလင်းသွားပါစေ ပြောမှာနော်" ဟု အိမ်ခံအစ်မကြီးက ဝင်ထောက်လိုက်၏။

"အင်းတော်ကြီး ဘုရားသမိုင်းစာအုပ်လည်း ရှိပါတယ်လေ"

"စာအုပ်က အိမ်ရောက်မှ ဖတ်ချိန်ရမှာ။ အခု အဘပြောတာက ဘုရားမသွားခင် သိရတာဆိုတော့ ပိုကောင်းပါတယ် အဘ။ ကျွန်တော်တို့လည်း မအိပ်ချင်သေးလို့ပါ။ သက်ကြီးစကားသက်ငယ်ကြားရတာက ပိုပြီးတန်ဖိုးရှိပါတယ် အဘ"

"ဒါဆို ဆယ့်တစ်နာရီလောက်မှ ပိုင်းသိမ်းရမလားပဲ။ စားဖို့သောက်ဖို့တစ်ခုခုလုပ်ကြဦးဟေ့"

"ဆန်ပြုတ် ပြုတ်ထားပါတယ် အဖေရဲ့"

"အေးတဲ့အခါ ညဘက် ဆန်ပြုတ်သောက်တာ အကောင်းဆုံးပဲကွ။ သူက ကြေညက်လွယ်တဲ့အတွက် အန္တရာယ်ကင်းတာပေါ့။ ကောင်း . . . ကောင်းပ"

"အဲ . . . အင်းတော်ရှင်ကြီး တန်ခိုးထွားနေတဲ့အချိန်မှာ အင်းတော် နားမှာ တောရဆောက်တည်ပြီး တရား မေ့ပွားများအားထုတ်နေတဲ့ ဦးညီဆုံ တဲ့ ကိုယ်တော်ကြီးတစ်ပါး ရှိတယ် ဦးညီဆုံကို မေတ္တာကမ္မဋ္ဌာန်းပေါက်နေ တဲ့ ကိုယ်တော်ကြီးလို့ သမုတ်ကြတယ် လေ။ ဦးညီဆုံကိုယ်တော်ကြီးက အင်း တော်ကြီးပတ်ဝန်းကျင်မှာ နေထိုင်ကြ တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ကိုယ်ချမ်းသာ စိတ်ချမ်းသာ နေထိုင်ဖို့အတွက် အင်း တော်ရှင်ကို ချွတ်မှ ဖြစ်တော့မယ် အဓိဋ္ဌာန်ပြုလိုက်တယ်။ အဓိဋ္ဌာန်ပြု တာနဲ့ အင်းပတ်ပတ်လည်ကို ကြ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းတော့တာ အင်းမြောက်ဘက်အရပ်မှာ လော လှေတစ်စီးကို ထွင်းလုပ်နိုင်း တယ်။ 'တန်ခိုးရှင်နဲ့ မေတ္တာရှင်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲဆိုပါတော့ကွာ။ လောင်းလှေ ခုတ်ပြီးတဲ့အခါ စိတ်ဓာတ်ရင့်သန်ခိုင်မာတဲ့ လက်ရွေးစင် တပည့်တွေကို အဓိဋ္ဌာန်ဝင်စေပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခဲ့တာပဲ။ အဓိဋ္ဌာန်ရက်လည်းစေ့ရော ဆရာတော်စီမံထားတဲ့ ပရိတ်ချည်တွေ စလွယ်သိုင်းခွင်းလိုက်ပြီး ဆရာတော်က သာသနာတော်စောင့် နတ်မင်းကြီးတွေကို တိုင်တည် လှေပေါ်တင်ခိုင်းလိုက်တယ်။ ဆရာတော်က လှေဦးကနေ ပရိက္ခရာရှစ်ပါးကို လွယ်ပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလို့ပေါ့ . . . ။ လက်ရွေးစင်တပည့်တွေက လောင်းလှေကို လက်ညီတက်ညီလှော်ပြီး ဖားနန့်ပုံဒေသက စထွက်ခဲ့ကြတာပဲကွ။ လှေစထွက်ပြီး မကြာခင်မှာပဲ အင်းကြီးထဲကရေတွေ ဆူပွက်လာပြီး ကြီးမားတဲ့ လှိုင်းတံပိုးတွေ ထလာတော့တာပဲ။ ဒါပေမယ့် အဲဒီလှိုင်းအရှိန်က လှေနားရောက်တာနဲ့ တန့်သွားတာပဲတဲ့။ အဲဒီလိုနဲ့ အင်းတစ်ဝက်အရောက် လှော်ခတ်ခဲ့ကြတယ်။ ဆရာတော်က ရေပြင်ပေါ်မှာ ဘာကိုမှမတွေ့ရသလို ရင့်ကျက်တဲ့ဣန္ဒြေနဲ့ တည်တည်ငြိမ်ငြိမ် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေတာကို တွေ့ရတဲ့ တပည့်တွေက အားတက်လာပြီး ရီးလေးလေး ရီးလေးလေးလို့ သံပြိုင်ဟစ်သံနဲ့ ပျော်ပျော်ပါးပါး လှော်ခတ်လိုက်ကြတာ လှေပြိုင်ပွဲကျင်းပနေသလား အောက်မေ့ရတယ်တဲ့။ ကမ်းနှစ်ဖက်က ကြည့်နေတဲ့ လူအုပ်ကြီးကလဲ ကမ်းလုံးညွတ်ပေါ့။ အင်းကြီးတစ်ခုလုံး လှိုင်းတံပိုးတွေ ထနေပေမယ့် လှေဦးမှာ ရပ်နေတဲ့ ဆရာတော်ရဲ့ ဣန္ဒြေသိက္ခာဟာ နည်းနည်းလေးမှ မယိမ်းမတိမ်းဘဲ ရှိနေတာကို တွေ့ရတော့ ကြည့်နေတဲ့လူအုပ်ကြီးက ဝမ်းသာအားရဖြစ်ပြီး ဆရာတော်ကိုလည်း ကြည်ညို‌ရှိန်ပိုပြီးမြင့်လာတာပေါ့လေ"

"အဲဒီလို ကြည့်နေရင်းမှာပဲ လောင်းလှေတော်ဟာ ဘုရားတည်မယ့် အင်းလျားတစ်ဝက်ကို ရောက်လာတယ်။ အဲဒီအချိန်မှာ ဘယ်လိုမှ မမျှော်လင့်ဘဲ ကောင်းကင်တစ်ပြင်လုံးမှာ မိုးသားတိမ်လိပ်တွေ ဖုံးလွှမ်းပြီး မှောင်အတိ ကျသွားတယ်။ အလင်းရောင်လုံးဝမရှိတော့ဘဲ အလွန်ပြင်းထန်တဲ့ မိုးသက်မုန်တိုင်းကြီး ကျလာပါလေရော။ လှိုင်းတံပိုးတွေကလည်း အလိပ်လိုက် အလိပ်လိုက်ပေါ့။ မှောင်အတိကျနေတဲ့ လှိုင်းလုံးကြီးတွေကြားမှာ လှေကို မမြင်ရတော့ဘူးပေါ့။ ကမ်းပေါ်ကကြည့်နေတဲ့ လူတွေကလည်း ဆရာတော်နဲ့ လှေသားတွေတော့ သွားရှာပြီထင်ပြီး ရင်ဘတ်စည်တီးငိုကြွေးလိုက်ကြတာ ပွက်ပွက်ကို ညံသွားရောပဲတဲ့"

"ဟုတ်မဟုတ်တော့ ထားပေါ့ကွာ . . . ။ ရာဇဝင်အဆိုအရကတော့ အတော်ကို စိတ်ဝင်စားစရာ ကောင်းတာကတော့ အမှန်ပဲဟေ့"

"ဟုတ်တယ် အဘရဲ့။ ကျွန်မတောင် အတော်ကို စိတ်ဝင်စားနေပြီ။ အဘပြောတာတွေကို အင်းတော်ကြီးရောက်မှ ဒီနေရာတော့ ဒီလိုဖြစ်တန်ရယ်လို့ ခန့်မှန်းကြည့်ရတော့မှာပဲ"

"အေး . . . အေး . . . ကောင်းသပေါ့ကွာ"

"ဆက်ပါဦး အဘရဲ့"

"အဲဒီလို တစ်မိုးလုံး မှောင်မည်းပြီး လှိုင်းတံပိုးတွေ အဆမတန် ထကြွလာတဲ့အခါ ဆရာတော်ဟာ လှေဦးကနေ တည်တည်ငြိမ်ငြိမ် ရပ်ပြီး ကောင်းကင်ကိုမော့လို့ အဓိဋ္ဌာန်ပြုလိုက်သတဲ့။ 'အကျွန်ုပ်သည် ပွင့်ခဲ့ပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများနဲ့ ပွင့်ဆဲပွင့်လတ္တံ့သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား ရည်စူး၍ ထူးမြတ်သော သစ္စာတရားနဲ့ မေတ္တာတရားကို ရင်ဝယ်ပိုက်လျက် တရားမမှုများကို အဂတိမဖက်ဘဲ ပွားများအားထုတ်ခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ကောင်းကင်တစ်ပြင်လုံး ကြည်လင်ပြီး လှိုင်းတံပိုးများ ငြိမ်သက်၍ အင်းရေပြင်သည် မူလပကတိအတိုင်း ရှိပါစေသတည်း' လို့ အဓိဋ္ဌာန်ပြုလိုက်သတဲ့။ ဆရာတော် အဓိဋ္ဌာန်ပြုလိုက်တာနဲ့ တစ်ပြိုင်နက် ကောင်းကင်တစ်ပြင်လုံး လင်းထိန်လာပြီး အင်းရေပြင်ဟာ သင်ဖြူးဖျာခင်းထားသလို ငြိမ်သက်သွားတော့တာပဲတဲ့။ ဒါပေမယ့် အနှောင့်အယှက်က မပြီးသေးဘူး။ တစ်မျိုးထပ်ဖြစ်လာပြန်ရော။ အမျိုးအမည် မဖော်ပြနိုင်တဲ့ ရေသတ္တဝါကြီးတစ်ကောင်က အင်းကို ဖြတ်ပြီး လှေရှေ့ကနေ တားဆီးထားပြန်တယ်။ ရေသတ္တဝါကြီးနဲ့ မနီးမဝေးမှာ သောင်ပြင်မို့မို့လေး တစ်ကွက်ကလည်းပေါ်နေတယ်။ ဒါနဲ့ ဆရာတော်က လှေကို သောင်ပြင်ဦး ကပ်ခိုင်းပြီး ဆရာတော်ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ တောင်ဝှေးကို သောင်ပြင်ပေါ်သို့ စိုက်ချလိုက်တာနဲ့ ရေသတ္တဝါကြီးလည်း ခိုပ်ခနဲ ပျောက်ကွယ်သွားတော့တာပဲတဲ့။ ဆရာတော် ဦးညီဆုက စိုက်ထားတဲ့ တောင်ဝှေးကို ပြန်မနုတ်တော့ဘဲ လှေပေါ်မှပါလာတဲ့ ကျောက်တုံးသုံး

www.burmeseclassic.com

တုံးနဲ့ တောင်ဝှေးကိုညှပ်ပြီး အဓိဋ္ဌာန်ခဲ့တဲ့ သောင်ပြင်မှိုမှိုကလေးဟာ အခု ရွှေမဥ္ဇူဘုရားတည်တဲ့ နေရာကလေး ဖြစ်လာတော့တာပဲကွ"

"ရွှေမဥ္ဇူဘုရားကို ဆရာတော် ဦးညီဆွ တည်ခဲ့တာပေါ့နော် အဘ"

"မဟုတ်သေးဘူးကွယ့်။ ဆရာတော်က ပန္နက်နေရာပဲ သတ်မှတ်ပေးခဲ့တာ။ ရွှေမဥ္ဇူဘုရားတည်တဲ့ ရာဇဝင်ကြောင်းလေးက သတ်သတ်ရှိသေးသကွယ့်"

"ဟုတ်ကဲ့အဘ မပြောင်းသေးရင် နားထောင်ပါရစေဦး အဘ"

"အေး .. အေး၊ ပြောမယ့်ပြောလည်း အခုံးပဲပြောရတော့မပေါ့ကွာ"

အငွေ့တထောင်းထောင်း ထနေသော ဆန်ပြုတ်ပန်းကန်များမှာ သူတို့၏ရင်ထဲတွင် နွေးခနဲ ဖြစ်သွားရသလို ဝမ်းမီးကိုလည်း ငြိမ်းသက်သွားစေခဲ့၏။ အဘ ဦးပြားနောင်၏ အင်းတော်ကြီးသမိုင်းကြောင်းက နားထောင်ကောင်းသလို၊ ဝက်သားအသားဖတ်ကလေးများ မွှထည့်ထားသည့် ဆန်ပြုတ်ကလည်း အရသာရှိလှ၏။

အဘဦးပြားနောင်က နောက်ဖေးထွက်ပြီး ပြန်လာမှ သူတို့လည်း နောက်ဖေးခဏ ထွက်လိုက်ရသည်။ သူတို့ ပြန်ရောက်လာသည်နှင့် စကားဝိုင်း ပြန်ဆက်ခဲ့ကြ၏။

"အင်းတော်ကြီးအင်းရဲ့ အနောက်ဘက်အရပ်မှာ တောင်သုံးလုံး မိုခနောက်ဆိုင် ရှိသကွယ့်။ အဲဒီတောင်သုံးလုံးကြားမှာ ဦးသောဘိတဆိုတဲ့ ကိုယ်တော်တစ်ပါး တောရဆောက်တည်နေတယ်။ ကိုရှင်ဘဝကတည်းက တောရဆောက်တည်ခဲ့တဲ့ ကိုယ်တော်ပဲကွယ့်။ ဆရာတော် တောရဆောက်တည်တဲ့ နေရာဟာ လူတွေနေထိုင်တဲ့ ရွာတွေနဲ့ အလှမ်းကွာလွန်းလို့ လူအရောက်အပေါက်လည်း နည်းသကွယ့်။ ဆရာတော်က ရရာသစ်သီးဝလံတွေကို ဘုဉ်းပေးပြီး တောရဆောက်တည်နေတာကိုး။ တစ်ခါတစ်ရံတော့လည်း ဆရာတော်ကို ကြည်ညိုတဲ့ ဒကာတွေ ရောက်သွားပြီး ဆန်တို့၊ ငါးပိ၊ ငါးခြောက်တို့ လှူကြသပေါ့ကွာ။ ဆရာတော်က လူတွေလာတာ သိပ်မကြိုက်ဘူးကွယ့်။ တစ်နေ့တော့ မိုင်းပုတ်ရွာက ဒကာတစ်ယောက် ဆရာတော်ဆီသွားရင်း ဆရာတော် ကျောင်းသင်္ခမ်းဆီက စကားပြောသံကြားတာနဲ့ ဘယ်သူများ ရောက်နေသလဲလို့ ကဲကြည့်လိုက်တဲ့အခါ အဘိုးအိုတစ်ယောက်နဲ့ စကားပြောနေတာ တွေ့လိုက်ရတယ်ကွယ့်။ ကျောင်းပေါ်မတက်ဘဲ အပြင်ဘက်ကပဲ စောင့်နေတာပေါ့။ ခဏကြာတော့ အဘိုးအိုပြန့်ထွက်အသွားမှာ ... ဒကာလည်း ကျောင်းပေါ်တက်၊ ဆရာတော်ကို ဝတ်ဖြည့်ပြီး ဘယ်ရွာက ဒကာကြီးပါလဲ ဘုရားလို့ လျှောက်ထားရတာကိုး။ ဆရာတော်က ပြုံးနေတယ်။ အဖြေမပေးဘူးတဲ့"

ဆရာတော်နဲ့ အဘိုးအိုတို့ စကားပြောနေတာတွေပြီး မကြာခင်မှာဘဲ ဆရာတော်က ရွှေမဥ္ဇူဘုရားတည်မယ့်ရွာနဲ့ နန့်ပေါင်စည်ရွာကြားမှာရှိတဲ့ မိုင်းပုတ်ရွာကို ပြောင်းရွှေ့ပြီး သီတင်းသုံးလာတယ်။ ခုတော့ မိုင်းပုတ်ရွာက ပျက်သွားပြီလေ။ ရှေးကတည်ခဲ့တဲ့ စေတီပုထိုးတွေပဲ ကျန်ရစ်ခဲ့တော့တယ်။ ဆရာတော်က မိုင်းပုတ်ရွာမှာ သီတင်းသုံးပြီး ခရိုင်အုပ်တွေနဲ့ မိုင်း လေးမိုင်းက ပေါမိုင်းတွေကိုခေါ်ပြီး ဘုရားတည်ဖို့ အစီအစဉ်ကို အမိန့် လိုက်တယ်ကွယ့်။ အင်းစွယ်သော ကုန်းမှာ ဘုရားတည်မယ်၊ ဌာပနာ ဓာတ်တော်ကို ဆရာတော် တာဝန်ယူ မယ်။ အုတ်နဲ့ လိုအပ်တဲ့ပစ္စည်းတွေ ဒကာတွေက တာဝန်ယူကြဖို့ အမိန့် လိုက်တယ်။ ခရိုင်အုပ် ဦးရွှေဦးနဲ့ မိုင်း လေးမိုင်းက အကြီးအကဲတွေက သိ ဝမ်းသာသွားကြတာပေါ့လေ။ ဆ တော်အလိုရှိသမျှ ဖြစ်အောင် ဖြ ဆည်းပေးပါ့မယ်ဘုရားလို့ လျှော ထားကြသကွယ့်။ ခရိုင်အုပ် ဦးရွှေ ဆိုတာက အဘရဲ့အဘိုးပဲ။ 'မိုင်း' ဆ တာက ရှမ်းအခေါ်၊ မြန်မာလိုတော့ စုပေါင်းပိုင်ဆိုင်ခြင်းလို့ အဓိပ္ပာယ်သ ရောက်သပေါ့ကွာ။ အဲဒီအချိန် အင်းတော်ကြီးမှာ 'မိုင်းပင်'၊ 'စီးခန်း' 'ငွန်စင်း'၊ 'မောက်တောင်' ဆိုတဲ့ မို လေးမိုင်းရှိသကွယ့်။ မိုင်းပင်အုပ်စု ပါတောင်းရွာ၊ ညောင်ပင်၊ နန့်ကော ဆယ်၊ ကုန်းမမုနဲ့ နယ်စပ်နယ်ခြား တွေပါပြီး၊ ပေါမိုင်း ဦးအိုက်ကင် အုပ်ချုပ်သကွယ့်။ 'စီးခန်း' အုပ်စု နန့်မီးလောင်၊ လွဲပွန်၊ စိုင်းလို၊ နန့် နန့်ပခဲကြီး၊ နန့်ပခဲချောင်းဖျားရွာ ပါပြီး ပေါမိုင်း ဦးအိုက်လုံက အုပ် သကွယ့်။ 'ငွန်စင်း' အုပ်စုမှာတော့ ကောက်၊ နန့်ကင်၊ ဆုံပေးကုန်း၊ ဖောင်ခင်၊ လှိုင်းပုတ်ကြီး၊ လုံတုံ ယာရွာတွေပါပြီး ပေါမိုင်း ဦးဘန် ကအုပ်ချုပ်သကွယ့်။ 'မောက်ကော အုပ်စုမှာတော့ မိုင်းပုတ်၊ ကုံပင်၊ ပန်း၊ ဟဲကောင်း၊ ကုန်းပေါင် ခြားရွာတွေပါပြီး ပေါမိုင်း ဦးစံ



www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်တယ်ကွယ့်။ ဆရာတော်ဦးသောဘိတဟာ ခရိုင်မင်းနန်းနေတုန်းက အရှင်သောတသထေရ်ရဟန္တာအရှင်မြတ်က နဂါးတို့ပြည်ကို ကြွပြီး မြတ်စွာဘုရားသခင်ရဲ့ အနိုင်ယာ ဓာတ်တော်တွေ ပင့်ဆောင်သလို ဆရာတော်ဦးသောဘိတဟာလည်း ဓာတ်တော်တွေ ပင့်ဆောင်ဖို့ ဒဂုံကို ကြွသွားခဲ့တယ်''

''အဲ ... ဒဂုံရောက်တဲ့အခါကျတော့ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ပူဇော်ကန်တော့ပြီး ရွှေတိဂုံကုန်းတော်မှာပဲ အဓိဋ္ဌာန်ဝင်ခဲ့တယ်။ အဓိဋ္ဌာန်ရက်စေ့တဲ့နေ့မှာ ဆရာတော်က ရွှေတိဂုံစောင့် နတ်မင်းကြီးတွေကို တိုင်တည်ပြီး ဘုရားရှင်ကို တိုင်တည်လျှောက်ထားလိုက်တယ်။ 'ဘုန်းတော်ကြီးမြတ်တော်မူသော ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါး၊ အစိန္တေယျလေးပါးတို့နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား။ တပည့်တော်တို့ အထက်မြို့ဒေသ အင်းကြီးအလယ်မှာ တည်ထားကိုးကွယ်မယ့် စေတီတော်မှာ ဌာပနာဖို့ အရှင်ဘုရားရဲ့ ဓာတ်တော်မွေတော်များကို အပင့်ရောက်ရပါတယ်ဘုရား။ ဘုရားတပည့်တော်တို့ အထက်မြို့ဒေသမှာ သာသနာရောင်ဝါ ထွန်းလင်းတောက်ပစေခြင်းငှာ တပည့်တော်ပူဇော်ထားတဲ့ ပန်းကလပ်အတွင်းသို့ ဓာတ်တော်မွေတော်များ ချီးမြှင့်ရန် လျှောက်ထားအပ်ပါတယ်ဘုရား'လို့ လျှောက်ထားပြီး ပန်းကလပ်ကို အထက်ပစ္စယံ ခြေတော်ရင်းမှာထားပြီး ကိုးရက်တိုင်တိုင် သစ်သီးဝလံကို ဆွမ်းဘုဉ်းပေးပြီး အဓိဋ္ဌာန်ဆက်ဝင်ပြန်တာပေါ့။ အဓိဋ္ဌာန်စေ့တဲ့နေ့မှာ သစ်သီးအရှုဏ်ဆွမ်း ကပ်လှူပြီး ပန်းကလပ်ကို သွားပြီးကြည့်လိုက်တဲ့အခါ ပန်းကလပ်ထဲက ဓာတ်တော်ငါးဆူကို ရောင်ခြည်တော်ကွန့်မြူးလျက်သား တွေ့လိုက်ရတာနဲ့ ဝမ်းသာအားရပြီး ဓာတ်တော်တွေကို ပင့်ဆောင်ပြန်ကြွခဲ့ကာပေါ့ကွယ်''

''ခရိုင်အုပ်ဦးရွှေဦးနဲ့ ပေါ်မိုင်းတွေ အသင့်စုဆောင်းထားတဲ့ အုတ်ကျောက် အင်္ဂတေ၊ ရွှေငွေတွေကလည်း အသင့်ဖြစ်နေပြီလေ။ ဆရာတော် ပင့်ဆောင်လာတဲ့ ဓာတ်တော်၊ မွေတော်တွေကို တခမ်းတနား ကြိုဆိုပြီး ဆရာတော်ဦးညီဆူ သတ်မှတ်ခဲ့တဲ့ အနောက်ဘက်ကမ်းခြေကနေ အတောင်ပေါင်း ၂၇၆ တောင်ကွာတဲ့ သဲသောင်ခုံထိပ်မှာ စေတီတည်ခဲ့တာပဲကွယ့်''

''သက္ကရာဇ် ၁၂၃၁ ပြည့်နှစ် ယောမန္တရာသီ ဆောင်းအကုန် နွေအဝင် တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့မှာ ပန္နက်ရိုက်၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့မှာ ဌာပနာသွင်းဖို့ ကျောက်တိုက်တည်ပြီး ၁၂၃၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ကြာသပတေးနေ့မှာ ဌာပနာသွင်းခဲ့တာပဲကွ''

''ရတနာရွှေလှေကို ပုံစံပါးပါး လုပ်ပြီး အဲဒီလှေပေါ်မှာတင်ထားတဲ့ ဓာတ်တော်ဟာ ရေများတဲ့အခါ အပေါ်တက်ပြီး ရေနည်းတဲ့အခါ အောက်ပြန်ဆင်းသွားတာပေါ့''

''ဆရာတော်ဦးသောဘိတ ပင့်ဆောင်လာတဲ့ ဒဂုံဆံတော်နှင့် ဓာတ်ပွားကို ရွှေသေတ္တာနဲ့ ထည့်ပြီး ဌာပနာခဲ့တာကို အစွဲပြုလို့ 'ရွှေမဥ္ဇူဘုရား' ရယ်လို့ ဘွဲ့တော်သမုတ်ခဲ့ကြတာပဲကွဲ့''

''အဲ ... နောက်တော့ ထပ်ထပ်ပြီး ပြင်ဆင်မွမ်းမံကြနဲ့ ဗိနုပ်တော်က ၂၆ တောင် တစ်မိုက်လေးသစ်၊ ဉာဏ်တော်က ၃၃ တောင် နှစ်မိုက်ရှိခဲ့တာပေါ့ကွယ်။ ကျောက်တိုက်ပေါ်မှာရှိတဲ့ စေတီရံတွေက ပထမပတ်မှာ စေတီရံ အဆူနှစ်ဆယ်၊ ဒုတိယပတ်မှာ စေတီရံ နှစ်ဆယ့်ရှစ်ဆူ၊ တတိယပတ်မှာ စေတီရံ သုံးဆယ့်ခြောက်ဆူရှိတော့ သုံးပတ်ပေါင်း ရှစ်ဆယ့်လေးဆူရှိတယ်ကွယ့်။ နောက်ထပ် ချဲ့လာတာကတော့ ပထမပန်းဘင်မှာ စေတီရံ နှစ်ဆယ့်ရှစ်ဆူ၊ ဒုတိယ ပစ္စယံပေါ်မှာ အဆူလေးဆယ်ရှိပြန်တာမို့ စုစုပေါင်း စေတီရံ ၁၅၂ ဆူရှိနေတာတွေ့ရလိမ့်မယ်ကွယ့်။ အေး ... ဒါကတော့ ဘုရားသမိုင်း အကြမ်းပေါ့ကွာ''

''သဲလမ်းပေါ်ပုံနဲ့ တခြား ထူးခြားချက်တွေကိုတော့ ကိုရင်တို့၊ လုံမတို့ နက်ဖြန် ဘုရားရောက်ရင် တွေ့ရပါလိမ့်မယ်။ ဒီနေ့သော့ ဒီလောက်နဲ့ပဲ ကျေနပ်ကြတော့ကွာ။ ကဲ ... ကဲ ... အနားယူပြီး စိတ်လက်အေးချမ်းစွာနဲ့ အိပ်ကြပေတော့''

''ဟုတ်ကဲ့ အဘ။ ကျွန်တော်တို့ အဘကို ဦးတင်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ် အဘ''

''အေး ... အေး ... သာဓု .. သာဓု''

**(ရှေ့လဆက်ရန်)**

ကျော်မြဟန်း

www.burmeseclassic.com

# လုပ်ငန်းချွတ်ချော် တိမ်းပါးသော်

■ ဂမ္ဘီရဆရာပွင့်

ဘယ်လုပ်ငန်းပဲလုပ်လုပ် အဆင်ချောသည်လည်း ရှိမည်၊ အဆင်မချောဘဲ ချွတ်ချော်အံလွဲပြီး တိမ်းပါးနေတာမျိုးလည်း ရှိမည်။ အဆင်ချောလျှင် ပြေလည်မည်၊ အဆင်မချောလျှင် အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။

သည်တော့ စားဝတ်နေရေး ကိစ္စအဖြာဖြာအတွက် စနစ်ဇယားနှင့် လုပ်ကိုင်ကြရသူတို့အဖို့ လုပ်ငန်းအဆင်ချောဖို့ကိုပဲ လိုလားကြပေလိမ့်မည်။ ချွတ်ချော်တိမ်းပါးမှုကို မလိုလားကြ။ သည့်အတွက် လုပ်ငန်းချွတ်ချော် တိမ်းပါးနေကြသူတို့ အံ၀င်ခွင်ကျ အဆင်ပြေကြစေရန်အလို့ငှာ လောကီအစီအရင် ယတြာလေးတစ်ခုကို တင်ပြလိုပါသည်။ ၎င်းယတြာကို 'မုန့်လုံးရေပေါ်ယတြာ'ဟုလည်း ခေါ်ဝေါ်နိုင်ပါသည်။ အကြောင်းမူကား ယတြာချေရမည့် အဓိက ပစ္စည်းသည် မုန့်လုံးရေပေါ်ဖြစ်ခြင်းကြောင့်ပါတည်း။

လုပ်ငန်းချွတ်ချော်၍ အဆင်မပြေသူအဖို့ မိမိ၏ ရောက်ရှိဆဲအသက်ကိုတည်ကာ (၄)နှင့်မြှောက်ရပါမည်။

ပမာအားဖြင့် ...

အသက်(၄၀)ရှိသောသူ ဆိုကြပါစို့။

(၄၀)နှစ် × (၄) = ၁၆၀

သို့ဖြစ်၍ ထိုသူအဖို့ မုန့်လုံးရေပေါ် အရေအတွက် အလုံးရေ (၁၆၀)တိတိ လုံးရပါမည်။ ထိုအထဲမှ (၁၀)လုံးကို ဖယ်ရပါမည်။

ထို(၁၀)လုံးအား နံနက်(၁၀)နာရီတိတိ၌ အိမ်ရှိဘုရား၌ ကပ်လှူကာ "ချွတ်ချော်တိမ်းပါးမှုများ ကွယ်ပျောက်၍ အံ၀င်ခွင်ကျ အဆင်ပြေရပါလို၏ဘုရား"ဟူ၍ အာရုံစူးနစ်စွာဖြင့် ဆုတောင်းရပါမည်။ ဤ၌ ခုနစ်ရက်သားသမီးအဖို့ မိမိတို့ လုပ်ဆောင်ရမည့်နေ့ကို သိထား၍ လိုပါသည်။

သည့်အတွက် ရောက်ရှိဆဲအသက်ကို (၇)ဖြင့်စားရပါမည်။ ထိုအခါ အကြွင်းတွေ ရလာပါမည်။

အသက်(၄၀)ရှိသူဆိုပါလျှင် ...

(၄၀)နှစ် ÷ (၇) = ၅ ကြွင်း

သို့ဖြစ်၍ ထိုပုဂ္ဂိုလ်လုပ်ဆောင်ရမည်မှာ ကြာသပတေးနေ့ဖြစ်ပြီး အလုံး(၁၆၀)အနက်မှ (၁၀)လုံးကို (၁၀း၀၀)နာရီတွင် ဘုရားကပ်လှူဆုတောင်းရပါမည်။ ကျန်မုန့်လုံးရေပေါ်များအား အနီးပတ်ဝန်းကျင်သို့ ဝေငှပေးနိုင်ပါသည်၊ စွန့်နိုင်ပါသည်။ မှတ်ရန်ကား ...

(၁) ကြွင်းသူအဖို့ တနင်္ဂနွေနေ့တွင် လုပ်ဆောင်ပါ။
(၂) ကြွင်းသူအဖို့ တနင်္လာနေ့တွင် လုပ်ဆောင်ပါ။
(၃) ကြွင်းသူအဖို့ အင်္ဂါနေ့တွင် လုပ်ဆောင်ပါ။
(၄) ကြွင်းသူအဖို့ ဗုဒ္ဓဟူးနေ့တွင် လုပ်ဆောင်ပါ။
(၅) ကြွင်းသူအဖို့ ကြာသပတေးနေ့တွင် လုပ်ဆောင်ပါ။
(၆) ကြွင်းသူအဖို့ သောကြာနေ့တွင် လုပ်ဆောင်ပါ။
(၀) ကြွင်းသူအဖို့ စနေနေ့တွင် လုပ်ဆောင်ပါ။

ဂမ္ဘီရဆရာပွင့်



www.burmeseclassic.com

www.burmeseclassic.com




# နှစ်ဆန်းတစ်ရက်နေ့

# ဘုရားကိုးဆူ မုန့်လုံးရေပေါ် ယတြာဆွမ်း

## လှအောင်ကြည်ဖြိုး

သင်္ကြန်ဆိုသော စကားသည် "သံကြာန္တိ" ဟူသော သက္ကတဝေါဟာရမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်း။ ကူးပြောင်းပုံ အမျိုးမျိုးရှိသည်။ စက္ကန့်မှ စက္ကန့်၊ မိနစ်မှ မိနစ်၊ နာရီမှ နာရီ၊ လမှ လသို့ ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်မင်းကြီးသည် လမှလသို့ ကူးပြောင်း၊ တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းခြင်းပင် ဖြစ်သည်။ နှစ်ဟောင်းခြွေ၍ နှစ်သစ်သို့ တနင်္ဂနွေဂြိုဟ်မင်းကြီး ကူးပြောင်းခြင်းကို (ဝါ) သင်္ကြန်ကို နှစ်ကူးသင်္ကြန်ဟု ခေါ်သည်။ နှစ်သစ်၏ အစနေ့ရက်ကို နှစ်ဆန်းတစ်ရက်နေ့ဟု ခေါ်ဆိုသမုတ်ကြသည်။

အကြိုနေ့မှာ လူ့ပြည်သို့ သိကြားမင်းလာမည်ကို ကြိုသောနေ့ဖြစ်သည်။ အကျနေ့မှာ လူ့ပြည်သို့ သိကြားမင်း ဆင်းသက်သောနေ့ဖြစ်သည်။ အတက်နေ့မှာ လူ့ပြည်မှ သိကြားမင်း ပြန်တက်သွားသောနေ့ ဖြစ်သည်။ အကြတ်နေ့သည် အကျနေ့နှင့် အတက်နေ့ကြားကာလဟု ခေါ်ဆိုသည်။ အကြတ်သည် လူ့ပြည်မှ လူသားတို့၏ ကုသိုလ်နှင့် အကုသိုလ်တို့ကို ခွဲခြားမှတ်တမ်းတင်သောနေ့ ဖြစ်သည်။ ရေးဘုန်းရှင်ကံရှင် မင်းများလက်ထက်မှ ယနေ့တိုင် သင်္ကြန်ကို ကျင်းပကြသည်။

ကျွန်ုပ်သည် အတိတ်က ကြေးမုံပြင်ကို သမင်လည်ပြန်လှည့်၍ ကြည့်မိသောအခါ ကျွန်ုပ်တို့လူငယ်ဘဝ သင်္ကြန်မှာ နောက်ကြပြောင်ကြသောအခါ စကားများမှာ ယဉ်ယဉ်လေးနှင့် ထိလည်းထိ၊ မိလည်းမိပါသည်။ အစခံရသူကလည်း ကျေကျေနပ်နပ်ပင် ဖြစ်သည်။ စသူမရိုင်းသဖြင့် အစခံရသူကလည်း ကြည်ဖြူပါသည်။ ဥပမာ "အပျိုပိန်ပိန် ရေမစိမ်နှင့် အီကြာကွေး... အီကြာကွေး"၊ "အပျိုဝဝ ရေမစိမ်နဲ့ ပေါင်မုန့်ကြီး...ပေါင်မုန့်ကြီး"၊ "ကန်တော်ကြီးကို ခြေကန်ပက်တော့ ရယ်တာပေါ့...ရယ်တာပေါ့"၊ စသဖြင့် နောက်ကြပြောင်ကြတတ်သည်။ ဆရာဝေနဲ၏ဝတ္ထုကို ရိုက်သော ကောလိပ်ဂျင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်သည့် ကောလိပ်ဂျင်နှင့် မအေးစိန် ပြေလည်ခန်းမှာ ပြောကြသည်။

နုတ်သွက်သော အပျိုကလေးများက "ကျေပါနော် ကိုသိန်းဖေ"ကို အော်ဟစ်နောက်ပြောင်ရင်း ကာလသားများက "ကျေပါတယ် မအေးစိန်"ဆိုပြီး အပြန်အလှန် ကားပေါ်မှ နောက်၍ပြောတတ်ကြသည်။

ကျွန်ုပ်တို့ ရေပက်ခံထွက်လာသောအခါ နေရာတိုင်းလိုလိုတွင် ရေပက်ခြင်းနှင့်အတူ အလှူရေစက် လက်နှင့်မကွာဆိုသလို လှူဒါန်းကြသည်။ ဗဟန်းရှိ ဘုန်းတော်ကြီးကျောင်းများရှေ့တွင် စေတနာဒီသာ သင်္ကြန်ထမင်းကျွေးသည်။ အချို့နေရာများတွင် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ စလေဆီးသီးနှင့် အအေးရည်တိုက်ခြင်း။ အချို့နေရာများတွင် မုန့်လုံးရေပေါ် ကျွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။ ကျွန်ုပ်တို့ကို ကျွေးလည်းကျွေး၊ ကျွန်ုပ်တို့ကို ရေပက်ခံအဖွဲ့ အညှာမခံမချင်း ရေလည်း အားရပါးရ ပက်ကြပါသည်။ အထူးသဖြင့် မုန့်လုံးရေပေါ်သည် အဓိကဇာတ်လိုက်ပဲ။ ရွာနှင့်မြို့ပါမကျန် လှူဒါန်းကြသည်။ ကျွန်ုပ်တို့သည် အလှူရှင်များကလည်း ပေး၍မကုန်၊ လှူ၍မခန်း အလှူရှင်များ ဒါနပြီးမြောက်သွားအောင် ပေးသမျှယူ၍ အိမ်သို့ပင် ပြန်ပါလာတတ်သည်။ တစ်နေ့တော့ ကျွန်ုပ်၏အဘိုး ဦးလေး ဦးသာဂိသည် -

"တို့တစ်နိုင်ငံတည်း [illegible]

www.burmeseclassic.com

မဟုတ်ဘူး။ တို့အာရှတိုက်သားတွေဖြစ်တဲ့ ဂျပန်၊ တရုတ်၊ ကိုရီးယားတို့မှာ မုန့်လုံးရေပေါ် အလှူပွဲတော် အကြီးအကျယ် လုပ်ကြပါတယ်။

ငါ့မြေး…မင်းတစ်နေ့ အိမ်ထောင်ဦးစီးဖြစ်လာတဲ့အခါမှာ ကံမိုန်၊ လာဘ်မပွင့်လို့ရှိရင် မုန့်လုံးရေပေါ် ယတြာလုပ်ပေးကွ။ ကံမိုန်ရာမှာ လင်းလာမယ်၊ လာဘ်လာဘ ပွင့်လန်းလာမယ်၊ မှတ်ထားကွ။ အစကပြောရရင်တော့ နှစ်ဆန်းတစ်ရက်နေ့ကို မှတည်ထားပြီး နှစ်ဆန်းမုန့်လုံးရေပေါ် ယတြာလုပ်ပေးရတယ်။

နှစ်ဆန်းတစ်ရက်နေ့မှာ မုန့်လုံးရေပေါ် ဆွမ်းတော်ကြီး ကပ်လှူချင်လျှင် ပထမဦးစွာ အသင့်ကြိတ်ပြီး ဆန်မှုန့်ကို အစေးပေါက်အောင် နယ်ပါ။ မိမိနှင့်တကွ မိသားစုဝင် အိမ်သားနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က စောစောကနယ်ထားသော ဆန်မှုန့်နှင့် ကောက်ညှင်းဆန်မှုန့်များကို ထန်းလျက်မှာ ဥာပနာပြီး အလောတော်လုံးပါ။ စိတ်ထဲမှ မြတ်စွာဘုရားနှင့် ရဟန္တာကို ဖူးကာ မိမိကိုယ်တိုင် စေတနာထက်သန်စွာ လုံးထားသော မုန့်လုံးရေပေါ် ဆွမ်းပွဲကြီး ကပ်လှူရသည်ကို ဝမ်းမြောက်ပျော်ရွှင်စွာ တွေးနေပါ။ မီးဖိုပေါ်ရှိ အိုးထဲမှ အပူများ ပွက်ပွက်ဆူလာလျှင် လုံးထားသော မုန့်လုံးလေးများကို ထည့်ပါ။ ကျက်သွားသောအခါ အပေါ်သို့ တက်လာမည်။ ပေါ်လာမည့် မုန့်လုံးရေပေါ်များကို ဆယ်ယူရန် စောင့်နေပါ။ ပေါ်လာသောအခါ ဆယ်ယူနေစဉ်မှာ မိမိနှုတ်မှ "ငါ၏ မြုပ်နေသော ကံများ ပေါ်လာသော မုန့်လုံးရေပေါ်များနှင့်အတူ ကံများပေါ်လာပြီ၊ ပွင့်လာပြီ၊ ကံများ ကောင်းလာပြီ"လို့ စိတ်ပါလက်ပါ ရွတ်ရင်း မုန့်လုံးရေပေါ်များကို ဆယ်ယူပါ။ မုန့်လုံးရေပေါ်ဆိုတဲ့အတိုင်း လောကီရေးရာမှာ အလွန်အစွမ်းထက်တယ်။ ပညက်သွားရာ ဓာတ်သက်ပါဆိုသလို မုန့်လုံးရေပေါ်ကို ဂမ္ဘီရသဘောနှင့် သရုပ်ခွဲပြရရင် မုန့်က ကြာသပတေးကို ညွှန်းတယ်၊ လုံးက ဗုဒ္ဓဟူးကို ညွှန်းတယ်၊ ရေကလည်း ဗုဒ္ဓဟူးကို ညွှန်းတယ်။ ဘာကြောင့်လဲဆိုတော့ နေ့နာမ်ကိုယူရမှာမို့လို့။ ရာဟုဆိုတာ ဗုဒ္ဓဟူးကို မိုတွယ်ပြီးမှ ဖြစ်လာတာလေ။ ရာဟုဆိုတာ ဗုဒ္ဓဟူးနေ့နံနက်ပိုင်းနှင့် မွန်းတည့်နောက်ပိုင်းအချိန်ကို ခွဲပြထားတာမို့ ရာဟုကိုမယူတာပါ။ သည်နေရာမှာ နေ့နံကိုသာ ဦးစားပေးတာမို့လို့ပါ။ ပေါ်ကလည်း ကြာသပတေးကိုညွှန်းပါတယ်။

နေ့နံတွေကို အောက်ပါအတိုင်း ပေါင်းလိုက်လျှင် (၁၈) ရသည်။ မုန့်(ကြာသပတေး) + လုံး(ဗုဒ္ဓဟူး) + ရေ(ဗုဒ္ဓဟူး) + ပေါ်(ကြာသပတေး) = ၅+၄+၄+၅ = ၁၈ ပေါင်းရကိန်း(၁၈)သည် ရုပ်နံ့ပင် ဖြစ်သည်။

မုန့်(ကြာသပတေး) ဂြိုဟ်သက် = ၁၉၊ လုံး(ဗုဒ္ဓဟူး)ဂြိုဟ်သက် = ၁၇၊ ရေ(ဗုဒ္ဓဟူး)ဂြိုဟ်သက် = ၁၇၊ ပေါ်(ကြာသပတေး)ဂြိုဟ်သက် = ၁၉၊ ဂြိုဟ်သက်ပေါင်း = ၇၂ နာမ်ပေါင်း။

ရုပ်နံ့နှင့် နာမ်နံ နဝင်းရထားသဖြင့် နဝင်းဓာတ်တွေဟာ လောကီသုံးရာမှာ အင်မတန်း အစွမ်းထက်တယ်ကွယ့်။ မုန့်လုံးရေပေါ်သည် ( ‌ ‌)က်ကင်းလည်း မိတယ်။ အထူးသဖြ

အရောင်းအဝယ်ပါး၊ ဝင်ငွေပိတ်နေသ

များ၊ အရည်အချင်းရှိလျက် ရာထူ

မတက်ရသူများ၊ အရည်အချင်းရှိလျ

မအောင်မြင်သေးသူများ မုန့်လုံးရေ

ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်လျှ

အရောင်းအဝယ်ကောင်းလာမည်၊ ဝ

ငွေကောင်းလာမည်၊ ရာထူးတက်ခွ

ကြံ့က ရာထူးတက်သွားမည်။ ရေ

သည့် ထင်ပေါ်ကျော်ကြားမှုဖြစ်လာမည်

မုန့်လုံးရေပေါ် (၁၀၈)လုံးကို မု

လုံးရေပေါ် (၉)လုံးစီကို ပန်းကန်(၉)ခ

စီတွင် ထည့်ထားပါ။

မြတ်စွာဘုရား၏ လက်ယာဘ

မှစ၍ စက်လက္ခဏာရှိကြကုန်သေ

ရှင်ရာဟုလာ၊ ရှင်ကောဏ္ဍည၊ ရှင်

ဝတ၊ ရှင်သီဝလိ၊ ရှင်ဥပလိ၊ ရှင်အာန

ရှင်ဂဝံပတိ၊ ရှင်မောဂ္ဂလန် ရဟန္တာမျာ

ကို ပင့်ဖိတ်၊ ဘုရားနှင့် ရဟန္တာများ

တွင် ပန်းကန်တစ်ချပ်စီထားပါ။ ပြီးလျှ

ငှင်းပန်းကန်တစ်ချပ်စီတွင် မုန့်လုံးရေ

များ၏အလယ်တွင် ခြစ်ပြီးသား အုန်

ဖြူးပါ။ အလင်းတိုင် ၉ တိုင်၊ ရေ

၉ ခွက်၊ နံ့သာတိုင် ၉ တိုင်ကိုလည်

ကပ်လှူပူဇော်ရမည်။

မကြောင့်မကြ၊ မတောင့်မ

အောင် ကံဆယ်သောအားဖြင့် သ

ဂုံသုံးပါးကို ပုတီး ၁၀ ပတ်စိပ်ပါ။ ပြ

လျှင် မိမိအလိုရှိရာကိုတောင်း၊ ပြီးလျှ

အမျှအတန်း ပေးဝေပါ။

စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူ

ဖြင့် အများချစ်၍ ချမ်းသာကြစေသေ

လှအောင်ကြ

www.burmeseclassic.com

www.burmeseclassic.com

# သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၏

# မဟာသင်္ကြန် ကြံစည်သမျှအောင်မြင်စေရန်

# အထူးအစိဈာန်





www.burmeseclassic.com

www.burmeseclassic.com

မဟာသင်္ကြန်ကာလ ရောက်ရှိ လျှင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အလုပ်အကိုင် ယာယီရပ်နားကြသည်။ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ဈေးဆိုင်၊ အလုပ်ရုံ၊ စက်ရုံ၊ ကျောင်း အား လုံး နားကြသည်။ အချို့လုပ်ငန်းများ တစ် နှစ်လုံး နားရက်မရှိဘဲ သင်္ကြန်ရက်မှသာ နားရ၊ အလုပ်ပိတ်သည်ဟု သိရသည်။

မဟာသင်္ကြန် ရေသဘင်ပွဲတော် တွင် ပျော်ရွှင်စွာ ရေကစားကြသူများ ရှိ သလို၊ တရားဓမ္မအလုပ်ပြုလုပ် ဥပုသ်သီလစောင့်ထိန်း၊ တရားစခန်းဝင်၊ အမိဋ္ဌာန် ဝင်သူ အများအပြားရှိသည်။ တရားရိပ် သာအများစုမှာ စခန်းဝင်ယောဂီများ ပြည့် နေတာ တွေ့မြင်ရသည်။

ယခု စာရေးသူအနေဖြင့် မဟာ သင်္ကြန်ကာလ အနည်းဆုံး ငါးရက်၊ အချိန် ရလျှင် ခုနစ်ရက်၊ ကိုးရက် အမိဋ္ဌာန်ဝင် နိုင်ရန် ကြံ့စည်သမျှအောင်မြင်စေသော အထူးအမိဋ္ဌာန်ကစ်ခု ရေးသားတင်ပြလိုပါ သည်။ စာရေးသူ အနေဖြင့် မဟာသင်္ကြန် ကာလတွင် သက်သတ်လွတ်စား၊ ပုတီးစိပ် သည်။ အနည်းဆုံး ငါးရက် အမိဋ္ဌာန်ဝင် သည်။ ယခုတင်ပြမည့် အမိဋ္ဌာန်မှာ သတ္တမမြောက် ကျော် အောင်စံထားဆရာတော် ချီးမြှင့်သော သုဂတောငါးချက် အမိဋ္ဌာန်ဝင်နည်းဖြစ်ပါသည်။ ထိုဂါထာတော်ဖြင့် ပုတီးစိပ် အမိဋ္ဌာန်ဝင်မည်ဆိုပါက ပိုမိုအကျိုးရှိ၊ အကျိုးကျေးဇူး ခံစား ရရှိစေရန် သက်သတ်လွတ်စားနိုင်လျှင် ပိုပြီးကောင်းသည်။ သားကြီး၊ ငါးကြီးရှောင်၍ ကျင့်ကြံအားထုတ်နိုင်သည်။ အမိဋ္ဌာန် ဝင်ပြီး အောင်မြင်ကျော်ကြားနေသော ဆရာတော်ကြီးအချို့ နှင့် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ သက်သတ်လွတ်အမိဋ္ဌာန်ဝင်တာ တွေ့ရသည်။ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၊ ကွမ်းခြံဆရာတော်၊ အောင်စေတီဆရာတော်၊ စမတစ်တောင်ဆရာတော်၊ ပန်းတစ်ပွင့်တောင်ဆရာတော်၊ မဟာဝေယျ သိဒ္ဓိအမိဋ္ဌာန်ဆရာတော် စသည့် ဆရာတော်များနှင့် အဘ သံသိပ္ပ၊ ရသေ့ကြီးအောင်သိဒ္ဓိ စသည့် ရသေ့ကြီးများလည်း သက်သတ်လွတ်စား အမိဋ္ဌာန်ဝင်ကြသည်။

ပုဇွန်တောင်ဘက်ရှိ ဆားလင်းကျောင်းတိုက်ဆရာတော်ကြီးမှာ မီးလွတ်ဘုဉ်းပေးတော်မူသည်။ သစ်သီးဝလံစားပြီး ယခု သက်တော် ရှစ်ဆယ်နီးပါးအထိ ကျန်းမာရေးကောင်း နေပါသည်။

ဦးစွာပထမ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော် အရှင်ဝါယာမာဘိဝံသ၏ အထူးဆုံးမတော်မူသော သဗ္ဗမံသ မဟာနကာသာ ဒေသနာတရားတော် ပူဇော်ပါမည်

- *သုမေဓော တေမိယော ကဿော၊*
  *အကိတ္တိ တာပသော ဒယော။*
- *သဗ္ဗမံသ ဝိဝဇ္ဇေတွာ၊*
  *ပူရေသုံ ဗောဓိပေတဝေ။*

သုမေဓော-သုမေဓာခေါ်မှတ် ရသေ့မြတ်သည်လည်း ကောင်း၊ ကဿော-ကဿာခေါ်မှတ် ရသေ့မြတ်သည်လည်း ကောင်း၊ အကိတ္တိ တာပသော ဒယော - အကိတ္တိ ရ စသော ဘုရားအလောင်းတော် ရသေ့မြတ်တို့သည်လည်း ကောင်း၊ သဗ္ဗမံသ-ဘဲ၊ ကြက်၊ ဝက်၊ နွား၊ ငါး စသော သတ္တဝါများတို့၏ အသားခပ်သိမ်းကို၊ ဝိဝဇ္ဇေတွာ-မေ စိတ်ယှဉ် ရှောင်ကြဉ်ကြကုန်၍၊ ဗောဓိပေတဝေ-သဗ္ဗညု ဉာဏ်တော်၏ အကြောင်းရင်းဖြစ်ကုန်သော ပါရမီအဆော အဦတို့ကို ပူရေသုံ-ဖြည့်ကျင့်တော်မူကြကုန်ပြီ။

- *တသ္မာ သလ္လေခိတော ပေါသော၊*
  *သံပဿ အတ္တမတ္တေနော။*
- *သဗ္ဗမံသံ ဝိဝဇ္ဇေယျ၊*
  *ယောဂက္ခေ မဿပတ္တိယာ။*

တသ္မာ-ထိုသို့ ဘဲ၊ ကြက်၊ ဝက်၊ ငါး စသော သတ္တ အပေါင်းတို့၏ အသားတို့ကို ရှောင်ကြဉ်ကြကုန်၍ သဗ္ဗညု ဉာဏ်၏ အကြောင်းရင်းဖြစ်ကုန်သော ပါရမီအဆောက် တို့ကို ဖြည့်ကျင့်ပါကုန်သောကြောင့်၊ သလ္လေခိတော ကိလေသာခတ် မပတ်အရှင်ခေါင်းပါးစွာ ကျင့်လေ့ရှိ အတ္တနော-မိမိ၏အကျိုးစီးပွားကို၊ သံပဿံ-သံပဿ ကောင်းစွာမြင်သော၊ ပေါသော-ပညာရှိလူအပေါင်း ယောဂက္ခေ ပဿ - ယောဂလေးပါးတို့၏ ကုန်ရာဖြစ် နိဗ္ဗာန်သို့၊ ပတ္တိယာ-ရောက်စေခြင်းငှာ (ဝါ) ရောက် အောင်၊ သဗ္ဗမံသ-အလုံးစုံသော သတ္တဝါတို့၏ အ အသား အညှီအဟောက်များတို့ကို၊ ဝိဝဇ္ဇေယျ-ကရ ယှဉ် အမိဋ္ဌာန်ဝင်ကာ ရှောင်ကြဉ်ကြရာပေတည်း



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ သုတ်တော်လာ ဒေသနာ ဓမ္မသဘောတရားနှင့်အညီ သတ္တဝါအပေါင်းတို့အား မေတ္တာဖက်ယှဉ် ရသာအရဲ့ သားမျိုးစုံကို တွယ်တာကပ်ငြိသော လောဘတဏှာထင်းကွာခြင်းဇာ နှလုံးသွင်း၍ ဘုရားအလောင်း၊ ရှေးသူတော်ကောင်းတို့၏ ထုံးဟောင်း၊ တန္တိပုံစံကို ရှုကြပြီးလျှင် (သဗ္ဗမံသံ ပရိဝဇ္ဇေမိ) အပယ်-အကျွန်ုပ်သည်၊ သဗ္ဗမံသ-သတ္တဝါတို့၏ အသွေးအသားဟူသမျှကို ပရိဝဇ္ဇေမိ-မစားအလျင်းရှောင်ကွင်းပါ၏ (ဝါ) ရှောင်မည်ဟူ၍ တစ်စတစ်စ ခြိုးခြံကြဆောက်သတည်း။

သင်္ကြန်အကြိုရက်မှ နှစ်ဆန်း ၁ ရက်ထိ ငါးရက်တိုင်တိုင် သက်သတ်လွတ်စားပါမည်ဟု ဘုရားရှိခိုး ငါးပါးသီလခံယူပြီး သစ္စာဆို အဓိဋ္ဌာန်ဆောက်တည်ပါ။ ယခု စာရေးသူရေးသားဖော်ပြမည့် သုဂတောင်းချက်အဓိဋ္ဌာန် (သို့မဟုတ်) မေတ္တာအဓိဋ္ဌာန်၊ ကိုးနဝင်းကျင့်စဉ်၊ ဂုဏ်တော်ကိုးပါး ပုတီးစိပ်၊ သရဏဂုံသုံးပါးပုတီးစိပ် စသည့် တစ်နည်းနည်းဖြင့် သက်သတ်လွတ်စား အဓိဋ္ဌာန်မေတ္တာပို့ပါ။ အကျိုးကျေးဇူးခံစားရရှိစေပါမည်။

မဟာသင်္ကြန်ကာလတွင် သူတစ်ပါးအသက်သတ်ခြင်း၊ သွေးထုတ်ခြင်း၊ သေရည်သေရက် သောက်စားခြင်းစသည်တို့ မပြုလုပ်အပ်ပေ။ သင်္ကြန်သုံးပါးတွင် သဝမန္တသင်္ကြန်ဖြစ်သောကြောင့် မဟာသင်္ကြန်ကျသော ရက်များအတွင်း ရှောင်ကြဉ်ရကား အိမ်ရာမမှား၊ သားဝါးသုတ်သင်၊ သစ်ပင်ခုတ်ဖြတ်၊ ပုတ်ခတ်ငိုကြွေး၊ ကိုယ်သွေးထုတ်ခြင်း၊ ဆီ,နနွင်းစားသောက်ခြင်း၊ သေရည်သေရက်သောက်စား၊ ဥစ္စာထုတ်သွင်းရောင်းဝယ်၊ ငွေဖြန့်းတီးခြင်း၊ ဆဲဆိုခြင်း စသည့် ၁၀ ပါးသော အမှုတို့ကို ရှောင်ကြဉ်ရာ၏။ မြတ်စွာဘုရားရှေ့တွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ သီလတစ်ခုခုခံယူဆောက်တည်ပါ။ တတ်နိုင်ပါက သာသနာပွဲ (ငါးဖီးပွဲ) လှူပါ။ အနည်းဆုံး ဖယောင်းတိုင် ငါးတိုင်တွင်၊ ဆွမ်းငါးပွဲ၊ ရေတော်ငါးခွက် ကပ်လှူပါ။

## သတ္တမမြောက် ကျော်အောင်စံထားဆရာတော်၏ သက်သတ်လွတ်တရားမှ ဆုတောင်း(ပတ္ထနာ)

(၁) မြေပေါ်မြေအောက်ရှိ သတ္တဝါအပေါင်းတို့၏ အသွေးအသားများကို မစားမသောက် မေတ္တာရောက်၍ ရှောင်ကြဉ်ရသော စေတနာကြောင့် မြေထုကဲ့သို့ ကြီးကျယ်သော ခွန်အားဗလဉာဏ်နှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

(၂) ရေ၌ကျက်စား သွားလာနေထိုင်ကြကုန်သော ငါး အစရှိသော သတ္တဝါအပေါင်းတို့၏ အသွေးအသားများကို မစားမသောက် မေတ္တာရောက်၍ ရှောင်ကြဉ်ရသော စေတနာကြောင့် ဗိုလ်လူအပေါင်းတို့၏ သောက်ချိုး၍ မကုန်ခန်းနိုင်သော ရေထုရေပြင် တသွင်သွင်ကဲ့သို့ တရားမိုးကြီး သွန်းဖြိုးရွာနိုင်ပါစေသတည်း။

(၃) ကောင်းကင်၌ ပျံသန်းသွားလာနေကြကုန်သော ငှက်သတ္တဝါအပေါင်းတို့၏ အသွေးအသားများကို မစားမသောက် မေတ္တာရောက်၍ ရှောင်ကြဉ်ရသော စေတနာကြောင့် ကောင်းကင်တစ်ဝန်းကဲ့သို့ ဝိတ်ပင်တားဆီးခြင်းကင်းသော ဝိဇ္ဇာအလင်းမှာတ်ကို ရ၍ သစ္စာလေးပါး မြတ်တရားတို့ကို ထိုးထွင်းသိမြင်နိုင်ရပါစေသတည်း။

(၄) သတ္တဝါအများ ချမ်းသာပွားအောင် ကြိုးစားဆောင်ရွက်ရသော ကောင်းမှုကြောင့် ဘဝတက်ခါ ဖြပ္ပာနတ်လူ သတ္တဝါအပေါင်းတို့၏ အလယ်၌ ပညာရောင်၊ ဉာဏ်ရောင်၊ တန်ခိုးတော်တို့ဖြင့် ထွန်းလင်းတောက်ပနိုင်ပါ

ဤသုဂတောင်းချက်ဂါထာတော်သည် အာယုသိဒ္ဓိ ဖိုမထိုးရဘဲနှင့် ပေါက်သည်။
ရွှေငွေလည်း ဖြစ်သည်။ နတ်လူအပေါ် ဩဇာလည်း ကြီးသည်။ အလွန်အကျိုးကြီးသည်။
သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီး
အရှင်ဝါယာမာဘိဝံသ(အမရပူရ)၏ မေတ္တာစေတနာဟု ရေးသားဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စေသတည်း။ ဥစ္စာအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း သတ္တဝါအပေါင်းတို့၏ အားထားမှီခိုရာ၊ ကိုးကွယ်ရာ ဖြစ်ပါစေသတည်း။ သဗ္ဗညုတဉာဏ်နှင့် နိဗ္ဗာန်၏ ရည်ရွယ်တောင့်တသော စိတ်အလိုဆန္ဒကို ပြည့်စုံရပါစေသတည်း။

## သုဂတောငါးချက် ဂါထာ

သုဂတော သုဂတဋ္ဌာနံ၊
သုဂတော သုန္ဒရမ္ဗိစ၊
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော တေ နမောနမာ။

ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချ တစ်နေ့ ငါးပတ်စိပ်ပါ။ အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ငါးရက်အဓိဋ္ဌာန်ဝင်ပါ။ တစ်နေ့ ကိုးပတ်၊ ကိုးရက် အဓိဋ္ဌာန်ဝင်၍လည်းရသည်။ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်မှ ရသက်ပန် တစ်နေ့ ၂၇ ပတ်စိပ်နိုင်လျှင် ပို၍အကျိုးထူးစေပါသည်ဟု မိန့်ဆိုသည်။ စာရေးသူကိုယ်တိုင် မစိပ်နိုင်သေးပါ။ ထို့ကြောင့် မဟာသင်္ကြန်ကာလ ငါးရက် တစ်နေ့ပုတီးငါးပတ် အဓိဋ္ဌာန်ဝင်၊ သက်သတ်လွတ်စား ဆောင်ရွက်ခဲ့ရာ နှစ်ဆန်း ၁ ရက်နေ့တွင် ငွေအစုလိုက် ဝင်ခဲ့ပါသည်။ အဓိဋ္ဌာန်အောင်မြင်ပါက ကိုယ်ဖြစ်ချင်တာကို ပြည့်ပြည့်ဝဝ ဖြစ်စေမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ဤသုဂတောငါးချက်ဂါထာတော်သည် အာယုသိဒ္ဓိဖိုမထိုးရဘဲနှင့် ပေါက်သည်။ ရွှေငွေလည်း ဖြစ်သည်။ နတ်လူအပေါ် ဩဇာလည်း ကြီးသည်။ အလွန်အကျိုးကြီးသည်။ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီး အရှင်ဝါယာမာဘိဝံသ (အမရပူရ)၏ မေတ္တာစေတနာဟု ရေးသားဖော်ပြထားပါသည်။

ဂျိုးဖြူအဘိုးဆရာတော် ဦးအာဒိစ္စာဘိဝံသမှလည်း သုဂတောကျင့်စဉ် ချီးမြှင့်ခဲ့သည်။ အနန္တော အနန္တငါးပါး ပူဇော်ပါ၊ သီလခံယူပါ၊ မေတ္တာပွားများပါ။ သုဂတောဂုဏ်တော်ကို ပါဠိသက်သက် တစ်ခေါက်၊ အနက်ပြန်ဆိုချက် တစ်ခေါက် ရွတ်ဖတ်ပါဟု ဆိုထားသည်။

**ပါဠိသက်သက်. . .**

သုဂတော သုဂတဋ္ဌာနံ၊
သုဂတော သုန္ဒရမ္ဗိစ၊
နိဗ္ဗာနံ သုဂတော ယာတိ၊
သုဂတော တေ နမောနမာ။

အဓိဋ္ဌာန်မပျက်အောင် တစ်နေ့ကို အနည်းဆုံး တစ်ပတ်စိပ်ပါ။

**ဂါထာအနက်. . .**

သုဂတဋ္ဌာနံ-ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့်၊ သုဂတော-သုဂတမည်ပါပေ၏။ သုန္ဒရမ္ဗိစ-ကောင်းသောသဘောရှိသောကြောင့်လည်း၊ သုဂတော-သုဂတမည်တော်မူပါပေ၏။ နိဗ္ဗာနံ-နိဗ္ဗာန်အမြတ်ကောင်းသောအရပ်သို့ ယာတိ-သွားတော်မူတတ်သောကြောင့်လည်း၊ သုဂတော-သုဂတမည်တော်မူပါပေ၏။ သုဂတော-သုဂတဂုဏ်ရှင် မြတ်ဘုရားသခင်၊ တေ-အရှင်တော်မြတ်ဘုရားအား၊ နမောနမာ-လွန်ကဲထူးစွာ ရှိခိုးပါ၏ဘုရား။

သုဂတောငါးချက် စီးပွားတက်ဟု ဆိုကြသည်။ ဤဂါထာကို ဝိဇ္ဇာဓရိက ဂါထာဟုလည်းခေါ်သည်။ ဝိဇ္ဇာများ ချစ်ခင်မြတ်နိုးသော ဂါထာဟူ၍ အဓိပ္ပာယ်ရသည်။ ဤဂါထာတော်သည် တိုသလောက် ခရီးရောက်သော ဂါထာဖြစ်၏။ အထူးသဖြင့် အိမ်မှမထွက်မီ၊ ခရီးမသွားမီ၊ လုပ်ငန်းကိစ္စ မဆောင်ရွက်မီ လူကြီးများနှင့်တွေ့ရန်ရှိက မတွေ့မီ၊ ရောင်းဝယ်ဖောက်ကားခြင်း မပြုမီ အမြဲရွတ်ဖတ်သွားပါက အကျိုးထူး ခံစားရမည် ဖြစ်ပါသည်။

မဟာသင်္ကြန် ငါးရက် ကုသိုလ်ကောင်းမှုပြု အဓိဋ္ဌာန်ဝင်၊ တရားထိုင်၊ တရားနာ၊ သီလစောင့်ထိန်း၊ အကုသိုလ်ရှောင်၊ မေတ္တာပို့၊ သက်သတ်လွတ်စား၊ ဇီဝိတဒါနပြုလုပ်၊ ခေါင်းဆေးမင်္ဂလာပြုလုပ်၊ နဝင်းယတြာချေ စသည်တို့ ပြုလုပ်ထားပါက ၁၃၇၆ ခုနှစ်၊ ၄ ခုကြွင်း မဟာဘုတ်ခုနှစ်တွင် မကောင်းသော ကြိုဟ်စီးဂြိုဟ်နင်းများ ကင်းပျောက်၍ ကောင်းကျိုးသုခများ ခံစားရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ. . .။

ဂမ္ဘီရဆရာလှမျိုး(B.Sc



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

သုမန မနေသာဘဲ မေမြမိုးကို ငုံ့ကြည့်ရလေ၏။ မို့မို့ရဲရဲပါးပြင်နှင့် ဖူးဖူးစို့စို့ နှုတ်ခမ်း၊ ကပိုကရိုဖြစ်နေသော မိန်းကလေး၏ အလှက သုမနအား သံလိုက်နှင့် ညှို့သကဲ့သို့ ဆွဲဆောင်နေ၏။ သူပိုက်ထွေးထားသော မိန်းကလေး၏ခန္ဓာကိုယ်ကအိအိထွေးထွေး။ကိုယ်ငွေ့က ပူပူနွေးနွေး"

သုမန၏ သွေးတို့လှည့်ပတ်မှုမမှန်ချင်တော့။

စိတ်တွေက တည်ငြိမ်မှုမရဘဲ ကစင့်ကရဲပြိုကွဲနေ၏။

မေမြမိုး၏ မျက်လုံးများ ပွင့်လာသည်။ သူမနကိုကြည့်သည်၊ သုမန၏ မျက်လုံးနှင့် အကြည့်ချင်း ဆုံသည်။ သုမန၏ရင်မှာ ဒိန်းကနဲဆောင့်တက်၏။

"မင်း ဘယ်သူလဲ မိန်းကလေး"

သုမန၏ အသံက ထိန်းထားနေသည့်ကြားမှ တည်ငြိမ်မှုမရှိဘဲ တုန်ယင်နေ၏။ ရေစက်သလိုမျိုးဖြစ်ကာ တံတွေးကို မျိုချနေရ၏။

"ကျွန်မ မေမြမိုးပါ။ မော်လမြိုင်မှာ နေပါတယ်။ ရှင်ဟာ ဗညားဦး မဟုတ်လား။ ကျွန်မ သိပ်ချမ်းတာပဲရှင်"

မေမြမိုးက သုမနကို ဖက်တွယ်ထား၏။

"ကျုပ်မှာ ဒီဝတ်ဖြူစင်ကြယ်တွေပဲ ရှိတယ်။ မင်းခြုံထားလိုက် . . .ရော့"

သုမနက သူ၏ အဝတ်များကို ပေးလိုက်လေ၏။

"ကျုပ်ဟာ ဗညားဦးမဟုတ်ဘူး သုမန၊ မင်း ကျုပ်ဆီ ဘယ်လိုလုပ်ရောက်လာတာလဲ"

မေမြမိုးက သုမနပေးသောအဝတ်များကို ကမ်းယူရင်း သုမန၏ ရင်ခွင်ထဲတိုးဝင်လို့နေ၏။

သုမန၏ ရင်မှာရှိန်းရှိန်းမြမြဖြစ်နေ၏။ ဒိန်းဒလိန်းနှတ်တို့ ဝင်နေပြီ။

"အဲဒါတော့ မပြောတတ်ဘူး။ ရှင်နဲ့ကျွန်မ ဆုံစည်းချင်လို့ပဲဖြစ်မယ်။ နှတ်




www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ရှင့်ကို ကျွန်မအိပ်မက်ထဲမှာ မကြာခဏမက်ဖူးပြီး ရှင့်ကို ကျွန်မစိတ်ထဲက စွဲလမ်းနေတယ်။ ရှင့်နာမည်က ဗညားဦးတဲ့။ ရှင် ဒီဇင်းကျိုက်တောင်မှာနေတယ်တဲ့၊ ကျွန်မလည်း ရှင့်ကို အိပ်မက်ထဲမှာ စွဲလမ်းနှစ်သက်နေမိတာကြောင့် ရှင်ရှိရာ ဒီဇင်းကျိုက်တောင်ကို အရဲစွန့်ပြီးလာခဲ့တာပဲ၊ ကံဆုံချင်တော့လည်း ကျွန်မ ရှင့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ရတယ်"

သုမနသည် မေမြမိုးပြောသော စကားကို နားထောင်၏။ နတ်ဆိုးသည် သူ၏ ကိုယ်ကျင့်သီလကို ဖျက်ဆီးရန် စေတမန်ကို သူ့ထံ အရောက်ပို့လွှတ်လိုက်ပြီပဲ။

"ကျွန်မက မိန်းကလေး၊ လှတယ် မဟုတ်လားဗညားဦး၊ ရှင်နဲ့ကျွန်မ . . ."

"ဟာ မဖြစ်ဘူး"

သုမနသည် ထိတ်လန့်တကြား ရေရွတ်လိုက်ရင်း သူ့ရင်ခွင်တွင်းမှ မေမြမိုးကို တွန်းလွှတ်လေ၏။ မေမြမိုးက မလွှတ်တမ်း အတင်းဖက်တွယ်ထားသည်။ သုမန၏ ဆန့်ကျင်နိုင်သော စွမ်းအား လျော့နည်းလာခဲ့၏။ ထို့နောက် မေမြမိုးကို တင်းကျပ်စွာ ပြန်လည်ဖက်တွယ်ထားလိုက်မိပြန်၏။

ဤအချိန်၌ သူနှင့်အတူလှပသော မိန်းကလေးတစ်ယောက် ရှိနေ၏။ လူမရောက်နိုင်သောနေရာဖြစ်၏။ အချိန်ကလည်း ညချမ်းကာလဖြစ်၏။ အခြေအနေ အကြောင်းတရားအားလုံးက သုမနကို ချောက်စွန်းထဲသို့ ဆွဲခေါ်နေ၏။

ဤအဖြစ်အပျက်ကို ဆရာသခင်သည် တစ်နေရာမှ သိရှိနေပေလိမ့်မည်။ မည်သူမျှမသိဟုဆိုသော်လည်း ကိုယ်တိုင်တော့သိနေသည်။ ကိုယ်စောင့်နတ်နှင့် ဒေဝတာတို့လည်း သိနေကြမည်ဖြစ်၏။ အသိတရားများ ပြန်လည်ဝင်ရောက်လာသည်။ မေမြမိုး၏ နှုတ်အတွင်း သက်ဆင်းမိ၍ အမှောင်တိုက်ထဲ ရောက်လုလုအချိန်မှာ ကိုယ့်စိတ်ကို ပြန်ထိန်းလိုက်နိုင်၏။ ရေရှည်ထိန်းနိုင်ဖို့ တော့မလွယ်ပေ။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး လှုပ်ရှားလိုက်၏။

ဖက်တွယ်ထားသော မေမြမိုး၏ လက်များကို အတင်းဆွဲဖယ်လိုက်၏။ ကြမ်းတမ်းစွာ ရုန်းဖယ်ပြီး တဲအတွင်းမှ အပြင်ဘက် မိုးသည်းသည်းကြား ပြေးထွက်သွား၏။ တဲအတွင်း၌ မကောင်းဆိုးဝါးတစ်ကောင် ရောက်ရှိနေသကဲ့သို့ ထိတ်လန့်စွာ နောက်သို့ပင် ပြန်မကြည့်ဘဲမှောင်လွန်းသောညအတွင်း ပြေးလွှားပျောက်ကွယ်သွားလေ၏။

ဩော် . . . သုမနရယ်။

ဆရာသခင်ကလည်း စိတ်ချစွာ စွန့်ခွာသွားခဲ့ပြီ။

ယခုလည်း အနှောင့်အယှက်ပေးသော မေတ္တာ။ မဟူရာ အမှောင်ထု။

ထိုအရာတို့၏ ရှိမြဲမှုကို လူးလဲ...
ခံစားရသည်။

မာရ်နတ်၏ ထိုးနှက်ချက်မှာ...
ရောက်လွန်းလှသည်။

ဤအရာတို့မှ လွတ်မြောက်ကျော်...
လွှားနိုင်ရေးအတွက် သုမနသည် ည...
မဟူရာ မိုးထန်ထန်၊ လေရိုင်းရိုင်း...
အကြား မည်သည့်နေရာမှာ ရောက်...
နေမည်မသိတော့သတည်း။

ဤလမ်းစဉ်တော်သည် လွန်စွာ...
ကြမ်းတမ်းခက်ခဲလှသော လမ်းစဉ်တော်...
ဖြစ်၏။

စမ်းသပ်မှု အမျိုးမျိုးနှင့် ကြုံရ...

ထိုစမ်းသပ်မှုတို့ကို တစ်ခုပြီးတစ်ခု...
သုမန အောင်မြင်ကျော်လွှားနိုင်ခဲ့...

ယခုလည်း မည်သည့် ပုရိသ...
ကျော်လွှားနိုင်မည်မဟုတ်သော စမ်းသပ်...
ခံရမှုကို သုမနအောင်မြင်စွာ ကျော်လွှား...
နိုင်အောင် ကြိုးစားနေပြီဖြစ်လေ၏။

## စာစု (၅)

## ဝေးလွင့်ခရီးအစ

မိုးလည်း စဲခဲ့လေပြီ။

လေလည်း ငြိမ်သက်သွားပြီ။

အလင်းရောင်လည်း လာလေပြီ...

ညညည် သူနှင့်အတူ သည်နံနက်...
ခင်းမှာ မိုးနှင့်လေတို့ကို ပြန်လည်ခေါ်...
ဆောင်သွား၏။ မိုးက အလွယ်တ...
လိုက်ပါသွားသော်လည်း လေက...



www.burmeseclassic.com

www.burmeseclassic.com

ငြိုးချန်ရစ်နေချင်သေး၏။ နောက်ဆုံးမှာ လေရိုင်းသည် ညနှင့်အတူ ယက်ကန်ယက်ကန်နှင့် ပါသွားလေ၏။

သစ်ပုပ်ပင်ကြီးမှာ မြင့်မြင့်ကျိုင်းကျိုင်းရှိသည်။ ရွက်စိမ်းများသည်း ပြန့်ပြန့်ကားကားရှိသည်။ တစ်ရွက်နှင့်တစ်ရွက် စုစုစည်းစည်း သိပ်သိပ်သည်းသည်းရှိသည်။ အကိုင်း အခက်များကို ဆန့်တန်းထားသည်။ နေခြည်နုသည် အားမာန်သစ်နှင့်အတူ အလင်းဝေလာ၏။ အကိုင်းအခက်များ၊ ရွက်စိမ်းများကြားမှ ယိုဆင်းလာသော နေခြည်နုသည် ရွှေရောင်တောက်ပနေ၏။

မိုးရေများ တစ်ကိုယ်လုံး ရွှဲနစ်နေ၏။

နှုတ်ခမ်းများ ပြာနှမ်းအေးစက်နေသည်။

တစ်ကိုယ်လုံး အေးစိမ့်နေ၏။

သုမန၏ ဒုက္ခစရိယာကား မသေးလှချေတကား။

စိတ်သည် နွားသိုးတစ်ကောင်နှင့်တူလေ၏။

စိတ်တည်းဟူသော နွားသိုးကားထိန်းချုပ်ရန် မလွယ်ကူချေ။ သွားလိုရာကိုသွားမည်။ ဝှေ့လိုရာကို ဝှေ့မည်။ ကန်လိုရာကို ကန်မည်။

ဝတ္ထုကာမဂုဏ်နှင့် ကြုံတွေ့ရသောအခါ စိတ်နွားသိုးသည် ချည်တိုင်မှာ ချည်နှောင်ထားသည့် တိုင်မှချည်ထားသောကြိုးကို ပြတ်တောက်အောင် ရုန်းကန်လျက် အာရုံနောက်သို့ လိုက်တတ်ချေ၏။

သုမနသည် သူ၏စိတ်နွားသိုးကို သစ်ပုပ်ပင်အောက်မှာ တစ်ညလုံးလာရောက်ထိန်းနေခဲ့၏။ မိုးအလင်းကို စောင့်ခဲ့ရသည်။ မျက်လုံးကိုပိတ်ထားသော်လည်း အလင်းရောင် လာနေပြီကိုသိ၏။ အိပ်တန်းထကျေးငှက်တို့၏ အော်မြည်နေသော အသံကိုလည်း ကြားနေရပြီ။

"သုမန"

သူ့အား ခေါ်သံကိုကြား၏။

ဤအသံကို သုမနကောင်းစွာလေ့ကျက်မိသည်။ နှစ်ရှည်လများ ရင်းနှီးခဲ့ဖူးသောအသံဖြစ်၏။

ထိုအသံမှာ ညကရောက်ရှိလာသော မာတုကာမ၏ အသံတော့မဟုတ်ပါချေ။

နံနက်မိုးအလင်းမှာ မေမြမိုးဟုသူ့ကိုယ်သူဆိုလာသော မိန်းကလေးကို ဖျောင်းဖျကာ ပြန်လည်လမ်းပြပို့ဆောင်ပေးရန် စိတ်ကူးနေစဉ်မှာပင် သူ့အားခေါ်သံကို ကြားလိုက်ရခြင်းဖြစ်၏။

ဤအသံသည် ဆရာသခင်၏ အသံဖြစ်ကြောင်း သူကောင်းစွာသိ၏။

သူ့အား တစ်ယောက်တည်းထားကာ ထွက်ခွာသွားခဲ့သော ဆရာသခင် ပြန်ရောက်လာ၍ သူ အားတက်သွားရ၏။

မျက်စိကို ဖွင့်ကြည့်လိုက်သည်။ မျက်ဝန်းအကြည်မှာ တည်ငြိမ်အေးချမ်းသော မျက်နှာနှင့် ဆရာသခင်၏ပုံရိပ်က ထင်ဟပ်လာ၏။ ဆရာသခင်သည် သူ၏ရှေ့မှာ မားမားမတ်မတ်ရပ်နေသည်။ ဆရာနှင့်တပည့်နှစ်ဦး ပြန်လည်ဆုံတွေ့မှုမှာ ငြိမ်သက်တိတ်ဆိတ်နေသည်။

ဆရာသခင်၏ ဝီရိယပြင်းသော စရဏအကျင့်နှင့် သမထမျက်လုံးအမြင်တို့က ညက သုမန၏ အဖြစ်အပျက်များကို သိရှိနေမှာ သေချာ၏။

ညက သူ သန့်စင်ခဲ့ပါသည်။ သန့်စင်မှုအတွက် သူအများကြီး ကြိုးစားအားထုတ်ခဲ့ရပါသည်။ စင်ကြယ်မှုအတွက် သူ ထိန်းချုပ်ခဲ့ရပါသည်။

ကာယကံမှုသည် စင်ကြယ်ခဲ့၏။

ဝစီကံမှုသည် စင်ကြယ်၏။

မနောကံမှုရော စင်ကြယ်ခဲ့ပါသလား။ သူ့ကိုယ်သူ စစ်တမ်းထုတ်ရန်အတွက် ဆရာသခင်အရှေ့မှာ သိမ်ငယ်နေခဲ့သည်။ ဆရာသခင်ကရော သူ၏ စင်ကြယ်မှုကို အသိအမှတ်ပြုပါ့မလား။

ထိန်းချုပ်မှုအတွက် အဆုံးမဲ့စိတ်ကိုမူ ပိုင်နိုင်မှုမရှိခဲ့ပေ။ ဤသည်အတွက် မိုးထဲလေထဲမှာ ခန္ဓာအားညှဉ်းပန်းနှိပ်စက်ဒဏ်ခတ်ရင်း စိတ်မနော၏ ဖောက်ပြန်မှုကို ထိန်းချုပ်ဆုံးမခဲ့ရကြောင်း သူအသိဆုံးဖြစ်လေ၏။

မနောကံမှု၊ ဝစီကံမှု၊ ထိုမှ ကာယကံမှုအထိ လေ့ကားထစ်များ တစ်ထစ်



www.burmeseclassic.com

www.burmeseclassic.com

ချင်း နင်းတက်တော့မည့် အခြေအနေကို သူရအောင်ကြိုးစား ထိန်းသိမ်းခဲ့ရသည်။ အတွေးစကို ရပ်လိုက်သည်။

ဆရာသခင်က သူနှင့်မနီးမဝေးရှိ သစ်ပုပ်ပင်အောက်မှ ကျောက်ဖျာထက်မှာ ထိုင်နေလိုက်သည်။

ဆရာသခင်၏ အနားမှာတော့ ညက ရောက်လာသော ဧည့်သည်။ မိုးနတ်သူဇာကလေး သူ့ကို ညို့ယူဖမ်းစားသော သူယောင်မယ်လေး မေမြို့ဆိုသူ မိန်းကဖလေးက ကျုံ့ကျုံ့ယုံ့ယုံ့လေးထိုင်နေ၏။

"သုမနရဲ့ညက အောင်ပွဲဟာ ကြီးမားတဲ့အောင်ပွဲပဲ။

ဒါပေမယ့် သုမနရယ် . . ."

ဆရာသခင်က စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားသည်။

သုမနအတွက် အနာဂတ်တစ်လျှောက် သိဂ်ါမွေ့နှူးညံ့ပြီး မြင့်မြတ်မှုအတွက် သုမနကို ကောက်ကွေ့ပြီး ကောက်ကျစ်မှုများသောဘဝထဲသို့ ပို့လွှတ်ရချေတော့မည်။

ဒုက္ခဆင်းရဲခြင်းတို့ဖြင့် လောင်ပိတ်မွန်းကျပ်နေရမည့်အရေးမှ ဆွဲထုတ်ပေးချင်သည်။ ထိုသို့ ဆွဲထုတ်ပေးခြင်းဖြင့် လမ်းစဉ်တော်၏ သွေဖည်တိမ်းစောင်းမှုမျိုးကို ဆရာသခင်ဖြစ်သော အရှင်သုဝဏ္ဏမှာ လိုလားမှုမရှိချေ။

သုမနအဖို့ အစမ်းသပ်ခံစရာတွေက ရှေ့မှာ စီတန်းပြီး တည်ရှိနေသည်။ ထိုအရာတို့ကို သုမန စမ်းသပ်စစ်ဆေးမှုခံယူရဦးမည်။ သုမန ခံနိုင်ရည်မှ ရှိပါ့မလား။

မည်သို့မျှ မတတ်နိုင်ရာပေ။

ဤသည်က လမ်းစဉ်တော်အရ ဖြစ်သည်။

သုမနကို လူ့လောကထဲသို့ လွှတ်ရမည်ဖြစ်သည်။ သုမနသည် သူနှင့်အတူ တောတောင်ထဲမှာသာ ကြီးပြင်းခဲ့သည်။ လူ့လောကအကြောင်းကို မသိပေ။ သုမနအား စမ်းသပ်မှုအဆင့်ဆင့် အောင်မြင်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း လူ့လောက၏ ပွတ်တိုက်တွန်းရွေ့မှုများကိုမူ ခံနိုင်ပါ့မလား။ လူ့လောက၏ ပွတ်တိုက်တွန်းရွေ့မှုကို ခံနိုင်ရည်ရှိမရှိ စမ်းသပ်ရပေဦးမည်။

သုမနမှာ ပေးဆပ်ရမည့်အကြောင်းတွေ ရှိနေသေးသည်။

"ဒါပေမယ့် သုမနရယ် မင်းကို အဘ ဒဏ္ဍာရီလေးတစ်ပုဒ် ပြောပြမယ်ကွဲ့ သေသေချာချာနားထောင်။ ဟောဟိုပြာမှိုင်းမှိုင်း တောင်တန်းကြီးရဲ့ ဟိုဘက်အကြောကို ကြည့်လိုက်စမ်း သုမန"

သုမနက ဆရာသခင်ညွှန်ပြသောနေရာဆီသို့ တစ်ချက်လှမ်းမျှော်ကြည့်လိုက်သည်။

"အဲ့ဒီမှာ တစ်ချိန်က အလွန်စည်ကားတဲ့ တိုင်းပြည်ကြီးတစ်ပြည် ရှိခဲ့တယ်ကွဲ့၊ အခုတော့ မေ့မှိန်ပျောက်ကွယ်နေခဲ့ပြီပေါ့ကွယ်။ အဲဒီတိုင်းပြည်မှာ မင်းအဆက်ဆက်ဟာ ဓမ္မပါဌ တရားနဲ့အညီ အုပ်ချုပ်စိုးစံခဲ့ကြတယ်ကွဲ့ အဲ့ဒီအုပ်ချုပ် စိုးစံခဲ့တဲ့ မင်းအဆက် ဆက်ထဲမှာ သမိန်စောထွင့်ဆိုတဲ့ မင်း တစ်ပါးလည်း အပါအဝင်ပေါ့။ သမိန် စောထွင့်မင်းရဲ့ ကြင်ယာတော်ကော ကတော့ မဟာဒေဝီလို့ အမည်ရတယ် သမိန်စောထွင့်မင်းဟာ ကြင်ယာတော် မဟာဒေဝီကို အလွန်မှချစ်ခင်စုံမက် တယ်။ သူတို့မှာ တစ်ဦးတည်းသော သားရတနာရှိတယ်။ အဲ့ဒီသားရတနာ အမည်ကတော့ ဗညားဦးလို့ခေါ်တယ်"

ဆရာသခင်က ဗညားဦးဟူသော အမည်ကို ထုတ်ဖော်လိုက်သည် သုမန၏ ခေါင်းမှာ ထောင်မတ်သွား လေ၏။ ဆရာသခင်၏ မျက်နှာ လည်း မော့ကြည့်မိပြီးသား ဖြစ်သွား သည်။ ဘေးဘက်သို့ စောင်းငဲ့ကြည့် လိုက်သောအခါ မေမြို့ဆိုသော မိန်း ကလေးကလည်း သူ့ကို စောင်းငဲ့ ကြည့်နေသည်ကို တွေ့ရ၏။ သူမ လွှဲ၍ ခေါင်းငုံ့ထားသည်။ မေမြို့သည် သူ့ကို ဗညားဦးဟု ခေါ်ခဲ့သည်

မေမြို့မှာ ဗညားဦး ဟူသော နာမည်ကိုကြားလိုက်ရ၍ ရင်ထဲမှာ ရှားသွားရ၏။ သူ၏အိပ်မက် ယောက်ျားသားမှာ ဗညားဦးဖြစ်သော ထိုဗညားဦးမှာလည်း ယခု သူ တွင်ရှိနေသောသူပင်ဖြစ်၏။ ဘ

www.burmeseclassic.com

က ဗညားဦးနှင့်ပတ်သက်ပြီး ဆက်စပ်မှုများကို မည်သို့ပြောဆိုလာမည်ကို စိတ်ဝင်စားစွာ နားထောင်နေ၏။

"သားရော သမီးရော မိုးမိထား တော့ အဖျားဝင်နိုင်တယ်။ သားကတစ်ညလုံး မိုးရေထဲမှာ နေခဲ့ရသူဆိုတော့ ပိုအေးမှာပဲ။ နှုတ်ခမ်းတွေလည်း ပြာလို့။ ရေနွေးပူပူလေးသောက်၊ အစာစား ဆေးသောက်ဖို့ ကျောင်းသင်္ခမ်းကို သွားကြရအောင်"

ဆရာသခင်က စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်ထားပြီး ကျောင်းသင်္ခမ်းတဲလေးဆီသို့ လျှောက်သွားနေပြီဖြစ်သောကြောင့် နောက်မှ လိုက်ကြရလေ၏။ ကျောင်းသင်္ခမ်းသို့ရောက်သောအခါ ဝတ်ရုံများကို သုမန လဲလှယ်လိုက်သည်။

ဆရာသခင်တိုက်သော သစ်မြစ်ဆေးရည်ကို သုမနရော၊ မေမြမိုးပါ သောက်ကြသည်။ မေမြမိုးကတော့ မိုးဒဏ်ကို မခံရသောကြောင့် လန်းလန်းဆန်းဆန်း ရှိနေသေးသော်လည်း သုမနမှာ ကိုယ်လက်များ ကိုက်ခဲချင်၏။

"သမိန်စောထွင့်ဟာ တိုင်းသူပြည်သားတွေနဲ့ တသားတည်းရှိပြီးတော့ မဟာဒေဝီဟာ ကစ်တိုင်းပြည်လုံးရဲ့ အသည်းနှလုံးဖြစ်ကြတယ်။ တိုင်းသူပြည်သားတွေဟာ သူတို့ရဲ့ အရှင်သခင်နဲ့ မိဖုရားကို အတော်လေးလေးစားစား ချစ်ခင်ကြတယ်။

သားတော်ဗညားဦးလေး အရွယ်ရောက်လာတဲ့အခါ ခမည်းတော် သမိန်စောထွင့်နဲ့အတူ တိုင်းရေးပြည်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်တယ်။ အဲ့ဒီလို အေးချမ်းစွာ နေလာရာကနေ တိုင်းပြည်ရဲ့ ကြယ်တစ်ပွင့် ကြွေလွင့်သွားတယ်။ အဲ့ဒီကြွေလွင့်သွားတဲ့သူကတော့ မဟာဒေဝီပဲ။

မဟာဒေဝီ ကံကုန်သွားခြင်းဟာ တိုင်းပြည်တစ်ခုလုံး အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုလိုဖြစ်ပြီး အားလုံးကြေကွဲ ထိခိုက်ကြရတယ်။ အားလုံးရဲ့ နှလုံးသည်းပွတ်ကို ဆုပ်နယ်နင်းခြေခြင်းခံလိုက်ကြရတယ်။

သမိန်စောထွင့်ဟာ သူ့ရဲ့မိဖုရား မဟာဒေဝီကို လွန်စွာမှ ချစ်ခင်စုံမက်မြတ်နိုးတော်မူရှာတယ်။ မဟာဒေဝီ မရှိတော့တဲ့နောက်မှာ သမိန်စောထွင့်ဟာ စားမှုသောက်မှု မမှန်ဖြစ်လာတယ်။ အိပ်စက်ခြင်းမမှန်ဖြစ်လာတယ်။ အချိန်တိုင်းမှာ မဟာဒေဝီကိုပဲ တမ်းတနေတော့တယ်။ တိုင်းရေးပြည်ရာတွေလည်း စီရင်နိုင်ခြင်း မရှိတော့တာမို့ ဗညားဦးကပဲ စီမံခန့်ခွဲနေရတော့တယ်။

ဗညားဦးက ခမည်းတော်ရဲ့ ခံစားနေရတဲ့ ဝေဒနာကို ပြေပျောက်အောင် အတတ်နိုင်ဆုံး နှစ်သိမ့်ပေးခဲ့တယ်။ ဒါပေမယ့် ဘယ်လိုမှ နှစ်သိမ့်လို့မပြေပျောက်ဘူးဖြစ်နေတယ်။

"ခမည်းတော်ရယ်၊ ခမည်းတော်ရဲ့ ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို သားတော်မရှုစိမ့်ဘူး"

ဤသို့လျှင် ဗညားဦးနှုတ်မှ ရေရွတ်ရသည်အထိ ဖြစ်လာခဲ့သည်။

အိပ်ဆောင်သဏ္ဍာလီမှာ လဲလျောင်းနေတော်မူတဲ့ ခမည်းတော်ထံ ဗညားဦး အခစားဝင်ရောက်တယ်"

"ခမည်းတော်ဘုရား"

"ဘာများ လျှောက်တင်စရာရှိလို့လဲ သားတော်၊ လျှောက်တင်စရာရှိရင် လျှောက်တင်ပါ၊ သမိန်စောထွင့်က ခွင့်ပြုစကား ဆိုလိုက်တဲ့အခါမှာတော့

"ခမည်းတော်အဖို့ မိဖုရားခေါင်တစ်ပါးဆုံးရှုံးရလို့ ခံစားနေရသလို သားတော်လည်း ထပ်တူထပ်မျှ ခံစားနေရပါတယ်"

ဗညားဦးက သာယာချေငံစွာ လျှောက်တင်လိုက်တယ်။

"ဘာကို ဆိုလိုတာလဲ သားတော်၊ ပွင့်ပွင့်လင်းလင်း လျှောက်တင်ပါ"

အဆောင်တော်အတွင်းမှာ ခေတ္တတိတ်ဆိတ်သွားရလေ၏။

"ခမည်းတော်က ကြင်ယာတော် ဆုံးရှုံးခဲ့ရသလို သားတော်ကလည်း မယ်တော်တစ်ပါး ဆုံးရှုံးခဲ့ရတာပါပဲ။ ကြင်ယာတော်ဆိုတာ အစားထိုးလို့ရပေမယ့် မယ်တော်ရဲ့ နေရာမှာတော့ အစားထိုးလို့မရပါဘူး။ အစားထိုးလို့မရတဲ့ မယ်တော်ကို ဆုံးရှုံးခံလိုက်ရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

သားတော်လည်း ခံစားနေရပါတယ်။ ဒီလို ခံစားနေရတာကို ရှေ့တန်းတင်လို့ မရဘူး။ ပြည်သူတွေအတွက် အမှုကိစ္စ ရေးရာကို စီမံခန့်ခွဲရပါဦးမယ်။ ခမည်းတော် ဒီအတိုင်းဆို လုံးပါးပါးပြီး မယ်တော်လိုအခြေအနေမျိုး ဆိုက်ရောက်သွားနိုင်တယ်။ သားတော်အဖို့ မယ်တော်ကို ဆုံးရှုံးခဲ့ပြီးပါပြီ။ ခမည်းတော်ကို ထပ်မံပြီး အဆုံးရှုံးမခံပါရစေနဲ့ ဘုရား။”

ဗညားဦးက အကျိုးအကြောင်းနဲ့ တကွ တင်လျှောက်လာသော စကားကို သမိန်စောထွင့် စဉ်းစားတွေးတောနေသည်။ ဟုတ်ပေသားပဲဟု တွေးမိသွားသည်။

“အပြောင်းအလဲတစ်ခုခု ပြုလုပ်လိုက်ရင် ခမည်းတော်ရဲ့ ဝေဒနာတွေ လျော့ပါး ပျောက်ကွယ်သွားမယ်လို့ ထင်ပါတယ်။ခမည်းတော်စိတ်အပြောင်းအလဲဖြစ်အောင် တောကစားထွက်တော်မူပါ။ သားတော်က တိုင်းပြည်ကိစ္စ အဝဝကို ဆောင်ရွက်စီမံထားပါ့မယ်”

“ခမည်းတော် သဘောပေါက်ပါပြီ။ အပြောင်းအလဲအတွက် သားတော်ပဲ စီစဉ်ပါတော့။ ဘယ်တော့လောက် စီစဉ်မှာလဲ”

“မနက်ဖြန်”

သမိန်စောထွင့် ခရီးထွက်သွားသည်မှာ တစ်လခန့်ကြာသွား၏။ ထိုတစ်လအတွင်း၌ သမိန်စောထွင့်အား အမှန်ပင် အပြောင်းအလဲတစ်ခု ဖြစ်သွားစေခဲ့သည်။

ယင်းအပြောင်းအလဲမှာ မည်သူမျှ မထင်မှတ်ထားသော အပြောင်းအလဲ တစ်ခုဖြစ်လေ၏။

တောကစားထွက်၍ ရွှေနန်းတော် အပြန်မှာ ကြင်ယာတော်အသစ် ပါလာခဲ့လေ၏။

ကြင်ယာတော် အသစ်၏ အမည်ကိုလည်း သီရိစောစန္ဒာဟု အမည်ပေးလေ၏။

ထိုသီရိစောစန္ဒာအပေါ် ပညာရှိ အမတ်ဝန်တို့က မျိုးရိုးနွယ်ဇာတ် သိလိုကြ၏။ သီရိစောစန္ဒာမှာ ငယ်ရွယ်သူ တစ်ယောက်ဖြစ်လေ၏။ လောလောဆယ်တွင်မူ သီရိစောစန္ဒာသည် အခြွေအရံများနှင့်တကွ ဘဝမှာပြည့်စုံနေသောကြောင့် သမိန်စောထွင့်၏ ကြင်ယာတော်ဘဝကို သာယာမက်မောမိလေ၏။ သမိန်စောထွင့်မှာလည်း မဟာဒေဝီကို မေ့လျော့ကာ သီရိစောစန္ဒာနှင့် ပျော်မွေ့နေလေ၏။

သီရိစောစန္ဒာမှာ ချောမောလှပသူကလေးဖြစ်ပြီး ငယ်ရွယ်သောကြောင့် သမိန်စောထွင့်၏ အရေးပေးခြင်းကိုလည်းခံရလေ၏။

သို့သော်လည်း သီရိစောစန္ဒာမှာ ငယ်ရွယ်သော ဗညားဦးကိုတွေ့လိုက်ရသည့်အချိန်မှစကာ ဗညာဦးအား တိမ်းညွတ်မိလေ၏။ ယခုမှ သမိန်စောထွင့်ကို သူမြတ်နိုးခြင်းမရှိဘဲ အဆောင်အယောင်စည်းစိမ်တို့မှာ သာယာခြင်းသာဖြစ်ကြောင်း သူ့ကိုယ်သူ သိရှိသွားလေ၏။ ဗညားဦးအပေါ် မေတ္တာသက်ဝင်မိလေ၏။

သမိန်စောထွင့်နှင့် စောစီးစွာမတွေ့ဘဲ ဗညားဦးနှင့် အလျင်ဦးစွာတွေ့လျှင် ကောင်းမှာပဲဟုလည်း စိတ်ထဲဖြစ်မိလေ၏။

ဗညားဦးကိုတွေ့တိုင်း ရင်ခုန် လှုပ်ရှားနေမိ၏။ သီရိစောစန္ဒာမှာ ဗညားဦးကို တပ်မက်သောအကြည့်ဖြင့် ကြည့်သည်ကို တွေ့မြင်နေရသော ဗညားဦးမှာ သီရိစောစန္ဒာကို ရှောင်တိမ်းနေရလေ၏။ ခမည်းတော်မှာလည်း စိတ်ပုံမှန်ပြန်ဖြစ်၍ တိုင်းရေးပြည်ရာများကို ပြန်လည်စီမံနေပြီဖြစ်၏။

နောက်ဆုံးတွင် သီရိစောစန္ဒာ၏ ဆွဲဆောင်စည်းရုံးမှုကို လက်မခံဘဲ မဖြစ်သင့်တာ မဖြစ်ရလေအောင် တိုင်းပြည်မှဝေးရာ တောအရပ်ဆီသို့ ထွက်ခွာ၍ ရသေ့ပြုလိုက်လေ၏။

“ဗညားဦးဆိုတာ သုမနပဲ၊ မိထွေးတော်သီရိစောစန္ဒာကတော့ ဒီကာလေးမယ်”

ထိုသို့ စကားနှစ်လုံးကို ထပ်ဆင့်ပြောဆိုလိုက်သောအခါ နှလုံးသွေးတို့ ပြောင်းပြန်လည်ပတ်သွားရလေ၏။

ဆရာသခင်က ဤတွင်စကားကို အဆုံးမသတ်ဘဲ ထပ်ဆက်၏။

“ညက သုမနရဲ့စိတ်တွေစင်ကြယ် သန့်ရှင်းမှုရှိရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်၏ အမေးကို သုမန မည်သို့ဖြေကြားရမည် မသိပါချေ။ သူမှာ စကားလုံးများ ဆွံ့အနေ၏။ သူသည် ကာယကံမြောက်အမှုကို မပြုမိအောင်တော့ ထိန်းသိမ်းနိုင်ခဲ့သည်။ မနောစိတ်ကတော့ ပြစ်မှားချင်နေခဲ့၏။ ဆိတ်ဆိတ်နေခြင်းမှာ ဝန်ခံရာရောက်၏။

"ဒါပဲပေါ့ သုမန်ရယ်"

ဆရာသခင်က ခဏအကြာ စကားကို ပြန်စလေ၏။

"သံသရာကအရှည်ကြီးပဲ သုမန၊ သုမနနဲ့ ဒီကလေးမက အတိတ်ဘဝ ပဋ္ဌာန်းဆက်တွေပဲ၊ ဒီဘဝမှာ ပြန်လည်ဆုံတွေ့ကြရတာယ်။ ကလေးမရဲ့ လိုလားတောင့်တမှုကို ဖြည့်ဆည်းပေးဖို့လိုမယ်။ ဒါမှ သံသရာမှာ တစ်ယောက်နဲ့တစ်ယောက် ကင်းပြတ်မှုကို ရလိမ့်မယ်"

သီရိစောစန္ဒာဟာ ဗညားဦးနဲ့ ဒီဘဝမှာ ရေစက်မဆုံခဲ့ပေမယ့် နောင်သံသရာဘဝမှာ ရေစက်ဆုံဖို့ဆုတောင်းခဲ့တယ်။ အဲဒီ့အစွဲဟာ အခုဘဝထိတိုင်စွဲနေတုန်း။ လိုက်ပါနေတုန်းဖြစ်တာမို့ ဒီအစွဲကို ဒီဘဝမှာ အပြီးတိုင်ဖြတ်တောက်ဖို့လိုတယ်။

ပြီးတော့ လူ့လောကထဲမှာ သုမန အကြွေးဆပ်ရမယ့်သူတွေ၊ ကူညီစောင့်ရှောက်ပေးရမယ့်သူတွေ ရှိနေသေးတယ်။ သူတို့ကို သုမန အကြွေးဆပ်ရလိမ့်မယ်။ ကူညီစောင့်ရှောက် ပေးရလိမ့်မယ်။ အဲ့ဒီလို ဆောင်ရွက်ခြင်းဟာ လမ်းစဉ်တော်ရဲ့ကျင့်စဉ်တစ်ခုပဲ။ ကျင့်စဉ်အမှတ် (၇)လို့ခေါ်တယ်။

လူ့လောကရဲ့ ကောက်ကျစ်ယုတ်မာမှုတွေ၊ ရက်စက်မှုတွေကို သုမနခံယူရလိမ့်မယ်။ ဒါတွေကို သုမန ခံနိုင်ရည်ရှိပြီး ကျော်လွှားနိုင်အောင် ကြိုးစားပေဦး။

ဒါကြောင့်မို့ သုမနကို လူတွေရှုပ်ထွေးတဲ့ လောကကြီးထဲ ပို့ရမယ်။ ဟော့ ဒီကလေးမနဲ့သာ သုမနလိုက်သွားပေတော့။

သုမန ခေါင်းငိုက်စိုက်ကျသွား၏။

ဆရာသခင်၏ စကားကိုပြန်လည်စောဒကမတက်ရဲ။

ဆရာသခင်သည် နေမြင် လမြင်ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ သူ၏အနာဂတ်ကိုလည်း ကြိုတင်သိမြင်နေပေလိမ့်မည်။

သူသည် လူ့လောကထဲသို့ တိုးဝင်ရမှာစိုးရွံ့နေ၏။ သူသည် လူတွေနှင့် အရောရောအနှောနှော နေဖူးသည် မဟုတ်ပေ။

သို့သော်လည်း ဆရာသခင်၏ စကားကို သူနာခံရမည်သာ ဖြစ်၏။ ဆရာသခင်၏ စကားကိုကြားရသောအခါ မေမြမိုးမှာ ဝမ်းသာသွားလေ၏။ သူနှင့်အတူ ဗညားဦးကိုပါ ခေါ်ဆောင်သွားခွင့်ရတော့မည်။ သူနှင့်အလောင်းအစားပြုထားသော ကိစ္စမှာ သူနိုင်သွားပြီ။ ကျော်ဇင်လတ်ကို သူမ မနှစ်သက်ဘဲလက်ထပ်စရာမလိုတော့။ အလောင်းအစားမှာ အနိုင်ရပြီဖြစ်သောကြောင့် ကျော်ဇင်လတ်ကို ငြင်းပယ်နိုင်သွားပြီ။ ကျော်ဇင်လတ်၏ ရန်မှလည်း အေးငြိမ်းသွားလေပြီ။ မရေရာသော အိပ်မက်သည် အမှန်တကယ်ဖြစ်ခဲ့လေပြီ။

"ဒါက ပိတ်ပါးအင်္ကျီ၊ ဒါက လုံချည်၊ ဟောဒါက ခေါင်းပေါင်းပေါင်းဖို့ တဘက် ချွေးထွက်ရင်လည်း သုတ်လို့ရတယ်။ ဟောဒါက လွယ်အိတ်တစ်လုံး ထည့်ချင်တာ ထည့်လို့ရတယ်။

ဒါက စာအုပ်လေးတစ်အုပ်၊ သုမန အခက်အခဲရှိတဲ့အခါတိုင်း စိတ်ညစ်တဲ့အခါနဲ့ကြုံတိုင်း ဖွင့်ဖတ်ကြည့်။ အကျိုးထူးလိမ့်မယ်။ မလိုအပ်ဘဲနဲ့တော့ ထုတ်မကြည့်နဲ့။

သူသည် ဆရာသခင်ကမ်းပေးသော အင်္ကျီပါး၊ လုံချည်၊ တဘက်၊ လွယ်အိတ်တစ်လုံးနှင့် စာအုပ်တစ်အုပ်ကို တရိုတသေ ကမ်းယူလိုက်၏။

သုမနသည် ဆရာသခင်ပေးသော ပစ္စည်းလေးမျိုးကိုယူကာ ငိုင်တွေရင်း မျက်ရည်တွေတွေကျနေ၏။ ဆရာသခင်မှာရင့်ကျက်သူဖြစ်သောကြောင့် ပြောသင့် ပြောထိုက်တာပြော၍ ပေးသင့်ပေးထိုက်တာပေးပြီးလျှင် မျက်နှာလွှဲ၍ ထွက်သွား၏။

သူနှင့် မေမြမိုးသာ ကျန်ရစ်၏။

ဆရာသခင် မျက်နှာလွှဲ၍ ထွက်သွားပြီးနောက် သူအားရအောင် ငိုကြွေးလိုက်၏။ အတန်ကြာပြီးနောက် စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

တင်းဆည်ကာ မျက်ရည်ကိုသုတ်လိုက်သည်။

ထို့နောက် သူဝတ်ဆင်နေကျ ဝတ်ဖြူစင်ကြယ်နှင့် ဆရာသခင်ပေးသော အင်္ကျီ လုံချည်တို့ဖြင့် အစားထိုးလဲလှယ် ဝတ်ဆင်လိုက်၏။

စာအုပ်ငယ်လေးကို လွယ်အိတ်ထဲ ထည့်၍ လွယ်လိုက်သည်။

ဆရာသခင်ကို ရည်ရော်ကာ ဦးအလီလီချလိုက်၏။ ထို့နောက် သူ့သံယောဇဉ်ကြီးလှသော မေတ္တာနယ်မြေလေးကို ဟိုသည် လှည့်ပတ်ကြည့်ကာ မေမြိုးနှင့်အတူ ထွက်ခွာလာခဲ့လေ၏။ မေတ္တာနယ်မြေကား ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေ၏။

## စာစု (၆)

# ဝင့်ကြွေးနှောင်အိမ်

(၁)

ကျွန်ုပ်သည် သတိရစပြုလာခဲ့လေပြီ။ မျက်ခွံများကမူ လေးလံလျက်ရှိနေသေးသည်။ ဦးခေါင်းတို့က ထုမတ်၍ မရအောင် ကိုက်ခဲနေဆဲရှိသေး၏။ ကျွန်ုပ် မည်သည့်နေရာသို့ ရောက်ရှိနေကြောင်း သိရှိလိုသည်။ ထို့အတူ ကျွန်ုပ် ဘာတွေဖြစ်နေသည်၊ ဘာတွေဖြစ်ခဲ့သည်ကိုလည်း သိလို၏။

ထို့ကြောင့် မျက်ခွံတို့ကို အတင်းဖွင့်ကြည့်လိုက်သည်။ အလင်းရောင်တန်းက မျက်စိထဲတိုးဝင်လာရာ ကျိန်းစပ်သွား၏။ မျက်လုံးမှာ ကျင့်သားမရသေးသောကြောင့်ပြန်ပိတ်ထားလိုက်ရသည်။ ဦးခေါင်းများ ကိုက်ခဲနေမှုကို မခံနိုင်၍ ညည်းညူရင်း ကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်မိလေ၏။

အပြင်မှ မကြားဖူးသောအသံမျိုးစုံတို့ကို ကြားနေရသည်။ အာရုံအသိတို့ကို ကောင်းစွာ ပြန်လည်ခံစားနိုင်ခဲ့ပြီ။

"သူသတိရလာပြီ မေမေ"

ကျွန်ုပ်ယခင်က ကြားနေကျအသံမှာ ကျေးငှက်များ၏ အော်မြည်သံသာ ဖြစ်၏။ သားရဲများ၏ ဟိန်းဟောက်သံသာဖြစ်၏။ သစ်ရွက်တို့၏ ကြွေကျသံများသာဖြစ်၏။ စမ်းရေတို့၏တသွင်သွင်စီးသံများသာဖြစ်၏။ ယခုကြားရသော အသံများမှာ ထိုအသံများ မဟုတ်ချေ။

ဤကြားထဲ မိန်းကလေးတစ်ဦး၏ အသံကိုပါ ကျွန်ုပ်ကြားလိုက်ရ၏။ ကျွန်ုပ်သည် အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေပြီး မျက်ခွံကိုပြန်လည်ပိတ်ထားလိုက်၏။

ဆရာသခင်၊ မေတ္တာနယ်မြေ၊ မိုးတစ်ညတို့၏ ရုပ်ပုံလွှာများက အတွေးရုပ်လွှာများအဖြစ် ပြန်ပေါ်လာခဲ့သည်။ နောက်ဆုံး ဆရာသခင်ပြောကြားခဲ့သော စကားများကို ပြန်လည်ကြားယောင်လာသည်။ ဆရာသခင်ပြောသော စကားကို မပယ်လှန်ဝံ့၍ မိုးတစ်ညအတွင်းရောက်လာခဲ့သော မိုးနတ်သူဇာမလေး တစ်ယောက်၏နောက်သို့ လိုက်ပါခဲ့ကြောင်း အသိအမှတ်ရလာခဲ့သည်။

ယခုလည်း မိုးညတစ်ညလုံး မိုးရေထဲမှာ နေခဲ့ခြင်းကြောင့် ကျွန်ုပ်မှာ အဖျားဝင်နေကြောင်းတွေးတောမိလေ၏။

ကျွန်ုပ်သည် အားလုံးကို ပြန်လည်အမှတ်ရသွားပြီဖြစ်သောကြောင့်မျက်လုံးကို ပြန်လည်၍အားယူကာ ဖွင့်ကြည့်လိုက်၏။ တဖြည်းဖြည်းနှင့် ကျွန်ုပ်၏ မျက်လုံးများ ကျင့်သားရလာခဲ့သည်။ ပထမဦးစွာ ကျွန်ုပ်ကို စိုးရိမ်တကြီးဖြင့် ကြည့်နေရှာသော မိုးနတ်သူဇာ၏ဝင်း… သွားသော မျက်နှာလှလှလေးကို စတင်မြင်တွေ့လိုက်ရ၏။

"ဗညားရယ် မိုးဖြင့်စိုးရိမ်လိုက်ရတာ ကောင်းကောင်း သတိရလာပြီနော်"

ကျွန်ုပ်သည် သုမနဖြစ်လေ၏။ မိုး… နတ်သူဇာလေးကမူ ကျွန်ုပ်ကို သုမန… လက်မခံဘဲ ဗညားဦးအဖြစ်သာ … လမ်းနေသူဖြစ်၏။ ထိုမိန်းကလေးသည် ကျွန်ုပ်အား သုမနအဖြစ်မှ ဗညား… အဖြစ် ပုံသွင်းပြောင်းလဲ ဖန်တီး… တော့မည်ဟု တွေးနေမိ၏။

မိန်းကလေး၏ အမေးကို ကျွ… ခေါင်းအသာညိတ်လိုက်ရလေ၏။

"သုံးရက်လုံးလုံး အဖျားတွေဝင်… ဗညားမေ့နေတာ။ ဗညားအခုလို… တာ မိုးကြောင့်မဟုတ်လား။ မိုးမှာ… စိုးရိမ်နေလိုက်ရတာ၊ အခုမှ စိတ်… သွားပြီ။ ဗညားသာ တစ်ခုခုဖြစ်သွား…



www.burmeseclassic.com

www.burmeseclassic.com

မိုးကိုယ်မိုး ခွင့်လွှတ်နိုင်ဘော့မှာ မဟုတ်ဘူး"

မိန်းကလေး၏ စကားက ဟန်လုပ်ပြောနေသော စကားမဟုတ်ချေ။ ရင်ထဲက စိတ်ပါလက်ပါ ပြောလိုက်သောစကားဖြစ်လေ၏။ မိန်းကလေး၏ အသံသာသာနှင့် စကားတို့သည် ကျွန်ုပ်၏ရင်ထဲသို့တိုင် ချဉ်းနင်းဝင်ရောက်သွားလေ၏။

"လွယ်အိတ်၊ ကျုပ်ရဲ့လွယ်အိတ်"

ကျွန်ုပ်သည် ဆရာသခင်ပေးလိုက်သော ပစ္စည်းများကို သတိရ၍ မိန်းကလေးကို မေးကြည့်လိုက်၏။ ဆရာသခင်သည် ဘာပဲလုပ်လုပ် အကြောင်းမဲ့လုပ်လေ့လုပ်ထ ရှိသူမဟုတ်မှန်း ကျွန်ုပ်သိ၏။ ယခုလည်း ဆရာသခင်ပေးလိုက်သော ပစ္စည်းများမှာ အဖိုးမတန်သော ပစ္စည်းများဖြစ်သော်လည်း တစ်ချိန်ချိန်၌ ကျွန်ုပ်အား အသုံးဝင်လာမည်ဟု ကျွန်ုပ်သိထား၏။

"ရှိပါတယ် ဗညား။ ဗညားရဲ့ ခေါင်းအုံးအောက်မှာ ထည့်ထားပါတယ်"

ကျွန်ုပ်သည် ခေါင်းအုံးအောက်၌ ထည့်ထားသည်ဆို၍ လွယ်အိတ်ကို ယူရန်အတွက် ခေါင်းထောင်ထလိုက်ရာ ခေါင်းသည် မခံမရပ်နိုင်အောင် တဆစ်ဆစ်ကိုက်ခဲလာသောကြောင့် ပြန်လှဲချလိုက်၏။

"မထနဲ့လေ ဗညား။ ဘာလုပ်မလို့လဲ၊ လွယ်အိတ်ကို ယူမလို့လား"

မိန်းကလေးက ကျွန်ုပ်၏ ခေါင်းအုံးအောက်မှ လွယ်အိတ်ကို ယူပေး၏။ လွယ်အိတ်ထဲသို့ ကျွန်ုပ်စမ်းကြည့်လိုက်၏။ လွယ်အိတ်ထဲ၌ စာအုပ်ကလေးရှိနေ၍ ကျုပ်စိတ်ချသွား၏။

"ဗညား သက်သာသလိုနေနော်"

တစ်ခုခု အလိုရှိရင် မိုးကိုလှမ်းခေါ်လိုက်။

တစ်ချိန်လုံး မိန်းကလေးနှင့်အတူရှိနေသော အရွယ်လတ်ထဲမှ မိန်းမသည် စကားတစ်ခွန်းမှ ဝင်မပြောဘဲနေ၏။ ထို့နောက် မိန်းကလေးနှင့်အတူ အခန်းပြင်သို့ ထွက်သွားလေ၏။

ကျွန်ုပ်တစ်ဦးတည်း အခန်းထဲမှာကျန်ရစ်၏။ ဟိုတွေး သည်တွေးဖြင့် တွေးမိတွေးရာ တွေးရင်း ပြန်လည်အိပ်ပျော်သွားလေ၏။

လောက၌ မထင်မှတ်ထားသော အရာတို့လည်း ဖြစ်လာတတ်၏။ မည်သည့်အရာမျှ ပုံသေတွက်ဆထား၍ မရချေ။ ထိုသို့ မထင်မှတ်ထားသော အရာ ဖြစ်ပေါ်ကြုံကြိုက်လာသောအခါ မတုန်လှုပ်ဘဲ မိမိက မည်သို့အကောင်းဆုံး ပြန်လည်လုပ်ဆောင်သွားမည်ကို ပြင်ဆင်ခြင်းပြုရန် အရေးကြီးလေ၏။

(၂)

ကျွန်ုပ်ဖျားနေစဉ် တစ်လျှောက်လုံး မိန်းကလေး၏ အရိပ်တကြည့်ကြည့်ဖြင့် ကြင်နာစွာ ပြုစုစောင့်ရှောက်ခြင်းကို ခံယူရ၏။

ကျွန်ုပ်မှာ အားနည်းနေ၍ ထိုင်လိုထလိုသောအခါ မိန်းကလေးကပင် တွဲထူတွဲထပြုရလေရာ မိန်းကလေး၏ နူးညံ့သောအသားအရည်နှင့် မကြာခဏ ထိတွေ့ရလေ၏။ ထိုအခါမျိုးတွင် ကျွန်ုပ်၏ရင်ထဲမှာ လှိုက်ဖိုလာ၏။

ယခုအခါ မိန်းကလေးနှင့် အနေနီးစပ်ကာ မိန်းကလေး၏ အလှကိုလည်းကောင်း၊ မိန်းကလေး၏ ကျွန်ုပ်အပေါ် ကြင်နာယုယစွာ ပြုစုမှုများကိုလည်းကောင်း၊ မိန်းကလေး၏ စေတနာမေတ္တာများကိုလည်းကောင်း ကောင်းစွာ သတိပြုမိနေပြီဖြစ်သော ကျွန်ုပ်သည် မိန်းကလေးအပေါ် သံယောဇဉ်ငြိတွယ်မိနေပြီဖြစ်၏။

မိုးတစ်ညက ဤမိန်းကလေးနှင့် စတင်ဆုံတွေ့ခဲ့ရ၏။

ထိုမိန်းကလေးကို ကျွန်ုပ်၏ ဆန္ဒရမ္မက်များ ချိုးနှိမ်ကာ ရှောင်ရှားခဲ့၏။

ဤအတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကျေနပ်အားရ အထင်ကြီးမိခဲ့၏။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com

# ပုနာဂကျူရဇာနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

(အခန်း ၁၂)

# ကူရှုးကူရှုး ကစားပွဲ

(ယခင်လမှအဆက်)

ဂျူးဂျူးတဲ့ထဲမှာ သူနိုးနှစ်ယောက်က တူရိယာပစ္စည်းတွေချထားပြီး ကူရှုးကူရှုး ကစားကြပါတယ်။

သူ့ ကျောက်စရစ်ခဲတွေ ရှုံးလေ စူလီမာန္နးက ပိုပြီး စိတ်တိုလေ ဖြစ်လာခဲ့ပါတယ်။ သူကစပြီး ညစ်ပါတော့တယ်။ ဂျုံဂျီရာကတော့ သူ့လိုမကောက်ကျစ်ပါ။ သူညစ်တာတွေများလာတော့ ဂျုံဂျီရာက -

"ဒါဟာ မိတ်ဆွေချင်းကစားတာပါဗျာ။ တစ်ဂိုဏ်းထဲသားချင်း ညီရင်းအစ်ကိုတွေ ကစားကြတာပါ"

"မင်းကမိတ်ဆွေပါ။ ညီရင်းအစ်ကိုလား။ ဟားဟား မင်းက သတင်းပေးပဲကွ။ မင်းကိုစွပြီးခဲ့ပြီ၊ ငါနဲ့လာပြီး တန်းတူအတန်းမညီနဲ့။ စူလီမာန္နးဆိုတာ ဒီရေကန်ကြီးရဲ့ အရှင်သခင်ကွ။ ငါ့ကိုမြင်တာနဲ့ ကျီးကန်းတွေလန့်ပြီး ပျံပြေးရသလိုကောင်ကွ"

"အရှင်သခင်ပဲပြောပြော၊ ဘာပဲပြောပြော အခုပွဲနာကူ ဖေါက်ထွင်းပွဲမှာတော့ ခင်ဗျားက ကျွန်တော့်ထက် ဝေစုနှစ်ဆလောက် မြတ်မြတ်လေးရခဲ့တာပဲ။ နောက်တစ်ခါ ဆိုရင်တော့ ကျွန်တော်က ပိုတောင်းရလိမ့်မယ်"

"နောက်တစ်ကြိမ် ဟုတ်လား။ ဟား ဟား ဒီစကားကို အရင်ကပြောပါလား။ မင်းဘယ်တော့မှ မပြောရဲပါဘူးကွာ"

"ခင်ဗျားကကော ဘာထူးလို့လဲ။ မစွတာဘာလူးတီရှေ့ရောက်ရင် ဟုတ်ကဲ့ပါသခင်၊ မှန်ပါတယ်သခင်နဲ့ သခင်ခွင်ကိုမိုးမွှန်နေတဲ့ ကြောက်ပါ။ အတု... အနူနူပါဗျာ"

"အောင်မာ မင်းက ဂျူးဂျူးဘာ... တော်ကြီးဖြစ်တဲ့ ငါ့ဗိမာန်မှာ ခလို... စော်ကားကားပြောရသလား။ ငါမ... နပ်ရင် ပြုစားနိုင်တယ်။ အဆိပ်... ဖော်နိုင်တယ်၊ မကောင်းဆိုးဝါးတွေ... ပြီး ဒုက္ခပေးနိုင်တယ်ဆိုတာ မင်းသိတာ... မဟုတ်လား"

သူက ကလေးတွေဖက်လှည့်... သူ့ရဲ့သဘက်လို တစ်ချက်ကြည့်လိုက်... တယ်။ ခွန်ဘာခမြာ ကြောက်ရွံ့တုန်... နေရှာပါတော့တယ်။

နောက်တစ်ကြိမ် ကစားဖို့... ရင်း စူလီမာန္နးက ဂျုံဂျီရာကို ခွက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

အပြည့် ဝိုင်အရက်တွေ တိုက်ပါတယ်။ ဒါမှလည်း သူလိမ်ညာ ကလိမ်ကျစားခဲ့ရင် အရက်မူးနေတဲ့ ဖြိုင်ဖက်မှ မိစားမိမှာမဟုတ်လား။ သူတို့နှစ်ယောက်သုံး ကစားပွဲမှာပဲ စိတ်ဝင်စားနေခဲ့ကြပါတယ်။ ခွန်ဘာနဲ့ သူ့ကိုချည်တုပ်ထားတဲ့ ကြိုးတွေကို ကိမ်က ဖြည်ပစ်ဖို့ ကြိုးစားနေခဲ့ပါတယ်။

သူနမလေးကို တီးတိုးလေး -

"အကယ်၍ သူတို့နောက်တစ်ကြိမ် အချင်းပွားခဲ့ရင် ငါတို့တစ်ချိုးတည်း ထပြေးကြစို့"

စုလီမာနူးက ထပ်ပြီး ညစ်ပြန်ပါတယ်။ သူတိုက်ထားတဲ့ အရက်ရှိန်နဲ့ ဂျုံကျိုရာက သွေးကြွပြီး ထအော်ပါတော့တယ်။

"ဒါတော့ သိပ်လွန်လွန်းနေပြီ။ ဒါ ကျွန်တော့်အလှည့်ဗျ။ လိမ်ဖို့ ညာဖို့ ညစ်ဖို့ စည်းလွတ်ဝါးလွတ် လုပ်ဖို့ပဲ ခေါင်းထဲမှာရှိတဲ့လူ"

ပြောရင်း စုလီမာနူးရဲ့ မိုက်စုစုကြီးကို သူက ရိုက်လိုက်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး ကန်ကြောက်ကြ ထိုးကြိမ်ကြဖြစ်ကုန်ကြပါတော့တယ်။

အဲဒီအချိန်မှာ အခွင့်ကောင်းယူပြီး ကိမ်က -

"ပြေး ပြေးတော့ ခွန်ဘာ"

ခြံကိုကျော်ပြီး ကမန်းကတမ်းပြေးထွက်ကာ သံတံခါးကိုလည်း ဖြတ်ခဲ့ကြပါတယ်။ ကန်အစွန်အဖျားဆီ ဦးတည်နေတဲ့ လမ်းကျဉ်းလေးအတိုင်း သူတို့ အဟုန်ထိုး ထွက်ပြေးခဲ့ကြပါတယ်။ တစ်လမ်းလုံးမှာလည်း အကျယ်လောင်ဆုံး အသံတွေနဲ့ ကယ်ကြပါဗျို့ ကယ်ကြပါဗျို့လို့ အော်ဟစ်ခဲ့ကြပါတယ်။ ခိုက်ရန်ဖြစ်နေသူနှစ်ယောက်လည်း ကလေးတွေ ထွက်ပြေးသွားတာကြောင့် ရန်ပွဲကိုရပ်ပြီး လုံတစ်ချောင်းစီဆွဲကာ ကလေးတွေနောက် အမြန်လိုက်ခဲ့ကြပါတယ်။

ကိမ်က မောပန်းတကြီးနဲ့ -

"ပုလိပ်တွေကို ဒီရေကန်မှာအစောင့်ချထားတယ်။ တို့ပတ်ပြေးပြီး ရှာကြမယ် ခွန်ဘာ"

သိပ်နောက်ကျသွားပါပြီ။ ကလေးတွေအနီးကို သူတို့ရောက်သွားခဲ့ပါတယ်။ စုလီမာနူးက လုံနဲ့ပစ်လိုက်တာကြောင့် ကိမ် ခြေကျင်းဝတ်ကို ထိသွားပြီး လဲကျသွားခဲ့ပါတယ်။ လဲသွားတဲ့ အစ်ကိုဆီ ပြေးလာတဲ့ ခွန်ဘာကိုတော့ ဂျုံကျိုရာက ဖမ်းဆွဲထားလိုက်ပါတယ်။ စုလီမာနူးက-

"ဒီကောင့်ပါးစပ်ကို စီးထားလိုက်။ ဒီဒဏ်ရာနဲ့ သူထပြေးနိုင်မှာ မဟုတ်တော့ဘူး။ ဒီနေရာမှာပဲ ထားခဲ့။ ဒီကောင့်ကို နောင်ကျမှ ပြန်လာရှင်းမယ်။ လောလောဆယ် ဟိုကောင်မလေးကို အရင်ရှင်းပစ်မယ်။ ဟက်ဝန် အရောက်စောင့်နေရင် အန္တရာယ်များတယ်။ အခုတောင် သူတို့အော်သံကို လူတွေကြားချင်ကြားခဲ့ကြလိမ့်မယ်။ ခြုံတွေထဲမှာ ငါ့လျှို့ဝှက်လမ်းရှိတယ်"

ဂျုံကျိုရာက ခွန်ဘာကို ကန်ကြောက်ရိုက်နှက်ပြီး ဂျူးဂျူးဗိမာန်ဆီ ပြန်ခေါ်သွားပါတယ်။ ခွန်ဘာ ခြေကျင်းဝတ်တွေကို ကြိုးနဲ့တုပ်ပြီး မကောင်းဆိုးဝါးသစ်သားပန်းပုရုပ်ကြီးတွေရဲ့ ရှေ့မှာထိုင်နိုင်းထားခဲ့ပါတယ်။ အဲဒီအချိန်မှာ ခွက်အမည်းတစ်ခွက်ထဲကို အိုးထဲက အရည်တွေ စုလီမာနူးက လောင်းထည့်နေပါတယ်။ ကျန်တာတွေကို မီးဖိုပေါ်မှာ ပြန်တည်လိုက်ပါတယ်။

"ဆူလေ ကောင်းလေပါပဲ။ တို့ညည်သည်အတွက် အရည်ရှိတာပေါ့"

ဂျုံကျိုရာထံ ခွက်ကိုလှမ်းပေးရင်း ငါ မန္တန်ဆိုနေတုန်း အရည်တွေအေးသွားအောင် မှုတ်ပေးကွ ကြားရဲ့လား အလုပ်သမားရဲ့"

ခွန်ဘာမျက်နှာ အနီးမှာသူ့ကျောက်ပေါက်မာတွေနဲ့ မျက်ခွက်ကြီးကို ကပ်ပြီး စတင်ရွတ်ပါတော့တယ်။

"ချက်ချင်း သူမအိပ်ပျော်ပါစေ၊ ထာဝရ ထာဝရပ်။ သည်နေရာသည် ဌာနကို ကျူပ်ဖိတ်ခေါ်ပါတယ်၊ အားလုံးသောမကောင်းဆိုးဝါးတွေ၊ အရိုင်းအစိုင်း ဝိညာဉ်ကို နှုတ်ကြပါ၊ ဒီထိန်းရသိမ်းရခက်တဲ့ ကလေးထံကပါ။"

မြွေဟောက်တစ်ကောင်ရဲ့ မျက်လုံးက ကြက်ကလေးတစ်ကောင်ကို ကြည့်ပုံမျိုးနဲ့ သူက ခွန်ဘာရဲ့ မျက်လုံးတွေကို စိုက်ကြည့်နေပါတယ်။ ဂျူးဂျူးဗိမာန်ထဲမှာ ကယ်မယ့်သူ မဲ့နေတဲ့ဘဝပါ။ ကိမ်လည်း မရှိတော့ပါ။ သူမက ကြောက်လန့်ပြီးသတိမေ့သွားပါတယ်။ ရှေ့မှာ ရှိနေတဲ့ မကောင်းဆိုးဝါး ရုပ်တုတွေ အသက်ဝင်လာကြပြီး သူမပတ်လည်မှာ ကခုန်နေကြဘိအလား ခံစားနေရရှာပါတယ်။

"အဆင်သင့်ဖြစ်ပြီလား"

ဘုန်းကြီးက မေးတော့ ဂျုံကျိုရာက-

"ဟုတ်ကဲ့ အဆင်သင့်ပဲ"

ခွန်ဘာပါးစပ်ကို ဂျုံကျိုရာက အတင်းဖြဲပါတော့တယ်။ ဂျုံကျိုရာနံကြားထဲကို ကရက်ဆိုတဲ့ အသံနဲ့အတူ ကည်ဆန်တစ်တောင့်ဝင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခွန်ဘာကို သူကိုင်မထားနိုင်တော့ပါ။ ခွန်ဘာ လဲကျသွားခဲ့ပါတယ်။ နောက်ထပ် ကျည်တစ်တောင့်ကတော့ စုလီမာန္နးရဲ့ နားရွက်အနီးက ဖြတ်သွားခဲ့ပါတယ်။ သူ့လက်ထဲက ခွက်လွတ်ကျသွားပြီး အစိပ်စိပ်အမွှာမွှာ ကွဲသွားပါတယ်။ ခွက်ထဲက အရည်တွေလည်း သဲတွေကြားထဲ စီးသွားခဲ့ပါတယ်။

"မင်းတို့ နှစ်ယောက်လုံး လက်မြှောက် မင်းတို့ကို ဝိုင်းထားပြီ"

ကြီးကြပ်ရေးမှူး အသံပေါ်ထွက်လာပါတယ်။ သေနတ်ကိုင်လျက် ရပ်နေပါတယ်၊ သူ့နောက်လိုက် ပုလိပ်တွေကလည်း အဆင်သင့်ဝိုင်းထားကြပါသေးတယ်။ တချို့ကတော့ တဲထဲမှာ လူရှိမရှိ ဝင်ရောက်ရှာဖွေနေကြပါတယ်။

လျှပ်တစ်ပြက်အတွင်းမှာ စုလီမာန္နးက တဲတံခါးအနီးရှိ တိုင်ကဓါးတစ်လက်ကိုဆွဲထုတ်ခဲ့ပါတယ်၊ ပုလိပ်တစ်ယောက်ကတော့ ခွန်ဘာကို ထိုးဖို့မြှောက်လိုက်တဲ့ စုလီမာန္နးရဲ့လက်ကို ဖမ်းချုပ်နိုင်ခဲ့ပါတယ် စုလီမာန္နးက -

"သားကောင်ကို မလွတ်စေရဘူး။ ကျုပ် သူ့ရဲ့သဘက်တွေက ယစ်ပူဇော်ဖို့တောင်းဆိုနေကြတယ်"

"သူတို့နှစ်ယောက်လုံးကို လက်ထိပ်ခတ်ထားလိုက်"

မီးဖိုပေါ်က ဆူနေတဲ့ အိုးကို ကြီးကြပ်ရေးမှူး ဒေါက်ရာက ချပစ်လိုက်ပါတယ်။ စုလီမာန္နးရဲ့ မျက်နှာနားမှာ အိုးကို ကပ်ပြီး -

"မင်းကြည့်ရတာ ရေငတ်နေပုံရတယ်၊ တဲထဲက မထွက်ခင် မင်းပါးစပ်ကိုဖြဲပြီး ထည့်ပေးမယ်၊ ဂျုံကီရာက ပါးစပ်ကိုဘယ်လိုဖြဲရတယ် ဆိုတာ တို့ကို မျက်မြင်ပြခဲ့ပြီးပြီလေ"

"မသောက်ပါရစေနဲ့ အဲဒါတွေက အဆိပ်ရည်တွေပါ"

စုလီမာန္နး ကြောက်ကြောက်လန့်လန့်နဲ့ နောက်ဆုတ်ခဲ့ပါတယ်။ မျက်လုံးကြီးတွေ ပြူးထွက်လာပါတယ်။

"ဒါဟာ ရှန့်ပိန့်မဖြစ်နိုင်ဘူးလို့ ငါတို့တွက်ခဲ့ပြီးသားပဲ။ ခိုးမှု၊ ကလေးပြန်ပေးဆွဲမှု၊ လူသတ်မှု၊ ကျူးလွန်ဖို့ ကြိုးစားမှုတွေနဲ့ မင်းတို့ကို အမှုဖွင့်ရမယ်။ မင်းတို့ ဝန်ခံတဲ့ ထွက်ချက်တွေကိုတော့ ကျေးဇူးတင်မှာပါ"

ခွန်ဘာ သတိပြန်လည်လာပြီး -

"ဘာတွေဖြစ်ကြတာလဲ၊ ကျွန်မတို့ကို ဘယ်လိုတွေ့သလဲ"

"ရေကန်စောင့်နေတဲ့ လူတွေကိုတို့ ဂျူးဂျူးဗီမာန်ဆီ သွားကြမယ်ပြောပြတော့ မင်းတို့ရဲ့ ကယ်ကြပါဆိုတဲ့အသံတွေကြားလိုက်ရကြောင်း သတင်းပေးခဲ့တယ်။ သူတို့ထဲက တစ်ယောက်က ဒီဗိမာန်ရှိတဲ့နေရာ အတိအကျကို သိတဲ့လူမို့ သူ့ကိုခေါ်ပြီး အမြန်ဆုံးလိုက်လာခဲ့ကြတာပါ"

"အာမင်၊ ကိမ်ကော။ သူ့အခြေအနေကောင်းရဲ့လား"

"ရေကန်စောင့်တွေရဲ့ ဗင်ကားထဲမှာ ဆရာဝန်ကော ပက်ထရင်တို့နဲ့ပါ ကိမ်ရှိနေပါတယ်။ သူ့ခြေထောက်က ဒဏ်ရာ သိပ်မများပါဘူး။ ရက်အနည်းငယ်ကြာရင် သူ လမ်းကောင်းကောင်းလျှောက်နိုင်ပါလိမ့်မယ်"

ခွန်ဘာ အေးအေး ဆေးဆေး ဖြစ်သွားပြီး . . .

"ပွနာကူ ရတနာတွေကော . . . အန္တရာယ်ကင်းရဲ့လား"

"အားလုံးပြန်ရပါတယ်။ ပန်းခရာ
အိုးကြီးကတော့ ကွဲသွားတယ်။ဒီအတွက်
စိတ်မကောင်းဖြစ်မနေပါနဲ့" ပြန်ဖြေရင်း
ကြီးကြပ်ရေးမှူးရဲ့မျက်လုံးတွေ ပေကာလပ်
ပေကာလပ် ဖြစ်နေပါတယ်။

"ပါမောက္ခဟောင်းဝဒ်နဲ့ ဒေါက်တာ
ခရက်ကာလစ်တို့က ရတနာတွေကို
ထိန်းပေးထားကြတာဟာ လောလော
ဆယ်တော့ အဆင်ပြေဆုံးပါပဲ။ မတ်တ
ရပ်ဖို့ ကြိုးစားကြည့်ပါဦး ကလေးရယ်
ဟက်စန်ရောက်မလာခင် ဒီမကောင်း
ဆိုးဝါးနေရာက ထွက်သွားကြမယ်"

ခွန်ဘာက ကြောက်ကြောက်လ
လန့်နဲ့ -"ဟက်စန်က မြည်းရထားနဲ့
နေတာပါ။ ကျွန်မကြောက်လိုက်တာ"

"မင်းကို ဘယ်သူကမှ ဒုက္ခပေး
မရတော့ပါဘူး။ ပန်တစ်ဆာဒါကို ကိ
မင်းကို ပြန်ပို့ဖို့ ဗင်ကားစောင့်နေတယ်
မင်းတို့ရဲ့ ဒုက္ခတွေ နိဂုံးချုပ်ခဲ့ပါပြီ"

စုလီမာန္နးနဲ့ ဂျုံဂျီရာတို့ကတော့
အန္တရာယ်တွေ ဘေးဒုက္ခတွေနဲ့ ရင်
ကြရတော့တယ်။ လက်ထိပ်ခတ်ပြ
ပုလိပ်အခြံအရံနဲ့ သူတို့ကိုခေါ်သွား
တယ်။ ရာကီဒါပုလိပ်ဌာနမှာ ဖမ်းထား
မစ္စတာဘလူးတီနဲ့ အဖွဲ့ဝင်တွေကိုရော
သူတို့ကို ဗင်ကားနဲ့တင်သွားခဲ့ပါတ
သူတို့အတွက်တော့ အိမ်ပြန်မလှ
ရပါပြီ။ သူတို့အားလုံး လွတ်မြော
တော့ မရှိပါ၊ နှစ်ရှည်ထောင်ဒဏ်အ
ရလေမလား၊ သေဒဏ်ပဲ ခံကြ
မလားပါ။


ရှေ့လဆက်ရန် . . .

အောင်သန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# ထူးခြားအံ့မခန်း

# မိထွေးတော်ဂေါတမီ၏

## ပရိနိဗ္ဗာန်ဝင်စံတော်မူခန်း

ရိရိဌေး

မဟာပဇာပတိဂေါတမီခေါ် မိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းမှာ အများမတူ ထူးခြားဆန်းကြယ်လှပေသည်။ မိထွေးတော်ဂေါတမီသည် ဘိက္ခုနီမတို့အနက် 'ရတ္တညူ' ဧတဒဂ်ရာထူးကို ရရှိခဲ့သော ဘိက္ခုနီမကြီးဖြစ်သည်။ ရတ္တညူဆိုသည်မှာ ရှည်စွာသော ညဥ့်အပိုင်းအခြားကိုသိသောအရာ= ဘိက္ခုနီမဝါကြီးသောအရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူခြင်းဖြစ်ပါသည်။ ဤရတ္တညူဘွဲ့တော် ရရှိခြင်းမှာ ရှေးဘဝက တောင်းဆုပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ ဂေါတမီထေရီမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်ခဲ့သည်။ တစ်ခါသော် မြတ်စွာဘုရားရှင်သည် ဘိက္ခုနီမတစ်ပါးကို ညဥ့်အပိုင်းအခြားကိုသိသော=ဘိက္ခုနီဝါကြီးကြသော ဘိက္ခုနီမတို့အနက် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကိုပြုပြီးလျှင် ထိုရတ္တညူဧတဒဂ်ရာထူးဌာနန္တရကို ဆုတောင်းပတ္တနာမှုပြုလေသည်။ ပဒုမုတ္တရဘုရားရှင်ကလည်း ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့သည်။

ထိုဘဝ၌ အသက်ထက်ဆုံး အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည့်ကောင်းမှုများပြုခဲ့ရာ သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ခဲ့သည်။ တစ်ခုသော



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓန္တရခေတ်၌ နတ်ပြည်မှစုတေခဲ့ပြီး ဗာရာဏသီပြည်တွင် 'ရေခပ်ကျွန်မ အကြီးအကဲ ကျွန်မ' ဖြစ်လာခဲ့သည်။ ထို အချိန်တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးဆူ သည် ဝါလနီးကပ်လာပြီဖြစ်၍ နန္ဒမူလိုဏ် မှ ကြွတော်မူလာပြီး ဗာရာဏသီပြည်ရှိ ဣသိပတနမိဂဒါဝုန်တောတွင်းသို့ ပြန် လာကာ "ဝါဆိုရန် ကျောင်းငယ်အလို့ငှာ လက်မှု(ဟတ္ထကံ)ကို တောင်းခံကြကုန် အံ့"ဟု ကြံစည်တိုင်ပင်ကြလေသည်။ ညနေချမ်းအချိန်တွင် ပစ္စေကဗုဒ္ဓါငါးပါး သည် ဟတ္ထကံတောင်းခံရန်အလို့ငှာ မြို့ တွင်းရှိ ဗာရာဏသီသူဌေး၏ အိမ်တံခါးဝ ၌ ရပ်တော်မူ၏။ ဤအချင်းအရာကို ရေ ခပ်ကျွန်မအကြီးအကဲဖြစ်သော အမျိုး သမီးသည် ရေအိမ်သို့သွားစဉ် တွေ့မြင်ခဲ့ ရသည်။

ထိုအခါ ရေခပ်ကျွန်မ အကြီးအကဲ က –

"ငါသည် ဟတ္ထက = လက်အမှု တောင်းခံ၍ မရကြသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးဆူတို့ကို မနက်ဖြန် ဆွမ်း ကပ်ရန် ပင့်ဖိတ်အပ်ပြီးကုန်ပြီ။ အမိတို့၏ အရှင်သခင် လင်ယောကျာ်းများကို တစ် နေ့တာမျှ ဟတ္ထကံလက်အမှုကို လှူဒါန်း ကြပါကုန်စေ"ဟု တိုက်တွန်းရာ အားလုံး က "ကောင်းပါပြီ"ဟု ဝန်ခံခဲ့ကြသည်။

ထို့နောက် ၎င်းတို့၏လင်ယောကျာ်း များ အလုပ်သိမ်းပြီး အိမ်သို့ပြန်လာသော အခါ ထိုအကြောင်းကို ပြောပြရာ အား လုံးသောလင်ယောကျာ်းများက "ကောင်း ပြီ"ဟု သဘောတူခဲ့ကြသည်။ ရေခပ် ကျွန်မအကြီးအကဲသည် နောက်တစ်နေ့ တွင် ပစ္စေကဗုဒ္ဓါငါးဆူအား ဆွမ်းကပ်လှူ ပြီးနောက် ကျွန်ယောကျာ်းငါးရာအား အချက်ပေးလိုက်ရာ ထိုသူများသည် တော ထဲသို့ဝင်၍ သစ်များခုတ်ကာ လူတစ်ရာ လျှင် တစ်ကျောင်းကျစီ ဆောက်လုပ်ပေး ခဲ့သည်။ ကျောင်းငါးကျောင်း ဆောက် လုပ်ပြီးနောက် ညောင်စောင်း၊ အင်းပျဉ်၊ သောက်ရေသုံးရေ စသည်တို့ကို လိုလေ သေးမရှိအောင် တည်ထားခဲ့ကြသည်။ ထို့အပြင် ဝါတွင်းသုံးလပတ်လုံး ဝါဆို ကျောင်း၌ သီတင်းသုံးစေပြီး အလှည့်ကျ ဆွမ်းဒါနများကို ပေးလှူခဲ့ကြသည်။

မိမိအလှည့်တွင် ဆွမ်းမတတ်နိုင် သည့် ရေခပ်ကျွန်မတို့အား အကြီးအကဲ အမျိုးသမီးမှ မိမိအိမ်သို့ ဆွမ်းအလှူ ပစ္စည်းများ ထုတ်ပေးခဲ့သည်။ ဝါကျွတ်ခါ နီးတွင် အကြီးအကဲအမျိုးသမီးက ကျွန်မ တစ်ယောက်လျှင် အဝတ်တစ်ထည်ကျစီ ရက်လုပ်ရန် စီစဉ်ခဲ့သည်။ အဝတ်ကြမ်း အထည်ငါးရာရသောအခါ တစ်ဖန် လဲ လှယ်ဖလှယ်ပြီး ပစ္စေကဗုဒ္ဓါငါးဆူတို့အား တိစီဝရိက်(သင်္ကန်းကြီး၊ ကေသီ၊ သင်း ပိုင်)သင်္ကန်းအချော သုံးထည်စီပြုလုပ်ကာ ဆက်ကပ်လှူဒါန်းခဲ့သည်။ ပစ္စေကဗုဒ္ဓါငါး ဆူလည်း ကျွန်မတို့ ကြည့်ရှုနေစဉ်အတွင်း မှာပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန တောင်သို့ ကြွတော်မူလေသည်။

ထိုဘဝ၌ အသက်ထက်ဆုံး ကောင်း မှုကုသိုလ်ပြုပြီးနောက် စုတေလတ်သော် နတ်ပြည်သို့ ရောက်ကုန်၏။ နတ်သမီး ငါးရာအနက် အကြီးအကဲနတ်သမီးဖြစ် ပြီး ထိုမှ စုတေသော် ရက်ကန်းသည် အကြီးအကဲ၏အိမ်၌ လူဖြစ်ခဲ့သည်။ ထို ဘဝ၌လည်း ပစ္စေကဗုဒ္ဓါငါးရာကို ဆွမ်း ဒါနကပ်လှူပူဇော်ခဲ့ရသည်။ ထိုကောင်းမှု ကြောင့် ထိုဘဝမှ စုတေသော် နတ်ပြည်၊ လူ့ပြည်၌ ကျင်လည်ကျက်စားလျက် မြတ်စွာဘုရားပွင့်တော်မူခါနီးတွင် ဒေဝ ဒဟပြည့်ရှင် မဟာသုပ္ပဗုဒ္ဓသာကီဝင်မင်း ကြီး၏သမီးတော်အငယ် 'ဂေါတမီ'ဖြစ် လာခဲ့သည်။

ဂေါတမီသည် မဟာမာယာမင်း သမီး၏ ညီမတော်ဖြစ်ပြီး ပုဏ္ဏားတော်တို့ ၏ ဟောကိန်းအရ "ဤမင်းသမီးနှစ်ပါး ၏ဝမ်း၌ ကိန်းမည့်သားတို့သည် စကြ ဝတေးမင်းများ ဖြစ်လိမ့်မည်"ဟု နိမိတ် ဖတ်ခဲ့ကြသည်။

သုဒ္ဓေါဒနမင်းကြီးသည် မဟာမာ ယာနှင့် ဂေါတမီ မင်းသမီးနှစ်ပါးလုံး ထိမ်းမြားမင်္ဂလာပြု၍ ၎င်း၏ ကပိလဝတ် ရွှေနန်းတော်သို့ ဆောင်ယူခဲ့သည်။ ရွှေ နန်းတော်သို့ရောက်လျှင် မဟာမာယာ မင်းသမီးကို အဂ္ဂဒေဝီ မဟေသီမိဖုရား ခေါင်အရာထားခဲ့သည်။ မြတ်စွာဘုရား အလောင်းတော်သည် တုသိတာနတ် ပြည်မှ စုတေတော်မူပြီး မဟာမယာ မိဖုရားခေါင်ကြီး၏ဝမ်း၌ ပဋိသန္ဓေနေ တော်မူ၏။ မဟာမာယာမိဖုရားကြီးသည် မဟာသက္ကရာဇ် (၆၈)ခုနှစ်၊ ကဆုန်လ ပြည့်နေ့တွင် အလောင်းတော် သိဒ္ဓတ္ထမင်း သားကို ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့ တွင် နတ်ရွာစံခဲ့သည်။ တုတိသာနတ် ပြည်၌ သန္တုသိတနတ်သားဖြစ်လေသည်။ မဟာမာယာဒေဝီ နတ်ရွာစံပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် ညီမတော် ဂေါတ မီမိဖုရားကို အဂ္ဂဒေဝီမဟေသီမိဖုရားကြီး အရာ၌ မြှောက်စားခဲ့သည်။

မဟာမာယာဒေဝီ မိဖုရားကြီး အလောင်းတော် သိဒ္ဓိတ္ထမင်းသားကို ဖွား မြင်ပြီး နှစ်ရက်သုံးရက်မြောက်တွင် ဂေါ တမီမိဖုရားမှ နန္ဒမင်းသားကို ဖွားမြင်လေ သည်။ ဂေါတမီသည် တူမတော် သိဒ္ဓတ္ထ မင်းသားကို သားအရင်းသဖွယ် နို့ချိုတိုက် ကျွေးပြီး သားတော်နန္ဒမင်းသားအား အထိန်းတော်များအားပေးအပ်ကာ စောင့် ရှောက်စေခဲ့သည်။

မြတ်စွာဘုရားဖြစ်တော်မူပြီးနောက် ငါးဝါမြောက်တွင် ဝေသာလီပြည်မဟာဝုန် တောအတွင်းရှိ ကူဋာဂါရကျောင်းတိုက် ၌ ဝါကပ်ဆိုသီတင်းသုံးနေထိုင်တော်မူခဲ့ သည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ကပိလဝတ်ပြည် ရွှေနန်းတော်အတွင်း မင်္ဂလာထီးဖြူအောက်တွင် အရဟတ္တဖိုလ်သို့ရောက်၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထိုအခါ မဟာပဇာပတိဂေါတမီသည် ရဟန်းပြုရန် စိတ်အားထက်သန်လာလေသည်။ ထိုအချိန်တွင် ရဟန်းပြုသွားသော မင်းညီမင်းသားငါးရာတို့၏ ကြင်ရာဟောင်း သာကီဝင်မင်းသမီးငါးရာတို့လည်း တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကာ ....

"ငါတို့သည် မဟာပဇာပတိ ဂေါတမီထံသို့ သွားရောက်ကြ၍ အားလုံးပင် ဘုရားရှင်ထံတော်၌ ရဟန်းမ ပြုကြကုန်စို့"ဟု ညီညွတ်စွာ တိုင်ပင်ပြီး ဂေါတမီထံသို့သွားခဲ့ကြသည်။ မိထွေးတော်ကြီးသည် မြတ်စွာဘုရားထံသို့ ပထမအကြိမ် ဘိက္ခုနီမရဟန်းအဖြစ် ခွင့်ပေးပါရန် တောင်းပန်လျှောက်ထားခဲ့သော်လည်း အခွင့်မရခဲ့ပေ။ ထို့နောက် ဆတ္တာသည်ကိုခေါ်၍ ဆံပင်တို့ကို ရိတ်ဖြတ်စေပြီး ဖန်ရည်ဆိုးသော အဝတ်(သင်္ကန်း)ကို ဝတ်ဆင်ပြီး သာကီဝင်မင်းသမီးငါးရာကို ခေါ်ဆောင်ကာ ဝေသာလီပြည်သို့ ခြေလျင်ခရီးဖြင့် သွားရောက်ခဲ့ပါသည်။ ရှင်အာနန္ဒာမထေရ်မြတ်အား အကူအညီတောင်း၍ မြတ်စွာဘုရားရှင်အား တောင်းပန်ရာ နောက်ဆုံးတွင် ဂရုဓမ္မရှစ်ပါးတရားတို့ဖြင့် ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရရှိခဲ့သည်။ သာကီဝင်မင်းသမီးငါးရာတို့လည်း ဘိက္ခုနီမများ ဖြစ်လာခဲ့သည်။ ဘိက္ခုနီသာသနာကို ရရှိအောင် လျှောက်ထားပြီး အစပျိုးသူမှာ မဟာပဇာပတိဂေါတမီပင် ဖြစ်ပါသည်။

မိထွေးတော်ဂေါတမီသည် ဘိက္ခုနီမဖြစ်ပြီးနောက် သံခိတ္တသုတ်ဒေသနာကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိခဲ့လေသည်၊ ကျန်ဘိက္ခုနီမငါးရာသည် နောင်သောအခါဝယ် နန္ဒကောဝါဒသုတ္တန်ကို ကြားနာရသဖြင့် မိမိတို့အလိုဆန္ဒအတိုင်း အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က ရဟန္တာအသီးသီး ဖြစ်ကြကုန်သည်။

နောင်တစ်ချိန်၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရထားတော်မူသည်ရှိသော် မိထွေးတော် မဟာပဇာပတိဂေါတမီထေရီကို 'ရတ္တညူ'(ရှည်စွာသောညဥ့်အပိုင်းအခြားကို သိသောအရာ = ဘိက္ခုနီမဝါကြီးသောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး) ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့သည်။ ဂေါတမီထေရီသည် ဝေသာလီပြည်အတွင်းရှိ ဘိက္ခုနီကျောင်းတိုက်၌ သီတင်းသုံးတော်မူရာ သက်တော် ၁၂၀ သို့ ရောက်ရှိခဲ့လေပြီ။ ဂေါတမီထေရီလည်း ဝေသာလီပြည်တွင်းသို့ ဆွမ်းခံတော်မူပြီး ဆွမ်းဘုဉ်းပေးပြီးနောက် ဖလသမာပတ်ဝင်စားတော်မူခဲ့သည်။

ဖလသမာပတ်မှထ၍ မိမိကျင့်စဉ်ကိုဆင်ခြင်ပြီးနောက် မိမိ၏ အာယုသင်္ခါရ (ဇီဝိတသန္တာန်အစဉ်)ကို ဆင်ခြင်လတ်သော် အာယုသင်္ခါရကုန်နေပြီကို သိတော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားထံသို့ သွားရောက်လျှောက်ထားရန် အကြံဖြစ်ပေါ်လာသည်။ ဂေါတမီထေရီသည် ဘိက္ခုနီမကျောင်းသို့ တစ်ဖန်ပြန်လာပြီး "ပရိနိဗ္ဗာန်စံရမှုကောင်းလေစွ"ဟု ကြံစည်ဆင်ခြင်မိသည်။ ဂေါတမီထေရီမကြီး၏ သန္တာန်မှာကဲ့သို့ ဘိက္ခုနီမငါးရာတို့၏ စိတ်သန္တာန်မှာလည်း အကြံအစည် ဖြစ်လာခဲ့သည်။

မိထွေးတော်ဂေါတမီ ထေရီမကြီး၏ စိတ်သန္တာန်၌ —

ငါသည် သားတော်ဘုရား၊ အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါး၊ မြေးတော်

ရွှေဆုံးမှ လူ၊ နတ်၊ နဂါး
အသုရာ၊ ပြဟ္မာများ
၎င်းတို့၏နောက်မှ
ဝိသုကြံနတ် ဖန်ဆင်းအပ်သည့်
ရွှေသားအလောင်းစင်
ပြာသာဒ်ငါးရာထက်သို့
ညောင်စောင်းနှင့်တကွတင်စေပြီး
ဘိက္ခုနီမငါးရာတို့၏
အလောင်းစင်ပြာသာဒ်တို့ကို
နတ်တို့က ထမ်းလာခဲ့သည်။
ထို့နောက်မှ
မိထွေးတော်ဂေါတမီထေရီ၏
အလောင်းစင်ပြာသာဒ်ကို
လောကပါလနတ်မင်းကြီး
လေးပါးက ထမ်းလာခဲ့သည်။

ရာဟုလာမထေရ်၊ တူတော် အာနန္ဒာမထေရ်၊ သားတော် နန္ဒမထေရ်တို့၏ ပရိနိဗ္ဗာန်စံဝင်ခြင်းကို ဖူးမြင်ခွင့်ရတော့မည်မဟုတ်။ ၎င်းတို့ ပရိနိဗ္ဗာန်စံတော်မမူကြမီ အာယုသင်္ခါကို လွှတ်၍ စောစောစီး သားတော်ဘုရားခွင့်ပြုချက်ကို ရယူပြီး ပရိနိဗ္ဗာန်စံဝင်တော့အံ့ဟု အကြံဖြစ်လာခဲ့သည်။ ထိုအတူပင် ဘိက္ခုနီမငါးရာတို့၏ စိတ်သန္တာန်၌လည်း ဤသို့အကြံအစည်ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မြေငလျင်ပြင်းစွာ တုန်လှုပ်၍ ကောင်းကင်၌ အခါမဟုတ်ဘဲ မိုးထစ်ချုန်း၏။ ကျောင်းစောင့်နတ်များ ငိုကြွေးကြကုန်၏။ ဘိက္ခုနီမငါးရာလည်း မိထွေးတော်ဂေါတမီထံသို့ သွားရောက်၍ ထိုအကြောင်းပြောကြားရာ ဂေါတမီမထေရ်မကြီးကလည်း မိမိ၏အကြံအစည်ရှိကြောင်း ပြောပြခဲ့သည်။ ထို့နောက် ဘိက္ခုနီမအားလုံးကပင် ကျောင်းစောင့်နတ်တို့ကို အပြစ်ရှိက သည်းခံရန် တောင်းပန်ခဲ့သည်။ မိထွေးတော်ဂေါတမီသည် ဘိက္ခုနီမကျောင်းတိုက်ကို နောက်ဆုံးကြည့်ရှုကာ "ငါသည် အိုခြင်းကင်းရာ၊ သေခြင်းကင်းရာ၊ မနှစ်သက်အပ်သည့် သတ္တဝါသခါရတို့နှင့် တွေ့ဆုံရခြင်း ဆင်းရဲကင်းရာ၊ နှစ်သက်အပ်သည့် သတ္တဝါသခါရတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲကင်းရာ အသခံတတရာတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ သွားရောက်တော့အံ့"

ဟူသော ဂါထာကို ရွတ်လိုက်လျှင် ကြားကြားသမျှ ရာဂမကင်းကြသူ နတ်လူအားလုံးတို့ပင် သည်းထန်စွာ ငိုကြွေးကြ၏။ ထိုမှ မြို့လယ်လမ်းမကြီးအတိုင်း ဘိက္ခုနီမများ ထွက်လာရာ ဥပါသိကာအိမ်များမှ ဥပါသိကာများ ထွက်လာပြီး ငိုကြွေးကြသဖြင့် ဂေါတမီထေရီမကြီးက တရားဟောခဲ့သည်။

ထိုမှ မြတ်စွာဘုရားထံသို့ ရောက်သောအခါ မြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံခွင့်တောင်းကာ ရှိခိုးကန်တော့ရာ မြတ်စွာဘုရားက ခွင့်ပြုဂါထာ မိန့်ဆိုခဲ့သည်။ ထိုအခါ ဂေါတမီမထေရ်မကြီးသည် ငါးဂါထာဖြင့် ဘုရားရှင်ကို ချီးကျူးပြန်သည်။

ထို့နောက် ရဟန်းသံဃာအရှင်ရာဟုလာ၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒတို့ကိုလည်း ရိုသေစွာ ရှိခိုး၍ နှစ်ဂါထာတို့ဖြင့် ခန္ဓာ၏အပြစ်ကို ဖော်ပြကာ ပရိနိဗ္ဗာန်စံလိုကြောင်း ခွင့်တောင်းခဲ့ပါသည်။ အရှင်နန္ဒ၊ အရှင်ရာဟုလာတို့မှာ ရဟန္တာဖြစ်၍ ဓမ္မသံဝေဂရှိသော်လည်း အရှင်အာနန္ဒာသည် သေက္ခအရိယာဖြစ်၍ ...

"ဟာ ... သန္တိဂေါတမိယာတိ"

အစချီသော ဂါထာကို ရွတ်ဆိုကာ သည်းထန်စွာ ငိုကြွေးလေ၏။ ထေရီမကြီးသည် တူတော် အရှင်အာနန္ဒာအား မျက်ရည်သိမ်းတရားဟောလေသည်။ ထို့နောက် မြတ်စွာဘုရားရှင်မှ ...

"ဂေါတမီခေါ် မိထွေးတော် မာတုဂါမ မင်းမိန်းမတို့ ဤငါဘုရားသာသနာဝယ် သစ္စာလေးပါးတရား ိ်ခြင်ကျွတ်တမ်းဝင်ခြင်း၌ သို့လော သို့လော တွေးတော ယုံမှားကြသည့် ဉာဏ်ပညာနည်းပါးသူတို့၏ အယူမှားကို ပယ်ရှားဖို့ရန် တန်ခိုးဣဒ္ဓိကိုပြဦးလော့"ဟု တိုက်တွန်းတော်မူလေသည်။

ထိုအခါ ထေရီမကြီးသည် တစ်ပါးတည်းက အများဖြစ်ခြင်း၊ အများကြီးမှ တစ်ပါးတည်းဖြစ်ခြင်း၊ ပေါ်ခြင်း၊ ပျောက်ကွယ်ခြင်း၊ နံရံတစ်ဖက်,တောင်တစ်ဖက်သို့ မငြိမကပ် သွားခြင်း စသည့် ဣဒ္ဓိဝိဓ အဘိညာဉ်ကိုပြတော်မူ၏။ ထို့အပြင် မြင်းမိုရ်တောင်ကို ထီးရိုး၊ မဟာပထဝီမြေကြီးကို ထီးရွက်ပြု၍ အထက်အောက်ပြန်လှန်ကာ ကောင်းကင်၌ ထီးသဖွယ်ဆောင်း၍ စင်္ကြံလျှောက်ပြခဲ့သည်။ နေခြောက်စင်းထွက်သောအခါ ဩကာသလောကတစ်ခုလုံး အခိုးများ ဖုံးနေပုံကိုလည်း ဖန်ဆင်းပြသလေသည်။ ဤသို့ဖြင့် တန်ခိုးဣဒ္ဓိတို့ကို ပြသပြီးနောက် ကောင်းကင်မှ ဆင်းသက်ပြီး မြတ်စွာဘုရားအားရှိခိုးကာ လျှောက်ပတ်သောနေရာ၌ ထိုင်ကာ ...

"သားတော်ဘုရား ... တပည့်တော်မသည် အသက် ၁၂၀ ရှိပါပြီ။ အိုမင်းလှပါပြီ။ ဤမျှဖြင့် သင့်တော်လောက်ပါပြီ။ သားတော်ဘုရား တပည့်တော်မအား ပရိနိဗ္ဗာန်ဝင်စံပါရစေ
ဘုရား"ဟု ဤသို့ လျှောက်ထားခဲ့
ထိုအခါ အစည်းအဝေးရောက်ရှိနေ
ပရိသတ်က "မည်သည့်ကောင်း
ယခုကဲ့သို့ တုမရသည့် တန်ခိုး
ပြည့်စုံရပါသနည်း"ဟု မေးမြန်း
မုတ္တရဘုရားရှင်လက်ထက်မှ စ
အကြောင်းများကို အကျယ်ဟော
သည်။

ထို့နောက် ဘိက္ခုနီမငါးရာတို့
လည်း ကောင်းကင်းသို့ ပျံတက်
ကြယ်တာရာတို့ကို သီကုံးထားသ
အလွန်တင့်တယ်လှစွာ တန်ခိုးဣဒ္ဓိ
မျိုးပြ၍ ကောင်းကင်မှ ဆင်းသ
ကာ မြတ်စွာဘုရားရှင်အား ရှိခိုးပြီး
တော်ရာ၌ ထိုင်နေခဲ့ကြသည်။ ထို့
ဘိက္ခုနီမတို့သည် ဂေါတမီထေရီမ
ကျေးဇူးမှာ မိမိတို့အပေါ်၌ အလွန်
လှကြောင်း ဖွဲ့ဆိုလျှောက်ထားကြ
မြတ်စွာဘုရားကို ပရိနိဗ္ဗာန်စံဝင်
တောင်းလျှောက်ထားကြလေသည်
အခါ မြတ်စွာဘုရားက –

"ဘိက္ခုနီမတို့ ... သင်တို့
နိဗ္ဗာန်စံရာအချိန်ကို သင်တို့ပင်
၏"ဟု မိန့်တော်မူခဲ့သည်။ မြတ်စွာ
သည် ပရိသတ်များစွာဖြင့် မိထွေး
ကြီးကို တောရကျောင်းတိုက်
အရောက် လိုက်၍ပို့တော်မူလေ
တံခါးမုခ်သို့ ရောက်သောအခါ
တော်ကြီးသည် မြတ်စွာဘုရား
တော်ရင်း၌ ဝပ်ဆင်း၍ ဘိက္ခုနီမ
နှင့်တကွ နောက်ဆုံးရှိခိုးခြင်းဖြင့်
လျှင် ဝေသာလီပြည်အတွင်း
ကျောင်းတိုက်သို့သွားရောက်၍
အားလုံးပင် မိမိတို့၏ ကျောင်းအ
၌ တင်ပလ္လင်ဖွဲ့ခွေပြီး ထိုင်နေကြ

ထိုအခါ သာသနာတော်ကို
ညိုကြသည့် ဥပါသိကာမတို့



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်စံကြတော့မည်ကို သိ၍ ရှိခိုးကန်တော့ရင်း သည်းထန်စွာ ငိုကြွေးကြကုန်၏။ မိထွေးတော်ထေရီမကြီးသည် အကြီးဆုံး ပဓာနဖြစ်သည့် ဥပါသိကာမကြီး၏ ဦးခေါင်းကို ယုယစွာကိုင်ပြီး "သင်္ခါရ ဉာဏ်သုံ အလုံးစုံသည် အမြဲမရှိ ကွေကွင်းရခြင်း အဆုံးရှိ၏။ တလျှပ်လျှပ်တုန်လှုပ်အောက်ပြန်တတ်၏"ဟု ဟောပြောဆုံးမ၍ အိမ်သို့ ပြန်စေခဲ့သည်။

ထို့နောက် မိထွေးတော်ကြီးသည် ဤသို့ဟောပြောဆုံးမပြီးနောက် ရူပါဝစရ ပဌမဈာန်မှ နေဝသညာနာသညာ ယတနဈာန်တိုင်အောင်သို့လည်းကောင်း၊ ထို နေဝသညာနာသညာယတနဈာန်မှ ပဌမဈာန်တိုင်အောင် လောကီဈာန်သမာပတ်ရှစ်ရပ်တို့ကို အနုလုံ ပဋိလုံ အစုန်အဆန် ဝင်စား၍ ပဌမဈာန်မှသည် စတုတ္ထဈာန်တိုင်အောင် ဝင်စားပြန်၏။ စတုတ္ထဈာန်မှထပြီးသော် ဆီနှင့် ဆီမီးစာကုန်၍ ဆီမီးတောက်မီးလျှံ ငြိမ်းသကဲ့သို့ အနုပါဒိသေသနိဗ္ဗာနဓာတ်ကို ယူသိမ်း၍ အငြိမ်းကြီးငြိမ်းလေသည်။ ကျန်ဘိက္ခုနီမငါးရာတို့သည်လည်း နိဗ္ဗာယူသိမ်း ငြိမ်းကြလေကုန်သည်။ ထိုအခါ ပြင်းစွာ ငလျင်လှုပ်ခြင်း၊ ကောင်းကင်မှ ဥက္ကာခဲများကျခြင်း၊ နတ်မိုးနတ်စည် ချုန်းမြည်ခြင်း၊ နတ်တို့ ငိုယိုမြည်တမ်းကာ ပန်းမိုးရွာခြင်း၊ မြင်းမိုရ် မဏ္ဍိုင် ယိမ်းယိုင်တုန်လှုပ်ခြင်း၊ သမုဒ္ဒရာ အော်မြည်ခြင်း၊ နဂါးအသုရာ နတ်ဗြဟ္မာတို့ စိုးရိမ်သံဝေဂရရှိခြင်း စသည့် ထူးခြားအံ့ဖွယ်များ ဖြစ်ကုန်တော့သည်။

ထိုအခါ နတ်ဗြဟ္မာတို့သည် မိထွေးတော်ဂေါတမီထေရီမကြီးနှင့်တကွ ဘိက္ခုနီမငါးရာတို့ ပရိနိဗ္ဗာန်စံကြပြီဖြစ်ကြောင်း မြတ်စွာဘုရားရှင်အား လျှောက်ထားခဲ့ပါသည်။ မြတ်စွာဘုရားသည် "ရဟန်းတို့အား အကြောင်းပြောကြားချေ"ဟု အရှင်အာနန္ဒာအားစေလွှတ်၍ ရဟန်းသံဃာများနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူပြီးလျှင် ...

ရှေ့ဆုံးမှ လူ၊ နတ်၊ နဂါး၊ အသုရာ၊ ဗြဟ္မာများ၊ ၎င်းတို့၏နောက်မှ ဝိသုကြံနတ် ဖန်ဆင်းအပ်သည့် ရွှေသားအလောင်းစင်ပြာသာဒ်ငါးရာထက်သို့ ညှောင်စောင်းနှင့်တကွ တင်စေပြီး ဘိက္ခုနီမငါးရာတို့၏ အလောင်းစင်ပြာသာဒ်တို့ကို နတ်တို့က ထမ်းလာခဲ့သည်။ ထို့နောက်မှ မိထွေးတော်ဂေါတမီထေရီ၏ အလောင်းစင်ပြာသာဒ်ကို လောကပါလနတ်မင်းကြီးလေးပါးက ထမ်းလာခဲ့သည်။ ဟို့နောက်မှ သံဃာတော်နှင့် မြတ်စွာဘုရားရှင် လိုက်ပါတော်မူခဲ့သည်။ လမ်းတစ်လျှောက်၌ ကောင်းကင်အပြည့် ဇိတာန်မျက်နှာကြက်မိုးကာ၊ ကြက်လျှာအလံများ ထူစိုက်ကာ မြေ၌ ပန်းမွှေ့ရာကြဲဖြန့်ကြ အောက်သို့တွဲလျားကျသည့် ကောင်းကင်ပဒုမာ၊ အမျိုးမျိုးသော ပန်းနံ့သာ၊ သာယာချိုအေးသော တူရိယာသံများ၊ တေးသီချင်း ကခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ချီးမြှောက်၍ သုသာန်သို့ အရောက်ပို့ဆောင်ကြ၏။

ထိုသို့ပို့ဆောင်သောအခါ နေလတို့ကို လူအများ မြင်ကြရသည်။ ကြယ်နက္ခတ်တို့သည်လည်း တောက်ပလျက်ရှိကုန်၏။ နေသည် မွန်းတည့်ချိန်ဖြစ်သော်လည်း လကဲ့သို့ အေးမြ၏။ မိထွေးတော်ဂေါတမီ နိဗ္ဗာန်လားရာကား မြတ်စွာဘုရားရော၊ အရှင်သာရိပုတ္တရာ စသည်တို့ပါ ကြပ်မတ်စီရင်ကြကုန်၏။ သင်္ချိုင်းသို့ ရောက်သောအခါ နံ့သာထင်းပုံထက်သို့ တင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် အရှင်အာနန္ဒာသည် ဂေါတမီထေရီ၏ အရိုးဓာတ်တို့ကို ယူလျက် ...

"ဂေါတမီခေါ် မိထွေးတော်သည် ပျောက်ဆုံးကွယ်စဉ် နိဗ္ဗာန်ဝင်ခြင်းသို့ ရောက်ရှာလေပြီ၊ ထိုမိထွေးတော်ဂေါတမီ၏ ဥတုဇခေါ်ဆို ရုပ်ကိုယ်အစုကိုလည်း မီးဖြင့်လောင်အပ် ကျွမ်းပြတ်ခဲ့လေပြီ။ ယုံမှားမကင်း တွေးတောခြင်းဖြင့် မှတ်အပ်သော ငါတို့ဆရာ မြတ်စွာဘုရား၌ နိဗ္ဗာန်လားခြင်းသည် မကြာမြင့်မီ ဧကန်စင်စစ် ဖြစ်လိမ့်မည်တကား'

ဟု သံဝေဂစကား ညည်းတွားပြောဆိုပြီးလျှင် မိထွေးတော်ကြီး၏ သပိတ်၌ အရိုးဓာတ်ကိုထည့်ကာ မြတ်စွာဘုရားအား ဆက်ကပ်လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် မိထွေးတော်ကြီး၏ အရိုးဓာတ်တို့ကို လက်တော်ဖြင့် ကိုင်ယူပြသတော်မူကာ စည်းဝေးရောက်ရှိလာကြသော လူ၊ နတ်၊ ဗြဟ္မာပရိသတ်များအား ...

"အနှစ်သာရပြည့်ဝသော မြဲမြံခိုင်ခံ့ တည်တံ့သော သစ်ပင်ကြီး၏ အကြင်ပင်စည်သည် အလွန်ပြန့်ပွားစည်ကားကြီးကျယ်၏။ ထိုကြီးကျယ်စည်ကားပြန့်ပွားသော ပင်စည်သည် အနိစ္စတာယ=ပင်ကိုသူ့သဘော မမြဲလေသောကြောင့် ယိမ်းယိုင်တိမ်းပါး ပျက်ပြားလဲပြိုသကဲ့သို့ ထို့အတူ သစ်ပင်ကြီးပမာ ဘိက္ခုနီသံဃာ၏ ပင်စည်နှင့် အလားတူသော ဂေါတမီခေါ် မိထွေးတော်သည် ပရိနိဗ္ဗုတာ=နိဗ္ဗာန်ယူသိမ်း ငြိမ်းလေပြီတကား"

ဤသို့ အစရှိသော ၁၀ ဂါထာတို့ဖြင့် တရားဟောပြ ဆုံးမတော်မူလေ၏။ ဤသည်ကား မဟာပဇာပတိ ဂေါတမီထေရီ၏ ထူးခြားဆန်းကြယ် အံ့မခန်းဖွယ်သော ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းပင် ဖြစ်ပါတော့သတည်း။

**ရိရိငွေး**

**ကျမ်းကိုး**

မဟာဗုဒ္ဓဝင် ဆဌမတွဲ
(ဒုတိယပိုင်း)



www.burmeseclassic.com

www.burmeseclassic.com




# ကျွန်မနှင့် ယတြာများ

■ ဒေါ်ဇင်မာဝေ

ယတြာဆိုတာ ဘာလဲလို့ အရင်က ကျွန်မ မသိခဲ့ပါဘူး။ ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်တယ်လို့ ညွှန်းဆိုကြတယ်။ ဒါဟာ တကယ်လားဆိုတာလည်း ကျွန်မ မသိပါဘူး။ ဗေဒင်ပညာကို လေ့လာလိုက်စားရင်း ယတြာကဏ္ဍကိုပါ လေ့လာခဲ့တော့မှ ယတြာဆိုတာ ဘာလဲဆိုတာ သိပါတော့တယ်။

မရသေးတာ ရအောင်၊ မဖြစ်သေးတာ ဖြစ်အောင်၊ ဆုံးရှုံးနိုင်တာတွေ မဆုံးရှုံးအောင်၊ ထိခိုက်မှုတွေ လျော့နည်းသွားအောင် စသည်ဖြင့် လိုချင်တာတွေဖြစ်အောင် ကံတရားကို ပြောင်းပြန်လုပ်တာကို ယတြာပါလားဆိုတာကို ကျွန်မ သိသွားတယ်။

ယတြာတွေ ဘယ်လိုချေချေ မကြေနိုင်တာတွေ၊ မရနိုင်တာတွေ ရှိတယ်ဆိုတာလည်း ကျွန်မ သိသွားတယ်။ လုပ်တိုင်းဖြစ်မယ်၊ အရာအားလုံး ယတြာချေလိုက်ရင် ကောင်းသွားတာပဲဆိုတဲ့စကား မမှန်ဘူးဆိုတာလည်း သိသွားတယ်။

ယတြာမနိုင်တာ ဘာတွေလဲဆိုတော့ ကံတရားတွေပဲ။ အထူးသဖြင့် ရုံးနှစ်ဝင်နေပြီး ချေလို့မရတဲ့ ကံတွေ။ ဒါတွေကို ဝဋ်နာ၊ ကံနာလို့ ခေါ်တယ်။ ဝဋ်ကြွေးရှိရင် ပေးဆပ်ရတာပဲ။ အတိတ်ကံမှာ ကိုယ်က စိတ်ရော၊ ကိုယ်ရော ဒုစရိုက်မှုတွေ ကျူးလွန်ခဲ့လို့ကတော့ ပေးဆပ်ရမှာ။ ရှောင်လွှဲလို့မရနိုင်ဘူး။ နောက်တစ်ခုက သေခြင်းတရား သက်တမ်းစေ့လို့ရှိရင်၊ ကံကုန်ရင် ဘယ်လိုမှ ယတြာချေချေ မနိုင်ဘူး။ သေမှာပဲ။ ယတြာချေလို့ လူမမာပြန်ကောင်းတာပဲ၊ သေတွင်းကလွတ်သွားတယ်ဆိုတာ ယာယီကံကောင်းခြင်းပါ။ သေဖို့ရက်မ... သေးလို့ ကယ်နိုင်တာပါ။ ဥပစ္ဆေဒက ကံကို ယတြာနဲ့ က... နိုင်တယ်။ ယခုဘဝမှာ ရုတ်တရက် ကံဆိုးမိုးမှောင်ကျ... လို့ရှိရင် ယခုဘဝကံဆိုးနေတာကို လက်ငင်းဖြေရှင်း... ယတြာနဲ့ ကယ်လိုက်နိုင်ပါတယ်။

ယတြာလုပ်ရင် သက်တမ်းစေ့နေနိုင်ပါတယ်။ ကံ... တာကို ကံကောင်းစေတဲ့ ယတြာလုပ်ရင် ကံကောင်းလာ... ပါပဲ။ ကံကောင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိ... က ယတြာပါပဲ။ လူတိုင်း ကံအမြဲမကောင်းဘူး။ ကံကော... အောင် အမြဲသတိထားနေမှ ကံကောင်းတာ။ ဒါတောင် သ... တစ်ချက်လွတ်ရင် ကံဆိုးသေးတာ။ လူ့ဘဝမှာ အဆိ... အကောင်းကို ချိန်ဆရင် အဆိုးတွေကများပြီး အကော... နည်းပါတယ်။

ယတြာနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ အများ... တစ်သက်လုံးပြောတောင် မကုန်နိုင်ဘူး။ အဲဒီထဲကမှ တ... ကို ကျွန်မပီးမောင်းထိုးပြချင်ပါတယ်။

ကျွန်မသားတော်မောင်အကြောင်း ပြောချင်ပါတ... ဒီနှစ် ၂၀၁၃ ခုနှစ်မှာ သူကျန်းမာရေးမကောင်းဘူး။ ... လေအောင့်ဖြစ်မယ်။ လေနဲ့ပတ်သက်ပြီး ဓာတ်ပျက်နေ... ၅ တေးက မကောင်းတော့ ကျောင်းသားတစ်ယောက်အ... ပညာရေးထိခိုက်မှာပေါ့။ သူ့ကံဇာတာမှာ ဒီနှစ်အ... ဗုဒ္ဓဟူးနဲ့ ကြာသပတေး ညှိနေတယ်။

ဗုဒ္ဓဟူးဆိုတာ ဖြတ်ထိုးဉာဏ်၊ စကားပြောဆို...



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်၊ သတင်းဖြန့်ချိသူ၊ သချာ၊ အင်ဂျင်နီယာပညာ၊ ပရိယာယ်ကြွယ်ဝမှု၊ ထိုးထွင်းသိမြင်မှုတွေနဲ့ ဆိုင်သည်။

ကြာသပတေးဆိုတာ ရှေးဘဝကုသိုလ်ကံနဲ့ ဆိုင်တယ်။ ဆရာသမား၊ မိတ်ဆွေ၊ ပညာရေးနှင့်ဆိုင်သော စိတ်ဝင်စားမှုများ၊ ဘဏ်လုပ်ငန်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုများနှင့် သက်ဆိုင်သည်။

ယခုနှစ် သားတော်မောင်က ဗုဒ္ဓဟူးနဲ့ ကြာသပတေး ညှံ့တယ်ဆိုတော့ ကျောင်းသားတစ်ယောက်အတွက် ပညာရေး ညှံ့ပြီ။ အင်ဂျင်နီယာကျောင်းသားဆိုတော့ ပိုဆိုးပေါ့။ ပညာရေးညှံ့တဲ့နောက် အပေါင်းအသင်းကလည်း အားကိုးမရတဲ့ အပေါင်းအသင်းတွေ ဖြစ်လာတယ်။ ကျောင်းလည်း မှန်မှန်မတက်၊ စာလည်း မှန်မှန်မကျက်၊ ကျူရှင်လုံလို၊ ကျောင်းလိုလိုနဲ့ ဟိုလိုလို ဒီလိုလိုတွေကြားမှာ ပညာရေးကဏ္ဍဟာ မှုန်နေတော့တာပဲ။ ဒါဆို ဒီနှစ်အတွက် အဖြေကတော့ စာမေးပွဲကျဖို့ ၉၀% ရှိတယ်လို့ ဆိုရမှာပေါ့။

ယတြာလုပ်ရင် အောင်မလားလို့ မေးစရာရှိတယ်။ ယတြာလုပ်ရင် အောင်မယ်လို့ ပြောဖို့ဆိုရင် သူ့နာမည်က ကောင်းရဲ့လားလို့ အရင်ဆုံး စစ်ရတာ။ သူ့နာမည်ဆိုတာ သူ့ကံလို့ ပြောတာပါ။ လူတစ်ယောက် ကံကောင်း မကောင်း ဆိုတာ နာမည်အရင်းနဲ့ နာမည်အဖျားကိုပဲ အဓိကထား စစ်ရတာလေ။

နာမည်အရင်းက ကျန်းမာရေး၊ နာမည်အဖျားက စိတ်ပိုင်းဆိုင်ရာ တွေးနေတာကို စစ်ရတာပေါ့။ နာမည်အရင်း ကောင်းရင် ကျန်းမာမယ်။ နာမည်အဖျားပိုင်း ကောင်းရင် ကိုယ်သွားတိုင်းစိတ်ပါ လိုရာဆန္ဒအားလုံး ပြီးပြည့်စုံနိုင်တာပေါ့။

အခု သားတော်မောင်ရဲ့ ဇာတာမှာ နာမည်အရင်းရော၊ နာမည်အဖျားရောပါ ကောင်းနေတော့ ပြုပြင်နိုင်ပါတယ်။ ယတြာလုပ်ရင် စာမေးပွဲ အောင်မှာပါလို့ ကျွန်မက ရဲရဲ အာမခံပါတယ်။

ယတြာဆိုတာ ပြုပြင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဘယ်လိုပြုပြင်ရမလဲဆိုတော့ ကိုယ့်ကံနဲ့ ကိုက်ညီအောင် နေထိုင်ပြုပြင်ရတယ်လို့ ဆိုလိုတာပေါ့။ ဆောင်သင့်တာကို ဆောင်၊ ရှောင်သင့်တာကိုရှောင်၊ လုပ်သင့်တာလုပ်၊ မလုပ်သင့်တာကို မလုပ်နဲ့။ ဒါဟာ ယတြာပါပဲ။ ဘယ်ဟာဆောင်ပြီး ဘယ်ဟာရှောင်ရမယ်ဆိုတာက ပညာရပ်ပိုင်းနဲ့ ဆိုင်ပါတယ်။ ကိုယ့်ကံမှာ ဆိုးနေတာကိုရှောင်ပြီး ကိုယ့်ကံမှာကောင်းနေတာကို ဆောင်ထားရပါတယ်။ ဒါဟာ ယတြာပိုင်ရှင် ဆန်းပညာရဲ့ အနှစ်သာရပါပဲ။

ကိုယ့်ဇာတာမှာ ညှံ့နေတာ ဗုဒ္ဓဟူးဆိုရင် ဝက်သား၊ လက်ဖက်၊ လက်ဖက်ရည်၊ ရွှေဖရုံသီး၊ လေထစာများ၊ ဗိုက်ပွစာများ စားလို့မရဘူးပေါ့။ ရေခဲမတည့်ဘူးတဲ့။ ညဘက် ရေမချိုးရဘူး။ ဗုဒ္ဓဟူးသားသမီးတွေနဲ့ စာအတူမကျက်နဲ့၊ အပေါင်းအသင်းမလုပ်နဲ့။ ဗုဒ္ဓဟူးနေ့ဆို သတိထားကျောင်းတက်၊ ပြဿနာပေါ်တတ်တယ်။ ရွှေမဝတ်နဲ့၊ ပျောက်တတ်တယ်။ အလိမ်ခံရတတ်တယ်။ လူများများနဲ့ မနေနဲ့။ လူအများနဲ့ ပတ်သက်တဲ့ကိစ္စကိုရှောင်၊ ကိုယ်တစ်ယောက်တည်းနေတာ အကောင်းဆုံး။ စကားများများ ပြောရတဲ့အလုပ်တွေ မလုပ်နဲ့၊ စာရွက်စာတမ်းတွေ ပျောက်တတ်လို့ သတိထား။ စာအုပ်တွေ ပျောက်တတ်တယ်။ ပျက်စီးတတ်တယ်။ အလျော်အစားလုပ်ရတတ်တယ်။

ကြာသပတေးညှံ့ရင်တော့ စာကျက်ရင် မေ့နေတတ်တာပေါ့။ စာကို ကျက်ဖို့ပျင်းနေမယ်။ စာကျက်တာကို စိတ်ပါဝင်စားမှုမရှိဘူး။ ကျောင်းပြေးမယ်။ အပေါင်းအသင်းမှားမယ်။ ကိုယ့်သူငယ်ချင်းက ကြာသပတေးသားဆိုရင် သူလည်း ကျောင်းပြေး၊ ကိုယ်လည်း ကျောင်းပြေး ဖြစ်တတ်တယ်။ ဆရာသမားတွေရဲ့ ငြိုငြင်တာခံရတတ်တယ်။ စာမေးပွဲမှာ ဖြေတာတခြား၊ မေးတာတခြား ဖြစ်တတ်တယ်။ စာကျက်တယ်ဆိုတာ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရဖို့ စာကျက်တာ။ စာကျက်တိုင်း စာမေးပွဲမှာ အမှတ်ကောင်းကောင်းရတာမှ မဟုတ်တာ။ ကြာသပတေးညှံ့လို့ကတော့ ဘယ်လိုမှ အမှတ်မကောင်းနိုင်ဘူး။ မကျရင်တောင် ကံကောင်းလို့မှတပါ။ ကြာသပတေးနဲ့ပတ်သက်တဲ့ ရောဂါဆိုရင် ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်မယ်။ အူလမ်းကြောင်းနဲ့ ပတ်သက်တဲ့ ရောဂါ၊ အသည်းနဲ့ ပတ်သက်တဲ့ ရောဂါ၊ အစာခြေဖျက်ခြင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ ရောဂါ၊ မျက်စိရောဂါတွေ ဖြစ်တတ်တယ်။

ဒါတွေကို သိပြီးရင် ကိုယ့်အတွက် ကံကောင်းအောင် လုပ်ဖို့ နည်းသိပြီပေါ့။ အညှံ့ဆိုတဲ့ အကြောင်းတရားကို ရှောင်ပေါ့။ ကိုယ်နဲ့မတည့်တာ မစားနဲ့။ ကိုယ့်ကို အကျိုးမပေး



www.burmeseclassic.com

www.burmeseclassic.com

တဲ့ လူတွေနဲ့ အပေါင်းအသင်းမလုပ်နဲ့။ စာကျက်မပျင်းနဲ့။ တစ်ခေါက်နဲ့မရရင် နောက်တစ်ခေါက်ကျက်၊ ဆရာသမားတွေ ငြီးငြင်မှုမဖြစ်အောင်နေ၊ ဆရာတွေကို လေးလေးစားစား ရိုရို သေသေ ဆက်ဆံ။ ကျောင်းမှန်မှန်တက် စာမခက်တဲ့။ ဆရာ သင်တာ နားမလည်ရင် ဆရာနားကပ်ပြီး ရှင်းခိုင်း။ ကိုယ်မသိ နားမလည်တာကို ဒီအတိုင်းမထားနဲ့။ နားလည်အောင်သင်ယူ၊ ဒါယတြာပေါ့။

နောက်ပြီး ဗုဒ္ဓဟူးညဲ့တော့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းမှာ ရာဟုထောင့်ကိုသွားပြီး သန့်ရှင်းရေးလုပ်၊ ရာဟုဂြိုဟ်မင်းကို မေတ္တာပို့ အမျှဝေ။ လိုချင်တာဆုတောင်း။ အပတ်စဉ်လုပ်ပေါ့။

၄ ဟူးနေ့ ယတြာကို နိုင်အောင်လုပ်တာနဲ့တင် ကံက ကောင်းနေပါပြီ။ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံအတွက် နဝင်း ယတြာချေပြီး အပွင့်စာတ်ဆင်ရင် အားလုံးအိုကေမှာပါ။

နှင်းဆီပန်း ၁၀ ပွင့်ကို ဘုရားမှာ နေ့စဉ် လန်းဆန်း အောင် လှူထားပြီး စာကျက်စားပွဲမှာလည်း နှင်းဆီ ၁၀ ပွင့် ထိုးထားရင် စာကျက်ရတာ အဆင်ပြေမှာပါ။ စမဖယောင်း တိုင်နဲ့ ဓာတ်ဆင်ထားရင် စာမေးပွဲဖြေချိန်မှာ စာတွေ မေ့နေ တာတောင် ပြန်မှတ်မိနိုင်တယ်။ ဒါဆို စာမေးပွဲအောင်ရော လားတဲ့။ ယတြာလည်းလုပ်၊ စာလည်းကျက်၊ ဆရာတွေနဲ့ လည်း တည့်အောင်ပေါင်း။ ကျန်းမာရေးလည်း ဂရုစိုက်၊ အစား ကိုလည်း သတိထားစား။ ကိုယ်နဲ့တည့်တာပဲစား။ မတည့်တာ တွေ မစားနဲ့။ ပဲကြီးတို့၊ လက်ဖက်တို့ ကြိုက်တယ်ဆိုပြီး နေ့တိုင်းစားလို့ကတော့ နေမကောင်းဖြစ်မှာ။ မျှစ်ချဉ်တို့၊ မျှစ်၊ မှို၊ ဘဲသား၊ ဘဲဥတွေကို မစားလေ ကောင်းလေပဲ။ ဒီအတိုင်း ဆက်ကြိုးစားမယ်ဆိုရင် စာမေးပွဲကို အဆင့်မြင့်မြင့် အမှတ် ကောင်းကောင်းနဲ့ အောင်မြင်နိုင်ပါတယ်ဆိုတာ ရဲရဲကြီး အာမခံ ပါတယ်။

စာမေးပွဲအောင်တဲ့ ဂါထာကိုလည်း ရွတ်ရဦးမယ်။ စာကျက်စားပွဲမှာ စာကို ရိုရိုသေသေ ကျက်ရမယ်၊ စာကျက် ချိန် မှန်ရမယ်။ အစားစာချိန် မှန်ရမယ်။ အိပ်ချိန်မှန်ရမယ်။ ကျောင်းသားဟာ ကျောင်းသားအလုပ်ကို လုပ်ရမယ်။ ကိုယ်နဲ့ မဆိုင်တဲ့ တခြားအလုပ်တွေ မလုပ်သင့်ဘူး။ အချိန်ဟာ အရမ်းကို တန်ဖိုးရှိတယ်။ မလိုအပ်ဘဲ အချိန်ကုန်၊ လူပန်း ဖြစ်ရင် စာကျက်ချိန်လျော့မယ်။ နောက်ပြီး ကျောင်းသားဖြစ် ရင် စာကို အလေးအနက်ထားရမယ့်အစား ချစ်သူရည်း ကို အလေးအနက်ထားပြီး ကိုယ့်ကိုယ်ကို အိမ်ထောင်ဦး လို သဘောထားပြီး အိမ်မှုကိစ္စတွေကို နေရာတကာ လိုက်လုပ်နေရင်တော့ စာမေးပွဲမှာ ထိခိုက်မှာအမှန်ပဲ။ အ ခေတ်မှာ အချိန်ဟာ အရမ်းဆင်းရဲကြတယ်။ အချိန် တန်ဖိုးရှိရှိ အသုံးချနိုင်သူတွေအတွက် အောင်မြင်မှု လက်တစ်ကမ်းမှာပါပဲ။

ယတြာဆိုတာ ဘက်စုံလုပ်ရတာပါ။ တစ်ခုတည်း မှုတည်တာ မဟုတ်ပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ အားလုံးစုပေါ င်း ညီညွတ်မှုရှိမှ ယတြာဟာ အောင်မြင်တာပါ။ ဆရာဆိုတာ ကောင်းတာကိုညွှန်ပြခိုင်းပြီး ကိုယ့်ကို အားကိုးတဲ့သူတွေ နည်းမှန်လမ်းမှန် ညွှန်ပြနိုင်သူကိုသာ ဆရာကောင်းလို့ ဆို ပါ။ ယတြာဖိုးတွေ မတရားတောင်းပြီး နည်းလမ်းတစ်ခုတည်း ပညာရပ်တစ်ခုတည်းကိုသာ အသုံးပြုရင် ဆရာကောင်း ကျွန်မကတော့ မသတ်မှတ်ဘူး။ ကျွန်မလိုသာဆိုရင် ဆ ကောင်းကိုပဲ ဆည်းကပ်မယ်။ ပိုက်ဆံပေးရတိုင်း ဆရာကော မဟုတ်ဘူးဆိုတာတော့ အားလုံးကို သတိပေးချင်ပါတယ်။

စာမေးပွဲအောင်တဲ့ ဂါထာ

ဧယစက္ကော ဧယန္တော ဧယာ၊
ဧယိ တမ္ဗေ ဧယာသနေ။
ဧယာပေသိ ဧယေသိန်၊
ဧယံ ဒေတု ဧယုတ္တရော။

စာကျက်စားပွဲမှာ ဒီဂါထာကို ကပ်ထားပြီး စားပွဲ တာနဲ့ ၉ ခေါက်ရွတ်ပြီးမှ စာကျက်မယ်။ ကိုယ်ကျက် စာမျက်နှာတိုင်းမှာ နံ့သာဖြူ ခုနစ်စက်ချပြီး တရိုတသေ ကျက်မယ်။ ဒါဆို စာမေးပွဲမှာ ဂုဏ်ထူးနဲ့ကိုအောင် စာကျက်ရင် ဘယ်သူ့ကိုမှ အနားမှာမထားရဘူး။ တစ်ယော တည်း စာကို စိတ်ဝင်တစားကျက်ရမယ်။ စာမေးပွဲဖြေဆို သူတိုင်း အထက်ဂါထာဟာ ရွတ်ဆိုသင့်ပါတယ်။

လေးစားစွာဖြင့်

ဒေါ်ဝင်းမာ



www.burmeseclassic.com

www.burmeseclassic.com

# ဒေဝါသိကြား မစပါ

အရှူမျိုး

ကျွန်ုပ်ဒ ပေဒင်လက္ခဏာဟောပြောခန်းရှိရာ အမှတ်(၂၀/၂၂၅)၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့သစ်သို့ အသက် ၂၀ နှင့် ၃၀ ခန့်ကြားရှိ လူငယ်နှစ်ယောက်နှင့် မိန်းမငယ်တစ်ယောက်တို့ ရောက်ရှိလာခဲ့ကြလေ၏။ ယင်းတို့အနက် သွက်လက်ချက်ချာသော လူငယ်က ဦးဆောင်ကာ အလုပ်ခန်းတွင်းသို့ ဝင်ရောက်ခွင့်တောင်းလေ၏။ ကျွန်ုပ်၏ ခွင့်ပြုချက်ရလေအောင် သုံးယောက်သားတို့ဝင်လာကာ သင်ဖြူးဖျာထက်တွင် နေသားတကျ ထိုင်ကြလေ၏။ စောစောက လူငယ်မှပင် ဦးဆောင်လျက် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရှိခိုးဦးတိုက် ပူဇော်လေ၏။ ပြီးလျှင် အလုပ်စားပွဲရှေ့တွင် ပြောင်းထိုင်ကြ၏။ အတန်ကြာမျှ စကားမစမဆိုဘဲ တစ်ယောက်၏မျက်နှာ တစ်ယောက်စီကြည့်နေကြသေး၏။ စကားစရှာရန် ခက်ခဲဟန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မှ -

"မင်းတို့ လာရင်းကိစ္စက ဘာများပါလဲကွယ်။ အဘက ဘာများကူညီပေးရမှာပါလဲ"

ဟု စကားလမ်းဖွင့်ပေးမှ နောက်လူငယ်က -

"သားတို့သူငယ်ချင်း သုံးယောက်က ကိုယ့်စိတ်သန်ရာ ကုမ္ပဏီတွေမှာ ကိုယ်စီကိုယ်င ဝန်ထမ်းလျှောက်လွှာ တင်ထားခဲ့ကြပါတယ်။ သက်ဆိုင်ရာ လုပ်ငန်းအလိုက်လည်း ကြိုတင်လေ့လာဆည်းပူးထားပါတယ်။ အထွေထွေ ဗဟုသုတ စစ်ဆေးခံနိုင်ဖို့လည်း ပြင်ပဗဟုသုတတွေ ဖတ်ရှုမှတ်သားထားခဲ့ပြီးကြပါပြီ အဘရဲ့ အလုပ်အကိုင် အဆင်ပြေလေမှ မိသားစုကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ကူညီနိုင်မှာလေ"

ဟု ဆိုရာ မိန်းမငယ်မှလည်း

"ဟုတ်တယ် အဘရဲ့ သမီးဆိုရင်လည်း အိမ်မှာ အကြီးဆုံးသမီးပါ။ ဘွဲ့ရတဲ့အထိ ချွေတာစုဆောင်း ကျောင်းထားပေးခဲ့တဲ့ မိဘနှစ်ပါးနဲ့ မောင်ညီမလေးတွေကို တစ်လှည့်ပြန်ကြည့်ရဖို့က အလုပ်အကိုင် အဆင်ပြေဖို့က လိုတယ်လေ။ ဒါကြောင့် ကျွန်မတို့သူငယ်ချင်းတွေစုပြီး အဘဆီမှာ ယတြာလေး၊ အဆောင်လေး လာတောင်းခံတာပါရှင်"

"မင်းတို့တွေရဲ့ မိသားစုအပေါ်ထားတဲ့ စေတနာကို အဘက ချီးကျူးပါတယ်ကွယ်။ ဂုဏ်လည်းယူပါတယ်။ ဒီတော့ လွယ်ကူထိရောက်တဲ့ ယတြာနည်းတစ်ခု ပြောပြလိုက်ပါ့မယ်။ လွယ်လွန်းလို့ ဟုတ်မှဟုတ်ပါလေမလားလို့ သံသယမရှိကြနဲ့။ ယုံကြည်လေးမြတ်စွာ လုပ်ဖို့တော့ လိုတယ်။ မင်းတို့လိုပဲ ဖြစ်ရပ်တူတဲ့ ကလေးတွေကို ဒီနည်းနဲ့ပဲ အခက်အခဲက ကျော်လွှားစေခဲ့ရတာ များလှပေါ့ကွ။ သေသေချာချာသာ မှတ်သွားကြတော့"

ဟုပြောရာ သူတို့လေးများက မှတ်စုကိုယ်စီဖွင့်ကာ ရေးမှတ်ယူကြလေတော့၏။

"ဒီယတြာနည်းကို လုပ်မယ့်သူက တစ်ကိုယ်ရေ သန့်ရှင်းရေးရှိဖို့ လိုတယ်။ ခေါင်းလျှော်ရမယ်၊ ရေချိုးရမယ်၊ ဦးခေါင်းကစပြီး တစ်ကိုယ်လုံးကို အမွှေးနံ့သာ လိမ်းကျံဆွတ်ဖျန်းထားရမယ်။ ကိုယ့်အိမ်က ဘုရားကျောင်းဆောင်မှာပဲ ငါးပါးသီလခံယူ ဆောက်တည်ရမယ်။ ဘုရားကျောင်းဆောင်ရဲ့ရှေ့မှာ သီးခြားခုံဖြင့် တစ်ပုံးချထားရမယ်။ အဲဒီအပေါ်မှာမှ ကြွေပန်းကန်ပြားတစ်ချပ်တင်၊ ပန်းကန်ပြားထဲကို မိမိနှစ်သက်ရာ ငှက်ပျောသီးဆယ်လုံး စီစီရီရီထည့်ရမယ်။ ငှက်ပျောသီးက မှည့်မှည့်ပျော့ပျော့ ဖြစ်နေရမယ်။ ငှက်ပျောသီးတွေရဲ့ အပေါ်ကနေ သကြားတွေဖြူးရမယ်။ ငှက်ပျောသီးတွေကို မမြင်ရတော့တဲ့ထိကို ဖြူးပေးရမယ်။ သကြားတစ်ဆယ့်ငါးကျပ်သား



www.burmeseclassic.com

www.burmeseclassic.com

လောက်ဆိုရင် လုံလောက်ပါတယ်။ ပန်းကန်ရဲ့ အလယ်လောက်က ငှက်ပျောသီးပေါ်မှာတော့ တုတ်တုတ်ခိုင်ခိုင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိထားရမယ်။ ငှက်ပျောပွဲကို ထီးဖြူတစ်လက်နဲ့ အတူ လှူရမှာ ဖြစ်တယ်။ လိုရာဆုကိုလည်း ယုံယုံကြည်ကြည် တောင်းကြပေါ့ကွယ်။ တစ်ခုမှာစရာရှိတာက သိကြားမင်းကိုလှူတဲ့ ဒါနဖြစ်တယ်နော်။ မင်းတို့ရဲ့ အကျိုးကို များစေဖို့ ဘိုးသိကြားကို လှူတာနော်"

ဟု ရှင်းပြရလေ၏။ ထိုအခါ သွက်လက်ချက်ချာသောလူငယ်က -

"ဒါဆိုရင် သားတို့ကို သကြားမပြီပေါ့နော်"

ဟု ဆိုကာ ပြုံးကာရယ်ကာဖြင့် သူ့သူငယ်ချင်းတို့အား ကြည့်နေလေ၏။ ထိုအခါ ကျွန်ုပ်က -

"သိကြားမင်းက မ,ရုံတင်မကဘူး။ မင်းတို့အကျင့်သီလတည်ကြည်ရင် ရှိခိုးတောင် ရှိခိုးမှာပေါ့"

ကလေးတို့က နားမရှင်း။ သဘောမပေါက်ဟန်ဖြင့် တစ်ယောက်မျက်နှာ တစ်ပြန်တစ်လှည့်စီ ငေးကြည့်နေကြ၏။ ကလေးတို့ သံသယရှင်းစေလိုသောကြောင့် ကျွန်ုပ်က -

"မင်းတို့ကို ဗဟုသုတအဖြစ် ပြောပြမယ်။ နတ်ဒေဝါတို့ရဲ့ အကြီးအကဲဖြစ်တဲ့ သိကြားမင်းက သူ့ရဲ့ အကူအညီ နတ်သားဖြစ်တဲ့ မာတလိနတ်သားကို မြေကောင်းရာအရပ်ကို ကြည့်ရှုဖို့ အတွက် ဥယျဉ်မြေကို သွားကြဖို့ အာဇာနည်မြင်းတစ်ထောင်ကတဲ့ ရထားကို အသင့်ပြင်ခိုင်းတယ်။ မာတလိက လိုတာတွေ ပြင်ဆင်ပြီး သိကြားမင်း လိုရာ သွားနိုင်ပါပြီလို့ ပြောလိုက်တယ်။ ဒီအခါမှာ သိကြားမင်းက ဝေဇယန္တာနန်း ပြာသာဒ်ကနေ ဆင်းလာခဲ့ပြီး လက်အုပ်ချီမိုးကာ အရပ်လေးမျက်နှာကို ရှိခိုးပြီးနေတယ်။ သည်တော့ မာတလိနတ်သားက မေးငယ်။ ဗေဒင်သုံးပုံတတ်တဲ့ ပြဟ္မဏာတွေကရော၊ နတ်မင်းကြီးလေးယောက်ကရော၊ အခြွေအရံများစွာ ရှိကြတဲ့ တာဝတိံသာနတ်တွေကရော ငါ့ကိုရှိခိုးကြတယ်။ ငါက သီလနဲ့ ပြည့်စုံကြတဲ့၊ ရှည်စွာသော ညဥ့်တို့ပတ်လုံး တည်ကြည်ခြင်းရှိကြတဲ့၊ မြတ်သော အကျင့်သာ လဲလျောင်းရာရှိကြတဲ့ ရဟန်းတော်တို့ကို ကောင်းစွာရှိခိုးခြင်း ဖြစ်တယ်လို့ ဖြေတယ်။ ပြီးတော့ ဂါထာကိုရွတ်တယ်။ ယောဂဟာဠာ၊ ပုညကာရာ၊ သီလဝန္တော၊ ဥပသကာ၊ ဓမ္မေနဒါ၊ ပေါသေန္တိ၊ တေနပဿမိ မာတလီ… တဲ့။ အဓိပ္ပာယ်ကတော့ မာတလိနတ်သား ယောဂဟာဠာ…အကြင်လူဝတ်ကြောင်တို့သည်၊ ပုညကာရာ-ပစ္စည်းလေးပါးကိုလှူခြင်း အစရှိသော ကောင်းမှုကို ပြုကြကုန်သည်။ ဥပသကာ-ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြကုန်သည်။ သီလဝန္တော ငါးပါးသီလ၊ ဆယ်ပါးသီလတို့နဲ့ ပြည့်စုံကုန်ကြသည့် ဓမ္မေနဒုစရိုက်မှုကို မပြုမူ၍ ကုန်သွယ်ခြင်းအစရှိသော တရားနှင့်လျော်သော အမှုဖြင့်၊ ဒါရ-သားမယားကို၊ ပေါသေန္တိ-လုပ်ကျွေးမွေးမြူကြကုန်သည်။ ထိုဝတ်ကြောင်လူတို့ကို၊ အဟံ-ငါသည်၊ နမဿမိ-ရှိခိုး၏လို့ ဖြေခဲ့တယ်။ သည်အခါ မာတလိကလည်း သူတော်ကောင်းတွေကို ရှိခိုးချင်တဲ့အတွက် ဂါထာကို ရွတ်ပြန်တယ်။

သေဋ္ဌဟိကိ ရ၊ လောကသ္မိ ယေတွံ့ သက္ကနမဿသိ၊ အဟမ္ပိ တေ မဿာမိ၊ ယနေမဿာမိ ဝါသဝ… တဲ့။ အဓိပ္ပာယ်ကတော့ သက္က-သကြားမင်း။ ယေ-အကြင်သူတို့ကို၊ တွံ-သင်သည်၊ နမဿာမိ-ရှိခိုး၏။ လောကသ္မိ-လောက၌ရှိသော ထိုလူတို့သည် သေဋ္ဌာဟိကိရ-မြတ်ကုန်သတဲ့။ ဝါသဝ-သကြားမင်း။ ယေ-အကြင်သူတို့ကို၊ တွံ-သင်သည်၊ နမဿာမိ-ရှိခိုး၏။ တေ-ထိုသူတို့ကို၊ အဟမ္ပိ-ငါသည်လည်း နမဿာမိ-ရှိခိုး၏…လို့ ပြန်လျှောက်တယ်ကွဲ့။ အဘ ရဟန်းဝတ်စဉ်ကထ တုန်းက အဟာဠဝန္တနာသုတ် (အိမ်ထ ထောင်သော လူဝတ်ကြောင်များကို ရှိ သောသုတ်)ကို ဖတ်ခဲ့ဖူးလို့ မှတ်သား သလောက် ပြန်ရှင်းပြတာကွဲ့။ ဒီသုတ် တော်ကို ထောက်ပြီး ရဟန်းတော်များ ကိုသာမက လူဝတ်ကြောင်သူတော် ကောင်းတွေကိုပါ သိကြားမင်းက ရှိ ခဲ့တယ်။ သူ့လက်အောက်နတ်များ လည်း မနေသာတော့ဘဲ ရှိခိုးကြရတယ် ဆိုတာ အထင်အရှားပဲ မဟုတ်လား"

ဟု ရှည်လျားစွာ ရှင်းပြရတွင် ကလေးတို့က သရဏဂုံသုံးပါးနှင့် ငါး သီလကို မြဲမြံစွာ ဆောက်တည်လျက် သိကြားယတြာကို လေးစားစွာလုပ် မည့်အကြောင်း ခံဝန်စကားများပြော ပျော်ရွှင်သွက်လက်စွာဖြင့် ပြန်လည် ထွက်ခွာသွားခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဂေဟပီရှေ့ဆောင်နံကွှတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လိုဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




# တစ်ရံရောအခါ ...

■ အောင်နိုင်လတ်

ကျွန်တော်ချစ်သော ဆည်းဆာ၏ အလှအပများ ချုပ်ငြိမ်းစပြုချိန်မှာ ကျွန်တော်ရေးဆွဲနေသော ပန်းချီကားချပ်ကို လက်စသတ်ပြီးပြီဖြစ်၍ ပန်းချီပစ္စည်းများကို သိမ်းဆည်းလိုက်သည်။

ပြီးတော့ ပဲခူးမြစ်ကမ်းစပ်မှ ကျွန်တော်ထွက်ခွာလာခဲ့သည်။ ဆူညံစွာ အော်ဟစ်ပြောဆိုရင်း စက်ဘီးစီးလာကြသော မိန်းကလေးတစ်စု ကျွန်တော့်ရှေ့သို့ ရောက်လာကြသည်။ ကျွန်တော့်ကို ဝင်တိုက်မလိုဖြစ်သောကြောင့် လမ်းဘေးသို့ ကပျာကယာ ရှောင်ပေးလိုက်ရသည်။

သူတို့၏ ရယ်မောသံများ ဆူညံသွားသည်။

ခဏကြာလျှင် ဝေါခနဲမြည်သံနှင့်အတူ ကျွန်တော့်ခေါင်းပေါ်မှ ရေလောင်းချခြင်းကို ခံလိုက်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံး စိုရွှဲသွားသည်။

ထို့နောက် ရယ်မောသံများ ဆူညံသွားပြန်သည်။

"ဟော့ ... မင်းဘယ်လိုလုပ်လိုက်တာလဲ"ဟု ကျွန်တော့်ဘေးနားမှာ ရေပုံးကိုင်ပြီး ရပ်နေသော မိန်းကလေးကို ဒေါသဖြစ်စွာဖြင့် အော်ပေါက်လိုက်သည်။

"မနက်ဖြန်ဆိုရင် သင်္ကြန်အကြိုနေ့ကို ရောက်ပြီလေ။ ဒီနေ့က သင်္ကြန်အကြိုနေ့ရဲ့ အကြိုနေ့ဖြစ်လို့ ယူ့ကိုရေလောင်းလိုက်တာလေ"

မိန်းကလေးက ရယ်ဖြဲဖြဲမျက်နှာထားနှင့် ပြန်ပြောသည်။

ပြီးနောက် ကျန်မိန်းကလေးများပါ စက်ဘီးများကိုတွန်းပြီး ကျွန်တော့်အနားသို့ ရောက်လာကြသည်။

"ယူ့ကို မြင်မြင်ချင်း ရေလောင်းချင်စိတ် တအားဖြစ်လာတာနဲ့ ဟိုတဲလေးက ရေနဲ့ ရေပုံး ခဏတောင်းပြီး လောင်းလိုက်တာပါ။ ယူ့ပစ္စည်းတွေ ရေစိုသွားတဲ့အတွက်တော့ တို့တောင်းပန်ပါတယ်၊ အဲဒီအတွက် လျော်ကြေးအဖြစ်နဲ့ ဟိုကမ်းစပ်နားက အကြော်ဆိုင်လေးမှာ တစ်ခုခု ကျွေးပါရစေနော်"

ကျွန်တော်သည် ဒေါသအရှိန်မပြေသေးသောကြောင့် မိန်းကလေးအား ဘာမှ ပြန်မပြောဘဲ မျက်မှောင်ကုတ်ပြီး စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ထိုခဏ၌ "တော်တော်လှတာပဲ"ဟု စိတ်ထဲမှပြောလိုက်မိသည်။ ပြီးနောက် သူမခေါ်ရာနောက်သို့ စိတ်ညို့ခံရသူပမာ မိမိတာသာ မသိဘဲ လိုက်သွားမိသည်။

အကြော်ဆိုင်သို့ ရောက်သောအခါ ကျွန်တော်တို့နှစ်ယောက်ကို ထားခဲ့ပြီး စက်ဘီးလျှောက်စီးဦးမည်ဟုဆိုကာ ကျန်မိန်းကလေးများ ထွက်သွားကြသည်။

"ယူက ပန်းချီဆရာလားဟင်"

မိန်းကလေးက ဘူးသီးကြော်တစ်ခုကို ကောက်ယူစားရင်း မေးသည်။ ထိုအချိန်၌ မိန်းကလေးအပေါ် ဖြစ်နေသော ကျွန်တော့်ဒေါသစိတ်များ ပြယ်စပြုနေပြီဖြစ်သည်။ သူမ၏ လှပလွန်းသောမျက်နှာကို ငေးမောနေရင်းမှ -

"မဟုတ်ပါဘူး။ ဝါသနာပါလို့ ဒီပဲခူးမြစ်ကမ်းရဲ့ ဆည်းဆာချိန်ကလေးတွေကိုလည်း ချစ်လို့ အားလပ်တဲ့ ညနေချိန်လေးတွေမှာ ပန်းချီလာဆွဲဖြစ်တာပါ"

ဟု ပြောလိုက်သည်။

မိန်းကလေးက ကျွန်တော်ဆွဲထားသော ပန်းချီကားကို ယူကြည့်ပြီး "ယူ့လက်ရာက မဆိုးဘူးနော်"ဟု ပြောသည်။

"ယူမနက်ဖြန် ဒီနေရာကို လာဦးမယ်မဟုတ်လား"

သူမက မေးသည်။ ကျွန်တော်က ခေါင်းခါပြလိုက်သည်။

www.burmeseclassic.com

"တို့နာမည်က မို့မို့လို့ခေါ်တယ်။ စိတ်ပညာနဲ့ ကျောင်းပြီးပြီ။ လောလော ဆယ်တော့ ဘာမှမလုပ်ဖြစ်သေးဘူး။ မြို့ ထဲမှာနေတယ်၊ ယုဇနကို အလည်လာ တာ။ အစ်မဝမ်းကွဲက 'စစ်တောင်းရိပ်မွန်' မှာနေတယ်"

ကျွန်တော်က ဘာမှမပေးရသေး ဘဲ သူမဘာသာ ပြောပြနေခြင်း ဖြစ် သည်။

"မို့မို့ကတော့ မနက်ဖြန် ဒီနေရာ ကို လာဦးမယ်မဟုတ်လား"

"ဟင့်အင်း ‥ မလာပါဘူး"

"ဒါဆို မနက်ဖြန်ညနေ တို့လာ စောင့်နေမယ်နော်"

သူမက ရယ်သည်။

မကြာမီ သူမ၏ သူငယ်ချင်းများ ပြန်ရောက်လာကြသည်။

သူတို့နှင့် ကျွန်တော် လမ်းခွဲလိုက် သောအခါ ညသည် အတော်ပင်မှောင်စ ပြုနေပြီ ဖြစ်၏။

× × × × ×

"ယူရောက်နေတာ ကြာပြီလား ဟင်"

"အင်း ‥‥ ကြာပြီ"

"ဘာလို့ညာတာလဲ"

"နည်းနည်းပါးပါး ညာတာကို ဝါသနာပါလို့ပါ"

တကယ်ဆိုလျှင် သူမက ကျွန် တော့်ထက် အရင်ရောက်နှင့်နေပြီးဖြစ်ပါ လိမ့်မည်။ ရေတွေရွှဲရွှဲစိုနေသော ကျွန် တော်တို့၏ ကိုယ်ပေါ်သို့ မြစ်ပြင်ကိုဖြတ် သန်းတိုက်ခတ်လာသော လေနုအေး ကြောင့် ချမ်းစိမ့်စိမ့်ဖြစ်သွားရသည်။ သူမ က ကျွန်တော်နှင့် ကိုယ်ချင်းထိလုနီးပါး နေရာရွှေ့ပြီး ထိုင်လိုက်သည်။

"သူငယ်ချင်းတွေ ဘာလို့ပါမလာ တာလဲ"

"ယူက ပါလာစေချင်မှာ မဟုတ် ဘူးထင်လို့ တစ်ယောက်တည်းလာခဲ့တာ လေ"

ကျွန်တော်ကရယ်ပြီး ခေါင်းညိတ် ပြလိုက်ပါသည်။ ထို့နောက် ကျွန်တော့် အကြောင်းတစ်ပိုင်းတစ်စကို သူမအား ပြောပြလိုက်ပါသည်။

"တို့နာမည် 'မောင်'လို့ခေါ်တယ်။ စက်မှုတက္ကသိုလ်မှာ ဗိသုကာနောက်ဆုံး နှစ်တက်နေတယ်။ ယုဇန ၂ လမ်း၊ ဘီ မှာနေတယ်။ မိဘတွေက နယ်မှာ။ ဒီမှာ 'သားလေး'နဲ့နေတာ။ သားလေးဆိုတာ တို့မွေးထားတဲ့ ခွေးကလေးရဲ့နာမည်ပါ"

ကျွန်တော် စကားကိုရပ်ထားပြီး၊ သူမ၏မျက်နှာကို ငေးကြည့်လိုက်သည်။ နောက် တစ်ကိုယ်လုံးကို ခြုံငုံပြီး စူးစူး မောမော ကြည့်နေမိပြန်သည်။

နက်မှောင်ဖြောင့်စင်းပြီး ခါး လောက်ထိရှည်လျားသော ဆံပင်၊ စင် ရော်တောင်ကဲ့သို့ မျက်ခုံး၊ ဝိုင်းစက်၍ ကြည်တောက်နေသော မျက်လုံးအစုံ (သို့သော်လည်း လွမ်းရိပ်သန်းနေသည်ဟု ထင်ရသည်)။

မတိုမရှည်နှင့် ကော့နေသော မျက်တောင်မွေးများ၊ သွယ်၍လှင်သော နှာတံ၊ မထူမပါးနှင့် ပြည့်ဖြိုးနေသော နှုတ်ခမ်းအစုံ၊ သွယ်၍ပြည့်သော မျက်နှာ၊ ဝင်းစိုနုလှဲ့နေသော အသားအရေ၊ ထို့ နောက် ပြည့်ဖြိုး၍ အချိုးအဆစ်ပြေပြစ် လှသော ကိုယ်ခန္ဓာအချိုးအစား ‥‥။ မိန်းကလေး၏အလှအပများကို ထို့ထက် ပို၍ ကျွန်တော်မဖွဲ့ဆိုတတ်ပါ။

အမှန်မှာ ထို့ထက်မကသော အလှ အပများကို သူမပိုင်ဆိုင်ထားသည်ဟု ထင်ပါသည်။

မိန်းကလေးကလည်း ကျွန်တော့် မျက်နှာကို ငေးကြည့်နေရာမှ သူမ၏ အကြည့်ကို ကျွန်တော့်ရင်ဘတ်ဆီသို့ ပြောင်းရွှေ့လိုက်သည်၊ ကျွန်တော့်နှလုံး သားထဲကို ထိုးပေါက်ဝင်ရောက်သွား သည်ဟု ကျွန်တော်ထင်ပါသည်။

"ယူ့ ပန်းချီကို တော်တော်ဝါသနာ ပါလားဟင်"

"ဟုတ်တယ်။ တို့ကိုကိုကလည်း ပန်းချီဆရာပဲ။ ပန်းချီဆရာ 'အောင်'တဲ့။ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာပေါ့။ သူ့ လက်ရာတွေကို တွေ့ဖူးလား။ သူမဂ္ဂဇင်း တော်တော်များများမှာ ဆွဲပါတယ်"

"ဩော် ‥‥ ယူက အောင့်ရဲ့ညီ ကို"

"မသိပါဘူး။ ဒါပေမဲ့ တို့သူငယ် ချင်း ဒေါက်တာမြနှင်းဝေနဲ့ပတ်သက်ပြီး တော့ ယူ့အစ်ကိုရဲ့ အကျည်းတန်ဇာတ် လမ်းတွေကိုတော့ သိထားတယ်"

မိန်းကလေးက တစ်စုံတစ်ရာကို တွေးတောနေဟန်ပြုပြီးမှ သက်ပြင်းတစ် ချက်ချလိုက်ပြီး ဆက်ပြောပြန်သည်။

"ယူ့အစ်ကိုရဲ့ လူမှုရေးစည်း မစောင့်မှုတွေကြောင့် မြနှင်းဝေဟာ သူ့ အသိုင်းအဝိုင်းမှာ အကြီးအကျယ် သိက္ခာ ကျခဲ့ရတယ်။ တို့ ယူ့အစ်ကိုကို သိပ်မုန်း တာပဲ"

"ကိုကို့ရဲ့အကျင့်တွေကို တို့လည်း မကြိုက်ပါဘူး။ မြနှင်းဝေကိစ္စနဲ့တောင် ကိုကိုနဲ့တို့ စကားများကြပြီး ခုထိမခေါ် မပြောကြတော့ဘူး။ အစက ညီအစ်ကို နှစ်ယောက် အဘူတူနေကြတာ။ အဲဒီ ကိစ္စကြောင့် ကိုကို အိမ်ကထွက်သွား တယ်။ ခုဘယ်မှာနေမှန်းလည်း မသိပါ ဘူး။ ကိုကို့ကိုယ်စား မြနှင်းဝေကို တို့က တောင်းပန်လိုက်တယ်လို့ ပြောပေးပါ"

"ဒါပေမဲ့ ကိုကိုက တို့ကိုသိပ်ချစ် သလို၊ တို့ကလည်း ကိုကို့ကို သိပ်ချစ်တာ ပါပဲ။ ကိုကို တစ်ခါကပြောဖူးတယ်၊ ညီညီ မင်းဟာ တကယ့်ကိုဖြူစင်ရိုးသားတဲ့ သိုး ကလေးပဲတဲ့။ လောကကြီးမှာ မင်းလို



www.burmeseclassic.com

www.burmeseclassic.com

စင်ရိုးသားတဲ့ သိုးကလေးတွေချည်းပဲ စုစည်းထားတာမှမဟုတ်ဘဲ။ ဒီတော့ မြေခွေးလိုလူနဲ့တွေ့တဲ့အခါ မြေခွေးလို၊ ဝံပုလွေလိုလူနဲ့တွေ့တဲ့အခါ ဝံပုလွေလို၊ ကျားလိုလူနဲ့တွေ့တဲ့အခါ ကျားလို ကျင့်ကြံနေထိုင်တတ်ရမယ်။ ကိုကိုတော့လေ ညီညီ့အတွက် သိပ်စိုးရိမ်နေမိတာပဲတဲ့"

"ဩော် . . . ဩော်၊ သူများတွေရဲ့နှလုံးသားကို လိုက်ပြီးချေဖျက်နေတဲ့ မနုဿမှုဆိုးက ကိုယ့်ဘက်ကိုယ်ကျတော့လည်း သိတတ်လိုက်တာ"

မိန်းကလေး၏ ထိုစကားလုံးများသည် နာကြည်းကြေကွဲလွန်းသော နှလုံးသားမှ ထွက်ပေးလာခြင်းဖြစ်မည်ဟု ထင်ပါသည်။

"ကိုကိုက ပြောသေးတယ်။ မြနှင်းဝေဟာ သိုးရေခြုံထားတဲ့ ဝံပုလွေတဲ့"

ကျွန်တော့်စကားကြောင့် မိန်းကလေးက စူးရှလွန်းသော မျက်စောင်းနှင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ထိုအကြည့်သည် ကျွန်တော့်ရင်မှဖောက်ထွက်သွားပြီး ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် အစာရှာစားနေသော စင်ရော်ကလေးတစ်ကောင်အား ထိမှန်သွားသည်ဟု ထင်ပါသည်။ စင်ရော်လေးသည် ရုတ်ခြည်းထပျံပြေးသွားသည်။

ထို့နောက် မိန်းကလေးက ပြုံးလိုက်ပါသည်။

သူမ ဘာကြောင့်ပြုံးသည်ကို ကျွန်တော်မသိပါ။

× × × × ×

သည်လိုနှင့် မိန်းကလေးနှင့် ကျွန်တော်သည် သင်္ကြန်များအတွင်း ချစ်သူများ ဖြစ်သွားကြပါသည်။

'ယုဇနဥယျာဉ်မြို့တော်'၏ သင်္ကြန်ပွဲတော်သည် သူ့အတိုင်းအတာနှင့်သူ လှပစွာ စည်ကားလွန်းနေပါသည်။ 'သားလေး'ကို ခေါ်သွားသောအခါများတွင် သင်္ကြန်ပျော်မိန်းကလေးများက "ဟယ် ခွေးကလေးက ချစ်စရာလေး"ဟုဆိုပြီး သားလေးအား ရေပိုင်းပက်ကြရာ ရေစိုမှာစိုးရိမ်ပြီး သားလေးလှည့်ပတ်ပြေးလွှားနေပုံမှာ ပျော်ရွှင်ရယ်မောစရာ ဖြစ်ကြရပါသည်။

တစ်ခါတစ်ရံ ကုံ့ကော်လမ်းတစ်လျှောက် ရေပက်ခံကစားဖြစ်ကြသည်။

တစ်ခါတစ်ရံ ဘတ်(စ်)ကားများ တစ်စီးပြီးတစ်စီး ပြောင်းစီးရင်း မြို့တွင်းမြို့ပြင် ရေပက်ခံထွက်ဖြစ်ကြသည်။ တစ်ခါတစ်ရံ စားသောက်စရာများဝယ်ပြီး ပဲခူးမြစ်ကမ်းမှ ဆုံနေကျနေရာလေးမှာ တစ်နေ့တာ အချိန်ကို ကုန်ဆုံးစေကြသည်။ တစ်ခါတစ်ရံ ကျွန်တော်နေသော ၂ လမ်းထိပ်မှ ကျွန်တော်ခင်မင်သော 'ထိန်ထိန်ဝင်းထမင်းဆိုင်'မှာ မနက်စာစားသောက်ရင်းနှင့် အချိန်တော်တော်များများကို ကုန်ဆုံးပစ်တတ်ကြသည်။

'ထိန်ထိန်ဝင်းထမင်းဆိုင်'မှာ အမေနှင့် သမီးကလေးများသာ ရှိသည်။ အမေသည် အလွန်သဘောကောင်း၍ စေတနာကောင်းသည်။ သမီးလေးများမှာလည်း ချောမောလှပသလောက် ဖော်ရွေပျူငှာစွာ ရှိကြသည်။ ထိုမိသားစုအား ကျွန်တော်ခင်မင်နေမိသည့် အဓိကအကြောင်းတရားမှာ သူတို့၏ ဖြူစင်ရိုးသားမှုကြောင့်ပင် ဖြစ်သည်။

သူမကလည်း ထိုဆိုင်၌ စားသောက်ရင်း အချိန်ဖြုန်းနေရခြင်းကို နှစ်သက်ပျော်ရွှင်နေတတ်သည်။

သင်္ကြန်ရက်များ ကုန်ဆုံးသွားပြီး နှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားများသို့ ကျွန်တော်တို့နှစ်ယောက် သွားရောက်ဖူးဖြစ်ခဲ့ကြသည်။ ဆုတွေတောင်းသည်ကို မမေးဖြစ်ခဲ့ပါ။ မေးလျှင်လည်း အမှန်အတိုင်း ပြောပြလိမ့်မည်မဟုတ်ဟု ထင်ပါသည်။ ကျွန်တော်ကတော့ အဖွဲ့ကိုရှေ့တန်းတင်ပြီး မိမိ၏လိုရာဆန္ဒများ ပြည့်ဝစေရန် ဆုတောင်းခဲ့သည်။

ညနေ ဆည်းဆာလေးကိုတော့ ပဲခူးမြစ်ကမ်းက ဆုံနေကျနေရာကလေးကို ကျွန်တော်တို့အရောက်ပြန်တတ်ကြစမြဲပင် ဖြစ်သည်။

× × × × ×

"မို့မို့လေ မောင့်ကိုသိပ်ချစ်တာပဲကွယ်။ မောင်နဲ့ဝေးရမှာ၊ မောင်နဲ့ခွဲသွားရမှာ သိပ်ကြောက်တာပဲသိလား။ မောင်ရယ် . . . မို့မို့ကို ခွဲမထားခဲ့ပါနဲ့နော်"

မိန်းကလေးသည် ကျွန်တော့်ရင်ခွင်ထဲသို့ တိုးဝှေ့ဝင်ပြီး ကျွန်တော့်ကို တင်းကျပ်စွာ ဖက်ထားသည်။

"ခုနေ မမျှော်လင့်နိုင်တဲ့ ကြမ္မာဆိုးတစ်ခုခုကြောင့် မောင်နဲ့ခွဲလိုက်ကြရမယ်ဆိုရင် မောင့်ကိုလွမ်းတဲ့သောကနဲ့ပဲ မို့မို့တော့ ရင်ကွဲနာကျပြီး သေမှာပဲကွယ်"

"မောင်လည်း မို့မို့ကို မောင့်အသက်ထက်တောင် ပိုချစ်ပါတယ်။ ခုနေ မို့မို့ပျင်းလို့ အပျင်းပြေကလေး လွမ်းကြည့်ချင်လို့ မောင်သေပြစမ်းပါဆိုရင်တောင် မောင်လေ ဟိုရှေ့က ပဲခူးမြစ်ကြီးထဲကို ခုန်ချပြီး သေပစ်လိုက်မှာပဲသိလား။ အဲဒီလောက်ထိကိုချစ်တာ"

"သူသိပ်ပိုတာပဲ"

တစ်ခါတစ်ရံ ကျွန်တော်တို့သည် မြစ်လယ်ကောင်မှ စိမ်းညို့လှပသော ကျွန်းကလေးသို့ သမ္ဗန်စင်းလုံးငှားပြီး သွားရောက်တတ်ကြသည်။ ပျော်ရွှင်ကြည်နူးစရာများနှင့် ပြည့်နှက်နေသော ချစ်စရာကျွန်းကလေးပင် ဖြစ်သည်။

လှပလွန်းသော ဆည်းဆာ၏ ရောင်စုံပန်းချီကားချပ်ထဲသို့ ညိုမောင်းနေသော အရောင်များက တစ်စတစ်စ လွှမ်း



www.burmeseclassic.com

www.burmeseclassic.com

ခြိုလာကြသည်။ အိမ်တန်းပြန့်ဂျက်ကလေးများလည်း ပျံသန်းသွားကြပြီဖြစ်သည်။

ထိုညနေက မို့မို့နေထိုင်ရာ စစ်တောင်းရိပ်မွန်သို့ပို့ပြီး ယုဇနလမ်းအတိုင်း မုန်ဦးဘက်သို့ ကျွန်တော်လျှောက်လာခဲ့သည်။

မုန်ဦးပေါ်မှ 'လောကနတ်'ရုပ်တုကို ကျွန်တော် အချိန်ကြာမြင့်စွာ ငေးမောကြည့်နေမိသည်။ ကျွန်တော့်ရင်ထဲ၌ ကျွန်တော်နားမလည်နိုင်သော၊ နားလည်၍လည်းမဖြစ်သော၊ ဖော်ပြနိုင်စွမ်းမရှိသော ခံစားမှုတစ်ခုကို ခံစားနေမိပြန်သည်။

သို့သော် ခဏချင်းမှာပင် ထိုခံစားမှုကို ကျွန်တော် ဖြေဖျောက်ပစ်နိုင်ခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ကိုကို့ကို လွန်စွာပင် သတိရအောက်မေ့နေမိပါသည်။

× × × × ×

ယခုအခါ ကျွန်တော်ချစ်သော လှပလွန်းသော ညနေဆည်းဆာကလေးများသည်ပင် အထီးကျန်နေသော ကျွန်တော့်အဖို့ အကျည်းတန်နေကြပြီဟု ကျွန်တော်ထင်ပါသည်။

မြစ်ကမ်းစပ်မှ ဆုံနေကျနေရာကလေးသို့ မိန်းကလေးရောက်မလာခဲ့သည်မှာ ရက်တော်တော်ကြာခဲ့ပြီဖြစ်ပါသည်။ 'နေမကောင်းများဖြစ်နေသလား'' ဟု စိုးရိမ်ပူပန်မိရပါသည်။ စစ်တောင်းရိပ်မွန်မှ အိမ်နှင့် မြို့ထဲမှအိမ်သို့ပါ လိုက်သွားသော်လည်း သူမနှင့် မတွေ့ခဲ့ရချေ။

ခရီးသွားနေရာမှ ပြန်မရောက်သေးကြောင်းသာ သိခဲ့ရပါသည်။

ကျွန်တော့်အား အသိမပေးနိုင်ခဲ့ဘဲ ရုတ်တရက်ခရီးထွက်သွားရလောက်အောင် မည်မျှအရေးကြီးသောကိစ္စများ ရှိနေခဲ့ပါသနည်း။ မည်သို့ပင်ဖြစ်ပါစေ သူမပြန်လာမည့်ရက်ကို ကျွန်တော်စောင့်မျှော်နေရမှာပဲ ဖြစ်ပါသည်။

ဒါက ကျွန်တော့်၏ သမိုင်းပေးတာဝန်ဝတ္တရားတစ်ခုပင် ဖြစ်ပါသည်။ သူမနှင့် ကျွန်တော် ပျော်ရွှင်လွန်းစွာ သွားရောက်ခဲ့ကြသော မြစ်လယ်ကောင်မှ စိမ်းညို့ညို့ ကျွန်းကလေးသည်ပင် ယခုအခါမှာ ပျင်းရိခြောက်သွေ့စွာနှင့် အထီးကျန်ဆန်လွန်းနေသည်ဟု ကျွန်တော်ထင်ပါသည်။

သူမအားကြောင့် ကျွန်တော့်ကို အဆက်အသွယ်ဖြတ်ပြီး ပျောက်ဆုံးနေရပါသနည်း။

သည်နေ့ညနေ မြစ်ကမ်းစပ်နားသို့ ကျွန်တော်ရောက်သွားသောအခါ ကျွန်တော်တို့ထိုင်နေကျ နေရာလေးမှာ စာအိတ်ခပ်ကြီးကြီးတစ်အိတ်နှင့် ပိတောက်ပန်းခြောက်အကြွေကလေးများကို တွေ့ရပါသည်။

သကြန်ရက်များအတွင်းက ကျွန်တော်ကိုယ်တိုင် ပိတောက်ပင်ပေါ်သို့ တက်ပြီးခူးကာ သူမအား ပန်ပေးခဲ့ဖူးသည်ကို သတိရနေမိပြန်ပါသည်။ ထိုအခါ၌ ကလေးငယ်တစ်ယောက်ကဲ့သို့ ပျော်ရွှင်မြူးထူးနေပြီး ပိတောက်ပန်းများနှင့်အပြိုင် လှပနေခဲ့သော သူမ၏ ပုံရိပ်များသည် ယခုတိုင် ကျွန်တော့်၏နှလုံးသားစာမျက်နှာ၌ သိမ်းဆည်းထားဆဲပင် ဖြစ်ပါသည်။

ကျွန်တော် စာအိတ်ကို ကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။

ဖိတ်စာတစ်စောင်နှင့် စာတစ်စောင် ဖြစ်သည်။ ဖိတ်စာမှာ ဒေါက်တာမြနှင်းဝေ၏ လက်ထပ်မင်္ဂလာပွဲ ဖိတ်စာဖြစ်သည်။ ဖိတ်စာနှင့်အတူပါသောစာကို ကျွန်တော်ဖတ်ကြည့်လိုက်ပါသည်။

ဟော့ ... သိုးကလေး

မို့မို့ဆိုတာ မြနှင်းဝေပါပဲ၊ ဒီလောက်ဆိုရင် ယူနားလည်လောက်ပါပြီ။ တို့ရင်ထဲက မကျေမနပ်၊ မခံမရပ်နိုင်ဖြစ်နေခဲ့ရတဲ့ အကျိတ်အခဲတစ်ခုကို ခုလိုနည်းနဲ့ ဖြေရှင်းလိုက်ရတဲ့အတွက် ယူ့ကိုတောင်းပန်ပါတယ်။ အခွင့်အခါကြုံလို့ ယူ့အစ်ကိုနဲ့ ပြန်ဆုံရင် ကျားတစ်ကောင်နဲ့ကြုံခဲ့ရလို့ ကြေမွပျက်စီးနေတဲ့ ယူ့နှလုံးသားလေးကို ထုတ်ပြလိုက်ပါတော့နော် ...

အားလုံးအတွက် သိပ်ကျေးဇူးတင်ပါတယ်။

လာမယ့် တနင်္ဂနွေနေ့မှာ ဆိုရီနာမှာကျင်းပမယ့် တို့ရဲ့မင်္ဂလာပွဲကို ကြွရောက်လာခဲ့ဖို့ ဖိတ်လိုက်ပါတယ်။

မို့မို့(သို့မဟုတ်)
မြနှင်းဝေ

စာဆုံးသွားသောအခါ ပတ်ဝန်းကျင် ရှေ့နောက်၊ တောင်မြောက်ဝဲယာကို ကျွန်တော်လှည့်ပတ်ကြည့်ရှုမိသည်။ ကျွန်တော်၏ အဖြစ်အပျက်တွေက မြနှင်းဝေတစ်ဖြစ်လဲ မို့မို့တစ်ယောက်များ တစ်နေရာရာက ချောင်းကြည့်နေဦးမလားဆိုသည့် အတွေးနှင့်ဖြစ်သည်။

သူမ၏လုပ်ရပ်တွေ အောင်မြင်အောင် ကျွန်တော် လွမ်းပြ ဆွေးပြ ကြေကွဲပြလိုက်ချင်ပေမဲ့ ရယ်ချင်သောစိတ်ကပဲ လွှမ်းမိုးလာပါတော့သည်။

မနက်ဖြန် ခရီးထွက်နေရာက ပြန်ရောက်လာမည့် ကိုကို့ကို ပြောကြပြီး ကိုကို့ညီပီသစွာ 'အချစ်ပုံပြင်တစ်ခုမှာ' ကိုကို့ညွှန်ကြားသည့်အတိုင်း တစ်သသွေးမတိမ်း အောင်မြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည့်အကြောင်းကို ပြောပြပြီး ညီအစ်ကိုနှစ်ယောက်၏ အောင်ပွဲခံအခမ်းအနားကျင်းပရာကို 'မြနှင်းဝေ'အား လာနိုင်လျှင်လာခဲ့ရန် ဖိတ်ကြားလိုက်ချင်ပါသည်။

**အောင်နိုင်လတ်**



www.burmeseclassic.com

www.burmeseclassic.com


Professor Dr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာထံမှာပြသကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖယ်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည်အထိ တာဝန်ယူသင်ကြားပေးမည်။

တလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ၁ွဲစိတ်မီးဖွားရက်၊ နေကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ ခြံမြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ဝထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ''စိန်ဂေဟာ'' ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈:၀၀)နာရီမှ နေ့လည် (၁:၀၀)နာရီအထိ

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ ဗောဓိဇေယျစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂:၀၀)နာရီမှ ည (၇:၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext : 364

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းငွေ (ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)

▶▶ ဟောပြောမှု – သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် – ရုံးဖွင့်ရက်တိုင်း ညနေ (၄:၀၀) နာရီမှ (၇:၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇:၀၀) နာရီမှ ညနေ (၈:၀၀) နာရီ

▶▶ လိပ်စာ – တိုက်(၃၃)၊ အခန်း(၄) စံပယ်(၅)ရိပ်သာ၊ နေပြည်တော်၊ 09-31181285


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကန်တော့ဆွမ်းပါ ဘုရား

နန္ဒာမိုးကြယ်

ရှင်ရောဟဏအဖို့ ခုနစ်နှစ်ကျော်မျှ ကာလပတ်လုံး နေ့စဉ် ဝတ္တရားမပျက် သည့်အိမ်ရှေ့ရောက်လေတိုင်း သပိတ်ကို ပိုက်၍ ဆွမ်းရပ်လေ့ရှိစမြဲ။

သည်ရွေ့သည်မျှ နှစ်,လ,ရက်တို့ ကြာမြင့်သည့်တိုင်အောင်ပင် ရှင်ရောဟဏသည် အဆိုအိမ်မှ ဆွမ်းတစ်စေ့ကလေးမျှ မရခဲ့။

အဆိုပါအိမ်သည် သောဏုတ္တရ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ၏ အိမ်ဂေဟာဖြစ်၏။ သူတို့ဇနီးမောင်နှံကား ဂေါတမဘုရားရှင်နှင့်တကွ မည်သည့်ရဟန်းကိုမျှ ကြည်ညိုခြင်းမရှိ။ ပုဏ္ဏားကြီးအလုပ်သွားနေစဉ် အိမ်တွင်ကျန်ရစ်ခဲ့သော ပုဏ္ဏေးမကြီးသည် ရှင်ရောဟဏ ဆွမ်းရပ်လာပြီဆိုလျှင် ဆွမ်းထွက်လောင်းဖို့ရာဝေလာဝေး။ အိမ်ထဲမှနေ၍ မကြားဝံ့မနာသာ ဆဲဆိုရေရွတ်လိုက်သည်သာချည်း။

သည့်အတွက် ရောဟဏမထေရ်အဖို့ စိတ်ပျက်သွားမည်လားဆိုတော့ လုံးဝစိတ်မပျက်။ စိတ်မပျက်သည့်အပြင် ဆွမ်းခံထွက်လေတိုင်း ပုဏ္ဏေးမကြီး၏ အိမ်ရှေ့သို့ရောက်လျှင် သပိတ်ကိုပိုက်ကာ ခြေစုံရပ်လိုက်သည်သာချည်း။ ဆွမ်းရခြင်း၊ မရခြင်းမှာ ရှင်ရောဟဏအတွက် အကြောင်းမဟုတ်။

+++ +++

သည်ကနေ့လည်း ရှင်ရောဟဏ ဆွမ်းခံထွက်ကြွခဲ့ပါပြီ။

ထုံးစံအတိုင်းဆိုသလိုပင် ပုဏ္ဏေးမကြီး၏ အိမ်ရှေ့သို့အရောက်တွင် သပိတ်ကိုပိုက်ကာ ခြေစုံရပ်လိုက်သည်။ ထိုအချိန်ဝယ် သောဏုတ္တရပုဏ္ဏားကြီးမှာ အလုပ်ခွင်ရှိရာသို့ ရောက်နေသည့်အတွက် အိမ်တွင်မရှိပါချေ။

ပုဏ္ဏေးမကြီးသည် အိမ်ရှေ့တွင် နေ့စဉ်ဝတ်မပျက် ဆွမ်းရပ်လျက်ရှိသော ဦးပြည်းစိမ်းစိမ်းနှင့် ရောဟဏမထေရ်ကို စေ့စေ့ကြည့်ရင်း အတွေးစအချို့ ဝင်လာတော့သည်။

"သည်ရဟန်းဟာ အတော်ကလေးကို ထူးဆန်းတဲ့ရဟန်းပဲ။ ခုနစ်နှစ်ကျော်လောက် နေ့စဉ် တစ်ရက်မပျက် ငါ့အိမ်ရှေ့ရောက်တိုင်း ဆွမ်းရပ်တာ မပျက်ဘူး။ ငါကလည်း တစ်ခါကလေးမှ လောင်းခဲ့တာမဟုတ်ဘူး။ မလောင်းခဲ့ရုံသာမက ငါ့နှုတ်က မြည်တွန်တောက်တီးခဲ့တာတွေကိုတောင် တုန့်လှူပ်ဟန်မပြခဲ့ဘူး။

သည်တော့ ငါ့အနေနဲ့ ဂေါတမရဟန်းကြီးရဲ့ဂိုဏ်းသား သည်ရဟန်းရဲ့ စိတ်ကို စုံစမ်းရရင် ကောင်းမယ်"

ထိုသို့ အတွေးဝင်ပြီးသည့်နောက် သူ၏နှုတ်မှ—

www.burmeseclassic.com

"ကန်တော့ဆွမ်းပါဘုရား"

ဟူ၍ ဆိုမြည်လိုက်လေ၏။

ထိုအသံကိုကြားရလေသော် ရှင်ရောဟဏ၏ စိတ်၌လည်း . . .

"အင်း . . . သည်ကနေ့ ပုဏ္ဏေးမကြီးဟာ ထူးခြားနေတာ အမှန်ပဲ"ဟု မှတ်ယူပြီး . . .

"သာဓု . . . သာဓု . . . သာဓု"

ဟူ၍ သုံးကြိမ်တိုင်တိုင် ရွတ်ဆိုလိုက်၏။ ပြီးတော့မှ ရှေ့သို့ တစ်လှမ်းချင်း လှမ်းကြွသွားလေတော့သည်။

ထိုအခါဝယ် ပါးစပ်အပေါင်းသားဖြစ်ကာ ကျန်ရစ်ခဲ့သူမှာ ပုဏ္ဏေးမကြီးဖြစ်လေသတည်း။

"ငါဟာ အဲသည်ရဟန်းကို ဆွမ်းကို တစ်ယောက်မ မပြောနဲ့၊ တစ်စေ့ကလေးတောင်မှ လောင်းခဲ့တာမဟုတ်ဘူး။ မလောင်းလည်း ဘာမှ မသံထွက်တာမဟုတ်။ ခု . . . ငါ့နှုတ်က 'ကန်တော့ဆွမ်းပါဘုရား'လို့ ဘာဆွမ်းမှမလှူဘဲ ပြောဆိုလိုက်မိတာနဲ့ သာဓုသုံးကြိမ်တောင် ခေါ်သွားခဲ့တယ်။ အင်မတန်မှ အံ့သြစရာကောင်းလှပါရောလား"

ပုဏ္ဏေးမကြီးအဖို့ အတွေးတို့ ဝေစည်နေချိန်ဝယ် သောဏုတ္တရပုဏ္ဏားကြီးလည်း အလုပ်မှ အိမ်သို့ ပြန်လာခဲ့၏။ ဤတွင် လမ်းခရီးတစ်နေရာ၌ ဆွမ်းခံရာမှ ပြန်ကြွလာသော ရောဟဏမထေရ်နှင့် တွေ့ဆုံမိလေ၏။ ဤတွင် ပုဏ္ဏားကြီးလည်း စကားမရှိ စကားရှာသည့်သဘောဖြင့် အမေးစကားပြုလေ၏။

"အရှင်ရဟန်း . . . တပည့်တော်အိမ်သို့ ဆွမ်းရပ်ခဲ့ပါသလား"

"ရပ်ခဲ့တယ် ပုဏ္ဏားကြီး"

"ဆွမ်းကော ရခဲ့ပါရဲ့လား ရှင်ရဟန်း"

"ရခဲ့ပါတယ် ပုဏ္ဏားကြီး"

"ဟင် . . ."

"ဪ . . .
သည်ရဟန်းတွေဟာ
'ကန်တော့ဆွမ်းပါ'လို့
ဆိုလိုက်တာနဲ့ပဲ
ဤရွှေ့ဤမျှ
လောက်တောင်
ကျေးဇူးတုံ့ပြန်
ချီးမွမ်းစကားတွေ
ဆိုတတ်ကြပါကလား။
ဆွမ်းခဲဖွယ်
တစ်စုံတစ်ခုလောက်
ရများရမယ်ဆိုရင်
ဘယ့်ကလောက်တောင်
ချီးမွမ်းစကားတွေ၊
တုံ့ပြန်စကားတွေ
ဆိုမလဲမပြောတတ်ဘူး"

ရောဟဏမထေရ်၏ စကား[illegible] ပုဏ္ဏားကြီး၏ အရိုက်ကို ထိသွားစေခဲ့[illegible] သလားမဆိုသာ။ ရင်ထဲမှာလည်း ပုဏ္ဏေး[illegible] မကြီးအပေါ် ဒေါသတွေက အလိပ်လိ[illegible]

ထို့ကြောင့်ပင် အိမ်ဂေဟာရှိရာသို့ အသော့နှင့်ခဲ့လေတော့၏။

+++ +++

အိမ်ကိုပြန်ရောက်တော့ ပုဏ္ဏေး[illegible] ကြီးကို အခန့်သားတွေ့လိုက်ရ၏။

"ဟေ့ . . . ရှင်မ၊ မင်းကွာ . . မင်း . . . မင်း"

"ပုဏ္ဏားကြီး . . . ရှင်ဘာဖြစ်လာ[illegible] တာလဲ"

"ဘာဖြစ်ရမလဲ။ မင်းဘာကြောင့် တို့အိမ်ရှေ့ ဆွမ်းလာရပ်နေကျ ရှင်ကြီး ဂေါတမရဲ့ တပည့်ရဟန်းကို ဘာဖြစ်လို့ ဆွမ်းလောင်းလိုက်ရတာတဲ့လဲ"

"အလိုတော် . . ကျားသားမိုးကြိုး ကျုပ်ဆွမ်းမလောင်းလိုက်ပါဘူးတော်"

"ဒါဆို . . ဒီရဟန်း ငါ့ကိုလိမ်ပြော တာပေါ့"

"နေပါဦး ပုဏ္ဏားကြီး။ အဲသည် ရဟန်းက တော့်ကို ဘယ်လိုများ လိမ် ပြောတာတဲ့တုံး"

သည်တော့ ပုဏ္ဏားကြီးလည်း [illegible] လမ်းခရီး၌ ရှင်ရောဟဏနှင့် တွေ့ကြုံ ရသည်တို့ကို ပြန်ပြောလိုက်လေ၏။

"ဒါဆိုရင်တော့ စဉ်းစားစရာပဲ ပုဏ္ဏားကြီးလည်း အသိသားနဲ့ . . . ကျုပ် တို့ အဲသည်ရဟန်းကို ဆွမ်းမလောင်းတာ ဘူးဆွမ်းလာစပြီးရပ်ကတည်းကနေ [illegible] ထက်ထိပဲ။ အဲ . . . သည်ကနေ့ ဆွမ်းလာ ရပ်တော့ သည်ရဟန်းဟာ ဆွမ်းမလောင်း တာ သိပါရဲ့သားနဲ့ တစ်နေ့မပြတ် ဆွမ်း လာလာရပ်နေတော့ ကျုပ်လည်း စိတ် ထူးခြားနေတာနဲ့ ပါးစပ်ကနေ 'ကန်တော့ ဆွမ်းပါဘုရား'လို့ ပြောလိုက်မိတယ်"

www.burmeseclassic.com

"အေး ... သည့်လိုဆိုတော့ သည်ရဟန်းဟာ ငါတို့ဆီက ဘာတစ်ခုမှ မရပါဘဲနဲ့ ရခဲ့တယ်လို့ ဆိုခဲ့တယ်။ ဒါဟာ မုသားစကားပဲ၊ လိမ်ညာတာပဲ။ သည်တော့ နောက်တစ်နေ့ကျရင် သူဆွမ်းလာရပ်တဲ့အထိ ငါစောင့်ပြီး သည်ရဟန်းကို လိမ်ညာသူအဖြစ် စွပ်စွဲပြောဆို နှိပ်ကွပ်ပစ်ရမယ် ရှင်မ"

"ကောင်းတယ် .. ကောင်းတယ်"

မိစ္ဆာဒိဋ္ဌိလင်မယားကား အတိုင်အဖောက် ညီလှပါပေစွ။

+++ +++

နောက်တစ်နေ့သို့ ရောက်လာခဲ့ပေပြီ။

ရှင်ရောဟဏလည်း ဆွမ်းခံချိန်ရောက်သည်နှင့် သင်္ကန်းကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်လျက် သပိတ်ကိုပိုက်ကာ ဆွမ်းခံထွက်ကြွလာခဲ့သည်။ တစ်အိမ်ပြီး တစ်အိမ် ဆွမ်းခံကြွလှမ်းရင်းမှ သောဏုတ္တရပုဏ္ဏားကြီး၏ အိမ်ရှေ့သို့ ရောက်လေသော် ခြေအစုံကို ရပ်လိုက်လေ၏။ ထိုအခါ အသင့်စောင့်စားနေသော ပုဏ္ဏားကြီးလည်း အိမ်ပေါ်မှဆင်းကာ ရှင်ရောဟဏအနီးသို့ ရောက်သည်နှင့် ...

"အို ... ရှင်ရဟန်း။ ရှင်ရဟန်းနဲ့ တပည့်တော်တို့ မနေ့က လမ်းမှာတွေ့တုန်းက တပည့်တော်တို့အိမ်က ဆွမ်းမရခဲ့ပါဘဲနဲ့ ဘာကြောင့်များ ရခဲ့တယ်လို့ ဆိုရပါသလဲ။ ရဟန်းဖြစ်ပြီး ဘာကြောင့် မုသားစကားကို ဆိုရပါသလဲ"

ဟူ၍ စွပ်စွဲပြစ်တင်စကားတို့အား တင်းတင်းမာမာ ပြောချလိုက်လေ၏။ ပုဏ္ဏားကြီး၏ အသွင်အပြင်တို့က တင်းတင်းမာမာရှိသလောက် ရှင်ရောဟဏမှာမူ ခပ်အေးအေး။

"အို ... ပုဏ္ဏားကြီး ...

ငါဟာ ခုနစ်နှစ်နဲ့ ဆယ်လတာကာလပတ်လုံး သင်ပုဏ္ဏားကြီးတို့ရဲ့ အိမ်ရှေ့မှာ ဆွမ်းဝတ်မပြတ် ရပ်ခဲ့ပါတယ်။ အဲသည်ကာလတစ်လျှောက် သင်တို့ထံက ဆွမ်းတစ်စေ့ကောင်မှ မရခဲ့ပါဘူး။ မနေ့ကတော့ဖြင့် သင့်ရဲ့ အိမ်ရှင်မထံက 'ကန်တော့ဆွမ်းပါဘုရား'ဆိုတဲ့ ပဋိသန္ထာရစကားကလေးတစ်ခွန်းကိုတော့ဖြင့် ရခဲ့ပါတယ်။ အဲဒါကြောင့် 'ရခဲ့ပါတယ် ပုဏ္ဏားကြီး' လို့ ငါပြေဆိုခဲ့တာပေါ့။

အို ... ပုဏ္ဏားကြီး။

ငါတို့ရဟန်းတွေဆိုတာဟာ 'ကန်တော့ဆွမ်း' လို့ ဆိုတဲ့ ပဋိသန္ထာရစကားကို ရခြင်းဟာ ဆွမ်းရတာနဲ့ မခြားပါဘူး"

ရှင်ရောဟဏထံမှ သည်စကားကို ကြားလိုက်ရတော့ ပုဏ္ဏားကြီးလည်း ...

"ဩော် ... သည်ရဟန်းတွေဟာ 'ကန်တော့ဆွမ်းပါ' လို့ ဆိုလိုက်တာနဲ့ပဲ ဤရွေ့ဤမျှလောက်တောင် ကျေးဇူးတုံ့ပြန် ချီးမွမ်းစကားတွေ ဆိုတတ်ကြပါကလား။ ဆွမ်းခဲဖွယ် တစ်စုံတစ်ခုလောက် ရများရမယ်ဆိုရင် ဘယ်လို့ကလောက်တောင် ချီးမွမ်းစကားတွေ၊ တုံ့ပြန်စကားတွေ ဆိုမလဲ မပြောတတ်ဘူး"

ဟူ၍ စိတ်ထဲ ဖြစ်ပေါ်လာခဲ့သည်။ သည့်အတွက် ချက်ချင်းဆိုသလိုပင် ...

"ခေတ္တခဏမျှ ရပ်တော်မူပါဦးဘုရား"

ဟု တောင်းပန်လျက် အိမ်တွင်းသို့ ပြန်ဝင်ကာ ဆွမ်းကိုယူ၊ ဆွမ်းဟင်းကို ခူးလာကာ ရှင်ရောဟဏ၏ သပိတ်တွင်းသို့ လောင်းလှူလိုက်လေ၏။

"သာဓု ... သာဓု ... သာဓုပါ ပုဏ္ဏားကြီး"

ရှင်ရောဟဏလည်း ထိုသို့မြွက်ကြားပြီးသည့်နောက် ရှေ့ဆက်ကြွလှမ်းသွားလေတော့၏။

သည်မြင်ကွင်းကို ကြည့်လျက် ပါးစပ်အဟောင်းသား ဖြစ်နေမိသူကတော့ ပုဏ္ဏေးမကြီးမှတစ်ပါး အဘယ်သူရှိပါမည်နည်း။

နောက်တစ်နေ့သို့ ရောက်ခဲ့ပေပြီ။

ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံလည်း ထမင်း၊ ဟင်းများ ချက်ပြုတ်ပြီးသကာလ ရေမိုးချိုး အဝတ်အစားသစ်များ လဲလှယ်ဝတ်ဆင်ကာ ရှင်ရောဟဏ လှမ်းကြွအလာကို ကြည်ညိုစွာ စောင့်စားနေကြလေပြီ။

မကြာမီမှာပင် ရှင်ရောဟဏလည်း စက္ခုန္ဒြေကိုချလျက် ပုဏ္ဏားကြီးတို့အိမ်ရှေ့သို့အရောက် ဆွမ်းခံရပ်လေ၏။ ရှင်ရဟန်း၏ ကြည်ညိုဖွယ်ရာ အဆင်းကို မြင်ရလေသော် ပုဏ္ဏားကြီးတို့ဇနီးမောင်နှံလည်း သဒ္ဓါစိတ်အဟုန်တို့ ကြွလျက်

"အရှင်ရဟန်း ... တပည့်တော်တို့အိမ်မှာ ဆွမ်းဘုဉ်းပေးဖို့ရာ လျှောက်ထားပါတယ်ဘုရား"

ရှင်ရောဟဏလည်း ဆိတ်ဆိတ်နေပြီးနောက် ပုဏ္ဏားကြီးတို့ဇနီးမောင်နှံအား ချီးမြှင့်ရန်အတွက် အိမ်ဂေဟာသို့ လှမ်းကြွတော်မူခဲ့လေ၏။

ထို့နောက် ပုဏ္ဏားကြီးတို့ဇနီးမောင်နှံ ဆက်ကပ်သောဆွမ်းကို အာဟာရမျှတရုံ ဘုဉ်းပေးသုံးဆောင်တော်မူပြီးနောက် ဆွမ်းအနုမောဒနာတရားကို ချီးမြှောက်ဟောကြားတော်မူလေ၏။

ထိုအချိန် ထိုကာလမှစ၍ ပုဏ္ဏားကြီးတို့ဇနီးမောင်နှံလည်း ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်သော ဥပါသကာများ ဖြစ်သွားကြလေတော့၏။

'ကန်တော့ဆွမ်း'မှ စတင်လိုက်သော အကြောင်းတရားတို့သည် ယခုအခါတွင် တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားတို့ တိုးပွားသွားခဲ့ရပါပကော။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com




# သုဝဏ္ဏဘူမိဆံတော်ရှင်
# သာသနာပြုအတွေ့အကြုံများ

နတ်ထီးလှိုင်

ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအတိုင်း မိဘများက ၁၀ နှစ်သားလောက်ကတည်းက ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့ပါသည်။ ရှင်သာမဏေဝတ်ရသည်ကို ပျော်ခဲ့ပါ၏။ ကျိုက်ထီးဆောင်းသို့ ၁၃၃၆ ခုနှစ်ကတည်းက မိဘများခေါ်၍ ရောက်ဖူးသည်။ နွေရာသီတွင် အဖေနှင့် ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ဦး ရဟန်းခံ ရှင်ပြုခဲ့ကြဖူးပါသည်။ ရသေ့ဝတ်၊ ဖိုးသူတော်ဝတ်ခဲ့ကြဖူးပါသည်။

ငါးတန်းမှ ခုနစ်တန်းထိ နွေရာသီတွင် ရှင်သာမဏေဝတ်ခဲ့ကြပါသည်။ ရှစ်တန်းတွင် အမေတို့ အင်းလေးဖောင်တော်ဦး ဘုရားဖူးခရီးစဉ် လိုက်သွား၍ သာမဏေမစည်းဖြစ်ခဲ့ပါ။ ကိုးတန်းနှင့် ၁၀ တန်း စာမေးပွဲဖြေပြီး နွေရာသီများတွင်လည်း သာမဏေဝတ်ခဲ့ပါသည်။

၁၀ တန်းဖြေပြီး သာမဏေဝတ်ခဲ့[...] လေးနှစ်ဆက်တိုက်နေခဲ့ပါသည်။ ကာဏ[...] သတွင် သုံးဝါဝတ်ခဲ့ပါသည်။

၁၃၅၁ ခု၊ တန်ခူးလပြည့်ကျော်[...] ၄ ရက်တွင် ပဉ္စင်းတက်ခဲ့ပါသည်။ [...] နွေရာသီ ထီးမလှတိုင်တွင်ပင် သီတင်း[...] ခဲ့ပါသည်။ မိုးတွင်း ဝါဆိုချိန်၌ ကာဏ[...] သတွင် ဝါဆိုခဲ့ပါသည်။ ဝါကျွတ် ကထိ[...] ခင်းပြီး ပြန်ဆင်းခဲ့ကာ ထီးမလှတိုင်မှ[...]



www.burmeseclassic.com

www.burmeseclassic.com

ပြန်နေပြီး ဝါဆိုခဲ့တမ်းမှာ ဇင်းကျိုက်ကျရောက်ပြန့်ပါသည်။ ဝါကျွတ်သော်ကတွန်မှန်ကူစခန်းတွင် ဆင်းနေခဲ့ရပြီး ဝါဆိုတော့ ဝိုင်းပတ်(သက္ကထူပ)သို့ ရောက်ပြန်ပါသည်။

၁၃၅၅ ခုတွင် ဘားအံ ဇိနမာရ်အောင် ဘုရားလေး၌ ဝါဆိုရပြန်ပါသည်။ ဝါကျွတ်ကထိန်ခင်းပြီးနောက် ထီးမဏ္ဍိုင်တွင်ပင် ပြန်နေရပါသည်။ ၁၃၅၆ ခုနှစ်တွင် ထီးမဏ္ဍိုင်တွင်ပင် ဝါဆိုပြီး ကထိန်ခင်းပါသည်။ ခွဲတမ်းချရာတွင် ရွှေစည်းခုံသို့ ရောက်ပြန်ပါသည်။ ၁၃၅၇-၅၈ ခုနှစ်များတွင် ရွှေစည်းခုံ၌နေခဲ့ပြီး တစ်ဖန် ထီးမဏ္ဍိုင် ပြန်ရောက်ပါသည်။

၁၃၅၉ ခုနှစ်တွင် ထီးမဏ္ဍိုင်၌ပင် ဝါဆိုခဲ့ပါ၏။ ဝါကျွတ်ပြီးနောက် ကျောင်းကြီးရောက်ခဲ့သည်။ ၁၃၆၀ ခု ဝါကို ဇွတ္တလိ(မြသိန်းတန်)ရောက်ခဲ့ပြီး ၁၃၆၁ ခုထိ ဝါဆိုခဲ့သည်။ ၁၃၆၂ ခုနှစ်တွင် ထီးမဏ္ဍိုင်၌ ဝါဆိုခဲ့ပြီး ဝါကျွတ်တွင် ရွှေကျွန်းဦး ရောက်သည်။ ၁၃၆၃ ခုတွင် ရွှေကျွန်းဦး၌ပင် ဝါကပ်ခဲ့သည်။ ဤကား ကျွန်ုပ်၏ ဝါဆိုစဉ်အကျဉ်း ဖြစ်ပါသည်။

၁၃၄၇ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့တွင် သာမဏေဝတ်ခဲ့ပါသည်။ ထိုစဉ်က ဦးဣန္ဒြေ ဆိုသူက နှစ်စဉ်ဝတ်နေကျစာရင်းကြည့်ပြီး ဘွဲ့ပေးကောင်းကို ပြန်ပေးခဲ့ပါသည်။ "စာရိတ္တ" ကျွန်ုပ်က ဆန်းကျမ်းနှင့်ညှိပြီး "စာရိတ္တ" ဟု ပြင်ရေးထားပါသည်။ ထိုနှစ်နွေက တောင်တန်းလျှောက်ဖြစ်ခဲ့ပါသည်။ ကေလာသသို့ လိုက်နေခဲ့ဖူးပါသည်။

(ဖိုးကုလား)နှင်းပုလဲဦးပဉ္စင်းက အင်ဂျင်ဝိုင်၊ ဒီဇယ် လာထုတ်ပြီး အပြန်တွင် လိုက်သွားခဲ့ပါသည်။

ကေလာသသို့ စရောက်သည့်ညတွင်ပင် ပြဿနာတစ်ခုကို ကြားရပါသည်။ ဘုရားဝတ်တက်ပြီး ကင်းစောင့်အလှည့်ကျသူများက အထက်ပစ္စယံသို့ တက်ပြီး ဘုရားဖူးကြပါသည်။ ဖိုးတေ(တေဇာနန္ဒ)နှင့် ဦးသုနန္ဒ(ပျံလွှန်)တို့က မီးစက်ပိတ်သွား၍ မမြင်ရသောအချိန်တွင် ပြုပ်တိုင်၌ ပုတီးထိုင်စိပ်နေသော ရသေ့လေးကို ဝင်တိုက်မိပြီး မှောက်လျက်လဲကျပါသည်။ ရသေ့လေး ပညာသုခကိုယ်ပေါ်သို့ ကားရားခွလျက်ကြီး ဖြစ်သွားပြီး လူးလဲထလိုက်ရပါသည်။ ထိုရသေ့လေး၏ နောက်ပါတပည့်များက ထုမည်၊ ရိုက်မည်နှင့် တကဲကဲလုပ်နေကြ၍ ရသေ့လေးကပင် ပြန်ခေါ်ဆင်းသွားကြရပါ၏။

ထိုရသေ့လေးမှာ သီလရှင်နှစ်ပါးနှင့် ကေလာသတောင်စောင်းမှ မုံစတော်ဂူနေရာတွင် ကျောင်းလေးဆောက်ပြီး နေသူဖြစ်ပါသည်။ ပိုင်နယ်ကြီးလေးဇာတိဖြစ်ပြီး ကေလာသတောင်ပိုင် ဆရာတော်ကြီး ဦးသုဝဏ္ဏ(ဦးတာဝံ)က ခေါ်လာ၍ ကျိုက်ထီးဆောင်းဆရာတော်ထံသို့ ရောက်လာခဲ့ဖူးပါသည်။ ဆရာတော်၏ ကပ္ပိယကျောင်းလေးတွင် ကိုးရက်ကျော်ခန့် နေထိုင်ပြီး ကေလာသသို့ ပြန်တက်သွားပါသည်။ ဆရာတော်က တောင်စွန်းမှ ဒကာမကြီး ဒေါ်ညွှန့်တို့ကို ကျောင်းလေးတစ်ဆောင် ဆောက်ပေးလိုက်ရန် ညွှန်ကြားခဲ့ပါသည်။

ဒကာမကြီး ဒေါ်ညွှန့်ကလည်း သစ်များဝယ်ပြီး ကျောက်မိုင်းမှကားနှင့် တိုက်ပို့ပေးခဲ့ပါသည်။ ကေလာသတောင်စောင်းတွင် ကျောက်ဂူလေးရှိပါသည်။ တွင်းညီနောင်၏ တစ်ဖက်ခြမ်းတွင် ဖြစ်သည်။ ထိုဂူအနီးတွင် သစ်ကျောင်းလေးဆောက်ပြီး နေခဲ့ရာမှ တောင်စွန်းဈေးမီးလောင်သောနေ့က ဒေါ်ယဉ်မြသန်းတို့ ဘုရားခန်းသို့ ရောက်ခဲ့ပါသည်။ ဒေါ်ယဉ်မြသန်းက တောင်းဆို၍ "ပု၊ ဒိ၊ အာ" ဟု ရေးပေးခဲ့သည်။ ဆရာတော်က ကျိုက်ဒေးယျုသို့တက်ရန် ရောက်လာပြီး ရသေ့လေးကလည်း အာလူးမှအပြန်နှင့် ဆုံတွေ့ခဲ့ပါသည်။

ဆရာတော်က "ပု၊ ဒိ၊ အာ" ဟု ရေးခဲ့ခြင်းနှင့် ပတ်သက်ပြီး ရသေ့လေးကို မေးမြန်းရာ မဖြေဘဲနေ၍ ဆူပါတော့သည်။ ရသေ့လေးက ငြိမ်မခံဘဲ ငေါက်ခနဲ ထပြန်သွားပါသည်။ နောက်များမကြာမီ ဒေါ်ညွှန့်အိမ် ပြန်ရောက်လာခဲ့ပါသည်။ ကျောင်းလေးမှာ ရေတွင်းညီနောင်သို့ ရေလာချိုးနေစဉ် နောက်ပိုင်းတွင် မီးလောင်သွား၍ ဝတ်စရာ ရသေ့ဝတ်စုံများ ပါသွားသည်။ သို့နှင့် ဒကာမကြီးဒေါ်ညွှန့်က ရသေ့ဝတ်စုံများ ချုပ်လှူပေးလိုက်ရပါသေးသည်။

ယခုမူ ရသေ့က ဆရာကြီးတစ်ဆူလုပ်ပြီး တပည့်တပန်းများနှင့် ကေလာသစေတီကြီးတွင် အားလာစမ်းနေပါသည်။ သူကိုယ်တိုင်ပင် ကင်းလှည့်ရဟန်းများ၏ ခလုတ်ဝင်တိုက်မှုဒဏ်ကို ခံလိုက်ရပါသည်။ တမင်လုပ်ခြင်းတော့ မဟုတ်ပါ။ မဖြစ်သင့်ဘဲ ဖြစ်သွားသော ကိစ္စတစ်ခုပါ။ စခန်းထိုင် ဦးကဝိန္ဒကလည်း ကောင်းချီးသြဘာပေးပြီး ပြန်ရေ



www.burmeseclassic.com

www.burmeseclassic.com

ရှက်ရေ ပြောနေခဲ့ပါသည်။ စိန်ဖူးကင်းစောင့်အလှည့်ကျသူများမှာ ဓား၊ လှံ၊ လေးခွ၊ လက်နက်စုံကို ဘေးနားချထားပြီး မရှန်းသီးဆားရည်စိမ်စားကာ စကားကောင်းနေခဲ့ကြပါသည်။

ထိုရသေ့လေးအကြောင်းကိုပင် ဆက်ပါဦးမည်။ ကျွန်ုပ်တို့ ဒုတိယမြောက်ဝါကို ကေလာသတွင် ဝါဆိုစဉ် ရသေ့လေး ရဟန်းတက်ပါသည်…။ တောင်ကြီးရွာကျောင်းမှ ဦးပဏ္ဍိစ္စတို့က ဥပဇ္ဈာယ်လုပ်ကြကြောင်း သိရပါသည်။ လိုအပ်သမျှကို ရွာသူရွာသားများက လာပြီးလုပ်ပေးကြပါသည်။ တတိယမြောက် ဝါဆိုသောနှစ်တွင် ထိုကျောင်း(တောင်ကြီး)တွင် ကေလာသစေတီ ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရန် အစည်းအဝေးကြီး လုပ်ပါသည်။ ထိုစည်းဝေးဆုံးဖြတ်ချက်ကို ကျွန်ုပ်ပင် သွားကူရေးပေးခဲ့ရပါသည်။

ကေလာသတောင်ပေါ်တွင် ကျွန်ုပ်တို့အဖွဲ့သားများ မနေနိုင်ကြဘဲ ဆင်းပေးသွားသယောင်မျိုး ရွာတွင်း၌ ပြောနေကြကြောင်း တက်ရောက်လာသူတိုင်း မေးကြပါသည်။ ကျွန်ုပ်တို့က မဟုတ်ကြောင်း ဒိုင်ခံရှင်းပြပေးနေခဲ့ရပါသည်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်တွင် ထောင်ပိုင်သိန်းထွန်းကို ဂေါပကဥက္ကဋ္ဌ ခန့်ထားခဲ့ပါသည်။ တောင်ကြီးကျောင်းတွင် ဦးကဝိန္ဒဆိုသော ရဟန်းနေပါသည်။ ဦးကဝိန္ဒလည်း ကေလာသတွင် နှစ်ဝါဆိုသွားခဲ့သူ ဖြစ်ပါသည်။ ရသေ့လေးကျောင်းနှင့်လည်း ရင်းနှီးသူဖြစ်ပါသည်။ ရသေ့လေးက သူကျောင်းနားတွင် ကန်ကြီးတစ်ကန်တူးပါသေးသည်။

ကျွန်ုပ်တို့လည်း ကန်ကြီးလုပ်ပြီးချိန် သူတို့ကန်ကြီးမှာ ကွဲအက်ပြီး ရေများထွက်ကုန်ပါသည်။ ကျွန်ုပ်တို့ကန်မှာ ထုံးများ၍ ရေစိမ့်သောကြောင့် ပြန်ထပ်ချောရပါသည်။ ကောင်းသွားခဲ့သည်။ သူတို့ကန်ကြီးမှာ အကုန်ဖျက်ထုတ်ပြီး ပြန်လုပ်ရကြောင်း ကြားသိရ၏။ သူတို့ကျောင်းကုန်းအပေါ်တွင်သည်း စေတီတစ်ဆူတည်ပြီး ထီးတင်ရွှေချထားပါသည်။ ကုန်းမြေမှာ ဖို့ထား၍ နိမ့်ကျပြီး စေတီလေးမှ အက်ကွဲကြောင်းကြီး ပေါ်နေပါသည်။

ကေလာသစေတီ ရင်ပြင်ပေါ်တွင်လည်း မယ်တော်ပုံလေး လာလုပ်သွားကြသေး၏။ သိမ်ဆောက်ရန်အတွက်လည်း သိမ်ဒုတ်နေရာကို လာလုပ်ပါသေးသည်။ ရမသွားကြ၍ သူတို့နေရာတွင်ပင် သိမ်ကြီးဆောက်ပါသည်။ ယခုထိ မပြီးသေးပါ။

ကျိုက်ထီးဆောင်းဆရာတော်က ကေလာသသို့ စတင်အလုပ်ဝင်ပြီး ပြုပြင်ပါ၏။ ၁၃၆၁ ခုမှ စတင်ခဲ့ပါသည်။ ယခုအခါ ဝါဆိုကျောင်းဆောက်ပြီး သံဃာပါထား၏။ ကေလာသတွင် စတင်ဝါဆိုတုန်းက သဲထမ်းရ၊ ကျောက်ထမ်းတင်ကြရပါသည်။ သဲကို ရန်ကွင်းစေတီအပေါ်နားတွင် ရသော်လည်း ဂဝံကျောက်များကို တောင်ခြေမှာ ဆင်းထမ်းခဲ့ကြရပါသည်။ ရေကန်ကြီးလုပ်ရန်ဖြစ်ပါသည်။ ပစ္စည်းစုံသောအခါ ဦးစိုးဝင်း(ရသေ့)ဦးဆောင်သော ပန်းရန်အဖွဲ့ ရောက်လာပြီး ရေကန်လုပ်သွားခဲ့ပါသည်။ ဝါကျွတ်မှ အမိုးမိုးကြပါသည်။ ရေမရမိလိုက်ပါ။

သို့အတွက် ချက်ပြုတ်သုံးစွဲရန် ရေကို တွင်းညီနောင်မှ သွားထမ်းတင်ကြရပါသည်။ ဆွမ်းစားကျောင်းရှိ စဉ့်အိုးကို ရေမပြတ်အောင် ထမ်းထည့်ပေးထားရပါသည်။ ကပ္ပိယရသေ့ကျော်ဝင်းကလည်း မချက်တတ် ချက်တတ်နှင့် ချက်ကျွေးရှာပါသည်။ ကျွန်ုပ်တို့ကလည်း မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးများ ဖြစ်ခဲ့ကြပါသည်။

ဆရာတော်ကြီး ဦးဆောင်လုပ်ကိုင်မှုကြောင့် ကေလာသတွင် ၁၃၆၃ ခု၊ ဝါဆိုပြီးတော့ ရေကန်ကြီးတစ်ကန်ပြီးခဲ့သည်။ ၁၃၆၉ ခု၊ ဝါဆိုပြီးတော့ မုခ်ဝကြီးတစ်ခု ကွန်ကရစ်နှင့် တည်ဆောက်ပြီး၏။ မှန်ကျောင်းတော်ကြီး တံခါးသံပန်းများတပ်ဆင်ပြီးပါသည်။ ဆံတော်ရှင် ဒါယကာ ရသေ့ကြီး(တိလ) နှင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေ၏ ပုံတော်များ ပြီးပါသည်။ မှန်ကျောင်းဆောင် ဆင်းတုတော်(ကြေးသွန်း)ရုပ်ရှင်တော်မြတ်ကိုလည်း မကိုင်၊ စလွယ်များ အသစ်ကပ်လှူနိုင်ခဲ့ပါသည်။ ၁၃၅၀ ခုတွင် ကေလာသတောင်ခြေရှိ ကိုးဆူဝတ်ကြီးကို အသစ်ပြုပြင်ပေးနိုင်ခဲ့ပါသည်။ ၁၃၅၁ ခုတွင် မွေ့စကြာ အာရုံခံတန်ဆောင်းကြီးတစ်ခုကို အဟောင်းနေရာတွင် အသစ်ဆောက်ပေးခဲ့ပါသည်။ သီလရှင်ဇရပ်ကိုပါ ပြုပြင်ပေးခဲ့ရပါသည်။

၁၃၅၂ ခုတွင် စိန်ဖူး၊ ငှက်မြတ်နားတော်များတွင် မသမာသူများ၏ အန္တရာယ်ကြောင့် ပြန်လည်ပြုပြင်တင်လှူခဲ့ကြရပါသည်။ သူခိုးများသည် နှစ်ကြိမ်တိုင်အောင် ထပ်ကြိုးစား

www.burmeseclassic.com

၁၃၅၃ ခု ဝါခေါင်လထဲတွင်
မိုးကြိုး ၁၂ ချက်
အပစ်ခံရခြင်းကို
မျက်မြင်ကြုံရပါသည်။
အုန်း၊ ငှက်ပျောပွဲ ဇလုံပါ
လွင့်စဉ်သွားခဲ့ပါသည်။
အံ့သြခြင်းကြီးစွာ
ဖြစ်ခဲ့ရပါသည်။
လက်ဖြောင့်တပ်သားတစ်ဦးက
ချိန်တွယ်ပစ်ခတ်နေခြင်းမျိုးပင်။

ပါသေးသည်။ ကျွန်ုပ်တို့ ကင်းစောင့်အဖွဲ့များနှင့် ထိပ်တိုက်တိုးမိပြီး ခွေးပြေးဝက်ပြေး အသက်လုပြီး ထွက်ပြေးသွားကြရပါသည်။ စခန်းထိုင်နှစ်ဆက်ကိုင်အောင် ကောလာသတွင် ငါးဝါဆက်တိုက် ဆိုခဲ့ဖူးပါသည်။ ရှင်သာမဏေဝတ်ဖြင့် သုံးနှစ်ဆက်တိုက်နေခဲ့ပြီး ကျန်နှစ်နှစ်မှာ ဝါဆိုမှတက်ပြီး နေခဲ့ခြင်းဖြစ်ပါသည်။ ဝါကျွတ်ပြီးသည်နှင့် ပြန်ဆင်းပြီး ဌာနချုပ်တွင် နေခဲ့ရပါသည်။

ထိုနှစ်နွေက မြကျိုင်းကောင်တွင် နေခဲ့ပြီး ရွှေကျွန်းဦးနှင့် မြကွန်းသာ စေတီနှစ်ဆူတည်ရာသို့ လုပ်အားဒါနသွားပြုခဲ့ကြပါ၏။ မုသင်ရွာဝမှ ဖောင်တော်ဦး၊ ဖောင်တော်လယ်၊ ဖောင်တော်ပဲ့ စေတီသုံးဆူကိုတော့ သွားရောက်နေထိုင်ပြီး တည်ဆောက်ပြုပြင် ထီးတော်တင်ခဲ့ရပါသည်။

ဝါဆိုချိန်တွင် ဇင်းကျိုက်တောင်ထိပ်သို့ တက်ခဲ့ရပါသည်။ ဆံတော်ရှင်စေတီကြီးသို့ ကားလမ်းကြောအကြမ်းထည် ဖောက်နေကြပါ၏။ ဝါတွင်းတွင် မိုးကြိုးထပ်ခပါ၏။ စိန်ဖူးတော် ဖန်အုပ်ဆောင်း လန့်ကွဲပါ၏။ အာရုံခံတန်ဆောင်းကြီး မိုးယိုနေသည့်ကြားမှ မိုးကြိုးကြောင့် အပေါက်များ ၁၀ ခုကျော်ထပ်ဖြစ်ခဲ့ပါသည်။

၁၃၅၃ ခု ဝါခေါင်လထဲတွင် မိုးကြိုး ၁၂ ချက် အပစ်ခံရခြင်းကို မျက်မြင်ကြုံရပါသည်။ အုန်း၊ ငှက်ပျောပွဲ ဇလုံပါ လွင့်စဉ်သွားခဲ့ပါသည်။ အံ့သြခြင်းကြီးစွာ ဖြစ်ခဲ့ရပါသည်။ လက်ဖြောင့်တပ်သားတစ်ဦးက ချိန်တွယ်ပစ်ခတ်နေခြင်းမျိုးပင်။ ဆရာတော်ကို တင်ပြလျှောက်ထားခဲ့ရာတွင် အဖြေပေးခဲ့ပါသည်။ ဥပမာ-ကျွန်ုပ်တို့အား ဝက်သား၊ အမဲသားများနှင့် ဆွမ်းကပ်လှူသကဲ့သို့ပင်ဟု မိန့်ခဲ့ပါသည်။ ဆရာတော်၏ နိုင်းနှိုင်းဥပမာပေးချက်မှာ အလွန်ပင် သဘာဝကျလှပါသည်။

ထိုဝါကျွတ် ဆောင်းဦးပေါက်တွင် ဇင်းကျိုက်ဆံတော်ရှင်စေတီကြီးကို ငြမ်းဆင်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားများ ဖြုတ်ချပြီး ပြုပြင်ခဲ့ကြပါသည်။ စေတီကြီး၏ ကြာမှောက်ထိသာ ရွှေချထားပြီး အောက်ပိုင်းမှာ သစ်စေးမည်းများရှိနေရာမှ ရွှေသက်န်းများ ကပ်လှူနိုင်ခဲ့ပါသည်။ ခေါင်းလောင်းတော်ထိ ရွှေဆိုင်းပေါင်း ၃၅၀ ခန့် ကပ်လှူခဲ့ရာ တစ်ဆိုင်း ကျပ် ၅၀၀ ဈေး ဖြစ်ပါသည်။

သထုံရွှေဇာရုံစေတီတော် ဂေါပကအဖွဲ့များကလည်း လိုအပ်သည့်ပစ္စည်းများ ငှားရမ်းကူညီကြပါသည်။ ရဲမှူးဦးရင်စိန်(လေးမြို့နယ်)ကလည်း ကားဖြင့် သယ်ပို့ကူသိလ်ယူပါသည်။ ငြမ်းအတွင်း ရွှေသက်န်းကပ်လှူနေချိန်များတွင်ပင် ဝင်ရောက်ရွှေချဖူးပါသည်။ ငှင်းငြမ်း ဝါးများကို ဝါတွင်းကာလတွင် ကတွန်ရွာမှ လူငယ်များ လုပ်အားဒါနပြု တောင်ထိပ်ကျော်၊ ခုတ်ယူစည်းနှောင်ပြီး ဆွဲတင်စုဆောင်းပေးပါသည်။ ဂေါပက ဦးမောင်စီနှင့် ဦးမောင်ဝင်းတို့မှ ဦးဆောင်စုရုံးပေးခဲ့ပါသည်။

ငြမ်းဆင်ပြီး သစ်ဆေးသုတ်ထားချိန်သည် အပင်ပွင့်ချိန်ဖြစ်၍ သစ်စေးမခြောက်ခဲ့ပါ။ မခြောက်သေးသော သစ်စေးပေါ်တွင်ပင် အနုတ်အသွင်း(သစ်စေး)လုပ်ပြီး ရွှေချခဲ့ရပါသည်။ ပြာသိုလ သစ်ပင်များပွင့်ချိန်ပြီး နောက်တစ်ခေါက် တပို့တွဲ၊ တပေါင်းတွင် သစ်စေးခြောက်ပြီး ရွှေချသက်န်းကပ်ခြင်း အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ဆရာတော်ကြီး ဦးစီးခေါင်ရွက်ညွှန်ကြားမှုများကြောင့် အာရုံခံအပေါင်းအစား အသစ်တည်ဆောက်လှူဒါန်းနိုင်ခဲ့ပါသည်။ အာရုံခံတန်ဆောင်း ကွန်ကရစ်လောင်းနေစဉ်မှာပင် တောမီးလောင်ပြီး စေတီပတ်လည်ရောက်လာ၍ ဆင်းငြိမ်းသတ်ရပါသေးသည်။ မင်္ဂလာရေကန်ကြီးမှ ရေထမ်းဆိုင်းပုံးများဖြင့် ဆင်းထမ်းသယ်ယူကြရပါသည်။ ကွန်ကရစ်လောင်းရန်ရေအပြင် မီးသတ်ရေပါ လုပ်လိုက်ရ၏။ မင်္ဂလာရေကန်ကြီး၏ အမိုးနိုင်းပိတ်သစ်ပြားများ မီးဟပ်သောကြောင့်လည်း ငြိမ်းသတ်ပေးခဲ့ရပါသေးသည်။

ငှင်းကန်အနီးတွင် ဦးသောဘိတ



www.burmeseclassic.com

www.burmeseclassic.com

၁၀ ဝါကျော် ဝါဆိုနေခဲ့ဖူးပါသည်။ နှစ်များမကြာမီ အဓိဋ္ဌာန်ဝင် ယောဂီတစ်ဦးနောက် လူထွက်ပြီး လိုက်သွားကြောင်း ကြားရပါသည်။ တိုက်ပွဲကျစ်သူကြီးပေတည်း။ ၎င်းကန်အပေါ်မြင့်တစ်ဆင့် တောင်ခါးပန်းတွင် ဝိသာခါရေကန်ကြီးနှင့် ရဟန္တာသိမ်ကြီး တည်ရှိပါသည်။ အဓိဋ္ဌာန်ဝင် မွန်ရဟန်းများ လာရောက်သီတင်းသုံးလေ့ရှိပါသည်။

ကျွန်ုပ်တို့အဖွဲ့သားများမှာ သံဇရပ်နှင့် ရင်ပြင်တော်မှန်ခန်းတွင် သီတင်းသုံးကြရသည်။ ဝိဇ္ဇာညီနောင်(ဗျတ်ဝိ၊ ဗျတ္တ) စေတီအနီးတွင် ဆရာတော်ကြီးကြွလာချိန် သီတင်းသုံးတိုက်ကျောင်းတစ်ဆောင် ဆောက်လုပ်ခဲ့ပါသည်။ ၎င်းတိုက်ကျောင်းဆောင်အတွက် ဘိလပ်မြေများ ထမ်းတင်လာကြပြီး မဆလာဖျော်စပ်မှ အတုမှန်းသိခဲ့ကြဖူးပါသည်။ ကျောင်းဒကာ ဦးလှိုင်မြင့်(လွှန်) ဆင်ဖြူနီနောင်ရွှေဆိုင်က ပြန်လဲလှယ်ဝယ်ဆောင်ပေး၍သာ ကျောင်းပြီးခဲ့ပါသည်။

၁၃၅၃ ခု၊ ဝါကျွတ် ကထိန်ပြီးချိန်တွင် ကတွန်မှန်ကူညီနောင်ကျောင်းမှ တာဝန်ခံဦးကုန္ဒက(မောင်မောင်)က လူထွက်ချင်သည်ဆို၍ ကျွန်ုပ်တောင်ထိပ်မှ ဆင်းနေပေးပါသည်။ သို့သော် လူမထွက်ဖြစ်ဘဲ ရေလယ်ဖောင်တော်ဦး(မုသင်)စမ်းရေဝကျောင်းတွင် တစ်ဆောင်းတွင်း သီတင်းသုံးပြီး တန်ခူးလစိန်ဖူးပွဲတွင် ပြန်လည်ရောက်ရှိလာပြီး တောင်ထိပ်(ဇင်းကျိုက်)ဆံတော်တွင် လေးဝါခန့် ဆက်ကြာခဲ့ပါသည်။ ကုန္ဒက(မောင်မောင်)သည် ဦးဆောင်ခေါင်းစီးမလုပ်ချင်ဟု ဆိုသောကြောင့် (ကုပ်စီး) ဒုတာဝန်ခံအဖြစ် ကေလာသတွင် ဝါဆိုစေခဲ့ပြန်ပါသည်။ သို့သော်လည်း . . . ဝါကျွတ်ချိန်တွင် လူထွက်သွားပြီး နှစ်နှစ်ခန့်အကြာတွင် ရဟန်းပြန်ပြုခိုင်း၍ ဇင်းကျိုက်ဆံတော်ရှင်တွင်ပင် သုံးဝါဆက်ဆိုပြန်ပါသည်။ နောက်(ကုပ်စီး) ဒုတာဝန်ခံ ကေလာသတွင် ဦးဝီရိယ(ဦးကျောက်)နှင့် တွဲပေးလိုက်ပြန်ပါသည်။ ဝါကျွတ်သောအခါ နေမကောင်းဖြစ်ပြီး ဆေးကုံသော်လည်း ပျံလွန်တော်မူသွားရပါသည်။ ပြော်...သထုံဇာတိသားတစ်ပါး အသေထွက်သွားပြန်ပါကော။

ဆရာတော်ကြီးသည် ဆံတော်ရှင်စေတီ သာသနာတော်ကို ဆက်ခံထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ရဟန်းများကို ဆက်တိုက် မွေးထုတ်လာခဲ့သော်လည်း အသေထွက်နှင့် အရှင်ထွက်ဖြစ်ကုန်သူများလည်း ရှိခဲ့ပါသည်။ သို့သော် တစ်ပါးဆင်း တစ်ပါးတက်ဖြင့် ဆက်လက်လာနိုင်ခဲ့ပါသည်။ ဆရာတော်ကြီး၏ အတွင်းနေ အရင်းနေ တတ်ရင်းဝင်တပည့်ကြီးအဖြစ် ခံယူချက်ပြင်းထန်၊ ဆုံးဖြတ်ချက်ခိုင်မာသူများ သာသနာ့ကျွန်စစ်သားဖြစ်ပြီး နေနိုင်ခဲ့ကြပါသည်။

၁၃၅၄ ခု ဝါကို ဘီးလင်းမြို့နယ် မုသင်ကျေးရွာအုပ်စု၊ ပိုင်းပတ်ရွာ၊ သက္ကထူပ ဆံတော်ရှင်စေတီကျောင်းတွင် ဝါဆိုခဲ့ပါသည်။ ဝါဆိုအစည်းအဝေးသွားမတက်နိုင်ခဲ့ဘဲ ကျောင်းစောင့်အဖြစ် ဇင်းကျိုက်ဆံတော်တောင်ထိပ် မှန်ခန်းကျောင်းလေးတွင် နေပေးရာမှ ဆင်းလာပြီး ဌာနချုပ်ဝင် ဦးတိုက်ကာ သွားနေခဲ့ရပါသည်။

ဝါဆိုတက် ဦးဝိလာသနှင့် ယောဂီ ဒေါ်ပြုံးရီ၊ နတ်ကဒေါ် ဒေါ်ရင်မေ (မုတ္တမ)၊ ဒေါ်သွေးနှင့် မကြည်တို့ဖြင့် တစ်ကျောင်းစီ နေထိုင်ခဲ့ပါသည်။ ဂေါပက(သာယာကုန်း)ဦးကျော်မြင့် အဖေလည်း မကြာခဏ လာပါ... တတ်ဆီမီးစက်(ဟွန်ဒါ)လေး ပျက်နေ၍ ဦးကျော်လှကို လာပြင်ပေးစေရန် ဆရာတော်ထံဝင် ဝင်ပြလျှောက်ထားရ... သေးသည်။ ဆရာတော်ကြီးမှ လိုအပ်... ပစ္စည်းများပေး၍ ဆံတော်စေတီ... လျှပ်စစ်မီးညစဉ် တစ်နာရီကျော် ပွ... ရပါသည်။ ဆရာတော်ကြီး၏ ပြင်းထန်... ကြီးမားလွန်းသော အဓိဋ္ဌာန်ချက်များ... ကြောင့် ဆံတော်စေတီများအားလုံး ညစဉ် လျှပ်စစ်မီးလုံး မီးချောင်းများဖြင့် ထိန်လင်းလာနိုင်ခဲ့ပါသည်။

ရန်ကုန် ငါးသုံးလီ ဒကာ၊ ဒကာ... များက လိုအပ်သော ဒီဇယ်၊ ဓာတ်... များကို ဒိုင်ခံလှူဒါန်းပေးနေခဲ့ကြပါသည်။ ၎င်းတို့ကို "သာသနာ့ငါးထောင် ... တော်ဖွင့်အဖွဲ့"ဟူ၍ ၂၂ မြို့နယ် ဒကာ... ဒကာမများဖြင့် ဖွဲ့စည်းထားခဲ့ပါသည်။ မြေစာရင်းညွှန်ချုပ်ဦးစိန်မြင့်နှင့် ကို... ဦးဆောင်ခဲ့ပါသည်။ ၎င်းအဖွဲ့မှ ထ... ဆွမ်းအလှူငွေများကို စည်းဝေးဆုံး... ကြပြီး အလှည့်ကျ လာရောက်လှူ... လေ့ ရှိနေဆဲပါ။ ထီးတော်တင်ပွဲ... တိုင်း ဟီးနိုးကားများ စင်းလုံးငှား... လာရောက်ကြပါသည်။

နတ်ထီးသျှ...



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်…ဖိုးကဲလေး…"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မဟိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ခော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုဘိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့…တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့…"

"ဒေါ်စိန်ရင်ရဲ့ မရှော့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ ဝက်ခြံ မိတ်ဖု၊ သွေးယား ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ…တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မှိုမော်၊ ပျို့အန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့…"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ

## လင်းရောင်တင်



www.burmeseclassic.com

# လူထဲက အစ
# အစထဲက လူ
## ၆၈




### မြန်မာမှန်ရင် ပုဂံကို ရောက်ဖူးရမယ်

တစ်နေ့ထွက်၍ တစ်နေ့ဝင်၊ ရက်လနှစ်တွေ အလီလီ ပြောင်းလာခဲ့ရာမှ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မဟေသီတို့ အိမ်ထောင်သက်မှာ နှစ်လေးဆယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်ပါ၏။ အိမ်ထောင်သက် နှစ်လေးဆယ် ရောက်လာသကဲ့သို့ အသက်တွေလည်း ခြောက်ဆယ်ကို ကောင်းကောင်းကျော်လာခဲ့ပြီ ဖြစ်ပါ၏။ အိမ်ထောင်သက်နှစ်လေးဆယ် အထိမ်းအမှတ်အဖြစ် အလှူဒါန်ပြုရမည်လော၊ မိတ်ဆွေသူငယ်ချင်းများကို အစားအသောက်ကောင်းကောင်း ဖိတ်ကျွေးလျက် မိတ်ဆုံစားပွဲလုပ်ရမည်လော · · ·။ ကျွန်ုပ်ကောင်းကောင်း တွေးခဲ့မိ၏။

ထိုကိစ္စကို မဟေသီအား ပြောပြသောအခါ· · ·

"အထိမ်းအမှတ်လုပ်ချင်ရင်တော့ တခြားမလုပ်နဲ့၊ ကျွန်မမရောက်ဖူးသေးတဲ့ ပုဂံဘုရားတွေလိုက်ပို့၊ ဘယ့်နှယ်လဲ"

ဟူ၍ ပြောလာလေ၏။ ဟုတ်တော့လည်း ဟုတ်၏။ သူ့ခမျာ အသက်ခြောက်ဆယ်ကျော်လာခဲ့ပြီး ပုဂံဘုရားတွေ တစ်ခေါက်မျှ မဖူးဖူးသေးချေ။

"မြန်မာမှန်ရင် ပုဂံကိုရောက်ဖူးရမယ်"

ဆောင်ပုဒ်လိုလို၊ ရှေးစကားလိုလို မြန်မာတွေ ပြောကြလေ့ရှိသည့် ထိုစကားကို ကြားဖူးကြပါလိမ့်မည်။ ထိုစကားတစ်ခွန်းသည် မြန်မာများ၏ ရင်ထဲမှာ စူးနစ်ဝင်ရောက်နေလေ့ရှိကြ၏။ ကျွန်ုပ်၏ မဟေသီကလည်း ထိုစကားကိုပင် ဖော်ကျူးခဲ့၏။

"မြန်မာမှန်ရင် ပုဂံကိုရောက်ဖူးရမယ်တဲ့ မောင်ရဲ့။ လိုက်ပို့မယ်မဟုတ်လား"

"ပို့ဆိုရင်လည်း ပို့ရမှာပေါ့ မိန်းမရယ်၊ ဒါပေမယ့် မင်းကို လိုက်ပို့မယ်ဆိုရင်တော့ တို့တစ်တွေ သူငယ်ချင်းတွေနဲ့ သွားတဲ့နည်းတော့ ရမှာမဟုတ်ဘူး။ အများကြီးကုန်ကျလိမ့်မယ်"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ မင်းက ရေအိမ်သုံးရင် ဗိုလ်ထိုင်မှ သုံးလို့ရတယ်မဟုတ်လား။ ဒီတော့ တည်းခိုခန်းကောင်းကောင်း တည်းရမယ်၊ ပိုက်ဆံများများပေးရမယ်၊ ပြီးတော့ မော်တော်ဆိုင်ကယ်လိုဟာမျိုးနဲ့ သွားလို့ဖြစ်မှာ မဟုတ်ဘူး။ ကားစင်းလုံးငှားရမယ်၊ မြင်းလှည်းစင်းလုံးငှားရမယ်၊ ဘုရားဖူးကားတွေနဲ့လည်း သွားလို့မဖြစ်နိုင်ဘူး"

"ဟုတ်တော့ ဟုတ်တယ်နော်"

"ဟုတ်တာပေါ့။ ဘုရားဖူးကားတွေက ဘုရားစုံအောင် လိုက်တော့ပို့လိမ့်မယ်၊ ဒါပေမယ့် .တစ်နေရာ တစ်နေရာ ကြာကြာနေချင်လို့လည်း ရမှာမဟုတ်ဘူး။ လူအများနဲ့ဆိုတော့ သွားသုတ်သုတ်၊ လာသုတ်သုတ်နဲ့နေမှာ။ ဘုရားများများဖူးချင်ရင် မြန်မြန်ဖူးဆိုတဲ့ စနစ်နဲ့ ရှုတ်ခနဲ ရှုတ်ခနဲ အပြေးအလွှားဖူးရမှာ၊ မင်းက အပြေးအလွှားလည်း မသွားနိုင်ဘူး။ တို့က လိပ်တိုးတိုးတို့ လိပ်ဘွားဘွားတို့လို တရွေ့ရွေ့သွားပြီး အေးအေးဆေးဆေး နားနားနေနေဖူးမှ ဖြစ်မှာ"

"ဒါတော့ ဟုတ်တယ် မောင်၊ ကျွန်မက ဘုရားဖူးတာ အာရုံယူပြီး ဖြည်းဖြည်းဖူးချင်တာ"

ဤသို့ အချီအချပြောဆိုရင်း ကျွန်ုပ်တို့လင်မယား ပုဂံ ဘုရားဖူးထွက်ဖြစ်ခဲ့ကြ၏။ ၂၀၁၃၊ နိုဝင်ဘာလ ၂၂

■ လင်းရောင်တာ



www.burmeseclassic.com

www.burmeseclassic.com

ရက်နေ့ကို ခရီးစတင်ထွက်ရက်အဖြစ် ရွေးချယ်ခဲ့ကြပြီး ရွှေမန္တလာ အိတ်စ်ပရက်စ်ကားနှင့် ညောင်ဦးကို ထွက်ခဲ့ကြ၏။ ညနေစောင်း ၃ နာရီကားနှင့် ထွက်လာရာ မနက် ၅ နာရီခန့်တွင် ညောင်ဦးသို့ ရောက်ခဲ့ကြ၏။ ကားဂိတ်တွင် မြင်းလှည်းဆရာတစ်ယောက်က လာခေါ်သဖြင့် အခန့်သင့်ပင် လိုက်ပါသွားခဲ့ကြ၏။

အရေးကြီးဆုံးက မိုလ်ထိုင်အိမ်သာနှင့် အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါသည့် တည်းခိုခန်းကို အလျင်ပို့နိုင်းရပါ၏။ "ကိုမောင်လှ"ဟုခေါ်သည့် မြင်းလှည်းဆရာကလည်း သဘောကောင်းမနော ကောင်းပါ၏။ ကျွန်ုပ်တို့နှင့် သင့်လျော်မည့် တည်းခိုခန်းကို စိတ်ရှည်လက်ရှည် လိုက်ပို့ပေးပါ၏။ ဈေးနှုန်းလည်း သင့်လျော်ပြီး ရေပူ၊ရေအေးပါ တွဲစပ်သုံးနိုင်သည်။ ဝင်းနား(Winner) တည်းခိုခန်းသို့ ပို့ပေးပါ၏။ တစ်ရက်ကို တစ်ယောက်တစ်သောင်း ပေးရ၏။ ထိုတည်းခိုခန်းမှာ နိုင်ငံခြားသားဧည့်သည် အများဆုံးတည်းခိုသည်ကို တွေ့ရ၏။

ဘုရားများ လှည့်လည်ဖူးမြော်ရန် တက္ကစီကားတစ်စီးကို တစ်နေ့လုံးပုတ်ပြတ် ငါးသောင်းပေးရမည်ဆို၏။ အသိုက်ကြီး အသွားကြီးလင်မယား တစ်နေ့ကုန် "နမ်းစတော့" မဖူးနိုင်ပါ။ လှည်းဝင်ရိုးသံ တည့်ည့် ပုဂံဘုရားပေါင်း အကုန်လည်း မည်သို့မျှ ဖူးနိုင်မည်မဟုတ်ပါ။ သည့်အတွက် "ကိုမောင်လှ"မြင်းလှည်းနှင့်ပင် လှည့်လည်ဖူးမြော်ရန် ဆုံးဖြတ်ခဲ့ကြရ၏။

"တစ်နေ့လုံးဆိုရင်တော့ နှစ်သောင်းယူပါတယ်ဆရာ"

"တစ်နေ့လုံးဆိုတာ ဘယ်အချိန်က ဘယ်အချိန်လဲ"

"မနက် ၈ နာရီ၊ ၉ နာရီလောက်ကနေ ညနေ ၄-၅ နာရီအထိပေါ့ ဆရာကြီးရယ်"

"အဲသလောက် တစ်နေကုန် မလိုဘူးကွာ။ တို့က မနက် စောစော ၆ နာရီလောက်ထွက်ပြီး ၁၁ နာရီ၊ ၁၂ နာရီလောက် ပြန်နားချင်တယ်။ ညနေဘက်ကို ဟိုဟိုဒီဒီ လမ်းလျှောက်တာ ကောင်းတယ်။ နောက်နေ့တစ်ရက် ဆက်လည်မယ်။ မင်းဘယ် လောက်ယူမလဲပြော･･･"

"တစ်ရက်ကို တစ်သောင်းခွဲယူမယ်ဆရာ"

"ကောင်းပြီလေ။ မင်းကြိုက်တဲ့အစီအစဉ်နဲ့ ဘယ်ဘုရားကနေ စပြီးပို့ပို့ ရတယ်။ အာနန္ဒာတို့၊ သဗ္ဗညုတို့၊ ရွှေဂူကြီးတို့လို နာမည်ကျော်ဘုရားတွေ ရောက်ရင် ပြီးတာပဲ"

ဤသို့ဖြင့် မြင်းလှည်းဆရာ ကိုမောင်လှနှင့် ကျွန်ုပ်တို့ သဘောတူညီချက်ရပြီးနောက် ရောက်သည့်နေ့ မနက်ခင်းမှာပင် ပုဂံဘုရားများကို လှည့်လည်ဖူးမြော်ဖြစ်ကြလေ၏။ "မြန်မာတို့ရဲ့ ပုဂံ"ဟု တင်စားခေါ်ဝေါ်ကြသည့် ကျွန်ုပ်တို့၏ ပုဂံဒေသကို ခြေချရခြင်းသည် ကျွန်ုပ်အဖို့မှု ငါးကြိမ်မြောက် ခြေချဖူးခြင်း ဖြစ်ပါ၏။

ပုဂံရှုခင်းများသည် ကျွန်ုပ်၏အာရုံထဲတွင် အမြဲစွဲထင်နေသည့် ပုံရိပ်များပင်ဖြစ်၏။ ပုဂံသည် ကျွန်ုပ်နှင့် မစိမ်းသည့် အပြင် အလွန်တရာ ရင်းနှီးကျွမ်းဝင်နေသည့် ရေမြေဒေသလို ဖြစ်နေပါ၏။ ဘဝတစ်ခုခုက သွားလာလှုပ်ရှားခဲ့ဖူးသည့် နေရာတစ်ခုလိုပင် မှတ်မှတ်ထင်ထင် ရှိလှ၏။

"လှည်းဝင်ရိုးသံ တည့်ည့် ပုဂံဘုရားပေါင်း"

ဟူသော ဆိုရိုးသံပေါက် စာကြောင်းလေးကို မြန်မာတိုင်းလိုလို ကြားဖူးနားဝ ရှိကြမည် ထင်ပါ၏။ တချို့က လှည်းဝင်ရိုးသံ တည့်ည့် အထိ သင်္ကေတအက္ခရာကို ကောက်ယူပြီး နံသင့်ဂဏန်းဖော်ကာ လေးသန်းလေးသိန်းလေးသောင်း ခြောက်ထောင်ခုနစ်ရာသုံးဆယ့်သုံး ဟူ၍ အဓိပ္ပာယ်ကောက်ယူကြ၏။ ရှေး ပုဂ္ဂိုလ်ကြီးများအနေနှင့် ဂဏန်းမှတ်ယူရလွယ်အောင် နံသင့်အက္ခရာများဖြင့် လင်္ကာစာချိုး၍ မှတ်ကြရာ ဆို၍ကောင်းစေရန် စကားဖို၊ စကားမ လိုက်သည့်သဘော ကာရန်စာသား ထည့်၍ စပ်ခဲ့ကြဟန်တူ၏။

အမှန်မှာ "လှည်းဝင်ရိုးသံ"ဟူသည့် အက္ခရာလေးလုံးကိုသာ ကောက်ယူရမည့်သဘောဖြစ်ပြီး နောက်က "တည့်ည့်"ဟူသည့် အက္ခရာသုံးလုံးမှာ ဆို၍ကောင်းစေရန်၊ ကာရန်ငှဲပြီး ဆက်ထည့်လိုက်သည့် သုံးလုံးဖြစ်နိုင်၏။ သို့ဖြစ်၍ ပုဂံဘုရားပေါင်းမှာ "၄၄၄၆"သော်လည်းကောင်း၊ "၄၄၈၆"သော်လည်းကောင်း ဖြစ်နိုင်မည်ထင်ပါ၏။ သုတေသနပြုသူများက စာရင်းကောက်လျက် ဘုရားတစ်ဆူတွင် ဂဏန်းထိုးထိုးသွားသည်ကို တွေ့ရ၏။ ထောင်ဂဏန်းများသာ တွေ့ခဲ့ရပါ၏။

ကျွန်ုပ်တို့ငယ်စဉ်က ပုဂံရှိ အာနန္ဒာဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ရာတွင် အထက်ပစ္စယာအဆင့်ဆင့်သို့ တက်ရောက်၍ ရခဲ့ဖူးပါ၏။ အာနန္ဒာဘုရားပေါ်မှ ဆီး၍ ပုဂံဘုရားများကို လှည့်ပတ်ဖူးမြော်နိုင်ခဲ့ပါ၏။ ယခုအခါ၌မှု ဘုရား၏ ပစ္စယာ



www.burmeseclassic.com

www.burmeseclassic.com

မှုအခြေအနေများကို ထိခိုက်ပျက်စီးစေမည် စိုးသောကြောင့် အထက်ပစ္စယာများသို့ တက်ခွင့်မပြုတော့ကြောင်း တွေ့ခဲ့ရပါ၏။

ကျွန်ုပ်နှင့် ချစ်ဇနီးတို့သည် ပုဂံဘုရားများကို နေထွက်တပြူ(မနက်စောစော)၌ လှည့်လည်ဖူးမြော်ကြချိန်တွင် ရာသီဥတု သာယာသည့်အခါဖြစ်၍ မိုးပျံပူဖောင်း(မီးပုံးပျံများ)များ စီးနင်းလှည့်လည်နေကြသည်ကို တွေ့ခဲ့ရ၏။ မီးပုံးပျံဆယ်လုံးခန့် တွေ့ခဲ့ရပြီး နိုင်ငံခြားသားအများစုသာ စီးကြကြောင်း သိရ၏။ စီးနင်းခအဖြစ် ဒေါ်လာသုံးဘောင် ပေးဆောင်ရကြောင်းလည်း သိရ၏။ ဒေါ်လာသုံးရာဟုသည်မှာ မြန်မာငွေသုံးသိန်းခန့်ရှိသောကြောင့် လေယာဉ်ပျံစီးသည့် စျေးနှုန်းနှင့် အလားတူလောက် ရှိပါ၏။

ဓာတ်ငွေ့များကို သုံးစွဲ၍ အထက်သို့ တက်ရခြင်းကြောင့် လေယာဉ်ပျံစီးရသည်ထက် ပို၍ အန္တရာယ်များနိုင်သည်ကို တွေးမိပါ၏။ ငယ်စဉ်ကမှ မီးပုံးပျံကို အတော်သဘောကျခဲ့၏။ မီးပုံးပျံဦးကျော်ရင်အကြောင်း စာထဲတွင် ဖတ်ရှုရသောအခါ အားကျမိ၏။ ဆယ့်ငါးနှစ်သားခန့်အရွယ်တွင် ဦးကျော်ရင်လို မီးပုံးပျံစီးချင်စိတ်တွေ တဖွားဖွားပေါ်လာခဲ့ဖူး၏။

ကျောင်းနေဘက်သူငယ်ချင်းများနှင့် တိုင်ပင်ကာ အခြေအနေပေးလျှင် မီးပုံးပျံစီးကြရန် စိတ်ကူးယဉ်ခဲ့ဖူး၏။ စိတ်ကူးယဉ်ကြသည့် အခါကာလမှာ မီးပုံးပျံဖြင့် သွားလာလှည့်လည်ခြင်းများ ခေတ်စားမှု မရှိသေးချေ။ ယခု သူများတွေ မီးပုံးပျံဖြင့် ခရီးနှင်နေကြသည်ကို မော့ကြည့်ရသောအခါတွင်မူ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သောကြောင့်လား မသိ၊ မီးပုံးပျံစီးချင်စိတ်တွေ မရှိတော့ကောင်း ခံစားမိ၏။

မီးပုံးပျံစီးရမည်ကိုလည်း စိုးရွံ့မိ၏။ မီးပုံးပျံအဝတွင် ဂက်စ်မီးများ တရှူးရှူးတောက်လောင်နေသည်။ မီးညွန့်ပြာပြာများကို လှမ်းတွေ့ရသောအခါ အသည်းတွေ၊ အူတွေ ယားမိ၏။ "မတော်တဆ ချို့ယွင်းခဲ့သော်···"ဟူသည့် အတွေးများ မင်းမူလာနေသောကြောင့် ဖြစ်ပါ၏။ အသက်ကြီးလာသည်နှင့်အမျှ စိုးရိမ်စိတ်တွေ ကြီးမားလာလေသည်လော မပြောတတ်။

မီးပုံးပျံနှင့် ကောင်းကင်မှ လှည့်လည်ရသည်ထက် မြေပြင်ကပင် မြင်းလှည်းကလေးဖြင့် လှည့်လည်ရသည်ကို ပို၍ နှစ်သက်ကျေနပ် ပျော်ရွှင်နေမိပါ၏။

"ရွှေစည်းခုံကိုရည်စူး···အာနန္ဒာမှာ ကြည်နူး··· ဗူးဖုရားမှာနှစ်ဦးသားနားရာ သီတာသောင်ခြေဦး···မခွဲဘူး မခွာဘူး···အညာပုဂံဘုရားဖူး···"

မရတာရ မမှတ်မိတမိ "အညာပုဂံဘုရားဖူး"သီချင်း အပိုင်းအစလေးများကို ရင်ထဲမှာ ညည်းလျက် ဗူးဘုရားသို့ ရောက်ကြသောအခါ ဧရာဝတီမြစ်ရေပြင်ကို ငေးမောကြည့်ဖြစ်၏။ ငယ်ငယ်က မြင်ရသည့် ဧရာဝတီထက် ယခုမြင်နေရသည့် ဧရာဝတီမြစ်ရေပြင်သည် ကျဉ်းမြောင်းလာနေသည်ဟု ထင်မြင်မိ၏။ ဧရာဝတီနှင့် ပတ်သက်သော အကြောင်းအရာပြဿနာများကို တွေးမိပြန်သောအခါ ဧရာဝတီ မကောပါစေနှင့်၊ အမြဲမပြတ် စီးဆင်းနိုင်ပါစေဟုလည်း ဆုတောင်းမိ၏။

ဗူးဘုရားမှတစ်ဆင့် ဧရာဝတီကို ငေးမောကြည့်ရှုခွင့်ရသောအခါ ၂၀၁၁ ခုနှစ်တုန်းက ကျွန်ုပ်တို့ ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ရာမှ ဂင်္ဂါမြစ်ကြီးကို တံတားမှ ကားဖြင့်ဖြတ်ကျော်ခဲ့ရသည်ကို ပြန်၍အမှတ်ရမိပြန်၏။ တံတားမှ ကားဖြင့် ဖြတ်ကျော်ခဲ့ရသည်ကို ပြန်၍အမှတ်ရမိပြန်၏။ ဧရာဝတီမြစ်သည် မြန်မာတို့အတွက် အသက်သွေးကြော ဖြစ်ရသကဲ့သို့ ဂင်္ဂါမြစ်သည်လည်း အိန္ဒိယတိုင်းရင်းသားတို့အတွက် ကျေးဇူးရှင်မြစ်ကြီး ဖြစ်ပါ၏။

နယူးဒေလီမြို့ရှိ ကမ္ဘာကျော်အဆောက်အဦ"တပ်ဂျ်မဟာ"ကို ရောက်ခဲ့သောအခါ "ယမုံနာ"မြစ်ကြီးကိုလည်း တွေ့ခဲ့ရပါ၏။ ဂင်္ဂါ၊ ယမုံနာ၊ ဆွာရဝတီ···ဟုခေါ်သော မြစ်ကြီးသုံးစင်းသည် အိန္ဒိယတိုင်းသားတို့အတွက် အသက်သွေးကြောများ ဖြစ်ပါ၏။

## အချစ်ရူးကေရာင်ကြီး ရှာဂျဟန်

မြစ်ကြီးများအကြောင်း စဉ်းစားမိရာမှ တပ်ဂျ်မဟာ ကမ္ဘာကျော်အဆောက်အဦကြီးကို ဆောက်လုပ်ခဲ့သည့် ရှာဂျဟန်ဘုရင်ကြီးကို ပြေး၍အမှတ်ရမိပြန်၏။ မိဖုရားငယ်ငယ် ချောချောလေး ကွယ်လွန်ခဲ့ရာမှ မိဖုရားကိုလွမ်းတသည့် အထိမ်းအမှတ်အဖြစ် ထိုအဆောက်အအုံကြီးကို ခမ်းခမ်းနား



www.burmeseclassic.com

www.burmeseclassic.com

နား၊ ကြီးကြီးမားမား၊ ဝင့်ဝင့်ထည်ထည် ဆောက်လုပ်ခဲ့ခြင်း ဖြစ်၏။ ကမ္ဘာ့အံ့ဖွယ်ရာအဆောက်အဦကြီး ခုနစ်ခုထဲတွင် ထိုတပ်ဂျ်မဟာအဆောက်အဦသည် တစ်ခုအပါအဝင် ဖြစ်ခဲ့ပါ၏။ ငယ်စဉ်အလယ်တန်းကျောင်းသားဘဝက ထိုတပ်ဂျ်မဟာ ဂူဗိမာန်ကြီးကို ဓာတ်ပုံထဲမှာ တွေ့ရပြီး စိတ်ဝင်စားခဲ့ဖူး၏။ ကမ္ဘာကျော် လှပသော ဂူဗိမာန်ဖြစ်၍ ရောက်ဖူးလိုစိတ်များလည်း ပေါ်ခဲ့၏။

အမှန်တကယ် နယူးဒေလီသို့ရောက်သွားပြီး ထိုဂူဗိမာန်ကြီးကို ရင်သပ်ရှုမော တွေ့ရသည့်အခါတွင်ကား အချစ်အတွက်ကြောင့် တိုင်းပြည်ဘဏ္ဍာငွေတွေ အမြောက်အမြား ကုန်ရ၊ လူတွေပင်ပန်းဆင်းရဲရ၊ ချွေးတွေသွေးတွေနှင့် ရင်းခဲ့ရပြီး တိုင်းပြည်အတွက်မဟုတ်၊ အများပြည်သူလူထုအတွက် မဟုတ်၊ ချစ်သူငယ်ငယ်ချောချောလေးကို မမေ့နိုင်အောင် လွမ်းဆွေးသည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်၍ လှပခန့်နားသော်လည်း ဂုဏ်ယူစရာ အမှတ်တရတော့ မဟုတ်ချေ။

အာဏာရှင်ပဒေသရာဇ် ဘုရင်တစ်ပါး၏ အချစ်ရူးရူးသွပ်မှုအထိမ်းအမှတ်သာ ဖြစ်၏။ လှပစွာ ရစ်ခွေစီးဆင်းနေသော ယမုံနာမြစ်ကမ်းနံဘေးမှာ စကျင်ကျောက်ဖြူသားများဖြင့် တည်ဆောက်ထားသော တပ်ဂျ်မဟာအဆောက်အအုံမှာ အမှန်တကယ် ဗိသုကာလက်ရာမြောက်လှ၏။ ရှာဂျဟန်ဘုရင်ကြီးသည် မိဖုရားကို လွမ်းလွန်းသဖြင့် ဂူဗိမာန်နံရံပေါ်တွင် အချစ်ကဗျာရှည်ကြီးကို အာရဗီဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကိုလည်း တွေ့ခဲ့ရ၏။ နားမလည်သဖြင့် ရသတွေ၊ ဂုဏ်တွေ မည်ရွေ့မည်မျှ မြောက်သည်၊ မမြောက်သည်တော့ မပြောတတ်ချေ။

ရှာဂျဟန်ဘုရင်ကြီးသည် တိုင်းပြည်ဘဏ္ဍာငွေပေါင်းများစွာ၊ အသက်သွေးချွေးပေါင်းများစွာဖြင့် အချစ်ဂူဗိမာန် တပ်ဂျ်မဟာကြီး တည်ဆောက်ပြီးစီးရုံဖြင့် အားမရသေးချေ။ ယမုံနာမြစ်၏ ဟိုမှာဘက်ကမ်းတွင် တပ်ဂျ်မဟာနှင့် အလားတူ ပုံစံတူ၊ အရွယ်တူ နောက်ထပ်ဂူဗိမာန်တစ်ခု ထပ်မံဆောက်လုပ်လိုစိတ်တွေက ဖွားဖွားပေါ်လာခဲ့ပြန်၏။ နောက်ထပ်ဂူဗိမာန်တည်ဆောက်ရန် စိုင်းပြင်းနေဆဲမှာပင် သားတော်ဖြစ်သူက ထီးနန်းကို သိမ်းပိုက်လိုက်၏။ ဖခင်ဘုရင်ကြီးကိုလည်း နန်းချလိုက်၏။ ထိုသို့ပြုလုပ်သိမ်းပိုက်ရသည့် အဓိကရည်ရွယ်ချက်မှာ ခမည်းတော် ရှာဂျဟန်ဘုရင်ကြီး အချစ်ရူးရူး၍ အတောမသတ်နိုင်သေးဘဲ နောက်ထပ် တပ်ဂျ်မဟာကြီးတစ်ခု ယမုံနာမြစ်တစ်ဖက်မှာ တည်ဆောက်ဦးမည် စိုးသောကြောင့် ဖြစ်၏။

ငွေကုန်လူပန်း၊ တိုင်းပြည်အတွက်လည်း အကျိုးမပြုနိုင်မှုမရှိ၊ အုပ်ချုပ်ရေးလျော့ရဲကာ တိုင်းပြည်ချွတ်ခြုံကျလာသည့်အရေးကို တားဆီးသည့်အနေနှင့် သားတော်က အခြေအနေ ထိန်းလိုက်ခြင်း ဖြစ်ပါ၏။ ထိုမျှသာမကသေး၊ တပ်ဂျ်မဟာကြီးကို ဦးဆောင်ဆောက်လုပ်ပေးခဲ့သည့် ဗိသုကာဆရာအား ဖမ်းဆီးကွပ်မျက်လိုက်ပြန်၏။

ပဲလော့ကြား ဆားညှပ်ကာ ကျွဲနှစ်ကောင်ကြား မြေစာပင် ကြေသွားသည့်ကိစ္စ ဖြစ်၏။ သားအဖနှစ်ယောက်ကြား အဖိုးတန် ဗိသုကာပညာရှင်တစ်ယောက် အကြွေစောခဲ့ရခြင်း ဖြစ်ပါ၏။ သမိုင်းမှတ်တမ်းများထဲတွင် ထိုကဲ့သို့ ကိစ္စမျိုးများစွာ ရှိပါ၏။ ရှေးအခါက ကောင်းကင်ပျံနိုင်သော ယာဉ်ပျံများကို တီထွင်သူ၊ စကြာမစက်ရုပ်များ ပြုလုပ်သူ ဆရာကြီးများကို ဘုရင်ကောရာဇ်များက ကြာကြာမထား။ နောက်တစ်ဦးကို ထပ်လုပ်ပေးမည်ကို မလိုလားသောကြောင့် ကိစ္စတုံးပစ်ခဲ့သည့်သာဓကတွေ ရှိခဲ့ဖူးပါ၏။

တပ်ဂျ်မဟာကို တည်ဆောက်ပေးခဲ့သည့် ဗိသုကာပညာရှင်အား သတ်ခဲ့သည်ဆိုသည့်နေရာ နယူးဒေလီတွင်ရှိသည့် "နန်းတော်နီ"ထဲကိုမူ ကျွန်ုပ်တို့ သွားမကြည့်ခဲ့တော့ချေ။ သူများတွေ ဝင်ရောက်ကြည့်ရှုသည်ကို ဟီးနိုးကားကြီးပေါ်က ကိုယ့်နေရာကသာ ထိုင်စောင့်နေခဲ့ပါ၏။ ပညာရှင်ကို သုတ်သင်သည့်နေရာကို မကြည့်လိုသောကြောင့် ဖြစ်၏။ ပဒေသရာဇ်အာဏာရှင်မှန်လျှင် ထင်ရာစိုင်းကြသည်သာ ဖြစ်၏။ လိုလျှင်တစ်မျိုး၊ မလိုလျှင်တစ်မျိုးသမားတွေ ဖြစ်ကြ၏။

## ပုဂံမှသည် ရွှေမန္တလာသို့...

နောက်ထပ် ကျွန်ုပ် သိပ်ပြီးမဝင်ရောက်လိုသော နေရာတစ်နေရာကား ပုဂံမှာရှိသည့် "မနူဟာဘုရား" ဖြစ်ပါ၏။ မနူဟာဘုရင် သုံ့ပန်းနန်းကျအဖြစ် မြင်းကပါအရပ်တွင်



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းစံနေရစဉ် လက်ဝတ်တော်ကို ထုခွဲရောင်းချပြီးနောက် မနူဟာလျောင်းတော်မူဘုရားကို တည်ခဲ့သည်ဆို၏။ မနူဟာဘုရင်၏ အကျဉ်းစံစိတ်ကူးအရ စိတ်အကျဉ်းအကျပ်ဖြစ်နေသည်ကို ဖော်ကျူးသည့်အနေဖြင့် တန်ဆောင်းကျဉ်းကျဉ်းကလေးထဲတွင် လျောင်းတော်မူဘုရားကြီးကို တည်ထားခဲ့လေရာ လွန်စွာမွန်းကျပ်လှ၏။

လျောင်းတော်မူကြီးကို ဖူးမြော်ကြရာ၌လည်း လွတ်လွတ်လပ်လပ်မရှိ။ ဘုရားပလ္လင်နှင့် နောက်ဘက်က နံရံကို ထိလျက် ကျဉ်းကျဉ်းကျပ်ကျပ် ဖူးရ၏။ တစ်ကြိမ်ဝင်ဖူးပြီးနောက် တစ်ကြိမ်ဝင်ဖူးလိုစိတ် သိပ်မရှိ။ မနူဟာမင်း၏ ခံစားချက် ကူးစက်ကာ မွမ်းကျပ်ခြင်းဝေဒနာကို ခံစားရ၏။ ကိုယ့်အရပ်ကိုယ့်ဇာတ်နှင့်သာ ပျော်ရွှင်စွာနေလိုကြပြီး ဘယ်သူမျှ အကျဉ်းမခံလိုကြချေ။

နေ့ခင်းဘက်တွင် မြင်းလှည်းဆရာ ကိုမောင်လှ ပို့သမျှ ပုဂံတန်ခိုးကြီးဘုရားအဆူဆူကို လိုက်ဖူးပြီးနောက် ညဘက်ရောက်သောအခါ ရွှေစည်းခုံဘုရားပွဲသို့ လမ်းလျှောက်ကြ၏။ ညောင်ဦးလာသောအခါ တစ်ကလောက် တစ်ကလောက် မြည်သည့် မြင်းလှည်းကလေးတစ်စီးကို တားမြဲစီးကြ၏။ တော်ပါသေး၏။ တားမိသော မြင်းကြီးမှာလည်း ကိုမောင်လှမြင်းကြီးလိုပင် အားကောင်းမောင်းသန်ဖြစ်၏။ မြင်းခပ်သေးသေးဆိုပါက မစီးလို။ မနိုင်ဝန်ထမ်းလျက် အားကုန်ရုန်းရမည်ကို မကြည့်လိုသောကြောင့် ဖြစ်၏။

တစ်နေ့လုံး မြင်းလှည်းဖြင့် မလည်ဘဲ နေ့တစ်ဝက်သာလည်ရခြင်းမှာလည်း မြင်းကိုသနားသောကြောင့်လည်းပါ၏။ နေ့ခင်းဘက်နေပူပူတွင် ရုန်းရသောမြင်းသည် များသောအားဖြင့် အမြှုပ်တစီစီဖြင့် ပင်ပန်းစွာ ရုန်းရရှာသည်ကို ကြုံဖူး၏။ မောမောပန်းပန်းဖြင့် ဝန်ထမ်းရသည်ကို မကြည့်ရက်ချေ။

ပုဂံသို့ရောက်နေစဉ် စာဖတ်ပရိသတ်တစ်ဦးက နံနက်စာ တစ်ပွဲကို ပုဂံမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဖော်ရွေစွာကျွေးမွေးဧည့်ခံပြီး ညနေခင်းတစ်ခင်းတွင် ပုဂံနှင့် ခပ်လှမ်းလှမ်းမှ စာဖတ်ပရိသတ်များလည်း လာရောက်တွေ့ဆုံဂါရဝပြုကြပါ၏။ ကျွန်ုပ်ကလည်း ပြောဆိုဆောင်ရွက်နိုင်သမျှ အကြံပြုအကူအညီပေးလျက် အဆောင်အယောင်များ ပေးရပါ၏။ ရောက်သည့်အရပ်တွင် ဆွေမျိုးမိတ်ဆွေမရှားသော စာရေးဆရာဘဝကို ပို၍ မြတ်နိုးခုံမင်မိပါ၏။

ကျွန်ုပ်အား "ဝင်းနား" တည်းခိုခန်းတွင် လာရောက်တွေ့ဆုံကြသူများသည် မော်တော်ဆိုင်ကယ် ကိုယ်စီဖြင့် ဖြစ်ကြ၏။ နယ်မြို့များသည် မော်တော်ဆိုင်ကယ်ကို အားထားကြသည်က များပါ၏။ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်း၊ ကား စသည့်ယာဉ်ပေါင်းစုံ ပြေးလွှားသွားလာနေကြသော်လည်း ပုဂံမြို့တွင်း ဘုရားစေတီများ သွားရာလမ်းများကို ကတ္တရာမခင်းကြဘဲ မြေနီလမ်းကလေးတွေအတိုင်း၊ သဘာဝအတိုင်း ထားရှိကြ၏။

"ရှေးမှုမပျက်ချင်လို့ ကတ္တရာမခင်းတာလို့ ပြောတယ်"

မြင်းလှည်းသမား ကိုမောင်လှက ထိုကိစ္စကို ပြောပြ၏။ ဒါလည်း ကောင်းပါ၏။ ရှေးခေတ်ရှေးအောက်မေ့ဖွယ်အဖြစ် ခံစားကြရသည် မဟုတ်ပါလော။ "ရွှေစည်းခုံ" ဘုရားပွဲသို့ ညနေခင်းလမ်းလျှောက်ကြသောအခါ အဖေ့ထက် သားတစ်လကြီး နတ်သားအဖနှစ်ပါးနှင့် ပွဲစားကြီးနတ်တို့ကို တွေ့ရ၏။

အဖေ့ထက် သားတစ်လကြီး နတ်နှစ်ပါးမှာ ရယ်စရာကောင်းလှ၏။ အဖေဖြစ်သော နတ်ကို ခပ်မြင့်မြင့်တွင် တင်ထားပြီး သားတော်နတ်ရုပ်ကို အောက်ဘက်တွင် ထားသဖြင့် သားအဖ နတ်ရုပ်မှန်း သိသာ၏။ အဖေ့ထက် သားတစ်လကြီးဟု ဘာကြောင့်ခေါ်သည်ကို ငယ်စဉ် ပုဂံသို့ ပထမဆုံးအကြိမ်ရောက်စဉ်ကပင် စပ်စုကြည့်မိ၏။ လူကြီးတစ်ဦးက...

"အဖေ့ထက်သားတစ်လကြီးလို့ ဘာကြောင့်ခေါ်သလဲ မင်းသိချင်ရင် နတ်ရုပ်တွေဝတ်ထားတဲ့ ပုဆိုးတွေ သွားပြီး မကြည့်လိုက်ပါလား"

ဟု ပြောသောကြောင့် ကလေးပီပီ စပ်စုကြည့်သည့်အနေဖြင့် နတ်ရုပ်တွေကို ပတ်ထားသည့် ပုဆိုးစများကို ဖယ်ကြည့်ဖူး၏။ သည်တော့မှ သဘောပေါက်သွားခဲ့၏။ ရယ်လည်းရယ်မိ၏၊ လက်စသတ်တော့ အဖေ့ထက် သားကြီးသည်မှာ တစ်လမဟုတ်ဘဲ မုတ္တပိုကြီးနေသည်ကို ဆိုသကိုး။ အဖေ့မုတ္တက သေးသေး၊ သားမုတ္တက အကြီးကြီးလုပ်ထားသည့် ထူးထူးခြားခြား နတ်နှစ်ပါးကို အဖေ့ထက်သားတစ်လကြီး ဟူ၍ခေါ်ကြခြင်း ဖြစ်ပါ၏။

မည်သို့သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့မှန်း



www.burmeseclassic.com

www.burmeseclassic.com

မကြည့်ဖြစ်ခဲ့ချေ။ ပွဲစားကြီးနတ်မှာမူ ပွဲစားလုပ်ငန်းရှင်များ ကိုးကွယ်ကြသည့် နတ်ဖြစ်၏။ မိမိက ပွဲစားကြီးနတ်ကို ငွေတစ်ရာလှူလိုပါက တစ်ရာတန် နောက်တစ်ရွက်ထုတ်၍ ပေးရ၏။ ထိုတစ်ရာတန်ကို နတ်ထိန်းလုပ်သူက သုံးမြောင့်ပုံသဏ္ဌာန်လေး ခေါက်ပေးကာ• •

"ဒီပိုက်ဆံကို တခြားပိုက်ဆံတွေနဲ့ ရောထားရင် ငွေပွားတယ်။ ယုံယုံကြည်ကြည်ဆောင်ထားပါ"

ဟု ပြောသည်ကို တွေ့ရ၏။ ယခုအခေါက်တွင် ကျွန်ုပ်လည်း ပွဲစားကြီးကို တစ်ထောင်တန်တစ်ရွက်လှူပြီး ကိုယ့်အတွက် တစ်ထောင်တန် အဆောင်တစ်ရွက် သုံးမြောင့်ပုံခေါက်ထားသည်ကို ယူခဲ့ပါ၏။ တြိဂံပုံသုံးမြောင့်၏ ဓာတ်သဘောသည် သူ့အလိုလိုကောင်းပြီးသား ဖြစ်ပါ၏။ ခိုင်မာသောသဘော၊ ကံကောင်းစေတတ်သော သဘောဖြစ်ပြီး ရတနာသုံးပါးကိုလည်း အမှတ်ရစေသည့်အရာအဖြစ် လက်ခံခြင်း ဖြစ်ပါ၏။

အီဂျစ်နိုင်ငံရှိ တြိဂံပုံ ပိရမစ်ကြီးများမှာလည်း လွန်စွာခိုင်ခံ့ပြီး နှစ်ပေါင်းလေးထောင်ကျော်ခန့်မျှ မပျက်မစီးတည်ရှိနေခဲ့ကြသည်မှာ ထူးခြားသည့် တြိဂံသင်္ကေတကြောင့် ဖြစ်ပါ၏။ ပိရမစ်ကြီးများထဲသို့ မျက်စိလည်လမ်းမှားပြီး ဝင်ရောက်မိခဲ့သည့် တချို့သော ငှက်ကလေးများသည် အစာရေစာငတ်ပြတ်ပြီး ပိရမစ်ထဲတွင် သေဆုံးသွားကြသော်လည်း သူတို့၏ ရုပ်အလောင်းများသည် နှစ်ပေါင်းကြာမြင့်စွာ မပုပ်မသိုးဘဲ အကောင်းပကတိရှိနေကြောင်း တွေ့ကြရသည်ဆို၏။ သို့ကြောင့်ပင် မမ်မီရုပ်အလောင်းများကို ဆေးစီရင်ကာ သုံးမြောင့်ပုံ ပိရမစ်တွင်းမှာ သိုမှီထားခဲ့ကြခြင်း ဖြစ်နိုင်၏။

မှတ်ဆိတ်ရိတ်သည့် "ဘလိတ်ဓား"လေးများကိုလည်း ပိရမစ်တွင်းထည့်ထားလျှင် သံချေးမတက်ဘဲ နှစ်ပေါင်းများစွာ ခံနိုင်ကြောင်းသိရှိကာ ရေရှည်ခံနိုင်စေရန် ဘလိတ်ဓားများကို သုံးမြောင့်ပုံ(ပိရမစ်သဏ္ဌာန်)ဘူးများတွင် ထည့်၍ရောင်းချပါက ပို၍ကြာမြင့်စွာ သံချေးမတက်ဘဲ နေနိုင်ကြောင်း သိခဲ့ကြ၏။ သို့သော် ဘလိတ်ဓားကုမ္ပဏီများသည် သုံးမြောင့်စက္ကူဘူးများကို မသုံးဘဲ ယနေ့တိုင် လေးထောင့်ပုံသဏ္ဌာန်များကိုသာ သုံးစွဲနေကြ၏။ မည်သူမျှ သူတို့၏ ကုန်ပစ္စည်းကို အရောင်းထိုင်းပစ္စည်းမဖြစ်လိုကြသောကြောင့် ဖြစ်ပါ၏။

ပုဂံမြို့တွင် နှစ်ရက်မျှ လည်ပတ်ဖူးမြော်ပြီးကြသော အခါ ကျွန်ုပ်တို့ဇနီးမောင်နှံသည် မန္တလေးရွှေမြို့တော်ကြီးသို့ ဆက်လက်ခရီးတက်ခရီးဆက်ခဲ့ကြ၏။ ဈေးနှုန်းသင့်လျော်သော ၂၈ လမ်း ၈၀၊ ၈၁ ကြား "ဗီးနပ်စ်"တည်းခိုခန်းတွင် တည်းကြ၏။ စာရေးဆရာစိန်ဝင်း(ဘူမိ) ယခု (စာရေးဆရာနေအောင်လ)က နတ်လမ်းညွှန်လုပ်လိုက်သဖြင့် ဗီးနပ်စ်သို့ ရောက်ခဲ့ကြခြင်း ဖြစ်၏။

လေအေးစက်၊ ဗိုလ်ထိုင်အိမ်သာ၊ ရေပူရေအေးရေချိုးခန်း၊ ရေခဲသေတ္တာ၊ ဇာဗွီတို့ဖြင့် ပြည့်ပြည့်စုံစုံ တည်းခိုရသော နေရာဖြစ်၍ နတ်လမ်းညွှန်လိုက်သည့် ဆရာနေအောင်လကို ကျေးဇူးတင်မိပါ၏။ မန္တလေးသို့ရောက်ရှိစဉ် လာရောက်တွေ့ဆုံ ကျွေးမွေးပြုစုကြသော အစ်ကိုကြီး ဦးတင်မောင်မြင့်(အငြိမ်းစားပညာရေးမှူး)နှင့် ဇနီးဒေါ်ဝင်းရီ(အငြိမ်းစားသမဦးစီးမှူး)တို့နှင့် မိတ်ဟောင်းဆွေဟောင်းကြီး စာရေးဆရာအောင်ဝင်း(မန်း)တို့ကိုလည်း ကျေးဇူးတင်ရပါ၏။ မန္တလေးမြို့သို့ ကျွန်ုပ်သည် အခေါက်ခေါက်အခါခါ ရောက်ရှိပြီး တန်းခိုးကြီးဘုရားကြီး (မဟာမြတ်မုနိ)အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဘက်စုံလှူဒါန်းခြင်းတို့ကို အကြိမ်ရေမတွက်နိုင်တော့အောင်ပင် ဆောင်ရွက်ခဲ့ဖူးပါ၏။ ယခုနှစ်ဆိုပါက တစ်နှစ်တည်း နှစ်ခေါက်ရောက်ခြင်း ဖြစ်ပါ၏။ မန္တလေးရောက်တိုင်းလည်း ဘုရားကြီးကို မဖူးသည့်အခေါက်ဟူ၍ မရှိချေ။

တချို့သော ဓမ္မကထိကများက မန္တလေးဘုရားကြီး၏ မုဒြာပုံတော်ကို ခပ်ကြမ်းကြမ်းဝေဖန်၏။ အချွန်အတက်တွေ စလွယ်တွေနှင့် လုပ်ထားသည်ကို ဘုရားကြိုက်မှာလားဟု မေးခွန်းပြန်ထုတ်ကာ နားမလည်သည့် တရားနာပရိသတ်ကို နားဝေတိမ်တောင်ဖြစ်အောင် လုပ်၏။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် မာနကြီးလွန်းလှသော ဇမ္ဗူပတိမင်းချွတ်ခန်းအကြောင်း ကြားဖူးကြဟန် မတူ။ ဇမ္ဗူပတိမင်းထက်သာလွန်တန်ဖိုးရှိသော မကိုဋ်နှင့် စလွယ် စသည်တို့ကို ကိုယ်တော်တိုင် ဖန်ဆင်းဝတ်ရုံလျက် တန်ခိုးပြ ချေချွတ်တော်မူခဲ့သည်ကို ဂုဏ်ပြုပူဇော်သည့်အနေနှင့် ဤမကိုဋ်နှင့် စလွယ်များကို ဆင်ယင်သည့် မဟာမြတ်မုနိကိုယ်တော်ကြီးကို တန်ဆာဆင် ပူဇော်ထားကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မန္တလေး မဟာမြတ်မုနိဘုရားကြီးသည် မည်ကာမတ္တ မဟုတ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်ရှိထင်ရှားရှိစဉ် ကာလ ရင်ငွေ့ဝေဘ်ခုနစ်အုပ် လှုံကာ အသက်သွင်းပေးတော်မူခဲ့ရှာခြင်း သမိုင်းမှတ်တမ်းများရှိသည့် ဘုရားကြီးဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာတို့ ယုံကြည်စွာ ကြည်ညိုကိုးကွယ်နေကြသည့် မဟာမြတ်မုနိဘုရားကြီးကို ပြက်ရယ်ပြုသည့် ဟောတရားများပြောသည့် ဓမ္မကထိကသည် ဓမ္မမဟုတ်၊ အဓမ္မသာ ဖြစ်ကြောင်း တရားနာပရိသတ်များ ဆင်ခြင်ကြစေလိုပါ၏။

မန္တလေးမြို့ကြီးမှ မပြန်ခင် တစ်ရက်တွင် ကမ္ဘာကျော် ဦးပိန်တံတားသို့ သွားလိုသေးသည်ဆိုသဖြင့် ကားငှားကာ လိုက်ပို့ပေးရ၏။ ဟိုးယခင် အသက်သုံးဆယ်ကျော်လောက်က လင်မယားနှစ်ယောက် ဦးပိန်တံတားကို တစ်ခေါက်ရောက်ဖူးကြပါသေး၏။ ထိုစဉ်က ငါးပေါင်းကျော်နှင့် ကောက်ညှင်းပေါင်းကို မြိန်မြိန်ကြီးစားခဲ့ကြဖူးသော်လည်း ယခုအခေါက်တွင်မူ ကောက်ညှင်းပေါင်းနှင့် ငါးကြော် မစားဖြစ်ကြတော့ပေ။ (ကျွန်ုပ်သက်သတ်လွတ်စားသောကြောင့် ဖြစ်ပါ၏။) အုန်းစိမ်းရည်များသာ သောက်ခဲ့ကြ၏။ ဦးပိန်တံတားပေါ်မှ ရေပြင်ကို ဖြတ်တိုက်လာသည့် လေကို ရှူရသည်မှာ စိတ်ကိုလန်းဆတ်ကြည်လင်စေပါ၏။ ကမ္ဘာလှည့်ခရီးသည်တွေ အများဆုံးတွေ့ရသည့် နေရာလည်း ဖြစ်ပါ၏။

ဦးပိန်တံတားထိပ်တွင် ရေးဟောင်းပစ္စည်းများရောင်းနေသော ရှေးရှေးတုန်းက မိတ်ဆွေကြီး ကပ္ပိယတင်ထူးကို ပြန်တွေ့ခဲ့ရင် စာရေးဆရာ ကပ္ပိယတင်ထူးသည် ကျွန်ုပ်အား လွယ်လွယ်နှင့် မမှတ်မိသဖြင့် နာမည်ပြောလိုက်မှ အမှတ်ရ၏။ ဝမ်းသာအားရ ပွေ့ဖက်၏။ ယခင် ဆယ်နှစ်ကျော်က ကျွန်ုပ်သည် "ပါဝါ"ဟူသော အစောဆုံး ဂမ္ဘီရဂျာနယ်ကို အယ်ဒီတာချုပ်လုပ်ကာ ထုတ်ခဲ့ဖူး၏။ ထိုဂျာနယ်တွင် ကပ္ပိယတင်ထူးအမည်ဖြင့် ဆောင်းပါးရေးရာ ကျွန်ုပ်ကလည်း ထည့်ပေးလေ၏။

ထိုအခါ စာပေစိစစ်ရေးမှ ကပ္ပိယဟု ဝိသေသတ်ရှေ့မှာတပ်သော စာရေးဆရာ ရှိနေသောကြောင့် တခြားကလောင်ပြောင်းပေးပါဟု ကန့်ကွက်လာ၏။ ထိုကပ္ပိယရှေ့တပ်သည့် စာရေးဆရာမှာ ရေးက ဗိုအိုင်ပီဟုခေါ်သော မိုးကျရွှေကိုယ် ဖြစ်နေသဖြင့် "တင်ထူး-အင်း၀"ဟု ပြောင်းပေးခဲ့ရ၏။ အမှန်စင်စစ် ဆရာတင်ထူးသည် ကပ္ပိယတင်ထူးဟူသော အမည်ဖြင့် ဆောင်းပါးတွေ ရေးသားခဲ့သည်မှာ မိုးကျရွှေကိုယ်ထက် နှစ်ပေါင်းများစွာ စောပါ၏။ "အမှန်တရားများ" (အမှားတစ်ရံတစ်ခါ"ဖြစ်ခဲ့ရသည့်ကာလများ ကုန်ဆုံးပါစေသတည်း။

ဆရာတင်ထူး(အင်း၀)က ကျွန်ုပ်အား ရှေးဟောင်းဆင်းတုအချို့ ပေးလှူ၏။ ကျွန်ုပ်ကလည်း အဆောင်ကောင်းမများ ပြန်၍ ပေးလှူရ၏။ ထိုအဆောင်များကြောင့်လောမပြောတတ်။ စောစောက လူရှင်းနေသည့် ဆရာတင်ထူး၏ ခေတ်ဟောင်းပစ္စည်းဆိုင်ရှေ့တွင် နိုင်ငံခြားသားဧည့်သည်များ ဝိုင်း၍နေတော့၏။

ဇေယျတုသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**

**ဆရာကြီးလင်းရောင်တင်**

**နေ့လက္ခဏာသဃ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၁၀၆)၊ ဟိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ – 09 420014614**



www.burmeseclassic.com

www.burmeseclassic.com



# စည်းစိမ်ဥစ္စာ ရတနာမိုး ရွာသွန်းစေရန်

## ဓနသိဒ္ဓိနက္ခတ် နှင့် စန်းယှဉ်ချိန်တွင် ရွတ်ဆိုသင့်သည့်

# မဟာဝေဒဗ္ဗမန္တန်တော်ကြီး

ပုထုဇဉ် လူသားတို့သည် အလုပ်အကိုင်များ အဆင်ပြေစေရန်၊ စီးပွားဥစ္စာ လာဘ်ရတနာများ တိုးပွားစေရန်အတွက် ဂုဏ်တော်အမျိုးမျိုး၊ ဂါထာတော်အမျိုးမျိုး၊ မန္တန်တော်အမျိုးမျိုးတို့ကို ရွတ်ဆိုပွားများ ပူဇော်လေ့ ရှိကြသည်။

စာရေးသူကလည်း ရောင်ပြန်စာဖတ်ပရိသတ်ကြီး စည်းစိမ်ဥစ္စာ ရတနာမိုးများ ရွာသွန်းစေရန်အတွက် ယခု ၂၀၁၄-ခုနှစ် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်များတွင် ရွတ်ဆိုပွားများ ပူဇော်သင့်သည့် မဟာဝေဒဗ္ဗ မန္တန်တော်ကြီးကို ဖော်ပြပေးလိုက်ပါသည်။

ဤမဟာဝေဒဗ္ဗမန္တန်တော်ကြီးကို မရွတ်ဆိုမီ မိမိခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီး သန့်စင်သော အဝတ်အစားများကို ဝတ်ဆင်ပါ။

မြတ်စွာဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်ပြီး သရဏဂုံဆောက်တည်ကာ ငါးပါးသီလခံယူပြီး မေတ္တာပို့ အမျှဝေပါ။

ဘဝအဆက်ဆက်မှ မပြစ်မှားသင့်သည့် ပုဂ္ဂိုလ် များအပေါ် ပြစ်မှားမိခဲ့သည့်အပြစ်များရှိလျှင် ဝန်ချ တောင်းပန်ပြီး မိမိကိုယ်တိုင်ကလည်း အားလုံးအပေါ် ခွင့် လွှတ်စိတ်ထားကာ မိမိ၏ စိတ်ကိုလည်း ကြည်လင် သန့် ရှင်းအောင် ပြုလုပ်ထားရမည်။

ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန် ကျရောက်ချိန် တွင် မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို စတင်၍ ရွတ်ဆိုပူဇော် ပါ။ ဤမန္တန်တော်ကြီး ရွတ်ဆိုနေချိန်တွင် မြတ်စွာဘုရား အား အထူးကြည်ညိုစိတ်ထား၍ ပီပီသသ ရွတ်ဆိုရမည်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်များကို ဖော်ပြလိုက်ပါသည်။
၄-၁-၂၀၁၄ စနေနေ့ နံနက် ၁ နာရီ ၄၂ မိနစ်။
၃၁-၁-၂၀၁၄ သောကြာနေ့ မွန်းလွဲ ၁၂ နာရီ ၅၆ မိနစ်။
၂၇-၂-၂၀၁၄ ကြာသပတေးနေ့ ည ၁၁ နာရီ ၄၉ မိနစ်။
၂၇-၃-၂၀၁၄ ကြာသပတေးနေ့ နံနက် ၈ နာရီ ၂၇ မိနစ်။
၂၃-၄-၂၀၁၄ ဗုဒ္ဓဟူးနေ့ နေ့လယ် ၂ နာရီ ၃၈ မိနစ်။
၂၀-၅-၂၀၁၄ အင်္ဂါနေ့ ည ၇ နာရီ ၄ မိနစ်။
၁၇-၆-၂၀၁၄ အင်္ဂါနေ့ နံနက် ၂ နာရီ ၄၅ မိနစ်။
၁၄-၇-၂၀၁၄ တနင်္လာနေ့ နံနက် ၁၁ နာရီ ၄၁ မိနစ်။
၁၀-၈-၂၀၁၄ တနင်္ဂနွေနေ့ ည ၁၀ နာရီ ၄၆ မိနစ်။
၇-၉-၂၀၁၄ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၅၄ မိနစ်။
၄-၁၀-၂၀၁၄ စနေနေ့ ညနေ ၅ နာရီ ၄၉ မိနစ်။
၁-၁၁-၂၀၁၄ စနေနေ့ နံနက် ၁၂ နာရီ ၂၃ မိနစ်။
၂၈-၁၁-၂၀၁၄ သောကြာနေ့ နံနက် ၅ နာရီ ၄၅ မိနစ်။
၂၅-၁၂-၂၀၁၄ ကြာသပတေးနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်။

◆

## မဟာဝေဒဗ္ဗမန္တန်တော်ကြီး

ဤမန္တန်တော်ကြီး မရွတ်ဆိုမီ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' သုံးခေါက် ရွတ်ဆိုပါ။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ
မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါတိ။
နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သွာက္ခာတော၊ ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊
အကာလိကော၊ ဧဟိပဿိကော၊
သြပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ဝိညူဟီတိ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။



www.burmeseclassic.com

www.burmeseclassic.com

၃။ သံယံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊
အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ
လောကဿာတိ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ
ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၄။ သမာဒိယိ ပဉ္စသီလံ၊ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၅။ န ဇီဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၆။ န ဉာဏန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ အဘိဇ္ဇကာယောပိ၊ နတ္ထိ လောဟိတ
သူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၁၀။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၁၁။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ
သုခဝဍ္ဎနံ။

၁၂။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠီ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန ပဝဿန္တု၊ သတ္တ ရတနာ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠီ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တ ရတနာ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ
ဝရံ၊
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠီ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု၊ သတ္တ ရတနာ။

ဤမဟာဝေဒဗ္ဗ မန္တန်တော်ကြီးအား နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါက ငွေရေးကြေးရေး စီးပွားရေးများ ချောမောပြေပြစ် ချောင်လည်စေပါသည်။

အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်အတွင်း နေသိဒ္ဓိနှတ်ကွတ်ပေါ် စန်း(ခေါ်)ဖြတ်ကျော်ချိန်ဇယား

| လ | ရက် | စဝင်ချိန် | လ | ရက် | ထွက်ခွာချိန် |
|---|---|---|---|---|---|
| ဇန်နဝါရီ | ၄ | နံနက် ၂း၅၆း၀၂ | ဇန်နဝါရီ | ၅ | နံနက် ၀း၂၈း၅၄ |
| ဇန်နဝါရီ | ၃၁ | နေ့လယ် ၂း၀၈း၅၈ | ဖေဖော်ဝါရီ | ၁ | နံနက် ၁၁း၁၇း၁၆ |
| ဖေဖော်ဝါရီ | ၂၈ | နံနက် ၁း၀၃း၄၇ | | | ည ၁၀း၂၁း၄၅ |
| မတ် | ၂၇ | နံနက် ၉း၄၃း၃၀ | မတ် | ၂၈ | နံနက် ၇း၄၁း၃၅ |
| ဧပြီ | ၂၃ | မွန်းလွဲ ၃း၅၆း၄၀ | ဧပြီ | ၂၄ | မွန်းလွဲ ၂း၂၈း၁၀ |
| မေ | ၂၀ | ည ၉း၂၀း၃၈ | မေ | ၂၁ | ည ၇း၅၂း၂၅ |
| ဇွန် | ၁၇ | နံနက် ၄း၀၁း၀၄ | ဇွန် | ၁၈ | နံနက် ၁း၅၈း၁၈ |
| ဇူလိုင် | ၁၄ | နေ့လယ် ၁၂း၅၅း၄၉ | ဇူလိုင် | ၅ | နံနက် ၁၀း၁၃း၄၈ |
| ဩဂုတ် | ၁၀ | ည ၁၁း၂၈း၄၉ | ဩဂုတ် | ၁၁ | ည ၈း၂၄း၄၀ |
| စက်တင်ဘာ | ၇ | နံနက် ၁၀း၀၇း၀၄ | စက်တင်ဘာ | ၈ | နံနက် ၇း၁၅း၅၁ |
| အောက်တိုဘာ | ၄ | နေ့လယ် ၇း၀၆း၃၁ | အောက်တိုဘာ | ၅ | ညနေ ၄း၅၃း၄၀ |
| နိုဝင်ဘာ | ၁ | နံနက် ၁း၄၂း၀၂ | နိုဝင်ဘာ | ၂ | နံနက် ၀း၀၉း၂၀ |
| နိုဝင်ဘာ | ၂၈ | နံနက် ၇း၀၃း၃၁ | နိုဝင်ဘာ | ၂၉ | နံနက် ၅း၃၇း၀၇ |
| ဒီဇင်ဘာ | ၂၅ | နေ့လယ် ၁း၄၁း၂၆ | ဒီဇင်ဘာ | ၂၆ | နံနက် ၁၁း၄၁း၂၆ |

၁-၁-၂၀၁၄ မွန်းလွဲ ၂း၄၀း၃၂ နာရီမှ မွန်းလွဲ ၃း၃၂း၁၀ နာရီအတွင်း လာဘ၊ ဓနဆိုင်ရာ မန္တန်များ ဂါထာများ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်း ပြုရပါမည်။ ထီထိုးခြင်း၊ ငွေကြေးကိစ္စများ(ငွေတောင်းခြင်း ကြွေးတောင်းခြင်း) လုပ်ဆောင်နိုင်ပါသည်။

www.burmeseclassic.com



# ဆရာကြီး အရယ်၊ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပတနလ်ာနေ့တိုင်းပိတ်သည်)

မော်လမြိုင် (ခေါင်းဆေးကျွန်း)၊ ပဲခူး (ဒေးစွန်းပါ)၊ သန်လျင် (ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သောစီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီးအမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများလိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည် (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ဇာတာနှင့်ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ် ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီမှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီမှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

# အောင်ဝိဇ္ဇာမိုရ် – အထူးကုဆေးခန်း

➤ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျားအကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)

➤ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေးလိမ်းဆေးများ ဆိုင်တိုင်းမေးဝယ်ပါ။ (1208Y7972)

| | | |
|---|---|---|
| ဆေးခန်း | ❖ | အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၈၉၄၀၃ |
| ပင်ရင်း | ❖ | အမှတ် (၈၆)၊ ၉၄-လမ်း၊ ကန်တော်လေး။ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉ |
| ဖြန့်ချီရေး | ❖ | ကိုဝင်းမြင့် + မသောဘိ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈လမ်း၊ ၈၂×၈၃ လမ်း)၊ အောင်ရတနာစတိုး (မန္တလေး၊ ဈေးချိုအနီး) |



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင် စာမေးပွဲအတွက် ပြင်ဆင်မှု

ဒေါက်တာစောယုနွယ်

ယခုအချိန်မှာတော့ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကြီးတွေ ဖြေဆိုဖို့အတွက် ကျွန်မဟို့၏ သားတွေ၊ သမီးတွေ၊ တူတွေ၊ တူမတွေ စိတ်လှုပ်ရှားစွာဖြင့် ပြင်ဆင်ပြီးနေပြီလို့ ကျွန်မ ယုံကြည်ပါတယ်။

တကယ်တမ်းလည်း ကျွန်မရဲ့ သားသမီး၊ တူတွေ၊ တူမတွေကတော့ တစ်နှစ်ပတ်လုံး သင်ကြားခဲ့တဲ့ စာတွေကို ဖွဲလုံ့လ၊ ဝီရိယနဲ့ ဉာဏ်စွမ်းရှိသမျှ ကျက်မှတ်လေ့ကျင့်ပြီး အောင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေလောက်ပါပြီ။

ပြန်လည်လေ့ကျင့်ခန်းတွေကို ပြန်လည်လေ့ကျင့် (Revision)တွေလည်း တစ်ကျော့မက အပြန်ပြန်အလှန်လှန် ကျက်မှတ်ပြီး တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကြီးကို (Ready)ပဲလို့ ကြွေးကြော်နေလောက်ပါပြီ။

ဒါပေမဲ့လည်း မည်သို့ပင် အသင့်ဖြစ်စေကာမူ ဘဝအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်တဲ့ စာမေးပွဲကို ဖြေဆိုရဖို့အတွက် စိတ်လှုပ်ရှားပြီး စိုးရိမ်ပူပန်မှုတွေတော့ ရှိကြမှာပါ။ အဓိကတော့ စာတွေကို နားလည်အောင် ကျက်မှတ်ခြင်းနှင့်အတူ အဓိကထားပြီး အလေးထားရမှာကတော့ ကျန်းမာရေးကလည်း အဓိကကျပါတယ်။

ကျန်းမာရေးကောင်းပြီး စိတ်ရွှင်လန်းနေရင် စာကျက်ရတာလည်း ဉာဏ်ပိုကောင်းပါတယ်။ ကျက်သမျှစာများလည်း မှတ်မိပြီး အမှားအယွင်းလည်း နည်းစေတတ်ပါတယ်။ ပန်းဝင်ခါနီးမှ ခြေခေါက်လဲသူလို ပန်းတိုင်မရောက်ဘဲ ဖြစ်နေတတ်ပါတယ်။

ဒါကြောင့်လည်း စာမေးပွဲကြီးမှာ စာကျက်မှတ်ခြင်း၊ လေ့ကျင့်ခြင်းများနှင့်အတူ အဓိကကျတဲ့ ကျန်းမာရေးကို အလေးထားမှသာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကြီးကို လွယ်လွယ်ကူကူ ဖြတ်သန်းနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ယခုခေတ်ကာလကြီးက 'ပညာခေတ်ကြီး' ပါ။

ပညာခေတ်ဆိုတဲ့အတိုင်း စာမေးပွဲကို ဘာသာစုံအောင်ရုံမျှနှင့် မလုံလောက်ပါဘူး။ ဂုဏ်ထူးများများရဖို့၊ ဘာသာစုံဂုဏ်ထူးတွေရဖို့၊ နောက်ပြီး မြန်မာတစ်နိုင်ငံလုံး 'Top Ten' ရဖို့၊ ဝင်နိုင်ဖို့ ကြိုးပမ်းအားထုတ်ရမှာ ဖြစ်ပါတယ်။

ဂုဏ်ထူးများများရပြီး အမှတ်များများရမှသာ မိမိရည်မှန်းထားသော တက္ကသိုလ်၊ မိမိ သင်ကြားလိုသော ဘာသာရပ်များကို သင်ကြားတက်ရောက်နိုင်မှာပါ။

ဒါကြောင့်လည်း စာတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ရနေမှုနှင့်အတူ ကံတရားကလည်း အရေးကြီးပါတယ်။ ကံတရားက နည်းနည်းလေး ချော်လိုက်တာနဲ့ လှေလေးတစ်စီးမှာ တက်စုံ ရွက်စုံ ပါသော်လည်း မုန်တိုင်းဒဏ်ချက် ပြင်းထန်စွာ ရိုက်ခတ်သကဲ့သို့ လွဲချော်သွားတတ်ပါတယ်။

ကံချင်းတူနေရင်လည်း ဉာဏ်သာသူက အောင်ပွဲခံရစမြဲပါ။ ဉာဏ်ချင်းတူရင်လည်း ဝီရိယသာသူက ပို၍သာသွားတတ်ပါတယ်။ ဒါကြောင့်လည်း ကံ,ဉာဏ်,ဝီရိယ သုံးပါးအနက် ဉာဏ်နှင့် ဝီရိယ အားထုတ်ပြီးသားဖြစ်တဲ့ ကျွန်မရဲ့ ချစ်သော သားတွေ၊ သမီးတွေ၊ တူတွေ၊ တူမတွေ ကုသိုလ်ကံ ပွင့်လန်းစေဖို့ ကျွန်မ အားဖြည့်ပေးပါရစေ။

ကုသိုလ်ကံ အားဖြည့်ပေးရမည့် ယတြာဟု ဆိုခြင်းထက် စာမေးပွဲကြီး ဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသား၊ မိဘများ၏ ကံတရားကို ပြုပြင်ပြောင်းလဲပေးခြင်းသာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်မရဲ့ သားတွေ၊ သမီးတွေ၊ တူတွေ၊ တူမတွေ စာကျက်တဲ့အခါမှာ ဉာဏ်ရည်တိုးစေဖို့ ဘာသာစုံဂုဏ်ထူးတွေနဲ့ အောင်မြင်ဖို့အတွက်–



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အနောက်ဘက်အရပ်ကိုမျက်နှာမူပြီး** စာကျက်ပါ။ **သီဟိုဠ်ရွက်လေးတစ်ရွက်ကို** ဖင်ခုထိုင်ပြီး ကျက်မှတ်ပေးပါက ဉာဏ်ရည်တိုးပြီး ကျက်သမျှစာများနှင့် စာမေးပွဲမေးခွန်းတွေ တစ်ထပ်တည်း ကျတတ်ပါတယ်။

**တနင်္လာသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အနောက်မြောက်ဘက်အရပ်ကို** မျက်နှာမူ၍ **ထန်းရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**အင်္ဂါသားသမီး** ကျောင်းသား၊ ကျောင်းသူများ **မြောက်ဘက်အရပ်ကိုမျက်နှာမူ၍** **အုန်းညွန့်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**ဗုဒ္ဓဟူးသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အရှေ့မြောက်ဘက်အရပ်ကိုမျက်နှာမူ၍** **ကြံရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**ကြာသပတေးသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အရှေ့တောင်အရပ်ကိုမျက်နှာမူ၍** **ဆီးရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**သောကြာသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အနောက်တောင်အရပ်ကိုမျက်နှာမူ၍** **ဝါးရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**စနေသားသမီး** ကျောင်းသား၊ ကျောင်းသူများ **အရှေ့ဘက်အရပ်ကိုမျက်နှာမူ၍** **ပေါက်ပန်းဖြူရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

**ရာဟုသားသမီး** ကျောင်းသား၊ ကျောင်းသူများ **တောင်ဘက်အရပ်ကိုမျက်နှာမူ၍** **ကုက္ကိုရွက်ကို** ဖင်ခုထိုင်ပြီး စာကျက်ပါ။

ထိုကဲ့သို့ စာကျက်ပါက မှတ်ဉာဏ်အားများ တိုးတက်လာပြီး မိမိသည် စာမေးပွဲကို ဂုဏ်ထူးများစွာဖြင့် အောင်မြင်လိမ့်မည်ဟု ယုံကြည်ခြင်းနှင့်အတူ စိတ်စွမ်းအင်၊ စိတ်ခွန်အားများ တိုးတက်လာပါလိမ့်မည်။

ထို့အတူ စာမေးပွဲ မဖြေခင် ကြိုတင်၍လည်း ထူးချွန်စွာ အောင်မြင်ဖို့ လမ်းညွှန်ပေးပါရစေဦး။

***တနင်္ဂနွေသားသမီးများ*** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ တနင်္ဂနွေနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်၌ **အုန်းဖူး(၁)ခက်ကို** လှူဒါန်းပေးပါ၊ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

***တနင်္လာသားသမီးများ*** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ တနင်္လာနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ရာဟုထောင့်တွင် **ကြာပန်း(၂)ပွင့်ကို** လှူဒါန်းပေးပါ၊ အောင်မြင်မှု တွေ ရစေရန် ဆုတောင်းပါ။

***အင်္ဂါသားသမီးများ*** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ အင်္ဂါနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာဂြိုဟ်တိုင်တွင် **စံပယ်ပန်း(၃)ကုံးကို** လှူဒါန်းပေးပါ၊ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

***ဗုဒ္ဓဟူးသားသမီးများ*** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ ဗုဒ္ဓဟူးနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်တွင် **လိမ္မော်သီး(၄)လုံးကို** လှူဒါန်းပေးပါ၊ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

***ကြာသပတေးသားသမီးများ*** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ ကြာသပတေးနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်တွင် **မေမြို့ပန်း(၅)ပွင့်ကို** လှူဒါန်းပေးပါ။ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီးများ** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှ စော၍ သောကြာနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေဂြိုဟ်တိုင်တွင် **သပြေ(၆)ညွန့်ကို** လှူဒါန်းပေးပါ။ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

**စနေသားသမီးများ** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ စနေနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်တွင် **ပိတောက်ညွန့်(၇)ညွန့်ကို** လှူဒါန်းပေးပါ။ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

**ရာဟုသားသမီးများ** ပညာရေး အကျိုးပေးစေရန်၊ အကျိုးထူးရစေရန် စာမေးပွဲမဖြေခင် စောနိုင်သမျှစော၍ ဗုဒ္ဓဟူးနေ့နံနက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် **ရွှေပန်း(၈)ကုံးကို** လှူဒါန်းပေးပါ။ အောင်မြင်မှုတွေ ရစေရန် ဆုတောင်းပါ။

အဲဒီလို ကံကောင်းအောင် ပြုပြင်မှုတွေနဲ့အတူ ဘယ်နေ့သားသမီးမဆို -

**တနင်္လာနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ နဖူးမှာ **'က'** အက္ခရာကို ကွမ်းရိုးနဲ့ စိတ်ကိုညွှတ်ပြီး ဒီနေ့ဖြေမယ့် ဘာသာရပ် ဂုဏ်ထူးထွက်ပြီး အောင်မြင်ပါစေဟု ဆုတောင်းခိုင်းပြီး မိမိ၏မွေးနံ(၆)ခုမြောက်နေ့သားကို ရေးခိုင်းပါ။ စာမေးပွဲ ဖြေဆိုရန် အိမ်မှဖြစ်စေ၊ သင်တန်းကျောင်းမှဖြစ်စေ (၅)မိနစ်လောက် အိပ်ပြီးမှ ထွက်ပါ။

**အင်္ဂါနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ နှာခေါင်းမှာ **'စ'** အက္ခရာရေး၍ လက်ကို မီးကင်ပြီး ထွက်ပါ။

**ဗုဒ္ဓဟူးနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ လျှာမှာ **'ရ'** အက္ခရာရေးပြီး ရေမှအရိပ်ကိုကြည့်၍ ဒီနေ့ ဖြေမည့်ဘာသာရပ် ဂုဏ်ထူးထွက်မည်ဟု သုံးကြိမ်ပြောပြီး ထွက်ပါ။

**ကြာသပတေးနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ မေးစေ့မှာ **'ပ'** အက္ခရာကို ဘာသာစုံဂုဏ်ထူးထွက်စေရန် ရည်စူး၍ရေးပြီး အဝင်အထွက် (၂)ခါ ပြုလုပ်ပြီးမှ သွားပါ။

**သောကြာနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ ရင်ညွန့်မှာ ကွမ်းရိုးနှင့် **'သ'** အက္ခရာရေးပြီး ဂုဏ်ထူးရစေရန် ဆုတောင်းပါ။ အိမ်မှဖြစ်စေ၊ သင်တန်းကျောင်းမှဖြစ်စေ ထွက်လျှင် အိမ်ပေါက်ဝကိုကြည့်၍ ပျော်ပျော်ရွှင်ရွှင်ဖြင့် သစ်သီးစားပြီးထွက်ပါ။

**စနေနေ့** စာမေးပွဲဖြေဖို့ သွားမယ်ဆိုရင် မိမိ၏ ချက်မှာ **'တ'** အက္ခရာရေး၍ ဂုဏ်ထူးရစေရန် စိတ်ထဲမှ ဆုတောင်းပြီး ထွက်ပါ။ အိမ်မှအထွက်တွင် အချင်းချင်း ငြင်းခုန်ပြီးမှ ထွက်ပါ။

စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ တောင့်တအင်၊ အလိုရှိရာအားလုံး ပြည့်ဝရရှိကြပြီး ဘာသာစုံ ဂုဏ်ထူးများ ရရှိကြပါစေ။

**ချမ်းသာကိုယ်စိတ်မြဲပါစေ။**
**ဒေါက်တာစောယုနွယ်**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာမင်းသူမြ(မန်းတက္ကသိုလ်)

**B.Sc(Geology) H.G.P (မြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့ဝင်)**

**အဆင့်မြင့် သိပ္ပံလက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်**

**အခန်း(၂)၊ မြောက်ဘက်မုခ်၊ တံတားထိပ်၊ မဟာဝိဇယစေတီတော်ကြီး ရန်ကုန်။ ဖုန်း-၀၉-၇၃၂၃၄၆၂**

ပြည်တွင်းဟောပြောသက်(၁၅)သက်နှင့်၊ (ဂျပန်)နိုင်ငံ (တိုကျို)မြို့မှာ (၅)နှစ် ဟောပြောပို့ချခဲ့ပါသည်။ စာမေးပွဲအောင်ပွဲဝင်၊ ဂမ္ဘီရအစီအရင်ပေးခြင်း၊ ကလေးအမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်ပေးခြင်းများ ဆောင်ရွက်ပေးသည်။ ခွဲစိတ်မွေးဖွားမှုနှင့် အိမ်သစ်တက်၊ ပန္နက်ရိုက်ခြင်း၊ နက္ခတ်ကောင်းများ ရွေးချယ်ပေးခြင်း၊ လက်ထပ်မင်္ဂလာဇာတာ(၂)စောင်သင့်/မသင့် စိစစ်တွက်ချက်ပေးခြင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရန်၊ နက္ခတ်အချိန်ကောင်းများ ရွေးချယ်ပေးမှု၊ ကိုယ်ရေးအကြံပြုလမ်းညွှန်ချက်၊ ဘဝကံ နှစ်၊ လ၊ ရက် စိတ်၍ အနုစိတ်တွက်ချက်ပေးသည်။ ကွန်ပျူတာ၊ ဆေးဝါးများ ရောင်းချပေးသည်။ အိမ်၊ ခြံ၊ မြေ၊ ရွှေနှင့် ကောက်ပဲသီးနှံ၊ ငွေကြေးဈေးနှုန်းများ တွက်ချက်ခန့်မှန်းပေးသည်။ လက်ထပ်မည့် ပုဂ္ဂိုလ်တို့ နှစ်ပါးစုံ သိဒ္ဓိဝင်လက်ဝတ်ရတနာများ စီရင်ပေးခြင်းများ ဆောင်ရွက်ပေးသည်။



# ဂမ္ဘီရ ဆရာလှမျိုး(B.Sc) လယ်/မြ(ငြိမ်း)

## အောင်ကောင်းမြ(သာကေတ)

**ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်**

ကြံ့တိုင်းအောင် ဗေဒင်ဟောခန်းနှင့် နဝင်း‌ယတြာဓာတ်နန်းမှ (၇)ရက်နေ့ သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အခံ၊ ရန်အနှောင့်အယှက်ကိစ္စ စသည့်ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းဓာတ်ယတြာ၊ ကံပွင့် လာဘ်ပွင့်၊ အန္တရာယ်ကင်း အစီအရင်များဖြင့် အထူးဆောင်ရွက်ပေးနေပါသည်။

ဆိုင်လုပ်ငန်း၊ ကလေးအမည်ပေးခြင်းနှင့် တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် ဟောစာတမ်းရေးပေးခြင်းတို့ကိုလည်း အထူးဆောင်ရွက်ပေးပါသည်။

ဟောခန်းလိပ်စာ - (၁၇)အောင်သပြေအနောက်(၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၂၀၀၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်းဆက်သွယ်ပါ)

နေ့စဉ် - နံနက် ၈ နာရီ မှ ၂ နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)


www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာအပြည့်နဲ့ မင်္ဂလာနှစ်သစ် ၁၃၇၆ ခုနှစ် ခုနှစ်ရက်သားသမီးများ အတိုက်အခံတွေကင်းပြီး ကောင်းကင်ပေါ် မှ ရွှေမိုး၊ ငွေမိုး၊ ပတ္တမြားမိုးတွေ ရွာချပြီး အတိုက်အခံတွေအားလုံး ကင်းစင်လွင့်ပျောက်စေရန်

**ဒေါက်တာစောယုနွယ်**

၁၃၇၆ ခုနှစ်သည် မြန်မာ့ရိုးရာ ဗေဒင်ပညာအရ ၁၃၇၆ ကို ၇ ဂဏန်းနှင့် စားလိုက်လျှင် ၄ ဂဏန်း ကြွင်းပါသည်။ ၎င်းအကြွင်းဖြင့် မဟာဘုတ်တိုင်ထူလိုက်ပါက အောက်ပါအတိုင်း ရရှိလေသည်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်တွင် စနေသည် မရဏအိမ်မှာ ရပ်တည်ပြီး ဗုဒ္ဓဟူးသည် ဘင်္ဂအိမ်မှာ ရပ်တည်၏။ ကြာသပတေးသည် ပုတိအိမ်၌ရှိ၏။ ထို့ကြောင့် ထိုနှစ်ပိုင်းတွင် စနေ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသားသမီးများ အညံ့ထဲသို့ ရောက်ရှိလေသည်။

အထွန်းအိမ်တွင် အင်္ဂါ၊ သိုက်အိမ်တွင် သောကြာ၊ ရာဇအိမ်တွင် တနင်္လာနှင့် အဓိပတိအိမ်တွင် တနင်္ဂနွေဂြိုဟ်များ ရှိနေကြသောကြောင့် အင်္ဂါ၊ သောကြာ၊ တနင်္လာ၊ တနင်္ဂနွေသားသမီးများအဖို့ ကံကောင်းနိုင်မည့် နှစ်ပိုင်းပင် ဖြစ်ပါလေသည်။

ထို့ကြောင့် အညံ့ထဲသို့ ရောက်နေသောသူများ အဖို့ အဆိုးအညံ့များ ကင်းလွတ်စေရန် နှစ်ဆန်းတစ်ရက် (နှစ်ဦးအစ)မှာ နှစ်ဦးယတြာ ချေရပေမည်။

ထို့အတူ ကံကောင်းနိုင်မည်ဟု ဆိုထားသောသူ များသည်လည်း အဆိုး အညံ့ မဝင်ရောက်စေရန် အကာအကွယ်ဖြစ်စေပြီး ကံကောင်းသထက် ပိုကောင်းစေရန် နှစ်ဦးအစ ယတြာများကို ပြုလုပ်ဆောင်ရွက်ရပေမည်။ အစကောင်းမှ အနှောင်းသေချာ ဟူသော စကားများနှင့် အညီ ခုနှစ်ရက်သားသမီးများအားလုံး မြန်မာနှစ်ဆန်း(၁)ရက် (၁၇-၄-၂၀၁၄)ကြာသပတေးနေ့တွင် နှစ်ဦးအစ ယတြာကို ကြိုးစားဆောင်ရွက်အပ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများအတွက်** ။ ။ ဇေယျဆိုတဲ့ အောင်မြင်ခြင်းဂြိုဟ်မှာ တည်ထွန်းနေတဲ့အတွက် မည်သည့်ကိစ္စ အကြောင်းအရာ ပြုလုပ်လုပ် အောင်မြင်ခြင်း၊ တိုးတက်ခြင်းများနှင့် ပြည့်စုံရမည့်ကာလ ဖြစ်ပေသည်။ စက်ပစ္စည်း၊ မော်တော်ယာဉ်၊ မော်တော်ကား များ အကျိုးပေးခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ ကျန်းမာရေး ကောင်းမွန်ခြင်းများ စသည်ဖြင့် မလွဲဧကန် ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အင်္ဂါသားသမီးတွေဟာ အောင်မြင်တဲ့ဂြိုဟ်မှာ ရပ်တည်နေတဲ့အတွက် မိမိအောင်မြင်မှုကို ဂုဏ်ယူခြင်း၊ ဆရာသမားမိတ်ဆွေများကို အသိပေးခြင်း၊ အထိမ်းအမှတ်အနေဖြင့် နှစ်ဆန်း(၁)ရက်နေ့မှာ **ဦးခေါင်းဆေးခြင်းမင်္ဂလာ ပြုလုပ်ပြီးသည်နှင့် မိမိဆရာသမားများ၊ မိတ်ဆွေများကို ကျွေးမွေးပြုစုခြင်းဖြင့် ဂုဏ်ယူလိုက်ပါ။**

**သောကြာသားသမီးများအတွက်** ။ ။ လာဘ်လာဘရရှိမည့်နှစ် ဖြစ်သောကြောင့် မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် ဦးခေါင်းဆေးမင်္ဂလာပြုပြီးသည်နှင့် **မိတ်ဆွေ သို့မဟုတ် ဆရာသမားတစ်ဦးထံမှ လက်ဆောင်ပစ္စည်း ရပါက စီးပွားလာဘ်လာဘများ တိုးတက်ရရှိ၍ ကမ္ဘာ့နိုင်ငံသုံးငွေများ အမြောက်အမြား အလုအယက် ဝင်ရောက်လာမည် ဖြစ်ပေသည်။**

**တနင်္လာသားသမီးများအတွက်** ။ ။ ယခုနှစ်အတွင်း အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေးများနှင့် ပျော်ရွှင်ချမ်းမြေ့နေရမည့်ကာလ ဖြစ်ပေသည်။ ထို့ကြောင့် အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေး၊ ပျော်ရွှင်မှုများနှင့်အတူ မင်းစိုးရာဇာများ၏ ကြည့်ရှုစောင်မမှုများ ခံရတတ်ပေသည်။ ထို့ကြောင့် **တနင်္လာသားသမီးများသည် ၁၃၇၆ ခုနှစ်အတွင်း ဦးခေါင်းဆေးမင်္ဂလာများ ပြုလုပ်ပေးခြင်းဖြင့် အကြီးအကဲ မင်းစိုးရာဇာများ၏ ချီးမြှင့်မြှောက်စားမှုကို ခံရလိမ့်မည် ဖြစ်ပါသည်။**

**ကြာသပတေးသားသမီးများအတွက်** ။ ။ ယခုနှစ်အတွင်း ငွေခင်နည်းသော်လည်း မျှော်မှန်းထားသော လုပ်ငန်းကြီးများ အောင်မြင်စွာ လုပ်ဆောင်နိုင်လိမ့်မည်။ တစ်နှစ်ပတ်လုံး ပျော်စရာလေးတွေ ကြုံလိုက်၊ စိတ်ညစ်စရာလေးတွေ ကြုံလိုက်နှင့် ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့် ဖြစ်နေတတ်သည်။ ပျော်စရာလေးတွေ ကြုံရင်လည်း နှစ်ခါကြုံရတတ်ပြီး စိတ်ညစ်စရာလေးတွေဆိုလည်း နှစ်ခါ ကြုံရတတ်ပါသည်။ ဒါကြောင့်လည်း ဆိုးတာလေးတွေပျောက်ပြီး ကောင်းတာလေးတွေ ထပ်ခါထပ်ခါဖြစ်ဖို့အတွက် **နှစ်ဆန်း(၁)ရက်နေ့မှာ ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပြီးသည်နှင့် ဘုန်းကြီးကျောင်းကို မုန့်ဟင်းခါးထဲ အိုးဘဲဥလေးထည့်ပြီး လှူဒါန်းပေးလိုက်ပါက** ၁၃၇၆ ခုနှစ် တစ်နှစ်လုံး အဆိုးတွေပျောက်ပြီး ကောင်းတာလေးတွေ ဆင့်ကာ ဆင့်ကာ ပျော်ရွှင်လန်းဆန်းမှုတွေနဲ့ ကြုံတွေ့ရပါလိမ့်မည်။

**တနင်္ဂနွေသားသမီးများအတွက်** ။ ။ ဒီနှစ်မှာ ငွေတွေကတော့ ဝင်ပါရဲ့။ ထွက်လိုက်တဲ့ငွေတွေကလည်း ရေကို ခပ်ချိုးလိုက်သလို ဝေါခနဲ ဝေါခနဲ ထွက်သွားတတ်တယ်။ ကျန်းမာရေးလည်း ဂရုစိုက်လိုက်ပါဦး။ မတော်တဆ လမ်းသွားရင်းလည်း ထိခိုက်ဒဏ်ရာ ရတတ်တယ်။ အနှောင့်အယှက် အတိုက်အခံလေးတွေ တွေ့ကြုံပြီး တိုးတက်ခြင်း၊ အောင်မြင်ခြင်းတွေ ကြုံတွေ့ရတတ်တယ်။ ဒါကြောင့်လည်း အပူအပင် အတိုက်အခံတွေ ပျောက်သွားအောင် **အိမ်ဘုရားမှာ အုန်းသီးနှင့်လုပ်သော မုန့်လေးနှင့် ကျောက်ကျော လှူလိုက်ပါ။** နောက်ပြီး နှစ်ဆန်း(၁) ရက်နေ့ ခေါင်းဆေးမင်္ဂလာပြုလုပ်ပေးလိုက်ပြီးသည်နှင့် **ငွေကြေးအခက်အခဲရှိသူ အဝတ်အစား အခက်အခဲရှိသူများကို ကူညီပေးလိုက်ပါ။ ဘုန်းကြီးကျောင်း၊ တုရိုရေဆေးပေးခြင်း၊ လမ်းဘေးသောက်ရေအိုးများ ရေဖြည့်ပေးခြင်းများ ပြုလုပ်ပေးပါက အညံ့အခိုက်တွေ အားလုံး ပြေပျောက်သွားပါလိမ့်မည်။**



www.burmeseclassic.com

www.burmeseclassic.com

**ဗုဒ္ဓဟူးသားသမီးများ/ရာဟုသားသမီးများအတွက်** ။ ။ ဒီနှစ်မှာ လုပ်ငန်းတွေမှာ အတိုက်အခံများနှင့်အတူ အပူအပင်တွေလည်း များနေတတ်ပါတယ်။ ဒါပေမဲ့လည်း မိမိဩဇာတည်မြဲခြင်း၊ အတိုက်အခံများခြင်းနှင့်အတူ သူများတိုက်လေ ကိုယ်က ထွန်းလင်းပြောင်လေ ဖြစ်ရမည့်နှစ် ဖြစ်သည်။ ဒါကြောင့်လည်း ကိုယ့်ထက်ကြီးတဲ့သူတွေနဲ့ အဆင်ပြေအောင်၊ ကိုယ့်ထက်ငယ်သူတွေကလည်း ချီးမြှောက်ခြင်းတွေ ဖြစ်စေဖို့နဲ့ အတိုက်အခံပပျောက်စေဖို့အတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှာ **မိမိပိုင်ပစ္စည်းတစ်ခုကို ကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ယောက်ကိုဖြစ်စေ ဖျက်ဆီးခိုင်းလိုက်ပါ။** ဒီတစ်နှစ်လုံးအတွက်ကတော့ မကြာခဏ မီးနေသည်များကို လက်ဆောင်ပေးခြင်း၊ ညောင်ထောက်ပေးခြင်းများ ပြုလုပ်ပေးလိုက်ပါက ၁၃၇၆ ခုနှစ်တွင် ဗုဒ္ဓဟူးသားသမီး/ရာဟုသားသမီးတို့သည် အညံ့အခိုက်များ ပြေပျောက်၍ အခက်အခဲများကို ကျော်လွှားနိုင်လိမ့်မည် ဖြစ်ပါသည်။

ဗုဒ္ဓဟူး/ရာဟုသားသမီးတို့သည် ၁၃၇၆ ခုနှစ်မှာ အတာစားတဲ့အတွက် အတာသင့်သော ဗုဒ္ဓဟူး/ရာဟုသားသမီးတို့သည် အတာတက်သောအချိန်၌ ရတနာ(၇)ပါးကို စီရင်ပြီး မြတ်သောနေရာ၌ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ ဗြဟ္မာမင်း၊ သိကြားမင်း၊ စတုလောကပါလနတ်မင်းနှင့် သမာဒေဝ နတ်ကောင်းနတ်မြတ်တို့အား လှူဒါန်းပူဇော်ပသ၍ အနောက်မြောက်အရပ်သို့ မျက်နှာမူပြီး အတာစားခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်လိုက်ပါ။ အတာသင့်သော ဗုဒ္ဓဟူး/ရာဟုသားသမီးများသည် အတာတက်သောအချိန်တွင် အတာစားခံလိုက်သည်နှင့် မိမိ၏ မကောင်းသော အညံ့အခိုက်များ၊ ကျန်းမာရေးအညံ့များ၊ စီးပွားရေး ပိတ်ဆို့နေမှုများ၊ အပြိုင်အဆိုင်များ၏ရန်မှ ကင်းလွတ်ပြီး နှစ်ဆန်း(၁)ရက်နေ့တွင် တရော်ကင်ပွန်းနှင့် နံ့သာငါးပါး ထည့်ထားသော နံ့သာရည်နှင့် ခေါင်းဆေးမင်္ဂလာ ပြုလုပ်လိုက်ပါ။

ထိုကဲ့သို့ ပြုလုပ်လိုက်လျှင် အတာစားသည်ဟူသော မကောင်းသော အငွေ့အသက်ကြီးများ ကင်းစင်ပပျောက်သွားမှာ ဖြစ်ပါတယ်။ အတာစားခံရတဲ့သူတိုင်းမှာ မဖြစ်မနေ အတာထမင်းနှင့် အတာဟင်းကို စားပေးရပါမယ်။ ထိုကဲ့သို့ ပြုလုပ်လိုက်ပါက ဗုဒ္ဓဟူး/ရာဟုသားသမီးတို့သည် တစ်နှစ်လုံး ကြီးပွားတိုးတက်မှုများနဲ့ ပြည့်စုံမည်ဖြစ်ပါသတည်း။

**စနေသားသမီးများအတွက်** ။ ။ ယခု ၁၃၇၆ ခုနှစ်အတွင်း ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါသည်။ စွန့်လွှတ်ခြင်း ဆုံးရှုံးခြင်းတွေလည်း ရှိနေတတ်ပါသည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး ကိုယ်လုပ်သလောက် ကိုယ့်ကို အသိအမှတ်အပြုမခံရတဲ့ကာလ ဖြစ်ပါသည်။ ဒါကြောင့်လည်း တစ်နှစ်ပတ်လုံး အန္တရာယ်ကင်းပြီး စိတ်အနှောင့်အယှက်တွေ ပပျောက်စေရန် နှစ်ဆန်း(၁)ရက်နေ့တွင် ခေါင်းဆေးမင်္ဂလာပြုလုပ်ပြီးသည်နှင့် မိမိ ကြိုက်နှစ်သက်ဆုံး ပစ္စည်းတစ်ခုကို လှူဒါန်းခြင်း၊ ပေးကမ်းခြင်း ပြုလုပ်လိုက်ပါ။ ၁၃၇၆ ခုနှစ် တစ်နှစ်ပတ်လုံး အဝတ်အစားသစ်သစ်လွင်လွင်တွေကို မဝတ်ဆင်ဘဲ သန့်ရှင်းသပ်ရပ်သော အဝတ်အစားများကိုသာ ဝတ်ဆင်ရပါမည်။ မိမိ စားချင်သော အစားအစာများကို တစ်စုံတစ်ယောက်ဆီမှ စတိသဘောမျိုး တောင်းစားပေးပါ။

မွေးနေ့တစ်ညတွင်လည်း အဝတ်အစား ခပ်နွမ်းနွမ်းတစ်စုံကို ဝတ်ဆင်ရပါမည်။ ပြီးလျှင် ဘုန်းကြီးကျောင်း (သို့မဟုတ်)သီလရှင်ကျောင်းတွင် သွားအိပ်၍ ကျောင်းသန့်ရှင်းရေး၊ ရေအိမ်သန့်ရှင်းရေးများ ပြုလုပ်ပေးပါက စနေသားသမီးတို့သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံ၍ ဘေးကင်းရန်ကွာ ကောင်းခြင်းမင်္ဂလာများ ပြည့်စုံ၍ ကျက်သရေမင်္ဂလာများ တိုးပွားပြီး ဂုဏ်ရှိန်မြင့်စေမည် ဖြစ်ပါသတည်း။

မြန်မာပြည်သူပြည်သားအပေါင်းနဲ့ ပြည်ပရောက် မြန်မာပြည်သားအပေါင်း လိုရာဆန္ဒတွေ ပြည့်စုံရရှိပြီး ချမ်းသာကိုယ်စိတ် မြပါစေ။

ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဒေါက်တာစောထူးနွယ်



www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်ယတြာ ခေါင်းဆေးမင်္ဂလာ

ဒေါက်တာစောယုနွယ်

မင်္ဂလာအပြည့်နှင့် မင်္ဂလာရှိစွာ ရောက်ရှိလာမည့် မင်္ဂလာနှစ်သစ်ကြီးကို ကျွန်မတို့တစ်တွေ မင်္ဂလာရှိစွာ ပျော်ရွှင်ကြည်နူးစွာ ကြိုဆိုကြရမှာ ဖြစ်ပါတယ်။ မင်္ဂလာဆိုတာဟာလည်း မကောင်းမှုကို ပယ်ဖျောက်ပြီး ကောင်းမှုကောင်းကျိုးတွေကို တည်ဆောက်ပြုမူနေတာကို မင်္ဂလာလို့ ခေါ်ပါတယ်။ ဒါကြောင့်လည်း မကောင်းမှုကို ပယ်ဖျက်တဲ့သဘောရှိတာကြောင့် ကြီးပွားချမ်းသာခြင်းအကြောင်းကိုလည်း မင်္ဂလာလို့ ခေါ်ဆိုပါတယ်။ ဒါကြောင့်လည်း မကောင်းမှုကို ပယ်ဖျက်စေနိုင်တဲ့ သဘောဆောင်ငဲ့ နှစ်ဦးမင်္ဂလာ ယတြာကြီးတွေကို ကျွန်မတို့ ပြုလုပ်ရင်း ကြိုဆိုလိုက်ရအောင်ပါ။ ကျွန်မတို့ အားထားရာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာများထဲမှာလည်း (၃၈)ဖြာမင်္ဂလာ တရားတော်ကြီးကို ဟောကြားမိန့်တော်မူခဲ့ပါတယ်။ ဒီလို (၃၈)ဖြာမင်္ဂလာ တရားတော်အတိုင်း ပြုပြင်ပြောင်းလဲမယ်ဆိုရင် ကျွန်မတို့အတွက် ကောင်းကျိုးမင်္ဂလာအဖြာဖြာတွေကို ရရှိကြမှာပါပဲ။

ဒီလို (၃၈)ဖြာမင်္ဂလာအတိုင်း ပြုပြင်ပြောင်းလဲမယ်ဆိုရင်တော့ ကျွန်မတို့အတွက် ကောင်းကျိုးမင်္ဂလာအဖြာဖြာတွေကို ရရှိမှာပါပဲ။ အဲဒီ(၃၈)ဖြာမင်္ဂလာနှင့်အတူ ကျွန်မတို့လူသားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာတွေမှာ မူတည်ပြီး မကောင်းမှုကို ပယ်ဖျက်နိုင်ဖို့အတွက်လည်း လူသားတို့ မွေးဖွားလာတာနှင့်အတူ မင်္ဂလာ (၁၂)ပါးနှင့် နေထိုင်ဖို့လည်း လမ်းညွှန်ပြသခဲ့ပါတယ်။

မီးရှူးသန့်စင်သော ဝိဇာတမင်္ဂလာ၊ နန္ဒမုခိနတ်ကို ပူဇော်တဲ့ မုခဒေဿနာမင်္ဂလာ၊ တေသစ္စေဒမင်္ဂလာလို့ခေါ်တဲ့ ကလေးခေါင်းရိတ်ပေးတဲ့ မင်္ဂလာ၊ ဒေါလာကရဏာခေါ်တဲ့ ပုခက်တင်မင်္ဂလာ၊ ဆွမ်း၊ ထမင်း ဦးစွန့်တဲ့မင်္ဂလာများဖြစ်တဲ့ တမ္ဗူလပတ္တမင်္ဂလာနှင့် ပထမဆတ္တမင်္ဂလာတို့အပြင် နေလပြတဲ့ ရဝိန္ဒုရဒဿနမင်္ဂလာနှင့် အမည်ပေးပြုလုပ်တဲ့ နာမကရဏာ မင်္ဂလာ ပြုလုပ်ရပါတယ်။

ဒါအပြင် ဆံပင်ထုံးဖွဲ့တတ်တဲ့ ကဏ္ဏဝိဇ္ဈနမင်္ဂလာနှင့် သာသနာဘောင် သွတ်သွင်းတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ(သို့) သာသနနုဂ္ဂဟ မင်္ဂလာဆိုသော ရှင်ပြုမင်္ဂလာ၊ ကျန်တဲ့မင်္ဂလာကတော့ အာဝါဟ၊ ဝိဝါဟ ဆိုသော လက်ထပ်မင်္ဂလာပါပဲ။

အဲဒီမင်္ဂလာတွေထဲအပြင် နှစ်သစ်မင်္ဂလာမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတဲ့ နှစ်ဦးအတာ နှစ်ဦးယတြာအဖြစ် ခေါင်းဆေးခြင်းမင်္ဂလာလည်း ပါဝင်လေ့ရှိပါတယ်။ ဒါကြောင့်လည်း နှစ်သစ်မင်္ဂလာမှာ သစ်လွင်သော နှစ်ဦးကစပြီး တစ်နှစ်တာလုံး လူသားတို့ ကံပွင့်ကံမြင့်စေရန်နှင့် လူသားတို့ အောင်စေရန် မင်္ဂလာအပေါင်း ခညောင်းကာ မိမိပြုလုပ်သော ကိစ္စအဝဝအဖြာဖြာ အောင်စေရန်အလို့ငှာ **နှစ်သစ်ကူးခေါင်းဆေးမင်္ဂလာကြီးကို နှစ်စဉ် လုပ်နေကျအတိုင်း ပြုလုပ်ကြရအောင်။**

*မြန်မာသက္ကရာဇ် ၁၃၇၅ ခု၊ နှောင်းတန်ခူးလဆန်း(၁၅)ရက်၊ ၂၀၁၄ ခု၊ ဧပြီလ ၁၄ ရက်၊ တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက်(၁၀)နာရီ (၁၈)မိနစ် (၁၉)စက္ကန့်မှာ ဘာနုရာဇ မည်သော တနင်္ဂနွေဂြိုဟ်မင်းသည် နွားနို့သစ်အဆင်းနှင့်ဘုသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် မြွေမင်းကိုစီး၍ လက်တစ်ဖက်ကား အဲမောင်း၊ လက်တစ်ဖက်ကား ချွန်းတောင်းကို ကိုင်လျက် အနောက်မြောက်ထောင့်ကနေ တောင်သို့ဝင်၏။ ၁၃၇၅ ခု၊ ဦးတန်ခူးလပြည့်ကျော်(၂)ရက်၊ ၂၀၁၄ ခု၊ ဧပြီလ(၁၆)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂)နာရီ (၂၃)မိနစ် (၂၀)စက္ကန့်အချိန်တွင် ၁၃၇၅ ခုနှစ်ပြည့်ပြီး အတာနှစ်သစ် ၁၃၇၆ ခုနှစ်ကို ရောက်ရှိသွားပါတော့မည်။ ၂၀၁၄ ခု၊ ဧပြီလ ၁၇ ရက်၊ ၁၃၇၆ ခု၊ ဦးတန်ခူးလပြည့်ကျော်(၃)ရက်ကြာသပတေးနေ့ကတော့ ကျွန်မတို့ မြန်မာပြည်သူပြည်သားတွေအတွက် အလွန်မှ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံနေတဲ့ နှစ်သစ်ဦးအချိန်အခါ ဖြစ်ပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com

နောက် သင်္ကြန်အခါကို အကြောင်းပြုပြီး ကုသိုလ်ကောင်းမှုပြုတဲ့လူတွေဟာ စည်းစိမ်ဥစ္စာ ပေါ်များစေတတ်ပါတယ်။ အလွန်ကြီးကျယ် မြင့်မြတ်သော ချမ်းသာမှုကို ခံစားစံစားရတတ်ပါတယ်။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာမှာလည်း စည်းစိမ်ဥစ္စာတွေ တိုးပွားရောက်ရှိလာပါမယ်။ ရန်အပေါင်းကိုလည်း အောင်မြင်စေပါတယ်။ အခါခပ်သိမ်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတယ်လို့ မြွက်ကြားဗျာဒိတ်ပေးခဲ့ပါတယ်။

ထို့ကြောင့် မင်္ဂလာရှိသော နှစ်သစ်ဖြစ်စေဖို့ မင်္ဂလာနှစ်ဆန်းတစ်ရက်မှာ မေတ္တာတရား ထားကြပြီး ကျွန်မတို့ ချစ်ခင်လေးစားတဲ့ ကျွန်မရဲ့ မိတ်ဆွေအပေါင်းအသင်းနဲ့အတူ ကျွန်မရဲ့သားသမီး တပည့်လေးတွေကို တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာမှ တစ်နာရီခွဲသာ ရရှိတဲ့ မိမိတို့ရဲ့ အဖိုးတန်လှတဲ့ အချိန်နာရီအတွင်းမှာ အတိုက်အခိုက် အနှောင့်အယှက်တွေအားလုံး ကင်းစင်ပြီး ဂြိုဟ်စီးဂြိုဟ်နင်း အဆိုးတို့မှ လွတ်မြောက်စေနိုင်တဲ့ ဂုဏ်ရှိန် တင့်တယ်ကျက်သရေရှိစေမယ့် နှစ်ဦးမင်္ဂလာယတြာကြီးဖြင့် လက်ဆောင်ဂါရဝပြုလိုက်ပါတယ်။

◆

## ၂၀၁၄-ခုနှစ်၊ ဧပြီလ (၁၇)ရက်၊ (၁၃၇၆)ခု၊ ဦးတန်ခူးလပြည့်ကျော်(၃)ရက်၊ ကြာသပတေးနေ့ **အင်္ဂါသားသမီးများအတွက်** (နံနက် ၆ နာရီမှ ၇း၃၀ နာရီအတွင်း)

*မိမိတို့၏ တေဇအရပ်ဖြစ်သော မြောက်ဘက်အရပ်ကို မျက်နှာလှည့်၍ ခြေထောက်အောက်တွင် သီဟိုဠ်(၆)ညွန့်၊ ကြံရွက် တစ်တောင်ခန့်(၂)ရွက်၊ ပျဉ်းမ(၅)ရွက်ကို ခြေစုံရပ်၍ မိမိရရ နင်းထားပါ။ အရွက်၏ အဖျားပိုင်းကို မျက်နှာမူရာဘက်သို့ လှည့်ထားပါ။ တရော်ကင်ပွန်းနှင့် ခေါင်းလျှော်ပါ။ ခေါင်းလျှော်နေစဉ်* ***သမ္ဗုဒ္ဓေဂါထာကို (၃)ခေါက်*** *ရွတ်ပါ။*

*ခေါင်းလျှော်နေစဉ် ခြေမကြွရပါ။ အနားတွင် ခုံလေးတစ်လုံးပေါ်၌ ကြွေပန်းကန်ပြားတစ်ချပ်ထဲတွင် အုန်း(၁)ညွန့်၊ ရွက်လှ(၄)ညွန့်၊ ဒန်း(၇)ညွန့် ထည့်ထားပါ။*

*ခေါင်းလျှော်ပြီးသည်နှင့် နောက်ဆုံး ခေါင်းဆေးရေသန့်ကို အညွန့်ဆောင်ပန်းများ ထည့်ထားသော ပန်းကန်ပြားထဲသို့ သပ်ချပါ။ ၎င်းခေါင်းဆေးရေသန့်ထဲတွင် ပဒ္မာန်းရေများ၊ အမိအဖ၏ လက်ဆေးရည်များ၊ မိမိဂြိုဟ်တိုင်အမြင့်မှ ရေသပ္ပာယ်၍ ကျလာသောရေများအားလုံးကိုလည်း ပူးပေါင်း၍ထည့်ထားပါ။*

*၎င်းရေသန့်ဖြင့် ခေါင်းကို လောင်းချစဉ်* ***'ဒိဝါတပတိ' ဂါထာကို (၃)ခေါက်*** *ရွတ်ပါ။ ပြီးလျှင် ၎င်းရေသန့် ဆောင်ပန်းများ ထည့်ထားသော ပန်းကန်ကို မျက်နှာမူထားသော မြောက်အရပ်ရှိ အမြင့်တစ်နေရာ၌ စွန့်လိုက်ပါ။*

*ဆောင်ပန်းများကို ကိုယ်တိုင်သွားစွန့်နေစဉ် နေ့နံမတူသောသူက နင်းပန်းများကို အနောက်အရပ်ရှိ မြောင်းစပ်နား၌ သွား၍စွန့်လိုက်ပါ။*

*ပြီးလျှင် မိမိ၏အာယုအရပ်ဖြစ်သော ဗုဒ္ဓဟူးထောင့်ရှိ(တောင်အရပ်ရှိ) အပင်ကြီးတစ်ပင်ကို ရေလောင်းလိုက်ပါ။ တစ်ဖန် ဘုမ္မိအရပ်ဖြစ်သော(အနောက်)အရပ်တွင်ရှိသော သစ်ငုတ်တိုတစ်ခုကို ခြေထောက်ဖြင့် (၇)ချက် ကန်လိုက်ပါ။*

(အောက်ဖော်ပြပါ သောကြာ၊ တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ၊ ရာဟု သားသမီးတို့သည်လည်း အထက်ပါ အင်္ဂါသားသမီးများ လုပ်ဆောင်ရမည့် ခေါင်းလျှော်ခြင်း၊ သမ္ဗုဒ္ဓေဂါထာ ရွတ်ဆိုခြင်း၊ သက်ဆိုင်ရာဂြိုဟ် ဘုံ၌ ရေသပ္ပာယ်ခြင်း၊ ဒိဝါတပတိဂါထာတော် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။ ထိုသို့ လုပ်ဆောင်ရာ၌ သက်ဆိုင်ရာ အချိန်နာရီအတွင်း လုပ်ဆောင်ရမည်ဖြစ်ပြီး မျက်နှာလှည့်ရာအရပ်၊ ဆောင်ပန်း၊ နင်းကြမ်းယတြာ လုပ်ဆောင်ပြီး စွန့်ပစ်ရာ အရပ်တို့ကို သက်ဆိုင်ရာ နေ့သားအလိုက် လုပ်ဆောင်ရန် ဖော်ပြပေးလိုက်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

(နံနက် ၇ နာရီခွဲမှ ၉ နာရီအတွင်း)

မျက်နှာလှည့်ရန် - အနောက်တောင်
ဆောင်ပန်း - ဆီး(၃)ညွှန့်၊ ထန်း(၇)ညွှန့်၊ ရွက်လှ(၄)ညွှန့်။
နင်းကြမ်း - ကြံရွက်တစ်တောင်ခန့်(၂)ရွက်၊ ပျဉ်းမ(၅)ရွက်၊ အုန်း(၆)လက်
နင်းကြမ်းစွန့်ရန် - အရှေ့တောင်အရပ်

◆

## တနင်္ဂနွေသားသမီးများအတွက်

(နံနက် ၉ နာရီခွဲမှ ၁၀း၃၀ နာရီအတွင်း)

မျက်နှာလှည့်ရန် - အနောက်မြောက်အရပ်
ဆောင်ပန်း - သပြေ(၆)ညွှန့်၊ ဆီး(၃)ညွှန့်၊ ထန်း(၇)ညွှန့်။
နင်းကြမ်း - ပျဉ်းမ(၅)ရွက်၊ အုန်း(၁)ညွှန့်၊ ရွက်လှ(၄)ရွက်။
နင်းကြမ်းစွန့်ရန် - အနောက်တောင်အရပ်

◆

## ကြာသပတေးသားသမီးများအတွက်

(နံနက် ၁၀း၃၀ နာရီခွဲမှ ၁၂ နာရီအတွင်း)

မျက်နှာလှည့်ရန် - အရှေ့တောင်အရပ်
ဆောင်ပန်း - ကံ့ကော်(၂)ညွှန့်၊ သီဟိုဠ်(၆)ညွှန့်၊ ဆီး(၃)ညွှန့်။
နင်းကြမ်း - ဝါး(၄)ညွှန့်၊ ဒန်း(၇)ညွှန့်၊ အုန်း(၁)ညွှန့်။
နင်းကြမ်းစွန့်ရန် - အရှေ့မြောက်အရပ်

◆

## တနင်္လာသားသမီးများအတွက်

(မွန်းတည့် ၁၂ နာရီမှ ၁း၃၀ နာရီအတွင်း)

မျက်နှာလှည့်ရန် - အနောက်အရပ်
ဆောင်ပန်း - မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွှန့်၊ သပြေ(၆)ညွှန့်။
နင်းကြမ်း - ဆီး(၃)ညွှန့်၊ ဒန်း(၇)ရွက်၊ ရွက်လှ(၄)ရွက်။
နင်းကြမ်းစွန့်ရန် - တောင်အရပ်

◆

## ဗုဒ္ဓဟူးသားသမီးများအတွက်

(နံနက် ၁၀း၃၀ နာရီခွဲမှ ၃ နာရီအတွင်း)

မျက်နှာလှည့်ရန် - အရှေ့မြောက်အရပ်
ဆောင်ပန်း - အုန်း(၁)ညွှန့်၊ မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွှန့်။
နင်းကြမ်း - ဒန်း(၇)ညွှန့်၊ ဆီး(၃)ညွှန့်၊ သီဟိုဠ်(၆)ရွက်။
နင်းကြမ်းစွန့်ရန် - အနောက်မြောက်အရပ်

◆

## စနေသားသမီးများအတွက်

(ညနေ ၃ နာရီမှ ၄ နာရီခွဲအတွင်း)

မျက်နှာလှည့်ရန် - အရှေ့အရပ်
ဆောင်ပန်း - ရွက်လှ(၄)ညွှန့်၊ အုန်း(၁)ညွှန့်၊ မေမြို့(၅)ပွင့်။
နင်းကြမ်း - ဆီး(၃)ညွှန့်၊ သီဟိုဠ်(၆)ညွှန့်၊ ကြံရွက်တစ်တောင်ခန့်(၂)ရွက်။
နင်းကြမ်းစွန့်ရန် - မြောက်အရပ်

◆

## ရာဟုသားသမီးများအတွက်

(မွန်းလွဲ ၁း၃၀ နာရီမှ ညနေ ၃ နာရီအတွင်း)

မျက်နှာလှည့်ရန် - တောင်အရပ်
ဆောင်ပန်း - အုန်း(၁)ညွှန့်၊ မေမြို့(၅)ပွင့်၊ ကံ့ကော်(၂)ညွှန့်။
နင်းကြမ်း - ဒန်း(၇)ညွှန့်၊ ဆီး(၃)ညွှန့်၊ သီဟိုဠ်(၆)ရွက်။
နင်းကြမ်းစွန့်ရန် - အရှေ့အရပ်

◆

(၇)ရက်သားသမီးအားလုံး ၁၃၇၆ ခုနှစ်အတွက် စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှရှိသော လာဘ်လာဘများ၊ တိုက်တာအဆောက်အဦများ၊ ကားကောင်းကားသန့်များ၊ ကမ္ဘာ့နိုင်ငံသုံးငွေများ ရရှိပြီး အခွင့်သာသော နှစ်တစ်နှစ်ဖြစ်စေ။

ချမ်းသာကိုယ်စိတ်မြဲပါစေ
ဒေါက်တာစောလုံးနွယ်



www.burmeseclassic.com

www.burmeseclassic.com

# အဖြူနဲ့ အမည်း

မောင်မိုးဦး

ခေတ်တွေမည်မျှပြောင်းပြောင်း သက္ကရာဇ်တွေ မည်မျှဟောင်းဟောင်း ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ဘာသာတရားရှိသေကိုင်းရှိုင်းမှုနှင့် ဒါန၊ သီလ၊ ဘာဝနာဆောက်တည်မှုကတော့ ပြောင်းလဲမသွားပေ။ နည်းနည်းရှိလို့ နည်းနည်းလှူလိုက်သည့် ဒါနကို မြင်ရသော် ပီတိနှင့်အတူ မုဒိတာပွား သာဓုခေါ်ရသလို များများလှူသည့် မြင်ကွင်းကို မြင်ရလျှင်လည်း အားကျလှူချင်သည့် စိတ်နှင့် သာဓုခေါ်မိသည်။

သို့သော် နေရာတိုင်းမှာ အကောင်းရှိသလို၊ အဆိုးလည်းရှိသည်။ အပြုရှိသလို၊ အပျက်လည်းရှိသည်။ တချို့က မိမိကိုယ်တိုင် မလှူနိုင်သော်လည်း သူတစ်ပါး၏အလှူကို ဝိုင်းလုပ်ကိုင်ပေးရင်း ဝေယျာဝစ္စဒါနကုသိုလ်ယူသည်။ တချို့က ထိုအလှူကိုပင် ဟန့်တားပိတ်ပင်ပြီး အကုသိုလ်ကို ရအောင်ယူသည်။ထို့ကြောင့် မိမိငွေကြေးဥစ္စာကုန်တာချင်း အတူတူ စိတ်ထားကောင်းလျှင် ကုသိုလ်အကျိုးရနိုင်ပြီး၊ စိတ်ယုတ်ညံ့နေလျှင် အကုသိုလ်အကျိုးကို ရနိုင်ပေသည်။

အိမ်မှာ ကျွန်တော်အပါအဝင် မိသားစုသုံးယောက် ရှိသည်။ ထို့ကြောင့် မိန်းမနှင့် အရွယ်မရောက်သေးသော သားကို အကောင်းမြင်ဖို့၊ မုဒိတာပွားဖို့၊ စိတ်ကို ကြည်ကြည်လင်လင်ထားတတ်ဖို့ ပြောပြရသည်။ ကျွန်တော့်အတွေ့အကြုံနှင့်ယှဉ်ပြီး ပြောပြရသလို၊ မိတ်ဆွေသူငယ်ချင်းတို့၏ ခံစားမှုများကို တစ်ဆင့်ပြန်ပြောသည့်ပုံစံနှင့်လည်း သွန်သင်ရသည်။ တစ်ခါတစ်ရံ သားဖနှစ်ယောက် သွားလာရင်းတွေ့ဆုံရသည့် အဖြစ်အပျက်များကို သက်သေပြပြီး အကုသိုလ်နှင့် ကင်းအောင် လေ့ကျင့်ပေးရသည်။

xxx xxx

လွန်ခဲ့သည့် နှစ်လလောက်က ကျွန်တော်တို့သားဖနှစ်ယောက် ကျွန်တော့်ဇာတိရွာလေးသို့ ပြန်ဖြစ်သည်။ နောက်ဆုံးရောက်သည့်အခေါက်က အမေ ကွယ်လွန်သည့်ကာလဖြစ်သည်။ ထိုစဉ်က ကျွန်တော့်သားမမွေးသေးပေ၊ မွေးခါနီး သုံးလလောက်အလိုမှာ ကွယ်လွန်သွားသဖြင့် ကျွန်တော့်အမေကို သားမမြင်ဖူးလိုက်သလို၊ ရွာကိုလည်းမရောက်ဖူးပေ။ ထို့ကြောင့် မောင်နှမရင်းများနှင့် သားကိုတွေ့ဆုံပေးရန် ရွာသို့ပြန်လာခဲ့ခြင်းဖြစ်သည်။

တိုက်တိုင်ဆိုင်ဆိုင်ပင် ရွာရောက်ပြီး နှစ်ရက်အကြာတွင် ရွာတောင်ပိုင်းမှ ဦးလေးတစ်ယောက်က ပဉ္စင်းခံရှင်ပြုအလှူလုပ်သည်။ တစ်ရွာလုံး ထမင်းကျွေးသည်။ ထို့ကြောင့် ကျွန်တော်တို့သားအဖနှစ်ယောက်လည်း အလှူအိမ်မရောက်ခင် ထမင်းကျွေးသည့်ရုံအနားသို့ အရောက်တွင် ကျယ်လောင်သောအသံများကို ကြားလိုက်ရ၏။

"နေပါဦးလား၊ ပေးမှာပေါ့"

"ဟော့ကောင်တွေ ... နောက်ဆုတ်ပေး။ လူကြီးတွေတောင်မကျွေးရသေးဘူး။ မင်းတို့ တော်တော်အလိုက်ကန်းဆိုး မသိတဲ့ကောင်တွေ။ ဟိုသစ်ပင်အောက်မှာ သွားနေ။ အနားမလာကြနဲ့။ ညစ်ပတ်နေတာပဲ"

မြင်ကွင်းနှင့်အသံက စိတ်မကောင်းစရာပေ။ အဝတ်အစားနွမ်းနွမ်း၊ လူယောက်ျားမိန်းမနှင့် ကလေးတချို့ကို အော်ဟစ်မောင်းထုတ်နေသည့် မြင်ကွင်းပင်ဖြစ်သည်။

သည်လိုနှင့် ကျွန်တော်တို့သားဖနှစ်ယောက် စားသောက်၊ တရားနာ၊ သာဓုခေါ်ပြီးနောက် အပြန်တွင်လည်း ထိုထမင်းကျွေးရုံဘေးမှပင် ပြန်လာခဲ့၏။ ထိုစဉ် မနီးမဝေးရှိ သစ်ပင်ရိပ်အောက်တွင် စောစောကသူများကို ကျွေးလည်းကျွေး ပိုပိုလျှံလျှံထည့်ပေးနေသောမြင်ကွင်းကို လူတစ်ယောက်နှင့်အတူ တွေ့လိုက်ရပြန်သည်။

"ဖြည်းဖြည်းစား၊ ဝအောင်စား၊ လိုရင်လည်းပြောဦး။ အပိုလည်းထည့်ပေးထားတယ်။ ကျွန်တော်က အလှူရှင်မဟုတ်ပါဘူး၊ ဆင်းရဲသားပါ။ ဝိုင်းလုပ်ပေးပြီးကုသိုလ်ယူတဲ့ သဘောပါ"

ထိုမြင်ကွင်းလေးကိုကြည့်ပြီး ပီတိဖြစ်ရပြန်သည်။ ထို့ကြောင့် အပြန်လမ်းတစ်လျှောက်လုံး သားကိုပြောပြဖို့ စဉ်းစားလာခဲ့သည်။ အိမ်ရောက်၊ အဝတ်အစားလဲပြီးနောက် သားကိုမေးလိုက်၏။

www.burmeseclassic.com

"သားရေ ... အသွားတုန်းက စောင့်နေတဲ့လူတွေကို မောင်းထုတ်နေတဲ့လူနဲ့ အပြန်မှာ ကျွေးမွေးနေတဲ့လူတစ်ယောက်ကို သားမှတ်မိလား"

"မှတ်မိတယ် ဖေကြီး"

"သူတို့နှစ်ယောက်ထဲမှာ ဘယ်သူကကောင်းလဲ"

"ကျွေးမွေးနေတဲ့လူက ကောင်းတယ်"

"ဒီတော့ သားကိုယ်သား ဘယ်လိုလူမျိုးဖြစ်အောင် ကြိုးစားရမလဲ ဆိုတာကို သားဆုံးဖြတ်ရမယ်။ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ ဆိုးတဲ့အလုပ်ကိုလုပ်ရင် ဆိုးတဲ့ဒဏ်ကိုခံရမယ်။ ဖေကြီးပြောတာ နားလည်တယ်နော်"

သားက ခေါင်းညိတ်သည်။ညအိပ်ခါနီးတွင် သားအဖနှစ်ယောက် ချက်ချင်းအိပ်မပျော်သေးသဖြင့် ကျွန်တော်သိထား၊ဖတ်ထားသမျှတချို့ကို သားအား ပြောပြလိုက်သည်။

××× ×××

ကမ္ဘာကား ယခု ဘဒ္ဒကမ္ဘာ။ လူတို့သက်တမ်း အနှစ်နှစ်ထောင်ရှည်သောကာလ။ ဥတ္တရာပတိုင်း၊ အသိတဥ္စနမြို့၌ ဥပသသမည်သောမင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးလျက်ရှိသည်။ ထိုတိုင်းအတွင်း မြို့ပေါင်း (၆၃၀၀၀)ရှိသည်။ ဆန်ရေစပါးပေါများပြီး တိုင်းပြည်သာယာစိုပြည်သည်။ ထိုမင်းတွင် အဥ္စနဒေဝီဟူသော သမီးတော်တစ်ပါးနှင့် သားတော်ဆယ်ပါး ထွန်းကားခဲ့သည်။ အငယ်ဆုံးကို အင်္ကုရမင်းသားဟုခေါ်သည်။

ခမည်းတော်နတ်ရွာစံသောအခါ ညီနောက်တစ်ကျိပ်တို့သည် ဖခင်ပိုင်သော မြို့များကို ခွဲဝေကြရာ တစ်ပါးလျှင် မြို့ပေါင်း(၆၃၀၀)ရကြသည်။ သို့သော် အစ်မကြီး အဥ္စနဒေဝီအတွက် ဝေစုခွဲရန်ကျန်နေသည်။ ထိုအခါ အငယ်ဆုံးသားတော် အင်္ကုရမင်းသားက သူ၏ဝေစုကို အစ်မကြီးအားပေးကာ မင်းမျိုးမင်းနွယ်ကို စွန့်လျက် ကုန်သန်းရောင်းဝယ်ရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။

တစ်နေ့ လှည်း(၅၀၀)ကို ကုန်အပြည့်တင်ပြီး ခရီးထွက်ရာတွင် မျက်စိလည် လမ်းမှားပြီး သဲကန္တာရကြီးထဲရောက်သွားခဲ့၏။ လူရော နွားပါ အစာရေစာ ပြတ်လပ်ကြသဖြင့် ရေရှာကြသော်လည်း ရေတစ်စက်မျှပင် မရကြပေ။ ထို့ကြောင့် ငေးမှိုင်နွမ်းလျကာ အားငယ်နေကြလေသည်။ ထိုစဉ်ပင် ညောင်ပင်ကြီးကို အုပ်စိုးသော ရုက္ခစိုးနတ်မင်းသည် မိမိအပေါ်ကျေးဇူးမကင်းသော အင်္ကုရမင်းသားကို တွေ့မြင်ပြီး ကိုယ်ထင်ပြလျက် ညာလက်ရုံးကိုဆန့်တန်းပြီး ရေနှင့်အစာတို့ကို အလိုရှိသလောက် ပေးကမ်းလေသည်။ ထိုအခါမင်းသားက –

'အရှင်နတ်မင်းဟာ ညာလက်ရုံးကို ဆန့်တန်းပြီး အလိုရှိသလောက် ပေးကျွေးနိုင်တဲ့ တန်ခိုးအရှိန်ကိုထောက်ရင် အလှူလက်ဦးပေးကမ်းဖူးတဲ့ ဝတ်ိသနင်းသိကြားမင်း ဖြစ်နေမလား"

"အသင်မင်းသား ... ကျွန်ုပ်ဟာ သိကြားမင်းမဟုတ်ပါ၊ ရုက္ခစိုးနတ်တစ်ပါးသာဖြစ်ပါတယ်။ လူ့ဘဝက ရောရုဝမြို့မှာ အလှူကြီးပေးနေတဲ့ အသယျသူဌေးကြီးရဲ့ အလှူမဏ္ဍာပ်ကို အနယ်နယ်အရပ်ရပ်ကလာတဲ့ သူတောင်းစားတွေဟာ လမ်းမသိလို့ ကျွန်ုပ်အိမ်တ[illegible]လှည့်ပြီးမေးကြပါတယ်။ အဲ့ဒီကောင်းမှုကြောင့် အခုလို ကုဋ္ဌာသယ လိုတိုင်းရတဲ့ ကောင်းကျိုးကို ခံစားရပါတယ်။

ထိုသို့ ပြောဆိုမေးမြန်းပြီးနောက် အင်္ကုရမင်းသားနှင့် လှည်းသားငါးရာတို့သည် ဆက်လက်ခရီးနှင်ခဲ့ရာ ရုက္ခစိုးနတ်မင်းကြီး၏ ပညောင်ပင်နှင့် မနီးမဝေး အရောက်တွင် ပြိတ္တာကြီးတစ်ကောင်ကို ကြောက်မက်ဖွယ်ရာ တွေ့လိုက်ရလေသည်။ ထိုပြိတ္တာကြီးမှာ လက်ချောင်း၊ ခြေချောင်းများက စောင်းစွေလိမ်ကောက်ပြီး ပါးစပ်နှင့် မျက်လုံးများက ရှုပ်စောင်းရွဲ့ကာ အလွန်ရွံရှာ ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

ထိုအခါ အင်္ကုရမင်းသားက–

"ပြိတ္တာကြီး ... ဘယ်ဘဝက အကုသိုလ်တွေကြောင့် အခုလိုပုံပျက်ပန်းပျက် အဖြစ်ဆိုးရတာတုံး၊ ပြောပြပါဦး"

"အရှင်မင်းသားရယ် ... ကျွန်ုပ်တို့အကြောင်း ပြောရမှာက ရှက်စရာလည်းကောင်း၊ ဝမ်းနည်းစရာလည်းကောင်းလှပါတယ်။ အဖြစ်ပါ ဒီလိုပါ။ ရောရုဝမြို့က အသယျသူဌေးဆိုတာကြားဖူးမှာပေါ့။ ထမင်းရည်ချောင်းစီးအလှူကြီးပေးနေဘာနေ့တိုင်းပဲ။ အဲဒီမှာ ကျွန်ုပ်ကသူဌေးကြီးရဲ့ လူယုံပေါ့။ အလှူမဏ္ဍာပ်ကို ဖုန်းတောင်းယာစကာတွေလာရင် စောင်းလားမြောင်းလား၊ အော်လားဟစ်လားနဲ့ ခြေထောင့်ကိုစောင့်ပြီး နှုတ်ခမ်းစူထားတယ်။ အဲဒီလို စိတ်ယုတ်မာမွေးခဲ့တဲ့အတွက် အကုသိုလ်အကျိုးဆက်ကတော့ အခုမြင်ရတဲ့အတိုင်းပါပဲ"

××× ×××

ကျွန်တော်သည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာလူမျိုး အဖေတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဖခင်တာဝန်ကျေပွန်စွာဖြင့်သားအား ဆုံးမသွန်သင်ခဲ့ပြီးဖြစ်၏။ ကျွန်တော်တို့ လူသားတွေလည်း မည်သည့်စိတ်မျိုး မွေးမြူရမည်ကို ဆင်ခြင်ဖို့သာ လိုအပ်ပေတော့သည်။ ။

မောင်မိုးဦး



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## မြေမျိုခံရသူ၏ အပြစ်ဆိုး

ဟိုး . . ရှေးရှေးတုန်းက . . .

သာဝတ္ထိပြည်၌ သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီး စိုးစံတော်မူလေ၏။

မင်းကြီးမှာ မြတ်စွာ ဘုရားအပေါ် အငြိုးအတေး အာဃာတရှိသူဖြစ်ပြီး ခဏ ခဏ

နှုတ်မှပြောသော စကားရှိလေ၏။

"ဤဂေါတမဘုရားကား ငါ့သမီး ယသော်ဓရာကို စွန့်ပစ်ပြီး တောထွက်ခဲ့လေ၏။

ငါ့သား ဒေဝဒတ်ကိုလည်း ရဟန်းပြုပေးပြီး ရန်သူအဖြစ် ပြုမူခဲ့၏"

ဟု ဆိုကာ ဒေါသဖြင့် ဆိုလေ၏။

တစ်နေ့သ၌ မင်းကြီးမှာ မြတ်စွာဘုရားအား ဆွမ်းပင့်ဖိတ်ရာသို့ ကြွမည့်လမ်းခရီး၌

ပိတ်ဆို့ကာ သေသောက်ကြူးလျက်နေလေ၏။ မြတ်စွာဘုရားနှင့် ရဟန်းအပေါင်းတို့အား

"ငါ စည်းစိမ်ခံနေသောနေရာမှ မည်သူမှ ဖြတ်သန်းခြင်းမပြုရ"

ဟုဆိုလျှင် မြတ်စွာဘုရားက ပြောသောအခါ မင်းကြီးက -

"ငါ့ထက်ငယ်သည့် ရဟန်းဂေါတမအား လမ်းဖယ်မပေးနိုင်"

ရောင်ပြန် ၁၀၇

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလျှင် မြတ်စွာဘုရားမှာ ဦးရီးထံမှ လမ်းခရီးကို မရသော် ထိုအရပ်မှ ပြန်ကြွတော်မူလေ၏။ သုပ္ပဗုဒ္ဓလည်း သူလျှိုတစ်ယောက်ကို စေလွှတ်၍ -

"သွားချေ . . ဂေါတမ ပြောသည့်စကားကို တစ်လုံးမကျန် ငါ့အား တင်လျှောက်ချေ"

ဟု ဆိုကာ စေလွှတ်လေ၏။

မြတ်စွာဘုရားသည် ပြန်လည်ကြွသော် ရှင်အာနန္ဒာအား . . .

"ချစ်သား အာနန္ဒာ . . သုပ္ပဗုဒ္ဓမင်းကြီး၏ အကုသိုလ်ကံက လွန်စွာကြီးမားပေစွ။ သူတော်ကောင်းတို့အား စော်ကားခြင်းနှင့် ငါဘုရားအား ကြွရာလမ်းကိုမပေးခြင်းကြောင့် မင်းကြီးသည် ခုနစ်ရက်မြောက်နေ့၌ ပြာသာဒ်အောက်ရှိ စောင်းတန်းခြေရင်း၌ မြေမျိုခံရလတ္တံ့"

ဟု မိန့်တော်မူလေ၏။

ထိုသူလျှိုမှ ဗုဒ္ဓ၏ စကားကို ကြား၍ မင်းကြီးအား တစ်လုံးမကျန် လျှောက်တင်သော အခါ မင်းကြီးက . .

"ငါသည် ဤနေ့မှစ၍ ထိုအရပ်သို့ မသွားဘဲနေပြီး ဂေါတမစကားမှားယွင်းအောင် ပြုအံ့"

ဟု ဆိုကာ မိမိ၏အခြေအရံအားလုံးကို ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်သို့ တက်၍ စောင်းတန်းလှေကားကို ဖြုတ်ထားစေပြီး တံခါးကိုတင်းကြပ်စွာ ပိတ်စေ၏။ တစ်ခု တစ်ခု၌ နပန်းသမားလူဝကြီးနှစ်ဦးကို ထား၍ -

"သတိမေ့လျော့ပြီး . . အောက်ဆင်းမိလျှင် ငါ့ကို တားမြစ်လေကြ"

ဟု ဆိုကာ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်၌ နေလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူလေ၏။

"ရဟန်းတို့ . . သုပ္ပဗုဒ္ဓမင်းကြီးသည် ပြာသာဒ်ပေါ်၌ နေသည်ဖြစ်စေ၊ ကောင်းကင်သို့ ပျံတက်နေသည်ဖြစ်စေ၊ သမုဒ္ဒရာသို့ လှေဖြင့် သွားသည် ဖြစ်စေ၊ လိုဏ်ဂူထဲသို့ ဝင်သည်ဖြစ်စေ ငါဘုရား၏ စကားတော်မှာ နှစ်ခွမရှိ၊ ငါဘုရား မိန့်တော်မူသည့် အရပ်၌ပင် သုပ္ပဗုဒ္ဓမင်းကြီး မြေမျိုခံရလတ္တံ့"

ဟု မိန့်တော်မူလေ၏။

ခုနစ်ရက်မြောက်သော နေ့မှာ မင်းကြီးသည် တုန်လှုပ်နေသော်လည်း အစစအရာရာ ပြင်ဆင်ထားသောကြောင့် ဂေါတမစကား မမှန်နိုင်ဟု ထင်သော မင်းကြီးမှာ ဆွမ်းစားချိန်တွင် ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာမြင်းသည် ထိတ်လန့်ပြီး ထိုနံရံကို ကန်ကြောက်လေ၏။ မင်းကြီးသည် . . .

"ငါ၏ မြင်းသည် ငါကိုင်တွယ်မှသာ ငြိမ်ပေတော့မည်"

ဟု ဆိုကာ မြင်းကို ကိုင်လိုသဖြင့် ထ၍ တံခါးသို့ သွားလေ၏။ တံခါးတို့သည် အလိုလို ပွင့်သွားကြပြီး ဖြုတ်ထားသည့် စောင်းတန်းလှေကားတို့သည် မူလအရပ်တို့၌သာ တည်နေကုန်၏။

ဘုံခုနစ်ဆင့် အသီးသီးနေကြသော နပန်းသမားတို့သည် မင်းကြီးကို အသီးသီး အောက်သို့ ပစ်ချကြသော် အစဉ်သဖြင့် ပြာသာဒ်အောက် စောင်းတန်းခြေရင်းသို့ ကျရောက်သွား၏။ ထိုခဏ၌ပင် တော်လဲသံကြီးကဲ့သို့ မြေကြီးသည် ဟင်းလင်းပွင့်ကာ မင်းကြီးကို မျိုသွားပြီး တောက်လျှောက် အဝီစိငရဲသို့ ရောက်သွားလေတော့သတည်း။

မဆောင်ပုဒ်

ဖြစ်မှားသောကံ ကိုယ်ဖြစ်ရင် ကိုယ်ခံ။

စိုးဝင်းထွဏ်း(တာမွေ)

"ရဟန်းတို့ . .
သုပ္ပဗုဒ္ဓမင်းကြီးသည်
ပြာသာဒ်ပေါ်၌
နေသည်ဖြစ်စေ၊
ကောင်းကင်သို့
ပျံတက်နေသည်ဖြစ်စေ၊
သမုဒ္ဒရာသို့
လှေဖြင့်သွားသည်ဖြစ်စေ၊
လိုဏ်ဂူထဲသို့
ဝင်သည်ဖြစ်စေ
ငါဘုရား၏
စကားတော်မှာ
နှစ်ခွမရှိ
ငါဘုရား
မိန့်တော်မူသည့်
အရပ်၌ပင်
သုပ္ပဗုဒ္ဓမင်းကြီး
မြေမျိုခံရလတ္တံ့"





www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကောက်သပေါ့ ဒါနဲ့ချော့

✦ သုတေသီဆရာငြိမ်း

"မင်းတို့ဟာ ဘယ်လိုဖြစ်ရတာလဲကွာ"

"ဘာဖြစ်ရမလဲ ဆရာငြိမ်းရယ်။ ကျွန်တော့်အပေါ် ဘာမကျေနပ်သလဲ မသိပါဘူး။ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ စိတ်ကောက်ပြီ။ ဘယ်လိုရှင်းပြရှင်းပြ ကောက်လိုက်တဲ့စိတ် ဖြောင့်လို့ကို မရတော့ဘူး"

ခေတ်ကာလသားသမီးများ အတော်လေးကို နားလည်ရခက်လှပါဘိ။ မောင်ညွန့်တင်နှင့် မခင်နှင်းတို့မှာ ကျွန်ုပ်တို့လူကြီးသူမများ ရှေ့မှောက်မှာတင် မရှိသေးစကား သမီးရည်းစား ဖြစ်သွားကြသူများပါတည်း။ သည်ကာလေးနှင့် သည်ကာလေးမတို့ဆိုသည် ကျွန်ုပ်နှင့်ဆိုလျှင် ရပ်ဆွေရပ်မျိုးများ ဖြစ်ကြ၏။ ကျွန်ုပ် အပေါ်၌လည်း ဦးမင်းသားချင်းသဖွယ် ရှိသေဂါရဝထားရှိကြသူများမို့ ၎င်းတို့အား တူသားနှောင်မယ်သဖွယ် ကျွန်ုပ်လည်း ခင်မင်၏။



www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်အရ ပညာအရည်အချင်းအရ အလုပ်အကိုင်အရ တင့်တယ်လှသော၊ အကျင့်စာရိတ္တပိုင်းလည်း ကောင်းမွန်သော၊ ဆွေဂုဏ်မျိုးဂုဏ်လည်း တင့်တယ်သော ၎င်းတို့ချစ်သူနှစ်ဦး၏ ချစ်ခရီးလမ်းအား သာယာဖြောင့်ဖြူးစေချင်သည်မှာ ကျွန်ုပ်နှင့်တကွ လူကြီးမိဘအပေါင်း၏ စေတနာပင် ဖြစ်တော့၏။

သို့ပါသော်ငြား ယခုကဲ့သို့ မောင်ညွန့်တင်၏ နှုတ်ဖျားမှ ဖွင့်ဟစကားကို ကြားရလေသောအခါဝယ် စိတ်မသက်မသာ ဖြစ်ရပါလေ၏။ မတို့၏ သဘောသဘာဝကား စိတ်ဆိုးစိတ်ကောက်ရှိတတ်ကြသည်မှာ ဓမ္မတာသဘောတရားဟု ဆိုကောင်းဆိုသော်လည်း သည်အကျင့်လက္ခဏာသည် အိမ်ထောင်သည်ဘဝသို့ ပါသွားခဲ့မည်ဆိုပါလျှင် အနာဂတ်အိမ်ထောင်ရေးခရီးလမ်းသည် အဖုအထစ် ဖြစ်ရချေတော့မည်။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသလို ဖြစ်ကာ သာယာမှုကင်းကွာသွားရတတ်သည်။ ထိုရောအခါဝယ် 'အိမ်ထောင်မှုဘုရား‌ဘည်၊ ဆေးမင်ရည်စုတ်ထိုး သည်သုံးချက် နောင်မပိုင်လျှင် ပြင်နိုင်ရန်ခက်သည့်အမျိုး' ဟူသော စာချိုးနှင့်အညီ သောကခံစားကြရမည်မှာ နှစ်ဦးနှစ်ဖက်သော ကာယကံရှင်တွေသာ ဖြစ်ကြလိမ့်မည်။ အိမ်ထောင်ကျပြီးခါမှ စလယ်ဝင် ဖင်မမည်းခင် ကွဲကြသည်ဆိုလျှင် မကောင်း။ သားသမီးရတနာတွေ ရပြီးခါမှ ကွဲကြကွာကြဆိုလျှင် သာ၍ဆိုးပေရော့မည်။ ကြားထဲက သားသမီးလေးများမှာ မြေစာပင် ဖြစ်ကြပေဦးမည်။

"မင်း ... တကယ်ပဲ ခင်နှင်းကို မေတ္တာရှိသလား မောင်ညွန့်တင်"

"ဘယ့်နှယ်ပြောလိုက်တာလဲ ဆရာရယ်။ ဟောဒီ ရင်ဘတ်ကြီးနဲ့ရင်းပြီး ဘဝလုံးပုံလို့ ချစ်ရတာပါ ဆရာငြိမ်းရယ်။ သူသာ စိတ်ဆိုးစိတ်ကောက် မဖြစ်ဘူးဆိုရင် ကျွန်တော့်လောက် ပျော်ရမယ့်သူ စကြဝဠာထဲမှာတောင် ရှာလို့တွေ့မှာ မဟုတ်ဘူး"

ခေတ်ကာလသားသမီးများ အင်မတန် စကားတတ်လှပါဘိ။ ကျွန်ုပ်လည်း ထိုစကားကြားရတော့ နားကြားပြင်းကတ်မိသည်နှင့်အမျှ ပြုံးစေ့စေ့ ဖြစ်ရပါသေး၏။

"ဒီတော့ ဒီလိုလုပ်ကွယ်"

"ပြောပါ ဆရာငြိမ်း"


"မောင့်ရင့်ကလေးမ စိတ်ဆိုးစိတ်ကောက်တာ ချော့လိုက်ရင် ပျော့သွားစေဖို့ အဆောင်ကလေး ပေးလိုက်မယ်။ မင်းကအင်္ဂါသား။ ကောင်မလေးက တနင်္လာသမီး။ သည်တော့ မင့်ကောင်မလေးဆီ သွားတဲ့အခါ ပျဉ်းမရွက်သုံးရွက်ကို ဖင်တစ်ပြန် ခေါင်းတစ်ပြန်ထပ်ပြီး ဆောင်းသွား။ သူစိတ်ကောက်တာကို ချော့ကြည့်။ ပြေမသွားရင် ငါ့ကို ကြိုက်သလိုပြော။ အဆင်ပြေသွားစေရမယ်လို့ ငါရဲရဲကြီး အာမခံသကွယ်"

"ဟာ ... တကယ်၊ တကယ်။ ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ခုပဲ လမ်းထိပ် ကွမ်းယာဆိုင်ဘေးက ပျဉ်းမပင်က ပျဉ်းမရွက်ကိုခူးပြီး သွားတော့မယ်"

မောင်ညွန့်တင်ကား ဒိန်းဒလိန်းနတ် ဖမ်းစားခံရသည့်နှယ် ရုတ်ခြည်းပင် ထွက်သွားပါလေတော့၏။ ဤသို့ ကျွန်ုပ်လည်း သမီးရည်းစားများ စိတ်ဆိုးစိတ်ကောက်နေပါက ချော့မော့ပြေလည်စေမည့် နည်းကလေးကို ဆောင်းပါးအဖြစ် ချရေးမိပါတော့၏။ အရွက်များအားလုံးကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ထပ်၍ ဆောင်ကာချော့ပါလေ။ အားလုံးအဆင်ပြေသွားပါလိမ့်မည်။

၁။ တနင်္ဂနွေသားသမီးများအတွက် ဝါးရွက် (သို့) ရွက်လှရွက်။
၂။ တနင်္လာသားသမီးများအတွက် ပျဉ်းမရွက် (သို့) ပေါက်ရွက်။
၃။ အင်္ဂါသားသမီးများအတွက် သီဟိုဠ်ရွက် (သို့) သီးရွက်။
၄။ ဗုဒ္ဓဟူးသားသမီးများအတွက် ဒန်းရွက် (သို့) ထန်းရွက်။
၅။ ကြာသပတေးသားသမီးများအတွက် အုန်းရွက် (သို့) အင်ရွက်။
၆။ သောကြာသားသမီးများအတွက် ကံ့ကော်ရွက် (သို့) ကြံရွက်။
၇။ စနေသားသမီးများအတွက် ဆီးရွက် (သို့) စံပယ်ရွက်။

**သုတေသီဆရာငြိမ်း**





www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနှိမိတ်ကောင်း

## ဒေါက်တာမင်းသိမ်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာဓာေယုန္ဓယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ ဘစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ ေတွ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း ဖိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သောခရီးများ သွားရတတ်သည်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်သည်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာတတ်သည်။ လူမျိုးခြားကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ ဤကာလတွင် လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်သည်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း လမ်းခွဲရတတ်သည်။ မိသားစုအတွင်း တစ်ယောက်နှင့်တစ်ယောက် အယူအဆကွဲလွဲခြင်းများ ဖြစ်ပေါ်တတ်ပြီး စိတ်များရှုပ်ထွေးနေတတ်တယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်တယ်။ ဆေးရုံ၊ ဆေးခန်းသို့ သွားရတတ်တယ်။ မိမိကိုယ်တိုင် ကျန်းမာရေးအနေဖြင့်လည်း ကျောဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆) ညွန့်၊ ထန်း(၇)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၁၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဃာနို့ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ လုပ်သမျှအလုပ်တွေ အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ မိသားစုအပူ၊ ပတ်ဝန်းကျင် အပူတွေကလည်း ကိုယ့်ဆီ ရောက်လာတတ်တယ်။ မိသားစုဝင်တွေထဲက ကျန်းမာရေးညှံ့လို့ ဆေးခန်း မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးမှ သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးကုဖို့ လာရောက်တည်းခိုလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညှံ့ပြီး ဆုံးပါးသွားတတ်တယ်။ အထူးသဖြင့် အသက် ၅၃ နှစ်အရွယ် တနင်္ဂနွေသားဆိုလျှင် ပိုဂရုစိုက်ပါ။ ခရီးများ မကြာခဏ သွားရတတ်တယ်။ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းတော့ မပြုလုပ်သင့်ပါ။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင်တော့ မိမိရဲ့ ဇနီးမယားနှင့် စကားအခြေအတင်ပြောရခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခံရခြင်းများ ကြုံရတတ်တယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးမယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်း(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညှံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

မိမိပတ်ဝန်းကျင်တွင် အဆိပ်သင့်ခြင်း၊ ဆေးထိုးမှားခြင်း၊ အဝတ်အစား မီးလောင်ခြင်း နိမိတ်မျိုး ကြုံတွေ့ပါက အမှုအခင်း ကြုံရတတ်တယ်။
ငွေကုန်ကြေးကျ များတတ်တယ်။
ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု သွေးထွက်သံယို ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိတ်ဆွေများကို အိမ်တွင်ဖိတ်ကြားဖြင့် အုန်းထမင်းနှင့် ကြက်သားဟင်း ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် လူပင်ပန်းပေမယ့် စိတ်ချမ်းသာရမယ့် ကာလပါ။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ သို့သော် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းသစ်စရန် မကောင်းသေးပါ။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ဤကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထူးသဖြင့် အနောက်အရပ်မှ လာသော မိန်းမမျိုးကို သတိထားပါ။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော သတင်းကြားရပါက ကားပွတ်တိုက်မိတတ်တယ်။ ဂရုစိုက်ပါ။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး ဆွေမျိုးအကြီးအကဲတို့ကို မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေးညံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| အင်္ဂါ၊ တနင်္ဂနွေ |

| ညံ့သောရက် |
|---|
| တနင်္လာ၊ ကြာသပတေး |

| ကံကောင်းသောနံပါတ် |
|---|
| ၁၃၊ ၁၇၊ ၃၁၊ ၃၂ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် ကားပွတ်တိုက်မိတတ်သဖြင့် အထူးဂရုစိုက်ပါ။ |

| ကံကောင်းပြီး လာဘ်ရှင်စေရန် |
|---|
| မိတ်ဆွေတစ်ဦးကို စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်ပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ပြေဒါလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်းတာတွေ အနည်းငယ်သက်သာပြီး ပျော်ရွှင်စရာများ ကြုံတွေ့ရနိုင်ပါတယ်။ ဆွေမျိုးသားချင်းထဲက မင်္ဂလာပွဲတစ်ခု ကြုံရတတ်တယ်။ ထိုနိမိတ်တွေ့ပါက ကောင်းပါတယ်။ မိဘကို ပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်တယ်။ စီးပွားသိသိသာသာတက်မယ်။ သိကြားမ လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားမယ်။ စပ်တူ ရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင် လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ သို့သော် အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်းများ ရင်ဆိုင်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ အိမ်ထောင်ရှိသူ ဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေနှင့်ပတ်သက်သောရောဂါ၊ ဒူး၊ နား၊ နှလုံး ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉:၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၂၊ ၃၅၊ ၅၃၊ ၅၄

### အထူးသတိပြုရန်

ယခုကာလတွင် ထောင်ဝင်စာ မတွေ့ရ။
လူနာ့မေးခြင်း၊ အသုဘပို့ခြင်းများ မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မူကြိုကျောင်းက ကလေးများကို ဆီထမင်းနှင့် ကော်ဖီ တိုက်ကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အလှူအတန်းများ ပြုလုပ်ရပါလိမ့်မယ်။ ရုတ်တရက် ငွေတွေ ဝင်လာလိမ့်မယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်။ ကံတရားကြောင့်လည်း ရတတ်တယ်။ သာမန်အခြေအနေမျိုးကနေပြီး စီးပွားအရှိန်အဟုန်တက်ကာ ကိုယ်ပိုင်လုပ်ငန်း၊ ကုမ္ပဏီများ ထူထောင်နိုင်တဲ့အထိ စီးပွားတက်လိမ့်မယ်။ ယခုကာလတွင် မိမိလုပ်ငန်းကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ငွေအလွယ်ရနိုင်တဲ့ ဖြတ်လမ်းနည်းနှင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ( ဘ်သက်တဲ့ကိစ္စများ အထူးအကျိုးပေးပါလိမ့်မယ်။ ခရီးထွက်မယ်ဆိုလျှင် ယခုကာလတွင် ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ အလုပ်ထဲမှာ အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်ထွက်ချင်စိတ်၊ ပြောင်းချင်စိတ်များ ပေါ်လိမ့်မယ်။ စာချုပ်စာတမ်းကိစ္စများနှင့် ပတ်သက်၍ သတိထားပါ။ ဆီးရောဂါ၊ မျက်စိရောဂါနဲ့ ပတ်သက်ပြီး ဒုက္ခဖြစ်တတ်တယ်။ ယခုကာလတွင် ဘာပဲကြုံကြုံ တစ်ခါတည်းနဲ့ မပြီးပါဘူး။ နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ သားသမီးနှင့် ပတ်သက်၍ အနည်းငယ် ပူပန်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း၊ ဝမ်းဗိုက် ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံဒေါင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကနက်ကသန့်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၂၊ ၂၇၊ ၇၂၊ ၇၇

**အထူးသတိပြုရန်**

ယခုကာလတွင် မိမိအိမ်၏ မျက်နှာချင်းဆိုင်၊ ခေါင်းရင်းအိမ်တို့တွင် မင်္ဂလာဆောင်၊ အလှူရှိသော်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည် လာရောက်ပြီး မီးဖွားလျှင်သော်လည်းကောင်း ငွေများ အစုလိုက် အပုံလိုက် ရတတ်တယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

တန်ခိုးကြီးဘုရားတစ်ဆူက ဘိုးဘိုးကြီးတစ်ပါးကို တုတ်ကောက်တစ်ချောင်း လှူလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံရမယ့်အချိန် ဖြစ်ပါတယ်။ ငွေကြေးလည်း ဟိုက ဒီက ဝင်လာတတ်တယ်။ အဖက်ဖက်က စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ အခက်အခဲ မရှိဘဲ လုပ်သမျှ အောင်မြင်နေမယ့်ကာလဖြစ်ပါတယ်။ အိမ်ထောင်ရှိသူဆိုလျှင်တော့ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရ လွယ်ကူနေပေမယ့် စုဆောင်း၍ မရဘဲ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစားမှား ဖြစ်တတ်တယ်။ ရုတ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသက်န်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မူကြိုကလေးငယ်များကို ချောကလက် ဝေပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ အပြောင်းအလဲ ဖြစ်တတ်တယ်။ အိမ်အသစ်ဆောက်လျှင် ကိုယ့်အတွက် အကျိုးပေးသော အိမ်မျိုး၊ ကျန်းမာရေးကောင်းသောအိမ်မျိုး ဖြစ်တတ်တယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ၊ လုပ်ငန်း အသစ်များ ပေါ်ပေါက်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုလျှင် လုပ်ငန်းတိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ ပူးတွဲတာဝန် ထမ်းဆောင်ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင် မရှိသေးသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲ ဖြစ်လိမ့်မယ်။ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ ရှင်သီဝလိရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မိမိနေထိုင်ရာ နေအိမ်၊ ခြံဝင်းအတွင်း သူတစ်ပါး၏ ပရိဘောဂပစ္စည်းများ လက်မခံရ။ သူများ၏အိမ်ကို မိမိက တာဝန်ယူဆောက်လုပ်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။ မိတ်ဆွေရင်းတွေနဲ့ အထင်အမြင် လွဲမှားတတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်မှာ အနာပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ဖြူဟ်ရှပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၃၊ ၄၆၊ ၆၄၊ ၆၅

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင်သော်လည်းကောင်း၊ မျက်နှာချင်းဆိုင်တွင်သော်လည်းကောင်း အိမ်ဖျက်ခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာများ ကြုံတွေ့ရလျှင် ညံ့တတ်ပါတယ်။ ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

အစည်းအဝေးပွဲ(သို့မဟုတ်)တရားပွဲများတွင် သောက်ရေသန့်များ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်မော၊ လူမောလေးတွေ ဖြစ်နေတတ်တယ်။ ကိုယ်က ပင်ပန်းပြီး အရာမရောက်တတ်တော့ တစ်ခါတလေ စိတ်ဒုက္ခရောက်ရတတ်တယ်။ ဤကာလတွင် အမွေရခြင်း သို့မဟုတ် အမွေကဲ့သို့ ပစ္စည်းများ ရတတ်တယ်။ သို့သော် ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်တယ်။ အလုပ်မှ ပြဿနာဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းမျိုး ဖြစ်တတ်တယ်။ လူပျို၊ အပျိုများအဖို့ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေခန်းမျိုးခန်း ပျက်တတ်တယ်။ စိတ်ရော၊ ကိုယ်ပါ တည်ငြိမ်မှု မရသောကာလ ဖြစ်နေတာကြောင့် မည်သည့်အရာမဆို ဆုံးဖြတ်ချက် မမြန်ပါနှင့်။ နိုင်ငံခြားသွားမည့်သူများ အဆင်မပြေပါလိမ့်မယ်။ ဆွေမျိုးသားချင်း အကြီးအကဲ မိန်းမများထံမှ နာရေးကြားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေသည်း၊ လက်သည်းပုပ်ခြင်း၊ ခြေထောက်သွေးခြေဥခြင်း၊ သွေးထွက်သံယိုဖြစ်၍ ဆေးရုံတက်ရသည်အထိ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၂၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။ အသင်းအဖွဲ့ထဲမှာ ပါနေရင်တော့ ငြိမ်ငြိမ်လေး နေလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိလေးစားသော ပုဂ္ဂိုလ်တစ်ဦး၏ ဓာတ်ပုံကို မိမိအိမ်မှာ ချိတ်ထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဧပြီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးယို တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကားပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါမည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကားအက်ဆီးဒင့်ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ထုပ် လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

## သောကြာသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

## စနေသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီးထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

**ယတြာ**

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

## ရာဟုသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညှော်ခံပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ပတ်သက်ပြီး ငွေရမယ်။ သဘော်သားများ သင်တန်း တက်ရမယ်။

**ယတြာ**

မိန်းကလေးတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ ၏ အနန္တဂိုဏ ဗုဒ္ဓခြေတော်ရာကြီးအား ပဥ္စမအကြိမ်မြောက် (၁၀၈)ကွက်၊ စက်လက္ခဏာတော် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်ရှိ လုရတနာကျောင်းအောက်ထပ်၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့မှ အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးအား ပဥ္စမအကြိမ်မြောက် (၁၀၈)ကွက်၊ စက်လက္ခဏာတော် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုကပ်လှူပူဇော်ပွဲကို ဆရာတော် သံဃာတော်တို့မှ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကာ မင်္ဂလာသင်္ဂီဆရာတော် ဘဒ္ဒန္တသုမင်္ဂလ မှ ငါးပါးသီလ ဆောက်တည်ပေးပြီး အနန္တဇိန ဗုဒ္ဓခြေတော်ရာကြီးအား ရေ၊ ဆီမီး၊ ဆွမ်းဟင်း၊ ပန်း၊ သစ်သီး၊ ကော်ဖီ၊ မုန့်၊ ဖျော်ရည်၊ ယနာနို့ဆွမ်းတို့အား (၁၀၈)ခွက်စီဖြင့် စုစုပေါင်း (၁၀၈၀)ပွဲကို (၁၀၈)ကွက် စက်လက္ခဏာ ဆွမ်းတော်ကပ်နည်းဖြင့် ကပ်လှူပူဇော်ခဲ့ကြသည်။

လုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသမှ အနမောဒနာ ရေစက်ချတရား ချီးမြှင့်၍ သာဓုခေါ်ဆိုကာ ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

ပေရယ်

---

## ၃၆–လမ်း(အထက်) ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၆-လမ်း(အထက်)တွင် ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို ဗုဒ္ဓဝေယျာဝစ္စဓမ္မာရုံနှင့် ၃၆-လမ်း (အထက်)ဓမ္မရင်ပြင်တွင် (၂၉-၁-၂၀၁၄)ဗုဒ္ဓဟူးနေ့တွင် သာသနာ့အလင်းဆောင် ဆရာတော် ကမ္မဋ္ဌာန်းနည်းပြဆရာတော်၊ သာသနဓဇဓမ္မာစရိယ၊ အလင်္ကာရ၊ ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဒီဃနိကာယဝိဒူ အရှင်ကဝိန္ဒာလင်္ကာရ၊ (၃၀-၁-၂၀၁၄)ကြာသပတေးနေ့တွင် ဓမ္မဒူတဆရာတော် သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိစာသင်တိုက်(သိမ်ဇရပ်) အရှင်ပညာဝရ (၃၁-၁-၂၀၁၄) သောကြာနေ့တွင် ဓမ္မဒူတဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရှင်ဆေကိန္ဒ (၁-၂-၂၀၁၄) စနေနေ့တွင် ဓမ္မဒူတဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ တို့မှ (၄)ညတိုင်တိုင် ညစဉ်(၇)နာရီတွင် တရားရေအေး တိုက်ကျွေးခဲ့ကြသည်။

အင်ကြင်း

---

## သက်တော်(၅၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ


ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ဟသ်ာတလမ်းအတွင်း ပဋ္ဌာန်းမြား စာသင်တိုက်ခွဲ နာယကဆရာတော် ဦးပဏ္ဍိတ၏ သက်တော်(၅၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာပွဲကို ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း(၁၂)ရက် (၁၂-၁-၂၀၁၄)တနင်္ဂနွေနေ့ နံနက်တွင် အဆိုပါစာသင်တိုက်ခွဲ၌ ကျင်းပခဲ့ပါသည်။ စာသင်တိုက်ရှိ ရဟန်းသံဃာ ရှင်သာမဏေများကို အရက်ဆွမ်း ကပ်လှူပြီး ဧည့်ပရိသတ်များကိုလည်း မုန့်ဟင်းခါးကျွေးကာ အမှတ်တရ မွေးနေ့ဒါနပြုပေးခဲ့ပါသည်။

အောင်ကောင်းမြ(သာကေတ)

www.burmeseclassic.com

www.burmeseclassic.com

## အယ်ရီဇိုးနား ဗန်းမော်–မြေဇင်း ဓမ္မရိပ်သာ ကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပ




အမေရိကန်ပြည်ထောင်စု အယ်ရီဇိုးနားပြည်နယ်၊ တူဆွန်မြို့၌ အယ်ရီဇိုးနား ဗန်းမော်-မြေဇင်း ဓမ္မရိပ်သာ ကျောင်းလွှတ်ပူဇော်ပွဲ အခမ်းအနားကို ၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ 1919 N Nancy Rose Blvd, Tucson, AZ 85712 တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

## (၁၃)ကြိမ်မြောက် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်(လေ)အငြိမ်းစားများ နာရေးကူညီမှုအသင်း၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေး ကျင်းပ

မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်(လေ)အငြိမ်းစားများ၊ နာရေးကူညီမှုအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် မျက်နှာစုံညီအစည်းဝေးကို (၁၉-၁-၂၀၁၄) တနင်္ဂနွေနေ့ နံနက်(၈)နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ ပန်းခြံကုန်းဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သားငယ်

## အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အရိယဝံသ ၏ သက်တော်(၇၀)ပြည့်နှစ် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓပါဒခြေတော်ရာ ပရိဝုဏ် မဟာဗောဓိစေတီအား ရတနာစိန်ဖူးတော်တင်လှူပွဲ ကျင်းပ



အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အရိယဝံသ ၏ သက်တော်(၇၀)ပြည့်နှစ် အထိမ်းအမှတ်အဖြစ် ရသေ့တောင်မြို့နယ်၊ မုန်စဲကျွန်း၊ ဗုဒ္ဓပါဒခြေတော်ရာ ပရိဝုဏ်အတွင်းရှိ မဟာဗောဓိစေတီအား ရတနာစိန်ဖူးတော် တင်လှူပွဲကို ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ (ပြာသိုလပြည့်နေ့) နံနက် ၉ နာရီအချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဗုဒ္ဓပါဒခြေတော်ရာပွဲသို့ နဂါးကြီးများ နှစ်စဉ် လာရောက်ဖူးမြော်ကြပြီး ဝါခေါင်လပြည့်နေ့များတွင်လည်း ပါဒခြေတော်ရာအတွင်း မြွေများလာရောက် ဥပုသ်ပြုကြောင်းလည်း သိရှိရသည်။

စိုးဝင်းလွင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



## (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ(ထမလုံ)ရှိ အောင်မြေဗောဓိစေတီတော်ကြီးတွင် (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်(၁၁-၁-၂၀၁၄)စနေနေ့မှ ပြာသိုလပြည့်(၁၅-၁-၂၀၁၄)ဗုဒ္ဓဟူးနေ့အထိ (၅)ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကြီးကို တံခွန်တိုင်တောရ အောင်စေတီဆရာတော်ဘုရားကြီးမှ ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြာသိုလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပြီး နံနက်(၉)နာရီတွင် ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်များကို ရေစက်ချ အမျှပေးဝေသည်။ နေ့လယ်(၂)နာရီတွင် အောင်စေတီဆရာတော်ကြီးအား အမှူးထား၍ သံဃာတော် (၁၀၇)ပါးအား ဆီဆွမ်းလောင်းလှူခဲ့ကြပါသည်။

ဂမ္ဘီရဆရာမျိုး

---

## ဆွမ်းစားဆောင်၊ ယောဂီဆောင်အတွက် လှူဒါန်းရေစက်ချ



ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်အေးမူနှင့် နှစ်ဖက်သော မိဘဘိုးဘွားများအား အမှူးထား၍ ကျန်ရစ်သူ သားသမီးများ ဖြစ်ကြသော မောင်အောင်သူမိုး+မနေခြည်လှိုင်းဇင်၊ မောင်နေလင်းခွေ၊ မြေး-ဝေယံဘုန်းမိုရ် မိသားစုတို့က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ လက်ဆွဲချောင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော ဆွမ်းစားဆောင်၊ ယောဂီဆောင်အား ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်ခဲ့သည်။

အဆိုပါဆောက်လုပ်ပြီးစီးသွားသော ဆွမ်းစားဆောင်၊ ယောဂီဆောင်နှင့် လှူဒါန်းမှုအသီးသီးအတွက် ရေစက်ချမင်္ဂလာကို (၁၁-၁-၂၀၁၄)စနေနေ့က အဆိုပါဘုန်းကြီးကျောင်း၌ သံဃာတော်(၉)ပါးတို့အား နေ့ဆွမ်းဆက်ကပ်၍ ရေစက်ချ အမျှအတမ်းဝေခဲ့ကြောင်း သတင်းရရှိပါသည်။

မြင့်ဦးသွယ်(ဒလ)

www.burmeseclassic.com

www.burmeseclassic.com

## ကျေးရူးတော်ရှင် သစ္စာမပြောက် ကျော်အောင်စံထားဆရာတော် အရှင်ဝါယာမာဘိဝံသ၏ သက်တော်(၉၀)ပြည့် ဝိဇာတာမင်္ဂလာ ကျင်းပ



၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း(၁၃)ရက်၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁၃)ရက် တနင်္လာနေ့တွင် ကျေးဇူးတော်ရှင် သစ္စာမပြောက်ကျော်အောင်စံထားဆရာတော်ကြီး အရှင်ဝါယာမာဘိဝံသ ၏ သက်တော်(၉၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို ဗိုလ်တထောင်စေတီဝင်းအတွင်းရှိ ဆိပ်ကမ်းမှော်ရုံကြီးတွင် စည်ကားသိုက် မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများမှလည်း ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ယပ်တောင်များ၊ မုန့်ပဲသွားရေစာများ၊ ပဌာန်းနှင့် ပုတီးစိပ်နည်း စာအုပ်များ လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

ဆရာတော်ကြီးမှ မြတ်စွာဘုရားအား ဆွမ်း၊ သစ်သီး၊ ရေ၊ ဆီမီး၊ နံ့သာတို့ဖြင့် ကပ်လှူပူဇော်ပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအား ကိုးပါးသီလ ဆောက်တည်ပေးပြီး တပည့်များနှင့်အတူ စာကလေး သက်စေ့၊ ငါးသက်စေ့ လွှတ်ခဲ့ကြောင်းလည်း သိရှိရသည်။

ZN

## ဆရာကြီးသောကြာဦးမောင်ကလေးအား ဂါရဝပြု ပူဇော်ကန်တော့ပွဲ



မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ သက်ကြီးအကန်တော့ခံ စာပေပညာရှင်ကြီးဖြစ်သည့် ဆရာကြီး သောကြာဦးမောင်ကလေးသည် (၁၉-၁-၂၀၁၄)ရက်နေ့က အသက်(၉၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်စဉ် ဂါရဝပြုပူဇော်ကန်တော့နေကျထုံးစံအတိုင်း လေအန်ကုန်းစာပေဝိုင်းတော်များ အပါအဝင် ရပ်နီးရပ်ဝေးမှ စာရေးဆရာ၊ ဆရာမအပေါင်းက ဆရာကြီး သောကြာဦးမောင်ကလေးအား အမှတ်(၉) ...င်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်ရှိ နေအိမ်တွင် (၁၉-၁-၂၀၁၄)တနင်္ဂနွေနေ့က သွားရောက် ဂါရဝ...ပြုကြောင်း သတင်းရရှိပါသည်။

မင်းသူကျော်

www.burmeseclassic.com

www.burmeseclassic.com



လောကဌ် အသိလိမ္မာ ဉာဏ်ပညာဟူသည် အလွန်အရေးကြီး၏။
ပညာသည် လူတို့အတွက် အမြတ်ဆုံးရတနာဖြစ်ကြောင်း သိကြပေမည်။
ပညာသင်ရာတွင်လည်း ဆရာတစ်ဦးထံတွင် အတူတူသင်ယူပါလျက်
အတတ်ချင်းကွာခြားနေပုံကိုလည်းကောင်း၊ စီးပွားဥစ္စာရှာဖွေရာတွင်လည်း
အရင်းအနှီးချင်းတူပါလျက် ဉာဏ်ပညာရှိသူမှာ ကြီးပွား၍
ဉာဏ်ပညာနည်းသူမှာ မကြီးပွားနိုင်ဘဲ ဆုံးရှုံးရပုံကိုလည်းကောင်း၊
မိဘချင်းတူပါလျက် အချို့သားသမီးများက လိမ္မာ၍
အချို့က ယုတ်မာပုံကိုလည်းကောင်း . . . လောကီဆိုင်ရာ သံသရာရေးတို့၌
ဉာဏ်ပညာရှိသူက ကြီးကျယ်ထွန်းကား၍ ဉာဏ်ပညာမရှိသူက
ပျက်ပြားနစ်မြုပ်ရေးကို သာဓကဆောင်သော ပုံဝတ္ထုပေါင်းများစွာကို
တွေ့ဖူးကြပေလိမ့်မည်။ ထို့ကြောင့် ရောင်ပြန်ပရိသတ်ကြီးလည်း
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုကြည်ညိုပြီး ပညာပါရမီကို
ကောင်းစွာဖြည့်ဆည်းလျက် သမ္မာသမ္ဗုဒ္ဓဂုဏ်ကိုဆောင်၍
ဉာဏ်ပညာကြီးမားသူဖြစ်အောင် ကြိုးစားကြမည်ဆိုပါလျှင် . . .